

www.burmeseclassic.com
BURMESE CLASSIC
fatigon
www.burmeseclassic.com

www.burmeseclassic.com

# ရွှေကြီးရစ် မြတ်စွာဘုရား

[အမြင့်မြို့ဟောင်း၊ မုံရွာ]




နက္ခတ္တာရောင်ခြည်မဂ္ဂဇင်း၏(၂၈)နှစ်ပြည့် စေတနာ

www.burmeseclassic.com

www.burmeseclassic.com

နဂါးရွာကျောင်းခြည် မဂ္ဂဇင်း (၂၅) နှစ်ပြည့် အမှတ်တရ အထူးထုတ်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

**ဒို့တာဝန်အရေးသုံးပါး**

ပြည်ထောင်စု မပြိုကွဲရေး ...ဒို့အရေး

တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ...ဒို့အရေး

အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ...ဒို့အရေး

15 MAY 2014



# နဂါးရွာကျောင်းခြည်

နဂါးရွာကျောင်းခြည်
နဂါးရွာကျောင်းခြည်













လောကီပညာရသစုံမဂ္ဂဇင်း



www.burmeseclassic.com

www.burmeseclassic.com

# နက္ခတ္တရောင်ခြည်မဂ္ဂဇင်း
## (၂၈)နှစ်ပြည့် အမှတ်တရ အထူးထုတ်

# နက္ခတ္တရောင်ခြည်

**စာတည်းချုပ်**
ဦးကျော်မိုးသိန်း

**တာဝန်ခံစာတည်း**
မွှေဒေဝ

**နယ်လှည့်အယ်ဒီတာ**
အောင်ဇ(LL.B)၊ကိုစိုးဆန်း၊
သန်းထွန်း(ဘားအံ)

**ပါဠိ အယ်ဒီတာ**
✱ ဦးစံတင်
(စတုနိကာယကောဝိဒ၊ဝိနယဓရ၊ ဓမ္မာစရိယ)
✱ ဦးသန်းအောင်ရွှေ
[ဓမ္မာစရိယ (မဟာဝဇ္ဇိဒီ မြန်မာဂုဏ်ထူး၊)
ဒီဃဘာဏက-ဒီဃနိကာယကောဝိဒ
(နိကာယဝိပုလ)]

**ဥပဒေအကြံပေး**
ဦးထွန်းစိန်
B.A(Myanmar), H.G.P.R.L(Advocate)

**ပန်းချီဒီဇိုင်းပညာရှင်**
ကိုတင်ဦး၊
တင်တင်နွယ်

**မျက်နှာဖုံးပန်းချီ**
မြတ်မင်းဟာန်

**ဖြန့်ချိရေးမှူး**
ယဉ်ကျေးဝေ

**ကွန်ပျူတာစာစီ**
ပါရမီ ကွန်ပျူတာစာစီလုပ်ငန်း

**အတွင်းဖလင်**
ပါရမီ

**နာယကကြီး**
ဒေါက်တာ အောင်နိုင်
M.B.B.S(Ygn)
ဒ-ဘ-ဓ(တိုင်းရင်းဆေး)
M.Med.Sc(Pharmacology)
Advanced Pharmacokinetics
Training (London)
M.C.P.A.A.T.C.M
(Wuhan), D.M.A
Senior Fellowship of Aryuvedic
Medicine(India)

သာသနာ့အကျိုးဆောင်
ကောလာသ ဆရာအောင်

**တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေး**
ဒေါ်ဝတ်ရည်ဆွေ
B.Sc(Bot), Dip.T.Med.
ဦးဝင်းထိန်ကျော်
B.A(Philos), Dip.T.Med.,
T.L.R.M(INDIA)

**အနောက်တိုင်း ဆေးကဏ္ဍ အယ်ဒီတာ**
ကိုကိုမောင်



ကမ္ဘာလုံးပေါ်မှ
အဘအောင်မင်းခေါင်
မြင်းစီးရုပ်တုရှေ့တွင်ရှိ.. နေရာမှနေ၍...
☞ ၈၁-၉၉


ထုတ်ဝေသူ
ဦးခင်မောင်ဝင်း(၀၃၄၇၂) နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတိုက်၊
၂၄၃၊ ၂၉ လမ်း ရန်ကုန်မြို့။
အတွင်းနှင့် မျက်နှာဖုံးရိုက်
ဦးခင်မောင်ဝင်း(၀၅၃၉၄) ပါရမီအော့ဖ်ဆက်၊
အမှတ် ၅၈၉၊ ရန်ကြီးအောင်လမ်း၊
၅-ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊
ရန်ကုန်မြို့။
မန္တလေးဖြန့်ချိရေး
နဂါးစာပေ
ရှမ်းတောင်ကြီး ကလော ဖြန့်ချိရေး
မိုးလုံနှာစာပေ (တောင်ကြီး)
ဝင်းနဒီစာပေဖြန့်ချိရေး(တောင်ကြီး)
မွန်ပြည်နယ်၊ ကရင်ပြည်နယ်ဖြန့်ချိရေး
ကျော်ကျော်စာပေ(မော်လမြိုင်)
ဖြန့်ချိရေး
ကျော်မိုးသိန်းစာပေ၊ ၂၄၃၊ ၂၉ လမ်း ရန်ကုန်မြို့။
☎- ၀၁ ၂၄၂၂၈၄


ကြော်ငြာဌာနမှူး – ကိုတင်မောင်ဆွေ
မင်္ဂလာ ဒီဇိုင်း ရေး ကြော်ငြာလုပ်ငန်း


၂၀၁၄ ခုနှစ်၊ ဇူလိုင်လ
အမှတ် ၃၃၆
အုပ်ရေ
၁၀၀၀
☎-၀၁ ၂၄၂၂၈၄




F.1B.July, 2014.

www.burmeseclassic.com


www.burmeseclassic.com





ဇောတိကတောင် ဆရာတော်ကြီး
ကိုးကွယ်ခဲ့သည့် ရုပ်ပွားတော်တစ်ဆူကို
ဤသို့ ထူးခြားစွာ ဖူးတွေ့ရသည်... ☛ စာ-၂၉

ကြိုရတနာအောင်မြေကို ရောက်အောင်သွား
အောင်မြေသုံးခုမှာ ယှဉ်ချက်တွေရမယ်
အဲဒီမှာ ဆုတောင်းပြီး အဓိဋ္ဌာန်ဝင်ရင်... ☛ စာ-၂၁၁



## ကျွန်းဆုံခြင်းရောင်ခြည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်
ကျန်းမာပါစေတိုင်းရင်းဆေးခန်း ဆရာဦးသီဟ
(တဆ-၀၃၉၈၀)၏ အမျိုးသားအားနည်းရောဂါ
(ပန်းသေ၊ ပန်းညှိုး)သိကောင်းစရာနှင့် တာကွယ်
စောင့်ရှောက်နည်းများ [မြောင်းမြ မောင်ယဉ်တင့်] ၁၅၃
အဆိပ်ဟူသမျှ နိုင်နင်းပြီး မြွေပွေးခေါ်နိုင်သူ
[မောင်နီး-ကျောက်မဲ] ၂၀၀

## ပညာပေးရောင်ခြည်

လူတိုင်းအတွက် တရုတ်ရိုးရာ
အိပ်မက်ရှင်းတမ်း (၈၂) [ထက်မင်းကျော်စွာ] ၁၅၀
သင်္ကေတများ၏ ဘာသာစကား (၃၅) [ဟူကျင်းဇီ] ၁၅၈
တရုတ်ကြီးထုံးပညာ (၉၂) ၁၇၈

## လက္ခဏာရောင်ခြည်

အချစ်ရေးမှာ ကံကောင်းနိုင်သူလား [သန်းပညာ] ၁၃၆
အလုပ်အကိုင် ရာထူးတိုးတက်မလား
[ဆရာကြီး ဦးအောင်မြိုင်-ဥပဒေဘွဲ့] ၁၄၁
ပညာရေးဝန်ဆောင်မှုလုပ်ငန်းနဲ့ အကျိုးဖြစ်ထွန်းသော
အမှတ်သင်္ကေတများ [ဦးသော်ခင်-ဟသ်ာတ] ၁၆၈
လက္ခဏာပဟေဠိ အဖြေညှိကြစို့ ၁၇၇
သီဟိုဠ်စမ်းဆရာတော်၏ လက္ခဏာနှင့်
စိတ်ဝင်စားဖွယ်ရာများ
[ဆရာကြီး ဦးအောင်မြိုင်-ဥပဒေဘွဲ့] ၁၉၃

## လမ်းညွှန်ရောင်ခြည်

စေတော်ဝင်သာသနာမြေမှ နေရာထူးများနှင့်
ဆရာတော်ကြီး၏ ဩဝါဒများ(၁) [နယ်လှည့်သုတေသီ] ၁၇
ဇောတိကတောင် သာသနာမြေမှ ဇောတိကတောင်
ဆရာတော်ကြီးဦးနာရဒ၏ ဘဝပုံရိပ်များ(၁)
[စံထွန်းသာ] ၂၅
ဝေဘူဆရာတော်ကြီး၏ နွေရာသီ သီတင်းသုံးရာ
အင်ကြင်းပင်သာသနာမြေသို့(၈) [ထက်မင်းကျော်စွာ] ၄၆
ရဲ့သာမော ဆက်သွားတော့မှ ဝန္ဓာရုံဘုံကျော်
တောရဆီသို့(၂) [ဘုန်းကျော်စွာ-မြိုင်တက္ကသိုလ်] ၁၂၁

www.burmeseclassic.com



### အထူးကဏ္ဍရောင်ခြည်


ဝက်ခေါင်းမင်း၏ ဝိဇ္ဇာမြို့ဟောင်းဆီသို့ (၁)
[အောင်ဇ–LL.B] ၄၁
သုခကာရီကုန်းတော်မဟီနှင့် အဘအောင်မင်းခေါင် ဓာတ်ပန္နက်စေတီတော်(၂) [ထက်မင်းကျော်စွာ] ၅၇
အခင်းကြုံလျှင် မင်းစုံတောင်တွင် အမိဌာန်ဝင်ပါ(၃)
[ဘုန်းကျော်စွာ–မြိုင်တက္ကသိုလ်] ၆၅
ရွှေတောင်မြို့၏ ကျက်သရေဆောင် အမိဌာန်အောင် ဓာတ်ပေါင်းစု အောင်မင်းခေါင်စေတီတော်(၂)
[တင်ဦးမောင်–ပုတီးကုန်း] ၇၃
ရန်မာန် ကင်းစေသည့် ကောလင်းနယ်မှ အောင်နိမိတ် ဆောင် ခမောက်တောင်(၈) [ထက်မင်းကျော်စွာ] ၁၀၅
မြတ်သမဏတို့ စံပျော်မြန်းသည့် ထုံးတောင်မြေ သာစခန်းဆီသို့(၅) [ဇင်ညိုငယ်] ၁၁၃


### ကိုယ်ပျော့ရောင်ခြည်


ကျွန်တော် မြင်တွေ့ဖူးသော သူရဿတီမယ်တော်ကြီး(၁) [ကလေးဘ] ၂၅၇
သမီးသုံး သားတစ် မဖြစ်စေနဲ့ [နတ်မောက်လှမြင့်သစ်] ၂၆၂
အံ့ဖွယ် နတ်မီးတောက် [မိုး–သရက်] ၂၈၁
ထူးဆန်းတဲ့ တလေးရဲ့ သံယောဇဉ်
[အေးမွန်ကျော်–နမ္မတီး] ၂၈၉
သံပရာသီးလေးတစ်လုံး [နေဝန်းနီ] ၂၉၄


### ကျင့်စဉ်ရောင်ခြည်


အခက်အခဲကြုံလျှင် ဘုမ္မိကျင့်စဉ်ကို အားကိုးပါ
[ထွေးမောင်] ၄၇
သစ်တံခါးဆရာတော်ကြီး၏ မီးကသိုဏ်းစွမ်းအင်ကျင့်စဉ်
[ကဝိသိရောမထီ] ၁၆၉
လွမ်းစေတီဆရာချစ်၏ မြွေမှော်ကျင့်စဉ်
[အောင်ဇ–LL.B] ၁၉၀
မတ္တရာ ဆရာတော်ကြီး၏ သရဏဂုံကျင့်စဉ်
[ဦးစိုးလင်း] ၂၁၇



### အစီအရင်ရောင်ခြည်


အကျိတ်အဖု သက်တန့်ကုသနည်းတောင်း
[ကောင်းဟိန်း–ကျွန်းသစ်] ၂၃
ကိုယ်တွေ့ မြွေဆိုးရန် ကာကွယ်နည်း
[ဆရာလှိုင်ဝင်းအောင်–ကျိုက္ကဆံ] ၁၁၀
မဟာဘုတ်ချိန်ခွင်နှင့် လွယ်ကောင်းယတြာ
[အငါးသားသမီးများအတွက်] [သန်းပညာ] ၁၇၈
ကော့ပေါက်ဆရာတော်ကြီး ဦးဥတ္တမ၏ နောက်ဆုံးကာလနှင့် ငွေခေါ် အစီအစဉ် [ဇင်ညိုငယ်] ၁၈၅
ရွှေလာငွေလာ ဓာတ်ပညာ [ယောနက ဘိုးထောင်] ၁၉၂
အတိတ်ဘဝအတွက် အမှတ်အစွဲကြီးမားနေလျှင်
[ဘုန်းကျော်စွာ–မြိုင်တက္ကသိုလ်] ၁၉၇
ငွေပလောင်း၏ ဂမ္ဘီရအစွမ်း [နိုင်မင်းညို] ၂၂၀




ဒီဓာတ်တိုင်ကြီးမှာ ထူးခြားချက် ရှိပါတယ်
ယုံယုံကြည်ကြည်နဲ့ လက်နဲ့ပုတ်ပြီး
လိုရာ ဆုတောင်းရင်....
စာ–၂၀၁

နတ်မီးတောက် တောက်လောင်နေသော
နေရာရှိ ကျောက်ပုံဖြစ်ပြီး
ဓါတ်ပုံရိုက်ခင်းသုံးသတွင် မီးတောက်များ မတွေ့ရဟု
စာ–၂၀၁






www.burmeseclassic.com

www.burmeseclassic.com





ဟောင်ပေါ်ဇေတီက ရုပ်ရှင်ရှိ ရှာမတွေ့ အောင်
ပျောက်နေတတ်တယ်၊ ဒါကြောင့်
ဒီစေတီဟာ ကောင်းစွာ ဖူးခွင့်ရပါစေလို့ ... ☛ တ–၄၂

ဝါးနှစ်ပေါက်ကို ဝံသေဘတ် ဖြစ်ပေါ်ချိန်တွင်
ရှင်သီဝလိပုံတော် ထု၍ ဆောင်ပါက
နေသိဒ္ဓိလာဘ်လာဘ ပေါ်များသည်တဲ့ ... ☛ တ–၂၀၉




အဂ္ဂိရတ်ရောင်ခြည်

ဆေးလေးပါးနှင့် သွပ်လုပ်ရတ်[ရွှေအိုး–ပညာ၊ ပန်းတနော်] ၁၀၂
ဆေးဒန်းပြဒါးဖမ်းနည်း [ခင်မောင်သန်း–ပညာ/ငြိမ်း] ၁၄၃
ရှင်ကောဝိဒရဲ့ ဒန်နှာသုတရဓတ(၃)
[ရွှေတောင် ခင်မောင်ကြည်] ၂၁၂

ဂါထာမန္တန်ရောင်ခြည်

အန္တရာယ်ကင်း ရန်စွယ်ရှင်း သိဒ္ဓိဝင် အုန်းဆီမန်းဂါထာ
[ဗိဇ္ဇာမဟိဒ္ဓိ ဆရာဦးသန်းမြင့်] ၃၅
သူရဿတီဒေဝီဆုတောင်းဂါထာ [တင်စိုးဝေ–နဝင်း] ၃၇
ပညာသင်ယူနေသူများအတွက် ဉာဏ်ကောင်း
အစွမ်းထက်စေသော ဂါထာတော်
[ဦးခင်မောင်သန်း–အ.မ.က၊ ပခန်းတန်း] ၇၈
အောင်ကြောင်းဝေဖြာ အောင်စကြာ
[အောင်နန္ဒစံ–ကျိုက်လတ်] ၁၂၆

ဆေးမြီးတိုရောင်ခြည်

ဝန်းသေပန်းညိုးအတွက် ဆေးနည်းတစ်လက်
[အေးရွှေ–ဇီးကုန်း] ၁၅၇
ပျားရည်နှင့်တွဲဖက် ဆေးတစ်လက်နှင့် ပျားရည်
အတုအစစ် ခွဲခြားနည်း [မောင်နေသွေး–ဝက်လက်] ၁၇၁
ပွေးအတွက် နည်းမခက်
[ဦးကေလာသ–နေပြည်တော် ပျဉ်းမနား] ၂၄၈

ဆေးဗေဒရောင်ခြည်

မီးယပ်ကျိုးရောဂါပျောက် ဆေးနည်း[စန္ဒာမိုး–တောင်ငူ] ၁၇၂
ဆီးချိုနှင့် သွေးတိုးရောဂါအတွက် ဆေးတစ်ခွက်
[ရဲရဲထွန်း–ဟသ်ာတ] ၂၁၀
သွေးဖျဉ်း၊ ရေဖျဉ်း၊ လေဖျဉ်းမှန်သမျှ
မုချ ပျောက်စေရမည် [ကိုကိုခန့်ချော–ကသာမြေ] ၂၃၆

ဂမ္ဘီရဝတ္ထုရောင်ခြည်

ဘဝဟောင်းက ချစ်ကြိုးတစ်မျှင်(၂)
[အနောက်သား–စစ်တွေ] ၂၄၃
လွမ်းရပါသော်ကော နှလုံးသားထဲက
နန်းယီဆိုင်ကော်(၁) [မြတ်သဇင်ဦး] ၂၄၉

ထူးခြားသစ်ပင်ရောင်ခြည်

သောကအေးတဲ့ နတ်ရေမွှေး [ထိုင်းလီစု] ၇၀
ကိုယ်ရုံကြီးပင်နှင့် ကိုယ်ရုံလေးပင်
[မျိုးတင့်–ညောင်လေးပင်] ၂၀၃

ဗဟုသုတရောင်ခြည်

ရှောက်သီးအဖို ရှောက်သီးအမ အသုံးချကြ ဟင်းနုနယ်
အနီပင် ဘယ်လိုအသုံးဝင်
[ဦးရဲအောင်–အငြိမ်းစားမြန်မာ့ရေနံအင်ဂျင်နီယာ] ၁၉၉




www.burmeseclassic.com

www.burmeseclassic.com




## ယူးခြားပမ္မည်းရောင်ခြည်

ထူးခြားသော ရှေးဟောင်းအရုပ်ကလေးများနှင့် သလင်းကျောက်တုံး [ဝင့်ဝင့်အောင်-ခေတ္တ ဟားခါး] ၁၃၇

ဂမ္ဘီရ ရှုကွမူ သိဒ္ဓိဝင်ပစ္စည်းများ အသုံးချနည်း [ဝေဖင်-ပညာရေး] ၂၀၉

စံအိုင်ကို စိန်နှင့် မွမ်းထားတယ် [မောင်တွေးဦး-ရန်ကုန်တက္ကသိုလ်] ၂၂၃

## ကိုယ်ခံပညာရောင်ခြည်

သိုင်းပညာရှင် ဆရာကြီး မင်းယက္ခ၏ ဘဝအတွေ့အကြုံများ (၂၉) [ဆရာကြီး မင်းယက္ခ-တိုက်ပွဲဝင်] ၁၇၃

## ကုထုံးရောင်ခြည်

မျက်စိမှုန် မျက်စိနာနှင့် မျက်စိအမြင်ကြည်လင်စေရန် ကုသနည်း [ဗိုလ်မင်း-မင်းလှ] ၁၁၉

## အမျိုးသမီးအလှရောင်ခြည်

မျှစ်ချဥ်လုပ်နည်း [ခင်ထွန်း] ၃၁

တညင်းသီးဖိုးစိမ် လုပ်ရအောင် [ဘေဘီခင်နိုင်-ဥပေဒ] ၂၀၈

## သုတေသနရောင်ခြည်

မဟာဘုတ်ချိန်ခွင်နှင့် ကျေးဇူးရှင်ဆရာတော်ကြီးများ
[ပျဥ်းမပင်ကျေးရွာ အာယုဒီဃပျိုးဥယျာဥ် စာသင်တိုက် ပဓာန နာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တအာရိယဝံသမထေရ်အား ဂါရဝပြု ပူဇော်ခြင်း] [သန်းပညာ] ၉၄

စိတ်ဝင်စားဖွယ်ကောင်းသော ထိုးမြွလက်မှတ်များအကြောင်း [ဆရာကြီး ဦးအောင်မြိုင်-ဥပေဒေဘွဲ့] ၁၆၅

သျှစ်ဆောင်းပုထိုးတော်ကြီးမှ ရှေးခေတ်ရခိုင်ရိုးရာ ဝတ်ဆင်ထုံးဖွဲ့မှုနှင့် အခြားဒီဝိုင်းလက်ရာများ(၄) [ပန်းချီးထွးလှ-ရှေးဟောင်းသုတေသန] ၁၈၂

## မြစ်ချင်းဖြိုးဆေးဝင်ဆေးမြစ်ရောင်ခြည်

နားပြည်ယိုလျှင် [ဆေးသုတေသီ] ၅၃

ဆင်တုံးမနွယ် အသုံးကြွယ် [နတ်မောက် ကောင်းမွန်မြင့်] ၈၆

နွယ်မြက်သစ်ပင်ဆေးဖက်ဝင် အပင်များ၏ လက်တွေ့အသုံးပြုနည်းများ(၁) [ဦးမင်းဖေ-ရွှေနဝင်း] ၁၄၇

ဆီးရောဂါအတွက် ဆူးပန်းတောင်းပင်ကို အသုံးပြုပါ [မဟူရာ(ဇရာဝတီ)ကသာ] ၂၈၈

## ဟိမျှာန်ရောင်ခြည်

နွား နို့ပွေး [သာထက်ဇော်-မကွေး] ၂၆၈

နွားနှစ်ကောင် တည့်အောင် ဒီနည်းဆောင် [သောင်းဟန်-ဗိုလ်ကုန်း] ၃၀၂


## ကြည့်ရှိခြင်းရောင်ခြည်

ချစ်သစ္စာတိုင် ရွှေကြိုးရစ် မြတ်စွာဘုရား [စံထွန်းသာ] ၉




ဟဲ့ ... သူ့ကို အထင်မသေးနဲ့
သူက ရှေးဘုရားရှင်တစ်ဆူရဲ့ထံမှာ သက္ကစ္စနဲ့
အောင်မြင်ထားတဲ့ ကုသိုလ်ရှိတယ်။ ဒါကြောင့်...
စာ-၅၁

အ.အလယ်သေအင်းနှင့်
န.အလယ်သေအင်း ဖြစ်သည့်
ဆောင်ထားပါက...
စာ-၅၉





www.burmeseclassic.com

www.burmeseclassic.com





ချောင်းဦး ဒိုးဒိုးကြီးနှင့် ရေချမ်းအင်း
ဓမ္မဆောင် နှမတော်တို့ အလှူ ဆောင့်ရှောက်ထားသော
သာသနာ့ဖြစ်ရပ်မှန်...
စာ-၉၂

စီးအချင်းတွေကို ဘာဆိုမှ မလှူနဲ့ဦး
လှူရမယ့် အချိန်ရောက်ရင် ပြောပါမယ်တဲ့
အိမ်မက်ထဲတွင်...
စာ-၁၃၈




ရွှေမြင်းပိဋကတ်တိုက်အနီးမှ
ထူးခြားသော ပန်းကျည်းပင် အမြဲညိုနောင်ကို
ထူးခြားစွာ တွေ့ရသည်...
စာ-၉၀




**အောင်မြေရောင်ခြည်**

စစ်ကိုင်းတစ်ခွင် သမိုင်းဝင်စေတီများ၏ အောင်မြေနှင့် ရှိုး
ပူဇော်ဂါထာတော်များ(၁၇)[အောင်ရွှေမြတ်-စစ်ကိုင်းတောင်] ၈၉
အောင်မင်းခေါင် ဓာတ်ပေါင်းစုစေတီအနီးမှ
ဆုတောင်းပြည့်ဝ အောင်ဓာတ်တိုင် [ဦးကျော်-ပြည်] ၂၀၁
ကြိုရတနအောင်မြေ [ဝှခန်းယဲန်] ၂၁၁

**ထီဗေဒရောင်ခြည်**

၂၀၁၄ ခုနှစ်၊ ဇူလိုင်လအတွက် ဓာတ်ကြီးငါးပါး
ထိုးမိုးမှုနှင့် အောင်ဘာလေထီဆုငွေ [ထက်မင်းကျော်စွာ] ၈၇
၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ထီအတွက် ရွှေချယ်ပါ ဤဂဏန်း
[ဆရာရဲထက်-သုတေသီ] ၃၀၄

**စိုက်ပျိုးရေးရောင်ခြည်**

မြေလွတ်မြေအား ဝါးစိုက်မလား[ဘဟိန်းဦး-မိုးသည်းမြေ] ၂၀၆

**ပရိသတ်အသံရောင်ခြည်**

ကျေးဇူးတင်ပါသည် နက္ခတ္တရောင်ခြည်
(အသားဝါအတွက် ဆေးတစ်ခွက်) [အောင်ကျော်ဇော] ၁၇၆

**အင်းဆေးရောင်ခြည်**

အန္တရာယ်တင်း တန်ပြန်စမ [ကောင်းထိုက်စံ] ၃၀
လိုတရ ဖယောင်းတိုင် [အဓိဋ္ဌာန်ပါရမီရှင်တစ်ဦး] ၁၃၄

**ပုဂ္ဂိုလ်ထူးများရောင်ခြည်**

အာဏာတည် ဆရာတော်(၅)
[အရပ် ဆရာသိန်း-လပွတ္တာ] ၈၁
မြိုင်မြို့နယ် ကွမ်းတောရွာ မင်္ဂလာသိရိကျောင်းမှ
ဆရာတော်ဦးပညာသိရိ၏ မပုပ်သိုးသော
ရုပ်ကလာပ်တော်နှင့် ဘဝပုံရိပ်များ(၂) [စံထွန်းသာ] ၉၇
နယ်ခြားတောင်တန်း သာသနာပြုဆရာတော်၏
မေတ္တာခရီးစဉ်[ဒေါ်သုမနဝိစိတ္တ-B.Sc,H.G.P,Dip.Ed] ၁၂၉
ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့ အောင်သမြေ
ကျောင်းတိုက်က ဗုဒ္ဓါဆရာတော် [မေထွေး] ၁၆၁

**ထူးခြားဆန်းကြယ်ရောင်ခြည်**

သိဒ္ဓိတန်ခိုး မြေကို လျှို့လို့ မိုးကိုပုံ(၂)
[ရွှေတောင် ကြည်မောင်အေး] ၂၂၉
ရွှေပေါင်းတိုက်လှေကြီးနှင့် ထူးဆန်းသော
ဘုန်းတော်ကြီး [ဟသ်ာတသန်းလှိုင်ကျော်-ရွှေပန်းချီ] ၂၃၃
ဝဋ္ဋိရကျောက်ခရုနှင့် လူတစ်စု၏ ဖြစ်ရပ်ဆန်း
[ချစ်ဆိုင်] ၂၆၅
သူ့အရပ်၊ သူ့ဒေသက သူ့ဓလေ့နှင့် ဖြစ်ရပ်ဆန်းများ
[မိဘမဲ့ စပါးကျီ] [ဥက္ကာ စောလှိုင်-လှိုင်းဘွဲ့] ၂၄၉
စာကြည့်မျက်မှန်တလေးနှင့် ထူးဆန်းသော ပုဂ္ဂိုလ်(၃)ဦး
[ဘုန်းပွင့်ထွန်း-မွန်ပြည်နယ်] ၂၉၇

www.burmeseclassic.com




## အမေးအဖြေရောင်ခြည်

ဘာဂမုန်းလဲ၊ သိရှိသူ သုတေသီပညာရှင်များမှ
ဖြေကြားပေးပါရန် [မင်းမင်းဇော်(ခ)ဇိုးဇော်] ၆၃

## နေ့စဉ်သုံး ဘဝလမ်းညွှန်ရောင်ခြည်

၂၀၁၄ ခုနှစ်၊ ဇူလိုင်လအတွင်း
ပုံရိပ်ရှင်တို့၏ ကံကြမ္မာ [ဟူဂျင်းဇီ] ၁၅၆
၂၀၁၄ ခုနှစ်၊ ဇူလိုင်လအတွင်း
ငွေကြေးလာဘ်လာဘ သွက်လက်စေဖို့
[ထက်မင်းကျော်စွာ] ၁၇၆
၂၀၁၄ ခုနှစ်၊ ဇူလိုင်လအတွက်
ခုနစ်ရက်သားသမီး ဟောစာတမ်း [ဆရာ ရောင်ခြည်] ၁၈၀

## မြန်မာ့ရိုးရာပညာရောင်ခြည်

ခရီးသွားသင့်မသင့် ပဋ္ဌာန်း ဆွတ်တွက်နည်းနှင့်
ခုနစ်နေ့ ခရီးသွားဗေဒဟော
[ကောင်းခန့်-သခွတ်မြေ၊ ဝက်လက်] ၁၃၂
ပေါင်း၊ နုတ်၊ မြှောက်၊ စား သင်္ချာလက္ခဏာဖြင့်
ဗေဒင်ဟောနည်း [ဗိုလ်မင်း-မင်းလှ] ၁၄၅

## ကျန်းမာရေး အာဟာရရောင်ခြည်

၂၀၁၄ ခုနှစ်၊ ဇူလိုင်လအတွင်း
ကျန်းမာရေးအတွက် အကြံပေးချက်များ [ဟူဂျင်းဇီ] ၅၄

## ဝိဇ္ဇာစာပေရောင်ခြည်

အရဟံဂုဏ်တော်ကြီးဖြင့် မနော့ပိုင်သူတစ်ယောက်
အကြောင်း [စရဏ ဦးအောင်] ၃၃
ဝိဇ္ဇာမိုရ်နှင့် တွေ့ဆုံခြင်း အတွေ့အကြုံဖြစ်ရပ်ဆန်း
[ဦးစိန္တာ-နန်းရွှေ၊ မန္တလေး] ၂၄၁

## ဖြစ်ရပ်မှန်ရောင်ခြည်

အသားစားလိုသော ဂမ္ဘီရ ကျားနှစ်ကောင်
[အောင်ကျော်သူ-ရှီးမမြေ] ၂၂၅
ပဌာန်းတရားနာလိုသော လူတစ်ဦး [ကသာ သင်းမွေး] ၂၃၇
ညတာရှည်ခဲ့သော တစ္ဆေတစ်ကောင်
[ရင်ခွင်ဦး-ဟသ်ာတ] ၂၅၄
ဂုဏ်ယူမိပါသည် [တက္ကသိုလ် အပန်ငယ်] ၂၆၉
ထူးခြားသော ရသေ့တစ်ပါး၏ ဒဂါးတစ်ပြား
ဓာတ်လုံးတစ်လုံး [ကျော်ဇင်ဖြူ] ၂၇၃
မယားသွေးနှင့် သိုက်စာကျွေးခဲ့သည် [မောင်လင်းနိုင်] ၂၈၅
အလောင်းအစား [ညွန့်ဝင်း-နတ်တလင်း] ၃၀၀




ဇာတ်ရှင်း စစတီ မှ မာဇီ မေဘလာ ရုပ်တု ကို...
စာ-၂၀



ဒွိ ပန်း ပွင့်တဲ့ အိမ် ခြံမြေ ဟာ အနောင့် အယှက် ဘေးရန် ကင်းပြီး...
စာ-၇၀



ကြံ အရွက် အား မီးအုံး ၍ နား အတွင်း သို့ ထည့်လျှင်...
စာ-၃၃



www.burmeseclassic.com

www.burmeseclassic.com

စံလွန်းသာ

ချစ်သစ္စာတိုင်

# ရွှေကြိုးရစ်မြတ်စွာဘုရား

သစ္စာဆို၍ တိုင်တည်ဆုတောင်းလျှင် ပြည့်ဝကြသည်ဟု ကျော်ကြားသော ရွှေကြိုးရစ် မြတ်စွာဘုရား ရုပ်ပွားတော်သည် မုံရွာ အမြင့်ကား လမ်းနံ့ဘေး အမြင့်ရွာဦးထိပ်ရှိ ဂန္ဓကုဋိ တိုက်တော်တွင် စံပယ်တော်မူပါသည်။

ဤနေရာသည် ကုန်းဘောင်ခေတ်ကာလ အမြင့်သူကြီးမင်းလက်ဝါး၏ ရုံးစိုက်ရာနေရာ ဖြစ်ခဲ့ကြောင်း သိရှိရသည်။



⬆ ရွှေကြိုးရစ်ရုပ်ပွားတော်

## သမိုင်းဖြစ်စဉ်တော်

ရွှေကြိုးရစ်မြတ်စွာဘုရားကို သီရိဓမ္မာသောကမင်းကြီး သွန်းလုပ်ပူဇော်ခဲ့သည်ဆို၏။ ထိုမင်းသည်မြတ်စွာဘုရားရှင်ကို မဖူးမြင်လိုက်ရသော်လည်း ဘုရားရှင်ကိုယ်စား ပရိဘောဂစေတီဖြစ်သည့် မဟာဗောဓိညောင်ပင်ကို စိုက်ပျိုး ပူဇော်တော်မူသည်။

ဤသို့ ပူဇော်သည်ကို မိဖုရားဖြစ်သူက မကျေနပ် သဘောမတွေ့သောကြောင့် မဟာဗောဓိပင်ကို ခုတ်လှဲပစ်စေသည်။ ထိုအခါ မင်းကြီးအမျက်ပွား၍ မိဖုရားအား အဆောင်အယောင်များ ချွတ်သိမ်း၍ ရွှေလက်ရာဘုရားတွင် ချုပ်ခဲ့သည်။

ဗောဓိပင်ကို တင်ပျဉ်ခွေရုပ်ပွားတော်သွန်းလုပ်ကာ ဘုရားရှင်၏ သရီရဓာတ်တော် ကိုးနေရာ ဌာပနာသည်။ ထို့နောက် ရွှေကြိုးဖြင့် ရစ်ပတ်ကာ ဗောဓိပင်၏ အကိုင်းအရွက်များကို အမှုန့်ပြု သားရိုးကိုင်ကာ ရုပ်ပွားတော်ထားသည်။ မိမိ၏ မကိုဋ်တော်ကို မျက်ပါးခတ်ကာ ရုပ်ပွားတော်၌ ရွှေသင်္ကန်း ကပ်လှူတော်မူလေပြီ။

ထိုရုပ်ပွားတော်အား ပုဂံမင်းအဆက်ဆက်တို့ နန်းဦးထား ကိုးကွယ်ခဲ့ရာ ကျွန်စစ်မင်း နတ်ရွာစံသော် (အလောင်းစည်သူမင်း မယ်တော်) ရွှေအိမ်စည် မင်းသမီးက အမြင့်မြို့သောတာပန် စေတီလိုဏ်သို့ ပင့်ဆောင် ကိုးကွယ်ခဲ့သည်။

ထို့နောက် နှစ်အတန်ကြာသော် အလောင်းစည်သူမင်း၏ မြေး နရပတိစည်သူမင်းလက်ထက်၌ အလောင်း



www.burmeseclassic.com

www.burmeseclassic.com



◆ ရွှေကြိုးရစ် ဘုရားပလ္လင်

◆ ရွှေကြိုးရစ် ဘုရားတန်ဆောင်း



စည်သူမင်း၏ ဖောင်တော်ဦး စကားတိုင်ကို ရုပ်ပွားတော်ကိုးဆူ ထုလုပ်ပူဇော်ကာ စူးစာ၊ ဆောက်စာများကို သရွတ်မံ၍ မံဘုရား ရုပ်ပွားတော်တစ်ဆူကိုလည်း ပူဇော်ခဲ့သည်။

ထိုမံဘုရားကို ရွှေကြိုးရစ်ဘုရားနှင့် အတူ သောတာပန်စေတီလိုဏ်အတွင်း ထပ်မံထားရှိ ကိုးကွယ်ခဲ့သည်။

မင်းအဆက်ဆက် စောင့်ရှောက်ကိုးကွယ်ခဲ့ကြပြီးနောက် တိုင်းပြည်မငြိမ်မသက်သောကာလ သောတာပန်စေတီမှာ လူနေအိမ်ခြေ၊ အစောင့်အရှောက်ဝေးကွာသော နေရာ၌ ရှိသဖြင့် ရွှေကြိုးရစ်ဘုရားကို ယခုလက်ရှိနေရာသို့ လည်းကောင်း၊ မံဘုရားကို ရန်အောင်မင်္ဂလာ ကျောင်းတိုက်သို့ လည်းကောင်း ပင့်ဆောင်ပူဇော်ခဲ့ကြသည်ဟု သိရလေသည်။

## ထူးခြားချက်

ရွှေကြိုးရစ်ဘုရားနှင့် မံဘုရားတို့ကို သောတာပန်စေတီလိုဏ်တွင် အတူတကွ ပူဇော်ထားစဉ်က ရပ်ရွာအတွင်း မိုးခေါင်ခြင်း၊ ကပ်ရောဂါဆိုက်ရောက်ခြင်း စသည်တို့ ကြုံတွေ့ရပါက ရုပ်ပွားတော်များကို လှည်းယဉ်များဖြင့် ပင့်ဆောင်လျက် ရပ်ရွာအတွင်း ဒေသစာရီကြွချီအပူဇော်ခံလေ့ ရှိကြသည်။

ထိုသို့ပင့်ဆောင်ရာတွင် ဝါတော်ကြီးရင့်သော ရွှေကြိုးရစ်ရုပ်ပွားတော်ကို ရှေ့မှအဦးထား၍ ပင့်ဆောင်ရသည်။

မံဘုရားကို ရှေ့ထားမိပါက လူအင်အားမည်မျှ များစွာဖြင့် ဆွဲစေ တွန်းစေသော်လည်း ပင့်ဆောင်သည့်လှည်းယဉ်မှာ နေရာမရွေ့ကြောင်း သိရလေသည်။

## ဖူးမြော်ရစဉ်

ရွှေကြိုးရစ်ရုပ်ပွားတော်ကိန်းဝပ်ရာ ဂန္ဓကုဋိတိုက်တော်အတွင်း ဝင်ရောက်

www.burmeseclassic.com

ကြည့်ရှုရာ ခေါင်းရင်းခန်းကို သံတိုင်များကန့်လျက် ကာရံကာ အတွင်း၌ ရုပ်ပွားတော် ပူဇော်ထားသည်ကို တွေ့ရသည်။ ဉာဏ်တော်အမြင့် (၂)ပေခန့်ရှိသည်။ ပဒုမ္မာသနပလ္လင်ထက် စံပယ်တော်မူကာ ပလ္လင်တံကဲ အစွန်းနှစ်ဖက်၌ နတ်ရုပ်တစ်ရုပ်စီနှင့် အလယ်ဗဟိုအထက်၌ ကြာကလာပ်ခံ ဖောင်းရစ်စေတီ အထွတ်တင်တန်ဆာဆင်ထားသည်။

ဘုမိဖဿမုဒြာ ရုပ်ပွားတော်ဖြစ်၍ စမ္ပာတ်အခြေ၌ "**ဖောင်ထိန်းကွင်း**" ဟုခေါ်သော သံကွင်းများ တပ်ဆင်ထားသည်။ ဒေသစာရီ ကြွချီပင့်ဆောင်သောအခါ **ဖောင်၊ လှေ၊ လှည်း စသည်တို့ပေါ်တွင်မြဲမြံစေရန်ကြိုးဖြင့်ထိန်းကွပ်ချည်နှောင်ရသော ကွင်းများ** ဖြစ်ကြသည်။

နဖူး၊ ပခုံးစွန်း၊ ဒူးစွန်းရှိ မှိုဖောင်းနေသော မှိုချက်နေရာများကို ထင်ရှားစွာမြင်ရသည်။ မှိုကိုးချက်ရှိသည် ဆို၏။

ဓာတ်တော်များ ထည့်သွင်း ပူဇော်သည့်နေရာ ကိုးနေရာ ဖြစ်လေသည်။ သီရိခေတ္တရာသောကမင်းကြီး ရုပ်ပွားတော်ကို စတင်ပူဇော်စဉ်က ရွှေမျက်ပါး တစ်ဆယ့်သုံးထပ် ကပ်လှူခဲ့သည်ဆိုကြ၏။

## အထူးပြု ဆုတောင်းခြင်း

မင်းအဆက်ဆက် ဆုတောင်း ပြည့်ဝခဲ့သော ရွှေကြိုးရစ်မြတ်စွာဘုရားထံတော်တွင် မှန်ရာကို သစ္စာဆို၍ အဓိဋ္ဌာန်ပြုဆုပန်ကာ လိုရာဆန္ဒအဝဝ ပြည့်စုံနိုင်ကြသည့်အပြင် မိသားစုအတွင်း၊ အဖွဲ့အစည်း အဝန်းအဝိုင်းအတွင်း၊ မောင်နှံချစ်သူ သားအမိ မိတ်ဆွေများအကြားအတွင်းရန် ဘေးအနှောင့်အယှက်များ ပပျောက်၍ စည်းလုံးညီညွတ်စေရေးတရားသဖြင့် ရှာဖွေရရှိသော ဓမ္မလဒ္ဓ



◆ အပေါ်မှ ဖောင်ထိန်းကွင်း

◆ တန်ဆောင်းတွင်း မြင်ကွင်း



www.burmeseclassic.com





◆ ကုန်းဘောင်ခေတ်လက်ရာ ရုပ်ပွားတော်မှ

◀ ရန်အောင်မင်္ဂလာကျောင်းမှ မိတ်ရုပ်များ

ဥစ္စာပစ္စည်းများ လေလွင့် ပျောက်ပျက်မှုမရှိ တည်မြဲတိုးပွားရေးတို့အတွက် အထူးပင် ဆုတောင်း ပြည့်စေသည်ဟု သိရသည်။

သွန်းလုပ်ပူဇော်စဉ် အချိန်အခါ၊ နက္ခတ်၊ ဂြိုဟ်အစီးအနင်း ကောင်းမွန်ကျိုးကြိုက်သဖြင့် မြတ်စွာဘုရားရှင် သက်တော်ထင်ရှား ရှိစဉ်ကကဲ့သို့ တန်ခိုးတော်အဟုန်ကြောင့် ဆုတောင်း ပြည့်ဝခြင်း ဖြစ်နိုင်ပါသည်။

ဝေဒရှုထောင့်မှ လေ့လာပါက **ရွှေကြိုးရစ်** ဘွဲ့တော်ပညတ်အရ "**ကိုရှာ**" အတွင်းမိတ်နှစ်ထပ် အမြတ်ပြုဖွဲ့တည်နေသည်ကို တွေ့ရင် ထို့ကြောင့် အတွင်းရန်များ ပျောက်ကွယ်ပျက်ပြယ်ခြင်းအကျိုးအတွက် အထူးပြု ဆုပန်နိုင်ခြင်းဖြစ်၏။

**အတွင်းမိတ်ဂြိုဟ်တွဲများကား...**

* * *

| | | | | |
|---|---|---|---|---|
| **ဦးသာ** | = တနင်္ဂနွေ+သောကြာ | = | (ဂြိုဟ်သက်အရ) | ၆+၂၁=၂၇ |
| **စိန်ပန်း** | = အင်္ဂါ+ကြာသပတေး | = | (ဂြိုဟ်သက်အရ) | ၈+၁၉=၂၇ |
| **ဒန်းလှ** | = စနေ+ဗုဒ္ဓဟူး | = | (ဂြိုဟ်သက်အရ) | ၁၀+၁၇=၂၇ |
| **ကိုရှာ** | = တနင်္လာ+ရာဟု | = | (ဂြိုဟ်သက်အရ) | ၁၅+၁၂=၂၇ |

သောမနဝင်းကိန်း ဆောင်သည့်ရုပ်ဖြစ်သည်။ သောမနဝင်းဆောင် အတွင်းမိတ်ကြောင့် အတွင်းရန်၊ ဝိရောဓိများ ပျောက်ပြယ်စေသည်ဖြစ်ရာ နှစ်ကိုယ့်

တစ်စိတ် အတွင်းကျကျ ပေါင်းဖက်ရသော အိမ်ထောင်ရေးတွင်လည်း အသုံးပြုကာ အိမ်ထောင်မိတ် ဂြိုဟ်တွဲများဟုလည်း ခေါ်ဝေါ်သတ်မှတ်ကြခြင်း ဖြစ်ပေသည်။

ဤသို့လျှင် နဝင်းကိန်းဆောင် အတွင်းမိတ် နှစ်ထပ်ဂြိုဟ်တွဲဖြစ်သည့် သာမက မိုကိုးချက်နှံ၍ ဘုရားရှင်၏ သီရိရဓာတ်တော်များ ဌာပနာပြုပူဇော်ထားခြင်းကလည်းနဝင်းဓာတ်အားဖြည့်ခြင်း၊ ကာရကာဗ ပြည့်စုံစေလေသည်။


**ချစ်ခြင်းကိုစု ဆန္ဒပြည့်စေသည်**

ဤရွှေကြိုးရစ် ရုပ်ပွားတော်အား ရှိသေလေးစားစွာ ရှိခိုးကန်တော့ကာ



www.burmeseclassic.com

www.burmeseclassic.com





◆ ကျောက်ဖြူသား လျောင်းတော်မူ

နံရံဆောင်မှ မတ်ရပ်တော်တစ်ဆူ ◆

◆ ဈေးခေတ်ဆွမ်းအုပ်အချို့



ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်ပြုလျက် ချစ်မေတ္တာဆိုင်ရာကိစ္စတိုင်း ဆုပန်ခြင်းလည်း ပြည့်ဝကြကြောင်း အမြင့်အထက်တန်းကျောင်းတွင် နှစ်များစွာ တာဝန်ထမ်းဆောင်ပြီးနောက် အငြိမ်းစား ယူသွားသည့် ဆရာတစ်ဦးက ပြောပြသည်။

'ရွှေကြိုးစစ်ရုပ်ပွားတော်ကို ပုဂံနေပြည်တော်ကနေ အမြင့်ကို ရောက်အောင်ပင့်ဆောင်ကိုးကွယ်ခဲ့သူဟာ ရွှေအိမ်စည်မင်းသမီးပါ။

ကျန်စစ်မင်းကြီးနှင့် အပါယ်ရတနာ မိဖုရားခေါင်ကြီးတို့ကမွေးတဲ့ ရွှေအိမ်စည်မင်းသမီးကို ချစ်လှန်းလို့ တစ်ပယ်တိုင်နန်းနဲ့ ထားတော်မူတယ်။

အဲဒီအချိန်မှာ ပဋိက္ကရားမင်းသားက မျက်ရှင်ငိုပြီး ကောင်းကင်ခရီးနဲ့လာ၊ ရွှေအိမ်စည်ရဲ့ အထိန်း ကြံသိုင်းအမတ်ကို ငွေသယ်တင်လာတာ်ထိုးပြီး ချစ်ရည်မျှ ပေါင်းသင်းကြသတဲ့'

အဲဒါကို ခမည်းတော် ထီးလှိုင်ရှင် ကျန်စစ်မင်းကြီးကြားတော့ အမတ်တွေနဲ့ တိုင်ပင်တယ်။ သမီးတော်ကို ပဋိက္ကရားမင်းသားနဲ့ပေးစားရင် ကောင်းမလားပေါ့။

အမတ်တွေက...

'ဘုန်းကြီးသည့်အရှင်မင်းကြီး သမီးတော်ကို ပဋိက္ကရားမင်းအိမ်သားနှင့် စုံဖက်ရင် ရှည်သဖြင့် ကုလားပြည် ဖြစ်တော့မည်'

လို့ နားနေလျှောက်လို့ စောလူးမင်းရဲ့သား စောယွမ်းနဲ့ ပေးစားပြီး အိမ်ရှေ့မင်းသား ခန့်တယ်။

ဒီအခါ ရှင်အရဟံက အိန္ဒိယက မဟာဗောဓိစေတီကို ဝတ်ပြုကာ ဈာန်ယဉ်နဲ့ကြွတော့ ပဋိက္ကရားမင်းသားနဲ့ ကောင်းကင်ယံမှာ တွေ့ကြတယ်။ ရှင်အရဟံက တားမြစ်တော်မူပါတယ်။

'မင်းသား မသွားသင့်ပြီ။ ရွှေအိမ်စည်ကို စောယွမ်းနဲ့ စုံဖက်လေပြီ'

'ဒီစကားကြားတော့ ပဋိက္ကရား ကုလားကလေးလဲ ''ဟာ့''ခနဲဖြစ်လို့ ခံတွင်းကမျက်ရှင် မြေပေါ်ကျပြီး အနိစ္စရောက်ပါလေရော'


'ဇာတ်သိမ်းပြီပေါ့'

'မသိမ်းပါဘူး။ ဇာတ်လမ်းက အခုမှစတာ။ ပဋိက္ကရားမင်းသားသေတော့ ရွှေအိမ်စည်က သည်ဘဝမှာ ခင်ပွန်းသည်အဖြစ် ''တဏှာပေမ'' ချစ်ခြင်းနဲ့ မပေါင်းရပေမယ့် နောင်ဘဝမှာ ''ဂေဟာပေမ''ချစ်ခြင်းနဲ့ သားသမီး



www.burmeseclassic.com

www.burmeseclassic.com



▲ ဓာတ်ပုံ ပန်းတိုး

အဖြစ် ပေါင်းရပါစေလို့ ရွှေကြိုးရစ် မြတ်စွာဘုရားထံ ဆုပန်သတဲ့။

ဆုတောင်း ပြည့်ဝသတဲ့။ ပဋိက္ကရား မင်းသား အနီစွရောက်ပြီး မကြာခင် ရွှေအိမ်စည်ဝမ်းမှာ ပဋိသန္ဓေနေတယ်။ နေ့လစေ့လို့ဖွားမြင်တော့ ''အလောင်းစည်သူ''ဖြစ်လာတယ်။

'ဆရာ...ဆရာ ကျောင်းဆရာနော်'

'ဟုတ်ပါတယ်။ ခင်ဗျားကမှ စာရေးဆရာပါ ဘာဖြစ်တုံး'

'ဆရာပြောတာက ဇာတ်ညွှန်းရေးနေသလို ခံစားရတယ်ဗျာ'

'မဟုတ်ရပါဘူး။ မှန်နန်းမဟာ ရာဇဝင်တော်ကြီး စာမျက်နှာ (၁၇၁၊ ၁၇၂)မှာ ရှာဖတ်ကြည့်ပါ။ ကျမ်းကိုးအခိုင်အမာ ရှိပါတယ်'

'ထားပါတော့ဗျာ။ ဆရာ့ကိုယ်တွေ့ ကော ရှိသလား'

'ရှိပါတယ်၊ ကျွန်တော့်သား တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ်မှာ ကျောင်းဆရာဘဝနဲ့ အိမ်ထောင်ကျတာ မြေးတောင်ရနေပြီ၊ သူလဲ မလာနိုင်၊ ကိုယ်လဲ မသွားနိုင်နဲ့ မြေးတောင် ကျောင်းစနေပြီ၊ တစ်ခါမှ မတွေ့ဖူးသေးဘူး။

ရွှေကြိုးရစ်ဘုရားကို ပန်းဖယောင်းမီး အမွှေးနံ့သာတိုင်ကပ်ပြီး ဆုတောင်းတယ်။ တစ်လလောက်အကြာမှာ အဲဒီတုန်းက အမြင့်ဆုံး သိန်း(၅၀၀)ဆုထီ ပေါက်လို့တဲ့၊ မိသားတစ်စုလုံး မိဘအိမ် ပြန်ရောက်လာလို့ ပြန်ဆုံကြရတယ်'

'ဆိုင်ကယ်ပစ္စည်းဆိုင် ဖွင့်ထားတဲ့ သူငယ်လား'

'ဟုတ်တယ်။ အဲဒီမှာပဲ ဥမကွဲ သိုက်မပျက် လုပ်စားတော့မယ်တဲ့'

## ထူးခြား ကြည်ညိုဖွယ်များ

ဘုရားခန်းမ၏ နံရံ အခြားတစ်နေရာ၌(လက်ယာဘက်) တံတောင်ဆစ်ကွေးထားသော လက်ဖဝါးပေါ် ခေါင်းတင်ကာ သက်သောင့်သက်သာ စံပယ်နေတော်မူသည့် ကျောက်ဖြူသားလျောင်းတော်မူတစ်ဆူ၊ လက်ဝဲဘက် ပလ္လင်ထက်တွင် ကုန်းဘောင်ခေတ်လက်ရာ တင်ပျဉ်ခွေ ရုပ်ပွားတော်ကြီး တစ်ဆူ၊ နံရံထောင့်များတွင်မတ်ရပ်တော်များစသည်ဖြင့် စုံလင်စွာဖူးတွေ့ရသည်။

နံရံထောင့်တစ်နေရာတွင် ခြသေ့လေးကောင်ခံ ပန်းအိုးကြီးတစ်လုံး ရှေးခေတ်သုံး ဆွမ်းအုပ်များ စသည်တို့ကိုလည်း ရှေးမြန်မာမှုလက်ရာများအဖြစ် လေ့လာနိုင်ပေသည်။

## တိုက်တွန်းအပ်ပါသည်

ရှေးပုဂံခေတ်ကာလများမှ စတင်တည်ရှိခဲ့သော **အမြင့်မြို့ဟောင်းမှ ရွှေကြိုးရစ်မြတ်ဘုရားသည်** ဝေဒ အမြင်အရ ထူးခြားကောင်းမွန်ခြင်း၊ သမိုင်းဖြစ်စဉ်အရ ထူးခြားမြင့်မြတ်ခြင်း တို့သာမက **ရွှေကြိုးရစ်ပညတ်အရ ရွှေငွေရတနာ စည်းစိမ်ဥစ္စာတို့ ကျစ်လျစ်မြဲမြံခြင်း အနက်သဘော ဆောင်နေလေရာ မုံရွာအမြင့်ဒေသသို့ ခရီးကြုံကြိုက်ပါက** အထူးပြု ဝင်ရောက်ဖူးမြော်အဓိဋ္ဌာန်သင့်ကြောင်း တိုက်တွန်း လမ်းညွှန်ရပေသည်။

**စံထွန်းသာ**

www.burmeseclassic.com

# စာတည်းချုပ်၏ (၂၈) နှစ်ပြည့် အမှတ်တရအမှာ

၂၀၁၄ ခုနှစ်၊ ဇူလိုင်လသည် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း (၂၈)နှစ်မြောက် အထူးထုတ် အမှတ်တရ လ ဖြစ်ပါသည်။

**(၂၈)နှစ်သက်တမ်း**ကို ဖြတ်ကျော်ခဲ့ပါပြီ။ (၂၈)နှစ် သက်တမ်းအတွင်း ပြန်ပြောင်း လေ့လာမိပါသည်။

နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကို အသွင်သဏ္ဌာန်အမျိုးမျိုးဖြင့် ထုတ်ဝေခဲ့ပါသည်။ ယခုအခါ အများအကျိုးရှိမည့် ရှေးဟောင်းပညာရပ်များ၊ တိုင်းရင်းဆေးများ၊ ဗေဒင်လက္ခဏာများ၊ အရိယာပုဂ္ဂိုလ်ထူးများ၊ မဟိဒ္ဓိသိဒ္ဓိပုဂ္ဂိုလ်များ၊ ကျင့်စဉ်စရဏများ၊ အဂ္ဂိရတ်ပညာများ... စသည် စသည်ဖြင့် အခန်းကဏ္ဍပေါင်းများစွာဖြင့် တစ်လထက် တစ်လ မရိုးရအောင် ကြိုးစားတင်ဆက်လျက် စာရှုသူ ပရိသတ်များ ရှေ့မှောက်အရောက် ပို့ဆောင်လျက် ရှိပါသည်။

မိမိဒေသအတွင်းရှိ လျှို့ဝှက်တိမ်မြုပ်လျက်ရှိသော ပုဂ္ဂိုလ်ထူးများ၊ ပညာရပ်များကို နိုင်ငံတွင်းရှိ အခြားဝေးလံသော ဒေသများမှ စာဖတ်ပရိသတ်များ အလွယ်တကူ သိနိုင်အောင်၊ ပညာချင်း ဖလှယ်နိုင်အောင် ရှာဖွေစုဆောင်း တင်ဆက်နိုင်ခဲ့ပါပြီ။ ဤသည်ကို ကျွန်တော်တို့ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းအဖွဲ့သားများမှ ဝမ်းသာကြည်နူး ဂုဏ်ယူလျက် ရှိပါသည်။

ရှေ့ကိုလည်း တတ်နိုင်သမျှ ကြိုးစား တင်ဆက်သွားပါဦးမည်။ ဤတာဝန်ကို ထမ်းဆောင်နိုင်ရန် စာဖတ်ပရိသတ်ကြီး၊ သုတေသီဝါသနာရှင်နှင့် ပညာရှင်များ၏ စွမ်းအားကို မျှော်လင့်လျက် ရှိပါကြောင်း...

*လေးစားစွာဖြင့်...*

ဦးကျော်မိုးသိန်း
**စာတည်းချုပ်**
**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**



www.burmeseclassic.com


www.burmeseclassic.com

ကြော်ငြာဆောင်းပါး

နှလုံးရောဂါနဲ့ ပတ်သက်လာလျှင်

# တန်ခိုးရှင် နှလုံးအားတိုးဆေးကို တွေ့အောင်ရှာ

[တိုင်းရင်းဆေးဝါးမှတ်ပုံတင်
၀၃၀၆ Y ၀၆၆၅၃
လိုင်စင်-၃/၂၀၀၄၊
တဆထလ (၁၂၅၁)]




မြောက်ဥက္ကလာပ မြို့နယ်၊ ရောက်တဲ့အခါ **"နှလုံးရောဂါနဲ့ ပတ်သက်လာရင် တန်ခိုးရှင် နှလုံးအားတိုးဆေးကိုတွေ့အောင်ရှာ"**ဆိုတဲ့ ဆိုင်းဘုတ်စာတန်းတစ်ခုကို စတွေ့စဉ်ကဖတ်ပြီး ပြုံးခဲ့မိပါတယ်။

အလေးအနက် မထားမိရိုးအမှန်ပါ။ ဒါပေမယ့် ပန်းသတင်းလေညင်းဆောင်ဆိုသလို တန်ခိုးရှင် နှလုံးအားတိုးဆေးကို သောက်ပြီး၊ နှလုံးရောဂါ ဝေဒနာရှင်များ သက်သာပျောက်ကင်းသွားကြတဲ့ သတင်းကို တစ်ဆင့်စကားတစ်ဆင့်နားနဲ့ ကြားရဖန် များလာတဲ့အခါ စိတ်ဝင်တစား ရှိလာပါတယ်။

နှလုံးရောဂါအကြောင်းကိုလည်း သေသေချာချာ လေ့လာမိပြီး၊ အမြို့မြို့အနယ်နယ်မှာ ရှိတဲ့ နှလုံးရောဂါဝေဒနာရှင်များ သိရှိနိုင်ဖို့ အကျိုးမျှော် နှိုးဆော်တင်ပြလိုက်ပါတယ်။

ယနေ့ခေတ်တွင် အဖြစ်များသော ရောဂါများအနက် နှလုံးရောဂါလဲ အပါအဝင်ဖြစ်ပါတယ်။ နှလုံးဟာ ဟဒယဝတ္ထုရုပ် ဖြစ်ပါတယ်။ လူ့ခန္ဓာကိုယ် ရင်၏ အတွင်းသားမြွတ်နှစ်ခု အလယ် ပဒုမ္မာကြာငုံ သဏ္ဌာန်တည်ရှိပါတယ်။ လူ့ခန္ဓာကိုယ် တည်ဆောက်မှုမှာ ဟဒယခေါ် နှလုံးဟာ အဓိကအကျဆုံး ဖြစ်ပါတယ်။

နှလုံးဟာ မွေးဖွားသည်မှ အသက်ရှင်နေသမျှ ကာလပတ်လုံး နေ့/ညမပြတ် အလုပ်လုပ်နေရတဲ့ ခန္ဓာကိုယ်တွင်းက သက်စောင့်စက်ယန္တရားတစ်ခု ဖြစ်ပါတယ်။ ခန္ဓာကိုယ်တစ်ခုလုံးမှာရှိတဲ့ လှည့်ပတ်နေတဲ့သွေးများကို သွေးဟောင်းက သွေးသစ်ဖြစ်အောင် ပြုလုပ်ပေးနေရပြီး၊ တစ်ကိုယ်လုံးရှိ သွေးကြောအားလုံးကို ပို့ဆောင်ဆက်သွယ်ပေးနေရတဲ့ စက်တစ်ခုဆိုရင် မမှားပါဘူး။

နှလုံးသွေး ပုံမှန်လည်ပတ်စေဖို့ အဓိက အချက်ကတော့ **ဝမ်းတွင်းမှာရှိတဲ့ လေ(ဝါယော)ဟာ အဓိကကျပါတယ်။** လေအားနည်းရင် သွေးအားပုံမှန်တွန်းမပို့နိုင်တဲ့အတွက် နှလုံးသွေးဟာ ပျက်ခဲ့ပြီး နှလုံးသွေးလည်ပတ်မှု အားနည်းလာပါတယ်။

အဲဒီအခါ **လေးဖက်နာ၊ လေငန်းလေဖြတ်ရောဂါများ** နောက်ဆက်တွဲ ဖြစ်ပွားလာနိုင်ပါတယ်။ ဒါကြောင့် နှလုံးရောဂါဟာ ဘယ်လောက် အရေးကြီးတယ်ဆိုတာ သိခွင့်ရခဲ့ပါတယ်။

နှလုံးတုန်ခြင်း၊ နှလုံးအောင့်ခြင်း၊ နှလုံးစူးခြင်း၊ မောခြင်း၊ကျပ်ခြင်းတို့ဟာ သီတနဲ့ဥဏှ ဝိရောဓိပစ္စယကြောင့် ဖြစ်လာရခြင်းပါ။ အချိုအဆိမ့် အဆီးအစေးများသော အစာအာဟာရများ လွန်ကျူးစွာ စားသုံးခြင်း၊ အရက်အမျိုးမျိုး၊ ဆေးလိပ်၊ စီးကရက်တို့ သောက်သုံးခြင်း၊ စိုးရိမ် ပူပန်မှုများခြင်း၊ ဖိမ်ခံမှုများခြင်း၊ ကိုယ်လက်လှုပ်ရှားမှုနည်းခြင်း၊ နေပူ မီးပူခံပြီး ရေချိုးခြင်း၊ ပန်ကာလေ၊ လေအေးစက်တို့တွင် နေထိုင်မှုများခြင်း စတဲ့ အကြောင်းအချက်များဟာ နှလုံးရောဂါ ဖြစ်ပွားလာရခြင်းရဲ့ အဓိကအချက်များ ဖြစ်ပါတယ်။

အဲဒီ နှလုံးရောဂါကို လျင်မြန်စွာ သက်သာပျောက်ကင်းစေတဲ့ ဆေးကတော့ တန်ခိုးရှင်နှလုံးအားတိုးဆေးပါပဲ။ ဘယ်လိုရောဂါတွေ သက်သာပျောက်ကင်းစေနိုင်တယ်ဆိုတော့ နှလုံးသွေးကြောကျဉ်းခြင်း/ကျယ်ခြင်း၊ နှလုံးခုန်နှုန်းမြန်ခြင်း၊ အသက်ရှူမဝခြင်း၊ အချိန်ပြည့် သွေးတိုးနေခြင်း၊ စိတ်ပင်ပန်းနွမ်းနယ်ခြင်း၊ ပြင်းထန်စွာ လှုပ်ရှားမှုကြောင့် မောပန်းခြင်း၊ အိပ်မပျော် စားမဝင်ခြင်း၊ သွေးအားနည်းခြင်း၊ ရင်တုန်မူးဝေခြင်း။

ကျောရင်ညှပ်အောင့်ခြင်း၊ လေထိုးလေအောင့်ခြင်း၊ နှလုံးစူး၍ အောင့်ခြင်း၊ မီးယပ်ထိမ်၊ မီးယပ်ကျန်၊ မီးယပ်ငုပ်ခြင်း စသည့် ရောဂါများအတွက် ရေလဲအမျိုးမျိုးဖြင့် သောက်သုံးနိုင်ပြီး ကလေးငယ်မှအစ ကျား/မ အရွယ်မရွေး သောက်သုံးပါက ဆီး၊ ဝမ်း၊ လေ မှန်ကန်၍ အိပ်ပျော်စားဝင် အားအင်ပြည့်ဝပြီး လန်းဆန်းစေပါတယ်။ ဤဆေးကို နေ့စဉ် သောက်သုံးခြင်းဖြင့် ဘာကြောင့်မောမော အမောပြေစေပါတယ်။

အမြို့မြို့ အနယ်နယ်ရှိ နှလုံးရောဂါ ဝေဒနာရှင်များ အလွယ်တကူ ဝယ်ယူ သောက်သုံးနိုင်ရန် တန်ခိုးရှင်ဆေးတိုက်မှ မြန်မာပြည်တစ်ဝန်း ဖြန့်ချိ ရောင်းချလျက်ရှိကြောင်း မင်္ဂလာသတင်းကောင်း ပါးလိုက်ပါတယ်။

ပင်ရင်း
**တန်ခိုးရှင် ဆေးတိုက်**
အမှတ်-(၁၉၂)၊ ဈေး(ဂ)လမ်း၊ (ည)ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၆၆၁၅၂၅

**မြောင်းမြ မောင်ယဉ်တင့်**



www.burmeseclassic.com

www.burmeseclassic.com

# စေတော်ဝင် သာသနာမြေမှ

## နေ့ရာထူးများနှင့် ဆရာတော်ကြီး၏ ဩဝါဒများ (၁)

ကချင်ပြည်နယ်၊ ရွှေကူမြို့အနီး ဧရာဝတီမြစ်လယ်ရှိ ရွှေပေါ်ကျွန်း ဆရာတော်ဦးသောဘဏ၏ ထူးခြားသော ဖြစ်ရပ်များအကြောင်း ရေးသားပြီးနောက်တွင် မလှိုင်မြို့နယ် စေတော်ဝင် ရွှေပေါ်ကျွန်းသို့လည်း သွားရောက်လေ့လာသင့်ကြောင်း စာတည်းချုပ်က အကြံပေး လမ်းညွှန်ခဲ့လေသည်။

ထို့ကြောင့် ၂၀၁၃ ခုနှစ် နောက်ဆုံးကာလ၏ နေ့တစ်နေ့တွင် စေတော်ဝင် ရွှေပေါ်ကျွန်း သာသနာမြေသို့ သွားရောက် လေ့လာဖြစ်ခဲ့သည်။

စေတော်ဝင် ရွှေပေါ်ကျွန်းဆီသို့ မလှိုင်မြို့မှ အရှေ့မြောက်ထောင့်အရပ် (၁၈)မိုင်ကွာကားလမ်း၊ နွားထိုးကြီး–မြစ်သား ကားလမ်းပေါ်ရှိ ပြင်စည်မြို့ဟောင်းမှ တောင်ဘက် (၁၀)မိုင်ကွာ ခရိုင်ချင်းဆက်ကားလမ်းတို့မှ သွားရောက်နိုင်သကဲ့သို့...

**အဝေးပြေး အမြန်လမ်းမကြီး မိုင်တိုင် ၃၁၁/၅တွင် ဆင်းသက်ပါက ရွှေပေါ်ကျွန်းသို့ ဆိုင်ကယ်ခရီး (၁၀)မိနစ်မျှဖြင့် သွားရောက်နိုင်ကြောင်း သိရသည်။**

အမြန်လမ်းမကြီးတွင် ဆိုင်ကယ်မောင်းနှင်ခွင့် မရှိသဖြင့် ရန်ကုန်–မန္တလေး အဝေးပြေးယာဉ်များဖြင့် စီးနင်းလိုက်ပါသူတို့သည် ထိုနေရာဝန်းကျင်၌ ဆင်းသက်ကာ အသင့်ရှိနေတတ်သော ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ် နောက်တွဲယာဉ်များဖြင့် သွားရောက်လေ့ရှိကြသည် ဆိုလေသည်။




ဦးလှိုင်မျှော်ရုံကွင်းရှိ ဆရာတော်၏ ကြေးသွန်းရုပ်တု

### ရွှေပေါ်ကျွန်းဆရာတော် ထေရုပ္ပတ္တိအကျဉ်း

ဤတွင် စေတော်ဝင် ရွှေပေါ်ကျွန်း သာသနာမြေကြီးကို စတင်တည်ထောင် ဦးဆောင်ခဲ့သော ဆရာတော် အရှင်ဉာဏိက၏ ထေရုပ္ပတ္တိကို ဦးစွာ ဖော်ပြပါမည်။

ဆရာတော်လောင်းလျာ မောင်ရှိကို

www.burmeseclassic.com



◆ စေတော်ဝင် သာသနာပြုစခန်း မုခ်ဦး

◆ ဦးလှိုင်ဓမ္မာရုံ





www.burmeseclassic.com

www.burmeseclassic.com

မိတ္ထီလာခရိုင်၊ မလှိုင်မြို့နယ်၊ ရေငံကျေးရွာအုပ်စု၊ ရွှေပေါက်ကျွန်းရွာနေ ဦးဖိုးစ၊ ဒေါ်မယ်လှဲ့တို့မှ ၁၂၈၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် (၁၃)ရက် (၂၃-၅-၁၉၂၂)အင်္ဂါနေ့ ညဥ့်သန်းခေါင်ယံ အချိန်တွင် မွေးဖွားခဲ့သည်။ မွေးချင်း(၇)ဦးအနက် ဒုတိယဖြစ်သည်။


အသက်(၉)နှစ်တွင် ရွှေပေါက်ကျွန်းရွာဦးကန်ကြီးကျောင်း ဆရာတော်ဦးဇယန္တထံတွင် စာပေ စတင် သင်ယူကာ (၁၃)နှစ်အရွယ်တွင် သာမဏေဝတ်ရာ ရှင်ဝါယမ ဘွဲ့မည်ရ၏။

၁၃၀၃ ခုနှစ်၊ တန်ခူးလပြည့်နေ့တွင် မလှိုင်မြို့ လေးမျက်နှာကျောင်းတိုက် ဆရာတော် ဦးကုမုဒကို ဥပဇ္ဈာယ်ပြုကာ ရဟန်းဘောင်သို့ ရောက်ရှိသည်။ မန္တလေး၊ ပျော်ဘွယ်၊ မြင်းခြံ၊ ရန်ကုန်မြို့များတွင် စာဝါသင်ယူခဲ့ကာ ပထမကြီးတန်း အောင်မြင်သည်။

၁၃၀၉ ခုနှစ်တွင် မွှာစရိယ စာမေးပွဲဖြေဆိုရန် စာဝါလိုက်နေစဉ် ဆရာတော်ဦးဇယန္တ ပျံလွန်တော်မူသဖြင့် ဒါယကာများ၏ အတန်တန်တောင်းပန်ချက်အရ ကန်ကြီးကျောင်းသို့ ကြွရောက် ကျောင်းထိုင်ရသည်။

မြင်းဝန်တိုက်တွင် စာသင်သားဘဝက ဆုံတွေ့ခဲ့ရသည့် သက်တော်ရှည်ဆရာတော်ကြီး ဦးကောဏ္ဍည၏ ဩဝါဒလမ်းညွှန်ချက်အရ ပဋိပတ္တိလုပ်ငန်းများ လုပ်ဆောင်နိုင်ရန် (၁၀)နှစ်ခန့် တောရ ဆောက်တည် ကျင့်ကြံခဲ့သည်။

အရှင်ဝါယမ ဘွဲ့တော်ကိုလည်း လမ်းညွှန် ဆရာတော်ကြီးများ၏ အတိပေး ပြောင်းလဲစေခဲ့သည့်အတိုင်း ဇာနည်အမှန်ဖြစ်သော အင်္ဂါနံ **"အရှင်ဉာဏိက"**ဟူ၍ ပြောင်းလဲခဲ့သည်။




စေတ်ရှင်စေတီတော်

ပဋိပတ်တွင် အကျင့်သန်၊ အမြင်သန်၊ ပညာဉာဏ် အားကောင်းလာသည့်အခါ သက်တော်ရှည် ဆရာတော်ကြီးက **"အရှင်ဇေယျသီဒ္ဓိမဂ္ဂဉာဏိက"**ဟု ဘွဲ့မည်ပေးတော်မူ၏။ ကန်ကြီးကျောင်းကို **"စေတော်ဝင်ကျောင်း"**အဖြစ် အမည်ပြောင်းကာ သာသနာပြုစခန်းအဖြစ် စတင်တည်ထောင်ခဲ့သည်။

ဆရာတော်သည် ဝိနည်းသိက္ခာနှင့် အညီနေထိုင်၍ သုသာန်ရှုတင်မှ လွဲ၍ ကျန်ဓုတင်(၁၂)ပါးကို ဆောက်တည်တော်မူသည်။ ဆွမ်းလာဘ်လာဘ၌ သာယာတပ်မက်မှု မရှိဘဲ ချည်ထည်သင်္ကန်းကိုသာ ဝတ်ရုံသည်။ ရံဖန်ရံခါ ဖိနပ်စီးသော်လည်း တာယာဖိနပ်ကိုသာ စီးလေ့ရှိသည်။

ဆရာတော်၏ သီလ၊ သမာဓိ၊ ပညာဂုဏ်သတင်းကြောင့် စေတော်ဝင် ရွှေပေါက်ကျွန်းဟူ၍ မြန်မာနိုင်ငံ၌

www.burmeseclassic.com



စေတ်ကျင်းစေတီမှ မဏိမေခလာရုပ်တု

သာမက ကမ္ဘာ့သို့တိုင် ကျော်ကြားခဲ့သည်။

၁၃၅၆ ခုနှစ်တွင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ် ဆက်ကပ်ခြင်း ခံရသည်။ ၁၃၅၇ ခုနှစ်၊ ပြာသိုလပြည့်ကျော်(၁၃)ရက်၊ ဗုဒ္ဓဟူးနေ့ ညနေ(၄)နာရီ(၁၅)မိနစ်တွင် အစာအိမ်ဝေဒနာဖြင့် စေတော်ဝင်ကျောင်း၌ပင် ခန္ဓာဝန် စွန့်လွှတ်တော်မူသည်။

ရုပ်ကလာပ်တော်ကို (၁၆)ရက်ကြာ ပူဇော်ထားကာ ပုပ်ပျက်ခြင်း မရှိသော ရုပ်ကလာပ်တော်ကို စေတော်ဝင်ကျောင်း၌ပင် ဂူဗိမာန်အတွင်း ဘူမိစျာပနသဘင် ဆင်ယင်ပူဇော်ထားရှိလေသည်။ *[သိန်းထွန်းကြည်(အင်းဝ) ရေးသားပူဇော်သည့် စေတော်ဝင် ရွှေပေါ်ကျွန်းဆရာတော် ချီးမြှင့်သည့် ကျင့်စဉ်တရားတော်များ စာအုပ်မှ ကောက်နုတ်ဖော်ပြပါသည်။]*

## စေတော်ဝင် ရွှေပေါ်ကျွန်းသို့

နွားထိုးကြီး–မြစ်သား ကားလမ်းပေါ်ရှိ ပြင်စည်ကျေးရွာ(မြို့ဟောင်း)မှ တောင်ဘက် ကတ္တရာလမ်းခွဲ(ခရိုင်ချင်းဆက်လမ်း)အတိုင်း ဆယ်မိုင်ခန့် မောင်းနှင်ပြီးနောက်တွင် "ရွှေပေါ်ကျွန်းသာသနာမြေသို့" ဟူသော လမ်းညွှန်ဆိုင်းဘုတ် တွေ့ရသည်။

ရှေ့သို့ (၁၈)မိုင်ခန့် ဆက်သွားပါက မလှိုင်မြို့သို့ ရောက်ကြောင်း သိရသည်။ လမ်းညွှန်ဆိုင်းဘုတ်မှ မြေလမ်းအတိုင်း နှစ်မိုင်ခွဲအကွာတွင် ရွှေပေါ်ကျွန်းရွာသို့ ရောက်၍ ရွာဦးတွင် စေတော်ဝင်သာသနာမြေ မြောက်ဘက်မုခ်ဦးကို တွေ့ရလေသည်။

ဘီလူးရုပ်နှင့် နတ်ရုပ် ခြံရံထားကာ မုခ်ဦးထက်တွင် အမြီးဖြန့်ထားသည့် ကဒေါင်းရုပ်ကို တန်ဆာဆင်ထားသည်။

ကျောင်းဝင်းတွင်းဝင်၍ လက်ရှိပဓာန နာယက ဆရာတော်အား စုံစမ်းရာ ဗုဒ္ဓဂယာသို့ ဘုရားဖူး ကြွရောက်နေကြောင်း သိရကာ ယောဂီဒေါ်သင်းသင်းနွယ်ဆိုသူက လိုက်ပါညွှန်ပြ ကူညီပေးသည်။

သူသည် စေတော်ဝင်ကျောင်းတည် ဆရာတော်ကြီး ဦးဉာဏိက ရှိစဉ်ကပင် ဆရာတော်၏ လမ်းညွှန်မှု ခံယူကာ သာသနာပြုလုပ်ငန်းများ၌ ပါဝင်ဆောင်ရွက်ခဲ့ရသည်ဟု သိရပေသည်။

## ဦးလှိုင်မဏ္ဍာရုံ

ကျောင်းဝင်းသို့ ဝင်ဝင်ချင်း တွေ့ရသော မဏ္ဍာရုံဖြစ်သည်။ အဝင်တံခါးမရှေ့၌ ဇော်ဂျီရုပ်၊ နတ်ရုပ်၊ ဘီလူးရုပ်များ သွန်းလုပ်ထားသည်။ တောင်ကြီးမြို့နေ ဦးလှိုင်၏ သားသမီးများက ၁၃၃၅ ခုနှစ် ခန့်တွင် မိဘနှစ်ပါးအား ရည်မှန်းလှူဒါန်းခြင်းဖြစ်ကြောင်း သိရ၏။

အနယ်နယ်မှ လာကြသော ဘုရား



www.burmeseclassic.com

www.burmeseclassic.com



▲ ဝေဠုဘုံအဆောက်အဦမှ ရုပ်ပွားတော်များ

▼ ဝေဠုဘုံမှ ဆရာတော်အိပ်ရာ





www.burmeseclassic.com

www.burmeseclassic.com



◆ အောက်ထပ်မှ မိဖြူမယ်တော်ရုပ်တု

ဖူးများ၏ ကားများ ဦးခိုက်ရာ ဓမ္မာရုံဖြစ်သည့်အပြင် မလှိုင်၊ မန္တလေးတို့ ပြေးဆွဲသော ဘတ်စ်ကားများလည်း ဤနေရာ၌ ဦးခိုက်လေ့ ရှိကြသည်။

**(ဆရာတော်ကြီး ထင်ရှားရှိစဉ်က မန္တလေး–ရွှေပေါ်ကျွန်း လိုင်းကားများ နေ့စဉ် ပုံမှန် ပြေးဆွဲလေ့ရှိကြောင်း ဒါယကာတစ်ဦးဖြစ်သည့် မြင်းမူမှ ရဲကြပ်ကြီး ကိုမြင့်စိုးက ပြောပြဖူးသည်။)**

ဆရာတော်ကြီး ရှိစဉ်က ဤဓမ္မာရုံကြီးသည် အနယ်နယ်မှ သာဝကများအား ကြိုဆို နေရာချထားရေးရုံး ဖြစ်ခဲ့သည်ဟု သိရသည်။

ဓမ္မာရုံတွင်း၌ တင်ပျဉ်ခွေရုပ်ပွားတော်များ ပူဇော်ထားကာ ရှေးလက်ရာ ရုပ်ပွားတော်များကိုလည်း ဖူးတွေ့ရသည်။ ဘုရားစင်အောက် အဆင့်တွင် ရွှေပေါ်ကျွန်းဆရာတော်ကြီး ဦးဉာဏိက၏ ကြေးသွန်းတင်ပျဉ်ခွေ ရုပ်တုတော် သီတင်းသုံးတော်မူလေသည်။

ဓမ္မာရုံအဝတွင် ဆရာတော်ကြီး၏ ဆုံးမစာကို ကမ္ပည်းတင်ထားသည်။

---

အရှင်ဇေယျသိဒ္ဓိဓမ္မဉာဏိက

ဆရာတော် စေတော်ဝင်ရွှေပေါ်ကျွန်း

ဆုံးမစာ

---

၁။ လုပ်တိုင်းမဖြစ် စိတ်မညစ်နှင့်...
ကိုယ်လုပ်တိုင်းသာ ဖြစ်နေပါက ဘယ်မှာ
အနတ္တ ရှိမည်နည်း။

၂။ ပြောတိုင်းမရ ဒေါမထနှင့်...
မပြောဆိုတိုင်းသာ ရနေပါက ဘယ်မှာ
အနတ္တ ရှိမည်နည်း။

၃။ ကြံတိုင်းမပြောက် စိတ်မဖောက်နှင့်...
ကြံစည်တိုင်းသာ ပြီးပြောက်ပါက ဘယ်မှာ
အနတ္တ ရှိမည်နည်း။

၄။ ဆင်းရဲကြုံမှု မညည်းညူနှင့်...
ချမ်းသာချည်းသာ ကြုံနေပါက ဘယ်မှာ
ဒုက္ခ ရှိမည်နည်း။

၅။ ပျက်စီးတိုင်းလျှင် မပူပင်နှင့်...
မပျက်စီးကာ ခိုင်မြဲပါက ဘယ်မှာ အနိစ္စ
ရှိမည်နည်း။

၆။ အာရုံပျူသမျှ မတောင့်တနှင့်...
အာရုံတိုင်းသာ တောင့်တပါက ဘယ်မှာ
လောဘ ဆုံးမည်နည်း။

၇။ အရာရာမျိုး စိတ်မဆိုးနှင့်...
နေရာတိုင်းသာ စိတ်ဆိုးပါက ဘယ်မှာ
ဒေါသ ဆုံးမည်နည်း။

၈။ သိဉာဏ်မလိုက် သင်မဗိုက်နှင့်...
သိဉာဏ်ကင်းကွာ ဗိုက်နေပါက ဘယ်မှာ
မောဟ ဆုံးမည်နည်း။

၉။ ဗုဒ္ဓတရား မေ့မထားနှင့်...
ဆုံးမတိုင်းသာ ကျင့်ကြံပါက ဘယ်မှာ
နိဗ္ဗာန် ဝေးမည်နည်း။

---

ရွှေလ ဆက်ဖတ်ပါရန်

---

## နယ်လှည့်သုတေသီ




www.burmeseclassic.com

www.burmeseclassic.com



# အကျိတ် အဖု သက်တန့်

ကုသနည်းကောင်း



ကျွန်ုပ်သည် နယ်လှည့် ဝန်ထမ်းဘဝတွင် နေပြည်တော် ပျဉ်းမနား သစ်ထုတ်ခရိုင် တောင်ပိုင်းသို့ ရောက်ခဲ့စဉ်က သင်္ကြန်ရုံးပိတ်ရက်ကြုံ၍ ရွာဦးကျောင်းထိုင်ဆရာတော် ဦးသုမနထံ သီလယူပြီး ကျောင်းအောက်၌ အေးအေးလူလူ ပုတီးစိပ် သမာဓိ ယူမည်ဟု စဉ်းစားကာ လှေကားမှ ဆင်းခဲ့၏။

ဦးသူတော် ဆရာကြီးက ဝေဒနာရှင်အမျိုးမျိုးကို ဖိဝိတဒါန ဆေးကုသနေကြောင်း တွေ့ရ၏။ အချို့ ဝေဒနာရှင်လူနာများအားလည်း ဂမ္ဘီရဂါထာနှင့် မန်းကာ ကုသနေသည်ကို တွေ့ရ၏။

ဆေးပေးဆေးယူ သဘာဝဓမ္မနှင့် ဆေးကုသနေသည်ကိုတော့ အထူးအဆန်းလုပ်မလေ့လာတော့ ဂါထာမန္တန်ဖြင့် ကုသခြင်းကိုတော့ အထူးဆန်းလုပ် လေ့လာမိ၏။


ဦးသူတော် ဆရာကြီးမှာ **အသက်(၇၀) ခန့်ရှိမည်။** ဆရာတော်ကြီး၏ ဆွေမျိုးမကင်းပါ။ ဝေဒနာရှင်များအတွက် ဆေးချက်မိမိနှင့် ကုသိုလ်ဒါနပြုနေသည်ကို တွေ့ရတော့ အထူးပဲ စိတ်ဝင်စားမိ၏။

**အချို့ဝေဒနာရှင်များမှာ ဦးခေါင်း၊ ဝမ်းဗိုက်၊ ပါးချိုက်(ပါးစောင်)၊ နားအုံ၊ နောက်ကြော၊ ခေါင်း၊ ဇက်ခေါင်း၊ ရင်ဘို့ လက်မောင်းမှ စ၍ အကျိတ်၊ အဖု၊ အမြှောင်းကြီးများ၊ သက်တန့်အဝေမြှောင်းစင်းကြီးများကို ဂါထာမန္တန်တန်ခိုးနှင့် ကုသနေပါ၏။**

အဘဦးသူတော်အား အကြောင်းစုံ မေးမြန်းလေ့လာမိပါ၏။ အဘ၏ ရှင်းပြပုံများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

လူနာ၏ ဝေဒနာ **အကျိတ်အဖုပေါ်မှာ အောက်ပါ အင်းဆန်ကို မင်တံဖြင့် ရေးဆွဲပါသည်။**

* * *




**အနာပေါ် အတွင်းအင်းဆန်** ရေးပါ။ အဘက **အင်းဆန်၏ ပုံရိပ်သရုပ်ကို**လည်း ရှင်းပြပါသည်။ ကျွန်ုပ်လည်း မိမိရရ မှတ်တမ်းတင်ခဲ့ပါသည်။

| | |
|---|---|
| ဘုရားဟူက မောဂ္ဂလူ | = ၂၄ |
| တရားဟူက တလီကွေး | = ၄၅ |
| သံဃာဟူက သံချပ်ဝတ် | = ၆၇ |
| ဝှတင်ထေရသကို ကျင့်ဆောင်တော်မူသော အရှင်မဟာကဿပ | = ၁၃ |

အနာပေါ် အတွင်းအင်းဆန် ရေးပါ။

အပြင်အင်းဆန်

**သော** = သောတာပတ္တိမဂ် တည်တော်မူစေသတည်း။

**သော** = သောတာပတ္တိဖိုလ် တည်တော်မူစေသတည်း။

**သ** = သကဒါဂါမိ မဂ် တည်တော်မူစေသတည်း။

**သ** = သကဒါဂါမိ ဖိုလ် တည်တော်မူစေသတည်း။

**အ** = အနာဂါမိ မဂ် တည်တော်မူစေသတည်း။

**အ** = အနာဂါမိ ဖိုလ် တည်တော်မူစေသတည်း။

**နို** = နိဗ္ဗာန်ချမ်းသာ တည်တော်မူစေသတည်း။

အထက်ပါ **အတွင်းအင်းဆန်၊ အပြင်အင်းဆန်**တို့ကို **အကျိတ်၊ အဖု၊ မြှောင်းပေါ်တွင်** ဝိုင်းပြီး ချလိုက်ပါသည်။

ဓားကို အကျိတ်ပေါ် ချိန်ရွယ်လျက်...

'ဥုံ သက်တန့်အန်း'

ဟု**(၃၇)ကြိမ်** မန်းရင်း အသက်အောင့်ထားပါ။ **ဓားဖြင့် (၃၇)ချက်** ခုတ်လိုက်ပါ။

***(မှတ်ချက် ။ ။ မည်သည့်ဓားပင်ဖြစ်ဖြစ် ဟန်ဖြင့် ရွယ်ခုတ်ရပါမည်။)***

ကျွန်ုပ်လည်း အချိန်လည်းရ၊ သင်္ကြန်ရုံးပိတ်ရက်လည်း ဖြစ်နေ၍ ဥပုသ်(၉)ရက်စောင့်ထိန်းရင်း မျက်မြင်ကိုယ်တွေ့ **အကျိတ်၊ အဖု၊ သက်တန့် ဝေဒနာရှင်များ အနာပိန်ချပ် မခွဲမစိတ်ရဘဲ ပြည်မဖောက်ရဘဲ သက်သာပျောက်ကင်း**သွားသည်ကို တွေ့မြင်ခဲ့ရပါသည်။

စာဖတ်သူများ အဘဦးသူတော်၏ အကျိတ်သတ် ဂမ္ဘီရပညာ သုံးစွဲနိုင်ရန် တင်ပြလိုက်ရပါသည်။

***သုစိတာ ဟောထ ဒုက္ခ မုစ္စထ***

**ကောင်းဟိန်း**
**(ကျွန်းသစ်)**



www.burmeseclassic.com

www.burmeseclassic.com


ကြော်ငြာဆောင်းပါး




အမှတ်တံဆိပ်

# ကျားမှန်လျှင် အားသန်ရအောင် ပြည်စိုး အမျိုးသားအားဆေးကိုဆောင်

တိုင်းရင်းဆေးဝါးမှတ်ပုံတင် TMR 009194(0814)

လိုင်စင်-၅/၂၀၁၀/တဆထလ/တိုး(၀၃၄၇၂)

"ကိုမင်းဝေပါလား. . . မရွှင်မလန်းနဲ့ စိတ်ပင်ပန်းလူပင်ပန်းဖြစ်နေပုံရတယ်"

"ဟုတ်တယ်ဗျာ. . . စိတ်သွားတိုင်းကိုယ်မပါဘဲ လိုရာဆန္ဒမပြည့်ဖြစ်နေတာ. . . ပွင့်ပွင့်လင်းလင်းပြောရရင် အမျိုးသားအားနည်းနေလို့ ဘယ်ဆေးစားပြီး ဘယ်ဆရာနဲ့ကုသရင်ကောင်းမလဲဆိုတာ အကြံပေးပါဦး"

"ရောဂါသိမှတော့ဆေးရှိပါတယ် ကိုမင်းဝေ. . . ကျွန်တော့်မိတ်ဆွေဆရာကြီး ဦးစံမြင့်က. . . ပြည်စိုးအမျိုးသားအားဆေး ထုတ်လုပ်နေတဲ့အပြင် အမျိုးသားအားနည်းရောဂါ (ပန်းညှိုးပန်းသေရောဂါ)၊ လိပ်ခေါင်းရောဂါ၊ လေငန်းလေဖြတ်ရောဂါတွေကို ဦးစားပေးကုသနေတာဗျ. . . ပြည်စိုးဆေးတိုက်ကို လမ်းညွှန်လိုက်မယ် ခင်ဗျား သွားလိုက်ပါလား"

"ခင်ဗျားရဲ့မိတ်ဆွေဆိုတော့ ခင်ဗျားပါမှ ပိုကောင်းတာပေါ့"

"ဒါဆို. . . ပြည်စိုးဆေးတိုက်ကို အခုပဲသွားကြရအောင်'

❀ ❀ ❀ ❀ ❀

"ကိုမင်းမြတ်မောင်ပါလား. . . မလာတာကြာလို့ သတိရနေတာ. . . စည့်သည်လဲပါလာတာကိုး၊ ကဲ. . . ထိုင်ကြပါ"

"ဆရာ. . . ဒါ ကျွန်တော့်မိတ်ဆွေ စာရေးဆရာ ကိုမင်းဝေပါ၊ စိတ်သွားတိုင်းကိုယ်မပါဘဲ အမျိုးသားအားနည်းနေလို့ ဆရာနဲ့ဆွေးနွေးပြီး အမျိုးသားအားဆေးလဲ လာဝယ်တာပါ"

"ကဲ. . . ကိုမင်းဝေ ဒီရောဂါကြောင့်တော့ သိပ်လဲစိုးရိမ်သောကမဖြစ်ပါနဲ့. . . ကျွန်တော် ပြောပြတာတွေကို နားထောင်ပြီး ခင်ဗျားခံစားနေရတဲ့အချက်တွေနဲ့ ကိုက်ညီမှုရှိမရှိသိမှ ပိုကောင်းတာပေါ့. . . အမျိုးသားအားနည်းရောဂါ ဖြစ်တတ်သူတွေဟာ (၁) မေထုန်မှုလွန်ကဲသူများ၊ (၂) သဘာဝမဟုတ်သောဟဿမေထုန်ပြုသူများ၊ (၃) ကုန်ခန်းသွားသောသုက်ဓာတ်နဲ့ အင်အားများကို ဆေးဝါးဓာတ်စာနဲ့ ပြန်လည်မဖြည့်ဆည်းသူများ၊ (၄) အပျော်အပါးလိုက်စားသူများ၊ (၅) မြစ်ခြောက်နာရှိသူများ၊ (၆) သားကြောဖြတ်ထားသူများ၊ (၇) အဆုတ်ရောဂါရှိသူများ၊ (၈) လေဖြတ်ဖူးသူများနဲ့ လေငန်းရောဂါရှိသူများ၊ (၉) ဆီးချိုသွေးချိုရောဂါရှိသူများ၊ (၁၀) လိပ်ခေါင်းရောဂါရှိသူများ၊ (၁၁) အသက်အရွယ်ကြီးရင့်သူများ၊ ပန်းညှိုးပန်းသေရောဂါ ဖြစ်တတ်ကြပါတယ်၊ ပန်းညှိုးရောဂါခံစားနေရပြီဆိုရင် (၁) ခန္ဓာကိုယ်ဝနေသော်လည်း စိတ်ရောကိုယ်ပါ ရွှင်လန်းမှုမရှိခြင်း၊ (၂) မောပန်းလွယ်ခြင်း၊ (၃) အစားအသောက်ပျက်ခြင်း၊ (၄) ညဦးပိုင်းတွင် အိပ်ပျော်သော်လည်း တရေးနိုးလျှင် အိပ်မရတတ်ခြင်း၊ (၅)သတိမေ့လျော့တတ်ခြင်း စတဲ့လက္ခဏာတွေရှိနေတတ်ပါတယ်"

"ဟုတ်ပါတယ်ဆရာ. . . ဆရာပြောပြတဲ့အချက်အလက်အတော်များများနဲ့ ကိုက်ညီနေပါတယ်"

"ဒါဆိုရင် ပြည်စိုး အမျိုးသားအားဆေးကို ပုံမှန်သောက်သုံးပြီး အကြောပညာ၊ ဆေးပညာနဲ့ ကုသသွားမယ်ဆိုရင် ကိုမင်းဝေ ခံစားနေရတဲ့ အမျိုးသားအားနည်းရောဂါဟာ တဖြည်းဖြည်း သက်သာပျောက်ကင်းသွားမှာပါ"

"ပြည်စိုးအမျိုးသားအားဆေးက ဘယ်လိုရောဂါတွေ သက်သာပျောက်ကင်းစေပါသလဲဆရာ"

"ပြည်စိုးအမျိုးသားအားဆေးဟာ အိပ်နေစဉ် သုက်လွှတ်ခြင်း၊ သုက်အားနည်းခြင်း၊ သုက်လွှတ်မြန်ခြင်း၊ အကြောအားနည်းပြီး အကြောသန်စွမ်းမှုမရှိခြင်း၊ အမောမလုံခြင်း၊ နှစ်နှစ်ခြိုက်ခြိုက် အိပ်မပျော်ခြင်း၊ အစဉ်သဖြင့် အားအင်နုံးချည့်သလို ခံစားရခြင်းများကို သက်သာပျောက်ကင်းစေပါတယ်"

ဆရာကြီး ဦးစံမြင့်နဲ့ တွေ့ဆုံဆွေးနွေးပြီး "ပြည်စိုးအမျိုးသားအားဆေး ဝယ်ယူရရှိနိုင်တဲ့နေရာတွေကတော့...

| ဆေးထုတ်လုပ်ပင်ရင်း | ဆေးဖြန့်ချိရေး - ပြည်စိုး ဆေးကုဌာန |
|---|---|
| အမှတ် (၂၅၁၉/ခ)၊ ဗညားဒလလမ်း၊ (၅၁) ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) | အမှတ် (၁)၊ ကျိုက္ကဆံဘုရားဝင်းတောင်ဘက်မုခ်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ |




www.burmeseclassic.com

www.burmeseclassic.com





ကျောင်းဆောင်အောက်ထပ်မှ ဆရာတော် ဦးနာရဒရုပ်တု

စံလွန်းသာ

ဇောတိကထောင်သာသနာမြေနှင့် ဇောတိကထောင် ဆရာတော်ကြီး

# ဦးနာရဒ၏ ဘဝပုံရိပ်များ (၁)

ဇောတိကထောင် သာသနာမြေတွင်းရှိ ဆရာတော်ကြီး ဦးနာရဒ သီတင်းသုံးတော်မူခဲ့သည့် ကျောင်းဆောင်အတွင်း ဝင်ရောက်သွားသောအခါ ဇောတိကထောင် ဒုတိယဆရာတော် ဦးသောဘိတကို ဖူးတွေ့ရသည်။

ဆရာတော်ကြီး ပျံလွန်တော်မူခါနီးတွင် ဦးသောဘိတ၊ ဦးကဝိန္ဒ၊ ဦးညဏာဘာသ၊ ဦးဝိစိတ္တနှင့် ဦးဣန္ဒောဘာသ တို့အား နာယက ဆရာတော်များအဖြစ် ခန့်အပ်ကာ စည်းလုံးညီညွတ်စွာဖြင့် ဥမကွဲ သိုက်မပျက် အုပ်ချုပ်ပါဟု မှာတော်မူခဲ့သည်။

ဦးသောဘိတသည် သိက္ခာဝါတော်အကြီးရင့်ဆုံးဖြစ်၍ ဒုတိယဇောတိကထောင်ဆရာတော်အဖြစ် ဆက်ခံအုပ်ချုပ်ခြင်းဖြစ်ကြောင်း သိရသည်။

အကျိုးအကြောင်း လျှောက်ထားသောအခါ ဦးညဏာဘာသက လိုအပ်သမျှ လိုက်ပါကူညီ ရှင်းပြပေးတော်မူသည်။

ကျောင်းအောက်ထပ် ဘုရားခန်းအနီးတွင် ဆရာတော် ဦးနာရဒ၏ တင်ပျဉ်ခွေရုပ်တုကို ဖူးတွေ့ရသဖြင့် ဦးစွာ ဓာတ်ပုံမှတ်တမ်း ပြုခဲ့သည်။

ထို့နောက် ဦးပဥ္စင်းနှင့်အတူ ကျောင်းဆောင်အပေါ်ထပ်သို့ သွားရောက်ကြသည်။

## ဆရာတော်၏ နားနေခန်း

အပေါ်ထပ်ဘုရားခန်း၌ မတ်ရပ်တော်နှစ်ဆူ ခြံရံ၍ တင်ပျဉ်ခွေရုပ်ပွားတော်ကြီးတစ်ဆူနှင့် ရုပ်ပွားတော်အချို့ ဖူးမြော်ရသည်။

ဘုရားခန်းအနီးတွင် ဆရာတော်အား ဆက်ကပ်ခဲ့သည့် အဂ္ဂမဟာ

www.burmeseclassic.com




◆ ကျောင်းအပေါ်ထပ် ဘုရားခန်း

◆ ဇောတိကကျောင်းအဝင်မုခ်



◆ ဆရာတော် သီတင်းသုံးခဲ့သည့် ကျောင်းတော်



သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်၊ ဆရာတော်၏ပုံတူ ရုပ်တုငယ်များ၊ မြသပိတ်များနှင့် တင်ပျဉ်ခွေဆင်းတုငယ်များစွာကို မှန်ဗီရိုဖြင့် ပူဇော်ထားသည်။

မျက်နှာကြက်အနီး နံရံထက်တွင် ဗုဒ္ဓဂယာမှ ရုပ်ပွားပုံတော်၊ သာသနိကအဆောက်အအုံ ပုံတော်များ ချိတ်ဆွဲထားလေသည်။

လက်ယာဘက် အခန်းရှည်အတွင်း၌ကား စားပွဲ၊ ကုလားထိုင်နှင့် ဆရာတော်၏ မတ်ရပ်ဓာတ်ပုံတို့ မြင်တွေ့ရသည်။ လာရောက်ဖူးမြော်သူ ပရိသတ်များအား ဩဝါဒပေးသည့်နေရာဟု သိရသည်။

ထိုမှ ခေါင်းရင်းဘက်တွင် ဆရာတော် နားနေခန်းရှိသည်။ ဆရာတော်သည် ဆွမ်းဘုဉ်းပြီး၍ ခေတ္တခဏနားနေပြီးနောက် ကျောင်းအောက်ထပ်တွင် တစ်နေကုန်ထိုင်လျက် မြန်မာနိုင်ငံ အနှံ့အပြားမှ လာရောက်ကြသည့် ဒကာ,ဒကာမများ အားလုံးကို အဖူးအမြော်ခံခဲ့သည်။

ဆရာတော်(၂၅)နှစ်အရွယ် ဦးပဥ္စင်းလေး နာရဒဘဝက ထင်ရှားကျော်ကြားသည့် ဆရာတော်ကြီးတစ်ပါးကို သွားရောက်ဖူးမြော်သောအခါ အချိန်ကန့်သတ်ထားသဖြင့် အချိန်အနည်းငယ်နောက်ကျမှ ရောက်သွားသော ဦးပဥ္စင်းနှင့်တကွ ဒကာ,ဒကာမများစွာ ဖူးမြော်ခွင့်မရဘဲ ပြန်လာကြရလေသည်။ ထို့ကြောင့် ဦးနာရဒမှ…

'တစ်နေ့နေ့မှာ ငါသာ ဘုန်းကြီးတဲ့ ဆရာတော်ကြီး ဖြစ်ခဲ့ရင် ငါ့ကို ကြည်ညိုလေးစားပြီး ဖူးချင်လို့ လာတဲ့သူတွေကို အချန်ပြည့် အဖူးအမြော်ခံမယ်'

ဟု သန္နိဋ္ဌာန် ချခဲ့လေသည်။

ထို့ကြောင့် ဆရာတော် ဦးနာရဒ

www.burmeseclassic.com






▲ နာရေးနေခန်းမှ ဆရာတော်ရုပ်တု

◀ ဩဝါဒပေးရာ အခန်းတွင်းမှ ဆရာတော်ပုံတော်

▼ အိပ်ခန်းတွင်းမှ ဆရာတော်၏ခုတင်



သည် ဗောဓိတထောင်ဆရာတော် ဖြစ်လာသောအခါ အဓိဋ္ဌာန်ဝင်သည့် ရက်များမှလွဲ၍ နေ့စဉ်နံနက်(၇)နာရီမှ ညနေ(၄)နာရီအထိ အယုတ်အလတ် အမြတ်မရွေး အဖူးအမြော် ခံယူခဲ့သည်။

ခန္ဓာဝန်ချခါနီး သုံးရက်ခန့်အလို ကာလတွင်ပင် ဖူးမြော်သူများအား အချိန် ကန့်သတ်ခြင်းကို တားမြစ်တော်မူခဲ့သည်။

ဆရာတော်ကြီးသည် အိန္ဒိယနိုင်ငံသို့ ဆေးဝါးကုသမှုခံယူရန် ကြွသွားသော်လည်း ရောဂါက လွန်နေပြီဖြစ်၍ ကုသမှု မပြုခဲ့ရဘဲ (၁၉–၁၁–၂၀၀၆) နေ့တွင် မန္တလေးသို့ ပြန်ကြွခဲ့ရသည်။

ထိုအကြောင်း ကြားသိရသော အနယ်နယ်မှ တပည့်ဒါယကာများက ဆရာတော် ရောက်ရှိရာ ဆေးရုံသို့ လာရောက်ဖူးမြော်ကြသည်။ ဆရာတော် ကျန်းမာရေး အခြေအနေ ဆိုးရွားနေချိန်ဖြစ်၍ ကိုယ်စိတ်နွမ်းနယ်မှုကို စိုးရိမ်ကာ တာဝန်ရှိသူများက အချိန်အကန့်အသတ်ဖြင့် ဖူးမြော်စေသည်။ ဆရာတော်က ထိုအကြောင်းကို သိ၍...

'ဘုန်းကြီးဟာ တစ်ဦးတစ်ယောက်တည်းက ကိုးကွယ်တဲ့သူ မဟုတ်ဘူး။ ဘုန်းကြီးကို စိတ်ချမ်းသာစေချင်ရင် လာသမျှ ဖူးရှိသက်ကို မတားပါနဲ့ ဖူးခွင့်ပေးလိုက်ပါ'

ဟု မိန့်တော်မူလေသည်။ (၂၂–၁၁–၂၀၀၆)နေ့၌ ပျံတော်မူခြင်း ဖြစ်သည်။

အယုတ်အလတ် အမြတ်မရွေး ဟူသည့်အတိုင်း ကိုးကွယ်ဆည်းကပ်သူတို့အပေါ် မျက်နှာကြီးငယ် မလိုက်ချေ။ တစ်ခါတွင် ရန်ကုန်သို့ ကြွပါရန် မှုံရွာ ဗောဓိတထောင်ကျောင်းတိုက်သို့ လာရောက်ပင့်ဆောင်သော ဒါယကာ တစ်ဦး၏ နေအိမ်သို့ လေကြောင်းခရီးဖြင့် လိုက်ပါကြွရောက်တော်မူသည်။

ရန်ကုန်လေဆိပ်သို့ ရောက်သော

www.burmeseclassic.com



◆ နားနေခန်းဘုရားဆောင်

◆ ဆရာတော် နားနေလျှက်ရှိသည့် ကုလားထိုင်





www.burmeseclassic.com

www.burmeseclassic.com

အခါ ဆရာတော် ရန်ကုန်သို့ ကြွလာကြောင်း သတင်းကြားရသည့် နိုင်ငံတော်အကြီးအကဲတစ်ဦးက...

'ဆရာတော်ဘုရား တပည့်တော်အိမ်ကို ကြွပါ'

ဟု လာရောက်လျှောက်ထားသည်။ ဆရာတော်က...

'မင်းက လေယာဉ်ကွင်းမှာ လာပင့်တာ။ ဟိုဒကာ ငါ့ကျောင်းအထိ လာပြီး ပင့်ထားတာ။ မင်းအိမ်ကို ငါ မကြွနိုင်ဘူး'

ဟု မိန့်လေသည်။

ထိုပုဂ္ဂိုလ်လည်း ပါးစပ်အဟောင်းသား ဖြစ်သွားပြီးမှ

'မှန်ပါ့ဘုရား အဲဒီဒကာအိမ် ကြွပြီးရင် တပည့်တော်အိမ်ကို ကြွပါဘုရား'

ဟု စကားပြင်၍ လျှောက်ထား၏။

ထိုအခါတွင်မှ ဆရာတော်က ''အေး''ဟူ၍ တစ်ခွန်းတည်းမိန့်ကာ ကျောင်းသို့ လာရောက်၍ ပင့်သော ဒကာ၏ ကားပေါ်သို့ တက်သွားလေသည်။ ***(ဗောဓိတထောင် ဆရာတော်၏ ဘဝသမိုင်းမှတ်တိုင်များ စာအုပ်၊ စာမျက်နှာ–၈၈)***

ဆရာတော်၏ နာနေးခန်းအဝင်ဝ ခုတင်ထက်၌ တင်ပျဉ်ခွေရုပ်တု ပူဇော်ထားသည်။ ထိုင်းနိုင်ငံတွင် သွန်းလုပ်ကာ ဆရာတော် ရိတ်သင်ထားသည့် ဆံပင်များကို ပြန်လည်ထိုးစိုက် ပူဇော်ထားကြောင်း သိရသည်။

နံရံတစ်ဖက်တွင် ပက်လက်ကုလားထိုင်တစ်လုံးနှင့် စာအုပ်အချို့ရှိ၍ အနီးရှိ အခန်းကလေး၌ ဆရာတော် ကျိန်းစက်ခဲ့သော ခုတင်ကို တွေ့ရပေသည်။

ခေါင်းရင်းဘက်တွင်ကား ပတ္တမြားဘုရား၊ စိန်ဘုရား၊ မြဘုရား၊ ရွှေငွေ ဓာတ်သားဘုရားများ စသည်ဖြင့် ပုံဟန်အသွယ်သွယ် ဉာဏ်တော်အစုံ ရုပ်တု



ဆရာတော် ကိုးကွယ်ခဲ့သည့် ရုပ်ပွားတော်တစ်ဆူ

ရုပ်ပွားများစွာ ဖူးတွေ့ရသည်။

မြန်မာနိုင်ငံအတွင်း အနယ်နယ် အရပ်ရပ်မှ တပည့်ဒါယကာများကပါ ပေးပို့လှူဒါန်းခဲ့ကြသော ရုပ်ပွားတော်များဖြစ်ကြသည်။

ထိုရုပ်ပွားတော်နှင့် ရှားပါး ဂမ္ဘီရ ပစ္စည်းများကို ဆက်ကပ်လာလျှင် အားရဝမ်းသာ လက်ခံတော်မူသကဲ့သို့ ကိုးကွယ်လိုသူ အလိုရှိသူတို့ တောင်းခံပါက မဆုတ်မဆိုင်းဘဲ ပေးလှူတတ်ပါသည်။

**ဆရာတော်၏ စိတ်အာရုံ၌ မေးသင့်သည်ဟု ထင်မြင်သူဆရာသူတို့အား လည်း ဝိသေသ ဖွင့်လှူလေ့ရှိသည် ဆို၏။**

**ရွှေလ ဆက်ဖတ်ပါရန်**

**စံထွန်းသာ**

www.burmeseclassic.com

အင်း(သို့မဟုတ်)စမ အစီအရင်များကို ပြုလုပ်တော့မည်ဆိုပါလျှင် ဦးစွာ နက္ခတ်မှန်ကန်ဖို့သည် အရေးကြီးလှပါသည်။ အင်းကန်းခြင်း၊ လက္ခဏာများတွင် နက္ခတ်မမှန်ခြင်းသည် အဓိကပင် ဖြစ်ပါသည်။

သို့ပါသောကြောင့် တကယ့်အစစ်အမှန် လိုက်စားကြသူများအား နက္ခတ်မှန်စေခြင်းအကျိုးငှာ **သယောဒယ(သရဒွေး)ကျမ်း**ကို တတ်ကျွမ်းအောင် လေ့လာ ကျက်မှတ်ကြရန် လမ်းညွှန်လိုက်ပါသည်။

သယောဒယကျမ်းတွင်သည် အင်းချရန်သာမဟုတ် ဆေးဖော်ရန်၊ ဗေဒင်ဟောရန် စသည့် လောကီအစီအရင်များအတွက် တကယ့်အသုံးဝင်သော ကျမ်းတစ်ကျမ်း ဖြစ်ပါသည်။

ဗေဒင် ဟောရာတွင်လည်း တိကျပြတ်သားစွာ ဟောဆိုနိုင်ပါသည်။ တွက်ရိုးများလည်း အကျယ်တဝင့် ပါရှိပါသည်။

သယောဒယကျမ်းတွင် နေအပါအဝင် စကြဝဠာကြီးတစ်ခုလုံးကို လက်ဖဝါးပေါ် တင်ကြည့်ရသကဲ့သို့ စွမ်းဆောင်နိုင်လာပါလိမ့်မည်။ ထို့ကြောင့် အစီအရင်အတွက် သယောဒယကျမ်းကို ညွှန်းဆိုအပ်ပါသည်။

စာရှုသူများအနေဖြင့် လိုအပ်မည်၊ လိုလားမည် ဆိုရင်လည်း ကျွန်တော့်၏ ဆရာ ဆရာတင်ဝင်းနိုင် သင်ကြားပြသသည့်အတိုင်း ကျွန်တော် တတ်သမျှကို ပညာပါရမီ ဖြည့်လိုသည့် ဆန္ဒဖြင့် မခြွင်းမချန် ဖော်ပြပါမည်။


သယောဒယဟု ဆိုရာ၌လည်း မှန်ကန်တိကျဖို့ အထူးပင် လိုအပ်လှပါသည်။ သယောဒယပညာရပ်များကို မဂ္ဂဇင်းစာအုပ်များတွင် တော်တော်များများ တွေ့ရပါသည်။



ကောင်းလိုက်တဲ့

အန္တရာယ်ကင်း

# တန်ပြန်စမ



သို့သော် ပညာလျှို့ဝှက်ခြင်းလားတော့ မသိပါ။ တော်တော်များများပင် မှားယွင်းနေသည်ကို တွေ့ရပြန်ပါသည်။ လိုရင်းကို မရောက် ပညာပင် ပျောက်သွားနိုင်ပါသည်။ စာရေးသူကိုယ်တိုင် လမ်းလွဲ လိုက်ခဲ့ဖူးသည်မို့ ဝါသနာရှင်များ လမ်းလွဲမလိုက်မိစေလိုတော့ပါ။

ယခု ဖော်ပြမှာက အန္တရာယ်ကင်း တန်ပြန်စမ ဖြစ်ပါသည်။ လူတိုင်းလူတိုင်းတွင် အတိုက်အခိုက် အပြိုင်အဆိုင်များ ရှိတတ်ကြပါသည်။ စီးပွားရေး အတိုက်အခိုက်များ၊ လူမှုရေး အတိုက်အခိုက်များ ကြုံတွေ့လာပါက ယခုဖော်ပြမည့် အန္တရာယ်ကင်း တန်ပြန်စမလေးကို စီရင် အသုံးပြုခြင်းဖြင့် အတိုက်အခိုက်များကို အောင်မြင်စွာ ကျော်လွှားနိုင်ပါလိမ့်မည်။

တိုက်ခိုက်သူများကိုလည်း တန်ပြန်အကျိုးသက်ရောက်စေပါသည်။ အထူးသဖြင့် ကပ်ကြီးသုံးပါးကို ကျော်နင်းနိုင်စေပါသည်။ အမျိုးမျိုးသော အန္တရာယ်ပေါင်းစုံကိုလည်း တွန်းလှန် ကာကွယ်နိုင်ပါသည်။ အတိုက်အခိုက်များနှင့် ပြုစားခံရပါက အန္တရာယ်ကင်း တန်ပြန်စမကို မီးရှို့ပြာချ သောက်ခြင်းဖြင့် တန်ပြန်စေပါသည်။

ကြိုတင် ကာကွယ်လိုသူများအတွက် အိမ်လေးထောင့်တွင် ဆွဲကပ်ထားခြင်းဖြင့် မကောင်းသောအတတ်တတ်သူများ အိမ်အတွင်းသို့ မဝင်ရောက်နိုင်အောင် ဟန့်တားပေးပါသည်။ အဆောင်အဖြစ်လည်း သုံးနိုင်ပါသည်။ အခြားသူများကိုလည်း ကုစားပေးနိုင်သည်။

နောက်တစ်နည်း အနေဖြင့်လည်း ယခုဖော်ပြမည့် တန်ပြန်စမကို သုံးနိုင်ပါသည်။ ကတ်ထူပြားကြီးကြီးတွင် ရေးပါ။ ၎င်းစမကတ်ထူပြားနှင့် (၅)ပေလောက်ခွာ၍ တစ်နေ့လျှင် မိနစ်(၂၀)မှ စ၍ မျက်တောင်မခတ်ဘဲ စူးစိုက်ကြည့်ပါ။


နေ့စဉ်မှန်မှန် အချိန်ကို တိုး၍ ကြည့်ပါ။ ကသိုဏ်းတစ်မျိုး ဖြစ်ပါသည်။ မျက်စိထဲတွင် ၎င်းစမကို အရုပ်လိုထင်ထင်ရှားရှား ပေါ်လာပြီဆိုပါက

www.burmeseclassic.com

အန္တရာယ်ပြုမည့်သူ၊ မကောင်းကြံသူများနှင့် မကောင်းသည့်ပညာရှင်များကို စိတ်မနောဖြင့် ကြည့်လိုက ကြည့်နိုင်သောအဆင့်သို့ ရောက်မည်ဖြစ်ပါသည်။ အခြားအရာ များ၌လည်း မိမိဉာဏ်ရှိသလိုအသုံး ပြုနိုင်ပါသည်။

* * *

### အန္တရာယ်ကင်း တန်ပြန်စမ



တစ်ကြောင်းရေး စမဖြစ်ပါသည်။

အရင်ဆုံး မိမိတတ်ကျွမ်းသလို အချိန်အခါရွေးပါ။ အသုံးပြုမည့် ခဲတံ၊ စက္ကူနှင့် အခြားပစ္စည်းများကို **သနရျေပါ။**

အစီအရင် မစမီကပင် ဘုရားတစ်ပွဲ၊ တရားတစ်ပွဲ၊ သံဃာတစ်ပွဲ ပွဲသုံးပွဲတင်ပါ။ ဖယောင်းတိုင်၊ အမွှေးတိုင်နှင့် သောက်တော်ရေ ကပ်လှူပြီးမှ စမကို စီရင်ပါလေ။

ရေးဆွဲပြီးပါက သိဒ္ဓိတင်ပါ။ ဂုဏ်တော်(၉)ပါး (၃၇)အုပ်စုတ်၍ သောက်ခြင်း၊ ဆောင်ခြင်း စသဖြင့် မိမိလိုရာ အသုံးပြုကြပါလေကုန်။

အန္တရာယ်ကင်း တန်ပြန်စမကို ရေးဆွဲရာတွင် "**ဠ**"က စ၍ ရေးရမည်။ ထို့နောက် "**ဏ**"၊ "**ဃ**"၊ "**က**"တို့ကို ရေးပါ။ အပေါ်ဆုံးတွင် နဝင်းအလံကိုးထပ်ကို နောက်ဆုံးမှ ရေးဆွဲရပါမည်။ စမ ရေးဆွဲနေစဉ် "နမော တဿ"ကို အစအဆုံး မပြီးမချင်း ရွတ်ရပါမည်။ တံတွေးမျိုမချရပါ။ ၁၃၊ ၂၄၊ ၄၅၊ ၆၇ ဂဏန်းများကို အစဉ်အတိုင်း ရေးသွင်းပါ။

အရုံအဖြစ် နဝင်းစေတီကို ရုံပါလေ။ စီရင်သူ၏ ချို့ယွင်းချက်ကြောင့် အပြည့်ဝဆုံးအကျိုးကို မရနိုင်တောင်မှ ယခုလတ်တလော လိုအင်အကျိုးကို ကောန်ပေးစွမ်းပါလိမ့်မည်။

**အထူးသတိပြုရန်မှာ** မိတ္တူကူး၍ သုံးစွဲခြင်း မပြုရန် ဖြစ်ပါသည်။ အသေအချာ စီရင်ရသော အစီအရင်တစ်ခုကို စက်ပေါ်တင်ရုံနှင့် အလိုလိုဖြစ်လာခြင်းမှာ အဘယ်သို့သောအကျိုးမှ မခံစား မစံစားရသောကြောင့် ဖြစ်ပါသည်။

***လိုသောအကျိုးတို့ ပြည့်ဝကြပါစေ။***

**ကောင်းထိုက်စံ**

# မှိုချဉ် လုပ်နည်း



ငါးဘူးခွက်ကို အပေါက် စိပ်စိပ်ဖောက်၍(**သခွားခြစ် ခေါ် သဘော်ခြစ်ကို ဆိုလိုသည်။**)မှောက်ပြီး မှိုနုနုကို တိုက်ချလျှင် အောက်သို့ ကျလာသော မှိုဖတ်များကို ထမင်း အနည်းငယ်ထည့်၍ နယ်ပြီး ဝါးကျည်တောက် အစို၌ထည့်၊ နီးမှိုက်ထွေး(နီးဖြာရာ၌ထွက်သော ဝါးအမှုင်အစများ)နှင့် ကျပ်ကျပ်ဆို့၍ တစ်နေရာတွင် မှောက်ပြီး ထောင်ထားပါ။

ဆယ်ရက်၊ ဆယ့်ငါးရက်လောက်ကြာလျှင် ဝါးကျည်တောက်ကို ခွဲယူပြီး ဆီ,ဆား, ကြက်သွန်နှင့် ကြော်၍စားလျှင် ငါးချဉ်လောက်နီးနီး ကောင်းသည်။

**(ဘုတလင်မြို့၊ ကြောင်ပန်းတောရ တတိယ နာယကဆရာတော် ဦးဝီရိယ၏ နတ္တလင်းမြို့၊ ဖောင်ကြီး ပွင့်တောင်ကုန်း၌ တောရ ဆောက်တည်စဉ် ၁၃၁၅ ခုနှစ်၌ ရေးမှတ်ခဲ့သော မှတ်တမ်းမှ ကူးယူဖော်ပြခြင်း ဖြစ်ပါသည်။)**

**ခင်ထွန်း**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

ဆေးစွမ်းထက်မြက်ကြောင်း အကြွားမပိုတဲ့

# သမားအိုဆေးတိုက်

မှ ထုတ်လုပ်သော နန်းတွင်းလိမ်းဆေး၊ လေးဖက်နာဆေး၊ နှလုံးရောဂါနှင့် ဉာဏ်ကောင်းဆေး



သီပေါမင်း ပါတော်မူပြီး နောက်နန်းတွင်းသမားတော်ကြီးများ မြို့နယ်အသီးသီးသို့ ပြန့်ကျဲရောက်ရှိခဲ့ကြရာ ဘီလူးကျွန်း၊ ကမာမွန်ရွာသို့ ရောက်ရှိခဲ့ကြသည့် နန်းတွင်း သမားတော်ကြီး ဦးပန္နဝ၊ သမားတော်ကြီး ဦးနွယ်၊ မြန်မာ့မျိုးချစ်တော်လှန်ရေး ခေါင်းဆောင် ဆရာစံ (သမားတော်ကြီး ဦးစံရှား)တို့ထံမှ လက်ဆင့်ကမ်း၍ ဆင်းသက်လာသော နန်းတွင်းသမားစဉ် မူရင်းဆေးစွမ်းကောင်းတို့ကို **သမားတော်ကြီး ဦးနွယ်၏မြေး သမားတော်ကြီး ဦးတင့်လွင်(ငြိမ်း/ဗိုလ်ကြီး) ဇနီး ဒေါ်ကျင်သိန်း၊ တိုင်းရင်းသမားတော် ဦးသန်းဇော်၊ ညီမဒေါ်ခင်ခင်ထွေး**တို့ အကြောင်းပြု ပေါင်းစုလျက် သမားအိုဆေးတိုက်မှ မြန်မာ့ဆေးစွမ်းကောင်းများကို ထုတ်လုပ် ဖြန့်ချိလျက် ရှိပါသည်။

## သမားအို နန်းတွင်းလိမ်းဆေးကြီး

*[တိုင်းရင်းဆေးမှတ်ပုံတင်အမှတ် ၀၅၁၀ YR ၀၀၀၉၉၇]*

*[လိုင်စင်အမှတ် ၁၁/၂၀၀၈ တဆထလ တိုး(၀၁၂၁)]*

မြန်မာ့နန်းတွင်း အစဉ်အဆက် သုံးစွဲခဲ့သည့် လိမ်းဆေးဖြစ်ပြီး **ပရုတ်၊ မင်သော် စသည့် ဆေးပူများ မပါရှိသော** ဆေးအေးဖြစ်၍ ဘေးထွက်ဆိုးကျိုး လုံးဝ မပါရှိတဲ့ အပူနာများကိုပါ သက်သာပျောက်ကင်းစေကြောင်း အာမခံသည့် လိမ်းဆေးတစ်လက်ဖြစ်သည်။

ပျောက်ကင်းစေသော ရောဂါများ

သမားအို နန်းတွင်းလိမ်းဆေးကြီးသည် အဆစ်၊ အမြစ်၊ အကြောရောင်/နာ၊ ကိုက်ခဲခြင်း၊ ဒူးနာ၊ ခါးနာ၊ လေးဖက်နာ၊ ဂေါက်နာ၊ ဖက်ထို၊ ခေါင်းအုံ၊ ခေါင်းကိုက်၊ ပန်းနာ၊ ရင်ကျပ်၊ နှာစေး၊ နှာပိတ်၊ ထိပ်ကပ်နာ၊ အရိုးကျိုး၊ အဆစ်လွဲ၊ အဆစ်ဟာ၊ ဒဏ်နာဖြစ်၊ လက်ကပ်ခြင်းနှင့် အပူလောင်ခြင်းများကို သက်သာ ပျောက်ကင်းစေပါသည်။

အသားပပ်ခြင်း၊ အသားကွဲခြင်း၊ ဝက်ခြံ၊ တင်းတိပ်၊ နေလောင်ကွက်များကို ညအိပ်ရာဝင်ချိန်၌ မျက်နှာအား ဆပ်ပြာဖြင့် စင်ကြယ်စွာ ဆေးကြောပြီးမှ ဆေးလိမ်း တစ်ရှူးကပ် အိပ်ပါ။

နေ့စဉ်ရက်ဆက် လိမ်းပေးခြင်းဖြင့်“**အသားအရေ ဖြူနုချောမွတ်ပြီး မကြုံဘူးအောင် အလှထူးစေသည့်**”ကမ္ဘာ့ ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။ မန္တလေးတောင်၊ ကျိုက်ထီးရိုးတောင်၊ ပုပ္ပါးတောင်ကဲ့သို့ အလေ့အကျင့်မရှိသော တောင်တက်ဘုရားဖူး ခရီးသည်များ သုံးစွဲလျှင် ထုံကျဉ်ညောင်းညာ ကိုက်ခဲခြင်းများ သက်သာပျောက်ကင်းစေသည့်အပြင် ကျိုးပေါင်းရောဂါဝေဒနာရှင်များ အသားထဲ စိမ့်ဝင်အောင် ညင်သာစွာ လိမ်းပေးခြင်းဖြင့် ကျိုးပေါင်းရောဂါဝေဒနာများ အချိန်တိုအတွင်း သက်သာပျောက်ကင်းစေပါသည်။

## သမားအို လေးဖက်နာဆေး

*[တိုင်းရင်းဆေးမှတ်ပုံတင် အမှတ် ၀၃၀၅ YR ၃၀၆၃]*

လူတစ်ယောက်၏ခန္ဓာကိုယ်အား သိပ္ပံနည်းကျ သွေးစစ်ကြည့်ခြင်းဖြင့် **ယူရစ်အက်စစ် အလွန် များနေခြင်း၊ အေအက်စ်အို သီတာ ယူနစ်(၂၀၀)ထက် ရှိခြင်း၊ နောက်ဆုံး အာအေ စမ်းသပ်မှု၌ (+) အပေါင်းလက္ခဏာတွေ့ရှိခြင်း**စသည်ဖြင့် လေးဖက်နာရောဂါအဆင့်ဆင့်တို့ကို သိရှိနိုင်ပေသည်။

**လေးဖက်နာရောဂါ၏ ဆင့်ပွားရောဂါများဖြစ်သော နှလုံး၊ သွေးတိုး၊ ဆီးယင်ရောဂါများ မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်သည့် ဆေးဖက်များ သမားအို လေးဖက်နာဆေးတွင် ထည့်သွင်း ဖော်စပ်ထားပါသည်။**

သမားအိုလေးဖက်နာဆေးတွင် သက်စောင့်ဆေးဖက်များ ပါရှိသည့်အတွက် ရာသီဥတုဒဏ်ခံနိုင်ပြီး တရားထိုင်သူများ၊ ယာဉ်မောင်းသူများ၊ စက်ချုပ်သမားများ၊ လက်နှိပ်စက်နှင့် ကွန်ပျူတာ အော်ပရေတာများ ဤဆေးကို မှန်မှန် စားသုံးသွားပါက ဆီး၊ ဝမ်း၊ လေမှန်ကန်ပြီး ကျန်းမာရေးနှင့် ညီညွတ်ကာ ကိုယ်လက်ပေါ့ပါး သွက်လက်စေပါသည်။

## သမားအို နှလုံးရောဂါနှင့် ဉာဏ်ကောင်းဆေး

*[တိုင်းရင်းဆေးမှတ်ပုံတင် ၀၃၁၁ YR ၀၀၃၀၆၂]*

မြန်မာ့နန်းတွင်းသမားတော်ကြီးများ အသုံးပြုခဲ့သော ဆေးစွမ်းကောင်းတစ်လက် ဖြစ်သည်။ **နှလုံးသွေးကြောကျဉ်းခြင်း၊ ကျယ်ခြင်း၊ နှလုံးကျပ်ခြင်း၊ နှလုံးခုန်လွန်းခြင်း၊ မောပန်းခြင်း၊နှလုံးအားနည်းခြင်း၊ နှလုံးရောင်ခြင်းနှင့် နှလုံးရောဂါအမျိုးမျိုး**တို့ကို သက်သာပျောက်ကင်းစေပြီး စိတ်ဓာတ်ကို ကြည်လင် လန်းဆန်း၍ ဉာဏ်ရည်ထက်မြက်စေသော “**သတ္တုဂုဏ်**”နှင့် ပြည့်စုံသော ဆေးကောင်းတစ်လက် ဖြစ်ပါသည်။ ထို့ကြောင့် ကျောင်းသူကျောင်းသားများနှင့် ရဟန်းသံဃာ အရှင်မြတ်များ စာမေးပွဲနီးသောအခါ၌ လည်းကောင်း၊ ပရိယတ္တိ၊ပဋိပတ္တိ ဝန်ဆောင်ရာ၌ လည်းကောင်း အစဉ်အလာအားဖြင့် အောင်မြင်စွာ သုံးစွဲခဲ့သော ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။

**ဆေးသုံးစွဲသူ ဝေဒနာရှင်များအနေဖြင့် ဆရာ ဦးသန်းဇော် (တဆ–၀၂၉၁၇) ဖုန်း–၀၉–၅၉၂၆၄၄၀၃ သို့ ဆွေးနွေး တိုင်ပင်နိုင်ပါသည်။**

**သမားအိုဆေးတိုက်**
အမှတ်(၄၇)၊ (၁၁၈)လမ်း၊ မင်္ဂလာဈေးအနီး၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၂၉၀၆၁၀ အမြို့မြို့ရှိ မြန်မာ့ဆေးဆိုင်များတွင် ရရှိနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် အကြားအမြင်ရသည် ဆိုသော လူပုဂ္ဂိုလ် အတော်များများကို စူးစမ်းလေ့လာရေး လုပ်ခဲ့ဖူးသည်။ **အချို့ပုဂ္ဂိုလ်တို့သည် မိမိတို့ ရရှိထားသည့်(မနော)ထက် ပိုမို၍ လူအထင်ကြီးအောင် ပြောဆိုတတ်ကြသည်။**

**အချို့ပုဂ္ဂိုလ်မှာမူ ကျစ်လျစ်သိပ်သည်းစွာ နေထိုင်ပြောဆိုတတ်ကြသည်။ လူအာသိပင် မခံလိုကြပေ။**

ယင်းပုဂ္ဂိုလ်တို့သည် စကားပြောကြားရာတွင် အမှတ်တမဲ့ ပြောဆိုလိုက်သော ထူးခြားသည့် စကားလုံးများ တစ်လုံးစ၊ နှစ်လုံးစ ပါလာတတ်သဖြင့် ယင်းစကားစုတို့သည် ဆက်စပ်ကြည့်မှ သိနိုင်ပေသည်။

ကျွန်ုပ်နှင့် အလွန် ခင်မင်ရင်းနှီးသော မိတ်ဆွေတစ်ဦးရှိသည်။ **မဆွကပင် စရဏအလုပ်ကို အတူတကွ လုပ်ခဲ့ကြသည်။**

နောက် သူ့အလုပ် သူလုပ်၊ ကိုယ့်အလုပ် ကိုယ်လုပ်ဖြင့် တစ်ဦးနှင့်တစ်ဦး နှစ်ပေါင်းများစွာ ကွဲကွာသွားကြသည်။ ယခုတော့ ယင်းမိတ်ဆွေသည် မနောပိုင်နေသူတစ်ဦး ဖြစ်နေပေပြီ။

မိတ်ဆွေ ကျော်ဖြတ်ခဲ့ရသည့် **နှစ်(၂၀)ကျော်**ကာလက ဖြစ်စဉ် အတွေ့အကြုံများကို ကျွန်ုပ်အား ပြောပြရာတွင် စိတ်ဝင်စားဖွယ် နားထောင်ခဲ့ရပါ၏။

ထိုဖြစ်စဉ်များကို သိဒ္ဓိလမ်းစဉ်သို့ ကျင့်ကြံ အားထုတ်ကြသူများအတွက် အထောက်အကူ ဖြစ်မည်ဟု ယူဆပါသဖြင့် ကျွန်ုပ်က ထပ်ဆင့်ဖြန့်ဝေအသိပေးလိုက်ပါသည်။

မိတ်ဆွေသည် ကျင့်စဉ်ပြီးမြောက်သိဒ္ဓိရှင်(...)၏ပုံကို ယုံယုံကြည်ကြည် ... လေးစားစားဖြင့် မိမိ၏ အိမ်ဘုရား... ယာဘက်အောက်နား၌ ချိတ်ဆွဲ



လေသည်။

ရွတ်ဆိုနေသည်ကို အတင်းရပ်ပြီး **"ဘယ်သူလဲ"**ဟု မနောဖြင့် မေးသည်။ အဖြေမရပါ။ ဤသို့ဖြင့် ဘုရားရှိခိုးတိုင်း၊ အရဟံဂုဏ်တော်ကြီးကို ရွတ်ဆိုတိုင်း၌ နှုတ်စီး၍ အလိုလို ရွတ်ဆိုနေသည်။ ကျွန်ုပ်၏ မိတ်ဆွေက **"မိမိ ထူးခြားတာမဲ့"**ဟု သဘောရသဖြင့် ကြည်နူးစိတ်ဖြစ်နေသည်။

လအတန်ကြာသောအခါ ဗဟုသုတ ကြွယ်ဝသူ တစ်ယောက်အား ကျွန်ုပ်၏မိတ်ဆွေက ဖြစ်စဉ်အကြောင်း

စရဏ ဦးအောင်

# အရဟံဂုဏ်တော်ကြီးဖြင့်

## မနောပိုင်သူ တစ်ယောက်အကြောင်း

ထားပြီး ကန်တော့ပွဲလှူ၍ ပူဇော်ထားသည်။

မိတ်ဆွေသည် နေ့စဉ် ဝတ်မပျက် ဘုရားရှိခိုးသည်။ အရဟံဂုဏ်တော်ကြီးဖြင့် ရွတ်ဆို၍ မိမိ သက်စေ့ ပုတီးစိပ်သည်။ ယင်းကဲ့သို့ ဝတ်မပျက် နှစ်ပေါင်းများစွာ စရဏအလုပ်ကို လုပ်နေခဲ့ရာမှ တစ်ညတွင် အရဟံဂုဏ်တော်ကြီးကို အသံထွက် ရွတ်ဆို၍ ပုတီးစိပ်နေစဉ် မိမိ မူလအသံ ပျောက်ကွယ်သွားပြီး အသံသြသြကြီးတစ်ခု နှုတ်စီး၍ ရွတ်ဆိုလာသည်။

အရဟံဂုဏ်တော်ကြီး ရွတ်ဆိုနေသည့် ကျွန်ုပ်မိတ်ဆွေသည် မိမိ မူလအသံမှန် ပြန်ရအောင် ချောင်းဟန့်၍ ပြန်ဆိုသည်။ မိမိ ရွတ်ဆိုနေသည့် ဂုဏ်တော်ကို နှုတ်စီးပြီး ရွတ်ဆိုနေပြန်သည်။

**ပါးစပ်ကိုစေ့၍ အတင်း ပိတ်ထားသော်လည်း မရ။ ပါးစပ်မှ မွန်၍ အရဟံဂုဏ်တော်ကြီးကို အလိုလို ရွတ်ဆိုနေ**

စုံ ပြောပြပြီး မေးကြည့်ရာ **ဓာတ်စီး**သည်ဟု ဆိုသူက ဆိုသည်။ အချို့က သိဒ္ဓိအလုပ်စခန်း မပြီးဆုံးမီ ကွယ်လွန်သွားကြပြီး **နတ်(လမိုင်း) ဖြစ်နေကြသည်။ ယင်းလမိုင်းနတ်သည် ယင်းတို့လုပ်ငန်း ပြီးစီးရန် ကုသိုလ်ဝင်ယူသည်ဟု ဆိုသူက ဆိုကြသည်။**

ဤသို့ နေလာခဲ့ရာ တစ်ညတွင် အရဟံဂုဏ်တော်ကြီး ရွတ်ဆိုနေစဉ် အသံသြသြကြီးက ဝင်ရောက်ရွတ်ဆိုပြန်သဖြင့် **"ဘယ်သူလဲ"**ဟု မေးသည်။ အဖြေမရပါ။

မနောဖြင့် တစ်မျိုးပြီးတစ်မျိုး မေးခွန်းပေါင်းများစွာ မေးမြန်းရာ မေးခွန်းနှင့် တည့်သည့်အခါ ခေါင်းညိတ်၊ ခေါင်းခါသည့် အဖြေမျိုး ရရှိလာသည်။

ထို့နောက် လူတစ်ယောက်က မနောဖြင့် မေးလျှင် မဟုတ်ဘူး ဟုတ်တယ် အဖြေပေးနိုင်မလားဟု မေး... အဖြေပေးနိုင်သည်ဟု ခေါင်းညိတ်ပြ

www.burmeseclassic.com

သည်။

**ထို့ကြောင့် အိမ်မှ မိသားစုတို့ကို ကျော်ခိုင်းထားပေပြီး မနော(စိတ်)ဖြင့် အသေခိုင်းသည်။ မနောဖြင့် ပေး၍ မနောဖြင့် ပေးခြင်းမှာ မှန်တာ ရှိသလို မှားတာတွေလည်း ရှိလေသည်။**

ကျွန်ုပ်၏ မိတ်ဆွေသည် **"ဒါမျိုး တို့မလိုချင်"**ဟု ပြောဆိုကာ နတ်စီး ပြောဆိုခြင်းကို လက်မခံဘဲ နေလိုက်သည်။ ရက်အတန်ကြာ နေပြီးနောက် အရဟံဂုဏ်တော်ကြီးကို ရွတ်ဆို အဓိဋ္ဌာန် ပုတီးစိပ်ပြီး၍ စိပ်ပုတီးကို ချိတ်တွင် ထချိတ်ချိန်တွင်...

'မင်းက ငါ့ကို မယုံဘူးလားကွ'

ဟု နတ်မှ စီး၍ အသံထွက် ပြောဆိုလာသည်။ ကျွန်ုပ်၏ မိတ်ဆွေသည် အသံထွက် ပြော၍မရအောင် မိမိပါးစပ်ကို အတင်း စေ့ပိတ်ထားလိုက်သည်။ **"ဘယ်ရမလဲကွ"** ဟု နတ်မှ ပွင့်ထွက်လာသည်။ မိတ်ဆွေက **"အသင် ဘယ်သူလဲ"**ဟု မနောဖြင့် မေးသည်။ **''ငါ(...)ကွ''**ဟု နတ်စီး၍ အသံထွက် ပြောသည်။

'(...) ဘာလာလုပ်တာလဲ'

ဟု မေးရာ...

'မင်းကို သာသနာပြုတဲ့လုပ်ငန်း လုပ်ခိုင်းမလို့'

ဟု ဖြေသည်။

'အဲဒီ ကျွန်ုပ်ကို သာသနာ့ရိက္ခာ ပေးပါ'

***[ငွေတောင်းခြင်း ဖြစ်သည်။]***

'အေး ပေးမယ်'

'ပေးမယ်ဆိုရင် အခုပေး'

'အချိန်မရောက်သေးဘူး၊ အချိန်ရောက်တော့ ပေးမယ်'

မိတ်ဆွေသည် ဓာတ်စီး ပြောဆိုခြင်းမှာ ထူးခြားသည်ဟု ခံယူ၍ လက်ခံထားရာ နှစ်အတန် ကြာသည်အထိ ဓာတ်စီးပြောဆိုသည်။ အံ့ဩလောက်အောင် မှန်တာရှိသလို၊ တက်တက်စင်



လွဲမှားတာလည်း ရှိသည်။

ဓာတ်စီးခြင်းကို တတ်သိ နားလည်သူများက ယခုလို ဓာတ်စီးခြင်းသည် "ဓာတ်လှည့်ခြင်း" ဖြစ်သည်ဟု ခေါ်ကြောင်း၊ ဒါကို လက်ခံမထားသင့်ကြောင်းကို အကျိုးအကြောင်းနှင့် ယှဉ်၍ ပြောပြသည်။

ထို့ကြောင့် မိတ်ဆွေက ဓာတ်စီးခြင်းကို လက်မခံတော့ဘဲ ပစ်ပယ်လိုက်လေသည်။

ဓာတ်စီးခြင်းကို ပစ်ပယ်လိုက်ပြီးနောက် **"နတ်လှည့်ခြင်း"**ကို ခံရပြန်သည်ဟု မိတ်ဆွေက ဆိုသည်။

နတ်လှည့်ခြင်း ဆိုရာ၌ မိတ်ဆွေ၏ စရဏ အကျင့်ပျက်အောင်၊ မလုပ်နိုင်အောင် ဖျက်ဆီးခြင်း၊ အဖျက်လုပ်ငန်း လုပ်ခြင်းကို ဆိုလိုသည်။

ကျွန်ုပ်၏မိတ်ဆွေသည် လုပ်ငန်းကိုင်ငန်း မကောင်းခြင်း၊ စားဝတ်နေရေး မပြေလည်ခြင်း၊ အိမ်ရှိ မိသားစုများ ထိခိုက်ရှနာဖြစ်ခြင်း၊ မိသားစုများ တစ်ဦးပြီးတစ်ဦး မကျန်းမမာဖြစ်ခြင်း စသည့် အခက်အခဲပေါင်းများစွာ ကြုံတွေ့ကြရသည်။

သို့သော် မိတ်ဆွေက မိမိ အကျင့်(စရဏ)အလုပ်ကို အပျက်မခံဘဲ သည်းခံမှုကို ရှေ့တန်းတင်၍ ဖွဲ၊ လုံ့လ၊ ဝီရိယဖြင့် စရဏအလုပ်ကို လုပ်သည်။

ထို့ပြင် **လူ့လောကအတွင်းမှ မိန်းမများ၏ မြူဆွယ်သည့် အဖျက်လုပ်ငန်းများကိုလည်း အကြိမ်ကြိမ် တွေ့ကြုံ၍ မိန်းမများနှင့် လွတ်ကင်းအောင်** သတိထားပြီး ရှောင်ရှားခဲ့ရသည်ဟု ဆိုသည်။

ထိုသို့ ဓာတ်နှောင့်ခြင်း၊ နတ်နှောင့် (နတ်လှည့်)ခြင်း ခံရပြီးနောက် **ဘုမ္မိနှောင့်ခြင်း ခံရပြန်သည်**။ ကျွန်ုပ်၏ မိတ်ဆွေသည် ထိုအချိန်၌ ယင်း၏ မနောအာရုံတွင်းသို့ သာယာသည့် အမျိုးသမီးအသံ ဝင်ရောက်လာသည်။

**အမျိုးသမီး၏ အသံက သာယာချိုပျောင်းလှသည်။ ကချွဲကလျ ကယုကယင်အသံဖြင့် ပြောသည်။ သာယာနစ်လို့ပြယ် အလွန် ကောင်းလှသည်။ မိတ်ဆွေက အသံရှင် အမျိုးသမီးကို သာယာကြည်နူးပြီး စွဲလမ်းသွားလေတော့သည်။**

ကျွန်ုပ်၏မိတ်ဆွေသည် အမျိုးသမီး၏ သိမ်မွေ့နူးညံ့ ပျော့ပျောင်း နွဲ့နှောင်းသော ကယုကယင်အသံကို မကြားရ မနေနိုင်အောင် ဖြစ်လာသည်။ ထို့ကြောင့် အမျိုးသမီး၏ အသံသာကို အာရုံခံ၍သာ ကြည်နူးနေလေတော့သည်။

၎င်း ကြည်နူးမှု အသံသာတို့ကို ပြောပြ၍ မတတ်နိုင်လောက်အောင် ဖြစ်ရသည်ဟု ဆိုသည်။

တစ်ရက်တွင် တတ်သိနားလည်သူ တစ်ဦးကို ပြောပြရာ ထိုလူက ၎င်းအရာတို့သည် ဘုမ္မိ နှောင့်(ဖျက်)ခြင်း ဖြစ်သည်ဟု ပြောသဖြင့် မိတ်ဆွေက ကြည်နူးမှုအာရုံကို မခံစားတော့ဘဲ ပစ်ပယ် ဖြတ်တောက်ပစ်လိုက်လေသည်။ ကြာကြာမနေနိုင်၊ အသံသာကို အာရုံခံ၍ ကြည်နူးသည်။ နောက်...



F.5B. July, 2014.

စာမျက်နှာ (၃၆) သို့

www.burmeseclassic.com

www.burmeseclassic.com

အန္တရာယ်ကင်း ရန်စွယ်ရှင်း

# သီဝလိဝင် အုန်းဆီမန်းဂါထာ

ဝိဇ္ဇာမဟာဒွါရ
သရာဦးသန်းမြင့်
(တိုင်းရင်းဆေး)

စာရေးသူသည် ရွှေပေါက်ကံမြို့သစ် အဝင်တွင် တည်ရှိသော ပတ္တမြားစေတီတော်သို့ နေ့စဉ် အချိန်ရတိုင်း သွားရောက်ပုတီးစိပ်ခဲ့ပါသည်။ တစ်နေ့သော် ပတ္တမြားစေတီရှိ စောနန်းနွယ်ဘုရားတွင် **မြတောင် ဘွားမယ်ကောက်**ဆိုသူ အမေနှင့် တွေ့ရှိပါသည်။

မြတောင် ဘွားမယ်ကောက်မှ အန္တရာယ်ကင်း ရန်စွယ်ရှင်း **သီဝလိဝင် အုန်းဆီမန်းနည်း**ပညာကို ပေးသဖြင့် မှတ်သားကာ နက္ခတ္တရောင်ခြည် မဂ္ဂဇင်း စာဖတ်ပရိသတ်များ ပညာဗဟုသုတ အကျိုးများစေရန် ရေးသားဖော်ပြလိုက်ပါသည်။

**မည်သည့် ဆေးရက်မဆို နံနက် အရုဏ်တက်အချိန်တွင် စိတ်ကြည်ကြည်ထားသည့် မြူစင် သန့်ရှင်းသော အဝတ်အစားများ ဝတ်ဆင်ကာ ဖူးစာဘုရားရှင်အား သက်သတ်လွတ်ဆွမ်း၊ ဆောက်တော်ရေနှင့် ပယောင်းတိုင်၊ အမွှေးတိုင်များဖြင့် ပူဇော်ရမည်။**

ထို့နောက် **ဒေဝီကိုးပါး**အတွက် ဆွမ်းကိုးပွဲ၊ ရေစင်ကိုးခွက်၊ ပန်းကိုးပွင့်၊ ဖယောင်းတိုင်၊ အမွှေးတိုင် ကိုးတိုင်ထွန်းညှိ၍ **အုန်းဆီ ကိုးကျပ်သားကို** အောက်ပါဂါထာနှင့် ကိုးအုပ်မန်းရမည်။

အုန်းဆီမန်းဂါထာ

၁။ ဧဟွာဒေဝီ သရဿတီ၊
ယာ သိရီ စ သိရိန္ဒီ၊
မဏိမေခလာ ဒေဝီ စ၊
သုန္ဒရီ စ ဝရဒ္ဒီ၊
၂။ ဣဒ္ဓမင်္ဂလဝဍ္ဎိ၊
ယထိစ္ဆာဒီ ယသိန္ဓရီ၊
ဂဟာပ္ပတာနီ စန္ဒီ စ၊
ရက္ခာ ရက္ခာ စ မိန္ဒရာ၊
၃။ သဗ္ဗာ ကာရုဏိကာ ဒေဝါ၊
လောကာနံ နန္ဒိဝဍ္ဎိကာ၊
ဟိတာရ ၀ ပိဏ္ဍာယန္တု
ရက္ခန္တု စ ဘယာ သဒါ။



ခက်ခဲသော ပါဠိအသံထွက်

| | | |
|---|---|---|
| **ဧဟွာဒေဝီ** | = | ဧဟ်ဝါဒေဝီ |
| **သိရိန္ဒီ** | = | သိရိန်ဒီ |
| **သုန္ဒရီ** | = | သုန်ဒရီ |
| **ဝရဒ္ဒီ** | = | ဝရတ်ဒီ |
| **ဣဒ္ဓ** | = | အိတ်ထ |
| **ဝဍ္ဎိ** | = | ဝတ်ဒိစ |
| **ယထိစ္ဆာဒီ** | = | ယထိတ်ဆာဒီ |
| **ယသိန္ဓရီ** | = | ယသိန်ဓရီ |
| **ဂဟာပ္ပတာနီ** | = | ဂဟာပ်ပတာနီ |
| **စန္ဒီ** | = | စန်ဒီ |
| **ရက္ခာ** | = | ရတ်ခါ |
| **မိန္ဒရာ** | = | မိန်နရာ |
| **သဗ္ဗာ** | = | သပ်ဗာ |
| **နန္ဒိဝဍ္ဎိကာ** | = | နန်ဒိဝတ်ဒိကာ |
| **ပိဏ္ဍာယန္တု** | = | ပိဏာယန်တု |
| **ရက္ခန္တု** | = | ရက်ခန်တု |

ဂါထာအနက်

၁။ **ဧဟွာဒေဝီ၊** နေခြည်ပျို့ပျို့ ရွှေရည်သို့လျှင် ဒေဝီတို့၏ အကြီးအကဲဖြစ်သော။ **သရဿတီ စ၊** သူမြတ်မဟီမှာ လူနတ်ကြည်တဲ့ သူရဿတီ ဒေဝီသည်လည်းကောင်း။ **သိရိန္ဒီ၊** မသွေသကို အခြေပိုဖို့ အသရေကို ပေးတတ်သော။ **ယာ သိရီ စ၊** ဝေလျက်ကြည် ဗွေထက်ဆီက မေလက္ခိဟူသော အကြင်သိရီ ဒေဝီသည် လည်းကောင်း။

**ဝရဒ္ဒီ၊** မှတ်လောယခု နတ်သဘော ရှုပြီး မြတ်သောဆုကို ပေးတတ်သော။ **မဏိမေခလာ ဒေဝီ စ၊** လှထွားအပြီး ပကြွားငြီးတဲ့ မြခါးစည်းရှင် မဏိမေခလာဒေဝီသည် လည်းကောင်း။ **သုန္ဒရီ စ၊** ဝသုန်မဟီမှာ တစ်ဂုဏ်တည်တဲ့ သုန္ဒရီဒေဝီသည် လည်းကောင်း။

၂။ **ဣဒ္ဓမင်္ဂလဝဍ္ဎိ၊** ကောင်းမြတ်လိုရာ မင်္ဂလာကို အစဉ်မကွာ ပွားစေတတ်သော။ **ယထိစ္ဆာဒီ၊** မငြိုငြင်မငြို အရှင်ပို၍ အကြင်အလိုကို ပေးတတ်သော။ **ယသိန္ဓရီ၊** မသွေအနှံ ရဝေစံမို့ အခြွေအရံကို ဆောင်တတ်

www.burmeseclassic.com

သော။ **ဂဟာပွတာနီ စန္ဒီ၊** ဂဟပတာနီ မယ်ဒေဝီနှင့် စန္ဒီမည်သာဒေဝယာတို့သည် လည်းကောင်း။ **စန္ဒာရက္ခာ ၈၊** အလှံ့ဖြာ ကြန်အဝါနှင့် စန္ဒာတစ်လီ ရက္ခာဒေဝီတို့သည် လည်းကောင်း။ **မိန္ဒရာ၈၊** အရှိန်အဝါ တထိန်ထိန်ဖြာတဲ့ မိန္ဒရာဒေဝီသည်လည်းကောင်း။

၃။ **ကာရုဏိကာ၊** အများမကပ် တရားမြတ်နှင့် သနားထတ်ကြကုန်သော။ **လောကာနံ၊** မခြားတစ်မူ တရားဖြူသည့် အများလူတို့၏။ **နန္ဒိဝဓိကာ၊** လှစ်မြွက်မယွင်း ချစ်ဖက်ချင်းသို့ နှစ်သက်ခြင်းကိုလည်း ပွားစေတတ်ကုန်သော။ **သဗ္ဗာ၊** အများမသုံး စကားချုံး၍ အားလုံးကုန်သော။ **တော၊** တန်ခိုးဝေစည် ဖြိုးသရေတည်တဲ့ ထို ကိုးဒေဝီတို့သည်။

**မာတရာဝ၊** တအားချစ်ကာ ပွားမေတ္တာဖြင့် သားချစ်ပမာ သတိအစဉ်သွင်းပြီး မိခင်အရင်းတို့ကဲ့သို့။ **ဝိဏ ယန္တုစ၊** အစစ်မငြီး အချစ်သည်း၍ နှစ်လည်း နှစ်သက်ကြပါစေ ကုန်သတည်း။

**သဒါ၊** နေ့ရောညဉ့်ရော မလင့်သောဟု အခွင့်သဘော ချိန်ကြည့်နှိုင်း၍ အချိန်ရှိတိုင်း။ **ဘယာ၊** အပြီးမအေးတဲ့ မီးဘေး။ အမုန်တစ်မူ မအေးတဲ့ ရန်သူ့ဘေး။ အမှတ်တစ်ထူး အသက်ကျူးတဲ့ နတ်ဘီလူးဘေး။ မလွဲမသွေ အမြဲမွေတဲ့ သရဲတစ္ဆေဘေး။ အခါခါအလီလီ မသာမယာ မမှီတဲ့ ကာကနီ ဇော်ဂနီဘေး။ ဤဘေး၊ ထိုဘေး၊ အပဟိုဘေးမှ။ **ရက္ခန္တုစ၊** စောင့်ခြင်းလည်း ပြုကြပါစေ ကုန်သတည်း။

အသုံးပြုနည်း

ယင်းအုန်းဆီမန်းကို လိမ်းသွားပါကဘေးအပေါင်း ရန်အပေါင်းတို့မှ ကင်းရှင်းပြီး လူချစ်လူခင် ပေါများ၏။

ရန်သူပင် ဖြစ်သော်လည်း မိမိမျက်နှာမြင်လိုက်သည်နှင့် ရန်ပြေပျောက်၏။ မိတ်သစ်ဆွေသစ်များ ပေါများလာ၏။ ပြောဆိုသော စကားများလည်း အောင်မြင်ပြီးမြောက်၏။ သူတစ်ပါး မကောင်းမကြံနိုင်။

ဆေးအဖြစ် အသုံးပြုလိုပါက

ထိခိုက်ရှနာ သွေးထွက်သံယိုကို သွေးကို စင်ကြယ်စွာပြုပြီး အုန်းဆီမန်းဖြင့် အနာကိုထည့်ပါ။ အနာကျက်၏။ **မြေကိုင်သော် လိမ်းပေးပါ။** အဖုအကျိတ်များကိုလည်း လိမ်းနိုင်သည်။

ဝမ်းဗိုက်အတွင်း အလုံးအခဲ ရှိနေပါက ယင်းအုန်းဆီမန်းကို ပရုတ်မှုန့်အနည်းငယ်နှင့်ရောစပ်၍ လိမ်းပေးပြီး အဝတ်ဖြင့် ဝမ်းဗိုက်ကို ပတ်ထားပါက အလုံးအခဲများ ကြေပျောက်၏။ အမျိုးသမီးများ သွေးသားပေါ်နေစဉ် ကိုက်ခဲပါက ပရုတ်မှုန့်အနည်းငယ်နှင့် ယင်းနည်းအတိုင်း လိမ်းပေးပါက ပျောက်ကင်းပါ၏။ **(လက်တွေ့)**

အထူးသတိပြုရန်

ယင်းအုန်းဆီမန်းကို အသုံးပြုသောနေ့တွင် **ကျွဲသား၊ နွားသား။ မစားမသောက်ရပါ။** ရှောင်ကြဉ်ပါ။ ကျွဲသား၊ နွားသား စားသောက်ထားသောနေ့တွင် ယင်းအုန်းဆီမန်းကို အသုံးမပြုရပါ။

***ဆင်းရဲကင်းပျောက် ချမ်းသာရောက်ကြပါစေ။***

**ဝိဇ္ဇာမဟာဒွိ ဆရာဦးသန်းမြင့်**
*(တိုင်းရင်းဆေး)*

စာမျက်နှာ (၃၄)မှ အဆက်

'ဒီ မဟုတ်သေးပါဘူး။ ဒီလိုသာ ကြည်နူးမှုနောက် လိုက်နေလျှင် ဝါရည်ရွယ်ချက် ပျောက်သွားမယ်'

ဟု ဆင်ခြင်ပြီး အာရုံကို အစဉ်းသတိကပ်၍ ဖြတ်သည်။ သို့သော် ကြာလာသောအခါ **ကြည်နူးမှု ခံစားလို၍ အာရုံခံလိုက်၊ နောက် အာရုံဖြတ်လိုက်၊ ခံစားလိုက်ဖြင့် အာရုံကို လေး၊ ငါးနှစ်ခန့်ကြာမျှ အကြိတ်အနယ် အာရုံဖြတ်ရသည်ဟု ဆိုသည်။**

**ဓာတ်နှောင့်ခြင်း၊ နတ်နှောင့်ခြင်း၊ ဘုမ္မိနှောင့်ခြင်းတို့၏ သုံးမျိုးကို ရင်ဆိုင်၍ အလူးအလဲ ခံရပြီးမှ** ယခုတော့ အနှောင့်အယှက်ကင်းစွာ မနှောင့်ပိုင်သူ ဖြစ်လာရသည်ဟု ဆိုရသည်။

**[illegible]**

သိဒ္ဓိလမ်း၊ ဝိဇ္ဇာလမ်းစဉ်ကို ကျင့်ကြံအားထုတ်သူများသည် **အထက်ပါ နှောင့်(ယှက်)ခြင်းသုံးမျိုးကို ကြုံတွေ့ရတတ်ကြောင်း** ကြုံတွေ့ရပါက ဆင်ခြင်နိုင်ရန် ကျွန်ုပ်မိတ်ဆွေ၏ ကိုယ်တွေ့ဖြစ်ရပ်မှန်ကို မှတ်သားပြီး တင်ပြလိုက်ပါသည်။ ကျွန်ုပ်မိတ်ဆွေ ရွတ်ဆိုသည့် အရဟံဂုဏ်တော်ကြီးမှာ...

ဣတိပိ သော ဘဂဝါ အရဟံ၊
အရဟံ တော သော ဘဂဝါ။
အရဟန္တံ သရဏံ ဂစ္ဆာမိ
အရဟန္တံ သိရသာ နမာမိ။
အရဟံ မေ သုခံ ဒေတု
အရဟံ မေ သိဝေ တိဋ္ဌတု
***အားလုံး ဖြိုးဖြည့်ရကြပါစေ။***

**စရဏ ဦးအောင်**

www.burmeseclassic.com



# သူရဿတီဒေဝီ ဆုတောင်းဂါထာ



တင်မြိုးဝေ (နဝင်း)

(က)

မိုးကလည်း ကောင်းလွန်းလှပါသည်။

တချို့နေရာတွေမှာ ရေကြီးသဖြင့် နယ်မှ ကားများပင် မြို့ပေါ်မလာနိုင်ကြ။ သုံးရက်ဆက်တိုက် ရွာနေသော မိုးက မစဲနိုင်သေး။ ဘင်္ဂလားပင်လယ်အော်မှာ မုန်တိုင်း လက်ကျန်ရှိနေသေး၍ ဖြစ်မည်။ အညာသား ကြောက်သော ထားဝယ်မိုးပါတည်း။

မနေ့ကလည်း ဗေဒင်မေးမည့်သူ တစ်ယောက်မျှ မလာ။ ဒီနေ့လည်း ပေါ်မလာသေး။

ကျွန်ုပ်လည်း ပျင်းပျင်းရှိသည်နှင့် စာအုပ်ဖတ်မည်ဟု စဉ်းစားပြီး စာအုပ်ကိုင်လိုက်စဉ်မှာပင် လူတစ်ယောက် ဝင်လာသည်ကို တွေ့လိုက်၍ အကြည့်ကို မျက်မှန်ပေါ်မှ ကျော်လိုက်၏။ ကျွန်ုပ်ထံ လာနေကျ ဗေဒင်ဝါသနာရှင်လေး တစ်ယောက်ပင်တည်း။

'လာကွာ၊ ဘယ်က လှည့်ဝင်လာတာလဲ'

ကျွန်ုပ်ကပင်စ၍ ပဋိသန္ဓာရ နှုတ်ဆက်စကား ဆိုလိုက်၏။

'ဘုရားထဲက ထွက်လာရင်း ဆရာ့ကို လက်ဖက်ရည်တိုက်ချင်လို့ ဝင်လာခဲ့တာ၊ တန်ဆောင်းထဲမှာလဲ ပုတီးသမားတစ်ယောက်နဲ့ အဘိဓမ္မာသမားတို့ သူရဿတီမယ်တော် ရှိ၊ မရှိ ငြင်းခုံနေကြတယ်။ ကျွန်တော်လဲ နားရှုပ်တာနဲ့ ထွက်လာခဲ့တာပဲ ဆရာ'

ဟု ပြောပြီး ဝင်ထိုင်ပါလေ၏။

'ခုပဲ သောက်ပြီးလို့ မသောက်တော့ပါဘူး။ ကျေးဇူးပါပဲကွာ။ ဒါနဲ့ မင်းက ရော မယ်တော်ရှိတယ်၊ မရှိဘူး ဆိုတာနဲ့ ပတ်သက်ပြီး ဘယ်လို သဘောရသလဲ'

'ကိုးကွယ်နေတာပဲ ဆရာ။ တချို့စာအုပ်တွေမှာ မယ်တော်မရှိဘူး၊ မြစ်တစ်ခုရဲ့ နာမည်သာ ဖြစ်တယ်ဆိုပြီး ရေးနေကြတာတွေ ဖတ်ရတော့ ဇဝေဇဝါ ဖြစ်လာတယ် ဆရာ။ ဒါနဲ့ ဆရာ့အနေနဲ့ ဘယ်လို ယူဆသလဲ။ ကျွန်တော် သိပါရစေ ဆရာ'

သူ့ခံစားချက်ကို ပြောပြရင်း ကျွန်ုပ်အယူအဆကိုပါ သူက တီးခေါက်လာပါသည်။

'ဒီကိစ္စ မပြောခင် တခြားကိစ္စတစ်ခုကို အရင်ပြောပြမယ်။ ပြောပြမယ့် အကြောင်းအရာကလဲ ဒီလိုအကြောင်းမျိုးနဲ့ ဆက်နွယ်နေတယ်။ ဒီလိုကွ၊ ငါ့ရဲ့ဓမ္မမိတ်ဆွေတစ်ဦးဖြစ်တဲ့ အမျိုးသမီးတစ်ယောက်က ပြောပြဖူးတာလေးကို တစ်ဆင့်ခံ ပြန်ပြောပြမယ်။

ဒီအမျိုးသမီးကိုလဲ ရန်ကုန်ရောက်တဲ့အခါတိုင်း သူသွားပြီး ဖူးမြော်နေကျ ဆရာတော်ကြီးတစ်ပါးက ပြောပြတာ။ တစ်နေ့မှာ ဆရာတော်ကြီးဆီကို တရုတ်အမျိုးသား လင်မယားနှစ်ယောက် ရောက်လာတယ်။ ဆရာတော်ကလဲ အကျင့်ဘက်မှာ နာမည်ကြီးဆိုတော့ လူမျိုးပေါင်းစုံ လာကန်တော့ကြမှာပေါ့။

တရုတ်ကြီးက ဆရာတော်ကို မေးခွန်းတစ်ခု လျှောက်တယ်။ ဆရာတော် ဘုရား ဝိဇ္ဇာတို့၊ နတ်တို့ဆိုတာ တကယ်ရှိပါသလားပေါ့။

ဒီတော့ ဆရာတော်ကြီးက အိမ်း… ရှိလဲ မရှိဘူး။ ရှိလဲ ရှိတယ်ပေါ့။

တရုတ်ကြီးဟာ ဆရာတော်ကြီး စကားကို နားမရှင်းဘူးလို့ ပြန်လျှောက်တော့ ဆရာတော်ကြီးက မင်း တွေ့မှ မတွေ့ဘူးတာ မရှိဘူးပေါ့ကွာ၊ ဒါပေမယ့် ရှိ၊ မရှိ သိချင်ရင် ညသန်းခေါင်ကျော် နှစ်နာရီလောက်မှာ မင်းတွေ့ချင်တဲ့ ပုဂ္ဂိုလ်၊ တွေ့ချင်လွန်းတဲ့ အာသီသပြင်းထန်းစွာထားပြီး အ[illegible]င်းတိုင် (၉)တိုင်၊ အကောင်းစား နံ့သ[illegible]တိုင်(၉)တိုင်နဲ့ တည်ခင်း ပူဇော်ပင့်ဖိတ်၊ တစ်နာရီလောက်ထိုင်ပြီး ဒီပုဂ္ဂိုလ်ကို မေတ္တာပို့။ (၉)ရက်ဆက်တိုက် လုပ်ကြည့်။ မင်းနဲ့ ပဋ္ဌာန်းဆက်ရှိရင် တွေ့ရလိမ့်မယ်လို့ မိန့်လိုက်တယ်။

ရက်သတ္တ တစ်ပတ်ကျော်မှာ တရုတ်ကြီးလင်မယားဟာ လှူဖွယ်ဝတ္ထုတွေနဲ့ ဆရာတော်ဆီကို ရောက်လာကြပြန်တယ်။

ဆရာတော်ကြီးဆီက ပြန်သွားပြီး နောက်နေ့မှာပဲ မှာလိုက်တဲ့အတိုင်း အဓိဋ္ဌာန် စ,လုပ်တယ်။ ခုနစ်ရက်မြောက်မှာပဲ မေတ္တာပို့နေတုန်း၊ သူ အာရုံပြု တောင့်တနေတဲ့၊ မေတ္တာပို့နေတဲ့ ကွမ်ယင်မယ်တော်ကြီးဟာ အိမ်ခေါင်မိုးဖောက်ပြီး သူ့ရှေ့ကို ဆင်းလာတာ မျက်ဝါးထင်ထင် ဖူးတွေ့ရပါသတဲ့။



www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်ကြီးကို ဝမ်းသားအားရ ပြန်လာပြောပြတာပေါ့။ တို့မြို့မှာ စောစီကုန်းနတ်ဘုရား လှည့်လာတဲ့ အခါတိုင်း နတ်ပူးနေတဲ့ ဦးပေဟုလစ်ကို မင်းသိတယ်မဟုတ်လား။ သူ ငါ့ကို ပြောပြဖူးတယ်၊ သူလဲ ကွမ်းယင်းမယ် တော်ကို အမိုးက ဖောက်ပြီး ဆင်းလာတာ မြင်ရသတဲ့'

'ခေါင်မိုးပေါက် ကျန်မနေဘူးလား ဆရာ'

**'မင်းကလဲ ပြောရှာမယ်၊ နတ်အဖြစ်ဆိုတာ အင်မတန်နူးညံ့သိမ်မွေ့တဲ့ သူတွေမဟုတ်ကွ။ အင်္ဂလိပ်လိုပြောရင် အက်စထရယ် ဘော်ဒီ၊ ပရော်ဂျက်ရယ် ဘော်ဒီ ပေါ့ကွာ။ မြူခိုးမြူငွေ့လို နူးညံ့တာ။ တို့ လူသားတွေလို ကြမ်းတမ်းတဲ့ ဥတုဇရုပ် မျိုးမဟုတ်ဘူး။**

ငါ့အစ်မကြီး တစ်ယောက်ကလဲ ပြောဖူးတယ်။ နေ့ခင်းကြောင်တောင် ကြီး အိမ်ထဲမှာ ထိုင်နေတုန်း သူရဿ တီမယ်တော် ဟသ်ာစီးပြီး အိမ်ထဲဝင် လာတာ မြင်ရသတဲ့။ လူအရွယ်အစား တိုင်းပဲလို့ ပြောတယ်။ မင်း တွေ့ချင်ရင် လုပ်ကြည့်ပေါ့ကွာ'

'ဆရာ တွေ့ဖူးပြီးပြီလား'

'အပြင်မှာတော့ မတွေ့ဖူးပါဘူး။ ဥညသိမ်မှာ အဓိဋ္ဌာန်ဝင်နေတုန်းကတော့ အာ ရုံထဲမှာ ခဏလေး တွေ့ဖူးတယ်။ နှင်းမြူငွေ့ကြားထဲ က ဆာရီဝတ်ထားတဲ့ အမျိုးသမီးတစ် ယောက် ပေါ်လာတယ်။

အသက်(၄၅)နှစ်လောက် ခန့်မှန်းရတယ်။ ခေါင်းမှာ ပဝါခြုံထားတယ်၊ ပဝါကို ဖောက်ပြီး တော့ မျက်နှာကို မြင်နေရတယ်၊ မဟာဆန် တဲ့ တော်ဝင်မိန်းမပျို့ရဲ့ မျက်နှာကွ။ သိပ်ချော တယ်၊ သရဖူအသေးလေးကို နဖူးပေါ်မှာ ဆောင်းထားတယ်။

ဆာရီက အဖြူရောင်၊ ဘယ်လက်မှာ အောင်သပြေ တစ်စည်းကိုင်ထားတာ တဖျပ် ဖျပ် လက်နေတယ်၊ မနောမှာ လာထင်နေ တာက သူရဿတီမယ်တော်ကြီးတဲ့။ အသားကလဲ ဖြူနေတယ်၊ ဆယ်စက္ကန့် လောက်ကြာတော့ နှင်းမြူငွေ့တွေ တဖြည်း ဖြည်းလွှမ်းပြီး ပျောက်သွားတယ်၊ တစ် ယောက်ကို ပြတာနဲ့ အခြားတစ်ယောက်ကို ပြတာ မတူဘူးပေါ့ကွာ'

'ဒါဖြင့် ကျွန်တော်လဲ စမ်းသပ်ကြည့် ဦးမယ် ဆရာ။ တွေ့လို တွေ့ငြားပေါ့'

'စမ်းကြည့်ပေါ့ကွာ၊ ဆန္ဒသာ အဓိကပါပဲ။ ဘယ်သူတွေ ဘာပြော ပြော ဒုစရိုက်မှုဖြစ်တာမှ မဟုတ်ဘဲ။ ဘုရား၊ တရား၊ သံဃာဆိုတဲ့ သရဏဂုံ သုံးပါးထက် ပိုပြီးသာ အားကိုး ယုံ ကြည်စိတ်မထားနဲ့၊ ဘဝဟောင်းတစ်ခု ခု၊ သံသရာတစ်ကွေ့မှာ မိခင် တော်စပ် ခဲ့ဖူးတဲ့ အမှတ်နဲ့ မိခင်တစ်ယောက်လို သဘောထားပြီး ကိုးကွယ်ပါ။ သရဏဂုံ သုံးပါးကို ကျော်ပြီး စေတနာပို ကိုး ကွယ်ရင်တော့ အပါယ်လားတတ် တယ်'

'သဘောပေါက်ပါတယ် ဆရာ။ ဒါနဲ့ ဆရာ့ဆီမှာ မယ်တော်ဆုတောင်းစာ တွေ၊ ဂါထာတွေများ မရှိဘူးလား။ ရှိ ရင် ချီးမြှင့်ပေးပါဆရာ'

'အေးလေ မင်းက လိုချင်တော့လဲ မင်းဆန္ဒကို ဖြည့်ပေးရတော့မှာပေါ့။ မနက်ဖြန် ဒီအချိန် လာခဲ့။ မှတ်စုစာအုပ် ယူလာခဲ့မယ်။ အဲဒီအခါကျမှ အားရ ပါးရ ကူးပေတော့ ကိုယ့်လူ'

'ကျေးဇူး အတိုင်းမသိပါပဲ ဆရာ'

(၂)

မယ်တော်ကြီးအား ပန်း၊ ရေချမ်း ဆီမီး၊ အမွှေးနံ့သာတိုင်၊ လက်ဖက်ပွဲ စသည်ဖြင့် ပူဇော်ကန်တော့ပြီး ပင့်ဖိတ် ပါ။

(ပင့်ဖိတ်နည်းကိုမူကား ဆရာကြီး မိုးတား ဦးထွန်းရှိန်နှင့် အခြားဆောင်းပါးရှင်များ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် ရေးသားပြီး ဖြစ်၍ မရေးတော့ပါ။ ရှာဖတ်ကြပါရန် မေတ္တာ ရပ်ခံအပ်ပါသည်။)

ယခု ကျွန်ုပ်ရေးသားမည့် သူရဿတီ ဂန္ဓာရီမေတ္တာပို့နှင့် ဆုတောင်းကို ကျွန်ုပ်အား ဆန်းကျမ်းဗေဒင် သင်ပေး သော ဆရာဦးမင်းဟန်ထံမှ ရရှိခဲ့ပါ သည်။

ရေးသားသူ မရှိကြသေး၍ ဖော်ပြ အပ်ပါသည်။

---

သူရဿတီဂန္ဓာရီ မေတ္တာပို့

---

သဗ္ဗဟိတ မင်္ဂလာနီ
ပုညာဘိသိရီသောဘဏီ။
သူရဿတီ မမ မာတာ၊
ဘဝန္တု သုခိတာ သဒါ။

**သဗ္ဗဟိတ မင်္ဂလာနီ၊** လောကီ လောကုတ် မယုတ်တိုးပွား အကျိုးများ စွာ မင်္ဂလာကိစ္စ အဝဝ ဟူသမျှတို့ကို။ **ပုညာဘိသိရီသောဘဏီ၊** ရှေး ကုသိုလ်ကံ စီမံဖန်တီးဘုန်းကံရှင်ကြီး ဖြစ်ပေသောကြောင့် တင့်တယ် လျှောက်ပတ်အောင် ကောင်းမြတ် သော အသရေတော်အရပ်ရပ်တို့နှင့် တင့်တယ်တော်မူပေသော။

**မမ၊** ငါ၏။ **မာတာ၊** အမိဖြစ်သော **သူရဿတီ၊** သူရဿတီဟု ဂုဏ်ရှိန် ကျော်ဟည်း ပိဋကတ် မယ်တော်ကြီး သည်။ **သဒါ၊** နေ့ညဉ့်မကွာ အခါခပ် သိမ်း။ **သုခိတာ၊** ကိုယ်စိတ်နှစ်ဖြာ အေးကြည်သာ၍ ဗျာပါမငြိး ချမ်းသာ စွာ ရှိခြင်းသည်။ **ဘဝန္တု၊** စင်စစ်မသွေ ဖြစ်တော်မူပါစေကုန်သတည်း။

[**ဗုဒ္ဓသာသနဥ္စ၊** ရှင်တော်ဘုရား ဟောကြားမိန့်မြွက် မွေစက်ရောင်ဖြာ သာသနာတော်ကြီးကို လည်းကောင်း။ **လောကဥ္စ၊** များလှသောင်းသောင်း ဗိုလ်လူအပေါင်းကို လည်းကောင်း။ **ဝုဍ္ဎိ၊** တစ်နေ့တခြား ဒီရေအလားကဲ့သို့ တိုးပွားစည်ပင်စေခြင်းငှာ။ **သဗ္ဗဒါ၊** အခါခပ်သိမ်း။ **ရက္ခတု၊** စောင့်ရှောက် မသွေ ဆောင်ရွက်တော်မူပါစေ သတည်း။

**ဣန္ဒော့ရာဇာ ဝိယ၊** နတ်ပြည်နှစ် ထပ်ကို ပိုင်သ စိုးမိုးတော်မူပေထသော သာသနာ့ဒါယကာမြတ် ဘိုးတော် သိကြားမင်းကဲ့သို့ လည်းကောင်း။ **မဟာရာဇာနံ ဝိယ၊** ဓတရဋ္ဌ၊ ဝိရူ ပက္ခ၊ ဝိရူဠှက၊ ကုဝေရဟူသော ...ထိုင်

www.burmeseclassic.com

www.burmeseclassic.com

လွှတ်တော်နတ်မင်းကြီးတို့ကဲ့သို့ လည်းကောင်း။ **ကုဒ္ဒိမဏ္ဍော၊** တစ်နေ့တခြား ကြီးမားမြင့်မြတ်သော ဘုန်းတန်ခိုးနှင့် ပြည့်စုံပါစေသတည်း။ **ဇုတိမဏ္ဍော၊** တစ်နေ့တခြား ထွန်းလင်း တောက်ပသော ကိုယ်အဆင်းနှင့် ပြည့်စုံပါစေသတည်း။ **ယသသိနော၊** တစ်နေ့တခြား စည်ပင်တိုးပွားသော ပရိသတ်တို့နှင့် ပြည့်စုံပါစေသတည်း။ **သိရိမဏ္ဍော၊** တစ်နေ့တခြား ကြီးမားမြင့်မြတ်သော အသရေတော်တို့နှင့် ပြည့်စုံတော်မူပါစေသတည်း။

**သူရဿတီ၊** သူရဿတီဟု ဂုဏ်ရှိန်ကျော်ဟည်း မယ်တော်ကြီးသည်။ **ပဋိပတ္တိမဇ္ဈံ၊** ဂန္ဓာရီအကျင့်မြတ် ပဋိပတ် တရားတော်ကို။ **အနုယုဉ္ဇမဏ္ဍော၊** ပွားများမယုတ် အားထုတ်နိုင်သည်ဖြစ်၍။ **သိဒ္ဓိဂတံ၊** ရေလား မြေလား အာကာသွားနှင့် နဝင်းစကြာ သွက်သွက်ခါအောင် ပြင်းစွာတုန်ဟည်း ဝိဇ္ဇာကြီးတို့၏ သွားလေရာ ဖြစ်သောလမ်းသို့။ **ပပ္ပေါတု၊** လျင်စွာမသွေ ရောက်တော်မူပါစေသတည်း။

**မာတာ၊** ကျေးဇူးကြီးဘိ မွေးသမိသည်။ **ကေပုတ္တံ၊** ရင်ခွင်ထက်ဖွားတစ်ဦးတည်းသောသားကို။ **အနုရက္ခတိဣဝ၊** အစဉ်မသွေ စောင့်ရှောက်လေဘိသကဲ့သို့။ **တံ၊** ထို ဂုဏ်ရှိန်ကြီးမားသော ပိဋကတ်မယ်တော်သည်။ **မံ၊** အကျွန်ုပ်ကို။ **ရက္ခတု၊** စင်စစ်မကွာ စောင့်ရှောက်ပါစေသတည်း။

**မေ၊** အကျွန်ုပ်၏။ **သက်ပွံ၊** အကြားဓာတ် အမြင်ဓာတ် မနောဓာတ်နှင့်တကွ သိဒ္ဓိအရပ်ရပ်တည်း ဟူသော ကောင်းမြတ်ဖြူစင် လိုအင်ဆန္ဒ အကြံအစည်ဟူသမျှကို။ **ပန္နရသော၊** တစ်ဆယ့်ငါးရက် ပေါ်ထွန်းထွက်သော။ **စန္ဒောသထာ၊** လပြည့်ဝန်းကြီးကဲ့သို့။ **ပရိပူရေန္တု၊** ကြံတိုင်းအောင်၍ ဆောင်တိုင်းမြောက်အောင် စောင့်ရှောက်မစ, ပြည့်ဝတော်မူပါစေသတည်း။]



## သူရဿတီ ဆုတောင်း

ဩောင်း နမော ဗုဒ္ဓါနုဘာဝေန၊
ဩောင်း နမော ဓမ္မာ နုဘာဝေန၊
ဩောင်း နမော သံဃာ နုဘာဝေန။

၁။ ဤသို့ အသက်ရှင်သမျှ ကာလပတ်လုံး။ ဘုရား၊ တရား၊ သံဃာ သုံးပါးသော သရဏဂုံတို့နှင့်တကွ ကံငါးပါးကို အတတ်နိုင်ဆုံး လုံခြုံအောင် စောင့်ထိန်းရသော ကုသိုလ်ကြောင့်၊ အနှောင့်ဘေးဒဏ်၊ ရန်မာန်ခပ်သိမ်း။ ကင်းငြိမ်းချမ်းသာ၊ မင်္ဂလာတိုးတက်၊ ကျက်သရေဘုန်းတန်း။ လွှန်ပွင့်လင်းလျက်၊ အကြမ်းသရဲ မှီဝဲသသူ၊ အပူအခဘ၊ ဗျာပါဒကွ၊ ဟူသမျှကို၊ ခဏမကြာ ပျောက်ပါစေသော်။

၂။ ဦး–သူရဿတီ၊ အမိဒေဝီ၊ ဝစီနှုတ်ဖျား စောင့်လေနား၍ စကားသံချိုတစ်ခွန်းဆိုသ၊ ထိုထိုနတ်လူ၊ အပေါင်းသူတို့၊ ကြည်ဖြူစုံမက်၊ မေတ္တာသက်လျက်၊ မပျက်အာဏာ၊ သားလိုရာသို့၊ မကွာရောက်စေ၊ ဆိုလေသမျှ၊ မှုကိစ္စဝယ်၊ တစ်စမကြွင်း။ ခပင်းဥဿုံ၊ အလုံးစုံသည်၊ ဆိုဖွယ်မရှိ ပြည့်စုံပါရစေသော်။

၃။ အရေးရှိလျှင်၊ အရိပ်ဆာယာ၊ နတ်တကာနှင့်-ဒေဝါမိလျှ စောင်မ,ကြ၍၊ တကွမသွေ၊ ပျောက်စေဆိုသော်၊ ထိုထိုရောဂါ၊ ဝေဒနာအပေါင်း။ မကောင်းဟူသမျှ ကိုယ်မှလျှောကြွေ၊ သီတာရေသို့၊ ဝေဒနာအေးငြိမ်း၊ ဘေးခပ်သိမ်းတို့၊ ရေဆေးသည့်နှယ်၊ မတွယ်မကပ်၊ ပြတ်လွှတ်ပါစေသော်။

၄။ ရတနာသုံးပါး၊ ဂုဏ်တော်အားကြောင့်၊ နတ်များချီးပင့်၊ နေ့တိုင်းတင့်လျက်၊ ကိုယ်မြင့်ကြံရေး၊ မနေးမြန်စွာ၊ သူမေးလာလည်း၊ နားမှာတတ်သိ၊ ပြောလာဘိ၊ အရှိအတိုင်းအမှန်၊ မကျန်မကြွင်း၊ သူခပင်းတို့၊ ပြုခြင်းကိုပင်၊ နှံ့သိထင်လျက်၊ ဩဇာကြည်လင်၊ နားတိုင်းရှင်အောင်၊ မိခင်စောင်မ,၍ စောင့်ရှောက်ပါစေသော်။

၅။ လူလည်း ချစ်စေ၊ နတ်လည်း ချစ်စေ၊ ကြီးထွေမေတ္တာ၊ ဆုပဏ္ဏာဖြင့်၊ လာဘတန်ခိုး၊ ကျော်ဟိုးတေဇာ၊ အာဏာမပျက်၊ အာယုခက်လည်း၊ အသက်ရာကျော် ရှည်၍၊ ပျော်စွာနေရပါစေသော်။

၆။ သစ်ကျားကြံဆင်၊ ဝေးကမြင်လျှင်၊ နတ်ဆင်ကိုစီး၊ ခရီးမကွာ၊ မိခင်လာလျက်၊ များစွာဗိုလ်ထု၊ ရန်ပြုလာက၊ ဝိဇ္ဇာဗလ၊ သိဒ္ဓိဆိုင်ရာ၊ နတ်များစွာတို့၊ မ ,စပြုပြင်၊ ငါ့ရုပ်သွင်သည်၊ မထင်ချက်ချင်း၊ ပျောက်စေသော်။

၇။ ရောင်တော်ပြန်ပွဲ၊ ဝင်လာဆွဲ၊ မလွဲကေန် ရှိစေသော်၊ မေတ္တေယျရှင်၊ ကံ့ကော်ပင်နှင့်၊ ရွှေစစ်ပလ္လင်၊ ပွင့်လေလျှင်က၊ မဆွဦးတင်၊ ဖူးမြင်ရပါစေသော်။

၈။ မဟာသမုဒ္ဒရာ၊ ဇောင်လှာထပ်ထပ်၊ မြိုင်ရပ်ဟေမာ၊ ဖြတ်သန်းကာမျှ တစ်ခဏနှင့်၊ ရောက်စေသော်။

၉။ ကျွန်ုပ်ယခု တောင်းသည့် ဆုလာဘ်၊ အရပ်ရပ်အား၊ ချစ်သနားစွာ၊ သားသည်းချာနှယ်၊ မေတ္တာကြွယ်ကာ သဗ္ဗညုတွာ၊ ပြည့်စုံစွာကို၊ မကြာချက်ချင်း၊ အောင်စေသော် အောင်စေသော်။

**တင့်စိုးဝေ(နဝင်း)**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

အာရုံကြောနှင့် အကြောအားနည်းသူများအတွက်

# စကြာမင်း

အမှတ်တံဆိပ်

# အကြောအားဆေး

(ယာယီ တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် ဝ၇၁၁YR ဝဝ၆ဝ၂၅)




ကြော်ငြာခွင့်ပြုချက်အမှတ်
တဆ၀က(စာနယ်ဇင်း) ၅၂/၀၅၁၃

'မင်္ဂလာပါ ဆရာ'

'မင်္ဂလာပါဗျာ။ ဘယ်သူတွေများလဲ မှတ်တယ် ရှေ့နေကြီး ဦးအောင်ဝင်းနိုင်တို့ကိုး။ ဘယ်က လှည့်လာကြတုံး'

'ဆရာ့ဆီ သက်သက်လာတာပါ။ ဒီ ကျွန်တော့်မိတ်ဆွေ ဦးဇော်ထွန်းက ရုံးဝန်ထမ်းဆိုတော့ အလုပ်များ၊ အထိုင်များလို့နဲ့ တူတယ်။ ထိုင်းမှိုင်းလေးလံနေပြီး အမြဲတမ်း ညောင်းညာကိုက်ခဲကာ အကြောတွေတက်နေလို့ ညတိုင်းလိုလို နင်းခိုင်း၊နှိပ်ခိုင်းနေတာ တွေ့တာနဲ့ ဆရာ့ဆီ ခေါ်လာတာ'

'ဒါဆိုရင် ဦးဇော်ထွန်းရဲ့ ညာဘက်လက် တစ်ချက်လောက် ပြပါဦး။ ကျွန်တော် သွေးစမ်း အဖြေရှာကြည့်မယ်'

'ဟုတ်ကဲ့ ဆရာ။ လိုအပ်သလိုသာ ကုသပေးပါ'

'ဩော်... ဦးဇော်ထွန်းမှာ အာရုံကြောအားတွေ၊ အကြောအားတွေ နည်းလာလို့ အခုလို ဖြစ်လာတာပါ'

'အာရုံကြောအားနည်းရင် ဒီလိုမျိုး ခံစားရသလား ဆရာ'

'အာရုံကြောတွေ၊ အကြောတွေ အားနည်းလာရင် နောက်ကြောတက်, ဖက်ကြောထိုးခြင်း၊ ခြေလက်တွေ အားမရှိသလိုဖြစ်ခြင်း၊ ခြေလက်တွေ တုန်ယင်လာတတ်ခြင်း၊ အမြဲတမ်း လေးလံထိုင်းမှိုင်းနေခြင်း၊ ခြေကုန်လက်ပန်းကျသလို ခံစားရခြင်း၊ အမြဲတမ်းလိုလို ခြေလက်တွေ ညောင်းညာတောင့်တင်းခြင်း၊ ခြေလက်တွေကပ်ခြင်း၊ လုပ်ချင်ကိုင်ချင်စိတ်တွေ လျော့နည်းလာပြီး နုံးချည့်သလိုမျိုး ခံစားရတတ်ပါတယ်။

အာရုံကြောနဲ့ အကြောတွေ အားနည်းတော့ ကြွက်သားတွေ အဆစ်အဆက်အရွတ်တွေပါ အားနည်းသွားစေပါတယ်။ ဒီအခါမှာ လေးလံထိုင်းမှိုင်း ကိုက်ခဲခြင်း၊ အားမရှိသလိုမျိုး ခံစားရခြင်း၊ အကြောတက် ညောင်းညာခြင်း၊ လေဖြန်း, လေဖြတ်, သွက်ချာပါဒရောဂါတွေ ဖြစ်ပေါ်ခြင်း၊ ခြေတုန်,လက်တုန်၊ လည်ပင်း,ဦးခေါင်းတွေ၊ တုန်ယင်ခြင်းတွေ ဖြစ်ပေါ်ခံစားရတတ်ပါတယ်'

'ဟုတ်လား ဆရာ။ ကျွန်တော့်ကို အကောင်းဆုံးဆေးတွေ လမ်းညွှန်ပေးပါ'

'ဦးဇော်ထွန်းအတွက် အကောင်းဆုံးဆေး ပေးရမယ်ဆိုရင် အာရုံကြောနဲ့ အကြောအား အဆစ်အရွတ် ကြွက်သားအားတွေ အထူးကောင်းမွန်စေတဲ့ စကြာမင်း အကြောအားဆေးကိုသာ မှီဝဲပါ'

'စကြာမင်း အကြောအားဆေးက ဘာတွေကောင်းလဲ ဆရာ'

'ဘာတွေကောင်းလဲဆိုရင်တော့ အာရုံကြောနဲ့ အကြောများ ပိတ်ဆို့ရောင်ရမ်းပြီး နောက်ကြောတက် ဖက်ကြောထိုးခြင်း၊ သတိမှတ်ဉာဏ်နည်းခြင်း၊ အာရုံကြောများ၊ အကြောများ၊ ကြွက်သားများ အားနည်းရောင်ရမ်းခြင်း၊ အရိုးကျိုးပေါင်းတက်ခြင်း၊ လက်ခြေများ အားမရှိသလိုဖြစ်ခြင်း၊ အကိုင်အတွယ်မမြဲခြင်း၊ ထုံကျဉ်ကိုက်ခဲခြင်း၊ အကြောများ တောင့်တင်း၍ ဆိုင်းနေခြင်း၊ လှုပ်ရှားမှုများ အားနည်းနှေးကွေးခြင်း၊ ခြေကပ်လက်ကပ်ဖြစ်ခြင်း၊ လက်မြှောက်မရခြင်း၊ ခါးနာ၊ ခါးတောင့်၊ ခါးကိုက်ခြင်း၊ အောက်ပိုင်းများ ထုံကျဉ်လေးလံညောင်းညာကိုက်ခဲခြင်း၊ ခြေလက်မသယ်နိုင်ခြင်း၊ အထိုင်အထလေးလံခြင်း၊ အမျိုးသားများ ပန်းသေ ပန်းညှိုး ဖြစ်ခြင်း၊ အကြောသေခြင်း၊ ဒူးနာ၊ ဒူးကိုက်၊ ဒူးရောင်ခြင်း၊ ဒူးဆစ် အကွေးအဆန့်မရခြင်း၊ အဆစ်ရောင်၊ အဆစ်နာ၊ အဆစ်ကိုက် လေးဖက်နာဖြစ်ခြင်း၊ အတက်စာနည်းနည်းစားရုံနဲ့ အကြောတက် ညောင်းညာလာခြင်း တစ်ကိုယ်လုံး သွက်လက် ပေါ့ပါးမှုမရှိခြင်းများကို သက်သာပျောက်ကင်းပြီး ကျန်းမာသန်စွမ်းကာ သွက်လက်ပေါ့ပါးစေတဲ့ဆေး ဖြစ်ပါတယ်။ ဒါ့အပြင် လေဖြတ်၊ လေငန်း၊ သွက်ချာပါဒရောဂါများအတွက်လဲ ကာကွယ် ဆေးအဖြစ် တစ်နေ့တစ်ကြိမ် ဆေး(၅)ပြား မှီဝဲပြီး ကြိုတင် ကာကွယ်နိုင်ပါတယ်'

'ဒီဆေးဟာ ဆရာ့ဆေးတိုက်မှာပဲ ရသလား ဆရာ'

'ကျွန်တော့်ဆေးတိုက်အပြင် အမြို့မြို့အနယ်နယ်ရှိ ဆေးမျိုးစုံဆိုင်တိုင်းမှာ ရနိုင်ပါတယ်'

'အခုဆိုရင် ကျွန်တော့်မှာ စကြာမင်း အကြောအားဆေးအစွမ်းကြောင့် ကျန်းမာသန်စွမ်းပြီး သွက်လက်ပေါ့ပါးနေပါပြီ။ အာရုံကြော အားနည်းနေသူများ၊ အကြောအားနည်းသူများ၊ အဆစ်အရွတ် ကြွက်သားအားနည်းသူများ၊ အသက်(၄၀)ကျော်သူများနဲ့ အာရုံကြောအားနည်းတဲ့ ကလေးလူကြီး၊ အမျိုးသား၊ အမျိုးသမီးများအတွက် အကောင်းဆုံး အဖော်မွန်ဖြစ်တဲ့ စကြာမင်း အကြောအားဆေးကို အိမ်တိုင်းဆောင်ထားပြီး မှီဝဲကြပါလို့ အကြံပြုပါရစေ'


**ဆရာမြင့်**
**စကြာမင်းဆေးတိုက်**
အမှတ်-စ/၆၆၆၊ သုဓမ္မာလမ်းမကြီး၊ သုန္ဒာမှတ်တိုင်အနီး
မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း-၇၂၂၅၄၁

**ဦးဇော်ထွန်း**



www.burmeseclassic.com

www.burmeseclassic.com



မီးမိုင်တောင်တက်လမ်းကောင်းအစပ် ပန်းကြာဘုရား

# ဝက်ပေါင်းပင်း၏ ဝိဇ္ဇာမြို့ဟောင်းဆီသို့ (၁)

ဇော်ငြိမ်း (LL.B)

ကျွန်ုပ်နှင့် ရသေ့ကြီး ဦးပညာဣန္ဒိ တို့သည် မြိုင်ကြီးငူ ဆရာတော်ဘဒ္ဒန္တ ...နေ တည်ထောင်ထားတော်မူသော ...မွန်မြို့နယ်၊ မြိုင်ကြီးငူ သာသနာ့ ...ယ်မြေသို့ ညအိပ် နေ့နေ့ သွားရောက် ...ထိုင်လေ့လာခဲ့ကြပြီးလေပြီ။

မြိုင်ကြီးငူ ဆရာတော်ကြီးနှင့် မြိုင်ကြီးငူ သာသနာ့နယ်မြေ စ,တည် ...တည်းကပင်လျှင် အတူတကွ ...က်ပွန်းတတီး လိုက်ပါ သီတင်းသုံး ...သော ဆရာရသေ့ကြီး ဦးဇဝနထံမှ ...ဒေသန္တရဂမ္ဘီရ သုတများစွာ ဆည်းပူး မှတ်သားခဲ့ရပါသည်။

ရသေ့ကြီး ဦးပညာဣန္ဒိမှာလည်း ဤမြိုင်ကြီးငူဒေသ၌ပင် မြိုင်ကြီးငူ ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရသေ့ ဝတ်ခဲ့သည့် လက်ရင်းတပည့်ကြီး ဖြစ် သည့်အပြင် မြိုင်ကြီးငူဆရာတော်၊ ရသေ့ကြီးဦးဇဝနတို့နှင့် အတူတကွ မြိုင်ကြီးငူဒေသတွင် စေတီပုထိုးများ တည်ဆောက်ရာ၌ ပါဝင်ရင်း လက်ပွန်း တတီး သီတင်းသုံးနေထိုင်ခဲ့သူ ဖြစ်ရ ကား ဒေသန္တရဂမ္ဘီရ သုတများစွာ ပြည့်ဝသောပုဂ္ဂိုလ် ဖြစ်လေသည်။

ကျွန်ုပ်ကား အဖော်ကောင်းကို အမှီပြုသွားလာရသဖြင့် များစွာအကျိုး ရှိခဲ့ရလေ၏။ (၁၀.၁၁.၉၄)ရက်နေ့တွင် ညနေပိုင်း၌ မြိုင်ကြီးငူမှ ပဲ့ချိတ်စက်လှေ ဖြင့် ရေစီးသန်လှသော သံလွင်မြစ်ကို ဖြတ်ကူး၍ အနောက်ဘက်ကမ်းရှိ ကမမောင်းရွာသို့ လာခဲ့ကြပါသည်။

သံလွင်မြစ်၏ ဤအပိုင်းတွင် ကျောက်ဆောင်များ ထူထပ်လှပြီး မြစ်လယ်တွင် ကော့ကာရစ်ကျွန်း၊ ကော့လုံကျွန်း စသည်ဖြင့် ကျွန်းကြီး များ ဖြစ်ပေါ်နေသဖြင့် မြစ်ကြောင်း

www.burmeseclassic.com

ကျဉ်းမြောင်းလျက် ရေစီးသန်ရခြင်း ဖြစ်ဟန်တူပေသည်။

'ဝက်ခေါင်းမင်းဟာ သထုံသုဝဏ္ဏဘုမ္မိဒေသက မင်းဆက်တစ်ပါးပေါ့။ အဲဒီမှာ သူပုန်ထ တော်လှန်ကြလို့ ဒီဘက်နယ်ကို တိမ်းရှောင်လာခဲ့တယ်။ မောင်းမမိသံခြွေရံ နောက်ပါ အမြောက်အမြားလဲ အတူပါလာကြတယ်ကွ။

**ပရစ်ဖိုဒေသ၊ မင်းပုန်းဒေသတွေမှာ ယာယီ စတည်းချခဲ့သေးတယ်။ မီးဖိုင်းတောင်ခြေ ကောလုံကျွန်းမှာလဲ ယာယီ နန်းစိုက်နေထိုင်ခဲ့ကြ တယ်။**


**အဲဒီကာမှတစ်ဆင့် ကောလာသ ဘုရားနဲ့ မြိုင်ကြီးငူကြားမှာ မြို့နန်း တည်ပြီး ထီးနန်းစိုက်ခဲ့တယ်။**

ဒါကြောင့် မြိုင်ကြီးငူ မြို့ဟောင်းမှာ စေတီပုထိုးဟောင်းတွေ၊ မြို့ရိုးသုံးထပ်နဲ့ ဆင်ကျုံး၊ မြင်းကျုံး နေရာဟောင်းတွေ၊ နန်းတော်ကုန်းတွေကို တွေ့မြင်ရတာပေါ့။ ဝက်ခေါင်းမင်းဟာ ဓမ္မသာရဘွဲ့အမည်ရတဲ့ ရဟန္တာမထေရ်မြတ်ကြီးကို အမြဲမပြတ် ဆည်းကပ်ကိုးကွယ်ခဲ့တယ်။

ကိုယ်တိုင်လဲ အဂ္ဂိရတ်ဝိဇ္ဇာတစ်ပါး အကူအညီနဲ့ အဂ္ဂိရတ်ကစားပြီး ထွက်ရပ်ပေါက်ဝိဇ္ဇာဖိုရ် ဖြစ်ခဲ့တယ်။ ဓမ္မသာရ ရဟန္တာမထေရ်မြတ် ပရိနိဗ္ဗာန်စံဝင်ယူတဲ့အခါ တောင်ကုန်းထိပ်မှာ ဂဠုန်ငှက်ရုပ်တုလုပ်ပြီး ဂဠုန်ငှက်ရုပ်ရဲ့ ကျောကုန်းပေါ်မှာ ရုပ်ကလာပ်တော် တင်တယ်။

အဲဒီ ဂဠုန်ရုပ်နဲ့ ရုပ်ကလာပ်တော်ကို အပြင်က ဖုံးပြီး ဌာပနာပြု စေတီတော်တစ်ဆူ တည်ခဲ့တယ်။

ရတနာအမျိုးမျိုးကို သင့်တော်ရာမှာ မြှုပ်နှံပြီး နောင်လာမယ့် မင်းကောင်းမင်းမြတ်တို့နဲ့တကွ ပြည်သူပြည်သား သူတော်ကောင်းတို့ စားသုံးဖို့နဲ့



မီးဖိုင်းတောင် မင်းတောက်လယ်စေတီမှ ပန်ကြားဘုရား

မြိုင်ကြီးငူ ပြိုပျက်တဲ့အခါ မြို့သူမြို့သား ဒုက္ခသည်တွေစားသုံးဖို့ ရွှေအိုး၊ ငွေအိုး၊ ပြဒါးသေအိုး၊ သံသေအိုး၊ ပြဒါးပြာအိုး၊ သံပြာအိုးတွေကို အဓိဋ္ဌာန်ပြုပြီး သိုလှောင် မြှုပ်နှံခဲ့တယ်။

ပြီးတော့မှ မြိုင်ကြီးငူနန်းမြို့ကို စွန့်ခွာပြီး မီးဖိုင်းတောင်ကို ရွှေ့ပြောင်း ထီးနန်းစိုက်ခဲ့တယ်။ အဲဒီ မီးဖိုင်းတောင်မှာ ဝိဇ္ဇာမြို့တော်အလုံမြို့ တည်ထောင်ပြီး ပြည်သူပြည်သားအားလုံးကို ပြဒါးပြာတန်ခိုးနဲ့ မြို့အလုံးကို ပျောက် လူမင်း ဝိဇ္ဇာဖိုရ်ဘဝနဲ့ ထီးနန်းစိုးစံနေခဲ့ တာ ခုအချိန်ထိပါပဲ။ ကံကောင်းသူ တချို့က အဲဒီမီးဖိုင်းတောင် အလုံမြို့ တော်ကို ရောက်ဖူးခဲ့ကြတယ်'

'ဘရသေ့ ပြောပြတဲ့ မီးဖိုင်းတောင် အကြောင်းတော့ ကျွန်တော် သတင်း စကား ကြားဖူးခဲ့တာကြာပါပြီ။ ...

**တောင်တန်းပေါ်က ကျောက်ဆန်... ဝင်းကျိုက်တောင်က ခရုပုပ်နဲ့စိမ်ပြီး...**

www.burmeseclassic.com

**မီးဖိုင်းတောင်က ထင်းနဲ့ ချက်စားရင် အာဟာရသိဒ္ဓိပြီး စေတဲ့ ကျောက်ဆန်ထမင်း ဖြစ်လာတယ်လို့လဲ** ဆောင်းပါး တစ်ပုဒ်မှာ ဖတ်ဖူးခဲ့ပါတယ်။ ဒါကြောင့် မီးဖိုင်းတောင်ကို သွားချင်ခဲ့တာ ကြာပါပြီ'

ကျွန်ုပ်နှင့် ဘရသေ့ စကားကောင်းနေစဉ်မှာပင် ကမမောင်း မော်တော်ဆိပ်သို့ ပဲ့ချိတ်လှေ ရောက်ရှိလာတော့သည်။ အချိန် ဘာမှ မကြာလှ။ မိနစ် (၂၀)ခန့်သာ ရှိဦးမည်။

ပဲ့ချိတ်စက်လှေပေါ်မှ ဆင်း၍ ဆိပ်ကမ်းပေါ်သို့ တက်ကြပြီး တည်းခိုမည့်အိမ်သို့ သွားကြ၏။ ကမမောင်းရွာကြီးမှာ ဖာပွန် မြို့နယ်အပိုင်ဖြစ်သည်။ အိမ်ခြေ အလွန်များပြီး အိမ်ကြီး အိမ်ကောင်းများစွာနှင့် စည်ကားလှသဖြင့် မြို့ဟုပင် ထင်ရလေသည်။

ထိုညက ဦးတင်အောင်၊ နော်ထူးကျော့တို့အိမ်၌ ညအိပ်တည်းခိုကြ၏။ အိမ်ရှင်များမှာ ရသေ့ကြီး၏ ဒကာရင်းများဖြစ်ကြပြီး လွန်စွာ ဧည့်ဝတ်ကျေပွန်ကြပါသည်။

(၁၁.၁၁.၉၄) နံနက်( ၇ )နာရီတိတိ တည်းခိုရာ အိမ်မှ စတင် ထွက်ခွာကြ၏။ ဝက်ခေါင်းမင်း၏ ဝိဇ္ဇာမြို့တော် အလုံမြို့နှင့် မီးဖိုင်းတောင်၊ ရွှေအင်ဒုံ ဘုရားပေါင်း စေတီတော်တို့အား ဖူးမြော်လာရန်ပင် ဖြစ်လေသည်။

ဤခရီးလမ်းကို ကျွမ်းကျင်သော ရသေ့ကြီးက ရှေ့မှ ဦးဆောင်၍ သွားပြီး ကျွန်ုပ်က နောက်မှလိုက်သူဖြစ်၏။ အသက်(၆၀)ဝန်းကျင် ရှိနေပြီဖြစ်သော ရသေ့ကြီးမှာ တောတောင် ခရီးကြမ်းများလာရာ၌ပင် လျင်မြန်ဖျတ်လတ်



မီးဖိုင်းတောင် ပင်တက်လမ်းမှ မင်းနားရာ

လွန်းသဖြင့် ကျွန်ုပ်မှာ အပြေးအလွှား အမီလိုက်နေရသည်။

ကျွန်ုပ်တို့သည် ကမမောင်းရွာကြီး၏ အနောက်စူးစူးသို့ ဦးတည်လျှောက်နေကြရသည်။ တောလမ်းခရီးမှာ လူသွားလမ်းငယ်မျှသာ ဖြစ်သည်။ နာရီဝက်ခန့်ကြာသော် ပေ(၆၀)ခန့် ကျယ်သော စမ်းချောင်းကြီးတစ်ခုကို သစ်တုံးတံတားရှည်မှ ဖြတ်ကူးကြရသည်။

နောက် တစ်နာရီခန့်ကြာသော် ရှေ့ရှိ တောင်ကုန်းပေါ်၌ ထုံးဖြူဖြူ ဖွေးဖွေး စေတီတော်နှစ်ဆူကို ဖူးတွေ့ရ၏။

**'အဲဒီကောင်းကျော်စေတီလို့ ဘွဲ့အမည် ရှိတယ်။ တန်ခိုးကြီးတဲ့ဘုရားတစ်ဆူပဲ ကွယ့်'**

ရသေ့ကြီးမှာ လမ်းသွားရင်း ပြောပြသွားလေသည်။ နှစ်နာရီခန့် ကြာသော အခါ မတ်စောက်စောက်၊ တိုပြတ်ပြတ် တောင်ကြီးတစ်လုံး၏ အခြေသို့ ရောက်ကြသည်။

**'အဲဒါ ဟားပေါင်တောင်လို့ ခေါ်တယ်။ ဒီတောင်မှာ ဓာတ်သဠာ ကြော ရှိတယ်လို့ သိရတယ်။ တရားဝင် တူးဖော်ကြတာ မရှိသေးဘူး'**

ရသေ့ကြီးက ဒေသန္တရသုတများ ပြောပြသွားလေသည်။

ဟားပေါင်တောင်ခြေကိုပတ်၍ တောနက်တွင်းသို့ ဝင်ကြရ၏။ လမ်းဘေးဝဲယာမှာ သစ်ပင်ကြီးများ အုပ်ဆိုင်းလျက် နေပြောက် မထိုးနိုင်။ ချုံနွယ်များ ထူထပ်လှ၏။

လမ်းမှာ ကျဉ်းမြောင်းပြီး အကွေ့အကောက်များသဖြင့် ရသေ့ကြီးကို မျက်ခြည်ပြတ် မသွားစေရန် အပြေးအလွှား သုတ်ခြေတင်နေရလေသည်။ ရသေ့ကြီးကား ခြေလှမ်းသွက်လွန်းသည်။ အချိန် နှစ်နာရီခွဲကြာသော် အရှေ့အနောက် စီးဆင်းနေသည့် စမ်းချောင်းငယ်တစ်ခုကို တွေ့ရသည်။

စမ်းချောင်း အထက်နားတွင် သစ်သား ဇရပ်ငယ်တစ်ဆောင် ရှိနေသည်။ မီးဖိုင်းတောင်ခြေကျောင်း ဆရာတော်နှင့် တပည့်ဒကာများ ဆောက်လုပ်လှူဒါန်းထားခြင်းဖြစ်ကြောင်း ကမ္ပည်းရေးထိုးထားပါသည်။

နောက်ထပ် နာရီဝက်ကျော် လမ်းလျှောက်ပြီးသောအခါ တောင်ခြေတောအုပ်အတွင်း၌ ဘုန်းတော်ကြီးကျောင်းနှင့် သိမ်ဇရပ် စသည်တို့ကို တွေ့ရှိရလေသည်။

**'အဲဒါ မီးဖိုင်းတောင်ခြေကျောင်းပဲ၊ ဒီနေရာကစပြီး တောင်ပေါ် အတက် လမ်းကို ရောက်ဖို့ နာရီဝက်ကျော် ကျော် ထပ်သွားရဦးမယ်။ တောင်ကုန်းနဲ့ကုန်းလောက်တော့ရမယ်၊ ဒီတော့ ဒီမှာ ခဏနားပြီး မနက်စာစားကြ တာပေါ့'**



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်တို့သည် ထိုကျောင်း၌ ခေတ္တ ရပ်နား၍ ဆွမ်းစားလေသည်။ ရသေ့ကြီးက အချိုမှုန့် မပါသော သက်သတ်လွတ်ဟင်းလျာနှင့် စားသည်။

မြင်ကြီးငှသရာတော်သည်လည်း အချိုမှုန့် မပါသော သက်သတ်လွတ်ဖြင့်သာ ဘုဉ်းပေးကြောင်း သိရလေသည်။

နံနက်(၁၁)နာရီအချိန်တွင် မီးဖိုင်းတောင်ခြေကျောင်းမှ ဆက်၍ ထွက်ကြ၏။ လမ်းခရီးတွင် တောင်ကုန်းနှစ်ကုန်းကို ကျော်ဖြတ်ရသည်။ တောင်ယာစပါးများ ရိတ်သိမ်း၍ နှမ်းကြဲထားသည်ကို တွေ့ရ၏။

လမ်းဘေးများတွင် ရိုးရာဓလေ့အရ တောင်ယာနတ် ပူဇော်ထားသော ဝါးစင်ငယ်များကို မြင်တွေ့ရသည်။ ထူးဆန်းသည်မှာ လယ်ကထာန်းတစ်ကောင်ကို မီးဖုတ်၍ ဝါးတံစို့ထိုးပြီး ထောင်ထားခြင်း ဖြစ်လေသည်။ ဤသို့ ပူဇော်ခြင်းဖြင့် အဖျက်အဆီးနည်းပြီး သီးနှံအထွက်တိုးသည်ဟု ယုံကြည်ကြလေသည်။

နေ့ခင်း (၁၁)နာရီ (၄၅)မိနစ်တွင် တောင်တက်လမ်းအစသို့ ရောက်ရှိကြလေသည်။ တောင်စောင်းတစ်နေရာရှိ ကုန်းမြင့်ပေါ်တွင် ထုံးဖြူဖြူစေတီတစ်ဆူကို သွားရောက်ဖူးမြော်ကြရသည်။ ဉာဏ်တော် ကိုးတောင်ခန့်ရှိပြီး အောက်ခြေ ကျောက်တုံးများကို ကျောက်တုံးငယ်များ စီထပ်ထားလျက် သဘော်ဦးပုံစံ ပြုလုပ်ထားသည်။

'ဒီစေတီကို **ပန်ကြားဘုရားလို့** ရှေးကတည်းက ခေါ်ခဲ့ကြတယ်။ ဒီလမ်းက တောင်ပေါ်ဘုရားကို တက်ကြမယ့် ဘုရားဖူးတွေဟာ ပထမဦးဆုံး ဒီစေတီ အရင်လာပြီး ဖူးကြရတယ်။ ဒါမှ လမ်းခရီးတစ်လျှောက်မှာ အန္တရာယ်ကင်းပြီး တောင်ထိပ်စေတီကို ရှာဖွေ တွေ့ရှိဖူးမြော်ကြရဘယ်။





ဘိုးတော်လေးကမုန်း

**ဟိုတုန်းက တောနက်လွန်းတော့ ကျားကြီးတွေ၊ ဆင်ရိုင်းကြီးတွေ၊ တောဆင်တွေ အစရှိတဲ့ တောရိုင်းတိရစ္ဆာန်တွေရဲ့ ဘေးအန္တရာယ်ကို ကြောက်ရွံ့ကြရတယ်။**

**ပြီးတော့ တောင်ပေါ်စေတီကလဲ သွားတဲ့ လူတိုင်း ဖူးရတာမဟုတ်ဘူး။ ရံဖန်ရံခါ ရှာမတွေ့အောင် ပျောက်နေတတ်တယ်။ အဲဒါကြောင့် ဒီစေတီကို လာပြီး တောင်ပေါ်ဘုရားကို ကောင်းစွာ ဖူးရပါစေလို့ ကြိုတင် ခွင့်ပန်ကြရတဲ့ ဓလေ့ထုံးစံ ရှိခဲ့တယ်ကွယ်'**

ရသေ့ကြီးမှ ရှင်းပြပြီးနောက် ဘုရားထိုင်၍ ရှိခိုးနေလေသည်။ ကျွန်ုပ်ကမူ ထုံးစံအတိုင်း စေတီဝန်းကျင် အနီးအနား ထူးခြားသော အပင်၊ အသီး၊ အရွက်၊ ကျောက်စကျောက်နများကို လိုက်လံ ကြည့်ရှုလေ့လာလျက်ရှိ၏။

**မီးဖိုင်းတောင်မှာ ဆေးဖက်ဝင် ဆေးပင်များ၊ ဂမုန်းအမျိုးမျိုးနှင့် သိုက်ဝင်ပင်များ၊ အဂ္ဂိရတ်သုံး ကျောက် အမျိုးမျိုး စသည်တို့ ပေါများကြောင်း ကြားဖူးထားခြင်းကြောင့် ဖြစ်ပေသည်။**

စေတီတော်၏ အနောက်ဘက် ဆယ့်ငါးပေခန့် ကျောက်ဖျာကြီးအနီးတွင် မြင်ဖူးနေကျ မဟုတ်သော အပင်တစ်မျိုး ခပ်စုစုပေါက်နေကြ၏။ အပင်၊ အရွက်တို့မှာ ဒန့်ပင်နှင့် တူသော်လည်း အရောင်ပို၍ အစိမ်းရင့်သည်။

ခွေးသွားစိပ်ရှိသော သူ့အရွက်များကို လက်နှင့် ဆုပ်ခြေလိုက်ရာ အားလုံး လွယ်ကူစွာ ကြေမွသွား၏။ အပင်ရင်းတွင် အဖြူရောင်ဥများရှိသည်။ ရိုးတံနှင့် ရွက်ကြောတို့မှာ ညိုပြာရောင် ဖြစ်သည်။ သူ့အနံ့မှာ ခပ်မွှေးမွှေးဖြစ်၏။


'အဲဒါ သိုက်ဝင် ဆေးပင်အမျိုးအစားထဲက **ပုစွန်ခြေကြွေပင်**လို့ ခေါ်တယ်။ အဂ္ဂိရတ်မှာ ပြဒါးကို သေစေနိုင်တဲ့သတ္တိရှိတယ်။ **လုပ်နည်းကတော့ သူ့ဥကို ညက်အောင် ကြိတ်ခြေပြီး ပြဒါးနဲ့နယ်၊ လုံမှာထည့်ပြီး မီးနွေးနွေးထိုးရင် ပြဒါးခဲကို ရမယ်။**

အဲဒါကို အရင်းတည်ပြီး သုတ်ကို ပြာကျအောင်လဲ ဆက်လုပ်နိုင်တယ်။ ဒန်ကို ငွေဖြစ်အောင်လဲ ဆက်လုပ်နိုင်တယ်ကွယ့်'

ရသေ့ကြီးကား အဂ္ဂိရတ်ပညာတွင်လည်း ကျွမ်းကျင်သူဖြစ်သည်။ တိုင်းရင်းဆေးဖက်တွင်လည်း အစိုး... အသိအမှတ်ပြု ဆေးသင်တန်းများတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ဖူးသူဖြစ်... ဂါထာမန္တရား အစီအရင်တွင်လည်း ထက်မြက်သည်။ ရသေ့မြတ်...

www.burmeseclassic.com

www.burmeseclassic.com



◆ ဘိုးတော်ဖြူဂမုန်း

တပ်အပ်သော ဂမ္ဘီရလောကီပညာ စွယ်စုံရလေသည်။

ပန်ကြားဘုရားသို့အသွား လမ်းဘေးဝဲယာမှာ စမ်းချောင်းများ၊ လျှိုများ အလွန်များလှ၏။ ရေနီးသဖြင့် ဒူးရင်းသီးခြံကြီးများလည်း တွေ့ရသည်။ လမ်းနှင့် မနီးမဝေး တောအုပ်များတွင် သဘာဝအလျောက် ပေါက်နေသည်လား၊ သို့တည်းမဟုတ် သူတော်စင်တစ်စုံတစ်ဦးထံမှ ထူးခြားသောရည်ရွယ်ချက်ဖြင့် စိုက်ပျိုးထားသည်လား ဝေခွဲမရနိုင်သော ဂမုန်းပင်မျိုးစုံကို တောသဖွယ် အစုလိုက် တွေ့ရှိရ၏။

အချို့ဂမုန်းပင်များကို တွေ့မြင်ဖူးသော်လည်း အချို့ဂမုန်းပင်များကို မတွေ့ဘူးပေ။ အချို့ဂမုန်းပင်များ၏ အသုံးဝင်ပုံ၊ အကျိုးပြုပုံတို့ကို သိရှိသော်လည်း အချို့ကိုမူ လုံးဝ မသိပေ။ သိလိုသမျှကို ရသေ့ကြီးမှ လိုက်ရှင်းပြပေးသည်။

**ချင်းဖြူဂမုန်း၊ လိပ်ပြာဂမုန်း၊ လယ်ဂေနုဂမုန်း၊ မြင်းပျံဂမုန်း၊ ဆေးမြင်း ခွာကြီး၊ ဘိုးတော်ဖြူဂမုန်း၊ ကျောက် ဆက်ဂမုန်း၊ ဆေးဝါဂမုန်း၊ ဘိုးတော် လေးဂမုန်း သေညှိဖြင့် အမျိုးစုံနေသည်။**

ချင်းဖြူဂမုန်းဟာ ဇင်းကျိုက်တောင်၊ ပုပ္ပါးတောင်တို့လို ထူးခြတ်တဲ့ နေရာတွေမှာပဲ ပေါက်တတ်တယ်။ မီးဖိုင်းတောင်မှာတော့ ပေါပါတယ်။ အဂ္ဂိရတ်မှာ သုံးနိုင်သလို၊ ဆေးဖက်လဲဝင်တယ်။ အဖောအရောင် ရောဂါတွေမှာ သုံးနိုင်သလို သုံးခွက်တစ်ခွက်တင် ပြုတ်သောက်၊ အမြစ်ကို သွေးလိမ်းရတယ်။

လိပ်ပြာဂမုန်းကို အိမ်ရှေ့မှာ အိုးနဲ့စိုက်ပြီး အမွှေးရည်မှာ အုန်းဆီ တစ်စက်, နှစ်စက်ထည့်၊ နေ့စဉ်လောင်းပေးနိုင်ရင် သူတစ်ပါး မကောင်းကြံစည်လို့ မရနိုင်ဘူး။ အကာအကွယ်သိပ်ကောင်းတယ်။ မြင်းပျံဂမုန်းကတော့ ပယောဂကုရာမှာ သုံးရတယ်။ ဆေးမြင်းခွာကြီးကတော့ အသုံးများပါတယ်။

မျက်စိနာရင် ဆေးမြင်းခွာနဲ့၊ ချင်းနဲ့ သွေးပြီးသောက်။ ဝက်ခြံပေါက်ရင် ဆန်ဆေးရည်နဲ့ သွေးလူး။ အနာဝင်ရင် ဆင်ချေးနဲ့ သွေးတိုက်၊ အနာပေါက်ရင် နနွင်းနဲ့ ကြိတ်အုံ၊ ထိခိုက်ရှနာမှာ ဆီနဲ့သွေးပြီးလူး၊ ဒဏ်ရာကြီးရင် ဆေးမြင်းခွာ သက်သက်ကြိတ်ပြီးအုံ၊ နားထဲ ပိုးကောင်ဝင်ရင် ကျင်ငယ်ရည်နဲ့သွေးပြီး နားကျပ်။

လည်ပင်းမှာ အနာပေါက်ရင် နနွင်းနဲ့ ကြိတ်အုံ၊ နှမ်းဆီနဲ့ဖျော်လူး၊ ငှက်ဖျား၊ အပူဖျား၊ ရေချိုးမှားရင် ဆေးမြင်းခွာ (၁၀)ကျပ်သား၊ ငရုတ်ကောင်း(၅) ကျပ်သား မြေအိုးနဲ့ ပြုတ်ပြီး ရေချိုး။ ခွေးကိုက်ဒဏ်ရာကို ချင်း၊ ဆားတို့နဲ့ အတူရောကြိတ်ပြီးအုံ။

ဒူလာ၊ ညောင်းညာကိုက်ခဲထုံကျဉ်၊ ခြေသေလက်သေရောဂါကို ဆေးမြင်းခွာ(၁၀)ကျပ်သား၊ ဆီးဖြူမြစ်(၅) ကျပ်သား မြေအိုးသစ်နဲ့ သုံးခွက် တစ်ခွက်တင် ပြုတ်သောက်။ ခြေကျိုးလက်ကျိုး၊ အကြောပြတ်ဆိုရင် ဆင်ချေးနဲ့ ကြိတ်အုံ၊ လူးလဲလူး။ တစ်ပတ်အတွင်း ပြန်ဆက်တယ်။

အမျိုးသမီးတွေ ရာသီမမှန်ရင် ပိတ်ချင်း(၅)ကျပ်သားနဲ့ သတူရော ကြိတ်ပြီး ရေနွေးနဲ့သောက်။ ဆေးမြင်းခွာနှစ်ဆ၊ ငရုတ်ကောင်းတစ်ဆ ရော ကြိတ်ပြီး ပျားရည်နဲ့တော၊ နေ့တိုင်းစားရင် အမောအပန်း ခံနိုင်ပြီး အသားအရည် နုပျိုအရွယ်တင်တယ်၊ အသက်ရှည်ဆေးပဲ။

**ဘိုးတော်လေးဂမုန်းနဲ့ ဘိုးတော်ဖြူဂမုန်းမျိုးတွေက အိမ်မှာ ဘေးအန္တရာယ်ကင်းအောင် အိမ်ရှေ့ခြံရှေ့တွေမှာ စိုက်ပျိုးကြရတယ်။ ဆေးဝါဂမုန်းတို့၊ ကျောက်ဆက်ဂမုန်းတို့ ဆိုတာ အိမ်တွင်းရေး ဘေးရန်း သာယာပျော်ရွှင်စေဖို့အတွက် ခြံဝင်း ပတ်လည်မှာ စိုက်ပျိုးကြရတယ်"**

ထို့နောက် ကျွန်ုပ်တို့သည် ပန်ကြားဘုရားမှ ပြန်ထွက်ပြီးလျှင် မတ်စောက်လှသော တောင်တက်လမ်းကို စတင်တက်ကြရတော့၏။ လမ်းမှာ အချို့



www.burmeseclassic.com

www.burmeseclassic.com

နေရာ၌ (၁၀)ပေခန့်ကျယ်ပြီး အချို့နေရာ၌ (၃)ပေမျှသာ ကျယ်သည်။ ကျောက်တုံးကြီးများကို စီထပ်ထား၍ အဆင့်ဆင့်ဖြစ်အောင် ပြုလုပ်ထားခဲ့ခြင်းဖြစ်သည်။ ရှေးဟောင်းလမ်း ဖြစ်လေသည်။

'ဒီလမ်းကို မင်းတက်လမ်းလို့ ခေါ်တယ်။ ရှေးတုန်းက ရှင်ဘုရင်နဲ့ မင်းညီမင်းသား၊ မိဖုရား၊ မှူးကြီးမတ်ရာတွေပဲ ဒီလမ်းက တက်ကြရတယ်။ သာမန်အရပ်သားတွေက ကြုံရာ တောလမ်းကိုထွင်ပြီး ဘုရားကို တက်ရတာ။ ဒါကြောင့် ရောမကျောက်တုံးကြီးတွေနဲ့ တက်လို့ကောင်းအောင် ပြုပြင်ထားတာပေါ့။

**ဒီမင်းတက်လမ်းက မတ်စောက်ပေမယ့် အချိန်တိုတိုနဲ့ ဘုရားကို ရောက်တယ်။ လမ်းမှာ အနားယူဖို့ ဂူတွေရှိတယ်။ ရေရနိုင်တယ်။ ရှားပါးထူးဆန်းတဲ့ သစ်ခွပင် ဂမုန်းပင်တွေ ရှိတယ်။ ရှုခင်းတွေ သာယာတယ်၊ အရိုင်းအာဝါသ ကောင်းတယ်'**

နေ့လယ် တစ်နာရီတိတိတွင် လမ်း၏ ညာဘက်၌ လှပသော လိုဏ်ဂူငယ်တစ်ခုကို တွေ့ရှိရ၏။ လိုဏ်ဂူဝ ကျောက်တုံးကြီးမှာ ဖားကြီးတစ်ကောင်နှင့်တူလှသည်။

'အဲဒါ ကျောက်ဖားလိုဏ်ဂူလို့ခေါ်တယ်။ ဟိုတုန်းက ရှင်ဘုရင်တွေ ခေတ္တအနားယူတဲ့ နေရာပေါ့။ ဂူထဲမှာ ရေစိမ့်တွင်းရှိတယ်'

ကျွန်ုပ်လည်း ဂူတွင်းသို့ ခေတ္တဝင်ကြည့်၏။ ဂူမှာ သိပ်မနက်လှပေ။ စိမ့်ရေတွင်းမှာ တစ်ထွာခန့်မျှ အကျယ်ရှိသော်လည်း အေးမြသော ကျောက်စက်ရေတို့ဖြင့် ပြည့်လျှံနေသည်။ ရေတစ်ငုံမျှ သောက်သုံးရုံနှင့် အမောပြေရသည်။

**ဂူအနီးဝန်းကျင် လှေလာသောအခါ ဂမုန်းပင် အစုညီးငယ် တွေ့ရှိရ၏၊ သစ်သားစေတော်များလည်း တွေ့ရသဖြင့်**



ကျောက်ဆက်ဂမုန်း

**ရှေးက ရသေ့၊ ရဟန်း၊ သူတော်စင်တစ်ပါးပါး သီတင်းသုံးခဲ့မည်ဟု ခန့်မှန်းရပါသည်။**

စိုက်ပျိုးထားသော ဂမုန်းတို့မှာ ခတ္တာရွှေဂမုန်း၊ ခတ္တာဝါဂမုန်း၊ ရေမွှေးဂမုန်းတို့ ဖြစ်ပါသည်။ အင်္ဂရတ်တွင် အသုံးပြုနိုင်ကြောင်း ရသေ့ကြီးမှ ပြောပြ၏။ ထိုနေရာမှ ဆက်တက်ကြပြီး မလှမ်းမကမ်းရှိ ကျောက်နံရံကြီးများမှာ သဘာဝ၏ ရဲတိုက်ကြီးသဖွယ် တွေ့ရလေသည်။

ရှေးဟောင်းဘုရင်များ လက်ထက် တပ်စခန်းများ ချခဲ့ဟန်တူသည်။ လမ်းဘေး၌ သစ်ပင်ကြီးတစ်ပင်မှာ အမြင်ဆန်းနေသည်။ အပွင့်ဝါများ အဆုပ်လိုက် လှပစွာ ပွင့်နေရာ ပင်စည်ပတ်လည် မြေပြင်နှင့် ထိစပ်နေရာ အထိ အပွင့်ဝေနေသည်။ အကိုင်းဖျားများတွင် မပွင့်ဘဲ ပင်စည်ပတ်လည် အနိမ့်ပိုင်း၌ ပွင့်နေသော ဘာဘာဝကား ဆန်းပြားနေပေသည်။

ထိုနေရာမှ ဆက်တက်ခဲ့ရာ မွန်းလွဲတစ်နာရီဆယ့်ငါးမိနစ်၌ ထူးဆန်းသော ကျောက်ဖျာကြီး တစ်ချပ်ရှိရာသို့ ရောက်ရှိကြလေသည်။ ကျောက်ဖျာကြီးမှာ အလျားအနံ ဆယ်ပေကျော်မျှရှိ၏။ စတုရန်းပုံ မကျတကျဖြစ်သည်။

ကျောက်ဖျာပေါ်တွင် အလျားအနံ တစ်ထွာကျော်၊ အနက်တစ်လက်မကျော်နှစ်လက်မနီးပါးရှိသော ရေပစာလုံးများ ထွင်းထားသည်ကို တွေ့ရသည်။ ထိုစာတို့မှာ အက္ခရာပုံသဏ္ဌာန်ကား တရုတ်စာနှင့်နီးစပ်သည်။

'ဒီကျောက်ဖျာကြီးကို ဘင်္ဂလီကျောက်ဖျာလို့ ခေါ်တယ်။ ရှေးခေတ်က တရုတ်ပြည်က စွယ်တော်ပင့်ပြီး ပြန်လာတဲ့ မြန်မာဘုရင်ရဲ့ သံတမန်အဖွဲ့နဲ့ အတူလိုက်ပါလာတဲ့ သံတမန်အဖွဲ့က အမှတ်တရ ရေးထွင်းသွားတာလို့ ရှေးလူကြီးတွေပြောပြခဲ့ဖူးတယ်'

ကျောက်ဖျာကြီးနှင့် မနီးမဝေးတွင် သိဒ္ဓိဝင်ဂမုန်းပင်များရှိကြောင်း ရသေ့ကြီးဇဝနက မြိုင်ကြီးငူတွင် ပြောပြခဲ့ဖူးသည်ကို သတိရမိ၏။ ထို့ကြောင့် မနီးမဝေးသို့ လိုက်ရှာမိရာ ကျောက်ဖျာမှ ကိုက်ငါးဆယ်ခန့်အကွာ ကျောက်တုံးအကြိုအကြား၌ ဂမုန်းတစ်ပင်ကို တွေ့ရ၏။

ရွှေလ ဆက်ဖတ်ပါရန်

အောင်ဇ(LL.B)



www.burmeseclassic.com

www.burmeseclassic.com



# အခက်အခဲကြုံကျော်

## ဘုမ္မိကျင့်စဉ်ကို အားကိုးပါ

မလှိုင်မြို့နယ်၊ ရွှေပေါက်ကျွန်းကျေးရွာ စေတော်ဝင် သာသနာပြုစခန်းမှ ဆရာတော် အရှင်ဓမ္မသိဒ္ဓိမဟာ ဥတ္တမက ချီးမြှင့်တော်မူသော ကျင့်စဉ် ဖြစ်သည်။

လောကီမျက်နှာစာတွင် စားဝတ်နေရေးမှအစ အခက်အခဲကြီးစွာ ကြုံတွေ့နေရပါက ဤကျင့်စဉ်ကို (၇)ရက်တိတိ မပျက်မကွက် ကျင့်ကြံအားထုတ်ပါက တည့်မှီရာ ရရှိပြေလည်စေသည်ဟု သိရသည်။

**ပြုလုပ်ရန်မှာ** မိမိမွေးနေ့၏ ညဉ့်ဦး ပိုင်းကာလတွင် အများ ကိုးကွယ်သည့် စေတီပုထိုးတစ်ဆူတွင် ဘုမ္မိအရပ်၌ ဖယောင်းဆီမီးထွန်းကာ အောက်ပါ ဂါထာကို မိမိအသက်ထက် တစ်ခေါက်ပို၍ ရွတ်ပွားပူဇော်ရန် ဖြစ်သည်။

'ရတ္တ နတ္တယံ နိစ္စံ မံ ရက္ခတု'

**ရတနတ္တယံ၊** ရတနာမြတ်သုံးပါး သည်။ **နိစ္စံ၊** အမြဲ။ **မံ၊** ကျွန်ုပ်ကို။ **ရက္ခတု၊** စောင့်ရှောက်တော်မူပါဟူ၍ အနက်ရှိသောဂါထာ ဖြစ်သည်။

**ဘုမ္မိအရပ်မှာ** မိမိမွေးနံဂြိုဟ်တိုင်မှ (နာရီလက်တံအတိုင်း) လက်ယာရစ် (၄)ခုမြောက်ဂြိုဟ်တိုင်နေရာ ဖြစ်သည်။

အားထုတ်ကျင့်ကြံခြင်း ဖြစ်သည်။

ဤကျင့်စဉ်ကို စေတော်ဝင် ဆရာတော်ကြီး၏ တပည့်ရင်းတစ်ဦးဖြစ်သူ ဦးသိန်းထွန်းကြည်(အင်း၀)က ဤသို့ ရေးသားဝန်ခံကာ ဖော်ပြခဲ့ခြင်း ဖြစ်သည်။

ရိုးရိုးသားသား အမှန်အတိုင်းဝန်ခံရလျှင် စာရေးသူသည် ရွှေပေါက်ကျွန်း ဆရာတော်ရှိစဉ်ကာလက ဆရာတော်၏ အနီးကပ် သာသနာ့အကျိုးဆောင် တစ်ဦးအဖြစ် ကျောင်းစခန်းတွင် အမြဲနေထိုင်ပါသည်။ ဆရာတော်၏ ဂုဏ်ကျေးဇူးကြောင့် အစစအရာရာ မပူမပင် မကြောင့်မကြ အထက်တန်းမှ နေထိုင်ရပါသည်။

ဆရာတော် ခန္ဓာဝန်ချသောအခါ စာရေးသူ၏ဘဝသည် အမိမဲ့သား ရေနည်းငါးပမာ သိသိသာသာ ပြောင်းလဲခဲ့ရသည်။ သုံးနှစ်ကျော် အချိန်ကာလတိုင် ဘဝရပ်တည်မှုမှာ အတိအကျမရှိ ဖြစ်နေချိန်တွင် အိပ်မက်တွင်း၌ ဆရာ



တွင် ထူးထူးခြားခြား ဘဝရည်မှုအတွက် အလုပ် ရရှိခဲ့ပါသည်။

***[ရွှေပေါက်ကျွန်းဆရာတော်ကြီး ချီးမြှင့်သည့် ကျင့်စဉ်နှင့် တရားတော်များ။ ဦးသိန်းထွန်းကြည် (အင်း၀) စာမျက်နှာ -၅၅]***

ဆရာတော်သည် ၅-၂-၁၉၉၉ရနေ့တွင် ခန္ဓာဝန် ချတော်မူသဖြင့် ဦးသိန်းထွန်းကြည် အလုပ်ရှိသော အချိန်မှာ ၂၀၀၀ ပြည့်နှစ်၊ နှစ်လယ်ကာလ ဖြစ်ပေမည်။

ယင်းစာအုပ်တွင် သူ၏ ကိုယ်ရေးအကျဉ်းကို ဖော်ပြထားရာ ၂၀၀၀ပြည့်နှစ်၊ ဩဂုတ်လ(၁)ရက်နေ့တွင် နက္ခတ္တဗေဒင်မြည်မဂ္ဂဇင်း ဒေသန္တရ အယ်ဒီတာအဖြစ် ခန့်အပ်ခံရကြောင်း ပါရှိသည်ကို တိုက်ဆိုင်စွာ တွေ့ရလေသည်။

ထို့ကြောင့် အစွမ်းထက်သော ကိုယ်တွေ့ကျင့်စဉ်အဖြစ် အဆိုပါ စာအုပ်မှ ထုတ်နုတ်ဖော်ပြလိုက်ခြင်း ဖြစ်ပါသည်။

***ရွှေပေါက်ကျွန်းစေတော်ဝင်ဆရာတော်ကြီးအား လေးစားစွာဖြင့်...***

| | |
|---|---|
| **တနင်္ဂနွေသားသမီး** | = တောင်အရပ်၊ ဗုဒ္ဓဟူးဂြိုဟ်တိုင်။ |
| **တနင်္လာသားသမီး** | = အနောက်တောင်ထောင့်၊ စနေဂြိုဟ်တိုင်။ |
| **အင်္ဂါသားသမီး** | = အနောက်အရပ်၊ ကြာသပတေးဂြိုဟ်တိုင်။ |
| **ဗုဒ္ဓဟူးသားသမီး** | = အနောက်မြောက်ထောင့်၊ ရာဟုဂြိုဟ်တိုင်။ |
| **ကြာသပတေးသားသမီး** | = မြောက်အရပ်၊ သောကြာဂြိုဟ်တိုင်။ |
| **သောကြာသားသမီး** | = အရှေ့မြောက်ထောင့်၊ တနင်္ဂနွေဂြိုဟ်တိုင်။ |
| **စနေသားသမီး** | = အရှေ့အရပ်၊ တနင်္လာဂြိုဟ်တိုင်တို့ ဖြစ်ကြသည်။ |

ဘုမ္မိအရပ်ကား မကောင်းသော အညစ်အကြေးစွန့်ရာအရပ် ဖြစ်သည်။ မိမိရင်ဆိုင်နေရသော မကောင်းသည့် ဂြိုဟ်အစီးအနင်းများ ပပျောက်စေရန်

တော်က ဘုမ္မိကျင့်စဉ်ကို လုပ်ဆောင်ရန် လမ်းညွှန်ပါသည်။

အိပ်မက်အတိုင်း ယုံယုံကြည်ကြည် အားထုတ်ခဲ့ရာ (၇)ရက်ပြည့်သောနေ့

**ထွေးမောင်**

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

အမျိုးသားများ အားအင်ကုန်ခန်း စိတ်မရွှင်လန်းရင်

စကြာမင်း

အမှတ်တံဆိပ်

အားတိုးဆေး မှီဝဲပါ

ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် (၀၇၁၁ YR ၀၀၆၀၂၄)



ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း)
၅၃/၀၅၁၃

'ဟေ့ ကိုကြီးကောင်း အိမ်တွင်းပုန်း လုပ်နေတာလားဗျ'

'အိမ်တွင်းပုန်းနေတာ မဟုတ်ဘူး။ စိတ်ဓာတ်ကျနေတာဗျ'

'ကဲ ဆိုစမ်းပါဦး၊ စိတ်ဓာတ်ကျစရာ ဘယ်လိုအကြောင်းတွေများ ရှိလို့လဲ'

'ပြောရရင်တော့ ရှက်စရာကြီးပါဗျာ၊ ဒါပေမယ့် ခင်ဗျားက ဗဟုသုတစုံသူ ဆိုတော့ အကြံဉာဏ်များပေးနိုင်ကောင်းရဲ့ ဆိုပြီး ရှေ့မျက်နှာ နောက်ထားပြီး ပြောမယ်ဗျာ။ ကျွန်တော့်မှာ အမျိုးသားအားနည်းရောဂါ ဖြစ်နေလို့ဗျ။ အဲဒါ လုပ်ပါဦး။ ဘယ်လိုလုပ်ရင် ကောင်းမလဲ'

'ဆေးတွေ မသုံးစွဲဘူးလား'

'သုံးစွဲတာမှ ရှိသမျှအားဆေးတွေ စုံနေပြီ။ ထူးခြားမှုမရှိဘူး ကိုဘုန်းရဲ'

'ဒါဆိုရင် ကျွန်တော်လဲ အမျိုးသားအားနည်းရောဂါ ဖြစ်နေရလို့ ခင်ဗျားလိုပဲ စိတ်ဓာတ်ကျနေတဲ့အချိန်မှာ ဆရာကြီး ဆရာမြင့် (စကြာမင်း) ရေးသားပြုစုထားတဲ့ ''အမျိုးသားရောဂါ သိကောင်းစရာနဲ့ ကာကွယ်ကုသနည်းများ'' ဆိုတဲ့ အမျိုးသားများအတွက် ကျန်းမာရေး ပညာပေးစာအုပ်ကို ဖတ်မှတ်မိရာမှ အားတက်သွားပြီး ဆရာမြင့်ထံ အပြေးကလေး သွားရောက်ဆွေးနွေးမိတယ်ဗျ။

အဲဒီမှာ ဆရာမြင့်က စကြာမင်းအားတိုးဆေးပေးပြီး တစ်နေ့ (၂)ကြိမ် မှန်မှန်သောက်ရင် မင်းရဲ့ရောဂါဟာ အချိန်တိုအတွင်း သက်သာပျောက်ကင်းပါလိမ့်မယ်လို့ ညွှန်ကြားလိုက်တယ်။ ဒါနဲ့ ကျွန်တော်လဲ ဆရာ့ရဲ့ ညွှန်ကြားချက် ဆေးညွှန်းပါ အညွှန်းအတိုင်း သောက်သုံးလိုက်တာ အခုဆိုရင် လန်းဆန်းပြီး အကြောအားတွေ ကောင်းလိုက်တာမှ ဒေါင်ဒေါင်မြည်ပဲဗျ'

'ဆေးရဲ့ အစွမ်းအာနိသင်က ဘာတွေကောင်းလဲ'

'ဘာတွေကောင်းလဲဆိုရင် ခန္ဓာကိုယ်အတွက် တစ်နေ့တာ ကုန်ခန်းသွားတဲ့ အားအင်များကို အလျင်အမြန် ပြန်လည်ပြီး ဖြည့်တင်းပေးနိုင်တဲ့ အစွမ်းသတ္တိထူးရှိလို့ သွေးသစ်၊ အားသစ်၊ ခွန်အားသစ်၊ ဓာတ်ပစ္စည်းအသစ်များ ဖြစ်ထွန်းတည်ဆောက်ပေးနိုင်တယ်။

ပန်းသေ၊ ပန်းညှိုးဖြစ်ခြင်း၊ အားအင်ကုန်ခန်းခြင်း၊ သုက်ဓာတ်အားနည်းခြင်း၊ သုက်လွှတ်မြန်ခြင်း၊ အိပ်နေစဉ်အလိုလို သုက်လွှတ်ခြင်း၊ ပင်ပန်းနွမ်းနယ်နေခြင်း၊ စိတ်ဖိစီးမှုများခြင်း၊ အကြောအားနည်းခြင်း၊ နှစ်ခြိုက်စွာအိပ်မပျော်ခြင်း၊ စားမကောင်းခြင်း၊ ကိုယ်ခံစွမ်းအား လျော့နည်းကျဆင်းခြင်း၊ အာရုံကြောအားနည်းခြင်းနဲ့ အဆုတ်အား၊ နှလုံးအား၊ သွေးအားနည်းခြင်းများကို သက်သာပျောက်ကင်းစေပြီး အမောလုံး၍ စိတ်ဓာတ်အား၊ ဆန္ဒအား၊ အကြောအား၊ ပန်းအားများကို တက်ကြွလန်းဆန်းစေလျက် ဆန္ဒသုခ အိမ်ထောင်ရေးရသတို့ကို ပြည့်စုံစွာ ပေးစွမ်းနိုင်သော ရသာယနဆေး ဖြစ်ပါတယ်။ ပြီးတော့ နေ့စဉ်သုံးစွဲပါက ဒါ့အပြင် ခန္ဓာကိုယ်အတွင်းရှိ ဓာတ်ပစ္စည်းများကို ညီညွတ်မျှတစေပါတယ်'

'ကျွန်တော်လဲ ဆရာမြင့်ရဲ့ စကြာမင်းအားတိုးဆေးကို သုံးစွဲချင်လို့ ဆေးဆိုင်တွေမှာ မေးကြည့်တော့ မရှိဘူးလို့ ပြောပြောနေတော့ ခက်တယ်ဗျ'

'မခက်ပါနဲ့ဗျာ အလွယ်တကူ ဝယ်ယူသုံးစွဲနိုင်စေဖို့ တစ်ပြည်လုံးကို ဖြန့်ချိနေပါပြီ။ ခင်ဗျားလဲ နီးစပ်ရာ ဆေးမျိုးစုံဆိုင်သာ ပြေးပြီးဝယ်ပေတော့'

ဟော အခုတော့ ဆရာမြင့်ရဲ့ စကြာမင်းအားတိုးဆေး အစွမ်းထက်မှုကြောင့် စိတ်ရောကိုယ်ပါ လန်းဆန်းတက်ကြွနေတဲ့အပြင် အကြောအားတွေလဲ ကောင်းမှကောင်းပဲ။

အဲဒါကြောင့် ဘဝတူအမျိုးသားများ အကျိုးများပြီး အင်အားတိုးပွားကာ အမြဲတမ်းတက်ကြွလန်းဆန်း သန်မာစွာနဲ့ နေနိုင်စေဖို့ အသက်ရှည်ရာ အနာကင်းရေး သော့ချက်ဖြစ်တဲ့ စကြာမင်း စိတ်ပျိုကိုယ်နု အားတိုးဆေးစွမ်းတစ်လက်ကို နီးစပ်ရာ ဆေးဆိုင်များမှာ ဝယ်ယူသုံးကြည့်ပါလို့ အကြံပြုပါရစေ။

အဲ ဆရာမြင့်နဲ့ ကိုယ်တိုင်တွေ့ဆုံ ဆွေးနွေးချင်ကြရင်တော့...

ဆရာမြင့်
စကြာမင်း တိုင်းရင်းဆေးတိုက်
အမှတ် (စ/၆၆၆)၊ သုဝဏ္ဏလမ်းမကြီး၊ သုနန္ဒာမှတ်တိုင်အနီး၊
(စ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း-၇၂၂၅၄၁


ကိုကြီးကောင်း



www.burmeseclassic.com

www.burmeseclassic.com





◆ ရန်အောင်မြေစေတီ

ထက်မြင့်ကျော်စွာ

ဝေဘူဆရာတော်ကြီး၏ နေ့ရာသီ သိတင်းသုံးရာ

# အင်းကြင်းပင် သာသနာပြုမြို့ (၈)

ယခင်လမှ အဆက်

တောက်တဲ့

ကျောက်ဆည် ဝေဘူချောင်တွင် သီလရှင် အဘွားအိုများအား မေး၏။

'ဘယ်အလုပ်များ လုပ်ခဲ့ကြသလဲ'

'.........'

'အင်း...တို့ အဘွားဆရာတွေက ဖြင့် ဘုရားနားနေတဲ့ တောက်တဲ့နဲ့ တူသဗျာ။ ဘုရားနားနေတဲ့ တောင်တဲ့ ကြီးက ဘယ်လိုအော်သလဲဗျာ'

'တောက်တဲ့လို့ အော်ပါတယ် ဘုရား'

'နောက်နှစ် နောက်နှစ်တွေမှာကော တောက်တဲ့လို့ပဲ အော်တယ်နော်။ အင်း တို့အဘွားဆရာတွေကလဲ ဘုရားနားနေတဲ့ တောက်တဲ့ကြီးနဲ့ ဘာထူးသေးသလဲဟဲ့။ တစ်နှစ်လာလဲ တောက်တဲ့။ နောက်တစ်နှစ်လာလဲ တောက်တဲ့'

ဘုရားရှင်ရဲ့ဆေး

အစာရေစာ ငတ်မွတ်ခေါင်းပါးတဲ့ ဘေးကြီး **ဒုဗ္ဘိက္ခန္တရကပ်**က လောဘကြောင့် ဖြစ်တာ၊ ဓားလက်နက်ဘေးကြီး **သတ္ထန္တရကပ်**က ဒေါသကြောင့် ဖြစ်ရတာ၊ အနာရောဂါဘေးကြီး **ရောဂန္တရကပ်**က မောဟကြောင့်ဖြစ်တာ။

ဘယ်သူ၊ ဘယ်နတ်၊ ဘယ်ဗြဟ္မာကမှ လုပ်တာမဟုတ်ဘူး။ ဝိဇ္ဇာနဲ့နေရင် မပျောက်ဘူးလား။ ဒီဘေးကြီးတွေ လာနိုင်ပါဦးမလား။

ဘုရားရှင် ဆုံးမတော်မူတာရလို့ သောဝစဿတဂုဏ်နဲ့ လိုက်ပါပြီးတော့ ရုပ်ပေါ်နာမ်ပေါ်မှာ နေတော့ လောဘ၊ ဒေါသ၊ မောဟ မဝင်သာလို့ မဝင်လာဘူး။ အဲဒီ တိဟိတ်ပေါ်သဗျ။

www.burmeseclassic.com



အဝေးမှ မြင်ရသော ရန်အောင်မြေစေတီ

တစ်ပါးကျောင်း၊ ကမ္မဋ္ဌာန်းဆောင်



လောဘ၊ ဒေါသ၊ မောဟဆိုတာ မီး၊ အခုထား၊ အခုနေ၊ အခုငြိမ်း၊ အခု ပစ္စုပ္ပန်ချမ်းသာ။

ဘုရားရှင်ရဲ့ဆေးက သေသေချာ ချာ ဆေးဗျ။ ဈေးသွားပြီး ဝယ်စရာ မလိုဘူး။ မစုမဆောင်းရ၊ အမှုန့် မထောင်းရ၊ မလုံးရတော့ဘူး အနံ့ အဝင်လဲမဆိုး၊ မိနစ်မဆိုင်းဘဲ ချက်ချင်း အကျိုးရတာဗျ။

ဒီလိုမှန်းသိရက်နဲ့ ဘာတဲ့(အပါယ် လေးပါး၊ ကပ်သုံးပါး)စသဖြင့် ဘာလို့ အော်ကျယ်အော်ကျယ်နဲ့ ဆုတောင်း နေချင်ရတာလဲဗျာ။ ဝိဇ္ဇာနဲ့နေရင် ဒါတွေ မပြီးပေဘူးလား။

**သိုသိပ်ကျစ်လစ်သော ပြဝါဒအချို့**

ဝေဘူဆရာတော်ကြီးသည် မိမိ ကိုယ်ကို နှိမ်ချ၍ သက္ကစ္စ(ရိုသေမှု)ကို အလေးထားသော ဆရာတော်ဖြစ် သည်။ ရက်ပိုင်းမျှ သက်နှီးဆီးလာ

သော ဒုလ္လဘရဟန်းများပင် ဖြစ်သော် လည်း တပည့်တော် အရှင်ဘုရားဟူ၍ သုံးနှုန်းတော်မူသည်။

ဆဋ္ဌသင်္ဂါယနာ တင်သောအခါ ဝေဘူဆရာတော်လည်း ကြွရောက်ရ သည်။ ထိုအခါ ဆရာတော်ကြီးများနှင့် အာဏာပိုင်အဖွဲ့အစည်းမှ အချို့

ပုဂ္ဂိုလ်များက...

'ဝေဘူဆရာတော်ကြီးဘုရား အရှင်ဘုရား မှာ ရဟန်းကိစ္စ ပြီးပါပြီလား'

ဟု မေးကြရာ...

'ငါတို့များက သံသရာမှာ လူအကြီးပါဗျာ'

ဟု ဖြေကြားဇော်။

နိုင်ငံခြားယောဂီ တစ်ဦးဖြစ်သော






www.burmeseclassic.com

www.burmeseclassic.com



▲ ပျံတော်မူမည့်နေ့ နေ့ခင်းဘက်ကြီး တရားဟောစဉ်

▼ ပျံတော်မူမည့်နေ့ နေ့ခင်းဘက်ညဦးပိုင်း






www.burmeseclassic.com

www.burmeseclassic.com



◆ ဗောဓိလင်းလွန်းရွက်

◆ ဗောဓိပင်များ



အိတာလီတုန်းတော်ကြီးဦးလောကနာထ ရွှေဘိုအောင်မြေကျောင်းတွင် ဖူးတွေ့စဉ်က မေးလျှောက်သည်။

'ဝေဘူဆရာတော်ဟာ ရဟန္တာလို့ အများက ပြောကြပါတယ် အရှင်ဘုရား။ အဲဒီစကားဟာ မှန်ပါရဲ့လား'

**'ငါတို့များက ခရီးသွားပါဗျာ'**

ဆရာတော်ကပင်ဆက်၍ '**ခရီးသွားရင်း လမ်းမှာ ရတနာတွေ တွေ့ရင် တခြားသူကို ပြောမလား**'ဟု မေးရာ ဦးလောကနာထက '**မပြောပါဘုရား**' ဟုဖြေ၏။

'အေးဗျာ ဒီလိုပါပဲ'

ဤအဖြေကို ဦးလောကနာထနှင့် အတူပါလာသော စကားပြန်က '**ဝေဘူဆရာတော် ရဟန္တာဟု ဖြေဆိုတော်မူကြောင်း**' နေရှင်းသတင်းစာတိုက်သို့ ပို့လိုက်ရာ နေရှင်းသတင်းစာ မျက်နှာဖုံး၌ '**ဝေဘူဆရာတော် ရဟန္တာနှင့် ဦးလောကနာထတွေ့**'ဟူ၍ ဖော်ပြခဲ့သဖြင့် တိုင်းပြည်အနှံ့ သတင်းပြန့်သွားရလေသည်။

ကုသိုလ်ကောင်းမှု ပြုပြီး၍ ရေစက်ချ အမျှဝေရာတွင် ရေစက်ခွက်ကို လက်နှစ်ဖက်ဖြင့် ရိုသေစွာ ကိုင်နိုင်း



www.burmeseclassic.com

www.burmeseclassic.com

သည်။

'သက္ကစ္စဖြစ်အောင် ရေစက်ခွက်ကို နှစ်ဖက်ကိုင်ရတယ်။ သက္ကစ္စနဲ့ပြုပြီး အောင်မြင်တဲ့ ကုသိုလ်ရှိရင် နင်တို့ အခြွေအရံ သားသမီးတွေက နင်တို့ပြောတာ နားထောင်တယ်။ နင်တို့စကား အောင်မြင်တယ်။ သက္ကစ္စ မပါရင် မအောင်မြင်ဘူး'

သက္ကစ္စ၏ ကျေးဇူးပြုပုံများကိုလည်း မှတ်သားလောက်အောင် မိန့်တော်မူသည်။ ၁၉၆၂ ခုနှစ်မှစ၍ တိုင်းပြည်တာဝန်ကို အကြီးအကဲပိုင်းမှ တာဝန်ယူသော ခေါင်းဆောင်ကြီးသည် ဝေဘူဆရာတော်အား လာရောက် ဖူးမြော်ဖူးသည်။

ဆရာတော်အနားတွင် ရှိကြသော သူဌေးဒါယကာများက ထိုခေါင်းဆောင်ကြီး မကောင်းသည့်အကြောင်း၊ သူတို့ထံမှ ပစ္စည်းများစွာ သိမ်းယူသူဖြစ်ကြောင်း လျှောက်ထားကြသည်။

ဆရာတော်က...

'ဟဲ့ သူ့ကို အထင်မသေးနဲ့။ သူက ရှေးဘုရားရှင်တစ်ဆူရဲ့ထံမှာ သက္ကစ္စနဲ့ အောင်မြင်ထားတဲ့ ကုသိုလ်ရှိတယ်။ ဒါကြောင့် နင်တို့ သူ့ကို ဘာမှ လုပ်လို့မရတာ။ သူက ဟိုဟာလေး(ဝိဇ္ဇာ)မပါလို့သာရယ်။ အဲဒါများ ပါမယ်ဆိုရင် တစ်ခါတည်းတောင် အလုပ်ပြီးသွားမှာ'

ဟု အမိန့်တော် ရှိလေသည်။

***(အရှင်မဏ္ဍလ(အင်ကြင်းပင်)၏ ဝေဘူဆရာတော် ထေရုပ္ပတ္တိ စာမျက်နှာ ၄၅ မှ ၄၇)***

ဝေဘူဆရာတော်၏ ဩဝါဒအချို့ကိုသာ ကောက်နုတ်ဖော်ပြခြင်းဖြစ်ပါသည်။ ပိုပိုသိမှတ်လိုပါက...

★ မှော်စရိယဦးဌေးလှိုင်ရေး ဝေဘူဆရာတော်၏ သန္နိဋ္ဌာက တရားတော်များ။

★ အရှင်မဏ္ဍလ(အင်ကြင်းပင်)ရေး. ဝေဘူဆရာတော်၏ ထေရုပ္ပတ္တိနှင့် တရားတော်များ

စာအုပ်တို့တွင် ရှာဖွေ ဖတ်မှတ်နိုင်ကြပါသည်။

**[ဤခရီးစဉ်အတွက် ကူညီပေးကြသော ရွှေဘိုမြို့၊ ရွှေဘုံသာကျောင်း ဆရာတော်ဦးဥတ္တမ၊ အင်ကြင်းပင်နန်းဦးတိုက်၊ တိုက်ကြပ်ဆရာတော် အရှင်မဏ္ဍလတို့အား ကျေးဇူး ဥပကာရ တင်ရှိပါသည်။]**

**ထက်မင်းကျော်စွာ**

# နားပြည်ယိုလျှင်



နားပြည်ယိုရောဂါသည် နေရာအနှံ့ ပေါက်ရောက်လေ့ရှိသော မီးကွင်းဂမုန်းရွက်ဖြင့် အလွယ်တကူ ပျောက်ကင်းစေနိုင်လေသည်။

မီးကွင်းဂမုန်းသည် တစ်တောင်ခန့် ရှည်သော မြောင်းသဏ္ဍာန် အရွက်များ ထွက်၍ ကြက်သွေးရောင်နှင့် အစိမ်းရောင် တစ်ဖက်စီရှိကြသည်။

အရည်ရွှမ်း၍ အရွက်များ ထပ်ကာ ဝေဆာပြန့်ကားလျက် ထွက်လေ့ရှိသည်။ တိမ်ပြာဂမုန်းဟုလည်း ခေါ်တွင်ကြသည်။

**ယင်းအရွက်အား မီးအုံး၍ နားအတွင်းသို့ အရည်ညှစ်ထည့်ပေးပါက** နားပြည်ယိုရောဂါအား လျှင်မြန်စွာ သက်သာ ပျောက်ကင်းစေလေသည်။

**ဆေးသုတေသီ**

| |
|---|
| နားပြည်ယိုခြင်းအတွက် |
| သက်သာပျောက်ကင်းစေသော |
| တိမ်ပြာဂမုန်းခေါ် မီးကွင်းဂမုန်း ◆ |

www.burmeseclassic.com

၂၀၁၄ ခုနှစ်၊ ဇူလိုင်လ

# ကျန်းမာရေး အတွက် အကြံပေးချက်များ

| ပုံရိပ် | ဝမ်းတွင်း အင်္ဂါ | အရောင် | ဂဏန်း | စားဖွယ် | အရသာ | အရပ် | မိတ်ဖက် | ကူညီသူ | ကံပွင့်နေ့ |
|---|---|---|---|---|---|---|---|---|---|
| ကြွက် | အစာအိမ် | အညို | ၈ | ကောက်ညှင်း | အချို | အရှေ့မြောက် | ကျား၊ မြင်း၊ ခွေး | တနင်္လာသားသမီး | စနေနေ့ |
| နွား | အဆုတ် | အဖြူ | ၆ | ဆန် | အစပ် | အနောက်မြောက် | ဝက်၊ ယုန်၊ ဆိတ် | ကြာသပတေးသားသမီး | တနင်္ဂနွေနေ့ |
| ကျား | အဆုတ် | အဖြူ | ၆ | ဆန် | အစပ် | အနောက်မြောက် | ခွေး၊ ကျား၊ မြင်း | ကြာသပတေးသားသမီး | တနင်္ဂနွေနေ့ |
| ယုန် | ကျောက်ကပ် | အပြာ | ၁ | ပဲအမျိုးမျိုး | အငန် | မြောက် | ကြွက်၊ နဂါး၊ မျောက် | အင်္ဂါသားသမီး | ဗုဒ္ဓဟူးနေ့ |
| နဂါး | သရက်ရွက် | မြေဖြူ | ၂ | ကောက်ညှင်း | အချို | အနောက်တောင် | မျောက်၊ နဂါး၊ ကြွက် | စနေသားသမီး | တနင်္လာနေ့ |
| မြွေ | သရက်ရွက် | မြေဖြူ | ၂ | ကောက်ညှင်း | အချို | အနောက်တောင် | ဆိတ်၊ ယုန်၊ ဝက် | စနေသားသမီး | တနင်္လာနေ့ |
| မြင်း | အူမ | ရွှေဝါ | ၇ | ဆန် | အစပ် | အနောက် | ကြွက်၊ ဆိတ်၊ မြွေ | ကြာသပတေးသားသမီး | သောကြာနေ့ |
| ဆိတ် | နှလုံး | အနီ | ၉ | ပြောင်း | အခါး | တောင် | မြင်း၊ ခွေး၊ ကျား | ဗုဒ္ဓဟူးသားသမီး | အင်္ဂါနေ့ |
| မျောက် | အူသိမ် | အနီ | ၉ | ပြောင်း | အခါး | တောင် | မြင်း၊ ခွေး၊ ကျား | ဗုဒ္ဓဟူးသားသမီး | အင်္ဂါနေ့ |
| ကြက် | သည်းခြေ | အစိမ်းရင့် | ၄ | ဂျုံ | အချဉ် | အရှေ့တောင် | နဂါး၊ မျောက်၊ ကြွက် | တနင်္ဂနွေသားသမီး | ကြာသပတေးနေ့ |
| ခွေး | အသည်း | အစိမ်းနု | ၃ | ဂျုံ | အချဉ် | အရှေ့ | ယုန်၊ ဆိတ်၊ ဝက် | သောကြာသားသမီး | ကြာသပတေးနေ့ |
| ဝက် | အသည်း | အစိမ်းနု | ၃ | ဂျုံ | အချဉ် | အရှေ့ | ယုန်၊ ဆိတ်၊ ဝက် | သောကြာသားသမီး | ကြာသပတေးနေ့ |

* * *

ဇူလိုင်တွင် **ယုန်နှစ်ဖွား၊ ဆိတ်နှစ်ဖွား၊ ခွေးနှစ်ဖွားတို့မှာ** ကျန်းမာရေး ချို့ယွင်းချချာနေတတ်သဖြင့် သတိပြုနေထိုင် စားသောက်သင့်ပါသည်။ ဤလအတွက် ဇယားကို ယုန်နှစ်ဖွားတို့အား စံပြုရှင်းပြပါမည်။

ယုန်နှစ်ဖွားတို့သည် ကျောက်ကပ်နှင့် ပတ်သက်သော ရောဂါများ ကြိုတင်ကာကွယ် သတိထားသင့်သည်။ အပြာရောင်နှင့် (၁)ဂဏန်းတို့သည် လာဘ်ပွင့်စေနိုင်သည်။ ပဲအမျိုးမျိုး၊ ငန်သော အရသာတို့နှင့် သင့်လျော်သည်။

မြောက်အရပ်သည် ယုန်နှစ်ဖွားတို့အတွက် ကံလာဘ်ပွင့်လင်းစေသော



အရပ်ဖြစ်သည်။

**ကြွက်နှစ်ဖွား၊ နဂါးနှစ်ဖွားနှင့် မျောက်နှစ်ဖွားတို့သည်** မိတ်ဖက် ပုံရိပ်ရှင်များ ဖြစ်ကြသည်။

ကျန်းမာရေးကိစ္စ ကြီးငယ် ပေါ်ပေါက်ပါက အင်္ဂါသားသမီးက ကူညီပေးနိုင်လိမ့်မည်။ ဗုဒ္ဓဟူးနေ့သည် ယုန်နှစ်ဖွားများအတွက် နေ့ကောင်းနေ့မြတ် ဖြစ်လေသည်။

ကျန်နှစ်ဖွားများလည်း ဤပုံစံအတိုင်း ကောက်ချက်ချနိုင်ကြပါသည်။

***အာရောဂျ ဆုလာဘ်နှင့် ပြည့်စုံကြပါစေ။***

**ဟူကျင်းဇီ** *(Hu Jin Zi)*



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

ဆီး ဝမ်း လေမှန်၍ မျက်စိကြည် အကြောပြေပြီး အပူအပုပ် ကင်းစေတဲ့

# စကြာမင်း

အမှတ်တံဆိပ်

# မျက်စိကြည်

# အကြောပြေဆေး

ယာယီတိုင်းရင်းဆေးဝါး မှတ်ပုံတင်အမှတ် ၀၁၁၂ YR ၀၀၇၉၉၃

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၅၅/၀၅၁၃




ကျွန်ုပ်သည် တစ်နေ့တွင် စိတ်ချမ်းသာကိုယ်ကျန်းမာ အသက်တစ်ရာ ကျင့်ကြံနေထိုင်နည်းစာမူ ရေးသားနေစဉ် "ဟာ စာရေးဆရာကြီးကို တွေ့မှတွေ့ပါ့မလား" ဟူသော အသံရှင်ကြောင့် ရေးလက်စ စာမူကို အသာချထားပြီး ပြန်လည် ခရီးဦးကြို နှုတ်ဆက်လိုက်သည်။

'ဩော် ကိုမျိုးမြင့်ပါလား၊ လာဗျာ'

'စာရေးဆရာ ကိုဘုန်းဝေကတော့ ဘယ်အချိန်တွေ့တွေ့ တက်ကြွလန်းဆန်းပြီးစာရေးစာဖတ် အမြဲတမ်းမပြတ်ဘူးနော်'

'ဟဲ... ဟဲ... ဟဲ'

'ဟဲ... ဟဲ လုပ်မနေနဲ့ စာရေးဆရာကြီးရေ၊ အခု စာရေးဆရာကြီးကို အကူအညီတောင်းချင်လို့ဗျ'

'ပြောလေ ကိုမျိုးမြင့်'

'ဒီလိုဗျ၊ ကျွန်တော် ရုံးမှာပဲဖြစ်ဖြစ်၊ အိမ်မှာပဲဖြစ်ဖြစ် နည်းနည်းလေး စာဖတ်မိတာတို့၊ အလုပ်ထဲကို အာရုံစူးစိုက်တာတို့၊ အထိုင်နည်းနည်းလေးကြာကြာ ထိုင်မိတာတို့ဆိုရင် မျက်ခုံး၊ မျက်လုံးတွေ လေးလံလာတယ်။ ခေါင်းမကြည်တော့ဘူး။ နောက်ကြောတက်၊ ဇက်ကြောထိုးလာတယ်။ အမြဲတမ်းလိုလို ကိုယ်လက်တွေ လေးလံထိုင်းမှိုင်းနေပြီး စိတ်ရောကိုယ်ပါ မလန်းဆန်းဘူး ဖြစ်နေလို့ဗျ။ အဲဒါ ဘာဆေးတွေများ သုံးစွဲရမလဲဆိုတာ စာရေးဆရာကြီးဆီမှာ အကြံဉာဏ် လာတောင်းတာ'

'ညီ့သည်ဆိုလို့ ဘယ်သူများမှတ်တယ် ကိုမျိုးမြင့်ကို။ ကော်ဖီလေး သုံးဆောင်ပါဦး'

'ကျေးဇူးပဲ အစ်မ၊ ကိုဘုန်းဝေနဲ့ အစ်မ မအေးစိန်တို့ ဇနီးမောင်နှံကတော့ ကျန်းမာရေး ပညာပေးစာပေတွေ ရေးသားနေသူတွေမို့လား မသိဘူး။ လန်းဆန်းကျန်းမာ လှပနေတာကို တွေ့ရလို့ အားကျမိပါတယ်ဗျာ'

'ကိုမျိုးမြင့်ရေ့၊ ကျွန်တော်ရော အေးပါ အရင်တုန်းက ခင်ဗျားလိုပဲဗျ။ ကျွန်တော်ဆိုရင် စာလဲ မရေးနိုင်၊ စာလဲ မဖတ်နိုင် စာရေးစာဖတ်တိုင်း ခေါင်းတွေ အုံ့ခဲလာပြီး စိတ်ရောလူရော အကြံဉာဏ်ပါ ထုံထိုင်းလေးလံနေတာဗျ။ အေးဆိုရင်လဲ တစ်နေ့တခြား ဝ,ဝလာတယ်။ ဇက်ကြောထိုး၊ နောက်ကြောတက်၊ ကိုယ်လက်ညောင်းညာ ကိုက်ခဲနေတယ်။ အထိုင်လေး၊ အထလေးနဲ့ ညဘက်ရောက်လာရင် သားသမီးတွေက နင်းနှိပ်ပေးရတယ်။ သူ့ကြည့်ပြီး စိတ်မချမ်းသာ၊ ကိုယ်ကျတော့လဲ မကျန်းမာဘူး ဖြစ်နေခဲ့တာပါဗျာ'



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး




'ဟာ ကိုဘုန်းဝေကလဲ လုပ်တော့မယ်။ အခု ဆရာဆိုလဲ ကျန်းမာလန်းဆန်းလို့၊ အစ်မဆိုရင်လဲ ခန္ဓာကိုယ် သွယ်လျပြီး သွက်လက်ပေါ့ပါးနေတဲ့ဥစ္စာ'

'ကိုမျိုးမြင့်ရေ၊ အခုလို ကျွန်မ အဆီတွေကျ၊ ကိုယ်ရေစစ်တာ၊ ခန္ဓာကိုယ် သွယ်လျပြီး ဖနီးမောင်နဲ့ ကျန်းမာရွှင်လန်းနေတာက တော့ ဆေးစွမ်းတစ်လက်ကြောင့်ပဲရှင်'

'ဒါဆိုရင် လုပ်ပါဦးဗျ၊ ဘာဆေးလဲ'

'ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးလေ'

'ကိုဘုန်းဝေကတော့ လုပ်ပြီ၊ ဆေးဝါးကောင်းတွေ့တာတောင် အသိမပေးဘူး'

'ဒီလိုဗျ၊ ကျွန်တော်လဲ စာဖတ်စာရေးတာနဲ့ မျက်စိ၊ မျက်ခုံး၊ မျက်လုံးတွေ လေးလံလာတယ်။ နောက်ကြောတက်၊ ဇက်ကြောထိုးပြီး ညောင်းညာလေးလံနေတယ်။ ဆီးဝမ်းလဲချုပ်၊ အပူလဲ ငုပ်နေပြီး ဒူလာ လိပ်ခေါင်းရောဂါပါ ဖြစ်စပြုလာနေတာဗျ။ တစ်နေ့မှာ ကျွန်တော့်မိတ်ဆွေ စာရေးဆရာ မောင်မြင့်မောင် ရောက်လာပြီး ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးတစ်ဘူး လက်ဆောင်ပေးသွားတယ်။ ဆေးညွှန်း ဖတ်ကြည့်တော့ ကျွန်တော်တို့ ဖနီးမောင်နှံဖြစ်နေတဲ့ ရောဂါ လက္ခဏာတွေနဲ့ တစ်ထပ်တည်း တွေ့ရလို့ သုံးစွဲလိုက်တာ ဖြစ်ပေါ်ခံစားနေရတဲ့ ရောဂါတွေဟာ ကင်းစင်သွားပြီး အခုလို စိတ်ရောကိုယ်ပါ ကျန်းမာလန်းဆန်းနေတာပါ'

'ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးရဲ့ အာနိသင်လေး ပြောပြပါဦး'

'သမားတော် ဆရာကြီး ဆရာမြင့်ကတော့ ဤဆေးဟာ တိုင်းရင်းဆေးစစ်စစ်ဖြစ်ပြီး သဘာဝဆေးဖက်ဝင် ဆေးပစ္စည်းများနဲ့ စနစ်တကျ စီမံဖော်စပ်ထားတဲ့ ဆေးဖြစ်လို့ စိတ်ချယုံကြည်စွာ သုံးစွဲနိုင်ပါတယ်လို့ ဆိုပါတယ်။

သုံးစွဲနိုင်တဲ့ ရောဂါတွေကတော့ မျက်စိမှုန်ဝေခြင်း၊ မျက်စိအာရုံကြောများအားနည်းခြင်း၊ ခေါင်းမူး,ခေါင်းအုံ,ခေါင်းကိုက်ခြင်း၊ မျက်ခုံး,မျက်လုံးများ လေး၍ မျက်ရိုးကိုက်ခြင်း၊ နောက်ကြောတက် ဇက်ကြောထိုးခြင်း၊ ကိုယ်လက်များ ညောင်းညာကိုက်ခဲ၍ မအီ မသာ ထိုင်းမှိုင်းလေးလံနေခြင်း၊ သွေးတက်,သွေးတိုးဖြစ်ခြင်း၊ သွေးမသန့်ခြင်း၊ အတွင်းလိပ်ဖြစ်၍ သွေးကျခြင်း၊ အပြင်လိပ်ဖြစ်ခြင်း၊ ဒူလာကိုက် ညောင်းညာ ချည့်နဲ့ခြင်း၊ အပူခိုး အပုပ်ခိုးများ အပေါ်သို့တက်၍ မျက်ရည်ပူကျခြင်း၊ မျက်ဝတ်ထွက်ခြင်း၊ တိမ်သလာဖြစ်ခြင်း၊ အာခေါင်ခြောက်ခြင်း၊ လည်ချောင်းနာခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း၊ ဆီးချုပ်ဆီးကျန်ဖြစ်ခြင်း၊ ဝမ်းချုပ် ဝမ်းကျန် စမြင်းခံခြင်း၊ လေချုပ်လေပွဖြစ်ခြင်း၊ အဝလွန်ခြင်း၊ ဗိုက်ခေါက်ထူ၍ အဆီပိုများ ပွားများနေခြင်း အသားအရေ မွဲခြောက် ညစ်ထေးနေခြင်း စသော ရောဂါများကို သက်သာ ပျောက်ကင်းလို့ မျက်စိကြည် အကြောပြေကာ အပူအပုပ်များ ကင်းစင်လျက် ပိုလျှံနေတဲ့ အဆီများကို ကျဆင်းစေပြီး ဆီး, ဝမ်း,လေတို့ကို မှန်၍ ကျန်းမာပေါ့ပါး သွက်လက်လန်းဆန်းစေတဲ့ဆေး ဖြစ်တယ်ဗျ'

'ဒါဆို ဆရာမြင့်ရဲ့ စကြာမင်း မျက်စိကြည် အကြောပြေဆေးဟာ မျက်စိကို အသုံးပြုပြီး အလုပ်လုပ်ရသူတွေ၊ နေ့စဉ် စာရင်းဇယားတွေနဲ့ ရင်ဆိုင်နေရတဲ့သူတွေ၊ ရုံးမှာ မိမိတို့လုပ်ငန်းတွေမှာ ကြာမြင့်စွာ ထိုင်ကြပြီး အလုပ်လုပ်ကြရသူတွေနဲ့ ကာယ ဉာဏ အလုပ်သမားတွေအတွက် နေ့စဉ် မှီဝဲသုံးစွဲသင့်တဲ့ ဆေးပေါ့နော်'

'ပြောဖို့လိုသေးလား ကိုမျိုးမြင့်ရယ်၊ ဝမ်းတစ်လုံးကောင်းပြီး ခေါင်းမခဲဘဲ ဖွံ့ဖြိုးတိုးတက်နေတဲ့ ခေတ်ကြီးထဲမှာ ကျန်းမာရေး လူမှုရေး၊ စီးပွားရေးတွေ နောက်ကျကျန်မနေခဲ့အောင် အဖော် ကောင်းဖြစ်တဲ့ ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးကို ဆောင်ထားပါလို့ သင့်ကျန်းမာရေးအတွက် အကြံပြုပါရစေ'

'ကျေးဇူးပဲ ဆရာကိုဘုန်းဝေရေ၊ ကျန်းမာပျော်ရွှင် ပြည့်စုံ ကောင်းမွန်တဲ့ မိသားစုကမ္ဘာလေးဖြစ်အောင် "စကြာမင်း မျက်စိကြည် အကြောပြေဆေး"ကို ပြေးဝယ်လိုက်ဦးမယ်ဗျာ'

ပင်ရင်း--မြန်နို့စျေးရေး

**စကြာမင်း**

တိုင်းရင်းဆေးတိုက်

အမှတ်-စ/၆၆၆၊ သုဓမ္မာလမ်းမကြီး
သင်္ဃန်းကျွန်းမှတ်တိုင်အနီး၊ မြောက်ဥက္ကလာပမြို့နယ်။
ဖုန်း-၀၁-၆၉၁၀၉၁၊ ၇၂၂၅၇၁



www.burmeseclassic.com

www.burmeseclassic.com



သုခကာရီကုန်းတော်မဟီနှင့်

# အာဘာဿရောင်မှင်းဇော်ဝင်း ဓာတ်ပန်းနက်ဝေဖော် (၂)

ထက်မြင့်ကျော်စွာ

**ယခင်လမှ အဆက်**

ပထမဆရာတော်ကြီးသည် (၂၄) နာရီပတ်လုံး ကျောင်းဝင်းအနှံ့ စင်္ကြံ လျှောက်ကာ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို ပွားများတော်မူသည်။ အခင်းကြီး အခင်းကလေးကိစ္စအတွက် ကုဋီတက် ချင်း တစ်ကြိမ်တစ်ခါမျှ မြင်တွေ့ရခြင်း မရှိဟုဆိုသည်။

မိုးရွာသည်ဖြစ်စေ၊ နေပူသည် ဖြစ်စေ သင်္ကန်းခေါင်းခြုံကာ သွားလာ ထုပ်ကိုင်နေတတ်သည်။ ဘုရားဆီးမီး၊ ခနိုး ရေချမ်း ပူဇော်ခြင်း၊ ဝတ်တက် ခြင်း ပြုသည့်အချိန်မှလွဲလျှင် ဘုရား ဂုဏ်တော် ပွားများနေသည်ကိုသာ တွေ့ရ၏။

အဂ္ဂိရတ်ကိစ္စ ပြုလုပ်စဉ်တွင်လည်း ပွားများမှု မပျက်ကွက်ခဲ့ပေ။ မိုးထဲရေထဲ သွားလာသော်လည်း သင်္ကန်းရေစိုခြင်း မတွေ့ရဟု မိန့်ကြားသည်။ ဆရာတော် ကြီး၏ **နောက်ဆုံးနေ့နှင့် ပတ်သက်၍** ဤသို့ မိန့်ကြားတော်မူသည်။

"အဲဒီနေ့နံနက်က အဘိုးဆရာတော် ကြီး မန်ကျည်းပင်ကျောင်းကို ရောက် လာတယ်။ အဲဒီအချိန်က ဆရာတော် ဦးကေသရ သီတင်းသုံးတဲ့ကျောင်းပါ။ သားရေနွယ်တစ်ချပ် ပါလာတယ်။

အဘိုးဆရာတော်က အိပ်ရာခုတင် မရှိဘူး။ ကျိန်းတာလဲ တစ်ခါမှ မတွေ့ ဖူးဘူး။ သားရေနွယ်တစ်ချပ်နဲ့ ထိုင်နေ



သုခကာရီပထမဆရာတော် ဦးပညာဇောတ



www.burmeseclassic.com

www.burmeseclassic.com

တာ၊ ဘုရားဝတ်ပြုနေတာ တွေ့ရတတ်ပါတယ်။ ကျောင်းရှေ့ရောက်တော့ မြေပြင်မှာ သားရေနွယ်ဖြန့်ခင်းပြီး **"ငါ့မြေး ဆေးသောက်မလား"**မေးတယ်။

**"အဘိုးတိုက်ရင် သောက်ပါမယ်"** ပြန်ပြောတော့ မြုန်းဆို ဖြန့်ခင်းထားတဲ့ သားရေနွယ်ပေါ် ဖြူညိုနီပြာ ရောင်စုံဆေးလုံးလေးတွေ ကျလာတယ်။ ကျောင်းသားနှစ်ယောက်နဲ့ အတူ လုသောက်ကြတာ ဆေးငါးလုံးလောက်တော့ စားဖြစ်လိုက်ပါတယ်။

နေ့လယ် ဆွမ်းဘုဉ်းချိန်လောက်မှာ **အဘိုးကျောင်း (ဦးပညာစက္ကသည် ကျောင်းအဝင်မုခ်အနီး တဲကျောင်းတွင် သီတင်းသုံး၍ ဦးကေသရက ကျောင်းဝင်း မြောက်ဘက်ကျသော မန်ကျည်းပင်အောက်တွင် ထန်းလက်တဲဖြင့်သီတင်းသုံးသည်။)**ကို ရောက်သွားတော့ အဘိုးက ကိုက်လက်စ ကိတ်မုန့်တစ်ချပ်ကို ပါးစပ်ထဲက ထုတ်ပြီး **"ငါ့မြေး ပါးစပ်ဟ"**ဆိုပြီး ခွံ့ပေးပါတယ်။

**"ငါ့မြေး ပိုက်ဆံလိုရင် အမေ့ (ဒေါ်ရှုပဝတီ)ဆီက တောင်းသုံး"**လို့ ပြောပြီး အိပ်ချလိုက်တာ ပြန်မထတော့ပါဘူး။ ကျုပ်က ကိုရင်ကလေးဘဝဆိုတော့ ဘာမှ မစဉ်းစားမိပေမယ့် ကျုပ်ကို ပညာအမွေ ဆက်ခံခိုင်းတာကို နောက်ပိုင်းမှ သဘောပေါက်လာတယ်။

ရုပ်ကလာပ်တော်ကို (၉)ရက်ပူဇော်ထားတာ ပုပ်နံ့မထွက်၊ တောင့်တင်းမှု မရှိပါဘူး။ ကသာက ဆရာတော် ဦးအာစိဏ္ဏနဲ့ သံဃာတော်တွေ အဘိုးရုပ်ပနကို လာကြတော့ **"ဩော် ရောက်လာကြပြီလား"**လို့ ပြောတဲ့ အဘိုးအသံကို ကြားကြရတယ်။

ရုပ်ကလာပ်ကို (၉)ရက်ကြာမှ မီးပူဇော်တယ်။ အဘိုး ပျံတော်မူပေမယ့် နောက်ရက်တွေမှာ ရွှေတန်ဆာမှာ ဝတ်တက်(ရှိခိုးပူဇော်)နေတာ လူတွေ အများကြီးတွေ့ကြရတယ်။

လေးရက်မြောက်နေ့မှာ ယောဂီညိုဝတ်စုံနဲ့ ကျောင်းနားက ဖြတ်သွားတာ တွေ့ရလို့ ဆရာတော် ဦးကေသရက လူနှစ်ယောက်ကို နောက်ယောင်ခံလိုက်စေတယ်။ မြို့ထောင့်ဘုရားပေါ် တက်ပြီး ရာဟုထောင့်အရောက်မှာ ရှာမတွေ့တော့ဘူးလို့ ပြန်လျှောက်ကြတယ်'

'အဘိုး ရှိစဉ်က ဆန်ကုန်ရင် ဆန်အိုးကိုပုတ်ပြီး ဆန်ကုန်နေပြီလို့ ပြောလိုက်ရုံနဲ့ ဆန်တွေ လာလှူကြတယ်လို့ ကြားရတာ မှန်ပါသလား အရှင်ဘုရား'

'မှန်တယ် ဆန်တင်မကဘူး။ တခြားပစ္စည်းတွေလဲ ဒီလိုပဲ။ အဘိုးက အရပ်အင်မတန်ရှည်တယ်။ ဟိုတုန်းက သွပ်ပြားပေါ်မှာ **"သုခကာရီကျောင်း"** ဆိုပြီး ဆေးရေးဆိုင်းဘုတ် တင်ထားတယ်။ အဲဒီဆိုင်းဘုတ်ကို လက်နဲ့ပုတ်ပြီး ဒကာ၊ ဒကာမတို့ ကျောင်းမှာ နို့ဆီကုန်နေပြီ၊ သကြားကုန်နေပြီ စသဖြင့် ပြောလိုက်ရုံနဲ့ မကြာခင် လာလှူကြတာပါပဲ'

## ဒုတိယဆရာတော် ဦးကေသရ

ဒုတိယဆရာတော် လောင်းလျာ မောင်ချောကို ရွှေဘိုခရိုင်၊ ခင်ဦးမြို့နယ်၊ ပန်တင်းကျေးရွာနေ ဦးသိန်းဖေ၊ ဒေါ်အုန်းခင်တို့မှ ၁၃၀၆ ခုနှစ်၊ ဝါခေါင်လဆန်း(၁၂)ရက် တနင်္လာနေ့ နံနက် စက် (၁)နာရီ (၄၅)မိနစ်တွင် တတိယမြောက်သားအဖြစ် မွေးဖွားခဲ့သည်။ နို့စို့အရွယ် အိပ်ပျော်နေစဉ် ပုခက်ပေါ် ကျီးတစ်ကောင် လာရောက်ရပ်နားသဖြင့် ရွာသူရွာသားများ တအံ့တဩ ဖြစ်ကြရသည်။

အသက် (၁၀)နှစ်အရွယ်တွင် ပန်တင်းကျောင်းဆရာတော် ဦးဓမ္မစာရီထံတွင် ရှင်သာမဏေဝတ်၍ (၁၁)နှစ်အရွယ် ၁၃၁၇ ခုနှစ်၊ နှောင်းတန်ခူးလဆန်း(၁၀)ရက် စနေနေ့တွင် အင်ကြင်းပင် ကမ္မဋ္ဌာန်းရိပ်သာကျောင်း (တောရ) ဆရာတော် ဦးကုမာရထံ ထပ်မံ၍ သာမဏေဝတ်ခဲ့သည်။ ဘွဲ့မည် ရှင်ကေသရ တွင်၏။

ထို့နောက် ရွှေဘိုမြို့ မုန်သာကျောင်းဆရာတော် ဦးဉာဏိန္ဒထံတွင် ပရိယတ္တိ လောကုတ္တရာ စာပေပညာများ သင်ယူ၍ ပြည်လုံးချမ်းသာကျောင်းဆရာတော် ဦးသုန္ဒရထံမှ လောကီပညာရပ်များ သင်ယူခဲ့သည်။

၁၃၂၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၄)ရက် စနေနေ့တွင် ပြည်လုံးချမ်းသာကျောင်းခဏ္ဍသိမ်၌ မုန်သာကျောင်း ဆရာတော် ဦးဉာဏိန္ဒအား ဥပဇ္ဈာယ်ပြု၍ ရဟန်းဘောင်သို့ ရောက်ရှိသည်။


မုန်သာကျောင်း ဆရာတော်ထံမှ ပါဠိအဋ္ဌကထာကျမ်းကြီးပေါက် သင်ယူပြီးနောက် ရဟန်း(၃)ဝါ ရသည်အထိ သမထကမ္မဋ္ဌာန်း စီးဖြန်းကာ ပါရမီကျင့်စဉ်လမ်းကို ကြိုးစားဖြည့်ဆည်းတော်မူသည်။

၁၃၂၉ ခုနှစ်၊ ဝါခေါင်လတွင် သုခကာရီကျောင်း ဆရာတော် ဦးပညာစက္ကက မွေးနေ့ပူဇာအလှူတော်သဘင် ကျင်းပသည်။ ထိုအချိန်တွင် ဦးကေသရသည် သမထကမ္မဋ္ဌာန်းအားထုတ်စဉ်...


'ငါ့သား မြောက်(အရပ်)မှာ ဝိဇ္ဇာနိုင်ယံ ဆေးတောင်းသောက်ချေ'

ဟု ပြောသံ ကြားရသဖြင့် လိုက်လံ

www.burmeseclassic.com



ဘိုးတော်အောင်မင်းခေါင်ရေချမ်းစင်
အ, အလယ်ပ်သေအောင်နှင့်
န, အလယ်ယ်သေအောင်။



ရှာဖွေရာ သုခကာရီကျောင်း၌ မွေးနေ့ ပူဇာသဘင်ပွဲတော် ကျင်းပ၍ လာသမျှ ရဟန်းရှင်လူတို့အား ဆေးတိုက်ကျွေး နေသည်ကို တွေ့ရသည်။

သို့ဖြင့် ဆရာတော်(ဦးပညာစက္က) အား ဝင်ရောက်ဖူးမြော်ရာ အခြားသူ များအား ဆေးတိုက်ကျွေးသော်လည်း ဦးကေသရမှာ ဆေးဘုဉ်းပေးခွင့် မရခဲ့ ပေ။ သုံးရက်တိုင်အောင် သွားရောက် သော်လည်း ဆေးဘုဉ်းပေးခွင့် မရသည် ဖြစ်ရာ ပါရမီကျင့်စဉ်စခန်း ထွက်ရပ် ပေါက်လမ်းကား ငါနှင့်မဆိုင်ပြီဟု သဘောရသဖြင့် တောထွက်ကာ ဝိပဿနာလုပ်ငန်းကိုသာ အားထုတ် ရန် စဉ်းစားပြင်ဆင်တော်မူသည်။

ဝါကျွတ်ပြီး ရက်အနည်းငယ်တွင် သက်န်းသုံးထည် သပိတ်တစ်လုံးဖြင့် တောထွက်ရန် ဆုံးဖြတ်ချက်ချသည်။

ထိုနှစ် စတုတ္ထ ဝါကပ်ဆိုပြီး၍ ဝါလ ကင်းလွတ်သော သီတင်းကျွတ်လပြည့် ကျော် (၅)ရက်နေ့တွင် အရှင်ကေသရ သည် ကြိုတင် ကြံစည်ထားသည့် အတိုင်း အရုဏ်မကျင်းမီ သပိတ်ကို လွယ်၍ ပြည်လုံးချမ်းသာကျောင်းမှ တိတ်တဆိတ် ဆင်းသက်လာခဲ့သည်။

ကျောင်းဝသို့ အရောက်တွင် သီလ ရှင်တစ်ပါးက ထပ်တစ်ရာ(ပလာတာ) (၉)ခုနှင့် သက်သတ်လွတ်ဆွမ်းများ ဆက်ကပ်ကာ **"အဘဆရာတော် (ဦးပညာစက္က)က တောထွက်မယ့် ဘုန်းကြီးကို ပင့်လာခဲ့ဆိုလို့ လာပင့် လာပါတယ်"**ဟု လျှောက်ထားလေ သည်။

သို့နှင့် သီလရှင်(မရူပဝတီ) ပင့် ဆောင်ရာသို့ လိုက်ပါကာ သုခကာရီ ကျောင်းသို့ ရောက်၏။ ဦးပညာစက္က အား...

'မောင်ပဉ္စင်း တောထွက်ဖို့ရာ အချိန်မတန် သေးပါ။ သာသနာပြုရန် တာဝန်များစွာ ကျန်ပါသေးသည်။ မောင်ပဉ္စင်း လာ..ပြုက



www.burmeseclassic.com

www.burmeseclassic.com

ပဌာန်းဆက်မကင်းသော ဆွေမျိုးရင်းချာ ရောက်လာမည်။ ချစ်လျှင် ပစ်ထားပါ ဆိုသဖြင့် လှစ်လျူပြုခဲ့ရပါသည်'

ဟု မိန့်တော်မူလေသည်။

သို့နှင့် သုခကာရီကျောင်းဝင်း မန်ကျည်းပင်ရင်းတွင် ထန်းလက်ကျောင်းကလေးအတွင်း (၉)နှစ် သက်သတ်လွတ်အမိဋ္ဌာန်ဖြင့် သီတင်းသုံးကာ ဦးပညာစက္က၏ လမ်းညွှန်မှုအရ ပညာသင်ယူ၍ ခုနစ်ရက်သားသမီးတို့အား ကယ်မ,ပေးခဲ့ရတော့သည်။

'အဘိုးဟာ အဲဒီအချိန်ကစပြီး ရောက်လာသမျှ ပရိသတ်တွေကို မန်ကျည်းပင်ကျောင်း ဘုန်းကြီးဆီသွားပါလို့ ညွှန်ပေးတယ်၊ အင်မတန် ခက်ခဲတဲ့ ကိစ္စတွေကျမှ ဘယ်လိုလုပ်ပါဆိုပြီး သင်ကြားပေးတယ်။

နောက် (၂)နှစ်လောက်အကြာ (၁၃၃၁ ခုနှစ်ခန့်)မှ ကျုပ်(ဦးဝိမလ)ကို ကိုရင်ဘဝနဲ့ သုခကာရီ ရောက်လာတော့ အဒေါ်တော်တဲ့ ဒေါ်ရှုပဝတီက ပစ္စယာနုဂ္ဂဟပြုပြီး ဝေယျာဝစ္စ လုပ်ပေး ထိန်းသိမ်း စောင့်ရှောက်ပေးတယ်။ အဘိုးက မုန့်ကျွေး၊ ပညာသင်ပေးလို့ ဆရာနှစ်ပါးလုံးရဲ့ အမွေဆက်ခံနိုင်ခဲ့ပါတယ်'

## ဒုတိယဆရာတော်၏ သာသနာပြုလုပ်ငန်းအချို့

ဦးပညာစက္က ပျံလွန်တော်မူပြီးနောက် ဆရာတော့်ကျောင်းနေရာတွင် အုတ်တိုက်ကျောင်း ဆောက်လုပ်ကာ အဘအောင်မင်းခေါင် ဝိဇ္ဇာရုပ်သောင်းတို့အား ရည်စူးကော်ရော် အပ်သော ဝိဇ္ဇာတန်ခိုးကို ဖွင့်လှစ်ပူဇော်သည်။

ဦးကေသရ သီတင်းသုံးခဲ့သော မန်ကျည်းပင်အောက် ထန်းလက်တဲကျောင်းကလေးမှာ ဝါးကပ်မိုးကျောင်း၊ ထိုမှ အုတ်တိုက်ဆွမ်းစားဆောင်အဖြစ် ပြောင်းလဲခဲ့သည်။ ယခုအခါ နှစ်ထပ်ကျောင်းဆောင်ကြီးအဖြစ် မြင်တွေ့ရသည်။

လစဉ် လဆန်း(၁)ရက်နေ့မှ (၉)ရက်နေ့အထိ သက်သတ်လွတ် စားသုံးကာ နဝဂ်သီလ ဆောက်တည်လျက် အဘအောင်မင်းခေါင်၏ ကပ်ကျော်စေတီ၌ ဂြိုဟ်ခွင်သက်အရ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း ဆောက်တည်သည်။

မြန်မာပြက္ခဒိန် လဆန်း(၁)ရက်မှ (၉)ရက်နေ့အထိ လစဉ် တစ်လလျှင် (၉)ရက် ကမ္မဋ္ဌာန်းဆောက်တည်ရာ၌ တပည့်သာဝက ဒါယကာ၊ ဒါယိကာမများပါ ပါဝင်အားထုတ်ကြသည်။ မိမိတို့မွေးနေ့ဂြိုဟ်တိုင်မှ စတင်ကာ ဂြိုဟ်သက်အရ ဂုဏ်တော်ပုတီး စိပ်ကြသည်။

**ဥပမာ** တနင်္ဂနွေသားသည် အရှေ့မြောက်ထောင့် တနင်္ဂနွေဂြိုဟ်တိုင်တွင် ပုတီး(၆)ပတ်၊ တနင်္လာဂြိုဟ်တိုင် အရှေ့အရပ်တွင်(၁၅)ပတ်၊ အင်္ဂါထောင့်တွင်(၈)ပတ်၊ ဗုဒ္ဓဟူးဂြိုဟ်တိုင်တွင် (၁၇)ပတ်၊ စနေ၌ (၁၀)ပတ်၊ ကြာသပတေး၌(၁၉)ပတ်၊ ရာဟု၌(၁၂)ပတ်၊ သောကြာ၌(၂၁)ပတ် စသည်ဖြင့် ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းခေါ် မြတ်စွာဘုရားဂုဏ်တော်ကိုးပါးကို နှလုံးသွင်းပူဇော်ကာ ပုတီးစိပ် ပွားများကြလေသည်။

ယခုတိုင်လည်း လစဉ်မပျက် အားထုတ်လျက်ရှိကြောင်း ကြားသိရသည်။ တစ်ရက်လျှင် ပုတီး(၁၀၈)ပတ်နှုန်းဖြင့် (၉)ရက် ပူဇော်စိပ်ပွားခြင်းဖြစ်သည်။

## ဝါခေါင်လ ပူဇော်ပွဲသဘင်

ဆရာတော်နှစ်ပါး၏ မွေးနေ့ဝိဇာတိ ပူဇာသဘင် ဖြစ်သည်။ ထူးခြားတိုက်ဆိုင်စွာပင် ဆရာနှစ်ပါးစလုံး ဝါခေါင်လတွင် ဖွားမြင်ကြသည်။

ဦးပညာစက္က၏ မွေးရက်ကို တိကျစွာ မသိရှိရသော်လည်း မြန်မာပြက္ခဒိန် ၁၃၃၇ ခုနှစ်မှ စတင်၍ ဝါခေါင်လဆန်း (၁၂)ရက်(ဦးကေသရမွေးနေ့) ရောက်တိုင်း ဆရာတော်နှစ်ပါး မွေးနေ့ဝိဇာတ ပူဇာသဘင် ကျင်းပခဲ့သည်။

ထိုနေ့တွင် တက်ရောက်လာသော ရဟန်းရှင်လူပရိသတ်အား ဆွမ်းထမင်းဟင်းများ ကပ်လှူကျွေးမွေး၍ **အင်းပြာပျားရည်(မိုင်းကိုင်စက္ကူတွင် အင်းချမ်းရေး၍ရသော ပြာကို ပျားရည်နှင့်ဖျော်ထားသည်။)** ဆေးတိုက်သည်။ အဆောင်ဓာတ်လုံး သို့မဟုတ် လက်စွပ်များ လှူဒါန်းလေ့ရှိလေသည်။

ဝါခေါင်လမွေးနေ့တွင် သာမကဆန်း,ဆုတ် (၉)စနေကျတိုင်း (လဆန်း (၉)ရက် သို့မဟုတ် လဆုတ်(၉)ရက်နေ့နှင့် စနေနေ့ တိုက်ဆိုင်ခြင်း) အင်းပြာပျားရည်ဆေးကို လှူဒါန်းတိုက်ကျွေးလေ့ရှိကြောင်း သိရသည်။ ဦးဝိမလက ဤသို့ ပြောပြသည်။

'ဆရာတော်(ဦးကေသရ) ပျံတော်မူခါနီး ကျန်းမာရေး စတင် ယိုယွင်းလာချိန်မှာ (၉)ရက်စနေ နှစ်ခါကြုံတယ်။ ၁၃၇၃ ခုနှစ်၊ နယုန်လဆုတ်(၉)ရက်စနေနေ့(၂၅–၆–၂၀၁၁) မတိုင်မီ သောကြာနေ့ညမှာ အင်းစီရင်ဖို့အတွက် ဦးပဥ္စင်းက အင်းပေါင်ချပေးရတယ်။

အင်းက ဖောဓိပက္ခိယအင်း ကိုးကွက်ပတ်လည်အင်း အင်းတစ်ကွက်မှာ အကွက်ငယ် (၈၁)ကွက် ရှိတယ်။ မိုင်းကိုင်စက္ကူ(၁)ရွက်မှာ အင်း(၉)ကွက် စုစုပေါင်း(၉)ရွက်ဆိုတော့ အင်းပေါင်း (၈၁)ကွက်ရှိတယ်။



www.burmeseclassic.com

www.burmeseclassic.com



မိုးကုတ်ကျောင်း ဆရာအသင်းပုံတော်

ဒါတွေအားလုံး အစအဆုံး လုပ်ဖို့ရာ ဆရာတော် မတတ်နိုင်တော့ဘူး၊ မထိုင်နိုင်တော့ဘူးလေ။ အင်းပေါင် သွင်းပြီးသွားတော့ အင်းဆန်ကို ဆရာတော်ကိုယ်တိုင် သွင်းပါတယ်။ မီးရှို့ပြာချပြီး ပျားရည်နဲ့ ဖျော်ရတယ်။

နောက်တစ်ကြိမ် ဝါဆိုလဆန်း(၉)ရက်(၉-၇-၂၀၁၁) စနေနေ့ ကြုံပြန်တယ်။ သောကြာနေ့မှာ...

"ဆရာတော်ဘုရား နက်ဖြန် (၉)စနေ ကြုံပါတယ်။ တပည့်တော် အ,အလယ်သေ အင်းပေါင် ချထားလိုက်မယ်ဘုရား"

လို့ ဗော်ဓိပက္ခိယ(၈၁)ကွက် အင်းကြီးကို စမ,မဖော်ဘဲ လျှောက်လိုက်တယ်။

**(အ,အလယ်သေအင်းမှာ (၉) ကွက်အင်းဖြစ်၍ ရှေ့ပိုင်း၌ ဖော်ပြပြီး ဖြစ်သည်။)**

မရဘူးဗျာ၊ ဗောဓိပက္ခိယအင်းချပါတဲ့။ ဒီအကြိမ်မှာတော့ ဆရာတော် အားအင်ချည့်နဲ့နေပြီ။ ဦးပဥ္စင်းကပဲ အစအဆုံး လုပ်ပေးရတော့တယ်'

### ဗုဒ္ဓပူဇနီယပွဲတော်

နှစ်စဉ် တပေါင်းလရောက်တိုင်း အဘအောင်မင်းခေါင် တည်သွားသည့် ကပ်ကျော် နှစ်ကျိပ်ရှစ်ဆူစေတီတော် ပူဇနီယပွဲတော် ကျင်းပသည်။ အဘအောင်မင်းခေါင်သည် ဤကပ်ကျော်စေတီကို တည်ဆောက်ပူဇော်ပြီးနောက် ၁၉၁၀ ပြည့်နှစ်တွင် ရွှေဘိုဒေသမှ ထွက်တော်မူသည်ဟု သိရသည်။

တပေါင်းလဆန်း(၂)ရက်နေ့မှ (၆)ရက်နေ့အထိ သံဃာ(၅၀)ဖြင့် ပဋ္ဌာန်းဒေသနာတော် ရွတ်ဖတ်ပူဇော်ကြသည်။ (၈)ရက်နေ့တွင် ပင့်သံဃာ(၃၀၀)ကျော်အား ဆွမ်းခဲဖွယ် ကပ်လှူ၊ စာရေးတံမဲနှိုက်၍ လှူဖွယ်ပစ္စည်းများ လှူဒါန်းကာ ကြွရောက်လာသော ပရိသတ်ကိုလည်း ထမင်းဟင်းများဖြင့် ဧည့်ခံကျွေးမွေးသည်။

### သင်္ကြန်ကာလ တရားစခန်း

၁၃၅၀ ပြည့်နှစ် သင်္ကြန်ကာလတွင် ဒုလ္လဘရဟန်း အပါး(၇၀)၊ သာမဏေ အပါး(၃၅၀)၊ သီလရှင် (၁၀၀)တို့ကို သာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှောက်တော်မူကာ လူယောဂီ(၂၀၀) အပါအဝင် (၇)ရက်တရားခန်း ဖွင့်လှစ်သည်။

နေ့စဉ် နေ့ခင်းတွင် အဘိဓာန်ပုတီး (ဗုဒ္ဓါနုဿတိဘာဝနာ)ကျင့်စဉ် ပွားများ၍ ည(၈)နာရီမှ (၉)နာရီခွဲ အချိန်အထိ **အောင်မြေဆရာတော် (ဝေဘူဆရာတော်)**နည်းဖြင့် ဝိပဿနာတရား ရှုမှတ်ကာ အမျှဝေ မေတ္တာပို့ခြင်းဖြင့်



www.burmeseclassic.com

www.burmeseclassic.com





◆ ထမင်းစားပွဲမှ အဘအောင်မင်းခေါင်ပုံ

ရင်ခွင်၌ ဦးထုပ်နှင့်ပုံ ပါရှိသော အဘအောင်မင်းခေါင်ပုံ ▶

ကမ္ဗဌာန်းသိမ်းကြသည်။

ဤကဲ့သို့သော ပူဇာသဘင် တရားစခန်းများကို ယခုတိုင်ပင် အစဉ်အလာ မပျက်ကျင်းပလျက်ရှိကြောင်းသိရသည်။

ဒုတိယဆရာတော် ဦးကေသရသည် သုခကာရီကျောင်းတိုက်တွင် စေတီပုထိုး သာသနိကအဆောက်အအုံများ မွမ်းမံထိန်းသိမ်းမှုအပြင် မြန်မာနိုင်ငံ အရပ်ရပ်တွင် သာသနာပြုလုပ်ငန်းများကြီးပမ်းဆောင်ရွက်တော်မူခဲ့သည်။

ရွှေဘိုမြို့နယ် အိုးဘိုရွာ အိုးဘိုစေတီ၊ နမောရွာ လောကရန်ပြေစေတီ၊ တောင်ကြီးမြို့ ရူဠာမုနိစေတီ၊ ခင်ဦးမြို့နယ် သံဘိုရွာလယ်စေတီ၊ ဝက်လက်မြို့နယ် အုတ်နဲ့ဘုတ်ရွာလယ်စေတီ၊ ဘားမဲ့ဆရာတော် ကိုးကွယ်ခဲ့သည့် နေလဘုရား...

ဆင်ဖြူရှင်မင်း ကိုးကွယ်ခဲ့သည့် သုံးဘုံချမ်းသာ မိုးကောင်းဘုရားစသည်တို့ အသစ်တစ်ဖန် မွမ်းမံပြုပြင်ခြင်း၊ အနယ်နယ်အရပ်ရပ်ရှိ ကျောင်း, ဇရပ်, စက်ရေတွင်းများ လှူဒါန်းခြင်း၊ ဗောဓိညောင်နှင့် ဗောဓိကုံကော် တစ်ထောင်ကျော် စိုက်ပျိုးပူဇော်ခြင်း...

ဒုလ္လဘ ရဟန်း၊ သာမဏေများစွာ ရဟန်းခံ ရှင်ပြုပေးခြင်းကို ရွှေဘို သုခကာရီ ကျောင်းတိုက်၊ မုံရွာ မဟာလယ်တီတိုက် မိုးကုတ်မြို့ စသည့် နေရာများ၌ ကုသိုလ်ပြုခဲ့သည်။ ဆရာတော် တရားဟော တိုက်တွန်းမှုကြောင့် တစ်နှစ်လျှင် လူမျိုးဘာသာ ပေါင်းစုံ (၅၀)ကျော်တို့ ဗုဒ္ဓသာသနာသို့ သက်ဝင် ယုံကြည်လာခဲ့ကြသည်။

၁၃၆၁ ခုနှစ်၊ ပြာသိုလတွင် **“မဟာသဒ္ဓမ္မဇောတိကဓဇ”** ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်း ခံရသည်။ ၁၃၇၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း(၂)ရက် နေ့တွင် ပျံလွန်တော်မူခဲ့သည်။

‘ဆရာတော်(ဦးကေသရ) ပျံလွန်တော်မူခါနီးမှာ အတိုးဆရာတော်လို မှာကြားတာတွေ မရှိပေမယ့် ပျံလွန်ပြီးနောက် .အခက်အခဲကြုံလာရင် အိပ်မက်ထဲကြွပြီး လမ်းညွှန်ပေးတော်မူပါတယ်’

ဟု· ဦးဝိမလကာ မိန့်ကြားသည်။

## ဦးကေသရ၏ လမ်းညွှန်ချက်များ

‘ဆရာတော် ပျံလွန်ပြီးနောက် ၁၃၇၃ ခုနှစ်အတွင်းမှာ ရွှေဘိုမြို့ ကုန်တိုက်တွေ၊ ရတနာဆိုင်တွေမှာ ဖောက်ထွင်းခိုးယူခံရတာ ထူပြောတယ်။ ဒါကြောင့် ညမအိပ်မီ **“ဆရာတော်ဘုရား ဒီရန်တွေက ကာကွယ်နိုင်ဖို့ ညွှန်ကြားပေးပါလို့”** လျှောက်ထားခဲ့တယ်။ အဲဒီညမှာ အိပ်မက်ထဲ ကြွလာပြီးတော့...

သမ္ဗုဒ္ဓေဂါထာနဲ့ သရဏဂုံ ပေါင်းစပ်ပြီး နေအိမ်၊ အလုပ်ခန်း အကာအကွယ် စီစဉ်ပုံကို သင်ပြပေးတော်မူတယ်။ ဦးပဥ္စင်းလဲ ဆည်းကပ်လာတဲ့ ဒါယကာတွေကို ပြန်လှူတော့ သူခိုးသူဝှက်ရန်ဘေး ကင်းပြီး နေအိမ် လုံခြုံမှု ရရှိကြပါတယ်။

**ရွှေလ ဆက်ဖတ်ပါရန်**

**ထက်မင်းကျော်စွာ**



www.burmeseclassic.com

www.burmeseclassic.com





# ဘာဂမုန်းလဲ

သိရှိသူ သုတေသီ ပညာရှင်များမှ ဖြေကြားပေးကြပါရန်

ဤဂမုန်းပင်လေးအား အဘတစ်ယောက်မှ ပေးလိုက်ခြင်း ဖြစ်ပါသည်။ ကျွန်တော်သည် ဂမုန်းနှင့် ပတ်သက်လျှင် အလွန် ဝါသနာပါသည်။

ဤဂမုန်းပင်မှာ ပုံတွင်ပါသည့်အတိုင်း အရွက်ချွန်း၍ သေးသွယ်ရှည်လျားသည်။ ရွက်ကြောစိမ်း၍ သန်လျက်သဖွယ် ချွန်ပါသည်။ ယင်းအပင်မှ အပွင့်ပွင့်သောအခါ အနံ့မှာ တသင်းသင်းနှင့် အလွန်မွှေးပါသည်။

ထူးခြားချက်မှာ ငွေကြေး အဆင်ပြေပါသည်။ တခြား လူမှုရေးကိစ္စများလည်း အဆင်ပြေပါသည်။ တချို့ကတော့ **သန်လျက်ဂမုန်း**ဟုလည်း ပြောပါသည်။

ကျွန်တော်မှ သန်လျက်ဂမုန်းပါ ဓာတ်ပုံနှင့် စစ်ဆေးသောအခါ မတူပါ။ ဒါကြောင့် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ သိရှိသူ ပညာရှင်များက ကျေးဇူးပြု၍ ဖြေကြားပေးပါခင်ဗျား။

*ကျန်းမာ ချမ်းသာကြပါစေ။*

မင်းမင်းဇော်(ခ)ဖိုးဇော်



www.burmeseclassic.com

www.burmeseclassic.com

မြန်မာ့နန်းတွင်း သမားတော်ကြီး ဦးပန္နဝ၊ သမားတော်ကြီး ဦးနွယ်၊ မြန်မာ့မျိုးချစ်တော်လှန်ရေးခေါင်းဆောင် ဆရာစံ(သမားတော်ကြီး ဦးစံရှား)တို့ထံမှ လက်ဆင့်ကမ်း၍ ဆင်းသက်လာသော နန်းတွင်း သမားစဉ် မူရင်းဆေးစွမ်းကောင်း တို့ကို သမားတော်ကြီး ဦးနွယ် ၏မြေး၊ သမားတော် ဦးတင့်လွင်(ငြိမ်း/ ဗိုလ်ကြီး)၊ ဇနီးဒေါ်ကျင်သိန်းမိသားစု (သမားအို ဆေးတိုက်) မှ အကြောင်းပြု ပေါင်းစုလျက် သမားအိုအမှတ်တံဆိပ် မြန်မာ့ဆေးစွမ်း ကောင်းများကို ထုတ်လုပ် ဖြန့်ချိလျက် ရှိပါသည်။

(ကြော်ငြာဆောင်းပါး)

**ဆေးစွမ်းထက်မြက်ကြောင်း အကြွားမပိုတဲ့**

# သမားအိုဆေးတိုက်

**မှထုတ်လုပ်သော အစာအိမ်ရောဂါသောက်ဆေး၊ ပါရမီရှင်ချောင်းဆိုးပျောက်ငုံဆေးပြား၊ ငှက်ဖျားရောဂါသောက်ဆေး၊ ယားနာရောဂါသောက်ဆေး၊ အငြေကျော်လေဆေးလျက်ဆား**



**ဦးစိန်ကောင်း၏**

**သမားအို** အမှတ်တံဆိပ်

**ငှက်ဖျားရောဂါသောက်ဆေး**

၀၇၁၁ Y၀၀၉၀၇၅

ဤဆေးသည် ငှက်ဖျားနှင့် အဖျားရောဂါ အမျိုးမျိုးကို ထိရောက်စွာ သက်သာ ပျောက်ကင်းစေပါသည်။

ငှက်ချူးထွက်လျှင် အအေးပြန်မပတ်စေရန် အဝတ်နှင့် သုတ်ပေးရပါမည်။ မည်သည့် အဖျားမဆို ဆေးသောက်ပြီးပါက အအေးခံခြင်း၊ ပင်ပန်းစွာလှုပ်ရှားခြင်းတို့ကို ရှောင်ရှားသင့်ပါသည်။ ငှက်ဖျားနှင့် အအေးမိနာစေးခြင်းတို့ကြောင့် တစ်ကိုယ်လုံး နာကျင်ကိုက်ခဲခြင်းများအတွက် သောက်သုံးနိုင်ပါသည်။

---

**ဒေါ်စင်စင်ထွေး၏**

**သမားအို** အမှတ်တံဆိပ် အစာအိမ်ရောဂါသောက်ဆေး ၀၇၁၁ Y၀၀၉၀၇၄

လူမှာအကျင့် ဝမ်းမှာအချင့် ဆိုသလို မသင့်သော အစားအစာများကို စားခြင်း၊ အချိန်မှန်မှန် မစားသောက်ခြင်း၊ အပူ၊အစပ်၊ အချဉ်၊အငန် စသည် အရသာများကို တာရှည်စွာ စားသောက်ခြင်း၊ ကြေညက်ခဲသော အစာများကို တာရှည်စွာစားသောက်ခြင်း၊ အလွန်အိပ်ရေးပျက်ခံသော်လည်း အစားပုံမှန် မစားခြင်း စသည့် အကြောင်းများ တာရှည်ရာမှ ပါစကဝမ်းပျက်ပြီး အစာအိမ်ရောဂါအမျိုးမျိုး ဖြစ်ပေါ်လာပါသည်။

ဤဆေးသည် အစာမကြေ၊ လေထိုးလေအောင့်၊ ရင်ပြည့်ရင်ကယ်၊ ရင်ခေါင်းနှင့် နံကြားတို့၌ ထိုးအောင့်နာကျင်ခြင်း၊ အစာအိမ် အချဉ်ပေါက်ခြင်း၊ အစာအိမ်ရောင်ခြင်း၊ နာခြင်း၊ ပျို့အန်ခြင်း စသည့် အစာအိမ် လေနာအမျိုးမျိုးတို့ကို ထိရောက်စွာ သက်သာ ပျောက်ကင်းစေပါသည်။

---

**ဒေါ်နှင်းနှင်းကြည်၏**

**သမားအို** အမှတ်တံဆိပ် **ယားနာသောက်ဆေး** ၀၇၁၁ Y၀၀၉၀၇၂

ပိုးမွှားတိရစ္ဆာန်အချို့မှဖြစ်သော အဆိပ်သင့်ဖွယ် ယားယံမှုကြောင့်လည်းကောင်း၊ အပူ၊အစပ်၊အချို၊အဆိမ့် အရသာများ လွန်ကဲစွာ စားသောက်ပြီး ကိုယ်လက်လှုပ်ရှားမှုနည်းခြင်းကြောင့် လည်းကောင်း၊ ယခင်က ဝမ်းကိုက်၊သွေးပျက်၊ဝမ်းလျှော၊အသည်းရောင်နှင့် သည်းခြေနာ အမျိုးမျိုးဖြစ်ခဲ့ဖူးရာမှ သွေး၊သည်းခြေ ဖောက်ပြန်မှုကြောင့် လည်းကောင်း၊ တစ်ကိုယ်လုံး အနှံ့အပြားမှာ ဝဲကဲ့သို့ ရေကြည်ဖုကလေးများဖြစ်ခြင်း၊ ပူစပ်ပူလောင်ယားယံပြီး အဖုအပိမ့်နှင့် အင်ပျဉ်များ ဖြစ်လာရပါသည်။ ဤဆေးသည် အထက်ပါ ယားယံခြင်း အမျိုးမျိုးတို့ကို ထိရောက်စွာ သက်သာပျောက်ကင်းစေသည့်အပြင် သွေးသား ညီညွတ်စေပါသည်။

---

**ဒေါ်ဆေးဆေးမွှေ၏**

**သမားအို** အမှတ်တံဆိပ် ပါရမီရှင် ချောင်းဆိုးပျောက်ငုံဆေး ၀၅၁၂ Y၀၀၉၆၉၆

ဤဆေးသည် ရာသီအကူးပြောင်း၌ ဖြစ်တတ်သော ချောင်းဆိုးခြင်း၊ ချွဲကျပ်၊ ရင်ကျပ်၊ သလိပ်ကပ်၊ လည်ချောင်းနာ၊ လည်ချောင်းယား၊ အသံဝင်၊ အသံပျက်၊ အစာမကြေ၊ ရင်ပြည့်ရင်ကယ်၊ လည်ချောင်းနှင့် ရင်ဘတ်အတွင်း၌ သလိပ်များ ရှုရှုတက်ဖြစ်နေခြင်း၊ တရှိုးရှိုးမြည်နေခြင်းများကို ဆေးတစ်ပြားဆို ဆိုသလောက် သိသာလျင်မြန်စွာ သက်သာ ပျောက်ကင်းစေပါသည်။ ပထမတစ်ကြိမ် ငုံနေစဉ်မှာပင် ချွဲသလိပ်များ ထွက်လာပြီး ရောဂါများ သက်သာလာကြောင်းကို လက်တွေ့သုံးဆောင်ခြင်းက သက်သေပြပါလိမ့်မည်။ ဤဆေးသည် အသံကို အထူးကြည်လင်စေသဖြင့် အဆိုတော်များ၊ စာပေသင်ကြားပို့ချနေသူများ၊ အသံဖြင့် အသက်မွေးဝမ်းကျောင်းနေသူများနှင့် လူတိုင်း အိမ်တိုင်း မရှိမဖြစ် ဆောင်ထားရမည့် ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။

---

**ဦးသန်းဇော်၏**

**သမားအို** အမှတ်တံဆိပ် အငြေကျော်လေဆေးလျက်ဆား ၀၇၁၁ Y၀၀၉၀၇၃

လူမှာအကျင့် ဝမ်းမှာအချင့်ဆိုသလို မသင့်သောအခါ မသင့်သော အစားအစာများစားမိ၍ အစာတောက်ခြင်း၊ အစာအဆိပ်သင့်ခြင်း၊ မူးဝေအော့အန်ဝမ်းကျခြင်း၊ ဝမ်းချုပ်ခြင်း၊ အထက်လှန် အောက်လျှော ဖြစ်ခြင်း စသည်တို့ဖြစ်ကာ အချိန်ကြာလာသော် ဝမ်းမီးနံ့ရှူမှ ဓာတ်လေးပါးပျက်ပြီး အခြားခြားသောရောဂါများ နောက်ဆက်တွဲ ဖြစ်ပေါ်စေတတ်ပါသည်။ အထက်ပါ အစားမှား၊ အစာအဆိပ်ဖြစ်ခြင်း၊ အစာတောက်ခြင်း၊ အစာမကြေ ရင်ပြည့်ရင်ကယ် ဝမ်းရင်ထိုးအောင့်ခြင်း၊ အစာအိမ်အချဉ်ပေါက်ခြင်း၊ အစားမှား၍ သလိပ်ထခြင်း၊ အအေးမိ၍ ဖျားခြင်း၊ ရက်ခြားဖျားခြင်း၊ ချမ်းတစ်လှည့် ပူတစ်လှည့်ဖြစ်ခြင်း၊ ခြေဖဝါးလက်ဖဝါးပူခြင်း စသည့် ရောဂါများကို ထိရောက်စွာ သက်သာပျောက်ကင်းစေပါသည်။

**ဆေးသုံးစွဲသူ ဝေဒနာရှင်များအနေဖြင့် ဆရာ ဦးသန်းဇော် (တဆ-၀၂၉၁၇) ဖုန်း-၀၉-၄၉၂၆၄၄၀၃ သို့ ဆွေးနွေး တိုင်ပင်နိုင်ပါသည်။**


**သမားအိုဆေးတိုက်**

အမှတ်(၄၇)၊ (၁၈)လမ်း၊ မင်္ဂလာဈေးအနီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ ဖုန်း-၂၉၀၆၃၀ အမြို့မြို့ရှိ မြန်မာ့ဆေးဆိုင်များတွင် ရရှိနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



လာဘာမုနိစေတီ

ဘုန်းကျော်စွာ
(မြိုင်တက္ကသိုလ်)

အခင်းကြုံလျှင်

# ပင်းရိုးတောင်ကျွင်

## အဓိဋ္ဌာန်ဝင်ပါ (၃)

ယခင်လမှ အဆက်

သမိုင်းတင်ကျောက်စာ ရေးထိုးခဲ့သော နှောင်းပိုင်းခေတ်ကာလတွင်လည်း **ကုန်းဘောင်ခေတ် ဝိဇ္ဇာဓရ ဆရာတော်ဦးသမ္ဘိသ၊ ဘုန်းဘုရား ဦးပေါက်ဆိန်၊ မြင်းခြံ သတိပဋ္ဌာန် ဆရာတော် ဦးလောကတိဿ၊ ယင်းနည့် ဝက်လူး အရှေ့တောကျောင်း ဆရာတော်ဦးလက္ခဏ၊ တောင်ပုလု ဆရာတော်၏ တပည့်တစ်ပါးဖြစ်သော ကျောက်ဆင်ဆရာတော်** တည်တို့ ကြွရောက် အားထုတ်ချီးကြခဲ့ကြောင်း သိမှတ်ရသည်။


ကျောင်းခန်းနံရံတွင် ဤသမိုင်းဖြစ်စဉ်ကို ပန်းချီသရုပ်ဖော်ပုံများဖြင့် ကမ္ပည်းရေးထိုးထားကာ ကျောက်စာမှာ ရွှေစေတီကြီးကုန်းတော်၊ ကျောက်မဏ္ဍပ်အနီး လိုဏ်ဂူအတွင်း ဖတ်ရှုနိုင်သည်ဟု သိရသည်။

ရှေးအစဉ်ကို မသိရသော်လည်း ၁၁၆၀ ပြည့်နှစ်၌ ဤနေရာတွင် ကျောင်းဆောက်လုပ်ကာ ဆရာတော် ဦးဉာဏသေီ၊ ဦးပဏ္ဍဝ၊ ဦးကုသလ၊ ဦးပဏ္ဍိတ္တို့ သီတင်းသုံးတော်မူခဲ့ကြသည်။ မူလကောင်းမှုရှင်မှာ ထန်းတောရွာမှ ကျောင်းဒါယကာ ဦးညိုရောင်ဖြစ်သည်။


ထို့နောက် အမြဲသီတင်းသုံးသည့် ဆရာတော်၊ သံဃာတော်များ အဆက်ပြတ်ခဲ့ရာ ၁၃၅၁ ခုနှစ်တွင် ပျက်စီးနေသည့် မူလကျောင်းနေရာတွင် နွားထိုးကြီးမြို့မှ ကျောင်းဒါယကာ ဦးစက်ပေါင်း၏ သားမြေး အဆက်အနွယ်များ စုပေါင်း၍ ကျောင်းသစ်ဆောက်လုပ်ကာ "ဝိဇ္ဇာမယိဒ္ဓိ ဝိသုဒ္ဓိ ကျောင်းတိုက်"ဟု အမည်ပေးလှူဒါန်းခဲ့ကြသည်။

၁၃၅၆ ခုနှစ်တွင် ထနောင်းပင်လဲကျေးရွာမှ သက်တော် (၅၄)နှစ်ရှိ

www.burmeseclassic.com



◆ ဆုတောင်းပြည့်စေတီ



◆ အနောက်မြောက်ထောင့်မှ တိုက်ဆောင်သစ်

ဆရာတော် ဦးခေမိန္ဒ ကြွရောက်ကာ နွားထိုးကြီးမြို့နယ် သံဃနာယက အဖွဲ့၏ လမ်းညွှန်မှု ခံယူလျက် မင်းစုံတောင်ကို ထိန်းသိမ်းစောင့်ရှောက် သာသနာပြုတော်မူလျက် ရှိကြောင်း သိရပေသည်။

သို့ဖြစ်လေရာ ဆရာတော်သည် ယခုနှစ် (၁၃၇၅ ခုနှစ်)တွင် မင်းစုံတောင်၌ (၁၉)နှစ် ကြာမြင့်ပြီ ဖြစ်လေသည်။

ကျောင်းတွင်းဘုရားဆောင်၌ ရှေးလက်ရာ တင်ပျဉ်ခွေရုပ်ပွားတော်ကြီး တစ်ဆူနှင့် ရုပ်ပွားတော်ငယ်များကို ဖူးတွေ့ရသည်။

ရဟန္တာခတ်တော်များစွာနှင့် ရက္ခာနီးစင်တောင်ဆရာတော် ဦးဩဘာသ၊ အဘဘိုးဘိုးအောင်၊ အဘအောင်မင်းခေါင် ပုံတော်များနှင့် တရုတ်ဗုဒ္ဓဘာသာ အယူအဆအရ မီလဲ့ဖော (Mi Le Fo) ခေါ် အရိမေတ္တေယျ အလောင်းတော် (လူဝကြီး)ရုပ်တုများလည်း ဖူးတွေ့ရသည်။

## တောင်တော်တစ်ခွင် မှနိုရှင်များ

ဆရာတော်၏ ကျောင်းမှ အထက်တောင်ကုန်းစောင်းတွင် ကရဝိက်
လိုဏ်ပါစေတီတစ်ဆူ ကိန်းဝပ်တော်
သည်။ အနောက်လှည့်လိုဏ်အတွင်း
တင်ပျဉ်ခွေရုပ်ပွားတော်တစ်ဆူ ပူ
ထားကာ **"၁၃၆၆ ခုနှစ်၊ ဝါ**
**လပြည့်နေ့၊ ကပ်ကျော်ဖျော်မှအ**





www.burmeseclassic.com

www.burmeseclassic.com

**ရွှေစေတီ''**ဟူသော ကမ္ပည်းစာတမ်းကို ရေးထိုးထားသည်။

ထိုမှ အထက်သို့ ဆက်တက်ခဲ့ရာ ကုန်းထိပ်၌ စေတီနှစ်ဆူ ယှဉ်တွဲကိန်းဝပ်တော်မူသည်။ အရှေ့ဘက်စေတီမှာ လာဘမုနိစေတီဖြစ်၍ ၁၃၂၄ ခုနှစ် ကမ္ပည်း ပါရှိသည်။

အနောက်ဘက် ကုန်းစောင်းထိပ်ရှိ စေတီကား **''ဆုတောင်းပြည့်''** ဘွဲ့မည်ရှိ၍ **မြောက်နန်းစံ နုဝတီဒေဝီ ကောင်းမှုဖြစ်ကြောင်း** သိရသည်။ အရှေ့လှည့်မုခ်လိုဏ်တွင်းရှိ ရုပ်ပွားတော်မှာ မူလလက်ရာအတိုင်း ပြုပြင်ထိန်းသိမ်းထားသည် ဆို၏။ ပုဂံခေတ်လက်ရာဟု မှန်းဆဖွယ်ရှိသည်။

ပုဂံမြို့ဟောင်းရှိ အနော်ရထာမင်း ကောင်းမှု ပြည့်ဘုရားများနှင့် ပုံဟန်တူညီကာ ခြေဖဝါးတော်နှစ်ဖက်တွင်လည်း မုနိန္ဒဇလပ်ပန်းသဏ္ဌာန် ရေးရေးမြင်ရသည်။

အထပ်ထပ် မွမ်းမံပြင်ဆင်မှုကြောင့် ဇလပ်ပန်းပွင့်ပုံသဏ္ဌာန် ပီပြင်မှု လျော့နည်းသွားဟန်ရှိသည်။ အဖောင်းအမို့ အရာကလေးမျှ တွေ့မြင်ရသည်။

နှုတ်ခမ်းတော်မှာလည်း ပြည့်ဘုရားများအတိုင်း (တောင်းသောဆုနှင့် ပြည့်စေသတည်း)ဟူ၍ ဆုပေးဟန် ပြုံးယောင်အနေအထားဖြင့် ဖူးမြော်ရလေသည်။

ဆုတောင်းပြည့်စေတီ အနီးမှ အနောက်မြောက်ထောင့်ရှိ နတ်ဝင်တောင်ထက်စေတီကို လှမ်းမျှော်ကာ ဦးခိုက်ပူဇော်နိုင်သည်။ ကုန်းတော် မြောက်ဘက်အနီးတွင် လျှိုတွင်းဆင်းကာ နတ်စင်တောင်သို့ တက်ရောက်နိုင်သည်။

စောင်းတန်းလှေကား မရှိသော တော်စောက်သည့် မြေသွားလမ်း



ဆုတောင်းပြည့်ရုပ်ပွားတော်

ကလေးသာရှိကြောင်း သိရသည်။

မင်းစုံတောင်အတက် မတ်စောက်သောနေရာများတွင် သံတန်းများအားပြုဆွဲတက်နိုင်ရန် တပ်ဆင်ထားသည်ကို တွေ့မြင်ခဲ့ရလေရာ မကြာမီကာလအတွင်း နတ်စင်တောင်အတက် ကျောက်လှေကားနှင့် သံတန်းအထိန်းများ ပေါ်ထွက်နိုင်ပါစေဟု ဆုတောင်းမိပေသည်။

ဆုတောင်းပြည့် ကုန်းတော်၏ မြောက်ဘက် အောက်အခြေတွင် မြေပြင်ညီတစ်ခုရှိ၍ အုတ်တိုက်ကျောင်းဆောင်ကို တွေ့ရသည်။ မူလကျောင်းဟောင်းနေရာတွင် မကြာမီကမှ ပြန်လည် တည်ဆောက်ခဲ့ကြောင်း သိရသည်။ သံဃာတစ်ပါး သီတင်းသုံးတော်မူသည်။

ကားသံ လူသံမရှိ။ နွားထိုးကြီး–ပြင်စည် ကားလမ်းသို့ မြေလမ်းကလေးအတိုင်း သုံးမိုင်ခန့် သွားရသည်ဖြစ်ရာ



www.burmeseclassic.com


www.burmeseclassic.com




◄ ကျောက်မဏ္ဍပ်တွင်းမှ ရွှေစေတီကြီး၏ အနောက်မုခ်ရုပ်ပွားတော်

ကျောက်စာတိုက် ►

◄ ရွှေစေတီကြီးနောက်ဘက် အာရုံခံတန်ဆောင်း ကျောက်မဏ္ဍပ်





လူသူအရောက်အပေါက် နည်းလှသည်ဖြစ်ရာ တောရကျောင်း၏ အရသာသရုပ်သဏ္ဍာန်ကို အပြည့်အဝ ခံစားရနိုင်ပေသည်။

ထိုကျောင်း၏ အရှေ့ယွန်းယွန်း တောင်ထိပ်တွင် သီရိဓမ္မာသောကမင်း၏ မုဋ္ဌောစေတီကို ပုံ၍ တည်ထားသည့် ရွှေစေတီကြီး စံပယ်တော်မူလေသည်။ စေတီ၏ အနောက်ဘက်တွင် ကျောက်မဏ္ဍပ်ကြီးရှိသည်။ ကျောက်တုံးများဖြင့် စီကာ အာရုံခံတန်ဆောင်း အဖြစ် ပြုလုပ်ထားခြင်း ဖြစ်သည်။

အပြင်ဘက်နံရံတွင် အလှူကမ္ပည်း ရှိသည်။ မင်းကွန်း အရိယမဂ္ဂင်ချောင် ချောင်သီလရှင်ကြီး ဒေါ်ရူပဝတီ တည်ဆောက် လှူဒါန်းသည်ဟု ပါရှိသည်။ (၂၂–၁–၁၉၉၆)ရက်စွဲကိုလည်း တွေ့ရသည်။

အဆောက်အအုံ ပုံသဏ္ဍာန်မှာ ထို့ထက် ရှေးကျသည်ဟု ယူဆရသည်။ ထို့နေ့တွင် မွမ်းမံပြုပြင်ခြင်းလည်း ဖြစ်နိုင်ပါသည်။ ရဟန်းသာမဏေ သီလရှင်များ နေထိုင်သီတင်းသုံးရန် ရည်ရွယ်ဟန် ရှိသည်။

အတွင်း၌ ရုပ်ပွားတော်တစ်ဆူ စံပယ်တော်မူသော မုခ်လိုဏ်တစ်ခု တွေ့ရသည်။ ရွှေစေတီကြီး၏ အနောက်ဘက်မုခ်ဖြစ်သည်။ ရွှေစေတီမှာ ဤမုခ်တစ်ခုသာရှိ၍ ကျန်သော မြောက်၊ အရှေ့၊ တောင်ဘက်တို့၌ မုခ်လိုဏ်များ မရှိကြပါ။

စေတီတော်မှာ လေးထောင့်ပစ္စယံ အထက်အရံစေတီလေးဆူနှင့် ခံ့ညား ထည်ဝါသော ခေါင်းလောင်းမှောက် စေတီ ပေါက်ထားလျက် ထောင့်လေး ထောင့်တွင် ခြသေ့ံလေးကောင် သွန်းလုပ်ထားသည်။

ရွှေစေတီကြီး ကုန်းတော်မြောက်ဘက်မြေကွက်တွင် သိမ်တော်ရှိသည်။ ၁၁၆၀ ပြည့်နှစ်မတိုင်မီ ရှေးကာလကပင် တည်ရှိခဲ့သော သိမ်ဖြစ်၍ ၁၁... အဆောက်အအုံမှာ မကြာသေးမီက



www.burmeseclassic.com

www.burmeseclassic.com



ရွှေစေတီကြီးအဝေးမြင်ကွင်း

ဆောက်လုပ်ထားခြင်း ဖြစ်သည်ဟု သိရသည်။

ဤသိမ်တော်တွင် သမထ၊ ဝိပဿနာကမ္မဋ္ဌာန်းများကို သမာဓိ ကြည်ကြည်စွာ ကျင့်ကြံပွားများပါက သိမ့်ကျင့်စဉ်စခန်း ထွက်လှမ်း အောင် မြင်ပြီးသည့် ဆရာသခင်များ၏ ကူညီ မှုရရှိကာ မိမိတို့ လိုရာပန်းတိုင်သို့ ဆက်လက် တက်ရောက်နိုင်ကြသည် ဟု သိရသည်။

### မွှမ်းမံမှု ကျောက်စာ

စေတီတော်၏ အနောက်မြောက် ထောင့် ကျောက်မဏ္ဍပ်အနီး၌ ကျောက်စာဂူရှိ၍ အတွင်း၌ မင်းစု တောင်တော် မွမ်းမံမှု ကမ္ပည်းကျောက် စာကို တွေ့ရသည်။

ကျောက်စာတွင် သီရိဓမ္မာသောက မင်း ကောင်းမှုစေတီကို မြန်မာဘုရင် များ ဆက်လက် မွမ်းမံခဲ့ကြပြီးနောက် သက္ကရာဇ် ၁၁၅၉ ခုနှစ်တွင် ထန်းတော ရွာမှ ဘုရားဒါယကာ ဦးညိုရောင်က ရွှေစေတီကြီးနှင့် အခြားစေတီများ၊ သိမ်နှင့် ကျောင်းတို့ကို မွမ်းမံပြုပြင် ခဲ့ရာ ၁၁၆၀ ပြည့်နှစ်တွင် ပြီးစီးခဲ့သည်။

ယင်းနောက်တွင် ဦးညိုရောင်၏ သားမြေးအစဉ်အဆက်တို့ ထိန်းသိမ်း ပြုပြင်ခဲ့ကြကာ ၁၂၇၄ ခုနှစ် ရောက် သောအခါ **"စဉ်တီတ်"** သူကြီး ဦးဆောင်၍ မ,တည်ငွေ ၂၉၅ိ၊ ၄ (နှစ်ရာကိုးဆယ့်ငါးကျပ် လေးပဲ) ရရှိခဲ့ သည်။

ထို့နောက် အနယ်နယ် ဒါယကာ များ ထည့်ဝင် လှူဒါန်းငွေ တစ်ထောင် ကျပ်ခန့် ရရှိသည်တွင် စေတီပုထိုး အားလုံးအတွက် ပြုပြင်ရန် အုတ်၊ သဲ၊ ထုံး၊ ကျွဲရေ၊ ထန်းလျက် ပြည့်စုံစွာ ရရှိပြီဖြစ်၍ ၁၂၈၄ ခုနှစ်၊ ဝါဆိုလမှ စတင်ခဲ့ရာ ပြာသိုလတွင် ပြီးစီးကြောင်း လူနတ်ပြဟ္မာ သတ္တဝါအားလုံး သာဓု ခေါ်နိုင်စေရန် ကျောက်စာစိုက်ထူခဲ့ သည်ဟု ဖော်ပြပါရှိလေသည်။

ကျောက်စာတွင် ရပ်ရွာအမည်၊ ထည့်ဝင်ငွေနှင့် ဦးဆောင်သူ အမည် များ အတိအကျပါရှိရာ ပြည့်စုံသော အထောက်အထား ဖြစ်ပေသည်။ တောင်ထက် စေတီတော်များအား ကြည်ညိုပူဇော်ပြီးသောအခါ ကျောင်း သို့ပြန်ရန် ရွှေစေတီကြီးခေါ် မင်းစုံ တောင်၏ အဓိကရ စေတီတော်အား ဂါရဝပြု ပူဇော်နှုတ်ဆက်ခဲ့သည်။

ရွှေလ ဆက်ဖတ်ပါရန်

ဘုန်းကျော်စွာ
(မြိုင်တက္ကသိုလ်)



www.burmeseclassic.com

www.burmeseclassic.com



သောကအေးတဲ့

# နတ်ရေမွှေး

ကျိုက်သန်လန် ကုန်းတော်ပေါ်သို့ ရောက်သည်နှင့် အရှေ့ဆီမှ တိုက်ခတ်လာသော လေအေးများက အမောပြေ ဝင်မွှေ့သွားကြသည်။

'စောင်းတန်းက မတ်စောက်ပြီး မိုးအုံ့နေတော့ အိုက်စပ်စပ်နဲ့ ဒီအပေါ်ရောက်မှ လေတိုက်တော့တယ်'

အပေါ်ဆုံး လှေကားထစ်တွင် ထိုင်ကာ အပန်းဖြေနေကြစဉ် ပန်းရောင်းသော အမေအိုက...

'ဒီမှာ နေရိပ်တယ်၊ လာနားကြပါလား'

ဟု ဖိတ်ခေါ်သဖြင့် ဓမ္မာရုံအရိပ်အောက်ရှိ ဘုရားပူဇော်ရန် ပန်းများရောင်းချသည့် ခုံတန်းကလေးဆီ လျှောက်သွားကြသည်။

ပန်းများမှာ အမျိုးအမည် များပြားခြင်း မရှိ၊ တစ်မည်တည်းသာ။

'ဘာပန်းတွေလဲ အမေ'

'**သာတိုင်းမွှေး**တဲ့။ လသာတဲ့ ညများမှာ အမွှေးနံ့သင်းသင်းကလေးက လေသင့်ရာမွှေးလို့ ဟိုးအဝေးကြီးက ရှူရှိုက်လို့ရတယ်။ ဒီပန်းအနံ့ကို ခံစားမိသူအဖို့ အိပ်ငိုက်တာတွေ ပျောက်ပြီး ကြည်လင်လန်းဆန်းလာတယ်ကွယ့်'

စံကားဝါဖူးသဏ္ဌာန် ပန်းပွင့်များက အစိမ်းနုရင့် အထပ်ထပ် ရှိနေသည်။ ပန်းဖူး ဆိုသည်ထက် သစ်သီးတစ်လုံးနှင့် သဏ္ဌာန်တူနေလေသည်။

အဖြူ၊ အဝါ ပွင့်သော စံကားဖြူ စံကားဝါတို့ကဲ့သို့ အစိမ်းရောင် စံကားစိမ်းပန်းဟု ခေါ်တွင်ရမလောက် သဏ္ဌာန်တူလေသည်။

'ရှမ်းပြည်နယ် ကျောက်မဲတက်မှာ သိပ်ပေါတယ်။ ပင်လတ်မျိုး အကိုင်းထိပ်မှာ အရွက်တွေဝိုင်းပတ်ပြီး ထွက်တတ်တယ်၊ လုံးသွားပုံစံ အရွက်တွေက ပြောင်ချော နေတာပဲ'

အမယ်အို၏ စကားကြောင့် ရှမ်းပြည်နယ်သို့ ရောက်ခဲ့စဉ်က တွေ့ခဲ့ဖူးသည့် သာတိုင်းမွှေးပန်းကို အမှတ်ရလာသည်။ ထိုစဉ်က မိုးကုတ်မှ ဆရာတော် တစ်ပါး သီတင်းသုံးသော ကျောင်းတွင်တွေ့ မြင်ရခြင်း ဖြစ်သည်။

'ဒီယိုကာတို့ ဒီ အလုံးကလေးတွေဟာ အသီးမဟုတ်ဘူး ကိုင်းမကနေ ထီးတည်း ပွင့်ထွက်လာတဲ့ အငုံတွေ၊ ညဘက်လသာ ချိန်မှာ ပွင့်အာပြီး အေးမြတဲ့ ရနံ့ကို ပေးတတ် လို့ သာတိုင်းမွှေးလို့ခေါ်တယ်။

ဒီအပွင့်က ရနံ့ကို ရှူရှိုက်ရသူတိုင်း စိတ်ကြည်လင်ပြီး စိတ်ပူပန်သောကတွေ ပြေပျောက်သတဲ့။ "သောကအေးတဲ့ နတ်ရေမွှေး"လို့ တင်စားကြတယ်။

ဒီပန်းပွင့်တဲ့ အိမ်၊ ခြံမြေဟာ အနှောင့်အယှက်ဘေးရန် ကင်းဝေးပြီး စိတ်နှလုံး ကြည်လင်အေးချမ်းစေတယ်လို့ ယုံကြည်ကြ စိုက်ပျိုးတတ်ကြတယ်ကွယ့်'

ရှမ်းပြည်နယ်မှ သာတိုင်းမွှေးသည် မွန်ပြည်နယ်အရောက် ခရီးဆန့်နေပြီကော။



▲ သာတိုင်းမွှေး(သို့မဟုတ်) သောကအေးတဲ့ နတ်ရေမွှေး

**ထိုင်းလီစု**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

# အရိုးကျီးပေါင်းရောဂါအတွက် စကြာမင်း

အမှတ်တံဆိပ်

# ဆေးစွမ်းကောင်းနှစ်လက်

ဦးဉာဏ်ထွန်းရှိန်
(စက်မှု-၁)

'ဟော့… ကိုဉာဏ်ထွန်းရှိန် ရုံးမတက်ဘူးလား'

'ဩော်… စာရေးဆရာကြီး မောင်ကိုဇော် (ဥက္ကလာ)ပါလား။ အထိုင်ဗျာ၊ ကျွန်တော် ခွင့်ယူထားရတယ်ဗျ။ နေမကောင်းလို့'

'ကိုဉာဏ်ထွန်းရှိန်က ဘာရောဂါတွေ ဖြစ်နေလို့တုံး'

'မသိပါဘူးဗျာ။ ဓာတ်မှန်ရိုက်ပြီး ဆေးစစ်ချက်အရကတော့ ကျွန်တော် ကုပ်ဆက်ရိုးအဆစ် (၄ + ၅ + ၆ + ၇)မှာနဲ့ ခါးဆက်ရိုး (၄ + ၅) အဆစ်တွေမှာ အရိုးကျီးပေါင်းတက်တဲ့ရောဂါလို့ ပြောကြတာပဲ'

'ဆေး မကုဘူးလား'

'ကုတာမှ စုံနေတာပဲ။ လေ့ကျင့်ခန်းတွေလဲ လုပ်တယ်။ ဒါပေမယ့် အရိုးကျီးပေါင်းရောဂါကတော့ ကျွန်တော့်ကို နှိပ်စက်နေတုန်းပဲ'

'ဒါဆို နဂ္ဂတ္တရောင်ခြည်မဂ္ဂဇင်းထဲမှာ ကျွန်တော် ဖတ်လိုက်ရတဲ့ ကိုယ်တိုင် အရိုးကျီးပေါင်းရောဂါ သက်သာပျောက်ကင်းသွားကြတဲ့ ကိုဘုန်းဝေ၊ ပြီးတော့ ရှေ့နေကြီး ဦးညွန့်လှိုင် (ညီပင်)တို့ ကုသကြ၊ သုံးစွဲကြတဲ့ ဆရာမြင့် ကိုယ်တိုင်ကု၊ ထုတ်လုပ်ထားတဲ့ စကြာမင်း အရိုးကျီးပေါင်းရောဂါအတွက် သောက်ဆေး၊ လိမ်းဆေးတစ်စုံကို သုံးစွဲကြည့်ပါလား။ ဒီဆေးဟာဆိုရင် အရိုးကျီးပေါင်းရောဂါရှင်တွေကို စနစ်တကျ ကုသပေးရာမှ စနစ်တကျ ဖော်စပ်ထုတ်လုပ်ထားတဲ့ ဆေးဖြစ်လို့ ခင်ဗျားအတွက် အကျိုးမယုတ်နိုင်ပါဘူး'

'ဒါဖြင့် အဲဒီဆရာကြီး ဆရာမြင့်ဆီ ကျွန်တော့်ကို လိုက်ပို့ပေးဗျာ'

'ကဲ… လာ သွားကြမယ်'

* * * * * *

'သိပ်လဲ မစိုးရိမ်ပါနဲ့ ကိုဉာဏ်ထွန်းရှိန်ရယ်။ အနာရှိရင် ဆေးရှိပါတယ်။ ဒီခေတ်မှာတော့ ဇက်ကျီးပေါင်းတို့၊ ခါးကျီးပေါင်း၊ ဒူးဆစ်ကျီးပေါင်းတို့၊ ခြေဖနောင့် အတက်ထွက်တာတို့ ဆိုတဲ့ အရိုးဓာတ် ပျက်စီးရာမှ အရွတ်တွေ၊ အကြောတွေ၊ အာရုံကြောတွေ ရှုန်းပြန်ကြွက်သားတွေ ချို့ယွင်းပျက်စီးတဲ့ အရိုးကျီးပေါင်းရောဂါဟာ တော်တော် အဖြစ်များနေတဲ့ ရောဂါတစ်ခု ဖြစ်ပါတယ်။ ကျွန်တော့်ဆေးကုခန်းမှာလဲ အရိုးကျီးပေါင်းရောဂါ အမျိုးမျိုးကို နေ့စဉ် ကုသပေးနေရပါတယ်'

'ဇက်ရိုးကျီးပေါင်းနဲ့ ခါးရိုးကျီးပေါင်း လက္ခဏာတွေက ဘယ်လို ရှိပါသလဲ ဆရာ'




ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်–၀၅၁၃ YR ၀၀၅၃၆၉

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၅၆/၀၅၁၃

'ကုပ်ဆက်မှာ ကျီးပေါင်းတက်လာရင်တော့ ဇက်ကြောတွေ တက်ခြင်း၊ ထိုးခြင်း၊ ခေါင်းမကြည်လင်ခြင်း၊ နားထင်ကြောတွေ မျက်ကြောတွေထိုးခြင်း၊ ကိုက်ခြင်း၊ ခေါင်းငုံ့ရင် နောက်ကြော တက်ခြင်း၊ ဆွဲထားသလိုဖြစ်ခြင်း၊ မိုက်ခနဲမူးခြင်း၊ ချာချာလည် အောင်မူးခြင်း၊ ဟိုဘက်ဒီဘက် ခေါင်းလှည့်ရခက်ခြင်း၊ ဇက်ခိုင် ခြင်း၊ ခေါင်းငုံ့မရခြင်း၊ လက်ပြင်ကြော မကြာခဏ ငုပ်တတ်ခြင်း၊ မကြာခဏ အုံးလွဲခြင်း၊ လက်ကြောများကိုက်ခြင်း၊ လက်ဖျားများ ထုံကျဉ်ခြင်း၊ ကြာလာတဲ့အခါ-လက်တွေ အားမရှိသလိုဖြစ်ခြင်း၊ အကိုင်အတွယ်မမြဲခြင်း၊ စိတ်ကြည်လင်မှုမရှိခြင်း၊ ဗဟို အာရုံ ကြောကြီးတွေကို အရိုးကျီးပေါင်းများမှ ဖိတောက်ပိတ်ဆို့မှုပြု နေရင် အောက်ပိုင်းလေးခြင်း၊ ဆွဲခြင်း၊ ထုံကျဉ်ကိုက်ခဲခြင်းများကို ဖြစ်ပေါ် ခံစားရတတ်ပါတယ်။

ခါးဆစ်မှာ ကျီးပေါင်းတက်နေရင်တော့ ခါး မကြာခဏနာခြင်း၊ တောင့်တင်းကိုက်ခဲခြင်း၊ တင်ပါးဆုံထဲက အောင့်ခြင်း၊ ကိုက်ခြင်း၊ ခြေထောက်အကြောတွေ ကိုက်ခြင်း၊ တင်းခြင်း၊ ခြေဖျားတွေ ထုံကျဉ်လေးလံတတ်ခြင်း၊ ကြာလာပါက ခြေထောက်တွေဟာ သွားရလာရ အားမရှိသလိုဖြစ်ခြင်း စတဲ့ လက္ခဏာတွေကို

www.burmeseclassic.com






ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်–၀၆၁၂YR ၀၀၆၇၀၈

ခံစားရတတ်ပါတယ်။ ပြင်းထန်လာပါက အောက်ပိုင်းတွေ ချည့်သွားစေနိုင်သလို အကြော လုံး၀ သေသွားတဲ့အထိလဲ ဖြစ်ပေါ်စေနိုင်ပါတယ်'

'ဟုတ်ကဲ့ပါဆရာ ကျွန်တော်ဖြစ်နေတာတွေနဲ့ တစ်ထပ်တည်းပါပဲ။ ကျွန်တော့်ကို လိုအပ်တဲ့ အကောင်းဆုံး ကုသမှုတွေ ပေးပါဆရာ'

'လိုအပ်တဲ့ ကုသမှုတွေ ပေးရမယ်ဆိုရင် ကျွန်တော့်ရဲ့ ကုထုံးစနစ်က နှစ်မျိုးရှိတယ်ဗျ။ ပထမစနစ်က စကြာမင်း အရိုးကျိုးပေါင်းပျောက်သောက်ဆေး၊ လိမ်းဆေးနဲ့ ကုသတဲ့နည်း။ ဒီနည်းစနစ်က ကျွန်တော်တို့ရဲ့ဆေးခန်းမှာ အရိုးကျိုးပေါင်းရောဂါရှင်ပေါင်းများစွာကို သုတေသနပြု ကုသရင်းမှ အရိုးကျိုးပေါင်းရောဂါကို ထိရောက်ပျောက်ကင်းတဲ့အတွက် ကျွန်တော့်ဆေးတိုက်က ထုတ်လုပ်တဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက် (သောက်ဆေး)နဲ့ လိမ်းဆေးကို ၀ယ်ယူပြီး ဆေးညွှန်းအတိုင်း သုံးစွဲတဲ့နည်း ဖြစ်ပါတယ်။

ဒုတိယနည်းကတော့ အစွမ်းထက်တဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက်ဆေး (သောက်ဆေး) လိမ်းဆေးတွေနဲ့ တွဲဖက်ပြီး အနာရောက်ရာ၊ ဆေးရောက်ရာဆိုတဲ့ ရောဂါကို အလျင်အမြန် နှိမ်နင်းတဲ့ ကုထုံးစနစ် ဖြစ်ပါတယ်။

ဒီနည်းစနစ်ကုထုံးကတော့ အရိုးကျိုးပေါင်းဖြစ်ရာ အစိတ်အပိုင်းကို ဆေးကြပ်ထုပ်တွေထိုးပေးခြင်း။ ကျိုးပေါင်းဖြစ်ရာ နေရာရှိ ပျက်စီးနေတဲ့ အရွတ်တွေနဲ့ ပိုလျှံ အရိုးကျိုးပေါင်းတွေကို ခြေဖျက်ပေးနိုင်ပြီး အာရုံကြောတွေ အကြောတွေကို အားရှိ ပွင့်လန်းစေတဲ့ ဆေးတွေ အုံပြီး စည်းပေးတဲ့စနစ် ဖြစ်ပါတယ်။

ဒီကုထုံးစနစ်နဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက် သောက်ဆေး၊ လိမ်းဆေးတွေနဲ့ တွဲဖက်ပြီး ကုသမှုခံယူရင်တော့ နှစ်ပတ်အတွင်း သက်သာပြီး လေးပတ်မှ ခြောက်ပတ်အတွင်း သက်သာ ပျောက်ကင်းစေပါတယ်'

ကျွန်တော်လဲ အားတက်သွားပြီး စကြာမင်း အရိုးကျိုးပေါင်း ရောဂါပျောက် သောက်ဆေးရော လိမ်းဆေးပါ သောက်,လိမ်းပြီး ဆရာမြင့်ရဲ့ ဒုတိယကုထုံးစနစ်နဲ့လဲ ကုသမှု ခံယူလိုက်တာ နှစ်ပတ်အတွင်းမှာ သိသိသာသာ သက်သာလာပြီး တစ်လအတွင်းမှာ ကျွန်တော် ခံစားနေရတဲ့ အရိုးကျိုးပေါင်းရောဂါဟာ သက်သာ ပျောက်ကင်းချမ်းသာမှု ရခဲ့ပါပြီ။

'ဆရာ့ကို အရမ်း ကျေးဇူးတင်တာပဲခင်ဗျာ။ ကျွန်တော်ကတော့ တစ်သက်လုံး မပျောက်တဲ့ရောဂါမှ ငါ့ကို လာဖြစ်ရတယ်လို့ စိတ်ဓာတ်ကျနေတာ အခု ဆရာရဲ့ စကြာမင်းဆေးစွမ်းကောင်းနှစ်လက်ကြောင့် ဖက်ကျိုးပေါင်းရောဂါ၊ ခါးရိုးကျိုးပေါင်းရောဂါဘေးမှ စိတ်ရောကိုယ်ပါ လွတ်မြောက်ခဲ့တာပါ ဆရာ'

'ဒီလိုပေါ့ဗျာ အနာမသိတော့ ဆေးမရှိ၊ အနာသိရင် ဆေးရှိတယ်ဆိုတဲ့ ရှေးတိုင်းရင်း ဆေးပညာရှင်ကြီးတွေရဲ့ အဆိုအမိန့်အတိုင်းပေါ့လေ။ အရိုးကျိုးပေါင်းရောဂါလို့ သိရတော့ ဆေးတွေ့ပြီး ဦးလေးရဲ့ရောဂါဟာ သက်သာ ပျောက်ကင်းသွားတာပေါ့'

'ကျွန်တော့်လို ဆရာ့ဆီလာရောက်ပြီး မကုသနိုင်တဲ့ အရိုးကျိုးပေါင်းရောဂါရှင်တွေအတွက် ကိုယ်ချင်းစာမိတယ်ဆရာ'

'ဒီအတွက်တော့ ဘာမှ စိတ်မပူပါနဲ့ ကိုဉာဏ်ထွန်းရှိန်ခင်ဗျားလိုပဲ အများရဲ့ တောင်းဆိုတိုက်တွန်းချက်ကြောင့် ကိုယ်တိုင်ကုပြီး လက်တွေ့ပျောက်တဲ့ စကြာမင်း အရိုးကျိုးပေါင်း ပျောက်ဆေးကို ဗဟို တိုင်းရင်းဆေးဝါး မှတ်ပုံတင်ဌာနသို့ မှတ်ပုံတင်စစ်ဆေးမှု ခံယူပြီး ဗဟိုတိုင်းရင်းဆေးဝါးမှတ်ပုံတင်နဲ့ ထုတ်လုပ်ဖြန့်ဖြူးခွင့် ရရှိထားလို့ တစ်ပြည်လုံးကို ဖြန့်ချိနေပါပြီ။

ကျွန်တော့်ဆေးခန်းကို လာရောက်ပြီး ကုသမှု မခံယူနိုင်တဲ့ အရိုးကျိုးပေါင်းရောဂါရှင်တွေအနေနဲ့ အမြို့မြို့အနယ်နယ်ရှိ ဆေးမျိုးစုံဆိုင်ကြီးများနဲ့ မိမိတို့ရဲ့ လက်တစ်ကမ်းရှိ ဆေးမျိုးစုံဆိုင်များမှာ စကြာမင်း အရိုးကျိုးပေါင်းပျောက်ဆေး၊ သောက်ဆေး၊ လိမ်းဆေးတစ်စုံကို လွယ်လင့်တကူ ၀ယ်ယူပြီး ဆေးညွှန်းပါအတိုင်း စနစ်တကျ သောက်ကြလိမ်းကြရင် အရိုးကျိုးပေါင်းရောဂါဘေးဒုက္ခမှ ကင်းဝေးကြပါလိမ့်မယ်'

'ကဲ... အရိုးကျိုးပေါင်းရောဂါရှင်များ ပေါ့ပေါ့ဆဆ မနေကြပါနဲ့။ ကျွန်တော်ရဲ့ ဖက်ကျိုးပေါင်း၊ ခါးရိုးဆစ်ကျိုးပေါင်းရောဂါကတော့ ဆရာကြီး ဆရာမြင့်ရဲ့ ကုသမှုနဲ့ ကိုယ်တိုင်ကု လက်တွေ့ပျောက်ကင်းတဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက်တဲ့ သောက်ဆေး၊ လိမ်းဆေး ဆေးစွမ်းကောင်းနှစ်လက်ကြောင့် ကင်းဝေးခဲ့ပါပြီ။

ကျွန်တော့်လို ဘ၀တူ အရိုးကျိုးပေါင်းရောဂါရှင်များအနေနဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက် သောက်ဆေး၊ လိမ်းဆေး တစ်စုံလောက်ကို သုံးစွဲကြည့်လိုက်ပါ။ အရိုးကျိုးပေါင်းရောဂါဘေးမှ ကင်းဝေးကြမှာ အမှန်ပဲ ဖြစ်ပါတယ်။


မှတ်ထားနော် ''စကြာမင်း''လို့ မေးဝယ်ပါ။

**ဆရာမြင့်**
**စကြာမင်းဆေးတိုက်**
**အမှတ်–၈/၆၆၆ သုဓမ္မာလမ်းမကြီး**
**သန္တာမှတ်တိုင်အနီး**
**မြောက်ဥက္ကလာပမြို့နယ်။**

ဦးဉာဏ်ထွန်းရှိန် (စက်မှု–၁)



www.burmeseclassic.com



စေတီဝင်အရှေ့ဘက်မြင်ကွင်း

ရွှေတောင်မြို့၏ ကျက်သရေဆောင် အမိဌာန်အောင်

# ဓာတ်ပေါင်ငွေ အောင်မင်းခေါင်ဝတ်ကော် (၂)

တင်ဦးအောင်
(ပုတီးကုန်း)

**ယခင်လမှ အဆက်**

ဘိုးတော် အောင်မင်းခေါင်သည် [တ]ောင်ခြေမှ တောင်ပေါ်သို့ [ပြ]န်တက်[သွ]ားရာ သူတို့အဖွဲ့လည်း နောက်မှ [လို]က်သွားကြပါသည်။

ဘိုးတော်သည် တောင်ပေါ်သို့ [တက်]ပြီး စေတီအနီးတွင် ဘုရားကို [ရှိခ]ိုးပြီး၍ ထိုင်နေကြောင်း တွေ့ရှိရ၍ [သူတို့]အဖွဲ့သည် နောက်မှနေ၍ ဝတ်ပြု[ပြီး] တောင်အောက် သီလရှင်အိုကြီး [ကျ]င်းသုံးရာဇရပ်သို့ ပြန်လာပြီး နားနေကြပါသည်။

နောက်နေ့ ထမင်းစားချိန် ရောက်သောအခါ ဘိုးတော် နေထိုင်သီတင်းသုံးသည့် ကျောင်းသို့ သွားရောက်ကြပါသည်။ ထိုအချိန်တွင် ဘိုးတော် ထမင်းသုံးဆောင်ရန် ပြင်ဆင်ထားနှင့်ကြိုရနေရာ သူတို့သည် မလှမ်းမကမ်းမှ ဘိုးတော်အရိပ်အခြည်ကို ကြည့်နေကြပါသည်။

ထိုအချိန်တွင် ဘိုးတော်သည် ထမင်းမစားဘဲ အပြင်သို့ ထွက်သွားရာ ထမင်းပွဲများ ပြင်ဆင်သော အဖွဲ့မှ ဘိုးတော်မှ ညွှန်သည်များကို စားစေလို၍ ရှောင်ပေးသည့်သဘောဖြစ်၍ သူတို့အဖွဲ့အား ထမင်းစားကြရန် ဖိတ်ခေါ်၍ ထမင်းဝင်စားကြပါသည်။

ထမင်းစားပြီး ခဏအကြာ ဘိုးတော် ရောက်လာပြီး ထမင်းပွဲအား ဆက်လက်စားနေရာ သူတို့အဖွဲ့သည် မည်သို့ နားလည်ရမည်ကို သဘောမပေါက်ခဲ့ကြပါ။

ဘိုးတော်သည် ထမင်းစားနေစဉ်မှာ သားသမီးများ ရောက်လာ၍ ထမင်းကျွေးမွေးရသည့်အတွက် ဝမ်းသာ[ပီ]တိ

www.burmeseclassic.com

ဖြစ်နေသည့်ပုံ ဖြစ်နေပါသည်။

ထိုထမင်းစားနေချိန်တွင် ညေ့်သည်တစ်ဦးမှ ဓာတ်ပုံရိုက်ကူးခဲ့ပါသည်။ သူတို့အဖွဲ့မှ ဓာတ်ပုံရရှိခဲ့၍ ဦးသန်းလွင်မှ အမှတ်တရ သိမ်းထားသည့် ယင်းဓာတ်ပုံအား ထည့်သွင်းဖော်ပြထားပါသည်။

ဘိုးတော်သည် ထမင်းစားပြီး အနားယူချိန်တွင် ''ငါ အနှိပ်ခံချင်တယ်ကွာ'' ဟု ပြောပြီး အိပ်ရာပေါ်တွင် ပက်လက်လေး အိပ်လိုက်ရာ အနီးမှ ဘိုးတော်၏ တပည့်များ ရောက်လာပြီး နှိပ်ပေးရန် ဟန်ပြင်ရာ ဘိုးတော်သည် ထ၍ထိုင်လိုက်ပါသည်။

တပည့်များသည် နောက်ဆုတ်သွားရာ ဘိုးတော်သည် ပြန်လည်၍ ပက်လက်လှန်၍အိပ်ရာ သူတို့အဖွဲ့သည် အနီးတွင် ရှိနေ၍ သူတို့အား နှိပ်စေလိုခြင်းဖြစ်မည်ဟု တွေးတော၍ ဘိုးတော်အား နှိပ်ပေးကြပါသည်။

ဘိုးတော်သည် သူတို့အဖွဲ့အား မည်သို့မျှ စကားမပြောဘဲ နှုတ်ဆိတ်နေသဖြင့် ဘိုးတော်၏ အရိပ်အခြည်ကို ကြည့်နေခဲ့ကြရပါသည်။

ညပိုင်းသို့ ရောက်သောအခါ အဘသီတင်းသုံးရာ တောင်ကလာပ်ပေါ်သို့ တက်ပြီး အဘနှင့် သွားရောက်တွေ့ကြပါသည်။ ဦးကျော်သိန်းမှ တောင်ခြေမှ အဘဓာတ်ပုံတစ်ပုံအား ဝယ်ယူ၍ အဘအား ပြသရာ အဘမှ ဓာတ်ပုံကို ယူပြီး ထွေးခံအတွင်းသို့နှစ်ကာ **''အနိစ္စကွ၊ အနိစ္စကွ''** ဟု ပြောလည်း ပြော ဓာတ်ပုံကို တစ်ဆက်တည်း ပြန်ပေးသော်လည်း ဓာတ်ပုံမှာ ဆေးသားများ ပျက်စီးသွားပါသည်။

ထိုအခါ ဦးထွန်းတင် မိမိစိတ်ထဲတွင် အဘသည် **''ဘာကိုမှ မစွဲလမ်းနှင့်၊ အားလုံး သင်္ခါရချည်းပဲ ဘာမှ မမြဲဘူး''** ဟူသော အဓိပ္ပာယ် ဖြစ်လိမ့်မည်ဟု တွေးနေမိရာ အဘမှ...

'အင်း လက်တိုက သိသားပဲ။ ဉာဏ်ကောင်းသားပဲ'

ဟု ပြောရာ ဦးထွန်းတင်မှာ အလွန်ပင် အံ့ဩသွားပါသည်။

အဘယ်ကြောင့်ဆိုသော် ဦးထွန်းတင် ညာဘက် လက်သူကြွယ်မှာ တစ်ဆစ်တိုနေသည်ကို သတိမထားမိပါက မည်သူမျှ မသိရှိနိုင်သော်လည်း အဘမှ သိနေသောကြောင့် အံ့ဩနေမိပါသည်။

အဘမှ စကားများများ မပြော၍ သူတို့အဖွဲ့မှာ အခက်ကြုံနေပါသည်။ (၃,၄)ရက်ခန့် ကြာပြီဖြစ်၍ ဦးကျော်သိန်းမှ အရဲစွန့်ပြီး ''အဘ မှာကြား၍ လာခဲ့ရကြောင်း'' ပြောရာ အဘမှ ''အေး ငါသိသားပဲ'' ဟု တိုတိုပြတ်ပြတ် ပြောပြီးနောက် သူတို့ကို ကိုးတောင်ပြည့်စေတီလေးကို အတွင်းကထား၍ အပြင်မှ ပစ္စယံသုံးဆင့်နှင့် ဉာဏ်တော် (၂၇)တောင်မြှင့်ပြီး နှစ်ထပ်စေတီ တည်ရန် လမ်းညွှန်ခဲ့ပြီး...

'မင်းတို့ အစစအရာရာ လောဘမကြီးကြနဲ့ကွ၊ ဒေါသမဖြစ်ကြနဲ့ သည်းခံကြ၊ မေတ္တာထားနိုင်မှ အစစအရာရာ အောင်နိုင်မယ်'

ဟုလည်း အမိန့်ရှိခဲ့ပါသည်။

အဘ၏ ညွှန်ကြားချက်လည်း ရပြီဖြစ်၍ သူတို့အဖွဲ့သည် အဘအား ပြန်ခွင့်ပြုပါရန် ခွင့်တောင်းရာ အဘမှ...

'မင်းတို့ကလဲ လောလှချည့်လား၊ ဖြည်းဖြည်းပေ့ါ။ အစစအရာရာ အဆင်ပြေသွားမှာပေ့ါကွာ'

ဟု ပြောသဖြင့် သူတို့သည် တောင်အောက်သို့ ဆင်းခဲ့ကြပါသည်။

သူတို့အဖွဲ့သည် ခွင့်သာ တောင်းသော်လည်း လမ်းစရိတ် ပြတ်နေသည့်အတွက် အခက်ကြုံနေပါသည်။ နံနက်မိုးလင်း၍ သီလရှင်ကြီး၏ဇရပ်ရှိ ရေအင်တုံတွင် မျက်နှာသစ်ရန် သွားရာတွင် ရေအင်တုံဘေး၌ ငွေ(၂၀၀)ကျပ် ကောက်ရကြပါသည်။

သူတို့သည် အားရဝမ်းသာစွာနှင့် အဘထံသွား၍...

'အဘခင်ဗျား ကျွန်တော်တို့ကို ပြန်ခွင့်ပြုရန် ခွင့်တောင်းခဲ့သော်လဲ လမ်းစရိတ်မရှိတော့လို့ အခက်ကြုံနေခဲ့ရပါတယ်။ အခု ငွေ(၂၀၀)ကျပ် ကောက်ရလို့ လမ်းစရိတ် ရပြီဖြစ်လို့ ဒီအတွက် ပြန်ခွင့်ပြုပါခင်ဗျား'

ဟု ခွင့်တောင်းရာ အဘမှ...

'ဪ မင်းတို့ကောင်တွေ အလာတုန်းကလဲ အခက်အခဲတွေနဲ့ ပြန်တော့လဲ ခြေကျင်တစ်လှည့်၊ ကားတစ်လှည့်၊ ရေလမ်းတစ်လှည့်၊ နွားလှည်းတစ်လှည့်နဲ့ နောက်ဆုံး လက်ယက်ကူးပြန်ရမယ့် ကောင်တွေ အေးအေး ပြန်ကြ...ပြန်ကြ...'

ဟူ၍ ပြောသဖြင့် ဦးကျော်သိန်းမှ...

'အဘခင်ဗျာ နှစ်ထပ်စေတီ တည်တဲ့အခါ အဘလဲ ကြွ ရောက်ပါ'

ဟု ဖိတ်ကြားရာ အဘမှ လာခဲ့မည်ဖြစ်ကြောင်း ပြောကြား၍ သူတို့အဖွဲ့ ပုပ္ပားမှ ပြန်ခဲ့ကြပါသည်။

## အပြန်ခရီး မညည်းခဲ့ကြပါ

သူတို့အဖွဲ့သည်အဘအောင်မင်းခေါင်၏ ခွင့်ပြုချက်ရ၍ ဝမ်းသာပျော်ရွှင်စွာဖြင့် ပြန်ခဲ့ကြပါသည်။ အဘသည် လမ်းခရီးတွင် အန္တရာယ်များ မရှိနိုင်၍ ခွင့်ပြုခြင်း ဖြစ်ရမည်ဟု ယုံကြည်ချက်နှင့် ပုပ္ပါးမှ ကျောက်ပန်းတောင်းသို့ ခြေကျင်ပြန်ခဲ့ပါသည်။

ကျောက်ပန်းတောင်းမှ တစ်ဆင့် ငွေးချိုရွာသို့ ခြေကျင်ခရီးဖြင့်ပင် ပြန်ခဲ့ကြပြီး ငွေးချိုရွာတွင် ဦးကျော်သိန်း မိဘများအိမ်၌ ခေတ္တတည်းခိုပြီး ... ချောင်းသို့ ကားကြုံသဖြင့် ကားနှင့်ပြ...





www.burmeseclassic.com

www.burmeseclassic.com

ခဲ့ရာ ရေနံချောင်း ရောက်သောအခါ ကား အဆက်အသွယ် မရှိတော့ပါ။

သူတို့သည် မြစ်ဆိပ်သို့ သွားခဲ့ရာ သရက်မြို့သို့ ထွက်ခွာမည့် သင်္ဘော တစ်ခု လှေကြီးနှင့် လိုက်ခဲ့ရပြန်ပါ သည်။

သရက်မြို့သို့ ရောက်သောအခါ ဦးကျော်သိန်းမှ သရက်မြို့ရှိ ရဲဘော်ဖြူ ဗိုလ်ရဲရွှေခေါ် ဗိုလ်နဂါးသို့ အကူတောင်း ရာ ယင်းစခန်းတွင် တစ်ညအိပ်ကာ နောက်တစ်နေ့ နံနက်စောစော လှည်း တစ်စီးငှားပြီး ဧရာဝတီအနောက်ဘက် ကမ်း ပန်းတောင်းလမ်းအတိုင်း နွား လှည်းဖြင့် ပြန်ခဲ့ကြသည်။

ပန်းတောင်းမြို့သို့ ညနေ ရောက် ရှိကြသော်လည်း ပြည်ဘက်သို့ ပြန်ရန် အခက်အခဲ ရှိနေပြန်ပါသည်။ သူတို့ သည် ပန်းတောင်းနှင့် ရွှေတောင်ကြား မြစ်ခြားနေ၍ သဲသောင်များ ထွန်းနေ သော သဲပြင်များကိုဖြတ်ကာ စစ်ကိုင်း ကျွန်းသို့ ရောက်ခဲ့ကြပါသည်။

ထိုအချိန်က စစ်ကိုင်းကျွန်းနှင့် ရွှေတောင်မြို့ကြား ဧရာဝတီမြစ်ကျဉ်း မြတ်၍ စီးနေပါသည်။ မြစ်ရေမှာ အတော် နက်သော်လည်း ကျယ်ဝန်း ခြင်းမရှိ၍ အားလုံး ရေကူးတတ်သူများ ဖြစ်သဖြင့် ရွှေတောင်ဘက်သို့ လက်ပစ် ကူး၍ ပြန်ခဲ့ကြရပါတော့သည်။

သူတို့သည် ဘေးမသီ ရန်မခဘဲ ရွှေတောင်သို့ ပြန်ရောက်ခဲ့သည်။ အဘ ၏ သူတို့အဖွဲ့ အပြန်ရီးတွင် မည်သို့ ပြန်ရမည်ကို သိနေ၍သာ "မင်းတို့ ကောင်တွေ ကုန်းတစ်တန်၊ ကားတစ် ထည့် လေ့တစ်တန်၊ လှည်းတစ်လှည့်၊ နောက်ဆုံး လက်ပစ်ကူးရမယ့် ကောင် တွေ" ဟု အဘပြောလိုက်သော စကား အား ပြန်လည် ကြားယောင်သဖြင့် အဘ၏ မနောမယ စိတ်တန်ခိုးတို့အား ကြည်ညိုဆုံး အံ့ချီးမဆုံးဖြစ်၍ ညည်း



◆ ဓာတ်ခန်းတွင်းမှ မြင်ကွင်း

တွားခြင်း မဖြစ်ခဲ့ကြပါလေ။

## နှစ်ထပ်စေတီ တည်ကြပြီ

ပုပ္ပါးမှ ပြန်လာပြီးနောက် ဂေါပက အဖွဲ့များ ဖြစ်သည့်...

၁။ ဦးကျော်သိန်း (ဗတလခ-ဥက္ကဋ္ဌ ရွှေတောင်မြို့နယ်)

၂။ ဦးတင်ရှိန် (အတွင်းရေးမှူး) ကျောင်းဆရာကြီး

၃။ ဦးလှရှိန်(အဖွဲ့ဝင်) စည်ပင် သာယာ အုပ်ချုပ်ရေးမှူး

၄။ ဦးအောင်ညွန့်(အဖွဲ့ဝင်)

၅။ ဦးထွန်းတင်(အဖွဲ့ဝင်)ကျောင်း ဆရာကြီး။

၆။ ဦးညွန့်(အဖွဲ့ဝင်) ကျောင်းဆရာကြီး။

၇။ ဦးညိုဘီးတန်း(အဖွဲ့ဝင်)

၈။ ဦးထွန်းတင်(အဖွဲ့ဝင်) စည်ပင်သာ ယာ ငွေကောက်စာရေး။

၉။ ဦးသန်းလွင် (ဝေယျာဝစ္စသယ်ပိုး သူ)

ယင်းအဖွဲ့မှ ကမကထ ပြု၍ အဘ အောင်မင်းခေါင်၏ လမ်းညွှန်ချက် အတိုင်း မူလ ကိုးတောင်ပြည့်စေတီ လေးအား အများပြည်သူ ကြည်ညို ဖူးမြော်နိုင်ရန် အပေါ်မှငုံလျက် တစ်ဝဂူ သဏ္ဌာန် အပေါက်ထား၍ ပစ္စယံသုံးဆင့် ဖြင့် ဉာဏ်တော်(၂၇)တောင် အမြင့် ထား၍ အရံစေတီလေးများ (၃၆)ဆူ အား အဆင့်လိုက် တည်ထားသည့် အတွက် မူလစေတီ(၃၆)ဆူနှင့် ပေါင်း ပါက (၃၇)ဆူဖြစ်သဖြင့် ဗောဓိပက္ခိယ (၃၇)ပါးအား ရည်ညွှန်းသည့် အဓိပ္ပာယ် ရှိပါသည်။

ဘိုးတော်အောင်မင်းခေါင် ပေးလိုက် သော ဓာတ်တော်များနှင့် အများပြည် သူ ထပ်မံလှူသည့် ကျောက်မျက် ရတနာများ၊ ရွှေငွေများကို ထပ်မံ၍ ဌာပနာပြီး မူလ ကိုးတောင်ပြည့်စေတီ အား အပေါ်မှငုံ၍ တည်ခဲ့ပါသည်။

ဤစေတီ၏ တစ်မူထူးခြားချက်မှာ ဘုရားကိုယ်လုံးတော်သည် အထက်သို့ ငှက်ပျောဖူးသဏ္ဌာန် တက်မသွားဘဲ ပထမပစ္စယံတွင် စေတီလေး(၁၂)ဆူ ရံ၍ လည်းကောင်း...

ဒုတိယပစ္စယံတွင် စေတီ(၈)ဆူ တတိယပစ္စယံတွင် စေတီ(၄)ဆူရံပြီး ကိုယ်လုံးတော်မှာ အထက်သို့ တည့် မတ်စွာ တက်စေပြီး...

အရပ်လေးမျက်နှာတွင် ဒေါင်းရုပ် များ ထည့်သွင်းလျက် ကိုယ်လုံးတော်



www.burmeseclassic.com

www.burmeseclassic.com

အထက်တွင် စေတီလေး(၁၂)ဆူ ထပ်မံရုံပြီး အလယ်တွင် (၉)တောင် ပြည့်စေတီ တည်ထားကြောင်း ဖူးတွေ့ရ၍ ရှေးမဆန် ခေတ်နောက်မကျဘဲ တစ်မူထူးခြား သပ္ပါယ်စွာ ဖူးတွေ့နေရပါသည်။**(ဓာတ်ပုံအမှတ်-၄)**

သက္ကရာဇ် ၁၃၃၂ ခုနှစ်သို့ ရောက်သောအခါ မူလထီးတော်များ ဟောင်းနွမ်းလာသဖြင့် ရန်ကုန်မြို့ ဆိပ်ကမ်းကော်ပိုးရေးရှင်း ဝန်ထမ်းများနှင့် စိန်ဂျွန်းဈေးမှ ဦးမြဟန်ဆိုသူ ခေါင်းဆောင်၍ ထီးတော်အသစ်များ တင်လှူပွဲပြုလုပ်ရာ ထီးအလှူရှင်များမှ တစ်ဆူလျှင် တစ်ဦး (၃၇)ဦးတို့မှ ထီးတော်များကို ရွက်လျက် ဘုရားအား (၃၇)ကြိမ် လက်ယာရစ် လှည့်ပါသည်။

ထိုအခါ ထီးအလှူရှင်များမှ ငွေအကြွေစေ့များအား ငွေမိုးရွာသကဲ့သို့ ကြဲဖြန့်ရာတွင် ကျသွားသည့် ငွေအကြွေစေ့များအားရှေ့သို့ကုန်းကောက်ပြီး နောက်ပြန် ပြန်လည် ပစ်နေသည့် အဘိုးအိုတစ်ဦး ရောက်လာကြောင်း၊ ယင်းကျလာသော ငွေအကြွေစေ့များမှာ မူလ ကြဲဖြန့်သည့် အကြွေများအပြင် နှစ်ထပ်ငါးမူးစေ့၊ ကျပ်စေ့များ ဖြစ်နေကြောင်း တွေ့ရှိရပါသည်။

**မှတ်ချက် ။ ။ ယင်းကျပ်စေ့များအား ကောက်ထားသူ ဦးသန်းလွင်အိမ် ဘုရားကျောင်းဆောင် အတွင်းတွင် စာရေးသူကိုယ်တိုင် မြင်တွေ့ရပါသည်။**

ထို့အပြင် အမှတ်(၁) အထည်စက်ရုံ (ရွှေတောင်)လထမန်နေဂျာ ဒေါ်သင်းသင်းနွယ်မှ သူမသည် ကျောင်းသူဘဝက ဤဘုရား ထီးတင်ပွဲသို့ လာရာတွင် ယခုလက်ရှိ မြင်တွေ့နေရသည့် အဘဘိုးမင်းခေါင်၏ ဓာတ်ပုံကိုကြည့်၍...

'အဲဒီ ဘကြီးပေါ့ လူတွေကြားထဲ ပိုက်ဆံကုန်းကောက်ပြီး နောက်ကို ပြန်ပစ်လိုက်တဲ့ ကျပ်စေ့ကို ကောက်ရခဲ့ကြောင်း၊ ကုဋ္ဌာသယ လွယ်အိတ်ကြီးထဲသို့ ထည့်၍ လှူလိုက်ကြောင်း'

၁၃၇၄ ခုနှစ်၊ တပို့တွဲလဆန်း (၉)ရက်မှ (၁၄)ရက်နေ့ထိ ကျင်းပသည့် ပဋ္ဌာန်းပွဲတွင် အရုဏ်ဆွမ်းအလှူရှင် ဒေါ်သင်းသင်းနွယ်မှ တိုက်တိုက်ဆိုင်ဆိုင် ထိုအဖြစ်အပျက်များကို ပြောပြပါသည်။

တစ်ဖန် ရန်ကုန်မြို့မှ ဦးမြဟန်ဆိုသူမှာ **"သမီး အဲဒီအဘိုးကြီးကို တွေ့သလား"**ဟု သူ့အား မေးမြန်းရာ တွေ့သည့်အကြောင်း ယင်းဘကြီးမှာ ပရိသတ်ထဲတွင် လျှောက်သွားနေကြောင်း ပြန်လည်ပြောခဲ့ပါသည်။

ထိုဘကြီးအား တွေ့သူ ရှိသလို မတွေ့သူလည်း ရှိကြောင်း ယင်းအပြင် ကုဋ္ဌာသယ လွယ်အိတ်ကြီးအား မဲပေါက်၍ သံဃာတော်အား လှူဒါန်းရာတွင် စာရေးသူ လစဉ် ဆွမ်းအုပ်လှူဒါန်းသည့် ရွှေတောင်မြို့ ဓမ္မိကာရုံကျောင်းဆရာတော် ဦးဥတ္တရ ဖြစ်နေကြောင်း သိရှိရပါသည်။

သို့အတွက် ဆရာတော်အား သွားရောက်၍ လျှောက်ထားမေးမြန်းရာ ဆရာတော်မှ...

'ဟုတ်တယ် ဒကာကြီးရေ အဲဒီအချိန်က ကျွန်ုပ်က စာသင်သား ဦးပဉ္စင်းလေးပါ။ ပခုက္ကူ စာသင်တိုက်က ခေတ္တ ပြန်လာချိန်နဲ့ ကြုံရလို့ ဆရာတော်ကြီး လွှတ်လို့ သွားခဲ့ရတယ်။

အဲဒီတုန်းက သံဃာတော်(၁၀၈)ပါးကို မဲနှိုက်တာ ဦးပဉ္စင်းမှာ ပီနံအိတ်လောက်ရှိတဲ့ လွယ်အိတ်ကြီးပေါ့မှာ အောင်မင်းခေါင် စာတန်းကြီး ရေးထားတယ်။

အဲဒီအိတ်ကြီးထဲမှာ ရှာန်းအလုံးအခဲဆောင်များ၊ အပ်၊ အပ်ချည်လုံး၊ မုန့်များ၊ ဆေးများ၊ ငွေအကြွေတွေနဲ့ ငွေစက္ကူများ အများကြီးပဲ။ လွယ်လိုက်ရင် မြေကြီးထိလုနီးပဲ။

ဒီ့အပြင် ငွေပဒေသာပင်လဲ ပါသေးတယ်။ အဲဒီပစ္စည်းတွေကို ဆရာတော်ကြီးထံ အားလုံးအပ်လိုက်တယ်'

ဟု ဆရာတော်မှ စာရေးသူအား ပြောပြပါသည်။

ထိုအဘိုးကြီးသည် အမှန်တကယ်ပင် အဘ ဘိုးတော်အောင်မင်းခေါင်ပင် ဖြစ်ရမည်ဟု ယုံကြည်မိပါတော့သည်။

ထို့ပြင် ရေစက်ချတရားပွဲ ကျင်းပသောအခါ သံဃာတော် (၁၀၈)ပါးပင့်၍ သစ်သီးစုံဒံပေါက် ဆွမ်းကပ်လှူပြီး လူပရိသတ်များနှင့် လုပ်သူကိုင်သူတို့ကိုလည်း ဒံပေါက်ဖြင့် ဧည့်ခံခဲ့ပါသည်။

ဆွမ်းကပ်နေချိန်တွင် ဦးသန်းလွင်၏ဇနီး ဒေါ်တင်တင် ဆွမ်းပွဲပြင်နေရာသို့ ပိုက်ဆံအကြွေစေ့များအား နောက်ပြန်ကြဲသည့် အဘိုးကြီး ရောက်လာပြီး...

'သမီးရေ အဘလဲ ဆွမ်းကပ်ချင်လို့ ဒံပေါက်တစ်ပွဲ ပေးပါ'

ဟု တောင်းခံလာ၍ ဒံပေါက်တစ်ပန်းကန်အား ပေးလိုက်ပါသည်။

မကြာမီ ယင်းအဘမှ ဆွမ်းပွဲအားဘယ်ဘက်လက်ပေါ်တင်၍ ညာဘက်လက်မှ ဒံပေါက်များအား ဖွကာဖွကာနှင့် "သမီးရေ တိုးပါစေ၊ ပွားပါစေ"ဟု ဆိုပြီး ဒံပေါက်များ ထည့်ထားသောအိုးထဲသို့ ထည့်လိုက်ပါသည်။ ဒေါ်တင်တင်မှ ဒံပေါက်များအား မွှေပေးလိုက်ပါသည်။

အလွန် ထူးဆန်းအံ့မခန်း ဝိဇ္ဇာအစွမ်းပင် ဖြစ်ပေလိမ့်မည်။ အကြောင်းမှာ ဒံပေါက်ဆွမ်း ချက်ထားသည်မှာ တစ်တင်းသာ ချက်ထားသော်လည်း အမှန်တကယ် ကျွေးမွေးရသည့် ဦးရေမှာ များပြားနေပါသည်။

ပင့်သံဃာ(၁၀၈)ပါး ရန်ကု... အမှတ်(၃)ဘတ်စ်ကားကြီး(၃)စီး...



www.burmeseclassic.com

www.burmeseclassic.com

တော်ကြီးမှ တရားပွဲ (၃)ရက် ဆက်တိုက် တရားဒေသနာ ချီးမြှင့်ခဲ့ပါသည်။

အထက်ပါ ဘုရားသမိုင်းကြောင်းအား **ဦးသန်းလွင် (အငြိမ်းစား) ရွှေတောင်မှ** ပြောချက်များနှင့် **(၁၃၁၄ ခုနှစ် စာပြုဆရာကြီး ဦးပေါ်ဦး ရန်ကုန်မှ ရေးသားခဲ့သော ဝိဇ္ဇာမိုရ် အောင်မင်းခေါင်၏ ထွက်ရပ်ပေါက်ရာဇဝင်)** မှတ်တမ်းများအား မှီငြမ်း၍ ရေးသားထားပါကြောင်း ရိုးသားစွာဖြင့် ဝန်ခံအပ်ပါသည်။

***(စာရေးသူ)***

ဤလေးကျွန်းစကြာ ပြည်တော်ဝင် အောင်မင်းခေါင် စေတီ တည်ရှိရာသည် လမ်းပန်း အဆက်အသွယ် အလွန် ချောမွေ့သည့် နေရာဖြစ်၍ လူပုဂ္ဂိုလ်များ၊ ဂမ္ဘီရ ပညာရှင်များ၊ ရသေ့သူတော်စင်များ၊ ရဟန်းသံဃာတော်များပါ လာရောက်၍ အဓိဋ္ဌာန်ဝင်ခြင်းဖြင့် မိမိကျင့်စဉ်များဖြင့် သာသနာပြုရန် ကြွရောက်လာကြပါသည်။

အကယ်၍ စာရှုသူအနေနှင့် အဓိဋ္ဌာန်ဝင်ကျင့်စဉ်များ ကျင့်လိုပါက နေထိုင်ရန်နှင့် စားသောက်ဖွယ်ရာတို့မှာ အခက်အခဲမရှိ အေးချမ်းတည်ငြိမ်စွာဖြင့် ကျင့်ကြံ အားထုတ်နိုင်ပါကြောင်း တင်ပြအပ်ပါသည်။

**တင်ဦးမောင် *(ပုတီးကုန်း)***



ကမ္ဘာလုံးပေါ်မှ အဘအောင်မင်းခေါင် မြင်းစီးရုပ်တု

ခု(၃၀)ခန့်၊ ဝေယျာဝစ္စ လုပ်ကိုင်သူများ ကျွေးမွေးပြီး ကျန်နေ၍ ဘုရားအနီးရှိ အပြင် ရှမ်းတန်းလမ်း၊ နုပ်တန်း၊ လမ်း၊ ပေါင်းတည်တန်းများသို့ တစ်အိမ်တစ်ထုပ်ကျ ဝေငှခဲ့ခြင်းမှာ အဘဘိုးတော်အောင်မင်းခေါင်၏ မဟိဒ္ဓိတန်ခိုး၊ သိဒ္ဓိတန်ခိုးများပင် ဖြစ်ပေလိမ့်မည်။

ဘုရားထီးတော်တင်ပြီး အနေကဇာတင် ပူဇော်ပွဲတွင် ပြည်မြို့ ရတနာမာန်အောင် ကမ္ဘာ့ရွှေရင်အေး ဆရာတော် ဦးဝိဇ္ဇာဗလ ရွှေဖျိုင်းနား ဆရာ



www.burmeseclassic.com

www.burmeseclassic.com



# ပညာသင်ယူနေသူများအတွက်

## ဉာဏ်ကောင်း အစွမ်းထက်စေသော ဂါထာတော်

ဦးသင်ဖြောင်သန်း
(အဆရာ၊ ပခန်းတန်း)



'စာမေးပွဲ ဖြေတော့မယ်ဆိုရင် ဘာတွေကို ဂရုစိုက်ရမလဲ ရုပ်ပိုင်းနဲ့စိတ်ပိုင်း ကြံ့ခိုင်နေဖို့ ပါပဲ။ ရုပ်ပိုင်းကြံ့ခိုင်ဖို့ဆိုရင် အိပ်ရေးဝဖို့နဲ့ သင့်တင့်မျှတတဲ့ အစားအသောက်ကို မှီဝဲ။ ဝန်မလေးတဲ့ ကိုယ်လက်လှုပ်ရှားမှု တစ်ခုခုကို ပြုပါ။

သင်ပြီးသမျှတွေကို အစမှ အဆုံးတစ်ခေါက် ပြန်ကြည့်ပါ။ ဒီမှာလဲ ပိုင် မရသေးတဲ့အပိုင်း ကို သိလာမယ်။ ဒီတော့မှ လိုအပ်တာတွေကို ဖြည့်ဆည်းလို့ရမယ်ပေါ့။

စာကို တစ်ထိုင်တည်း မကျက်ရ တစ်နာရီ ကျက်ပြီးတိုင်း ဆယ်မိနစ်နားပါ။ ခန္ဓာကိုယ်ကို လဲလျောင်းပြီး မျက်စိကို မှိတ်ထားရမယ်။ စိတ်ကို လျှော့ချလိုက်ပါ။ ပြီးရင် ကျက်ပြီးသား စာတွေကို ပြန်တွေးကြည့်ပါ။

စိတ်ပိုင်းဆိုင်ရာနဲ့ ပတ်သက်ရင် စာမေးပွဲ ဖြေခါနီးမှာ စိတ်လှုပ်ရှားပြီး စိုးရိမ်စိတ် ကြောင့်ကြစိတ်တွေ ဝင်လာပြီး ကြောက်စိတ် တွေ ဖြစ်လာတတ်တယ်။

ဒါကြောင့် စိတ်အေးအေးထားပါ။ စိတ်ကို တည်ငြိမ်အောင် နေပါ။ သမာဓိတည်မယ့် အလုပ်တစ်ခုကို လုပ်ပါ။

မိမိတို့ရဲ့ ဘာသာအလျောက် ဂါရဝပြုခြင်း လုပ်ငန်းကို လုပ်ရမယ့် မနက်တစ်ကြိမ်၊ ည တစ်ကြိမ် ဘုရားရှိခိုးပါ။ ဘုရားရှိခိုးခြင်းဟာ ဉာဏ်ပညာကို အထူး ပွင့်လန်းထက်မြက်စေ နိုင်တယ်'

ဟု စာမေးပွဲဖြေဆိုရန် တစ်လ လောက်အလိုတွင် ကျေးဇူးရှင် ဖခင် ကြီးမှ ထုတ်ပြန်ညွှန်ကြားခဲ့သော စည်းကမ်းချက်များ ဖြစ်ပါသည်။

တန်ဖိုးကြီးမှန်း ယခုတော့ ထင်ရှား စွာ ပီပြင်စွာ သိလိုက်ရပါပြီ။

သို့ကြောင့်လည်း နည်းကောင်း တစ်ခုပါလားဟု သိလိုက်ရပြီဖြစ်၍ ပညာသင်ယူနေကြသော ကျောင်းသား ကျောင်းသူကလေးများအတွက် ရည် စူး၍ ပြန်လည်ကာ အသစ်အလား ဖြစ်စေခဲ့ရပေတော့သည်။

စာမေးပွဲဖြေဆိုရန် တစ်လအလိုတွင် ကျေးဇူးရှင်ဖခင်ကြီးသည် ကျွန်တော့်ကို **ရေသက်စေ့၊ အထင်းတိုင်သက်စေ့၊ နံ့သာတိုင်သက်စေ့၊ မွှေးသောပန်း ဖြူဖြူသက်စေ့** လှူဒိုင်းပြီးလျှင် ဘုရား ရှိခိုးရပါသည်။ ပြီးလျှင် မိဘဆရာ သမားများကို ရည်မှန်းပြီး ကန်တော့ ခိုင်းပါသည်။ မေတ္တာပို့ခိုင်းပါသည်။

'ဒီဂါထာဟာ ခေမာမိဖုရားကြီးက ဘုရားရှင် ကို ဖူးမြင်ရခ်မှာ အထင်မှား အမြင်မှား ဖြစ်ခဲ့ရတယ်။

တကယ်တမ်း ဘုရားရှင်ကို ဖူးမြင်လိုက်ရ တော့ သူ့ရဲ့အမှားတွေကို ရှင်းရှင်းလင်းလင်း သိမြင်သွားတော့တယ်။ ပြောရရင် ဉာဏ် အမှောင်ကျရာကနေ ဉာဏ်အလင်း ရသွား တယ်။ ဉာဏ်နုရာနေ ဉာဏ်ပညာ ရင့်ကျက် သွားစေခဲ့တယ်။

ဒီတော့မှ ဘုရားရှင် ကိုယ်တော်မြတ်ကြီး ကို ရှိခိုးသေသေ လက်အုပ်ချီပြီးတော့ "အလုံး စုံကို သိမြင်တော်မူသော ရှင်တော်မြတ်ဘုရား အား ရှိခိုးပါ၏။ ကရုဏာ၏ တည်ရာဖြစ်သော ရှင်တော်မြတ်ဘုရားကို ရှိခိုးပါ၏။ သံသရာကို ကူးမြောက်တော်မူပြီးသော ရှင်တော်မြတ် ဘုရားကို ရှိခိုးပါ၏။ အမြိုက်ကို ပေးတော်မူ သော ရှင်တော်မြတ်ဘုရားကို ရှိခိုးပါ၏"လို့ ကန်တော့ခဲ့တာ ဖြစ်တယ်။

ဒါကြောင့် ဒီဂါထာဟာ ပညာသင် ယူနေတဲ့သူတွေနဲ့ အလွန် လိုက်ဖက် တယ် ဘာဖြစ်လို့လဲဆိုရင် ဖူးငုံနေတဲ့ ကုမုဒြာကြာပန်းပမာဖြစ်တဲ့ ကျောင်းသူ ကျောင်းသားများကို ရှင်တော်မြတ် ဘုရားရဲ့ ကရုဏာတည်းဟူသော အလင်းရောင်နဲ့ ဖျန်းပက်ပေးလိုက် မယ်ဆိုရင် ဖူးငုံနေရာကနေ အစွမ်းကုန် ပွင့်လန်းသွားစေနိုင်လို့ပါပဲ'

ဟု ကျေးဇူးရှင် ဖခင်ကြီးက ပြောပြ ခဲ့ပါသည်။ စဉ်းစားကြည့်မိသည်။ တွေး တောကြည့်မိသည်။

ခေမာမိဖုရားကြီးသည် ပါရမီ ရင့် သန်ပေမယ့် ဖူးငုံနေသည့် ကုမုဒြာ ကြာပန်းလိုပါလားဟု တွေးလိုက် သည်။



www.burmeseclassic.com

www.burmeseclassic.com

ဟုတ်ပေသားပဲ။ ဘုရားရှင်၏ ကရုဏာတည်းဟူသော လရောင်နှင့် မဆုံတွေ့ခဲ့ရဘူးဆိုလျှင် ဉာဏ်ပညာ ကြီးကြွကုန်သော ငါ ဘုရား၏ တပည့် ရဟန်းမတို့တွင် ခေမာသည် အမြတ် ဆုံးဖြစ်၏ဟူသော မဟာပညာ ဧတဒဂ် ဂုဏ်ထူးကို ရရှိပိုင်ဆိုင်နိုင်မှာ မဟုတ် ကြောင်း နားလည်မှတ်သားလိုက်ရပြန် ပါသည်။

ထို့ကြောင့် ကျောင်းအုပ်ဆရာ ဖခင်ကြီးက ပညာကံကောင်းစေသော ဂါထာဟု အမည်ပြုလိုက်ခြင်းကိုလည်း နားလည် သဘောပေါက်ခဲ့ရပါသည်။

စာမေးပွဲ စတင် ဖြေဆိုသောနေ့တွင် ကျောင်းအုပ်ဆရာဖခင်ကြီးသည် နံနက် စောစောတွင် အိုးသစ်တစ်လုံးမှာ အောင်သပြေပန်းများကို ဝေဝေဖြာဖြာ ထည့်၍ ပြင်ဆင်ပေးပြီးလျှင် ဘုရားရှင် ကို ရည်မှန်း၍ လှူဒါန်းခိုင်းပါသည်။

ဆရာသမား မိဘများကို ရည်မှန်း ၍ ကန်တော့စေပါသည်။ မေတ္တာပို့စေ ပါသည်။ ပြီးလျှင် ပညာကံကောင်းစေ သော ဂါထာကို (၉)ခေါက် ရွတ်ခိုင်း ပါသည်။ ပြီးနောက် ဂါရဝဖြစ်သော ဆိုင်နည်းဖြင့် ထိုင်စေပြီး...

ဇယံ တဿ မယ့်ဘန္တေ

အနက်

ဘန္တေ–အရှင်ဘုရား။ တဿမယှံ– ထိုအကျွန်ုပ်အား။ ဇယံ(ဟောတု)– အောင်မြင်ပါစေသတည်း။

*[ဤဂါထာတော် ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်း တို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်း အောင်ရွှေ မွှာစရိယ(မဟာဝဏ္ဏိဒီပြန်မာ ဂုဏ်ထူး)၊ ဒီဃဘာဏက–ဒီဃနိကာယ ကောဝိဒ(နိကာယဝိပုလ)]မှ ပြန်ဆိုပေး ပါသည်။]*

ဂါထာဖြင့် ပုတီး(၃)ပတ် စိပ်စေပါ သည်။ ပြီးနောက် အမျှဝေစေပြီး ဆုတောင်းရပါသည်။



'အရှင်မြတ်ဘုရား တပည့်တော်သည် အောင်အတိတ်ဆောင် အောင်နိမိတ်ဆောင် သော အောင်သပြေပန်းများကို ဆက်ကပ် လှူဒါန်း၍ ဂါရဝပြု အောင်ဆုတောင်းပါသည် ဘုရား။ ကရုဏာရေထားလျက် အောင်ဆု အောင်လာဘ်များကို ချီးမြှင့်ပေးသနားတော် မူပါဘုရား'

'ဉာဏ်ဆိုတာ အဆင်းလှတဲ့ပန်း တစ်ပွင့်နဲ့ ပမာတူတယ်။ ဝီရိယကတော့ လေပြည်လေညင်းနဲ့ တူတယ်။ ဒီတော့ ကံဆိုတဲ့ ရနံ့သာ မပါဘူးဆိုရင် ဝီရိယ ဆိုတဲ့ လေပြေလေညင်းလေးက ဘယ် လောက်ပဲတိုက်တိုက် ရနံ့မွှေးလာနိုင် ပါ့မလား။

ဒါကြောင့် ဝီရိယတစ်ခုတည်းနဲ့ မပြီး။ ဉာဏ်တစ်ခုတည်းနဲ့ မပြီး။ ကံပါ မှလဲ ပြီးနိုင်တယ်လို့သိပါ။ ဒါကြောင့် ဘုရား၊ တရား၊ သံဃာ၊ ဆရာသမား၊ မိဘများကို ဂါရဝပြုတဲ့ အလေ့ကို အမြဲတမ်း စွဲမြဲနေဖို့ လိုတယ်'

ဟု ကျောင်းအုပ်ဆရာ ဖခင်ကြီးက ဆုံးမ ဖူးပါသည်။

သို့ပါ၍ ပညာတော်၍ ဉာဏ်ပညာ ထက်မြက်ပြီး လိမ္မာယဉ်ကျေးသော ကျောင်းသားကျောင်းသူများ ဖြစ်ကြ စေသောငှာ ရတနာသုံးပါး မိဘဆရာ သမားများကို ဂါရဝပြုတတ်သော အလေ့အကျင့် ကောင်းလေးများသည် စွဲမြဲစွာ ထာဝရ ကိန်းအောင်းတည်နေ နိုင်ကြပါစေဟု ဆန္ဒပြု တိုက်တွန်းစေ ချင်ပါသည်။

## ပညာကံကောင်းစေသော ဂါထာတော်

နမော တေ သဗ္ဗဒဿာဝီ
နမော တေ ကရုဏာကရ
နမော တေ တိဏ္ဏသံသာရ
နမော တေ အမတံ ဒဒ။

ခက်ခဲသောပါဠိအသံထွက်

**သဗ္ဗဒဿာဝီ** =သဗ်ဗဒတ်သာဝီ

**တိဏ္ဏသံသာရ**=တိန်ဏသံသာရ

အနက်

**သဗ္ဗဒဿာဝီ**–အလုံးစုံသော တရား တို့ကို မြင်တော်မူသော မြတ်စွာဘုရား။ **တေ**–အရှင်ဘုရားအား။ **နမော**–ရှိခိုး ပါ၏။

**ကရုဏာကရ** – သနားခြင်း ကရုဏာ၏ တည်ရာဖြစ်တော်မူသော မြတ်စွာဘုရား။ **တေ**–အရှင်ဘုရား အား။ **နမော**–ရှိခိုးပါ၏။

**တိဏ္ဏသံသာရ**– သံသရာကို ကူး မြောက်တော်မူပြီးသော မြတ်စွာဘုရား။ **တေ**–အရှင်ဘုရားအား။ **နမော**–ရှိခိုး ပါ၏။

**အမတံဒဒ** – အမြိုက်နိဗ္ဗာန်ကို ပေးတော်မူတတ်သည့် မြတ်စွာဘုရား။ **တေ**–အရှင်ဘုရားအား။ **နမော**–ရှိခိုး ပါ၏။

*[ဤဂါထာတော် ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်း တို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်း အောင်ရွှေ မွှာစရိယ(မဟာဝဏ္ဏိဒီပြန်မာ ဂုဏ်ထူး)၊ ဒီဃဘာဏက–ဒီဃနိကာယ ကောဝိဒ(နိကာယဝိပုလ)]မှ ပြန်ဆိုပေး ပါသည်။]*

*သင်၏ဘဝ သာယာပါစေ။*


**ဦးခင်မောင်သန်း**
*(အ.မ.က၊ ပင်စင်တန်း)*



www.burmeseclassic.com

www.burmeseclassic.com


ကြော်ငြာဆောင်းပါး




တိုင်းရင်းဆေးဝါးမှတ်ပုံတင် 0412 YR 004687

လိုင်စင် ၇/၂၀၀၈၊ တဆထလ (တိုး)-၁၃၁၂

အဆီကျအကြောပြေ ဆီး၊ ဝမ်း၊ မှန်စေတဲ့

# မုံရွာ ဆရာမိုး ရဲ့

# ရှောက်တစ်လုံးဝမ်းမှန်ဆေး

ကြော်ငြာခွင့်ပြုချက်အမှတ် တဆဝက (စာနယ်ဇင်း) ၁၃၀/၀၁၁၁၄

"ကိုဇော်ရဲနိုင်ကို ကြည့်လိုက်ရင် သွက်လက်ပေါ့ပါးဖျတ်လတ်နေတာပဲ။ အသားအရေ စိုပြည်ပြီး အဆီတွေလည်းကျ၊ အသားတွေလည်း ကျစ်လျစ်လာတယ်။ ဆေးကောင်းတစ်လက်တွေ့ထားပြီထင်တယ်။ ဆေးကောင်းရှိရင် လက်တို့သတင်းပေးပါဦး"

"သွက်လက်ပေါ့ပါးဖျတ်လတ်ဆို **မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေး** လက်ကိုင်ထားလို့ပါ။ ကျန်းမာရေးရှုထောင့်ကကြည့်ရင် နေ့စဉ်နေ့တိုင်း ဆီး၊ ဝမ်း၊ သွေး၊ လေ မှန်,မမှန် မိမိကိုယ်တိုင် ဆန်းစစ်ပြီး ပြုပြင်နေထိုင်သွားဖို့လိုတယ်မဟုတ်လား။ လူသားတိုင်း ကျန်းမာဖို့ ဓာတ်ကြီးငါးပါးညီညွတ်မျှတပြီး မဖောက်ပြန်ဘဲ ဝင်လမ်း၊ ထွက်လမ်း မှန်ကန်ခြင်းရှိဖို့ လိုအပ်ပါတယ်။ ဂီတနယ်မှာ စည်းနဲ့ဝါးဟာ အဓိကကျသလို လူသားတိုင်း ကျန်းမာဖို့ဆိုရင် ဆီးနဲ့ဝမ်းဟာ အဓိကကျပါတယ်။ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲဆိုတဲ့ စကားရပ်လည်းရှိတယ်မဟုတ်လား'

"ဟုတ်ပါ့ဗျာ. . . ဒါထက် ကိုဇော်ရဲနိုင် အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ဝမ်းမှန်ဆေးဟာ ဝမ်းမှန်ရုံသက်သက် စားတာလား၊ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်တယ်ဆိုတာ ပြောပြဦးမှပေါ့"

"ကျွန်တော်တို့မိသားစု အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ဝမ်းနုတ်ဆေးမဟုတ်သလို ဝမ်းမှန်ရုံသက်သက်မဟုတ်ဘဲ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်သလဲဆိုရင် အဲဒီဆေးကို နေ့စဉ်မှန်မှန် သုံးစွဲခြင်းဖြင့် လေငန်းလေဖြတ်ရောဂါဖြစ်ခြင်း၊ သွေးတိုးသွေးတက်ခြင်း၊ နှလုံးအဆီဖုံး, အသည်းအဆီဖုံးခြင်းတို့ကို ကာကွယ်ပြီး ဇက်ကြောထိုးခြင်း၊ ခြေ၊ လက်များ ထုံကျဉ် ကိုက်ခဲလေးလံခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း၊ လေကြောင့်ဖြစ်သော ဗိုက်နာ, ဗိုက်အောင့်ဖြစ်ခြင်း၊ အတွင်းလိပ်, အပြင်လိပ်ဖြစ်ခြင်း၊ သွေးကျခြင်း၊ ဆီး,ဝမ်း,လေ ချုပ်ခြင်း၊ ဆံပင်ဖြူခြင်း၊ မျက်စိမှုန်ခြင်း၊ ကိုယ်လက်လေးလံထိုင်းမှိုင်းပြီး ညောင်းညာကိုက်ခဲခြင်း၊ ခံတွင်းနံ့ဆိုးခြင်း၊ ချွေးနံ့မကောင်းခြင်း၊ မျက်နှာပေါ်တွင် ဝက်ခြံ, တင်းတိပ်များထွက်ခြင်း၊ အသားအရေ အက်ကွဲခန်းခြောက်ခြင်း၊ စိတ်ဖိစီးမှုများ၍ ကိုယ်လက်မအီမသာဖြစ်ခြင်း စတဲ့ ရောဂါများကို သက်သာပျောက်ကင်းစေပါတယ်။

ခန္ဓာကိုယ်တွင်းရှိ ပိုလျှံနေသောအဆီများကို လျော့ကျစေပြီး အပူ၊ အပုပ်၊ အညစ်ကို ယူထုတ်ပစ်သလို ကင်းစင်စေရုံမက ကိုယ်ဝန်ဆောင်မိခင်များ နေ့စဉ်သုံးစွဲခြင်းဖြင့် ဆီး၊ ဝမ်း၊ လေ မှန်ကန်၍ မွေးဖွားရလွယ်ကူပြီး ကလေးတွင် လေနာကင်းကာ ကျန်းမာစေခြင်း စတဲ့ အကျိုးကျေးဇူးတွေ ခံစားစေနိုင်ပါတယ်"

"ကိုဇော်ရဲနိုင်တို့မိသားစု သုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ကျား/မ စွယ်စုံရတဲ့ ဆေးကောင်းတစ်လက်ပဲဗျို့။ ကျွန်တော်လည်း သုံးမယ်ဗျား။ ကျွန်တော်တို့ ခင်ဗျားတို့လို စာရေးဆရာ၊ ပန်းချီဆရာ၊ ကွန်ပျူတာသမားတွေ၊ အညောင်းထိုင်သူတွေ၊ အဆီများ အဝလွန်သူတွေ၊ တစ်ကိုယ်လုံးလေးလံထိုင်းမှိုင်း ညောင်းညာကိုက်ခဲနေသူများအတွက် ဒီဆေးက ဝမ်းနုတ်ဆေးမဟုတ်လို့ နေ့စဉ်မှန်မှန်သုံးစွဲဖို့ လက်ကိုင်ထားရမယ့် ဆေးကောင်းတစ်လက်မို့ ဆေးရဲ့ကောင်းခြင်းဂုဏ်သတင်းကို အပေါင်းအသင်းတွေသိအောင် ရေးသွင်းကြေညာလိုက်ချင်ပါရဲ့ဗျာ"

ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် မုံရွာမြို့၊ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံးသို့ဖြန့်ချိပေးနေပါပြီ။

**ပင်ရင်း - မုံရွာ-ဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့်ဆေးကုခန်း**

အမှတ်-၈၂/၃၅၆၊ မေဓာဝီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၆၉၀၅၈၇၊ ၀၉-၅၁-၈၈၆၃၂

မုံရွာဆရာမိုး - ဖုန်း-၆၉၉၆၁၁ လိုင်းခွဲ (၁၄၇)၊ ၆၉၀၄၅၆ လိုင်းခွဲ (၁၄၇)




www.burmeseclassic.com

www.burmeseclassic.com

အရှင်ဉာဏ သီရိ? ဆရာသိန်း
(လပွတ္တာ)

# အာဏာတည် ဆရာတော် (၅)



◆ ပျဉ်ထောင်ကွင်းသိမ်ကျောင်း

အာဏာတည်ဆရာတော် အပါအဝင် ဆရာတော်သုံးပါးတို့သည် ဒကာ၊ ဒကာမများအား သီလပေးခြင်း။ ပရိတ်တရား ချီးမြှင့်ခြင်းများကို အာဏာတည်ဆရာတော်မှ ချီးမြှင့်သည်။

တရားဟောခြင်းကိစ္စ ပြီးဆုံးသောအခါ ဆရာတော်များအား ဆွမ်းကပ်ကြသည်။ တောဓလေ့အရ ဖိတ်စရာမလို အိမ်တစ်ပြည့် လာကြသည်။ ဝိုင်းကူကြသည်။ ဆရာတော်များအားလည်း လွန်စွာ ရိုသေကိုင်းရှိုင်းကြသည်။

ဆရာတော်များ ဆွမ်းဘုဉ်းပေးအပြီးတွင် ကျောင်းသားများကို ဆက်ကျွေးကြသည်။ ကျောင်းသားများ စားပြီးသည်အထိ ဆရာတော်များမှ စကားမြည်ပြော၍ စောင့်သည်။

ကျောင်းသားများ စားသောက်ပြီးသောအခါ ဆရာတော်များမှ အလှူရှင်အား နှုတ်ဆက်သည်။ အလှူရှင်နှင့် ဧည့်သည်များမှ ဆရာတော်များအား ကန်တော့ကြသည်။ ပြန်၍ နှုတ်ဆက်ကြသည်။ ဖိနပ်များ ချခင်းပေးကြသည်။ ထီးများ ဖွင့်ပေးကြသည်။ ခြံဝအထိ လိုက်ပို့ကြသည်။

အာဏာတည်ဆရာတော် ရှေ့ဆုံးမှ ကြွသည်။ နောက်မှ ပျဉ်ထောင်ကွင်းဆရာတော်၊ ဥက္ကံဆရာတော်နှင့် ကျောင်းသားများ ဖြစ်သည်။ သပြုကုန်းဆရာတော်၊ အာဏာတည်ဆရာတော်၏ ကျောင်းသား ရွှေလှော်၊ ဖိုးမှက်နှင့် ... ခုနစ်ယောက်ဖြစ်သည်။

ရွာလယ်ပိုင်းအရောက်တွင် မဏ္ဍပ်ကြီးထိုးထားသော အိမ်တစ်အိမ်မှ ယောက်ျား၊ မိန်းမ ငါးယောက်တို့ ခပ်သုတ်သုတ် ထွက်လာကြသည်။ ထိုအိမ်တွင် လူအများ ဝိုင်းအုံနေကြသည်။

စောစောပိုင်းက ဆိုင်းသံ၊ ဗုံသံ တခြိမ်းခြိမ်းဖြင့် နတ်ကနေသည် ထင်သည်။ ယခု ဆိုင်းသံများ ငြိမ်နေပြီး လူအများ မဏ္ဍပ်အပြင်ဘက်တွင် ဝိုင်း၍ မတ်တတ်ရပ်ကြည့်နေကြသည်။ အာဏာတည် ဆရာတော်ရှေ့တွင် ကပျာကယာ ထိုင်ရှိခိုးကြသည်။

'ဆရာတော်ဘုရား... ဆုံးမပေးပါဘုရား။ ဟိုမှာတပည့်တော်အိမ်မှာ နတ်ကနားပေး နတ်ကနေတာ။ အခု စီးတော်ကျား ဝင်ပူးတာ ဘယ်သူမှ ထိန်းမရ ဖြစ်နေပါတယ် ဘုရား'

'နတ်ကတော့ နတ်ဆရာတွေ နတ်ကတော်တွေ ပါတယ်မဟုတ်လား'

အာဏာတည်ဆရာတော်မှ မေးသည်။

'ပါပါတယ် ဘုရား။ နတ်ကတော်လဲ စီးတော်ကျားကိုက်လို့ လက်ကွဲသွားတယ်။ ဆိုင်းသမားတွေလဲ မဏ္ဍပ်အပြင် ထွက်နေပါတယ်ဘုရား။ အတွင်းဝင်ရင် လိုက်ကိုက်နေလို့ပါဘုရား။ ဘဘုန်း ဆုံးမပေးပါဘုရား။ ဆရာတော် ကြွလာတာတွေ့လို့ တော်ပါသေးရဲ့ ဘုရား'

အိမ်ရှင်အမျိုးသမီးမှ ဆရာတော်

www.burmeseclassic.com



◆ ရွှေတောင်တွင်းတိုက်တော်ကြီးကျောင်း၊ နောက်ဘက်မှ မြင်တွေ့ရသည်

◆ အတွေ့ဆုံမြဲ ဆောက်လုပ်ထားရှိသည်



အား အားကိုးတကြီး လျှောက်သည်။

အာဏာတည်ဆရာတော် စဉ်းစားနေသည်။ နောက်မှ ဆရာတော်နှစ်ပါးမှာလည်း ဘာမှ မပြော တအံ့တသြနားထောင်နေသည်။

'ဆရာတော်ဘုရား ကြည့်ပြီး သုံးမပေးပါဘုရား။ အဲဒီ စီးတော်ကျား ဝင်မှုတဲ့သူက လူစိတ်ပျောက်ပြီး မဏ္ဍပ်ထဲ ဝင်တဲ့လူတိုင်းကို လိုက်ကိုက်နေပါတယ်။ အပြင်တော့ ထွက်မလိုက်ဘူး။ အထဲမှာရှိတဲ့ နတ်ကတော်တွေ ဆိုင်းသမားတွေ အကုန် အပြင်ထွက်ပြေးနေရပါတယ် ဘုရား'

ဆရာတော်အား ထိုင်ကန်တော့နေသူများထဲမှ အမျိုးသမီးတစ်ယောက်က ရှင်းပြသည်။ မှန်သည်။ ထိုအိမ်၏ အိမ်ရှေ့ မဏ္ဍပ်ပတ်ပတ်လည်တွင် ရှုတ်ရှုတ်သဲသဲ ဖြစ်နေသော လူအုပ်ကြီးကို တွေ့ရသည်။ အာဏာတည်ဆရာတော်သည် မောင်ဖိုးမှက်အား ခေါ်လိုက်သည်။

'မောင်ဖိုးမှက် လာစမ်း'

မောင်ဖိုးမှက် ဆရာတော့်အနားကပ်လာသည်။

'ညာလက်ပေး ဖြန့်ထား'

အာဏာတည် ဆရာတော်သည် ဖိုးမှက်၏ ညာဘက်လက်အား ကိုင်၍ **"ဝါတယည့် အာဏာတည်စေ ဖွဟဲ့"** ဟု နှုတ်မှပြော၍ လက်ဝါးချင်း ဖြန်းခနဲ ရိုက်လိုက်သည်။

'ကဲ မောင်ဖိုးမှက် မင်း ကြည့်ပြီး ကူညီလိုက်ပါ။ ရွှေလှော်နဲ့ ဖိုးသိန်းလဲ လိုက်သွား။ ဘုန်းဘုန်းတို့ ဒီဥယျာဉ်တောင်တွင်းကျောင်းက စောင့်နေမယ်။ အကာကြီးတို့ကို ကူညီ လိုပ့်မယ် ခေါ်သွားတော့'

အာဏာတည်ဆရာတော် ခြေရင်း ဒကာ ဒကာမများသည် ဖိုးမှက်တို့ လူအုပ်အား ခေါ်သွားသည်။ တခြား ကျောင်းသား လေးယောက်လည် လိုက်သွားသည်။ ဆရာတော်သုံးပါ သာ ဆက်ကြွသွားသည်။

ဖိုးမှက်တို့အား ခေါ်သွားသူမျာ သည် ရင်းနှီးပြီးသူများ ဖြစ်ကြသည် သို့သော် ဆရာတော့် အမိန့်အာဏာ ပါဝါမြင့်သွားပုံရသည်။ မဏ္ဍပ်အ အရောက်တွင် ဝိုင်းအုံနေသော သူမျာ က အတွင်းဝင်နိုင်ရန် လမ်းဖယ်ပေး သည်။ ဦးဆောင်ခေါ်လာသော လူ က အဝမှ လက်ညှိုးထိုးပြသည်။ သူ အထဲမဝင်...

'ဟိုမှာတွေ့လား မောင်ဖိုးမ ပွဲစင်ပေါ်မှာ မဏ္ဍပ်ထဲဝင်သူတိုင်း တယ်။ ဆရာတော့်အာဏာ ပါ မင်း ကြည့်ပြီး သုံးမပေါ့ကွာ'

ရင်းနှီးပြီး တာတ်သိများ ဖြစ်သ ထူးထူးတွေတွေ အထင်မကြီးသ ပြောသည်။ သို့သော် ဆရာတော အမိန့်အာဏာကိုတော့ ယုံကြည် ကိုးပုံရသည်။

ဖိုးမှက် မဏ္ဍပ်အတွင်း လှ လိုက်သည်။ မြေပြင်မှ လေး





www.burmeseclassic.com

www.burmeseclassic.com



◆ တရားစခန်းပွဲများ ပြုလုပ်သောကျောင်း

အမြင့်တွင် ခုံသဘောမျိုး စင်ရိုက်၍ ကန်တော့ပွဲများ တန်းစီတင်ထားသည်။ ပွဲတွေက အများကြီးဖြစ်သည်။ (၃၇)ပွဲ ဖြစ်မည်ထင်သည်။

ထို ကန်တော့ပွဲများကြားတွင် စီးတော်ကျား ဝင်ပူးသူက ဆောင့်ကြောင့်ထိုင် လေးဖက်ထောက်ကာ သူတို့ကို မျက်လုံးပြူးကြည့်နေသည်။

ရွှေလော့်နှင့် ဖိုးသိန်းတို့အား အပြင်မှကြည့်ရန် ပြောပြီး ဖိုးမှက် မဏ္ဍပ်အတွင်း ခုန်ဝင်လိုက်သည်။ အပြင်ဘက်တွင် ဝိုင်းကြည့်နေကြသော လူအုပ်များသည် စိတ်အားထက်သန်စွာ ကြည့်နေကြသည်။

'ကဲ...ဟေ့ စီးတော်ကျားဆိုတဲ့ အကောင် လာခဲ့စမ်းကွာ'

ကန်တော့ပွဲများ တန်းစီတင်ထားသော စင်ပေါ်မှ မျက်လုံးပြူးကြည့်နေသော စီးတော်ကျား ဝင်ပူးနေသူအား ဖိုးမှက်က မဏ္ဍပ်တစ်ဖက်ခြမ်းမှ ခါးထောက်ရပ်လျက် ခေါ်လိုက်သည်။

စီးတော်ကျား ဆိုသူသည် ဖိုးမှက်အား ပြူးကြည့်လျက် လွှားခနဲ ပွဲစင်ပေါ်က ခုန်ဆင်းလိုက်သည်။ ခုန်ဆင်းပုံကလည်း တကယ့် ကြောင်တစ်ကောင်၊ ကျားတစ်ကောင် ခုန်ဆင်းလိုက်သလိုမျိုးဖြစ်သည်။

မဏ္ဍပ်အတွင်း မြေပြင်တွင် ဖျာအပြည့် ခင်းထားသည်။ စီးတော်ကျားသည် လေးဖက်ထောက်လျက် ဘယ်ဘက်လှမ်းသွားလိုက်၊ ညာဘက်လှမ်းသွားလိုက်ဖြင့် ဖိုးမှက်အနီးသို့ မာန်ဖီနေသည့် ပုံစံမျိုး တဖြည်းဖြည်း တိုးလာသည်။

ဖိုးမှက်က ခါးထောက်လျက် ဣနြေ္ဒမပျက် ရပ်စောင့်နေသည်။ အနီးအရောက်တွင် ခုန်အုပ်မည့်ပုံစံဖြင့် ဘက်နှစ်ဖက်ပြောင်း၍ မတ်တတ်ရပ်လိုက်သည်။ ဖိုးမှက်ကလည်း မြန်သည် ညာလက်ဖြင့်ရိုက်ရန် မြှောက်၍ ရွယ်လိုက်သည်။

'မင်းက ဘာကောင်လဲ သေဖို့သာပြင်'

ချက်ချင်းဆိုသလို ဝေါင်းဆိုပြီး နောက်လှည့်၍ ခုန်ထွက်သွားသည်။ ပြီးနောက် ပြန်လှည့်ပြေး၍ ကန်တော့ပွဲစင်ပေါ်သို့ ခုန်တက်သွားပြီး ဆောင့်ကြောင့်ထိုင်လိုက်သည်။ ဖိုးမှက်၏ ရိုက်မည်ရွယ်သော ညာလက်ကို ကြောက်သွားပုံရသည်။

'လာလေကွာ...လာပါဦး ဘာကြည့်နေတာလဲ'

ဖိုးမှက်က လှမ်းခေါ်သည်။ မျက်လုံးပြူးကြည့်နေသည်။ တုတ်တုတ်မျှ မလှုပ်။ ထပ်ကာထပ်ကာ ခေါ်သည်။ မလာတော့။ မလာသည့် အဆုံးတွင်တော့ ဖိုးမှက်က ပွဲစင်ရှိရာသို့ တစ်လှမ်းချင်း လျှောက်သွားသည်။

မဏ္ဍပ် အပြင်ဘက်တွင်ရှိသော လူအုပ်များသည် ဘာဖြစ်မလဲ သိချင်နေကြသည်။ စိတ်အားထက်သန်စွာ စောင့်ကြည့်နေကြသည်။

'မင်း...မလာရင် ငါ...လာပြီဟေ့'

ကြိမ်းမောင်းသလို ကိုယ့်ကိုထိကိုယ် ရဲဆေးတင်သလိုမျိုး အော်ပြောရင်း ပွဲစင်ပေါ်မှ ဆောင့်ကြောင့်ထိုင်နေသော စီးတော်ကျားနား ရောက်လျှင် ဖိုးမှက်သည် ညာလက်ကို မြှောက်၍...

'မင်းလိုကောင်မျိုး ရိုက်သတ်ပစ်မယ်'

ဟု ကြိမ်းဝါးရင်း လွှဲရိုက်လိုက်သည်။ သို့သော် စီးတော်ကျားက လျင်သည် လက်မြှောက်ရုံရှိသေး လွှားခနဲ ခုန်ဆင်းပြေးသည်။ ဖိုးမှက် ပထမရပ်သည့် ဘက်ခြမ်းတွင် လေးဖက်ထောက်၍ ဖိုးမှက်ကို ကြည့်နေသည်။

ဖိုးမှက် ဒေါသထွက်လာသည်။ ဒီတစ်ခါ ထိအောင်ရိုက်ပစ်မည် စိတ်ကူးဖြင့် ပြန်လှည့်လိုက်သည်။ စီးတော်ကျားအနီး ရောက်လျှင် ရိုက်မည့်ဟန်ပြင်ရုံရှိသေး လွှားခနဲ ခုန်ထွက်ပြေးသည်။ ပွဲစင်ပေါ်ခုန်တက်၍ ဆောင့်ကြောင့် ထိုင်နေသည်။ သူ့ကို မျက်လုံးပြူးကြည့်နေသည်။

မဏ္ဍပ်တစ်ပတ်လည်တွင် ကြည့်နေကြသော ပရိသတ်များလည်း အနည်း

www.burmeseclassic.com



◆ အဘဦးဖိုးမှက် နေသွားသောနေရာ နောက်တွင် အိမ်ပြိုသွားစဉ်

ငယ် လှုပ်ရှားလာသည်။ စိတ်ဝင်တစား စိုးရိမ်တကြီး အံ့မှုအရာများဖြင့် ကြည့်နေသူများမှာ ထုပ်ဆီးတိုးပွဲ ကြည့်သလိုမျိုး ဖြစ်လာသည်။ ကြာလျှင် ဟာသရယ်စရာ ဖြစ်လာမည်။ ဘယ်လိုလုပ်လျှင် ကောင်းမလဲဟု စဉ်းစားရတော့သည်။

ဒီအတိုင်း ဆက်လိုက်နေလျှင် ဆက်ပြေးနေမည်။ ညာလက်နှင့် ရိုက်မည်ကိုတော့ အလွန် ကြောက်ပုံရသည်။ သို့သော် ဒီလောက်နှင့် နောက်ဆုံး အဖြေမထွက်နိုင်။ လူသာ ဖတ်ဖတ်မောမည်။ မလိုက်နိုင်တော့။ ကိုယ်က နိုင်လျက်နှင့် ရှုံးမည့်အဖြစ်ကို မခံနိုင်။ မထူးတော့ဘူး ဉာဏ် သုံးရတော့မည်။

ယခု သူ ရပ်နေသော နေရာသည် အဝင်ဝဖြစ်သည့်အတွက် ဝိုင်းကြည့်နေသော ပရိသတ်နှင့် နီးသည်။ လေးဖက်စလုံး အပြင်ဘက်တွင် လူအများ ဝိုင်းကြည့်နေကြသည်။ အမျိုးမျိုး တီးတိုးဝေဖန်နေကြပြီ။

ဖိုးမှက် မဏ္ဍပ်အလယ်သို့ လျှောက်သွားသည်။ အလယ်သို့ရောက်လျှင် မုဆိုးဒူးထောက် ထိုင်လိုက်သည်။ ရှေ့ကန်တော့ပွဲစင်သို့ လှမ်းကြည့်လိုက်သည်။ စီးတော်ကျား ဝင်ပူးနေသူသည် မျက်လုံးပြူး ကြည့်နေသည်။

ဘေးပတ်လည် ပရိသတ်များလည်း ဖိုးမှက် ဘာလုပ်ပါလိမ့်ဟု အကဲခတ် လှမ်းကြည့်နေသည်။

ဖိုးမှက်သည် စီးတော်ကျား ဝင်ပူးသူဘက် မျက်နှာမူ၍ ဒူးတစ်ဖက်ထောင်၊ တစ်ဖက်လှဲ မုဆိုးဒူးထောက်ထိုင်၍ နှုတ်မှ အမိန့်ပေး ပြောလိုက်သည်။

'ကျွန်ုပ် အာဏာတည်ဆရာတော်၏ အမိန့်အာဏာ ဤကျေးရွာအုပ်စုကို အုပ်ချုပ်သော သူကြီး အမြဲကိုင်သော နှစ်လုံးပြူးသေနတ် ကျည်ဆန် အပြည့်ဖြင့် ကျွန်ုပ်လက်ထဲ ရောက်စေ'

အာဏာတည်ဆရာတော်၏ အမိန့်ဖြစ်သည်။ လက်နှစ်ဖက်က သေနတ်တစ်လက်ကို ကိုင်ထားသည့် အနေအထားမျိုးဖြင့် စီးတော်ကျား ရင်အုံကို ချိန်ထားသည်။ မျက်လုံးတစ်ဖက် မှိတ်၍ သေသေချာချာ ချိန်ထားသည်။ ဖြောက်ခနဲ မောင်းတင်လိုက်သည်။

'ကျွန်ုပ် ပစ်လိုက်သော နှစ်လုံးပြူးကျည်ဆန်သည် စီးတော်ကျား၏ နှလုံးသားတည့်တည့် ထိမှန်စေ ဆရာတော်အမိန့်'

အမိန့်သံ ဆုံးသည်နှင့် နှစ်လုံးပြူး သေနတ် ခလုတ်ကို ဆွဲ၍ ပစ်ထည့်လိုက်သည်။

'ဒိန်း ဟိန်း ဟိန်း'

ဖိုးမှက်က နှစ်လုံးပြူး သေနတ်သံအဖြစ် ကျယ်လောင်စွာ အော်လိုက်သည်။

ကန်တော့ပွဲစင်ပေါ်မှ ဆောင့်ကြောင့် ထိုင်နေသော စီးတော်ကျား ဝင်ပူးသူသည် ဘုန်းခနဲ ခြေကားရား လက်ကားရားဖြင့် ပက်လက်ပြုတ်ကျသည်။

စီးတော်ကျား ဘယ်ရောက်သွားသည်မသိ ထိုသူကတော့ လေးတောင်ခန့်အမြင့်မှ ပက်လက်ပြုတ်ကျသည့် ဒဏ်ကြောင့် တအင်းအင်းဖြင့် အသက်မရှူနိုင် မရှိုက်နိုင် ဖြစ်နေသည်။

'ကဲ ဝင်လာကြတော့ စီးတော်ကျားလဲ ပြေးပြီ။ သူ့ကို ပြုစုလိုက်ကြဦး'

စီးတော်ကျားကို အောင်ပွဲခံလိုက်နိုင်သည့် ဖိုးမှက်သည် ခပ်တည်တည်ဖြင့် အပြင်လူများအား လှမ်းခေါ်လိုက်သည်။ ဒီတော့မှ စိတ်ဝင်တစား ဝိုင်းကြည့်နေသူများ သတိရသွားဟန်တူသည်။ စုပြုဝင်လာကြပြီး ဝိုင်း၍ ပြုစုပေးကြသည်။

ဖြတ်ထိုးဉာဏ် ကောင်းလိုက်သည့် ဖိုးမှက်၊ တော်လိုက်သည့် ဖိုးမှက် ကျောင်းသားများဝိုင်း၍ ချီးကျူးကြသည်။ ဩဘာပေးကြသည်။ ဖိုးမှက်၏ ပြောတတ် ဆိုတတ် ဉာဏ်သွားမှုကြောင့် ပွဲသိမ်းလိုက်နိုင်ခြင်းဖြစ်သည်။

## မပေါက်မှ မပေါက်အစစ်ဆိုသူ

အချိန်က နံနက်(၁၀)နာရီခန့်ကျော်ကျော်ရှိပြီဖြစ်သည်။ ဆရာတော်သည် ကျောင်းအောက်တွင်ရှိသော ကွပ်ပျစ်တွင်ထိုင်၍ စာဖတ်နေသည်။ ကျောင်းသားများ ဆွမ်းခံထွက်နေကြသည်။

www.burmeseclassic.com

ချွမ်းခံ မလိုက်သော မောင်ဖိုးမှက်နှင့် မောင်အေးဟန်တို့ ကျောင်းရှေ့တွင် မြက်များ ရှင်းလင်းနေကြသည်။

လူတစ်ယောက် ကျောင်းခြံတွင်း ဝင်လာသည်။ ခြေလှမ်းများ မြန်ပြီး တစ်ခုခုကို စိုးရိမ်ကြောက်ရွံ့နေပုံ ရသည်။ ပုဆိုးတိုတို ဝတ်ထားသည်။ ကိုယ်တွင် အကျႌမရှိ၊ ဗလာထီး တည်း ဖြစ်သည်။

ခြေထောက်နှင့် ပုဆိုးများတွင် သွေးရေနေသဖြင့် အလုပ်တစ်ခုခု လုပ်နေရင်း လာခြင်းဖြစ်သည်။ ဖိုးမှက် မြင်ဆို သိသည်။ အနောက်သား ရခိုင် တိုင်းရင်းသား ဦးရိုးကြီး ဖြစ်သည်။ ဤရွာတွင် အနေကြာသဖြင့် ရွာသား ဖြစ်နေပြီ။ စကားပြောလျှင် ရခိုင်လို ပြောသည်။

'ဦးရိုးကြီး ဘာလာလုပ်တာလဲ၊ ခြေများမှာလဲ ပေကျံနေပါလား'

ဖိုးမှက်က လှမ်းမေးလိုက်သည်။

'ဆရာတော်ဆီ လာတာပေ့ါကွာ'

ပြောပြောဆိုဆို ဖိုးမှက်တို့ကို ကျော်ပြီး ဆရာတော်အနီးတွင် ဦးရိုးကြီး လက်အုပ်ချီလျက် ကန်တော့ရင်း...

'အပည့်တော်ကို မဟောက် ကိုက် လိုက်ပါတယ် ကယ်ပါဦးဘုရား'

'ဘယ်တုန်းကလဲ'

ဆရာတော်မှ မေးသည်။

'အခုလေးတင်ပါ ဘုရား။ ဟင်းခင်း မှန်လာ ပြီး ထွန်နေတုန်း ထွန်တုံးနဲ့ ချိတ်ပါလာ တာ တပည့်တော်က မြေစာခဲ ကျန်ချတာ နှာနဲ့ပြီး ခြေထောက်ကို ကိုက်လိုက်တာ ဘုရား'

'ဘဲ ရိုးကြီး ရှေ့တိုး'

ဆရာတော်မှ ရှေ့တိုးခိုင်းသည်။ ရိုးကြီးက ဆောင့်ကြောင့်ထိုင်ရင်း အရောက်အောင် တိုးပေးသည်။ ဖိုးမှက်နှင့် အေးဟန်တို့သည် အနား



မရမ်းချောင်းတဲသီဖြိ

လာကြည့်နေကြသည်။

ဦးရိုးကြီးသည် မြွေဟောက်ကို ရခိုင်လို ဝဲသဖြင့် မဟောက်ခေါ်ခြင်း ဖြစ်သည်။ ဘုန်းတော်ကြီး လက်တစ်ဖက် ဖြင့် ဦးရိုးကြီး ဦးခေါင်းပေါ် ပုတ်လိုက် ရင်း...

'ပင်းကို ကိုက်လိုက်တာ မြက်လျှောလေးပါ'

'မဟုတ်ပါဘူး ဘုရား၊ မဟောက်မှ မဟောက်အစစ်ပါ ဘုရား'

အလွန် လျှာကြောရှည်သော ဦးရိုးကြီးဖြစ်သည်။ စကားပြောလည်း ပေါင်ဖွာပေါင်ဖွာနိုင်သည်။ ကျယ် ကျယ်ပြောသည်။ ဆရာတော် အမိန့် ပေးခြင်းကို သိဟန်မတူ ဆရာတော် ထပ်ပြောသည်။

'မြက်လျှောလေးပါကွာ အဆိပ်မရှိ ဘူး'

'မြက်လျှော မဟုတ်ပါဘူး ဘုရား၊ မဟောက်မှ မဟောက်အစစ်ပါဘုရား၊ တပည့်တော် ရိုက်သတ်ပြီး သေသေ ချာချာ ကြည့်ထားပါတယ်ဘုရား၊ ခေါင်းမှာလဲ ဝလုံးနဲ့၊ လည်ပင်းမှာလဲ အမည်းစင်းနဲ့၊ တပည့်တော် ခါးဖြတ် ရိုက်လိုက်တော့ ပါးပျဉ်းထောင်နေတာ ခွက်နေတာပဲ။ သေချာပါတယ် ဘုရား မဟောက်ပါဘုရား'

ဖိုးမှက်လည်း မနေသာတော့ ဝင် ပြောရတော့သည်။

'ဒီမှာ ဦးရိုးကြီး ဆရာတော်ပြောတာ နားထောင်ပါ စကားမပြောပါနဲ့'

'ဟာ မပြောလို့ ရမလား ဖိုးမှက်ရ ဒီမှာက မဟောက်အစစ် ကိုက်တာ ခံထားရတာဝေး၊ အမှန်သိအောင် ပြောရမှာပေ့ါကွာ၊ အခုတောင် ခေါင်း ထဲ မူးလာပြီ'

'ခေါင်းထဲမူးလာရင် ဆရာတော် ပြောတာ ခံမပြောနဲ့၊ ငြိမ်ငြိမ်နားထောင် ပါ ဦးရိုးကြီးရဲ၊ တော်တော် ဒုံးဝေးတဲ့ ဦးရိုးကြီး'

ဖိုးမှက်လည်း စိတ်မရှည်သော လေသံဖြင့် ပြောပြနေသည်။

'ခက်ပါလားဝေး ငါက လက်တွေ့ ခံနေရတာဟ'

ဖိုးမှက်လည်း ပြောမရ ဖြစ်နေသည်။ နားမလည် ဖြစ်နေသည်။ ဆရာတော် သည် ဤအချိန်မျိုးတွင် စကားများများ မပြော။

'ဒကာရိုးကြီး စကားမပြောနဲ့ ငြိမ် ငြိမ်နေပါ'

ဆရာတော် သတိပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်မှ ညာလက်ဖြင့် ဦးရိုးကြီး ဦးခေါင်းပေါ် လက်တင်လျက်...

'ရေမြွေလေးပါ အဆိပ်မရှိပါဘူး'

'ရေမြွေ မဟုတ်ပါဘုရား။ မပေါက်ပါဘုရား။ မပေါက်မှီ အခု ခေါင်းထဲ မူးလာပါပြီ ဘုရား'

'ကဲ ဖိုးမှတ်နဲ့ အေးဟန် မင်းတို့ နှစ်ယောက် ရိုးကြီးကို သူ့အိမ်အရောက် တွဲပို့လိုက်ပါ'

ဆရာတော် လက်လျှော့သွားဟန် တူသည်။ ဆရာတော်၏ အမိန့်အာဏာ စကားကို ကာယကံရှင်မှ သုံးကြိမ်သုံးခါ လက်မခံဘဲ ပယ်သဖြင့် လက်လျှော့ နောက်ခိုင်း၍ ကျောင်းပေါ် တက်သွားတော့သည်။ အလွန် စိတ်မချမ်းမသာ ဖြစ်သွားပုံရသည်။

ဖိုးမှတ်နှင့် အေးဟန်တို့ နှစ်ယောက်သည် ဦးရိုးကြီးအား အိမ်အရောက် တွဲပို့ရသည်။ အိမ်ဝအရောက်တွင် ဦးခေါင်းမထောင်နိုင်တော့။ အိမ်ပေါ် အရောက်တွင် အသက် ဆုံးသွားရလေသည်။

ဆရာတော်ထံ ရောက်လာသူတိုင်းကို ကျန်းမာချမ်းသာစေချင်သည်။ ဒီတစ်ခါတော့ ဆရာတော် လက်လျှော့ ရဖူးသည်။

အကြောင်းကြီးငယ်ရှိ၍ ကယ်တင်ခွင့်ကြုံတိုင်း ကယ်တင်ရာတွင် အောင်မြင်သွားပါက အကယ်တင်ခံရသူ ဝေဒနာရှင်များ ဝမ်းသာအားရ ဖြစ်ကြသလို ကယ်တင်ကူညီသူများလည်း ပီတိဖြစ်ကြရသည်။

ကယ်၍ မရနိုင်သောသူများနှင့် ဤကဲ့သို့ ကြုံဖူးခြင်းကို ဆရာတော် မလိုလားသော်လည်း လက်လျှော့ခဲ့ရဖူးသည်ဆို၏။ သတ္တဝါတစ်ခု ကံတစ်ခု ပါတကား။

**အာဏာတည် ဆရာတော်အား ရှိသေစွာ ရှိခိုးကန်တော့ပါ၏။**

**အဘဦးဘိုးမှက်အား ရှိသေစွာ ရှိခိုးကန်တော့ပါ၏။**

**အရပ် ဆရာသိန်း**
**(ထပွတ္တာ)**

# ဆင်တုံးမနွယ်



နတ်မောက်မြို့နယ်၊ အင်ပင်တောရ ဆရာတော် ရှင်ဥဒ္ဒယထံ အဖူးမြော်သွားရင်း စည်သာရွာ၏ အနောက်ဘက် တစ်မိုင်ခန့်အရောက်တွင် ဆင်တုံး မနွယ်များ ခုတ်ယူလာသော တောင်သူကြီးတစ်ဦးနှင့် တွေ့ရာ မေးမြန်းကြည့်ရာ နာမည်မှာ ဦးထွန်းကျော်ဟု သိရသည်။

'ဆင်တုံးမနွယ်တွေ မဟုတ်လား ဦးလေး'

'ဟုတ်ပါ့ဗျာ'

'ဘာလုပ်ဖို့လဲ မသိရဘူးလား'

'သိရပါ့ဗျာ...သိရပါ့ ဆင်တုံးမနွယ်အသုံးတွေက အများကြီးကွယ့်။ လူအတွက် ဆေးဖက် အသုံးဝင်သလို ကျွဲနွားအတွက်လဲ ဆေးဖက်အသုံးတည့်တယ်။ ကျွဲနွား ပိန်နေရင် ဒီဆင်တုံးမနွယ်ကို နုပ်နုပ်စဉ်း ဆန်ကွဲနဲ့ အုပ်စိမ်ပ တိုက်ပေးရင် ကျွဲနွား အသွေးအသားတွေ ကင်းပြီး ထိုးဝတယ်။

လူအတွက်ဆိုရင် သားတစ်ပိဿာနဲ့ ဆင်တုံးမနွယ် ငါးသယ်သား ရောပြီး ပြုတ်တဲ့ ပြုတ်ပြီး လျက်သားလို ဖြူကျွေးအောင် ပီးမှတ်ပြီး လျက်သားလို လျက်ပေးရင် သလိပ်ရောဂါကင်းပြီး အသုတ် သန့်ရှင်းတယ်'

'ဩော်... တော်တော်အစွမ်းထက်တဲ့ နွယ်ပဲနော်။ အခုလဲ ဆေးဖော်ဖို့ပဲလား ဦးလေး'

'ခုဟာက အသုံးနှစ်မျိုးအတွက် ခုတ်ယူလာတာကွယ့်။ **ဦးလေးဇနီး ခြေဖဝါးပူနာ ဖြစ်နေလို့ ဒီဆင်တုံးမနွယ်အစိုနဲ့ ကြက်ဆူစေ့ ဆတူ ရောထောင်းပြီး ရေနဲ့ ဖျော်လိမ်းပေးဖို့ပဲကွယ့်'**

'ဟင်... ဒါဆို ဆင်တုံးမနွယ်တွေ အများကြီး ပိုနေမှာပေါ့။ ဦးလေး ခုတ်လာတာ အများကြီးပဲဟာ'

'မပိုဘူးကွယ့်။ ဦးလေး အိမ်မှာ **ငှက်ပျောကျင်း ဆယ်ကျင်းစိုက်မလို့ အသင့်တူးထားတယ်။ ဒီဆင်တုံး မနွယ် နှစ်တောင်လောက်စီ ခွေပြီး အောက်ကခံထည့် စိုက်ရတယ်။ ဒါမှ ငှက်ပျောပင်မှာ ခေါင်းပိုးမဝင်ဘဲ အပင်ဖြစ်ထွန်း အသီးထွား အဖီးများတယ်'**

'ဩော်...ဟုတ်ကဲ့ ကျေးဇူးပါပဲ'


စည်သာရွာမှ တောင်သူကြီး ဦးထွန်းကျော်ထံမှ တိုက်ဆိုင်ကြုံတွေ့စဉ် ကြားသိခဲ့ရသော ဗဟုသုတ တင်ပြအပ်ပါသည်။

**နတ်မောက် ကောင်းမွန်မြင့်**



www.burmeseclassic.com

www.burmeseclassic.com



## ၂၀၁၄ ခုနှစ်၊ ဇူလိုင်လအတွက် ဓာတ်ကြီးငါးပါးစိုးမိုးမှုနှင့် အောင်ဘာလေ

# ထီ ဆုငွေ



ဤလတွင် ဖွင့်လှစ်မည့် အောင်ဘာလေ ထီဆုငွေများအတွက် ဝ၊ ၅၊ ၄၊ ၁ ဂဏန်းခြေများကို ရွေးချယ်ကာ ဂ၊ စ၊ တ၊ ယ အက္ခရာများဖြင့် တွဲဖက် ကံစမ်းသင့်ပါသည်။

ဂဏန်းတူ၊ ဂဏန်းထပ်များကို နှစ်သက်ပါက အထက်ပါ အတန်းလေးလုံးအနက် နှစ်လုံးထက် ပို၍ ပါဝင်သည့် ထီလက်မှတ်ကို ရွေးချယ်ပါ။

မိမိတို့မွေးနှစ်အရ ကံအခွင့်အလမ်းများကို အသုံးချလိုပါက အောက်တွင် ကြည့်ပါ။

* * *

| မွေးနှစ် | ကံပွင့်ဂဏန်း | လာဘ်ပွင့်အရောင် | ကံပွင့်အရပ် | တွဲဖက်ကံစမ်းလိုလျှင် | ကံပွင့်နေ့ |
|---|---|---|---|---|---|
| ကြွက် | ၈ | အညို | အရှေ့မြောက် | တနင်္လာသားသမီး | စနေနေ့ |
| နွား ကျား | ၆ | အဖြူ | အနောက်မြောက် | ကြာသပတေးသားသမီး | တနင်္ဂနွေနေ့ |
| ယုန် | ၁ | အပြာ | မြောက် | အင်္ဂါသားသမီး | ဗုဒ္ဓဟူးနေ့ |
| နဂါး မြွေ | ၂ | မြေဖြူ | အနောက်တောင် | စနေသားသမီး | တနင်္လာနေ့ |
| မြင်း | ၇ | ရွှေဝါ | အနောက် | ကြာသပတေးသားသမီး | သောကြာနေ့ |
| ဆိတ် မျောက် | ၉ | အနီ | တောင် | ဗုဒ္ဓဟူးသားသမီး | အင်္ဂါနေ့ |
| ကြက် | ၄ | အစိမ်းရင့် | အရှေ့တောင် | တနင်္ဂနွေသားသမီး | ကြာသပတေးနေ့ |
| ခွေး ဝက် | ၃ | အစိမ်းနု | အရှေ့ | သောကြာသားသမီး | ကြာသပတေးနေ့ |

**ခွေးနှစ်ဖွားဆိုပါက (၃)ဂဏန်း၊** အစိမ်းနုရောင်၊ အရှေ့အရပ်တို့ ကံလာဘ် ပွင့်လင်းစေပါလိမ့်မည်။ သောကြာသားသမီးနှင့် တွဲဖက် ကံစမ်းနိုင်သည်။ ကြာသပတေးနေ့တွင် ရွေးချယ်ကံစမ်းပါ။

**ထီလက်မှတ်အရောင်းဆိုင် တည်ရှိရာ ဌာနေဗလ အင်အားရယူလိုပါလျှင်...**

စားသောက်ဆိုင်ကြီးများ၊ ဈေးများ၊ ကြေး၊သံ၊သွပ် သတ္တုပစ္စည်း အရောင်းဆိုင်များ၊ အဖြူနှင့်ငွေရောင် အားကောင်းစွာ ခြယ်သထားသည့် အဆောက်အအုံကြီးများ၊ ကြေးထည်၊ သံထည်၊ ဒန်အိုးအန်ခွက်၊ စတီးပစ္စည်းများ စသည့် လူသုံးကုန်ပစ္စည်း အရောင်းဆိုင်ကြီးများ၊ ရွှေထည် ငွေထည်ပစ္စည်း အရောင်းဆိုင်များ စသည်တို့အနီး ဖွင့်လှစ်ရောင်းချသော ထီလက်မှတ်အရောင်းဆိုင်များက ပို၍ ကံပွင့်စေနိုင်ပါလိမ့်မည်။

**ထီကံပွင့်ယတြာ ပြုလိုပါလျှင်...**

သက်ငယ်ပိုင်း အမျိုးသမီးတစ်ယောက်အား ဆန်ဖြင့် ပြုလုပ်ထားသည့် စားဖွယ်(၆)ခု လှူဒါန်းခြင်းဖြင့် ထီနှင့် ကံစမ်းမဲများတွင် ပိုမို နီးစပ်အဆင်ပြေလိမ့်မည်။

စနေနေ့ တစ်နေ့တွင် ပြုလုပ်လှူဒါန်းခြင်းဖြင့် ပို၍ ထူးခြားစွာ အကျိုးပေးသန့်နိုင်ပါသည်။

***ဝူယုင်း ဓာတ်ကြီးငါးပါး အကူအညီဖြင့် ထီဆုကြီးများ ဆွတ်ခူးနိုင်ကြပါစေ။***

**ထက်မင်းကျော်စွာ**

နက္ခတ္တရောင်ခြည်မဂ္ဂဇင်း ၈၅

www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

အမျိုးသမီးများ သွေးသားမှန်ကန်ပြီး စိုပြည်လှပဖို့ဆိုရင်

# တင်တင်အောင်

အမှတ်တံဆိပ်


# အကိုက်အခဲပျောက် မီးယပ်သွေးပေါ်ဆေး

(တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် ၀၁၁၂ YR ၀၀၇၉၈၈)

'ဣတ္ထိယ မိန်းမတို့၏ ဥစ္စာခနကား အဆင်းတည်း''ဟု လောကနီတိဆရာများက အဆိုရှိပါတယ်။ အမျိုးသမီးတိုင်း ရွှင်လန်းကျန်းမာပြီး စိုပြည်လှပဖို့ဆိုရင် သွေးစ၊ သွေးလယ်၊ သွေးဆုံး အရွယ် (၃)ပါးလုံး ဓမ္မတာရာသီပန်း တစ်လ တစ်ကြိမ် မှန်မှန် ပွင့်လန်းဖို့လိုပါတယ်။

အမျိုးသမီးများအနေနှင့် ကိုယ်ဝန်ဆောင်စဉ်ကာလ၊ သားဖွားပြီးစ ကာလများမှလွဲ၍ လစဉ် ဓမ္မတာ မှန်မှန်လာဖို့ လိုပါတယ်။ မီးယပ်ထိမ် ငုပ်၊ ချုပ်၊ ကျန် ဖြစ်ခဲ့လျှင် အသားအရေ ညိုညစ်ညစ်နှင့် ယဉ်ဆိုသမျှ ပင်ကိုအလှများ ပျောက်ကွယ်တတ်ပါတယ်။

ဒါဆိုရင် မီးယပ်သွေးပေါ် ဆေးကောင်း တစ်လက် သုံးစွဲဖို့ လိုနေပြီ ဖြစ်ပါတယ်။ မီးယပ်သွေးပေါ်ဆေး အမျိုးမျိုးထဲက ဘယ်ဆေး အကောင်းဆုံးလဲလို့ မေးလာခဲ့ရင် အမျိုးသမီးများ မီးယပ်သွေးပေါ်ဆေးကို အမျိုးသမီးတိုင်းရင်းဆေးဆရာမ ဒေါ်တင်တင်အောင်(တဆ–၇၉၅၃)ကိုယ်တိုင် စီမံထုတ်လုပ်တဲ့ ဒေါ်တင်တင်အောင် အကိုက်အခဲပျောက် မီးယပ်သွေးပေါ်ဆေးဟာ အကောင်းဆုံးပဲလို့ ပြောလိုက်ပါရစေ။




ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၅၁/၀၅၁၃

တင်တင်အောင် အကိုက်အခဲပျောက် မီးယပ်သွေးပေါ်ဆေးဟာ ဘယ်လိုရောဂါ တွေအတွက် သုံးစွဲနိုင်သလဲဆိုရင် မီးယပ်မမှန် ထိမ်ကျန်၊ ငုပ်ခြင်း။ နည်းခြင်း။ အတုံးအခဲများ ဆင်းသက်ခြင်း။ ရာသီသွေးပေါ်ခါနီးနှင့် ဖြစ်ပေါ်ဆဲ အချိန်အခါများ တွင် ခါး၊ ရင်၊ ဆီးစပ် ကိုက်ခဲသူများ ဓမ္မတာမလာမီ (၃)ရက်ဆက်၍ တစ်နေ့ (၂)ကြိမ် သောက်နိုင်သလို ရာသီသွေးပေါ်ရမည့်ရက်ထက် တစ်ပတ် (သို့မဟုတ်) အရက်နဲ့ နှစ်ပတ် ကျော်လွန်နေပါက တစ်နေ့ (၂)ကြိမ် (၃)ရက် ဆက်သောက်နိုင်ပါတယ်။

သုံးပတ်၊ လေးပတ် ကျော်လွန်နေပါက တစ်နေ့ (၂)ကြိမ် (၃)ရက် ဆက်သောက် နိုင်ပါတယ်။ သုံးပတ်၊ လေးပတ် ကျော်လွန်နေပါက တစ်ခါသောက် ဆေး(၈)ပြား တစ်နေ့ (၃)ကြိမ် (၃)ရက် ဆက်ပြီး(ချင်း+ထန်းလျက်+ကွမ်းရွက်ပြုတ်ရည်) (သို့မဟုတ်) အရက်နဲ့ သောက်မယ်ဆိုရင် ဓမ္မတာပန်း ပွင့်လန်းလာပါလိမ့်မယ်။

သွေးမသန့်ခြင်း။ သွေးပုပ်ကျခြင်း။ မီးယပ်ကွက်များပေါ်ခြင်း။ အသားအရေ ညစ်ထေးမွဲခြောက်ခြ... နွမ်းခြင်း။ ကိုယ်ခန္ဓာနုံ့ပြင်းခြင်း ဖြစ်နေ... များ တစ်နေ့တစ်ကြိမ် ဆေး(၈)ပြ... ရေနွေးနဲ့သောက်ရင် အသားအ... စိုပြည်သန့်ရှင်းပြီး ကိုယ်ခန္ဓာရနုံ့ပြင်းခြ... ကင်းဝေးစေပါတယ်။

အိမ်ထောင်ရှင်အမျိုးသမီးများ သာ... သမီးဝေးလိုပါက ဓမ္မတာပေါ်မည့်ရ... မတိုင်မီ (၃)ရက်ကြိုတင်ပြီး တစ်... (၂)ကြိမ် (၃)ရက်ဆက် ရေနွေးနဲ့ သော... ပါ။ ဓမ္မတာပေါ်ပြီး နောက်တစ်ပတ်အ... တွင် တစ်နေ့ (၂)ကြိမ်၊ (၃)ရက်ဆ... ရေနွေးနဲ့သောက်ပါ။ ဓမ္မတာပေါ်... (၃)ရက်ဆက်သောက်လျှင် သားသမီး... ပြီး နုပျိုဖွံ့ဖြိုး အလှတိုးစေပါတ... မီးမကင်ဆေးအဖြစ် မီးတွင်းကာလ... (၁)ရက်ခြား ဆေးတစ်ခွက်နှုန်း (၃)... ပြည့်အောင် သောက်ပါ။ သွေးပုပ်၊ ချွေးပုပ်၊ အနိုးပုပ်များ ... စင်ပြီး တစ်သားမွေး တစ်သွေးလှစေပါတယ်။

အသက် (၄၀)ဝန်းကျင် ရောက်ရှိလာသူ အမျိုးသမီး... သွေးပေါ်ချည်တစ်ခါ၊ ငုပ်ချည်တစ်လှည့် သွေးကစားခြင်း ... လိုက်ပူလိုက်ဖြစ်ခြင်း။ အပူဓာတ်,အအေးဓာတ် မခံနိုင်ခြ... သွေးဆုံးရောဂါ ဖြစ်နေသူများ တစ်နေ့တစ်ကြိမ် မှီဝဲသုံးစွဲ... သွေးဆုံးမီးယပ်ရောဂါ ကင်းဝေးစေပါတယ်။

အမျိုးသမီးရောဂါမှန်သမျှ အမျိုးသမီးတိုင်းရင်းဆေးဆ... ဒေါ်တင်တင်အောင်နဲ့ ပွင့်ပွင့်လင်းလင်း တွေ့ဆုံဆွေးနွေ... ဆေးကုသမှုခံယူလိုက်မယ်ဆိုရင် အမျိုးသမီးရောဂါများသက်... ပျောက်ကင်းကာ အနာဂတ်ဘဝ သာယာစိုပြည်သွားမှာ...

**ဆရာမ ဒေါ်တင်တင်အောင်**
**ဟိတ်ဟးထက်အောင် ဆေးတိုက်**
အမှတ် (ဆ/၆၁)၊ ကရဝိက် (၁)လမ်း ဆရပ်ကွက်၊
(မြောက်ဥက္ကလာပဆေးရုံကြီးအနီး) မြောက်ဥက္ကလာပမြို့နယ်

**မေမြတ်နိုးဦး (ဝိဇ္ဇာ/သိပ္ပံ)**



www.burmeseclassic.com

www.burmeseclassic.com

# စစ်ကိုင်းတောင်ခွင် သမိုင်းဝင်စေတီများ

## ၏ အောင်မြေနှင့် ဂုဏ်ပူဇော်ဂါထာတော်များ (၁၇)

အောင်ရွှေမြတ်
(စစ်ကိုင်းတောင်)



• ပြန်လည် ပြုပြင်မွမ်းမံလျက်ရှိသော ရွှေမြင်မိစေတီတော်နှင့် ကျောက်စာတိုင်

ရွှေမြင်မိစေတီတော်လိုဏ်ဂူအတွင်းမှ ရုပ်ပွားတော်အား ဖူးမြော်ရပုံ •



### ရွှေမြင်မိ စေတီတော်

**နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

*[၃-ကြိမ်ရွတ်ပါ။]*

အလောင်းစည်သူ ဗုရာဇေန၊
မဟာပုညေန ကာဗိတံ၊
ရွှေမြင်မိ မဟာထူပံ၊
ယန္တံ ဝန္ဒာမိ ဝိသုတံ။

မြန်မာပြန်

**မဟာပုညေန၊** ဘုန်းကံကြီးမား ထွန်းကျော်ကြားသော၊ **အလောင်းစည်သူ ဗုရာဇေန၊** အလောင်းစည်သူ အမည်ရယူတော်မူသော အရိမဒ္ဒန ပုဂံပြည့်ရှင် မင်းဘုရင်သည်၊ **ဝိသုတံ၊** မြန်ပြည်တစ်ခွင် ဂုဏ်အင်ကျော်ကြားတော်မူသည့်၊ **ယံရွှေမြင်မိ မဟာထူပံ၊** အကြင် ရွှေမြင်မိ စေတီတော်မြတ်ကို၊ **မာပိတံ၊** ဗုဒ္ဓသာသနာ ခွန်နံ့ ရှည်ကြာအောင် တည်ထောင် အပ်ခဲ့လေပြီ၊ **တံ၊** ထိုရွှေမြင်မိစေတီတော်မြတ် အား။ **အဟံ၊** "......" ဟု နာမသမုတ် အကျွန်ုပ်သည်၊

**[မှတ်ချက်။ ။"......"နေရာတွင် ရွတ်ဆိုကန်တော့သူ၏အမည် ထည့်ပါ။]**

**ဝန္ဒာမိ၊** ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ဘုရား။

ဘုရားတည်နှစ်

သက္ကရာဇ် ၄၈၀ ပြည့်နှစ်။

ဘုရားဒါယကာ

သီရိတြိဘဝနာ ဒိတျာပဝရ ပဏ္ဍိတ သုဓမ္မရာဇာမဟာဓိပတိ နရပတိ စည်သူဘွဲ့မည် ခံယူတော်မူသော **အလောင်းစည်သူမင်း။**

တည်နေရာ

စစ်ကိုင်းမြောက်ဖျား ရွှေမြင်မိ တောင်ထိပ် ရေခါးကျေးရွာ။

ပွဲတော်ရက်

နှစ်စဉ် ဝါခေါင်လကွယ်နေ့။

အောင်မြေနေရာ

တံခွန်တိုင်၏ တောင်ဘက်။

အစောင့်အရှောက်

ရွှေမြင်မိဘိုးဘိုးကြီးနှင့် ရေခါးအင်းတော်မောင်နှမနတ်။

ထူးခြားချက်

အလောင်းစည်သူမင်းကြီး ဘုံကန်း





www.burmeseclassic.com

www.burmeseclassic.com

နက်ဖောင်တော်ဖြင့် လှည့်လည်ရာမှ အပြန်တွင် ရွှေမြင်တော် တောင်နှင့် ရွှေမြင်မိတောင် တည်ရှိရာ ရောဝတီ ဆိပ်ကမ်းတွင် ရပ်နားခိုက် တောင်စောင့်နတ်ကြီး၏ မေတ္တာရပ်ခံချက်ဖြင့် ရွှေမြင်တော်နှင့် ရွှေမြင်မိစေတီတော်များကို တည်ထားခဲ့ကြောင်း ဒေသရာဇဝင်ရှိခဲ့လေသည်။

ရွှေမြင်မိစေတီတော် သမိုင်းတေးထပ်အား ဉာဏ်ပင်သာဦးပုညက အောက်ပါအတိုင်း မှတ်တမ်းတင်ခဲ့လေသည်။

### ရွှေမြင်မိသမိုင်းတေးထပ်

နရပတိစည်သူ ဘုန်းရောင်မြူးလို့
မြေဝမ္ဘူဦး လှည့်လို့လာ
သင်္ကန်နက် ဖောင်စကြာရယ်
လိုတော်ရှိရာ ပြည့်နိုင်စွမ်း
ရှင်မြူရှင်လှ ညီနောင်နှစ်ဖြာ
သိကြားဆက်လာ ကိုးကွယ်စေဖို့ကမ်း
ရွှေမြင်မိနှင့် ရွှေမြင်တော်
ခြောက်သွယ်ရောင်တော် ဂုဏ်ရောင်လျှမ်း
ကြက်ထောင့်ကြက်အိပ် အုံ့မခမ်း
ဘုန်းတော်ဝေလျှမ်း ထူးမြတ်စွာ
ကြက်ယက် ကြက်ကျ ကြက်တောင်ထူး
ရွှေကြက်ငါးဦး ဂုဏ်ပေါင်းကျွန်ကွန့်ဖြာ
ခုဆိုသမျှ ထွင့်သကျရယ်
သက္ကရာဇ်-လေးရာရှစ်ဆယ်စွန်း၌
ပေါ်ထွန်းမူလ ဗုဒ္ဓရုပ်ပွားစည်
ထိုမင်းနရပတိ တည်
ဖောင်စကြာဖြင့်လှည့်လည် လည်သည်
မွန်ရှည်သာသနာ တည်ကြောင်းသာပုံလေး။

***(မူရင်း သတ်ပုံအတိုင်း)***

တောင်စောင့် နတ်ကြီးအားလည်း ရေခါးရွာဦးရှိ ရွှေမြင်မိတောင်တော်ခြေရင်းတွင် နတ်ကွန်းနှင့်တကွ ရွှေမြင်မိစေတီတော်ကြီးအား အစောင့်အရှောက်အဖြစ် ထားရှိခဲ့လေ၏။



◆ နတ်အလွန်ကြီးသော ရေခါးအင်းနှင့် ကန်ဦးစေတီ

◆ ရွှေမြင်မိစေတီအနီးမှ ထူးဆန်းသော မန်ကျည်းပင် အမြွာညီနောင်



တောင်စောင့်ဘိုးဘိုးကြီး၏ နတ်ကွန်းနှင့် မျက်နှာတူရူဖြစ်သော **"ရေခါးအင်း"**မှာ ရှေးအတိတ်ကာလမှ ယနေ့တိုင်အောင် နတ်မောင်နှမ စောင့်ရှောက်သောကြောင့် အထူးအလေးထားခံရသောအင်းကြီး ဖြစ်လေသည်။

ယခင်အခါက ရေခါးအင်းမောင်နှမအတွက် တပင်တိုင် နတ်ကွန်းကလေးများနှင့် တလေးတစား ပူဇော်ပသလေ့ရှိခဲ့လေရာ နတ်ရွာကလေးသဖွယ် ဖြစ်တည်နေလေ၏။ ရှေးဟောင်းနတ်ကွန်းကလေးများဖြစ်၍ အနုပညာမြောက်လှပါသည်။

ထိုရှေးဟောင်း တပင်တိုင်နတ်ကွန်းကလေးများမှာ ယခုအခါတွင် ကုသိုလ်ရှင်များ၏ ယုံကြည်လေးစားမှုဖြင့် နတ်ကွန်းကြီး ဆောက်လုပ်ပြီးစီးသွားသောကြောင့် ရွှေမြင်မိတောင်စောင့်ဘိုးဘိုးကြီးနှင့်တကွ ရေခါးအင်း မောင်တော်နှမတော်တို့အတွက် ခံ့ညားသော နတ်ကွန်းကြီး ဖြစ်သွားလေ၏။


ရေခါးအင်းမှာ ရှေးယခင်က အော





www.burmeseclassic.com

www.burmeseclassic.com





◆ ရွှေမြင်မိစေတီတော်

အောင်မြေနေရာဖြစ်သည့် တံခွန်တိုင်

◆ ရွှေမြင်မိစေတီတော်သမိုင်းကို

ဖော်ပြထားသော

ညောင်ပင်သာဦးပုည၏

တေးထပ်ကျောက်စာ

ရာဇဝင်အဖြစ်အပျက် အမျိုးမျိုးအား ဖြင့် အလွန်ကျော်ကြားသော အင်းကြီး ဖြစ်လေသည်။

စစ်ကိုင်းမြို့နယ်ဒေသအတွင်း တစ်စုံတစ်ရာ အဖြစ်အပျက်များ ပေါ်ပေါက်၍ မလာမီ အချိန်တွင် ဆိုးဝါးသော ရန်များဖြင့်လည်းကောင်း၊ ရေရိုးရေငွေများဖြင့် လည်းကောင်း နိမိတ်ထူးများ ပေါ်ထွက်လေ့ ရှိပါသည်။

ကမ္ဘာပေါ်တွင် ရှားပါးသော စိမ်းပြာရေညှိများကို ဤရေခါးအင်းနှင့် မုံရွာအနီးရှိ တွင်းတောင်တွင်သာ တွေ့ရှိနိုင်လေသည်။

ယခုအခါတွင် စိမ်းပြာရေညှိ ထုတ်



◆ ရှေးယခင်က ရှေးဟောင်း

နတ်ကွန်းကလေးများကို

လက်ထက် တွေ့မြင်ရပုံ



www.burmeseclassic.com

www.burmeseclassic.com



◆ ရွှေမြင်မိတောင်ခြေရှိ ရေညီအင်းစောင့် ရေညီမောင်ဆောင်တော်နှင့် နမတော်ပုံ

လုပ်ရေး စက်ရုံတည်ဆောက်၍ စိမ်းပြာရေညို အဓိကထားသော ဆေးဝါးများ၊ စားသောက်ဖွယ်ရာများ၊ အလှကုန်များ၊ အားဆေးများ ထုတ်လုပ်ရန်အတွက် ဆေးဝါးစက်ရုံ(စစ်ကိုင်း)ကြီး ဆောက်လုပ်လည်ပတ်လျက် ရှိလေ၏။

ရွှေမြင်မိတောင်တော်၏ အရှေ့ဘက်တွင် တောင်မြောက် သွယ်တန်းလျက်တည်ရှိသော ရွှေမြင်မိ နယ်နိမိတ်တောင်ကြော၏ အနီးတွင် ရေဝတီမြစ်ကြီး တည်ရှိလေ၏။

ရွှေမြင်မိတောင်၏ မြောက်ဘက်ဖျားမှာ ရွှေမြင်တော်စေတီ တည်ရှိရာ ရွှေမြင်တော် တောင်ကြီးကို လွမ်းမောဖွယ် ရှုမြင်နိုင်ကြလေသည်။

ရွှေမြင်မိတောင်တော်၏ တောင်ဘက်ရှိ တောင်ဖီလာတောင်တွင် တောင်ဖီလာ ဆရာတော်ကြီး၏ တောင်ဖီလာစေတီနှင့် အလွန်ကျော်ကြားလှသော ပတ္တမြားစေတီတော် တည်ရှိလေသည်။

တောင်တော်၏ထိပ်မှ အနောက်ဘက်သို့ ရှုကြည့်ပါက ရေခါးအင်းကြီးကို သာယာလှပစွာ တွေ့မြင်ခံစားနိုင်ကြလေ၏။ ဤသို့အားဖြင့် ရွှေမြင်မိစေတီတော်နှင့် ရွှေမြင်မိတောင်တော်သည် ဘူမိနက်သန်မှန်စွာ အလယ်ဗဟိုတွင် တည်ရှိလေ၏။

တောင်ဖီလာ ဆရာတော်ကြီး၏ လက်ထက်နှင့် ပရက္ကမညီနောင် ဆရာတော်ကြီးများ သက်ရှိထင်ရှား ရှိခဲ့စဉ်က ဘေးမဲ့တောအဖြစ် တည်ရှိခဲ့သော်လည်း သဘာဝရာသီဥတုနှင့် လူသားမျိုးနွယ် တိုးပွားခြင်းကြောင့် ချေသမင်၊ ယုန်၊ သင်းခွေချပ်နှင့် စပါးအုံးမြွေကြီးများမှာ အလွန် ရှားပါးနေလေပြီ။

ရေခါးအင်းရေ၏ အရသာမှာ အလွန်ထူးခြားစွာ ခါးသောကြောင့် ရေနေသတ္တဝါများ အလွန်နည်းပါး လေသည်။ ရေချိုငါးများ မနေနိုင်ကြပါ။

သို့ရာတွင် ယခုအခါ အကြောင်းအမျိုးမျိုးကြောင့် အခါးဓာတ် လျော့ပါး သွားသောကြောင့် ရေချိုငါးကလေးများ ရောက်ရှိနေကြလေ၏။ ထိုငါးများကို ဒေသခံ ရေခါးရွာသူရွာသားများသည် ဖမ်းယူခြင်း၊ စားသောက်ခြင်း လုံးဝမရှိကြပါ။

အခြား ရွာဝေးမှ လာရောက်ဖမ်းယူ နေကြလေ၏။

ရွှေမြင်မိ တောင်တော်ကြီးနှင့် သစ်တောသစ်ပင် လျှိုမြောင်များအား မှီခိုနေကြရသော တောကောင် ကျေးငှက်သာရကာများ၊ သွားသွား သတ္တဝါများနှင့် ရေနေသတ္တဝါများ

www.burmeseclassic.com



နတ်ကွန်းသစ်အတွင်းမှ ရွှေမြင်တင်ဘိုးဘိုးကြီး

စိတ်ချမ်းမြေ့စွာ အသက်ရှင်သန်နိုင်ရေး အတွက် ဆရာတော်ကြီးများ၊ ဂေါပက အဖွဲ့များနှင့် ဒေသခံကျေးရွာသားများ က အားစိုက် စောင့်ရှောက်လျက် ရွှေမြင်မိ သာသနာနယ်မြေအား ပြုစုလျက် ရှိကြလေသည်။

အလောင်းစည်သူမင်းကြီး အထက် အညာမှ ဖောင်တော်ဖြင့် စုန်ဆင်းလာ ခဲ့ရာ ရေဝတီမြစ်ကြီး၏ ဝဲယာတွင် **ရွှေမြင်တော်၊ ရွှေမြင်မိ၊ ရွှေကြက် ထောင့်၊ ရွှေကြက်အိပ်၊ ရွှေကြက် တောင်၊ ရွှေကြက်ယက်၊ ရွှေကြက် ကျနှင့် ရှင်ဖြူရှင်လှ စေတီတော်များ** အား ယနေ့တိုင် ထင်ရှားတည်ရှိလျက် ရှိပါသည်။

ရွှေကြက်ထောင့်၊ ရွှေကြက်အိပ်၊ ရွှေကြက်တောင်၊ ရွှေကြက်ယက်နှင့် ရွှေကြက်ကျ စေတီတော်ငါးဆူသည် ကား ဘုရားအလောင်း ကြက်မင်းဘဝ ဖြစ်စဉ်က လှည့်လည် နေထိုင်ကျက် စားခဲ့သော နေရာတော်များတွင် အလောင်းစည်သူမင်းကြီးမှ အမှတ် တရ တည်ထားကိုးကွယ်ခဲ့သည့် သမိုင်းဝင်စေတီများ ဖြစ်လေသည်။

ရွှေမြင်မိ စေတီတော်တွင် အခါအား လျော်စွာ ဂန္ဓာရီပုဂ္ဂိုလ်များ ရောက်ရှိ၍ အဓိဋ္ဌာန်ဝင်ခြင်း၊ မေတ္တာဘာဝနာ စီးဖြန်းခြင်း ပြုလုပ်လေ့ရှိရာ တစ်ခါ တစ်ရံ ရွှေမြင်မိရင်ပြင်တော်မှ ပြန်ဆင်း လိုခြင်း လုံးဝမရှိဘဲ ဖြစ်နေတတ်ခြင်း၊ မိမိအားထုတ်ဆဲ နေရာမှာသာ ပျော်မွေ့ နေခြင်းများ ကြုံရလေ့ ရှိလေ၏။

ယင်းသို့သော အခါများတွင် မေတ္တာ ပို့ခြင်း၊ အမျှဝေခြင်းများ အရပ်ရှစ် မျက်နှာသို့ ဖြန့်ဝေပြီးမှသာ ရွှေမြင်မိ စေတီမှာ အောင်မြင်စွာ အဓိဋ္ဌာန်ပြီး လေ့ ရှိပါသည်။

ရွှေမြင်မိဘိုးဘိုးကြီးနှင့် ရေခါးအင်း မောင်တော်၊ နှမတော်တို့က အထူး စောင့်ရှောက်ထားသော သာသနာ့နယ် မြေ ဖြစ်သောကြောင့် ဒေဝါစည်း ဖြစ် လေရာ ရွှေမြင်မိစေတီတော်မြတ်အား သုံးပါးသော သရဏဂုံနှင့် ငါးပါးသော သီလအားဖြင့် ပူဇော်၍ နတ်ကြီးများ အား အထူးမေတ္တာခြင်း၊ အမျှဝေခြင်း၊ သင့်လျော်ရာတို့ဖြင့် လှူဒါန်း၍ လိုအပ် ရာဆုကို တောင်းဆိုရနိုင်ကြလေသည်။

**အောင်ရွှေမြတ်**
**(စစ်ကိုင်းတောင်)**



www.burmeseclassic.com

www.burmeseclassic.com

# မဟာဘုတ်ချိန်ခွင်

## နှင့် ကျေးဇူးရှင် ဆရာတော်ကြီးများ



အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
ဘဒ္ဒန္တ အရိယဝံသထေရ်

ပျဉ်းမပင်ကျေးရွာ

အာယုဒီဃပျိုးဥယျာဉ်စာသင်တိုက်

ပဓာန နာယက ဆရာတော်

အဂ္ဂမဟာသဒ္ဓမ္မဇောတိက

ဘဒ္ဒန္တအရိယဝံသ မထေရ်အား

ဂါရဝ ပြုပူဇော်ခြင်း

ဆရာတော်သည် **၁၃၀၂ ခုနှစ်၊ နယုန်လပြည့်ကျော် (၁၀)ရက် တနင်္ဂနွေနေ့တွင်** ဖွားမြင်တော်မူရာ မဟာဘုတ်အရ ဝ,ကြွင်း မဟာဘုတ် ပိုင်ရှင် ဖြစ်ပါတယ်။ ပုတိဖွားလဲ ဖြစ်ပါတယ်။

* * *

| | | |
|---|---|---|
| | ၄ | |
| ၆ | ၂ | ၅ |
| ၃ | ၀ | ၁ |

**ဝ–ကြွင်း မဟာဘုတ်**

**သောကြာဂြိုဟ် (၆–ကြာ)သည်** အထွန်းဂြိုဟ်ဖြစ်တဲ့အတွက် ကောင်းကျိုးအပြုဆုံးသောဂြိုဟ် ဖြစ်ပါတယ်။ ဒါကြောင့်...

❖ ခရီးကောင်းများ သွားရခြင်း။
❖ စကားအရာ၌ အောင်မြင်ခြင်း။
❖ အာဝဇ္ဇန်းကောင်းခြင်း။
❖ အစားကောင်း အသောက်ကောင်းများ ရရှိခြင်း။
❖ လက်ဆောင်ပဏ္ဏာ လှူဖွယ်ဝတ္ထုများ ရရှိခြင်း။
❖ တရားဟော ကောင်းစေခြင်း။
❖ စိတ်ကောင်းနှလုံးဖြင့် ပြည့်စုံစေခြင်း။
❖ မွေးရာဒေသတွင် အကျိုးပြုနိုင်ခြင်း တို့ပါပဲ။

**ကြာသပတေးဂြိုဟ် (၅–တေး)သည် ရာဇအိမ်၌ ရပ်တည်နေတဲ့အတွက်...**

* ပညာရေးဆိုင်ရာလုပ်ငန်း အထူး အောင်မြင်မှုရခြင်း။
* မင်းအစိုးရ၏ ချီးမြှင့်သော ဘွဲ့တံဆိပ်များ အလှူခံရရှိခြင်း။
* ပရဟိတလုပ်ငန်းများ ဆောင်ရွက်ရခြင်း။
* လူမှုဝန်ထမ်းစိတ်ရှိခြင်း။
* ပညာအလှူကြီး ပေးရခြင်း။
* မိတ်ကောင်းဆွေကောင်း ခြွေရံပရိသတ်ကောင်းများ ရရှိခြင်း

တို့ ဖြစ်ပါမယ်။

သို့သော် ကြာသပတေး(၅–တေး)နှင့် တနင်္လာဂြိုဟ်(၂–လာ)တို့သည် ပက္ခမိတဲ့အတွက် (ခေမာ)ရန်စာတင် ကျစေပါတယ်။

ထို့ကြောင့်...

ပညာရေးဆိုင်ရာ ပရဟိတ၊ လူမှုရေးဆိုင်ရာလုပ်ငန်းများ၌ ငွေကြေး အခက်အခဲ ကြုံတွေ့ရတတ်ပါတယ်။

**အင်္ဂါဂြိုဟ်(၃–ဂါ)သည် မရဏအိမ်မှာ ရပ်တည်နေတဲ့အတွက်** ဆရာတော်ရဲ့ စိတ်ဓာတ်သည်...

○ ပျော့လျှင် ဖယောင်း မာလျှင် သံချောင်း ဆိုတဲ့ စိတ်ကို ပိုင်ဆိုင်ထားခြင်း။
○ ခိုင်မာပြတ်သားတဲ့စိတ် ရှိခြင်း။
○ ပြောရဲဆိုရဲတဲ့စိတ် ရှိခြင်းတို့ပါပဲ။

**ဒါ့ပြင် အင်္ဂါ စိုးမိုးထားသဖြင့်...**

* ဆေးမှား၊ အစာမှားခြင်း။
* အစွယ်ရှိသော သတ္တဝါကြောင့် ဥပဒ်ရောက်ရခြင်း။
* ထိခိုက်အနာရခြင်း။
* ခွဲစိတ်မှုများ ခံရတတ်ခြင်း။
* ကျောက်ကပ်ဝေဒနာ အစာအိမ်ဝေဒနာများ ဖြစ်ပေါ်တတ်ခြင်း။
* စက်ပစ္စည်းများနဲ့ အကျိုးမပေးခြင်း

စသည်တို့ပါပဲ။

**စနေဂြိုဟ်(ဝ–နေ)သည် ဘင်္ဂအိမ်၌ ရပ်တည်နေတဲ့အတွက်...**

○ ရပ်ဝေးဒေသများနှင့် အကျိုးမပေးခြင်း။
○ ဆင်းရဲဒုက္ခ ရောက်သူများကို ကူညီထောက်ပံ့ရခြင်း။
○ မိုရိုသူ ပေါ်များခြင်း။
○ အောက်လက်ငယ်သား တပည့်များ၏ အကျိုး မခံစားရခြင်း...

စသည်တို့ ဖြစ်စေပါမယ်။

တနင်္ဂနွေဂြိုဟ်(၁–နွေ)သည် ပုတိအိမ်၌ ရပ်တည်နေတဲ့အတွက် ထင်ရှားကျော်ကြားမှုကား ရှက်ပုန်းသီးပမာ ဖြစ်ရပါလိမ့်မယ်။

***အေးပါစေ၊ အောင်ပါစေ***

**သန့်ပညာ**



www.burmeseclassic.com

www.burmeseclassic.com

(ကြော်ငြာဆောင်းပါး)

# အသက်ကြီး အလုပ်မှ ဆီး,ဝမ်း မှန်စေလိုလျှင်

# ဆရာမြင့်ရဲ့ မြင့်မြန်မာ အကြောပြေ ဝမ်းမှန်ဆေးကို မှီဝဲပါ

ကျွန်မတို့လို မိန်းမသားတွေဟာ အမျိုးသားတွေ ထက် အနာရောဂါပိုပြီး ဖြစ်လေ့ဖြစ်ထရှိပါတယ်။ အမျိုးသမီးများ အနေနဲ့ အထူးအလေးပေး ဂရုတစိုက်ရှိတာကတော့ ဓမ္မတာ ခေါ် လစဉ် ၂၈ ရက်တစ်ကြိမ် ဆင်းသက်လာတဲ့ သွေးသား ကိုပါ။ အဲဒီသွေးသား ဓမ္မတာမမှန်ကန်ဖောက်ပြန်ခြင်း ကြောင့် ရောဂါပေါင်းမြောက်မြားစွာ ဖြစ်ပေါ်ခံစားရသလို သွေးသားမှန်ကန်နေရင်လည်း အသားအရေ စိုပြေဝင်းပ ကျန်းမာပြီး လှပတင့်တယ်လို့နေပြန်ပါတယ်ရှင်။

ယနေ့ခေတ်မှာ ခေတ်မီသော အမျိုးသမီးများအတွက် ပဋိသန္ဓေတားဆေးတွေ သုံးစွဲခြင်းကြောင့်လည်း ရောဂါတစ်ခု မဟုတ်တစ်ခု ဖြစ်ပေါ်ခံစားနေရတယ်လို့ သမားတော်ကြီး ဆရာမြင့်မှ ပြောပြခဲ့ဖူးပါတယ်။ အလွန်မှန်ကန်တဲ့ ကျန်း မာရေးပညာပေးစကားဖြစ်ပါတယ်။ ယင်းပဋိသန္ဓေတားဆေး များ သုံးစွဲခြင်းကြောင့် ၂၈ ရက် တစ်ကြိမ် သွေးဖွားရမည့် သကျော် နှစ်ကျော်တဲ့အထိ ဓမ္မတာသွေးဟာ ဖွားခြင်းဆင်း ခြင်းမဖြစ်ဘဲ ခန္ဓာကိုယ်တွင်း ခိုအောင်းနေတတ်ကြပါတယ်။

ဒီလို သွေးဟောင်းလည်း မဆင်း၊ သွေးသစ်လည်း ပေါ်၊ လနှစ်ကြာလာသော် ကျွန်မတို့လို အမျိုးသမီးများမှာ အသားအရေ မကြည်လင်တော့၊ ပွယောင်ယောင်နှင့် ညို ရောင်သန်းလာပြီး ဗိုက်ခေါက်ထူကာ ဝ,သထက် ဝ, လာ ကြပါတော့တယ်။ ခန္ဓာကိုယ် ဝ,လာတာနှင့်အမျှ ရောဂါ ဆိုတာလည်း ခုတစ်မျိုး၊ တော်ကြာတစ်မျိုးနဲ့ အမျိုးမျိုးဖြစ်လာ တော့တာပေါ့ရှင်။

ကြာတော့ လူလည်း အလှပျက်၊ အသားအရေလည်း မကြည်လင်၊ ဗိုက်ပူနံကား ငါးစီပူခါးလို ပုံကပျက်၊ ရောဂါက ထတ်တော့ စိတ်ပျက်ရတော့တာပေါ့။ ဒီလိုနဲ့ သင့်တော်မယ့် ဆေးကို ရှာမိပါတယ်။ ဒါနဲ့ပဲ သမားတော်ဆရာမြင့်ထံ ရောက်သွားပါတယ်။ ဆရာ့ကို ဖြစ်ပျက်ခံစားနေရတာတွေ ကို အကုန်ပြောပြဆွေးနွေးမိတော့ ဆရာက-

"မကေသီအောင်ရေ အခုခေတ်မှာတော့ အများစု သော အမျိုးသမီးတွေ ဖြစ်ပေါ်ခံစားတွေ့ကြုံနေရတဲ့ ဓာတ်မိရောဂါပေါ့ဗျာ" တဲ့လေ. .။

"ဆရာရယ် ဘယ်လိုကြောင့် ဒီလိုဖြစ်ရတာလည်း" ဆိုတော့ -

"မကေသီအောင်ရေ၊ မကေသီအောင် ပြောသလို ပဋိ သန္ဓေတားဆေးတွေကြောင့် ပါသလို နေ့စဉ် စားသောက်နေ ရတဲ့ အစားအသောက်တွေကြောင့်လည်း ပါပါတယ်။ ပြီး တော့ လူနေထိုင်မှုပုံစံ၊ နောက် ပတ်ဝန်းကျင်စတဲ့ အ ကြောင်းတွေကြောင့်လည်း ဒီလိုဖြစ်တတ်ပါတယ်"

"ကျွန်မတို့လို အိမ်ထောင်ရှင်အမျိုးသမီးများ အနေနဲ့ မကင်းနိုင်တဲ့ ပဋိသန္ဓေတားဆေးတွေကြောင့် လစဉ်ဓမ္မတာ မလာတာကနေစပြီး အမျိုးသမီးတွေ ဝ,လာတယ်၊ ရောဂါ တွေ ပိုထူပြောလာတယ်လို့ ခံစားရပါတယ် ဆရာ၊ အဲ့ဒါကို ဘယ်လိုကုသပြီး ဘယ်လိုဆေးမျိုးတွေ သုံးစွဲသင့်ပါလဲ ဆရာ" ဆိုတော့ -

"မကေသီအောင်မေးတဲ့ မေးခွန်းက ကောင်းပါတယ်။ အမျိုးသားတွေနဲ့ အမျိုးသမီးတွေရဲ့ စွန့်ထုတ်မစွည်းမလ ကွာခြားချက်က ဓမ္မတာသွေးသားပဲ ဖြစ်ပါတယ်။ ကျန်တာ ကတော့ ဆီး၊ ဝမ်း၊ လေ၊ ချွေး တွေဟာ အမျိုးသားရော အမျိုးသမီးပါ တူညီနေပါတယ်"

"ဟုတ်ကဲ့ ဆရာ"

"ဒီတော့ အမျိုးသမီးအနေနဲ့ အထူးသဖြင့် ပဋိ သန္ဓေ တားဆေးတွေ သုံးလို့ပဲဖြစ်ဖြစ် အစားအသောက် အနေအ ထိုင်တွေကြောင့်ပဲဖြစ်ဖြစ် ဓမ္မတာမမှန် ထိန်ကျန်ချုပ် ငုပ်နေ တာ ကြာလာတာနဲ့အမျှ ရောဂါတစ်ခု မဟုတ်တစ်ခုတော့ စွဲကပ်လာပါတယ်။ ဒီလိုအခါမျိုးမှာ တားဆေးတွေကြောင့် ဓမ္မတာမပေါ်တာကို ကုစားဖို့လိုပါမယ်"

"ဘယ်လိုများ ကုစားရမလဲဆရာ"

"စောစောက ဆရာပြောခဲ့သလိုပေါ့ လူသားတွေ အ နေနဲ့ နေ့စဉ်စွန့်ထုတ် ဖယ်ရှားပေးရမယ့် မလအဆိပ် ဓာတ် တွေရှိပါတယ်။ ဒါတွေကတော့ ဆီး၊ ဝမ်း၊ လေ၊ ချွေး ပြီးတော့ အမျိုးသမီးတွေလစဉ်စွန့်ပေးရတဲ့ သွေးသားဓမ္မတာပေါ့။ သွေးသားဓမ္မတာကတော့ တားဆေးတွေကြောင့် ဖြစ်ဖြစ်၊ အစားအသောက်ကြောင့်ဖြစ်ဖြစ် လစဉ်မပေါ်ဘူးဆိုရင် ကျန်တဲ့ ဆီး၊ ဝမ်း၊ လေ၊ချွေးတွေ မှန်နေဖို့လိုပါတယ်။ ဒီ မလလေးမျိုးထဲက ဆီးနဲ့ဝမ်းဟာ အဓိကဖြစ်ပါတယ်။ နေ့စဉ် ဆီး၊ ဝမ်း မှန်စေရန် ဂရုတစိုက် ပြုပြင်နေထိုင်ရပါ မယ်။ အဲဒီလိုတားဆေးသုံးသူတွေရော တားဆေးမသုံးသူတွေ



www.burmeseclassic.com

www.burmeseclassic.com

ပါ ဖြစ်လေ့ဖြစ်ထရှိတဲ့ ဗိုက်ပူခြင်း၊ ဗိုက်ခေါက်တွေထူလာခြင်း၊ အဆီတွေ ဝမ်းဗိုက်ပြင်မှာ စုလာခြင်း၊ အသားအရေ စိုပြည်မှု မရှိခြင်း၊ ကြည်လင်တောက်ပဝင်းလက်မှုမရှိခြင်း၊ နောက် ကြောတက်၊ ဇက်ကြောထိုးခြင်း၊ ခေါင်းမူး၊ ခေါင်းအုံ့ဖြစ်ခြင်း၊ ကိုယ်လက်များ လေးလံထိုင်းမှိုင်းခြင်း၊ ညောင်းညာကိုက်ခဲခြင်း၊ ပေါ့ပါးသွက်လက်မှု မရှိခြင်း၊ ဆီးချို သွေးတိုး အသည်းအဆီဖုံး၊ နှလုံးသွေးကြောကျဉ်း စတဲ့ ရောဂါများနဲ့ အမျိုးသမီးရောဂါများကို ဖြစ်ပေါ်လာစေပါတယ်။ ဒါကြောင့် ဆီး၊ ဝမ်း၊ သွေး၊ လေ၊ ချွေးတို့ကို မှန်မှန်စွန့်ထုတ်နိုင်စေရန် နေထိုင်စားသောက်ရပါမယ်။ အကယ်၍ ကျန်းမာပြီး စိုပြည်လှပ အချိုးအစားကျတဲ့ ခန္ဓာကိုယ်ကို ပိုင်ဆိုင်ချင်တယ်ဆိုရင်တော့ ဆီးနဲ့ဝမ်းကိုတော့ မှန်ကို မှန်နေအောင် ပြုပြင်နေထိုင်ရပါမယ် မကေသီအောင်"

"ဒါဆို တားဆေးတွေကြောင့် သွေးသားမပေါ်ရင် ဆီး၊ ဝမ်းမှန်အောင် ပြုပြင်ပေးရင် အဝလွန်ခြင်း၊ ဗိုက်ပူခြင်း၊ အသားအရေညစ်ထေခြင်း၊ အကြောတက်ညောင်းညာခြင်းများနဲ့အတူ အခြားသောရောဂါတွေပါ ဖြစ်ပွားမလာအောင် တားဆီးနိုင်တာပေါ့ နော်. . . ဆရာ"

"ဟုတ်ပါ့ဗျာ. . ."




"အဲဒါဆို ဘာဆေးသောက်မလဲ ဆရာ"

"ဆရာ့ဆီလာတော့လဲ ဟောဒီ **မြင့်မြန်မာ တောရှောက်သီး အကြောပြေဝမ်းမှန်ဆေး**ကိုပဲ ညွှန်ရမှာပဲဗျ"

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးက ဘာတွေကောင်းလဲဆရာ"

"ဘာတွေကောင်းလဲဆိုတော့ ဆီးချုပ်၊ ဝမ်းချုပ်၊ လေချုပ်ရောဂါတွေ၊ စမြင်းခဲခြင်း၊ ဇက်ကြောတက်၊ နောက်ကြောထိုးခြင်း၊ ခေါင်းအုံ့၊ခေါင်းကိုက်ဖြစ်ခြင်း၊ ကိုယ်လက်တွေ လေးလံညောင်းညာကိုက်ခဲခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း၊ ဒူ လာလိပ်ခေါင်းဖြစ်ခြင်း၊ အတွင်းလိပ်ဖြစ်၍ သွေးကျခြင်း၊ အပူ အပုပ်များခြင်း၊ ဆီးချုပ်၊ဆီးကျန် ဝမ်းချုပ်၊ဝမ်းကျန်ခြင်း၊ လေ ချုပ်ခြင်း၊ အသားအရေ ယားယံခြင်း၊ အသားအရေ ညစ်ထေ မွဲခြောက်ခြင်း၊ အဖုအပိန့်အကွက်များဖြစ်ပေါ်ခြင်း၊ သွေး မသန့်ခြင်း၊ ပါးစပ်နံခြင်း၊ ကိုယ်နံ့ပြင်းခြင်း၊ အပူခိုး၊ အပုပ်ခိုး များ အပေါ်ကို ဆောင်တက်ပြီး လည်ချောင်းနာခြင်း၊ မျက် ရည်ပူများကျခြင်း၊ လျှာ၊နှုတ်ခမ်း၊ အာခံတွင်းတွေမှာ အ နာတွေဖြစ်ခြင်း၊ သွေးတိုးသွေးတက်ဖြစ်ခြင်း၊ ဆီးပူ၊ ဆီးအောင့်၊ ဆီးဝါ၊ ဆီးနီ၊ ဆီးနည်းခြင်း၊ မျက်နှာမှာ တင်းတိပ်၊ ဝက်ခြံ မှည့်ခြောက်ထွက်ခြင်း၊ သွေးစာတ်ထဲနဲ့ ခန္ဓာကိုယ်ထဲမှာ မလို အပ်တဲ့ အဆီပို(မလ)တွေ ပွားများလာပြီး အဝလွန်ခြင်း၊ ဗိုက်ခေါက်ထူခြင်း စတဲ့ ရောဂါတွေအတွက်သုံးစွဲနိုင်ပြီး အ ကြောပြေကာ အပူအပုပ်များ ကင်းစင်လျက် ပိုလျှံနေသော အဆီပိုများကို ဖယ်ရှားပေးနိုင်ပြီး ဆီး၊ ဝမ်း၊ သွေး၊ လေ ညီညွတ်မှန်ကန်စေပြီး ကျန်းမာပေါ့ပါးလန်းဆန်း တက်ကြွ စေပါတယ်"

"ဟုတ်ကဲ့၊ ဘယ်လိုသုံးစွဲရမလဲ ဆရာ"

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးကို ညအိပ်ရာဝင် ရေအေးနဲ့ ဆေး ၅ ပြားကို အစာနဲ့ဝေးဝေးမှာ သုံးစွဲပေးခြင်း ဖြင့် အထက်ပါရောဂါတွေကို ပျောက်ကင်းသက်သာပြီး မ သေးရင်လည်း ကာကွယ်ပြီးသားဖြစ်စေပါတယ်" (**ဝမ်းနု ဆေးမဟုတ်၍ နေ့စဉ်မှန်မှန် သုံးစွဲနိုင်ပါသည်။ ဝမ်းချု တတ်သူများ ဆေး ၅ ပြားမှ ၇ ပြား အထိ သုံးစွဲနိုင်ပါသည်**)

"ဟုတ်ကဲ့ အခုလို ကျန်းမာရေးဗဟုသုတတွေရရှိအောင် ပြောပြလမ်းညွှန်ပေးတဲ့အပြင် သုံးစွဲရမယ့်ဆေးပါ ညွှန်ပြပေး တဲ့အတွက် ဆရာ့ကို အထူးပဲကျေးဇူးတင်ပါတယ် ဆရာ"

---

ပင်ရင်း - **စကြာမင်းဆေးတိုက်**

အမှတ် (၆၆)၊ (စ) ရပ်ကွက်၊ သုဓမ္မာလမ်း

မြောက်ဥက္ကလာပ၊ ဖုန်း - ၀၁၆၉၁၀၉၁၊ ၀၉၇၃၁

---



www.burmeseclassic.com

www.burmeseclassic.com

စဲလွန်းသာ

မြိုင်မြို့နယ်၊ ကွမ်းတောရွာ၊ မင်္ဂလာသီရိကျောင်းမှ

# ဆရာတော် အရှင်ပညာသိရိ

၏ မပုပ်သိုးသော ရုပ်ကလာပ်တော်နှင့် ဘဝပုံရိပ်များ (၂)



ဆရာတော် ဦးပညာသိရိရုပ်ပွာ

## ယခင်လမှ အဆက်

ထို့အပြင် ဦးစာရိတ္တအား **"စက်ရေတွင်း တစ်တွင်းတော့ ထပ်တူးရလိမ့်မယ်"**ဟု မိန့်တော်မူသည်။ ကျောင်းရှိ ရဟန်းသာမဏေအတွက် ရေလုံလောက်စွာ ရရှိ၍ ကွမ်းတောရွာအနောက်ဘက်တွင် စက်ရေတွင်းတစ်တွင်းရှိပြီးဖြစ်၍ ဆိုလိုရင်းကို မသိကြပေ။


၁၃၅၆ ခုနှစ်တွင် ဆရာတော်အား ဖူးမြော်ကြည်ညိုသူ ပရိသတ် များပြားစည်ကားလာကာ ချက်ပြုတ်ကျွေးမွေးရန် ရေအခက်အခဲ ကြုံရတော့သည်။

သို့ဖြင့် ၁၃၅၆ ခုနှစ်၊ ဝါခေါင်လတွင် ကွမ်းတောရွာနေ ဦးသန်း၊ ဒေါ်တင်မြိုင် မိသားစု လှူဒါန်းသော မြေနေရာ၌ ရွာနေဆိုင်ရာ အကြီးအကဲများ ဦးဆောင်၍ စက်ရေတစ်တွင်း ထပ်မံ တူးဖော်ပေးကြလေသည်။

ဆရာတော်သည် တောရကျောင်း၌ သီတင်းသုံးစဉ် သဘာဝအလျောက် ဖြစ်ပေါ်နေသော ရေကန်မှ ရေများကို ဆန်းလျှော်ဖြင့် သိုင်းချည်ထားသည့် ရေအိုးငယ်ဖြင့် ခပ်ကာ ကျေးငှက်တိရစ္ဆာန်များအား တစ်နေ့လျှင် သုံးကြိမ် ရေတိုက်တော်မူသည်။

သုံးနေရာခွဲ၍ ထားရှိရာ တိရစ္ဆာန်များက အဖွဲ့လိုက် သင့်မြတ်စွာ ရေသောက်ကြသည်။ တိစီဝရိက်ဓုတင်ဆောင်ကာ သင်္ကန်းကို ကိုယ်တိုင် လျှော်၍ သောက်သုံးရေများ ကိုယ်တိုင် ခပ်သည်။ အကူကပ္ပိယ၊ ကျောင်းသား သာမဏေ မထားရှိချေ။

www.burmeseclassic.com



◆ ရုပ်ကလာပ်မျက်နှာပိုင်း

သက်တော်(၈၀)နား နီးလာပြီဖြစ်၍ ကျန်းမာရေးအတွက် စိတ်ချရစေရန် ဦးစာရိတ္တနှင့် ဒါယကာတို့က အကူ ကပ်ပိုယထားရန် (သို့မဟုတ်) ရွာကျောင်း၌သာ သီတင်းသုံးရန် လျှောက်ထား ကြသောအခါ လက်ခံခြင်း မရှိဘဲ **"ကျန်းမာနေတုန်း ကြိုးစားရတယ်"**ဟုသာ ပြန်မိန့်လေသည်။

အထက်ပါအတိုင်း ထူးခြားစွာ မိန့်တော်မူပြီးနောက် ဖူးမြော်ကြည်ညိုသူ ပရိသတ် များလာသောအခါ ရွာကျောင်းနှင့် တောရကျောင်းတွင် တစ်လှည့်စီ သီတင်းသုံးတော်မူခဲ့သည်။

ထိုအပြောင်းအလဲကာလတွင် ဆရာတော် တရားထူးပေါက်မြောက်တော်မူပြီး ဖြစ်သည်ဟု တပည့်ဒါယကာများ ယုံကြည်ကြလေသည်။

ဆရာတော်သည် လာရောက်ဖူးမြော်သည့် ပရိသတ်ကို အယုတ်အလတ် အမြတ်မရွေး အချိန်အခါမရွေး ဖူးမြော်ခွင့်ပေးသည်။ ဒါယကာများက ဆရာတော သက်တော် ကြီးလှပြီဖြစ်၍ အချိန်သတ်မှတ်ကာ အဖူးအမြော်ခံပါရန် လျှောက်ထားကြသောအခါ...

'တို့ရွာက အလွယ်တကူ လာရောက်နိုင်တဲ့ နေရာ မဟုတ်ဘူး။ လူတွေမှာ "ဃရာဝါသာ ဗဟုကိစ္စော" ဆိုသလို အလုပ်ကိစ္စ များတယ်။ အချိန်နဲ့ အဖူးခံရင် သူတို့ ပြန်ချင်တဲ့ အချိန် ပြန်လို့ရမှာမဟုတ်ဘူး။ မပြန်ရရင် အလုပ်ပျက်ကြမယ်။

သူတို့တောင် အပင်ပန်းခံပြီး လာနိုင်သေးတာ။ တို့လဲ အပင်ပန်းခံနိုင်ရမှာပေါ့။ မင်းတို့လဲ ပင်ပန်းတယ်လို့ သဘောမထားကြနဲ့။ လာတဲ့ ပရိသတ်ကို မနက်ချိန် မနက်၊ ညနေချိန် ညနေ ရှိတာနဲ့ ကျွေးမွေးဧည့်ခံကြ။ စေတနာ သန့်သန့်၊ စားခန်းသောက်ခန်းသန့်သန့်နဲ့ ဝေယျာဝစ္စ ကုသိုလ်ယူကြွယ့်'

ဟူ၍ ခုံးမတော်မူသည်။

ယခင်ကာလက ဆရာတော်သည် သပိတ်၊ ဖွန်း၊ ခွက်မှအစ ကိုယ်တိုင် ဆေးကာ အသန့်အပြန့် ကြိုက်သည်။ ကပ်နေကျ ခဲဖွယ်ဘောဇဉ်ကိုသာလျှင် တစ်ပါးတည်း ဘုဉ်းပေးလေ့ရှိ၏။

ပရိသတ် များလာသောအခါတွင် ကား ထေရ်ကြီး၊ငယ်မဟူ၊ အာဂန္တုနှင့် ဖြစ်စေ၊ ကျောင်းရှိ သံဃာများနှင့် ဖြစ်စေ အတူတကွ အပ်ရာကပ်ရာကို ဘုဉ်းပေးသည်။

ယခင်ကအတိုင်း တစ်ပါးတည်း ဘုဉ်းပေးပါက ဆရာတော်ထံတွင် ဆွမ်းအလှူ့ပယ် ပြည့်စုံ၍ ကျန်သံဃာ တို့ ချို့တဲ့ပေမည်ဟု ငဲ့ညှာခြင်းဖြစ် သည်။

ဧည့်ခံစကားပြောခြင်း၊ တရား ဆွေးနွေးခြင်းတို့ကိုလည်း လူပုဂ္ဂိုလ် အယုတ်အလတ် အမြတ်မရွေး လက် ဆက်ဆံတော်မူသည်။ "ဘယ်





www.burmeseclassic.com

www.burmeseclassic.com

**တော်၏ နည်းနာဖြင့် ကျင့်ကြံအား ထုတ်ပါသလဲ**' ဟု မေးလျှောက်လျှင် စိတ်ရှည်ဝမ်းသာ ကျင့်စေလိုသော စေတနာဖြင့်... **"ပခုက္ကူ အရှေ့တိုက် ဆရာတော်ကြီး၏ ဓာတ်(၆)ပါး အမှတ်ရှုနည်း ကဲလမ်းကို ကျင့်ကြံ အားထုတ်ကြောင်း"** အချိန်ရ အလျှဉ်းသင့်သလို ရှင်းလင်း မိန့်ကြားတော်မူလေသည်။

## ဆရာတော့်ဗိမာန်သို့

မိုးသည်းထန်စွာ ရွာသွန်းနေသဖြင့် ကျောင်းတွင် မိုးခိုကာ ဆရာတော် ဦးစာရိတ္တ မှတ်မိသမျှ မိန့်ကြားတော်မူနေရာမှ နေမွန်းလွဲကာ အချိန်လင့်သာသောကြောင့် ကျောင်းမှ ထီးကြီးများ ထုတ်ပေးကာ ကိုရင်တစ်ပါးအား လိုက်ပါ ညွှန်ပြစေသည်။

ကိုရင်လေးက ကျောင်း၏ တောင်ဘက် မဝေးလှသော နေရာရှိ ဗိမာန်သို့ ဦးဆောင်ပြသပေးသည်။ မျက်နှာစာ၌—

အရှေ့ပဓါနသီဆရာတော်ကြီး<br>ဘဒ္ဒန္တ ပညာသိရီ၏<br>ရုပ်ကလာပ်စံကျောင်းတော်

ဟူသော ကမ္ပည်းကို ချိတ်ဆွဲထားသည်။

**ပျံလွန်ရန် (၃)နှစ်အလို ၁၃၅၇ ခုနှစ်တွင်** ဆရာတော်က ဒါယကာများကို...

'တို့လဲ ပျံတော်မူဖို့ နီးနေပြီ။ ကိုးကွယ်ထားချင်ရင် အရိုးကောင်းတုန်း ဘေးက ကြည့်လို့ မြင်ရတဲ့ ဂူတစ်လုံး ဆောက်ထားကြ။ ဘုန်းကြီးသေ ရွာကျေညတဲ့။ သေရင် ဘာမှ လုပ်မနေနဲ့။ အဲဒီဂူထဲ သွားထည့်ထားရင် ပြီးတော့တာပဲ'

ဟု မိန့်ကြားတော်မူသည်။

ထပ်ည့်ဒကာများက...

'ခန္ဓာဝန် စွန့်တော် မမူသေးဘဲ ဆိုင်းငံ့တော်မူပါ'

ဟု ဝိုင်းဝန်း လျှောက်ထားသော အခါ၌...

'သင်္ခါရသဘောတရားတို့မည်သည် မည်သူမျှ ကာလကြာမြင့်စွာ တည်တံ့နိုင်ခြင်း သဘောမရှိ'

ဟု မိန့်ကြား၏။

ထို့ကြောင့် ၁၃၅၈ ခုနှစ်တွင် ဂူဗိမာန်ကို စတင် ဆောက်လုပ်ကြရာ ဒါယကာများက အချိန်ဆွဲ၍ ဆောက်လုပ်ကြသဖြင့် လျင်မြန်စွာ အပြီးသတ်ရန် ဆရာတော်က လောဆော်သည် ဆိုလေသည်။

ဗိမာန်အတွင်း၌ မှန်များ ကာရံထားသော အခန်းရှိ၍ ထိုအခန်းတွင်း ပလ္လင်ပေါ်တွင် ရုပ်ကလာပ်တော်ကို မှန်ခေါင်းဖြင့် ပူဇော်ထားသည်။

၁၃၆၀ ပြည့်နှစ်တွင် ပျံလွန်သည် ဖြစ်ရာ (၁၅)နှစ်မျှ ကြာမြင့်ပေပြီ။ ရုပ်ကလာပ်မှာ ခြောက်သွေ့၍ ဆံပင်နှင့် ဦးခေါင်းရှိ အကြောများကို ထင်ရှားစွာ တွေ့ရသည်။

လေဝင်လေထွက် ရရှိစေရန် မှန်ခေါင်းကို အပေါက် ဖောက်ထားသော်လည်း မည်သည့် အနံ့အသက်မှ မရှိပေ။

## နောက်ဆုံးကာလ

၁၃၆၀ ပြည့်နှစ်၊ တပေါင်းလဆုတ် (၉)ရက်နေ့တွင် အရုဏ်ယာဂုဆွမ်း ဘုဉ်းပေးခြင်း မရှိကြောင်း သိရသဖြင့် ဦးစာရိတ္တနှင့် တပည့်ဒါယကာများ ဆရာဝန်ပင့်ရန် တိုင်ပင်ပြီး ဆရာတော်အား ဆေးကုသမှု ခံယူပါရန် လျှောက်ထားကြသည်။

'ဆရာဝန်မခေါ်နဲ့ မရတော့ဘူး။ အသက် (၈၀)ကျော်လို့ သက်တမ်းကုန်နေပြီ။ သူများကို ဒုက္ခမပေးကြနဲ့'

ဟု တားမြစ်သဖြင့် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့သို့ အသိပေးကာ စောင့်ကြည့်နေကြသည်။

ထိုမှတစ်ဆင့် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့က သိရှိသွားသဖြင့် ကျန်းမာရေးဝန်ထမ်းများခေါ်ကာ နေ့လယ်အချိန်ခန့်တွင် ကျောင်းသို့ ရောက်လာကြ၍ ကျန်းမာရေး စစ်ဆေးကြသည့်အခါ ထူထူထောင်ထောင်နှင့် အခြေအနေကောင်းနေသည်။

ထိုအဖွဲ့ ပြန်သွားသည့်အခါတွင်...

'နောက်ကို ဘယ်သူ့ကိုမှ ဒုက္ခမပေးကြနဲ့။ ဒီက နှစ်ရက်ထက် မပိုတော့ဘူး'

ဟု အတိအလင်း မိန့်ကြားတော်မူသည်။

နောက်တစ်နေ့တွင် ယာဂုဆွမ်းအား အနည်းငယ် ဘုဉ်းပေး၍ ဦးစာရိတ္တအား...

'မနက်ဖြန် မွန်းတည့် (၁၂)နာရီကျရင် ခုတင်ပေါ် ခြင်ထောင်ဆင်ထား။ အာဂန္တုတွေ လာ လိမ့်မယ်။ ရေနွေးပွဲ အဆင်သင့် လုပ်ထား'

ဟု မိန့်မှာတော်မူသည်။

ထို့နောက် မကြာမကြာ ပွားများဆင်ခြင်လေ့ရှိသည့် အောက်ပါ ပါဠိနှစ်ဂါထာကို အနက်ပါ ရွတ်ပွားသရဇ္ဈာယ်တော်မူသည်။


ယောစ ဝဿသတံ ဇီဝေ၊ အပဿံ အမတံ ပဒံ၊<br>ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော အမတံ ပဒံ၊

**ယောစ၊** အကြင်သူသည်ကား။ **အမတံ ပဒံ၊** သေခြင်းကင်းသော နိဗ္ဗာန်ကို။ **အပဿံ အပဿန္တော၊** မမြင်ဘဲ။ **ဝဿသတံ၊** အနှစ်တစ်ရာ ကာလပတ်လုံး။ **ဇီဝေ၊** အသက်ရှည် ငြားအံ့။ **တတော၊** ထိုနိဗ္ဗာန် မမြင်သူ အသက်တစ်ရာ ရှည်ခြင်းထက်၊ **အမတံ ပဒံ၊** သေခြင်းကင်းရာ နိဗ္ဗာန်



www.burmeseclassic.com

www.burmeseclassic.com



မှန်ခန်းစံကျောင်း

ကို။ **ပဿတော၊** မြင်သောသူ၏။ **ကောဟံ၊** တစ်ရက်မျှ။ **ဇီဝိတံ၊** အသက်ရှည်ခြင်းသည်။ **သေယျော၊** မြတ်၏။

ယမကံ နာမဋ္ဌ ဥဘော၊ အညောည နိဿိတာ။
ကောသို့ ဘိဇ္ဇမာနသို့ ဥဘော ဘိဇ္ဇန္တိ ပစ္စယာ။

**ယမကံ နာမဋ္ဌ ဥဘော၊** ရုပ်တရား နာမ်တရား နှစ်ပါးအစုံသည်။ **အညောည နိဿိတာ၊** အချင်းချင်း အမှီပြု၍ ဖြစ်ပေါ်ကြကုန်၏။ **ကောသို့ ဘိဇ္ဇမာနသို့၊** တစ်ခုသောရုပ်ဝတ္ထု တစ်ခုသောနာမ်သည် ချုပ်ပျက်ခဲ့သည်ရှိသော်။ **ဥဘောပစ္စယာ၊** နှစ်ပါးစုံသော ရုပ်နာမ်တရားတို့သည်။ **ဘိဇ္ဇန္တိ၊** ချုပ်ငြိမ်းကြကုန်၏။

တစ်နေ့တာလုံး ဤနှစ်ဂါထာ ပါဠိ အနက်ကို မကြာမကြာ ရွတ်ပွားနေတော်မူသည်။

## နောက်ဆုံးနေ့

နံနက်(၆)နာရီတွင် နွားနို့ယာဂုဆွမ်း အနည်းငယ် ဘုဉ်းပေးသည်။ (၁၁)နာရီတွင် နေ့ဘုဉ်းပေးခြင်း မရှိ။ အထက်ပါ နှစ်ဂါထာကို ရွတ်ပွားတော်မူသည်။ ဦးစာရိတ္တအား **"ကိုရင် ကျောင်းသားတွေ စာကျက်ကြပါစေ။ အားထုတ်ကြ"**ဟု မှာကြား၍ တရားမှတ်၏။ နေ့မွန်းလွဲ(၁)နာရီတွင် ဦးစာရိတ္တနှင့် တပည့်ဒါယကာတို့အား...

'မင်းတို့အားလုံး အပြင်ထွက်နေကြ၊ တံခါး ပိတ်ထားခဲ့၊ ကိုယ့်အလုပ်ကိုယ့်လုပ်ကြ'

ဟု နောက်ဆုံး ဩဝါဒပေးကာ ငြိမ်သက်စွာ ရှုမှတ်နေ၏။ (၁း၃၅) နာရီတွင် ထွက်သက်ဝင်သက် ရပ်စဲကာ ဘဝနတ်ထံ ပျံလွန်တော်မူသည်။

## ထူးခြားသောငှက်

အရောင်အသွေး စုံလင်လှပ၍ ဥညြ ငှက် အရွယ်ပမာဏခန့်ရှိသော ငှက်ကလေး တစ်ကောင်သည် ဆရာတော် မပျံလွန်မီ တစ်လခန့်အလိုတွင် ဆရာတော် သီတင်းသုံးရာကျောင်း၏ အဝင် ထုပ်တန်းပေါ်တွင် လာရောက်၍ ဆ[illegible] တော်ဘက် ခေါင်းပြုကာ အိပ်တန်း[illegible] ၏။

နေ့အခါ အနီးအနား၌သာ ပျံ[illegible] နားချည်ပြုသည်။ ဆရာတော် ပျံလွ[illegible] တော်မူသောနေ့မှစ၍ ရုပ်ကလာ[illegible] တော် ပူဇော်ထားရှိမည့် စံကျော[illegible] ဗိမာန်သို့ ပြောင်းရွှေ့ကာ ဦးခေါင်း[illegible] ထားရှိမည့် နေရာသို့ ခေါင်းပြုလျ[illegible] အိပ်တန်း ဝင်ပြန်သည်။

ရုပ်ကလာပ်တော်အား ဗိမာန်[illegible] ပြောင်းရွှေ့ပူဇော်ရာ ပရိသတ် [illegible] မပြတ်ရှိလေရာ ငှက်ကလေး[illegible] ပျောက်ခြင်းမလှ ပျောက်ကွယ်[illegible] လေသည်။

## တောရကျောင်းမှ မန်ကျည်း[illegible]

မန်ကျည်းကန်တောရတွင် [illegible] တော် သီတင်းသုံးသည့် တဲ[illegible] ခေါင်းရင်း၌ မန်ကျည်းပင်[illegible] တ[illegible] ရှိ၏။ ပျံတော်မူရန် တ[illegible]လအလို[illegible]



www.burmeseclassic.com

www.burmeseclassic.com




ဗိမာန်အတွင်း မြင်ရသော အုတ်ပလ္လင်နှင့် မှန်ဆင်း

ထိုမန်ကျည်းပင်၏ အလယ်ဗဟို အကိုင်းသည်အရွက်များညှိုးရော်ကြွေကျကုန်သည်။ ကြွေကျနေသော ရွက်ဝါများကိုကြည့်လျက် ဆရာတော်က…

'မန်ကျည်းပင်ကြီးလဲ သေပြီ ငါလဲ သေရတော့မယ်။ သေရမှာကို ကြောက်စရာ မလို' ဟု သံဝေဂဉာဏ်တင်ကာ မိန့်ကြားတော်မူသည်။

မန်ကျည်းပင်ကြီးသည် တစ်နေ့တခြား ညှိုးရော်ခြောက်သွေ့သွားသော်လည်း ဆရာတော် ရုပ်ကလာပ်ကို ဗိမာန်တွင် ပူဇော်ထားသော အချိန်မှစတင်ကာ ရွက်နုများ ပြန်ထွက်လာ၍ ယခုအခါ စိမ်းစိုဝေဆာလျက်ရှိကြောင်း သိရသည်။

မန်ကျည်းကန်တောရသို့ သွားကာ တဲကျောင်းနှင့် ထိုမန်ကျည်းပင်တို့ကို မှတ်တမ်းပြုလိုသဖြင့် စုံစမ်းကြည့်ရာ ရက်ဆက် ရွာသွန်းသောမိုးနှင့် ဆည်များမှ ရေပိုလွှဲ ဖောက်ချမှုကြောင့် တောရသို့ သွားရာလမ်းတွင် ရေကြီးရေလျှံကာ အသွားအလာ မပြုနိုင်၊ ပြတ်တောက်နေသည်မှာ (၇)ရက်ရှိပြီဖြစ်ကြောင်း ပြောပြကြလေသည်။

သို့ဖြစ်၍ ဆရာတော်၏ ထေရုပ္ပတ္တိမော်ကွန်းတွင် ပါရှိသော တဲကျောင်းပုံကို ထပ်ဆင့် ရိုက်ကူးတင်ပြရပေသည်။

## ဆရာတော်၏ ထေရုပ္ပတ္တိအကျဉ်း

ဆရာတော်လောင်းလျာကို ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ ကွမ်းတော်ရွာနေ ဦးဘိုးလှိုင်၊ ဒေါ်စောတို့မှ ၁၂၇၆ ခုနှစ်၊ တန်ခူးလဆန်း(၇)ရက်၊ ကြာသပတေးနေ့နံနက် (၇)နာရီအချိန်တွင် မွေးဖွားခဲ့သည်။ ငယ်မည် **"မောင်ဖိုးဆိုး"** ဟုတွင်သည်။

(၇)နှစ်အရွယ်တွင် မင်္ဂလာသီရိကျောင်း၌ စာပေသင်ယူကာ (၁၃)နှစ်အရွယ်တွင် ဆရာတော် ဦးသီလာစာရထံ ရှင်သာမဏေပြုသည်။ ရှင်ပညာသီရိ ဘွဲ့မည်တွင်သည်။

မြိုင်မြို့နယ်၊ ညောင်အုပ်ဖောင်းကွဲရွာ သိမ်ကုန်းကျောင်း၊ မန္တလေးမစိုးရိမ်တိုက်၊ ဂန္ဓနယူပဒေသကျောင်းတို့တွင် စာဝါသင်ယူခဲ့သည်။ ၁၂၉၆ ခုနှစ်တွင် မင်္ဂလာသီရိကျောင်း ခဏ္ဍသိမ်တွင် ဆရာတော် ဦးကဝိန္ဒာစာရအား ဥပဇ္ဈာယ်ပြုကာ ရဟန်းဘောင်သို့ ရောက်ရှိသည်။

ရဟန်းဖြစ်ပြီးနောက် စဉ့်ကူးမြို့ ဦးချိန်ကျောင်းတိုက်၊ ပခုက္ကူမြို့ မဟာဝိဇယာရာမ(အရှေ့)တိုက်၊ ရေစကြိုမြို့နယ် အောက်အိုရွာ အနောက်ကျောင်းတို့တွင် ပရိယတ္တိစာဝါများ ပြည့်စုံအောင် သင်ယူခဲ့သည်။

**ရွှေလ ဆက်ဖတ်ပါရန်**

**စံထွန်းသာ**



www.burmeseclassic.com

www.burmeseclassic.com



၁၉၉၆ ခုနှစ်၊ မတ်လတွင် ထုတ်သော **နက္ခတ္တရောင်ခြည်မဂ္ဂဇင်း။** အမှတ်(၁၁၆)တွင် ဆောင်းပါးရှင် မောင်ရွှေစိမ်း(ဒုဌဝတီ)၏ **"ဆေးလေးပါးနှင့် သွပ်လုပ်ရတ်"** ဆောင်းပါးကို ဖတ်ရှုရပါသဖြင့် ကျွန်တော်နှင့်တကွ အဂ္ဂိရတ်လုပ်ရတ် ဝါသနာရှင်များက ပါ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ဆောင်းပါးရှင်အား အထူး ကျေးဇူးတင်ရှိပါသည်။


ဆရာ မောင်ရွှေစိမ်း(ဒုဌဝတီ)၏ ဆောင်းပါးတွင် ဖော်ပြထားသော **ဘော်၊ ကြွပ်၊ သွပ်၊ ပြဒါး ပြာဖုတ်သည့်လမ်းတွင်** လင်္ကာကိုသာ ဖော်ပြထားပြီး လုပ်ထုံးလုပ်နည်းကို ဖော်ပြရေးသားထားသည်ကို မတွေ့ရှိပါ။

သို့ဖြစ်ပါ၍ ကျွန်တော် လေ့လာသိရှိထားသော ပြာဖုတ်လုပ်သည့်နည်းလမ်းကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာဖတ်ပရိသတ်နှင့် လုပ်ရတ်ဝါသနာရှင်များ သိရှိနိုင်ရန် ဖော်ပြအပ်ပါသည်။

ကျွန်တော်သည် ၁၉၃၃/၃၄ ပြည့်နှစ်ခန့်က ပန်းတနော်မြို့ ဘိတ်(မြိတ်)ကျောင်းတွင် သီတင်းသုံးသော သက်တော်(၈၀)ခန့်ရှိ **ဦးပဥ္စင်းကြီး ဦးဉာဏိန္ဒ** ထိုဓာတ်ပြာဖုတ်သည်ကို တွေ့ခဲ့ဖူးပါသည်။

ဦးပဥ္စင်းကြီး ဖုတ်သော ဓာတ်မှာ စာဆိုလင်္ကာနှင့်အညီ အဖြူရောင် (ဘော်သင့်ထုံးအလား) မဖြစ်ဘဲ အပြင်မှ မံထားသော ဆေး၊ ဒြဗ္ဗများ ဝင်သဖြင့် အပြာရောင် ဖြစ်နေသည်ကို တွေ့ခဲ့ရပါသည်။

ကျွန်တော်သည် ဓာတ်လမ်းကို ငယ်စဉ်ကပင် ဝါသနာပါခဲ့သည့် အလျောက် မပြတ်လေ့လာခဲ့ရာ ရန်ကုန်မြို့သို့ ရောက်ရှိပြီး ၁၉၆၅



ဆေးလေးပါးနှင့်

# သွပ်လုပ်ရတ်

ရွှေရိုး(ပညာ) ပန်းတနော်

ခုနှစ်ခန့်က **ပုဇွန်တောင် ရေကျော်ရှိ တိုင်းရင်းဆေးခန်းမှ ဆေးခန်းမှူးကြီး ဆရာကြီးဆရာဘော်(ကွယ်လွန်)နှင့်** တွေ့ဆုံ ဆည်းကပ်သည့်အခါမှ ယင်းဓာတ်လမ်း အပြည့်အစုံကို ရရှိခဲ့ခြင်း ဖြစ်ပါသည်။

ယင်းသို့ ရရှိသော ဓာတ်ပြာဖုတ် လုပ်သည့် နည်းလမ်းကို ကျွန်တော်ကဲ့သို့ ဓာတ်ဝါသနာရှင် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာဖတ်သူများ လေ့လာ လုပ်ဆောင်နိုင်ရန်အတွက် မေတ္တာ ရှေ့ထား၍ အပြည့်အစုံ မချန်မချွင်း တင်ပြအပ်ပါသည်။

**ဓာတ်လမ်းလင်္ကာ**

**၁။ အသက်ရာကျော် ရှည်လိုသော ဘော် ကြွပ် သွပ် ပြဒါး။**
**၂။ သမညီစွာ ပြုပြီးခါ မံပါ ဆေး ခြောက်ပါး။**
**၃။ ဆေးဆန်း၊ ဒုဗ္ဗာ၊ ထက်သား၊ ထင်ပြား၊ ယမ်းစိမ်း၊ ဆော။**
**၄။ ခွဲနှမ်တင်းနှင့် ဖုတ်သမြင့် ဘော် သင့်ထုံးအလား။**
**၅။ ထုံးတန်းမတ်မှာ တစ်ပိဿာ သကာများနှင့်တာ။**
**၆။ လေးဆင့်ချပြောက်ပြာ ဓာတုရာ လိုရာ ကြံတိုင်းသွား။**
**၇။ အဆင်းရုပ်ဝါ ရွှေကာ ဖေါ်နတ်အလား။**
**၈။ ငါးဆီးဆောင်ပြောင်း အားကိုဆောင် လူ့ဘောင်ကိုကျော် ထင်ရှား။**
**၉။ တစ်ဆယ့်နှစ်ကြိမ် ဆင့်ကာနှိမ် ပြာရှိန်ကွယ်ရှိလား။**

**လုပ်ထုံးမှာ...**

ဘော်ကောင်းကောင်း တစ်ကျပ်သားကို ကြွပ်ကောင်းကောင်း တစ်ကျပ်သား(ဘော်နှင်း ကြွပ်ရလျှင် ပိုကောင်းသည်)နှင့်တွဲပါ။ **ဘော်နှင့် ကြွပ်ကို ဆတူ လုံတွင်ထည့်၍ လုံပိတ် နာရီဝက်ခန့် ထိုးပြီး အအေးခံခွဲပါ။ ဘော်နှင့် ကြွပ် ကောလီ ဖြစ်နေမည်။**

သွပ်သန့်သန့် တစ်ကျပ်သားကို လုံတွင်ထည့်၍ အရည်ကျိုပါ။ သွပ်အရည် ပျော်လျှင် သဲခွက်ထဲသို့ ချထားပါ။ သတင်းစာ စက္ကူစဖြင့် သွပ်ကို တို့ကြည့်၍ မီးမတောက်လျှင် ပြဒါးသန့်သန့်တစ်ကျပ်သားကို မီးအပူပေးပြီး လုံနှုတ်ခမ်းမှ ကပ်၍ သွပ်ထဲသို့ လောင်းထည့်လိုက်ပါ။ (သွပ်+ပြဒါးတွဲ)

အေးသွားလျှင် အထက်က တွဲထားသော ဘော်ကြွပ်နှင့် သွပ်ပြဒါးတွဲကို သံဆုံတွင် ရောထည့်ထောင်းပြီး ဝိတ်ပါးနှင့်ချပါ။(စစ်ပါ)

ဓာတ်လေးပါးတွဲပြီး အမှုန့်နုနု လေးကျပ်သားရမည်။ (ဤအဆင့်သည် **ဘော်ကြွပ် သွပ် ပြဒါး သမညီစွာ ပြုပြီးခါ**)လင်္ကာအရ လုပ်ထုံးဖြစ်သည်။

လင်္ကာအရ သမညီစွာ ပြုပြီးခါ ပြီးတဲ့နောက် **မံပါ ဆေးခြောက်ပါး** လုပ်ထုံးကို ဆက်ရလျှင် အထက်က ဘော်ကြွပ်သွပ်ပြဒါး အမှုန့်လေးကျပ်သားကို ပိတ်စပါးပါးဖြင့် ကျစ်ကျစ်ပါ ရမည်။ **(ပိတ်စပါးပါး ဆိုသည်မှာ**



www.burmeseclassic.com

www.burmeseclassic.com

**ဒေ့မွှာရှန်သားကဲ့သို့ ပိတ်စ၊ အဝတ်စများ ဖြစ်ပါသည်။ ဆရာကြီး ဆရာသော် အဆိုအရ ခါသာပိတ်နှင့် ထုတ်ရမည် ဖြစ်ပါသည်။ နိုင်လွန်ပိတ် မရပါ။)**

ဓာတ်မှုန့်များကို ပိတ်စနှင့် ထုပ်ပြီးနောက် အထုပ်မပြေစေရန် အပ်ချည်ဖြင့် ပတ်ရမည်။ ယင်းသို့ ဓာတ်ကို ထုတ်ပြီးပါက ပထမဆေးဒန်း(ကျောက်ဆေးဒန်း)နှစ်ကျပ်သားကို ရေနှင့် ပျစ်ပျစ်သွေး၍ ဓာတ်အထုပ်ကို နှံ့အောင် အကုန်သုတ်လိမ်းပြီး အခြောက်လှန်းရမည်။

ခြောက်လျှင် ယင်းအပေါ်က ဒုတ္တာကို သွေး၍ သုတ်လိမ်းပြီး အခြောက်လှန်းရမည်။ ယင်းတို့ ခြောက်လျှင် ကျန်သော ဖဝက်သား၊ ဆပ်ပြာ၊ ယမ်းစိမ်းနှင့် ဆားတို့ကို ရောနှော ပေါင်းကြိတ်ပြီး ဓာတ်အထုပ်အပေါ်က လုံခြုံအောင် မံရမည်။ **(ဤတွင် မံပါ ဆေးခြောက်ပါး လက်ာအရ လုပ်ထုံးဖြစ်ပါသည်။)**

မံပါ ဆေးခြောက်ပါး လက်ာအရ ဆေးခြောက်ပါးနှင့် ဓာတ်ကို မံပြီးသည့်နောက် **ဖွဲနှစ်တင်းနှင့် ဖုတ်သဖြင့်** ဘော်သင့်ထုံးအလား လက်ာအရ လုပ်ထုံးကို ဆက်လက် တင်ပြလိုက်ပါသည်။

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ဓာတ်လေးပါးကို ဆေးခြောက်ပါးနှင့် မံ၍ ခြောက်သွေ့သည့်အခါ ယင်းဓာတ်နှင့် ဆံ့မည့် ကန်စွန်းပွင့်လုံတွင် ထည့်၍ မြေသရွတ် ဖော်ကောင်းကောင်းမံ အခြောက်လှန်းပါ။ ခြောက်လျှင် ဖွဲနှစ်တင်းနှင့် ကျင်းချ၍ ဖုတ်ရပါမည်။

မြေကျင်းတူး၍ ကျင်းထဲတွင် ဖွဲတစ်တင်းကို ထေမထည့်၍ မီးတို့ပါ။ မီးစွဲ၍ ဖွဲခေါင်းမြုလာလျှင် ဖော်မံထားသော လုံကို ထည့်၍ အထက်က ဖွဲတစ်တင်း လောင်းလိုက်ရမည်။

ဖွဲမီးအေးမှ လုံကို ဖော်ယူပါ။ မံထားသည့် ဖော်မြေနှင့် ဆေးများကို ဖြည်းညင်းစွာ ခွာယူလိုက်ပါက အထဲတွင် ထုံးကျနေသော ဓာတ်လေးပါး ပြာတုံးများကို ရမည်ဖြစ်ပါသည်။ **(ဖွဲနှစ်တင်းနှင့် ဖုတ်သဖြင့် ဘော်သင့်ထုံးအလား)** လုပ်ထုံးပြီး၏။

လက်ာအရဆိုလျှင် ရသည့် ထုံးပြာကို **"ထုံးတစ်မတ်မှာ တစ်ပိဿာ သကာပျားနှင့် စား"**ဆိုသည့်အတိုင်း ပြာတစ်မတ်သားကို ပျားရည် တစ်ပိဿာတွင် ဖျော်၍ စားရုံပင် ဖြစ်ပါသည်။

ဆရာသော်ကြီး၏ ညွှန်ကြားချက်နည်းအတိုင်း တင်ပြရမည်ဆိုလျှင် ပြာကို ရှေ့သို့ လမ်းစဉ်အတိုင်း (၁၂)ဆင့်အထိ တက်ရမည် ဖြစ်ပါသည်။

**တက်လမ်းမှာ** ပထမ ဖွဲနှစ်တင်းနှင့် ဖုတ်ပြီး ရသည့်ပြာထဲမှ လေးပဲသားကို နုတ်ယူ၍ နံပါတ်(၁)ဟု ရေးမှတ်ထားရပါမည်။ ယင်းကို သီးခြားဖယ်ထားပါ။

လျော့သွားသည့် လေးပဲ(တစ်မတ်)သားအတွက် ပြဒါးသန့်သန့် တစ်မတ်သား ထပ်သွင်းပြီး အထက်ကအတိုင်း ဆေးခြောက်ပါးမံ၍ ဖွဲနှစ်တင်းဖြင့် ဆက်လက် ဖုတ်ရပါမည်။ ရသည့် **ထုံးပြာမှ** လေးပဲ(တစ်မတ်သား)နုတ်၍ နံပါတ်(၂)ဟု ရေးမှတ်ထားပြီး ဖယ်ထားပါ။

ယင်း လျော့သွားသည့် လေးပဲ(တစ်မတ်သား)အတွက် ပြဒါးသန့်သန့် လေးပဲ(တစ်မတ်သား) ထပ်သွင်းပြီး ဆေးခြောက်ပါးမံ၍ ဖွဲနှစ်တင်းဖြင့် ဆက်လက်ဖုတ်ပါ။ ရသည့် ထုံးပြာမှ လေးပဲ(တစ်မတ်သား)နုတ်၍ နံပါတ်(၃)ဟု ရေးမှတ်ထားပါ။

ဤနည်းအတိုင်း (၁၂)ဆင့်အထိ ဖုတ်ရမည် ဖြစ်ပါသည်။ ရသည့်ပြာကိုလည်း (၁) မှ (၁၂)အထိ အစဉ်အတိုင်း နံပါတ်ဖြင့် မမှားအောင် ရေးမှတ်ထားရမည် ဖြစ်ပါသည်။

---

## ပြာစားသုံးရန်နည်း

---

**လေးဆင့်မြောက်ပြာ စတုရာချိစ္စာ ပျားနှင့်စား။**

ပြာကို စားသုံးသည့်အခါတွင် အထက်တွင် ဖော်ပြခဲ့သည့် နံပါတ်စဉ်အတိုင်း စားသုံးရမည် ဖြစ်ပါသည်။ ပထမ**နံပါတ်(၁)**ဟု မှတ်ထားသော ပြာလေးပဲသားကို ပျားရည်တစ်ပိဿာတွင် ဖျော်၍ ကော်ဖီဇွန်းငယ်ဖြင့် တစ်နေ့ တစ်ဇွန်း သောက်ရမည် ဖြစ်ပါသည်။

နံပါတ်စဉ်အတိုင်း(၁)ပြီးလျှင် (၂)၊ (၃)၊(၄)ကို ဆက်သောက်ရမည်။ ၁၊ ၂၊ ၃ မစားဘဲ (၄)ဆင့်ပြာ မစားရ။ **အသက်အန္တရာယ် ရှိတတ်သည်။ တစ်ဆယ့်နှစ်ကြိမ် ဆင့်ကာနှိမ် ပြာရှိန် ကွမ်းရိုးလား။**

အထက်တွင် ဖော်ပြခဲ့သည့် လုပ်ထုံးအတိုင်း ပြာကို (၁၂)ကြိမ်အထိ ဆက်လက်ဖုတ်နိုင်ပါက ပြာသည် ကွမ်းရိုးတစ်တို့ဖြင့် ကိစ္စပြီးနိုင်သည်ဟု ဆရာကြီး အမိန့်ရှိပါသည်။ မှန်ကန်သော ဓာတ်စခန်း တက်လှမ်းနိုင်ကြပါစေ။

**ထုံးပြာစီရင်ရည်းကို စနစ်တကျ သင်ကြားပေးခဲ့သော ထောင်းမှူးကြီး (ကွယ်လွန်သူ)ဆရာကြီးဆရာသော်အား ဦးညွှတ်လျက်...**

**ရွှေအိုး–ပညာ(*ပန်းတနော်*)**



www.burmeseclassic.com

www.burmeseclassic.com


မှတ်ပုံတင် - ၁၁၁၄ y ၁၁၈၇၃၆ လိုင်စင် ၇၂၀၁၁၊ တဆဆလတိုး (၁၃၁၂)

နှလုံးရောဂါ ကင်းဝေးအောင်

# မုံရွာဆရာမိုး

အမှတ်တံဆိပ်

# အမောလုံ နှလုံးအားဆေးကိုဆောင်

" ဆရာကိုယည်တင့်နဲ့ တွေ့ချင်နေတာ အတော်ပဲ။ ခုတလော အသက်ရှူကျပ်ပြီး မောတယ်ဗျာ။ ညဘက်လည်း အိပ်မပျော်ဘူး။ တစ်ခါတစ်ရံ နှလုံးနေရာက အောင့်တယ်။ ကိုယည်တင့်က တိုင်းရင်းဆေး သုတေသီဆိုတော့ ကျွန်တော့်ရဲ့ ဝေဒနာကို ဆန်းစစ်ပါဦး "

" ကိုချစ်ဆွေ ခံစားနေရတာ နှလုံးရောဂါပါ။ နှလုံးရောဂါဟာ ကံ၊ စိတ်၊ ဥ တု၊ အာဟာရဆိုတဲ့ သမုဋ္ဌာန်လေးပါး ညီညွတ်မျှတအောင် နေထိုင်စားသောက်မှုမရှိတဲ့ အတွက် ဖြစ်ရတဲ့ရောဂါပါ။ အထူးသဖြင့် စိတ်ကြောင့် ဖြစ်ရတာများပါတယ်။ လောဘ၊ ဒေါသ၊ မောဟ လွန်ကဲတဲ့သူတွေ ပရိဒေဝမီးတောက်လောင်ပြီး၊ နှလုံးအိမ်ကို လောင်မြိုက်တဲ့အတွက် နှလုံးရောဂါဖြစ်စေတာပါ "




" နှလုံးရောဂါဟာ စိတ်ကြောင့်ဖြစ်ရတယ်ဆိုတာ လက်ခံပါတယ်။ ဆက်ပြောပါဦး "

" နှလုံးဟာ မွေးဖွားသည်မှ အသက်ရှင်နေသမျှကာလပတ်လုံး နေ့၊ ညမပြတ် အလုပ်လုပ်ရတဲ့ ခန္ဓာကိုယ်တွင်းက သက်စောင့်စက်ယန္တရားတစ်ခုပါ။ နှလုံးရောဂါ ခံစားနေရတာမသိဘဲ သန္နိပါတ်နှလုံးရောဂါဖြစ်လာပြီဆိုရင် ညဘက် အိပ်မပျော်ခြင်း၊ မူးခြင်း၊ မောခြင်း၊ အစားအသောက်ပျက်ခြင်း၊ ပူခြင်း၊ အသက်ရှူကျပ်မောခြင်း၊ နှလုံးနေရာမှ အောင့်ခြင်း၊ ခြေဖျားလက်ဖျားအေးခြင်း၊ ဘယ်သူမှ စကားမပြောဘဲ စကားပြောသံကြားရခြင်း(စိတ်မှ ထင်မှတ်ခြင်း)၊ နှလုံးနေရာမှာ အပ်နဲ့ ဆွသလို နာကျင်ခြင်း၊ လက်သည်းခွံအရောင်မမှန်ခြင်း၊ လက်သည်းများ ပြာ နမ်းလာခြင်း၊ အိပ်နေရင်း ကယောင်ကတမ်းပြောခြင်း၊ သွေးစမ်းကြည့်ပါက သွေးတိုးမမှန်ခြင်း၊ နှလုံးနေရာ အောင့်နေခြင်း၊ တစ်ကိုယ်လုံး အေးစက်နေခြင်း၊ လေးလံနေခြင်းစတဲ့ လက္ခဏာတွေ ဖြစ်တတ်တယ် ကိုချစ်ဆွေ "

" ကိုယည်တင့် ပြောခဲ့တဲ့ နှလုံးရောဂါလက္ခဏာတွေထဲက ကျွန်တော် ခံစား နေရတဲ့ အချက်သုံးမျိုးနဲ့ တူတယ်ဗျ။ ဒါဆို ဘာဆက်လုပ်ရမှာလဲ "

" ကိုချစ်ဆွေ ခံစားနေရတာ ဘယ်လောက်ကြာပြီလဲ။ ဖြစ်တာ မကြာသေးဘူးဆိုရင် ဆေးစားရုံနဲ့ သက်သာပျောက်ကင်းနိုင်ပြီး ရောဂါသက်ကြာရင်တော့ ဆေးရုံဆေးခန်းပြရမှာပေါ့ "

" ကျွန်တော် ခံစားနေရတာ ဆယ်ရက်၊ ဆယ့်ငါးရက်လောက်ပဲ ရှိသေးတယ် "

" ဒါဆိုရင် ဆေးစားရုံနဲ့ သက်သာပျောက်ကင်းနိုင်ပါတယ် "

" သက်သာပျောက်ကင်းဖို့ဆိုရင် ဘယ်ဆေးစားရင် ကောင်းမယ်ဆိုတာ ကိုယည်တင့် ညွှန်ပြပေးပါဦး "

" သမားတော်ကြီး မုံရွာဆရာမိုး ကိုယ်တိုင် ကုသအောင်မြင်ခဲ့တဲ့ **မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံနှလုံးအားဆေး** သောက်ရင် ကိုချစ်ဆွေ ခံစားနေရတဲ့ နှလုံးရောဂါဟာ အချိန်တိုအတွင်း သက်သာပျောက်ကင်းသွားမှာ သေချာပါတယ် "

" ဒါဆို မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားဆေးသောက်မယ်ဗျာ။ ဆေးအညွှန်းကို သိပါရစေ "

" ကဲ ကိုချစ်ဆွေ နားထောင် ပြောပြမယ်။ အညွှန်းက နှလုံးသွေးကြောကျဉ်းခြင်း၊ ကျယ်ခြင်း၊ ရင်ညွှန့်၌ ဗူး၍ ဖိအောင့်ခြင်း၊ အသက်ရှူမဝခြင်း၊ အသက်ရှူကျပ်ခြင်း၊ သွေးတိုးခြင်း၊ ကျောနှင့်ရင် ညှပ်အောင့်ခြင်း၊ နှလုံးတုန်ရင်ခုန်မောပန်းနွမ်းနယ်ခြင်း၊ နှလုံးအားနည်းခြင်း၊ ရောင်ခြင်း၊ အနည်းငယ်လှုပ်ရှားရုံဖြင့် မောပန်းခြင်း၊ ချွေးထွက်လွန်၍ နှလုံးခုန်မမှန် မောပန်းခြင်း မူးဝေခြင်း၊ စိတ်ဖိစီးမှုများ၍ အိပ်မပျော်၊ စားမဝင်၊ စိတ်မကြည်ခြင်း၊ အားအင်ကုန်ခမ်းစိတ်မရှင်လန်းခြင်းတို့အတွက် သုံးစွဲနိုင်တယ်တဲ့ "

" ကိုယည်တင့် ညွှန်မှတော့ မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားတိုးဆေးဟာ ဆေးစွမ်းကောင်းတစ်လက်ဖြစ်တာ သေချာတယ်။ သောက်မယ်ဗျာ။ အဲဒီဆေးကို ဘယ်ဆိုင်တွေမှာ ဝယ်ရင်ရနိုင်မှာလဲ "

" အဆီကျ၊ အကြောပြေ၊ ဆီး၊ ဝမ်း မှန်စေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံး ဝမ်းမှန်ဆေးဟာ တိုင်းသိပြည်ကျော်ဖြစ် ပြီးသားမို့ အထူးညွှန်းစရာမလိုတဲ့ ဆေးဖြစ်ပြီး ခုအသစ်တဖန် ထုတ်လုပ်လိုက်တဲ့ မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားဆေးကိုလည်း မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် ဝယ်ယူရရှိနိုင်ပါတယ်။ ကဲ ကိုချစ်ဆွေ ယုံယုံကြည်ကြည် သောက်ကြည့်လိုက်စမ်းပါ။ ခင်ဗျား ခံစားနေရတဲ့ နှလုံးရောဂါဝေဒနာဟာ သက်သာပျောက်ကင်းသွားမှာ သေချာပါတယ် "

ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် မုံရွာမြို့၊ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံး ဖြန့်ချိပေးနေပါပြီ။

ပင်ရင်း

**မုံရွာဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး**

အမှတ်-(၅/၃၅) ဗေဒါလမ်းကြီး မြောက်ဥက္ကလာပမြို့နယ်၊

ရန်ကုန်မြို့။ ဖုန်း၀၁-၆၉၁၀၇၇ ၊ ၀၉-၅၁၀၀၆၁၂

**ကြော်ငြာ တောင်ယည်တင့်**

www.burmeseclassic.com



**ယခင်လမှ အဆက်**

ဒေါ်အေးကြည်က ရှင်းပြခြင်း ဖြစ်သည်။ ကုက္ကိုမှာ အညာကုက္ကိုပင် ဖြစ်သည်။ ညောင်နှင့် ကုက္ကို စံကူးမာတ်ရန်ယှဉ်၍ ဥစ္စာဝင်စေသည့် သစ်တံခါးအဖြစ် ရှင်ဥပဂုတ်ကျောင်းခေါ် ခမောက်တောင်ကျောင်းသို့ အတက် လှေကား တစ်ဖက်တစ်ချက်တွင် စိုက်ပျိုးထားလေသည်။

ဗောဓိပင် နှစ်ပင်ကြားတွင် နန်းမြင့်မျှော်စင်ရှိသည်။ အင်္ဂတေမဏ္ဍိုင်ကို ပတ်၍ ကြောင်လိမ်လှေကား တပ်ဆင်ထားသည်။ လှေကားရင်း အဝင်ဝတွင်...

'မြောက်ပိုင်းတိုင်းဆိုင်ရာ ဒုတိယဥက္ကဋ္ဌလာပ
၂၅၀၀ သာသနာ လေးကျွန်းလုံး၏ တည်ရာ
ကမ္ဘာ့နန်းမြင့်ကြီး'

ဟု ကမ္ပည်း တင်ထားသည်။

မျှော်စင်အနီး၌ ဓာတ်ရုံးရှိ၍ အတွင်း၌ ရက္ခန်းစင်တောင်ဆရာတော်၊ အဘဘိုးဘိုးအောင်၊ အဘအောင်မင်းခေါင်၊ ရသေ့ကြီးဦးစိ စသူတို့၏ ရုပ်တုများ ပူဇော်ထားကာ အခန်း၏ လက်ဝဲဘက်ထောင့်တွင် အဘအောင်မင်းခေါင်၏ အိပ်ရာ သလွန်နှင့် တင်ပျဉ်ခွေရုပ်တုကို တွေ့ရသည်။

လက်ယာဘက် ထောင့်တွင်ကား ရသေ့ကြီး ဦးစိ၏ သလွန်ရှိ၍ သလွန်ထက်တွင် ဒေါက်ချာတစ်ခုနှင့် "**ဣန္ဒာစက္ကရသေ့**"ဟူသော ကမ္ပည်းတင်ထားသည်။

ခေါင်းရင်းအုတ်ခုံ၏ အလယ်တွင် တင်ပျဉ်ခွေ ရုပ်ပွားတော်များ ပူဇော်ထားရာ ဗောဓိရိုးဘုရားတစ်ဆူနှင့် မကိုဋ်၊ နားကင်း၊ စလွယ်ဆင် မင်း

ဂန္ဓမာန် ကင်းစေသည့် ကောလင်းနယ်မှ

# ဆောင်ခိုမိတ်ဆောင်း ခမောက်တောင်း (၈)

▼ သီလရှင်ဒေါ်ကုမာရီ(အသက်-၈၃နှစ်)


ထက်မြင့်ကျော်စွာ






www.burmeseclassic.com

www.burmeseclassic.com



▲ ရသေ့ဦးစိမ်၏ အိပ်ရာခုတင်

▼ ရသေ့ကြီး ကွယ်လွန်သည့်အိပ်ရာ





F:14B. July, 2014

www.burmeseclassic.com

www.burmeseclassic.com

ဝတ်ဘုရားတစ်ဆူတို့ကို ဖူးတွေ့ရပေသည်။

ထို့နောက်တွင် ကုက္ကိုပင်အနီးရှိ ကျောင်းဆောင်သို့ သွားရောက်ကာ ဒေါ်ကုမ္မာရီအား တွေ့ဆုံဂါရဝပြုသည်။ ရသေ့ဦးစီ၏ တပည့်ရင်း သီလရှင် (၄)ဦးအနက် နောက်ဆုံးကျန်ရှိသော သူဖြစ်သည်။ **အသက်(၈၃)နှစ် ရှိပြီဖြစ်ကြောင်း သိရသည်။**

ဒေါ်ကုမ္မာရီက သူ မှတ်မိသမျှ ပြောပြကာ ရသေ့ကြီး ခမောက်တောင်၌ ရှိစဉ် ကျောင်း၌သာ နေထိုင်ကျိန်းစက်လေ့ရှိကြောင်း အိပ်ရာခုတင်ကို ပြပေးသည်။

ခုတင်ခေါင်းရင်းနံရံတွင် ဓာတ်ပုံတစ်ပုံ ချိတ်ဆွဲထားရာ **"ရောင်တော်မြန် အလောင်းတော်ကြီး ဘိုးတော်စီ**မို"ဟု ခေါင်းစီးတင်ထားသည်။ အောက်တွင် **"ရက္ခန်းစင်အဖွဲ့သားများကောင်းမှု ၁၃၅၁ ခုနှစ်၊ ကဆုန်လပြည့်ကျော်(၁၃)ရက် ကြာသပတေးနေ့"**ဟု မှတ်တမ်းပြုထား၏။

ထို့နောက်တွင် ဦးနီ၊ ဦးဝင်းရွှေတို့ ညွှန်ပြပေးသဖြင့် ဦးစီ၏ တပည့်တစ်ဦးဖြစ်သော လွယ်မောက်ရွာ ဦးညိုမောင်ထံမှ ဦးစီ ရေးသားသည့် စာအုပ်ကို ရယူရရှိ၏။

ထပ်မံ ကူးယူဖြန့်ချိသော စာအုပ်မှာ ကောလင်းမြို့နယ် စာပေစာနယ်ဇင်းအဖွဲ့တွင်လည်း ရောင်းချလျက်ရှိကြောင်း သိရသည်။ ထိုစာအုပ်များမှာ မူပွားဖြစ်သော်လည်း ဦးစီ၏ အရေးအသား မှတ်တမ်းများ ဖြစ်သောကြောင့် အကျိုးရှိပါသည်။

သင်း၌...

ကောလင်းမြို့ပြည့်အရ ကောလီတော်ဆောင်လျက် အဘအောင်မင်းခေါင် မူလဋ္ဌာနချုပ်ဖြစ်သော ခမောက်တောင်ထက် (၁၀၈)တောင်ပြည့် မဟာစေတီကြီးကို အောက်ပိုင်း (၇၂)တောင် ချန်ပြီး သံ၊ ဂုံ၊ ပ၊ မ ဘုရားရှင်လေးဆူ နိမိတ္တဓာတ်ပေါင်းစုံ ကိန်းဝပ်တော်မူနိုင်ရန် အထက်ပိုင်း (၃၆)တောင်ကို ၁၃၁၁ ခုနှစ်၊ တန်ခူးလဆန်း(၁၁)ရက် အုတ်မြစ်ချပွဲတော်၊

ကဆုန်လဆန်း(၁၀)ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး ၁၃၁၂ ခုနှစ်၊ ပြာသိုလပြည့်ကျော်(၁)ရက် အင်္ဂါနေ့ နံနက် (၇)နာရီတွင် လုံးဝ ပြီးပါကြောင်းဟု ဖတ်ရှုရသည်။ ***(အရိယာဝိဇ္ဇာမဟာဒွိကျင့်စဉ်ကျမ်း၊ စာမျက်နှာ-၃၄၊ ၃၅)***

စာမျက်နှာ(၄၂)တွင် ၁၃၁၃ ခုနှစ်၊ တန်ခူးလဆန်း(၁၁)ရက်နေ့မှ (၁၄)ရက်နေ့ အထိ သတ္တမအကြိမ် ထီးတော်ဖွင့်ပွဲတော်ကြီးကို ကျင်းပရာ သံဃာ(၈၀၀)ကျော်၊ လူပရိသတ်(၁၀၀၀၀)ကျော် ကြွရောက်ကြကြောင်း မှတ်တမ်းပြုထားသည်။

စေတီ မတည်မီ ၁၃၀၇ ခုနှစ်ကပင် ထီးတော်ဖွင့်ပွဲတော်ခေါ် ဘုရားပွဲကျင်းပ၍ ခမောက်တောင် သာသနာပြုခြင်း စတင်ခဲ့သည်ဟု ခန့်မှန်းရသည်။




▲ ထေမိရင်းမှ ရေးသူဦးစိုး



www.burmeseclassic.com

www.burmeseclassic.com



▲ ဦးနု ပေးခဲ့သည့် သာသနာ့အလံ

ဦးစီ ရှိစဉ်က အသက်မေးလျှင် (၁၅)နှစ်ဟု ဖြေလေ့ရှိ၏။ ၁၃၂၁ ခုနှစ်တွင် ကွယ်လွန်ရာ ခမောက်တောင်၌ သာသနာပြုမည့် (၁၅)နှစ်ကို ရည်ညွှန်းသည်ဟု ယူဆကြသည်။

ယင်းစာအုပ် စာမျက်နှာ(၂၂)တွင်…

ထီးတော်အောင် ဦးစီ

ဥက္ကဋ္ဌဆရာကြီး

စေတနာ့ဝန်ထမ်း သစ္စာဝါဒီ ဗုဒ္ဓသာသနာ ဝေယျာဝစ္စအဖွဲ့

ခမောက်တောင်ညို၊ မြောက်အင်းရပ်၊ ကောလင်းမြို့

ဟူ၍ ပါရှိလေရာ ထိုစာအုပ် ထုတ်ဝေသည့် ၁၃၁၃ ခုနှစ်အထိ ရသေ့အမည် မခံယူသေးဟု ယူဆဖွယ်ရှိပေသည်။

## နန္ဒဝန်ဥယျာဉ်

ဒေါ်အေးကြည်က ကျောင်းဝင်း အနောက်ဘက် ကုန်းမြေသို့ ခေါ်ဆောင်သွားရာ ကျိုးမင်း ဗျာဒိတ်ခံ စေတီတော်ကို ဖူးမြင်ရသည်။ အုတ်လှေကားမှ ရင်ပြင်ပေါ် တက်ကြည့်ရာ ရှစ်မြှောင့်ပစ္စယံ သုံးဆင့်ခံ ခေါင်းလောင်းမှောက်စေတီနှင့် အရှေ့ဘက်အာရုံခံ တန်ဆောင်းတစ်ဆောင် တွေ့ရသည်။

တန်ဆောင်းအတွင်း တင်ပျဉ်ခွေ ရုပ်ပွားတစ်ဆူ ကိန်းဝပ်တော်မူသည်။ တန်ဆောင်းရှေ့ တံခွန်တိုင်ထက်တွင် အလောင်းတော်မဟိန္ဒ ကျိုးမင်းရုပ်လုံးကိုလည်း မြင်တွေ့ရလေသည်။


'ဘိုးဘိုးက ဒီနေရာကို နန္ဒဝန်ဥယျာဉ်လို့ ပြောပါတယ်။ ဘိုးဘိုး ဆုံးပြီးနောက် ဦးဆောင်လုပ်ကိုင်သူ မရှိလို့ သစ်ပင်ပန်းမန် ဝေဝေဆာဆာ မဖြစ်လိုက်ပါဘူး။ ဟိုရှေ့နားမှာတော့ ဘုတ်တလုတ်ရေကန် ရှိတယ်'

စေတီကုန်းတော်မှ အနောက်မြောက်ထောင့်ယွန်းယွန်း မဝေးလှသောနေရာ၌ ဘုတ်တလုတ်ကန်ကို တွေ့ရသည်။ ကွန်ကရစ်ပေါင်များ သွန်းလုပ်မွမ်းမံထားသည်။

'အရင်တုန်းကတော့ ဒီနားက သဲပြင်မှာ လက်နဲ့ယက်လိုက်ရင် ရေစိမ့်ထွက်လာတယ်။ နောက်ပိုင်း ဂေါပကအဖွဲ့က ပွဲတော်ချိန် ရေ မလောက်မှာ စိုးရိမ်ပြီး အဝီစိရေတွင်း တူးလိုက်တာ ရေမထွက်တော့ဘူး။ အဝီစိတွင်းလဲ မအောင်မြင်ခဲ့ဘူး'

'သူတို့လဲ ကောင်းအောင် လုပ်

www.burmeseclassic.com



◆ တောင်ဘက်အဝင် ခြင်္သေ့နှစ်ကောင်

ကြတာပဲ စေတနာအမှားလို့ ဆိုရမှာပေါ့'

ဘုတ်တလုတ်ကန်မှ ရသေ့ကြီး ဦးစီ၏ အုတ်ဂူသို့ သွားရောက် ဂါရဝ ပြုသည်။ ကျောင်းဝင်းအထက် တောင်ခါးပန်းတွင် ရသေ့ကြီး ဦးစီ၏ အထိမ်းအမှတ်အုတ်ဂူနှင့် ဒေါ်မမကြီး၏ အုတ်ဂူတို့ကို ရှေ့နောက် စီလျက် မြင်တွေ့ရသည်။

'ကျွန်မက ဘိုးဘိုးရဲ့ သာသနာပြုလုပ်ငန်းကို အမွေဆက်ခံရသူဆိုတော့ တချို့ကိစ္စတွေမှာ ဉာဏ်မမီလို့ မဖြေရှင်းနိုင်ရင် ဘိုးဘိုးအုတ်ဂူမှာ ကန်တော့ပြီး တိုင်တည် ပြောပြပါတယ်။ မကြာခင် ပြေလည်သွားတာပဲ။

တစ်ခါတစ်ရံ အိပ်မက်ပေးပြီးတော့လဲ ညွှန်ကြားတတ်ပါတယ်။ ပြီးခဲ့တဲ့ ကြာသပတေးညနေပိုင်းမှာ ခမောက်တောင်ကိုသွား အလုပ်လုပ်ရမယ်လို့ အိပ်မက် မက်တယ်။

ဒီရောက်တော့ ဘာလုပ်ရမှန်း မသိတာနဲ့ ပုတီးစိပ်၊ တရားမှတ်တယ်။ ဒီနေ့ နံနက်မှာတော့ ဝေခွဲမရဖြစ်တဲ့အဆုံး ဘိုးဘိုးအုတ်ဂူကို လာကန်တော့ပြီး ဘိုးဘိုး သင်ထားခဲ့တဲ့ ဆုတောင်းစာကို ဆရာလေးတစ်ပါးနဲ့အတူ သံပြိုင်ဆိုပါတယ်။

✦ ဗုဒ္ဓ ရာဇာ မင်းစကြာ မြန်စွာကြွ၍ လာပါစေ။
✦ ဓမ္မရာဇာ မင်းစကြာ မြန်စွာကြွ၍ လာပါစေ။
✦ သံဃရာဇာ မင်းစကြာ မြန်စွာကြွ၍ လာပါစေ။
✦ ပါရမီရှင် သူတော်စင် မြန်စွာကြွ၍ လာပါစေ။

ဒီတော့မှ စိတ်ထဲ ပေါ့ပါးသွားပြီး ကျောင်းအပြန်မှာ ဆရာတို့ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနဲ့ တွေ့ရတာပဲ။ ဒီတော့မှ ဘိုးဘိုးက ဒီကို လာခိုင်းတာကိုးလို့ သိရတော့တယ်'

**(ဒေါ်အေးကြည် အိမ်မက်ရသော အချိန်သည် စာတည်းချုပ်က မိမိအား ကောလင်းမြို့သို့ သွားရန် တာဝန်ပေး၍ ခရီးစရိတ်၊ မြို့ခံ စာရေးဆရာတို့၏ လိပ်စာများ ရှာဖွေပေးအပ်သောအချိန် ဖြစ်သည်ကို သတိပြုမိလေသည်။)**

ဘိုးဘိုးက ကျန်းမာရေး ကောင်းတယ်။ ဖျားနာတာမရှိဘူး။ ၁၃၂၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း (၁၂)ရက်နေ့ ည(၈)နာရီလောက်မှာ လဲလျောင်းနေရင်း**''မယ်ကြည် ဘိုးဘိုးကို နှိပ်ပေးစမ်း''**လို့ပြောတာနဲ့ နှိပ်ပေးတုန်း တစ်ဖက်စောင်းပြီး ကွယ်လွန်သွားတယ်။

နောက်တစ်နေ့ နံနက်မှာ အမေနဲ့အတူ မင်းကြမ်း ဆရာတော် ဦးနန္ဒိမာဆီသွားပြီး အမေက **''ဆရာကြီး ဆုံးသွားပြီ ဘုရား''**လို့ လျှောက်ထားတယ်။ ဆရာတော်က**''ဒကာကြီးဦးစီ ဘုန်းကြီးကို ကန်တော့ပြီး ဆင်းသွားတာ ကျောင်းရှေ့နားတင် ရှိဦးမယ်''**လို့ မိန့်တော်မူပါတယ်။

ရွှေလ ဆက်ဖတ်ပါရန်

**ထက်မင်းကျော်စွာ**



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တွေ့

# မြွေခိုးရန် ကာကွယ်နည်း

ကျွန်ုပ်၏ နေအိမ်သည် ရွှေပေါက်ကံ မြို့သစ် (၁၅)ရပ်ကွက်တွင် ရှိပါသည်။

တစ်ချိန်က ကျွန်ုပ်တို့ နေထိုင်ရာ ဒေသသည် လယ်ကွင်းမြေများ ဖြစ်ကြပြီး မြွေဆိုးများ ကျရောက်ကျက်စားရာ အရပ်ဆိုလည်း မမှားနိုင်ပါ။

မြို့သစ် ရပ်ကွက်သစ် တည်ထားသော်လည်း မြွေဆိုးများသည် အိမ်ပေါ်သို့ တက်၍လာခြင်း၊ ခြံဝင်းအတွင်း၌ ဝင်ရောက်နေထိုင်ခြင်း၊ လမ်းမများပေါ်၌ မကြာခဏ ဖြတ်သွားလေ့ရှိခြင်းတို့ကို ကိုယ်တိုင်ကိုယ်ကျ မျက်မြင်ကြုံတွေ့ဖူး၏။

မြွေ မကြာခဏ ကိုက်ခံရ၍ သေဆုံးသူများလည်း ရှိကြပါသည်။

တစ်နေ့ ကျွန်ုပ်တို့ မိသားစု ရုပ်မြင်သံကြား ကြည့်နေစဉ် အိမ်ပေါ်အမိုးတန်းမှ မြွေကြီးတစ်ကောင် လူအုပ်စုကြားထဲသို့ ပြုတ်ကျလာခြင်း အဖြစ်ကိုလည်း ခံစားခဲ့ရဖူးလေသည်။

တချို့သောသူများက မိမိတို့၏ ခြံဝင်းထဲသို့ ဝင်ထွက်သွားလာနေသော မြွေကိုတွေ့လျှင် (၇)ရက်သားသမီးများအတွက် အန္တရာယ်ကင်းရန် ရိုက်သတ်ပစ်လေ့ရှိ၏။

ကျွန်ုပ်အနေနှင့် ဘာသာရေးကို အထူးအလေးထားသူ ဖြစ်သောကြောင့် ထိုကိစ္စကို မည်သို့ ဖြေရှင်းရမည်ကို စိတ်ထဲ၌ အမြဲရှိနေခဲ့၏။

မကြာသေးသော ကာလပိုင်း၌ ကျွန်ုပ်သည် လောကီအစီအရင် ပညာများကို သင်ယူရန်အတွက် **ဒေးဒရဲမြို့နယ်အောက်ပိုင်းရှိ ကျပ်စဉ်ပျို ကျေးရွာသို့ သွားရောက်ပြီး ဆရာဦးထွန်းရွှေထံတွင်** ပညာများကို သင်ယူနေစဉ် မြွေဆိုးအန္တရာယ်နှင့် ပတ်သက်၍ ရှင်းလင်းရမည့် နည်းလမ်းတို့ကိုလည်း သင်ယူခဲ့၏။



အိမ်သို့ ပြန်ရောက်သည့်အခါ မိမိ၏ အိမ်ခြံဝင်းကို ဆရာ သင်ကြားလိုက်သည့် နည်းအတိုင်း ဆောင်ရွက်ခဲ့ရာ နောက်ပိုင်းတွင် ခြံဝင်းထဲသို့ ဝင်ထွက်သွားလာနေသော မြွေတို့ကို မတွေ့ရတော့ပါ။

ထိုအန္တရာယ် ကင်းစင်သွားသည့် အတွက် ကျွန်ုပ်၏ တူ၊ တူမများလည်း ခြံထဲတွင် လွတ်လပ်စွာ ပျော်ရွှင်ကစား နေကြပြီဖြစ်သောကြောင့် (၇)ရက်သားသမီးတို့၏ ခြံဝင်းအတွင်း မြွေဆိုးများ ကင်းပျောက်စေခြင်း အလို့ငှာ ကျွန်ုပ်၏ ကိုယ်တွေ့ ဤနည်းစနစ်အား စေတနာရှေ့ထား၍ ခံစားတင်ပြလိုက်ပါသည်။

ပြုလုပ်ပုံနည်းမှာ

**ဆန်(သို့မဟုတ်)ရေကို** ဤဂါထာဖြင့် (၃၇)အုပ်မန်းပါ။

'ဉုံ စမ္ပ ဇုဒ္ဒေါ ဒေဝရာဇာ မဟာဣဟွတ်' ခေါ်ဆဲသော ပါဠိအသံထွက်

**စမ္ပ** = စမ်ပ

**ဇုဒ္ဒေါ** = ဇုတ်ဓော

**မဟာဣဟွတ်** = မဟာအိဟွတ်

မန်းပြီး မပက်ဖျန်းမီ မိမိကြိုက်သည့် နေရာတစ်ခုကို **ထွက်ပေါက်တစ်ခု** ပေးထားရမည်။ ပြီးလျှင် ခြံထဲမှာ ရှိနေသော အဆိပ်ရှိသတ္တဝါအားလုံး ထိုအပေါက်မှထွက်ရန် ပြောဆိုပြီးမှ ပက်ရ၏။

**စပက်သောနေ့တွင် ထွက်ပေါက်ကို မပက်ရ။ နောက်တစ်နေ့ကျမှ ပက်ရမည်။**

ဤနည်းကို ယုံကြည်စွာ လုပ်ဆောင်ပါက မိမိခြံဝင်းထဲသို့ အဆိပ်ရှိသော သတ္တဝါအားလုံး (လုံးဝ)ဝင်မလာနိုင်တော့ပါ။

**ဆရာ လှိုင်ဝင်းအောင်**
**(ကျိုက္ကစံ)**
***(အေးချမ်းသူတို့ စံပျော်ရာ)***



www.burmeseclassic.com

www.burmeseclassic.com

ရောဂါငြာဆောင်းပါး

# အသည်းရောဂါအတွက်ကိုယ်တိုင်ကုသထုတ်လုပ်ထားတဲ့ မင်းရာဇာ အသည်းအားဆေး

အမှတ်တံဆိပ်

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် ၀၀၁၃ ၊ ၁၁၀၆၇၂) (တဆဝက(တနယ်ခင်း) ၀၀၇/၀၂၁၂)

ဦးအိုက်စံ(လားရှိုး)

ယနေ့ခေတ်၊ ယနေ့အခါတွင် ရောဂါများသည်ခေတ်နှင့်အပြိုင်လိုက်၍ ထူးထွေဆန်းပြားစွာ ပေါ်ပေါက်၍လာပေသည်။ ထိုကဲ့သို့ ပေါ်ပေါက်စွဲကပ်လာသော ရောဂါများအနက်လွယ်ကူစွာ ကုသပေးနိုင်သော ရောဂါများရှိသကဲ့သို့ ခက်ခဲနက်နဲပြီး လုံးဝပျောက်ကင်းသက်သာအောင်ကုသမရဘဲလျက်သက်သာရုံ ရောဂါကို ထိန်းချုပ်ထားရုံမျှသာ တတ်နိုင်သော ရောဂါများလည်းရှိ၏။

ထိုခေတ်နှင့်အပြိုင် ဆန်းပြားထွေလာသောရောဂါများအနက်မှ အသည်းနှင့်ပတ်သက်သောရောဂါသည်လည်း ယနေ့အချိန်အခါတွင် ခေတ်စားအဖြစ်များသော ရောဂါတစ်မျိုးပင်ဖြစ်သည်။ အချို့အသည်းရောဂါများသည် ကာကွယ်ရုံမျှသာစွမ်းနိုင်ပြီး ဖြစ်ပေါ်လာခဲ့လျှင် လုံးဝပျောက်ကင်းအောင်ကုသမှုခံယူ၍ မဖြစ်နိုင်ဘဲလျက် ရောဂါကို ထိန်းထားရုံမျှသာ စွမ်းနိုင်သောရောဂါဖြစ်ပါသည်။

လွန်ခဲ့သောနှစ်နှစ်ကျော်လောက်က ကျွန်တော်၏ဝမ်းဗိုက်အထူးသဖြင့် ညာဘက်ခြမ်းနံရိုးဆုံးမှ အောင့်နာသည်။ ရင်ခေါင်းအောင့်၏။ ပျို့အန်၏။ အစားအစာများစားချင်သောက်ချင်စိတ်မရှိ၊ ဝမ်းဗိုက်ထဲမှလေသံများ တဂျုံးဂျုံး ကြားနေရ၏။ မျက်စိနှင့်အသားအရေများ ဝါဖျော့လာ၏။ ဆီးနည်းလာ၏။ ရံခါဝမ်းချုပ်၍ ရံခါ အပူဝမ်းကဲ့သို့ နည်းနည်းနှင့် ပျော့ပျော့သွား၏။ အားအင်ကုန်လာ၏။ အိပ်မပျော်ဖြစ်လာ၏။ အစားပျက်၊ အအိပ်ပျက်ကာ ပိန်ချုံးလာ၏။ လူကသာပိန်လာသော်လည်း ဝမ်းဗိုက်ကလေးကတော့ ပူတင်းနေ၏။ ဘာမှန်းမသိရသော ရောဂါတစ်မျိုးကို ကျွန်တော်ခံစားလာရသည်။

အစာမစားနိုင်သည်မှာ နှစ်လလောက် ဖြစ်လာတော့ အစာအိမ်ရောဂါလို့ထင်ခဲ့၏။ သည်လိုနှင့် ကျွမ်းကျင်သော အထူးကုသမားတော်ကြီးများနှင့် ပြသကြည့်တော့ လိုအပ်သော ဆေးစစ်ဆေးမှုများခံယူခိုင်း၏။ သည်မှာ ကျွန်တော်ကို ကြာကျော်ကျော်နှိပ်စက်နေသော အနှိုးရန်သူသည် B-ပိုး ဖြစ်နေ၏။ ယင်းပိုးကြောင့် ကျွန်တော်၏အသည်းမှာ မာခြောက်နေ၏ဟု ဆရာဝန်ကြီးကမိန့်ကြား၏။ ထိုခဏမှာပင် ကျွန်တော်နှင့် ဇနီးဖြစ်သူတို့မှာ နွေခေါင်ခေါင် မိုးကြိုးပစ်ခံလိုက်ရသလို ခံစားလိုက်ရ၏။

ကျွန်တော့်ရောဂါအတွက် ရောဂါနှင့် ရောဂါကိုဖြစ်စေသော လက်သည်ကိုတော့ တွေ့ပါ၏။ သို့သော် ထိုလက်သည် B-ပိုးနှင့် အသည်းမာခြောက်သောရောဂါကို လုံးဝကင်းစင်သွားအောင် ကုသနိုင်သောဆေးဝါးက နတ္ထိတဲ့လေ။ အသည်းပျက်စီးမှုကို မြန်မြန်မပျက်စီးစေရန် ထိန်းထားရုံနှင့် B-ပိုးကို အကောင်ရေ လျှော့ချရုံမျှသာစွမ်းနိုင်၏ဟု သမားတော်ကြီးက ဆိုလာလေတော့ ဆောက်တည်ရာမရခံစားရပြန်သည်။

သည်လိုနှင့် ဟိုဆရာ ဟိုဆေးကောင်းနိုးနိုး၊ သည်ဆရာသည်ဆေးကောင်းနိုးနိုးနှင့် လိုက်ကုလိုက်တာ ရန်ကုန်ကို ရောက်လာပါလေရော။ ခေတ်မီဆေးဝါးများနှင့် ပျောက်ကင်းအောင် ကုသမှုမပေးနိုင်ဘူးဆိုတော့ ရေနစ်သူအတွက် ကောက်ရိုးတစ်မျှင်ကို ရှာရ၏။ မိတ်ဆွေတစ်ဦး၏အကြံပေးမှုကြောင့် တိုင်းရင်းဆေးနှင့် ကုသရန် ဆုံးဖြတ်လိုက်၏။ သည်လိုနှင့် ထိုမိတ်ဆွေမှ အရိုးကျိုးပေါင်းရောဂါ အထူးကုပေးနေသကဲ့သို့ ဆေးကျမ်းများစွာလည်း ရေးသားနေသော သမားတော်ဆရာမြင့်ရှိရာ စကြာမင်း တိုင်းရင်းဆေးကုခန်းသို့ လိုက်ပို့ပေး၏။ သမားတော် ဆရာမြင့်ထံရောက်တော့ ဆရာက "ကျွန်တော်က အရိုးကျိုးပေါင်းရောဂါကိုပဲ အဓိက ကုသပေးနေတာပါ။ ဒါပေမယ့် အရိုးကျိုးပေါင်းရောဂါတုန်းကလိုပဲ ယနေ့ခေတ်မှာအဖြစ်များပြီး ဆေးတွေ့ဖို့ခက်ခဲနေတဲ့ အသည်းရောဂါအတွက်လည်း ကုထုံးဆေးဝါးတွေ တစ်နိုင်တစ်ပိုင်



www.burmeseclassic.com

ကုသရင်း သုတေသနပြုနေပါတယ်။ အခုတော့ အသည်းရောဂါအတွက် ဆေးတစ်လက်တော့ တွေ့ထားတယ်။ အဲ့ဒါ ဦးအိုက်စံ ယူသွားပြီး တစ်ကြိမ် ဆေး ၅ ပြား တစ်နေ့ ၃ ကြိမ် သောက်ပေးပေါ့။ သဘာဝ တိုင်းရင်းဆေးဖြစ်လို့ ဘေးထွက် ဆိုးကျိုးမရှိပါဘူး။ "ဟုတ်ကဲ့ပါ။ ကျေးဇူးအများကြီး တင်ပါတယ်"ဟု ဆရာ့ကို နှုတ်ဆက်ပြီး ပြန်လာခဲ့ပါသည်။

အိမ်ရောက်တော့ သမားတော်ဆရာမြင့် ပြောကြားသည့်အတိုင်း ငါ့အတွက် အကျိုးတော့မယုတ်တန်ကောင်းဘူး ဆိုပြီး သမားတော်ဆရာမြင့်ပေးလိုက်တဲ့ဆေးကို ညွှန်ကြားချက်အတိုင်း ပုံမှန်သုံးစွဲမိသည်။ သည်လိုနှင့် တဖြည်းဖြည်းနှင့် ကျွန်တော် စောစောကပြောခဲ့တဲ့ ကျွန်တော်ခံစားနေရတဲ့ ရောဂါလက္ခဏာတွေ တစ်စတစ်စ သက်သာလာတာကို သတိပြုမိလာသည်။ ပုံမှန် အိပ်ရသည်။ ပုံမှန်စားကောင်းလာသည်။ ဝမ်းဗိုက်၏ ညာဘက် နံရိုး အဆုံးနားမှာ တစ်မျှင်းမျှင်းနှင့် အောင့်နာနေသော နာကျင်မှုမရှိတော့။ ဒါနှင့် အားတက်သွားပြီး ဂရုတစိုက်ဆေးကို သောက်မိ၏။ ဆေးသောက်လို့ ၆ လလောက်ကြာတော့ ကျွန်တော် အတော်လေး ကျန်းမာဝဖြိုးလာသည်။ ပုံမှန် အသားအရေနှင့် နဂိုအတိုင်း အားအင်အပြည့်နှင့် လုပ်ငန်းဆောင်တာတွေကို လုပ်လာနိုင်သည်။

ကျွန်တော်လည်း ကျေးဇူးရှင် သမားတော်ဆရာမြင့်ရှိရာ ရန်ကုန်သို့ မီရာ မန်းရွှေပြည်ကားနှင့် လိုက်လာခဲ့မိသည်။ ဆရာထံ ရောက်တော့ "ဆရာ့ရဲ့ကျေးဇူးကို ဘယ်လိုဆပ်ရမှန်းကို မသိတော့ပါဘူး"လို့ ဆိုတော့ ဆရာက တွေတွေလေးစိုက်ပြီး ကျွန်တော့်ကို ကြည့်နေတယ်။ "ဆရာ ကျွန်တော့်ကို မမှတ်မိဘူးလား။ ကျွန်တော် အိုက်စံလေ။ အသည်းရောဂါဖြစ်လို့ ဆရာ့ဆီလာပြတာ ဆရာ ပေးလိုက်တဲ့ဆေးကြောင့် အခု ကျွန်တော်ရဲ့အသည်းရောဂါဟာ သက်သာကင်းဝေးသွားပြီ ဆရာ"ဆိုမှ "ဪ မှတ်မိပြီ ဦးအိုက်စံကိုး အခုလို ကြားရတာ ဝမ်းသာပါတယ်ဗျာ" "ဆရာ့ကို ကျွန်တော် တစ်ခုလောက် တောင်းဆိုချင်ပါတယ်ဆရာ" "ပြောပါ၊ ကျွန်တော် ဘာကူညီရမလဲ" "ဒီလိုပါဆရာ၊ ကျွန်တော့်လို အသည်းရောဂါရှင်တွေအတွက် ကျွန်တော့်ကိုပေးတဲ့ဆေးကို ထုတ်လုပ်ဖြန့်ဖြူးပေးပါလားဆရာ" "အင်း...ဦးအိုက်စံအနေနဲ့ အသည်းရောဂါသည်တွေအပေါ်ထားတဲ့ စိတ်စေတနာကို ကျွန်တော် လေးစားပါတယ်။ ဒါပေမယ့် ကျွန်တော့်မှာက ဆေးကု[...] ကတစ်ဖက်၊ အခြား ထုတ်လုပ်ဖြန့်ချိနေတဲ့ဆေးတွေ[...] တစ်ဖက်ဆိုတော့ ဒီအသည်းဆေးကို ထုတ်လုပ်ဖို့ မလွ[...] ကူသေးပါဘူး"

"ဆရာခွင့်ပြုမယ်ဆိုရင်တော့ ကျွန်တော်လို စိတ်[...] ကိုယ်ပါ နာကျင်ခံစားနေရတဲ့ အသည်းရောဂါဝေဒနာရှင်[...] အတွက် ကူညီပေးချင်လို့ ဆရာမထုတ်ရင် ဒီအသည်းဆေး[...] ကျွန်တော် ထုတ်လုပ်ချင်ပါတယ်ဆရာ။ အသည်းရော[...] ဝေဒနာရှင်များ အလွယ်တကူသုံးစွဲနိုင်အောင်လို့ပါ။ "ဟာ[...] ကောင်းတဲ့အကြံပဲဗျာ။ ဦးအိုက်စံထုတ်လုပ်ချင်ရင် ထုတ်ပါ[...]" "ဖော်မြူလာဆရာက ပေးမှာလား။" "ပေးပါ့ဗျာ၊ ပေး[...] ဖော်မြူလာတင်မဟုတ်ဘူး လိုအပ်တဲ့အရာတွေကိုလဲ ကူ[...] ပေးပါ့မယ်" "မြင့်မြတ်တဲ့ ဆရာ့စိတ်ထားကို အရမ်း[...] စားပါတယ် ဆရာ"

ကဲ ကျွန်တော့်လိုအသည်းနှင့်ပတ်သက်၍ ဝေဒနာခံ[...] နေကြရသော အသည်းရောဂါရှင်များ...သမားတော် ဆရာ[...] ရဲ့စေတနာ၊ ကျွန်တော်ကိုယ်တိုင် အသည်းရောဂါရဲ့ နှိပ်စ[...] ကို ခံစားခဲ့ရသည်မှလွတ်မြောက်၍ ရရှိခဲ့သော ပျော်[...] အရသာကို အသည်းရောဂါရှင်များထံ ဖြန့်ဝေပေးလို[...] သည်။ ကျွန်တော့်ကို အသည်းရောဂါဝေဒနာ ဘေးဒု[...] လွတ်မြောက်စေသော ဆေးစွမ်းကောင်းတစ်လက်က[...] **မန်းရာဇာ၊ အမှတ်တံဆိပ် အသည်းအားဆေး**ပဲ ဖြစ်ပါသ[...] **ဤမန်းရာဇာ အမှတ်တံဆိပ် အသည်းအားဆေး**၏ အာ[...] ကတော့ အသည်းအားနည်းခြင်း၊ အသည်းရောင်အသ[...] ရောဂါဖြစ်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ အသည်းမာ၊ အသ[...] ကြီး၊ အသည်းခြောက် ရောဂါဖြစ်ခြင်း၊ အသည်းတစ်[...] အောင့်နာနေခြင်း၊ ပျို့အန်ခြင်း၊ ပိုးကြောင့်ဖြစ်သော[...] များအတွက် ထိရောက်သောဆေးဖြစ်သည်။ **မန်းရာ[...] အမှတ်တံဆိပ် အသည်းအားဆေးကို** အသည်းရောဂါအ[...] ခံစားနေရသူများ၊ အသည်းကိုထိခိုက်စေတဲ့ အရက်သေ[...] မကောင်းနိုင်သူများ အသည်းမပျက်စီးအောင် ကာကွယ်လို[...] မဖြစ်မနေသုံးစွဲသင့်တဲ့ဆေးကတော့ **မန်းရာဇာအမှတ်တံ[...] အသည်းအားဆေး**ပဲဖြစ်၏ ဟူ၍ သတင်းကောင်းလေ[...] လိုက်ပါသည်။

**ဦးအိုက်စံ (လ[...]**

ဤဆေးသည် သဘာဝဆေးဖက်ဝင်ပစ္စည်းများဖြင့် စီမံဖော်စပ်ထားခြင်းကြောင့်
အသည်းပျက်စီးခြင်းတို့ကို ကာကွယ်ပေးနိုင်သော ဆေးဖြစ်ပါသည်။

**ပင်ရင်း-မန်းရာဇာတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး**
**အမှတ်(၁၁/၃၆၀)၊ ၁၃၃/၁၃၆ ရပ်ကွက်(ဂ)လမ်း၊ မ/ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၁၆၉၁၀၉၁၊ ၀၉၇၃၂၄၁၀၉၄**

**ရှမ်းပြည်နယ်ဖြန့်ချိရေး-**
**အမှတ်(၃၂/၉)၊ ဘူတာလမ်း၊ ရပ်ကွက်-၁၀၊ လားရှိုးမြို့[...]**
**ဖုန်း-၀၈၂၂၆၂၉၁၊ ၀၉၄၇၃၂၂၂၁၃။**



www.burmeseclassic.com

www.burmeseclassic.com

မြတ်သမဏတို့ စံပျော်မြန်းသည့်

# ထုံးတောင်မြေ သာစခန်းဆီသို့ (၅)

## ယခင်လမှ အဆက်

တိုးတက်လာသော လူနေမှု အဆင့်အတန်းနှင့် လူဦးရေ များပြားလာသည်တို့ကြောင့် တောရအနီးတွင် လယ်ယာများ ချဲ့ထွင်လုပ်ကိုင်လာကြသောအခါ ဆိတ်ငြိမ်မှု ကင်း၍ တောရကျောင်း ပျက်စီးမည့် အလားအလာများ ပေါ်ပေါက်လာသည်။

ထို့ကြောင့် ထိုစဉ်က မြို့နယ် သံဃနာယကဆရာတော်များ၏ အကူအညီဖြင့် မကွေးတိုင်း သံဃနာယကအဖွဲ့သို့ ထုံးတောင်တောရ သာသနာမြေအဖြစ် သတ်မှတ်ပေးပါရန် တင်ပြသည်။

မကွေးတိုင်း သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တဇောတိပါလ ညွှန်ကြားချက်ဖြင့် မကွေးတိုင်း တ...ဝ.တဥက္ကဋ္ဌက တောင်တွင်းကြီးမြို့ မြေစာရင်းဦးစီးဌာနအား မြေလွတ်မြေရိုင်း ဟုတ်မဟုတ် ကွင်းဆင်းစစ်ဆေးစေသည်။

မြေလွတ်မြေရိုင်း မှန်ကန်သည့်အတွက် ဆရာတော် ဦးကုမာရ အမည်ပေါက် ထုံးတောင်တောရ သာသနာမြေ (၅၁.၂၁)ကေကို (၂၀.၇.၁၉၉၅) နေ့တွင် ခွင့်ပြုမိန့်ထုတ် ဆက်ကပ်ခြင်း ခံရလေသည်။

ဆရာတော်သည် တောရကျောင်းသို့ ဥပုသ်နေ့မှလွဲ၍ လူများ လာရောက်ခွင့် မပြုခြင်းမှာ ဆိတ်ငြိမ်မှု မပျက်စီးလို၍သာဖြစ်သည်။ ဆယ်နှစ်ကျော် အဆက်အသွယ် ပြတ်တောက်နေပြီးမှ



ဆရာတော် ဦးတေဇနိယ ပျံလွန်၍ (၇)ရက်အကြာတွင် ရိုက်ကူးထားသည့် ပုံတော်


စုံစမ်း၍ ရောက်ရှိလာသော ခမည်းတော်က အလုပ်အကျွေး ကပ္ပိယအဖြစ် နေခွင့်ပြုရန် လျှောက်ထားသော်လည်း နေခွင့် မပြုခဲ့ချေ။

မိမိကဲ့သို့ တောရဆောက်တည်လိုသည့် ဝိနယဂရုကပုဂ္ဂိုလ်များကိုမူ ခွင့်ပြုတော်မူသည်။ တောရကျောင်း အရှည်တည်တံ့ရေးနှင့် နောင်တွင် သီတင်းသုံးမည့် သူများအတွက် ရည်ရွယ်၍ သင့်တင့်လျောက်ပတ်သော အဆောက်အအုံအချို့ကို လက်ခံတည်ထောင်တော်မူသည်။




www.burmeseclassic.com

www.burmeseclassic.com



◆ လက်ရှိဝုံးကျောင်းဆရာတော် ဦးကုမာရ

◆ ကမ္ဘာ့ဗြာနီတွေအချို့နှင့် အထက်မှာ ကာရိုက်ထားပါတယ်



www.burmeseclassic.com

ဘုရားစေတီပေါင်းများ မွမ်းမံခြင်း၊ ကျောင်းဇရပ်ပေါင်းများ ပြုပြင်ခြင်း၊ ပြုန်းတီးနေသော သစ်ပင်များ ပြန်လည်စိုက်ပျိုးစေခြင်း စသည်ဖြင့် တောရအင်္ဂါ မပျက်စီးစေရန် အထူးရှုပြု စောင့်ရှောက်တော်မူလေသည်။

ဆရာတော် ထိန်းသိမ်းစောင့်ရှောက်တော်မူသဖြင့် ယခင်က ထုံးတောင်တောရသို့ ရောက်ရှိခဲ့ဖူးသည့် ရဟန်း၊ ရှင်လူများ ပြောဆိုရေးသားကြသကဲ့သို့ အခက်အခဲများ ကြီးမားခြင်း မရှိတော့ပါ။


တောင်တွင်းကြီးမြို့မှ ရွှေသမင်မြို့ ပေါင်း ငမင်ရွာ၊ ထိုမှ တောရမြေအတွင်း လှည့်လည်ကြည့်ရှုမှု ခရီးတို့တွင် လွယ်ကူအဆင်ပြေ၍ သက်သာအေးချမ်းမှု ရှိလှပေသည်။

အပြန်တွင် ထုံးတောင်အရှင်ဓမ္မပီယ (မြောင်)က အိတ်ဆောင်အရွယ်စာအုပ်ငယ်အချို့ကို ဓမ္မဒါနအဖြစ် ချီးမြှင့်လှူတော်မူသည်။ အရှင်ဓမ္မပီယ ချီးမြှင့်လှူသည့် စာအုပ်တစ်အုပ်အတွင်း၌ စာရေးဆရာ မောင်ဝဏ္ဏ၏ ''တောရ လွမ်းချင်း''ဟူသော စာစုလေးကို ဤသို့ ဖတ်ရှုရသည်။

## တောရလွမ်းချင်း

ကျွန်တော် တောရဘုန်းကြီးကျောင်း တစ်ကျောင်း ရောက်ဖူးပါသည်။ ထိုကျောင်းသည် ပဲခူးရိုးမတောင်ခြေ၌ ရှိပါ၏။ တောရကျောင်းဆိုသဖြင့် ထိုဘုန်းကြီးကျောင်း၏ အငွေ့အသက်ကို ခံစားလိုက်ရမည် ထင်ပါသည်။

တောထဲက သစ်သားကျောင်းအိုတစ်ဆောင်၊ သစ်သားဇရပ်အိုတစ်ဆောင်၊ ခပ်လှမ်းလှမ်းမှာကုဋီ၊ အနီးအနားတစ်ဝိုက်မှာ သစ်ပင်တွေ၊



◆ နဂါးရုံဘုရား

ရေတွင်းကလေး၊ စမ်းချောင်းကလေး၊ စကြံလျှောက်ရာနေရာတွင် သဲဖြူလွလွလေးတွေ၊ တောစပ်မှာ တောပန်းလေးတွေ စသဖြင့် စိတ်မျက်စိဖြင့် မြင်ယောင်မိပါလိမ့်မည်။

ဆရာတော်က စကား များများ မပြော၊ တရားကြာကြာမဟော၊ ပုတီးစိပ်ချင်သောသူကို ပုတီးစိပ်ဖို့ **''ဂုဏ်တော်စိပ်''**ဟု မိန့်သည်။ တရားထိုင်ချင်သောသူကို **''နှာသီးဖျားမှာ စိတ်ကပ်ထား''** ဒီလောက်ပါပဲ။ ဆရာတော် ဟောနေကျ တရားက...

'ငါ့လောဘရယ်၊ ငါ့ဒေါသရယ်၊ ငါ့မောဟရယ်၊ ငါ့ဒိဋ္ဌိရယ် ငါ့ကို ပြန်ပြီးနှိပ်စက်တယ်။ အဲဒါကို ကြပ်ကြပ်သတိထားကြ၊ ဆင်ခြင်ပွားများကြ'

ဒါလောက်ပဲဖြစ်သည်။

နည်းနည်းဖြစ်ဖြစ် များများဖြစ်ဖြစ် လှူပြီးလျှင် **''နိဗ္ဗာန်ရပါစေခြင်း အကျိုးငှာ သံဃာကို လှူပါ၏။ နိဗ္ဗာနသ ပစ္စယောဟောတု''** အဲသလောက်ပဲ လိုက်ဆိုခိုင်းပါသည်။ အဲသလောက်ပဲ ပြောပြီး **''ချမ်းသာသလိုနေကြ''**ဟုမိန့်တော်မူလေ့ရှိသည်။

ဆရာတော်က တောရ ဆောက်



www.burmeseclassic.com

www.burmeseclassic.com



◆ ဦးဝဏ္ဏဓမ္မိယ လက်ထက် တံကဲရုပ်ပွားတော်

ဝိ

# [illegible]

ထီးလှိုင်ရှင်

# [illegible]

မောင်ဝဏ္ဏ



◆ အရှင်ခမ္မပီယ ဖွင့်ရှုသည့် တအုပ်ထယ်တစ်အုပ် မျက်နှာဖုံး

တည်နေခြင်းဖြစ်၍ စာသင်စာချသည့် အမှု မပြုပါ။ သို့သော် ဆရာတော် တပည့် ဦးပဥ္ဇင်းနှစ်ပါးကို ဆယ်မိုင်နီးပါး ဝေးသည့် မြို့ရှိ စာသင်တိုက်သို့ ပို့ထား၏။ စာ ဆက်သင်ချင်သပဆိုသင်၊ တောရကျောင်းမှာပြန်ပြီး သီတင်းသုံးချင်သပဆို ပထမကြီးတန်းလောက် အောင်ရင် ပြန်လာ သီတင်းသုံးဆိုသော သဘောပါ။

ထိုသည်မှာ လွန်ခဲ့သော ဆယ့်ငါးနှစ်ကျော်လောက်က ဖြစ်ပါသည်။ တောရဆောက်တည်သော ဆရာတော် ဖြစ်သဖြင့် ရှာနီးချုပ်စပ် မြို့နီးချုပ်စပ်တို့က ဒါယကာ ဒါယိကာမတို့က အထင်ကြီးကြ၏။ "ဆရာတော်က တန်ခိုးကြီးတယ်"ဟု ပြောကြသည်။

တစ်ခါက မြို့ကလေးတစ်မြို့မှာ လူတစ်ယောက်သည် ပြဿနာတစ်ခု ဖြစ်သည်။ အမှုအခင်းနှင့် ပတ်သက်၏။ ထိုပုဂ္ဂိုလ်က တောရကျောင်းသို့သွား၏။ ဆရာတော်ကို လျှောက်၏။ ဆရာတော်က ဂုဏ်တော်ပုတီးစိပ်ခိုင်းသည်။ ကျောင်းမှာ နေခိုင်း၏။ အချိန်တန်တော့ ပြဿနာပြီးသွား၏။ ထိုအခါ ဘုန်းကြီးတန်ခိုးကြောင့်ဟု လူအများက ပြောကြသည်။

ကျွန်တော်လည်း ပြဿနာတစ်ခု ကြုံရ၏။ လူတစ်ခု ပူမှုဆယ်ကုဋေ သဘောပါ။ ထို့ကြောင့် ထိုတောရကျောင်းသို့ ရောက်သွားခဲ့ခြင်း ဖြစ်ပါသည်။ ဆရာတော်က ဘုရားတရား အာရုံပြုစေ၏။ ကမ္မဋ္ဌာန်း ထိုင်စေ၏။ စိတ်အေးချမ်းလာ၏။

ပြဿနာ ဆိုသည်မှာ ကိုယ်က မှန်လျှင် တစ်ချိန်မဟုတ် တစ်ချိန်မှာ ပြီးပြေစမြဲ ဖြစ်ပါ၏။ မပြီးပြေနိုင်သည့် ပြဿနာ မရှိပါ။ တောရကျောင်း၌ ကျွန်တော် ရက်အနည်းငယ်နေပြီး ဂုဏ်တော်ရွတ်ဆိုခြင်း၊ ကမ္မဋ္ဌာန်းထိုင်ခြင်းပြုသောအခါ စိတ်က တည်ငြိမ်လာသည်။

ထိုအခါ ပြဿနာကို ခေါင်းအေးအေးဖြင့် ရင်ဆိုင်နိုင်၏။ (ဆရာတော်၏ သီလတန်ခိုး၊ မေတ္တာတန်ခိုးတို့လည်း ပါပါလိမ့်မည်။)သို့ဖြင့် ပြဿနာ ပြေလည်၏။



www.burmeseclassic.com

www.burmeseclassic.com



▲ ထေရာတော် ဦးကုမာရ သီတင်းသုံးခဲ့ရာကျောင်း

▼ အရှေ့ဘက်အဝေးဆီမှ နေပြည်တော်အနီးရှိ တောင်ထွတ်





www.burmeseclassic.com


www.burmeseclassic.com



အရှင်ကုမာရမထေရ် စတင်သီတင်းသုံးသည့် သခ်မ်းကျောင်း

◆ ဦးကုမာရ တောင် ရောက်ရှိစဉ်က ကျောင်းပုံစံ

◆ တစ်ပါးကျွမ်းနောက်ကျောင်းတစ်ဆောင်



ထိုသို့နေရင်း ဆရာတော့်သတင်း နားစွန်နားဖျား ကြားရာမှ ရန်ကုန်၊ မန္တလေး အစရှိသည့် မြို့ကြီးများမှ ဒါယကာ၊ ဒါယိကာမများ ထိုတောရကျောင်းသို့ လမ်းပေါက်ကြလေသည့်။

ဆရာတော့်ကျောင်းသို့ တောလမ်းတာရိုးတို့မှ ကားလမ်းပေါက်သည်အထိ ကြိုးစားကြ၏။ ဤလိုနှင့် လောကီအရှုပ်အထွေးများသည် တောရကျောင်းသို့ ရောက်လာတော့သည်။ ဆရာတော်က အထူးအထွေ အစီအမံတွေ ဘာတစ်ခုမှ လုပ်မပေးပါ။ ဂုဏ်တော်ပုတီးစိပ်၊ တရားအားထုတ်စသဖြင့်သာ မိန့်ကြား၏။

လွန်ခဲ့သော ဆယ်နှစ်ခန့်က ကျွန်တော့်သားတွေ နွေရာသီ ကျောင်းပိတ်စဉ် သင်္ကြန်နှစ်ဆန်း နှစ်ရက်နေ့တွင် ထိုတောရကျောင်းသို့ သားနှင့်အတူ ကျွန်တော် ရောက်သွားစဉ် ဆရာတော်က သင်္ကြန်တွင်း ကျောင်းမှာ လူရှုပ်တယ် သင်္ကြန်ပြီးမှလာခဲ့ဟု မိန့်တော်မူဖူးသောကြောင့်ဖြ စ်သည်။

ရွှေလ ဆက်ဖတ်ပါရန်

ဇင်ညိုငယ်



www.burmeseclassic.com

www.burmeseclassic.com



မျက်စိမှုန် မျက်စိနာနှင့်

# မျက်စိအမြင် ကြည်လင်စေရန်



## ကုသနည်း

၂၀၁၂ ခုနှစ်၊ အောက်တိုဘာလတွင် မင်းလှမြို့တောင်ဘက် အမှတ် (၁)ရပ်ကွက်တွင် တည်ရှိသော **ဂန္ဓာရုံကျောင်းဆရာတော် ဦးပညောဘာသ (သာသနဓဇဓမ္မာစရိယ)** အရှင်သူမြတ်ထံသို့ ကျောင်းတိုက်ဝင်းအတွင်း အဓိဋ္ဌာန်ပြု၍ တည်ထားပူဇော်သော မဟာဗောဓိစေတီတော် ရွှေထီးတော်တင်လှူပူဇော်ရေး ကိစ္စဖြင့် မင်းလှမြို့နယ်မှ စာရေးဆရာကြီးများ ဖြစ်ကြသည့် ဦးစောသောင်းကြီး(ခရိုင်ရဲတပ်ဖွဲ့မှူး)၊ ဦးအောင်သိန်း(ရဲစခန်းမှူး)(ငြိမ်း) နှင့် ဦးသန်းဝင်း(နယ်ထိန်း)၊ စာရေးသူတို့ သွားရောက်ခဲ့ကြပါသည်။

ဆရာတော်ကြီးမှ ရွှေထီးတော်တင်လှူပူဇော်ရေးနှင့် ပတ်သက်၍ ကဏ္ဍအလိုက် ဆပ်ကော်မတီများဖွဲ့စည်း၍ စည်ကားသိုက်မြိုက်စွာ ပူဇော်နိုင်ရေး ကိစ္စများကို ဩဝါဒမိန့်ကြားသည်။

စာရေးသူကို အခမ်းအနားမှူးတာဝန် ပေးအပ်သဖြင့် မိမိဆောင်ရွက်ရမည့် အချက်အလက်များကို စနစ်တကျ ရေးမှတ်ရပါသည်။ စာရေးသူသည် မျက်မှန်(၃)လက်နှင့် အလုပ်ရှုပ်နေပါသည်။

ဆရာတော်က...

'ဒကာကြီးက မျက်မှန်(၃)လက်ဆောင် တပ်နေရသလား'

ဟု မေးရာ...

'တင်ပါ့ဘုရား... တပည့်တော် (၃)လခန့်ရှိပါပြီဘုရား။ မျက်စိမှုန်မှုန်မှုန်ဖြစ်ပြီး စာကြည့်ရင် မျက်ရည်ပူတွေ ကျတယ်။

စူးရှတဲ့ အလင်းရောင်ကို ကြည့်ပြီးရင် မျက်စိ မှုန်ဝါးဝါး ဖြစ်သွားပါတယ် ဘုရား။ ဒါကြောင့် နေကာတစ်လက်၊ အဝေးကြည့်တစ်လက်၊ စာကြည့်တစ်လက် ဆောင်ပြီး သွားလာနေရပါတယ်'

ဟု လျှောက်ထားလိုက်ပါသည်။ ဆရာတော်က...

'မျက်စိမှုန်နဲ့ ပတ်သက်လို့ ကျုပ်ဆရာဘုန်းကြီး ဦးယသ ပေးခဲ့တဲ့ ဆေးနည်းနဲ့ ကုသကြည့်ပါလား'

ဟု ပြောရာ...

'တင်ပါ့ဘုရား တပည့်တော်ကို ကူညီပါဘုရား'

ဟု လျှောက်ထားပါသည်။ သို့နှင့် ဆရာတော်သည် မျက်စိမှုန်ခြင်း၊ နာခြင်းနှင့် အမြင်ကြည်လင်စေရန် ကုသနည်းကို ပေးလိုက်ပါသည်။

ဆရာတော်ထံက ဆေးနည်းအတိုင်း ကုသကြည့်ရာ (၃)ရက်အတွင်း အမြင်ကြည်လင်၍ မျက်ရည်ပူကျခြင်းများပါ သက်သာသဖြင့် ဆရာတော်ထံ ခွင့်ပန်လျက် အများအတွက် အကျိုးရှိအောင် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ ဆောင်းပါး ရေးသားဖော်ပြလိုက်ပါသည်။

ဆေးနည်းက လွယ်ကူသောနည်းပါ။ ငွေကုန်ကြေးကျ သက်သာသည့်အပြင် ရှာရသည်မှာလည်း လွယ်ကူပါသည်။

မြန်မာ့လက်ဖက်ခြောက်(၁)ဆုပ်ကို ရေနွေးကြမ်းသောက်သလို ရေနွေးကြမ်းအိုး (သို့မဟုတ်) ဓာတ်ဘူးထဲ ထည့်ပါ။

လက်ဖက်ခြောက် ကျိုပြီဆိုလျှင် ဖန်ခွက်အလတ်စား အရွယ်ထဲသို့ လက်သုံးလုံးခန့် ထည့်ပါ။ ဖန်ခွက်ထဲမှ ထွက်နေသော ရေနွေးငွေ့ကို မျက်စိတည့်တည့်ထားပြီးလျှင် ရေနွေးငွေ့များ မျက်လုံးအိမ်ထဲထိ ဝင်နိုင်စေရန် မျက်စိကို မှိတ်လိုက်ဖွင့်လိုက် (၁၀)ကြိမ်ခန့် ပြုလုပ်ပါ။

ပြီးလျှင် မျက်စိကို ဘယ်ညာ ကစားပါ။ အပေါ်အောက် မျက်ကို (၅)မိနစ်ခန့် ကစားပေးပါ။

မျက်စိတစ်ဖက် ပြုလုပ်ပြီးပါက ရေနွေးအသစ် ပြန်ထည့်ပြီးလျှင် တစ်ဖက်ကိုပါ အထက်နည်းအတိုင်း ဆက်၍ ပြုလုပ်ပါ။

အနည်းဆုံး(၃)ရက် ပြုလုပ်ဆောင်ရွက်ရပါမည်။ ဤဆေးနှင့် ကုသမည့် အချိန်သည် နံနက်အိပ်ရာမှ ထချိန် မျက်နှာမသစ်မီ ဖြစ်ရပါမည်။

**[ဤဆေးနည်းကို ချီးမြှင့်ပေးခဲ့သော မင်းလှမြို့ ဂန္ဓာရုံကျောင်းဆရာတော် ဦးပညောဘာသအား ဦးခိုက်ပါသည် ဘုရား...]**

ဗိုလ်မင်း(မင်းလှ)



www.burmeseclassic.com

www.burmeseclassic.com


## ကျန်းမာပါစေဆေးတိုက်မှမြန်မာ့ဆေးစွမ်းကောင်းများ ထုတ်လုပ်ဖြန့်ချိလျက်ရှိပါသည်။

ဆရာကြီး ဦးဝင်းလေး ၊ ဆရာမကြီး ဒေါ်လှသိန်းနှင့် သားဆရာ ဦးသိဟတို့က နှစ်(၃၀)ကျော် ကုသအောင်မြင်ခဲ့သောဆေးများကို ရောဂါဝေဒနာရှင်များ တောင်းဆိုချက်အရ ထုတ်လုပ် ဖြန့်ချိလိုက်ခြင်းဖြစ်ပါကြောင်း။



ဆီး ၊ ဝမ်း ၊ လေ မှန်ပြီး အကြောများပြေစေဖို့အတွက်

ဆရာကြီး ဦးဝင်းလေး ၏ **ကျန်းမာပါစေ အကြောပြေဆေး**

အမှတ်တံဆိပ် မှတ်ပုံတင် TMR 011801(1215)

အကြောတက်ခြင်း၊သွေးကြောလေကြောပိတ်ခြင်း၊မျက်စိရောဂါ၊အတွင်းတိမ်၊အပြင်တိမ်၊ခေါ်နာ၊ဆီးဝမ်းလေချုပ်ရောဂါများအတွက်၊ဝမ်းတွင်းရှိအပူအပုပ်အညစ်ကို ယူထုတ်ပစ်သလိုကင်းစေပြီး၊သွက်လက်ပေါ့ပါးကျန်းမာစေပါသည်။



နေမှူ ၊ မီးမှူ ၊ ရင်တွင်းသောတအပူ မှန်သမျှ ငြိမ်းစေမည်

ဆရာကြီး ဦးဝင်းလေး ၏ **ကျန်းမာပါစေ အပူငြိမ်းသွေးဆေး**

အမှတ်တံဆိပ် မှတ်ပုံတင် TMR 011800(1215)

နှလုံးတုန်၊ရင်ခုန်မောဝန်းခြင်း၊မူးဝေခြင်း၊အိပ်မပျော်ခြင်း၊မီးယပ်သွေးမမှန်ခြင်း၊သွေးသားမကြည်လင်ခြင်း၊အသားအရေခြောက်သွေ့ခြင်းတို့ကို သက်သာပျောက်ကင်းစေပါသည်။

ကိုယ်ခန္ဓာအတွင်း ငုပ်လျှောင်နေသည့် အဆိုးအကာင်းမှန်သမျှ ပွင့်စေမည်

ဆရာကြီး ဦးဝင်းလေး ၏ **ကျန်းမာပါစေ အဖိုးပွင့်ဆေး**



အမှတ်တံဆိပ် မှတ်ပုံတင် TMR 011825(1215)

ကိုယ်၊လက်၊ခြေကိုက်ခဲခြင်း၊ချွေးငုပ်ခြင်း၊ခေါင်းကိုက်ခြင်း၊ခေါင်းအုံခြင်း၊အနာရောဂါအမျိုးမျိုးတို့အတွက် ငန်းမန်းတို့ကို သက်သာပျောက်ကင်းစေခြင်းနှင့်အဖျားရောဂါများကို သက်သာပျောက်ကင်းစေပါသည်။



ထုံကျဉ်ကိုက်ခဲလေးဖက်နာ နှင့် လေငန်းလေဖြတ်ရောဂါရှင်များအားထားရာ

ဆရာကြီး ဦးဝင်းလေး ၏ **ကျန်းမာပါစေ အကြောဆီမ်းဆေး**

အမှတ်တံဆိပ် မှတ်ပုံတင် TMR 011826(1215)

အကြောတင်ခြင်း၊အကြောတက်ခြင်း၊အကြောထုံခြင်း၊အကြောရောင်ခြင်း၊အဆစ်အမျက်ရောင်ခြင်း၊ထုံကျဉ်ကိုက်ခဲ၍လေးဖက်နာဖြစ်ခြင်း၊ဝေဒနာခံရခြင်း၊ခြေတစ်လက်တစ်ခြင်းနှင့် လေငန်းရောဂါ တို့ကို သက်သာပျောက်ကင်းစေပါသည်။

# ကျန်းမာပါစေ

တိုင်းရင်းဆေးဝါးထုတ်လုပ်ရောင်းချခွင့်ရဆေးကုဌာန

အမှတ်(၈၂)ဧယျာလမ်း၊(၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့


ဖုန်း-၀၉၇၃၀၀၅၅၄၀၊၀၉၇၃၀၂၉၉၃၀၊၀၉၄၂၀၀၆၆၁၉၈




www.burmeseclassic.com

www.burmeseclassic.com





ထေတီငယ်များ

ဘုန်းကျော်စွာ
(မြိုင်တက္ကသိုလ်)

ရွှေသာမော ဆတ်သွားတောမှ

# ကျွဲဘုံကျော်တောရဆီသို့ (၂)

**ယခင်လမှ အဆက်**

**ပထမဘုံကျော်ဆရာတော်၏**
**ထေရုပ္ပတ္တိအကျဉ်းနှင့်**
**ဘုံကျော်တောရဖြစ်စဉ်တော်**

ပထမဘုံကျော် ဆရာတော် ဦးအာစိဏ္ဏလောင်းလျာ မောင်မြသီးကို သရက်ခရိုင်၊ အောင်လံမြို့နယ်၊ သမ္ဘူလတိုက်နယ်၊ တုံးကြို့ရွာနေ ဦးချစ်ပို+ဒေါ်မျိုးတို့မှ မြန်မာသက္ကရာဇ် ၁၂၃၈ ခုနှစ်၊ နယုန်လဆန်း(၁၀)ရက်၊ အင်္ဂါနေ့ နံနက်အရုဏ်တက်ချိန်၌ ဖွားမြင်ခဲ့သည်။

အသက်(၇)နှစ်တွင် တုံးကြို့ရွာဦးကျောင်းဆရာတော် ဦးသာဂရထံတွင် စာပေသင်ယူ၍ (၁၄)နှစ်သားတွင် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိရာ ရှင်အာစိဏ္ဏ ဘွဲ့မည်တွင်သည်။

၁၂၅၈ ခုနှစ်၊ နတ်တော်လဆန်း (၁၀)ရက်နေ့တွင် ဘုရားကုန်းရွာဦးတိုက်ကျောင်းခဏ္ဍသိမ်၌ ဆရာတော် ဦးနန္ဒိယကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဘောင်သို့ ရောက်ရှိသည်။

ရဟန်းဖြစ်ပြီးနောက် နေပြည်တော် လယ်ဝေးမြို့နယ် ကုန်းသာရွာဦးကျောင်း၊ တောင်တွင်းကြီးမြို့နယ် ဆတ်သွားရွာ တောရကြီးကျောင်း၊ ရေနံချောင်းမြို့ သာစည်ကျောင်းတိုက်၊ မန္တလေးတောင်ပြင် ရွှေရေးဆောင်ကျောင်း၊ တောင်ထီးလင်းတိုက် စနေထောင့်ကျောင်း၊ တောင်ပြင် ညောင်ကန်ကျောင်းတို့၌ စာဝါများ သင်ယူခဲ့သည်။

(၁၀)ဝါအရတွင် ရေတာရှည်မြို့နယ် အင်းကောက်ရွာဦးကျောင်းထိုင် ဆရာတော်အဖြစ် တာဝန်ယူ၍ စာဝါပို့ချပေးသည်။

ဝါတော်(၂၀)၊ သက်တော်(၃၀)

www.burmeseclassic.com



◆ တင်ပါကျောင်းတိုက်နှင့် စေတီ

အရွယ်တွင် **ရမည်းသင်းခရိုင်၊ ရွှေမြို့ရွာအနီး စွန်းလွန်းနည်းဖြင့် တရားပြပေးသော ရွှေဥဒေါင်းတောင်တောရ ဆရာတော် ဦးကုသလထံ နည်းခံယူကာ** သမထဝိပဿနာကမ္မဋ္ဌာန်းများ အားထုတ်တော်မူသည်။

လေးနှစ်တာမျှ ဆရာနှင့်အတူ နည်းယူ အားထုတ်ပြီးနောက် တောရဆောက်တည်ရန် နေရာရှာသောအခါ ၁၂၉၂ ခုနှစ်၊ တပေါင်းလတွင် တောင်တွင်းကြီးမြို့နယ်၊ ဆတ်သွားကျေးရွာ၏ အနောက်တောင်ထောင့် (၁)မိုင်ခန့်အကွာရှိ တောအတွင်းသို့ ရောက်ရှိသည်။

ထိုနေရာတွင် သပိတ်ဟောင်း၊ အိုးခြမ်းကွဲနှင့် တိုင်ငုတ်တိုကျောင်း နေရာဟောင်းကို တွေ့ရသည့်အပြင် **"ဆွမ်းခံရွာကျေး၊ မဝေးနီးမော၊ မရောလူရှင်၊ မှက်ခြင်မြွေနည်း၊ ပစ္စည်းမိတ်ဆွေ ရလွယ်လေ ငါးထွေ ကျောင်းအင်္ဂါ"** ဟူသည်နှင့်လည်း ညီညွတ်သဖြင့် စတင်၍ တောရဆောက်တည်လေသည်။

ထိုအခါ ဆရာတော်၏ နောင်တော် အငြိမ်းစားဌာနပိုင် ဦးဂမုန်းမိသားစုက လေးတိုင်စင် ကျောင်းကလေး ဆောက်လုပ်လှူဒါန်းသဖြင့် ဘုံကျော်တောရ ဖြစ်ပေါ်လာခဲ့လေသည်။

ဆရာတော်သည် စွန်းလွန်း ဆရာတော်နည်းဖြင့် ကိုယ်တိုင်လည်း ငြိမ်းချမ်းစွာ အားထုတ်နိုင်သကဲ့သို့ တရားချစ်ခင်သူတို့လည်း အားထုတ်နိုင်စေရန် တောရသို့ ရောက်လာသော ရဟန်းရှင်လူတို့အား အာနာပါနရှုမှတ်နည်းကို အခြေခံ၍ သတိပဋ္ဌာန်တရားတော်ကို ဟောကြားရှင်းပြတော်မူသည်။

ဆရာတော်၏ ကြိုးစားမှုကြောင့် အနီးဝန်းကျင် ကျေးရွာများသာမက သရက်၊ မကွေး၊ တောင်ငူ၊ နေပြည်တော် ပျဉ်းမနား မြို့ကြီးများမှ ဒါယကာများ လာရောက်ကာ တရား အားထုတ် ကျင့်ကြံသဖြင့် သာသနိက အဆောက် အအုံများလည်း စည်ကား ပေါ်ပေါက် သည်။

ဆရာတော် ဦးအာစိဏ္ဏသည် သက်တော်(၈၈)နှစ်အရွယ် ၁၃၃၆ ခု တွင် ပျံလွန်တော်မူရာ ဒုတိယဆ တော်ဦးဇနိတက ဘုံကျော်တော ဆက်လက်ထိန်းသိမ်းခဲ့သည်။

ဒုတိယဆရာတော်၏ ထေရုပ္ပတ္တိ မသိရှိခဲ့ရပါ။ ဆရာတော်လက်ထ တွင် ပရိယတ္တိစာဝါပို့ချ၍ စာသင်တို ပဏာမ အစပျိုးခဲ့သည်။ (၁၃)နှ အကြာ ဒုတိယဆရာတော်ဦးဇ ပျံလွန်တော်မူခါနီးတွင် ဘုံကျော် ကို အမရပူရ၊ မဟာဂန္ဓာရုံ





www.burmeseclassic.com

www.burmeseclassic.com



ဆရာတော် သီတင်းသုံးရာ သိမ်ကျောင်းဆောင်

ဆရာတော်ကြီးများထံ လွှဲအပ်လှူဒါန်းခဲ့လေသည်။

၁၉၈၇ ခုနှစ်၊ ဒီဇင်ဘာလ(၁၃၄၉ ခုနှစ်၊ နတ်တော်၊ ပြာသိုလ)တွင် ဘုံကျော်တောရသို့ ဆရာတော် ဦးဝိလာသ ကျောင်းထိုင်နာယက ဆရာတော်အဖြစ် ရောက်ရှိလာခဲ့သည်။

**(ဤဖြစ်စဉ်နှင့် ပတ်သက်၍ ဆရာတော်ကိုယ်တိုင် ရေးသားခဲ့သည့် စာစောင်များအရ ကိုးကားဖော်ပြပါမည်။ ဆရာတော်ကိုယ်တိုင် ရေးသားသည် ဆိုသော်လည်း ဦးဝိလာသ၊ မွေဝိလာသ၊ စာရေးသူ ဤအရှင်စသည့်သိသာထင်ရှားသော နာမများဖြင့် ဖော်ပြ ရေးသားခြင်း မဟုတ်ပါ။ နာမ်စားများသုံး၍ ရေးထားခြင်းဖြစ်သည်။)**

**ဥပမာ** ။ ။ အမရပူရမြို့ မဟာဂန္ဓာရုံနာယကဆရာတော်ကြီးများ၏ တာဝန်ပေးချက်အရ တောင်တွင်းကြီးမြို့နယ်၊ ဆတ်သွားကျေးရွာ၊ ဘုံကျော်တောရ တိုက်မှာ ဦးဓမ္မနန္ဒ သာသနာ့တာဝန် ထမ်းဆောင်ခွင့် ရခဲ့သည်။

ဟူ၍ **(ညီညွတ်သူဆောင်၊ ဆောင်တိုင်းအောင်၊ ဂန္ဓာရုံဘုံကျော် ဆရာတော်၊ အရှင်ဝိလာသ စာမျက်နှာ ၁၈)**၌ ဖော်ပြပါရှိ၏။ မိမိကိုယ်ကို **"ဦးဓမ္မနန္ဒ"**ဟုနာမ်စားသုံးနှုန်းထား၏။

ထိုစာစောင်များကို ဖတ်ရှုရသဖြင့် ဦးသန်းစိုး(ချောင်းနက်)၏ "ကျွန်တော်ဖူးတွေ့ဖူးသော ထူးခြားရဟန်းတော်" ဆောင်းပါးပါ အချက်အလက်များကို ဤသို့ သဘောပေါက်မိသည်။

ဘွဲ့မည်၊ ကျောင်းမည်များ ထုတ်ဖော်ခွင့် မပြုခြင်းသည် ဆရာတော်သည် **"လူသိများမှာ ကြောက်လို့၊ နာမည်ကြီးမှာ ကြောက်လို့"**မဟုတ်ပါ။ **လူသိ မများလို၍၊ နာမည်မကြီးလို၍ ဖြစ်သည်။** အလိုနည်းခြင်းကို ရည်ညွှန်းသည်။

ပရိသတ် လူအများနှင့် မလွှဲမရှောင်သာသည့် အခြေအနေတွင် ဆွေးနွေးပြောဆို၊ တရားဓမ္မ ဟောကြားရမည်ဆိုပါက မကြောက်မရွံ့ ရဲရဲဝံ့ဝံ့ ဟောကြားတော်မူမည်ဖြစ်ကြောင်း ဆရာတော်၏ ဓမ္မဆောင်းပါးများအရလည်းကောင်း၊ မိမိကိုယ်တိုင် ဖူးမြော်လျှောက်ထားကြုံတွေ့ခဲ့ရသည့် အတွေ့အကြုံ အရသော် လည်းကောင်း အခိုင်အမာ ယုံကြည်မိပါသည်။

ထို့ကြောင့် ဆရာတော်အရှင်ဝိလာသ ခွင့်ပြုတော်မူသော ဓာတ်ပုံများနှင့် စွန့်လှူတော်မူသော စာအုပ်၊ စာတမ်းများအရ ဂန္ဓာရုံဘုံကျော်တောရ၏ တတိယစာမျက်နှာကို ဖွင့်လှစ်ပူဇော်ပါမည်။

## ဂန္ဓာရုံဘုံကျော်တောရ

## တတိယစာမျက်နှာ

ဆရာတော် ဦးဝိလာသသည် မြို့ပေါ်



www.burmeseclassic.com

www.burmeseclassic.com



သိမ်အနောက်မှ စံကျောင်းတော်

မြို့ ဘုရားငါးဆူကျောင်းတိုက်တွင် စာဝါပို့ချ၍ တစ်နှစ်ခန့်အကြာတွင် အမရပူရ မဟာဂန္ဓာရုံကျောင်းတိုက်သို့ ပြန်လည်ရောက်ရှိ၍ ပဋ္ဌာန်း၊ ဆန်းနှင့် ရူပသိဒ္ဓိစာဝါများ ပို့ချပေးခဲ့သည်။

ထိုမှ မဟာဂန္ဓာရုံနာယက ဆရာတော်များ၏ တာဝန်ပေးချက်အရ ၁၉၈၇ ခုနှစ်၊ ဒီဇင်ဘာလတွင် တောင်တွင်းကြီးမြို့နယ်၊ ဆတ်သွား ကျေးရွာအနီးရှိ ဂန္ဓာရုံဘုံကျော်တောရ တွင် ပဓာနနာယကအဖြစ် ကြွရောက် တာဝန်ယူတော်မူရသည်။

စတင်ရောက်ရှိစဉ် မိမိကိုယ်ကို ယုံကြည်မှုရှိသော်လည်း ဒကာ၊ ဒကာမ ပရိသတ်အများနှင့် ဆက်ဆံသည့် အလေ့အထ နည်းပါးသဖြင့် စာသင်တိုက်ကြီးကို ဦးဆောင်ရန် အနည်းငယ် ဝန်လေးမိသည်။

သို့သော် အားကိုးရလောက်သော စာချဆရာတော် သုံးပါးလည်း အတူပါလာသဖြင့် သူတို့၏ စွမ်းအားကြောင့် ပရိသတ်ဒါယကာ အတန်ပင် စည်ကားလာသည်။

တောမကာ မြို့မကျသည့် ရွာကြီးတွင် စာသင်တိုက်ကြီး ဖြစ်ပေါ်လာသဖြင့် ဒေသခံတို့ ဝမ်းမြောက်ဂုဏ်ယူကြသည်။

မကြာလှသော ကာလအတွင်း စာချဆရာတော်သုံးပါးမှာ ရန်ကုန်၊ မန္တလေး၊ အမရပူရ စသည်တို့သို့ ပြောင်းရွှေ့သွားကြရာ ဆရာတော် တစ်ပါးသာ ကျန်သဖြင့် စာချအင်အား နည်းသွား၏။ စာချအားနည်းသဖြင့် စာသင်သားများလည်း ပြောင်းရွှေ့ လျော့နည်းသွား၏။

ဆရာတော်မှာ အတန်ပင် စိတ်ဓာတ်ကျသွား၏။ အမရပူရ ဂန္ဓာရုံကျောင်းသို့ ပြန်၍ စာချရကောင်းမလားဟု အတွေး

ဝင်မိသော်လည်း ယင်းသို့ ပြန်သွားပါ
က ပေးအပ်သော တာဝန်ကို မကျေပွန်
ခြင်းဖြစ်သည်။

ဤသို့မူ အဖြစ်မခံနိုင်ပါ။ စာသင်
တိုက် မဖြစ်ဖြစ်အောင် ကြိုးစားရမည်။
စာသင်တိုက် မဖြစ်သော်မှ ရိပ်သာ
တော့ ဖြစ်အောင် အားထုတ်ရမည်။

ဤသို့ စဉ်းစားဆင်ခြင်ကာ ကိုယ့်
ကိုယ်ကိုယ် အားပေးသည်။ ကိုယ့်အား
ကိုယ်ကိုးရမည်။ သို့သော် ကိုယ်ခန္ဓာ
သည် ကမ်းနားသစ်ပင်ပမာ မခိုင်မြဲပါ
ယိုင်လဲတတ်သော အနိစ္စတရားသာ
ဖြစ်၍ တကယ်အားကိုးရမှာက ဓမ္မသာ
ဖြစ်သည်။ **ဘယ်ဓမ္မကို အားကိုးရ
မည်နည်း။**

နိကာယ်များကို လေ့လာကြည့်ရာ
**အင်္ဂုတ္တရနိကာယ် ဒသကနိပါတ်
နာထသုတ်တော်တွင်** အားကိုးဝ
တရားဆယ်ပါးရှိကြောင်း ရှင်



www.burmeseclassic.com

www.burmeseclassic.com



တောရတွင်း မြင်ကွင်းတစ်ခု

…ရား ဟောကြားထားသည်။

နှလုံးသားတွင် အစဉ်ထာဝရ အားကိုးရလောက်သည့် တရားဆယ်ပါး ရှိပေသည်။

၁။ ရိက္ခာထက် တန်ဖိုးကြီးသော ကိုယ်ကျင့်သိက္ခာရှိခြင်း။
၂။ အမြင် အကြား အတွေ့အကြုံများခြင်း။
၃။ မိတ်ကောင်းဆွေကောင်း ဆရာကောင်း ရှိခြင်း။
၄။ ဗုဒ္ဓ၏ စကားတော်ကို ရိုသေစွာ လိုက်နာခြင်း။
၅။ ကိုယ့်ဆိုင်ရာလုပ်ငန်း၌ ကျွမ်းကျင်လိမ္မာခြင်း။
၆။ တရားတော်ကို ချစ်မြတ်နိုးခြင်း။
၇။ ဘယ်လောက်ပင် အခက်အခဲ တွေ့တွေ့ နောက်မဆုတ်ဘဲ ဇွဲဖြင့် ကျော်ဖြတ်ခြင်း။
၈။ အတိတ်အနာဂတ်ကို တွေးမနေဘဲ ပစ္စုပ္ပန်မှာ ရှိတာလေးနှင့် ရောင့်ရဲခြင်း။
၉။ ပြောရာပြုရာ ကြံတွေးရာ နေရာတိုင်းမှာ သတိရှိခြင်း။
၁၀။ ကြောင်းကျိုးမြင် သိဉာဏ်ပညာ ရှိခြင်း…

စသည့် အားကိုးစရာ တရားဆယ်ပါးတွင် (၃-ကလျာဏမိတ္တ) မိတ်ကောင်းဆွေကောင်း ဆရာကောင်း ရှိခြင်းသာ ပြင်ပတရားဖြစ်၍ ကျန်(၉)ပါးမှာ မိမိအတွင်းသန္တာန်၌ ဖြစ်ပွားလာအောင် ကြိုးပမ်းရမည့် တရားများဖြစ်သည်။

ထိုကလျာဏမိတ္တသည် ပြင်ပတရားပင်ဖြစ်သော်လည်း မိမိ၏ နှလုံးသားကို မှတည်အရင်းပြု၍ ရနိုင်သော တရားဖြစ်သည်။ အရင်းပြုရန်မှာ…

★ ပေးနိုင်ရန် ခက်ခဲသော အခွင့်အရေးကို ပေးမည်။
★ ပြုနိုင်ရန် ခက်ခဲသော တန်းတူထားမှု စသည်ကို ပြုမည်။
★ သည်းခံနိုင်ရန် ခက်ခဲသော အပြစ်ကို သည်းခံခွင့်လွှတ်မည်။

ဤသို့ဆိုလျှင် မိတ်ကောင်း ဆွေကောင်း အဖော်ကောင်းဟူသည် မဝေးတော့ပြီ။ ဆရာတော်သည် လှိုင်းလေကြားမှ ပျဉ်ချပ်ကလေးကို ဖက်တွယ်ကာ ပင်ပန်းစွာ ကူးခတ်နေချိန်၌ သစ်ပင်စိမ်းညို့ညို့နှင့် ကျွန်းကလေးကို တွေ့ရသကဲ့သို့ ခံစားမိရသည်။ မိမိ၏ သန္တာန်၌ အားကိုးစရာ တရားများ ပြည့်စုံလာရေးကိုသာ အစဉ်မပြတ် ကြိုးစားတော့သည်။

ဤသို့ဖြင့် အချိန်အသင့်အတင့် ကျော်ဖြတ်ပြီးသောအခါ စာသင်၊ စာချ သံဃာများ အထိုက်အလျောက် ပြည့်စုံလာသည်။ ရဟန်းသာမဏေတို့သည် ပရိယတ်နှင့် ပဋိပတ်တာဝန်ကို တွဲဖက်၍ ဆောင်နေကြပြီ။ ဒကာ ဒကာမများလည်း စွမ်းအားရှိသလောက် ထောက်ပံ့ပေးကြသည်။

ယခင်က တောရွာ စာသင်တိုက်ဖြစ်၍ စာသင်စာချ သံဃာ မမြဲလေသလား၊ ကျောင်းထိုင်ဆရာတော်ကပင် ဆက်ဆံရေး စည်းရုံးရေး ညံ့လေသလားဟူသော မျက်လုံးများသည်လည်း ယုံကြည်အားကိုးသော အရောင်များ လွှမ်းလာကြလေသည်။

ရဟန်း သာမဏေ၊ ဒကာ ဒကာမများသည် ဆရာတော် မကြာခဏ ဟောကြားလေ့ရှိသည့် အားကိုးစရာ တရားဆယ်ပါးကို နာယူကာ လက်တွေ့ကျင့်သုံးနိုင်အောင် ကြိုးပမ်းနေကြလေပြီ။

ယခုအခါ ဘုံကျော်တောရတွင် ရဟန်းသာမဏေ (၁၂၀)ခန့်ရှိသော်လည်း စာဝါနားချိန်၊ ဆွမ်းဘုဉ်းချိန်များတွင် တရုန်းရုန်းနှင့် ဆူညံနေခြင်း မရှိ။ စည်းကမ်း သေဝပ်စွာဖြင့် မိမိတာဝန်ကျေပွန်အောင် ဆောင်ရွက်နေကြသည်ကို မြင်တွေ့ရ၏။ ပကတိ ဆိတ်ငြိမ်အေးချမ်းသော တောရကလေး ဖြစ်ပေသည်။

ဘုံကျော်ဆရာတော် ရေးသားသည့် **"ကျွန်းကလေးဥပမာ"** ဆောင်းပါးမှ ထုတ်နုတ်ပါသည်။

**ဘုန်းကျော်စွာ**
***(မြိုင်တက္ကသိုလ်)***



www.burmeseclassic.com

www.burmeseclassic.com



အောင်ကြောင်းဝေဖြာ

# အောင်စကြာ

ဩကာနန္ဒ
(ကျိုက်လတ်)

ကျွန်ုပ် ယခု ရေးသားဖော်ပြပေးမည့် မန္တန်မှာ လူသိ အလွန်နည်းလှသော မန္တန်တစ်ပုဒ်ပင် ဖြစ်ပါသည်။ ဘာသာရေး ဂမ္ဘီရလိုင်းစာအုပ်၊ မဂ္ဂဇင်း၊ ဂျာနယ် တို့တွင်လည်း ရေးသားသူ အလွန်နည်းပြီး အလွန် တွေ့ရခဲသော မန္တန်တစ်ပုဒ်ပင် ဖြစ်ပါသည်။

ထိုမန္တန်၏ အမည်မှာ **အောင်စကြာမန္တန်** ဖြစ်ပါသည်။ ထိုမန္တန်ကို အဘိုးဖြစ်သူသည် ကျွန်ုပ်အား အလယ်တန်းကျောင်းသားဘဝကတည်းက ပါဠိရော အနက်ပါ သင်ကြားပေးခဲ့ပါသည်။

ထိုစဉ်က ကျွန်ုပ်သည် အောင်စကြာမန္တန်ကို နေ့စဉ် သက်စေ့ရွတ်ဖတ်ပူဇော်ရပါသည်။ အဘိုးဖြစ်သူအား ကျွန်ုပ်က…

'အဘ ဒီမန္တန်ရွတ်ရင် ဘာဖြစ်မှာလဲ'

ဟု မေးမြန်းခဲ့ရာ အဘိုးဖြစ်သူက…

'ဒီမန္တန်ရဲ့ နာမည်က အောင်စကြာတဲ့ ငါ့မြေးရဲ့ စကြာဆိုတာ ငါ့မြေး တွေ့ဖူးပါတယ်။ စကြာဆိုတာ လည်နေတတ်တဲ့သဘော ရှိတယ်။ အောင်စကြာဆိုတော့ အောင်မြင်မှုတွေဟာ လည်ပတ်နေတော့တာပေါ့။ အောင်မြင်မှုတွေ စဉ်ဆက်မပြတ် ရရှိစေတဲ့ မန္တန်ပေါ့ကွာ'

ဟု ပြန်လည် ဖြေကြားခဲ့ပါသည်။

ကျွန်ုပ်သည် နှစ်နှင့်ချီ၍ ရွတ်ဖတ်လာသောအခါ ထိုမန္တန် ရွတ်ဖတ်နေရသည်ကို အလွန်သဘောကျ ကျေနပ်နှစ်သက်လာခဲ့ပါသည်။ သဘောခွေ့အာတွေ့လာခဲ့ပါသည်။ ထိုမန္တန် ရွတ်နေရလျှင် အလွန်ပျော်ရွှင် ကြည်နူးနေပြီး စိတ်ဓာတ်များ တက်ကြွရွှင်လန်းနေတတ်ပါသည်။

**[ဤမန္တန်ကို လေးလေးမှန်မှန် ပီပီသသ ဌာန်ကရိုဏ်းကျကျ ရွတ်ဖတ်ကြည့်ပါ။ အသံစွမ်းအင် အင်အားများ ပြည့်ဝလျက် ရှိသည်ကို လက်တွေ့ သိရှိရပါမည်။]**



ထို့ပြင် အောင်စကြာမန္တန်သည် ကျွန်ုပ်အား မည်သည့်အခက်အခဲ ပြဿနာကိုမဆို အောင်မြင်စွာ ကျော်လွှားအနိုင်ရရှိစေမည့် အလွန် အားကိုးအားထားရသော လက်နက်ကောင်းကြီးသဖွယ် ဖြစ်သည်ဟုလည်း ခိုင်ခိုင်မာမာဖြင့် အပြည့်အဝ ယုံကြည်မှု ရှိလာခဲ့ပါသည်။

ယနေ့အချိန်အထိ တွေ့ကြုံလာခဲ့ရသော လောကဓံတရား အခက်အခဲ အကျပ်အတည်း ပြဿနာအမျိုးမျိုး အဖုံဖုံတို့ကို ကျွန်ုပ်သည် ဤမန္တန်ဖြင့်ပင် အဓိဋ္ဌာန်ဝင်ကာ ကောင်းစွာဖြေရှင်းနိုင်ခဲ့ပြီး ပြေလည်မှု၊ ကျေလည်မှုများနှင့် အောင်မြင်မှု အဖြာဖြာကို တစ်ခုပြီး တစ်ခု တစ်ဆင့်ပြီးတစ်ဆင့် လက်ဝယ်ပိုင်ပိုင် ရရှိပိုင်ဆိုင်ခဲ့ရပါသည်။

အဓိဋ္ဌာန်ဝင်သည် ဆိုသည်မှာလည်း ရက်ရှည်ကြီးဝင်သော အဓိဋ္ဌာန်မျိုး မဟုတ်ပါ။ ကျွန်ုပ်သည် အောင်စကြာမန္တန်ကို တစ်နေ့လျှင် (၁၀၈) ခေါက်နှုန်းဖြင့် (၉)ရက်သာ အဓိဋ္ဌာန်ထား၍ ရွတ်ဖတ်ပူဇော်လေ့ ရှိပါသည်။

များသောအားဖြင့် တွေ့ကြုံနေရသော အခက်အခဲ ပြဿနာ အရပ်ရပ်တို့သည် (၉)ရက်ပြည့်အောင်ပင်မစောင့်ရဘဲ ပိန်းကြာရွက်ပေါ်မှ ရေလျှောကျသကဲ့သို့ လည်းကောင်း၊ နေလာနှင်းပျောက် ဆိုသကဲ့သို့ လည်းကောင်း လျှောကျ ပျောက်ကွယ်ကြသည်ချည်းသာ ဖြစ်ပါသည်။

တလောက မြို့နီးချုပ်စပ်မြို့ကြီးတစ်မြို့မှ အဆိုဝါသနာရှင်လေးတစ်ဦးသည် ကျွန်ုပ်၏ အိမ်သို့ စုံစမ်းမေးမြန်းကာ ရောက်ရှိလာပြီး မကြာမီ သွားရောက်ပြိုင်ဆိုင်ရမည့် သီချင်းအဆိုပြိုင်ပွဲ လူရွေးချယ်ပွဲတွင် ပါဝင်နိုင်မနိုင်နှင့် ပါဝင်ရွေးချယ် ခံရအောင် ယတြာ အစီအရင်ကို လာရောက်တောင်းခံပါသည်။

ကျွန်ုပ်က သူ့ဇာတာအား တွက်ချက်ကြည့်သောအခါ အနေအထား



www.burmeseclassic.com

www.burmeseclassic.com

များ မဆိုးသဖြင့် သူကလည်း ဘာသာတရားနှင့် နီးစပ်သူ ဖြစ်လေရာ အောင်စကြာမန္တန်ကို တစ်နေ့လျှင် (၁၀၈)ခေါက်နှုန်းဖြင့် (၉)ရက်တိတိ အဓိဋ္ဌာန်ဝင်ပါ။ နေ့စဉ်ရွတ်ဆိုပြီးတိုင်း ကိုယ်ရွတ်ဆိုခဲ့သည်ကို သစ္စာဆိုပြီး ပြိုင်ပွဲမှာ ရွေးချယ်ခံရပါစေကြောင်း မိမိအလိုရှိသလို နေ့တိုင်း ဆုတောင်းပါ။ (၉)ရက် မပျက်မကွက် လုပ်ဖြစ်အောင်လုပ်ပါဟု လမ်းညွှန်တိုက်တွန်းခဲ့ပါသည်။

နောက်တစ်လအကျော်တွင် ကျွန်ုပ်သည် သူ့အတွက် စိုးရိမ်နေရမှုနှင့် ရင်တထိတ်ထိတ် ဖြစ်နေခဲ့ရမှုများတို့သည် လုံးဝ ပျောက်ကွယ်သွားပြီး ရင်အေးစိတ်အေးကာ စိတ်နှလုံး တုံးတုံးချ ပျော်ရွှင်သွားခဲ့ရပါသည်။

အဘယ်ကြောင့်ဆိုသော် ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသခဲ့သော သီချင်းဆိုပြိုင်ပွဲ အစီအစဉ်တွင် ရွေးချယ်ခံရသည့် ဝါသနာရှင်(၈)ဦးတွင် ထိုအဆိုဝါသနာရှင်လေး ရွေးချယ်ခံရသည်ကို တီဗွီဖန်သားပြင်ဝယ် အံ့သြဖွယ် မျက်ဝါးထင်ထင် မြင်တွေ့ခဲ့ရသောကြောင့်ပင် ဖြစ်ပေတော့သတည်း။

---

**အောင်စကြာမန္တန်တော်ကြီး**

---

ဗုဒ္ဓံ မဟာဒယံ မဟာပည်၊
မဟာတေဇံ မဟာဝီရံ၊
ဂုဏာလယံ ကတပုည်၊
ဓမ္မရာဇံ နမေ ဇိနံ။

ခဲ့သော ပါဠိအသံထွက်

**မဟာပည်** = မဟာပင်ညံ
**ကတပုည်** = ကတပုန်ညံ

**အနက်**

**ဗုဒ္ဓံ** – ဘုရား, တရား, သံဃာ မြတ် အို...သုံးပါးနတ်၊



**မဟာဒယံ** – ကြီးမြတ်သော သနားကြင်နာခြင်းနှင့် လည်း ပြည့်စုံထသော၊
**မဟာပည်** – ကြီးမြတ်သော ပညာနှင့်လည်း ပြည့်စုံထသော၊
**မဟာတေဇံ** – ကြီးမြတ်သော ဘုန်းတန်ခိုးနှင့်လည်း ပြည့်စုံထသော၊
**မဟာဝီရံ** – ကြီးမြတ်သော လုံ့လလည်း ရှိထသော၊
**ဂုဏာလယံ** – ဂုဏ်ကျေးဇူး အပေါင်းတို့၏ စုဝေးတည်ရာလည်း ဖြစ်ထသော၊
**ကတပုည်** – ပြုအပ်ပြီးသော ဘုန်းကံပါရမီလည်း ရှိထသော၊
**ဓမ္မရာဇံ** – တရားမင်းလည်း ဖြစ်ထသော၊
**ဇိနံ** – မာရ်ငါးပါးကို အောင်မြင်တော်မူပြီးသော မြတ်စွာဘုရားကို၊
**နမေ** – နမာမိ ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏။

**အောင်စကြာမန္တန်သည်** ဘုရားရှိခိုးမန္တန်တစ်ပုဒ်ဖြစ်ကာ အလွန်ပင် အစွမ်းထက်လွန်းလှပါသည်။ စာမေးပွဲ အင်တာဗျူး အကူအညီတောင်းခံ၊ အမှုရင်ဆိုင်၊ အကြွေးတောင်း အစရှိသည့် အောင်မြင်စေလိုသော ကိစ္စများနှင့် လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ အိမ်ထောင်ရေး၊ ကံပွင့်ကံမြင့်စေရေး အစရှိသည့် အရေးပေါင်းစုံတို့တွင် တွေ့ကြုံရင်ဆိုင်နေရသည့် (မိမိဘက်က မှန်ကန်နေသည့်) အခက်အခဲ ပြဿနာ အကျပ်အတည်း အဆင်မပြေမှုများစွာကို ကောင်းစွာ ကျော်လွှားအနိုင်ရစေကာ လောကီ၊ လောကုတ်နှစ်ဖြာတွင် အောင်မြင်မှုသရဖူ ဆောင်းစေနိုင်သည့် မန္တန်တစ်ပုဒ်ပင် ဖြစ်ပါသည်။

ရွတ်ဖတ်ရမည့် အကြိမ်အရေအတွက်၊ အဓိဋ္ဌာန်ဝင်ရမည့်နေ့ အရေအတွက်တို့သည် သတ်မှတ်ချက် မရှိပါ။

မိမိတို့၏ အနေအထား အချိန်ရမှု မရမှုအပေါ် မူတည်၍ လိုက်လျောညီထွေ စိတ်ကြိုက် သတ်မှတ်ကာ အဓိဋ္ဌာန်ဝင်နိုင်ပါသည်။

မည်သည့် အခက်အခဲ ပြဿနာများ မရှိပါကလည်း ဤမန္တန်ကို နေ့စဉ်(၉) ခေါက်သော် လည်းကောင်း၊ သက်စေ့သော်လည်းကောင်း ရွတ်ဖတ်ပူဇော်ပေးသွားပါ။

ထိုသို့ ဆောင်ရွက်ပေးခဲ့လျှင် အန္တရာယ်ရန်စွယ် ကင်းရှင်း၍ ကောင်းခြင်းမင်္ဂလာ အဖြာဖြာနှင့် ပြည့်စုံပြည့်ဝစေကာ လိုအင်ဆန္ဒဟူသမျှ ဘဝနှင့်ထပ်တူကျပြီး အောင်မြင်မှု သရဖူကို ရေရှည်တည်တံ့အောင် ထိန်းထားနိုင်မည် ဖြစ်ပါကြောင်း စေတနာကောင်းရှေ့ထားကာ ရေးသားလိုက်ရပါသည်။

***ဘဝ အစစ လှကြပါစေ။***

**အောင်နန္ဒစံ(ကျိုက်လတ်)**

**နဂ္ဂဟျွှာချောင်းခြည်မဂ္ဂဇင်း၁၂၅ရ**

www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

# သားမင်း နုလုံးသည်းခြေဆေး

အမှတ်တံဆိပ်

၀၂၁၁Y၀၀၈၉၅၄ လိုင်စင်၇/၂၀၀၈/တဆထလ (၁၆၂၅)
ကြော်ငြာခွင့်ပြုချက် တဆ၀က (စာနယ်ဇင်း) ၁၆၉/၀၂၀၁၀

ကလင်…ကလင်ဆိုတဲ့ ခေါင်းလောင်းသံကြောင့် တံခါးဖွင့်လိုက်ရာ ရ–လွှာ တက်လာသော ဘရဏီကို တွေ့လိုက်ရသည်။

''တံခါးဖွင့်ပါဦး သရဖီရယ်… မောလိုက်တာ… နောင်ဆို ရ–လွှာမှာမနေဘဲ တာဝတိံသာတက်နေ'' ငေါ်ငေါ်တူးတူး ပြောလိုက်သော ဘရဏီစကားကြောင့် သရဖီက ရယ်ကျဲကျဲလုပ်ရင်း…

''နောက်မှပဲစိတ်ဆိုး… ခုတော့ အမောပြေ ဒီဆေးလေးသောက်လိုက်… အမောတွေ ပြေသွားစေရမယ်''



အမောပြေ၊ လန်းဆန်း၊ ကျန်းမာဖို့
**သားမင်း** (အမှတ်တံဆိပ်)
နုလုံးသည်းခြေဆေးကို သုံးစွဲကြစို့

ဆေးလက်ဖက်ရည်ဇွန်း တစ်ဇွန်းခန့် ရေအေးနှင့်သောက်ပြီး ခဏ ဘရဏီ မျက်နှာ ရွှင်ပျလာသည်။

''ဟယ်…ဆေးကလဲချိုချဥ်အရသာလေးနဲ့ ကောင်းလိုက်တာ… အမောကို ပြေသွားတာပဲ… အခု ငါ့ကို တိုက်တာ ဘာဆေးလဲဟင်''

''ငါတို့မိသားစု အမြဲ သုံးစွဲနေတဲ့ **သားမင်း၊ အမှတ်တံဆိပ် နုလုံးသည်းခြေဆေးပါ**''

ထိုစဉ် ဘရဏီ၏ မိခင် ဒေါ်မာလာရောက်လာကာ ''ဟုတ်တယ်… ဘရဏီရေ… ဒေါ်ဒေါ်တို့က ရ–လွှာမှာနေကြတဲ့သူတွေဆိုတော့ မိတ်ဆွေတစ်ယောက်ရဲ့ ဆေးလမ်းညွှန်မှုကြောင့် **သမားတော် ဦးကိုကိုကြီး ဖော်စပ်ထားတဲ့ သားမင်းအမှတ်တံဆိပ် နုလုံးသည်းခြေဆေး**ကို အမြဲသုံးစွဲနေတာ သရဖီ ရုံးသွားရုံးပြန်သောက်တဲ့ ဆေးဖြစ်သလို ဒေါ်ဒေါ်လည်း ဈေးသွားဈေးပြန်သောက်ရတဲ့ ရ–လွှာအတွက် အမောပြေဆေးပါပဲကွယ်''

''ခုနက သရဖီပြောလိုက်တာ နုလုံးသည်းခြေဆေး ဟုတ်လား''

''ဟုတ်တယ် ဘရဏီ… နုလုံးသည်းခြေဆေးပါ… နုလုံးကောင်းမှ သည်းခြေနဲ့သွေးဟာ တစ်ကိုယ်လုံးပျံ့နှံ့သလို သွေးနဲ့ အဇ္ဈတ္တသည်းခြေရောစပ်ကာ တစ်ကိုယ်လုံးပျံ့နှံ့ပြီး နုလုံးကို ပြန်စောင့်ရှောက်တာလို့ မြန်မာ့တိုင်းရင်းဆေးပညာကို လေ့လာထားလို့ ငါသိရတာ''

''နုလုံးသည်းခြေဆေးဟာ နုလုံးအတွက်ရော သည်းခြေအတွက်ပါ အကျိုးပြုတယ်ဆိုရင် လူတိုင်း သုံးစွဲသင့်တဲ့ ဆေးတစ်လက်ပဲပေါ့… ဒါဆိုရင် အသက်ကြီးပြီဖြစ်တဲ့ ငါ့ရဲ့ဖေဖေနဲ့ မေမေကို သုံးစွဲဖို့ အသိပေးရဦးမယ်… အဲဒီ သားမင်းအမှတ်တံဆိပ် နုလုံးသည်းခြေဆေးဟာ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်တယ်ဆိုတာ ပြောပြပေးပါဦး သရဖီ''

''ပြောပြမယ်… သေသေချာချာ နားထောင်… နုလုံးသည်းခြေအားနည်းခြင်း၊ နုလုံးသွေးကြောကျဉ်းခြင်း နုလုံးသွေးကြောကျယ်ခြင်း၊ နုလုံးသွေး ကြော အဆီပိတ်ခြင်း၊ နုလုံးကြွက်သား များ အားနည်းခြင်း၊ ရောင်ခြင်း၊ နုလုံးတု ရင်ခုန်ခြင်း၊ အသက်ရှူမဝခြင်း၊ အသ ရှူကျပ်ခြင်း၊ နုလုံးခုန်မမှန် မူးဝေ မောပ ခြင်းများကို ရေအေး(သို့မဟုတ်) ဆီးဖျေ ရည် ရရာနှင့် သုံးစွဲနိုင်တယ်တဲ့''

''ဒါဆိုရင် လူတိုင်းနဲ့ သင့်လျော် ဆေးကောင်းတစ်လက်ပဲ ဆက်ပြောပါ သရဖီ''

''ရင်ညွန့်၌ စူးအောင့်ခြင်း၊ ကျောနှင့် ညှပ်အောင့်ခြင်း၊ နုလုံးစူး၍အောင့်ခြ ရင်ဝပူ၍ မအီမသာဖြစ်ခြင်း၊ လေးလံထိုင်းမှိုင်းခြင်း၊ အနည်း လှုပ်ရှားရုံနှင့် မောပန်းနွမ်းနယ်နေခြင်း၊ ဒေါသကြောင့်ဖြစ်စေ၊ ဝိ ကြောင့်ကြ ထိတ်လန့်ခြင်းကြောင့်ဖြစ်စေ၊ နုလုံးတုန် ရင် မောပန်းခြင်းများကို ရေအေး (သို့မဟုတ်) ကြံရည်ရရာနှင့် သုံ နိုင်ပါတယ်…

ဆက်နားထောင် ဘရဏီ… နှစ်မြိုက်စွာ အိပ်မပျော်သူ စိတ်ဖိစီးမှုများ၍ စိတ်မကြည်လင်သူ၊ စိတ်ရောကိုယ်ပါ ပင် နွမ်းနယ်သူများ၊ အားအင်ကုန်ခန်းသူ၊ သတိမှတ်ဉာဏ်နည်းသူ အထူးသဖြင့် အိပ်ပျက်ခံ ကျက်မှတ်ရသော စာသင်သား၊ ဓ သံဃာများ၊ ကျောင်းသူကျောင်းသားများ၊ စိတ်ရောကို မောပန်းနွမ်းနယ်သာ ကာယ၊ ဉာဏ လုပ်သားများ၊ နာလ လူနာများ၊ သက်ကြီးရွယ်အိုများ၊ ရေအေး (သို့မဟုတ်) ပျား နေ့စဉ် သုံးစွဲပါက ပင်ပန်းမှုပြေပျောက်လျက် စိတ်ကြည် လန်းဆန်းစေပါတယ်။

အပူအပုပ်များသူ၊ ဆီးနီ၊ ဆီးနည်းသူများ ရေအေး (သို့မ မန်ကျည်းဖျော်ရည်နဲ့ သုံးစွဲနိုင်ပါတယ်။ အထူးသဖြင့် နုလုံး သွေးအား၊ သည်းခြေအားနည်းသူများ၊ နုလုံးရောဂါရှ ပုံမှန်သောက်သုံးသင့်ပြီး အရွယ်တင်နုပျိုလိုသူ၊ သွေးတိုး နုလုံးရောဂါ၊ လေငန်းရောဂါ ကာကွယ်လိုသူများအတွက် သောက်သုံးသင့်တဲ့ ဆေးတစ်လက်ဖြစ်ပါတယ်တဲ့ ဘရဏ

''အဲဒီလောက်ကောင်းတဲ့ **သားမင်း အမှတ်တံဆိပ် သည်းခြေဆေး**ကို ငါတို့မိသားစုလဲ သုံးစွဲမယ် လိုအပ်တဲ့ လဲ သုံးစွဲနိုင်အောင် ပြည်ပေါ်မှာ ရွှေကြော်ငြာထုတ်လုပ် ဘရဏီရယ်…''

**ပင်ရင်း-သားမင်းဆေးတိုက်** အမှတ် (၁၁၁၃)၊ ကုန္ဒာ(၁၀)လမ်း၊ ၄/ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ☎၀၁-၇၀၅၃၆၄ ၊ ၀၉



www.burmeseclassic.com

www.burmeseclassic.com

နယ်ခြားတောင်တန်းသာသနာပြု ဆရာတော်၏

# မေတ္တာသခိုးဝင်

**ဒေါ်သုဇာနုဝိစိတ္တ**
**(B.Sc,H.G.P, Dip Ed)**



၁၉၈၉ ခုနှစ်က ဖြစ်ပါသည်။ ...ယ်ခြား တောင်တန်းသာသနာပြု ...ရာတော်ဦးဥတ္တမသာရ မိုးကောင်း ...သို့ ကြွလာပါသည်။

ဆရာတော်ကြီးသည် ဖလမ်းမြို့ ...ချင်းပြည်နယ်)မှ သွားရသော ခန္တီ ...တောင်ပေါ်မှာ သီတင်းသုံးပါသည်။ ...ချင်းတောင်၌ သာသနာပြုနေပါသည်။ ...တစ်ပါးတည်း ကေစာရီကျင့်နေပါ ...သည်။ မေတ္တာပိုင်ရှင်ကြီးပါ။

ဆရာတော်ကြီး၏ ဓာတ်ပုံများကို ...ဟာ(ဒေါ်ခင်သူဇာမြင့်)မှ ဖော်ပြ ...ခြင်း၊ ဆရာတော်၏ စာအုပ်များ ...ငှ် ပါဝင်ခြင်းကြောင့် မဖူးဘူးသော် ...ည်း ရေးရိုးဘုန်းကြီး(ဆရာတော်၏ ...ရေးအသားအရ)ကို ရင်းနှီးပြီးသား ...ခဲ့ရပါသည်။ ဆရာတော်ကြီး၏ ...များကို ဖတ်မိခဲ့ရ၍ လည်းကောင်း ...ရာတော်ကို ကြည်ညိုရင်းစွဲ ရှိခဲ့ပြီး ...ရပါသည်။

...မေတ္တာတန်ခိုးကြောင့် ကျားသစ်များ ...ကြပါ။ အလွန် အဆိပ်ပြင်းထန် ...သော မြွေများ မတုပ်ပါ။ ချင်းတိုင်းရင်း ...တစ်ယောက်က ဆရာတော်ကြီး ...နောက်မှ တူမီးသေနတ်ဖြင့် ပစ် ...လည်း ကျည်ဆန်မထိခဲ့ပါ။ ...တိုင်းရင်းသားများ တောပစ်ရန် ...၍ ဆရာတော်ကြီးက မေတ္တာပို့ ...သော ကျားကို မပစ်နိုင်ပါ။

...သာစောင့်နတ်၊ တောင်စောင့် ...ဝိဇ္ဇာ၊ ဇော်ဂျီများ ဆရာတော်ထံ လာရောက်ကြပါသည်။ မြွေဘဝ အကြိမ်ကြိမ်ဖြစ်ရသော (ကပ္ပိယချင်းတွမ်မှူ)အကြောင်း လူတိုင်း စိတ်ဝင်စားကြပါသည်။

ဆရာတော်ကြီး ရေးသော စာများမှာ ဗဟုသုတလည်းရ ဆွဲဆောင်မှုနောက်သို့ လိုက်ပါရပါ၏။ စကားပြေသာမက ကဗျာရေးဖွဲ့ရာတွင်လည်း ကောင်းလှပါ၏။ အလောင်းတော်သုမေဓာ၏ ဘဝကို ဖွဲ့နွဲ့ရေးသားရာတွင် ကြည်ညိုဖွယ်ရာ ပေါ်လွင်အောင် ရေးသားနိုင်ပါသည်။

ဆရာတော်ကြီး၏ စာများအရ ဆိုသော် ဆရာတော်ကြီးသည်လည်း ဆုကြီးပန်ပုဂ္ဂိုလ်မြတ် တစ်ပါးပါ။ ရဟန်းဘဝချမ်းသာစာအုပ်ကို ဖတ်ရှုခြင်းဖြင့်လည်း အားကျမိရပါသည်။ (စာရေးသူ တိုင်းပြည်ရပ်ခြား၊ သူတစ်ပါးနိုင်ငံကို သွားရောက်သော အခါသော်မှ တောင်တန်းဆရာတော်ကြီး၏ စာအုပ်များကို ယူဆောင်သွားပါသည်။)

တောကျောင်း၌ ဧကစာရီ ကျင့်နေစဉ် သကၤန်းများ လိုသောအခါ ခြင်ထောင်ကို ဖျက်၍ သင်္ကန်းအဖြစ်ချုပ်ခြင်း၊ ဆိုးခြင်းများကို ရေးသားထားသောအခါ ဆရာတော်၏ ပါရမီကို ကြည်ညိုမိပါသည်။ **(စာရေးသူ–သီလရှင် စဝတ်ကတည်းက တောကျောင်း၌ တစ်ပါးတည်းကျင့်ခြင်း၊ ဝတ်ရုံများချုပ်ခြင်းသည် ဆရာတော်ကြီးကို ပူဇော်သောအားဖြင့် ပြုခြင်း ဖြစ်ပါသည်။)**

ဆရာတော်ကြီး ရခိုင်ပြည်နယ် တောင်ကုတ်လမ်းအတိုင်း (ပြည်–ပန်းတောင်း–ညောင်ချိုး လမ်းအတိုင်း) အိန္ဒိယနိုင်ငံသို့ သွားရောက်ခဲ့ပါသည်။

ချင်းရွာမှ ကပ်လှူသောဆွမ်း (တောင်ယာဆန်နီ၊ ဟင်းသီး,ရွက်အစုံကို ဆီမပါ ရေဖြင့် ပြုတ်ထားသော ဆွမ်းဟင်း၊ ဆန်ကောစုတ်၊ လင်ပန်းစုတ်ဖြင့် ကျွေးခြင်းကို မြိန်ရေရှက်ရေ စားခဲ့ရပုံကို ရေးထားပါသည်။ **(စာရေးသူ လူမနီးသော တောကျောင်း၌ ဖြစ်သလို သက်သတ်လွတ်ဟင်း စားနေခြင်းသည် ဆရာတော်ကြီးကို ပူဇော်သောအားဖြင့် ပြုခြင်းဖြစ်ပါသည်။)**

ဆရာတော်ကြီးသည် မေတ္တာအောင်သော ဆရာတော်ကြီးပါ။





www.burmeseclassic.com

www.burmeseclassic.com

စရဏာ အားကောင်းကြောင်းလည်း ခန့်မှန်းကြည့်နိုင်ပါသည်။ ညတွင် ဆရာတော်ကြီး၏ ကျောင်းမှ အလင်းရောင်များကို အလွန်ဝေးသော ရွာများမှပင် တွေ့မြင်နိုင်ပါသည်။ ဆရာတော်ကြီး၏ ကိုယ်အလင်းရောင်ကို ခန့်မှန်း၍ စရဏာအားကောင်းကြောင်း ဆိုရခြင်းပါ။ **(စာရေးသူတို့ အတိအကျ သိနိုင်သော အရာများမဟုတ်ပါ။)**

ဆရာတော်၏ စရဏာအားကြောင့်၊ မေတ္တာအားကြောင့် ပရိတ်ရေများ ဆူပွက်လာပါသည်။ ဒကာ၊ဒကာမများက **"ရေဆူဆရာတော်"**ဟုပင် ကြည်ညိုစွာ ခေါ်ကြပါသည်။ မြန်မာနိုင်ငံ တစ်နံတလျား၌ ကျရောက်သော ဘေးဆိုး ရန်ဆိုးများကို ကြွရောက် ကယ်မတော် မူပါသည်။ မန္တလေးမြို့ မီးအကြိမ်ကြိမ် လောင်မှုကို ပရိတ်တော်ရွတ်၍ ကယ်မတော်မူပါသည်။

ဆရာတော် ပရိတ်ရွတ်ထားသော နေရာများ မီးဘေးကင်းခဲ့ပါသည်။ ပရိတ်ရေများရှိသော အိမ်များ မီးဘေးကင်းခဲ့ကြောင်း လက်တွေ့ရှိခဲ့ပါသည်။ ဆရာတော်ကြီး ပျံလွန်တော်မူပြီးနောက်တွင်သော်မှ အစွမ်း ထက်မြက်နေပါသေးသည်။

မြင်းခြံမြို့ကွက်သစ် မီးလောင်ရာတွင် ထူးဆန်းစွာ မီးကွင်းလွတ်သော မြင်းခြံမိုးဦးပန်း (ဂမုန်းသဃ်ာစဉ်)၏ အဖြစ်ပါ။ ဆရာတော်ကြီး ချီးမြှင့်ထားသော မျက်နှာသုတ်ပဝါ၊ ပရိတ်ရေတို့က မီးဘေးမှ ကင်းဝေးအောင် ကယ်မတော်မူပါသည်။ **နတ်ဆေးဂမုန်း။ ဂမုန်းသဃ်ာစဉ်က အသက်ကယ်ဆေးပါ။**

ဧရာဝတီတိုင်းဒေသကြီး ကမ်းပါးပြိုသော မြို့ရွာများသို့ကြွရောက်၍ မေတ္တာဖြင့် ကယ်မတော်မူခဲ့ပါသည်။ ကမ်းပါးပြိုခြင်းမှ ကင်းဝေးခဲ့ရပါသည်။ ကယားပြည်နယ်၊ လောပိတ ရေအားစက်ကို သူပုန်များ မဖျက်ဆီးစေရန် ကယ်မတော်မူခဲ့ပါသည်။ ဆရာတော်ကြီး၏ မေတ္တာခရီးစဉ်များသည် မြို့ရွာအနှံ့ဖြစ်ပါသည်။ ကချင်ပြည်နယ်အနှံ့သို့လည်း မေတ္တာခရီးစဉ် ဖြန့်ခဲ့ပါသည်။

မိုးကောင်းမြို့သို့ ဆရာတော်ကြွလာပါသည်။ မိုးကောင်းမြို့ မြို့တော်ခန်းမ၌ တရားဟောပါသည်။[စာရေးသူမှာ အရှေ့တွင် နေရာရရန် နံနက်ကတည်းက ဖျာခင်းပြီး တစ်နေ့လုံး စောင့်ပါသည်။ စာရေးသူ တစ်နေ့လုံး အစာမစားသဖြင့် အဒေါ်များက သနားကြပါသည်။ အိမ်မှ စားစရာများ ထုပ်ယူလာပြီး (ညနေခင်း တရားပွဲလာရင်း) စားစေပါသည်။]

ဆရာတော်ကြီး တရားပွဲ ည(၇း၀၀) နာရီမှ စတင်မည် ဖြစ်သော်လည်း ပရိသတ်များမှာ ညနေ(၄း၀၀)နာရီ လောက်ကတည်းက နေရာယူရန် လာကြပါသည်။ စာရေးသူ ခင်းထားသော ဖျာမှာ ကြီးလှသဖြင့် အဘွား၊ အဒေါ်များနှင့် ရင်းနှီးသူများ နေရာရကြပါသည်။

စာရေးသူတို့၏ အရှေ့ဘက်တွင် ပန်းဒကာများနှင့် သံဃာတော်များ၊ V.I.Pများအတွက် နေရာသာရှိပါသည်။ စင်မြင့်ထက်တွင် ဆရာတော်ကြီး တရားဟောရန်ပလ္လင်၊ ဘယ်ဘက်၊ ညာဘက်ခုံကြီးများတွင် ရေပုလင်း၊ ဆီပုလင်း၊ ပျားရည်ပုလင်း (ကိုယ့်အမည်ကို ကပ်ထားသော ပုလင်းများ) များ စီထားပါသည်။

ပရိသတ်များ၏ ရှေ့ထောင့်စွန်းများတွင် ရေတိုင်ကီများ စီထားပါသည်။ (ယူဆောင်လိုသော ပရိသတ်များအတွက်ပါ။)

ဘယ်ညာ ပရိသတ်များ၏ကြားတွ
ကောဇောခင်းထားပါသည်။ ပရိသတ်
များ၏ တဘက်များက အပေါ်မှ ထ
ခင်းကြပါသည်။ ပန်းများ ခင်းထား
ပါသည်။ ဆရာတော် ကြွမည့်လမ်း

ဆရာတော်ကြီး ည(၆း၄၅)နာရီတွ
ကြွလာပါသည်။ လက်အုပ်ချီမိုး ကြ
ကြပါသည်။ ဆရာတော်ကြီး ပလ္လ
တော်ပေါ်၌ ထိုင်တော်မူပါသည်။ ပြုံး
ကြီး ကြည့်ပြီးနောက် မျက်စိမှိတ်
မေတ္တာဖြန့်နေတော်မူပါသည်။

ထိုစဉ် နောက်နားမှ ပရိသတ်မျ
ထံမှ အသံများ ထွက်လာပါသည်
အချို့(တံခါးပေါက်အနားမှ လူများ
အနောက်ဘက် ကော်ဇောအခင်း
ထိုင်နေသူများ) မတ်တတ်ရပ်နေကြ
သည်။ အကြောင်းမှာ ကော်ဇေ
အခင်းအတိုင်း မြွေကြီး ဝင်လာသေ
ကြောင့် ဖြစ်ပါသည်။

တာဝန်ရှိသူများ၊ မီးသတ်မျ
ကြက်ခြေနီများက တားမြစ်ရန် ကြ
စားကြပါသည်။ ပလ္လင်ပေါ်မှ ဆ
တော်ကြီးက မတားမြစ်ရန် မိန့်ေ
ပါသည်။ ဝင်လာသော မြွေကြီး
ပရိသတ်များကို မကြောက်ပါ။ ေ
ဇောခင်းထားသော အလယ်
အတိုင်း ရှေ့သို့ ဆက်လက်လာ
သည်။ ကော်ဇောအခင်းနှင့် နီးသေ
လူများ အလျင်အမြန် တိမ်းရှောင်
သည်။

စာရေးသူ၏အနီး (စာရေးသူ
ကော်ဇောအခင်းနှင့် ကပ်လျက်
ထိုင်နေပါသည်။) ရောက်သော
မြွေကြီးကို သေချာစွာ ကြည့်မိပါသ
မျက်လုံးများမှာ ပတ္တမြားရောင်အ
ရဲရဲတောက်နေ၏။ အစိမ်းပုပ်
မြွေကြီးပါ။

မြွေကြီးသည် တရားဟောစ


www.burmeseclassic.com

www.burmeseclassic.com

ပေါ် တက်သောလေ့ကား ညာဘက်ဘေးတွင် ခွေပါသည်။ အခွေပေါ်တွင် ခေါင်းက ရှိပါသည်။ ခေါင်းထောင်ထူထုတ်ပါသည်။ ဆရာတော်ကြီးမှ ချက် မေတ္တာပို့တော်မူပါသည်။

ဆရာတော်ကြီး ဘုရားရှိခိုးတော်မူပါသည်။ နတ်များကို ပင့်ဖိတ်ပါသည်။ "သတသဟဿာရဟာ" ဂါထာတော်ကို ရွတ်ဖတ်ပါ၏။ မေတ္တာပို့တော်မူပါ၏။ ပရိသတ်များအား မေတ္တာပို့ ချပေးပါသည်။ ဆရာတော်ကြီးက ဘုရားအလောင်း သုမေဓာ တောထွက်တရားကျင့်ပုံကို ဟောတော်မူပါ၏။ စာရေးသူ မြင်ယောင်ဆဲ ကြားယောင်ဆဲပါ။ လှူထားသော ဝတ္ထုငွေအစုစု ရှည်းအစုစုတို့အတွက် ရေစက်သွန်းချပါ၏။

ပရိတ်တော်ကို ရွတ်ဆိုတော်မူပါသည်။ ပရိတ်တော် ရွတ်နေစဉ် ရေများ ဆီများ။ ရေဝိုင်ကီမှ ရေများ ဆူလာပါသည်။ ပရိသတ်တို့မှာလည်း ရေဆူသည်ကို စီစီညံညံ အသံပြုကြပြန်ပါ၏။ ဝမ်းသာပီတိကြောင့်ပါ။ (ဆရာတော်ကို ရှိသေသောအားဖြင့် တိတ်ဆိတ်သွားကြပြန်ပါသည်။)

တရားပွဲပြီးသောအခါ ဆရာတော်လေ့ကားမှ ဆင်းလာပါသည်။ မြွေကြီးကို ကြည့်ပြီး ပြုံးတော်မူပါသည်။ မြွေကြီးကတော့ အခွေပေါ်၊ ခေါင်းတင်လျက်ပါ။ ပရိသတ်မှာလည်း ရေဆူရေပုလင်းများ ယူကြ၊ တိုင်ကီအတွင်းမှ ရေများယူကြနှင့် မြွေကြီးထံ အာရုံမရှိတော့ပါ။ ယနေ့တိုင်တော့ သတိရနေကြဆဲ။

နောက်နေ့တွင် မိုးကောင်းမြို့တွင်း အရေးကြီးသော နေရာများတွင် ပရိတ်ရွတ်ပါသည်။ ညနေခင်းတွင် ဆရာတော်ကြီးအား ဖူးမြော်စဉ်လည်း ကြိတ်ကြိတ်တိုးပါ။ ဝတ္ထုငွေပစ္စည်းများ ကပ်သောအခါလည်း အစီအစဉ်အတိုင်း တစ်ယောက်ပြီး တစ်ယောက် ကြိတ်ကြိတ်တိုးပါ။

စာရေးသူနှင့် အခြားသူများမှာ ချက်ချင်း ပြန်ကြပါသည်။ ရောဂါရှိသူများကတော့ မပြန်ကြပါ။ ခေတ္တ(လူရှင်းသည်အထိ) စောင့်ဆိုင်းကြပါသည်။ ဆရာတော်ကြီး၏ တောင်ဝှေးဖြင့် ထိုးပေး၍ ကယ်မတော်မူခြင်းကို ခံယူကြပါသည်။ ဆရာတော်ကြီးမှ တောင်ဝှေးဖြင့် ထောက်၍ လှည့်ပေးလျှင် ရောဂါပျောက်ကင်းပါသည်။

ဆရာတော်ကြီး ပျံလွန်တော်မူသည်မှာ ကြာပါပြီ။ ဆရာတော် မိန့်ခဲ့သလို **"တောကျောင်းမှာလည်း မပျံလွန်၊ မြေမှာလည်း မပျံလွန် ရေမှာလည်း မပျံလွန်"** ပါ။ လေယာဉ်ပေါ်၌ ပျံလွန်တော်မူခဲ့ပါသည်။

စာရေးသူတို့ကတော့ နတ်ချစ်ဂါထာ **"သက်ဒေဝ"** ကို ရွတ်ဖတ်ဆဲ၊ မေတ္တာပို့ (နတ်လူသတ္တဝါ အားလုံး) ဆဲပါ။

ဆရာတော်ကြီးကတော့ လေလှိုင်းထဲမှ စာရေးသူတို့၏အသံကို ကြားနေရ၍ သာဓုခေါ်နေဆဲပေလားဟု တမ်းတမှန်းဆရပါတော့၏။

မေတ္တာရှင်ဆရာတော်ကြီး (ပြုံးပြုံးကြီး)၏ မျက်နှာတော်ကို လွမ်းနေဆဲပါ။ ဆရာတော်ကြီး ညွှန်ကြားခဲ့သော မေတ္တာလမ်းစဉ်ကို ဆက်လက်လျှောက်နေဆဲပါ။

***ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။***

**ဒေါ်သုမနဝိစိတ္တ**
*(B.Sc,H.G.P, Dip Ed)*

**စာရှုသူ သုတေသီနှင့် ဝါသနာရှင်များသို့ . . .**

မိမိတို့ဒေသရှိ ဆရာတော်ကြီးများ၊ ပုဂ္ဂိုလ်ထူးကြီးများ၏ မိမိတို့သာသိပြီး သမိုင်းမဝင်သော ဖြစ်ရပ်များကို ရေးသားပေးပို့နိုင်ကြပါပြီ။

ဤသို့ ရေးသားပေးပို့ခြင်းဖြင့် ကွက်လပ်ဖြစ်နေသော၊ အများမသိသော ဖြစ်ရပ်များကို မှတ်တမ်းတင်ပြီး ဖြစ်သွားပါမည်။ ဤကုသိုလ်ထူးကြီးကို ပါဝင်မှတ်တမ်းတင်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**လေးစားစွာဖြင့် . . .**

**ဦးကျော်မိုးသိန်း**
**စာတည်းချုပ်**

www.burmeseclassic.com





နှလုံးလှချမ်းမြေ့မဂ္ဂဇင်း (၂၅)နှစ်ပြည့် အမှတ်တရ အထူးထုတ်

ခရီးသွားသင့်, မသင့် ပဌ္ဌပွတ်ဆပွတ်တွက်နည်းနှင့်

# ရာနှစ်ပေါင်း ခရီးသွားအဂေဟာ

ကောင်းခန့် (သခွတ်မြေ)
ဝက်လက်

ရှေးလူကြီးတို့၏ အယူအဆတို့သည် ယခုအင်တာနက်ခေတ်၌ ခေတ်နှင့် မလျော်ညီတော့ဟူ၍ အထင်သေးသော တစ်ယူသန်ဝါဒနှင့် မသတ်မှတ်ရာ...

အတွေ့ကြုံပေါင်းများစွာတို့ဖြင့် ရင်းယူထားရသော တချို့အယူအဆတို့သည် ကျွန်ုပ်တို့အတွက် ဒက်ထိမှန်ကန်နေကြောင်းကို ကိုယ်တွေ့အရ ငြင်းပယ်၍ မရပေ...

ထို့ကြောင့် စာရေးသူသည် မပယ်သင့်သော ရှေးထုံး ရှေးအယူအဆတို့အား မေ့လျော့ ပျောက်ကွယ်မသွားရလေအောင် ဖော်ထုတ်သည့်အနေနှင့် ရှေးထုံး ဗေဒင်တွက်နည်းအမျိုးမျိုးတို့ကို လေ့လာလိုသော ဝါသနာရှင်တို့အတွက် စေတနာနှင့်ရှာဖွေ၍ ရေးသားနေခြင်းပင် ဖြစ်ပါသည်။

ယခုလည်း ခရီးသွားတွက်နည်းအပေါ်အမျိုးမျိုး ရှိသည့်အနက်မှ ပဌ္ဌပွတ် ဆပွတ်ရက်ရွေးနည်း၊ အရပ်ရွေးနည်းနှင့် နေ့ခုနစ်နေ့၌ ခရီးသွား၍ မကောင်းသောအချိန်၊ ကောင်းသောအချိန်နာရီတို့ကို အလွယ်ဆုံး တွက်ချက် ရွေးယူကာ ခရီးသွားနိုင်ကြစေရန် နည်းကောင်းတစ်ခုအနေနှင့် ရေးသားလိုက်ရပါသည်။

ပဌ္ဌပွတ်ကျသောနေ့၌ ဆပွတ်ကျသောအရပ်သို့ ခရီးမသွားကောင်းဟုဆိုထားရာ ပထမအနေနှင့် ပဌ္ဌပွတ်ကျသောနေ့နှင့် ဆပွတ်ကျသောအရပ်ကို အရင် ရွေးချယ်၍ ပြပါမည်။

**ရွေးနည်းလင်္ကာ...**

အုန်း-ဘောင်-သူ၊
ချစ်-သူ-ထံ၊
စံ-ထွန်း-ဦး။
လူ-အုံ-ကြံ၊
ပြန်-ချင်-စွာ၊
သူ-ဇာ-လှ၊
ထွား-လှ-မွတ်။

ဟူ၍ လင်္ကာက ဆိုထားရာ....

**ထိုလင်္ကာ၏ အဓိပ္ပာယ်မှာ...**

(၁) **အုန်း**–ဒုနွေသားသည် **ဘောင်**–ဗုဒ္ဓဟူးနေ့၌၊ **သူ**– ဗြဟာအရပ်ကို မသွားကောင်း။

(၂) **ချစ်**–၂လ်ာသားသည် **သူ**–ပဌ္ဌပွတ်နေ့ဖြစ်သော ဗြဟာနေ့၌၊ ဆပွတ်ကျသော **ထံ**–စနေအရပ် (စနေထောင့်)သို့ မသွားကောင်း။

(၃) **စံ**–၃ဂါသားသည် **ထွန်း**–ပဌ္ဌပွတ်ကျသော စနေနေ့၌ **ဦး**–ဆပွတ်အရပ်ဖြစ်သော ဒုနွေအရပ်သို့ မသွားကောင်း။

(၄) **လူ**–၄ဟူးသားသည်၊ **အုံ**–ပဌ္ဌပွတ်ကျသော ဒုနွေနေ့၌ **ကြံ**–ဆပွတ်အရပ်ဖြစ်သော ၂လ်ာအရပ်သို့ မသွားကောင်း။

(၅) **ပြန်**–ဗုဒ္ဓဟူးသားသည်၊ **ချင်**–ပဌ္ဌပွတ်ကျသော ၂လ်ာနေ့၌ –ဆပွတ်အရပ်ဖြစ်သော အရပ်သို့ မသွားကောင်း။

(၆) **သူ**–ဗြဟာသားသည်၊ **ဇာ**–ပွတ်ကျသော ၃ဂါနေ့၌၊ ဆပွတ်အရပ်ဖြစ်သော အရပ်သို့ မသွားကောင်း။

(၇) **ထွား**–စနေသားသည်၊ **လှ**–ပွတ်ကျသော ၄ဟူးနေ့၌ **မွတ်**–ဆပွတ်အရပ်ဖြစ်သော ဗု အရပ်သို့ မသွားကောင်း ဖြစ်ပါသည်။

ရှင်းလင်းစွာ သိရှိစေရန် ဇယား ပြပါမည်။

***

အောက်ပါဇယားကို ကြည့်ပြီး လက်အိမ်ကို ဆက်ပြီး ကြည့် အရပ်ရှစ်မျက်နှာနှင့် ရှောင်ရမည့် စသည်တို့ကို ရှင်းလင်းစွာ နား ပါမည်။

ယခု ဆက်လက်ပြီး နေ့ခုနစ် ၌ ခရီးသွားရာတွင် မသွားအပ် အချိန်၊ သွားအပ်သောအချိန် အချိန်နာရီရွေးပြီး သွားလာ



www.burmeseclassic.com

www.burmeseclassic.com

| နေ့သား | နေ့ | အရပ် |
|---|---|---|
| ၁နွေ | ကြာသပတေး | မြောက်အရပ် |
| ၂လာ | သောကြာ | အနောက်တောင်ထောင့် |
| ၃ဂါ | စနေ | အရှေ့မြောက်ထောင့် |
| ၄ဟူး | ၁နွေ | အရှေ့အရပ် |
| ၅တေး | ၂လာ | အရှေ့တောင်ထောင့် |
| ၆ကြာ | ၃ဂါ | တောင်အရပ် |
| ၀နေ | ၄ဟူး | အနောက်အရပ် |

ပဋ္ဌပွတ်ကျသောနေ့နှင့်
ဆပွတ်ကျသော အရပ်ဇယား

| | | |
|---|---|---|
| ၁နွေ | ၂လာ | ၃ဂါ |
| ၆ကြာ | | ၄ဟူး |
| ရာဟု | ၅တေး | ၀နေ |

အရပ်မျက်နှာပြ အဋ္ဌလက်ဒိုင်

နာရီအဟောတို့ကို ရေးသားပါမည်။

အချိန်နာရီအဟော

၁နွေနေ့၌...

**နေမထွက်မီ ခရီးသွားခဲ့သော်...**

ဘေးသင့်အံ့၊ အခက်အခဲ အကျပ်အတည်းတို့နှင့် ကြုံရအံ့၊

**မွန်းတည့်အချိန်၌ ခရီးသွားခဲ့သော်...**

အောင်မြင်မှုရအံ့၊ အကြံအစည်အောင်အံ့၊

**နေလွဲ(၃)နာရီ၌ သွားခဲ့သော်...**

ပစ္စည်းကျပျောက်အံ့၊ ခါးပိုက်နှိုက်ခံရတတ်အံ့၊

**နေဝင်ချိန်၌ ခရီးသွားခဲ့သော်...**

အကြံအစည်အောင်မြင်အံ့။

၂လာနေ့၌...

**နေထွက်ဆဲအချိန်၌ ခရီးသွားခဲ့သော်...**

မိတ်ဟောင်းဆွေရင်းတို့နှင့် တွေ့ရအံ့၊

**နေလုံးပေါ်မှ ခရီးသွားခဲ့သော်...**

စိတ်ဆင်းရဲမှုတို့နှင့် ကြုံရအံ့၊

**မွန်းတည့်အချိန်၌ ခရီးသွားသော်...**

ဥစ္စာပစ္စည်းရအံ့။

၃ဂါနေ့၌...

**နေမထွက်မီ ခရီးသွားသော်...**

ပစ္စည်းဥစ္စာ ပျောက်ဆုံးတတ်အံ့၊

**တစ်ချက်တီး(နံနက် ၉ နာရီခန့်) အချိန် ခရီးသွားခဲ့သော်...**

ချစ်သူခင်သူနှင့် တွေ့အံ့၊

**မွန်းလွဲအချိန်၌ ခရီးသွားသော်...**

လာဘ်ရအံ့။

၄ဟူးနေ့၌...

**နေမထွက်မီ ခရီးသွားခဲ့သော်...**

မိတ်ဆွေကောင်း ချစ်ခင်သူများနှင့် တွေ့ရအံ့၊

**နေထွက်မှ ခရီးသွားသော်...**

လာဘ်ရအံ့၊

**မွန်းလွဲ(၂)နာရီ ခရီးသွားသော်...**

မကောင်း၊

**နေမဝင်မီ ခရီးသွားသော်...**

ဘေးအန္တရာယ်ဖြစ်အံ့။

၅တေးနေ့၌...

**နေမထွက်မီ ခရီးသွားသော်...**

ချစ်သူခင်သူများအံ့၊

**မွန်းတည့်ချိန် ခရီးသွားသော်...**

အမျက်ဒေါသဖြစ်ရတတ်အံ့၊

**နေဝင်မိုးချုပ်မှ ခရီးသွားသော်...**

ပစ္စည်းဥစ္စာပျောက်အံ့။

၆ကြာနေ့၌...

**နေမထွက်မီ ခရီးသွားခဲ့သော်...**

အနာရောဂါရအံ့၊

**တစ်ချက်တီး (နံနက် ၉နာရီခန့်) အချိန် ခရီးသွားသော်...**

ဆုလာဘ် ချီးမြှင့်ခံရအံ့၊

**မွန်းတည့်အချိန် ခရီးသွားသော်...**

ရန်ရှိအံ့၊

**သုံးချက်တီး [ညနေ(၃)နာရီခန့်] အချိန်၌ ခရီးသွားသော်...**

လာဘ်ရအံ့၊

**နေဝင်အချိန် ခရီးသွားသော်...**

အပေါင်းအဖော် ချစ်ခင်သူများနှင့် ကွဲကွာရအံ့။

၀နေနေ့၌...

**နေမထွက်မီ ခရီးသွားသော်...**

ဘေးရန်တွေ့အံ့၊

**နေထွက်မှ ခရီးသွားခဲ့သော်...**

အဖော်သူငယ်ချင်းတွေ့အံ့၊

**မွန်းတည့်ချိန် ခရီးသွားသော်...**

လာဘ်ရအံ့၊

**မွန်းလွဲမှ ခရီးသွားသော်...**

ကောင်းသော ခရီးအဖော်တွေ့ရအံ့။

အထက်ပါ နေ့အချိန်ဟောနည်းနှင့် ပဋ္ဌပွတ် ဆပွတ်ဟောနည်းတို့သည် အတွေ့အကြုံရင့်ကျက်သော ဆရာကြီးများ၏ ကိုယ်တွေ့ အတွေ့အကြုံနှင့် ရင်းယှဉ်ရရှိခဲ့သော တွက်နည်းအဟောများဖြစ်၍ လေ့လာသူတို့အတွက် ဗဟုသုတရစေခြင်းငှာ ရေးသားလိုက်ရပါသည်။

***သုနက္ခတ္တ ကောင်းသောနက္ခတ်နှင့် ကြုံ၍ ကောင်းကျိုးသုခ ရရှိကြပါစေ။***

**ကောင်းခန့် (သခ္ချာမြေ)**
**ဝက်လက်**



www.burmeseclassic.com

www.burmeseclassic.com

# လိုတရ ဖယောင်းတိုင်

အဓိဋ္ဌာန်ပါရမီရှင်တစ်ဦး

နက္ခတ္တရောင်ခြည် စာဖတ်ပရိသတ်ကြီးနှင့် ပါရမီရှင်များအား စာရေးသူသည် ယခုအပတ် ''လိုတရဖယောင်းတိုင်''နှင့်''လိုတရကျင့်စဉ်''ကိုစေတနာရင်းဖြင့် ရေးသားဖော်ပြပါမည်။

"လိုတရ"ဆို၍ မိမိလိုချင်တာမှန်သမျှ မကောင်းတာရော၊ ကောင်းတာရော အကုန်ရသည်ဟု မထင်မှတ်စေလိုပါ။ မကောင်းတာကို ကြံစည်၍ မရသည့်အပြင် အမှန်တကယ် လိုအပ်သည့်ပစ္စည်းကိစ္စသည်သာ ရခြင်းဖြစ်ပါသည်။

စာရေးသူတို့ဆိုလျှင် မိမိ၏ ကိုယ်ရေးကိုယ်တာအတွက် အသုံးမပြုပါဟု ကတိဝန်ခံချက် ပြုထားရပါသည်။

လွန်ခဲ့သော (၁၅)နှစ်ခန့်က ဖြစ်ပါသည်။ စာရေးသူ ပုပ္ပါးတောင်မကြီး ဥမင်စခန်းတွင် ရေတစ်နေ့လျှင် ငှက်ပျောဖူးတစ်ပုလင်းဖြင့် ကိုးရက် အဓိဋ္ဌာန်ဝင်ရပါသည်။

ရသေ့ကြီးဦးဂျာမဏီတည်ထားသည့် တဝဂ္ဂုဘုရားလေးတွင်နေ၍ စာရေးသူ အဓိဋ္ဌာန်ဝင်ရပါသည်။ တပည့်များကို တောင်ကလပ်တွင်သာနေစေ၍ နေ့စဉ် ရေတစ်ပုလင်း လာပို့စေပါသည်။

စာရေးသူ အဓိဋ္ဌာန် အောင်မြင်ပြီးသောအခါ စာရေးသူ၏ ဆရာ (**ဘိုးတော် အောင်မင်းခေါင်**) ရောက်လာ၍စာရေးသူအား ကိုးလက်မ ပတ်လည်ရှိသော ရွှေရောင်စက္ကူတွင် အောက်ပါ အင်းစမ,အား လက်မဖြင့် ရေး၍ တိုက်ပါသည်။

* * *



ပြီးသည့်အခါ ငှက်ပျောသီးသုံးလုံးပေး၍ ပုပ္ပားတောင်ကလပ်ရှိ အောင်ဆုပန်ဘုရားတွင် အရဟံတစ်သိန်း၊ ပုတီးပတ်ရေတစ်ထောင်ကို နံနက် (၆)နာရီမှ ညဥ့်(၁၂)နာရီအတွင်း အပြီးစိပ်စေပါသည်။

သည့်နောက်ပိုင်းတွင် မိမိနှင့် တွေ့ဆုံသမျှ (၇)ရက်သားသမီးများအား အနာ၊ အကြမ်း၊ အကုန်လုံးပင် ဤအရဟံတစ်လုံးဖြင့် ကူညီပေးနေပါတော့သည်။

အင်းစမ, အတတ်ပညာကိုနားလည် ကျွမ်းကျင်သော မိတ်ဆွေဆရာများက စာရေးသူအား အဟိန်းအဟောက် ဘယ်ကဲ့သို့ ပြုသည်ဟု မေးသောအခါ စာရေးသူ မဖြေတတ်ပါ။ ဘာမျှလည်း မဟိန်းတတ်ပါ။ စိတ်ထဲပေါ်သလိုသာ ရေးပေးပါသည်ဟု ပြောသောအခါ သူတို့က ရယ်ကြပါသည်။

ဤသည်ကား အနာအကြမ်းလိုသမျှ အောင်မြင်ပြီးမြောက်စေသည့် အရဟံနှင့် စာရေးသူကျင့်စဉ် ဖြစ်ပါသည်။

သို့သော်...

* * *

ပညာလိုလား ခုနစ်ရက်သားသမီးတိုင်း ဤကျင့်စဉ်ကို ကျင့်နိုင်မည် မဟုတ်ပါ။ သို့ပါ၍ သက်ဆိုင်ရာ (ဆရာသခင်)များအား လျှောက်ထား၍ အောက်ပါ အောင်အရဟံ ဂါထာတော်မြတ်ကို ပညာလိုလားသူ ပါရမီရှင်၏ သက်စေ့ရွတ်၍ သက်စေ့အဓိဋ္ဌာန်



ရက်ပြု၍ ဝင်စေပါသည်။

ဥပမာ...

ပါရမီရှင်ပုဂ္ဂိုလ်သည် (၅၅)နှစ် အသက်ရှိပါက တစ်နေ့(၅၅)ခေါက်၊ (၅၅)ရက် အဓိဋ္ဌာန်ဝင်ရပါမည်။ အဓိဋ္ဌာန်ဝင်ရမည့် အချိန်မှာ နံနက်၊ ည ကြိုက်ရာ ကိုနာရီ အချိန်ကို ရွေးနိုင်ပါသည်။

အဓိဋ္ဌာန် အောင်သွားပြီဆိုလျှင် ပါရမီရှင်သည် တရားသဖြင့် ကိစ္စများတွင် အရဟံဂုဏ်တော်ကို အောင်အရဟံဂါထာဟိန်း၍ ဖယောင်းတိုင်တွင် ရေးချကာ ဘုရားအား ပူဇော်ရုံမျှဖြင့်ပင် လိုရာကိစ္စ ပြီးမြောက်ပါတော့သည်။

### အောင်အရဟံဂါထာတော်

ဩဘာသနိ ဂုဏ်သိဒ္ဓိ အရဟံ
အရဟံ ဝတ ဩဘာသနိ
အရဟန္တံ သရဏံ ဂစ္ဆာမိ
အရဟန္တံ သိရသာနမာမိ
အရဟံ ဓမ သုခံ ဟောတု
အရဟံ ဓမ ဇယံ ဟောတု
အရဟံ ဓမ သိဒ္ဓိကမ္မံဟောတု
အရဟံ ဓမ လာဘံဟောတု
အရဟံ ဓမ သီဝသောတ္ထိဟောတု။



www.burmeseclassic.com

www.burmeseclassic.com

အနက်

**သောဘဂဝါ၊** ထိုမြတ်စွာဘုရားသည်။ **ဣတိပိ၊** ဤသို့ ပူဇော်အထူးကို ခံယူတော်မူထိုက်သော အကြောင်းကြောင့်လည်း။ **အရဟံ၊** အရဟ မည်တော်မူပါပေ၏။ **သောဘဂဝါ၊** ထိုမြတ်စွာဘုရားသည်။ **အရဟံဝတ၊** ပူဇော်အထူးကို ခံယူတော် မူထိုက်ပါပေစွတကား။

**အရဟန္တံ၊** ပူဇော်အထူးကို ခံယူတော် မူထိုက်သော မြတ်စွာဘုရားကို။ **သရဏံ၊** ကိုးကွယ်ရာဟူ၍။ **ဂစ္ဆာမိ၊** ဆည်းကပ်ပါ၏။

**အရဟန္တံ၊** ပူဇော်အထူးကို ခံယူတော် မူထိုက်သော မြတ်စွာဘုရားကို။ **သိရသာ၊** ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်။ **နမာမိ၊** ရှိခိုးပါ၏။ **အရဟံ၊** ပူဇော်အထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရားသည်။ **မေ၊** အကျွန်ုပ် အား။ **သုခံ၊** ချမ်းသာကို။ **ဒေတု၊** ပေးပါစေသတည်း။

**အရဟံ၊** ပူဇော်အထူးကို ခံယူတော် မူထိုက်သော မြတ်စွာဘုရားသည်။ **မေ၊** အကျွန်ုပ် အား။ **ဇယံ၊** အောင်ခြင်းကို။ **ဒေတု၊** ပေးပါစေသတည်း။ **အရဟံ၊** ပူဇော်အထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရားသည်။ **မေ၊** အကျွန်ုပ် အား။ **သိဒ္ဓိကမ္မံ၊** အမှုကိစ္စ၏ ပြီးမြောက်ခြင်းကို။ **ဒေတု၊** ပေးပါစေသတည်း။

**အရဟံ၊** ပူဇော်အထူးကို ခံယူတော် မူထိုက်သော မြတ်စွာဘုရားသည်။ **မေ၊** အကျွန်ုပ်အား။ **လာဘံ၊** လာဘ်လာဘ ကို။ **ဒေတု၊** ပေးပါစေသတည်း။ **အရဟံ၊** ပူဇော်အထူးကို ခံယူတော် မူထိုက်သော မြတ်စွာဘုရားသည်။ **မေ၊** အကျွန်ုပ်၏။ **သီသေ၊** ဦးခေါင်းထက်၌။ **တိဋ္ဌတု၊** တည်ပါစေသတည်း။

*[ဤဂါထာတော် ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်း တို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်းအောင်ရွှေ [ဓမ္မာစရိယ(မဟာဝဂ္ဂါဒိမြန်မာ ဂုဏ်ထူး)၊ ဒီဃဘာဏက–ဒီဃနိကာယ ကောဝိဒ(နိကာယဝိပုလ) ]မှ ပြန်ဆိုပေး ပါသည်။ ]*

အကာယ်၍ နေ့အလိုက် ဆောင်ရွက်ရန် ကိစ္စများပေါ်ပေါက်လျှင် **ခါ၊ သက်၊ တည်ထား၊ နေ့သားခါပြန်**ကိုအသုံးပြု က ပို၍ ကောင်းပါသည်။

**ခါ**–ဆိုသည်မှာ နေ့အခါ **ဥပမာ**... တနင်္ဂနွေ(၁) တနင်္လာ(၂)စသည်...

**အသက်**–ဆိုသည်မှာ ပြုလုပ်ပေးမည့်သူ၏ ရောက်ဆဲအသက်ဖြစ်ပါသည်။ **ဥပမာ**... (၄၅)နှစ်ရောက်က (၄၅)ဖြစ်ပါသည်။

**နေ့သား**–ဆိုသည်မှာ...

တနင်္ဂနွေသားဆိုလျှင် (၁)၊ တနင်္လာသားဆိုလျှင် (၂)ဟု ရေးရပါသည်။

**ခါပြန်**–ဆိုသည်မှာ...

ပြုလုပ်မည့်နေ့အခါဖြင့် ပြန်ရေး ဝိတ်ခြင်းဖြစ်ပါသည်။

ပို၍ရှင်းစေရန် **တနင်္လာနေ့တွင် အကြောင်းကိစ္စရှိသော အသက် (၃၆)နှစ်ရှိသည့် ဗုဒ္ဓဟူးသားအား အကူအညီပေးမည်ဆိုပါက**...

* * *————————→

ဤနေရာတွင် စာရေးသူမှာကြားလိုသည်မှာ အစီအရင် ပြုလုပ်ပေးမည့် ဆရာဖြစ်သူက အောင်အရဟံဂါထာ တော်မြတ်ကို အာရုံညွှတ် ရွတ်ရမည် ဖြစ်ပြီး အကြောင်းကိစ္စရှိ၍ ဆီမီးပူဇော်မည့်သူကမူ **"ဦ အရဟံ မေ ဇယံ ဒေတု"**ကို ကိုးခေါက် (သို့မဟုတ်) သက်စေ့ရွတ်ဆို၍ ဘုရားအား ပူဇော်ရမည် ဖြစ်ပါသည်။

နက္ခတ္တရောင်ခြည် စာဖတ်ပရိသတ်ကြီးနှင့် ပါရမီရှင်အပေါင်းအား ကျေးဇူးရှင်တောင်တန်းသာသနာပြု ဆရာတော်ဘုရားကြီး ဦးဥတ္တမသာရ၏ မေတ္တာပို့အတိုင်း...


***နတ်လူသတ္တဝါအားလုံး သောကနဲ့ ကြောင့်ကြ ဆင်းရဲကင်း၍ ကိုယ်စိတ် နှစ်ဖြာ ချမ်းသာကြပါစေ။***

***(ကောင်းကျိုး)လိုရာဆန္ဒနှင့် ပြည့်ဝကြပါစေ...***

ဆရာတော်ဘုရားကြီးက ရှင်းပြပါသည်။ မေတ္တာပို့တဲ့နေရာမှာ မကောင်းတာ ကြံစည်တဲ့သူတွေရဲ့ အလိုဆန္ဒ ပြည့်လို့မဖြစ်ဘူး။ ဒါကြောင့် **(ကောင်းကျိုး)လိုရာဆန္ဒ**ဟု ထည့်ရတာဟု မိန့်ကြားပါသည်။

***ပါရမီရှင်များ ကောင်းကျိုးလိုရာဆန္ဒ ပြည့်ဝကြပါစေ...***

**အမိဋ္ဌာန်ပါရမီရှင်တစ်ဦး**






www.burmeseclassic.com

www.burmeseclassic.com



# အချစ်ရေးမှာ

## ကံကောင်းနိုင်သူလား

ယခုမြင်တွေ့ရတဲ့ လက္ခဏာရှင်ကတော့ **အသက်(၂၀)ဝန်းကျင်** အမျိုးသမီးငယ်တစ်ဦးရဲ့ လက္ခဏာပဲ ဖြစ်ပါတယ်။

○ **လက်ညှိုးနဲ့ လက်ခလယ်ကြားမှ အခက်အလက်များနဲ့ စတင်ထားတဲ့ နှလုံးလမ်းကြောင်းကို တွေ့ရပါတယ်။ (က)**

ဒါကတော့ စိတ်ကောင်းစေတနာကောင်းခြင်းရဲ့ ပြယုဂ်ပါပဲ။ စေတနာကောင်းရင် ကံကောင်းဖို့လဲ သေချာနေပါပြီ။

○ **ဉာဏ်လမ်းက ဖြောင့်တန်းပြီး အပြစ်ကင်းပါတယ်။ (ခ)**

ဒါကတော့ စိတ်ရှင်းရှင်းထားတတ်တဲ့ ဉာဉ်စရိုက်ရှိကြောင်း ပြပါတယ်။ အတွေးရှင်းတော့ အမှားကင်းတာပေါ့။

○ **လက်ညှိုးက ဖြောင့်တန်းတဲ့ အတွက် ကြာသပတေးဂြိုဟ်ခုံကို အားကောင်းစေပါတယ်။ (ဂ)**

ဒါကတော့ ရိုးသားခြင်း၊ ဦးဆောင်နိုင်ခြင်း၊ ဂုဏ်သိက္ခာကို တန်ဖိုးထားခြင်းကို ပြပါတယ်။ ကိုယ့်ဂုဏ်သိက္ခာကို ထိန်းခြင်းသည် မိမိကိုယ်ကို တန်ဖိုးထားခြင်းပင် မဟုတ်ပါလား။

ကဲ ဒါတွေကို ခြုံငုံသုံးသပ်ကြည့်ရင်...

အချစ်ရေးမှာ ကံကောင်းနိုင်ပါလိမ့်မယ်။





***အေးပါစေ အောင်ပါစေ***

သန်းပညာ



www.burmeseclassic.com



◆ ပုဂံခေတ် ကြေးရုပ်တုလေးများ

# ထူးခြားသော ရှေးဟောင်း အရုပ်လေးများ နှင့် သလင်းကျောက်တုံး


ဝဏ္ဏထွန်းအောင်
(ခေတ္တ- ဟားခါး)


'ဦးပဥ္စင်း ဦးဉာဏ'

မကွေးမြို့ မြို့ပတ်လမ်းပေါ်ရှိ မောင်အောင်မြင် ဆုတောင်းပြည့်စေတီသို့ ဘုရားထိုင်လေ့ရှိသူ။ တစ်နေ့ အိမ်သို့ ကြွလာခိုက် ဦးပဥ္စင်းမှ...

'ဟာ ဒကာမကြီးတို့ ပြန်ရောက်နေတာလား၊ ဒကာမကြီး ဦးပဥ္စင်းဆီမှာ ရှေးဟောင်းအရုပ်လေးတွေ ရှိတယ်' ဟု ပြော၍ စိတ်ဝင်စားသောအခါကြောင့် ဦးပဥ္စင်း သီတင်းသုံးရာ ဘုန်းကြီးကျောင်းမှ အိမ်သို့ ယူလာပြီး ဖောင်တော်ဖွင့်ပေးလိုက်ပါသည်။

ရှေးဟောင်း ကြေးရုပ်ကလေးများမှာ နှစ်များ ကြာလာသောကြောင့် အရောင်မှာ မည်းညစ်နေပါသည်။ ဖောင်တော်ဖွင့်လိုက်မှ ဝင်းပလာကာ အရောင်လက်လာပါသည်။





◆ ကြေးရုပ်တုကလေးများကို အနီးကပ်မြင်ရပုံ

www.burmeseclassic.com




● ကြေးရုပ်တုကလေးများကို အနီးကပ်မြင်ရပုံ


● မြင်းစီးသွဲ့ မောင်းသင့်ရုပ် ဘုရားအလောင်း တောထွက်တော်မူရာ ရှေ့မှ မာရ်နတ်မှ တားဆီးနေပုံ






www.burmeseclassic.com

www.burmeseclassic.com




◆ ထူးခြားသော သလင်းကျောက် အနီးကပ်မြင်ရပုံ

◆ ထူးခြားသော သလင်းကျောက်



အရုပ်ကလေးသုံးခုအနက် တစ်ရုပ်မှာ မြတ်စွာဘုရား တောထွက်တော်မူရာ မာရ်နတ်မင်းမှ ရှေ့က လက်ကာ၍ တားနေပုံ ဖြစ်ပါသည်။

ဘုရားအလောင်း စီးလာသော မြင်းအမြီးကို ဆွဲထားသည့် မြင်းမြီးဆွဲ မောင်ဆန်ရုပ်ဟု ပြောပါသည်။ ကျန်နှစ်ရုပ်မှာ ဆင်ပေါ်တွင် လူစီးနေသော အရုပ် ဖြစ်ပါသည်။

မည်သူ့ပုံကို အဓိပ္ပာယ် ဖော်ထားကြောင်း မသိရပါ။ ကြေးရုပ်ကလေးများဖြစ်၍ အလေးချိန် စီးပါသည်။

ထူးခြားသော ပုံလေးများကို ကြည့်၍ ဦးပဋ္ဌင်းအား မည်သို့ ရလာပုံကို မေးလျှောက်ကြည့်ရာ ဦးပဋ္ဌင်းမှ အောက်ပါအတိုင်း ပြောပြပါသည်။

တစ်နေ့ ရန်အောင်မြင်ဘုရားသို့ တရား



www.burmeseclassic.com

www.burmeseclassic.com



● ဦးပဥ္စင်း ဦးဉာဏ

ထိုင်သွားစဉ် ဘုရားဝေယျာဝစ္စ လုပ်ကိုင်သော ဒကာမကြီးမှ...

'ဦးပဥ္စင်း ဟိုထောင့်မှာ ချထားတဲ့ အရုပ်တွေက ဦးပဥ္စင်း ပစ္စည်းတွေဆိုရင် ယူသွားဦး ကလေးတွေ ဆော့ပစ်မယ်'

ဟု ပြော၍ ဦးပဥ္စင်းမှ သွားရောက်ကြည့်ရှုရာ တန်ဆောင်းအတွင်း တိုင်ခြေတွင် ယင်းအရုပ်ကလေးများကို တွေ့ရ၍ **"ဥာပနာပစ္စည်းလေးတွေဖြစ်မှာ"**ဟု တွေးကာ ဦးပဥ္စင်းမှ ကျောင်းသို့ယူ၍ ထိန်းသိမ်းထားခဲ့ပါသည်။

တစ်နေ့တွင် ဘုန်းကြီးကျောင်းဝင်းအတွင်း ဘုရားတည်တာနှင့် ကြုံ၍ ဌာပနာတည်မည်ဟု တွေးကာ အရုပ်ကလေးများအား လင်ပန်းထဲတွင် ပိတ်ဖြူခင်း၍ ဌာပနာပစ္စည်းများနှင့် အတူထားလိုက်ပါသည်။

ထိုနေ့ည အိပ်မက်ထဲတွင် **"ဆင်နှင့်မြင်းမှာ ဌာပနာထဲ မထည့်ပါနှင့်ဦး၊ အသက်ရှူရတာ မွန်းကျပ်လွန်း၍ ပြန်ယူထားပါ။ မိမိတို့နှင့် ပဌာန်းဆက် မဟုတ်သေးပါဘူး"**ဟု ပြောသောကြောင့် ဦးပဥ္စင်းလည်း ဌာပနာမထည့်သေးမီ အရုပ်လေးများကို ပြန်ယူထားလိုက်ရပါသည်။

ထို့နောက် ရှေးဟောင်းယဉ်ကျေးမှု ပြတိုက်သို့ လှူမည်ဟု တစ်ဖန်တွေးကာ ယဉ်ကျေးမှုဌာနသို့ သွား၍ ပြပါသည်။ ယဉ်ကျေးမှုဌာနမှ ပုဂံခေတ်လက်ရာအရုပ်ကလေးများ ဖြစ်ကြောင်း ပြောပါသည်။

ထိုနေ့က အရုပ်ကလေးများအား ယူသွားပြီး ယဉ်ကျေးမှုဌာနရှိ စားပွဲပေါ်တွင်တင်ထားပါသည်။

စားပွဲမှာ မှန်ပြင် ခင်းထားသောကြောင့် အရိပ်လိုမျိုးထင်ကာ တွေ့ရပါသည်။ မှန်ပေါ်တွင် မိန်းမတစ်ယောက် မျက်စောင်းထိုး၍ မကျေမနပ်ကြည့်နေသော ပုံကို မြင်ရသဖြင့် ဦးပဥ္စင်းမှ ဒီမှာထားမှာ မကြိုက်လို့ နိမိတ်ပြတာဟု တွေးတောကာ ပြန်ယူခဲ့ရပါသည်။

ထိုနေ့ည အိပ်မက်ထဲတွင် ရှေးခေတ်စစ်သူကြီး အဝတ်အစားနှင့် လူတစ်ယောက်မှ...

'ဦးပဥ္စင်း ဒီအရုပ်တွေကို ဘယ်မှ မလှူနဲ့ဦး လှူရမယ့်အချိန် ရောက်ရင် ပြောပါမယ်'

ဟု ပြောပါသည်။

ထို့ကြောင့် ထိုပုဂံခေတ်မှ ရှေးဟောင်းအရုပ်ကလေးများအား ဦးပဥ္စင်းဦးဉာဏမှ ဆက်လက် ထိန်းသိမ်းထားလျက်ရှိပါသည်။

သလင်း ကျောက်တုံးမှာလည်း ဦးပဥ္စင်းနှင့် အလွန်ရင်းနှီးသော ဒကာကြီးအိမ်သို့ ကြွရောက်ခိုက် ဒကာကြီးမှ **"ဘုရားတည်တာနဲ့ ကြုံတဲ့အခါ လှူပေးပါ"**ဟု ဆိုကာ ဦးပဥ္စင်းအား လှူလိုက်ခြင်း ဖြစ်ပါသည်။

**ကာလေး၊ လက်သီးဆုပ်သာသာ ရှိပါသည်။ သလင်းကျောက်အရိုင်းတုံး ဖြစ်ပါသည်။ အထဲတွင် စေတီသဏ္ဍာန် အထပ်(၃)ထပ်နှင့် မြင်ရပါသည်။**

ထို့နောက် MP4နှင့် ဓာတ်ပုံရိုက်ကြည့်ရာ ကျောက်တုံးထဲတွင် ရုပ်ပုံများအမျိုးမျိုးကို မြင်ရပါသည်။ စစ်သူကြီးပုံ၊ အမျိုးသမီးတစ်ယောက် ဘုရားဝတ်ပြုနေပုံ၊ ဆံပင်ရှည်နှင့် မင်းသမီးတစ်ပါးပုံ၊ ဘုရားစေတီပုံ စသည်ဖြင့် အမျိုးမျိုးပုံစံဖြင့် တွေ့မြင်ရပါသည်။

ဦးပဥ္စင်းမှ စမ်းသပ်သည့် အနေဖြင့် မှန်ကိုဖြတ်ကြည့်ရာ ပြတ်သည်ဟု ပြောပါသည်။ ထိုသလင်းကျောက်မှ အစောင့်အရှောက်ဖြစ်ဟန် တူသော ပုဂ္ဂိုလ်သည်လည်း အိပ်မက်ထဲတွင်

'ဤကျောက်တုံးအား ရောင်းခြင်း လှူခြင်း လုံးဝ မလုပ်ရန် မိမိတို့ ပဌာန်းဆက်တွေ့သော အချိန်တွင်မှ လှူရန် ပြောပါမည်'

ဟု အိပ်မက်ပေးပါသည်။

ထို့ကြောင့် ယင်းသလင်းကျောက်တုံးသည်လည်း ထူးခြားသော သိဒ္ဓိများ ရှိသည့် ကျောက်တုံးလော...

စာဖတ်သူများအား ထူးခြားသော ပုဂံခေတ်ရှေးဟောင်း အရုပ်လေးများနှင့် သလင်းကျောက်တုံးအား လေ့လာနိုင်ရန် ဦးပဥ္စင်းကြီး ဦးဉာဏ သီတင်းသုံးရာကျောင်းသို့ လမ်းညွှန်လိုက်ပါသည်။

ဦးပဥ္စင်းကြီး သီတင်းသုံးရာ ဘုန်းကြီးကျောင်းဝန်းမှာ **မကွေးမြို့၊ မြို့ပတ်လမ်းပေါ်ရှိ ရန်အောင်မြင်ဆုတောင်းပြည့်စေတီဘေးမှ ထမင်းကြားအတိုင်းသွားလျှင် ဘုန်းကြီးကျောင်းဝင်းကြီးကို တွေ့ရပါမည်။**

တစ်ပါးတည်း တဲငယ်လေး ထိန်းသိမ်းကျောင်းနှင့် ကျောင်းမကြီးကြားတွင် သီတင်းသုံးလျက် ရှိပါသည်။

ဝင့်ဝင့်အောင်
*(ခေတ္တ-ဟားခါး)*



www.burmeseclassic.com

www.burmeseclassic.com

# အလုပ်အကိုင်ရာထူး

## တိုးတက်မလား


ဆရာကြီးဦးအောင်မြင့်
(ဥပဒေဘွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ

အသက်(၅၀)ကျော် အမျိုးသား တစ်ဦးက ကျွန်ုပ်၏ လက္ခဏာဗေဒင် ဟောခန်းတွင် လာရောက် တွေ့ဆုံရင်း **"လက်ရှိ မန်နေဂျာရာထူးမှ (၁)နှစ် အတွင်း တစ်ဆင့်မြင့်ရာထူးသို့ တိုးတက်ကိန်းရှိသလား"** ဟူသော မေးခွန်းကို အဓိက မေးမြန်းရင်း ရာထူး အမြန်ဆုံး တိုးတက်ဖို့ အစီအရင်လည်း တောင်း ခံ ဆောင် ရွက်ပါ သည်။

ထိုအမျိုးသား ၏ ညာလက်ဖဝါး ပုံစံကို ဖော်ပြ ပေးလိုက်ပါသည်။

**"က" အက္ခရာနှင့်** ညွှန်ပြထားသည်မှာ လက်ချောင်း(၅)ချောင်း အနက် လက်ညှိုး လက်ချောင်း တစ်ချောင်း တည်းမှာသာ ခရုပတ်ဖွေ့ ရှိခြင်း ဖြစ်သည်။

* * *







www.burmeseclassic.com

ထိုသင်္ကေတမှာ ပြဿနာအကျအညာရှိခြင်း၊ သူတစ်ပါးကို ညွှန်ကြားခိုင်းစေ၍ အုပ်ချုပ်စီမံခန့်ခွဲခြင်းဆိုသော ရာထူး၏ အမှတ်အသားဖြစ်ပါသည်။ ရာထူးတိုးတက်မြင့်မားဖို့ အထောက်အပံ့ တစ်စိတ်တစ်ဒေသ ဖြစ်သည်။

**"ခ"အက္ခရာနှင့်** ညွှန်ပြထားသည်မှာ လက်ညှိုးနှင့် လက်ခလယ်ကြားမှာ သန်လျက်သင်္ကေတရှိခြင်း ဖြစ်သည်။


* * *




ထိုသင်္ကေတမှာလည်း အမိန့်ပေးနိုင်ခြင်း၊ ပြဿနာအကျအညာရှိခြင်း၊ ရာထူးရာခံ မြင့်မားခြင်း ဖြစ်စေသည့် အတိတ်ကံ၏ အထောက်အပံ့ပင် ဖြစ်ပေသည်။

**"ဂ"အက္ခရာနှင့်** ညွှန်ပြထားသည်မှာ လက်ခလယ်အောက် စနေဂြိုဟ်ခုံတွင် တစ်ချောင်းတည်း ထောင်တက်နေသော လမ်းကြောင်းငယ် ဖြစ်သည်။ နက်ရှိုင်းထင်ရှား သေးသွယ်အားကောင်းပြီး အဖျက်လမ်းကင်းနေသည်။


* * *




ဘာလုပ်လုပ် ကံကောင်းတတ်သော အမှတ်အသားဖြစ်သည်။

**"ဃ"အက္ခရာနှင့်** ညွှန်ပြထားသည်မှာ လက်ညှိုးအောက် ကြာသပတေးဂြိုဟ်ခုံတွင် ထောင်လိုက်မျဉ်းမတ်ငယ်တစ်ချောင်း ထင်ရှား ပေါ်လွင်နေခြင်း ဖြစ်သည်။ တစ်ဝက်တစ်ပျက် လျှို့ဝှက်ဆော်လမွန်ကွင်းနှင့် ထိနေသည်။

* * *




ထိုသင်္ကေတမှာ ဂုဏ်ထူးရခြင်း၊ ဘွဲ့ထူးရခြင်း အထက်လူကြီးများ၏ ချီးမြှင့်မြှောက်စားခံရခြင်းတို့ ဖြစ်စေတတ်သည်။

**"ဂ"အက္ခရာနှင့် "ဃ"အက္ခရာ**တို့မှာ ယခုမှ ပေါ်လွင်လာစဖြစ်၍ မကြာမီလပိုင်းအတွင်း ရာထူးတိုးတက်မည်ဟု ကြိုတင်သိနိုင်သည်။

**မှတ်ချက် ။ ။ အထက်ပါ လက္ခဏာရှင်မှာ (၆)လအတွင်း ရာထူးတိုးတက်ကြောင်း သိရှိရသည်။**

စာဖတ်သူ ဝန်ထမ်းများအနေဖြင့် မိမိတို့ လက်ဖဝါးပြင်တွင် အထက်ပါ သင်္ကေတမျိုး နီးစပ်တူညီစွာ တွေ့ရှိရပါက ရာထူးတိုးတက်မည့်နိမိတ်ဟု ကြိုသိပါလေ။

***လက္ခဏာပညာသုတ တိုးပွားရရှိကြပါစေ။***

***အောင်မြင်ကျော်ကြား၊ ချမ်းသာကြီးပွားအောင်...***

**ဆရာကြီး ဦးအောင်မြိုင်**
*(ဥပဒေဘွဲ့)*
**လက္ခဏာဗေဒပညာသုတေသီ**

စာမျက်နှာ (၁၄၃)မှ အဆက်

လမ်းကို ဆက်၍ ပြုလုပ်သွားနိုင်ပါသည်... မည်သည့်တတ်မှ မရောသော ဆေး... ပြဒါးခဲသတ္တု ဖြစ်ပါသည်။

စာရေးသူကိုယ်တိုင် လေး... အတုန်အကျခံ၍ စမ်းသပ်ဖမ်းနှ... ဖြစ်ပါသည်။ ယခုအချိန်မှာတော့ မီး... မီးထား လုပ်နည်းကို သဘောပေါ... နားလည်သွားပြီဖြစ်၍ အချိန်မ... ဖမ်းယူရရှိပါသည်။ ဆေးဒန်းပြဒါး မီ... သည်။

**[illegible]**

ယင်း ပြဒါးတက်လမ်းကို... ဆက်လက်ဆောင်ရွက်ဆဲ ဖြစ်ပါသ... အကျိုးထူးတော့ မခံစားရသေး... လမ်းဆုံးအောင် မလုပ်နိုင်သေးသေး... ကြောင့် ခံစားခွင့်မရသေးခြင်း ဖြစ်... ဟု ယုံကြည်ပါသည်။ အခါအခွင့်... လျှင် ဆက်လက် ရေးသားပါဦး...

ယင်း ပြဒါးတက်လမ်းကောင်း... ရှိထားပါကလည်း အများအ... အတွက် ဤနက္ခတ္တရောင်ခြည်မဂ္ဂ... မှ ရေးသား ဖော်ပြရန် မေတ္တာ... အပ်ပါသည်။

**မှတ်ချက် ။ ။ ဆေးဒန်းပြဒါး... သပ်သပ်ကိုင်လိုပါက ဘော် အ... ငယ်ကျွေးထားပါ။ "နဂါးကို ဖ... ရမည်" ဟူသော စကားအ... ဘော်ကျွေးထားခြင်း ဖြစ်ပါသ... ဘော်အနည်းငယ် ကျွေးထား... မီးထိုးခံပါသည်။**

***သုတေသီများ အောင်မြင်ကြပါ...***

**ခင်မောင်သန်း(ပညာ/...**



www.burmeseclassic.com

www.burmeseclassic.com



# ဆေးဒန်းပြဒါး

ဇော်မောင်သန်း
(ပညာ/ငြိမ်း)

ဖမ်းနည်း

မြန်မာ့အဂ္ဂိရတ်ပညာတွင် ဓာတ်များ ကြရာ၌ နည်းအမျိုးမျိုး ရှိပါသည်။ လက်တွေ့ ဖမ်းဖူးသည့် နည်းစနစ် ဖော်ပြလိုပါသည်။

ဤနည်းမှာ အချို့သော အဂ္ဂိရတ် လိုက်စားသူ သုတေသီများ သိရှိပြီး ဖြစ်ပါလိမ့်မည်။ မသိသေးသူ သို့မဟုတ် လက်တွေ့ဖမ်းကြည့် သူများအား စမ်းသပ်ကြည့်နိုင်ရန် ပါသည်။ ကြိုက်နှစ်သက်ပါက လက် လုပ်ဆောင်ကြည့်ကြပါ

စာရေးသူလည်း မိမိထက်ဝါရင့် ဆရာကြီးများမှ ပြောပြချက်ကို လက်တွေ့ဖမ်းကြည့်၍ ရရှိသည့်အပြင် နှစ်စရာ ကောင်းပါသည်။

အဂ္ဂိရတ်ပညာတွင် နည်းကမခက်၊ ခက် ဆိုသည့်အတိုင်း မီးထား နေသည် အထူး လိုအပ်ပါသည်။ ဒန်းပြဒါးခဲ အစင်အကြွယ် မိပါ သည်။ ယင်းပြဒါးကို ဆက်လက်တက် မှာ မိမိတို့ဆန္ဒအရသာ ဖြစ်ပါသည်။ နည်းနှင့် ဖမ်းမိသည့် သဘောသာ ပြခြင်း ဖြစ်ပါသည်။

ဖမ်းနည်း မစတင်ပြမီ ဖမ်းရန် လိုအပ် သည်များ စီစဉ်ပုံတင်ပြပါမည်။

**ပထမဦးစွာ နာဇေါ် ခဲ (ရွှေဝါဇော်ဆိပ်) များ ငါးကျပ်သား၊ ဒန်(ဇေါ်) ကြေးနီ ကျပ်သားနှင့် ရော၍ အရည်ကျိုပါ။ ပြီး ထိုးရပါသည်။ အရည်လည်၍ ချော်ရည်များ ထွက်လာပါလိမ့်မည်။ ချော်ရည် ဖိုင်ရည်များကို လုံး ခွက်တစ်ခုထဲတွင် လောင်းထည့် ဤဒန်ချော်ဖိုင် ငါးကျပ်သားရ ထောင်း၍ အမှုန့် ပြုလုပ်ထားပါ။**

**ဆေးဒန်းသုံးကျပ်သားကို** အမှုန့် သံပရာရည်နှင့်စိမ် နေလှန်းပါ။ ရာရည်မှာ ဆေးဒန်းမှုန့်များ မြုပ်ရုံ ထည့်ပါ။ ဤဆေးဒန်းများကို ရာရည်ထည့်ပြီး သုံးရက်ခန့် ပြု လုပ်ပါ။ သုံးရက် နေလှန်းပြီး ခြောက် သွေ့ပါက ယင်းဆေးဒန်းမှုန့်များကို လုံနံပါတ်(၈)ထဲတွင် အောက်ဆုံးက ထည့်ပါ။ ယင်းပေါ်မှ ဒန်(ကြေးနီ)ချော် ချိုပ်မှုန့် ငါးကျပ်သား ထည့်သိပ်ပါ။


ယင်းအပေါ်မှာ **ဒုတ္တာငါးကျပ်သား** အမှုန့်ပြု ထည့်သိပ်ပါ။ ယင်းအပေါ်မှာ ချော်ဟောင်းများ သို့မဟုတ် လက်ချား မီးပေါက်များ လုံအပြည့် ထည့်သိပ်ပါ၊ ပြီးလျှင် လုံကို အဖုံး ဖုံး၍ ဖော်ကောင်း ကောင်းမံပါ။ ပြီးလျှင် ဖော်မံထားသော လုံကို နေတွင် ဖန့်သွားအောင် လှန်း ထားပါ။

ဖော်များ ဖန့်၍ အနည်းငယ် ခြောက် သွေ့သွားလျှင် (သို့မဟုတ်) လုံးဝ ခြောက်သွားလျှင် ပိုကောင်းပါသည်။

ယင်းလုံကို ဖိုနာဝအောက်အထိ မြုပ်၍ မီးလျှို ခပ်ပြင်းပြင်းထိုးပါ။ နာရီဝက်ခန့် ထိုးမိပါက အနည်းငယ် လုံကို မြှင့်ပါ။ ဤကဲ့သို့ မီးပြင်းပြင်း ထိုးလိုက် အနည်းငယ် လုံကို လှည့်၍ ဆွဲတင်လိုက်ဖြင့် (၂)နာရီခန့် ထိုးသွား ပါ။

ပထမပိုင်းမှာ ဆေးဒန်းခိုးများ ထွက်လျှင် မကြောက်ပါနှင့်။ မီးလျှို နာနာထိုးပါ။ မီးလျှို ထိုးနိုင်လေ ကောင်းလေ ဖြစ်ပါသည်။ ဖြစ်နိုင် လျှင် လုံတီလူးခေါင်းကျအောင် ထိုးပါ။ လုံ ခိုင်ဖို့တော့ ဂရုစိုက်ပါ။

ဤကဲ့သို့ တဖြည်းဖြည်းနှင့် ခါးတိုက် ရောက်လာသည့်အထိ ထိုးပါ။ ဆေး



ဒန်းအခိုးများလည်း အထွက် နည်းနည်းလာပြီး လုံးဝ မထွက်တော့မှ လုံကို ဖိုခွင်မှချ၍ အအေးခံပါ။

**လုံအေးပါက မီးလေယဉ်လောက် ချော်အောက်ဆုံးနေရာလောက်မှ မှန်း၍ လုံကိုပြတ်ခွဲလိုက်လျှင်ဆေးဒန်းပြဒါး အပြွဲခဲ ထွက်လာပါလိမ့်မည်။ ယင်း ဓာတ်ခဲကို ချိန်ကြည့်ပါက တစ်ကျပ်ခွဲသား ခန့် မီးလျှို့ကောင်းလျှင် နှစ်ကျပ်သား ခန့် မိပါသည်။**

ယင်းဓာတ်ခဲကို ချော်ချက်၍ ချော် နှစ်ကြည့်ပါက အပျော့အပြင်းကျသော ဆေးဒန်းပြဒါးစစ်စစ်ကို ရပါသည်။ ယင်းဓာတ်ခဲကို အထိန်းမပါဘဲ ချော် ဖြင့် ဆက်ထိုးပါက ချော်သောက်ပြီး ဓာတ်ခဲပါ ပျောက်သွားပါမည်။

ယင်း ဆေးဒန်းပြဒါးခဲကို မိမိတက်လို

စာမျက်နှာ (၁၅၅) သို့



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး




# သွေးတိုးရောဂါရှင်များ . .

# စကြာမင်း

အမှတ်တံဆိပ်

# သွေးတိုးကျဆေး

# ကိုဆောင်ထား ကိုရဲ



တိုင်းရင်းဆေးဝါးမှတ်ပုံအမှတ်–0112 YR 007991

"အတော်ပဲ မြတ်တို့အိမ် အလည်လာတာ ထမင်းပွဲနဲ့ တန်းတိုးတယ်ဟေ့" "အော် မမမြင့်၊ လာ တစ်ခါထဲဝင်စားလိုက်လေ" "ဘာဟင်းချက်လဲဟင်" "မမမြင့်ရေ့ မနေ့က စင်ကာပူက သားကြီးပြန်လာ တယ်လေ၊ အဲ့ဒါ သားကြီးက အုန်းနို့ခေါက်ဆွဲ စားချင်တယ်ဆိုလို့ ထမင်းလွတ် ချက်စားနေကြတာပါ" "အမလေး အုန်းနို့ခေါက်ဆွဲဆိုရင် အသံကြားတာနဲ့တင် သွေးတိုးချင်ပြီ။ တော်ပါပြီအေမစားရဲပါဘူး" "မမမြင့်ကလဲ ရောဂါရှိရင် ဆေးရှိပါတယ်။ ကျွန်မလဲ အစက ဒီလိုပဲလေ။ သွေးတိုးရှိလို့ ဟိုဟာမစားရဲ ဒီဟာမစားရဲနဲ့ ရှောင်လိုက်ရတဲ့အစား။ အခုတော့ စားချင်တာစားလို့ရပြီ မမမြင့်ရဲ့" "အေး အဲ့ဒါကြောင့် ငါအံ့သြနေတာ၊ အရင်ကဆို အစားအသောက်ရှောင်တာ မမထက်တောင် မြတ်ကပိုသေးတယ်။ ခုတော့ အံ့သြဘနန်းပဲ" "ဟုတ်တယ် မမမြင့်ရေ အရင်ကတော့ နည်းနည်းလေးအစားမှားတာနဲ့ သွေးကတိုးတိုးလာတော့ အစားတစ်လုပ်အတွက်နဲ့ ရောဂါမခံစားချင်တာနဲ့ အစားအသောက်ကို ဂရုတစိုက် ရှောင်ကြဉ်စားသောက်ခဲ့တာ။ အခုတော့ စကြာမင်းသွေးတိုးကျဆေး အားကိုးရှိနေပြီ မမမြင့်ရဲ့" "ဟင် ဟုတ်လား၊ တစ်ယောက်ထဲ ကျိတ်ပြီး သုံးစွဲမနေနဲ့ဦး မကိုလဲ ပြောအုံးလေ" "လာပါ မမမြင့်ရယ် ဆေးကို နောက်မှပေးမယ်၊ အုန်းနို့ခေါက်ဆွဲကို အရင်တဝကြီးစားပြီးမှ ဆေးဘယ်လောက်စွမ်းသလဲဆိုတာ လက်တွေ့ပြမယ်" "ဟုတ်ရဲ့လား မြတ်ရယ်" "အော် မမမြင့်ရယ် ကျွန်မကိုယ်တိုင် ဒီမှာအားရပါးရ စားနေတာပဲ၊ မမမြင့်ကို ဘေးဖြစ်အောင်တော့ မလုပ်ပါဘူး" "စိတ်ချလက်ချသာစားပါ မမမြင့်၊ ကျွန်တော်နဲ့ မြတ်ကတော့ သွေးတိုးစေမယ့် အစားအစာတွေစားပြီးတာနဲ့ ဆေးသောက်လိုက်တာပဲ" "ကဲပါလေ လင်ရောမယားပါ ဒီလောက်ညွှန်းနေမှတော့ စားပြီဟေ့၊ များများသာထည့်" "ဟား ဟား၊ ဟင်း ဟင်း ဟင်း"

"မြတ်တို့ဇနီးမောင်နှံတိုက်တွန်းလို့ အုန်းနို့ခေါက်ဆွဲကို တဝတပြစားပြီးပြီနော်၊ ကဲ ဆေးမြန်မြန်ပေးတော့လေ"

"ပေးပါ့မယ်မမမြင့်ရယ်၊ ရော့ ရော့၊ ၅ ပြားသောက်လိုက်" "မှန်း ဘာဆေးလဲ၊ ဟယ် **စကြာမင်း သွေးတိုးကျဆေးကိုး**"

"ဟုတ်တယ်မမမြင့်ရေ သွေးတိုးရောဂါကာကွယ် ချင်လို့ပဲဖြစ်ဖြစ်၊ သွေးတိုးနေလို့ပဲဖြစ်ဖြစ်၊ သွေးတိုးရောဂါရှိလို့ စားချင်ရက်နဲ့ အစားအသောက် ရှောင်နေရသူများပဲဖြစ်ဖြစ် သွေးတိုးရောဂါနဲ့ပတ်သက်ရင် အိမ်တိုင်းအမြဲဆောင်ထား သင့်တဲ့ ဆေးကတော့ **ဆရာမြင့်ရဲ့ စကြာမင်း**အမှတ်တံဆိပ် **သွေးတိုးကျဆေး**ပဲ ဖြစ်ပါသတဲ့ရှင်" "သမားတော် **ဆရာမြင့်ရဲ့ စကြာမင်း သွေးတိုးကျဆေး**ဆိုရင် ယုံကြည်ပါတယ်၊ ဒါနဲ့အခြားဘာရောဂါတွေအတွက် သုံးစွဲလို့ရလဲဟင်"

"သုံးစွဲနိုင်တဲ့ ရောဂါတွေကတော့သွေးတိုးရောဂါဖြစ်ခြင်း၊ သွေးတက်၊ သွေးတိုးခြင်း၊ သွေးပေါင် အမြဲတမ်းတက်နေခြင်း၊ နောက်ကျောတက်၊ ဇက်ကြောထိုးခြင်း၊ ခေါင်းမူးဝေခြင်း၊ ခေါင်းအုံခဲ၍ လေးလံထိုင်းမှိုင်းနေခြင်း၊ အာရုံကြောအားနည်းခြင်း၊ အကြောအားနည်းခြင်း၊ အဆစ်ရောင်အဆစ်ကိုက်ရောဂါဖြစ်ခြင်း၊ လက်ခြေများ ထုံကျဉ်ကိုက်ခဲခြင်း၊ အတက်စာ နည်းနည်း စားရုံဖြင့် သွေးတက်၊ သွေးတိုးလာခြင်း၊ အစာအိမ်အားနည်းခြင်း စတဲ့ ရောဂါတွေအတွက်လည်း သုံးစွဲနိုင်ပါတယ်"

"ဟယ် ! စကားကောင်းနေလိုက်တာ (၂)နာရီတောင် ကျော်ပါပေါ့လား၊ ပြန်အုန်းမှ ပြန်အုန်းမှ" "ဘယ်လိုလဲ မမမြင့်" "အေးဟဲ့ ဘယ်လိုမှမခံစားရဘူး၊ အရင်ကဆိုရင် ဒီလိုသွေးတိုး စာတွေစားပြီးတာနဲ့ ဆေးခန်း တန်းပြေးရတော့တာပဲ" "ဒါကြောင့် သွေးတိုးရောဂါအတွက် အကောင်းဆုံးဆေးပါလို့ဆို" "ဟုတ်တော်၊ ဝမ်းသာလိုက်တာ။ အိမ်က ကိုရဲအတွက်လဲ အုန်းနို့ ခေါက်ဆွဲ ယူသွားအုန်းမှပဲ" "ဒီမှာ မမမြင့်ရေ အဆင်သင့်ထည့်ထားပြီးပြီ။ ရော့၊ ဒါက **စကြာမင်းသွေးတိုးကျဆေး** ကိုရဲကိုလဲ ပြောလိုက်ပါ။ သွေးတိုးအတွက်တော့ စိတ်မညစ်နဲ့တော့လို့"

"အေးအေး၊ ပြောရုံမဟုတ်ဖူး လက်တွေ့ပြလိုက်မယ်"

"ကဲ ကျွန်တော်ရဲ့ဇနီးနဲ့ ညီအစ်ကိုမောင်နှမသဖွယ် ခင်မင်ရင်းနှီးတဲ့ ကိုအေးမင်းနဲ့မအေးမြတ်ဝင်းတို့ရဲ့ စေတနာ မေတ္တာကြောင့် အခု ကျွန်တော့်မှာစွဲကပ်နေတဲ့ သွေးတိုး ရောဂါဟာ ပိန်းကြာရွက်ပေါ် ရေမတင်သလို ပျောက်ကင်း ချမ်းသာရခဲ့ပါပြီ။ ဒါကြောင့် စာဖတ်ပရိသတ်ကြီးရေ ကျန်းမာ ခြင်း ဆုလာဘ်နဲ့ပြည့်စုံပြီး စားချင်တာစားရအောင်နော် ဒါပေမဲ့...**စကြာမင်းသွေးတိုးကျဆေး**တော့ ဆောင်ထားဖို့တော့ လိုလိမ့်မယ်..."

**ကိုရဲ**

---

ပင်ရင်း – **စကြာမင်းဆေးတိုက်**

အမှတ် (၆၆၆)၊ (စ) ရပ်ကွက်၊ သုဓမ္မာလမ်း၊

မြောက်ဥက္ကလာပ။ ဖုန်း – ၆၉၁၀၉၁၊ ၇၂၂၅၄၁။

---



www.burmeseclassic.com

www.burmeseclassic.com



ပေါင်း၊ နုတ်၊ မြှောက်၊ စား

# သင်္ချာလက္ခဏာပြ

ဗေဒင်ဟောနည်း



ပုံဖော် (မင်းလှ)

စာရေးသူတို့ လူ့ဘုံလောက လူမျိုးအသီးသီးရှိကြရာ၌ ဗေဒင်၊ နက္ခတ်၊ ရှေ့ဖြစ်နောက်ဖြစ်ဟောသော ပညာရပ်အမျိုးမျိုး ရှိကြပါသည်။

အတိတ်တဘောင်၊ နိမိတ်၊ အင်္ဂဝိဇ္ဇာ နေ့လစသည့် ပညာရပ်အမျိုးမျိုးတို့ဖြင့် လောကသားများအတွက် အဆိုး၊အကောင်း၊ ရှောင်ရန်၊ဆောင်ရန်၊ ကံဍ္ဍ၊အနိဋ္ဌကို ဟောပြောနိုင်သည့် ပညာရှင်များစွာ ရှိပါသည်။

ဗေဒင်ပညာတွင် ဆုံးခန်းတိုင်ဟူ၍ မရှိပါ။ လူတစ်ဦးနှင့်တစ်ဦး ဘဝဖြစ်စဉ် ကောင်းကျိုး၊ဆိုးကျိုး၊ ကံဍ္ဍ၊အနိဋ္ဌ တွေ့ညီကြပါ။

ဗေဒင်ပညာသည် ပစ္စုပ္ပန်ဘဝကံ၏ အကျိုးအပြစ်၊ ကံဍ္ဍ၊အနိဋ္ဌကို အခြေခံသည်ဟု ဆိုရပါမည်။ ဘဝများစွာမှ ကံစွမ်းအား၏ ကံဍ္ဍ၊အနိဋ္ဌ၊ ဆိုး၊ ကောင်းနှစ်မျိုးလုံးကို တိတိကျကျ သိမြင်နိုင်စွမ်း မရှိနိုင်ပါ။

ဗေဒင်ပညာသည် ယခုမျက်မှောက်ဘဝတစ်ခု၏ အစိတ်အပိုင်းကို အခြေခံ၍ မှန်းဆ သိမြင်နိုင်သောပညာရပ်များဖြစ်ပါသည်။

သို့သော် ဤပညာရပ်များသည် လောကသားများအတွက် အကျိုး၊အပြစ်၊ ကံဍ္ဍ၊အနိဋ္ဌများကို ကြိုတင်၍ နီးကပ်စွာ သိမြင်နိုင်သည့် ပညာရပ်များ ဖြစ်ပါသည်။

ယခု စာရေးသူ ရေးသားဖော်ပြမည့် **ပေါင်း၊ နုတ်၊ မြှောက်၊ စား** သင်္ချာလက္ခဏာတို့ဖြင့် ဗေဒင်ဟောနည်းကို သက်တော်ရှည် ဆရာတော်ကြီး ထံပါးထံက ရရှိခဲ့ခြင်း ဖြစ်ပါသည်။

၂၀၁၂ ခုနှစ်၊ ဧပြီလတွင် ဘဘုန်းကြီး သီတင်းသုံးတော်မူရာ ရသေ့တောင်မြို့နယ်၊ အနောက်ဘက်ကမ်း မေယုတောင်တန်း၏ တောင်ကုန်းပေါ်တွင် တည်ရှိသော **တောင်တန်းဒေသသာသနာပြု သက်တော်ရှည် ဆရာတော်ကြီးထံ** ရောက်ရှိခဲ့ပါသည်။

အိမ်ခြေ(၂၀)ခန့်ရှိသော ပြင်ရှည်ကျေးရွာမှ ဒကာ၊ ဒကာမများက ကိုးကွယ် ဆည်းကပ်ကြသဖြင့် ဆွမ်းကိစ္စအဆင်ပြေသည်ဖြစ်၍ တောတောင်ထဲမှာ ဧကစာရီတစ်ပါးတည်း ကျင့်ကြံ အားထုတ်တော်မူသော ဆရာတော်ကြီးဖြစ်ပါသည်။

စာရေးသူ၏ အစ်ကိုကြီးဖြစ်သူ ပိတောက်မြိုင်ရွာမှ ဦးသာညွန့်၊ ရွာခံဒကာ ဦးစံအောင်ကျော်တို့နှင့်အတူ သွားရောက်ဖူးမြော်ရာ **ဆရာတော်ကြီးက သက်တော်(၈၄)နှစ် ရှိပြီဖြစ်သော်လည်း မျက်စိ၊ နား ကောင်းသည်။ တရားရှိသော ဆရာတော်ဖြစ်၍ ဖူးမြော်သူတိုင်း စိတ်ငြိမ်းအေးကြပါသည်။**

ဆရာတော်ကြီး သီတင်းသုံးရာ သစ်သားကျောင်းလေး၏ ခေါင်းရင်းတိုင်တွင် သုံးပေပတ်လည် ကတ်ထူစာရွက်ဖြင့် ရေးဆွဲထားသော ပေါင်း၊နုတ်၊ မြှောက်၊စား သင်္ချာလက္ခဏာပြ ဂြိုဟ်(၈)ခွင်ပုံတစ်ခုကို ချိတ်ဆွဲထားပါသည်။

စာရေးသူ စိတ်ဝင်စားစွာ ကြည့်ရှုသော်လည်း သဘောမပေါက်၍ ဆရာတော်ကြီးအနီးသို့ သွားပြီး...

'ဘဘုန်းဘုရား... ဒီပုံက ဘာ့အတွက် ရေးဆွဲထားတာပါလဲဘုရား'

ဟု လျှောက်ထားရာ...

ဆရာတော်ကြီးက...

'ဒီပုံကို ပြောတာလားကွယ့်'

'တင်ပါ့ဘုရား'

'ဒီပုံက ဗေဒင်ဟောလို့ ရတယ်ကွ'

စာရေးသူမှ...

'ဘဘုန်းဘုရား ဒီသင်္ချာလက္ခဏာပြဟောနည်းကို ရှင်းပြပေးတော်မူပါဘုရား'

ဟု လျှောက်ထားလိုက်ပါသည်။

ဆရာတော်ကြီးက ပုံတော်ကို ရှေ့ကို ယူခိုင်းပြီး...

'ဒီဗေဒင်ဟောနည်းက ငါငယ်စဉ်တုန်းက ဆေးဆရာကြီးတစ်ဦးထံမှ သင်ယူခဲ့တဲ့ ပညာပေါ့။ တစ်ရက်တည်းသင်ရုံနဲ့ ဗေဒင်ဟောလို့ရတဲ့ပညာဆိုပါတော့ကွာ'

'တင်ပါ့ဘုရား'

ဆရာတော်ကြီးသည် အနီးတွင်ရှိသော သစ်သားတုတ်ချောင်းတစ်ခုကို လှမ်းယူလိုက်သည်။

ပြီးလျှင် ကတ်ထူစာရွက်တွင် ရေးမှတ်ထားသော သင်္ချာလက္ခဏာများ၏ သဘောတရားများကို ရှင်းပြပါသည်။





www.burmeseclassic.com

www.burmeseclassic.com

‘ကဲ ဒကာလေးတို့ မှတ်ထားကြ’ ဟု မိန့်ကြားပြီးလျှင် တုတ်ချောင်းနှင့် သင်္ချာလက္ခဏာပြ ကတ္တူစာရွက်ပေါ်ထောက်၍...

- **အပေါင်းလက္ခဏာ ဆိုတာ ကောင်းကျိုးကို သဘောဆောင်တယ်၊** တိုးတက်ခြင်း၊ အဆင်ပြေခြင်း၊ အောင်မြင်ခြင်းသဘော ဖြစ်တယ်။
- **အနုတ် လက္ခဏာကတော့** မကောင်းသော အကျိုးကို သဘောဆောင်တယ်၊ ဆုတ်ယုတ်ခြင်း၊ အဆင်မပြေခြင်း၊ မအောင်မြင်ခြင်းဖြစ်တယ်။
- **အမြှောက် လက္ခဏာကတော့** လာဘ်လာဘ ကြီးစွာရရှိခြင်း၊ အစစ အဆင်ပြေနိုင်ခြင်း၊ သာမန်ကောင်းကျိုးထက် များသော အကျိုးကျေးဇူးကို ခံစားရခြင်း သဘောဆောင်တယ်။
- **အစားလက္ခဏာရဲ့ သဘောတရားမှာက** ကောင်းကျိုး,ဆိုးကျိုး နှစ်မျိုးလုံးကို ရောယှက်တဲ့ သဘောဖြစ်ပြီး ကောင်းကျိုးဆိုရင်လဲ နည်းနည်းပဲ ရမယ်။ ဆိုးကျိုးဆိုရင်လဲ ဒီသဘောပဲ အနည်းငယ်မျှသာ ဖြစ်စေတယ်။

ဒါက သင်္ချာလက္ခဏာများရဲ့ လိုရင်းသဘောတရားကို ဆိုလိုခြင်း ဖြစ်တယ်။ လူတစ်ယောက်အတွက် ဒီ သင်္ချာလက္ခဏာနဲ့ ဗေဒင်ဟောမယ်ဆိုရင် **ဦးစွာ ရောက်ဆဲအသက်ကို တည်ပါ။ ဂြိုဟ်(၈)လုံးနဲ့စား၊ အကြွင်းကို မိမိမွေးနံဂြိုဟ်ခွင်ရှိရာမှ ရေတွက်ပြီး ကျရောက်ရာခွင်ရဲ့ သင်္ချာလက္ခဏာ သဘောတရားအတိုင်း ဟောကိန်းထုတ်ရမယ်။**

‘ကဲ...ဒကာတို့ကို နမူနာတစ်ခုတွက်ပြမယ်။ ဒကာတို့ထဲက တစ်ဦးဦးက ရောက်ဆဲအသက်နဲ့ မွေးနေ့ကို ပြောပါ’

ဟု ပြောရာ...

စာရေးသူ၏ အစ်ကိုဦးသာညွှန့်က...

‘တပည့်တော်ရဲ့ အသက်က(၆၀)နှစ်၊ မွေးနေ့က သောကြာသားပါဘုရား’

ဟု လျှောက်ထားပါသည်။

**တွက်နည်း**...

အသက် ၆၀ ÷ ၈ = (၄)ကြွင်း

**သင်္ချာလက္ခဏာပုံ**...

***

| | | |
|---|---|---|
| တနင်္ဂနွေ<br>× ÷ + | တနင်္လာ<br>÷<br>+<br>− | + အင်္ဂါ<br>−<br>× |
| သောကြာ→ × ÷ | | ÷ × − ဗုဒ္ဓဟူး |
| ×<br>−<br>+<br>ရာဟု | −<br>+<br>÷<br>ကြာသပတေး | + ÷ ×<br>စနေ |

(၄)ခု ကြွင်းဖြစ်၍ သောကြာခွင်မှ လက်ယာရစ် ရေတွက်သော် အင်္ဂါခွင်တွင် သက်ရောက်ကျသည်။ အင်္ဂါခွင်၏ သင်္ချာလက္ခဏာမှာ အမြှောက်၊ အနုတ်၊ အပေါင်းဟူ၍ လက္ခဏာ(၃)မျိုးရှိသည်။

(၁)နှစ်တွင် (၁၂)လရှိရာ **မိမိမွေးလမှ ပထမ(၄)လသည်** အမြှောက်လက္ခဏာ၏ အကျိုးကို ခံစားရမည်။ **ဒုတိယ(၄)လသည်** အနုတ်လက္ခဏာ၏ သဘောဖြစ်၍ **တတိယ(၄)လသည်** အပေါင်းလက္ခဏာ၏ သဘောအတိုင်း ခံစားရမည် ဖြစ်ပါသည်’

ဟု ဆရာတော်ကြီးသည် သောကြာသား အသက်(၆၀)နှစ်အတွက် နမူနာတွက်ပြပြီး...

အခြား မည်သည့်နေ့သားသမီးကိုမဆို ဤ(နမူနာ)တွက်နည်းအတိုင်း တွက်၍ ကြည့်နိုင်သည်ဟု စိတ်ရှည်စွာဖြင့် စာရေးသူတို့အား ရှင်းပြတော်မူပါသည်။

စာရေးသူသည် သင်္ချာလက္ခဏာဖြင့် ဗေဒင်ဟောနည်းကို သိရှိနားလည်၍ ဘာဘုန်းဘုရားမှလည်း ဗေဒင်ဟောနည်းကို အများအတွက် အကျိုးရှိစေရန် ဆောင်းပါး ရေးသား ဖော်ပြခွင့်ပြုပါသည်။

သို့နှင့် စာရေးသူမှ ပညာရှင် သုတေသီများနှင့် ဗေဒင်ပညာကို လေ့လာလိုသူများ သိရှိနိုင်ကြ ပါစေရန် နက္ခတ္တရောင်ခြည် မဂ္ဂဇင်းမှ တစ်ဆင့် ရေးသား ဖော်ပြလိုက်ပါသည်။

**[ဤဆောင်းပါးဖြင့် ရသော့တောင်ဖြို့နယ် မေယုကမ်းပြင်ရှည် ဆရာတော်ကြီးအား ကျေးဇူးဆပ်၍ ဦးခိုက်ပါသည်ဘုရား...]**

ဗိုလ်မင်း(မင်းလှ)





www.burmeseclassic.com

www.burmeseclassic.com



နွယ်မြက်သစ်ဝင်

# ဆေးဖက်ဝင် အပင်များ

## ၏ လက်တွေ့ အသုံးပြုနည်းများ (အပိုင်း-၁)

ဦးမင်းဇင် (ရွှေနဝင်း)

**ဂမုန်းတိမ်ပြာအာစွမ်းဖြင့်**

**သူငယ်နာရောဂါအဖြာဖြာ**

**ကုသနည်း**

ဤ ကမ္ဘာမြေလောကကြီးတွင် ဆေးဖက်မဝင်သော သစ်ပင်သည် နတ္ထိမရှိဟု တေဒဂ်ဘွဲ့ထူးရ သမားတော်ကြီး ဆရာဇီဝကမှ အတိအလင်း မိန့်ဆိုခဲ့ပါသည်။


ရုက္ခအပင် မျိုးစိတ်မျိုးကွဲများ၏ ဆေးစွမ်းအာနိသင် ကြောင်းရင်း ဓာစ်မြစ်တို့ကို မသိကြ၍သာ အသုံးမချနိုင်ခြင်းများသာ ရှိပေမည်။ ဆေးဖက်မဝင်သည့် အပင်ဟူ၍တော့ မရှိပါ။

သို့ဖြစ်၍ တောကြီးမျက်မည်း တောတောင်ထဲတွင် အလှမ်းဝေးစွာ ပေါက်ရောက်နေသော အပင်ရုက္ခများကို မသိကြလျှင်တောင်မှ မိမိတို့နှင့် အလွန်နီးကပ်စွာ တွေ့မြင်ပေါက်ရောက်နေကြသော အနီးပတ်ဝန်းကျင်ရှိ အပင်ရုက္ခများ၏ အကြောင်းရင်း ဓာတ်မြစ် ဆေးစွမ်းအာနိသင်တို့ကို တတ်နိုင်သလောက် ဗဟုသုတ ပွားများလေ့လာ ရှာဖွေထားကြပါ။

သို့မှသာလျှင် မိမိ၏ မိသားစုနှင့်တကွ နီးစပ်ပတ်သက်ရာ လူသားများကို မိမိတတ်နိုင်သည့်ဘက်မှ အကျိုးကျေးဇူး ပြုနိုင်ကြပေမည်။

ထိုသို့ မိမိတို့ အနီးပတ်ဝန်းကျင်တွင် တွေ့မြင် ပေါက်ရောက်နေကြသည့် ဆေးဖက်ဝင် သစ်ပင်များ၏ ဆေးစွမ်း အာနိသင်နှင့် လက်တွေ့ အသုံးချပုံများကို စာဖတ်သူ ပရိသတ်ကြီး ဗဟုသုတ ပွားများပြီး လေ့လာမှတ်ယူပြီး လက်တွေ့အသုံးပြုနိုင်စေရန် စေတနာထား၍ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကြီးမှ တစ်ဆင့် လစဉ် အတတ်နိုင်ဆုံး ရေးသား တင်ပြပေးသွားပါမည်ဟု အသိပေး ပန်ကြားလိုက်ပါသည်။

ကျွန်ုပ်တို့ အနီးပတ်ဝန်းကျင်တွင် နေ့စဉ် မြင်တွေ့နေရသည့် ဆေးဖက်ဝင် အပင်တစ်မျိုးဖြစ်သော "**နနွင်းပြာခေါ် ဂမုန်းတိမ်ပြာ**"အပင်၏ လက်တွေ့အသုံးပြုပုံ အကြောင်းကို ပထမဦးဆုံး တင်ပြပေးပါမည်။



ဂမုန်းတိမ်ပြာ အပင်သည် အချို့သော အိမ်များတွင် သီးသန့်စိုက်ပျိုးထားကြသည်ကို တွေ့မြင်နိုင်ပါသည်။

သို့သော် သူ၏ မူလမှာ အလေ့ကျပေါက်ရောက်သည်လည်း ရှိပါသည်။ ယခုလို မိုးဦးကျကာလဆိုလျှင် တစ်နွေလုံး အပူဒဏ်ကြောင့် အပင်မှ အရွက်များကျ၍ မြေကြီးအတွင်းမှ ဂမုန်းတိမ်ပြာဥတွင် အစာရေစာ စုဆောင်းထားပြီး မိုးလေး တစ်ဖြိုက်,နှစ်ဖြိုက် ရွာလိုက်သည်နှင့် ယင်းဥများမှ အစို့အညောက်များ ထွက်လာပြီး အရွက်ဖားကြီးများ အပြိုင်ထွက်လေ့ ရှိပါသည်။

ယင်းသည် နနွင်းမျိုးရင်းဝင် အပင်မျိုးဖြစ်ပြီး ကျားနနွင်းဥနှင့် သဏ္ဌာန်တူပါသည်။ ဥ၏ခေါင်းတွင် အမွေးမှင်များ များစွာရှိပါသည်။ ဥနှင့် အရွက်တွင် ပူရှိန်ရှိန် ရနံ့မွှေး၍ အခိုးအရှိန်ရှိသည့် အပင်မျိုးဖြစ်ပါသည်။

အရွက်မှာ နနွင်းပင်အရွက်နှင့် တူသော်လည်း အရွက်၏ အလယ်တွင် အပြာရောင် အစင်းကြောင်း ထင်ရှားစွာရှိ၍ အရွက်၏ ကျောပြင်သည် နီပြာရောင် ရှိပါသည်။

အချို့က နနွင်းပြာဟု ခေါ်ကြသည်။ ဂမုန်းတိမ်ပြာဥ၏ အတွင်းသားမှာ ခရမ်းပြာနုရောင် ထင်ရှားစွာ ရှိပါသည်။

**ဆေးစွမ်းအာနိသင်မှာ** နနွင်းပင်



www.burmeseclassic.com

www.burmeseclassic.com

နှင့် အလားတူသော်လည်း ယင်း၏ ထူးခြားစွမ်းရည်မှာ **ဥပမာ ကိုယ်ငွေ့ ထိန်းအားကောင်းပြီး** ကလေးသူငယ်နာ ကြွံ့ဗဟုန်းရောဂါနှင့် သူငယ်နာရောဂါအထွေထွေ၊ မျက်စိထိခိုက်ဒဏ်နာတို့တွင် ထူးခြားစွာ အစွမ်းထက်မြက်သည်ကို တွေ့ရပါသည်။

အသုံးပြုရသည့် အပိုင်းမှာ ဥအမြစ်ပိုင်းကို သုံးရပါသည်။ အရွက်ကိုလည်း ပြုတ်၍ ပေါင်းချွေးအောင်းဆေး အနေဖြင့် အသုံးချနိုင်ပါသည်။ ချွေးပုပ်များကို ထွက်စေ၍ ကိုယ်ရန့်ကို ကောင်းမွန်စေပါသည်။ အသားအရေ ကြည်လင်ဝင်းပစေပါသည်။

---

## ရောဂါအလိုက် အသုံးပြုပုံများမှာ

---

၁။ ကလေးသူငယ်နာရောဂါများ

(က) သူငယ်နာ ကြွံ့ဗဟုန်းရောဂါနှင့် သူငယ်နာ အကြောဆွဲရောဂါများတွင် ဂမုန်းတိမ်ပြာဥကို ကျားရိုးနှင့် ရောသွေး၍ ရောဂါအနု,အရင့် ကလေးအရွယ်ကို ချင့်ချိန်၍ ဆေးသွေးရည် ကော်ဖီဇွန်း (၁)ဇွန်း,(၂)ဇွန်းခန့် တစ်နေ့(၂)ကြိမ် တိုက်ပေးရပါသည်။ တစ်ပတ်ဆယ်ရက်ခန့် တိုက်ပေးနိုင်သည်။

(ခ) သူငယ်နာ ကျောပူခေါင်းပူစွဲ၍ မကြာခဏ ဖျားနာခဲ့သော် ယင်း၏ ဥကို သွေး၍ ဆား(၄,၅)ပွင့် ခတ်၍ ကလေး၏ လျှာကို တစ်နေ့(၂) ကြိမ် ပွတ်ပေးပါ။

ယင်း၏အရွက်ကို ပြုတ်၍ ယင်းပြုတ်ရည်ပူပူနှင့် ရေကို ရောစပ်၍ ခပ်နွေးနွေး ကြက်သီးနွေးလေးကလေး ရေချိုးပေးပါ။

(ဂ) ကလေးသူငယ်များ အပူကြီး၍ ဖျားပြီး တက်ခဲ့သော် ကရမက်ကောင်းကောင်းနှင့် ဂမုန်းတိမ်ပြာ



ဥကို (၂)မျိုး ရောသွေး၍ အုပ်ဆေးအနေဖြင့် လိမ်းပေးနိုင်ပါသည်။

**ဆေးလိမ်းပုံမှာ** ကိုယ်အပူကြီးနေသော ကလေး (သို့မဟုတ်) တက်နေသော ကလေးကို ယင်းဆေး(၂)မျိုး ရောသွေးထားသော ဆေးရည်များများ သွေးထားပြီး ပထမဦးဆုံး ကလေး၏ နဖူးကို ဆေးရည် စ,၍လူးပေးပါ။

ပြီးလျှင် (၅)မိနစ်ခန့်စောင့်ပါ။ ပြီးလျှင် ဒုတိယအဆင့် နဖူးနှင့် ကလေး၏ ချိုင်း(၂)ဖက်ကို ဆေးရည်ရွှဲရွှဲ လူးပေးပြီး (၅)မိနစ် ထပ်၍စောင့်ပါ။

ပြီးမှ ကလေး၏ နဖူးမှစ၍ တစ်ကိုယ်လုံး ဆေးရည်ရွှဲရွှဲ လိမ်းပေးလိုက်ပါလျှင် ကလေးသည် အပူ အမြန်ဆုံး လျော့ကျလာပြီး ကလေး သတိပြန်ရလာမည်ဖြစ်သည်။

သတိရလာလျှင် ဂမုန်းတိမ်ပြာဥကို သွေး၍ ဆား(၄,၅)ပွင့် ခတ်ပြီး လျှာကို ပွတ်ပေးပါ။

ဤသို့ ဆေးရည်ကို အဆင့်လိုက် လိမ်းပေးရခြင်းမှာ ကလေးတွင် ဖျား၍ အပူဓာတ်သည် ခန္ဓာကိုယ်အတွင်းတွင် စုးဝင်နေသည့်အတွက် စစချင်း ဆေးရည်ကို တစ်ကိုယ်လုံး လူးပေးလိုက်လျှင် အပူနှင့်ဆေး၏ အအေးဓာတ် ဝိရောဓိဖြစ်ပြီး ကလေးမှာ ဦးနှောက်တွင် ဒဏ်ဖြစ်တတ်သည်။

သို့ပါ၍ ပထမဦးစွာ ကလေး၏ နဖူးတွင် ဆေး စတင်၍ လူးပေးလိုက်ခြင်းဖြင့် ကလေး၏ ဦးနှောက်ပိုင်းတွင်ရှိသော အပူအငွေ့ အပူဓာတ်များ စတင်၍ ထွက်ခွာခွင့် ပြုလိုက်သလိုဖြစ်သောကြောင့် စတင်၍ အပူထွက်လာပြီး တစ်ခဏချင်း နဖူးတွင် လူးထားသော ဆေးရည်မှာ ခြောက်သွေ့သွားသည်ကို တွေ့ရပါမည်။

(၅)မိနစ် စောင့်ပြီးမှ ဒုတိယ တတိယ စသည် အဆင့်ဆင့် ကလေး၏ ကိုယ်မှ အပူဓာတ်ကို အဆင့်လိုက် လျှော့ချသွားသောကြောင့် ကလေးတွင် အပူအအေး ဝိရောဓိဒဏ် မခံရဘဲ ချမ်းသာရာ ရသွားမည် ဖြစ်ပါသည်။

[ဤအချက်သည် အလွန် အနုစိတ် အရေးကြီးသောကြောင့် စေတနာထား၍ အသေးစိတ် တင်ပြပေးလိုက်ပါသည်။]

(ဃ) သူငယ်နာ နို့မွှေနိုင်နင်းခေါ်သော အမေ၏ နို့ရည်ဖြင့် ဓာတ်မသင့်၍ ကလေးသည် နို့ပြန်အန်များခြင်း၊ ဝမ်းမကြာခဏ ပျက်ခြင်း၊ ဝမ်းဗိုက်တွင် လေပွ၍ အမြဲတမ်း ဝမ်းဗိုက် တင်းပြောင်နေပြီး ကလေးသည် တအီအီ ဖြစ်နေခြင်း စသည် အခြေအနေများတွင်...

ကွမ်းရွက်ကို (၃)ရွက်ထပ်၍ ကတော့ချွန်လုပ်ပြီး ယင်းအထဲ၌ ဆားအပြည့်သိပ်ထည့်၍ မီးကျီခဲ ပေါ်မှ တင်၍ ကွမ်းရွက်ဆားမီးဖုတ် လုပ်ပါ။ ယင်းကို အမှုန့်ကြိတ်၍ သေချာ အောင်ထားပါ။



www.burmeseclassic.com

www.burmeseclassic.com

**ပထမနည်းမှာ...**

ဂမုန်းတိမ်ပြာဥကို သွေး၍ အထက်ပါ ကွမ်းရွက်ဆားမီးဖုတ် အနည်းငယ် ရောစပ်၍ ကလေးကို လျှာပွတ်ပေးခြင်း ခွံ့ပေးပါ။ တစ်နေ့(၂)ကြိမ်ခန့် တိုက်ပါ။

**ဒုတိယနည်းမှာ...**

၁။ ဂမုန်းတိမ်ပြာဥ အစို (၁)ကျပ်သား
၂။ လင်းနေဥ အစို (၁)ကျပ်သား
၃။ ကြောင်ပန်းရွက် အစို (၁)ကျပ်သား
၄။ စမုန်နက်လှော် (၁)ကျပ်သား
၅။ ကွမ်းရွက်ဆားမီးဖုတ် (၁)ကျပ်သား

ယင်းဆေးငါးပါးကို အညက်ကြိတ်၍ အတောင့်လုပ်၍ နေခြောက်အောင်လှန်းထားပါ။ လေလုံစွာ သိမ်းထားပါ။ ယင်းဆေးတောင့်ကို သွေး၍ တစ်နေ့သုံးကြိမ် မန်းကျည်းတစ်စေ့ခန့် တိုက်ပေးပါ။

အထက်ပါ ပထမနည်း၊ ဒုတိယနည်းပါ ဆေးများကို သူငယ်နာ လေပြင်ကျရောဂါ၊ သူငယ်နာဝမ်းပျက်ရောဂါများကိုလည်း ကုသပေးနိုင်ပါသည်။

(င) ကလေးသူငယ်နာ မျက်ကြောလိုက်၊ မျက်စိစွေ၊ မျက်စိအထက်လှန်ကြည့်သည့် ရောဂါများကို ဂမုန်းတိမ်ပြာဥ၊ နံ့သာဖြူကရမက် (၃)မျိုး ရောသွေး၍ ကလေး၏ မျက်လုံးကို ကွင်း၍ တစ်နေ့(၂)ကြိမ် လိမ်းပေးပါ။

(စ) **ကလေးသူငယ် အညော်ဝင် အညော်မိခဲ့သော်...**

ဂမုန်းတိမ်ပြာဥ၊ နံ့သာဖြူ၊ ဇာသီး (၃)မျိုး ရောသွေး၍ ကလေး၏ နှာခေါင်းဝ၊ နားပေါက်ဝတို့ကို ပွတ်လိမ်း၍ အနံ့ပေးရှူပါ။

(ဆ) **ကလေးသူငယ်နာ ချွဲပူထ၍ ချွဲကျပ်ခဲ့သော်...**

ဂမုန်းတိမ်ပြာဥ၊ ဇာသီး၊ နှမ်းဆီရောသွေး၍ ရင်ဘတ်နှင့် ကျောဘက်တို့ကို လိမ်းပေးပါ။

အထက်ဖော်ပြပါ တင်ပြချက်တို့သည် ဂမုန်းတိမ်ပြာ အစွမ်းဖြင့် ကလေးသူငယ်နာရောဂါ အမျိုးမျိုးကို လက်တွေ့အသုံးပြုနိုင်သည့် နည်းများဖြစ်ပါသည်။

ရှေ့လများတွင် ဂမုန်းတိမ်ပြာပင်၏ အခြားရောဂါများကို လက်တွေ့ အသုံးပြု ကုသနိုင်သော နည်းကောင်းများကို ဆက်၍ တင်ဆက်ပေးပါဦးမည်။

***ရင်သွေးရတနာများ ကျန်းမာပျော်ရွှင်ကြ၍ မိဘတိုင်း၊ နှလုံးစိတ်ဝမ်း အေးချမ်းသာယာကြပါစေ။***

**ဦးမင်းဇင်(ရွှေနဝင်း)**

စာမျက်နှာ (၁၅၀)မှ အဆက်

ဂုဏ်တုဂုဏ်ပြိုင်ကိစ္စဖြင့် ငွေကုန်ကြေးကျ များနေမည်။

✤ **ခရီးသွားစဉ် မြင်မက်လျှင်...**

အသုံးစရိတ်မလောက်ငှ၍ အကျပ်အတည်း ကြုံရတတ်သည်။

✤ **နာမကျန်းဖြစ်စဉ် မြင်မက်က...**

တန်ဖိုးကြီးဆေးဝါးများ ဝယ်ယူသုံးစွဲ ရလိမ့်မည်။

布娃娃 ဗုဝါးဝါး(Bù Wā Wā) အဝတ်အရုပ်

အဝတ်ဖြင့် ပြုလုပ်ထားသော လူကလေးပုံကစားစရာ အရုပ်ကလေး ဖြစ်သည်။

❍ အဝတ်အရုပ်ကို မြင်မက်ခြင်းသည် မင်္ဂလာနိမိတ်ဖြစ်သည်။

✤ **အိမ်ထောင်ဦးစီးက မြင်မက်ပါက...**

ဇနီးသည်မှ သမီးမိန်းကလေး မွေးမည်။

✤ **အိမ်ရှင်မက မြင်မက်လျှင်...**

သားယောက်ျားလေး မွေးနိုင်သည်။

✤ **လူပျိုက မြင်မက်ပါက...**

မိန်းကလေးများနှင့် စကားများရတတ်သည်။

✤ **အပျိုက မြင်မက်လျှင်...**

အိမ်ထောင်ကျဖွယ် ရှိသည်။





✤ **ခရီးသည် အမျိုးသားက မြင်မက်လျှင်...**

လမ်းခရီးတွင် အချေအတင် ပြောဆိုရှင်းလင်းရကိန်း ရှိသည်။

✤ **ခရီးသည် အမျိုးသမီးက မြင်မက်လျှင်...**

ကူညီတတ်သူ ခရီးဖော်ကောင်းရမည်။

✤ **ကုန်သည်က မြင်မက်ပါက...**

အမျိုးသမီးသုံးပစ္စည်းများ အကျိုးပေးမည်။

✤ **တောင်သူလယ်သမားက မြင်မက်ပါက...**

အပင်ရောဂါနှင့် ပိုးမွှားအဖျက်အဆီးများကို စေ့စပ်သေချာစွာ နှိမ်နင်း ကာကွယ်ပါက သီးနှံ အထွက်ကောင်းမည်။

✤ **ကျောင်းသူကျောင်းသားက မြင်မက်လျှင်...**

အပတ်တကုတ် ကြိုးစားပါမှ အောင်မြင်နိုင်သည်။

✤ **ရောဂါဝေဒနာ ခံစားရစဉ် မြင်မက်လျှင်...**

စနစ်တကျ စိတ်ရှည်လက်ရှည် ကုစားပါမှ ရောဂါသက်သာပျောက်ကင်းမည်။

✤ **အချုပ်အကျဉ်းကျစဉ် မြင်မက်ပါလျှင်...**

စိတ်သက်သာရာရမည်။ အပြစ်ဒဏ် လျှော့ပေါ့ခြင်း ခံရတတ်သည်။

ရှေ့လ ဆက်ဖတ်ပါရန်

**ထက်မင်းကျော်စွာ**



www.burmeseclassic.com


www.burmeseclassic.com

လူထိုင်းအတွက် တရုတ်ရိုးရာ

# အိပ်မက်ရှင်းကျမ်း (၈၂)

ထက်မင်းကျော်စွာ





## 耳环

### အယ်ဟွမ်း(Er Huán)

နားကပ်၊ နားဆွဲ၊ နားတောင်း၊ နားပန်၊ နားသန်သီး စသည်ဖြင့် နားတွင် ဆင်မြန်းလေ့ရှိသော တန်ဆာဆင် လက်ဝတ်ရတနာ ဖြစ်၏။

◎ ယင်းကို မြင်မက်ခြင်းသည် အိမ်ထောင်ရေး သုခဆိုင်ရာ နိမိတ်ကို ပြဆိုခြင်းဖြစ်သည်။

✤ **အိမ်ထောင်ရှိ အမျိုးသားက မြင်မက်လျှင်...**

အိမ်ထောင်မှု သုခပြည့်ဝ၍ အိမ်တွင်းရေး သာယာစိုပြည်မည်။

✤ **အိမ်ထောင်ရှင် အမျိုးသမီးက မြင်မက်လျှင်...**

မကြာမီ ကျန်းမာသန်စွမ်းသည့် ချစ်စဖွယ် သားယောကျ်ားလေး မွေးဖွားမည်။

✤ **အိမ်ထောင် မရှိသေးသည့် အမျိုးသားက မြင်မက်ပါက...**

မကြာမီ အိမ်ထောင်ကျလိမ့်မည်။

✤ **အိမ်ထောင်မရှိသေးသူ အမျိုးသမီးက မြင်မက်လျှင်...**

မိမိသတ်မှတ်ထားသော အရည်အချင်းနှင့် ပြည့်စုံသော ခင်ပွန်းနှင့် လက်ဆက်ရမည်။

✤ **ရဟန်းဘောင် ဝင်ရောက်သွားသူက မြင်မက်လျှင်...**

ကျောင်းထိုင်ဆရာတော်၊ ဂိုဏ်းချုပ် ဆရာတော် ဖြစ်မည်။ **(ဤတွင် "ချူးကျားရဲင်း" Chū Jiā Rén ဟု ဖော်ညွှန်းထားရာ အိမ်မှထွက်ခွာသူ=လောကီဘောင်မှ ထွက်ခွာသူဟု အဓိပ္ပာယ်ရသော ဗုဒ္ဓဘာသာဆိုင်ရာ ဝေါဟာရ ဖြစ်သည်။**

**ရဟန်းသံဃာကို ရည်ညွှန်းသော်လည်း သတိသံဝေဂရ၍ အပြီးအပိုင် စွန့်လွှတ်ကာ တောထွက်သွားသူဟု အထူးပြုထားခြင်းဖြစ်သည်။)**

✤ **ခရီးသွားစဉ် မြင်မက်ပါက...**

ခရီးဖော်ကောင်း ရရှိမည်။

✤ **ကုန်သည်က မြင်မက်ပါက...**

အကျိုးတူ ပူးပေါင်းစပ်တူ လုပ်ကိုင်ဖြစ်မည်။

✤ **တောင်သူလယ်သမားက မြင်မက်လျှင်...**

စိုက်ပျိုးရေးဆိုင်ရာ နည်းပညာ ကိရိယာ ပစ္စည်းများ အထောက်အပံ့ ရရှိမည်။

✤ **အချုပ်အကျဉ်း ကျနေသူက မြင်မက်ပါက...**

မကြာမီ ပြန်လည်လွတ်မြောက်မည်။

◎ အိမ်ထောင်မရှိ(အိမ်ထောင်ဘက် အဝေးရောက်နေသူအပါအဝင်) အမျိုးသားက နားကပ်ဆင်မြန်းရသည်ဟု မက်လျှင် မောဟဖုံး၍ ဆင်ခြင်တုံတရား အားနည်းကာ ချွတ်ချော်မှားယွင်းမှုများစွာ ကြုံဆုံရကိန်းရှိသည်။

✤ **အိမ်ထောင်ရှင် အမျိုးသားက မြင်မက်လျှင်...**

ဇနီးသည်တွင် လျှင်မြန်စွာ သန္ဓေကိန်းအောင်းနေမည်။ ***(မိသားစု စီ... ကိန်းချ၍ ကြိုတင်ပြင်ဆင်ခြင်း၊ မပြ... ကိုယ်ဝန်ရခြင်းကို ဆိုလိုသည်။)***

◎ နားကပ်၊ နားတောင်းတို့ကို ရွှေဖြင့်သာ ပြု... ပန်ဆင်လေ့ရှိရာ ကြေးနားကပ်ကို မြင်မ... ခြင်းသည် ဆုတ်ယုတ်ခြင်း သဘောဆော... သည်။

✤ **အိမ်ထောင်ဦးစီးက သူတစ်ပါး... တစ်ဦးတစ်ယောက်က ကြေး... နားကပ် ဆင်မြန်းထားသည်ဟု... မြင်မက်လျှင်...**

ဝင်ငွေများ လျှင်မြန်စွာ ဆုတ်ယု... တတ်သည်။

✤ **ဇနီးသည် အိမ်ရှင်မက မြင်မက်လျှင်...**

စားဖို့ဆောင် အသုံးစားရိတ်... လျော့နည်းကာ မလောက်မင ဖြစ်... မည်။

✤ **ကုန်သည်က မြင်မက်လျှင်...**

စီးပွားကူးသန်းမှု အရှုံးပေါ်မည်။

✤ **တောင်သူလယ်သမားက မြင်မက်လျှင်...**

ကောက်ပဲသီးနှံ ပျက်စီးမည်။

✤ **လူပျိုက မြင်မက်ပါက...**

အလုပ်အကိုင်မဲ့ အသုံးစရိတ် မ... ပြားနေမည်။

✤ **အပျိုက မြင်မက်ပါ...**

(စာမျက်နှာ (၁၄၉) သို့)



www.burmeseclassic.com

www.burmeseclassic.com

(ကြော်ငြာဆောင်းပါး)

# ဝမ်းတစ်လုံးကောင်း ခေါင်းမခဲရအောင်

# ဆရာမြင့်ရဲ့ မြင့်မြန်မာ အကြောပြေ ဝမ်းမှန်ဆေးကို ဆောင်

"ဆရာကို တွေ့မှတွေ့ပါ့မလားလို့"

"အော် အင်ဂျင်နီယာကြီး ကိုနိုင်ဦးပါလား၊ လာဗျာ ထိုင်"

"ဆရာကို အကူအညီလေး တောင်းချင်လို့"

"ရပါ့ဗျာ. . . ပြောလေ"

"ဒီလိုပါ ဆရာ၊ ကျွန်တော် ကိုယ်လက်တွေလေးလံ ညောင်းညာပြီး ဦးခေါင်းတွေလည်း အုံခဲနေတယ် ဆရာ။ ဒါ ဘာဖြစ်လို့များလည်းလို့ပါ"

"ကိုနိုင်ဦး ညာဘက်လက်လေးခဏပြဗျာ၊ သွေးစမ်းကြည့်ရအောင်"

"ဟုတ်ကဲ့ ဆရာ"

"တွေ့ပြီကိုနိုင်ဦးရေ- ခင်ဗျားပြောသလို ခေါင်းတွေအုံနေမယ်။ မျက်လုံးမျက်ခွံတွေ လေးနေမယ်။ တစ်ကိုယ်လုံးလေးလံညောင်းညာနေတာတွေဟာ ဝမ်းတစ်လုံးမကောင်းလို့ဗျ"

"ဆရာပြောတာ ကျွန်တော်နားမရှင်းဘူးဖြစ်နေတယ်"

"ဒီလိုလေ ကိုနိုင်ဦးရဲ့၊ လူတစ်ဦးဟာ ကျန်းမာတယ် မကျန်းမာဘူးဆိုတာကို သိချင်ရင် ဆီး,ဝမ်း,လေ, ချွေးလို့ခေါ်တဲ့ မလကြီးလေးပါးကို စိစစ်ရမယ်ဗျ။ ခင်ဗျားမှာက အဲဒီမလကြီးလေးပါးထဲက အဓိကအကျဆုံးဖြစ်တဲ့ ဝမ်းလို့ခေါ်တဲ့ ဓာတ်ချုပ်တတ်တဲ့ လက္ခဏာတွေ့ရတယ်လေ"

"အော် ဟုတ်တယ်၊ ဟုတ်တယ်။ ကျွန်တော်က Construction လုပ်ငန်းကို လုပ်ကိုင်တာဆိုတော့ Site ထဲမှာ အလေးအပင်သွားချင်တဲ့အခါ အဆင်မပြေတာနဲ့ မသွားဖြစ်ဘူး၊ ဒီတော့ ဝမ်းကချုပ်တတ်တဲ့ အလေ့အကျင့်ဖြစ်နေတာ ဆရာ"

"အင်းပေါ့ဗျာ. . . မတားအပ်တဲ့အဟုန်ထဲမှာ ဆီး၊ဝမ်း၊ လေတို့ပါနေတော့ ဒီထဲက အထူးသဖြင့် ဝမ်းကို တားဆီးလိုက်တော့ မကောင်းတဲ့ ဆီးအဆိပ်၊ ဝမ်းအဆိပ်၊ လေအဆိပ်တွေဟာ ခန္ဓာကိုယ်အပြင်ကို မရောက်တော့ပဲ ခန္ဓာကိုယ်ထဲမှာလည်ပြီး စီးဆင်းပျံ့နှံ့ရာက ဦးခေါင်းပိုင်းရောက်ရင် ခေါင်းကိုက်တာ၊ ခေါင်းအုံတာ၊ ဇက်ကြောတက်၊ နောက်ကြောတက်တာ၊ မျက်လုံးမျက်ခုံးများလေးတာတွေ ဖြစ်စေတဲ့အပြင် ခန္ဓာကိုယ်အနှံ့ ပျံ့နှံ့ပါက ကိုယ်လက်တွေ လေးလံ ညောင်းညာတာတို့၊ ထုံကျဉ်ကိုက်ခဲတာတို့၊ မအီမသာ ဖြစ်ပေါ်ခံစားရတတ်ပါတယ်"

"ဟုတ်ကဲ့ဆရာ၊ အခုလို ဆရာပြောပြတော့မှ ဆီး, ဝမ်း, လေတွေနဲ့ ကျန်းမာရေးဟာ ဆက်စပ်နေတယ်ဆိုတာ သိရတော့တယ်"

"ဟုတ်တယ် ကိုနိုင်ဦးရေ ဒါကြောင့် ရှေးကသမားတော်ကြီးတွေက ဝမ်းတစ်လုံးကောင်း၊ ခေါင်းမခဲဘူးလို့ မိန့်ခဲ့တာပေါ့ဗျ"

"ဟုတ်ကဲ့ ဆရာပြောမှ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲဆိုတဲ့ ဆိုရိုးစကားရဲ့ အဓိပ္ပာယ်ကို သိရတော့တယ်။ လူသားတွေရဲ့ ကျန်းမာရေးဟာ ဒီ ဆီး,ဝမ်း,လေတွေနဲ့ ဆက်စပ်နေတယ်နော် ဆရာ"

"သိပ်ပြီး ဆက်စပ်နေတာပေါ့၊ လူတစ်ယောက်ဟာ မကျန်းမမာဖြစ်တော့မယ်ဆိုရင် အရင်ဆုံး Sign ပြဘာက ဆီးနီနည်းတာတို့၊ ဒါမှမဟုတ် ဆီးဖြူများတာတို့ ဝမ်းချုပ်တာ၊ ဝမ်းပျက်တာ၊ စမြင်းခံတာ၊ ဝမ်းကိုက်တာ၊ အပူဝမ်းသွားတာ၊ လေချုပ်တာ၊ ချွေးငုပ်တာတို့ဆိုတဲ့ လက္ခဏာတွေ ပြတတ်တယ်ဗျ"

"ဟုတ်ကဲ့ ဆရာ"

"အဲ. . . အဲ့ဒီထဲမှာ ဝမ်းပျက်ဝမ်းလျှောတာ၊ ဝမ်းကိုက်တာတွေက ထင်ရှားတဲ့လက္ခဏာ ချက်ချင်းကုသရတဲ့ ရောဂါအဆင့်ပေါ်လွင်နေတော့ အများက သတိထားမိကြတယ်ဗျ။ ဝမ်းချုပ်၊ စမြင်းခံတဲ့အခြေအနေကိုတော့ အမှုမဲ့၊ အမှတ်မဲ့နေတတ်ကြတယ်။ ဒီလိုဖြစ်တာ ကြာလာတာနဲ့အမျှ အဆိပ်အတောက် အဆင့်ရောက်နေတဲ့ ဆီး,ဝမ်း,လေ ဆိုတဲ့ မလအညစ် အကြေးတွေဟာ ခန္ဓာကိုယ်အတွင်းမှာ ပျံ့နှံ့စီးဆင်းကာ ကိုယ်တွင်းရှိ အတွင်းအင်္ဂါစုများဖြစ်တဲ့ ဦးနှောက်၊ နှလုံး၊ အသည်း၊ အဆုတ်၊ ကျောက်ကပ်၊ အစာအိမ်၊ ပန်ကရိယစတဲ့ ခန္ဓာကိုယ်အတွက် အရေးကြီးဆုံး အင်္ဂါစုများသို့ စုဝင်ရောက်ရှိ ခိုအောင်းအပြစ်ပြု ရာကစလို့ စောစောကပြောခဲ့တဲ့ သာမန်ရောဂါလေးမှစပြီး ကင်ဆာလိုမျိုးရောဂါများအပြင် ကုသ



www.burmeseclassic.com

www.burmeseclassic.com

# ဆီးဝမ်းမှန်၍ လေလည်းရ အဆီကျလို့ အကြောလည်းပြေတဲ့ မြင့်မြန်မာ ဝမ်းမှန်ဆေး . . .

ရခက်ခဲတဲ့ရောဂါတွေ စွဲကပ်ဖြစ်ပေါ်စေပါတယ်"

"ဟာ. . . ဟုတ်လားဆရာ၊ ကျွန်တော်တို့က ပေါ့ပေါ့တန်တန်ထားတဲ့ ဒီဝမ်းချုပ်ခြင်း၊ ဆီးနည်းခြင်းတွေဟာ အလွန် မတန်ကြောက်စရာကောင်းတဲ့ ရောဂါကြီးတွေရဲ့ ရှေ့ပြေးလက္ခဏာတွေပေါ့နော်"

"ဟုတ်ပါ့ဗျာ၊ ဟုတ်ပါ့"

"ဒါဆို နေ့စဉ် ဆီး၊ ဝမ်း၊ လေ၊ ချွေးတွေ မှန်နေအောင် ကျွန်တော်ဘာဆေးတွေ စားသင့်လဲဆရာ"

"ဆီး၊ ဝမ်းမှန်လို့လေရ အဆီပိုများကျပြီး ခန္ဓာကိုယ် ပေါ့ပါးကျန်းမာအောင်အတွက်ကတော့ ရော့. . ဒီမှာ **မြင့်မြန်မာ တောရှောက်သီး အကြောပြေဝမ်းမှန်ဆေးကို** သုံးစွဲပေးပေါ့ဗျာ"




ကြော်ငြာခွင့်ပြုချက်အမှတ် - တဆဝက(စာနယ်ဇင်း)(၁၁၂/၁၂၂၂)

"ဒီမြင့်မြန်မာအကြောပြေဝမ်းမှန်ဆေးရဲ့ အာနိသင် လည်း ပြောပါဦးဆရာ"

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးရဲ့ အစွမ်း တော့ ဆီးချုပ်၊ ဝမ်းချုပ်၊ လေချုပ်ရောဂါတွေ၊ စမြင်းခံ ဇက်ကြောတက်၊ နောက်ကြောထိုးခြင်း၊ ခေါင်းအုံ့, ခေါ ကိုက်ဖြစ်ခြင်း၊ ကိုယ်လက်တွေ လေးလံညောင်းညာ ကို ခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း၊ ဒူလာလိပ်ခေါင်းဖြစ် အတွင်းလိပ်ဖြစ်၍ သွေးကျခြင်း၊ အပူအပုပ်များခြင်း၊ ဆီး ဆီးကျန် ဝမ်းချုပ်,ဝမ်းကျန်ခြင်း၊ လေချုပ်ခြင်း၊ အသားအ ယားယံခြင်း၊ အသားအရေ ညစ်ထေးမွဲခြောက်ခြင်း၊ အ အပိန့်အကွက်များဖြစ်ပေါ်ခြင်း၊ သွေးမသန့်ခြင်း၊ ပါး ခြင်း၊ ကိုယ်နံ့ပြင်းခြင်း၊ အပူခိုး၊ အပုပ်ခိုးများ အပေါ် ဆောင်တက်ပြီး လည်ချောင်းနာခြင်း၊ မျက်ရည်ပူများ ခြင်း၊ လျှာ,နှုတ်ခမ်း, အာခံတွင်းတွေမှာ အပူနာတွေဖြစ် သွေးတိုးသွေးတက်ဖြစ်ခြင်း၊ ဆီးပူ၊ ဆီးအောင့်၊ ဆီးဝါ၊ ဆီးနည်းခြင်း၊ မျက်နှာမှာ တင်းတိပ်၊ ဝက်ခြံ၊ မှည့်ခြော ထွက်ခြင်း၊ သွေးခါတ်ထဲနဲ့ ခန္ဓာကိုယ်ထဲမှာ မလိုအပ် အဆီပို(မလ)တွေ ပွားများလာပြီး အဝလွန်ခြင်း၊ ဗိုက်ခေါ် ထူခြင်း စတဲ့ ရောဂါတွေအတွက်သုံးစွဲနိုင်ပြီး အကြောပြေ အပူအပုပ်များ ကင်းစင်လျက် ပိုလျှံနေသော အဆီပိုမျာ ဖယ်ရှားပေးနိုင်ပြီး ဆီး၊ ဝမ်း၊ သွေး၊ လေ ညီညွတ် မှန်ကန် ပြီး ကျန်းမာပေါ့ပါးလန်းဆန်း တက်ကြွစေပါတယ်"

"ဟုတ်ကဲ့၊ ဘယ်လိုသုံးစွဲရမလဲ ဆရာ"

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးကို ညအိပ် ဝင် ရေအေးနဲ့ ဆေး ၅ ပြားကို အစာနဲ့ဝေးဝေးမှာ သုံးစွဲ ခြင်းဖြင့် အထက်ပါရောဂါတွေကို ပျောက် ကင်းသက် ပြီး မဖြစ်သေးရင်လည်း ကာကွယ်ပြီး သားဖြစ်စေပါတ **(ဝမ်းနုတ်ဆေးမဟုတ်၍ နေ့ စဉ်မှန်မှန် သုံးစွဲနိုင်ပါသ ဝမ်းချုပ်တတ်သူများ ဆေး ၅ ပြားမှ ၇ ပြား အထိ သုံး နိုင်ပါသည်။)**

"ဟုတ်ကဲ့ အခုလို ကျန်းမာရေးဗဟုသုတတွေ အောင် ပြောပြလမ်းညွှန်ပေးတဲ့အပြင် သုံးစွဲရမယ့် ဆေး ညွှန်ပြပေးတဲ့အတွက် ဆရာ့ကို အထူးပဲကျေးဇူးတင်ပါတ ဆရာ"

ပင်ရင်း - **စကြာမင်းဆေးတိုက်**

အမှတ် (၆၆)၊ (စ) ရပ်ကွက်၊ သုဓမ္မာလမ်း၊
မြောက်ဥက္ကလာပ။ ဖုန်း - ၀၁၆၉၁၀၉၁၊ ၀၉၇၃၁

www.burmeseclassic.com



ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ကျန်းမာပါစေတိုင်းရင်းဆေးခန်း

# ဆရာဦးသီဟ

(တဆ-၀၃၉၈၀)နှင့် တွေ့ဆုံဆွေးနွေးခဲ့သော

# အမျိုးသားအားနည်းရောဂါ

(ပန်းသေပန်းညှိုးရောဂါ) သိကောင်းစရာများနှင့် ကာကွယ် စောင့်ရှောက်နည်းများ

မြောင်းမြ မောင်ယဉ်တင့်

ခရစ်နှစ် ၂၀၁၀ ပြည့်နှစ် နောက်ပိုင်း အသက်(၄၀)နဲ့ အသက်(၇၀)ကြား အမျိုးသားတွေမှာ အမျိုးသားအားနည်းရောဂါ (ပန်းသေပန်းညှိုးရောဂါ) ဟာ (၅၀)ရာခိုင်နှုန်း ဖြစ်တတ်ပြီး အသက်(၂၀)ကျော်နဲ့ အသက်(၄၀)ကြားတွေမှာလဲ ပန်းသေပန်းညှိုးဖြစ်သူတွေ များလာပြီဖြစ်ကြောင်း သိပ္ပံပညာရှင်များက အသိပေး ထုတ်ဖော်လာတာ လေ့လာတွေ့ရှိရပါတယ်။

အမျိုးသားတွေရဲ့ ဘဝနေထိုင်မှုမှာ ငွေကြေး၊ ဥစ္စာ၊ ရာထူး၊ ဂုဏ်ထူး အောင်မြင်မှုတွေထက် ကျန်းမာရွှင်လန်းစေတဲ့ အိမ်ထောင်ရေးသုခဟာ ပိုပြီး အရေးကြီးပါတယ်။ အမျိုးသားအားနည်းရောဂါ (ပန်းသေပန်းညှိုးရောဂါ)ဟာ အိမ်ထောင်ရေး ဘဝရှုထောင့်အတွက် အလွန် ဆိုးရွားစေတဲ့ ပြဿနာတစ်ခု ဖြစ်ပါတယ်။

အဲဒီ အမျိုးသားတွေ ဖြစ်လေ့ဖြစ်ထရှိတဲ့ အမျိုးသားအားနည်းရောဂါ (ပန်းသေပန်းညှိုးရောဂါ)ရဲ့ ဖြစ်စဉ်နဲ့ ကာကွယ် စောင့်ရှောက်နည်းတွေကို သိရှိမှတ်သားနိုင်ဖို့အတွက် တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊



◆ ဆရာဦးသီဟ(တဆ-၀၃၉၈၀)

ဇေယျလမ်းမှာရှိတဲ့ ကျန်းမာပါစေ တိုင်းရင်းဆေးခန်းကို ရောက်တဲ့အခါ ဆရာဦးသီဟနဲ့ ဆွေးနွေးခဲ့ပါတယ်။

တိုင်းရင်းဆေးဆရာကြီး ဦးဝင်းလေးနဲ့ တိုင်းရင်းဆေးဆရာမကြီး ဒေါ်လှသိန်းတို့ရဲ့ သားဖြစ်ပြီး ဆေးကုသက်(၁၃)နှစ်ခန့် ရှိပြီဖြစ်တဲ့ ဆရာဦးသီဟနဲ့ တွေ့ဆုံဆွေးနွေး မေးမြန်းခဲ့သမျှ ပြန်လည်တင်ပြလိုက်ပါတယ်။

▲ **'ဆရာနဲ့ ဒီတစ်ပတ် ဆွေးနွေးချင်တာကတော့ အမျိုးသားအားနည်းရောဂါ (ပန်းသေပန်းညှိုးရောဂါ) သိကောင်းစရာများနဲ့ ကာကွယ် စောင့်ရှောက်နည်းတွေကို ဆွေးနွေးမှာ ဖြစ်ပါတယ်။ အမျိုးသားအားနည်းရောဂါ ဖြစ်စေတဲ့ အကြောင်းရင်းများကို ပထမ ပြောကြားပေးပါဦး'**

○ 'အမျိုးသား အားနည်းရောဂါ ဖြစ်စေတဲ့ အကြောင်းရင်းများကတော့ လူရဲ့ခန္ဓာကိုယ်မှာ လည်ပတ်ဖွဲ့စည်းထားတဲ့ ပထဝီဓာတ်၊ တေဇောဓာတ်၊ အာပေါဓာတ်၊ ဝါယောဓာတ်ဆိုတဲ့ ဓာတ်ကြီး(၄)ပါးတို့အနက် ပထဝီ အာပေါလွန်၊ ဝါယောဓာတ် ယုတ်လျော့စေသောကြောင့် ဝါယောဓာတ်ဖြစ်တဲ့ တွန်းကန်လှုပ်ရှားစေတဲ့ လေနဲ့ ထောက်ကန်မှု ဖြစ်စေ

www.burmeseclassic.com

တဲ့ လေတို့ အားနည်းလာခြင်း၊ ယုတ်လျော့လာခြင်းမှစပြီး အမျိုးသားအားနည်းရောဂါ၊ ပန်းသေပန်းညှိုးရောဂါ ဖြစ်ရခြင်း ဖြစ်ပါတယ်။

သိပ္ပံဆေးပညာအမြင်နဲ့ ပြောရရင် အသက်လတ်ပိုင်း အရွယ်တွေမှာ စိတ်ပိုင်းဆိုင်ရာ ပြဿနာကြောင့် ဖြစ်တတ်ပြီး စိုးရိမ်စိတ်များတာ၊ စိတ်ဖိစီးမှုတွေ များတာတွေကြောင့် ပန်းသေပန်းညှိုးရောဂါ ဖြစ်တတ်ပါတယ်။

ထို့အပြင် အသက်ကြီးသူတွေမှာ အမျိုးအစား(၂) ဆီးချိုသွေးချိုရောဂါရှိတာ၊ သွေးတိုးရောဂါရှိတာ၊ အဝလွန်တာ၊ သွေးတွင်း ကိုလက်စထရောများတာ၊ ဆီးကျိတ်ခွဲစိတ်မှုနဲ့ အခြားခွဲစိတ်မှုများ ပြုလုပ်ခဲ့တာတွေ...

ဒါ့အပြင် ဆေးလိပ်၊ အရက် လွန်ကျူးစွာသောက်တာ လိင်အပျော်အပါး လိုက်စားတာ၊ ကိုယ်လက်လှုပ်ရှားမှု နည်းတာ စတဲ့ အကြောင်းအချက်တွေကြောင့် အမျိုးသားများ အားနည်းရောဂါ(ပန်းသေပန်းညှိုး) ဖြစ်တတ်ကြပါတယ်'

▲ **'ပန်းသေပန်းညှိုးရောဂါ (အမျိုးသားအားနည်းရောဂါ)ရဲ့ လက္ခဏာများကို ဆက်ပြီး ပြောပြပေးပါဦး'**

○ 'အမျိုးသား အားနည်းရောဂါရဲ့ လက္ခဏာများကတော့...

၁။ ဝေးတစ်လုံးတက်ခြင်း၊
၂။ ကာမစိတ် ကုန်ခန်းခြင်း၊
၃။ သုက်လွှတ်မြန်ခြင်း၊
၄။ ဆီး ပြတ်တောက်ပြတ်တောက် သွားခြင်း၊
၅။ လှုပ်ရှားရုံသာ လှုပ်ရှားပြီး ပျော့နေခြင်း၊
၆။ အိပ်ပျော်သော်လည်း တစ်ရေးနိုးလျှင် အိပ်မရတတ်ခြင်း၊
၇။ သုက်ဓာတ် လျော့နည်းလာခြင်း၊
၈။ ဖက်ကြော မကြာခဏတက်ခြင်း၊ ခါးညောင်းခြင်း၊
၉။ ကာမစိတ်ကျ၍ မောပန်း အားပြတ်ခြင်း၊
၁၀။ ကပ်ပယ်အိတ်ကြီးခြင်း၊
၁၁။ ကျောက်ကပ်အားနည်းခြင်း၊
၁၂။ အင်္ဂါရုပ်ညှိုးလျော့လာခြင်း၊
၁၃။ ဆီး,ဝမ်းချုပ်ခြင်း၊
၁၄။ စိတ်ရှိသော်လည်း ခွန်အားမရှိခြင်း၊(စိတ်သွားတိုင်း ကိုယ်မပါခြင်း)၊
၁၅။ ပန်းသေပန်းညှိုးရောဂါ တာရှည်လာခဲ့သော် ခက်မငါးဖြာတို့ ပျက်စီးစေခြင်း

စတဲ့ လက္ခဏာများဟာ ပန်းသေပန်းညှိုးရောဂါလက္ခဏာများ ဖြစ်ပါတယ်။

▲ **'ဘယ်လို အမျိုးသားတွေဟာ ပန်းသေပန်းညှိုးရောဂါ ဖြစ်နိုင်ကြပါသလဲ ဆရာ'**

○ 'ဆေးဝါးဗေဒပညာများ ထွန်းကားပြီး တိုးတက်ပြောင်းလဲနေတဲ့ ခေတ်ကာလမှာ အချိုရည်အသစ်အဆန်းများ လွန်ကျူးစွာ သောက်သုံးမှိုဝဲခြင်း၊ ဓာတုဆေးပစ္စည်းများ သုံးစွဲခြင်း၊ မူးယစ်ဆေးများသုံးစွဲခြင်း၊ အရက်,ဆေးလိပ် လွန်ကျူးစွာ သောက်သုံးခြင်း၊ စိတ်ငြိမ်ဆေးများ၊ သွေးတိုးကျဆေး၊ ပဋိဇီဝစိတ်ကျဆေးများ၊ စိတ်ကြွဆေးများ လွန်ကျူးစွာ သုံးစွဲကြသူတွေဟာ ပန်းသေပန်းညှိုးရောဂါ ဖြစ်တတ်ကြပါတယ်။

တစ်ဆက်တည်းမှာ ဖြစ်စေနိုင်တာကတော့ ဒူလာရောဂါ၊ လိပ်ခေါင်းရောဂါ၊ ဂရင်ဂျီနာရောဂါ၊ လေငန်းလေဖြတ်သွက်ချာပါဒရောဂါ၊ အကြောသေအကြောကပ်ရောဂါ၊ ဆီးချိုသွေးချိုရောဂါ၊ သွေးတိုးရောဂါ၊ သွေးကင်ဆာရောဂါ၊ သွေးအားနည်းရောဂါ၊ အဆုတ်တီဘီရောဂါ၊ ဆီးပူညောင်းကျ(ဂနို့)ရောဂါ စတဲ့ ရောဂါဒေဝနာ ရှိသူတို့ရဲ့ နောက်ဆက်တွဲ ဖြစ်စေနိုင်တဲ့ ရောဂါဟာ အမျိုးသားအားနည်းရောဂါ (ပန်းသေပန်းညှိုးရောဂါ)ပဲ ဖြစ်ပါတယ်'

▲ **'ဆရာ အဆက်ဆက်က ပန်းသေပန်းညှိုးရောဂါရဲ့ ကုထုံးဆေးချက်များကို ပြောပြသွားခဲ့ပါတယ်။ ဆရာ့အနေနဲ့ ပန်းသေပန်းညှိုးရောဂါအတွက် ဘယ်လို ညွှန်ကြားချက်မျိုး ပေးနိုင်ပါသလဲ ဆရာ'**

○ 'ဟုတ်ပါတယ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကြီးမှာ ဆရာအဆက်ဆက် ပန်းသေပန်းညှိုးရောဂါရဲ့ ကုထုံးနဲ့ ဆေးချက်တွေ ပြောသွားကြတဲ့ အတွက် ဗဟုသုတလဲ အတော်ရပါပြီ။ ကျွန်တော့်အနေနဲ့ ပန်းသေပန်းညှိုးရောဂါအတွက် သမားကိုင် လိမ်းဆေးနဲ့ စားဆေးကို ဖြည့်စွက် ပြောပြပါ့မယ်။

**လိမ်းဆေးအနေနဲ့...**

၁။ လင်းနေမြစ်၊
၂။ အသဿကိုင်းမြစ်၊
၃။ ပန်းနု၊
၄။ ဆင်ခရမ်းမြစ်၊
၅။ ကြာဟင်းညွန့်

ဤဆေး(၅)ပါးတို့ကို ဆတူရော... **နှမ်းဆီနဲ့ ချက်ရပါမယ်။** ချက်ပြီးဆေးကို အအေးခံပြီး လေလုံပုလင်းနဲ့ထား... ပါ။ ဤဆေးလိမ်းခြင်းဖြင့် လိင်... တောင့်ပြီး အိမ်ထောင်ရေးသုခ... ခံစားရမှာ ဖြစ်ပါတယ်။

**စားဆေးကတော့...**

၁။ ဆူးလေမြစ်၊
၂။ ခွေးလှေးယားစေ့၊





www.burmeseclassic.com

www.burmeseclassic.com

၃။ မတ်ပဲ
၄။ သုံးပင်ဒေါင်းမြစ်
၅။ ကညွတ်ဥ

တို့ကို ဆတူယူ၍ အမှုန့်ပြုလုပ်ပြီး နွားနို့ ဆိတ်နို့ ပျားရည် တစ်မျိုးမျိုးနှင့် ရောစပ်ကာ လက်ဖက်ရည်နှစ်ဇွန်းခန့် တစ်နေ့တစ်ကြိမ် သောက်သုံးခြင်းဖြင့် ကာမဆန္ဒ ပြည့်ဝစေပါတယ်။

အသက်(၁၈)နှစ်အထက် အမျိုးသားကြီးငယ် မှန်သမျှ သောက်သုံးနိုင်တဲ့ ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါတယ်'

▲ **'ပန်းသေးပန်းညှိုးရောဂါ (အမျိုးသားအားနည်းရောဂါ)ရဲ့ ကြိုတင်ကာကွယ် ဆောင်ရွက်ရန်များ နဲ့ မှတ်သားစရာ စကားများကိုလဲ ပြောကြားပေးပါဦး ဆရာ'**

○ 'အမျိုးသားအားနည်း ရောဂါရှင်တွေသာမက လူလတ်ပိုင်း၊ လူကြီးပိုင်းအရွယ်တွေကို စကားလက်ဆောင်ပါးချင်ပါတယ်။ **"အသက်ကိုဥာဏ်စောင့်"**ဆိုတဲ့ စကားရပ်အတိုင်း လိင်ကိစ္စကို လွန်ကျူးစွာ မပြုလုပ်သင့်ပါဘူး။ သိပ္ပံပညာရှင်တွေက တစ်ပတ်(၇-ရက်)ကို သုံးကြိမ်သာ လိင်ဆက်ဆံပါလို့ အကြံပြုထားပါတယ်။

ဆန္ဒရှိတိုင်း ကာမ(လိင်ဆက်ဆံခြင်း) ပြုခြင်းဟာ ကျန်းမာရေးကို ထိခိုက်စေနိုင်ပါတယ်။ မိမိဘဝ အသက်ရှည်ကျန်းမာရေးအတွက် လိင်ကိစ္စတစ်ခုတည်း စွမ်းသန်အားပြည့်ရေးကို အဓိက မထားသင့်ပါဘူး။

ခန္ဓာကိုယ်တစ်ခုလုံး ကျန်းမာသန်စွမ်းခြင်းဖြင့် စိတ်အား၊ ကိုယ်အား၊ လိင်အားတို့ကို ပြည့်ဝနိုင်မှာလာစေပါတယ်။

အရိုး၊ အသား၊ အကြော၊ မျက်စိ၊ အစာအိမ်၊ နှလုံး၊ ဦးနှောက် စတဲ့



ခန္ဓာကိုယ် အစိတ်အပိုင်းတစ်ခုခု ပျက်စီးယိုယွင်းမှုဟာ လိင်အား ဆုတ်ယုတ်စေရုံသာမက အသက်ရှည်ကျန်းမာရေးကို ထိခိုက်နိုင်ပါတယ်။

လူတစ်ယောက်ဟာ မိမိရဲ့ ခန္ဓာကိုယ်မှာ ရှိသင့်ရှိထိုက်တဲ့ ရသာဓာတ်တွေ မပျက်စီးသွားရအောင် ချို၊ ချဉ်၊ စပ်၊ ခါး၊ ဖန် စတဲ့ ရသာ(၆)ပါးကို မျှတအောင် ရွေးချယ်စားသောက်ရပါမယ်။

ကိုယ်ခန္ဓာ သန့်ရှင်းစေဖို့ နေ့စဉ် မှန်မှန် ရေချိုးရပါမယ်။ လိင်အင်္ဂါကို နေ့စဉ် သန့်ရှင်းစေခြင်း၊ အရေပြားရှည်ပြီး လိင်ငုံသူ(လိင်တံဖုံးလွှမ်းသူ) ဖြစ်ရင် ဆီးသွားပြီးတိုင်း လိင်အင်္ဂါကို အမြဲတမ်း သန့်ရှင်းစေဖို့ အရေးကြီးပါတယ်။

အသက်(၁၆)နှစ်အောက် အမျိုးသားများနဲ့ အသက်(၇၀)အထက် အမျိုးသားများ လိင်ဆက်ဆံမှု ရှောင်ကြဉ်ရပါမယ်။ ဆီး,ဝမ်း,လေချုပ်ခြင်း မဖြစ်ရအောင် သတိရှိရပါတယ်။

လိင်တူဆက်ဆံခြင်း၊ အရက်,ဆေးလိပ် လွန်ကျူးစွာ သောက်သုံးခြင်း ရှောင်ကြဉ်ရပါမယ်။ နေ့စဉ် အချိန်မှန်မှန်အိပ်ပြီး အချိန်မှန်မှန် ထရပါမယ်။ ကိုယ်လက်လှုပ်ရှားခြင်း၊ ကျန်းမာရေးလေ့ကျင့်ခန်းတစ်ခုခု အမြဲ လုပ်ရပါမယ်။ နေ့စဉ် မိနစ်(၃၀)ခန့် လမ်းလျှောက်ပါ။

ရောဂါဖြစ်နေခိုက်မှာ လူပင်ပန်း စိတ်ပင်ပန်းစေတဲ့ အပြုအမူမျိုး ရှောင်ရပါမယ်။ ကုန်ခန်းသွားတဲ့ အားအင်များ၊ ဆန္ဒများ ပြည့်ဝစေဖို့အတွက် တတ်သိနားလည်တဲ့ ဆေးဆရာ၊ ဆရာဝန်၊ ဆေးပညာရှင်၊ အကြောပညာရှင်တို့နဲ့ တိုင်ပင်ဆွေးနွေးပြီးမှ တိုင်းရင်းဆေးများ မှီဝဲခြင်း၊ နိုင်ငံတကာဆေးများ မှီဝဲခြင်း၊ သုံးစွဲခြင်းများ ပြုလုပ်သင့်ပါတယ်။

အကြောအားနည်းခြင်း စိုပြည်လန်းဆန်းပြီး ပြည့်ဝတဲ့ဆန္ဒနဲ့ အားအင်ကို ပြန်လည် ရှင်သန်နိုင်ဖို့အတွက် တတ်သိ နားလည်ကျွမ်းကျင်သော ဆရာများနဲ့ အကြောပြင်ခြင်း၊ အကြောများ နှိပ်နယ်ကုသခြင်းများ ပြုလုပ်သင့်ပါတယ်။

အထက်မှာ ပြောခဲ့တဲ့အတိုင်း လိုက်နာဆောင်ရွက်ရင် အသက်ရှည်ကျန်းမာပြီး အိမ်ထောင်ရေးသုခကို ပြည့်ဝမှာဖြစ်ကြောင်း အမှာစကား ပြောကြားချင်ပါတယ်'

'ကျေးဇူးတင်ပါတယ် ဆရာ'

**ဆရာဦးသီဟနဲ့ ဆက်သွယ်နိုင်တဲ့ လိပ်စာကတော့...**

**ဆရာ ဦးသီဟ**
ကျန်းမာပါစေ တိုင်းရင်းဆေးခန်း
အမှတ်(၈၂)၊ ငွေယုလမ်း၊ (၁၀)ရပ်ကွက်
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉ ၄၂၀၆၆၃၉၈၊ ၀၉ ၇၃၀၈၅၄၄၀၊
၀၉ ၅၀၅၉၇၇၁

**မြောင်းမြ မောင်ယဉ်တင့်**



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၄ ခုနှစ်၊ ဇူလိုင်လအတွင်း
ပုံရိပ်ရှင်တို့၏

# ကံကြမ္မာ

ဟူကျင်ဇီ (Hu Jin Zhi)



ဤလတွင်...



✣ ကြွက်နှစ်ဖွား

ငွေကြေးမြှုပ်နှံမှုများ၊ ခန့်မှန်းတွက်ဆရသော လုပ်ငန်းများ လုပ်ကိုင်ဖြစ်မည်။ ရှိရင်းစွဲ အကြွေးအစည်၊ တီထွင်ဖန်တီးမှုအချို့ အောင်မြင် ဆန္ဒပြည့်လာနိုင်သည်။

အိမ်ဂေဟာနှင့် ခြံမြေ ဘေးကင်းလုံခြုံရေးအတွက် ပြင်ဆင် ကာကွယ်မှု ပြုရတတ်သည်။ ကျောက်ဆစ်ရုပ်များ အကျိုးပေးသန်သည်။ ကြွေထည် မြေထည်ပစ္စည်း လက်ဆောင်ရနိုင်သည်။



✣ ကြက်နှစ်ဖွား

ဤလ၌ ငွေကြေးအစုအပုံလိုက် ပိုင်ဆိုင်ရကိန်းရှိသည်။ စီးပွားရေးလုပ်ငန်းများ တိုးတက် ဖြစ်ထွန်းနိုင်သကဲ့သို့ ကံတိုက်လုပ်ငန်းများလည်း အကျိုးပေးထက်သန်သောကာလ ဖြစ်သည်။

နွားနှစ်ဖွား အမျိုးသားများမှာ လိင်အင်္ဂါနှင့် ပတ်သက်သော ရောဂါများ ကြိုတင် ကာကွယ်ကြပါ။ နေအိမ်တွင် ခြင်၊ ကြွက်၊ ခြ ပိုးမွှားတိရစ္ဆာန် အဖျက်အဆီး နည်းပါးသွားလိမ့်မည်။



✣ နွားနှစ်ဖွား

ဩဇာအာဏာ ထက်မြက်သော ကာလဖြစ်သည်။ ဝန်ထမ်းများ ဖြစ်ပါက ရာထူးဌာနန္တရ တိုးတက်မြင့်မားလိမ့်မည်။ နေထိုင်မှု အဆင့်အတန်း တိုးမြင့်လာမည်။

အမွေအနှစ်များ ဆက်ခံရဖွယ်ရှိ၍ နေအိမ်ဂေဟာသို့ ဂုဏ်သရေရှိ လူကြီးလူကောင်းများ အလည်အပတ် ရောက်လာတတ်သည်။



✣ ကျားနှစ်ဖွား

မိတ်သင်္ဂဟ၊ ဆွေမျိုးသားချင်းများ နှင့် စုစုဝေးဝေး ရှိမည်။ ပရဟိတ လုပ်ငန်း များပြားသောကာလ ဖြစ်သည်။ ဇာတိမြေသို့ အလည်အပတ် သွားရတတ်သည်။

မတော်တဆ ထိခိုက်မှုများ သတိထားပါ။ အနာတရ ကြီးမားစွာ မရှိနိုင်သော်လည်း အလုပ်အကိုင် ဖင့်နှေးရတတ်သည်။ စားဖိုဆောင်သုံး ပစ္စည်းများ တိုးတက်ပြည့်စုံနိုင်ကြသည်။



✣ ယုန်နှစ်ဖွား

ရောဂါဝေဒနာများ အထူးဂရုစိုက်၍ ကာကွယ်ကြပါ။ အထူးသဖြင့် နှလုံးနှင့် အူသိမ်ဆိုင်ရာ ရောဂါများ ပြင်းထန်စွာ ခံစားရဖွယ်ရှိသည်။

အပြောအဆို များယွင်းမှုကြောင့် လူမှုဆက်ဆံရေးတွင် မလိုလားအပ်သောကိစ္စများ ပေါ်ပေါက်လာနိုင်သည်။ စွမ်းအင်၊ လောင်စာများနှင့် ပတ်သက်၍ ငွေကြေးအကျိုးအမြတ် ရရှိတတ်သည်။



✣ ဆိတ်နှစ်ဖွား

အမွေအနှစ် ပိုင်ဆိုင်မှုကိစ္စဖြင့် ပြဿနာကြုံတွေ့ ဖြေရှင်းရတတ်သည်။ ထိတ်လန့်ဖွယ် သတင်းစကားများ ကြားရကိန်းရှိသည်။ နား၊ ကျောက်ကပ်နှင့် ဆီးအိမ်ဆိုင်ရာ ရောဂါဝေဒနာများ ဂရုစိုက် ကာကွယ်ကြပါ။

အမျိုးသမီး ဇာတာရှင်တို့သည် ခင်ပွန်းသည်နှင့် ကတောက်ကဆ ဖြစ်ရတတ်၍ အမျိုးသားတို့မှာ အဖျော် အပါ။ အဖျော်ယမကာတို့ကြောင့် ဒုက္ခ ရောက်နိုင်သည်။



✣ နဂါးနှစ်ဖွား

ရေခြားမြေခြား၊ မြစ်ကူး ချောင်းခြား ခရီးသွားလာရကိန်း ရှိသည်။ ငွေကြေးလာဘ်လာဘ အတ အသင့် ပြေလည်ပါသည်။

စိတ်ပူပန်မှု သောကများ လျော့ပါး သွားလိမ့်မည်။ အဖျော်ယမကာ သောက်သုံးဖွယ်ပစ္စည်းများ အကျိုးပေး နိုင်သောကာလ ဖြစ်သည်။ နဂါး အိမ်ရှင်မတို့ ခင်ပွန်းသည်ထံမှ ချစ် သက်လက်ဆောင် ရဖွယ်ရှိသည်။



✣ မြွေနှစ်ဖွား

အကျပ်အတည်း၊ အခက်အခဲများ နည်းပါးသောကာလ ဖြစ်သည်။ ရင်ဆိုင်ဖြေရှင်းနေရသော ပြဿနာ များအတွက် အကူအညီများ အားကောင်းစွာ ရရှိ၍ ကောင်းမွန်စွာ ဖြေရှင်းနိုင်လိမ့်မည်။

မိခင်ဘက်ရှိ ဆွေမျိုးသားချင်းများ အတွင်း သုမင်္ဂလာ သာရေးကိစ္စများ ပေါ်ပေါက်၍ ဆွေမျိုးမိတ်သင်္ဂဟ ရုံးရုံး ပျော်ရွှင်စွာ ကူညီလုပ်ကိုင်ပေး



www.burmeseclassic.com

www.burmeseclassic.com

ရတတ်သည်။



✣ မြင်းနှစ်ဖွား

စိတ်မချမ်းမြေ့ဖွယ် အနိဋ္ဌာရုံ မြင်ကွင်းများ ကြုံတွေ့ရခြင်း၊ မျက်စိနှင့်ဆိုင်သော ရောဂါဝေဒနာများ ခံစားရခြင်းတို့ ကြုံရတတ်သည်။ အထည်အလိပ်နှင့် ပတ်သက်၍ ငွေကြေးအကျိုးအမြတ် ရရှိနိုင်သည်။

ရှေးဟောင်းပစ္စည်းများ၊ ခါးဝတ်တန်ဆာများ လက်ဆောင်ရဖွယ် ရှိသည်။ မြင်းနှစ်ဖွား လူငယ်လူရွယ်တို့ ပညာရေးတွင် ကံမြင့် ပွင့်လင်းချိန် ဖြစ်လေသည်။



✣ မျောက်နှစ်ဖွား

စွန့်စားရသော အလုပ်အကိုင်များ လုပ်ကိုင်ရတတ်သည်။ ပွဲလမ်းသဘင်၊ အထိမ်းအမှတ် အခမ်းအနားများသို့ တင့်တောင့်တင့်တယ် ဝတ်စား ဆင်ယင်ကာ တက်ရောက် ဆင်နွှဲရကိန်းရှိသည်။

လူအများနှင့် လိုက်လျောညီထွေရှိသောကာလဖြစ်သည်။ ရှေးဟောင်းနယ်မြေ၊ ရှေးစေတီပုထိုးများ လေ့လာကြည့်ရှုရတတ်သည်။ ဖန်ထည်မှန်ထည် ဝင်လာနိုင်သည်။



✣ ခွေးနှစ်ဖွား

စေတနာဗရပွဖြင့် ကူညီပံ့ပိုးပေးမှုကြောင့် ဝေဒနာ အနာတရ ဖြစ်ရတတ်သည်။ ကံကြမ္မာ မှေးမှိန်သောကာလဖြစ်၍ မိမိနှင့် တိုက်ရိုက်သက်ဆိုင်မှုမရှိသော ကိစ္စများ၌ ရှောင်ရှားပိတ်နေတတ်အောင် ကြိုးစားသင့်သည်။

မိခင်၊ မိခင်ဘက်မှ ဆွေမျိုးသားချင်းများအတွင်း နာရေးကိစ္စ ပေါ်ပေါက်ကာ ငွေကုန်၊ အချိန်ကုန်ခံ၍ လုပ်ဆောင် ကူညီပေးရတတ်သည်။



✣ ဝက်နှစ်ဖွား

မိတ်ဆွေရင်းချာများ၏ လိုအပ်ချက်အတွက် ကိုယ်ရော စိတ်ပါ တတ်ကြွ လုပ်ကိုင် ပံ့ပိုးပေးရဖွယ် ရှိသည်။

ကတိစကား တည်ကြည်မှန်ကန်မှုကြောင့် တုံ့ပြန်ကျေးဇူးဆပ်ခြင်း ခံရတတ်သည်။

အိမ်ခြံမြေ ဝင်ကိန်းရှိသည်။ သစ်တောထွက်ပစ္စည်းများ အကျိုးပေးထက်သန်မည်။ အခြွေအရံ လက်အောက်ငယ်သား တိုးပွား ရရှိနိုင်ကြသည်။

**ဤလတွင် ကံဇာတာ နိမ့်ပါးနေသူများသည်** မိမိနေအိမ်၊ အလုပ်ဌာနမှ မြောက်စူးစူးအရပ်၌ နေထိုင်သည့် သက်ငယ်ပိုင်း အမျိုးသမီးတစ်ဦးအား သောက်သုံးဖွယ်ပစ္စည်း(၅)ခု လှူဒါန်းကာ ကံဇာတာမြင့်မားစေရန်၊ ပြိုင်ဘက်ဆိုး အစီးအမြင်များ အင်အားလျော့ပါးလာစေရန် သမ္မာဒေဝများထံ ဆုတောင်းပါ။

ဖျော်ရည်(၅)ပုလင်း၊ ကော်ဖီမစ်(၅)ထုပ် စသည် တစ်မျိုးမျိုး လှူဒါန်းရန်ဖြစ်သည်။ ကြာသပတေးနေ့၌ လှူဒါန်းသင့်ပါသည်။

***ကြံဆောင်သမျှ အောင်မြင်ကြပါစေ။***

**ဟူဂျင်းဇီ** *(Hu Jin Zhi)*

## ပန်းသေပန်းညှိုး အတွက် ဆေးနည်းတစ်လက်



တစ်နေ့ စာရေးသူ အလုပ်ကိစ္စတစ်ခုဖြင့် တောဆင်းရင်း **မြန်မာ့ဓာတ်စိန္တာဆရာကြီး ဘကြီးသာမျော**နှင့် တွေ့ဆုံခဲ့ပါသည်။ တွေ့တုန်းတွေ့ခိုက် ခင်မင်ရင်းနှီးသူများပီပီ စကားလက်ဆုံကျကြရင်းမှ ဘကြီး သာမျောက...

"ပန်းသေပန်းညှိုး ကာမဆန္ဒ အားနည်းရောဂါ"များအတွက် အောက်ပါဆေးနည်းကောင်းတစ်လက် ပညာဒါနပြုလိုက်သဖြင့် ဘကြီးသာမျော ပြောပြခဲ့သည့်အတိုင်း ဆက်လက် တင်ပြလိုက်ပါသည်။

ဦးစွာ...

သကြား(၁)ကျပ်သားကို ပေါင်ဒါမှုန့်သား ကျအောင်ကြိတ်၊ နောက် **အညာကုက္ကိုစေ့ဆန် တစ်မတ်သား**ကို ညက်စွာထောင်း၊ ကြွေပန်းကန်ထဲသို့ ပိတ်ပါးနှင့်စစ်ချ။

**ရေမရောသော နွားနို့(၂၅)ကျပ်သား**ကို မီးဖိုပေါ် သုံးမိနစ်တင်ပြီးလျှင် အသင့် ထောင်းထားပြီးသော သကြားမှုန့်၊ ကုက္ကိုစေ့ဆန်မှုန့်တို့ဖြင့် ရောမွှေ၊ နံနက်တိုင်း **တစ်နေ့တစ်ကြိမ် မှန်မှန်သောက်** ပန်းသေပန်းညှိုးရောဂါကို တစ်လထက် ပိုမသောက်ရဘဲ "ကျားမှန်လျှင် အားသန်ရမည်" ဖြစ်ကြောင်း ထိုရောဂါဝေဒနာ ရှိနေသူများ ဆက်ဆက် သုံးဆောင် မှီဝဲသင့်ကြောင်း မှာကြားလိုက်ပါသည်။

**အေးရွှေ(စီးကုန်း)**

www.burmeseclassic.com



# သင်္ကေတများ၏

ဘာသာစကား( ၃၆)

ဟူကွင်းဇီ

ဤအခြေအနေသည် လူသား၏ စိတ်သန္တာန်ကို ထင်ဟပ်ထားကာ ဒေါသ၊ မောဟ၊ လောဘတို့၏ ဖောက် ပြန်မှုအပြစ်ပုံဖော်ထားခြင်း ဖြစ်သည်ဆို၏။

**ဆော်လမွန် အမှတ်တံဆိပ်**သည် အဂ္ဂိရတ်ပညာဆိုင်ရာ သီအိုရီကိုလည်း ဖော်ညွှန်း၍ ရုပ်နယ်ပယ်ပြင်ပမှ အဓိက အင်အားစုလည်း ဖြစ်သည်ဆို၏။ တွေးခေါ်ပညာရှင်များက ယင်းကို Azoth"အဇုတ်"ဟု ခေါ်ဝေါ်ကြသည်။ စာပေ၊ ရုပ်ပုံများဖြင့် လက်ဆုပ်လက်ကိုင်ဖော်ပြ၍ မရနိုင်သော စိတ်ကူးဉာဏ်ဖြင့်သာ ပုံဖော်၍ရသော ဗဟိုချက်မ ဖြစ်သည်။

အရှေ့တိုင်းတွင် အိန္ဒိယနှင့်တိဘက်တို့၏ အတွေးအခေါ်ဆိုင်ရာ မဏ္ဍလ၊ အခြေခံလည်း ဖြစ်ပေသည်။ **တြိဂံနှစ်ထပ် သို့မဟုတ် ခြောက်မြှောင့်ကြယ်ကို အခြေခံသော မဏ္ဍလများစွာ ရှိသည် ဆိုလေသည်။**

တရုတ်ဓလေ့တွင်ကား သုံးနှင့်သုံး ပေါင်းဆုံက အနှောင့်အယှက် အဟန့်အတား ပျက်ပြယ်သည်ဟူသော ဂဏိတဗေဒဆိုရိုးအရ **ဤတြိဂံနှစ်ထပ်**သည် အလွန်ကောင်းမွန်သော နိမိတ်ဖြစ်သည်။


မိမိတို့ ကြုံတွေ့ရင်ဆိုင်ရဖွယ်ရှိသော မျက်နှာစာအသီးသီးတွင် အခက်အခဲ၊ အဟန့်အတားများ ပျောက်ပြယ်စေသည်။ ပေါင်းစပ်၍ ဖြစ်လာသော (၆)ဂဏန်းခြေ (ခြောက်မြှောင့်ကြယ်)သည် ချမ်းသာကြွယ်ဝခြင်းကို ရည်ညွှန်းနေသည်။

အထူးသဖြင့် အဟန့်အတား၊ ကန့်

## ဆော်လမွန်အမှတ်တံဆိပ်

(Seal of Solomon)

* * *



တြိဂံနှစ်ခုထပ်၊ ပေါင်းစပ်ထားသော ပုံစံဖြစ်သည်။ ခြောက်မြှောင့်ကြယ်ပုံ သဏ္ဌာန်ရှိသည်။

မိုက္ကရိုကိုဇန်ကြယ် (Star of microcosm)ဟုလည်း ခေါ်ကြသည်။ **"မိုက္ကရိုကိုဇန်"**သည် သေးငယ်လှသော ဖြစ်စဉ်ဘဝသရုပ် သို့မဟုတ် သတ္တလောက ကိုယ်စားပြု လူသား၏ ဘဝနေမှုကို ရည်ညွှန်းသည်။

ဤအမှတ်တံဆိပ်သည် **လူတို့၏ စိတ်အတွင်းသန္တာန်တွင် ခိုအောင်းနေသော အဆုံးမသတ်နိုင်သည့် ငြင်းဆိုမှု (အလိုမကျခြင်း၊ လောဘရမ္မက်၊ စိတ်တိုဒေါသထွက်ခြင်း၊ တွေဝေမိန်းမောခြင်း စသည့် ခံစားမှု)** စိတ်အစဉ်၏ သင်္ကေတလည်း ဖြစ်သည်။

**သင်္ကေတရိယ ရှိခြင်းနှင့် မေ့လျော့၍ အမှတ်သညာ ကင်းမဲ့ခြင်းတို့၏ ကြားဆက်သွယ်ရေး နယ်ပယ်ကိုလည်း ကိုယ်စားပြုသည်။**

ယင်း၌ ပါဝင်သော အောက်ခြေညီ၍ အထက်သို့ ချွန်နေသော တြိဂံသည် "မီး"ကို ကိုယ်စားပြု၍ ပြောင်းပြန်ဖောက်ထိုးပုံသဏ္ဌာန်ရှိသော တြိဂံသည် **"ရေ"**ကို ညွှန်းဆိုသည်။

မီးနှင့်ရေ ပေါင်းစည်းထားခြင်းဖြစ်ရာ ရေသည်လည်း ပူလောင်ဆူပွက်၍ မီးသည်လည်း လွတ်လပ်စွာ၊ အင်အားရှိသလောက် မလောင်ကျွမ်းနိုင် ဖြစ်ရသည်။

သတ်ချုပ်ချယ်ခြင်း၊ ပိတ်ပင် တားမြစ်ခြင်းတို့ကို ဖျောက်ဖျက်ပေးနိုင်သော သင်္ကေတ ဖြစ်လေသည်။

## ရာသီဥတု

နေ၊ လနှင့် ကမ္ဘာဂြိုဟ်တို့ လှည့်ပတ် သွားလာနေခြင်းမှ ကမ္ဘာမြေပေါ်၌ ပြောင်းလဲဖြစ်ပေါ်လာသော ရာသီဥတု လေးမျိုးဖြစ်သည်။

နွေဦး၊ နွေ၊ ဆောင်းဦးနှင့် ဆောင်း ဟူ၍ တစ်နှစ်တာအတွင်း ရာသီလေးလီရှိရာ ရာသီဥတု အပြောင်းအလဲအရ လူသားတို့၏ စိတ်ခံစားမှု၊ လှုပ်ရှားသွားလာဆောင်ရွက်မှု၊ ဝတ်ဆင် စားသောက်မှုများလည်း ပြောင်းလဲကြရသည်။

လူသားတို့သည် ရာသီဥတုနှင့် လိုက်လျောညီထွေရှိအောင် နေထိုင် စားသောက် သွားလာကြသည်တွင် ဂရိလူမျိုးတို့က ရာသီဥတုနှင့် လူသား ဆက်နွယ်မှုပုံရိပ်ကို အမျိုးသမီး လေးဦးဖြင့် သင်္ကေတ ပြုခဲ့ကြသည်။

### နွေဦးရာသီ

ဦးခေါင်းထက်၌ ပန်းပွင့်သရဖူ ဆောင်းကာ ပန်းချုံနံဘေး မတ်တတ် ရပ်နေသောမိန်းမပျို။

### နွေရာသီ

ကောက်နှံမကိုင်၍ ဆင်မြန်းကာ လက်တစ်ဖက်က ကောက်လှိုင်းစည်း ကို ပွေ့၍ ကျန်တစ်ဖက်က တံစဉ်ကို ထားသော မိန်းမပျို။



www.burmeseclassic.com

www.burmeseclassic.com

**ဆောင်းဦးရာသီ**

လက်တစ်ဖက်က စပျစ်သီးတစ်ခိုင် ကိုင်၍ ကျန်တစ်ဖက်က သစ်သီးအပြည့် အမောက် ထည့်ထားသော ဆွဲခြင်းကို ကွဲထားသည့် မိန်းမပျို။

**ဆောင်းရာသီ**

အရွက်ကင်းမဲ့သော သစ်ပင်အနီး ခေါင်းဆောင်းမပါဘဲ ရပ်နေသော မိန်းမပျို။

စသဖြင့် ဖော်ပြကြသည်။ အချို့ကလည်း တိရစ္ဆာန်များဖြင့် သင်္ကေတ ပြုကြသည်။

**နွေဦးရာသီ**=သိုးဆိတ်၊ **နွေရာသီ**–နဂါး၊ **ဆောင်းဦးရာသီ**=တောယုန်နှင့် **ဆောင်းရာသီ** = ကင်းလိပ်ချောတို့ ဖြစ်ကြသည်။

အရှေ့တိုင်း တရုတ်ဓလေ့တွင်လည်း ရာသီလေးပါးကို တိရစ္ဆာန်များဖြင့် ကိုယ်စားပြုသည်။

* * * ————————→

ဝူယှင်းစာတ်ငါးပါးရှိရာ ကျန်သည့် မြေဓာတ်သည် ရာသီတိုင်း၏ တတိယ လကို ဦးစီးလေသည်။

ဤရာသီဥတုလေးမျိုးကို အညွှန်းမှတ်လေးခုပါသော လမ်းညွှန်အိမ်မြှောင်(Compass)ဖြင့် တင်စား အမှတ် အသားပြုကြလေသည်။

## သစ်ရိုပ်



သစ်ရိပ်၊ ဝါးရိပ်တို့သည် ပူပြင်းသော နေရောင်မှ ကာကွယ်ပေးနိုင်ကြသည်။ သစ်ရိပ်သည် မျှော်စင်၊ ရေတွင်း၊ တံခါးတို့ကဲ့သို့ ဣတ္ထိလိင် ကိုယ်စားပြု သင်္ကေတဖြစ်၍ အများအားဖြင့် **အပျိုစင်မာရီ**(Virgin Mary)ကို ညွှန်းဖွဲ့လေ့ ရှိကြသည်။

(၁၅)နှင့် (၁၆)ရာစု ကာလက အမျိုးသမီးသဘာဝကို ရေးခြယ်ရာ၌ ကျော်ကြားထင်ရှားခဲ့သည့် ပန်းချီကျော် **ဂျွန်အော့ဖ်ဖလန်ဒါစ်** (John of Flanders)သည် သူ၏ ဣတ္ထိယပုံ ပန်းချီကားများတွင် သစ်ပင်ရိပ်များကို အဓိကထည့် အားဖြည့်ခဲ့လေသည်။ **သစ်ပင်ရိပ်သည် ဣတ္ထိလိင်သဘာဝကို အားကောင်းစွာ ပြောပြနိုင်သည် ဆို၏။**

တရုတ်တို့က ထိုအရာကို "**ယင်း**" Yinဟု ခေါ်ဝေါ်သတ်မှတ်သည်။ ဣတ္ထိလိင်၊ အရိပ်၊ အမှောင်၊ ပျော့ပျောင်းညင်သာခြင်း၊ သဘာဝအတိုင်း(မပြုမပြင်)ရှိခြင်း၊ အေးဆေးငြိမ်သက်ခြင်း စသည်တို့သည်လည်း "**ယင်း**" သဘောတရားများ ဖြစ်ကြလေသည်။

| | |
|---|---|
| **နွေဦးရာသီ** | =တိမ်ပြာနဂါး ဆန်းလုန်(Cāng Lóug) သစ်သားဓာတ် ဦးစီးသည်။ |
| **နွေရာသီ** | =ဖိုဝင်မီးငှက် ဖုန့်ဟွမ်း(Fèng Huāng) မီးဓာတ် ဦးစီးသည်။ |
| **ဆောင်းဦးရာသီ** | =ကျားဖြူ ပိုင်းဟူ(Bǎi Hù) သတ္တုဓာတ် ဦးစီးသည်။ |
| **ဆောင်းရာသီ** | =စစ်သည်ညို ရှွမ်းဝူ(Xuán Wǔ) ရေဓာတ် ဦးစီးသည်။ |

## ကန်ဒယ်လာဘရာ(Candelabra)

နှစ်ခုထက်ပိုသော "**ဖယောင်းတိုင်ခံခွက်**"(Candle stick)များကို အခြေ၌ တစ်ခုတည်းဖြစ်အောင် စုစည်းကာ အကိုင်းများ ခွဲဖြာထားပုံပစ္စည်း ဖြစ်သည်။

* * *



**ရဟူဒီလူမျိုးတို့၏ အခက်(၇)ခုဖြာ ကန်ဒယ်လာဘရာ**

**စိတ်ဝိညာဉ်၌ ထွက်ပေါ်လာသော အလင်းရောင် (ဉာဏ်မျက်စိနှင့် မြင်ရသောအလင်းရောင်)**နှင့် ကယ်တင်ခြင်း၏သင်္ကေတ ဖြစ်သည်။

ခွဲဖြာထားသော အခက်များက စကြဝဠာတွင်းမှ နက်နဲသော သဘောတရားများ သို့မဟုတ် စိတ်ဝိညာဉ်တွင်းမှ ထိုးထွင်းသိမြင်ရသော နက်နဲမှုများကို ရည်ညွှန်းသည်။

ရဟူဒီလူမျိုးတို့သည် အကိုင်းအခက် (၇)ခုဖြာထားသော "**ကန်ဒယ်လာဘရာ**"ကို ဝတ်ပြုပူဇော်ရာ၌ အသုံးပြုကြသည်။ သူတို့၏ ရိုးရာထုံးဓလေ့အရ ကောင်းကင်ဘုံ (၇)ရပ်နှင့် သီးနှံ(၇)မျိုးတို့ကို ရည်မှန်းပူဇော်ခြင်းဖြစ်သည်။

ကောက်ပဲသီးနှံ(၇)မျိုး ဝေဆာပြည့်စုံ၍ လူသားတို့အား ဒုက္ခဆင်းရဲမှုမှ ကယ်တင်ပေးပါရန် နတ်ဘုရား (၇)ပါးအား တောင်းပန်ခြင်း ဖြစ်လေသည်။

ဤပူဇော်မှု အဆင်တန်ဆာ၏ အောက်ခြေ၌ ဆော်လမွန် အမှတ်တံဆိပ်ဖြစ်သော ကြိုဂံနှစ်ထပ်၊ ခြောက်ထောင့်ကြယ်ကို တွေ့မြင်ရပေသည်။

တရုတ်ဓလေ့တွင် "**ခုနစ်မြွာ ဖယောင်းခံခွက်**"သုံးစွဲမှု မရှိသော်လည်း (၇)ဂဏန်း ကောင်းကင်ဘုံနှင့် တမလွန်လောက၏ တမန်တော်ဟု ယူဆကြသည်။

ကွယ်လွန်သူအတွက် ကြေကွဲဝမ်းနည်းမှု အထိမ်းအမှတ် ဝတ်စုံကို (၇)ရက်၊(၇)လီ (၇×၇=၄၉)ရက် ကြာအောင် ဝတ်ဆင်လေ့ ရှိကြသည်။ **တမလွန်တွင် အခြေတကျ ရှိချိန်အထိ အားပေးကူညီခြင်းဖြစ်သည်။**

**ရွှေလ ဆက်ဖတ်ပါရန်**

**ဟူဂျင်းဇီ**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

လေးဖက်နာရောဂါအတွက်

# စကြာမင်း

အမှတ်တံဆိပ်

# လေးဖက်နာသောက်ဆေးနဲ့ လိမ်းဆေး

"မမမျိုးရေ မမမျိုး"
"ဟဲ့ ဘယ်သူတုံး"
"ညီမလေး ခင်ခင်ပါ"
"ဩော် ညီမလေး လာ အထဲကို ဝင်ခဲ့ဟယ်"
"မမမျိုး အပြင်တောင် မထွက်နိုင်အောင် ဘာရောဂါတွေ ဖြစ်နေလို့လဲ"
"အခန်းပြင်ထွက်ဖို့ နေနေသာသာ လက်ဆစ်ခြေဆစ်တွေ ရောင်ရမ်း နာကျင်ကိုက်ခဲနေလို့ အိပ်ရာထဲ ဟိုဘက်၊ ဒီဘက် လှည့်တာတောင် မချိမဆံ့ ခံစားရပြီး အမယ်လေး တ,နေရတယ်"
"ဒီလောက်ဖြစ်နေတာ ဆေးခန်းမပြဘူးလား"
"ဆေးခန်းလဲပြတယ်။ လိုအပ်တဲ့ စစ်ဆေးမှုတွေလဲ ခံယူတယ်"
"မမမျိုးဖြစ်တာ ဘာရောဂါတဲ့လဲ"
"ဆေးပညာရှင်တွေ ကတော့ လေးဖက်နာရောဂါတဲ့။ ဆေးမတွေ့ဘူး ဖြစ်နေတယ်။ အဲဒါကြောင့် ဟိုတစ်ခါ ညီမလေး အစ်မလို လေးဖက်နာရောဂါ ဖြစ်တုန်းက သောက်သုံးပြီး သက်သာပျောက်ကင်းသွားတဲ့ဆေးက ဘာဆေးလဲလို့ သိချင်လို့ ခေါ်ခိုင်းလိုက်ရတာပဲ"
"ဩော် ဟုတ်ပါရဲ့။ အဲဒီဆေးကတော့ စကြာမင်း လေးဖက်နာသောက်ဆေးနဲ့ လေးဖက်နာလိမ်းဆေးပဲ အစ်မရဲ့"
"ဟုတ်လား ဒီဆေးက ဒီလောက်တောင် စွမ်းသလား"
"စွမ်းဆို စကြာမင်း လေးဖက်နာဆေး ထုတ်လုပ်ဖြန့်ချိတဲ့ ဆရာမြင့်ဆိုတာ အရိုးကျီးပေါင်းရောဂါ၊ လေးဖက်နာရောဂါတို့ကို ကိုယ်တိုင် စနစ်တကျ ကုသမှုတွေပေးနေတဲ့ ဆရာလေ။
ဆေးခန်းကို လာရောက် မကုသနိုင်တဲ့ လေးဖက်နာရောဂါရှင်တွေအတွက် မြန်မာနိုင်ငံ တစ်နိုင်ငံလုံးသို့ ဖြန့်ချိလိုက်ပါပြီ"
"အဲဒီ စကြာမင်း လေးဖက်နာဆေးရဲ့ အညွှန်းလေးလဲ ပြောပြပါဦး"
"စကြာမင်း လေးဖက်နာသောက်ဆေးနဲ့ လိမ်းဆေးရဲ့ အစွမ်းအာနိသင်ကတော့ သွေးအနည်ထိုင်၍ဖြစ်တဲ့ အဆစ်နာ၊ အဆစ်ရောင်၊ အဆစ်ကိုက် လေးဖက်နာဖြစ်ခြင်း၊ လက်ဖဝါး၊ ခြေဖဝါးများ တင်းခြင်း၊ ကျိန်းခြင်း၊ အဆစ်အမျက်များ ကိုက်ခဲနာကျင်ခြင်း၊ ခြေဆစ်၊ လက်ဆစ်များ ရောင်ပွပြီး ကြီးနေခြင်း၊ နံနက်အိပ်ရာထနဲ့ ကြာကြာထိုင်ပြီး ပြန်အထများတွင် လက်ဖဝါး ခြေဖဝါး ပို၍ တင်းခြင်း၊ ကျိန်းခြင်း၊ နာကျင်မှုပိုများခြင်း။
အဆစ်အမျက်များ အနည်းငယ် လှုပ်ရှားရုံဖြင့် နာကျင်ခြင်း၊ အကြောများ တောင့်တင်း၍ ဆိုင်းနေခြင်း၊ လှုပ်ရှားမှုများ အားနည်းနှေးကွေးခြင်း၊ လက်မြှောက်မရခြင်း၊ ခါးနာ ခါးတောင့်၊ ခါးကိုက်ခြင်း၊ တင်ပါးခွက်ကြောနှင့် ပေါင်တွင်းကြောများ ထုံကျဉ်ကိုက်ခဲခြင်း၊ ဒူးနာ၊ ဒူးကိုက်၊ ဒူးဆစ်ရောင်ခြင်း၊ တံကောက်ခွက်ကြော တင်းခြင်း။
ဒူးဆစ် အကွေးအဆန့်မရခြင်း၊ အောက်ပိုင်းများ လေးလံ ညောင်းညာ ကိုက်ခဲနေခြင်း၊ လက်ခြေများ မသယ်နိုင်ခြင်း၊ အာရုံကြောနဲ့ အကြောများ အားနည်းခြင်း၊ လေအားနည်းခြင်း၊ လေဖြတ်၊ လေငန်း၊ သွက်ချာပါဒဖြစ်ခြင်း၊ အရိုးကျီးပေါင်းရောဂါ အမျိုးမျိုးဖြစ်ခြင်းနဲ့ အရိုးအဆစ်အကြောနဲ့ လေးဖက်နာရောဂါများကို သက်သာပျောက်ကင်းစေတဲ့ဆေး ဖြစ်ပါတယ်"




(ယာယီတိုင်းရင်းဆေးဝါး
မှတ်ပုံတင်အမှတ်-၀၇၁၁ YR ၀၀၆၀၂၇)




(ယာယီတိုင်းရင်းဆေးဝါး
မှတ်ပုံတင်အမှတ်-၀၆၁၃ Y ၀၁၀၅၀၉)

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၅၇/၀၅၁၃

ကဲ စာဖတ်ပရိသတ်များ ညီမလေး ခင်ခင် အညွှန်းကောင်းတာနဲ့ စကြာမင်း လေးဖက်နာသောက်ဆေးနဲ့ လေးဖက်နာလိမ်းဆေးကို သုံးစွဲလိုက်တာဟာ အခု ကျွန်မ ခံစားဖြစ်ပေါ်နေတဲ့ လေးဖက်နာရောဂါဟာ သက်သာပျောက်ကင်းသွားပါပြီ။ အဲဒါကြောင့် ဆေးစွမ်းကောင်းတစ်လက်ကို သတင်းကောင်းလေး ပါးရတာလေ။
"မှတ်ထားနော် လေးဖက်နာရောဂါဖြစ်ရင် စကြာမင်း လေးဖက်နာသောက်ဆေးနဲ့ လေးဖက်နာလိမ်းဆေးကို မမေ့နဲ့နော်"

**ဆရာမြင့်**
**စကြာမင်းတိုင်းရင်းဆေးတိုက်**
**အမှတ်-စ/၆၆၆၊ သုဓမ္မာလမ်းမကြီး၊**
**သင်္ဃာမှတ်တိုင်အနီး၊ မြောက်ဥက္ကလာပမြို့နယ်**
**ဖုန်း-၅၂၂၅၄၁**



www.burmeseclassic.com

www.burmeseclassic.com



ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့
အောင်သပြေကျောင်းတိုက်က

# ဗုဒ္ဓါဆရာတော်

မေထူး

လွန်ခဲ့တဲ့ (၂၆)နှစ်ကလို့ စတင်ရေးရမှာ ဖြစ်ပါတယ်ရှင်။ မူလတန်းပြဆရာမပေါက်စနတို့အဖွဲ့ ကျောင်းနားရက်တွေမှာ **ရှမ်းပြည်နယ်တောင်ပိုင်းရှိ တောင်ကြီးအပိုင် အောင်သပြေကျောင်းတိုက်**ရှိရာသို့ မီးရထားကြီးစီးပြီး တပျော်တပါး ခရီးသွားခဲ့ကြပါတယ်။

အောင်သပြေကျောင်းတိုက် ဆရာတော်က **"ဗုဒ္ဓါဆရာတော်"**လို့ နာမည်ကျော်ကြားနေတဲ့ ဆရာတော်ပါ။ အသားဖြူဖြူ ထောင်ထောင်မောင်းမောင်း ရှားရောင်သက်န်းနဲ့ လွန်စွာ ပန်းသင့်လှပါတယ်။

မေထူးတို့ ဆရာမပေါက်စတစ်သိုက်လဲ ဆရာတော်ကြီးဆီသို့ ဦးခိုက်ဖူးမြော်ပြီး သတ်မှတ်ပေးထားတဲ့ တည်းခိုရာ ဓမ္မာရုံကြီးဆီသို့ အမောအပန်းဖြေရန် နေရာယူခဲ့ကြပါတယ်။

အောင်သပြေ ကျောင်းတိုက်ဝင်းထဲမှာ **"အာလိန်ငါးဆင့်"** ဘုရားအမြင့်

www.burmeseclassic.com

ကြီးတစ်ဆူရှိပြီး ကျယ်ပြန့်လှတဲ့ ကျောင်းဝိုင်းကို ဝါးကပ်ထရံတွေနဲ့ စေ့နေအောင် ပတ်ကာထားပါတယ်။

အပူဇော်ခံ ဓမ္မာရုံထဲမှာလဲ သပ္ပာယ်စွာ စံပယ်တော်မူနေတဲ့ မြတ်စွာဘုရားကို ပန်းပေါင်းစုံမွှေးရနံ့ ပူဇော်ထားတာဟာ မေထူးတို့ အမြင်မှာ ဆန်းပြားခမ်းနားနေပါတယ်။

ရှမ်းပြည်နယ်ရဲ့ အေးစက်စက် အရသာ၊ နှင်းမှုန်တွေဝေနေတဲ့ တောင်တန်းကြီးတွေ၊ မှိုင်းလိုလို မီးခိုးလိုလို ဝေသီနေတဲ့ သစ်ပင်တောကြီးတွေနဲ့ ပြာရီမှိုင်းလို့ နေပါတယ်။ စိတ်လွတ်ကိုယ်လွတ် လွမ်းလို့ကောင်းတဲ့ နေရာလေးပေါ့ရှင်...

မေထူးတို့တစ်သိုက်က ဆရာမများအဖွဲ့ဆိုတော့ စာသံပေသံတွေနဲ့ လွမ်းနေကြတာပေါ့။ မနက်၊ ည "သားသတ်လွတ်"ဟင်းစုံနဲ့ ကျွေးပါတယ်။ မနက်စောစောကြီးမှာလဲ ကောက်ညှင်းပေါင်း၊ ခေါ်ပုတ်ကြော်၊ ခေါ်ပုတ်ကင်၊ ပဲပုပ်ထောင်းတို့နဲ့ စားရတာ စားနေကြမဟုတ်ပေမယ့် အရသာထူးပြီး စားကောင်းလှပါတယ်။

အောင်သပြေ ကျောင်းဝင်းကြီးထဲမှာတော့ မေထူးတို့အဖွဲ့ရဲ့ ဘူမိနက်သန်က အာလိန်ငါးဆင့်ဘုရား။ ဘုရားက မြင့်ပြီး အောက်လေတွေ တိုက်တော့ လုံချည်အောက်နားစကို တွယ်ချိတ်တွေနဲ့ထိုးပြီး အပေါ်ကို ကုတ်ဖွဲ့တက်ခဲ့ရပါတယ်။

လှေကားက ကျဉ်းတဲ့အပြင် မတ်စောက်နေတော့ မြင့်လာလေလေ ဒူးတုန်လာလေပဲ။ တစ်ယောက်ချင်းပဲ တက်လို့ရတဲ့ လှေကားမို့ ကိုယ့်အားကိုယ်ကိုးစိတ်အပြည့်နဲ့ တက်မှ ရောက်ရှိမှာပါ။

အပေါ်ရောက်တော့ လေးမျက်နှာ



ဘုရားကို ကြည်ညိုစွာ ဖူးတွေ့ရပါတယ်။ ပရုဏ်ကလဲ တစ်ယောက်ထိုင်ရုံသာ ကျယ်တော့ မေထူးတို့ဆရာမ (၄)ယောက် တစ်ယောက် တစ်နေရာနဲ့ပဲ ပြည့်သွားပါတော့တယ်။

လှလိုက်တဲ့ရှုခင်း။ တောင်အမြင့်မှာရှိပြီး အာလိန်ငါးဆင့်က ထပ်မြင့်နေတော့ ပတ်ဝန်းကျင် အကုန်လုံးကို ပြားပြားဝပ် မြင်နေရပါတယ်။ မေထူးတို့ ဘုရားရှိခိုး၊ ပန်း၊ ဆီမီး၊ ရေချမ်းကပ်၊ ပုတီးစိပ်၊ ပရိတ်ရွတ်ကြပေါ့။

ဘုရားကိုစုံပြီးတော့ တောတောင်တွေဘက် မျက်နှာပြန်လှည့်ပြီး တောအကြောင်း တောင်အကြောင်း ရောက်တက်ရာရာ ပြောကြပါတော့တယ်။

ဒီလိုနဲ့ (၂)ရက်ကုန်သွားမှန်းမသိ ကုန်သွားခဲ့ပါတယ်။ နောက်တစ်နေ့ နေ့လယ်(၂)နာရီလောက်မှာ ခြံစည်းရိုးအစပ်မှာ မီးခိုးတွေ တွေ့ရတယ်။ မေထူးတို့ကလဲ တောင်ယာမီးရှို့တယ် ထင်ပြီး သေချာမကြည့်ခဲ့ဘူး။

ခဏနေတော့ ကျောင်းသားလေးတွေ ပြေးလွှားအော်ဟစ် ပြောနေကြတာ ရှမ်းဘာသာစကားနဲ့ဆိုတော့ ဘာဖြစ်လို့လဲပေါ့။ ဆရာတော်ရှိတဲ့ ကျောင်းကို အပြေးသွားတော့ ဆရာတော်က...

'သမီးတို့... ဘာတုန်းကိုတွဲပြီး ကျောင်းအောက်ရောက်အောင် မြန်မြန်ခေါ်သွား စမ်း'

ဆိုတော့ မေထူးတို့အဖွဲ့ ဆရာတော်ကို တွဲခေါ်၊ ကျောင်းအစပ် တောင်စောင်းပေါ်ရောက်တော့ လား...လား ကျောင်းခြံစည်းရိုး ဝါးကပ်တွေ မီး လောင်နေပြီး ကျောင်းထဲက ဓမ္မာရုံ (ဆွမ်းချက်ရုံ)ဆီကို မီးက ကူးနေတော့ တာပေါ့။ ဘုရားရေ... ဒုက္ခတော့ တွေ့ ပြီပေါ့။

အဲဒီအချိန်မှာ ဆရာတော်က နှုတ် ကနေ တွတ်တွတ်ရွတ်ဆိုပြီး "ဖူး" ဆို တဲ့ အသံရှည်နဲ့ လက်ဝဲဘက်ကနေ လက်ယာဘက်ကို ခေါင်းလေးစောင်း ပြီး မှုတ်လိုက်တယ်။

ဆရာတော် ဘာလုပ်လိုက်တာလဲ လို့ ဆရာတော့်မျက်နှာ ကြည့်နေတာနဲ့ ခြံစည်းရိုးက မီးငြိမ်းသွားတာကို မတွေ့ လိုက်ရဘူး။

နောက်တစ်ခေါက် ငြိမ်းတဲ့နေရာ ကနေ နောက် လက်ယာဘက် ဆက်ကြည့်ပြီး ပါးစပ်က "ဖူး" ခနဲ မှုတ် လိုက်ပြန်ပါတယ်။

ဒီတစ်ခါတော့ မေထူးမျက်စိကို မယုံ နိုင်အောင် ဖြစ်သွားရတယ်။ ငြိမ်း လက်စ မီးလောင်နေတဲ့နေရာက အကွာအဝေး ခပ်လှမ်းလှမ်းထိ မီးငြိမ်း သွားပြန်ရော။ တတွတ်တွတ် ရွတ် ရင် ပါးစပ်မှ "ဖူး" ခနဲ မှုတ်ထုတ် အကွာအဝေးတစ်ခု မီးငြိမ်းသွား ရော။

အဲဒီလို ရွတ်ရင်း၊ မှုတ်ရင်းနဲ့ လော နေတဲ့ မီးအားလုံး ငြိမ်းသွားရပါတ မျက်စိနဲ့ အပ်ကျမပ်ကျမြင်ရလို့ ပြ ပြားဝပ်အောင် ပူဇော်ကန်တော့ ဆရာတော့်ဂုဏ်ထူးကို ချီးကျ တယ်။ သံယာ ပူဇေမိပါ အခွ





www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်နေ့ ထုံးစံအတိုင်း နေ့ဆွမ်းစား ဆယ်စာ စားပြီးတာနဲ့ တစ်ယောက်နဲ့တစ်ယောက် အချက်ပြပြီး အာလိန်ငါးဆင့်ကို တက်ကြပြန်တယ်။ မနေ့က မီးငြိမ်းတဲ့အကြောင်း ပြောနေရင်း ဆရာမတစ်ယောက်က…

'ဟော့…ငါတို့ပြောနေတာကို ဆရာတော်ကြီး သိလား။ မသိလားဆိုတာ အစမ်းသိနိုင်ရအောင်။ ဒီအာလိန်ငါးဆင့်ပေါ်ကို ဆရာတော်ကြီး ကြွရောက်လာရင် သိလို့ပေါ့'

ဆိုတော့ တစ်ယောက်က…

'ဟာ…မဖြစ်နိုင်တာ မနေ့ကတောင် လမ်းသိပ်မလျှောက်နိုင်လို့ မေထူးတို့ တွဲခေါ်ခဲ့ရသေးတာမဟုတ်လား။ ဘယ်လိုလုပ်ပြီး ဒီလောက်မြင့်တာကြီးကို တစ်ပါးတည်း တက်နိုင်မှာလဲဟ'

အဲလိုပြောပြီး ဆရာတော်ကြီးအကြောင်း ဝိုင်းထိုင်ပြီး ပြောရင်း ငြင်းစားနေကြတာပေါ့။ မေထူးက…

'ဒီလိုလုပ် ဘုရားမှာ သစ္စာဆိုရအောင် ဆရာတော်ကြီး ငါတို့ရှေ့မှောက် ကြွလာပါစေလို့ပေါ့'

တစ်ယောက် တစ်နေရာစီ နေရာယူလိုက်ကြရင်း ဆရာတော်ကြီးကို အာရုံပြုပြီး ပင့်ဖိတ်လိုက်ပါတယ်။

'သမီးတို့ ဒီနေရာက လေစိမ်းတွေ တအားတိုက်တယ်။ ဖျားနာနေကြဦးမယ်၊ မွှာရုံထဲမှာ နွေးနွေးထွေးထွေး သွားနေကြလေ'

ဆိုတဲ့အသံနဲ့ မေထူးတို့ကို ပြုံးပြုံးကြီးကြည့်ပြီး မတ်တတ်ရပ်လျက်နေတာကို အထင်အရှား မြင်လဲ မြင်၊ ကြားလဲ ကြားလိုက်ရပါတယ်။ မေထူးက…

'ဘဘုန်း… လမ်းလျှောက်နိုင်ပြီလား'

ဆိုပြီး ခြေဖဝါးတော်ကို လက်ဝါးနဲ့ အုပ်ကြည့်မိပါတယ်။

ခြေဖဝါးတော်ဟာ မြေမှုန်ကင်းစင်



ရှင်းသန့်ပြီး နွေးထွေးနေပါတယ်။

'ဘုန်းတော်ကြီးမားလှတဲ့ ဆရာတော်ဘုရား… တပည့်တော်တို့ကို ခွင့်လွှတ်ပါဘုရား။ အပြစ်ကြီးပါတယ် ဘုရား'

ဆိုပြီး ခြေဖဝါးတော်ကို ကိုယ့်ဆံပင်နဲ့ ထိပြီး ဝန်ချတောင်းပန်မိပါတယ်။

'ဒါက အတော်အေးနေလို့ ဘဘုန်း သမီးတို့ကို လာခေါ်တာ'

တဲ့လေ။ ကျောချမ်းမိအောင် ဖြစ်မိပါတယ်။ ညဘက် တရားပွဲလဲ စ,ရော ဘဘုန်းက ပလ္လင်ပေါ်ထိုင်ပြီး မေထူးတို့အဖွဲ့ကို ကောင်းကောင်း နှိပ်ကွပ်ပါတော့တယ်။

'အခုခေတ်ကလေးတွေက ပညာတွေကလဲ တတ်ထား။ သိပ္ပံခေတ်ဆိုတော့ လက်တွေ့သိချင်ကြတယ်။ လူကလေးတွေက ဆရာဂုဏ်၊ သမားဂုဏ်အလုပ်နဲ့ဆိုတော့ ပါရမီတွေတော့ အတော်အသင့် ရှိကြပါတယ်။ သူတို့ရဲ့ သိချင်နေတဲ့ စိတ်လေးတွေကို ဘဘုန်းက အကောင်အထည် ဖော်ပေးလိုက်ပါတယ်'

လို့ မိန့်တော့ မေထူးတို့(၄)ယောက် ခေါင်းမဖော်ဝံ့အောင် ဝပ်နေရပါတယ်။

တရားနာတဲ့ ပရိသတ်တွေကတော့ ဘဘုန်း ဘယ်သူ့ကို မိန့်နေမှန်း သိချင်မှ သိကြရပေမယ့် မေထူးတို့ ဆရာမပေါက်စ(၄)ယောက်ကတော့ နားရွက်တောင် မလှုပ်ဝံ့အောင်ရှိနေပြီး အမှန်အကန်နဲ့တော့ တွေ့နေပြီဆိုပြီး ပြောမပြတတ်အောင် ကြည်နူးနေမိပါတယ်။ သံဃာ ပူဇေမိပါ၏ အရှင်ဘုရား။

ဒီမနက်ကတော့ ဂေါပကတွေ တော်တော်များများ အလုပ်ရှုပ်နေကြပါတယ်။ "စပ်စုစိန်"တို့(၄)ယောက် သွားရောက် စပ်စုကြပြန်ပါတယ်။

'ဒီနေ့လပြည့်နေ့ ဥပုသ်နေ့လေ။ ဆရာတော် ရေကသိုဏ်းဝင်မလို့ ပြင်ဆင်ပေးနေတာ'

တဲ့။ ဘယ်လို… ရေကသိုဏ်း ဟုတ်လား။ မေထူးတို့ နားမလည်ဘူး။ အဲဒါနဲ့ ဂေါပကတွေကို "ဗျူး"ကြတော့တာပေါ့။

'ဒီလို သမီးတို့ရဲ့… ဆရာတော်က ရေကန်ကြီးထဲ လူ(၂)ရပ်အမြင့် နက်တဲ့အထဲမှာ ညဥ့်ဦးယံကနေ အရုဏ်လာတဲ့အထိ ရေထဲမှာ ကျင့်စဥ်ကျင့်တာ'

တဲ့။ ဒီလောက်အေးနေတဲ့ နေရာမှာ ပြီးတော့ အလင်းရောင်မရှိတဲ့ ညဘက်ကြီးမှာ၊ လက်ဖျားလေးတွေတောင် ရေထိလို့ ထုံသွားတဲ့အချိန်မှာ ဆရာတော်က လူ(၂)ရပ်အမြင့် ရေအပြည့်ရှိတဲ့ ကန်ထဲမှာ ညဥ့်ဦးယံ(၇း၀၀)နာရီမှ အရုဏ်လာ(၅း၀၀)နာရီထိ (၁၀)နာရီလုံးလုံး တရားထိုင်နေမယ်။ အာပါး… ထူးခြားဖြစ်စဉ်ပဲ။

မေထူးတို့လဲ ဒီည မအိပ်တော့ဘူး။ ရေကန်စပ်မှာ စောင်အထပ်ထပ်နဲ့ ခေါင်းမြီးခြုံပြီးစောင့်တာ။ အတော်အေးတာပဲ။ ဆရာတော်ရောဆိုပြီး လှမ်းကြည့်လိုက်တော့ တင်ပျဉ်ခွေလျက် ရေထဲမှာ အရုပ်တစ်ရုပ်ချထားသလို မလှုပ်မယှက် ငြိမ်သက်လို့ အံ့ဖွယ်သုတတွေ များစွာနဲ့ အောင်သပြေကို တစ်သက်မပြောနဲ့ ဆယ်သက်မေ့လို့ရမှာ မဟုတ်တော့ဘူး။

ဪ…မေထူးတို့ ရောက်နေတဲ့ အချိန်နေ့ရက်လေးကို ပြောပြဖို့ မေ့နေလို့ "တပို့တွဲလပြည့်နေ့"ပါ။ မနက်(၄)နာရီထိုးခါနီးတော့ အေးကလဲ တအားအေးလာ၊ အိပ်ကလဲ တော်တော်



www.burmeseclassic.com

www.burmeseclassic.com

အိပ်ချင်နဲ့ မေးခနဲ အိပ်ပျော်သွားတယ်။

သတိဝင်လာတော့ ဆရာတော် သက်န်းလဲနေပြီ ဘာမှမဖြစ်သလို ဂေါပကနှစ်ယောက်ကတွဲပြီး ကျောင်းဘက် ပြန်ကြွသွားတာ အားရကျေနပ်စွာ တွေ့လိုက်ရပါတယ်။

မနက် အရုဏ်ဆွမ်းမှာ ထမနဲ (နှမ်းမနဲ)တွေ တဝစားရပါတော့တယ်။ အဲဒီ ထမနဲကိစ္စကလဲ ဆန်းကြယ်ပြန်ရော။ ထမနဲထိုးထားတာက မိုးပြဲဒယ်နဲ့ (၁၀) လုံးပဲ။ တစ်မြို့လုံးဝေတာ မကုန်ဘူး။ လာတဲ့လူတွေလဲ အဝစား၊ အိမ်အပြန် သယ်သွား မကုန်ဘူးဗျား။

အားပါးပါး... ဗုဒ္ဓသာသနာမှာ အတုအယောင်တွေရှိကြသလို အစစ်အမှန်တွေလဲ ရှိနေပါလား။ မေထူးတို့ ကုသိုလ်ထူးလို့ ကြုံတွေ့ခဲ့ရတာ၊ အသွားအပြန် မီးရထားခလဲ ဖရီး (အလကား)တဲ့။ ထမနဲတွေလဲ ထုပ်ပေးလိုက်တာ တစ်ယောက်(၁)ပိဿာလောက်စီ။

ပန်းသီး၊ လိမ္မော်သီးတွေလဲ ခြင်းကြီးနဲ့ ရထားပေါ်အထိ ပြန်လိုက်ပို့ပေးကြတဲ့ ဂေါပကဦးကြီးတွေကို ရထားသာ ထွက်လာတယ် နှုတ်ဆက်လို့မပြီး၊ လက်ပြလို့ မဆုံးပေါ့။

မပြန်ခင် တစ်ရက်မှာ ဟီးနိုးကားရှည်ကြီး(၃)စီးနဲ့ ကျောင်းရှိလူကုန် ဘဘုန်းပါ့ပါတယ်။ အင်းလေးဖောင်တော်ဦးဘုရား၊ ပင်းတယ၊ ရွှေဥမင်ဘုရား၊ ဘုတ်တလုတ်ရေကာန်တော် အစုံ လိုက်ပို့ပေးခဲ့သေးတယ်။

အိမ်ပြန်ရောက်တော့ ဖေဖေတို့ မေမေတို့ကို မနားတမ်း(Nonstop) ပြောပြတော့တာပေါ့။ တစ်အိမ်သားလုံး အံ့ဩဝမ်းသာနေတဲ့ မျက်နှာလေးတွေနဲ့ မေထူးရဲ့ လေပွေထဲမှာ မြောချင်တိုင်း မြောနေကြတာပေါ့။

ဖေဖေကဆို **"ဒီတစ်ခါ အဖေတို့မြို့ကို ဆရာတော်ကြွလာရင် ဆွမ်းတစ်နပ်တော့ ကပ်ဦးမယ်"**လို့ ပြောပါတယ်။ လအနည်းငယ် ကြာတော့ ကြွလာတယ် ဆရာတော်ရယ်လေ။

'သမီးအဖေက ဆွမ်းကပ်မလို့ဆို ဘဘုန်းလာဘုဉ်းပေးမယ်'

တဲ့။ ဘယ်သူက ပြောလိုက်မိပါလိမ့်လို့ တွေးရပြန်တယ်။

တည်းခိုနေတဲ့ကျောင်းကို နောက်နေ့မနက်မှာ သွားပင့်ပြီး အိမ်မှာ "သားသတ်လွတ်"ဆွမ်းကပ်ပါတယ်။ အားပါးတရ မြိန်ရှက်စွာ ဘုဉ်းပေးပြီး တရားဟော ရေစက်ချပါတယ်။ ပြီးတော့ ပြန်မယ်တဲ့။

မေထူးတို့ စိတ်မကောင်းသွားတာ မပြောပါနဲ့။ ဘဘုန်းက...

'သမီးရဲ့ "ရောက်ပြန်"ဆိုတော့ ရန်ပျောက်တာပေါ့။ သမီးလဲ ဘုရား,တရား နာနာလုပ်၊ ပဋ္ဌာန်း၊ ပရိတ်မပြတ်ရွတ်၊ အားရင် ဘုရားစာတွေရွတ် ဥပုသ်စောင့်၊ ငါ့သမီး ဝဲဩဃထဲ လည်ဦးမယ်။ ပြီးမှ ဘဘုန်းအကြောင်းရေးတော့မှာ'

တဲ့။ ဘာကိုဆိုလိုပြီး ပြောသွားတာလဲ၊ လူကြီးတွေကြားထဲ ပြန်မေးလို့ မကောင်းလို့ ငြိမ်နေလိုက်ရတာ၊ မေးချင်လိုက်တာမှ မပြောပါနဲ့တော့။

အဲဒီတုန်းက မေထူးအသက် (၂၈) နှစ် အပျိုကြီးဆရာမ။ (၂၉)နှစ်ကျတော့ ဖေဖေက သူ့တပည့်နဲ့ အိမ်ထောင်ချ ပေးပြီး ဝဲဩဃထဲ လည်နေလိုက်တာ မြန်မာနိုင်ငံရဲ့ ကမ်းရိုးတန်းတစ်နေရာမှာ ကျောင်းအုပ်ဘဝနဲ့ ဆေးပင်စင်ယူ ပြီး အိမ်မှာ အငြိမ်းစားပေါ့။ ထမင်းချက်၊ ဟင်းချက် အိမ်စောင့်။

အဲ...အဲဒီတော့မှ (၈၁)ရက်ရှည်တဲ့ "ကိုးနဝင်းအဓိဋ္ဌာန်"ဝင်လာတာ (၁ ကြိမ် အောင်သွားပြီး ဥပုသ်ရက်ရှည် တွေစောင့်လို့ ပြီးမှ ဘဘုန်းအကြောင်း ကို သတိရရင်း အခု စာတွေရေးနေ တာ။

ပညာရှိများ ပြောသွားလိုက်တာ ပြေးကြည့်ပြီး ပြောသွားသလိုပဲ။ နှ ပေါင်း(၂၆)နှစ်အကွာကိုလေ။ လိုက်မ တဲ့ ဉာဏ်တွေနဲ့ သာသနာ့အကျိ သယ်ပိုးနေတဲ့ **"ဗုဒ္ဓေါဆရာတော်"** အား ဝန္ဒာမိရှိခိုးပါ၏။ သံဃာ ပူဇေ ပါအရှင်ဘုရား။

**မေထူး**

**စာရှုသူ သုတေသီနှင့် ဝါသနာရှင်များသို့ . . .**

မိမိတို့ဒေသရှိ ဆရာတော်ကြီးများ၊ ပုဂ္ဂိုလ်ထူးကြီးများ၏ မိမိတို့သာသိပြီး သမိုင်းမဝင်သော ဖြစ်ရပ်များကို ရေးသားပေးပို့နိုင်ကြပါပြီ။

ဤသို့ ရေးသားပေးပို့ခြင်းဖြင့် ကွက်လပ်ဖြစ်နေသော၊ အများမသိသော ဖြစ်ရပ်များကို မှတ်တမ်းတင်ပြီး ဖြစ် သွားပါမည်။ ဤကုသိုလ်ထူးကြီးကို ပါဝင်မှတ်တမ်းတင်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

လေးစားစွာဖြင့်...

ဦးကျော်မိုးသိန်း
စာတည်းချုပ်
နတ္တဗျာရောင်ခြည်ဂျာ




www.burmeseclassic.com

www.burmeseclassic.com



စိတ်ဝင်စားဖွယ်ကောင်းသော

# ထိုးမြဲလက်မှတ်များအကြောင်း




၁။

* * *



ယခုလအတွက် **နံပါတ်(၁)** နေရာမှာ ဖော်ပြပေးလိုက်တဲ့ ထိုးမြဲလက်မှတ်ပိုင်ရှင်က **အသက်ငါးဆယ်ခန့် အမျိုးသားတစ်ဦး** ဖြစ်ပြီး **ပဲခူးဇာတိ**လဲဖြစ်ပါတယ်။ **အောင်ဇင်**ဆိုတဲ့ နာမည်ကို နောက်ဆုံးစာလုံးဖြစ်တဲ့ "**ဇင်**"ကို ရွေးပြီး လက်မှတ်ထိုးထားတာပါ။

'အထက်လူကြီး လက်အောက်ငယ်သားတွေနဲ့ အဆင်မပြေဘူး။ ငွေလဲ မမြဲဘူး။ ရန်လဲများတယ်။ စိတ်ညစ်ရတယ်'


လက်မှတ်ပိုင်ရှင်ရဲ့ ပြောစကားက ထိုးမြဲလက်မှတ်ထဲမှာ အဖြေရှိတယ်။ ကိုးဆယ်ဒီဂရီ ထောင်နေတဲ့ လက်မှတ်အညွှန့်က ကြီးမြင့်လိုတဲ့ ရည်မှန်းချက်ကို ဖော်ပြပြီး စိတ်ဓာတ်ကလဲ ဘဝင်ခပ်မြင့်မြင့် ဖြစ်တတ်တယ်။

ဒါကြောင့် အထက်လူကြီးကိုလဲ ဗမာမခန့် ပြုတတ်သလို လက်အောက်ငယ်သားကိုလဲ နှိပ်ကွက်စီးနင်း လုပ်ချင်တဲ့ ပင်ကိုဗီဇကြောင့် အဆင်မပြေတာတွေ ရန်များတာတွေ ဖြစ်ရတာပါ။

"**ဇ**"**အက္ခရာကို ခွက်မှောက်သဏ္ဌာန်မျိုး** ဆွဲထားလို့ **ငွေထွက်များ ငွေမမြဲ ဝမ်းနည်း စိတ်ပျက်စရာတွေ** ကြုံရတာပါ။

**မွေးသက္ကရာဇ်က ၁၃၂၆ ခုနှစ်၊ တော်သလင်းလ၊ တနင်္ဂနွေသား** ဖြစ်လို့ နာမက္ခရတိုင်စဉ်နဲ့ မူလ မဟာဘုတ်ခွင် ချကြည့်ရင် အောက်ပါအတိုင်း တွေ့ရပါမယ်။

* * *[နံပါတ်-၁]




**တနင်္ဂနွေ ရာဇဖွားကို တနင်္ဂနွေအစ အင်္ဂါအဆုံး ရန်ဓာတ်နဲ့ နာမည်ပေးထားခြင်း ရာဇ+ဘင်္ဂ=ဂုရု+အနိစ္စ** နာမည်ဖြစ်ခြင်း၊ **နာမက္ခရတိုင်စဉ်** မှားခြင်းတွေက နာမည်ပေးညံ့ကြောင်း သိနိုင်တယ်။

ဘာလုပ်လုပ် အစကောင်း အနှောင်းပျက်ဖြစ်တတ်ပြီး ဆီး၊ အဆုတ်၊ အင်္ဂါဇာတ်တို့မှာ ရောဂါဆိုးတွေ စွဲကပ်ခံစားရတတ်တယ်။

ဒီနာမည်မျိုးမှာ နာမည်ထိပ်ဆုံးက မွေးနံအက္ခရာစာလုံး "**အောင်**"ကိုသာ လက်မှတ်ထိုးသင့်ပါတယ်။


* * *



လက်မှတ်အောက်က မျဉ်းမသားရပါ။ သဝေထိုးကို တြိဂံပုံဆွဲသင့်တယ်။ ဘေးရန်ကင်းခြင်း၊ အဆင်ပြေခြင်း၊ နိုင်မြဲခြင်းတွေ ဖြစ်လာမယ်။

၂။

* * *



ယခုလအတွက် **နံပါတ်(၂)** နေရာမှာ ဖော်ပြပေးလိုက်တဲ့ ထိုးမြဲလက်မှတ်ပိုင်ရှင်က **သန်လျင်မြို့ဇာတိ အသက်ငါးဆယ်ကျော် အမျိုးသမီးတစ်ဦး** ဖြစ်ပါတယ်။ "**မြသက်ဌေး**"ဆိုတဲ့ နာမည်သုံးလုံးတွဲကို အင်္ဂလိပ်လို လက်မှတ်ထိုးထားကြောင်း ပြောပြတယ်။

'ဘယ်မှာနေနေ ဘာလုပ်လုပ် အယုဉ်အပြိုင်များလွန်းတယ်။ အိမ်ထောင်ရေးလဲ ဒုက္ခသောကတွေ ကြုံရတယ်။ လူမိုသာ

www.burmeseclassic.com

ပေမယ့် စိတ်တော့ ဆင်းရဲစရာ များတယ်'

ထိုးမြဲလက်မှတ်မှာ အပြိုင်သင်္ကေတတွေ အလွန်များပြားနေခြင်းက အဲဒီလို ညည်းညူစရာတွေ ကြုံရခြင်းပါပဲ။

လက်မှတ်ရဲ့ အပေါ်ပိုင်းမှာရှိတဲ့ **သင်္ကေတတွေဟာ အလုပ်အကိုင် စီးပွားရေး အပြိုင်အဆိုင်တွေဖြစ်ပြီး လက်မှတ်အောက်ပိုင်း အပြိုင်သင်္ကေတက** အချစ်ရေး၊ အိမ်ထောင်ရေး၊ ကာမဂုဏ်ရေး အပြိုင်တွေ ဖြစ်လိမ့်မယ်။

**မြန်မာသက္ကရာဇ် ၁၃၁၉ ခုနှစ်၊ ဝါဆိုလ၊ ကြာသပတေးသမီး**ဖြစ်လို့ မူလမဟာဘုတ်ခွင်၊ နာမက္ခရတိုင်စဉ်ချနဲ့ ဝုဒ္ဓိ ချကြည့်ရင် အောက်ပါအတိုင်း တွေ့ရမယ်။

* * *[နံပါတ်-၂]

**အိမ်ထောင်ရေး ဒုက္ခသောက ကြုံရတာပါ။**

ဒီနာမည်မျိုးမှာ နောက်ဆုံးစာလုံး **"ဌေး"**အဓိပတိဌာနက စနေနံ အက္ခရာ စာလုံးကိုသာ လက်မှတ်ထိုးသင့်တယ်။ ပြည်တွင်းမှာသာ နေထိုင်လုပ်ကိုင်သူဖြစ်လို့ မြန်မာလိုသာ လက်မှတ်ထိုးသင့်တယ်။


* * *



လက်မှတ်အောက်ပိုင်းမှာ ပစ်တိုင်းထောင်ပုံထည့်၊ အညွန့်မှာ ပွင့်ဖတ်(၅)ခုပါတဲ့ ပန်းပွင့်ထည့်၊ လက်မှတ်အောက် မျဉ်းမသားရပါ။ အပြိုင်အဆိုင်**တစ်ဦး** ဖြစ်ပါတယ်။ **"အေးမောင်"** ဆိုတဲ့ နာမည်ကို မြန်မာအက္ခရာစာလုံးနဲ့ လက်မှတ်ထိုးထားကြောင်း ပြောပြတယ်။

'အလုပ်ထဲမှာ အာရုံစူးစိုက်လို့ မရဘူး ဖြစ်နေတယ်။ ဟိုလုပ်ချင် ဒီလုပ်ချင် ဟိုပြောင်းချင် ဒီပြောင်းချင် ဟိုသွားချင် ဒီသွားချင်နဲ့ စိတ်တွေ ပျံ့လွင့်နေတာ အမြဲပဲ။ ချစ်သူရည်းစားဆိုလဲ မမြဲဘူး'

ထိုးမြဲလက်မှတ်က ငှက်တွေ ပျံသန်းနေတဲ့ သင်္ကေတ၊ အမှားသင်္ကေတ၊ စိတ်မြန်ကိုယ်မြန် ပင်ကိုဗီဇ ရှိသူတွေ ထိုးလေ့ရှိတဲ့ သင်္ကေတ ဘုရားရှိခိုးခြင်း၊ ပုတီးစိပ်ခြင်း၊ တရားမှတ်ခြင်းဆိုတဲ့ အဓိဋ္ဌာန် အကျင့်စရဏကောင်းတွေ လုပ်ဖို့ အားနည်းတဲ့သူတွေ ထိုးလေ့ရှိတဲ့ သင်္ကေတမျိုး ဖြစ်ပါတယ်။





(မူလမဟာဘုတ်ခွင်) (နာမက္ခရတိုင်) (ဝုဒ္ဓိအစဉ်)

ကြာသပတေး သိုက်ဖွားကို **ကြာသပတေးအစ စနေအဆုံး** နာမည်ပေးထားခြင်းက **သိုက်+အဓိပတိ = ဣဋ္ဌ+ဣဋ္ဌ** နာမည်ဖြစ်ပြီး **နာမက္ခရတိုင်စဉ်မှန်၊ ဝုဒ္ဓိမှန်** ပညတ်ကောင်းဖြစ်လို့ လှချမ်းသာ ဖြစ်ရတယ်။

ဒါပေမယ့် နာမည်အစနဲ့ အဆုံးဟာ **အတွင်းရန်ဓာတ်ဖြစ်ပြီး အသားဖြူသူကို "မြ"ဆိုတဲ့ အမည်းရောင်နှစ်သက်တဲ့ အက္ခရာစာလုံးနဲ့** နာမည် စတင် ပေးထားခြင်းကြောင့် နည်းပါး အိမ်ထောင်ရေး ဒုက္ခသောက နည်းပါး စိတ်ချမ်းသာ ဖြစ်ပါလိမ့်မယ်။

၃။

* * *



ယခုလအတွက် **နံပါတ်(၃) နေရာမှာ** ဖော်ပြပေးလိုက်တဲ့ ထိုးမြဲလက်မှတ်ပိုင်ရှင်ကတော့ **လှည်းကူးမြို့ဇာတိ အသက်သုံးဆယ်ကျော် အမျိုးသား**

**မြန်မာသက္ကရာဇ် ၁၃၄၁ ခုနှစ်** **တော်သလင်းလ ကြာသပတေးသား**ဖြစ်လို့ မူလမဟာဘုတ်ခွင်၊ နာမက္ခ တိုင်စဉ်တို့ ချကြည့်ရင် အောက်ပါ အတိုင်း တွေ့ရမယ်။

* * *[နံပါတ်-၃]

ကြာသပတေး ပုတိဖွားဖြစ်သူ **တနင်္ဂနွေအစ ကြာသပတေးအဆုံး** **အဓိပတိ+ပုတိ** နာမည်ပေးထား **ဣဋ္ဌ+အနိဋ္ဌ**နာမည် ဖြစ်သတယ် **"မောင်အေး"**ဆိုရင် ပိုကောင်းမယ်



www.burmeseclassic.com

www.burmeseclassic.com

[နံပါတ်-၃]

| | အဓိပတိ | |
|---|---|---|
| အထွန်း | သိုက် | ရာဇ |
| မရဏ | ဘင်္ဂ | ပုတိ |

| | | |
|---|---|---|
| | ၁ | |
| ၃ | ၆ | ၂ |
| ၀ | ၄ | ၅ * |

(မူလမဟာဘုတ်ခွင်)

| ၃ | |
|---|---|
| ၂ | ၁ |
| ၀ | ၆ |
| ၅ * | ၄ |

(နာမက္ခရတိုင်)

ဒီနာမည်မျိုးမှာ ထိုးမြဲလက်မှတ်ကို "မောင်အေး"လို့ ထိုးသင့်ပါတယ်။

* * *



အစ သဝေထိုးကို တြိဂံပုံဆွဲပြီး လက်မှတ်ကို (၅၀)လောက် ညာဘက်ကို စောင်းထိုးသင့်တယ်။ လက်မှတ်အောက်က မျဉ်းမသားသင့်ဘူး။ ဒါဆိုရင် လူရောစိတ်ပါ တည်ငြိမ်သွားမယ်။

မနက် ည ပုတီး ကြာကြာစိပ်ခြင်း (သို့မဟုတ်) တရားရှုမှတ်ခြင်း စွဲမြဲလုပ်ပေးနိုင်ရင် ပိုကောင်းမယ်။

၃။

* * *



ယခုလအတွက် **နံပါတ်(၄)** နေရာမှာ ဖော်ပြပေးလိုက်တာက **ပြည်မြို့ဇာတိ အသက်သုံးဆယ်ဝန်းကျင် အမျိုးသမီးတစ်ဦး** ဖြစ်ပါတယ်။ "**ကြူကြူဆွေ**"ဆိုတဲ့ နာမည်သုံးလုံး အနက် ရှေ့နှစ်လုံးဖြစ်တဲ့ "**ကြူကြူ**"ကို လက်မှတ်ထိုးထားခြင်း ဖြစ်တယ်။

'ဘဝမှာ ငွေမမြဲ ချစ်သူရည်းစားမမြဲ ဝမ်းနည်းစရာတွေ ခဏခဏ ကြုံရတယ်။ လုပ်ချင်တာမလုပ်ရ သွားချင်တာ မသွားရ အချုပ်အချယ်တွေ ကြားထဲမှာ မလွတ်လပ်ဘူး'

ထိုးမြဲလက်မှတ် သင်္ကေတမှာ လှောင်ချိုင့်ထဲ ငှက်တစ်ကောင် ပုံနေသလိုပုံစံ တွေ့ရတယ်။ ခွက်မှောက်သင်္ကေတတွေ များတယ်။ လက်မှတ်အောက်မှာ အပြိုင်သင်္ကေတရှိတယ်။ ဒါတွေဟာ သူမ ပြောပြတဲ့ ပြဿနာတွေအတွက် အဖြေပါပဲ။

**မြန်မာသက္ကရာဇ် ၁၃၄၅ ခုနှစ်၊ နတ်တော်လ၊ တနင်္လာသမီးဖြစ်လို့** မူလမဟာဘုတ်ခွင်၊ နာမက္ခရတိုင်စဉ်တို့ ချကြည့်ရင် အောက်ပါအတိုင်း တွေ့ရမယ်။

* * *[နံပါတ်-၄]

[နံပါတ်-၄]

| | အဓိပတိ | |
|---|---|---|
| အထွန်း | သိုက် | ရာဇ |
| မရဏ | ဘင်္ဂ | ပုတိ |

| | | |
|---|---|---|
| | ၅ | |
| ၀ | ၃ | ၆ |
| ၄ | ၁ | ၂ * |

(မူလမဟာဘုတ်ခွင်)

| ၀ | |
|---|---|
| ၆ | ၅ |
| ၄ | ၃ |
| ၂ * | ၁ |

(နာမက္ခရတိုင်)

တနင်္လာ ပုတိဖွားဖြစ်သူကို **တနင်္လာ+တနင်္လာ+အင်္ဂါ** မွေးနံ့ကို အညွှန့်အုပ်နာမည်ပေး မှန်တယ်။ **နာမက္ခရတိုင်စဉ်မှန်၊ ဝုဒ္ဓိမှန်** ဖြစ်တယ်။ ဒါပေမယ့် **ပုတိဋ္ဌာနက တနင်္လာနံ့အက္ခရာစာလုံး နှစ်လုံးဆင့်နာမည်ပေးထားခြင်း မကောင်းပါဘူး။** အဲဒီတနင်္လာနံ့နှစ်လုံးကို လက်မှတ်ရွေးထိုးတာလဲ ညံ့တယ်။

ဒီနာမည်မျိုးမှာ နာမည်နောက်ဆုံးက အင်္ဂါနံ့ သိုက်ဋ္ဌာနအက္ခရာစာလုံး "**ဆွေ**"ကို လက်မှတ်ရွေးထိုးသင့်ပါတယ်။

* * *



လက်မှတ်အောက်ခြေမှာ ဆွေကို အောက်ပြား ငွေအိတ်သင်္ကေတ သဏ္ဌာန်ဆွဲပြီး အညွှန့်နေရာမှာ ပွင့်ဖတ်သုံးခုပါတဲ့ ပန်းပွင့်သင်္ကေတ ထည့်ရမယ်။ လက်မှတ်အောက်က မျဉ်းမသားသင့်ဘူး။

ဒါဆိုရင် ချစ်သူမြဲ၊ ငွေမြဲ ဝမ်းနည်းစရာတွေကင်း လုပ်ချင်တာတွေ လုပ်ရ၊ သွားချင်တဲ့နေရာတွေသွားရ လွတ်လပ်ပျော်ရွှင် ဖြစ်လာပါလိမ့်မယ်။

*(ယခုလအတွက် ဤမျှသာ)*

*အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်...*

**ဆရာကြီး ဦးအောင်မြိုင်**
*(ဥပဒေဘွဲ့)*
**လက္ခဏာဗေဒင်ပညာသုတေသီ**



www.burmeseclassic.com

www.burmeseclassic.com



# ပညာရေးဝန်ဆောင်မှုလုပ်ငန်းနဲ့

## အကျိုးဖြစ်ထွန်းသော အမှတ်သင်္ကေတများ




ကြည့်ပါ။

**○အင်္ဂါလမ်းကြောင်း တွေ့ရတယ်။ (က)**

ဒါကတော့ စာရိတ္တကောင်းခြင်း၊ သီလကောင်းခြင်း၊ ဖြောင့်မတ်တည်ကြည်ခြင်း၊ အန္တရာယ်ကင်းခြင်း၊ ကြည်ညိုလေးစားမှုကို ရစေခြင်းတို့ပါပဲ။

**○ဉာဏ်လမ်းကြောင်း ဖြောင့်ပြီး(ခ) သရဖူ(၂)ခု ထွန်းနေတယ်။(ဂ)**

ဒါကတော့ ဉာဏ်ပညာ ထက်မြက်ခြင်း၊ စာတော်ခြင်းတို့ပါပဲ။

**○ဗုဒ္ဓဟူးဂြိုဟ်ခုံအောက်မှာ မျဉ်းမတ်တစ်ကြောင်း ပါ,ပါတယ်။ (ဃ)**

ဒါကတော့ အသင်အပြကောင်းခြင်း၊ အပြောအဟောကောင်းခြင်း၊ နားလည်အောင် နားဝင်အောင် ပြောဆိုဆုံးမနိုင်ခြင်းတို့ပါပဲ။

**○ရည်ရွယ်ချက်လမ်းကြောင်း ပါ,ပါတယ်။ (င)**

ဒါကတော့ ဦးဆောင်နိုင်ခြင်း၊ လမ်းပြနိုင်ခြင်း၊ ဂုဏ်သိက္ခာ မြင့်မားစေခြင်း၊ ရည်ရွယ်ထားတဲ့အတိုင်း ပြီးမြောက်စေခြင်း၊ ဘာသာရေးကို အလေးထားခြင်းတို့ပါပဲ။

**○လက်မ ခါးသိမ်ပါတယ်။(စ)**

ဒါကတော့ မေတ္တာတရားရှိခြင်း၊ ဆက်ဆံရေးကောင်းခြင်း၊ ပြဿနာများကို ပြေငြိမ်းအောင် ဖြေရှင်းနိုင်စွမ်းရှိခြင်း၊ သံတမန်နည်း ကျွမ်းကျင်ခြင်းတို့ပါပဲ။

**○အသက်လမ်းကြောင်း ကံလမ်းသည် နီးကပ်စွာ တည်ရှိနေပါတယ်။ (ဆ)**

ဒါကတော့ မိမိရဲ့လုပ်ငန်းနဲ့ လုပ်ငန်းနဲ့ ဆက်နွယ်သူများအပေါ် သံယောဇဉ်စိတ်ရှိခြင်း၊ အမျိုးဘာသာ သာသနာစိတ် ရှိခြင်းတို့ပါပဲ။

**○တနင်္ဂနွေဂြိုဟ်ခုံမှာ သရဖူ(၂) ထပ်တွေ့တယ်။ (ဇ)**

ဒါကတော့ အောင်မြင်ကျော်ကြားစေမယ့် သင်္ကေတပါပဲ။

**○စနေဂြိုဟ်ခုံတွင် ဩဇာလမ်းတစ်ကြောင်း တွေ့ရတယ်။ (ဈ)**

ဒါကတော့ ကံအခွင့်အလမ်းကောင်း ကြုံရမယ့် သင်္ကေတပါပဲ။

ဒါတွေကတော့...

ပညာရေး ဝန်ဆောင်မှုလုပ်ငန်းနဲ့ အကျိုးဖြစ်ထွန်းနိုင်တဲ့ သင်္ကေတ အမှတ်အသားများ ဖြစ်ပါတယ်။

*ပရံ ရက္ခန္တော အတ္တာနံ ရက္ခတိ၊*

**ဦးသော်ခင်(ဟသ်ာတ)**




www.burmeseclassic.com

www.burmeseclassic.com



သစ်တံခါးဆရာတော်၏

# မီးကသိုဏ်းစွမ်းအင်ကျင့်စဉ်




◆ သစ်တံခါးဆရာတော် ဘဒ္ဒန္တမဃိဇာတ(ယော)

အမြင်တွင်းဖောက် တိကျပြတ်သား နတ်မျက်စိ၊ နတ်နားရလိုလျှင် မီးကသိုဏ်းဝင် သမထကမ္မဋ္ဌာန်း (၄၀) ကျင့်ပါ။

မီးကသိုဏ်းစွမ်းအင် ကျင့်စဉ်ကို ကျင့်မည့်ပုဂ္ဂိုလ်သည်...

- ကျင့်စဉ်ကာလအတွင်း သက်သတ်လွတ်စားရမည်။
- နဝင်္ဂသီလ၊ (၉)ပါးသီလထိန်းလျှင် အထူး ပိုကောင်းပါသည်။ မရပါက (၅)ပါးသီလခံယူပြီး မေတ္တာသီလ ပြည့်စွက်၍ ထိန်းရပါမည်။
- **အဓိဋ္ဌာန်ကာလကို အပိုင်း(၂) ပိုင်း ခွဲထားပါသည်။**
  - ပထမပိုင်း(၉)ရက် တစ်ဆက်တည်း (၅)ကြိမ် (၄၅)ရက် ***(ပထမဝါရ)***
  - ဒုတိယပိုင်း(၉)ရက် တစ်ဆက်တည်း (၅)ကြိမ် (၄၅)ရက် ***(ဒုတိယဝါရ)***

**စုစုပေါင်း ရက်ပေါင်း(၉၀)**ဖြစ်ပါသည်။

- အဓိဋ္ဌာန်ကျင့်စဉ် ကာလအတွင်း ယောဂီပုဂ္ဂိုလ်သည် အရပ်(၁၀) မျက်နှာတွင်ရှိသော လူသားအားလုံး၊ နတ်ပြဟ္မာအားလုံး၊ သတ္တဝါအားလုံး၊ အဖိုအမအားလုံးကို မေတ္တာစိမ့်ဝင် ပျံ့နှံ့သွားအောင် မေတ္တာပို့သရပါမည်။
- မီးကသိုဏ်းစွမ်းအင်ကို လ၏ လဆန်းရက် တနင်္ဂနွေနေ့ကပင် စတင် ဆောင်ရွက်ရပါမည်။ အဓိဋ္ဌာန်စဝင်သော အချိန်သည် နံနက် အရုဏ်တက်ချိန် စတင်၍ ခံယူရမည်။
- မီးကသိုဏ်းစွမ်းအင်ကျင့်စဉ် စတင်သောအချိန်ကို ညပိုင်း သတ်မှတ်ထားခြင်းက ပို၍ ကောင်းပါသည်။
- ထိုသို့ စတင်သောအချိန်ကို ဝါရအလိုက် တိတိကျကျဖြစ်ရပါမည်။ နေရာတိကျမှုလည်း ရှိရပါမည်။

**ပထမဝါရကျင့်စဉ်ရက်တွင်** မျက်စိဖွင့်ကျင့်စဉ်အဖြစ် ကျင့်ရပါမည်။ မျက်ဖွင့်ကျင့်စဉ်ဆိုသည်မှာ အလင်းဓာတ်ကြည့်ရာတွင် မျက်စိဖွင့်ထားပြီး စူးစိုက်ကြည့်ရှုခြင်းကို ဆိုလိုပါသည်။

**ဒုတိယဝါရ ကျင့်စဉ်ရက်တွင်** မျက်စိမှိတ်ကျင့်စဉ် ဖြစ်ပါသည်။ ထိုကျင့်စဉ်သည် မျက်စိဖွင့်၍ စူးစိုက်

www.burmeseclassic.com

ကြည့်ရှုထားသော အမြင်အာရုံ အတိုင်းကို မျက်စိမှိတ်ပြီး မြင်အောင် အာရုံဖြင့် ကြည့်ရသော ကျင့်စဉ်ဖြစ် သည်။

ထိုကျင့်စဉ်ကို ကျင့်သောအခါတွင် ကျင့်စဉ်ကာလတစ်ခုလုံး အသုံးပြု သော ဖယောင်းတိုင်(အလင်းတိုင်) သည် အစမှအဆုံးတိုင် တစ်မျိုး တစ်ရွယ်တည်းကိုသာ သုံးစွဲရပါမည်။ ဥပမာအားဖြင့် ရေနံဓာတု ဖယောင်း တိုင်အရွယ်လောက် ဖြစ်သင့်သည်။

ကျင့်စဉ်စတင်လျှင် ယောဂီသည် ထက်ဝယ်ဖွဲ့ခွေထိုင်ခြင်းဖြင့် ထိုင်ရမည်။ ဖယောင်းတိုင်နှင့် (၃)ပေ (၂)တောင် အကွာရှိရပါမည်။ ထိုင်နေသော ယောဂီမျက်စိနှင့် ဖယောင်းတိုင်၏ အမြင့် အညီအမျှရှိရပါမည်။ မြင့်ခြင်း နိမ့်ခြင်း မရှိရပါ။

ကျင့်စဉ်အချိန်ဌာန် စတင်သည်မှ ပြီး ဆုံးသည့်ကာလတိုင်အောင် အချိန် ကာလကို သတ်မှတ်ပိုင်းခြား၍ မထား ရပါ။ မိမိ၏ မျှတမှုနှင့် သမာဓိက ပိုင်းခြား သတ်မှတ်ပေးသွားပါလိမ့်မည်။

**အထူးသတိထားရမည်မှာ** ပထမ (၉)ရက် အချိန်ဌာန်တွင် ယောဂီပုဂ္ဂိုလ် မှာ မျက်ရည်ကျခြင်း၊ အမြင်အာရုံ မွဲခြင်းတို့ (အချို့ယောဂီများ) ဖြစ်တတ် ပါသည်။ ထိုသို့ဖြစ်ပါက ကျင့်စဉ်ကို ရပ်နားနိုင်ပါသည်။ ဖွတ်အတင်း မကြည့်ရန် အထူးသတိချပ်ဖို့ လိုအပ်ပါ သည်။

**မျက်ရည်ထွက်ပါက မျက်ရည်မှုကျခြင်း နှင့် မပူမအေး မျက်ရည်တို့ ထွက်တတ် ပါသည်။ ရှေးကိုယ်၏ ဓာတ်သဘော တရား မတူညီကြသလို ပါရမီလည်း မတူညီကြ၍ မျက်ရည်ထွက်ပုံ ခြားနား ကြပါသည်။**

မီးကသိုဏ်းစွမ်းအင် ကျင့်စဉ်ကို စတင်ကျင့်သောအခါ ဖယောင်းတိုင် (အလင်းတိုင်)မီးကို ကြည့်ရပါမည်။ **မီးကိုကြည့်ရသော်လည်း မီး တောက်ကို မကြည့်ရပါ။ ထိုမီး တောက်စေသော မီးစာချည်ထိပ် တွင် ဖြစ်တည်နေသော မီးကျီး သခွေကိုသာ ကြည့်ရမည်ဖြစ်သည်။**

***




မီးကသိုဏ်းစွမ်းအင်ကို ကျင့်သော ယောဂီသည် ပထမဝါရတွင် အခက် အခဲ မရှိလောက်ပါ။ ဒုတိယဝါရတွင် ဒုတိယအကြိမ်(၉)ရက်နှင့် တတိယ အကြိမ်(၉)ရက် အချိန်ဌာန်ကာလများ တွင် အချိန် အချိန်ဌာန်ပျက်လောက် သည်ထိ အဖျက်အဆီးဝင်တတ်ပြီး မေတ္တာဖြင့် အောင်ပွဲဆင်ကြရမည် ဖြစ်သည်။

ကျင့်စဉ်ကာလအတွင်း အထူးထူး သော အမြင်အာရုံများ တွေ့ရတတ်ပါ သည်။ အလိုလို ဒေါသဖြစ်နေတတ်ပါ သည်။ မည်သည့်အကြောင်းမျှ လက် မခံပါနှင့်။ မေတ္တာသုတ်ကို အဖန် တလဲလဲ ရွတ်ဖတ်နေခြင်းဖြင့် အဖျက် အဆီး ရန်အပေါင်းမှ လွတ်မြောက် မည်မှာ မုချ ကေန်ပင် ဖြစ်ပါတော့ သည်။

ကျင့်စဉ်ကာလတွင် မိမိစိတ်ကူးဖြင့် မည်သည့်အကြောင်းကိုမျှ တွေးတော ကြံဆခြင်း မပြုလုပ်ရန် အရေးကြီးပါ သည်။ မြင်သိသမျှကို ထုတ်ဖော်ပြခြင်း မပြုမိရန်လည်း အထူး(အထူး) အရေး ကြီးပါသည်။

မီးကသိုဏ်းစွမ်းအင်ကျင့်စဉ် ဖြစ် သော အလင်းဓာတ်ကို မကြည့်ရှုမီ...

'ဗုဒ္ဓစက္ခုံ ဓမ္မစက္ခုံ သံဃစက္ခုံ သိဒ္ဓိအစုံစုံ ပါရပါစေ'

ဟု (၃)ခေါက် ရွတ်ရပါမည်။

'အဝေးအနီး အပိုင်းအခြား ကာကွယ်ထား လည်း ထုတ်ပေါက်မြင်စေ၊ နတ်တို့မျက်စိ ပါရစေ၊ မြင်စေ၊ ဆရာမြင်စေ၊ သိဒ္ဓိများစွာ ပါရလာအောင် သိကြားလာ၍မ'

ဟု ပြောရပါမည်။

ကျင့်စဉ်နည်းလမ်း စည်းကမ်းနှင့် အညီ ကျင့်သွားသော ယောဂီပုဂ္ဂိုလ် သည် အမြင်ထူးခြားပါသည်။ ကျမ်း လာစကားအရဆိုလျှင် စကြဝဠာခြား သည့်နေရာကိုပင် သိမြင်နိုင်စွမ်းရှိ၏။ ရှေ့ဖြစ်ပျက်မှုကို မြင်၏ဟု ဆိုထားပါ သည်။

အောင်မြင်မှုများစွာ ရရှိကြပြီ ဖြစ် သည်။ ဝီရိယလုံ့လပြည့်စုံပြီး မရမနေ ကြိုးစားပါ၊ ဖွဲသန်ဖို့သာလျှင် လိုပါ သည်။

***သင့်တင့်အောင် နှလုံးသွင်း အကျိုး ကင်းပါစေ။***

ကဝိသိရောမဏိ

မိုးငြိမ်းကိုးကား

သစ်တံခါးဆရာတော် ဘဒ္ဒ မဏိဇောတ၏ ကိုယ်တွေ့အားထုတ် မှုကျင့်စဉ်များ (စာ၁၆၉–၁၇၀)

F.22B July, 2014



www.burmeseclassic.com

www.burmeseclassic.com

ပျားရည်နှင့် တွဲဖက် ဆေးတစ်လက်နှင့်

# ပျားရည် အတုအစစ် ခွဲခြားနည်း

မောင်ရွှေဒွေး
(ဝက်လက်)





မြန်မာလူမျိုးများသာမက ကမ္ဘာပေါ်ရှိ လူသားအားလုံးလိုပင် ပျားရည်ကို ဆေးဖက်ဝင်ပစ္စည်းအဖြစ် အလေးထား သုံးစွဲကြသည်မှာ ရှေးယခင်ကပင် ဖြစ်ပေသည်။

ပျားရည်တွင် ပျားကြီး၊ ယင်ပျားငယ်၊ ယင်ပျားလတ်၊ သစ်ခေါင်းများ၊ ပန်းသင်းပား၊ မြေပျား၊ ထီးအုံပျား၊ အငှူပျား စသည်ဖြင့် အမျိုးမျိုးရှိကြောင်းကို ယောမင်းကြီး ဦးဖိုးလှိုင်ရေးသော ဥတုဘောဇနသင်္ဂဟကျမ်းတွင် လေ့လာမှတ်သားဖူးပါသည်။

မည်ကဲ့သို့သော ပျားရည်ပင်ဖြစ်စေ ချို၏။ အနည်းငယ်ဖန်၏။ အဆီမရှိ ကြေလွယ်၏။ အေး၏။ ဝမ်းမီးကို တောက်စေ၏။ အနည်းငယ် စားလျှင် ဝမ်းချုပ်၏ ဝအောင်စားလျှင် ဝမ်းသွားကောင်း၏။ အသံကို ကောင်းစေ၏။ မျက်စိနှင့်သင့်၏။ အရွယ်ကို နုပျိုစေ၏။ နှလုံးကို နှစ်သက်စေ၏ စသည်ဖြင့် ပျားရည်၏ အကျိုးများကို မှတ်သားဖူးပါသည်။

တစ်နေ့တွင် မမျှော်လင့်ဘဲ ပျားရည်နှင့် စားသုံးရန် ဆေးနည်းကိုတစ်လက်အပြင် အလွယ်ကူဆုံး ပျားရည် အတုအစစ် ခွဲခြားနည်းကို စာရေးသူ၏ မိတ်ဆွေ ဆေးဆရာကြီး ဦးလေးသောင်းထံမှ သိရှိခဲ့ရပေသည်။

တစ်နေ့သော ညနေခင်းတွင် စာရေးသူမှာ ခေါင်းအုံ့ ဇက်လေး၍ အတော်ပင် အနေခက်နေခိုက် စာရေးသူထံသို့ ဦးလေးသောင်းတစ်ယောက် ရောက်လာပါသည်။

'ဟေ့ မောင်ထွန်းရေ'

'ဗျာ ဦးလေးသောင်း လာဗျာ ကျွန်တော်လဲ ခေါင်းသိပ်မကောင်းလို့ အုံးလုံးလှဲနေတာ'

ဟု အိပ်ရာထက်မှ ထကာ ဦးလေးသောင်းအား ခရီးဦးကြို ပြုလိုက်ပါသည်။

'အောင်မလေးကွယ်ညနေစောင်း ခေါင်းမကောင်းတာ အခက်လုပ်လို့ ပျားရည် မရှိဘူးလား'

'ရှိတော့ ရှိတယ် ဦးလေးသောင်းရေ စစ်မစစ်တော့ မသိဘူး။ တောင်ဘက်ရွာက လာရောင်းတုန်းက ဝယ်ထားလိုက်တာ။ အခုခေတ်က သကာရည်ရောလိုရော၊ သကြားအရည်ကျို ရောလိုရောနဲ့'

'အဲဒါ လွယ်ပါတယ်ကွာ၊ မင်းတို့ နေရာမရွေး အချိန်မရွေး အလွယ်ကူဆုံး အတုအစစ် ခွဲတဲ့နည်း ပြောလိုက်မယ်'

'ဟုတ်ကဲ့ ပြောပါဦး ဦးလေးသောင်း ရယ် နောင်အခါ အသုံးဝင်တာပေါ့'

'အေး မန်ကျည်းတစ်စေ့နဲ့ ပျားရည်ပုလင်းယူခဲ့'

ကျွန်တော်လည်း အိမ်ထဲသို့ဝင်၍ ကြောင်အိမ်ထဲမှ ပျားရည်ပုလင်းနှင့်အတူ မန်ကျည်းစေ့တစ်စေ့ပါရှာ၍ ဦးလေးသောင်းအား ပေးလိုက်ပါသည်။

'ဒီမယ်ကွ မောင်ထွန်းရ မှတ်ထား ဒီမန်ကျည်းစေ့လေးကို ပျားရည်ပုလင်းထဲ ထည့်လိုက်၊ ပုလင်းအဝမှာ ပျားဖွေးတွေ ပိတ်နေရင်လဲ တုတ်ကလေးနဲ့ ထိုးထည့်ပြီး ပုလင်းအဝကို လက်ဖဝါးနဲ့ပိတ်လိုက် နောက် ပုလင်းကို အထက်အောက် ပြောင်းပြန် ထောင်လိုက်ကွာ၊ ပုလင်းဖင်ပိုင်းက အပေါ်ရောက်ရော။ အလင်းရောင်ဘက်ထားပြီး ကြည့်နေ မန်ကျည်းစေ့လေးက ပျားရည်စစ်ရင် အပေါ်ကို တဖြည်းဖြည်း တက်လာလိမ့်မယ်။ အရောအနှောပါရင် မတက်တော့ဘူး။ မန်ကျည်းစေ့က ရေထဲမှာမြုပ်ပြီး ပျားရည်ထဲမှာဆို ပေါ်လောပေါ်နေတာကွ၊ ကဲ ကြည့်စမ်း မင်း ပျားရည်ပုလင်းကို'

ဟု ဦးလေးသောင်းပြောပြီး မကြာမီပင် ကျွန်တော်လည်း လုပ်ကြည့်လိုက်ပါသည်။

'ဟာ တက်လာတယ် ဦးလေးသောင်းရေ တရွေ့ရွေ့နဲ့ အပေါ်တက်လာတယ်ဗျ'

'အေး အဲဒါ မင်းပျားရည်စစ်လို့ပေါ့ကွ၊ အဲဒီ ပျားရည် ဟင်းစားဇွန်း (၂)ဇွန်းနဲ့ မန်ကျည်းသီးမှည့် အတောင့်ကြီးတစ်တောင့် ရောစားလိုက်၊ နှစ်တောင့်စားလဲ ဘာမှ မဖြစ်ဘူး။ ပြီးတော့ ရေနွေးလေးသောက်လိုက်၊ ခေါင်းအုံ့ ဇက်လေးနေတာတွေ သက်သာသွားလိမ့်မယ်'



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်လည်း ဦးလေးသောင်း ပြောသည့်အတိုင်းစားကာ ရေချိုး သောက်ပြီး ဦးလေးသောင်းရော ကျွန်တော်ပါ စကားတပြောပြောနှင့် နာရီဝက်ခန့် ကြာလာသောအခါ ဝမ်းဗိုက်အတွင်းမှ လေပြို၍ လေများ လည်လာကာ ခေါင်းလည်း အတော် ကြည်သွားပါသည်။

'ဦးလေးသောင်း ဆေးနည်းက ဘယ်ဆိုးလဲဗျ။ စားလို့လဲ ကောင်း တယ်။ အခု ခေါင်းက အတော်ပေါ့သွား ပြီ'

'သက်သာရမှာပေါ့ကွာ ခေါင်းအုံ ဇက်လေး ဆိုတာ အပူအပုပ် ဆောင်လို့ကွ၊ ပျားရည်နဲ့ မန်ကျည်းမှည့်က နှစ်မျိုးစလုံး အပူအပုပ်ကို နိုင်တဲ့ အရာတွေပဲ။

နှစ်မျိုးရောစားတော့ မြန်မြန်သက်သာတာ ပေါ့ကွာ။ ကဲ...ကဲ...စကားလဲ ပြောကောင်း တယ် ပြန်ဦးမှ။ ငါ အလည်လာတာ မင်း ဆေးကုပေးဖို့ ရောက်လာရသလိုပါပဲကွာ'

'ကျေးဇူးတင်ပါတယ် ဦးလေး သောင်းရယ် ရောဂါလဲ ပျောက်၊ ဆေး နည်းလဲရ ဦးလေးသောင်းရော ကျွန်တော်ပါ ကုသိုလ်ရအောင် ကြံတဲ့ အခါ ဝေမျှရတာပေါ့ဗျာ'

ဟု ပြော၍ ဦးလေးသောင်းအား အိမ်ခြံဝအထိ လိုက်ပို့ကာ နှုတ်ဆက် လိုက်ပါတော့သည်။

**(သဘာဝဝေမျှ ဆေးဆရာကြီး ဦးလေးသောင်းအား ဂါရဝပြု လျက်...)**

***သုခီ အတ္တာနံ ပရိဟရန္တု***

**မောင်နေသွေး**
*(ဝက်လက်)*

# မီးယပ်ကျိုးရောဂါ ပျောက် ဆေးနည်း



ကျွန်တော်၏ မိခင်ကြီးသည် အသက်(၄၅)နှစ်အရွယ်တွင် သွေးဆုံး၊ သားဆုံးကိုင်ပြီး မီးယပ်ရောဂါဖြစ်ခါ မီးယပ်ကျိုး,. ကျိုးခဲ့ရပါသည်။

ထိုစဉ်က ယခုခေတ်လို ဆေးခန်း၊ ဆေးဝါးများလည်း ပေါပေါများများမရှိ သေးပါ။ အမေဆေးကုသဖို့ အခက် ကြုံနေရပါသည်။

ဒါကိုသိသော ကျွန်တော်၏ဘကြီး က ဆေးတစ်ဖုံဖော်စပ်၍ အမေ့ကိုစား စေပါသည်။ ယင်းဆေးတစ်ဖုံကုန်ခါနီး မှာပင် အမေ၏မီးယပ်ကျိုးရောဂါ သက် သာပျောက်ကင်းသွားခဲ့သည်မှာ ယနေ့ တိုင်ဖြစ်ပါသည်။

အမေသည် ယခုအခါတွင် အသက် (၈၇)နှစ်ရှိနေပြီး ကျန်းကျန်းမာမာပင် ရှိနေပါသည်။ ဤကဲ့သို့ ကျန်းမာနေရ ခြင်းမှာလည်း ယင်းဆေးကို မပြတ် တမ်း နေ့စဉ်မှီဝဲ စားသုံးနေခြင်းကြောင့် ဖြစ်ပါသည်။

ဤဆေးနည်းလေးမှာ ဖော်စပ်သုံး စွဲရာတွင် ကုန်ကျမှုသိပ်မများဘဲ ဘေး ထွက်ဆိုးကျိုးများလည်းမရှိပါ။ မီးယပ် ရောဂါအပြင် ခံတွင်းပျက်ခြင်း၊ စားမဝင် အိပ်မပျော်ခြင်းစသော ရောဂါဝေဒနာ များကိုလည်း ပျောက်ကင်းစေပါသည်။ ဒူလာရောဂါများကိုလည်း ပျောက်ကင်း စေပါသည်။

**ဆေးနည်းမှာ...**

၁။ ရှားစောင်းလက်ပပ် (၂၅)ကျပ်သား
၂။ ဖလူးတောင်မွှေး (၂၅)ကျပ်သား
၃။ ကြိတ်မှန်ရွက် (၂၅)ကျပ်သား
၄။ အုန်းသီး(အရည်အသား) တစ်လုံး
၅။ ထန်းလျက် (၂၅)ကျပ်သား
၆။ မန်ကျည်းမှည့် (၁၀)ကျပ်သား

အထက်ပါ ဆေးအမည် (၆)မျိုးကို သန့်စင်ပြီး မြေအိုးသစ်တွင် ရေမြုပ် အောင်ထည့်၍ မီးဖြင့်ကျိုပါ။. ဆီး(ဗီး) သားယောင်းမဖြင့် မွှေပေးပါ။ အစေး ပေါက် အနှစ်ကျသည်အထိ ကျိုပါ။ ကျိုချက်မှုနောက်ပိုင်း မီးသိပ်မများပါ စေနှင့်။

အစေးပေါက် အနှစ်ကျလာပြီဆို လျှင် အအေးခံ၍ ပုလင်း၊ ဘူးသန့်သန့် တွင် လေလုံစွာပိတ်ထားပါ။ ရောဂါရှိ နေလျှင် နံနက်(၁)ကြိမ်၊ နေ့လယ်(၁) ကြိမ်၊ ညအိပ်ရာဝင်(၁)ကြိမ် စားသုံး ပေးခြင်းဖြင့် ဆေးတစ်ဖုံတည်းနှင့်ပင် ရောဂါသက်သာ ပျောက်ကင်းနိုင်ပါ သည်။

တစ်ခါစားလျှင် **လက်ဖက်ရည်ဇွန်း (၁)ဇွန်း** ဖြစ်ပါသည်။ ရောဂါမဖြစ်ဘဲ စားလျှင် တစ်နေ့တစ်ကြိမ် ညအိပ်ရာ ဝင်ခါနီး စားသုံးပေးရပါမည်။

ဖလူးတောင်မွှေး ဆေးအမည်ကို အညာဒေသတွင် ပေါပေါများများ ရှိနိုင်ပါသည်။

**ဆေးနည်းရှင် သူငယ်ချင်း ဦးလှအောင်အား အထူးပင် ကျေးဇူး တင်ရှိပါကြောင်း...**

**စေရွှာမိုး *(တောင်ငူ)***



www.burmeseclassic.com

www.burmeseclassic.com

# ဆရာကြီး မင်းယက္ခ

## ၏ ဘဝအတွေ့အကြုံများ ( ၂၉ )

ဆရာကြီးမင်းယက္ခ
(တိုက်ပွဲဝင်)



## ယခင်လမှ အဆက်

ဆရာကြီးဦးငွေသိန်း (ယခင်က နေမိုးတံခွန်ပင်မသိုင်းအဖွဲ့၊ ယခု လူငယ်ရှေ့ဆောင်ပင်မသိုင်းအဖွဲ့၊ ပင်မဦးစီးဆရာကြီး)က...

'တစ်ခါမှ ဒီလောက် ပြင်းပြင်းထန်ထန် မလေ့ကျင့်ဘူးတော့ ခုလို လေ့ကျင့်ရတော့လဲ အတော်မောသားကွ။ ဒါပေမယ့် ခုန်ဆင်းလိုက် ခုန်တက်လိုက်နဲ့ လေ့ကျင့်ရတော့ ခန္ဓာကိုယ်တောင် ပေါ့ပါးလာသလိုပဲ။ ဒီနည်းက ဆိုးတော့ မဆိုးဘူးကွ။ ဒါ ကိုယ်ဖော့ပညာကိုရအောင် လေ့ကျင့်တာပဲ ဖြစ်ရမယ်'

ဟူ၍ တရုတ်သိုင်းဇာတ်ကားများကို ကြုံတိုင်းကြည့်ပြီး တရုတ်သိုင်းဝတ္ထုများကို စွဲစွဲမြဲမြဲဖတ်ကာ တရုတ်သိုင်းသမားများ၏ ကိုယ်ဖော့ပညာကို အထင်ကြီး တတ်မြောက်လိုသော ဆရာကြီးဦးငွေသိန်းက မမောနိုင် မပန်းနိုင်ပဲ သူ့ထင်မြင်ချက်ကို အားရပါးရ ပြောချလိုက်ပါသည်။

အသက်ငါးဆယ်ကျော် ရှိပြီဖြစ်သော နယ်လှည့်သိုင်းဆရာ၊ ဆရာကြီးဦးတင်ညွှန့်က အသက်ကို ဝအောင်ရှူနေရသည့် ကြားထဲက...

'ဆရာရယ် အပြောမစောပါနဲ့ဦး၊ ဘာတွေ ထပ်လုပ်ရပြီး၊ ဘာတွေ ထပ်ဖြစ်လာဦးမယ်ဆိုတာကို စောင့်ကြည့်ပါဦး။ သူ့ပညာ လိုချင်တော့လဲ သူခိုင်းတာ လုပ်ရတော့မှာပေါ့။ မောတာတော့ မောတယ် ဆရာရေ အသက်ထွက်မတတ်ဘဲ။

လေ့ကျင့်နေတုန်း ရေကလဲ မသောက်ရတော့ အာတွေ ခြောက်လာတယ်။ နှုတ်ခမ်းတွေ ခြောက်လာတယ်။ ရေသောက်ချင်တာလဲ မပြောရဲဘူး။ နားချင်တာလဲ မပြောရဲဘူး။ ခုန်ဆင်းလိုက် ခုန်တက်လိုက်နဲ့ ဆက်တိုက် လုပ်နေရတော့ လူက မောပြီး ဒူးတွေ ညောင်းလာတယ်။

တွင်းက တစ်ထွာအနက်မှ တော်တော့တယ်။ ဒါထက်များ နက်လာရင်တော့ ဘယ်လိုဖြစ်မလဲ မသိဘူး။ ကျွန်တော်တော့ ဒီတွင်းကတောင် ကျော်နိုင်ပါ့မလား မသိတော့ပါဘူး ဆရာရယ်'

ဟူ၍ ဝမ်းနည်းစကား၊ စိတ်ပျက်အားလျော့စကား ဆိုလာပါသည်။

'ကဲ နောက်မှ ဆွေးနွေးကြတာပေါ့။ အခုအချိန်က ပြောရမှာ စောသေးတယ်လေ။ ထမင်းစားလိုက်ကြရအောင်။ (၁)နာရီမှာ ပြန်စရဦးမှာ မဟုတ်လား'

ဟူ၍ ဆရာ ဦးချစ်တင်က ကြားမှ လေပြေထိုးကာ ထမင်းစားဆောင်သို့ အားလုံး တပျော်တပါး ထွက်ခွာသွားကြပါသည်။

ထမင်းစားပြီးသည်နှင့် ခေတ္တခဏ



www.burmeseclassic.com

www.burmeseclassic.com

လဲလျောင်းပြီး နားနေကြသည်။ အိပ်လို့ကလည်း မဖြစ်။ အိပ်လိုက်လို့ကတော့ တရှူးရှူးနှင့် ပျော်သွားမှာ သေချာလှသည်။ သို့သော် မအိပ်ရဲ။

မွန်းလွဲ (၁)နာရီထိုးသည်နှင့် လေ့ကျင့်ရေး တွင်းများဆီသို့ ပြန်သွားကာ တွင်းဆင်းတွင်းတက် လေ့ကျင့်ခန်းကို မောတယ်ပန်းတယ် သဘောမထားဘဲ ထုံးစံအတိုင်း ညနေ(၄)နာရီအထိ ဆင်းရဲပင်ပန်းစွာ လေ့ကျင့်ကြရပါသည်။

ဝတ်စုံနက်များမှာ ချွေးများဖြင့် ရွှဲနစ်နေပေပြီ။ ခေါင်းစွပ်ထဲမှနေ၍ အသက်ကို မနည်းရှူနေရသည်။ လေရှူသွင်းလိုက်သည့်အခါတွင် အလိုက်မသင့်ပါက အဝတ်က နှာခေါင်းကို လာလာကပ်နေ၍ ဆွဲခွာပေးရသေးသည်။

သင်တန်း ရပ်ပြီဆိုသည်နှင့် ဆရာကြီးဦးငွေသိန်းက ခေါင်းစွပ်ကို ဆွဲချွတ်ကာ အသက်ကို အားရပါးရကြီး ရှူသွင်းရှူထုတ်လုပ်ရင်းက သောက်ရေအိုးရှိရာသို့ တစ်ဟုန်ထိုး ပြေးသွားကာ အိုးထဲမှ ရေကို အငမ်းမရ ခပ်သောက်ရင်းက...

'ပီး မောလိုက်တာကွာ။ ဒူးနှစ်ဖက်စလုံး ညောင်းပြီး နာလာတယ်။ ပညာလိုချင်လို့သာ ခိုင်းတာ လိုက်လုပ်နေရတာ။ တယ်တော့ မစားသာဘူး။ မောလိုက်တာလဲ ပီခေါ်နေတာပဲ။ ခုန်ဆင်းခုန်တက်ချည်း လုပ်နေရတော့ အောင့်တောင် အောင့်လာတယ်'

ဟုပြောလိုက်ရာ လူငယ်ဖြစ်သော ဆရာစိုးအောင်က...

'ဘယ်နေရာက အောင့်တာလဲ ဆရာကြီး အရင်နေရာဟောင်းကပဲလား'

ဟု နောက်လိုက်ရာ လွန်ခဲ့သော(၂)



နှစ်လောက်က အူကျ၍ ဆေးရုံတက်ခွဲထားရဖူးသော ဆရာကြီး ဦးငွေသိန်းမှာ ချက်ကောင်းကို တည့်တည့်ထိသွားသောကြောင့်...

'ဘယ်နေရာက အောင့်အောင့်ကွာ မင်းအပူ တစ်ပြားသားမပါဘူး။ အောင့်ရင် အောင့်တယ်လို့ပဲ မှတ်ထား လျှာမရှည်နဲ့'

ဟူ၍ ရှက်ရမ်းရမ်းပြီး ပြောလိုက်ရာ အတွင်းသိ အစင်းသိ လူများဖြစ်၍ ဝါးခနဲ ပွဲကျသွားပါတော့သည်။ ဤသို့ဖြင့် "ကိုးတွင်းအောင်းသိုင်းပညာ သင်တန်းကြီး"၏ ပထမရက်မှာ ဤနည်းနှင်နှင်ဖြင့် ပြီးသွားခဲ့ပါသည်။

ဆရာကြီးဦးငွေသိန်း၊ ဆရာကြီး ဦးတင်ညွန့်နှင့် ဆရာကြီး ဦးချစ်တင်တို့မှာ နာကျင်ကိုက်ခဲသော နေရာများကို ဒဏ်ကြေဆေးများ ပွတ်အောင် လိမ်း၍ ကျောင်းသားလေးများကို နှိပ်နယ်ခိုင်းရပါတော့သည်။

ဆရာတော် ဖော်စပ်ပေးထားသော ဒဏ်ကြေဆေးကတော့ (ပရုတ်၊ မင်သော်၊ မီသိုင်း၊ ငရုတ်ကောင်းမှုန့်နှင့် နှမ်းဆီစစ်စစ်ကို) ရောမွှေထားသော ဆေးပင် ဖြစ်တော့သည်။ "ကိုးတွင်းအောင်းပညာ သိုင်းမဟာ"ကို တတ်ကျွမ်းချင်သူတို့၏ ဒုက္ခကလည်း မသေးလှပါကလား။

**ဒုတိယနေ့** ။ ။ သင်တန်းကွင်းသို့ ရောက်သည်နှင့် ထုံးစံအတိုင်း တွင်းဆင်းတွင်းတက် လေ့ကျင့်ခန်းကို မောလိုက်နားလိုက်ဖြင့် မွန်းတည့်(၁၂)နာရီအထိ လေ့ကျင့်ရသည်။

(၁၂)နာရီထိုးလျှင် တန်းဖြုတ် ထမင်းစား ခေတ္တနားကာ (၁)နာရီထိုးသည်နှင့် ပြန်စရသည်။ ညနေ (၄)နာရီ တန်းဖြုတ် ရေမိုးချိုး ထမင်းစားကြရသည်။ ထိုအချိန်ကျမှပင် အားပါးတရ အနားယူကြရသည်။ ဤသို့ဖြင့် သင်တန်း ဒုတိယရက် ပြီးသွားခဲ့ပြန်ပါသည်။

ထိုသို့အားဖြင့် တစ်ထွာအမြင့်ရှိသော တွင်း(၉)တွင်းကို (၉)ရက် လေ့ကျင့်ကြရသည်။ တော်တော်လေး စိတ်ပျက်စ ပြုလာကြသည်။ အသက်အကြီးဆုံးဖြစ်သော ဆရာကြီးဦးငွေသိန်းက...

'စိုးအောင်ရေ ငါတော့ ဒီပညာ ဆုံးခန်းတိုင်အောင် သင်မှ သင်နိုင်ပါ့မလားလို့ တွေးမိတယ်ကွာ'

ဟူ၍ စိတ်ပျက်အားလျှော့ ဝမ်းနည်းမှုအပြည့်ဖြင့် ပြောလိုက်ရာ ဆရာစိုးအောင်က...

'ဆရာရယ် ဒီလောက်လဲ စိတ်ဓာတ် မကျစမ်းပါနဲ့။ ဆက်လုပ်ကြည့်ပါ ပါဦး။ ဒီတွင်းဆင်းတွင်းခုန်ပြီးရင် ပြောတဲ့ အဆင့်မြင့်သိုင်းပညာ သင်ပေးဦးမှာ မဟုတ်လား။ နည်းနည်းလောက် သည်းခံပြီး စောင့်လိုက် ဆရာရယ်။

လက်ဖက်ကောင်း စားချင် ပလောင် တောင်တက်နေ့ရမယ် ဆို စကားလဲ ရှိသားပဲ ဆရာရယ်။ ဖြည်းဖြည်းနဲ့ နှေးနှေးပေါ့'

ဟု အားပေးသလိုလိုနှင့် မတ် ရိလိုက်ရာ...

'အေး မင်းတို့ပဲ နေ့နေ့တက်



www.burmeseclassic.com

www.burmeseclassic.com



ပါတော့မောလို့ သေတော့မယ်'

ဟု မကျေမနပ်သံကြီးဖြင့် အဖေါ် ဆုကာ ရေချိုးရန် ထွက်သွားပါတော့သည်။ ကျန်လူများကတော့ ပြုံးစိစိဖြင့်...

(၁၀)ရက်မြောက်နေ့တွင် တွင်းတစ်တွင်းစီတွင် နောက်ထပ် တစ်ထွာအနက် ထပ်တူးရသည်။ တစ်တောင်အနက်ရှိသော တွင်း(၉)တွင်းကို (၉)ရက်ပြည့်အောင် ခုန်ရပြန်သည်။

နေ့စဉ် ခုန်ဆင်း ခုန်တက် လုပ်နေရသဖြင့် မောပန်းသည်သာမက ဒူးဆစ်များ ခြေသလုံးများ၊ ပေါင်ရင်းများ၊ ခါးဆစ်များပင် နာလာကြပါသည်။ ဒီလိုနှင့် (၉)ရက်ပြည့်ပြီး သင်တန်းရက် (၁၈)ရက် ရှိလာပါပြီ။

တွင်းဆင်း တွင်းခုန်တက်သည့် အဆင့်က မတက်သေး။ တစ်တောင်အနက်မှ ခုန်တက်ရသည်ဖြစ်သော ကြောင့် တစ်ထွာအနက်မှ ခုန်တက်၍ ရသော အားလောက် အားစိုက်၍ မဖြစ်တော့။ ပို၍ အားစိုက်ခုန်ရသည်။

အဆင်းက တော်သေးသည် အသာလေး ခုန်ချလိုက်၍ရသည်။ အတက်တွင် ဒူးနှစ်ဖက်ကို ကွေး၍ တွင်းပေါ် ရောက်အောင် အားစိုက် ခုန်ရသည်။ ခုန်ရသည်မှာ တဖြည်းဖြည်းနှင့် ပို၍ ခက်လာသည်။ သို့သော် တစ်တောင် (၁၈)လက်မခန့်ဆိုတော့ မထောင်းသာ သေး။ ခုန်နိုင်ပေသေးသည်။

(၁၉)ရက်မြောက်နေ့တွင် တစ်ထွာ ထပ်တူး၍ သုံးထွာ(၂၇-လက်မ) အနက်ရှိသည်။ နည်းနည်းခက်လာသည်။ ခုန်တော့ ခုန်တက်နိုင်သေး သည်။ အဆင်းတွင် မြန်သော်လည်း အတက်တွင် နှေးလာသည်။ အရှိန်ယူ၍ ခုန်တက်ရသည်။ (၉)တွင်းအောင်း ပညာကြီးကို တတ်မြောက်သွားမည် ဆို၍သာ ဆက်လုပ်နေရသည်။ မှန်တာ ပြောရလျှင် ဆက်မလုပ်ချင်တော့။ ဒီနေရာမှာပင် ရပ်တန့်ပစ်လိုက်ချင်ပြီ။

ဆရာတော်ကလည်း ငွေများကို မတန်တဆ အကုန်ခံ၍ သင်ပေးထားတာဆိုတော့ ဆရာတော့်စေတနာကို လည်း ထောက်ထားရသေးသည်။

သိုင်းသစ္စာကတိတွင် "စောဒက မတက်ရ၊ မမေးမြန်းရ" ဆိုထား၍ ဘာမျှ မမေးရဲ၊ မပြောရဲ။ တော်ကြာ သင်တန်းသားများဘက်က စည်းပေါက်၍ ဆက်မသင်တော့ဘူး ဆိုမှ ဒုက္ခ။ ကိုယ့်ဒုက္ခနှင့် ကိုယ်ဖြစ်၍ ဘယ်သူ့ကိုမှလည်း အပြစ် မတင်ချင် တော့ပါ။

ဝဋ်ကြွေးရှိရင် ကျေပါစေတော့ဟု ဘုရားထံတွင်သာ ဆုတောင်းရတော့ မည်။ ဖြစ်သမျှအကြောင်း အကောင်း ချည်းပဲဟု သဘောထားရန်သာ ရှိပေ တော့သည်။

(၂၈)ရက်မြောက်နေ့တွင် တစ်ထွာ ထပ်တူး၍ (၄)ထွာ(၂တောင်-၃၆ လက်မ)အနက်ရှိသော တွင်းထဲသို့ ခုန်ဆင်းရ ပြန်ခုန်တက်ရပြန်သည်။ အဆင်းတွင် ဒူးနှစ်ဖက်ကို ညွတ်၍ သတိဖြင့် ခုန်ဆင်း၍ရသည်။ ပြန်ခုန် တက်သည့်အခါတွင် စုံခုန်၍ မထွက်နိုင် တော့။

အသက်ငယ်ရွယ်၍ တောင့်တင်း သန်မာသောသူများကတော့ (၂) တောင်အနက်ကို ခုန်တက်နိုင်သေး သော်လည်း အသက်အရွယ် ကြီးရင့် သော ဆရာကြီးများမှာတော့ စုံခုန် မတက်နိုင်တော့။ ခြေတစ်ချောင်းကို ဦးစွာကျော်၍ နောက်ခြေကို တွင်းထဲမှ ဆွဲယူရသည်။

တွင်းပြင်ရောက်သည်နှင့် လမ်း လျှောက်မသွားတော့ဘဲ လိမ့်သွား၍ ရှေ့တွင်းထဲသို့ ခြေတစ်ချောင်းချင်း ခွဆင်းရသည်။ နောက်တော့ ခြေတစ် ချောင်းချင်း ခွတက်ရသည်။ (၉)တွင်း ပြည့်အောင် မနည်းသွားရသည်။

ပင်ပန်းလိုက်သည့်ဖြစ်ခြင်း၊ ချွေးများ ဖြင့် ရွဲနစ်နေသော အင်္ကျီအနက်၊ ဘောင်းဘီအနက်တွင် မြေမှုန်များ ကပ် နေသောကြောင့် သင်တန်းသား (၉) ယောက်မှာ သိုင်းသမားနှင့် မတူတော့ ဘဲ လူသေကောင်များ တွင်းထဲမှ ထွက်လာသည်နှင့် တူနေပါတော့ သည်။ မသေခင်ကတည်းက သရဲဘဝ ပြောင်းသွားသည်ဟု ထင်ရလောက် သည်။

မွန်းတည့်(၁၂)နာရီတွင် သင်တန်း ဖျက်သည်နှင့် ဆရာကြီး ဦးငွေသိန်း၊ ဆရာကြီး ဦးတင်ညွှန့်နှင့် ဆရာကြီး ဦးချစ်တင်တို့မှာ မဟန်နိုင်တော့။ မြေ ကြီးပေါ်မှာပင် ပစ်လှဲချလိုက်ကြသည်။

ရှေ့လ ဆက်ဖတ်ပါရန်


**ဆရာကြီး မင်းယက္ခ**

*(တိုက်ပွဲဝင်)*



www.burmeseclassic.com

www.burmeseclassic.com



၂၀၁၄ ခုနှစ်
ဇူလိုင်လအတွင်း

# ငွေကြေး လာဘ်လာဘ

ရွှင်လန်းစေဖို့

လုပ်ကိုင်ဆောင်ရွက်ရာ၌ အမှာန့် အတား အခက်အခဲများ နည်းပါး ကွယ်ပျောက်၍ ရရန်ရှိသော ငွေကြေး လာဘ်လာဘများ ရွှင်လန်းသွက်လက်စွာ ဝင်ရောက်လာနိုင်စေဖို့ မိမိတို့ မွေးနှစ်အရ အောက်ပါ ကံအခွင့်အလမ်းများကို အသုံးချပြီးလျှင် နိမိတ်ကောင်းသော ပန်း သို့မဟုတ် အညွှန့်အခက်များ လှူဒါန်းနိုင်ကြသည်။

ရွှင်လန်းဝေဆာစေရန် သမ္မာဒေဝများအား တိုင်တည်ဆုတောင်းနိုင်သည်။

ကူညီသူ ပုဂ္ဂိုလ်ဖြစ်သော တနင်္လာ

* * *

| မွေးနှစ် | ခုရေ | အရပ်မျက်နှာ | ကူညီမည့်ပုဂ္ဂိုလ် | လှူရန်နေ့ |
|---|---|---|---|---|
| ကြွက် | ၈ | အရှေ့မြောက် | တနင်္လာသားသမီး | စနေနေ့ |
| နွား၊ ကျား | ၆ | အနောက်မြောက် | ကြာသပတေးသားသမီး | တနင်္ဂနွေနေ့ |
| ယုန် | ၁ | မြောက် | အင်္ဂါသားသမီး | ဗုဒ္ဓဟူးနေ့ |
| နဂါး၊ မြွေ | ၂ | အနောက်တောင် | စနေသားသမီး | တနင်္လာနေ့ |
| မြင်း | ၇ | အနောက် | ကြာသပတေးသားသမီး | သောကြာနေ့ |
| ဆိတ်၊ မျောက် | ၉ | တောင် | ဗုဒ္ဓဟူးသားသမီး | အင်္ဂါနေ့ |
| ကြက် | ၄ | အရှေ့တောင် | တနင်္ဂနွေသားသမီး | ကြာသပတေးနေ့ |
| ခွေး၊ ဝက် | ၃ | အရှေ့ | သောကြာသားသမီး | ကြာသပတေးနေ့ |

**ဥပမာ ။ ။ ကြွက်နှစ်ဖွားသည်** စနေနေ့တွင် အများပူဇော်သည့် စေတီပုထိုးတစ်ဆူ၏ အရှေ့မြောက်ထောင့် တနင်္ဂနွေဂြိုဟ်တိုင်အနီးတွင် ဩဇာ၊ အောင်သပြေ စသည့် နိမိတ်ကောင်းသောပန်း၊ အညွှန့်၊ အခက်(၈)ခုကို ကပ်လှူ၍ ငွေကြေး လာဘ်လာဘများ

သားသမီးတစ်ဦးကို အဖော်ပြု ခေါ်ဆောင်သွားနိုင်ပေသည်။

*လာဘ်လာဘ ရွှင်လန်းဝေဆာကြပါစေ၊*

ထက်မင်းကျော်စွာ

# ကျေးဇူးတင်ပါသည်
နက္ခတ္တရောင်ခြည်

အသားဝါအတွက်
ဆေးတစ်ခွက်



အသားဝါ ရောဂါပျောက်ချင်သောကြောင့် ကျွန်တော့် မိတ်ဆွေဖြစ်သူ ကိုဌေးဝင်းသည် ရန်ကုန်မြို့ရှိ အသိတစ်ဦးရဲ့ လမ်းညွှန်ချက်အရ ရန်ကုန်မြို့ ဆေးခန်းကြီးတစ်ခုကို ရောက်သွားခဲ့ တယ်။ ဒါပေမယ့် သူ့ရဲ့ရောဂါကို မပျောက်ကင်းစေခဲ့ပါ။

ဒီလိုနဲ့ပဲ သူလဲ ငွေကုန် လူပင်ပန်းပြီး ပြန်လာခဲ့ပါတယ်။ တစ်နေ့သော အခါ ကျတော့ သူရဲ့ဝေဒနာကို သက်သာ ပျောက်ကင်းအောင် ကုသပေးနိုင်တဲ့ ဆေးနည်းကိုရလိုက်တယ်လို့သိရပါတယ်။

**ဆေးနည်းမှာ...**

ကင်ပွန်းချဉ်ရွက်(မနုမရင့်) (၁၅)ကျပ်သား
ထန်းလျက် (၁၀)ကျပ်သား
ရေ (၁)ပိဿာ

(၃)ခွက် (၁)ခွက်တင် ကျိုပြီး အအေးခံပြီး သောက်ပါ။ တစ်ကြိမ် သောက်လျှင် စတီးဖွန်း(၁)ဖွန်း သောက်၊ သုံးကြိမ်သောက်ပါ။ သ... သာလာပါလိမ့်မယ်။ ဒီဆေးနည်း... တော့ **ပါရမီမဂ္ဂဇင်း အမှတ်(၁၂...) ဖွန်လတွင် စာရေးသူ (ထွန်းထွန်း... မာန်အောင်)**၏ ဆောင်းပါးကို ... ဖြစ်ပြီး ဖော်စပ်သောက်သုံး၍ သက်သာ ပျောက်ကင်းသွားကြောင်း ကျွန်တော် ကို ပြောပြခဲ့ပါတယ်။

ဒီလိုကောင်းသော ဆေးနည်း... ကို စာဖတ်သူအပေါင်း အသိ... ကျနေမည်ကိုစိုး၍ ဝေငှပေးလိုက်... တယ်။ ကျေးဇူးတင်ပါတယ် နက္ခတ္တ ရောင်ခြည်...

*ကျန်းမာခြင်းသည် လာဘ်ကြီး...*

အောင်ကျော်ဇေ...



www.burmeseclassic.com

www.burmeseclassic.com



# လက္ခဏာပဟေဠိ


အဖြေညှိကြစို့

ဆရာကြီးဦးအောင်မြင့်
(ဥပဒေဘွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ

[illegible]ခုလအတွက် ဖော်ပြပေးထား[illegible] ဘယ်လက်ဖဝါးပုံစံပိုင်ရှင်မှာ **[illegible]သက်လေးဆယ်ခန့် အမျိုးသမီး [illegible]ဦး** ဖြစ်ပါသည်။ လက္ခဏာပညာ[illegible]ဖြင့် သေချာစွာ ကြည့်ရှုစစ်ဆေး[illegible] အောက်ပါ မေးခွန်းများကို ဖြေကြည့်[illegible]

- ဘဝမှာ ခြေရုံပြည့်စုံပေါ်များနိုင်ခြင်း ရှိ/မရှိ။
- ပြည်ပမှာ သွားရောက်လုပ်ကိုင် နေထိုင်အခြေချရနိုင်ခြင်း ရှိ/မရှိ။
- အိမ်ထောင်ရေးမှာ ဒုက္ခသောက များစွာကြုံရနိုင်ခြင်း ရှိ/မရှိ။
- လူအများကို အုပ်ချုပ်စီမံခန့်ခွဲလုပ်ကိုင်ရသော ကိုယ်ပိုင်လုပ်ငန်းမျိုးနှင့် အကျိုးပေး အောင်မြင်နိုင်ခြင်း ရှိ/မရှိ။
- ဘဝမှာ အလုပ်အကိုင် တစ်မျိုးတည်းကိုသာ မြဲမြဲလုပ်ကိုင်ရခြင်း ရှိ/မရှိ။

မိမိတို့၏ အဖြေများကို [illegible]ကြောင်းပြချက်နှင့်တကွ [illegible]ခြားစာရွက်လွတ်တွင် [illegible]မှတ်ပြီးမှ လက္ခဏာ [illegible]ဟေဠိအဖြေများနှင့် [illegible]ိုက်ဆိုင်ကြည့်ပါရန် [illegible]ကြံပေးအပ်ပါသည်။




ပဟေဠိ အဖြေများကို
စာမျက်နှာ( ၁၇၉ )တွင်
ကြည့်ရှုပါရန်။

www.burmeseclassic.com

## အင်္ဂါသားသမီးများအတွက်

**အင်္ဂါ သားသမီးများအတွက်** ရန်အောင်ချမ်းသာ ကံကောင်းစေဖို့ရာ လွယ်ကောင်းယတြာ ဖြစ်ပါတယ်။

အင်္ဂါသားသမီးများသည် အင်္ဂါနေ့ တိုင်းတွင် နဂါးရုံဘုရားတွင် လွယ်ကောင်းယတြာကို ဆောင်ရွက်ပါမယ်။

နဂါးရုံဘုရားတွင် ဦးစွာပထမ အနီရောင် အိုးငယ်တွင် ရေကြည်ကြည်သန့်သန့်ကို ထည့်ပြီး ထီးတစ်ချောင်းနှင့် ယှဉ်တွဲ၍ လှူပေးပါ။

ဤတွင် အင်္ဂါသားသမီးမှန်သမျှ (မဟာဘုတ်ဖွားတူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ) ဆောင်ရွက်ရပါမယ်။

သို့ရာတွင် အင်္ဂါသားသမီးများသည် **ပုတီး၊ ဘင်္ဂ၊ မရဏ၊ အထွန်း။ သိုက်၊ ရာဇ၊ အဓိပတိဖွားအတွက်** သီးသန့်ထပ်မံပြီး လှူရမည့် ပစ္စည်းများကို ဇယားဖြင့် ဖော်ပြထားပါတယ်။

ထို့ပြင်...

အင်္ဂါသားသမီးများသည် (မဟာဘုတ်ဖွား မကွဲပြားဘဲ) ရွတ်ဆိုရမယ့် ဂါထာ၊ စိပ်ရမယ့်ပုတီးစိပ်၊ စိပ်ရမယ့် ပုတီးကို ပြောပြပါဦးမယ်။

ရွတ်ရမယ့် ဂါထာကတော့ **၈–ရှစ်ချက်**၊ စိပ်ရမယ့် ပုတီးစိပ်ကတော့ **ရှာနပစ္စယော**၊ စိပ်ရမယ့် ပုတီးစိပ်ကတော့ **ထိမ်သားပုတီး** ဖြစ်ပါတယ်။ ပုတီး(၃)ပတ် စိပ်ရပါမယ်။

### ၈–ရှစ်ချက်ဂါထာတော်

ယေစဣော ယေဏ္ဍော ယော၊ ယေဓိတဗ္ဗေ ယောသနေ၊ ယောပေဿိ ယေသိနံ ယေ ဒေဘု ယေပုတ္တရော၊

ခက်ခဲသော ပါဠိအသံထွက်

**ယေစဣော** =ယေစက်တော

**ယေဏ္ဍောယော**=ယေန်တောယော

**ယေဓိတဗ္ဗေ** =ယေဓိတပ်ဗေ

**ဘုရားရှင်နှင့်အတူ နေခြင်းမပြုရင်း**



◆ ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် မေလမုဘုရား နဂါးရုံဘုရား

# မဟာဘုတ်ချိန်ခွင်

## နှင့် လွယ်ကောင်းယတြာ

**ယေပုတ္တရော** =ယေပုတ်တရော

ခက်ခဲသော ပါဠိအသံထွက်

**ယော ယေစဣော**၊ ပါရမီတော် ဆယ်ချက် အောင်လက်နက်ပိုင်ရှင် အကြင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်...

**ယောသနေ**၊ အောင်သိဒ္ဓိ ဆင်မြန်းသည့် ပလ္လင်နန်း မှန်ကင်းအောင် ဗောဓိပင်ရင်း၌...

**ယေဓိတဗ္ဗေ**၊ အောင်သည့် တရားမာရ်ငါးပါး အပေါင်းတို့ကို...

**ယေဏ္ဍော**၊ အကြွင်းမဲ့ ချေမှုန်းလျက် ပျက်ပြုန်းကာ ပယ်ရှင်း၍ အောင်ခြင်းကြီး အောင်တော်မူခဲ့လေပြီ။

**ယေသိနံ**၊ မြတ်နိဗ္ဗာန် အောင်ခန်းနှင့် အောင်ဘိက်သိက်ပန်း မင်္ဂိုလ်ကိုများ ထိုထိုဝင်ရအတွင်းမှ လွတ်ကင်းအောင် အာသာကြီးဖြင့် ရှာမှီး... နေကြကုန်သူတို့အား...

**ယောပေဿိ**၊ ကိုယ်တော်မြတ်... အတူ အောင်ပန်းကို ဆွတ်ချူ၍ ... အငှအမြိုက်ဓာတ်သို့ ဆိုက်ကပ်... မူစေ၍ အောင်တော်မူလေပြီ။

**ယေပုတ္တရော**၊ အောင်သူတကာ... ၏ မှန်ကင်း အောင်ခြင်းတကာတို့... ဦးသျှောင်ထွတ်ခေါင် မြတ်သ... သယမ္ဘူမကိုဋ်ထီးကို အောင်ပွဲ... ပုဂ္ဂိုလ်ကြီး ဖြစ်ပေထသော...

**သော ယေစဣော**၊ အလုံး... အောင်ခြင်းနှင့် ပြည့်စုံတော်မူသော... ထိုဘုရားရှင် ကိုယ်တော်မြတ်ကြီး... သည်...

**မေ**၊ မြတ်နိဗ္ဗူ အောင်ပ... ဆွတ်ချူရန် တက်လှမ်း ၍ ကြိုးပမ်း...



www.burmeseclassic.com

www.burmeseclassic.com

အင်္ဂါသားသမီးများ မဟာဘုတ်ဖွားအလိုက် လှူရမည့် ဝတ္ထုပစ္စည်း

| အထွန်း | သိုက် | ရာဇ | အဓိပတိ | ဘင်္ဂ | မရဏ | ပုတိ |
|---|---|---|---|---|---|---|
| နှင်းဆီ<br>ပေါက်ညွန့် | နှင်းဆီ<br>သပြေ | နှင်းဆီ<br>ပိတောက် | နှင်းဆီ<br>ကံ့ကော် | နှင်းဆီ | နှင်းဆီ<br>ရွက်လှ | နှင်းဆီ<br>အုန်းညွန့် |

အသာကြီးဖြင့် ရှာမှီးသူ အကျွန်ုပ်အား...

ဇယ၊ အောင်ခြင်းကို (ဝါ) အောင်နိုင်ဝေမြိုင် အောင်ဖူးတွေ ကြိုင်လှိုင်သည့် အောင်သိဒ္ဓိပန်းခိုင်ကြီးကို...

ဒေတု၊ ပေးသနားတော်မူပါ အရှင်ဘုရား။

**စိပ်ရမည့် ပုတီး...**

ရှာနပစ္စယော(*ပုတီးတစ်လုံးချ*)

*[၃-ပတ်]*

***အေးပါစေ၊ အောင်ပါစေ။***

**သန်းပညာ**

**စာမျက်နှာ (၁၇၇)မှ အဆက်**

**အကွာအဝေးရှိ အချေပြများ**

၁။ **ဘဝမှာ ခရီးရှည် မြည့်မိုပေါ်များနိုင်ခြင်း ရှိသည်။**

အဘယ်ကြောင့်ဆိုသော် သောကြာကြိုက်ခုံအောက်ခြေ၌ ထောင်လိုက်မျဉ်းခွဲခုံလမ်းများ ထင်ရှားရှိသောကြောင့်ဖြစ်သည်။ "က"အကွက်ရာ

* * *




၂။ **ပြည်ပမှာ သွားရောက်လုပ်ကိုင်နေထိုင်အခြေချနိုင်ခြင်း မရှိပါ။**

အဘယ်ကြောင့်ဆိုသော် အသက်လမ်းကြောင်းက သောကြာကြိုက်ခုံအတွင်းသက် ကွေးဝင်အခြေခိုနေခြင်းကြောင့် ဖြစ်ပါသည်။ "ခ"အကွက်ရာ





* * *

၃။ **အိမ်ထောင်ရေးမှာ နှစ်ခွဲသောအရာများ ကြုံရနိုင်ခြင်း မရှိပါ။**

အဘယ်ကြောင့်ဆိုသော် နှလုံးလမ်းကြောင်းက လက်ညှိုးအောက်ကြားသေချာကြိုက်ခုံအောက် နိုက်ဝင်မှာ အဆုံးသတ်ပြီး အချက်လမ်းကောင်းခြင်း လက်ညှိုးနှင့် လက်ခလယ်ကြားမှာ ကြားဖုံသကော်တာရှိခြင်းတို့ကြောင့်ဖြစ်သည်။ "ဃ"အကွက်ရာ

* * *





၄။ **လူအများကို အုပ်ချုပ်စီမံ ခန့်ခွဲလုပ်ကိုင်ရသော ကိုယ်ပိုင်လုပ်ငန်းမျိုးနှင့်အကျိုးပေး အောင်မြင်နိုင်ခြင်းရှိသည်။**

အဘယ်ကြောင့်ဆိုသော် နှလုံးလမ်းကြောင်းနှင့် ဦးခေါင်းလမ်းကြောင်းကြားဝေတုံလှုပ်ပြီပ်မှာ ကြိုက်ုံသကော်တာကြီးရှိခြင်း "စ" အကွက်ရာ

ဦးခေါင်းလမ်းကြောင်း အများနှင့်အသက်လမ်းကြောင်း အများတို့ "ဝ.၅" ဝင်တီခန့်သာကွာဟပြီး ဦးခေါင်းလမ်းကြောင့်သွန်း မကျွေးလွှန်မှုဖြစ်ခြင်း "ခ" အကွက်ရာတို့ကြောင့် ဖြစ်သည်။


* * *




၅။ **အလှအလုပ်အကိုင် တစ်မျိုးတည်းတို့သာ မြဲမြဲ လုပ်ကိုင်ရခြင်းမရှိပါ။ အလုပ်အကိုင်နှစ်မျိုးသုံးမျိုးတွဲလုပ် (သို့မဟုတ်) ပြောင်းလုပ်ဖြစ်သည်။**

အဘယ်ကြောင့်ဆိုသော် ဦးခေါင်းလမ်းကြောင်းအဆုံးမှာ ခက်ရင်းခွပုံသဏ္ဌာန်ရှိခြင်းကြောင့် ဖြစ်သည်။ "င" အကွက်ရာ

* * *




**မှတ်ချက်**

ယင်းလက္ခဏာရှင် အမျိုးသမီးမှာ ဝင်ငွေ။ သားသမီး၊ ဆောင်နေ ဆွေမျိုးများနှင့်သိုက်သိုက်ဝန်းဝန်းစည်စည်ကားကားနေထိုင်လုပ်ကိုင်လျက် ရှိသည်။

မြန်မာနိုင်ငံတွင်းမှာသာ လုပ်ကိုင်နေထိုင် အခြေချသူ ဖြစ်သည်။ ပြည်ပသွားရန်လည်းစိတ်ကူးမရှိပါ။ အိမ်ထောင်ရေးမှာလည်း ကောင်းနေ သူငယ်ချင်းသက်တူရွယ်တူကိုလက်ထပ်ပေါင်းသင်းပြီး ယနေ့တိုင် သာယာပျော်ရွှင်နိုင်ခြင်းနေသည်။

အလှပြင်ဆိုင်လုပ်ငန်းအထိုက်လုပ်ငန်းများကို တပည့်သက်အောက် ဝန်ထမ်းများနှင့် လုပ်ကိုင်အောင်မြင်နေသည်။ ဝန်ထမ်းလုပ်ငန်းနှင့် ကိုယ်ပိုင်လုပ်ကိုင်သာတို့ကို တွဲ၍ လုပ်ကိုင်နေခြင်းဖြစ်သည်။ အခြားတစ်ဖက်မှာ အစိုးရဝန်ထမ်းအလုပ်ကိုလုပ်ကိုင်လျက်ရှိသည်။

*အောင်မြင်ကျော်ကြား*

*ချမ်းသာကြီးပွားစေကောင်း*

**ဆရာကြီး ဦးအောင်မြိုင် (ဥမင်ဘွဲ့)**

**ထက်မြက်သကောင်းပညာရှာဖတော်**



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၄ ခုနှစ်၊ ဇူလိုင်လ (၁)ရက်မှ (၃၁)ရက်နေ့အထိ
ခုနှစ်ရက်သားသမီးများအတွက်

# ဟောစာတမ်း

ဆရာကျော်မြသည်

## တနင်္ဂနွေ

**စီးပွားရေး**။ ။ရွှေလုပ်ငန်းများ၊ ရွှေထည်လက်ဝတ်ရတနာများ အရောင်းအဝယ်ကောင်းမည်။ ရွှေဆိုင်များ အရောင်းရသွက်မည်။ ခရီးသွားလုပ်ငန်းများ ဖောက်သည်သစ်များ ရရှိမည်။ ရေလုပ်ငန်းထွက်ကုန်များ ပစ္စည်းများ အမြတ်များများရမည်။

**ဝန်ထမ်းရေးရာ**။ ။တာဝန်သစ်များ ထပ်မံရရှိသလို နေရာကောင်းရမည်။

**အိမ်တွင်းရေး**။ ။ မိသားစုအတွင်း ဖြစ်ပေါ်နေသော ပြဿနာများ အားလုံး အဆင်ပြေသွားပါလိမ့်မည်။ မိသားတစ်စု ပျော်ရွှင်ချမ်းမြေ့ရသောကာလ ဖြစ်သည်။

**အချစ်ရေး**။ ။ အချစ်ရေး အဆင်ပြေနေသောကာလ ဖြစ်သည်။ တစ်ယောက်ဆို တစ်ယောက် သစ္စာရှိစွာ ချစ်ပါ။ မျက်နှာ မများပါနှင့်။

**ပညာရေး**။ ။ အချစ်ရေးကြောင့် ပညာရေးကို မပျက်စီးပါစေနှင့်။ ဘဝတစ်သက်တာဟာ ဘဝတစ်သက်တာအတွက်ပါ။

**ကျန်းမာရေး**။ ။ကျန်းမာရေးကောင်းသော်လည်း ခေါင်းမူး၊ ခေါင်းကိုက်ဝေဒနာ ခံစားရတတ်သည်။

**ဆောင်ရန်ရက်များ**။ ။ ၂၊ ၅၊ ၇၊ ၁၁၊ ၁၃၊ ၁၅၊ ၁၈၊ ၂၂၊ ၂၅၊ ၂၇၊ ၃၀။

**ရှောင်ရန်ရက်များ**။ ။ ၁၊ ၃၊ ၆၊ ၈၊ ၁၂၊ ၁၄၊ ၁၆၊ ၁၉၊ ၂၃၊ ၂၆၊ ၂၈။

**ထီထိုးရန်ရက်များ**။ ။ ၂၊ ၅၊ ၇၊ ၉၊ ၁၀၊ ၁၃၊ ၁၇၊ ၂၀၊ ၂၄၊ ၂၇၊ ၂၉။

**ထီထိုးရန်ဂဏန်းများ**။ ။ ၂၊ ၅၊ ၇၊ ၉ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ**။ ။ ဘုန်းတော်ကြီးတစ်ပါးပါးအား နွားနို့ခဲကြော် (၆)တုံး ကပ်လှူပါ။

## တနင်္လာ

**စီးပွားရေး**။ ။ငွေကြေးအရောင်းအဝယ်လုပ်ငန်းများ၊ ငွေထည်ပစ္စည်းများ အရောင်းအဝယ်ကောင်းမည်။ ငါးလုပ်ငန်း၊ ရေနှင့် ရေထွက်ပစ္စည်း လုပ်ငန်းများ အကျိုးအမြတ်များမည်။ လုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်သည်။

**ဝန်ထမ်းရေးရာ**။ ။ မိမိ၏ အသိပညာ အတတ်ပညာများ၊ ခွန်အားများ စိုက်ထုတ်လုပ်ကိုင်ခဲ့သမျှ အကျိုးအမြတ်များ ခံစားရမည်။

**အိမ်တွင်းရေး**။ ။ သားသမီးများ လိမ္မာရေးခြားရှိ၍ မိဘများ စိတ်ချမ်းသာရသည်။ မိသားတစ်စု ပျော်ရွှင်ရသောကာလ ဖြစ်ပါသည်။ သားသမီးများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးကောင်းမည်။

**အချစ်ရေး**။ ။ ပြဿနာရှိခဲ့လျှင် မေတ္တာကို အရင်းတည်၍ အဆင်ပြေသွားပါလိမ့်မည်။ ရုတ်တရက် အိမ်ထောင်ကျတတ်၍ ငွေကြေးများ ကြိုတင်ရှာဖွေ စုဆောင်းထားပါ။

**ပညာရေး**။ ။ခရီးဝေးတွင် ပညာသင်ယူရလိမ့်မည်။ နိုင်ငံခြားပညာတော်သင် လျှောက်ထားပါက သွားခွင့်ရလိမ့်မည်။

**ကျန်းမာရေး**။ ။အရက်သောက်တတ်သူများ အရက်လျှော့သောက်ပါ။ အရက်ဖြတ်နိုင်လျှင် ပိုကောင်းမည်။ သွေးတိုး၊ နှလုံးရောဂါများ ဖြစ်တတ်၍ အစားအသောက်၊ အအိပ်အနေသတိထားပါ။

**ဆောင်ရန်ရက်များ**။ ။ ၃၊ ၅၊ ၇၊ ၉၊ ၁၂၊ ၁၄၊ ၁၆၊ ၁၉၊ ၂၂၊ ၂၅၊ ၂၉။

**ရှောင်ရန်ရက်များ**။ ။ ၂၊ ၄၊ ၆၊ ၈၊ ၁၀၊ ၁၃၊ ၁၅၊ ၁၇၊ ၂၀၊ ၂၃။

**ထီထိုးရန်ရက်များ**။ ။ ၃၊ ၅၊ ၉၊ ၁၁၊ ၁၄၊ ၁၈၊ ၂၁၊ ၂၄၊ ၂၇၊ ၃၀။

**ထီထိုးရန်ဂဏန်းများ**။ ။ ၃၊ ၅၊ ၇၊ ၉ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ**။ ။ ကလေးသုံးယောက်အား ထန်းသီးမုန့် တစ်လုံးစီပေးပါ။ လူကြီးသုံးယောက်အား ထိုးမုန့်တစ်တုံးစီပေးပါ။









## အင်္ဂါ

**စီးပွားရေး**။ ။ဆေးဝါးလုပ်ငန်းများ၊ ဆန်စပါးလုပ်ငန်း... အမြတ်များများရမည်။ မြေအရောင်းအဝယ်ကိစ္စ... အရှုပ်အရှင်းဖြစ်တတ်၍ သတိထား စိစစ်ပြီးမှ လုပ်ကိုင်...

**ဝန်ထမ်းရေးရာ**။ ။ငွေစာရင်းဌာန၊ ငွေကို ကိုင်တွယ်... ရသော ဌာနတို့တွင် လုပ်ကိုင်ပါက စာရင်းတိတိကျ... ပြုစုထားပါ။ ငွေကြေးဆိုင်ရာ ပြဿနာပေါ်တတ်သည်...

**အိမ်တွင်းရေး**။ ။ ဆေးကုသရန် ဆွေမျိုးများရောက်... ခြင်း၊ ငွေချေးခြင်းကိစ္စတို့ကြောင့် မိမိတို့ အိမ်တွင်း... အဆင်မပြေဖြစ်ရတတ်သည်။ သည်းခံခွင့်လွှတ်ပါ။

**အချစ်ရေး**။ ။ ရုတ်တရက် အိမ်ထောင်ကျတတ်သည်... ဘဝအတွက် အဆင်သင့်ဖြစ်မှ လက်ထပ်ရန်ကိစ္စ စဉ်း... သင့်သည်။

**ပညာရေး**။ ။အခက်အခဲကြီးမားလေလေ အောင်မြင်မှု ကြီးမားလေ... ဟု မှတ်ပါ။ ဝီရိယရှိပြီး ပြင်းပြသောဆန္ဒရှိဖို့သာ လိုပါသည်။

**ကျန်းမာရေး**။ ။ပန်းနာရင်ကျပ်၊ ချောင်းဆိုးဝေဒနာ ခံစားရတတ်သည်... အအေးမခံပါနှင့်၊ ညဘက် ရေမချိုးပါနှင့်။

**ဆောင်ရန်ရက်များ**။ ။ ၂၊ ၅၊ ၇၊ ၁၀၊ ၁၂၊ ၁၅၊ ၁၆၊ ၁၈၊ ၂၁၊ ... ၂၆၊ ၂၈၊ ၃၀။

**ရှောင်ရန်ရက်များ**။ ။ ၁၊ ၄၊ ၆၊ ၉၊ ၁၁၊ ၁၄၊ ၁၇၊ ၂၀၊ ၂၂၊ ၂၅ ... ၂၉။

**ထီထိုးရန်ရက်များ**။ ။ ၃၊ ၇၊ ၈၊ ၁၀၊ ၁၂၊ ၁၃၊ ၁၆၊ ၁၉၊ ၂၃၊ ၂၆ ... ၃၁။

**ထီထိုးရန်ဂဏန်းများ**။ ။ ၂၊ ၅၊ ၇၊ ၈ ဂဏန်းများများပါအော... ရွေးချယ်ပါ။

**အဆောင်ယတြာ**။ ။ ဗိတနှစ်ပါး(သို့မဟုတ်)ဗိဗအရွယ် သက်ကြီးပါကြီး... ကြက်သားဟင်းနှင့် ထမင်းကျွေးဒါနပြုပါ။

## ဗုဒ္ဓဟူး

**စီးပွားရေး**။ ။လုပ်ငန်းရင်းနှီးငွေ လိုအပ်၍ ရှယ်ယာများ ထပ်မံခေါ်... မြေယာနှင့်ပတ်သက်၍ အရှုပ်အရှင်း ရောင်းမှားဝယ်မှားဖြစ်တ... ပိုင်ဆိုင်မှုကို သေချာစွာ စစ်ဆေးပါ။

**ဝန်ထမ်းရေးရာ**။ ။လုပ်ငန်းများ အချိန်မီ မပြီးစီးနိုင်၍ အချိန်ပိုလုပ်... များဖြင့် လုပ်ကိုင်ရလိမ့်မည်။ အချိန်တိုး၍ တောင်းပါ။

**အိမ်တွင်းရေး**။ ။ အိမ်ထောင်ဖက် ဆေးခန်းဆေးရုံ သွားရလော... အောင် ကျန်းမာရေး ညံ့တတ်သည်။ မိသားတစ်စု စိတ်ပူပန်ရ... သည်။

**အချစ်ရေး**။ ။ ချစ်သူခွဲခွာသွား၍ လွမ်းနေရတတ်သည်။ လ... မထင်မှတ်ဘဲ အဆင်ပြေတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com

**ပညာရေး။** ။ ပညာရေးကံဇာတာ ကောင်းပါသည်။ စာမေးပွဲ ဖြေရန် ရှိလျှင် ရဲရဲဝံ့ဝံ့ဖြေဆိုပါ။ သင်တန်းတက်ရမည်။
**ကျန်းမာရေး။** ။ သွေးတိုး၊ နှလုံးရောဂါအခံရှိသူများ အစား အသောက်ကြောင့် ရောဂါပြန်ထတတ်သည်။ အစား အသောက်ကို ဂရုစိုက်ပါ။
**ဆောင်ရန်ရက်များ။** ။ ၁၊ ၃၊ ၅၊ ၇၊ ၉၊ ၁၁၊ ၁၄၊ ၁၇၊ ၂၀၊ ၂၃၊ ၂၆၊ ၂၉။
**ရှောင်ရန်ရက်များ။** ။ ၂၊ ၄၊ ၆၊ ၈၊ ၁၀၊ ၁၂၊ ၁၅၊ ၁၈၊ ၂၁၊ ၂၄၊ ၂၇၊ ၃၀။
**ထီထိုးရန်ရက်များ။** ။ ၁၊ ၃၊ ၅၊ ၇၊ ၉၊ ၁၁၊ ၁၃၊ ၁၆၊ ၁၉၊ ၂၂၊ ၂၅၊ ၂၈၊ ၃၁။
**ထီထိုးရန်ဂဏန်းများ။** ။ ၁၊ ၃၊ ၅၊ ၇ ဂဏန်းများများ ပါအောင် ရွေးချယ်ပါ။
**အဆောင်ယတြာ။** ။ ကလေးများအား နွားနို့ထမင်း ကျွေးမွေးဒါနပြုပါ။ ခွေးများ၊ ခိုများ၊ ကျီးကန်းများအား အစာကျွေးပါ။







## ကြာသပတေး

**စီးပွားရေး။** ။ မိန်းမအသုံးအဆောင်ပစ္စည်းများ၊ အရောင်းအဝယ် ကောင်းမည်။ ရွှေကုန်သည်များ အကျိုးအမြတ်များမည်။ ရွှေပန်းထိမ်၊ ရွှေဆိုင်များ မျှော်လင့်ထားသည်ထက် ပို၍ ရောင်းရမည်။
**ဝန်ထမ်းရေးရာ။** ။ အပေါင်းအသင်းများ၏ ကူညီမှုကြောင့် အလုပ်များ၊ တာဝန်များ အချိန်မီပြီးစီးမည်။ တာဝန်သစ်များ ထပ်မံရရှိဦးမည်။
**အိမ်ထောင်ရေး။** ။ မိသားစုအတွင်း တစ်ဦးကို တစ်ဦး နားလည်မှု၊ ခွင့်လွှတ်မှုတို့ဖြင့် စိတ်ချမ်းမြေ့ပျော်ရွှင်ရမည်။ သားသမီးများ၏ ပညာရေး၊ စီးပွားရေး၊ လူမှုရေးများကောင်းမည်။
**အချစ်ရေး။** ။ အချိန်တန် အိမ်ပြန်ပါ။ အလည်လွန် နယ်မကျွံပါစေနှင့်။ ဒီခေတ်ကြီးမှာ သတိဝီရိယ၊ စည်းကမ်းရှိရှိ ချစ်တတ်ဖို့ လိုပါသည်။
**ပညာရေး။** ။ ခေတ်ပညာရပ်၊ ခေတ်ပေါ်ပညာရပ်တို့ကို သင်ယူခွင့်ရ လိမ့်မည်။ ကံဇာတာကောင်းခိုက် ကြိုး၍ ကြိုးစားလိုက်စမ်းပါ။
**ကျန်းမာရေး။** ။ ဝမ်းပျက်ဝမ်းလျှော ဖြစ်တတ်၍ ဝမ်းနုတ်စာများ ဂရုစိုက် စားသောက်ပါ။
**ဆောင်ရန်ရက်များ။** ။ ၃၊ ၄၊ ၅၊ ၇၊ ၈၊ ၁၁၊ ၁၄၊ ၁၇၊ ၂၁၊ ၂၅၊ ၂၈၊ ၃၁။
**ရှောင်ရန်ရက်များ။** ။ ၂၊ ၆၊ ၉၊ ၁၂၊ ၁၅၊ ၁၈၊ ၂၂၊ ၂၆၊ ၃၀။
**ထီထိုးရန်ရက်များ။** ။ ၃၊ ၅၊ ၇၊ ၁၀၊ ၁၃၊ ၁၆၊ ၁၉၊ ၂၀၊ ၂၃၊ ၂၇၊ ၂၉။
**ထီထိုးရန်ဂဏန်းများ။** ။ ၃၊ ၅၊ ၇၊ ၀ ဂဏန်းများများပါအောင် ရွေးချယ်ပါ။
**အဆောင်ယတြာ။** ။ မွေးနေ့တွင် ဖိခင်ဖခင်တို့အား သို့မဟုတ် မိရွယ်ဖရွယ်နှစ် ဦးအား ကြက်သားဟင်းဖြင့် ထမင်းကျွေးပါ။

## သောကြာ

**စီးပွားရေး။** ။ လုပ်ငန်းများ ပူးတွဲလုပ်ကိုင်နေရမည်။ ဌာနဆိုင်ရာများနှင့် ပူးပေါင်းလုပ်ဆောင်ရမည်။ ဌာနဆိုင်ရာ ကန်ထရိုက်များ ရရှိမည်။ စီးပွားရေး အကျိုးအမြတ်များမည်။
**ဝန်ထမ်းရေးရာ။** ။ မိမိအား တာဝန်ချပေးထားသည့် လုပ်ငန်းများကို ပြီးစီးအောင် လုပ်ပါ။ ဆုကြေးထက် ဒဏ်ကြေးက များနေတတ်သည်။
**အိမ်ထောင်ရေး။** ။ မိသားတစ်စု အပျော်ခရီးထွက်ရလိမ့်မည်။ သားသမီး များအတွက် ထွက်ငွေများနေဦးမည်။
**အချစ်ရေး။** ။ ချစ်ကံကောင်းသည့်ကာလ ဖြစ်သည်။ ချစ်သူနှင့် ဘုရား အတူတူ ဖူးရလိမ့်မည်။ လက်ထပ်ဖို့အရေး ဆွေးနွေးရ လိမ့်မည်။
**ပညာရေး။** ။ ဆရာကောင်းသမားကောင်း တွေ့မည်။ မိမိ သင်ယူချင်သည့်ပညာရပ်များ သင်ယူခွင့်ရလိမ့်မည်။
**ကျန်းမာရေး။** ။ နှလုံးရောဂါ အခံရှိပါက ရောဂါပြန်ထတတ် သည်။ ဆေးကို ကြိုတင်စားပါ။ လုံးဝအနားယူပေးပါ။
**ဆောင်ရန်ရက်များ။** ။ ၁၊ ၃၊ ၅၊ ၉၊ ၁၃၊ ၁၇၊ ၁၉၊ ၂၁၊ ၂၄၊ ၂၇၊ ၃၀။
**ရှောင်ရန်ရက်များ။** ။ ၂၊ ၄၊ ၆၊ ၁၀၊ ၁၄၊ ၁၈၊ ၂၀၊ ၂၂၊ ၂၅၊ ၂၈၊ ၃၁။
**ထီထိုးရန်ရက်များ။** ။ ၅၊ ၇၊ ၉၊ ၁၁၊ ၁၂၊ ၁၅၊ ၁၆၊ ၁၉၊ ၂၁၊ ၂၃၊ ၂၆၊ ၂၉။
**ထီထိုးရန်ဂဏန်းများ။** ။ ၅၊ ၇၊ ၉၊ ၀ ဂဏန်းများများပါအောင် ရွေးချယ်ပါ။
**အဆောင်ယတြာ။** ။ မွေးနေ့တွင် လူပုဂ္ဂိုလ်အနည်းဆုံး (၆)ဦးမှ အထက် အုန်းနို့ခေါက်ဆွဲကျွေးပါ။

## စနေ

**စီးပွားရေး။** ။ ကုန်ပစ္စည်းများ၊ သို့လှောင်ကုန်များ အရောင်းထွက်မည်။ မိမိလုပ်ကိုင်နေသောလုပ်ငန်းများ အဆင်ပြေမည်။ နိုင်ငံခြားနှင့် ဆက်ဆံ လုပ်ကိုင်ရမည်။ မိမိဘက်က ရိုးရိုးသားသား သစ္စာရှိရှိ လုပ်ကိုင်ပါ။
**ဝန်ထမ်းရေးရာ။** ။ လုပ်ငန်းဆိုင်ရာ ခရီးထွက်ရလျှင် သွားပါ။ မိမိအတွက် အကျိုးရှိမည့်ခရီးဖြစ်သည်။
**အိမ်ထောင်ရေး။** ။ အိမ်တွင်းရေး သာယာမည်။ နိုင်ငံခြားခရီး သွားရကိန်းရှိ သည်။ သွားဖြစ်အောင် သွားပါ။ အစစအရာရာ အဆင်ပြေ၍ မိသား တစ်စု ပျော်ရွှင်ချမ်းမြေ့ရပါမည်။
**အချစ်ရေး။** ။ အပြောအဆို အနေအထိုင်မတတ်မှုကြောင့် ချစ်သူ၏ အထင်လွဲခြင်း ခံရတတ်သည်။ ဆင်ခြင်ပါ။ လက်ထပ်ဖို့ အခွင့်ပေါ်လာ လိမ့်မည်။
**ပညာရေး။** ။ ပညာရေး ကံဇာတာတက်နေသော ကာလဖြစ်သည်။ စာမေးပွဲရှိလျှင် ရဲရဲဝံ့ဝံ့ ဖြေဆိုလိုက်ပါ။ သင်တန်းတက်ခွင့်ကြုံလျှင် တက်ပါ။
**ကျန်းမာရေး။** ။ လေထိုးလေအောင့် ဖြစ်တတ်၍ လေပွစာများကို ရှောင်ပါ။ ဝမ်းရင်ကို အအေးမခံပါနှင့်။
**ဆောင်ရန်ရက်များ။** ။ ၂၊ ၄၊ ၇၊ ၉၊ ၁၂၊ ၁၅၊ ၁၇၊ ၁၉၊ ၂၃၊ ၂၅၊ ၂၆၊ ၂၈၊ ၃၀။
**ရှောင်ရန်ရက်များ။** ။ ၃၊ ၅၊ ၈၊ ၁၀၊ ၁၃၊ ၁၆၊ ၁၈၊ ၂၀၊ ၂၄၊ ၂၆၊ ၂၇။
**ထီထိုးရန်ရက်များ။** ။ ၁၊ ၄၊ ၆၊ ၉၊ ၁၁၊ ၁၄၊ ၁၇၊ ၁၉၊ ၂၁၊ ၂၂၊ ၂၅၊ ၂၈။
**ထီထိုးရန်ဂဏန်းများ။** ။ ၁၊ ၄၊ ၆၊ ၉ ဂဏန်းများများပါအောင် ရွေးချယ်ပါ။
**အဆောင်ယတြာ။** ။ သက်ကြီးရွယ်အို အနည်းဆုံး(၂)ဦး၊ အများဆုံး(၇)ဦးကို နွားနို့ချိုချိုနှင့် ပေါင်မုန့်ကျွေးမွေးဒါနပြုပါ။

*ကျန်းမာ ချမ်းသာပါစေ။*

ဆရာ ရောင်ခြည်



www.burmeseclassic.com

www.burmeseclassic.com



# သျှစ်သောင်းပုထိုးတော်ကြီးမှ

## ရွှေခေတ် ရခိုင်မိုးရာ ဝတ်ဆင်ထုံးဖွဲ့မှုနှင့် အခြားဒီဖိုင်းလက်ရာများ(၄)

ပန်းချီထူးလှ
(ရွှေတောင်းသုတေသန)

လခင်းပစ္စ အဆက်

* * *ပုံ(၁၃)

### စည်တီး၍ ကနေသည့် အရုပ်

**ပုံ(၁၃)မူရင်း** လက်ရာသည် လည်းပုံ(၁၂) မူရင်းလက်ရာ၏ ဘယ်ဘက်တွင် ကပ်လျက် တွေ့ရှိနိုင်ပါသည်။

**ပုံ(၁၃)**မူရင်း ကျောက်ဆစ်ရုပ်ကြွ အမြင့် (၄၅)စင်တီမီတာခန့်၊ အကျယ်လည်း (၃၃)စင်တီမီတာခန့်နှင့် ရုပ်ကြွ အထူ (၉)စင်တီမီတာခန့် ရှိပါသည်။ ပုံ(၁၃) ဒီဖိုင်းလက်ရာ၏ ဆံထုံးဖွဲ့စည်းပုံမှာ အဆင့်သုံးဆင့် တွေ့ရှိရပြီး အပေါ်ဆုံးအဆင့်တွင် ဆံဖျားကို လိပ်ထားပါသည်။ နားနှစ်ဖက်တွင် နားတောင်းဝန်းကြီးများ ဝတ်ဆင်ထားပါသည်။ ခါးတွင် စည်ကိုတင်ပြီး လက်နှစ်ဖက်ဖြင့် တီးနေပါသည်။

ကွာခြေကာကို အဆင့်နှစ်ဆင့်ဖြင့် တွေ့ရှိရပါသည်။ ပုဆိုးကို ခြေကျင်းဝတ်ထိ ဝတ်ဆင်ကာ ကနေသည်ကို တွေ့ရှိရပါသည်။ **ပုံ(၁၃)** စည်တီး၍ ကနေဟန် ဒီဖိုင်းလက်ရာ ဝတ်ဆင်ထုံးဖွဲ့မှုမှာ ရိုးရိုးရှင်းရှင်းသာ တွေ့ရှိရပါသည်။

* * *ပုံ(၁၄)

### နှဲမှုတ်နေသည့် အရုပ်

**ပုံ(၁၄)** မူရင်းလက်ရာကို ပုံ(၁၃) မူရင်းလက်ရာ၏ ဘယ်ဘက်တွင် ကပ်လျက် တွေ့ရှိနိုင်ပါသည်။ ပုံ(၁၄) မူရင်း

ပုံ-၁၃



ကျောက်ဆစ်ရုပ်ကြွ အမြင့် (၄၉)စင်တီမီတာခန့်ကျယ်၊ အကျယ်(၃၀)စင်တီမီတာခန့်နှင့် ရုပ်ကြွအထူ (၆)စင်တီတာခန့်ရှိပါသည်။

**ပုံ(၁၄)ဒီဖိုင်း**လက်ရာ၏ ဖောင်းတော်မှာ အဆင်တန်ဆာ မရှိဘဲ ခပ်ချွန်းချွန်းသာ တွေ့ရှိရပါသည်။ နားတွင်လည်း နားတောင်းဝန်းကြီး ဝတ်ဆင်ထားပါသည်။

လက်နှစ်ဖက်နှင့် ပါးစပ်မှာ နှဲမှုတ်နေသည့်ဟန် တွေ့ရှိရပါသည်။ ညာဘက်ပုခုံးတွင် တဘက်တင်ထားပြီး လက်ဝဲ၊ လက်ယာတွင် တဘက်စကို ဖြန့်ချထားပါသည်။ တဘက်စတွင် အဆင်တန်ဆာများ မတွေ့ရှိရတော့ပေ။

ခါးတွင် ခါးပတ်တစ်ဆင့်သာ ပါရှိပြီး ခါးပတ်ပေါ်မှ ကွာခြေကာကို အပြားလိုက် ရှေ့တွင် ချထားပါသည်။ ပုဆိုးဝတ်ထားသည့် အနေအထား ခါးတောင်းကျိုက် (လောတဲ)ထားသည့် အနေအထား တွေ့ရှိရပါသည်။



www.burmeseclassic.com

www.burmeseclassic.com







ပုဆိုးအောက်စကို ခြေမျက်စိဖုံးအောင် ဝတ်ဆင်ထားပါသည်။ ဤပုံ(၁၄)ဒီဖိုင်းလက်ရာ နဲမှုတ်နေသည့်ဟန် ဝတ်ဆင်ထုံးဖွဲ့မှုမှာ အဆင်တန်ဆာများနည်းပြီး ရိုးရိုးသာ တွေ့ရှိရပါသည်။

* * *ပုံ(၁၅)

## ကနေသည့်ရုပ်

**ပုံ(၁၅)** မူရင်းလက်ရာသည်လည်း ပုံ(၁၄) မူရင်းလက်ရာ ဘယ်ဘက်တွင် ကပ်လျက် တွေ့ရှိရပါသည်။ ပုံ(၁၅) မူရင်းလက်ရာ ကျောက်ဆစ်ရုပ်ကြွ အမြင့် (၄၅)စင်တီမီတာခန့်၊ အကျယ် (၃၅)စင်တီမီတာခန့်နှင့် ရုပ်ကြွအထူ (၆)စင်တီမီတာခန့် ရှိပါသည်။

**ပုံ(၁၅)**ဒီဖိုင်းလက်ရာ၏ ဗောင်းတော်မှာ အဆင်တန်ဆာ မပါရှိဘဲ အချောသာ တွေ့ရှိရပါသည်။ ဤဒီဖိုင်းလက်ရာတွင် ထူးခြားစွာ နူတ်ခမ်းမွေးလိပ်များ ပါရှိသည်ကို တွေ့ရှိရပါသည်။

နားနှစ်ဖက်တွင်လည်း နားတောင်းဝန်းကြီး ဝတ်ဆင်ထားပါ၏။ တဘက်စကို ဘယ်ဘက်ခါးအောက်တွင် တစ်စသာ တွေ့ရှိရပါသည်။

တဘက်စကို အစင်းကြောင်းကလေးများ၊ ရွှေးလုံးများဖြင့် အလှဆင်ထားပါသည်။ ခါးတွင် ခါးပတ်နှစ်ဆင့် တွေ့ရှိရပါသည်။ ခါးပတ်နှစ်ဆင့်ကို ကျော်၍ ဣန္ဒြေကာနှစ်ဆင့် တွေ့ရှိရပါသည်။

ဣန္ဒြေကာပြားများကို ဖောင်းပြားများဖြင့် အလှဆင်ထားပါသည်။ ပုဆိုးကိုလည်း ခြေချင်းဝတ်ထိ ကျအောင် ဝတ်ဆင်ထားပါသည်။

ပုဆိုးကို ခပ်စောင်းစောင်း အရစ်ကလေးများဖြင့် အလှဆင်ထားပါသည်။ ဤပုံ(၁၅) ဒီဖိုင်းလက်ရာမှာ ကနေသည့်ဟန် တွေ့ရှိရပါသည်။ ဝတ်ဆင်ထုံးဖွဲ့မှုမှာ ရိုးပြီး တဘက်နှင့် ပုဆိုးကိုသာ အလှဆင်ထားသည်ကို တွေ့ရှိရပါသည်။

* * *ပုံ(၁၆)

## မြောက်ဦးခေတ်ကဟန်ရုပ်

**ပုံ(၁၆)** မူရင်းလက်ရာကို ပုံ(၁၅) မူရင်းလက်ရာ ဘယ်ဘက်တွင် ကပ်လျက် တွေ့ရှိနိုင်ပါသည်။ ပုံ(၁၆) မူရင်းကျောက်ဆစ်ရုပ်ကြွ အမြင့် (၄၅)စင်တီမီတာခန့်၊ အကျယ် (၃၇)စင်တီမီတာခန့်နှင့် ရုပ်ကြွအထူ (၆)စင်တီမီတာခန့် ရှိပါသည်။

**ပုံ(၁၆)**ဒီဖိုင်းလက်ရာ ဗောင်းတော်မှာ ခပ်လုံးလုံး၊ ခပ်ချွန်းချွန်း အနေအထားသာ တွေ့ရှိရပါသည်။ နားနှစ်ဖက်တွင်လည်း နားတောင်းဝန်းကြီး ဝတ်ဆင်ထားပါသည်။


**ပုံ(၁၆)**ဒီဖိုင်းလက်ရာ ခါးတွင် ခါးပတ်ပြားကြီးတစ်ဆင့် ပတ်ထားပြီး ခါးပတ်ကြိုးကိုကျော်၍ ဣန္ဒြေကာကို ရှေ့တွင်နှစ်ဆင့် တွေ့ရှိရပါသည်။

ဘယ်ဘက် ခါးပတ်ကြိုးအောက်တွင်လည်း တဘက်စ(ပဝါစ)ညီတစ်ခု



www.burmeseclassic.com

www.burmeseclassic.com


ပုံ-၁၆


ပုံ-၁၇

ကို ဖြန့်ချထားပါသည်။ ပဝါစပြားတွင် ရပ်စောက် အစင်းကြောင်းကလေးများနှင့် ကန့်လန့်ဖြတ်အစင်းကြောင်းကလေးများဖြင့် အလှဆင်ထားပါသည်။

ပုဆိုးဝတ်ထားသည့် အနေအထားမှာလည်း လောတဲထား(ခါးတောင်းကျိုက်)ထားသည့် အနေအထား တွေ့ရှိရပါသည်။

ပုဆိုးကို ကန့်လန့်ဖြတ် အစင်းကြောင်းများဖြင့် အရစ်ရစ် အရစ်ရစ် အလှဆင်ထားပါသည်။ ပုံ(၁၆)ဒီဖိုင်းလက်ရာ မြောက်ဦးခေတ်ကဟန်ရုပ် ဝတ်ဆင်ထုံးဖွဲ့မှာ ရိုးရိုးဝတ်ဆင်ထားပါသည်။ ကဟန်သာ တစ်မျိုးလှပနေသည်ကို တွေ့ရှိရပါသည်။

* * *ပုံ(၁၇)

## ဟန်ချက်ညီစွာ ကနေသည့်ရုပ်

ပုံ(၁၇)မူရင်း ကျောက်ဆစ်ရုပ်ကြွကို ပုံ(၁၆)မူရင်း ကျောက်ဆစ်ရုပ်ကြွ ဘယ်ဘက်တွင် ကပ်လျက် တွေ့ရှိနိုင်ပါသည်။

**ပုံ(၁၇)** မူရင်း ကျောက်ဆစ်ရုပ်ကြွ အမြင့် (၃၅)စင်တီမီတာခန့်၊ အကျယ် (၃၅)စင်တီမီတာခန့်နှင့် ရုပ်ကြွအထူ (၇)စင်တီမီတာခန့် ရှိပါသည်။ ပုံ(၁၇) ဒီဖိုင်းလက်ရာ ကနေသည့် အရုပ် ဆံထုံးမှာ ဘယ်ဘက်တွင် တစောင်းထုံးထားသည်ကို တွေ့ရှိရပါသည်။

နားတွင် နားတောင်းဝန်းကြီး ဝတ်ဆင်ထားပါသည်။ တဘက်ကို လည်ပင်းအောက်တွင်ပတ်၍ ညာဘက်တွင် တဘက် စည်းထားပါသည်။ တဘက်ကို အမြှိတ်အစင်းကလေးများဖြင့် အလှဆင်ထားပါသည်။ ခါးတွင် ခါးကြိုးပတ် ငါးဆင့်ပတ်ထားပါသည်။

ခါးကြိုးဆင့် အပေါ်ဆင့်ကြားမှ ဣန္ဒြေကာပြားကိုကျော့ကာ ဣန္ဒြေကာ သုံးဆင့်ချထားပါသည်။ အောက်နှစ်ဆင့်တွင် ရပ်စောက်အစင်းကြောင်းကလေးများဖြင့် အလှဆင်ထားပါသည်။

အပေါ်ဆင့်ကို ပွင့်ဖတ်သဏ္ဌာန် တွေ့ရှိရပါ၏။ ပုဆိုးကို ခြေချင်းဝတ်ထိ ချဝတ်ထားပြီး ကန့်လန့်ဖြတ် အစင်းကြောင်းကလေးများဖြင့် အရစ်ရစ် အလှဆင်ထားပါသည်။

ကနေသည့်ဟန်မှာ ညာလက်မြှောက်ပြီး ဘယ်ခြေမြှောက်ကာ ဘယ်လက်ချပြီး ညာခြေကနေသည့် ဟန်ချက်ညီ အနေအထား တွေ့ရှိရပါသည်။

**ပုံ(၁၇)** ဒီဖိုင်းလက်ရာ ဝတ်ဆင်ထုံးဖွဲ့မှုမှာ သမားရိုးကျ တွေ့ရှိရသော်လည်း ကနေဟန်မှာ ရခိုင်ရိုးရာ ကဟန် ကကွက်တစ်ခုအဖြစ် ခပ်ဆန်းဆန်းလေး တွေ့ရှိရပါသည်။

**ပုံ(၁၂)**မှ **ပုံ(၁၇)**ထိ လက်ရာများမှာ မူရင်းကျောက်ဆစ်ရုပ်ကြွ တစ်တန်းတည်းလက်ရာများပင် ဖြစ်ပါသည်။

***အနန္တောအနန္တငါးပါးကို ထာဝရ ဦးထိပ်ပန်ဆင် ကန်တော့လျက်...***

**ပန်းချီထူးလှ**
***(ရွှေဟောင်းသုတေသန)***



www.burmeseclassic.com

www.burmeseclassic.com

# ကျော့ပေါက်ဆရာတော်ကြီး ဦးဥတ္တမ

## ၏ နောက်ဆုံးကာလနှင့် ငွေခေါ် အစီအစဉ်

စင်ဒိုင်ယ်

တစ်နေ့တွင် စာတည်းချုပ်က နဂါးရောင်ခြည် မဂ္ဂဇင်းတွင် ကျော့ပေါက်ဆရာတော်၏ ဖြစ်ရပ်ဆန်း ထူးကြွင်းဆက်များအကြောင်း ရေးသားခဲ့သည့် ကလောင်ရှင်နှင့် ပတ်သက်၍ ဤသို့ ပြောသည်။

'သူက ကျော့ပေါက်ဆရာတော်ကို အမြဲမပြတ် ပူဇော် ဖူးမြော်ခဲ့သူဆိုတော့ ထူးခြားတာ တစ်ခုခုရနိုင်တယ်။ ခင်ဗျား သွားတွေ့ကြည့်ပါလား'

ဤသို့လျှင် စာတည်းချုပ်၏ လမ်းညွှန်ချက်အရ မော်လမြိုင်မြို့၊ မုန့်ရပ်ဖေနေ ဆောင်းပါးရှင် ဒေါ်ခင်ဝင်း (ခင်ခင်ဝင်း၊ မောရဝတီ)အား သွားရောက်တွေ့ဆုံဖြစ်ခဲ့သည်။

ဒေါ်ခင်ဝင်းက ကောင်းစွာကြိုဆိုညှိခံ၍ ဆရာတော်ကြီး အသုံးပြုခဲ့သော "လုံ့"များကို သံဖြူပုံးအတွင်းမှ ထုတ်ပြသည်။ ပလတ်စတစ်အိတ်များဖြင့် ကောင်းစွာ ထုပ်ပိုးထား၍ လုံ့ကွဲများလည်း ပါရှိသကဲ့သို့ အသေးဆုံးမှ အကြီးဆုံး လုံ့အထိ အကောင်းပကတိများလည်း ရှိသည်။

'ဆရာတော်ကြီးက "တတ်ထိုးထားတဲ့လုံ့၊ လုံ့ကွဲတွေဟာ ရောဂါအမျိုးမျိုး ပျောက်စေတယ်။ အနူရောဂါကိုတောင် ပျောက်စေတယ်"လို့ မိန့်တော်မူတယ်။ ဖိုရုံနံဘေးမှာ လုံ့ကွဲတွေရော အကောင်းတွေပါ ပြန့်ကျဲနေပေမယ့် ဘယ်သူမှမယူကြဘူး။ ဒါနဲ့ ကျွန်မလဲ ရသလောက် စုဆောင်းထားတယ်' ဟူ၍ ပြောပြသည်။

ဆရာတော်ထံတွင် ရွှေဖြစ်စေသော



သက်တော်ရှည် ကျော့ပေါက်ဆရာတော်ကြီး ဦးဥတ္တမ သက်တော် (၁၀၈)နှစ်

အနီရောင် ဓာတ်လုံးတစ်လုံး၊ ပြဒါးသေစေသည့် အဖြူရောင်ဓာတ်လုံး တစ်လုံးနှင့် ပြဒါးပုတီးတစ်ကုံးတို့ရှိရာ ဆရာတော်ကိုယ်တိုင် ထုတ်ပြသဖြင့် တွေ့မြင်ကိုင်တွယ်ခဲ့ရသည် ဆို၏။

ဆရာတော် ခန္ဓာဝန်ချသောအခါ ဒကာများက ဓာတ်လုံးများကို အလုအယက် ယူငင်ကြရာ မောဓိတထောင် ဆရာတော်ဦးနာရဒက ဆရာတော်ကြီး၏ ဓာတ်လုံးများ၊ ဓာတ်သားများ အားလုံးကို စုစည်းစေသည်။ မြွေခွံအိတ်ခေါ် ပိနန်အိတ်ကြီးနှစ်အိတ်နှင့် တစ်ဝက်ခန့် ရှိသည်။ ယင်းကို ဦးနာရဒက ညီမျှစွာ ခွဲစေခဲ့သည် ဆိုလေသည်။



www.burmeseclassic.com

www.burmeseclassic.com

'ကော့ပေါက် ဆရာတော်ကြီးက သက်တော်(၁၀၀)မပြည့်မီမှာ ဘယ်သူနဲ့မှ အတွေ့မခံ၊ အဖူးအမြော် မခံဘဲ အဂ္ဂိရတ်ကိစ္စကိုသာ အာရုံစိုက်တော်မူတယ်လို့ ကြားရပါတယ်။ ဒါအမှန်ပဲလား'

'ဒီလိုပါ။ ဆရာတော်ကြီး အသက်(၉၀) မတိုင်မီက ဆင်းရဲတယ်။ ဆွမ်းကွမ်း လာဘ်လာဘ နည်းပါတယ်။ ဆွမ်းခံမထွက်၊ သာရေးနာရေးကိစ္စတွေလဲ မကြွတော့ ပရိသတ် ဒါယကာ နည်းတာပါ။ တစ်ပါးနေတဲ့ကျောင်းလေးမို့ ဘယ်သူမှ အရေးတယူ မရှိကြ၊ မလာကြဘူးလေ။

အဂ္ဂိရတ်ထိုးတာ မှန်ပေမယ့် ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း၊ မေတ္တာကမ္မဋ္ဌာန်း၊ အာနာပါနဝိပဿနာကမ္မဋ္ဌာန်းတွေလဲ ဆောက်တည်ပါတယ်။ အဂ္ဂိရတ်မှာတော့ အောင်မြင်သွားပြီပြဒါးသေ ရွှေဖြစ်အောင် လုပ်နိုင်တယ်။ အခု ဖိုထိုးတာက ကျန်းမာရေးအတွက် ဆေးဖော်ဖို့အတွက်ပါလို့ မိန့်တော်မူပါတယ်'

'ရွှေဖြစ်အောင် ထိုးနိုင်လို့ လာဘ်လာဘ ပေါလာတာများလား'

'ကျွန်မ တိတိကျကျ မသိပါဘူး။ သက်တော်(၉၀)လောက်မှာ ဆရာတော်ကြီးက **"တပည့်တော်ရဲ့ ရှစ်နာမ်နှစ်ပါးကို သာသနာ့တော်အား အပ်နှင်းပါတယ်"**ဆိုပြီး ဆွမ်းဟင်းမရရင်လဲ ရေဆမ်းပြီး ဘုဉ်းပေးရာက လှူလို့မကုန်နိုင်အောင် ရလာတယ်။

ကျွန်မက မော်လမြိုင်ဈေးကြီးမှာ ဆိုင်ဖွင့်ထားတာဆိုတော့ ကော့ပေါက်ကျောင်းကို နေ့တိုင်းရောက်တယ်။ တစ်ခါတလေ မနက်အစောကြီး ရောက်သွားရင် စားပွဲပေါ်မှာ ငွေစက္ကူငါးရာတန် တစ်သိန်းထုပ်တွေ ရောက်နေတာ တွေ့ရတယ်။

လှူတဲ့ ဒကာနဲ့တော့ မတွေ့ဖြစ်ပါဘူး။ ဆရာတော်က အဲဒီငွေတွေကို သိမ်းမထားပါဘူး။ လှူသင့်တဲ့ နေရာတွေမှာ ပြန်လှူပစ်လိုက်ပါတယ်'

'ဆရာတော်ကြီးက ဆေးဖော်ဖို့အတွက် ဖိုထိုးတယ်လို့ ပြောခဲ့တယ်နော်၊ ဘာဆေးများလဲ'

'ဆရာတော်ကြီးက **အသက်ရှည်ဆေး**လို့ ပြောပါတယ်။ ဒေါ်ပြုံးဆိုတဲ့ အမျိုးသမီးက ဆေးချက်တဲကလေးမှာ သုံးရက်လောက်ကြာအောင် ချက်ရတယ်။ ဆရာတော်ညွှန်တဲ့ ဆေးရွက်တွေကို ဒေါ်ပြုံးကပဲ ရှာပေးရပါတယ်။ **အဲဒီဆေးရွက်တွေနဲ့ ဆရာတော် ဖိုထိုးထားတဲ့ ပြဒါးကို အချိုးကျ ရောစပ်ပြီး မြေအိုးထဲထည့် မီးဖုတ်ရတာပါ။**

အဲဒီက ရလာတဲ့ ဆေးပြာတွေကို ဟင်းသောက်ဇွန်း တစ်ဇွန်းစာလောက် ရှိမယ် ထင်တယ်။ အထုပ်ကလေးတွေ ထုပ်ထားတယ်။ ဆေးပြာတစ်ထုပ်ကို ပျားရည်တစ်ပုလင်းနဲ့ ရောပြီး မြေပဲဆန် (၇)စေ့စာလောက် လျက်ပေးရတယ်။

ဆရာတော်ကြီးကိုယ်တိုင် ဘုဉ်းပေးသလို တပည့်ဒကာတွေကိုလဲ စားစေတယ်။ ဆေးထုပ်နည်းနည်းတောင် ကျန်သေးတယ်ထင်ပါရဲ့၊ အသိမ်းလွန်ပြီး ရုတ်တရက် ရှာလို့မတွေ့ဘူး ဖြစ်နေတယ်'

'ပါဝင်တဲ့ ဆေးမည်၊ အချိန်အဆတွေကော သိရသလား'

'အစကတော့ ဒါကို ကျွန်မလဲ စိတ်ဝင်စားတယ်။ ဆရာတော် ခန္ဓာဝန်ချပြီးတဲ့နောက် ဒေါ်ပြုံးနဲ့တွေ့လို့ ဆေးညွှန်းတောင်းကြည့်တယ်။ ဆေးညွှန်းတော့ မပေးဘူး။ သူဖော်ထားတာ ရှိတယ်ဆိုပြီး သုံး,လေးထုပ် ရောင်းပေးတယ်။ ဒါပေမယ့် ဒေါ်ပြုံးကြည့်ရတာ ကျန်းမာပုံမရဘူး။

ကျွန်မ ထင်ထားတာက ဆရာတော်ကြီးဟာ ဒီဆေးတွေ ဘုဉ်းပေးလို့ အသက်(၁၀၈)နှစ်ထိအောင် နေပြီး ကျန်းမာရေး ကောင်းတယ်။ ကျွန်မလဲ အသက် (၆၈)နှစ်ရှိပြီ။ ရောဂါဝေဒနာကြီးကြီးမားမား မဖြစ်ဘူး။ ဆေးထိုးဆေးစားရတာလဲ မရှိဘူး။ ဒီဆေးကြောင့်လို့ပဲ ထင်မိတယ်။

**[ဒေါ်ခင်ဝင်းမှာ အသက်(၇၀)နီးပြီဖြစ်သော်လည်း ကျန်းမာဖျတ်လတ်၍ ရုပ်ရည်မှာ (၅၀)ကျော် (၆၀)နီးပါးဟုသာ ထင်ရပေသည်။ ဓာတ်ပုံမှတ်တမ်းပြုရာတွင် သူ၏ မေတ္တာရပ်ခံမှုကြောင့် မဖော်ပြနိုင်ခဲ့ပါ။]**

ကျွန်မထက် အသက်ငယ်တဲ့ ဒေါ်ပြုံးဟာ လွန်ခဲ့တဲ့ (၅)နှစ်လောက်က အသက်(၆၀)မပြည့်ခင်မှာ ကွယ်လွန်သွားပါတယ်။ မကွယ်လွန်မီ သူ့ရဲ့ ချို့ယွင်းနေတဲ့ ကျန်းမာရေးအခြေအနေကြောင့် ဆေးနည်းကို မပေးဖြစ်တော့ပါဘူး'

ဒေါ်ခင်ဝင်းက အသက်ရှည်ကျန်းမာမှုတွင် ဆေးတစ်ခုတည်းသာမက **အကျင့်စရဏနှင့်လည်း ပတ်သက်ကြောင်း** ပြောလိုခြင်း ဖြစ်ဟန်ရှိလေသည်။

### ဆရာတော်၏ နောက်ဆုံးကာလ

ကော့ပေါက်ဆရာတော်ကြီး ခန္ဓာဝန်ချသည့်အကြောင်းကို မေးမြန်းရာ ဒေါ်ခင်ဝင်းက ဤသို့ ပြောပြသည်။

'၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာလ ရောက်တော့ ဆရာတော့်ကျန်းမာရေး ကောင်းပုံမရပါဘူး။ ပြင်းထန်တဲ့ ရောဂါဝေဒနာမရှိပေမယ့် အားနည်းနေတယ် ထင်ပါရဲ့။ ဆရာတော့်အနားမှာ မငွေကြည်ဆိုတဲ့ မိန်းကလေးတစ်ယောက်ပဲ ပြုစု





www.burmeseclassic.com

ကြုံရတယ်။

သူက ဆရာတော်ကြီးရဲ့ မယ်တော် "**ဒေါ်ကွန်ဘု**"ကွယ်လွန်ပြီး ဝင်စားတဲ့ သူလို့ ဆိုပါတယ်။

ဆရာတော် ပျံတော်မမူခင် တစ်ရက် (၉-၁၂-၂၀၀၃)ရက်နေ့မှာ ဆရာတော် ကျောင်ပေါ်ထိုင်နေတုန်း မဝင်းကြည်က အင်းပိုင်စကို မသိမသာ လှစ်ဟပေး တော့ အသင့်စောင့်နေတဲ့ ဆရာဝန်က ချက်ခနဲ ဆေးထိုးလိုက်ပါတယ်။

ဆရာတော်ကြီးက အသက်(၁၀၈) နှစ်ရှိပေမယ့် အင်္ဂလိပ်(အနောက်တိုင်း) ဆေးသုံးစွဲမှုမရှိပါဘူး။ ဆေးထိုးဆေး စားခြင်း မပြုဘူး။ ဆရာဝန်တွေနဲ့ စေတနာအများထင်ပါရဲ့။ မဝင်းကြည်နဲ့ တိုင်ပင် ပြီး အခုလို လျှပ်တစ်ပြက်ဆေး ထိုးလိုက်တယ်။

အဲဒီအခါ ဆရာတော်ကြီးက မဝင်း ကြည်ကို လွှဲရိုက်ပစ်လိုက်တာ လည်ပင်းက ဆွဲကြိုးတောင် ပြတ်ထွက် သွားတယ်။

ကျွန်မတို့က ဒကာမအရင်း ဆိုပေ မယ့် အဲဒီလောက် နီးနီးကပ်ကပ် ပြုစု ခွင့်မရဘူး။ မလှမ်းမကမ်းက ကြည့်နေ ရတာပါ။ ဆရာတော် ဒီလိုဖြစ်တာ တစ်ခါမှ မမြင်ဘူးတော့ မှင်တက်မိနေ ကြတယ်။

အဲဒီအချိန်ကစပြီး ဆရာတော် မာန်လျှော့လိုက်တယ်လို့ ယူဆရတယ်။ **"ငါ့ကို တရားဟောပလ္လင်ဆီ ပို့ပေး ကြ"**လို့ မိန့်တော်မူတယ်။ အားနည်း တော့ အစိုးရိမ်ကြီးကြတဲ့ တပည့်ဒကာ တွေက မပို့ပေးကြဘူး။

ဒါနဲ့ ဆရာတော်ကြီး နောက်ဆုံး ဩဝါဒကိုတောင် မိန့်တော်မမူရဘဲ နောက်နေ့ **(၁၀-၁၂-၂၀၀၃)ရက်နေ့ နံနက်(၁၁)နာရီ (၂၀)မိနစ်မှာ ခန္ဓာ ဝန် ချတော်မူခဲ့တယ်။**

ဆရာတော်ကြီး ဖိုထိုးရင် ဖားဖို အမြဲဆွဲပေးရတဲ့ "**ကော့မုပွန်**"ဆိုတာ ရှိတယ်။ ဆရာတော်က ကျွန်မတို့ကို နာမည်ခေါ်လေ့မရှိဘူး။ ကျွန်မက "မုပွန်"ရပ်ကွက်မှာနေလို့ "မုပွန်"လို့ ခေါ်တယ်။ သူက "ကော့မုပွန်"မှာ နေလို့ အဲဒီလို ခေါ်တာပါ။

**(၁၄-၁၂-၂၀၀၃)နေ့မှာ** ကော့ ပေါက်ဆရာတော်ရဲ့ ရုပ်ကလာပ်တော် ကို မီးသဂြိုဟ်မယ်လို့ ဆုံးဖြတ်ကြတော့ "ကော့မုပွန်"က အပြင်းအထန် ကန့်ကွက်တယ်။

သူ့မှာလဲ ဆရာတော် မိန့်မှာထား တာ တစ်ခုခုရှိမှာပေါ့။ ကျွန်မလဲ သဘောမတူဘူး။ ဒါပေမယ့် အရေး မပါလို့ အရာမထင်ခဲ့ပါဘူး။

**(၁၄-၁၂-၂၀၀၃)ရက်နေ့** မွန်းလွဲ (၁)နာရီမှာ ရုပ်ကလာပ်တော်ကို ကျိုက်မရော ပိန္နဲကုန်းသုသာန်ကို ပင့်ဆောင်ပြီး တေဇောဈာပနသဘင် ကျင်းပ ပူဇော်ကြတယ်။

**[ထိုအချိန်တွင် မြေနီကုန်း သုသာန်အား ဖျက်သိမ်း၍ မော်လ မြိုင်(မြောက်)ဘူတာနှင့် အဝေးပြေး မော်တော်ယာဉ် ရပ်နားကွင်းများ အဖြစ် ပြောင်းလဲကာ သုသာန်ကို ကျိုက်မရောမြို့နယ်၊ ပိန္နဲကုန်း ကျေးရွာအနီးသို့ ပြောင်းရွှေ့ပြီးစ အချိန် ဖြစ်သည်။]**

မီးသဂြိုဟ်တော့ ကျတဲ့ဓာတ်တွေကို နှစ်စုခွဲပြီး မုံရွာ ဗောဓိတထောင်မှာ ကော့ပေါက် လွမ်းစေတီတစ်ဆူ၊ မုပွန် မြို့သစ် အမှတ်(၅)ဘုန်းတော်ကြီးသင် ပညာရေးကျောင်းဝင်းမှာ တစ်ဆူ ဌာပနာသွင်း တည်ထားကြတယ် ဆိုပါ တယ်။

ဆရာတော် ခန္ဓာဝန်ချပြီးတဲ့ည ကျွန်မလဲ ကျောင်းမှာ စောင့်အိပ်တယ်။

လာဖူးကြတဲ့လူတွေ တစ်ညလုံး မပြတ် ဘူး။ အစုလိုက် အဖွဲ့လိုက် လာကြတာ။ ညဉ့်နက်သန်းခေါင် မိုးသောက် အရုဏ် တက်တဲ့အထိ ဒီလောက်များတဲ့ လူ တွေ ဘယ်က ဘယ်လို ရောက်လာ ကြတယ် မသိပါဘူး။

ကိုးကွယ် လေးစားတဲ့ ဆရာတော် ဖြစ်တော့ ဖြေမဆည်နိုင်အောင် ဖြစ်ရ တယ်။ ဘုရားဖူး ခရီးသွားတယ်ဆိုတာ ပိုက်ဆံဖြုန်းတာပဲ။ အိမ်က ဘုရား တောင် ဆွမ်းမှန်မှန်မကပ်ဘဲ ဘုရား ဖူးသွားတဲ့သူဟာ ဘုရားစကား နား ထောင်တဲ့လူ မဟုတ်ဘူးတဲ့။

ဆွမ်းဘုဉ်းရာမှာလဲ ဒကာတွေ အားလုံး ကျေနပ်ရအောင် နည်းနည်းစီ စေ့ငှအောင် ယူပြီး ဘုဉ်းပေးပေမယ့် **"မင်္ဂလာဆွမ်းပါဘုရား"**လို့ပြောပြီး ကပ်ရင် အဲဒီဆွမ်းကို မဘုဉ်းဘူး။

နန္ဒမင်းသား မင်္ဂလာဦးဆွမ်းကျွေး တော့ မြတ်စွာဘုရားက ဆွမ်းမဘုဉ်းဘဲ မင်းသားကို သပိတ်ကမ်းပေးပြီး ပြန် ကြွလာတာကို မိန့်ကြားလေ့ရှိပါတယ် ဆိုတာတွေပေါ့လေ တွေးတွေးပြီး တစ်ညလုံး အိပ်မပျော်ခဲ့ဘူး'

'ဆရာတော် ပျံလွန်တော်မူတော့ ဒေါ်ခင်ဝင်းရော ဓာတ်လုံးတွေ မရ လိုက်ဘူးလား'

'ကျွန်မက ဆရာတော်ကို တပည့် ဒါယကာတွေအပေါ် အယုတ်အလတ် အမြတ်မရွေး အဆင့်အတန်း မခွဲခြား ဘဲ တန်းတူမေတ္တာထားလို့ ကြည်ညို ကိုးကွယ်တာပါ။

ဘာရပါစေဆိုပြီး စိတ်ထဲမထားဘဲ တတ်နိုင်သလောက် လှူဒါန်းပါတယ်။ အခုအချိန်ထိ တန့်နုံ့ ခံစားရတာ ရှိတယ်။ ပျံတော်မူဖို့ (၆)လလောက် အလိုမှာ ဆရာတော်ကြီးက...

"ငါ နိဗ္ဗာန်မယူဘူး။ အရိမေတ္တေယျဘုရား

www.burmeseclassic.com

ရှင်ထံမှာ အလုပ်လုပ်ရဦးမယ်။ အခု အစမ်း ပုံတော်မူကြည့်မယ်"

လို့ မိန့်ပြီး ရယ်ရပါတယ်။ မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်ပြုမယ် ဆိုတာကို ညီတော်အာနန္ဒာ တားနိုင်ရဲ့သားနဲ့ မတားဖြစ်ခဲ့တာတွေးပြီး ဆရာတော်ကြီး ဒီလို မိန့်တဲ့အချိန်မှာ ကျွန်မ တားခဲ့သင့်တယ်လို့ စိတ်မကောင်း ဖြစ်ရတယ်။

ပုံတော်မူပြီးနောက်ပိုင်းမှာ ကြည်ညို လေးစားတဲ့ ဆရာတော်တစ်ပါးကို လျှောက်ကြည့်တော့ ပြဟ္မာ့ဘုံရောက် နေတယ်လို့ မိန့်ပါတယ်'

ထို့နောက် ဒေါ်ခင်ဝင်း မှတ်တမ်း စာအုပ်တစ်အုပ်ကို ယူပြပေးသည်။


## ငွေခေါ်အာစီအရင်

'ကော့ပေါက် ဆရာတော်ကြီးက အဲဒီလိုမိန့်ပြီး **(၂၇-၆-၂၀၀၃)ရက် နေ့**မှာ အိပ်မက် မက်တယ်။ ဆရာတော်ကြီးက...

"နငယ်ကို ဒီလို ခြေထောက်ရှည်ရှည် ကလေး ရေးရတယ်"

ဆိုပြီး စာရွက်ရှည်ပေါ်မှာ ရေးပြတယ်။

* * *



နောက်တော့ တစ်ထောင်တန်ကျပါစေလို့ ပြောပြီး ကတ်ကြေးနဲ့ လိုက်ညှပ်လိုက်တော့ ငွေစက္ကူတစ်ထောင်တန် ဖြစ်သွားတယ်။

ဒီလိုနဲ့ အပိုင်းပိုင်း ညှပ်လိုက်တာ ကြမ်းပြင်ပေါ်မှာ တစ်ထောင်တန် ငွေစက္ကူတွေ ဖွေးဖွေးလှုပ်နေတာပဲ။ အဲဒီတုန်းက တစ်ထောင်တန်က အကြီးဆုံး ပဲလေ။

ငွေကြေးလိုအပ်တဲ့ အချိန်မှာ ဒီအတိုင်း လုပ်ကြည့်တော့ အဆင်ပြေတာ တွေ့ရတယ်။ ဒီအကြောင်းတွေ ဆရာတော်ကြီးကို လျှောက်တော့ ပြုံးပြီး "ဒေါ်လာ"လိုချင်ရင် "ဒိုင်ယာနာ"ကို ဆောင်ထားလို့ မိန့်ပါတယ်။

ဒါကြောင့် မဂ္ဂဇင်းမှာပါတဲ့ ဒိုင်ယာနာပုံကို ညှပ်ပြီး မှတ်စုစာအုပ်ကြား ထည့်ထားတယ်။ အခု အလုပ်က အနားယူပြီး စာကလေးရေးရင်း သာသနာရေး လူမှုရေးတန်းရေးလောက်တော့ အဆင်ပြေပါတယ်။

ဒေါ်ခင်ဝင်းက ဤအစီအစဉ်ကို ပြုလုပ်ရာ၌(အိပ်မက်တွင်း) ဆရာတော်ကြီး ညွှန်ပြသကဲ့သို့ ကတ်ကြေးဖြင့် ဖြတ်ခြင်း မပြုပါ။

ပြတ်သည်ဟူသော ကြိယာသည် တစ်ဆက်တည်းရှိရာမှ တစ်ပိုင်းစီ ဖြစ်သွားသည်။ 'တစ်ဆက်တည်း မဟုတ်ဘဲ အကြား၌ လပ်နေသည်။ အဆက်အဆံ ရပ်စဲသည်၊ အဆက်အသွယ်မရှိဖြစ်သည်၊ ကုန်သွားသည်၊ ကုန်ပျောက်သည်၊ ပြီးစီးသည်ဟူသော အနက်များ ဆောင်လေရာ ကလောင်ဖြင့် ကန့်လန့်ဖြတ်မျဉ်း ခြစ်သားခြင်း ဖြစ်သည်။

ဆရာတော်ကြီးက အိပ်မက်ဖြင့် အသိပေးခြင်းဖြစ်၍ နာမ်သဘောရှိလေရာ(ရုပ်အားဖြင့်) ကိုယ်ထိလက်ရောက် ဖြတ်တောက်မှု မပြုခြင်းဖြစ်သည်။

'နောက်(၆)လအကြာ ၂၀၀၃ ခုနှစ် ဒီဇင်ဘာလ ဆရာတော်ကြီးရဲ့ ရုပ်ပန်းပွဲမှာ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း နယ်လှည့်

အယ်ဒီတာဆီကရတဲ့ ဆရာတော်[...] လက္ခဏာပုံစံရယ်၊ န,ငယ်ကို ကန့်[...] ဖြတ်မျဉ်းခြစ်ထားတာရယ်ကို မိတ္တူ[...] ပွဲဒါနပြု ဖြန့်ဝေပေးပါတယ်။ ဒါပေ[...] ဘယ်သူမှ အရေးတယူ မေးမြန်းတာ မ[...] ဘူး။

အခု ဆရာက လာရောက် တွေ့ဆုံမေး[...] တာမို့ ပထမဦးဆုံး အကြိမ် "ဖြတ်[...] မယ်'

ဒေါ်ခင်ဝင်းက နငယ်စာလုံး [...] ထားသော စာရွက်ရှည်ကို ဆရာ[...] ကြီးက ကတ်ကြေးဖြင့် ဖြတ်ပြ[...] သရုပ်ပြလေသည်။

ဤအစီအရင်ကို ကော့ပေါက်ဆ[...] တော်ကြီးအား ကြည်ညို လေးစ[...] မည်သူမဆို ပြုလုပ်၍ အကျိုး[...] နိုင်ကြောင်း သိရ၏။

## ဆရာသခင်၏ အဆိုအမိန့်

ဒေါ်ခင်ဝင်းအား နှုတ်ဆက်၊ [...] စကားဆို၍ ပြန်လာပြီးနောက်[...] (န)နငယ်ဟူသော ဗျည်းနှင့် ပတ်[...] ၍ ကျွန်ုပ်၏ ဆရာသခင် **ဘဒ္ဒန္တ[...] ဒီပ (ပေါင်မြို့၊ ဘုရားကြီးကျေ[...] တိုက် ဆရာတော်)** မိန့်ကြားတော်[...] ခဲ့သည်များကို ပြန်လည် သုံးသ[...] သည်။

* * *



'(မွန်)မြန်မာ လောကီပညာ[...] န,ငယ်ကို ပိတ်ဆို့ထားတဲ့ [...] အောင် အောက်ခြေက [...] တည်း ရစ်ပိုက်ထားတဲ့ ,ငယ်[...]



www.burmeseclassic.com

www.burmeseclassic.com

နှ,ငယ် နားကင်းပိတ်၊ နှ,ငယ်နပင်းပိတ် လို့လဲ ခေါ်ကြတယ်။ ဏ,ကြီးနဲ့ နှ,ငယ် လို့ ရှိရာမှာ ဏ,ကြီးက ဘယ်ညာ ညီမျှတယ်။ နာယကဂုဏ်နဲ့ ပြည့်စုံ တယ်။ ဒါကြောင့် ကြီးလေးကြီးထဲမှာ အလေးထားပြီး သုံးကြတယ်။ (က၊ ဃ၊ ဏ၊ ၉)

နငယ်ကျတော့ ငယ်ရွယ်သူ သဘာဝအလျောက် လှုပ်ရှားတက်ကြွ တဲ့သဘော ဆောင်တယ်။ နငယ်ကို ရေးရင် အောက်ဘက်ကို ဦးတည်တာ ကြောင့် လောကီကာမဂုဏ်နဲ့ ဆက် နွယ်တဲ့သဘောရှိတယ်။ **(မ ကလေး ညိုတိုတို၊ ဝ ဝမ်းထဲမှာရို၊ နငယ် လှုပျိုသိုး နကလေးနဲ့ထိုး)**ဆိုပြီး ဖောင်ကပ် လက်ဖွဲ့ဆိုင်ရာ ဂါထာရှိ တယ်။

ဒါက တပည့်တော်တို့ ရဟန်းသံဃာ တွေနဲ့ မသင့်လျော်ဘူး အရှင်ဘုရား။ လူ့လောကရောက်မှ **"ဖောင်ကပ် လက်ဖွဲ့"**အကြောင်း ဆက်ပြီး လေ့ လာပါ။ အပြောအဆို အောင်မြင်စေတဲ့ အစီအရင်ပါ။

* * *



တပည့်တော်ပြောချင်တာက နငယ် နားပင်းပိတ်က အပိတ်အဆို့ ကောင်း တယ်။ ကာယသိဒ္ဓိပြီးတယ်။ ဝက်စွယ် နားပင်းပိတ် စတဲ့ ဂမ္ဘီရပစ္စည်းတွေကို အကာအကွယ်၊ အပိတ်အဆို့အတွက် စီရင်နိုင်တယ်။

ပိတ်ဆို့ကာကွယ်တယ် ဆိုတဲ့ အတိုင်း ဘေးရန်အန္တရာယ်တွေ ပိတ်ဆို့ ကာကွယ်သလို လာဘ်လာဘ တွေ၊ ချစ်ခင်နှစ်သက်မှုဆိုင်ရာ လောကီ ကိစ္စ၊ စုတ်လာဘ်တွေလဲ ပိတ်စေ တယ်။


အဲဒါနဲ့ ပြောင်းပြန် နှ,ငယ်ကို မပိတ် ဘဲ ဘယ်,ညာ တစ်ဖက်ဖက်ကို ယောင် ယောင်လေး ရေးဆွဲရင် စုတ်လာဘ် ပွင့်စေပါတယ်။

* * *



**ဘယ်ဘက်ဦးတည်ရင်** ၄ နဲ့ ၅ ပုံစံရှိတယ်။ ရုပ်သဘောအရ ၄ ဗုဒ္ဓဟူး နဲ့ ၅ ကြာသပတေးက ၄ + ၅ = ၉= ရုပ်နဝင်း။ နာမ်သဘောအရ ဂြိုဟ် သက်ပေါင်းရင် ၁၇ + ၁၉ = ၃၆ = နံ့နဝင်း=ပါပနဝင်း။

* * *



**ညာဘက်ဦးတည်ရင်** ၄.၇ ပုံစံရှိ တယ်။ လံတေ(၄.၇) အောင် ဓာတ် ဆောင်တယ်။ နာမ်သဘောအရ ဂြိုဟ် သက်ပေါင်းတော့လဲ **ဗုဒ္ဓဟူး+စနေ**= ၁၇+၁၀=၂၇= နံ့နဝင်း= သောမနဝင်း။

**ပါပနဝင်းက** လှုပ်ရှားပြောင်းလဲ



ခြင်း၊ **သောမနဝင်းက** တည်ငြိမ် မြဲမြံခြင်းသဘော ဆောင်ပါတယ်'

ဟု မိန့်မှာတော်မူခဲ့လေသည်။

သို့ဖြစ်လေရာ ကော့ပေါက်ဆရာ တော်ကြီး၏ ငွေခေါ်အစီအစဉ်ကို လိုက်နာဆောင်ရွက်ပါက...

'မိမိ၏ ရှိပြီး ရှိဆဲ စည်းစိမ်ဥစ္စာ ဓနငွေကြေး များမှ တိုးတက် ပွားများလိုခြင်း (လှုပ်ရှား ပြောင်းလဲလိုခြင်း)အတွက် ပါပနဝင်းဆိုင်ရာ နငယ် နှ ကို အသုံးပြု၍...

ရှိပြီ စည်းစိမ်ဥစ္စာ ဓနငွေကြေးများ မယုတ် မလျော့ ပြန့်လည်ရရှိဖြစ်တည်ရေး (တည်ငြိမ် မြဲမြံလိုခြင်း)အတွက် သောမနဝင်းဆိုင်ရာ နငယ် နှကို အသုံးပြုသင့်ပါသည်'

ဟု အကြံပေး တင်ပြအပ်ပါသည်။

မိမိဖြည့်ဆည်းအပ်သော ဒါန ကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာ ကုသိုလ်များက ကောင်းစွာ ပံ့ပိုး ကူညီ ပေးနိုင်ပါလိမ့်မည် သံဃာ့ဂုဏ်တော်ကို ကိုးစားကြည်ညို၍ အကျိုးရှိစွာ အသုံး ပြုနိုင်ကြပါစေ။

**ဖင်ညိုငယ်**



www.burmeseclassic.com

www.burmeseclassic.com



လွမ်းစေတီသရာချစ်၏

# မြွေမှော်ကျင့်စဉ်

ဇော်ငြိမ်း (LL.B)



ပဲခူးမြို့၊ ဝမ်းဘဲအင်းကျေးရွာရှိ ဒေးစွန်ပါဘုရားလမ်းမှဝမှ ဘုရားတောင်ခြေသို့ အသွားလမ်း ဝဲဘက်၌ သာသနပြုစခန်းသစ်တစ်ခု တွေ့ရ၏။

လမ်းဝမှ တစ်မိုင်ကျော်ခန့်တွင် ဖြစ်သည်။ ရောမလှေကြီးတစ်စင်းပေါ်၌ ဦးနှင့်ပဲ့တွင် ဝိဇ္ဇာပုဂ္ဂိုလ်တစ်ပါးစီ၏ ရုပ်တု ရှိသည်။ လှေဝမ်းအလယ်၌ စေတီငယ်တစ်ဆူကို ဖူးတွေ့ရ၏။

**'ဈေးသိပ်ပြည့်တော်ဝင် ရွှေဘောင်ခံကာင် သိမ်းစေတီ'**

ထိုစေတီငယ်အနီး လှေဝမ်းထဲ၌ပင် အဓိဋ္ဌာန်ဂူတစ်လုံး တည်ဆောက်ထားသည်။ အာရုံခံတန်ဆောင်းသဖွယ် ဖြစ်၏။

'အရှင်မွေးနေ့ချင်းကြီး တတ်နန်းရိပ်သာ'

ရောမလှေကြီးနှင့် မနီးမဝေး၌ မွေ ရိပ်သာဟု ယူဆရသော တိုက်တစ်လုံး ရှိလေသည်။

သာသနာပြုပုဂ္ဂိုလ်မှာ **သနပ္ပင်မြို့နယ်၊ ကမာစဲရွာမှ ဆရာဦးထင်အောင်ဆိုသူဖြစ်၏။** တိုင်းရင်းဆေးဆရာကြီးတစ်ဦးအဖြစ် အသက်မွေးလျက်ရှိကြောင်း သိရပါသည်။

'ကျွန်တော့် အသက်(၂၁)နှစ်လောက်က သနပ္ပင်မြို့နယ်၊ တာဝကျေးရွာက ဆေးဆရာကြီး ဦးသိန်းအောင်ထံမှ ဆေးပညာ သင်ယူဆည်းပူးခဲ့ပါတယ်။

အဓိက သင်ယူခဲ့တဲ့ ပညာရပ်က "မြွေမှော်" ဖြစ်ပါတယ်။ အချိန်ကာလ (၁)နှစ်ကျော်ကြာပါတယ်။ ၁၃၅၀ ပြည့်နှစ်ကမှ စွေ့နှံပါ



www.burmeseclassic.com

www.burmeseclassic.com

တောင်ခြေကို ရောက်ပါတယ်။

မယ်တော်ကြီး ဒေါ်ဂုဏာစာရီရဲ့ အဆောင် ဆောင်မှာ အခုလက်ရှိအဆောင်ကို ၁၉၅၂ ခုနှစ်မှာ ဆောက်ခဲ့တာပါ။ ၁၉၅၆ ခုနှစ်မှာ မဂ္ဂင်ဖောင်ကိုယ်စားပြု ရွှေဖောင်စံစေတီ တည်ထားပါတယ်။ အဓိဋ္ဌာန်ဂူထဲမှာ ပထမံ ရုပ်စမတွေနဲ့ စီရင်ထားပါတယ်။

**ရေစကြိုမြို့နယ်၊ မြေတော်မင်း ကျောင်း ဆရာတော်ဦးဇာဂရထံမှာ ဆည်းပူးသင်ယူခဲ့တာပါ။** ဒီအဓိဋ္ဌာန် ဂူမှာ တရားအားထုတ်သူဟာ နိဗ္ဗာန် မဂ်ဖိုလ်ရောက်ရာရကြောင်း တရားထူး များ အချိန်တိုတိုနဲ့ သိမြင်ရရှိနိုင်ပါစေ ဆိုတဲ့ ရည်ရွယ်ချက်ထားပါတယ်။

ဒေးစွန်ပါတောင်ခြေကို ကျွန်တော် ရောက်တဲ့အချိန်ကစပြီး ခုချိန်ထိပေါ့ လေ။ ကျွန်တော့်ထံကို အကြောင်း အားလျော်စွာ ရောက်ရှိလာကြတဲ့ ရောဂါဝေဒနာ ခံစားရသူတွေကို စေတနာရှေ့ထားပြီး ကုသကယ်တင် ပေးပါတယ်'

'ဆရာဦးထင်အောင် သင်ယူခဲ့တဲ့ မြွေမှော်ပညာဆိုတာ ရှင်းအောင် ပြော ပြပါဦး'

'ကျင့်စဉ်တစ်ခုပါပဲ။ သမ္မုဒ္ဒေဂါထာ တော်ကို တစ်ပိုဒ်လုံးဆုံးအောင် နှုတ်က ရွတ်ဆိုပြီး ပုတီးတစ်လုံးချရတယ်။ နေ့စဉ် တစ်ရက်မှာ အနည်းဆုံး (၉) ပတ် အဓိဋ္ဌာန်ယူပြီး ထိုင်ရာမထ စိပ် ရပါတယ်။

**အချိန်ရရင် ရသလောက် (၉)ပတ်၊ (၁၀) ပတ်၊ (၂၇)ပတ်စသဖြင့် နဝင်းကျေ အဓိဋ္ဌာန်သတ်မှတ်ပြီး (၁၀)ရက်တိတိ မှောက်မကွက် စိပ်ပြီးရင် ပုတီးတစ်ခွင် ပြီးစီးပါတယ်။**

တစ်ရက်တန်သည်၊ နှစ်ရက်တန် သည် ဒါမှမဟုတ်လဲ သင့်လျော်သလို အားရက်ယူပြီး နောက်(၁၁)ရက် ပုတီး တစ်ခွင်ပြန်စပေါ့။



ပုတီးလုံးရေ စုစုပေါင်း(၅၂၂၀၂၈) ပြည့်အောင် စိပ်ပြီးရင် အဓိဋ္ဌာန် အောင် မြင်ပါတယ်။ ပုတီးစိပ်ရာမှာ ထိုင်ပြီး စိပ်လို့ရသလို အိပ်ရင်းလဲ စိပ်နိုင်တယ်။ လမ်းလျှောက်ရင်း၊ ခရီးသွားရင်းလဲ စိပ်နိုင်တယ်။ ဂါထာတော်ကို နှုတ်က ရွတ်ချင် ရွတ်၊ စိတ်နဲ့ ရွတ်ချင် ရွတ်ရပါ တယ်။

အဓိဋ္ဌာန် မအောင်မချင်း သက်လွတ်စား ရပါတယ်။ အဓိဋ္ဌာန်အောင်မြင်ပြီးသူဟာ မြွေဆိပ်ကို လက်နဲ့ သပ်ချရုံနဲ့ ကုနိုင်ပါတယ်။ မြွေဆိပ်ကို ဆက်မတက်ဖို့ အာရုံညွှတ်ပြီး စိတ်နဲ့ တားဆီးနိုင်ပါတယ်။ ဘာဆေးမှ တိုက်ဖို့ မလိုပါဘူး။

ဒါပေမယ့် အရောင်အရမ်းဒဏ် ကျေဖို့ နှမ်းဆီနဲ့ နနွင်းမှုန့်ချက်ပြီး လိမ်းစေပါတယ်။ မြွေကိုက်ခံရသူဟာ မြွေကိုက်ခံရပြီး (၃,၄)ရက်ကြာမှ လာ ခေါ်သူမဟုတ်ရင် ဒီဌပျောက်ကင်းနိုင် ပါတယ်။

နောက်ပြီး အမျိုးသမီးများအနေနဲ့ ဓမ္မတာလာချိန်မှာ မြွေကိုက်ခံရရင် အမြန်ဆုံး ဆေးကုသမှု ခံယူဖို့လိုပါ တယ်။

**နောက်ကျခဲ့ရင်တော့ မြွေဆိပ်ကြောင့်** **မဟုတ်ဘဲ မွေ့တာသေချာပြီး အသက်ဆုံးရှုံး ရတတ်ပါတယ်။**

မြွေမှော်ကျင့်စဉ်ကို အားထုတ်မယ့် ပုဂ္ဂိုလ်ဟာ သီလလုံခြုံဖို့တော့ အထူးလို အပ်ပါတယ်။

မြွေမှော်ကျင့်စဉ် အားထုတ်သူဟာ မြွေသား မစားရ၊ မြွေကို မညှဉ်းဆဲရ၊ မြွေကို ဖမ်းပြီး အလမ္ပာယ်မပြရ၊ မြွေကို မကျော်ရ ဆိုတဲ့ တားမြစ်ချက်တွေကို လိုက်နာစောင့်ထိန်းရပါမယ်။

အဓိဋ္ဌာန်ဝင်နေစဉ်ကာလမှာ မြွေကို ကျော် မိ၊ နင်းမိရင် အဆိပ်ရှိမြွေ ဖြစ်စေ၊ အဆိပ် မရှိတဲ့မြွေဖြစ်စေ အဓိဋ္ဌာန်ပျက်ပါတယ်။ အစ က ပြန်စဖို့ လိုပါပြီ။

ထူးဆန်းတာတစ်ခုက အဲဒီလို အဓိဋ္ဌာန်ဝင်လို့ အောင်တော့မယ်ဆိုရင် **အဓိဋ္ဌာန်ပျက်စေမယ့် အကြောင်း တွေ မကြာခဏ ကြုံတွေ့ရတတ် တယ်။** အထူး သတိထားဖို့ပါ။

**ဒီမြွေမှော်ပညာဟာ ဆရာကြီးဦးသိန်း အောင်ရဲ့ မူလပညာမဟုတ်ပါဘူး။ ဦးသိန်း အောင်ရဲ့ဆရာ ထွက်ရပ်ပေါက်ပုဂ္ဂိုလ် “လွှမ်းစေတီဆရာချစ်” ထံက တစ်ဆင့် ဆည်းပူး သင်ယူခဲ့ကြောင်း သိရှိရပါ တယ်။**

ဒါကြောင့် မြွေမှော်ပညာကျင့်စဉ်ကို အားထုတ်သူဟာ မူလဆရာကြီး လွှမ်း စေတီဆရာချစ်နဲ့ ဆရာကြီးဦးသိန်း အောင်တို့ စောင့်ရှောက်ကူညီပေးဖို့ တိုင်တည်ရပါတယ်။

မြွေမှော်ကျင့်စဉ် အောင်မြင်ပြီး သူဟာ ဒီပညာနဲ့ စီးပွားမရှာရဘူး။ ကုသိုလ်ဖြစ် အသက်ကယ်တင်ပေးရမယ်။ ဒါမှ အစွမ်း ထက်ပါတယ်။

ဂမ္ဘီရပညာ ဝါသနာကြီးသူများအနေ ဖြင့် လက်တွေ့ကျင့်ကြံ အားထုတ်နိုင် ကြစေရန် တင်ပြပေးလိုက်ပါသည်။

**အောင်ဇေ** (LL.B)




www.burmeseclassic.com

www.burmeseclassic.com

# ရွှေလာ ငွေလာ

ဓာတ်ပညာ




လူတွေဟာ ချမ်းသာကြွယ်ဝ ကြီးပွားရေးအတွက် အဆောင်တွေ၊ ဓာတ်တွေ ဆင်တတ်ကြပါတယ်။ တချို့ဆိုရင် အဆောင်ကောင်းတွေကြောင့် လက်တွေ့ ကြီးပွားချမ်းသာသုခ ရရှိသွားကြပါတယ်။

ယခု ရေးသားတင်ပြမယ့် ဓာတ်ပညာဟာလဲ လျှို့ဝှက်ဆန်းကြယ်ပြီး အထူးအောင်မြင်နေတဲ့ အစီအရင်ကောင်းတစ်ခုပါပဲ။ ဒီရွှေလာငွေလာ ဓာတ်ပညာကို ထင်ရှားခဲ့တဲ့ ဆရာတော်ကြီးတစ်ပါးက မိန့်ကြားပေးခဲ့တာလို့ သိရှိမှတ်သားခဲ့ရပါတယ်။ ရွှေလာငွေလာ အောင်ဓာတ်ပညာနဲ့ အာကာသကောင်းကင်ကြီးထဲမှ တောင်းယူရတဲ့ အလုပ်တစ်ခုပါ။

တချို့ ရွှေဆိုရင် မူးလို့ ရူစရာတောင် မရှိသူတွေအတွက် ရွှေဓာတ်ဆင်ရအောင်ပါ။ ရွှေတွေ ငွေတွေလာအောင် မိတ်ဓာတ်အဖော်ထားမှ ရောက်လာဝင်လာတတ်ပါတယ်။ မိတ်မဖြစ်ဘဲနဲ့တော့ ရွှေငွေမဝင်နိုင်ပါဘူး။

ဒီပညာရပ်ဓာတ်ပညာက လွယ်ပါတယ်။ **ကြေးလင်ပန်း(၂)ချပ်၊ ကျောက်ဖရုံသီးနဲ့ ရွှေဖရုံသီးတစ်လုံးစီ လိုအပ်ပါတယ်။**

ရွှေဖရုံသီးကို ကြေးလင်ပန်းထဲ ထည့်ပြီးတော့ ဓာတ်ဆင်ရပါတယ်။ ရွှေဖရုံသီးအပေါ်မှာ အသက်အောင့်ပြီး "**ရွှေ**"ဆိုတဲ့ စာလုံးကမ္ပည်း ရေးထိုးပေးရပါမယ်။

ကျောက်ဖရုံသီးကို ဓာတ်ပညာအရ ကျောက်လို့ မသတ်မှတ်ရပါဘူး။ ငွေရောင် အဆင်အသွင်သဏ္ဍာန် ရှိပါတယ်။ ဒါကြောင့် **ငွေဖရုံသီး**လို့ သတ်မှတ်ပါတယ်။

ငွေဖရုံသီးကို ကြေးလင်ပန်းထဲမှ ထည့်ပြီးတော့ ဓာတ်ဆင်ရပါတယ်။ ငွေဖရုံသီးပေါ်မှာ အသက်အောင့်ပြီးတော့ "**ငွေ**"ဆိုတဲ့စာလုံး ကမ္ပည်းရေးထိုးပေးရပါတယ်။

အဲဒီအစီအရင်တွေကို မိမိမွေးနေ့မှာ ပြုလုပ်ရပါတယ်။ အချိန်အခါက ကိုးဂဏန်း နာရီမိနစ်စက္ကန့်နဲ့ လိုသလို ဓာတ်ပညာ ဆင်နိုင်ပါတယ်။ ဓာတ်ဆင်တဲ့အချိန်မှာ အချိန်အခါနေ့နံဟာ အရေးကြီးပါတယ်။ အချိန်အခါနဲ့ နေ့နံကိုက်မှ ဓာတ်ကိုက်ပြီးတော့ အကျိုးထူးပေးတတ်ပါတယ်။

ရွှေသီးငွေသီးကို ဘုရားခန်း(သို့မဟုတ်) ဓာတ်နန်းထဲမှာ ဓာတ်ပညာ တပ်ဆင်ထားလိုက်ရင် ဝင်စရာတွေ ဝင်လာပါလိမ့်မယ်။ အချိန်အခါ ရွှေဓာတ်ငွေဓာတ်ပေါ်တဲ့အချိန်မှာ တင်ရပါမယ်။ ရွှေသီး ငွေသီးအောက်မှာ ကြေးလင်ပန်းခံထားတာက ကြီးပွားချမ်းသာသုခ အတွက်လို့ ဆိုပါတယ်။

ငွေကုန်သက်သာ ပညာရပြီးတော့ မိမိအိမ်ဂေဟာကို အလွယ်တကူ ရွှေလာငွေလာ ဓာတ်ပညာကလေး လုပ်ဆောင်ခြင်းအားဖြင့် အကျိုးထူးကို ရရှိစေမှာပါ။

ရွှေလာငွေလာ ဓာတ်ပညာ အဆောင်ထူးတွေနဲ့ ကံထူးသူတွေ၊ ချမ်းသာကြီးပွားသူတွေ ဖြစ်ကြပါစေ။

**မှတ်ချက် ။ ။ ဖြည့်စွက်တင်ပြပါရစေ**

**အထက်ပါ ရွှေဖရုံသီးနှင့် ငွေဖရုံသီးကို "၉"ရက်၊ "၁၈"ရက်၊ "၂၇"ရက် ပြည့်အောင်ထားပြီး သင့်ရာ ဟင်းလျာများနှင့် ချက်ပြုတ်၍ ဆွမ်းလောင်းလှူဒါန်းပါက ဓာတ်လည်းဝင်၊ ဒါနပါရမီလည်း ပြည့်ပါလိမ့်မည်။ ဓာတ်နှင့် ဒါနကြောင့် ကြီးပွားချမ်းသာမှာ မလွဲပါဘူး။**

**ထပ်မံဖိတ်ခေါ်ပါရစေ။ ဤရွှေလာငွေလာ ဓာတ်ပညာကို သိကျွမ်းနားလည်သူများမှ ဖြည့်စွက်တင်ပြပေးပါရန် မေတ္တာရပ်ခံ ပန်ကြားအပ်ပါသည်။**

*လေးစားစွာဖြင့်...*

*ဦးကျော်မိုးသိ[illegible]*

*စာတည်း[illegible]*

*နက္ခတ္တရောင်ခြည်မဂ္ဂ[illegible]*

*အားလုံး ကျန်းမာ ချမ်းသာကြ[illegible]*

ယောနကက ဘိုးအောင်



www.burmeseclassic.com

www.burmeseclassic.com

# သီဟိုဠ်ဝမ်းတောရ ဆရာတော်

## ၏ လက္ခဏာနှင့် စိတ်ဝင်စားဖွယ်ရာများ



ဆရာကြီးဦးအောင်မြင့်
(ဥပဒေဘွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ

ပြာသိုလဆန်း(၉)ရက် ညနေ (၄)နာရီတွင် ဆံချ ရှင်တင်ပြီး ကိုရင်ကြီးဘဝသို့ ရောက်ရှိခဲ့ပါသည်။

ထိုအချိန်က မော်လမြိုင်မြို့၏ ...က်နာဖုံးသူဌေးကြီးဖြစ်သော လျှပ်စစ် ...တ်မီးသူဌေး ဦးအုန်းဖေ၏ ဆွေမျိုး ...ားက ယင်းတို့ ပင့်ဆောင်၍ ကိုးကွယ် ...သော တောင်လေးလုံးဆရာတော် ကြီးထံမှောက် ရောက်ရှိလာကာ ...ရုဏ်ဆွမ်း ကပ်လှူပါမည့်အကြောင်း ...လျှောက်ထားသည်။

ထိုဒကာ,ဒကာမများ ပြန်သွားကြ ...သောအခါမှ အနီးတွင်ရှိသော စာရေး ...သူနှင့် အစ်ကိုဝမ်းကွဲတော်သူ ကိုကျော် ...ငြိမ်းတို့အား...

'မင်းညီရဲ့ရဟန်းခံကတော့ ထူးခြားလှတယ်ကွယ့်'

ဟု မိန့်ပြီး...

'ကဲ ကဲ ညှော်သည် ရောက်လာလို့ ...ကိုရင်ကြီးကိုတောင် ဘွဲ့မပေးရသေး ...ဘူး


ကဲ ကိုရင်ကြီး ဘုန်းကြီးနားကို ...လာခဲ့ဦး။ အခု ကိုရင်ကြီးက သက် ...တော်(၂၄)ဆိုတော့ အသက်(၂၀)က ...ဟန်းဖြစ်ခဲ့ပြီးပြီပေါ့'

ဟု မေးသောအခါ စာရေးသူမှ...

'မှန်ပါဘုရား ရဟန်းဝတ်ခဲ့ဖူးပါပြီ'

ဟု ပြန်လျှောက်သောအခါ ...ဆရာတော်က ဘာဘွဲ့ ပေးခဲ့လဲဟု ...မေးမြန်းသည်။

စာရေးသူမှ ဦးကောဝိဒဟု ပေးခဲ့ ...ကြောင်း ပြန်လည် လျှောက်ထားရာ တောင်လေးလုံး ဆရာတော်ကြီးမှ စာရေးသူ၏ မွေးသက္ကရာဇ်ကို မေးမြန်း ပြီးနောက်...



◆ သီဟိုဠ်ဝမ်းတောရဆရာတော် ဘဒ္ဒန္တကဥ္စန

'ကဲ ကဲ ကိုရင်ကြီးကို ဒီတစ်ခါတော့ မကောသွားရအောင်လို့ အရှင် ကောဝိဒ အမည်မပေးဘဲ နတ်ချစ်တဲ့ မထေရ်ဖြစ်တဲ့ အရှင်မဟာကစ္စည်း လူဝတ်ကြောင်ဘဝက အမည်တွင်ခဲ့ တဲ့ (ကဥ္စန)သတို့သားအမည်ကို ပေး မယ်။

ဒီညနေတော့ ရှင်ကဥ္စနပေါ့။ နက်ဖြန်မနက် အရုဏ်ဆွမ်းစားပြီးရင် ကျောင်းတက် ဒကာမတွေ ပင့်ထားတဲ့ ဆရာတော်တွေပါ ပင့်ပြီး သိမ်တက် ရဟန်း ဖတ်ကြတာပေါ့ကွယ်'

ဟု မိန့်တော်မူပြီး စာချဆရာတော် ဦးဝိစိတ္တကို ခေါ်ယူကာ ကိုရင်ကြီးကို စာချအခန်းမှာ နေရာချပေးလိုက်ဟု အပ်နှံကာ စကြံဆောင်တွင်းသို့ ဝင်ရောက် ကြွသွားလေတော့သည်။


ပြာသိုလဆန်း(၁၀)ရက် နံနက် (၆း၀၀)နာရီတိတိ အချိန်တွင် မော်လမြိုင်မြို့ တောင်လေးလုံးဆရာ တော်ကို ဥပဇ္ဈာယ်ယူ၍ အနုသာသန





www.burmeseclassic.com

www.burmeseclassic.com



◆ ဘောင်မင်းဒေါင်းတော်ဆိပ်စေတီ (သံလွင်မြစ်-ကမာကွတ်မြို့နယ်)တွင် အဓိဋ္ဌာန်ဆီမီးအမှတ်တရ

ကာရကဆရာတော်ကြီး (၁၅)ပါးတို့မှ ချီးမြှောက်၍ ဦးကဥ္စနဟူသော ဘွဲ့အမည်နာမဖြင့် မြင့်မြတ်သော ရဟန်းဘဝသို့ ရောက်တော်မူခဲ့ပါသည်။

တောင်လေးလုံး ဆရာတော်ကြီးသည် ပရိယတ္တိစာပေအရာတွင် ထူးချွန်ရုံမျှမက ဗေဒင်ကျမ်း၊ ဆေးကျမ်းများကိုလည်း ဗဟုသုတ ကြွယ်ဝနှံ့စပ်ပြီး ကမ္မဋ္ဌာန်းတရားကိုလည်း စကြံကျောင်းတွင် သိုသိပ်စွာ အားထုတ်နေတတ်ကြောင်း စာရေးသူ သိရှိရပါသည်။

ရဟန်းဖြစ်ပြီး နောက်တစ်နေ့ ညနေ (၄)နာရီခန့်တွင် စာချမှုတစ်ဆင့် အခေါ်ခိုင်းသဖြင့် တောင်လေးလုံး ဆရာတော်ကြီး အနီးပါး၌ ဝတ်ဖြည့်ပြီး စာရေးသူ ထိုင်လိုက်စဉ်မှာပင် ဆရာတော်ကြီးမှ စတင်၍ မေးမြန်းပါတော့သည်။

'ဦးပဥ္စင်းလေး ဦးကဥ္စနက သာသနာတာဝန်ကို ဘယ်လိုရည်ရွယ်ချက်များ ထားရှိသလဲ ဖြေစမ်းပါဦး'

ဟု မိန့်လေသည်။

စာရေးသူမှ အသက်(၂၀)အရွယ်က ရဟန်းဝတ်ဖြင့် သဒ္ဒါ၊ သင်္ဂြိုဟ်၊ ဝိနည်းလေးစောင် စာဝါ လိုက်ပြီးခဲ့ကြောင်း။ ယခု အငယ်တန်းမှ တစ်ဆင့် စာချတန်းပြီးသည်အထိ စာဝါလိုက်ပြီး ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းပြီး ဘဝနိဂုံးချုပ်ပါမည့်အကြောင်း လျှောက်ထားသောအခါ ဆရာတော်ကြီးမှ...

'ဦးပဥ္စင်းလေးကဥ္စန လက္ခဏာကို ဘုန်းကြီးနားကို တိုးပြီး ပြပါဦးကွယ့်'

ဟု မိန့်သဖြင့် စာရေးသူမှ ဆရာတော်ကြီးရှေ့သို့ တိုးပြီး လက်ဝါးနှစ်ဖက်စလုံးကို ဖြန့်ပြလိုက်သောအခါတွင် ဆရာတော်ကြီးမှ စာရေးသူ၏ လက်ဝါးပြင်နှစ်ဖက်ကို ကိုင်တွယ်၍ စူးစိုက်ကြည့်ကာ မျက်စိကိုမှိတ်၍ ခေတ္တခဏ အာရုံပြုလိုက်ပြီးနောက် မျက်လုံး ဖြည်းညင်းစွာ ပြန်ဖွင့်ပြီး ဟင်း သက်ပြင်းချကာ...

'ငါတပည့် ကဥ္စနလေး စိတ်မ မဖြစ်လေနဲ့၊ ငါ့တပည့်ရဲ့သာသနာ့ရည် ချက်က ကြီးမားပေမယ့် ထင်သလို လာနိုင်ဘူး။ အငယ်တန်းလောက်သာ ယ်။ ဘုရားတည် ကျောင်းဆောက် ဘုန်း ဖြစ်လိမ့်မကွယ့်'

ဟု မိန့်တော်မူပါသည်။

ထိုအခါ စာရေးသူမှ...

'ဘုရားတည် ကျောင်းဆောက် နိဗ္ဗာန်မရောက် ကုသိုလ်သာ တပည့်တော် ဝါသနာ မပါဘူးဘု

ဟု ပြန်လျှောက်လိုက်ပါသည်။

ထိုအခါ ဆရာတော်ကြီးက...

www.burmeseclassic.com

'ဘာပဲပြောပြော ငါ့တပည့် ဦးကဥ္စနရ မင်းဝါသနာပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ မင်းဟာ (၇)ရက်သားသမီးများအတွက် ပါရမီဖြည့်ပေးရဦးမှာပဲ'

ဟု မိန့်ကြားပြီး စကြံဆောင်တွင်းသို့ ကြွလှမ်းတော်မူသွားပါတော့သည်။

*　*　*

အထက်ပါစာပိုဒ်ကား သီဟိုဠ်စမ်းတောရဆရာတော် ဘဒ္ဒန္တကဥ္စန ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိစာအုပ်ကြမ်းမှာ ဖတ်ရှုရခြင်း ဖြစ်ပါသည်။


မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ တောင်လေးလုံး ကျောင်းတိုက်တွင် သီတင်းသုံးတော်မူခဲ့ပြီး မြန်မာနိုင်ငံတစ်လွှားမှ ကိုးကွယ်ဆည်းကပ်သူ တပည့်ဒကာ ပေါများထင်ရှား ကျော်ကြားတော်မူခဲ့သည့် တောင်လေးလုံးဆရာတော်ကြီးက သီဟိုဠ်စမ်းတောရဆရာတော် ဖြစ်လာမည့် ဦးကဥ္စန၏ ရဟန်းဘဝအစမှာ လက္ခဏာ ကြည့်ရှုပြီး သာသနာပြုဘုန်းကြီး ဖြစ်လာမည်ဟု ဘာကြောင့် နိမိတ်ဖတ်ရပါသလဲဟု ကျွန်ုပ် သိချင်လာမိသည်။

ထို့ကြောင့် ကျွန်ုပ်သည် သီဟိုဠ်စမ်းတောရ ဆရာတော် ဘဒ္ဒန္တကဥ္စန၏ ဘယ်,ညာလက်ဖဝါးပုံစံကို ခွင့်တောင်း နှိုင်ယူလေ့လာပါတော့သည်။

**နံပါတ်(၁) ထူးခြားချက်မှာ** ကံလမ်းထီးရိုးဖြစ်သည်။ လက်ဖဝါးပြင်အသက်(၂၀)ခန့်နေရာမှာ စတင်ထောင်တက်ပြီး လက်ခလယ်ရင်းနှင့် ပိုနီးသော နေရာမှာ **ကြာဖူးသင်္ကေတမျိုးဖြင့်** အဆုံးသတ်နေခြင်း၊ အဖျက်လမ်းများ ကင်းရှင်းကာ ထင်ရှား အားကောင်းနေခြင်းကို တွေ့ရှိရပါသည်။

**"က" အကွရာ**

* * * ⟶






လယ်ခလယ်မှာ စနေလက်ချောင်း။ ဘာသာရေးနှင့်ဆိုင်သော လက်ချောင်းဖြစ်ရာ ထိုနေရာမှာ ကြာဖူး ထွန်းနေခြင်းမှာ ကောင်းမြတ်သော မင်္ဂလာအခြံအရံ ဖြစ်ပါသည်။

အတိတ်ကံပါရမီကြောင့် ဖြစ်ပေါ်ရသော အမှတ်အသားဖြစ်သည်။ ယခုဘဝမှာ လုပ်ယူ၍ မရနိုင်ပါ။

**နံပါတ်(၂) ထူးခြားချက်မှာ** ဦးခေါင်းလမ်း၊ နှလုံးလမ်း၊ ကံလမ်းထီးရိုးနှင့် ကျန်းမာရေးလမ်းတို့ ထိစပ်ပေါ်ပေါက်နေသော တြိဂံပုံသင်္ကေတများဖြစ်သည်။ **"ခ" အကွရာ**

* * *




www.burmeseclassic.com

ဤတိုင်းမှာ သိလွယ်၊ မြင်လွယ်၊ အသိထူး အမြင်ထူး အာရုံထူးရလွယ်သော သူများတွင် တွေ့ရှိရတတ်သည်။

ဤသင်္ကေတမျိုးမှာ လက္ခဏာ ပညာအရ လေ့ကျင့်ယူလျှင် ယခုဘဝ မှာ ဖန်တီးရရှိနိုင်သည်။

**နံပါတ်(၃) ထူးခြားချက်မှာ** လက်သူကြွယ်အောက်ရှိ တနင်္ဂနွေ ဂြိုဟ်ခုံပေါ်မှာ နှလုံးလမ်းကြောင်းအနီး တွင် ထင်ရှားလျက်ရှိသော **ထောင် လိုက်မျဉ်းတို့ အောင်မြင်ရေးလမ်း** ရှိခြင်း ဖြစ်သည်။

* * *





ဤလမ်းကြောင်း ရှိသူတို့မှာ မိမိတို့ ပတ်ဝန်းကျင်တွင် နာမည်ဂုဏ်သတင်း ထင်ရှားကျော်ကြားခြင်း၊ မိမိတို့ ဆောက်ရွက်သော လုပ်ငန်းကိစ္စများ အလွယ်တကူ အောင်မြင်ခြင်း ဖြစ်စေ တတ်သည်။ **"ဂ"အကွက်ရာ**

ဤလမ်းကြောင်းမျိုးကိုလည်း ယခု ဘဝမှာပင် ဖန်တီးယူ၍ ရနိုင်သည်။

**နံပါတ်(၄) ထူးခြားချက်မှာ** လက်ချောင်း(၅)ချောင်းတွင် လက်သူ ကြွယ်လက်ချောင်းထိပ်မှာသာ ခရုပတ် ဗွေရှိပြီး ကျန်လက်ချောင်း (၄)ချောင်း ထိပ်တွင် **နဂါးပတ်ကျော့ကွင်းဗွေ များ** ရှိခြင်းဖြစ်သည်။ **"ဃ" အကွက်ရာ**

* * *




ဤသင်္ကေတမှာ မိမိတစ်ခုခု လုပ် မည်ဟု ရည်မှန်းအာရုံပြုလျှင် ဝတ္တု အလှူငွေများ ဟိုမှဒီမှ ပေါ်ပေါက် ရရှိတတ်ခြင်းဖြစ်သည်။

လူဝတ်ကြောင်ဆိုလျှင် ငွေရှာရ လွယ်ကူခြင်း၊ ငွေကြေးဥစ္စာအထိုက် အလျောက် ပြည့်စုံကြွယ်ဝခြင်းဟု ဟောပြောရပါမည်။


မည်သည့်ပုဂ္ဂိုလ်မဆို ထိုကဲ့သို့ လက်သူကြွယ် လက်တစ်ချောင်း တည်းမှာ ခရုပတ်ဗွေရှိလျှင် ငွေကြေး ဥစ္စာပစ္စည်းတို့နှင့် ပတ်သက်လျှင် **"မရှိ မရှား"**၊ **"မရှိခဏ၊ ရှိခဏ"** ဟု ဟောလျှင် မမှားနိုင်ပါ။

လက်ချောင်းထိပ်က ဗွေကိုမူ ယခု ဘဝမှာ လုပ်ယူ၍ မရပါ။ အတိတ်ကံ ပါရမီအရ ဖြစ်ပေါ်နေခြင်းပင်တည်း။

**နံပါတ်(၅) ထူးခြားချက်မှာ** လက်မဒုတိယဆစ်တွင် အရစ်ကြောင်း ကန့်လန့်များ ရှိခြင်းဖြစ်သည်။

**"င" အကွက်ရာ**

* * *




ဤအရစ်ကြောင်းမျိုးရှိသော ရသေ့ ရဟန်း သီလရှင်တို့မှာ သီတင်းသုံးစရာ ကျောင်း သင်္ခမ်းနှင့် ပြည့်စုံကြသည်။ ယခုဘဝမှာ ဖန်တီးယူ၍ ရနိုင်သည်။

**နံပါတ်(၆)ထူးခြားချက်မှာ** လက် ညှိုးရင်း အတွင်းဘက်မှ ကြာသပတေး ဂြိုဟ်ခုံအထက်ပိုင်းသို့ ထိုးဝင်နေသော လျှို့ဝှက်ဂမ္ဘီရလမ်းဖြစ်သည်။

**"စ" အကွက်ရာ**

* * * ⟶


ဤသင်္ကေတ ရှိသူတို့မှာ ဂမ္ဘီရပညာ ရပ်များကို ဝါသနာပါပြီး လိုက်စား ထူးချွန်အောင်မြင် ပေါက်ရောက် ကြသည်။

မမြင်အပ်သော အစောင့်အရှောက် ပုဂ္ဂိုလ်ထူး ဆရာသမားကောင်း၊ ပုဂ္ဂိုလ်တို့၏ အကူအညီ၊ အ အရှောက်၊ အထောက်အပံ့ ရ သူဟုလည်း ကျွန်ုပ်၏ ဆရာ ဦးပညာသိဒ္ဓိက သင်ပြပေးခဲ့သည် ယခုဘဝမှာ ဖန်တီးယူ၍ ရနိုင်သော သင်္ကေတမျိုး ဖြစ်ပါသည်။

**မွန်ပြည်နယ်၊ ကျိုက်မရော နယ်၊ ဝိန္ဒဲကုန်းကျေးရွာ သီဟိုဠ် တောရ ဆရာတော်ဘဒ္ဒန္တကဥ္စ** ဘုရားတည် ကျောင်းဆော သာသနာပြု ဆောင်ရွက်မှုများနှင့် **အောင်မင်းခေါင်၊ ဗမ္မဝိဇ္ဇာ အရိယာဝံသဆရာတော်တို့** အဝင် ဝိဇ္ဇာပုဂ္ဂိုလ်ထူးများ၏ သော ပဋ္ဌာန်းဆက်၊ မေတ္တာကမ္မဋ္ဌာ အကျင့်စခန်းမှ ထူးခြားဆန်း အတွေ့အကြုံတို့ကို ဓာတ်ပုံများ တကွ ဆက်လက် ရေးသားတင်ပြ မည်။

***အောင်မြင်ကျော်ကြား ချမ်းသာ ပွားအောင်...***

**ဆရာကြီး ဦးအောင်မြင့်**
*(ဥပဒေတွဲ့)*
**လက္ခဏာဗေဒင်ပညာသုတေသီ**






www.burmeseclassic.com

www.burmeseclassic.com

# အတိတ်ဘဝအလွမ်

အမှတ်အစွဲ ကြီးမားနေလျှင်

ဘုန်းကျော်စွာ
(မြိုင်တက္ကသိုလ်)



ဦးတင်ကြည် အုပ်ချုပ်ရေးမှူး၊ စာတိုက်ရုံးကွက်၊ ကျောက်တံခါးမြို့

၂၀၀၀ ပြည့်နှစ်လွန် ကာလများတွင်မှ တွေ့ဆုံဖြစ်ကြသော်လည်း သွေးသောက်ညီအစ်ကိုပမာ ခင်မင်ရင်းနှီး၍ ကျွန်ုပ်၏ လိုအပ်ချက်များကို အားကြိုးမာန်တက် ကူညီပေးသည့် ဦးကျော်မြင့် (တောင်ငူ–မဟောသဓတိုင်းရင်းဆေးခန်း)က ညီဖြစ်သူ ဦးတင်ကြည် နေထိုင်ရာ ကျောက်တံခါးမြို့သို့ မိတ်ဆက်လမ်းညွှန်ပေးခဲ့သဖြင့် သွားရောက်ဖြစ်ခဲ့သည်။

ကျောက်တံခါးမြို့နယ်တွင်း လေ့လာကြည့်ရှုဖွယ် နေရာများကို လိုက်ပါပို့ဆောင်ပေးပြီးနောက် ရန်ကုန် အပြန်ခရီးအတွက် နှုတ်ဆက်စကား ပြောဆိုရာ၌ ဤသို့ ပြောပြ၏။

'ကျွန်တော်က အများတောင်းဆိုမှုအရ စာတိုက်ရုံးကွက် အုပ်ချုပ်ရေးမှူးအဖြစ် ဒုတိယအကြိမ် ပြန်ပြီး လက်ခံတာပါ။ ဟိုအရင်က ဓာတ်ပုံနဲ့ အလှပြုပြင်ရေးလုပ်ငန်းနဲ့ အသက်မွေးခဲ့ပါတယ်။

ကျွန်တော် အသက်(၂၇)နှစ် ၁၃၄၇ ခုနှစ်မှာ အိမ်ထောင်ကျတယ်။ သားတစ်ယောက်နဲ့ သမီးနှစ်ယောက် ထွန်းကားရာမှာ သုံးယောက်စလုံး အတိတ်ဘဝအကြောင်း ပြောပြနိုင်တယ်။

သားကြီးက ကျွန်တော်တို့ တောင်ငူ ရွှေဆံတော်စေတီနားမှာ နေကြတုန်း ကိုယ်ဝန်ရှိတယ်။ ကျောက်တံခါးရောက်မှမွေးတယ်။ လူမှန်းသိချိန်ကစပြီး ဝက်သားမစားဘူး။ ဘယ့်နှယ် တရုတ်သားသမီး ဝက်သားနဲ့ကင်းလို့ ရပါ့မလဲ။ ချော့ကျွေးခြောက်ကျွေးလဲ မစားဘူး။ သူက ......က လာတာတဲ့။ အခု ရှေ့နေဖြစ်ပြီး နယ်တကာ လှည့်ရတော့မှ ဝက်သားစားဖြစ်တယ်။

ကျော်ပြီး ပြောရဦးမယ်။ သမီးငယ်မွေးပြီး စကားတတ်စမှာ **"ငါ နတ်ပီကလာတာ"**လို့ မပီကလာ ပီကလာနဲ့ ပြောတယ်။ နတ်ပြည်မှာ ဘာလုပ်ရသလဲမေးတော့ "သီချင်းဆိုတယ် ပန်းသီတယ်လေ"တဲ့။ သူ့အစ်ကိုက...

"ဒီလိုဆိုရင် ထမင်းစားဖို့ ဘာအလုပ်လုပ်ရသလဲ"

"ဘာမှ မလုပ်ရဘူး။ စားချင်ရင် တလိုက်တာနဲ့ ရောက်လာတာပဲ"

ဒုတိယကလေး သမီးကြီးကျတော့ ရေရေရာရာ ပြည့်ပြည့်စုံစုံ ပြောနိုင်တယ်။ သူတို့စကားတတ်စ ကလေးဘဝ အစ်ကိုက ကစားစရာ သေနတ်နဲ့ ချိန်ရင်ငိုတယ်။ ပစ်လိုက်ရမလားလို့ ပြောရင် ရှိုက်ကြီးတငင် ချော့မရ မြှူမရ ငိုပါလေရော။

ကျွန်တော်တို့က နယ်ထွက်နေရလို့ ကလေးတွေကို အဘွားဖြစ်သူကပဲ တာဝန်ယူထိန်းပေးတယ်။ မိုးတွေ ညို့လာရင် ပုခက်လွှဲပေးတဲ့ သူ့အဘွားကို **"အဘွားရယ် သမီးကို တောင်ပေါ်ရောက်အောင် လွှဲပစ်လိုက်ပါ"**လို့ ပြောသတဲ့။

မိုးတွေရွာရင် သူအရင်ဘဝကနေခဲ့တဲ့ တောင်ပေါ်ရွာကလေးကို သိပ်လွမ်းတယ်လို့ ဆိုတယ်။ ဘာရွာလဲလို့ မေးတော့ **မြက်ကုန်း**တဲ့ တောင်ပေါ်မှာ **ဖျက်ကောရွာ**ဆိုတာ ရှိတယ်။ ကလေးက စကားမပီတာလား၊ ကရင်စကားနဲ့ ပြောတာလားတော့ မသိဘူး။

သူ့ကို ကိုယ်ဝန်ရှိတော့ ဇနီးက အိပ်မက် မက်တယ်။ ကရင်အဘွား တစ်ယောက် ကလေးလေးချီပြီး လာ

www.burmeseclassic.com

ပေးတယ်။ မျက်နှာဝိုင်းဝိုင်းလေးနဲ့ ချစ်စရာတဲ့ ကျွန်မက ဗုဒ္ဓဟူးသမီးပဲလို့ချင်တာလို့ ပြောတော့ သူက ဗုဒ္ဓဟူးသမီးပါပဲလို့ ပြန်ပြောသတဲ့။

မွေးလာတော့ ဗုဒ္ဓဟူးနေ့မှာပဲ။ အရင်ဘဝက သားသမီးသုံးဦးရှိတယ်။ တစ်ဦးသေသွားလို့ နှစ်ဦးကျန်တယ်တဲ့။ တောင်ပေါ်မှာ မျှစ်နဲ့ငါးပိပဲ စားရတယ်လို့ ဆိုတယ်။

သူက လိုက်ပို့နိုင်းပေမယ့် အဲဒီတုန်းက ဗျက်ကောရွာက အနက်ရောင်နယ်မြေလေ။ တပ်မတော်စစ်ကြောင်းနဲ့မှ သွားလို့ရတယ်။ ရွာမှာ ဘာတွေရှိသေးလဲ မေးတဲ့အခါ လေယာဉ်ပျံတွေ ရှိသတဲ့။ စစ်ကြောင်းဝင်တဲ့အခါ ရဟတ်ယာဉ်တွေ စခန်းထောက်အဖြစ် အသုံးပြုလေ့ ရှိကြတယ်။

တိုက်ပွဲဖြစ်ကြတော့ ရင်ဘတ်ကို ကျည်ဆန်မှန်ပြီး ဆေးဝါးကောင်းမရှိ မကုသနိုင်လို့ အနာမန်းဝင်ပြီး သေခဲ့တာ။ ကျွန်တော် ဓာတ်ပုံရိုက်သွားတုန်း စက်ဘီး ကယ်ရီယာခုံကနေ လိုက်ခဲ့သတဲ့။ မွေးလာတော့ ရင်ဘတ်မှာ အမာရွတ်ကလေးတွေ ပါလာတယ်'

'အခု ငြိမ်းချမ်းရေးရပြီပဲ သွားလို့ရပြီပေါ့'

'အခု မပြောတော့ဘူး။ အသက် အစိတ်အရွယ် အိမ်ထောင်ရက်သားကျပြီး အောင်ဆန်းမြို့မှာ သူ့ခင်ပွန်းနဲ့ လိုက်နေတယ်။ ဟိုတုန်းက ခဏခဏ ငိုယိုပူဆာနေတော့ ကျွန်တော်တို့လဲ စိတ်မကောင်း ဖြစ်ကြတယ်။

ဒါနဲ့ ကျွန်တော်တို့ ကိုးကွယ်တဲ့ ဆရာတော်ကြီးကို မေးလျှောက်ပြီး အရင်ဘဝအကြောင်း စွဲစွဲလမ်းလမ်း ဖြစ်နေတာ ပျောက်သွားအောင် လုပ်ပေးခဲ့ရတယ်'

'ဆရာတော် ဆေးကုပေးတာလား'

'မဟုတ်ပါဘူး **ယောဂီဝတ်စုံကလေး လေးညှင်းရောင် အင်္ကျီ ဘောင်းဘီကလေးပေါ့ဗျာ ချုပ်ပေးပြီး ဝိပဿနာတရားစခန်း သုံးရက်ဝင်နိုင်းတယ်။** ကလေးဆိုတော့ ရက်ရှည်လဲ မနိုင်မှာစိုးလို့ပါ။ တရားစခန်း ပြီးသွားရင် ယောဂီဝတ်စုံကို လျှော်ပစ်ရတယ်။

ဒီလိုပါပဲ သုံးရက်စီ မကြာမကြာ ဝင်ပြီး (၄၅)ရက်(၁၆–ကြိမ် ဆိုပါတော့) ပြည့်အောင် အားထုတ်ခိုင်းရတယ်။ အဲဒီနောက်ပိုင်း ကစားစရာ သေနတ်မြင်ရင် ငိုတာတို့၊ မိုးညိုရင် မျက်နှာပျက်ပြီး ငေးမှိုင်တာတို့ မရှိတော့ဘူး။ တခြားကလေးတွေလိုပဲ ပုံမှန်ရယ်မော ဆော့ကစားနိုင်လာတယ်'

ကျောက်တံခါးမြို့ စာတိုက်ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးတင်ကြည်၏ ပြောပြချက်များဖြစ်သည်။

လူဝင်စားဟု ခေါ်ကြသော အတိတ်ဘဝကို မှတ်မိနေသူတို့အတွက် အမှတ်အစွဲကြီးမားနေပါက လျော့ပါးစေနိုင်သော နည်းလမ်းကောင်းအဖြစ် တင်ပြလိုက်ပါသည်။

**ဘုန်းကျော်စွာ**
*(မြိုင်တဏှာသိုလ်)*

စာမျက်နှာ (၁၉၉)မှ အဆက်

တွေ့ပြုမှုတစ်ခုကို စကားလက်ဆောင်အဖြစ် **ဟင်းနုနယ် အနီပင်အကြောင်းကိုပဲ** ဖော်ပြပါရစေ။

ဦးသန်းဟောင် ပြောပြခဲ့တဲ့ အကြောင်းအရာတွေက အဖိုးတန် တွေဖြစ်ကြောင်း မိမိကိုယ်တိုင် လေ့လာသင်ကြား အလုပ်လုပ် တာမှ ပိုပြီး နားလည်လာတာပါ။

ဟင်းနုနယ်အနီပင်ဆိုတာက အရွက်ကတော့ အစိမ်းပါ။ ပင်စည်၊ အရွက်၊ ရိုးတံနဲ့ အရွက်အကြောတွေက နီညိုရောင် ရှိပါတယ်။ အချို့ကလဲ နီပါတယ်။ ဒီဟင်းနုနယ်ပင်ရဲ့ အမြစ် တွေမှာ အနီရောင်ရှိပါတယ်။ အနီရောင်သန်းပါတယ်။

ဒီအပင်ကို အပင်သန့်သန့်ကို နုတ်ပြီး အနုပိုင်းအရွယ် ရိုးတံတွေ၊ ပင်စည်ကိုပဲ ပါးစပ်ထဲထည့်ပြီး ကြေညက်အောင် ဝါးပေးရပါတယ်။ ပါးစပ်ထဲမှာ ကြေညက်ပြီဆိုရင် ပုလင်း (သို့မဟုတ်) ဖန်ခွက်ကိုထွေး(သို့မဟုတ်) ပုလင်းတွေ ဖန်ခွက်တွေကို ပါးစပ်ထဲထည့် သွားနဲ့ကိုက်ချိုး ဝါးပြတာပါ။ ထိခိုက်ရှနာ ဖြစ်ခြင်း လုံးဝမရှိပါ။

ထမင်းခြောက်တွေ၊ ဆန်စေ့တွေ ဝါးနေရသလိုပါပဲ။ မျိုချပြီး စားပြတာ မျိုးလုပ်ရင်တော့ ဘာမှမဖြစ်ဘူးလို့ သက်ပြခဲ့ပေမယ့် မျိုမချခဲ့ကြပါဘူး။ ဒါကတော့ မျက်လှည့် လိုလို ကစား နည်းတစ်မျိုးလို့ပဲ ငယ်ငယ်က သူငယ်ချင်း တွေနဲ့ ကစားခဲ့တာပါ။ အခွင့်ကြုံရင် ဒီလို အကြောင်းအရာ ကလေးတွေကို ဖော်ထုတ်ရေးသားပါဦးမယ်။

ငယ်စဉ်ကတည်းက ယခုထိ ဆုံဆည်းခဲ့ကြရသော သင် ဆရာ၊ မြင်ဆရာ၊ ကြားဆရာ၊ တွေးဆရာဟူသော ဆရာ ဟူသမျှကို ဂါရဝပြုလျက်။

**ဦးရဲအောင်**
*(အငြိမ်းစား မြန်မာ့ရေနံအင်ဂျင်နီယာ)*




www.burmeseclassic.com

www.burmeseclassic.com

ဦးရဲအောင်
(အငြိမ်းစား မြန်မာ့ရေနံအင်ဂျင်နီယာ)

# ငရုတ်သီး အဖို
# ငရုတ်သီး အမ

## အသုံးချကြ၊ ဟင်းနနွယ်အနီပင် ဘယ်လိုအသုံးဝင်




ငရုတ်သီးတောင့်တွေ အောင်မြင်ရင့်မှည့်တဲ့အခါမှ ငရုတ်သီးအဖိုနဲ့ ငရုတ်သီးအမတွေကို ခွဲခြားလို့ရပါတယ်။ ငရုတ်သီးပင်တွေ၊ ငရုတ်ခင်းတွေစိုက်ကြရင် ငရုတ်သီးအဖိုနဲ့ ငရုတ်သီးအမက အစေ့တွေကို ပါဝင်အောင်သင့်တော်တဲ့ အနေအထား၊ အပင်အတန်းအလိုက်နဲ့ အပင်တွေ တန်းခြား၊ အပင်ခြား စိုက်ပျိုးရပါတယ်။

ဒီလို ဖိုနဲ့မ စုံလိုက် စိုက်နိုင်ကြရင် ငရုတ်ပင်တွေ ထူးကဲစွာသန်ပြီး ထူးကဲစွာ အသီးသီး အထွက်နှုန်းကောင်းစေပါတယ်။

ငရုတ်သီးအဖို အသီးတောင့်တွေနဲ့ ငရုတ်သီးအမ အသီးတောင့်တွေကို ကြည့်ရှုပြီး လွယ်ကူစွာ ခွဲခြားနိုင်ပါတယ်။

**ငရုတ်သီးအဖိုမှာ ငရုတ်အစေ့တွေဟာ အမြဲ စုံဂဏန်းရှိနေပါတယ်။ ငရုတ်သီးအမဆိုရင် အစေ့အရေအတွက်က မဂဏန်း ရှိနေပါတယ်။**

ဒါတွေကို ကစားနည်းတစ်မျိုးအနေနဲ့ ''စုံ''လား၊ ''မ''လား ဆိုပြီး ကစားခဲ့ကြရပါတယ်။

ယီယဂါထာကိုတော့ မေ့ပျောက်ခဲ့ပါပြီ။ မိမိချစ်သူက မိမိကို ချစ်ခင်စေလိုပါက မိမိက ယောကျ်ားလေးဆိုရင် ငရုတ်သီးအဖိုကို (၃၇)အုပ် ဒီဂါထာနဲ့ မန်း။ စိတ်က စူးစိုက်စွာ အာရုံပြုပြီး၊ ဒီမန်းပြီး ငရုတ်သီးအဖိုတွေကို ဟင်းလျာလုပ်ပြီး မိမိချစ်သူကို စားအောင် လက်ဆောင်ပေး ကျွေးမွေးရပါတယ်။

မိမိက မိန်းကလေးဆိုရင်တော့ ငရုတ်သီးအမတောင့်တွေကို ဂါထာ (၃၇)အုပ် မန်းပြီး မိမိချစ်သူယောကျ်ားလေးကို စားစေတာပါ။ ဒီဂါထာလေးတွေကို မေ့ပျောက်ခဲ့ပြီဆိုတော့ မဖော်ပြနိုင်တော့ပါဘူး။

ဒီတော့ စူးစိုက်တဲ့အာရုံနဲ့ မေတ္တာပို့၊ မေတ္တာဓာတ်လွှတ်ပြီး စီမံကျွေးမွေးလိုက်ရင် စွမ်းလောက်ပါတယ်။

ငရုတ်သီးအဖိုတောင့်ဆိုရင် အဖိုလက္ခဏာနဲ့ ငရုတ်သီးအမတောင့်မှာတော့ အမလက္ခဏာကို သိသာနေတာ မြင်တွေ့ရမှာပါ။

တချို့ ဒီလိုလက္ခဏာမပါတဲ့ အသီးတွေကတော့ ထူးခြား''ဖို''ဂုဏ်သတ္တိ၊ ထူးခြား ''မ''ဂုဏ်သတ္တိ မရှိကြတာပါ။

**ဥပမာ**–အဏုမြူတစ်ခုမှာ အဖိုအဏုမြူ၊ အမအဏုမြူနဲ့ ဖိုမဟုတ်၊ မ,မဟုတ် နျူထရွန်တွေ ပါ,ပါတယ်။

အဏုမြူစွမ်းအင် (nuclear energy) အဖြစ်သို့ ရောက်အောင် သိပ္ပံပညာရှင်တွေ စွမ်းဆောင်ကြပါတယ်။

**ငရုတ်ဖိုတောင့်**မှာ ထိပ်ဖျားက ချွန်ချွန်ဖြစ်နေပြီး **ငရုတ်သီးအမတောင့်**ရဲ့ ထိပ်ဖျားမှာတော့ အချိုင့်ကလေး၊ အကွဲကြောင်းကလေးလို ဖြစ်နေတာပါ။ အဖိုတောင့်မှာ အစေ့အရေအတွက်က စုံဂဏန်းဖြစ်ပြီး အမတောင့်မှာ အစေ့အရေအတွက်က မဂဏန်း ဖြစ်ပါတယ်။

လွန်ခဲ့သော နှစ်ပေါင်း(၅၀)လောက်က ဦးသန်းမောင်ဆိုသူက အထက်ပါ ငရုတ်သီးအဖို,အမ ဆိုတာကို လက်တွေ့ပြပြီး ပညာပေးခဲ့တာပါ။

ဦးသန်းမောင်က သာမန်အရပ်သားတစ်ဦးပါ။ ကျွန်တော်ကတော့ သဘာဝသိပ္ပံနားလည်သူတစ်ဦးလို့ပဲ နားလည်မိပါတယ်။ ဦးသန်းမောင် အထက်ထင်ရှား မရှိတော့ပေမယ့် သူ့ရဲ့လက်

 စာမျက်နှာ (၁၉၈) သို့

www.burmeseclassic.com

www.burmeseclassic.com



### အဆိပ်ဟူသမျှ နိုင်နင်းပြီး

# မြွေပွေးခေါ်နိုင်သူ



▲ ဦးဖိုးဒွေး

ကျွန်ုပ် **"မြွေပွေးနှင့် ဦးဖိုးဒွေး"** ခေါင်းစဉ်ဖြင့် **အမှတ်(၂၄၆)၊ ဇန်နဝါရီလ၊ ၂၀၀၇ ခုနှစ် နဂ္ဂတ္တရောင်ခြည် မဂ္ဂဇင်း**တွင် ရေးသားခဲ့သော ဦးဖိုးဒွေးတို့ နေထိုင်သည့် တောင်ဦးရွာကလေးကို ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလက သွားရောက်ခဲ့လေသည်။

ဦးဖိုးဒွေးအကြောင်း စာဖြင့် ရေးသားခဲ့ဖူးသော်လည်း လူကိုယ်တိုင်ကိုကား မမြင်ဘူးပါ။

တောင်ဦးရွာသားများဖြင့် ခင်မင်နေပြီဖြစ်သော ကျွန်ုပ်မှာ ဦးဖိုးဒွေးကို တွေ့ဆုံလိုခြင်းဟူသော အချက်တစ်ချက်ပင် တောင်ဦးသား ခေါ်ဆောင်ရာ သူတို့ရွာကလေးသို့ ကောက်ကောက်ပါအောင် လိုက်သွားမိလေ၏။

တောင်ဦးရွာသို့ ရောက်ပြီး နှစ်ရက်ခန့်အကြာ ဦးဖိုးဒွေးအိမ်သို့ ကျွန်ုပ်ရောက်သွားသည့်အချိန်မှာ နံနက် (၁၀း၀၀)နာရီခန့်ဖြစ်၏။ ထန်းလက်ဖြင့် လုပ်ထားသော ပက်လက်ကုလားထိုင် (အဟောင်း)လေးပေါ်တွင် အေးအေးသာသာ ထိုင်နေသော ရိုးသားပုံရှိသော ဦးဖိုးဒွေးကို အပြာရောင်လုံချည်၊ အဝါရောင်အင်္ကျီလေး ဝတ်ဆင်လျက် တွေ့ရလေ၏။

ထန်းလက်မိုးထားသော တဲငယ်လေးရှေ့ တမာပင်ပုပုလေးအောက်တွင်ဖြစ်လေ၏။ မြွေဟူသမျှကို ခေါ်နိုင်ပြီး မြွေဆိပ်ဟူသမျှကိုနိုင်သော ဦးဖိုးဒွေးကို အကဲခတ်ကြည့်လိုက်မိ၏။

သူ့ဥပမိဒ်၌ မည်သည့်ထူးခြားချက်မှ မတွေ့ရပေ။ **သို့သော် ဝဲ,ယာ လက်ညှိုးနှစ်ဖက် အရင်း၌(တတိယအဆစ်၌) မြွေပါးပျဉ်းထောင်နေဟန် အမည်းရောင်အကွက် ရှိနေကြောင်း** သူကိုယ်တိုင် ပြသဖြင့် မြင်ရလေ၏။ **(ယခုအခါ ခပ်ဝါးဝါးသာ ထင်နေ၏။)**

ဦးဖိုးဒွေး ပြောပြချက်များအရ...

(၁၀)နှစ်သားအရွယ်တွင် မြွေပွေးကို ဘုမသိ၊ ဘမသိ ကိုင်တွယ်ခဲ့သောကြောင့် အချက်ပေါင်းများစွာ အကိုက်ခံရဖူးကြောင်း၊ အဆိပ်မတက်ကြောင်း၊ မသေကြောင်း ကိုယ်တိုင် သိရှိသွားသဖြင့် မြွေပွေးကို မကြောက်တော့ဘဲ မရမက ရှာဖွေကာ တီကောင်သဖွယ် ကစားနေတတ်ကြောင်း စသဖြင့် သိရှိရလေ၏။

"ရှီ"ဟု လေချွန်လိုက်လျှင် မြွေပွေးကြီးကြီးတစ်ကောင်နှင့် အနည်းငယ်ပိုသောမြွေပွေးတစ်ကောင် စုစုပေါင်း နှစ်ကောင် ချက်ချင်း ရောက်လာလေ့ရှိကြောင်း**(ခေါ်လိုက်လျှင် ဤနှစ်ကောင်သာ ယခုအခါ လာလေ့ရှိကြောင်း)** ပြောပြပါ၏။

ဤနှစ်ကောင်မှာ တစ်ကောင်နှင့်တစ်ကောင် ကြာကြာခွဲခွာနေလေ့ မရှိဘဲ တစ်ကောင်မရှိလျှင် ကျန်တစ်ကောင်က တွန့်၍ ခေါ်တတ်ကြောင်း၊ ကျန်တစ်ကောင်က ရောက်ရာအရပ်မှ ချက်ချင်း ပြန်လည်လာတတ်ကြောင်း **[မြွေဖိုမြွေမ ဖြစ်ဟန်တူလေ၏။ စာရေးသူ]**ပြောပြပါ၏။

ယခုအခါ မြွေများကိုခေါ်ပြီး ကစားလိုစိတ် မရှိတော့ကြောင်း ပြောပြသဖြင့် မြွေခေါ်ပြရန် မတိုက်တွန်းတော့ပါ။

မြွေကိုက်ခံရသူများကို ကုသရာ၌ သွေးစို့နေသည့် မြွေစွယ်ရာကို ပါးစပ်ဖြင့်တေ့၍ (၃)ကြိမ်မျှ စုပ်ယူပြီး ထွေးထုတ်ရုံဖြင့် ပျောက်ကင်းသွားကြသည်ချည်း ဖြစ်လေ၏။ ဤပုံဤနည်းဖြင့် ကုသပေး၍ အသက်မသေ ရှင်သန်သွားသူပေါင်း ထောင်ဂဏန်းမက ရှိနေလေပြီ။

ရွာသူရွာသား စကားများအရ ဦးဖိုးဒွေးကိုယ်တိုင်က အရက်၊ ထန်းရည်တို့နှင့် မကင်းခြင်း(ခြွင်း၍ ဆိုရလျှင် သီလအားနည်းခြင်း)၊ မြွေသားစားခြင်း၊ အဆိပ်ကို မကြာခဏ စုပ်နေရခြင်းတည်းဟူသော လုပ်ရပ်များကြောင့် မျက်စိမှုန်ခြင်း၊ အာရုံကြောအားနည်းခြင်းအပြင် ခါးအထက်ပိုင်းတစ်ခုလုံး ကိုင်းညွတ်နေသည်မှာ မြေပြင်နှင့် အပြိုင် ဖြစ်လေ၏။

ဦးဖိုးဒွေးမှာ ပုထုဇဉ်လူသားတစ်ဦးမျှသာဖြစ်၍ သီလအားနည်းမှု ရှိနေသည်မှာ သဘာဝကျသော်လည်း မြွေနှင့်မြွေဆိပ်ကို မည်သည့်စရဏ မည်သည့်မန္တန် ရွတ်ဆိုမှုမှ မပါဘဲ လွန်လွန်မင်းမင်း နိုင်နင်းနေခြင်းမှာ သဘာဝ မကျပါ။ ထူးခြားဆန်းကြယ်သော အတိတ်ဘဝ၏ ပါရမီကြောင့်သာ ဖြစ်နိုင်ပါကြောင်း သုံးသပ်ဆုံးဖြတ်လိုက်မိပါတော့သတည်း။

**မောင်နိုး(ကျောက်မဲ)**



www.burmeseclassic.com

www.burmeseclassic.com



◆ ဓာတ်ပေါင်းစုစေတီတော်နှင့် ဆုတောင်းပြည့်ဓ အောင်ဓာတ်တိုင်



◆ ဆုတောင်းပြည့်ဓ အောင်ဓာတ်တိုင်အား အနီးကပ် မြင်တွေ့ရပုံ

အောင်မင်းခေါင် ဓာတ်ပေါင်းစုစေတီအနီးမှ

ဦးကျော် (မြည်)

# ဆုတောင်းပြည့်ဓ အောင်ဓာတ်တိုင်

အဘအောင်မင်းခေါင် ထွက်ရပ်ခြန်းခင် ၁၃၁၀,ပြည့်နှစ်လောက်က အဘ၏ ဓာတ်ပန္နက် စိုက်ထူထားခဲ့သည့် အောင်ဓာတ်တိုင်ကြီးသည် **ခေါင်းတည်မြို့၊ အရှေ့မြောက်ဘက် (၃)မိုင်ခန့်နီးပါး ဝေးကွာသော ဘုံပင်ခံကျေးရွာအနီး၌** ယနေ့အထိ ထင်ထင်ရှားရှား ထူးခြားစွာ တည်ရှိနေပါသည်။

စာရေးသူ၏ မျက်မြင်အရ ရွှေမချမ်းသာဓာတ်တိုင်မှာ ကျွန်းတိုင်ကြီး ဖြစ်ပါသည်။ အမြင့် (၁၈)တောင်ခန့် ရှိနိုင်မည်ဟု ထင်မြင်မိပါသည်။


ဓာတ်ပေါင်းစု စေတီတော်မြတ်ကြီး၏ တနင်္ဂနွေထောင့်တွင် ရွှေရောင်ဝင်းဝါလျက် နိုင်ခံ့လှပစွာ တည်နေတော်မူလေသည်။

"ဒီဓာတ်တိုင်ကြီးမှာ ထူးခြားချက် ရှိပါတယ်။ ဒါ လူတိုင်း မသိကြပါဘူး။ ဒီဓာတ်တိုင်ကြီးကို ယုံယုံကြည်ကြည်နဲ့ လက်နဲ့ပွတ်ပြီး လိုရာ ဆုတောင်းရင် လောကီ အကျိုးစီးပွားမှန်သမျှ ရက်ပိုင်းလပိုင်းအတွင်း မိမိနဲ့ ထိုက်တန်သလောက် ရတယ်။


အဓိက ထူးခြားချက်ကတော့ ဒီဓာတ်ပေါင်းစု စေတီတော်မြတ်ကြီးရဲ့ သာသနာပြုလုပ်ငန်းတွေ အတွက်ပဲဖြစ်ဖြစ်၊ ဒါမှမဟုတ် အခြားကျရာနေရာမှာ သာသနာ တကယ်ပြုချင်လို့ပဲ ဖြစ်ဖြစ်၊ ဒီ့အပြင် အဘနဲ့ ဓာတ်ဆက်ချင်ကြတဲ့သူတွေအဖို့ ပွဲလမ်းပေးပြီး ဓာတ်တိုင်ကို

နောက်စာမျက်နှာမှ ဆက်ဖတ်ပါ

www.burmeseclassic.com



ဓာတ်ငယ်ပိုင်းဆုတော်ကြီးတော်မြတ်အနီးမှ တံခွန်တိုင်ကြီး



ဆုတောင်းပြည့်စေ ဓာတ်တော်တိုင်အား အမြင့်တစ်မှီမြင်ရ မှတ်တမ်းတင်ထားပုံ

ပုတ်ရင် အတော့်ကို သိသိသာသာ ထူးလာတယ်။ အဲဒါနဲ့ တစ်နည်းနည်းနဲ့ အဆက်အသွယ် ရလာတယ်'

မြို့ခံလူတချို့၏ ပြောပြချက်များအရ မိမိတို့မှာ အခက်အခဲတွေရှိနေလျှင် ယုံကြည်စွာနှင့် ထိုဓာတ်တိုင်ကိုပုတ်ပြီး အဘအောင်မင်းခေါင်ကို တိုင်တည် သစ္စာပြုလိုက်ပါက ရက်ပိုင်းအတွင်း သိသိသာသာကြီး ထူးခြားသည်ဟု သိခဲ့ရပါသည်။

ရွှေမေတ္တာ ထီဆိုင်ပိုင်ရှင် ဦးကြိုင်ခေါ် ဦးချစ်ဦး၏ ပြောပြစကားမှာ...

'ကျွန်တော် ရွှေမေတ္တာထီဆိုင်လို့ နာမည်ပြောင်း ဖွင့်ပြီးကတည်းက ဒီဓာတ်တိုင်ကို လာပြီး ယုံယုံကြည်ကြည်နဲ့ ပုတ်ပြီး ဆုတောင်းတယ်။

ကျွန်တော့်ဆိုင်မှာ ထီထိုးသူတွေ ပေါက်ကြပါစေလို့ ဆုတောင်းပါတယ်။ ခုဆိုရင် (၁၂) ကြိမ်မြောက်အထိ ဆုကြီးတွေရော၊ ဆုလေးတွေရော ဆက်တိုက်ဝင်တယ်။ ကျွန်တော့်ဆိုင်က (၁၂)ကြိမ်မှာ သိန်း(၅၀)ပဒေသာဆုကြီးကနေ (၁၈၈)သိန်းပေါက်တယ်။

ကျွန်တော်ကတော့ ဒီဓာတ်တိုင်ကြီးကို ပုတ်ပြီး ဆုတောင်းမိကတည်းက ထူးတယ်လို့ ဆိုရမှာပါပဲ'

ကဲ... စာရှုသူများလည်း ပဲခူးတိုင်းဒေသကြီး၊ ပေါင်းတည်မြို့ကိုရောက်လျှင် ထိုအောင်ဓာတ်တိုင်ကြီးကို သွားရောက်ပုတ်ပြီး လိုရာဆုတောင်းကြည့်ကြပါ။ အကျိုးထူးပါလိမ့်မည်။

ဆရာတော်တစ်ပါး၏ ပြောပြချက်အရ အုန်း၊ ငှက်ပျော၊ ကွမ်း၊ လက်ဖက်၊ ပန်း၊ ရေချမ်း၊ အမွှေးတိုင် နံ့သာတိုင်၊ သစ်သီး စုံလင်စွာ အလင်းတိုင် ထွန်းညှိပြီး ဘုရား သံဃာပွဲ၊ ဝိဇ္ဇာပွဲများ ပြင်ဆင် သရဏဂုံတည်မြဲလျက် သီလခံယူ အဓိဋ္ဌာန်ဖြင့် ဆုတောင်း၍ အော ဓာတ်တိုင်ကို ပုတ်ပြီး အဘနှင့် ဆ သွယ်ကာ သာသနာ့လုပ်ငန်းစဉ် လုပ်နိုင်ရေး၊ တရားသော လာဘ်လာ များ ရရှိရေးတို့အတွက် တောင်းခံ လျင်မြန်စွာ အကျိုးထူး ရနိုင်ပါကြော သိခဲ့ရသမျှ ဖော်ပြရေးသားလိုက် သည်။

*ကျန်းမာပါစေ၊ ချမ်းသာပါစေ*

ဦးကျော်(ပြည်)





www.burmeseclassic.com

www.burmeseclassic.com



# ကိုယ်ရံကြီးနှင့် ကိုယ်ရံလေးပင်

မျိုးတင့်
(ညောင်လေးပင်)

ကိုယ်ရံကြီးနှင့် ကိုယ်ရံလေး ဟူ၍ ဂမုန်း(၂)မျိုးရှိသည်။ အချို့အရပ်များတွင် ကိုယ်ရံကြီးဂမုန်းကို **(ပြည်လုံးချမ်းသာဂမုန်း၊ အိမ်လုံးချမ်းသာဂမုန်း၊ မင်းသားကြီးဂမုန်း)** ဟူ၍လည်း ခေါ်ကြသေးသည်။

ကိုယ်ရံကြီးဂမုန်းသည် အရွက်ပြားပြီး တစ်လံအထိ ရှည်လျားသည်။ ရွက်ပြားမှာ တစ်ထွာသာသာ ရှိတတ်သည်။

**ကိုယ်ရံလေးမှာမူ ကိုယ်ရံကြီးကဲ့သို့ မကြီး၊ ကိုယ်ရံလေးဆိုသည့်အတိုင်း ကိုယ်ရံကြီးပုံစံအတိုင်း ရှိသော်လည်း ရွက်ပြားမှာ လက်ဝါးအရွယ်သာရှိသည်။**

အရွက်၏အရှည်မှာ (၂)တောင့်ထွာခန့်ရှိသည်။ ကိုယ်ရံကြီးပင်မှာ လူတစ်ရပ်ကျော်ကျော်ရှိပြီး ကိုယ်ရံလေးပင်မှာ ရင်စို့ခန့်သာ ဖြစ်သည်။

ကျွန်ုပ်သည် ကိုယ်ရံကြီး၊ ကိုယ်ရံလေးပင်တို့၏ ဂမ္ဘီရဆန်းကြယ် ဖြစ်ရပ်များကို ကိုယ်တွေ့သော်လည်းကောင်း၊ တစ်ဆင့်ကြား သော်လည်းကောင်း ကြုံခဲ့၊ ဆုံခဲ့ဖူးသူဖြစ်သည်။

ကိုယ်ရံကြီးပင်များကို လွန်ခဲ့သော နှစ်ပေါင်း(၈၀)ကျော်က အစီအမံပြု၍ စိုက်ပျိုးထားခဲ့သော အိမ်တစ်အိမ်ရှိသည်။

ထိုအိမ်ကြီးကို မြေပိုင်ရှင်ကြီးတစ်ဦးဖြစ်ပြီး ဘုရား၊ကျောင်း၊သိမ်၊ဇရပ်၊ ရေတွင်း၊ရေကန်များကို လှူဒါန်းဒါနပြုခဲ့သော ဦးမှတ်ကျော်၏ ခြံအတွင်း စိုက်ပျိုးခဲ့သည်။

ဦးမှတ်ကျော်၏ ခြံသည် ယနေ့တိုင် ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင် မြို့နယ်၊ ပုစွန်မြောင်းရွာ၊ အရှေ့ပိုင်း ဆိပ်ကွက်တွင် ရှိနေသည်။

ဦးမှတ်ကျော်တွင် သား(၃)ယောက်နှင့် သမီးအပျိုကြီးတစ်ယောက် ရှိခဲ့သည်။ သား(၃)ယောက်အနက်



ကိုယ်ရံလေးပင်

တစ်ဦးမှာ ဦးအောင်ရင်ဟု ခေါ်သည်။

သူသည် သူတို့ခေတ်က ခေတ်ပညာတတ်၊ အင်္ဂလိပ်စကားကို ကျွမ်းကျင်စွာ ပြောနိုင်သည်။ လူပျိုကြီးဘဝနှင့်နေခဲ့သည်။ ဦးအောင်ရင်ကို ဆွေမျိုးများက ဦးတော်လေးအောင်ရင်ဟု ခေါ်ကြသည်။

ဦးအောင်ရင်သည် ခေတ်ပညာတတ်သော်လည်း ဂမ္ဘီရပညာရပ်များကို ဝါသနာထုံသည်။ ဦးအောင်ရင်သည် အဘိုးဦးမှတ်ကျော်၏သားကြီး ကျွန်ုပ်၏ အဘိုးတော်သူ ဦးအောင်သင်း၏ ညီအရင်းဖြစ်သည်။

ကျွန်ုပ်(၇)နှစ်သားလောက် ဦးအောင်ရင် ကွယ်လွန်ခဲ့သည်။ သူ၏ သားရေသေတ္တာနှစ်လုံးနှင့် အပြည့် အင်းပညာဆိုင်ရာစာအုပ်များ၊ ဂမ္ဘီရမှတ်စုမှတ်တမ်းများ ကျန်ခဲ့သည်။

သားရေသေတ္တာကြီး၏ အတွင်းပိုင်းကို ဗုဒ္ဓဝင်ရုပ်လုံးများနှင့် ရွှေခြည် ငွေခြည် ထိုးထားသည်။ မန္တလေးခေတ် နန်းတွင်းပန်းချီဆရာကြီး ဦးချို၏ လက်ရာများဟု ကျွန်ုပ်ဖခင်ကြီးက ပြောပြခဲ့သည်။

ဦးတော်လေး အောင်ရင်၏ အဖိုးတန် အမွေအနှစ်များကို ထိန်းသိမ်းနိုင်သူ မရှိခဲ့ပါ။ ကျွန်ုပ် အသက်အရွယ်ကြီး၍ သိတတ်လာသော အခါများစွာ နှမြောတသဖြစ်ရသည်။

ဦးတော်လေးအောင်ရင်၏ အစီအမံနှင့် ကိုယ်ရံကြီးပင်(၄)ပင်ကို ခြံ(၄)ထောင့်၌ စိုက်ပျိုးခဲ့သည်။ သူ၏ အစီအမံမှာ ရိုးပြီးလွယ်ပါသည်။

ခဲရာခဲဆစ်မဟုတ်ကြောင်း ကျွန်ုပ်၏ ဖခင်ကြီးဦးငွေစိုးက ပြောပြခဲ့သည်။ ကိုယ်ရံကြီးပင်အနီးတွင် **ဝါးရင်းတုတ်**

www.burmeseclassic.com

**ကြီး(၄)ချောင်းကို တစ်ပင် တစ်ချောင်းစီ အခိုင်အမာ ၎တ်များ ရိုက်သည်။**

"'အသင် ကိုယ်ရံကြီးပင်စောင့် ပုဂ္ဂိုလ်ကြီးခင်ဗျား... ကျွန်ုပ်သည် ယနေ့မှစ၍ အသင့်အား ကျွန်ုပ်၏ ခြံ အိမ်ဂေဟာတို့ကို အစောင့်အရှောက်ပြု ကာကွယ်ပေးရန် ဝါးရင်းတုတ်လက်နက်ကို အပ်နှင်းလိုက်ပါပြီ။ ကျွန်ုပ်တို့ ပြုစုထားတဲ့ ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်အဖို့ အစုစုတို့ကို သင့်အတွက် အမျှပေးဝေပါတယ်"

လို့ ပြောပြီး အမျှ(၃)ကြိမ်ဝေ၊ သာဓု (၃)ကြိမ်ခေါ်ရတယ်။ ပြီးတော့ **လပြည့်၊လကွယ်နေ့တွေမှာ ရွှေရည် ငွေရည်လောင်းပြီး အမွှေးတိုင်၊ အလင်းတိုင်တွေ ထွန်းပေးရတယ်ကွ။** အဲဒါဦးတော်လေးက ငါတို့ကို ပြောလဲ ပြောပြ၊ သူကိုယ်တိုင်လဲ လုပ်ခဲ့တာပေါ့'

ဟူ၍ ကျွန်ုပ် အရွယ်ရောက်လာသောအခါ ပြောပြခဲ့သည်။

ကိုယ်ရံကြီးပင် အစီအမံ၏ အစွမ်းသတ္တိကို ကျွန်ုပ်ဖခင်ကြီးကိုယ်တိုင် ကြုံတွေ့ခဲ့ရသည်။

သူတို့ဖြတ်သန်းခဲ့ရသော ခေတ်ကာလမှာ ၁၉၄၅ ခုနှစ်မတိုင်မီ ဝန်းကျင်ဖြစ်သည်။ လွတ်လပ်ရေး မရသေးမီ တောမီးလောင် တောကြောင် လက်ခမောင်းခတ်ချိန်ဟု ဆိုရမည်။ တိုင်းပြည်ကြီး မငြိမ်မသက်၍ သူခိုးဓားပြများ ပေါလှသည်။

တစ်နေ့သောအခါတွင် ကျွန်ုပ် အဘိုး၏အဖေ အဘေးဖြစ်သော မြေပိုင်ရှင်ကြီး ဦးမှတ်ကျော်ထံသို့ လူစိမ်းငည့်သည်နှစ်ယောက် ရောက်လာကြသည်။

သူတို့ ဓားပြမှုနှင့် ထောင်မှ လွတ်လာခဲ့သူများဖြစ်ကြောင်း သူတို့ကိုယ်ကို မိတ်ဆက်ကြသည်။

သူတို့သည် သူဌေးကြီးဦးမှတ်ကျော်၏အိမ်ကို ဓားပြတိုက်ရန်လာတိုင်း အိမ်ခြံထောင့်၌ အသားညိုညို ထိုးကွင်းဒူးကျနှင့် သျှောင်တစ်စောင်း ထုံးထားသော လူထွားကြီး(၄)ယောက်ကို ဝါးရင်းတုတ်ထမ်းလျက်သား ခြံထောင့်၌ တွေ့ကြရသည်။

သူတို့ကို မျက်ထောက်နီကြီးများနှင့် လှမ်းကြည့်ကြရာ ချေးသေးပါမျှ ကြောက်လန့်ပြီး ပြန်ခဲ့ကြရသည်မှာ (၃)ကြိမ် (၃)ခါ ခန့်ရှိခဲ့သည်ဟု ပြောပြကြသည်။

ဓားပြများသည် အဘိုးတို့၏အိမ်ကို ဓားပြတိုက်ရန် မဖြစ်နိုင်သောကြောင့် အခြားသောနေရာတွင် ဓားပြဝင်တိုက်ခဲ့ရာမှ အဖမ်းခံ၊ ထောင်ကျခဲ့ကြသည်။

လွတ်မြောက်လာချိန်တွင် အဘိုးဦးမှတ်ကျော်ထံ လာရောက် ပြောပြစုံစမ်းကြသည်။ နောင်တွင် မကောင်းမှုတို့ကို မပြုတော့ပါကြောင်းလည်း ပြောဆို ဝန်ခံကြသည်။

အဘိုးတို့သည် သူတော်ကောင်းများဖြစ်၍ အစောင့်အရှောက်များ ရှိနေကြောင်းလည်း ပြောပြကြသည်။

အဘိုးဦးမှတ်ကျော်ကို ရှိသေစွာ ကန်တော့ပြီး ပြန်လည် ထွက်ခွာသွားသည်ကို ကျွန်ုပ်၏ ဖခင်ကြီးကိုယ်တိုင် ကိုယ်တွေ့ကြုံခဲ့ရကြောင်း ပြောပြပါသည်။

ကျွန်ုပ် အရွယ်ရောက်လာသောအခါ ဖခင်ကြီးသည် အိမ်နှင့်ခြံကို အမွေ ဆက်ခံခွင့်ရခဲ့သည်။ ကိုယ်ရံကြီးပင်ကြီး(၄)ပင်ကို စာရေးသူငယ်စဉ်က ကောင်းစွာ မြင်တွေ့မှတ်မိခဲ့သည်။

ဦးတော်လေးအောင်ရင် ကွယ်လွန်ချိန်မှစ၍ ကျွန်ုပ်ဖခင်ကြီးသည် ကိုယ်ရံကြီးပင်များကို ဂရုတစိုက် မပြုမိဘဲ နေခဲ့သည်။

ကျွန်ုပ် (၁၂)နှစ်သားအရွယ်တွင် ကျွန်ုပ်တို့ အိမ်ဓားပြတိုက်ခံခဲ့ရသည်။ ပစ္စည်းများ ပါသွားသည်။ ကိုယ်ရံကြီးပင်များ ဂရုတစိုက်မပြုမိသောကြောင့် အစောင့်အရှောက်များ ကင်းကွာသွားကြခြင်းကြောင့်ဟု ယူဆရပါသည်။

ကိုယ်ရံကြီးပင်ရွက်များသည် ဆေး... ဖက်ဝင်သည် အဖောရောဂါ၊ ကိုယ်... ရောင်နာ၊ အနာစိမ်းများကို ကုသ... သည်။ ကျွန်ုပ်တို့အိမ်၌ရှိသော ကိုယ်... ကြီးရွက်များကို ကျေးလက်ဒေသ... ဓလေ့အတိုင်း ရွာသူရွာသားများ ... တောင်းတတ်သည်။

ထိုအခါမျိုးတွင် အိမ်သား ... ယောက်ယောက်က ဓားနှင့်အရွက်... ပိုင်းဖြတ်ပေးရသည်။ ထိုအခါ၌...

'ဆရာ ကိုယ်ရံကြီးခင်ဗျား ...ရောဂါ... ပျောက်ကင်းအောင် ကုသစောင့်ရှောက်... ပါ။ သင့်အား လူနာများကို ကုသ... လာရောက် ပင့်ဆောင်နေပါသည်။ ... တော်မူပါ'

ဟု နှုတ်က ပြောဆိုပြီးမှ ကိုယ်ရံ... ရွက်ကို ဖြတ်ပေးရသည်။ ထိုအရွက်... သာ ဆေးစွမ်းထက်သည်ဟု ယုံ... ကြသည်။

ကျွန်ုပ်တင်ပြ ရေးသား ဆောင်း... အိမ်ခြံနေရာမှာ ယခုတိုင်ရှိပါသ... ကိုယ်ရံကြီးပင်ကြီးများတော့ မ... တော့ပါ။ ကျွန်ုပ်၏ ညီငယ်၊ ညီမ... များ နေထိုင်လျက် ရှိပါသည်။

* * *

ကိုယ်ရံကြီးပင်ကဲ့သို့ ကိုယ်... ဂမုန်းပင်များလည်း အစွမ်းထက်... ဆောင်အပင် ဖြစ်သည်။ ကိုယ်... ကိုယ်ရံလေးဂမုန်းများမှာ အဖြူ... အနီပန်းခိုင်များ ပွင့်ကြသည်... သင်းပျံ့သော မွှေးရနံ့ ရှိသည်...



www.burmeseclassic.com

www.burmeseclassic.com



● ကိုယ်ရံလေးပင် အရွက်များ မှုတ်ဖြင့် ထွက်အနံ့

တစ်ခြံလုံး၊ တစ်အိမ်လုံး ပန်းရနံ့ သင်းနေတတ်သည်။ မိုးကာလများတွင် (၂)ကြိမ်၊ (၃)ကြိမ် ပွင့်တံကြီးထိုး၍ ပဒေသာပန်းခိုင်များ ပွင့်ကြသည်။

ကျွန်ုပ် ညောင်လေးပင်မြို့၌ နေစဉ်က ရင်းနှီးသော မိတ်ဆွေတစ်ဦး၏အိမ်သို့ ရောက်ရှိခဲ့သည်။ သူတို့၏ အိမ်ရှေ့တွင် ကိုယ်ရံလေးဂမုန်းပင်များထူးခြားစွာ ကွင်းထိုးနေသည်ကို တွေ့ရသည်။

ကိုယ်ရံလေးဂမုန်းများ ကွင်းထိုးနေလျှင် ထိုအိမ်ရှင်တို့သည် ကြီးစွာသော လာဘ်လာဘများ ဝင်ကြောင်း ကျွန်ုပ် ကြားဖူးနားဝရှိထားသည်။ သို့ဖြစ်သော ကြောင့် ကျွန်ုပ်က မိတ်ဆွေ၏ အမည်ကိုအော်ခေါ် နှုတ်ဆက်ရာတွင်...

'ဗျို့ ကိုကျော်လွင်ကြီး... ခင်ဗျားတို့က လူချမ်းသာတွေ ဖြစ်နေပြီဆိုတော့ ကျွန်တော့်ကိုတောင် မမြင်ကြတော့ဘူး ထင်ပါရဲ့'

ဟု နောက်ပြောင် ပြောလိုက်သည်။

မိတ်ဆွေကြီး ကိုကျော်လွင်က ခြံဝသို့ အပြေးအလွှား ပြေးထွက်လာပြီး...

'မဟုတ်ရပါဘူး ဆရာသမားရယ်... ကြွပါဗျာ၊ အိမ်ထဲဝင်ပြီး လက်ဖက်ရည်ကြမ်းကလေးများ သုံးဆောင်ပါဦး'

ဟု ဖိတ်မန္တက ပြုပါသည်။ ပြီးမှ...

'ဆရာက ကျွန်တော့်ကို ဘာပြုလို့ လူချမ်းသာတွေ ဖြစ်နေပြီလို့ ပြောတာလဲဗျ'

ဟု မေးတော့သည်။

ကျွန်ုပ်က ရိုးသားစွာပင်...

'ကျွန်တော်သိတာပေါ့ ကိုကျော်လွင်ရယ်... ခင်ဗျားတို့ အိမ်အဝင် ခြံထောင့်မှာ ကိုယ်ရံလေးပင်မှာ ထူးထူးခြားခြားကွင်းတွေ ထိုးနေတာကလား။ ဒီဆိုရင် ခင်ဗျားတို့ ထီပေါက်ခဲ့ပေါက်၊ တစ်ခုခုတော့ ပွပေါက်တိုးနေပြီဆိုတာ ကျုပ်သိတာပေါ့ဗျာ'

ဟု ပြောလိုက်ရာ ကိုကျော်လွင်သည် သတိမပြုမိသော ကိုယ်ရံလေးဂမုန်းပင်ကို ဆင်းကြည့်ပြီး "ဟာ... ဟုတ်တာပေါ့"ဟု ဝမ်းမြောက်ဝမ်းသာ ပြောပါလေတော့သည်။

မိတ်ဆွေကြီးကိုကျော်လွင်က သူလျှို့ဝှက်စွာနှင့် မပြောမကြား လူသိမခံဘဲ နိုင်ငံတော် သိန်းဆုကြီးပေါက်ခဲ့ကြောင်းကို ကျွန်ုပ်အား ရင်းနှီးသူဖြစ်သည့်အလျောက် ပြောပြခဲ့ပါသည်။

သူတို့မိသားစုမှာ ရိုးသားကြိုးစား၍ ရတနာသုံးပါး ကြည်ညိုသူများဖြစ်ကြသည်။ ကိုယ်ရံလေး ဂမုန်းပင်စောင့်နတ်တို့သည် ထင်ရှားသော နိမိတ်ကောင်းများကို ပြခဲ့သည်ဟုပင် ဆိုရပါတော့မည်။ *(နာမည်လွှဲ၍ ဖော်ပြပါသည်။)*

* * *

ကိုယ်ရံကြီးနှင့် ကိုယ်ရံလေး ဂမုန်းတို့သည် အစွမ်းထက် နိမိတ်ဆောင်ပင်များ ဖြစ်သည်။ အဆိပ်ကို အလွန်နိုင်သည်။ ကိုယ်ရံကြီးပင် ဥများက ပို၍ပင် စွမ်းကြောင်း ဆေးကျမ်းများ၌ ဆိုသည်။

ဖောလျှင် အရွက်ကို ပြုတ်၍ ရေချိုးရသည်။ ခါးနာ၊ ဒူးနာ၊ ဒူးရောင်လျှင် အရွက်ကို မီးကင်၍ စည်းပေးရသည်။ အနာ မီးလျှံနာဖြစ်လျှင် ကိုယ်ရံကြီးဥကို သွေးပြီး လိမ်းကျံပေးရသည်။ *(ယားယံခြင်းဖြစ်သော်လည်း စိုးရိမ်ရန်မရှိပါ။)*

အထူးသဖြင့် ကိုယ်ရံကြီးပင်သည် အဆိပ်ကို အထူးနိုင်သည်။ နန်းတွင်း လျှာပွတ်ဆေးဖော်ရာတွင် ကိုယ်ရံကြီးကို အထူးပြု သုံးစွဲသည်။

**မြေကြွမ်းသည်ဟု ယူဆလျှင် ကိုယ်ရံကြီးကို စိုက်ရသည်။** နွား၊ မြင်းတင်းကုပ်များတွင် အရွက်ကို မီးရှို့ပြီး ခြင်အန္တရာယ် ကာကွယ်ကြသည်။

အချို့ အပင်လိုက် ဆွဲထားကြသည်။ ကိုယ်ရံကြီး၊ ကိုယ်ရံလေးတို့သည် ဆေးဖက်ဝင်သော ပန်းအလှစိုက်ပင် ဖြစ်ရုံမက သဘာဝလွှန် ဂမုန်းပင်များဟု ဆိုနိုင်သည်။

*မေတ္တာရှည်လျက်...*

**မျိုးတင့်**
*(ညောင်လေးပင်)*



www.burmeseclassic.com

www.burmeseclassic.com



မြေလွတ်မြေအား

# ဝါး စိုက်မလား

ဘဟိန်းဦး
(မိုးသည်းမြေ)



မြန်မာနိုင်ငံ ရေမြေတောတောင် အသီးသီးဝယ် ဝါးပင်သည် နေရာဒေသမရွေး ရှင်သန်ပေါက်ရောက်၏။ ဝါးအမျိုးအစားသာ ကွဲပြားချင် ကွဲပြားပေမည်။ ဝါးမပေါက်သော အရပ်ဒေသဟူ၍ မရှိပေ။ အိမ်ကာသည့် ထရံမှစ ဘုရားတွင် ငြမ်းဆင်သည်အဆုံး ဝါးအသုံးသည် အထူး တွင်ကျယ်လှပေ၏။

မြန်မာနိုင်ငံတွင် အထူး လူသုံးများသော ဝါးအမျိုးအစားများမှာ တင်းဝါး၊ မျှင်ဝါး၊ ကြသောင်း၊ ဝါးနက်၊ ဝါးဖြူ၊ ဝါးပိုး၊ ထီးရိုးဝါးနှင့် ဝါးယား စသည်တို့ဖြစ်၏။ ဆောက်လုပ်ရေး အသုံးဝယ် အထူးသဖြင့် ဝါးယားနှင့် ထီးရိုးဝါးကို သုံး၏။

ထိုဝါးများအား အသုံးများရခြင်းမှာ ဝါးသားထူ ဖြောင့်စင်းလျက် ပိုးမစားခြမကိုက်ခြင်းကြောင့်ဖြစ်၏။

မြန်မာနိုင်ငံ တစ်နံတလျား သစ်ရှားပါးသော အရပ်ဒေသများဝယ် ဝါးယားအား သွပ်မိုးအိမ် မြှားတန်းအဖြစ် သုံးကြ၏။ သတ္တိကလည်း သစ်သားနည်းတူပင် ခိုင်ခံ့စိတ်ချရကာ နှစ်ပေါင်းနှစ်ဆယ်အထိပင် ခံကြ၏။ စာရေးသူကိုယ်တိုင်လည်း လက်တွေ့ သုံးဖူးသည်ဖြစ်၍ ယုံကြည်စွာ သုံးနိုင်ကြောင်း အညွှန်းပေးလို၏။

ဝါးပိုးဝါးကဲ့သို့သော အဆိပ်အတောက်ကင်းသည့် မျှစ်စို့ပေါက်ကြီးများအား ဓားဖြင့် ပါးပါးလှီးကာ မျှစ်ချဉ်ထည့်ထားခြင်းဖြင့် ရေရှည်ထား စားသုံးနိုင်၏။

သိုက်ဝါး၊ ဝါးကောက် မျှစ်စို့အား လတ်လတ်ဆတ်ဆတ် ချိုး၍ နှစ်ရေကျပြုတ်ပြီး ဓားဖြင့် ပါးပါးသင် တွယ်ချိုတ်ဖြင့် နှင်ကာ ကြော်စားနိုင်ပေ၏။

ယခုအခါဝယ် မြန်မာနိုင်ငံ ရိုးမအသီးသီးဝယ် အဖိုးတန် ကျွန်းသစ်နှင့် သစ်မာများကဲ့သို့ ဝါးသည်လည်း တစ်စတစ်စ ရှားပါးလာပြီဖြစ်၏။ နွေအခါ တောမီးလောင်ခြင်း၊ တရားမဝင် မဆင်မခြင် သစ်လုံ့မှုများကြောင့် ဝါးတောများ ထိခိုက်ပျက်စီး၍ ဝါးတန့်သွားခြင်း၊ ဝါးသက်တမ်း ကုန်ဆုံး၍ ဝါးသီးကာ သောင်းသွားခြင်း(အရုံလိုက်ခြောက်၍ မျိုးပြုတ်သေဆုံးခြင်း) စသည်တို့ကြောင့် တောတောင်များအတွင်း၌ပင် အရင်ကကဲ့သို့ လွယ်လွယ်ကူကူ မရနိုင်တော့ပေ။

ဝါးအသုံးသည်ကား တိုးပွားလာသော လူဦးရေနှင့်အတူ လိုအပ်ချက်ပြ... နေဆဲပင်။ ဝါးဈေးသည် အရင်က... စာလျှင် သုံးဆမျှတက်ကာ အထူးဈေး...



www.burmeseclassic.com

www.burmeseclassic.com

ကောင်းမွန်လျက်ရှိ၏။ ထိုအခြေအနေအား အမိအရ အသုံးချ၍ ဝါးအား စီးပွားဖြစ် စိုက်ပျိုးသူများပင် ရှိလာ၏။

အဓိက စိုက်ပျိုးသည့်ဝါးမှာ ထီးရိုးဝါးနှင့် ဝါးယားပင်ဖြစ်၏။ မြေလွတ်မြေရိုင်းတွင် ထိုးထွင်း၍ စိုက်ပျိုးပါက ဝင်ငွေရွှင်ရွှင် ရစေသည့်အပြင် သဘာဝ ပတ်ဝန်းကျင်ကိုလည်း ထိန်းသိမ်းရာ ရောက်သည့်ဖြစ်၍ တစ်ချက်ခုတ် နှစ်ချက်ပြုတ် အမြတ်ရသည့် အလုပ်ဖြစ်၏။

မြေအရင်းရှိဖို့သာ လိုပါသည်။ ငွေအရင်းအနှီး နည်းနည်းနှင့် နှစ်ရှည် ဝင်ငွေရနိုင်သော လုပ်ငန်းဖြစ်၏။ စတင်စိုက်ပျိုး၍ သုံးနှစ်ပြည့်လျှင် ဝင်ငွေလှိုင်လှိုင် ရပေတော့၏။ ရေရှည်သားစဉ်မြေးဆက် အကျိုးခံစားရသော ဥယျာဉ်ခြံလုပ်ငန်းလည်း မည်၏။

**စိုက်ပျိုးနည်းမှာ**

ဝါးစိုက်မည့် ကွက်ပြင်တောအား နွေရာသီဝယ် မီးရှို့ထားရမည်။ မီးလောင်၍ မြေနာသွားခြင်းနှင့်အတူ ချုံနွယ်များ ရှင်းလင်းသွား၍ ပေါင်းပင်မျိုးစေ့များပါ သုတ်သင်ပြီး ဖြစ်တော့၏။

ဝါးပင်သည် ရေဝပ်ခြင်းကို မကြိုက်သော်လည်း **ရေအစိုဓာတ် မပြတ်ရနေမှသာ ရှင်သန်သော အပင်မျိုးဖြစ်၏။** ထို့ကြောင့် "**ငှက်ပျော ကဆုန် ဝါး နယုန်**" ဟူသော စကားပုံအတိုင်း မြေအစိုဓာတ် စတင်ရသော နယုန်လတွင် စတင်စိုက်ပျိုးရပေ၏။

ပေါက်တူးတစ်ပြားသာနှင့် အနက် တစ်မိုက်ခန့် မြောင်းအရှည်များ ဆွဲရပါမည်။ တစ်မြောင်းနှင့် တစ်မြောင်း ခြောက်တောင်ခန့် ခြားရ၏။

စိုက်မည့် ဝါးမျိုး စိမ်းစိမ်းစိုစိုအား အလုံးမှ တစ်ခြမ်းခွဲပါ။ ပြတ်စရာမလို၊ အရှည်လိုက်ပင် ဖြစ်၏။ ထိုဝါးခြမ်းများအား ကြံစိုက်သကဲ့သို့ မြောင်းအတွင်း ဆက်၍ ချသွားပါ။ ပက်လက် မဖြစ်စေရ၊ မှောက်၍ ချသွားကာ မြေဖို့ရ၏။

နှစ်ပတ်ခန့်ကြာသောအခါ ဝါးအဆစ် တစ်ဆစ်လျှင် ဝါးတစ်ပင်နှုန်းဖြင့် ဝါးပင်နုများ မြေကိုတိုးကာ မြိုင်မြိုင်ဆိုင်ဆိုင် ထွက်ပေါ်လာတော့၏။ ထိုဝါးပင်လေးများ မြဲ၍ စွဲသွားအောင် မြေပေါင်တင်ပေးပါ။ နောက်နှစ် မိုးဦးကျတွင် မျှစ်စို့များ အစီအရီ ထွက်လာပေတော့၏။

သုံးနှစ်ခန့် ကြာသည်မှစ၍ တစ်သက်လုံး ဝါးလှိုင်လှိုင် ရောင်း၍ ရပေပြီ။ နှစ်ကြာလာသည်နှင့်အမျှ မျှစ်ပေါက်နှုန်း မြင့်လာလေ ရောင်းဝါးအထွက်နှုန်း စံမြင့်လေဖြစ်၏။ မိရိုးဖလာ ဝါးငုတ်အား ရွှေ့စိုက်ခြင်း နည်းထက် ဤခေတ်သစ်နည်းသည် ဝါးပိုသန်၍ အဖြစ်မြန်ပါသည်။

ခြံဝင်းပတ်လည် ဝါးစိုက်ချင်သူများလည်း ဤနည်းအတိုင်း စိုက်ပျိုးခြင်းဖြင့် ခြံဝင်းလည်းလုံ၊ ဝင်ငွေလည်း ရစေပါသည်။ တစ်ဆက်တည်းပင် ဝါးရုံမှ ဝါးခုတ်နည်းအား လက်ဆောင်ပေးလို၏။ မည်သည့်ဝါးရုံမျှမဆို ဝါးခုတ်နည်းမကျက ဝါးတန့်သွားကာ ဝါးပေါက် နည်းသွားတတ်၏။

ဝါးရုံတစ်ရုံတွင် **ပန်းဝါး၊ ညည့်ခံဝါးနှင့် အသုံးတော်ခံဝါးဟူ၍** သုံးမျိုး သုံးစားခွဲခြားထား၏။ ဝါးပင်၏ သဘော သဘာဝသည် နှစ်စဉ် မျှစ်ထွက်သည့် အချိန်ရောက်လေတိုင်း အပြင်ဇရိယာသို့ တိုး၍ချဲ့ကား သွားတတ်၏။

ဝါးရုံပတ်လည်ရှိ အပြင်ဘက် အကျဆုံးဝါးများကို **ပန်းဝါး**ဟု ခေါ်သည်။ အလုံးချော အဆစ်အဆန် ကောင်းသော်လည်း မခုတ်မသုံးရပေ။ ဝါးနုများဖြစ်၏။

ထိုမှ တစ်ဖန် အတွင်းဘက်ကျပြန်သော် **ညည့်ခံဝါး**ဟု ခေါ်၏။ ထိုဝါးသည် ပန်းဝါးထက် သက်တမ်း တစ်နှစ်ပိုသော ဝါးဖြစ်၏။ လိုအပ်က သုံးနိုင်ပြီဖြစ်သော်လည်း ဝါးကောင်းဟု မဆိုသာ။ အဆီအနှစ် မပြည့်သေး၍ နေဒဏ်မိုးဒဏ် မခံနိုင်ဘဲ ပိုးစား၏။

**ဝါးရုံတစ်ခုအတွင်း၊ အတွင်းဘက် အကျဆုံး ဝါးများသည် အသီအနှစ်ပြည့်၍ ဝါးသားထူကာ အခြေကြာတွင် အသစ် အပြောက်ထလျှက် ရှိ၏။**

**ထိုဝါးသည် သက်တမ်းအစ အရည် အသွေးပြည့် အသုံးတော်ခံဝါးဟု ခေါ်၏။ ထိုဝါးမျိုးရှာဘ်ယူ သုံးစွဲမှ ဝါးသုံးနည်း မှန်ကန်၍ ဝါးတစ်လုံး၏ ဂုဏ်သတ္တိကိုလည်း များပါးထင်ထင် မြင်ရမည် ဖြစ် ၏။**

သို့သော် ထိုဝါးရင့်များသည် အတွင်းဘက် အကျဆုံး အစိတ်အပိုင်းတွင် ရှိနေသောကြောင့် တစ်ခါတစ်ရံတွင် ဓားမဝင်တတ်၍ ခုတ်ယူရန် အခက်အခဲ ရှိနေတတ်၏။ ထိုအခက်အခဲ ဖြေရှင်းရန် အကြံဉာဏ် ပေးပါမည်၊ **လက်သမားသုံး ဆောက်အရှည်ဖြင့် ဖြတ်ယူနိုင်ပေ၏။** ဤဝါးခုတ်နည်းမှာ နည်းမှန်လမ်းမှန် အသုံးမှန် ဖြစ်ပေသည်။

ဝါးခုတ်သူသည် အလွယ်လိုက်ကာ ပန်းဝါးများ၊ ညည့်ခံဝါးများ ပတ်ခုတ်လိုက်ပါက အရည်အသွေးညံ့သော ဝါးများကိုသာ သုံးရမည်ဖြစ်ပြီး ထိုဝါးရုံသည်လည်း ဝါးတန့်သွားကာ ဝါးပေါက် ညံ့သွားပေတော့၏။

***[စီးပွားဖြစ် ဝါးခြံစိုက်ပျိုးခြင်းအား လက်တွေ့လုပ်ဆောင်နေ၍ နည်းပညာဖြန့်ဝေလိုစိတ်ဖြင့် အသေးစိတ် ရှင်းပြသော ကိုဇော်မင်းအား အထူးကျေးဇူးတင်လျက်...]***

***ဘဟိန်းဦး(မိုးသည်းမြေ)***



www.burmeseclassic.com

www.burmeseclassic.com

# တညှင်းသီး အိုးစိမ်

**လုပ်ရအောင်**



ကျွန်ုပ် စားဖူးသမျှသော တညင်းသီးအိုးစိမ်များထဲမှ အကောင်းဆုံး နည်းလေးကို အိမ်ရှင်မတို့အတွက် လက်ဆောင်မွန်အဖြစ် ရေးသားပေးပို့ ဖော်ပြပေးအပ်ပါတယ်။

တညင်းသီးကို သူ့သူ့ကိုယ်ကိုယ် ကျန်းမာရေးကို ဂရုစိုက်ပြီး ရှောင်ရှား တတ်ကြတာကလွဲလို့ အများစုက မက်မက်မောမော ကြိုက်နှစ်သက်စွာ စားသုံးတတ်ကြပါတယ်။

ကြိုက်တတ်လို့လဲ ရာသီကုန် နှစ်ကူး၊ နှစ်ပေါက်သည်အထိ တာရှည်ခံ အောင် နည်းမျိုးစုံနဲ့ သိုမှီးသိမ်းဆည်းထားတတ်ကြပါတယ်။ တချို့က ဆားစိမ်၊ တချို့က အချည်တည်နဲ့ စုံလို့ပါပဲ။

ကျွန်ုပ် တနင်္သာရီတိုင်းဒေသကြီးထဲမှာ (၁၂)နှစ်တာကာလကို ကျော်လွန်သည့် အတောအတွင်း နည်းမျိုးစုံလှတဲ့ တညင်းသီး တာရှည်ခံ ထားသိုထားတာများကို စားသုံးခဲ့ဖူးပါတယ်။

အဲ...တစ်နေ့တော့ **တနင်္သာရီတိုင်းဒေသကြီး၊ သရက်ချောင်းမြို့နယ်၊ ပဲဒက်တိုက်နယ်၊ ပေတခစ်ရွာ** မှာရှိတဲ့ **"အဌာဝါစိုးမိုး ဆီအုန်း ကုမ္ပဏီ"**မှာ ဘက်ဟိုးယန္တရားနဲ့ ရေကန်တာပေါင်ပိတ်ဖို့ လုပ်ငန်းဆောင်ရွက်ချိန်မှာ ထမင်းဟင်း ချက်ကျွေးတဲ့ ဖထီး ဦးစိုးမောင်နဲ့ အမိုး ဒေါ်ငွေကြည်တို့ရဲ့ တညင်းသီးအိုးစိမ်လက်ရာကို အလွန်ပဲ နှစ်ခြိုက်သဘောကျမိတယ်။

စာရှုသူအပေါင်းလဲ ပြုလုပ် စားသုံးပြီး အကြိုက်တွေ့မှာ သေချာပါတယ်။ ဒါကြောင့် အမိုးထံမှာ ဂနသေချာစွာ မေးမြန်းပြီး ရေးသားလိုက်ရပါတယ်။

ပြုလုပ်ပုံလေးကတော့...

၁။ တညင်းသီး အပေါ်အခွံထူများကို ခွာပြီး ရေအေးနဲ့ တစ်ညစိမ်ထား၊ **(အသီးနှင့် ကပ်နေသော အခွံပါးကို ခွာစရာ မလိုပါ။)**

၂။ နံနက် မိုးလင်းတော့ ရေထဲကဆယ်၊ ရေစစ်ပြီး ဆားနဲ့ နှံ့စပ်အောင်နယ်ကာ **တစ်နေလှန်း။**

၃။ တညင်းသီးပမာဏအလိုက် ရေကို ပွက်ပွက်ဆူအောင်တည်ပြီး အအေးခံထား။

၄။ စိမ်မယ့်ပုံး၊ ဘူးခွံသန့်သန့်ထဲနေ လှန်းပြီးသား တညင်းသီးတွေကို စီရရီထည့်။ ပြီးတော့မှ ရေကျက်အေးကို တညင်းသီး မြုပ်တဲ့အထိထည့်။ **[ရေကျက်အေး မထည့်ခင် တညင်းသီးပေါ်ကနေ တညင်းသီးတစ်ရာကို မြင်းကျားဖွန်း(၂) ဖွန်းနှုန်းနဲ့ ဆားဖြူးထား]။**

၅။ ဘူး၊ ပုံး အဖုံးမဖုံးခင် **ကင်ပွန်းချဉ်ရွက်ကြမ်းကို ဘူး၊ ပုံးတို့ရဲ့အဝ ပြည့်အောင် ထည့်ပြီး**မှ အဖုံးကိုပိတ်။ (၇)ရက်ကျော်လွန်တာနဲ့ စားလို့ရပြီ။ နှစ်ပေါက်အထိ ထားသိုနိုင်ပါတယ်။

ပျော့ပြဲခြင်းမရှိ၊ အနံ့ဆိုးထွက်ခြင်းမရှိဘဲ ကြွပ်နေသော တညင်းသီး မူလအရသာကို မြိန်ရှက်စွာ စားသုံးနိုင်ပါစေ။

*ကောင်းကျိုးလိုရာ ပြည့်စုံပါစေ*

**ဘောဘီခင်နိုင် (ဥပဒေ)**



www.burmeseclassic.com

www.burmeseclassic.com



ဂမ္ဘီရ

# ရှားရှား ထူးထူး တွေ့ရှိမှုများ


အသုံးချနည်း

၆၀၈၃ (ပညာရေး)

(၇-၉-၂၀၀၁)နေ့က အမြုတေနှင့် ဂမ္ဘီရပစ္စည်းများ ဖျာပုံမြို့(၅)လမ်း၊ ဆောင်စခန်းဆေးလိပ်ခုံပိုင်ရှင် ကိုသန်း ကိုမြင့်ထံတွင် ရှိသည်ဟု စာရေးသူ မိတ်ဆွေတစ်ဦး၏ လမ်းညွှန်မှုဖြင့် ကိုသန်းကိုမြင့် အိမ်သို့ ရောက်ရှိခဲ့ပါ သည်။


ကိုသန်းကိုမြင့်မှ ဖော်ရွေစွာနှင့် ခရီးဦးကြိုပြု၍ စာရေးသူတို့အား သူ့ ဝါသနာအရ စုဆောင်းထားသော ဂမ္ဘီရနွယ်ဝင် ရုက္ခမူအမြုတေများ၊ ဝါးနှစ်ပေါက် အမြုတေများကို ပြသပါ သည်။

စာရေးသူလည်း ကြုံတောင့်ကြုံခဲ တွေ့မြင်ခဲ့ရပါသည်။ ဂမ္ဘီရနွယ်ဝင် ပစ္စည်းများအား သေချာစွာ လေ့လာ ကိုင်တွယ်၍ မှတ်တမ်းတင် ရိုက်ယူခဲ့ပါ သည်။



သစ်တံခါး၊ သစ်ကွင်း၊ သစ်နွယ်လိမ်ကွင်းထိုးများပုံ

ထူးခြားသော သိမ်ခွင် ဝါး(၂)ပေါက်



သစ်တံခါး၊ သစ်ကွင်း၊ နွယ်လိမ် ကွင်းထိုး၊ ညောင်တံခါး၊ ဝါးနှစ်ပေါက် အမြုတေများကို စာရေးသူ လေ့လာ သိရှိသမျှနှင့် ကိုသန်းကိုမြင့် ဖြေကြားမှု များထဲမှ စိတ်ဝင်စားဖွယ် အချက်အချို့ ကို တင်ပြရသော်...

ဂမ္ဘီရနွယ်ဝင် ပစ္စည်းများနှင့် ပတ် သက်၍ ကြုံတောင့်ကြုံခဲ ရရှိလျှင် ဖြစ်စေ၊ အကြောင်းတိုက်ဆိုင်မှုကြောင့် ဖြစ်စေ၊ ဂမ္ဘီရလောက နယ်ပယ်မှ ပုဂ္ဂိုလ်များမှ ပဋ္ဌာန်းဆက်၊ ဓာတ်ခံရှိသူ များအား သူတော်ကောင်း ပုဂ္ဂိုလ်များ မှ သာသနာ အထောက်အပံ့သဖွယ် ပေးကမ်းချီးမြှင့်သည်ဖြစ်စေ မည်သည့်

www.burmeseclassic.com

နည်းဖြင့် ရစေကာမူ မိမိနှင့် ထိုက်၍သာ ရရှိခြင်း ဖြစ်ပါသည်။

သိဒ္ဓိဝင် ဂမ္ဘီရပစ္စည်းများသည် ရတောင့်ရခဲရှားပါးပြီး သိသူများအတွက် လွန်စွာမှ အဖိုးတန်သောကြောင့် အမြုတေရတနာများပင် ဖြစ်ပေသည်။

ရတနာရှိရာ ရတနာစု ဆိုသကဲ့သို့ အစဉ်တစိုက် စူးစမ်းရှာဖွေနေသောကြောင့် ယခုကဲ့သို့ လက်ဝယ်မြဲနေကြောင်း...

သစ်တံခါး၊ သစ်ကွင်းထိုးနွယ်လိမ်တို့သည် ဂမ္ဘီရနွယ်ဝင် ရက္ခမှုသိဒ္ဓိဝင်များ ဖြစ်သလို မီးကွင်းခြင်း၊ အန္တရာယ်ကင်းခြင်း၊ စီးပွားလာဘ်လာဘအရာတွင်လည်း တိုးပွားစေသည့် အစွမ်းသိဒ္ဓိများ ရှိသည့်အတွက် တချို့တော်တော်များများသည် တန်ဖိုးငွေကြေး များများပေးပြီး စုဆောင်းကြပါသည်။

သို့ရာတွင် မိမိတို့ ယုံကြည်တတ်စွမ်းရာ ဂါထာမန္တန် သိဒ္ဓိမျိုးစုံ နည်းမျိုးစုံတင်၍ မြင့်မြင့်မြတ်မြတ် သီလမြဲရပါမည်။

သစ်ကွင်းထိုး သစ်နွယ်လိမ်များသည် **ကွင်း**ဆိုသည့် အဓိပ္ပာယ်သက်ရောက်သည့်အတွက် အပိတ်သဘော(စီးပွားရေး) အသွင်ဆောင်နေပါသည်။

**သစ်ကွင်း၊ သစ်တံခါး၊ သစ်ကွင်းနွယ်လိမ်များကို မိမိနေအိမ်ရှေ့ ဥယျာဉ်ခြံဝင်းအတွင်း (သို့မဟုတ်) အိမ်ရှေ့မျက်နှာစာတွင် ရှေ့ရှု၍ စိုက်ထွေဲထားရပါမည်။**

ထိုသို့ ထားခြင်းဖြင့် အပိတ်သဘောအသွင် ဆောင်ခြင်းမှ လွတ်ကင်းမည့် အစီအရင် စီရင်ပြီးဖြစ်ပါသည်။

သစ်ကွင်း၊ နွယ်လိမ်၊ သစ်တံခါး၊ သစ်ကွင်းများ ရရှိပြီးပါက မရဘူးသေးသည့် ပစ္စည်းများ ထပ်မံရရှိခြင်း၊ မကြုံဘူးသော ထူးခြားမှု၊ စိတ်ထဲမှာ လိုချင်တောင့်တမှု ရှိပါက ချက်ချင်းဖြစ်ပေါ် ရရှိတတ်ပါသည်။

ဝါးနှစ်ပေါက် အမြုတေမှာ ကာယသိဒ္ဓိနှင့် ဓနသိဒ္ဓိအတွက် အသုံးဝင်သကဲ့သို့ ဝါးနှစ်ပေါက်ကို ဆောင်ပြီး တောတောင်ထဲတွင် ဆေးမြစ်ဆေးဥ ရှာသောအခါ သစ်ပင်များတွင် အမှတ်အသားပြု၍ ဝါးနှစ်ပေါက်ဖြင့် ထောက်၍ သွားလျှင် လမ်းမပျောက်ကြောင်း သိရှိရပါသည်။

**ဝါးနှစ်ပေါက်ကို ငံသေတာတ် ဖြစ်ပေါ်ချိန်တွင် ရှင်သီဝလိပုံတော် ထွင်၍ ဆောင်ပါက ဓနသိဒ္ဓိလာဘ်လာဘ ပေါများကြောင်းလည်း သိရှိရပါသည်။**

သို့ပါ၍ စာရှုသူများ လေ့လာသိရှိနိုင်ရန် ရက္ခမှုနွယ်ဝင်သစ်ကွင်း၊ သစ်တံခါး၊ သစ်ကွင်းထိုးနွယ်လိမ်များ အသုံးပြုပုံနှင့် ဝါးနှစ်ပေါက် အမြုတေ အသုံးများကို ဓာတ်ပုံနှင့်တကွ ရေးသား တင်ပြလိုက်ပါသည်။

**ဝေဇင်(ပညာရေး)**

---

# ဆီးချို

## နှင့် သွေးတိုးရောဂါအတွက် ဆေးတစ်ခွက်



မြန်မာ့ဆေးမြီးတိုနည်းတွေက များသည်။ သို့သော် အချို့သော ဝေဒနာရှင်များမှာ နှစ်ရှည်လများ ဘယ်ဆရာဝန်နှင့်ကုကု မပျောက်သောသူများရှိသည်။

သို့သော် ထိုလူနာများသည် မြန်မာ့ဆေးမြီးတိုတစ်ခွက်ဖြင့် အသက်ရှင်ခွင့်ရရှိသူများလည်း ရှိပါသည်။

ယခုဖော်ပြပါ ဆေးမြီးတိုမှာ လက်တွေ့ ပျောက်ကင်းသက်သာနေသော မိတ်ဆွေတစ်ဦးက ပြောပြခြင်း ဖြစ်သည်။ ထိုဆေးနည်းမှာ မခက်ပါ။ အောက်ပါအတိုင်းဖြစ်သည်။

ပထမဦးစွာ တောကြက်ဥကို ရှာဝယ်ပါ။ ရလျှင် ရေစင်အောင်ဆေးပါ။ ထို့နောက် သံပရာသီး စစ်စစ်သုံးလုံးကို အရည်ညှစ်၍ ထိုအရည်ထဲသို့ တောကြက်ဥကို ငါးရက်တိတိ စိမ်ထားပါ။ ငါးရက်ပြည့်လျှင် ထိုကြက်ဥကို ဖောက်၍ သံပရာရည်ထဲသို့ ဖောက်ချလိုက်ပြီး မွှေ၍ သောက်ချလိုက်ပါ။ ထိုသံပရာရည်သည် မချဉ်တော့ပါ။ ကြက်ဥလည်း မညှီတော့ပါ။

အထက်ပါအတိုင်း **တစ်လနှစ်ကြိမ်သောက်ပါက ဆီးချိုနှင့် သွေးတိုးရောဂါများ ပျောက်ကင်းချမ်းသာမည် ဖြစ်ပါသည်။**

**မှတ်ချက်။ ။ ဒေါ်တာမှ လက်တွေ့ဖြစ်ကြောင်း ပြောပြပါသည်။**

**ရဲရဲထွန်း(ဟသ်ာတ)**



www.burmeseclassic.com

www.burmeseclassic.com



အရိပ်အာဝါသ ကင်းမဲ့သော လွင်ပြင်ကို ဖြတ်သန်းကာ အုတ်လှေကားထစ်များအတိုင်း ကုန်းတော်ပေါ်သို့ တက်ရောက်ခဲ့သောအခါ ဖိနပ်မပါသော ခြေဖဝါးများက နေပူအုတ်များအပေါ် ကြာရှည်ရပ်တည်နိုင်ရန် မစွမ်းရှာပါ။

နေပူကျဲကျဲတွင် အပြေးလျှောက်ရသဖြင့် အာခြောက်ကာ ရေအိုးစင်ကလေးရှိရာသို့ အလျင်အမြန် သွားခဲ့ရသည်။

အားပါးတရ သောက်ပြီး၍ကျန်သောရေအနည်းငယ်ကို စင်အောက်ခြေရှိ ပန်းကညွတ်ပင်များပေါ်သို့ သွန်ချလိုက်သော အခါတွင်မှ စိတ်အစဉ်တို့ ငြိမ်းအေးသွားရလေသည်။ ပန်းကညွတ်ခင်းများအနီး တွေ့မြင်ရသည်ကား...

'အောင်မြေ တြိရတန အောင်မြေပါလား'


''အိန္ဒိယ''သို့ သွားမည်ဟု ဆိုသဖြင့် အစ်ကိုကြီးဖြစ်သူက ဤသို့ မှာသည်။

'မင်း အခု အဓိဋ္ဌာန်တစ်ခုဝင်ဖို့ စ,တင်နေပြီ မဟုတ်လား။ အိန္ဒိယရောက်ရင် တြိရတန အောင်မြေကို ရောက်အောင်သွား။ ကျောက်ပြားလေးတွေ ခင်းထားတဲ့ အောင်မြေသုံးခု ယှဉ်လျက် တွေ့ရမယ်။

အပါယ်ပိတ်တရားကုန်းတော်ပေါ် မြောက်အရပ်မှာ ရှိတယ်။ အဲဒီမှာ ဆုတောင်းပြီး အဓိဋ္ဌာန်ဝင်တော့ သာမန်ထက်စာရင် ပိုပြီး ထူးခြားတာပေါ့'

ယခုတော့ မျက်ဝါးဝါးထင်ထင် မြင်ရပေပြီ။

လက်ဝဲဘက် ကျောက်ပြားအကွက်ကား **ကံ့တလူအောင်မြေ၊**



သေချာ ယိမ်းသက်တားသော တြိရတနအောင်မြေ၊ ဝဲ-ကံ့တလူအောင်မြေ၊

အလယ်-ဗုဒ္ဓဂယာအောင်မြေ၊ ယာ-အလောင်းမင်းတရားအောင်မြေ

# တြိရတနအောင်မြေ

အလယ်ရှိ အကွက်ကြီးကား **ဗုဒ္ဓဂယာမှ အောင်မြေ၊**

လက်ယာဘက် အကွက်ကား **အလောင်းမင်းတရားကြီး၏ အောင်မြေ၊**

သက်ဆိုင်ရာ အောင်မြေများအား မူလဋ္ဌာနမှ အဓိဋ္ဌာန်ပြု ဆောင်ယူခဲ့ကာ ရွှေခွက်များဖြင့် ထည့်သွင်း မြှုပ်နှံထားလေသည်။

လုပ်ငန်း အကောင်အထည်ဖော်ခြင်း၊ အိမ်မြေ တည်ဆောက်ခြင်း၊ အရောင်းအဝယ် ကတိကဝတ်ပြုခြင်း၊ ပညာရေးထွန်းပေါက်မှု၊ စုလျားလက်ထပ်ခြင်း စသည့် လောကီရေးရာကိစ္စများအတွက် လက်ယာဘက်ရှိ အလောင်းမင်းတရား အောင်မြေတွင် လည်းကောင်း...

ကျန်းမာရေး၊ ဆေးကုသမှု၊ စီးပွားရေးဆိုင်ရာ ပြင်ဆင်ပြောင်းလဲမှု၊ အိမ်မြေပြုပြင်မွမ်းမံခြင်း၊ အလှူဒါန၊ စီးပွားတိုးချဲ့ခြင်း၊ ဘာသာရေး သာသနိကအဆောက်အအုံဆိုင်ရာ အကြံအစည်များအတွက် ကံ့တလူ အောင်မြေတွင် လည်းကောင်း...

ဒေသနာနယဝေဒနာများ၊ အဓိဋ္ဌာန်ကျင့်စဉ် မြို့ခြံစောင့်ထိန်းမှု ကမ္မဋ္ဌာန်းကျင့်စဉ်များ၊ စသည် လောကုတ္တရာ အကြံအစည်များအတွက် **ဗုဒ္ဓဂယာ အောင်မြေတွင်** လည်းကောင်း...

အသီးသီး ခြေစုံရပ်၍ ထက်သန်သော သဒ္ဓါတရားဖြင့် မဖိုတ်မသုန် အာရုံပြု၍ ကြံစည် အောင်မြင်နိုင်ကြပေသည်။

တြိရတနအောင်မြေသို့ သွားရောက်လိုသူတို့သည် **ဘားအံ၊ ဇာသပြင်ကားလမ်းပေါ်ရှိ အိန္ဒုရွာအလွန် တစ်မိုင်ကျော်ခန့်တွင်ရှိသော အပါယ်ပိတ်စေတီကုန်းတော်**သို့ သွားရောက်လေ့လာနိုင်လေသည်။

**ဝှမ်းယံနီ**



www.burmeseclassic.com

www.burmeseclassic.com

## ယခင်လမှ အဆက်

ပြဒါးမီးနေဖို့အတွက် လုံထားက အရေးကြီးတယ်။ မီးနေမီးရပ်ကလဲ အလွန်အသားပါ၊ ပညာလိုတယ်။ သမ္မာရင့်မှ။

ကြောင်လိမ်ခိုးက ချော်လက်ယာ ရစ်လှည့်ရင် လက်ယာ ရစ်တက်တယ်။ ချော်လက်ဝဲရစ် လှည့်ရင် လက်ဝဲရစ် တက်တယ်။ မြင်အောင်ကြည့် မြင်ရမယ်။

ကြောင်လိမ်ခိုး မတက်ရင် လုံနှုတ်ခမ်းကို ညှပ်တိုလေးနဲ့ ညှပ်။ အပေါ်ကို ဆွဲပြီးတင်။ စပါးလုံးတစ်ထောက်။ ဒီထက်မပိုစေနဲ့၊ လောဘမကြီးနဲ့၊ မီး…

လုံအထိုင်ငြိမ်အောင် ဘေးက မီးခဲညှပ်။ အနည်းဆုံး (၅)မိနစ်လောက် ထပ်ပြီး နှပ်ထား။ လုံနှုတ်ခမ်း ညိုရောင်သန်းရင် လုံငှားဖုံးကို ပြောင်းပြန်ဖုံး။ မီးသွေးထပ်ထည့်၊ လုံငှားဖုံးပေါ်မှာ မီးသွေးထပ်ထည့်။ (၂)လက်မထုထက်မပိုနဲ့။

နာပြဒါးပျော်ရည်က ဒန်နဲ့ဘော်တွဲ ဓာတ်သားကို အရည်ဖျော်ပြီး တွဲခေါ်သွားအောင် မီးကစားရမယ်။ ကောလီမီးစုံထိုးရမယ်။ အပြန်ပြန်အလှန်လှန်၊ သူတစ်ပြန် ကိုယ်တစ်ပြန်။

ကောလီမီးစုံဆိုပေမယ့် ဥဏှနဲ့ ပါစကကို မီးရှည်ဆွဲထိုး၊ ဒီ(၂)ခုကို အပြောင်းအလဲ များများထိုး။

ဒါဟမီး… ကစားတော့မယ်ဆိုရင် သတိထား။ တစ်ခဏသာ ကြားညှပ်ထိုး။ **ဒါဟဆိုတာ မီးကြီး မီးပြင်း။** မီးများလို့ မဖြစ်ဘူး။ ပြဒါးပါတယ်။ ပြဒါးဆိုတော့ ချော့ရမယ်။



ရွှေတောင် ခင်မောင်ကြည်

ရှင်ကောဝိဒရဲ့

# ဒန်နှာ သုတ ရတနာ

(၃)

လက်တစ်ဖျစ်အတွင်းမှာ မီးက ပြောင်းတတ်တယ်။

ဖိုခွင်ထဲက မီး။ ဖိုခွင်ပေါ်တက်လာတဲ့ မီး။ မီးထဲက လုံ၊ လုံထဲကချော်၊ ချော်ထဲကဓာတ် မျက်စိနဲ့ တပ်အပ် မြင်နေရမယ်။ **"စက္ခု"။**

မီးကစားစဉ် ဖိုခွင်ထဲက ထွက်လာတဲ့အနံ့၊ ဓာတ်ပြုအနံ့ကို နှာခေါင်းနဲ့ ရှူ၊ ရှူ ရှူကြည့် **"ဃာန"။**

ဖားဖိုအောက်မေးလှုပ်တဲ့ အသံ။ ဖိုခွင်ထဲက မီးတောက်နဲ့အတူ ထွက်လာတဲ့လေသံ။ လုံထဲမှာ ဓာတ်ပြုနေတဲ့အသံ။ နားခံပြီးတော့ အာရုံစိုက် **"သောတ"။**

မီးနေမီးထားဆိုတာ ဖားဖိုမှာတော့ လက်လှုပ် ဆွဲအားပေါ်မှာ မူတည်တယ်။ ဖိုခွင်ပြင်တယ်၊ ဖိုခွင်ဆင်တယ်၊ ဖိုတိုက်ရှင်းတယ်၊ ဖိုခွင်ညှိတယ်၊ ... ထားတယ်၊ လုံတည်တယ်။

မီးသွေးညှပ်တယ်။ ဓာတ်ထည့် ... ချော်ထည့်၊ လုံငှားဖုံးဖုံး။ မီးပျိုး၊ ... ချ။ မီးသွေးထည့်၊ လုံလှည့် စတာ... က ကိုယ်ခန္ဓာတစ်ခုလုံး လှုပ်ရှားရ... ဘယ်နဲ့ညာ လက်နှစ်ဖက်က... ခပ်သွက်သွက်ကလေး မနား... **"ကာယ"။**

ဖိုဆွဲရင်း ရတနာ(၃)ပါး ဦးထိပ်... ဗုဒ္ဓဂုဏ်တော်ပွား။ ဖြူစင်တဲ့စိ...



www.burmeseclassic.com

www.burmeseclassic.com

တည်ငြိမ်အောင်ထားရ။ သမထ အဲဒါ **"မန"**။

လုံကို အလိုချမ်းပြီးတော့ လုံကို ခွဲမယ်။ ချော်နဲ့ ထိုးရင် လုံကွဲထဲက ချော်ကို လျှာနဲ့ တို့ကြည့်။ ချော်အောက်က ထွက်လာတဲ့ဓာတ်ကို လျှာနဲ့ တို့ကြည့်။ လုံခြောက်ထိုးရင်လဲ ဓာတ်သားကို လျှာနဲ့တို့ကြည့်။ ပူသလား၊ အေးသလား။

ရသာ(၆)ပါး လျှာဖျားလေးနဲ့ အရသာခံ။ ငန်သလား၊ ဖန်သလား၊ ခါးသလား၊ ချိုသလား ငုံကြည့်လိုက်ကြ **"ဇိဝှ"**။

အာယတန(၆)ပါး၊ အမေမွေးလိုက်လိုက်ကတည်းကပါလာတဲ့ ကိုယ်ပိုင်ဥစ္စာ။

မြန်မာ့ အဂ္ဂိရတ်ပညာရှင်များ ကိုယ့်ကိုယ်ကိုယ်သာ အားကိုးရ၊ တိုင်းတာစရာက ဘာတစ်ခုမှမရှိ နတ္ထိ။

အာယတနဆိုလို့ အကြောင်းဆုံတုန်း ပြောစရာလေးတစ်ခု ပြောပါရစေဦး။

၁၉၇၄ ခုနှစ်၊ ဩဂုတ်လ ပထမ တနင်္ဂနွေနေ့ ဆရာရသေ့ဦးအောင်နက် ထံမှောက်မှာ ရောက်နေတဲ့ အမျိုးသားတစ်ယောက်ကို မောင်ဖိုးဟန် တွေ့ခဲ့ဖူးတယ်။

ပြည်မြို့ ရွှေဆံတော်စေတီတော် မြတ်ကြီးရဲ့ အနောက်ဘက်မျက်နှာစာ ဘိုးဘိုးအောင်တိုက်ရှေ့က တရားဂူ နံပါတ်(၂)နဲ့ (၃)အကြားမှာပါ။ တန်ဆောင်းကလေးထဲမှာ နှစ်ယောက်သားထိုင်နေကြတာ။

တွေ့တာက တစ်ရက်တည်း။ နောက်လဲ မတွေ့ရတော့ဘူး။ ဒါကြောင့် သူ့နာမည်ကိုတော့ ဖိုးဟန် မမှတ်မိတော့ဘူး။

အရပ်ကရှည်ရှည် ပိန်ပိန်ပါးပါး



အသားဖြူဖြူ ဖိုးဟန်နဲ့ ရွယ်တူသက်တူလောက် ကြီးရင်ငယ်ရင် (၁)နှစ်၊ ဖြစ်ဖြစ်မြည်ပဲ။

အင်ဂျင်နီယာ၊ ဘာအင်ဂျင်နီယာလဲ တော့မသိ။ မမေးမိ။

မနက်စောစော ဦးဟန်တိုး လာပို့တဲ့ မုန့်ဟင်းခါးကိုစား၊ လက်ဖက်ရည်အချိုအခါးတွေကို သောက်ပြီးတဲ့နောက် ဆရာရသေ့တစ်ယောက် လွယ်အိတ်ကို ကောက်လွယ်တယ်။ ခြေစအလှမ်းမှာ ဖိုးဟန်ကို ကြည့်ပြီး ပြောတယ်…

'လူလေး လိုက်ခဲ့'

မောင်ဖိုးဟန် ဘယ်ကို လိုက်ရမယ် မသိပါဘူး။ ယောင်တောင်တောင်နတတ။ ထိုင်ရာကထ ဆရာရသေ့နဲ့ သူ့တပည့်နောက်ကနေ လိုက်သွားတယ်။ ချက်ချင်း လက်တစ်ဖျစ်အတွင်း။

တရားဂူ(၂)နဲ့ (၃)အကြားက အုတ်လှေကားလေးကိုဆင်း။ ထီးရိုးကို ဖြတ်အထွက်။ မြောက်ဘက် **"ပြူပန်းတင်"** စေတီတော်လေး အရှေ့အရပ်မှာ ကပ်ပေါက်နေတဲ့ ဗောဓိပင်ရဲ့ အရှေ့ဘက်ဘေးက အုတ်လှေကားဘေး **(အခုတော့ အဲဒီ အုတ်လှေကားလေး မရှိတော့ဘူး အသေပိတ်ထားလိုက်ကြပြီ။)**အတိုင်း အောက်ဘက်ကို ဆင်းသွား အနောက်ဘက်ကို ကွေ့ပြီး ဆက်လျှောက်။

ခြေ(၁၀)လှမ်းလောက်အကွာ ဘယ်ဘက်ဘေးမှာ ဂူတစ်လုံး **(ဖိုးဟန်ကို ဆရာရသေ့ဦးအောင်နက် "ရွှေပြာကွမ်းရိုးတစ်တို့" လုပ်ပေးခဲ့ဖူးတဲ့ဂူ)**။

ဂူထဲကို ရောက်တာနဲ့ ဆရာရသေ့က လုံထဲကို ဓာတ်သားထည့်၊ လုံကို ဖိုခွင်ထဲထည့်၊ မီးသွေးထည့်။ မီးပျိုးအားယူပြီး လုံခါးတိုက် ထိုးတော့တာပဲ။

ဓာတ်ကတော့ ဓာတ်ရင့် အန္တာမပိတ် လုံငှားဖုံးနဲ့ အလင်းထိုးတာ။

အင်ဂျင်နီယာကြီး လက်က နာရီကို ကြည့်တယ်။ မှတ်စုစာအုပ်ကလေးကို ထုတ်၊ ဘောလ်ပင်ထုတ်၊ မီးစပျိုးတဲ့ အချိန်ကို မှတ်တယ်။ နာရီ,မိနစ်,စက္ကန့် အတိအကျ။

ဆရာရသေ့က လုံငှားဖုံးကိုဖွင့် ဓာတ်ပျော်နေတာပြတော့ နာရီနဲ့ မိနစ် မှတ်ပြန်တာပဲ။ ကြားကာလ ကြာမြင့်ချိန် ဘယ်လောက်ရှိပြီဆိုတာ ဆရာရသေ့ကို သူက ပြောပြနေတယ်။

ဖိုးဟန်ကိုတော့ စကားတစ်ခွန်း တောင်မဟ၊ မပြော။ ရှိလေသည် မထင်။ ဘဝင်။ အင်ဂျင်နီယာလေ သူက။ မာန။

ဆရာရသေ့ဦးအောင်နက် မီးကစားနေတာက လေးထပ်ဖို တစ်ပေါက်ဖို၊ မီးပြင်းတော့ လုံလှည့်ရတယ်။ လုံလှည့်ချိန်ကိုလဲ မှတ်ပြန်တယ်။

မီးသွေးတစ်အုပ်စီ တစ်အုပ်စီ ကျသွားတဲ့ အချိန်။ လက်နဲ့ ဆုပ်ဆုပ်ပြီး မီးသွေးအုပ်လိုက်တဲ့အချိန် မှတ်စုစာအုပ်ထဲမှာ ရေး,ရေးပြီး မှတ်ပါသော်ကော။

အင်ဂျင်နီယာဆိုတော့ သိပ္ပံသမား၊ လက်တွေ့သမား။ အသိနဲ့ယှဉ် မှတ်တမ်းတင်နေလိုက်တာများ။

ဖိုခွင်မီးကို မကြည့်ဘူး။ မီးကို



www.burmeseclassic.com

www.burmeseclassic.com

သိပုံမရဘူး။

ဓာတ်ကို ဖိုခွင်မှာ မီးတင်ပြီး ထိုးနေတဲ့အချိန် ဓာတ်ရဲ့ဖြစ်စဉ် အကူးအပြောင်းကာလကို နာရီ မိနစ် စက္ကန့်နဲ့ လိုက်မှတ်နေတာ တစ်ကွက်ကလေး မဟာ၊ တိကျလိုက်တာ။

သူသာ အိမ်ပြန်ရောက်ပြီး ဖိုခွင်မှာ မီးတင်လို့ ထိုးရင်...

မီးနေမီးထား ဖိုခွင်နဲ့ လုံထား သိသွားကြစေချင်လို့ပါ။ ကြားညှပ်ပြီး ရေးလိုက်တာ။

ကဲ ဒန် နာ သုတ ရဇတလေး ဆက်ကြရအောင်...

မီးလျှံမှာ ချော်ပျော်မီးနဲ့ ထိုးထားတာ။ လုံမနာဘူး။ ဖားဖိုကိုဆွဲလိုက်၊ လုံထဲကချော် ပျော်မပျော် လုံငှားဖုံးကို ဖွင့်ကြည့်လိုက်၊ ချော်ပျော်နေရင် လုံနှုတ်ခမ်းနဲ့ လုံထိပ်ဝကို အအေးခံလိုက်၊ အပလေလေးပေးလိုက်။

လုံထဲက ချော်တင်းပြီး ခွက်ရာလေးပေးရင် လုံငှားဖုံးကိုပြန်ဖုံး။ ဖိုခွင်ထဲကို လေသွင်း။ လက်လှုပ်ဖိုဆွဲ မီးရှိန်ကို နည်းနည်းစီ နည်းနည်းစီ မြှင့်မြှင့်သွား။

ချော်ပျော်ပြန်ပြီ။ မီးညွန့်ထိပ်မှာ အခိုးထွက်တယ်။ မြူလိုလို မြင်အောင်ကြည့်၊ လုံငှားဖုံးကိုဖွင့် ဓာတ် အခြေအနေကို ကြည့်။ လုံငှားဖုံးကို ပြန်ဖုံး။ လုံကို စပါးလုံးတစ်ထောက်စာလောက် ထပ်မြှင့်၊ မီးသွေးကျပ်၊ မီးရပ်ထား၊ မီးယူ၊ တေဇောသွင်း။

မီးနဲ့လုံ၊ လုံနဲ့ဓာတ်၊ ဓာတ်နဲ့မီး သဟဇာတဖြစ်သွားပြီ။ ဓာတ်ငြိမ်တယ်၊ မလှုပ်ရှားဘူးဆိုမှ ဖားဖိုကို ဆက်ဆွဲ။ မီးသွင်း မီးပေး။

ဖိုချက် အပြင်းအပျော့ အချော့အခြောက်တွေနဲ့ ဓာတ်ကို ချောက်ချားအောင်လုပ်။ ငုတ်တုတ်ခံပြီဆိုရင် ကြေးနဲ့ဘော်တွဲထားတဲ့ ဓာတ် နာပြဒါး



တွဲနဲ့ ပေါင်းစပ်တော့မယ်။ ယိုင်နေပြီ။ မီးနှပ်ထားလိုက်၊ ထိုးလိုက်၊ မီးပေးလိုက်၊ မီးယူလိုက်နဲ့ တစ်နေ့တာ ပြီးသွားမယ်။

ပထမနေ့ လုံထားက ဖားဖိုနာပေါက် အောက်ဘက်ထိပ်နဲ့ လုံငှားဖုံးက တစ်တန်းတည်းမှာ တညီတည်း။ မီးကတော့ **ဥဗျာ၊ ပါစကာ၊ ဒါဟ ကောလီ တစ်လှည့်စီ။**

ပြဒါးထွက်မှာစိုးလို့ နှပ်ထိုးထိုးသွားရင် (၃)ရက်သာ စိတ်ရှည်လက်ရှည်နဲ့ တင်းတင်းထိုး။ **ဒန် ဘော် နာ ပြဒါး** တစ်သားတည်း ဖြစ်သွားပြီ။ လုံကလဲ တော်တော်နာနေပြီ။

လုံကို ခွဲလိုက်တော့ ဓာတ်(၄)ပါးသမနေပြီ။ ကောလီကျေနေပြီ။ ဖြူနီဝါပြာ အစက်အပြောက်တွေ ရစ်ပြီး မည်းနေတဲ့ ဓာတ်လုံး။ ဒန် နာ သုတ ရဇတလုံး။ လုံးချော ယယ်ထိပ်ကလေးနဲ့။ ယယ်ထိပ်ပေါ်မှာတော့ ချော်ပါးပါးလေးကပ်။ အောက်ခြေကတော့ ရှင်းချော်လဲကင်း။

လက်ထဲမှာထည့် ဆုပ်လိုက်တော့ ချွဲတဲတဲနေတယ်။ ဓာတ်လုံးက တကယ်ချွဲတာ မဟုတ်ဘူး။ စိတ်က ထင်တာ လက်နဲ့ ပွတ်ကြည့်လိုက်တော့ လျှောခနဲ၊ လျှောခနဲ။ လက်နဲ့ဆကြည့်လိုက်တော့ တစ်တစ်ကလေး အ... ချိန်စီးလို့။

(၄)ကျပ်မူးတင်းသား။ တစ်မူး... လျော့ပြီ။ ပြဒါးထွက်တာလဲ သေ... ပြီ။ ဒီလောက်တော့ ထွက်မ... ငယ်ထိပ်မပိတ်သေးတဲ့ ဓာတ်... ဒါတောင် (မ)ကပ်ထားပေလို့။

တချို့က ပြဒါးကို နာတွဲပြီး (မ)... တယ်ဆိုရင် ကြောက်ကြတယ်။ ဖို... ကတော့ မကြောက်ဘူး၊ လုံးဝပဲ။

နာကြောက်ရင် နောက်ကျတယ်... တဲ့ စကားက အထင်အရှား။

ဓာတ်ရင့်ပြီဆိုရင် ဣန္ဒာစရိယ... ပြုတ်ထဲထည့် နာနဲ့ ချက်ထုတ်လို... မလား။

ဖောက်လုံထဲမှာ ဓာတ်လုံးကိုထည့်... လက်ချားချော်အုပ်ပြီး ထိုး။ ချော်ပျော်... ဆိုတာနဲ့ ယမ်းပေါက်ပေါက်ပြီး ထိုး... မလား။

ချက်လုံ လုံပက်ထဲမှာ ဓာတ်လုံး... ထည့်။ နာနဲ့ချက်ထုတ်လိုက်မလား...

ဣန္ဒာစရိယ လုံခါးပြုတ်ထဲ... ဓာတ်လုံးထည့်၊ လုံဖုံးဖုံး၊ အန္တ... ဇော်မံ၊ လုံခြောက်ထိုး၊ လုံခြောက်... ထိုးသွား (၅)လုံနဲ့ (၁၀)လုံကြ... နာတွေ အဖတ်လိုက်၊ အဖတ်လို... ကွာထွက်သွား၊ ပြဒါးနီရောင်... သား။

စတုတ္ထနေ့ (၄)ရက်မြောက်ထို... တော့ ဓာတ်လုံးရနေပြီ။

(၅)ရက်မြောက်နေ့ မီးတင်... ဖောက်လုံနံပါတ် (၅)ထဲကို ဒန်... သုတ ရဇတ ဓာတ်လုံးကိုထည့်... အပေါ်က အန္တောချော်ဟောင်း အ... ထောင်းထားတာကို သိပ်ထည့်၊ လုံ... ဖုံးဖုံး။ ပထမနေ့တွေကအတိုင်း မီး... နဲ့စပြီး ကစားတယ်။

ဘယ်လောက်ပဲ မီးထို...



www.burmeseclassic.com

www.burmeseclassic.com

ဓာတ်ရင့်ပါစေ၊ ဓာတ်ကြီးဖြစ်ပါစေ မီးတောင်လိုက်ပြီဆိုရင် ဘယ်ဓာတ်လုံးဆို မီးလျှံပဲ။

ဖိုးဟန်က ဘယ်တော့မှ မီးကြီးမီးပြင်းနဲ့ မစဘူး။

မီးတင်လိုက် နှပ်ထားလိုက်။ ဥဇာကနေ ပါစက၊ ပါစက,ကနေ ဒါဟ၊ ဒါဟဥဇာ။ မီးအလျှော့အတင်းနဲ့ ကောလီကစားတယ်။


(၃)ရက်ဆက်တိုက် ထိုးပြီးတော့ (၈)ရက်မြောက်နေ့မှာ လုံကိုခွဲတယ်။ လုံမနာဘူး။ ကောင်းသေးတယ်။ ဓာတ်သားကြည့်ချင်တာနဲ့ ခွဲလိုက်တာ။

ငယ်ထိပ်ကလေး ပိတ်သွားပြီ။ နှမ်းစေ့ထိပ်လောက်ပဲ ကျန်တော့တယ်။ ဓာတ်တော်တော် ဝပ်သွားတယ်။ အလုံးလဲ ကျစ်သွားတယ်။ ကလပ်ညှော်း စိပ်သွားပြီ။ ဓာတ်တော့ မထွက်ဘူး။

လုံမှာတော့ ဓာတ်လုံးရဲ့ထိပ် လုံအတွင်းသား ပတ်ပတ်လည် လက်တစ်လုံးနီးနီး စဉ့်ရောင်ချော်ဟိတ်တက်ရိုက်ထားတယ်။ လုံငှားဖုံးနဲ့သာ အလင်းထိုးရင် ချော်ထွက်တော့မယ့်ကိန်း။ အလင်းထိုးတာ ကြောက်စရာ။ ချော်ဖြစ်ပြီး ထွက်၊ ပြဒါးထွက်နဲ့ သက်သာ ကိုယ်ကျွတ်ဖြစ်မယ့်ကိန်း။ ဘော်မှာတောင် အရောင်မစွဲမယ့်ကိန်း။

ဓာတ်လုံး ထက်အောက်ပတ်လည် အနီရောင်၊ အမည်းရောင်၊ အဖြူရောင်တွေ အကွက်ကျယ်လာတယ်။ ဓာတ်လုံးအောက်ဘက်မှာ အခွက်ရာလေးတွေ ပေါ်နေတယ်။ ပထဝီဆောင်တဲ့ သဘော။ ဓာတ်ခိုင်သွားပြီ။

ပထဝီ ပိုင်နိုင်လာအောင် ဓာတ်သားကျစ်ပြီး ပိုမာလာအောင် လုံခြောက်ထိုးရတော့မယ်။ လုံခြောက်ထိုးရမယ့်



အဆင့်ကို ဓာတ်က ပြနေပြီ။

(၉)ရက်မြောက်တဲ့နေ့။ ဖောက်လုံနံပါတ်(၅)ကို ဖော်မံ၊ ဓာတ်လုံးကို လုံထဲထည့် လုံငှားဖုံး,ဖုံး၊ အန္တာပိတ်၊ လုံထိပ်နဲ့ ဘေးပတ်လည် ပြာပက်။ လုံကို ဘယ်နဲ့ညာ လက်ဖဝါးနှစ်ဖက်နဲ့ ညှပ်ပြီး လှည့်၊ လှည့်လှည့်ပြီး ပွတ်ပေး။ လုံကို ပြာလဲ စူးစေ၊ ဖော်သားလဲ မာစေ။

ဖိုးဟန်က ဖော်မံထားတဲ့လုံကို ခြောက်အောင် မစောင့်ဘူး။ ဖော်အစိုကြီးနဲ့ပဲ ဖိုခွင်ထဲကို လုံထည့်တယ်။ နှာပေါက်အောက် လက်တစ်လုံးအကွာ။

မီးသွေးကျပ်၊ မီးခဲထည့်၊ မီးသွေးဖုံးဖားဖိုကြိုးကို လှုပ်၊ လေသွင်း။ လေအဆက်မပြတ်တဲ့ ခပ်သော့သော့ ဖိုကြိုးလေးကိုဆွဲ။ လေအေးနုနုလေးပေး။ ဖုံးထားတဲ့မီးသွေး လက်(၂)လုံးကို မီးအလျှံ ဖုံး ဖုံးသွားအောင် ဖိုကြိုးကိုဆွဲ။ ဆွဲရင်းဆွဲရင်း တဖြည်းဖြည်း မီးကိုမြှင့်။

ဖိုခွင်ထဲက မီးသွေးအားလုံး မီးစွဲ၊ မီးခဲဘဝကိုအရောက်။ ဖိုခွင်ထဲက ဖော်မံထားတဲ့ လုံအစိုကို မီးပူလေးနဲ့ အခြောက်ခံလိုက်တယ်။ ဖိုကြိုးကို လက်လွှတ်။ မီးနှပ်ထားလိုက်ပြီ။

မီးနှပ်ချိန် (၅)မိနစ်လောက် ကြာတော့ ဖိုကြိုးကိုပြန်ဆွဲ။ လေပြန်သွင်း။ ဒါဟမီးအရောက် မီးကိုမြှင့်။ မီးက ဖိုခွင်ထဲမှာ ရွှေရောင်ပတ်ဆိုင်း။ လုံဘေးကို ဂေါက်နဲ့ ထိုးထိုးချပြီး မီး(၃)အုပ် အကျမှာ လုံကို စပါးလုံးတစ်ထောက် မြှင့်တင်တယ်။ မီးသွေးညှပ်တယ်။ ဖိုကြိုးကို လွှတ်။ လေရပ်။

ဖိုခွင်မီးထဲမှာ (၃)မိနစ်လောက်ထားတယ်။ လုံအပေါ်ဘက်က တေဇောကို ဓာတ်သားက မီးယဉ်စေဖို့၊ ဓာတ်မချောက်ချားစေဖို့ လုံကို စပါးလုံးတစ်ထောက် မရှိတရှိလေး မ,ပြီးတင် မစို့မပို့လေး။

မီးယဉ်ပြီဆိုတော့ ဖိုပြန်ဆွဲ ဥဇာ၊ ပါစက၊ ဒါဟ ကောလီ မီးစုံကစား။ မီးသွေး(၅)အုပ်မှာ ခဏနား၊ လုံကိုနောက် စပါးလုံးတစ်ထောက်ထပ်တင်သွား။

ဖိုနှာပေါက်နဲ့ လုံဇက်တိုက်အနေမှာ မီးကြီးမီးပြင်း ကောလီမီးစုံကစား။ အပြောင်းအလဲနဲ့ အကြိမ်များများကစား။

ဖိုသံကဟဲ မီးကရဲနဲ့ ဓာတ်လဲနေစေ။

လုံထိပ်က ဖော်နဲ့ လုံဇက်တစ်ဝိုက်မှာ မီး ဖြာခနဲ ဖြာခနဲ တက်လာအောင် မီးလျှံ မီးပြင်းထိုး။ လေအသွင်းကြမ်းတာကြောင့် မီးခဲတွေ ကျဲ ကျဲသွားတယ်။

မီးသွေးအလွှာတွေရဲ့ ကွာဟတဲ့ အဟကြားကို မီးကဝင် ဖိုခွင်မီးတောက် ဖိတ်ဖိတ်တောက်။ လီမွှော်ရောင်။ နောက် မီးသွေး လက်(၂)လုံးလောက် ထပ်တင် တစ်လွှာ။ ပါးပါးလေး။

မီးသွေးအကျမှာ နောက် စပါးလုံးတစ်ထောက်ထပ်တင် မြှောက်၊ မီးနေအောင်ထား။ ဓာတ်လှုပ်ရှားမှုကောင်းရင် မီးပြန်သွင်း။

လုံကို မြှောက်မြှောက်ပြီး ထိုးလာတော့လုံထိပ်ကနေ အောက်ဘက် စပါးလုံး(၃)ထောက် ရောက်ခဲ့ပြီ။ မီးတေဇောသွင်း ပြင်းလဲ ပြင်းခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com

လုံထဲက ဓာတ်သားကို ဖိုခွင်က မီးအားနဲ့ တေဇောအပြတ်သွင်း။ တေဇောရင့်စေ့၊ မီးရင့်စေ။

လုံ ခိုင်,မခိုင် မီးဒဏ် ခံနိုင်,မခံနိုင် ကြည့်။ ခံနိုင်ရည်ရှိရင် နောက်ထပ် မီးတစ်အုပ်ပြီး တစ်အုပ်တင်။ တစ်နေ့ကို (၂)နာရီကျော်ကျော် ထိုးဖို့တော့ ပြင်။

ဖိုခွင်မှာ မီး(၁၀)အုပ်ထိုးပြီးတော့ ဖိုကြိုးကိုလွှတ်၊ မီးရပ်၊ လုံထိပ်က မီးသွေးတွေကို ညှပ်နဲ့ ညှပ်ညှပ်ပြီးဖယ်။ ဓာတ်ငြိမ်ဖို့အတွက် လုံကို ဖိုခွင်မီးထဲမှာ (၃)မိနစ်လောက်ထား။

မီးရှိန်လေး ညို့တာနဲ့ ဖိုခွင်ထဲက လုံ လုံနှုတ်ခမ်းကို ညှပ်တိုလေးနဲ့ ညှပ်။ သဲခွက်ထဲကို ထည့်။ ငြိမ်အောင်တည် သဲထူးခတ်။

လုံပြင်ပ သဘာဝအအေးနဲ့ လုံထဲက အပူ(၂)ဘက်အညှပ်။ ဓာတ်မှာ ကပ်နေတဲ့ မလတွေ အဖတ်လိုက် ကွာကျမယ်။ လန့်လန့်ပြီး ဖျတ်ခနဲဖျတ်ခနဲ။

(၁၀)ရက်မြောက် နောက်တစ်နေ့ မနက် ဖိုခွင်ဝင်မလို့ လုံကို ဖွင့်တော့ ကြွေပန်းကန်ပြားတစ်ချပ် အောက်က ခံထား လုံမှောက်ချလိုက်ပြီ။

ဓာတ်လုံးထိပ်မှာ အဝါရည် အစက် အပြောက်ကြီး ဖြာဆင်းနေတယ်။ ဓာတ်လုံးဘေး ပတ်လည်မှာတော့ အနီရောင်အသွေး။ အခွက်ရာလေးတွေနဲ့။ အပိန်အချိုင့်ရာဆိုပေမယ့် ညီပြီး တစ်ပြင်လုံး အချော။ အကွက်လိုက် အကွက်လိုက်ကလေး ပြုပ်မထဘူး။

ဓာတ်လုံးအောက်ခြေ ဖင်ပိုင်းက အနီရင့် ပွင့်နေတဲ့ အမည်းရောင်မလ တွေကလဲ ကပ်နေသေး။ ဓာတ်လုံးရဲ့ အပေါ်ဘက် လုံအတွင်းသားတစ်ဝိုက် ချော်ဟီတ် တက်ရိုက်ထားတာ တွေ့ရတယ်။



လုံအတွင်းဘက် အောက်ခြေလုံ ဖင်မှာ ဓာတ်ထဲက မလတွေ ကြွေပြီး တော့ ကပ်နေတာ တွေ့ရတယ်။ လုံကို မှောက်ပြီး ခေါက်ခေါက်ချလိုက်တော့ လုံဖင်ကနေ မလတွေ ကွာကျမလာဘူး။ ကပ်နေတာ တွေ့ရတယ်။

လုံထဲကို လက်ညှိုးထည့်ပြီး စမ်းကြည့်တော့ ခပ်ရှရှလေးတွေ့ရတယ်။ ရှချက်ကလဲ ကြမ်းလို့။

ဓာတ်က သူ့အထဲက မကောင်းတဲ့ မလတွေကို ထုတ်တော့ ထုတ်နေပြီ။ တေဇောအဝင်နည်းသေးလို့၊ ဓာတ်ကို မီးအဝင်နည်းသေးလို့သာ မလတွေ လုံဖင်မှာ ကပ်နေတာ။ မကျူးမကြေ သေးတာ။

**ကြေး,ခဲ,ဘော်,ပြဒါး** ဓာတ်ကြီး (၄)ပါး ပေါင်းထားတဲ့ **ဒန်နာသုတ ရဇတ** ဓာတ်လုံး။ နာက ပြဒါးကို လက်ဆွဲခေါ်ထားတယ်။ ကြေးနဲ့ခဲက အတွင်းကြိတ် လက်သီးပုန်းတွေထိုး။ လုံးထွေးရစ်ပတ်။ သတ်လိုက် ပုတ်လိုက် ပေါ်ပေါ်ထင်တော့ မမြင်ရသေး။

ဘော်က သောတာပန်။ ဘော်သားထဲကို ပြဒါးဝင်၊ နာက ဘော်ကို ပြဒါးကို နာဆီသွင်း၊ ကြေးက ကြေးဆီသွင်း လို့ အရောင်ဆိုး။

ဘော်သက်ဖြတ်ပြီး ကိတ်မျိုးစေ့ တွေ သွင်းပေးနေပြီ။

ဓာတ်လုံးကို လက်နဲ့ ဆဆကြည့် တော့ ဂနကတစ်တယ်။ ဓာတ်ကျစ် သွားတာ တစ်ခုပဲ ပြောစရာ။

ဓာတ်လုံးကို ဖောက်လုံနံပါတ်(၄) ထဲကို ထည့်။ မနေ့က လုပ်ဆောင် ချက်အတိုင်း မီးကစားတယ်။

အဲဒီ မီးနေမီးထား လုံနေလုံထား အတိုင်း နောက်ထပ်(၃)ရက် မီးကစား တယ်။ မီးနာအောင် ကစားထားတဲ့ လုံကို ခွဲလိုက်တော့ အားရှိစရာ မြင် ရတာက။

ဓာတ်လုံးရဲ့ထိပ် လုံအတွင်းဘက်မှာ နီညိုဝါရောင် သန်းနေလိုက်တာ။ လုံ အတွင်းသားကို လက်နဲ့ ပွတ်ကြည့် တော့ ချောတယ်။ လုံအောက်ခြေမှာ ဖင်မှာ ချော်ပါးပါးလေးခင်းနေတယ်။ အဝါနုရောင်။ ပြောင်ပြောင် ပြောင် ပြောင်။

ဓာတ်လုံးက လုံဖင်မှာ ကပ်မနေဘူး။ ဓာတ်လုံးနဲ့ လုံဖင်ကို အဝါနုရောင် ချော်ပါးပါးလေးက ခြားထားတယ်။ ချော်ဖြစ်တော့မယ် အရစ်ကလေး။

ဓာတ်လုံးက မီးရင့်ကြောင်းပြပြီ။ ကြေးနဲ့ခဲ ချော်ဖြစ်ပြီး ထွက်တော့မှာ သေချာနေပြီ။ အနီရောင် အသားကလဲ ဓာတ်လုံး တစ်လုံးလုံးလောက်နီးပါး ဖြာကျနေ။ ဓာတ်သားကလဲကျစ် တစ် တစ်ကလေး။ လေဖိုမီးပေးဖို့ လိုနေပြီ။ လေဖိုလေးနဲ့ စခန်းသွားရတော့မယ်။

ဖောက်လုံနံပါတ်(၄)ထဲကို ဓာတ် လုံးထည့်၊ ဖော်မံ အန္တာပိတ်။

ရွှေလ ဆက်ဖတ်ပါရန်

**ရွှေတောင် ခင်မောင်ကြည်**




www.burmeseclassic.com

www.burmeseclassic.com



မဟ္တရာဆရာတော်ကြီး၏

# သရဏဂုံကျင့်စဉ်



ရှိုးစိုးလင်း

၁၉၆၈–၁၉၆၉ခုနှစ် တစ်ဝိုက်လောက်က ဖြစ်ပါလိမ့်မည်။ စာရေးသူသည် **တောင်ကြီးကောလိပ်သမိုင်းဌာနတွင် ဌာနမှူးအဖြစ်ဆောင်စဉ်ကဖြစ်၍** အခါအားလျော်စွာ မန္တလေးကောလိပ် သမိုင်းဌာနအစည်းအဝေးပွဲများသို့ တက်ရောက်ခဲ့ရပါသည်။

အစည်းအဝေးပွဲများ ပြီးဆုံးပြီးနောက် တောင်ကြီးကောလိပ်သို့ မပြန်မီသမျှ အချိန်ကလေးတွင် ဘုရားများကို လှည့်လည်ဖူးမြော်ပါသည်။

အထူးသဖြင့် မြစ်ကြီးနားကောလိပ်မှ ဆရာဦးစိုင်းအောင်ထွန်းနှင့် လှည့်လည်ကြပါသည်။ အခါတစ်ပါး စာရေးသူသည်တစ်ဦးတည်းအဘရက္ခန်းစင်ဆောင် ဆရာတော်ကြီး၏ ဌာနဖြစ်သော ရေနံ့သာသို့ ရောက်ရှိခဲ့ပါသည်။

ရေနံ့သာမှအပြန် မန္တလေးမြောက်ဘက်တွင်ရှိသော မဟ္တရာဆရာတော်ကြီးကို ဝင်ရောက်ဖူးမြော်ပါသည်။ ထိုအချိန်က ဆရာတော်ကြီးသည် အင်းချနေပါသည်။

စာရေးသူလည်း ဝတ်ချ၍ ဆရာတော်ကြီး အင်းချနေသည်ကို အနီးကပ် လေ့လာခွင့် ရခဲ့ပါသည်။ ဆရာတော်ကြီး၏ တစ်ကိုယ်လုံးတွင် အဖုကြီးများ ထွက်နေပါသည်။ လက်မောင်းတွင်လည်းကောင်း၊ လက်များတွင် လည်းကောင်း၊ သင်္ကန်းလွတ်နေသော ရင်ဘတ်များတွင်လည်းကောင်း အဖုကြီးများမှာ အချို့ ကွမ်းသီးလုံးခန့်၊ အချို့ဆီးစေ့ခန့် ရှိနေပါသည်။ အသားအရေမှာမူ လွန်စွာ ကောင်းပါသည်။ မျက်နှာလည်း ကြည်ကြည်လင်လင် ရှိပါသည်။

သရဏဂုံ ကိုးကွက်အင်းများကို ကန့်ကူဆံဖြင့် ဟိန်း၍ချလိုက်၊ ချပြီးသောအင်းများကို ရှေ့တွင်ရှိနေသော ရေအင်တုံအတွင်းသို့ အဝတ်စကလေးဖြင့် ဖျက်၍ ရေဆေးချလိုက် လုပ်နေပါသည်။ တစ်ခဏအတွင်း အင်းများစွာကို ချနိုင်ပါသည်။

'ငါ ဒီရေအင်တုံထဲက အင်းချထားတဲ့ ရေကြည်ကို သောက်သွားတာပဲ'

ဟု အမိန့်ရှိပါသည်။ ရေကြည်ခံ၍ ထိုရေကြည်များကို နေ့စဉ် သောက်သွားသည်။ ကိုယ်တွင်ထွက်နေသော အဖုကြီးများမှာ ကန့်ကူဆန်အမှုန့်ကြောင့် ဖြစ်လေသလောဟု တွေးဆရပါသည်။

တချို့သော အင်းဆရာများသည် အင်းကိုပြာပြု၍လည်းကောင်း၊ စက္ကူကို အစိမ်းသော်လည်းကောင်း သောက်လေ့ ရှိပါသည်။ အင်းပြာပြုရာတွင် ပြာကျနေဖို့ အရေးကြီးပါသည်။ စာရေးသူအနေဖြင့် အင်းစက္ကူများကို အထပ်လိုက် ကျစ်နေအောင်လိပ်၍ လုံတွင် အန္တပိတ် မီးထိုးချလိုက်သော အခါ ဖြူဆိုက်နေသော အင်းပြာများကို ရပါသည်။ မဲနေပါက ပြာမကျသေးပါ။

ထို့နောက် သရဏဂုံဂုဏ်တော်များဖြင့် မန်းမှုတ်၍ သိဒ္ဓိတင်ကာ နံ့သာရည်များဖြင့် သောက်သုံးရပါသည်။ နံ့သာရည်တွင်လည်း သကြားအနည်းငယ် ထည့်သောက်ရပါသည်။

သရဏဂုံ ကိုးကွက်များသည် အခြေခံကျသောအင်းများဖြစ်၍ မူလကိုယ်နှိုက်က နဝင်းကျေနေသော အင်းများဖြစ်ပါသည်။ မဟ္တရာဆရာတော်ကြီးသည် ကန့်ကူဆံဖြင့် ပေတံ မသုံးဘဲ အလွတ်ချပါသည်။

အလွတ်ချသောအခါ လက်သေနေမှသာ အင်းကောင်းများ ဖြစ်နိုင်ပါသည်။ နဝင်းကျေလျှင် ဆေးဖြစ်ပါသည်။ သရဏဂုံကိုယ်လုံးထုံ လုံးစုံသိဒ္ဓိပြီးနိုင်ပါသည်။

စာအုပ်များတွင်တွေ့ရသော အင်းများသည် တနင်္ဂနွေထောင့်က စချသော အင်းများဖြစ်၍ တနင်္ဂနွေသားအတွက်သာ ဖြစ်ပါသည်။

ကျန်နေ့သားများအတွက် ကိုးကွက်အင်းများကို မိမိတို့၏ **ပရိဝါရအရပ်မှ** သာ စတင်ချရပါသည်။ ချရာတွင်လည်း **ဘုမ္မိအရပ်ကို** ခြေကန်၍ **တေဇအရပ်တွင်** အဆုံးသတ်ရပါသည်။

* * *





www.burmeseclassic.com

www.burmeseclassic.com

| | | |
|---|---|---|
| ၁ | ၄ | ၇ |
| ၆ | ဧနွေ့နံ သွင်း | ၂ |
| ၃ | ၈ | ၅ |

| | | |
|---|---|---|
| ဇ | ၇ | ဿ |
| ဂ | > | ဒွံ |
| သ | ဝိ | ထံ |


| | | |
|---|---|---|
| ပရိဝါရ | အာယု | နဂရ |
| သိရိ | | ဘုမ္မိ |
| ဌာန | တေဇ | ဂဟပတိ |

'ပရိဝါရ
အာယု
နဂရ
ဘုမ္မိ
ဂဟပတိ
တေဇ
ဌာန
သိရိ'

ဟူ၍ ဖြစ်ပါသည်။ တနင်္ဂနွေအင်းသည် ကျန်နေ့သားများအတွက် နမူနာသာ ဖြစ်ပါသည်။

ဥပမာ တနင်္လာသားအတွက် ဆိုပါမူ...

* * *



ဝိဝါဒတစ်ခုရှိနိုင်ပါသည်။ ထွက်ရပ်သို့မှန်းပါမူ တေဇကို ခြေကန်၍ ဘုမ္မိအရပ်တွင် အဆုံးသတ်ရသော် မကောင်းပါလောဟု မေးစရာရှိပါသည်။


စာရေးသူအနေဖြင့် ဘုမ္မိကိုခြေကန်၍ တေဇတွင်ဆုံးသော ရေးမှုကိုသာ သဘောကျပါသည်။

မတ္တရာဆရာတော်ကြီးသည် မည်သည့်မှုကို သုံးသွားပါသနည်းဟု မေးသော် စာရေးသူ မဖြေနိုင်ပါ။

ထိုအခါက စာရေးသူအနေဖြင့် အသက်ငယ်၍ အတွေ့အကြုံနုခြင်း၊ ဆရာတော်ကြီး အင်းချနေသည်ကို စိတ်ဝင်စားစွာ ကြည့်နေမိ၍ မည်သည့်မှုကို သုံးသွားကြောင်း မလေ့လာခဲ့ရပါ။


တောထဲတောင်ထဲတွင် ရှိသော အခိုက် အင်းချရန် ပေတံများရှိပါက လွယ်ကူ၍ အလွန်ကောင်းသောနည်း တစ်ခု ရှိပါသည်။ ထိုမှုမှာ ကမာရွတ်မှ ဂုရုကြီး ဦးစိုးမြင့်၏မှု ဖြစ်ပါသည်။

* * *



လေးကွက်ကို တစ်ချက်တည်း၍ ဟိန်း၍ ချလိုက်ပါ။ ထို့နောက် လွတ်နေသော အရပ်များကို **က–ဃ–ဏ–ဠ**ဟူသော "**ကြီးလေးကြီး**"ဖြင့် ပိတ်လိုက်သောအခါ အလွန်ကောင်းသော ကိုးကွက်အင်းများ ဖြစ်လာပါသည်။

* * *



ထို့နောက် အင်းဆန်များကို ဟိန်း၍ သွင်းခြင်း၊ စဓဗဝရုံခြင်း၊ သံဂုံပ ဟူသော ဘုရားလေးဆူရုံခြင်းဖြင့် အင်းကောင်းတစ်ခု ဖြစ်လာနိုင်ပါသည်။

**ပေတံအလွှတ်ချသောမှုမှာ ရန်ကုန် တက္ကသိုလ် စာကြည့်တိုက်ရှိ ပုရပိုက် တစ်ခုရခြင်းဖြစ်၍ သာမန်အင်းလိုက်စား သူများ၊ သတိမထားမိသော မသိသေး သောမှုတစ်ခုဖြစ်၍ အလွန်ကောင်း သည်။**

ယခု ရေးသားချက်၊ တင်ပြချက်များ သည် အင်းကို နားလည်သောသူများ အတွက်သာဖြစ်၍ အင်းကို စိမ်း သူများအတွက် အခက်အခဲမှာ ရှိနိုင် သည်။

မတ္တရာဆရာတော်ကြီးသည် အင်း နေခြင်းကို ခေတ္တရပ်နား၍ ကျွန်တော့် ဘက်လှည့် စကားပြောပါသည်။

'ငါ့ကို တစ်ခါက အထက်ပုဂ္ဂိုလ်များ ခေါ်သွားတယ်ကွ။ တောကြီးတောင်ကြီး ရှိတဲ့ ဂူကြီးတစ်ခုထဲထားပြီး ဝက်မျော တစ်လုံးကိုသာ နေ့စဉ် လာလာကျွေးတယ် ငါလဲ ကြာတော့ ပျင်းလာတယ်။ ငါ့ကို "ဆရာတော် ပျင်းနေသ ပြန်ချင်နေပြီလားလို့" မေးတော့ "ပြန်ချင်ပါတယ်ပြောတာ"နှင့် ငါ့ကို ပြ လိုက်တာပဲကွ။ ငါမှားသွားမှန်း သိ ဒီတစ်ခါ လာခေါ်ရင်တော့ လိုက်သွား မယ် ပြန်မလာတော့ဘူး'

ဟု အမိန့်ရှိပါသည်။

ဆရာတော်ကြီး၏ဆန္ဒ ဖြစ်ပါသ ဆရာတော်ကြီးသည် အထက်ပုဂ္ဂိုလ် ကြီးများနှင့် ပြန်လည်တွေ့ဆုံ ပုံရပါသည်။ ကျွန်တော်သည် ဆရာတော်ကြီးကို ဦးချ၍ ပြန် ခဲ့ပါသည်။ နောက်ထပ် ဆရာတော် ကြီးနှင့် ဖူးတွေ့ခွင့် မရတော့ ကျွန်တော်လည်း ရန်ကုန်သို့ ရွှေ့လာခဲ့ရပါသည်။





www.burmeseclassic.com

www.burmeseclassic.com

နောင်အခါ ဆရာတော်ကြီး ပျံလွန်တော်မူကြောင်း ကြားရပါသည်။ မည်သည့်နှစ်လောက်က ဖြစ်သည်ကို သတိမရတော့ပါ။ ကျွန်တော် မန္တလေးသို့ မရောက်သည်မှာ ထိုကတည်းက ဖြစ်ပါသည်။

ထွက်ရပ်ကိစ္စနှင့်ပတ်သက်၍အထက်ပုဂ္ဂိုလ်ကြီးများသည် တစ်ခါသာ မစတတ်ပါသည်။ မယူတတ်ပါကမအောင်မြင်တော့ပါ။ ကျွန်တော် မော်လမြိုင်ကောလိပ်တွင် အမှုထမ်းစဉ်က အားလပ်ရက်တစ်နေ့တွင် ဖင်းကျိုက်သို့ ရောက်ရှိခဲ့ပါသည်။

ကျွန်တော်သည် တောင်ခြေရှိ ဘုန်းကြီးကျောင်းတွင်နားနေခိုက် ထိုကျောင်းမှ ဆရာတော်တစ်ပါးနှင့် စကားလက်ဆုံကျ၍ အမှတ်မထင် ဂမ္ဘီရပညာရပ်များအကြောင်းကို ဆွေးနွေးခဲ့ကြပါသည်။

ကျွန်တော်၏ဝဲဘက်တွင် ဖင်းကျိုက်တောင် ရှေ့တည့်တည့်တွင် ကုလားမတောင်၊ လက်ယာဘက်တွင် ဘားမဲ့ဆရာတော်ကြီး၏ ကျောင်းနေရာနှင့် ဖျတ်ဝိ ဖျတ္တတို့ ကျက်စားခဲ့သော ရေတံခွန်ကြီးရှိပါသည်။

ကျွန်တော်တို့ အနောက်ဘက်တွင်ကား ဖင်းကျိုက်ရွာ၊ အချိန်ကလည်း နွေအခါဖြစ်၍ အလွန်ပူပြင်းလှပါသည်။

ဆရာတော်ကြီးက "ဘုန်းကြီးတို့ကျောင်းမှာ တစ်ခါက ထွက်ရပ်ပေါက် ဘျင့်ကြဲအားထုတ်နေတဲ့ ဆရာတော်ကြီးတစ်ပါး ရှိခဲ့ဖူးတယ်။ တစ်နေ့ ဒီဆရာတော်ကြီးဟာ ဒကာကြီးတို့ ဘုန်းကြီးတို့စကားပြောနေတဲ့နေရာလောက်မှာ တရားအားထုတ်နေတယ်။

အဲဒီအချိန် ဘယ်ကလာမှန်းမသိတဲ့ နေတဲ့အဘိုးကြီးနှစ်ယောက် ရောက်



လာတယ်။ ဝါးကျည်တောက်များကို ထမ်းပိုးကြီးတစ်ခုနှင့် ထမ်းလာကြတယ်။ ဆရာတော်ရှေ့လဲရောက်ရော အနူအဘိုးကြီး နှစ်ယောက်ဟာ ချွေးတွေထွက်ပြီး ဆရာတော်ရှေ့ သစ်ပင်အောက်မှာ လာနားကြတယ်။

နဖူးမှချွေးများကို လက်နှင့်သတ်ပြီး အဘိုးကြီးတစ်ယောက်က...

'ဒီမှာ ခဏနားမယ်ဟေ့၊ နေကလဲ ပူသကွာ၊ ဟောဟိုမှာ ဆရာတော်တစ်ပါးလဲ တရားအားထုတ်နေတယ်။ တို့ မန်ကျည်းဖျော်ရည်ကပ်ရအောင်'

ဟု ပြောနေသည်။

ထို့နောက် ထမ်းလာသော ဝါးကျည်တောက်များကိုချ၊ ဝါးကျည်တောက်တစ်ခုအတွင်းမှ မန်ကျည်းသီးများကို ထုတ်၍ လက်နှင့်နယ်၊ ထန်းလျက်များကို ဝါး၍ ဝါးကျည်တောက်အတွင်း ထွေးထည့်။ ပယ်ပယ်နယ်နယ် လက်များဖြစ်၍ မန်ကျည်းဖျော်ရည် လုပ်နေကြပါသည်။

ဆရာတော်ကမူ အနူအဘိုးကြီးများကို တွေ့ကတည်းက ရွံရှာနေပုံရပါသည်။ ခန္ဓာကိုယ်က ညစ်ပတ် ပေရေ၍ ချွေးသံများ ထွက်နေခြင်း၊ ထန်းလျက်များကို ပါးစပ်ထဲထည့်ဝါး၍၊ ဝါး၍ ထွေးထည့်ခြင်း၊ အနူလက်ကြီးများဖြင့် ဝါးကျည်တောက်အတွင်း လက်နှိုက်၍ နယ်နေပုံတို့ကို ဆရာတော်ကြည့်၍ ရွံရှာအော့အန် နေချင်ပုံရပါသည်။

ထို့နောက် ဝါးကျည်ငယ်တစ်ခုတွင် ထည့်၍ ဆရာတော်ရှေ့ ရောက်လာကာ...

"ဆရာတော် မန်ကျည်းဖျော်ရည်ကို သုံးဆောင်တော်မူပါ။ နွေရာသီတွင် အလွန်ကောင်းသည့် ဖျော်ရည်ပါဘုရား ဟု"

ကပ်ကြပါသည်။

ဆရာတော်က လက်ကာ၍ငြင်းဆန်သည်။ ထပ်၍ကပ်သည်။ "**အင်မတန်ကောင်းမွန်သည့်မန်ကျည်းဖျော်ရည်ဘုရား**" ဟု ရှေ့တိုးကပ်သည်။ သုံးကြိမ်တိတိကပ်သည်။ ဆရာတော် နောက်ဆုံးလက်ကာ၍ ငြင်းဆိုပြီးသည့်နောက်တွင်ကား အနူအဘိုးကြီး နှစ်ယောက် တဟားဟား ရယ်မော၍ ကွယ်ပျောက်သွားလေ၏။

ထိုအခါကျမှ ဆရာတော် နောင်တကြီးစွာရ၍ "**ငါ မှားပြီ၊ ငါ မှားပြီ။ ငါ့ကိစ္စတော့ သွားပါပြီ**" ဟု ယူကျုံးမရ ဖြစ်သွားပါတော့သည်။ ပေးကားပေးပါ၍ မရလေတော့တကား။

'ဒီဆရာတော်ကြီးလဲ အဲဒီကတည်းက ထွက်သွားလိုက်တာ ဒီနေ့အထိပါပဲ ဒကာကြီး'

ဟု ဆရာတော် အမိန့်ရှိပါသည်။ ထွက်ခါနီးအချိန်သည် အရေးကြီးလှပါသည်။ ပါရမီလည်းကောင်းမှ၊ ဝီရိယလည်းရှိမှ၊ ဆရာကောင်းလည်းရှိမှ၊ အတွေ့အကြုံလည်းရှိမှ အောင်မြင်နိုင်ပါသည်။

စာရေးသူငယ်စဉ်က ကိုယ်တွေ့အဖြစ်တစ်ခုကို တင်ပြပါမည်။ ဆောင်းရာသီ နေ့တစ်နေ့ နံနက်လင်းအားကြီးချိန်တွင် တောလမ်းတစ်ခု

 (စာမျက်နှာ (၂၂) သို့)

www.burmeseclassic.com

www.burmeseclassic.com



# ငွေပလောင်ခေါ်

ဂမ္ဘီရအစွမ်း

နှင်းအိ

စာရေးသူ နေထိုင်သည့် **ရှမ်းပြည်နယ်တောင်ပိုင်း ရပ်စောက်မြို့နယ်၊ ကောင်းဘိုကျေးရွာ၏** အနောက်ဘက်တောင်တန်းပေါ်တွင် **ကံကော်ရေဆိုသည့် ပလောင်ရွာတစ်ရွာ** ရှိပါသည်။ ထိုရွာမှ ပလောင်တိုင်းရင်းသားများကို **ငွေပလောင်**ဟု ခေါ်ကြသည်။

ပလောင် တိုင်းရင်းသားများတွင် ငွေပလောင်နှင့် ရွှေပလောင်ဟူ၍ နှစ်မျိုးရှိရာ ရှမ်းပြည်နယ်တောင်ပိုင်းတွင် ငွေပလောင် အနေများပြီး ရှမ်းအရှေ့နှင့် နမ့်ဆန်ဘက်တွင် ရွှေပလောင်တို့ အနေများပါသည်။

ငွေပလောင်တို့ တောင်ပေါ်၌ နေထိုင်ကြရသည့် အကြောင်းရင်းကို မေးမြန်းကြည့်ရာ ခွေစဉ်မျိုးဆက် နေထိုင်လာကြပြီး တောင်ပေါ်နတ် ဝင်စားသည်ဟု ဆိုပါသည်။ တောင်ပေါ်နတ် အမျိုးအနွယ်မှ ဆင်းသက်လာသူများဟု သူတို့ကိုယ်သူတို့ သတ်မှတ်ထားကြပါသည်။

တောင်ပေါ်နတ်အမျိုးအနွယ် ဖြစ်သောကြောင့် ဂမ္ဘီရဆန်သော အစွမ်းများ ပိုင်ဆိုင်ထားကြသည်ကို ကိုယ်တိုင်ကြုံတွေ့ရသည့် အဖြစ်အပျက်တစ်ခုအား တင်ပြလိုက်ရပါသည်။

စာရေးသူ၏ ဖခင်မှာ အစိုးရလခစားဘဝမှ ပင်စင်ယူပြီး ဇာတိရပ်မြေဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ကျွန်းလှမြို့သို့ မပြန်တော့ပါ။ ရလာသည့် ပင်စင်အပါအဝင် ခံစားခွင့်လေးများနှင့် ရပ်စောက်မှ တစ်ဆယ့်ခြောက်မိုင်ခန့်အကွာ ကောင်းဘိုကျေးရွာတွင် နေထိုင်ပြီး လယ်ယာလုပ်ငန်းအပြင် လက်ဖက်၊ လိမ္မော်များ စိုက်ပျိုးပြီး စီးပွားရေး အခြေအနေ အတော်အတန် ကောင်းမွန်စွာဖြင့် နေထိုင်နိုင်သူ ဖြစ်ပါသည်။



ကောင်းဘိုကျေးရွာသို့ စာရေးသူ၏ ဖခင်ကြီးရောက်ခါစ စိုက်ပျိုးရေး လုပ်ငန်း စတင်လုပ်ကိုင်စဉ် ရင်းနှီးလုပ်ကိုင်ငွေမှာ အနည်းငယ်သာ ရှိပါသည်။ လိမ္မော်ပင် အပင်ခြောက်ရာခန့် စတင်စိုက်ပျိုး လယ်ရှစ်ကေကို စတင်လုပ်ကိုင်ချိန် ဖြစ်ပါသည်။

အိမ်တွင်ရှိသော နွားနှစ်ရှဉ်းဖြင့် မလုံလောက်သဖြင့် ရွာ၏ အနောက်ဘက်တောင်ပေါ်ရှိ ကံကော်ရေ ငွေပလောင်ရွာမှ ကျွဲအကောင်ရှစ်ဆယ်ခန့် ပိုင်ဆိုင်သည့် ပလောင်ပေါလိန်း (သူဌေး)ထံတွင် စပါးပေးနှင့် ငှားရပါသည်။

စပါးပေးနှင့် ဆိုသည်မှာ လယ်စိုက်တစ်ရာသီတွင် ကျွဲတစ်ကောင်ကို ရှမ်းတိုင်းရင်းသားအခေါ် ငါးတင်(မြန်မာလို စပါးတင်း အစိတ်ဖြင့်) ငှားရပါသည်။

ထိုငှားထားသော ကျွဲခကို ကော[...] ပြီး တလင်းပေါ်ချိန်တွင် စပါး[...] ကျွဲပါ ပြန်ပေးဆပ်ရပါသည်။

ကျွဲကို နောင်လာမည့်နှစ် ဆက်[...] လို၍ အိမ်မှာ ထားလိုလျှင်လည်း [...] ထားပါသည်။ အစာကျွေး ထိန်း[...] ပေးရပါသည်။ နွေရာသီအ[...] အငှားခ ထပ်မံ မပေးရပါ။ စပါး[...] ယူပါသည်။ ပိုက်ဆံဆို မယူပါ။

စာရေးသူ တောင်ကြီးကော[...] ကျောင်းပြီး၍ အိမ်အပြန် မိုးဦး[...] တစ်နေ့တွင် ဖခင်ကြီးမှ...

'သား တင်ညိုအေး အဖေ [...] လယ်လုပ်ဖို့ ပလောင်တောင် [...] ကျွဲသွားငှားမလို့ ရောက်[...] လိုက်ခဲ့ပါလား'

ဟု ပြောလာသဖြင့် အ[...] သော စာရေးသူလည်း...



www.burmeseclassic.com

www.burmeseclassic.com

'ဟုတ်ကဲ့ အဖေ သားလဲ ပျင်းနေတာနဲ့ အတော်ပါပဲ လိုက်ခဲ့မယ်'

ဆိုပြီး လိုက်သွားခဲ့ပါသည်။ နံနက်စောစော ခြောက်နာရီလောက် သားအဖနှစ်ယောက် ထမင်းအဆာပြေစားပြီး တက်ခဲ့ကြရာ မွန်းလွဲပိုင်း တစ်နာရီခန့်တွင် ရောက်ရှိခဲ့ပါသည်။ ငွေပလောင် ပေါလိန်း ဦးကံထမှ တောဝက်သားခြောက်ဖြင့် ထမင်းကျွေးသဖြင့် သားအဖနှစ်ယောက် အားရပါးရ စားလိုက်ကြပါသည်။

ထမင်းစား အခါးရည်သောက်ပြီး အဖနှင့် ဦးကံထတို့နှစ်ယောက် အလုပ်စကားပြောကြသည်။ သိပ်မကြာမီ ဦးကံထ၏သား ခန်းကူမှ ကျွဲသုံးကောင်ကိုဆွဲပြီး အဖေ့ကိုအပ်ပါသည်။ အဖေမှ ကျွဲနှစ်ကောင်နှင့် စာရေးသူ ကျွဲတစ်ကောင်ကို ဆွဲပြီး နှုတ်ဆက်ပြီး ပြန်မည်အလုပ်မှ ဦးကံထမှ...

'ခဏလေး ဆရာကြီး ငါတို့က တောင်ပေါ်တောင်အောက် ခဏခဏ မဆင်းနိုင်ဘူးလေ။ နင်တို့လဲ မကြာမကြာ မလာနိုင်ဘူး။ အဲဒီတော့ ငါ့ကျွဲတွေကို နေကောင်းတယ် မကောင်းဘူးနဲ့ တစ်ခုခုဖြစ်ရင် သိရအောင် ငါ စီရင်လိုက်ဦးမယ်'

ဆိုပြီး သူ့ခြေတံရှည် အိမ်ကြီးနံဘေးမှ ပင်စိမ်းပင် အပင်ပေါက်သုံးပင်ကို နုတ်ယူလိုက်ပါသည်။ ထို့နောက် တံစက်မြိတ်အောက်ရှိ စဉ့်အိုးကြီးနံဘေး စွတ်စိုနေရာ မြေကြီး၌ ကျင်းသုံးကျင်းတူးလိုက်ပါသည်။

ပင်စိမ်းပင်ပေါက် သုံးပင်ထဲမှ အကြီးဆုံးကို အဖေ့လက်ထဲရှိ ကျွဲအကြီးကောင်ကို ချိုကြားတွင် အသာကပ်လိုက်ပြီး ပါးစပ်မှ တစ်စုံတစ်ခုကို ရွတ်ဆိုလိုက်ပါသည်။ အထက်ပါအတိုင်း ကျွဲအလတ်ကောင်၊ အငယ်ကောင်အလိုက် ပင်စိမ်းပင်လေးများကို ကပ်ပြီး စောစောက တူးထားသော ကျင်းလေးများထဲတွင် ထည့်စိုက်လိုက်သည်။ ရေအနည်းငယ်စီ ခပ်လောင်းပြီးမှ...

'ရပြီ ဆရာကြီးတို့သားအဖ ပြန်လို့ရပါပြီ။ ငါ့ကျွဲတွေ တစ်ကောင်ကောင် တစ်ခုခုဖြစ်ရင် ငါကိုယ်တိုင် ဆင်းလာခဲ့မယ်'

ဟု ပြောပါသည်။

စာရေးသူ ကျွန်တော်တစ်ယောက် ရယ်ချင်ချင် ဖြစ်နေသည်ကို ဖခင်ကြီးက မြင်သွားသလား မသိပါ။ ရွာအပြင်ရောက်မှ...

'မယုံမရှိနဲ့သား... သားက ခေတ်ပညာတွေ သင်လာတော့ ဘယ်ယုံနိုင်မှာလဲ၊ ဒါပေမယ့် သူတို့မှာလဲ မွေးရာပါ ဗီဇအစွမ်းရှိတယ်၊ ပြီးတော့ သူတို့တွေ ငါးပါးသီလ အရမ်းမြဲကြတယ်၊ "ကတိသစ္စာ တည်သောအခါဝယ် နွယ်မြက်သစ်ပင် ဆေးဖက်ဝင်၏"လို့ အဆိုရှိတယ်မဟုတ်လား ကတိတွေ သစ္စာတွေ တည်ကြတယ် သား'

ဟု ပြောပြပါသည်။

ဒီလိုနှင့် မိုးဦး ကျရောက်ခဲ့ပြီဖြစ်ပါသည်။ လိမ္မော်ခြံ၏ အလုပ်က တစ်ဖက် လယ်အလုပ်က တစ်ဖက်နှင့် စာရေးသူတို့ သားအဖနှစ်ယောက် လုံးချာလည်လိုက်နေသည်။ လယ်စိုက်၍ ပြီးပြန်တော့ လိမ္မော်ခြံပေါင်းရှင်း၊ မြေသြဇာကျွေး၊ ဆေးဖျန်း စသည်တို့ လုပ်ကြရပြန်သည်။

ရပ်စောက်ဈေး နေ့တစ်နေ့တွင် အဖေနှင့် စာရေးသူနှစ်ယောက် လိမ္မော်ပင်များအတွက် ထပ်မံ လိုအပ်သော ပိုးသတ်ဆေးများနှင့် ဓာတ်မြေသြဇာ ဝယ်ယူရန် ထွက်ခဲ့ကြသည်။ မထွက်လာခင် လယ်လုပ်သားလိုင်း (အလုပ်သမား)၏ မိန်းမ နေမကောင်းသဖြင့် ခွင့်ယူပြီး နေရပ်ဖြစ်သော မိုင်းလီရွာသို့ ပြန်သွားရာ ကျွဲကျောင်းသူမရှိ ဖြစ်နေ၍ အဖေက အိမ်မှ အမေ့ကို ခဏကြည့်ခိုင်းထားခဲ့သည်။

ကျွဲများကို လွှတ်၍ မကျောင်းရန်လည်း အဖေက စိုးရိမ်စိတ်ဖြင့် အတန်တန်မှာကြားခဲ့သည်။ အငယ်ဆုံး ကျွဲတစ်ကောင် နေမကောင်း ဖြစ်သည်မှာ တစ်ပတ်ခန့်ရှိပြီ ဖြစ်သည်။ အစားနည်းသွားသဖြင့် အဖေက ဘာမှ မလုပ်နိုင်းတော့ပါ။

ထိုစဉ်ကာလက ရပ်စောက်မြို့နှင့် ကောင်းဘို့ရွာမှာ သွားရေးလာရေး အလွန်ခက်ခဲပါသည်။ ယခုလို ထော်လာဂျီ၊ ဆိုင်ကယ်တို့ မပေါ်များသေး။ လိုင်းကားပင်မရှိပါ။ စက်ဘီးသာလျှင် အလွယ်ကူဆုံး ခရီးသွားယာဉ်တစ်ခုအဖြစ် သုံးစွဲနေရသောကာလ ဖြစ်ပါသည်။

ညခင်း လေးနာရီလောက် အိမ်ပြန်ရောက်ရောက်ချင်း သတင်းဆိုးတစ်ခုက စာရေးသူတို့ သားအဖကို ကြိုဆိုနေပါသည်။ အိမ်နံဘေးမှ ကိုကြီးစန်းအောင်က...

'ညီလေးတို့ သားအဖ နှစ်ယောက်ထွက်သွားပြီး နေ့ခင်းပိုင်းလောက် ကိုကြီးနွားစာ စဉ်းနေတာ၊ အဲဒီမှာ ညီလေးအမေက ကျွဲသုံးကောင်ကို ဆွဲပြီး ကျောင်းဖို့ ရွာမြောက်ဘက်ကို ထွက်သွားတာ တွေ့လိုက်တယ်။ ကိုကြီးလဲ ညီလေးတို့ သားအဖ မှာခဲ့တယ်ထင်လို့ ဘာမှ လှမ်းမမေးလိုက်မိဘူး။

အဲ... သိပ်မကြာဘူး။ ရွာမြောက်ဘက်က ကိုနီတွတ် ရောက်လာပြီး ကိုကြီးရေ တင်ညိုအေးတို့ ကျွဲသုံးကောင် သဲချောင်းတောင်ကျရေနဲ့ ပါသွားလို့ နှစ်ကောင်တော့ ပြန်ရလိုက်တယ်ဗျာ၊ တစ်ကောင်ကတော့ ဘယ်နေ့မှ ရှာမတွေ့တော့ဘူးလို့ လာပြောမှ သိရတာ

www.burmeseclassic.com

စိတ်မကောင်းပါဘူး ညီလေးရာ'

ဟု ဆိုလာပါသည်။

အဖေက အမေ့ကို မေးကြည့်တော့ နေမကောင်းဖြစ်နေသည့် ကျွဲလေး မြက်ကောင်းကောင်း စားရအောင်ဆို ပြီး ရွာမြောက်ဘက် သဲချောင်းနံဘေး က ယာဆိုး(ယာခင်းဟောင်း)ဆီ မောင်းသွားသည်ဟု ပြောပြပါသည်။ မြက်စားပြီး ချောင်းတစ်ဖက်ကမ်း ကူးနေစဉ် မနေ့ည ပင်းတယတောင် ဘက်ဆီမှ ရွာသောမိုးကြောင့် တောင် ကျရေ ထိုးဆင်းလာစဉ် သုံးကောင် စလုံး ရေနောက်ပါသွားသည်ဟု ဆိုပါ သည်။

အငယ်ကောင်နှင့် အကြီးဆုံးကောင် မှာ ကမ်းစပ်တွင် ဖြစ်နေသည်မို့ ပြန် လှည့်ပြေးလာ၍ လွတ်မြောက်ခဲ့ပြီး ရေလယ်ရောက်နေသော အလတ် ကောင်ကမူ ထိုးဆင်းလာသော တောင် ကျရေနောက်ကြား လိမ့်၍ပါသွားသည် ဟု ငိုကြွေးရင်း ပြောပြပါသည်။

အဖေကတော့ အမေ့ကို အပြစ် မတင်ပါ။ ဖြစ်တတ်သည့် သဘောတွေ ဟု ဆိုပါသည်။ စာရေးသူလည်း မည် သို့မှ သိပ်မခံစားရပါ။ သို့သော် နောက် တစ်နေ့ နံနက်အစော ကံကော်ရေမှ ငွေပလောင် ဦးကံထ ရောက်လာပြီး ဒီကိစ္စတွေ အားလုံးကို သူ သိနေ၍ တောင်ပေါ်မှ ဆင်းလာသည်ဟု ပြောမှ စာရေးသူမှာ ပါးစပ်ပောင်းလောင်းနှင့် အံ့ဩမဆုံး ဖြစ်ရပါတော့သည်။

ဘယ်လိုဘယ်ပုံ သိနေရသည်ကို စာရေးသူ မေးမြန်းကြည့်လိုက်တော့...

'လွန်ခဲ့တဲ့ တစ်ပတ်က နင်တို့ရွာမှာ ငါ စိုက်ထားခဲ့တဲ့ အသေးဆုံး ပင်စိမ်းပင်ငယ် ညှိုးလာတာ တွေ့ရတယ်။ အဲဒီ ငါ့ကျွဲအငယ် ကောင်တော့ နေထိုင်မကောင်း ဖြစ်ပြီဆိုတာ သိရတယ်။ ခြောက်မသွားတဲ့အတွက် မသေ ဘူးဆိုတာ သိတယ်။

ဒီမနက်ကျတော့ ပင်စိမ်းပင်အလတ်က ချက်ချင်းကြီး ခြောက်နေတာ တွေ့လိုက်တော့ ငါ့ကျွဲအလတ်ကောင်တော့ မရှိတော့ဘူး။ သေပြီဆိုတာ သိလို့ ဆင်းလာခဲ့တာ၊ ရွာထဲ ဝင်တာနဲ့ အကုန်သိပြီးပြီ၊ ဘယ်မှ လိုက်ရှာ မနေကြနဲ့တော့ သဲချောင်းနဲ့ တစ်ဆက်တည်း ဖြစ်တဲ့ ဧော်ဂျီမြစ်ထဲ ပါသွားပြီး အခု မြို့ တောင်ဘက်က ပါပန်းချောင်းစပ်မှာ သွား တင်နေတယ်။ အဲဒီမှာ သွားယူကြ'

ဟု တစ်ဆက်တည်း ပြောလိုက် သောကြောင့် စာရေးသူမှာ ဘာပြန် ပြောရမည်မသိ ဖြစ်ခဲ့ရပါသည်။

ယခုလို နည်းပညာခေတ်ကြီးထဲ၌ ယုံစရာမရှိဟု ထင်ရသော **ဂမ္ဘီရဆန် ဆန် ပညာထူး ပညာဆန်းများ နေရာ မရွေး ရှိနေပါလားဟု** သိခဲ့ရသည်။

သိပ္ပံနည်းပညာဖြင့် တိတိကျကျ လေ့လာအဖြေထုတ်၍ မရသော အကြောင်းတရားများ မြောက်မြားစွာ ရှိနေသေးကြောင်းနှင့် ခေတ်ပညာ တတ် စာရေးသူ၏ ပညာမာနအစွဲကို ချွတ်ပေးခဲ့သော ငွေပလောင်ဦးကံထ ထံမှ ထူးဆန်းသော ဂမ္ဘီရဆန်သည့် ပညာအစွမ်းကို နက္ခတ္တရောင်ခြည် မဂ္ဂဇင်းစာဖတ်ပရိသတ်ကြီး ဗဟုသုတ ရရန်အလို့ငှာ ရေးသားတင်ပြလိုက်ပါ သည်။

**နိုင်မင်းညို**

စာမျက်နှာ (၂၁၉)မှ အဆက်

ဖြတ်၍ ခရီးသွားနေပါသည်။ တစ်နေရာအရောက် လမ်းဘေးတစ်ခုတွင် (၃)ပေလောက်ကျယ်၊ တစ်တောင်အနက် လောက်ရှိသော ကျင်းကြီးတစ်ခုကို သွားတွေ့ပါသည်။

ထိုတွင်း၏ အလယ်ကောင်လောက်တွင် အငွေ့တစ်ထောင်းထောင်း ထွက်နေသော လူ့မစင်ပုံကြီးတစ်ခု။ မစင်ပုံမှာ အလှုပ်လှုပ်၍ ပိုးတုံးများမှာ အငွေ့တစ်ထောင်းထောင်းဖြင့် ဝင်းလဲနေပါသည်။

စာရေးသူ ကျင်းနံဘေး လှည့်ပတ်ကြည့်ရာ လူခြေရာမတွေ့။ တွင်းနှုတ်ခမ်းတွင် ထိုင်ပါသည့်တိုင် အလယ်ကောင်သို့ မရောက်နိုင်။ အလယ်တွင် ကားယားစွဲ၍ပါသည့် လူခြေရာလည်း မတွေ့၊ ကြားမှုနားဝရှိသည့် နတ်ဩဇာဟုထင်ရသော်လည်း ယူ၍ မစားရဲပါ။ ထွက်ခွာလာခဲ့ရသော်လည်း မကျေနပ်လှပါ။

ယနေ့တိုင် သတိရ၍ ဘဝင်မကျ ရှိနေဆဲပါ။ မည်သို့မျှ သွားမရှိမကိုင်၊ စားနိုင်ခဲ့သည်မှာ ဝေးလာဝေး။

နောင်အခါ ဆရာများနှင့်တွေ့၍ ဆွေးနွေးကြည့်ခဲ့ရာ စရုဏာအာကောင်းလျှင် တောထဲတွင်တွေ့ရတတ်ကြောင်း ပြောပြပါသည်။ အချုပ်အားဖြင့်ကား သရဏဂုံဆင်းများသည် ဂမ္ဘီရကိစ္စများ ပြီးနိုင်ပါသည်။ ဂမ္ဘီရကိစ္စတွင် အားလုံး ပြည့်စုံသော် မေတ္တာကို ကျယ်ကျယ်ပို့ရသည်။

သတ္တဝါတွေ အသေတွေ့၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။

**ဦးမိုးလင်း**




www.burmeseclassic.com

www.burmeseclassic.com

မောင်မြထွေးဦး
(ရန်ကုန်တက္ကသိုလ်)

# ဝံ့ချိုင်ကို ဓိနိုဂှင် မှန်းတော့တယ်



◆ အပေါ်စီးမှ မြင်ရသည့် အနေအထား

၂၀၀၀ ပြည့်နှစ်က အဖြစ်အပျက်ပါ။ ကျွန်တော်က မတ်လ(၁၂)ရက်ဖွားစနေသားပါ။

အဲဒီနှစ် (၁၂-၃-၂၀၀၀)နေ့ဟာ တနင်္ဂနွေနေ့မှာ ကျရောက်နေတာဖြစ်သော်လဲ အဲဒီနေ့ မနက်ကျမှပဲ အနဋ္ဌောအနန္တငါးပါးကို အုန်း ငှက်ပျောပွဲနဲ့ အံရှုဏ်ဆွမ်း ထကပ်မယ်လို့ လဆန်းပိုင်းလောက်ကပဲ ကြိုစိတ်ကူးထားခဲ့မိတယ်။

အဲဒီလို စီစဉ်ထားသော်လဲ အုန်းသီး၊ ငှက်ပျောသီးက ကြိုတင် ဝယ်ခြမ်းထားစရာ မလိုပါဘူး။ ကျွန်တော့်ခြံထဲမှာ အသီး သီးလျက်ရှိတဲ့ အုန်းပင်နဲ့ ငှက်ပျောပင်တွေက အဆင့်သင့် ရှိနေတာကိုး။

ဒီလိုနဲ့ (၁၁-၃-၂၀၀၀) စနေနေ့ကို ရောက်လာတော့ အိမ်က ကျွန်တော့်မြေးလေးကို အုန်းတစ်ခိုင် ချခိုင်းလိုက်ပါတယ်။ ဒီအခိုင်ထဲကမှ စိတ်ကြိုက်တစ်လုံး ရွေးဖယ်ထားလိုက်ပါတယ်။ ငှက်ပျောကိုတော့ အသီးရင့်နေတဲ့ နှစ်ပင်အနက်က အလုံးလှပြီး ငါးဖီးသာပါတဲ့ အခိုင်ကို ကျွန်တော်ကိုယ်တိုင်ပဲ ချိုင်လိုက်တော့တယ်။

ချိုင်ပြီးသား ငှက်ပျောခိုင်ကို ဘုရားခန်းထဲ သယ်ယူလာပြီး စိမ်ပြေနပြေ လှီးတော့တာပေါ့။ ပထမ လက်ရင်းဖီးနဲ့ ဒုတိယအဖီးကို အလွယ်တကူပဲ လှီးဖဲ့လိုက်နိုင်ပါတယ်။

တတိယအဖီးကို လှီးတဲ့အခါ ငှက်ပျောရိုး အလယ်လောက်ကျတော့ ဓားက ဆက်မတိုးဘဲ အမာခံပစ္စည်းတစ်ခုခုနဲ့ သွားထိနေပါတော့တယ်။

ဒါနဲ့ တစ်ဖက်ကနေလှည့်ပြီး လှီးကြည့်ပြန်တယ်။ ခုနကအတိုင်းပဲ အလယ်လောက်မှာ အမာခံတစ်ခုနဲ့ သွားထိနေပြန်လို့ စိတ်မရှည်နိုင်တာကြောင့် လက်နဲ့ ဖဲ့ချလိုက်တဲ့အခါမှာ ငှက်ပျောရိုးအတွင်းက ဒေါက်ခနဲ တစ်စုံတစ်ခု ထွက်ကျသွားတာကို သတိထားလိုက်မိတယ်။ ဒါပေမယ့် အမှုမဲ့အမှတ်မဲ့ပါပဲ။ ကျန်တဲ့ နှစ်ဖီးကို ဆက်ပြီး လှီးချလိုက်တော့တယ်။

ငှက်ပျောငါးဖီးလှီးပြီးလို့ ငှက်ပျောရိုးအစအနတွေကို သုတ်သင်ရှင်းလင်းမယ်လုပ်ရင်း စောစောက ဒေါက်ခနဲကျသွားတဲ့ပစ္စည်းဟာ ဘာလေးပါလိမ့်ဆိုပြီး ဓားဦးချွန်နဲ့ ထိုးရှာကြည့်တော့ ကြမ်းပြင်ပေါ်မှာ ရေစိုနေတဲ့ ဖားပျံ ပေါက်စလေးတစ်ကောင်အဖြစ် သွားတွေ့မိတယ်။



www.burmeseclassic.com

www.burmeseclassic.com



◆ လက်ဝဲဘက်မှ ဘေးတိုက်မြင်ရသည့် အရေအသား

ရုတ်တရက်ဆိုတော့ ဒေါက်ခနဲ ကျသွားတဲ့ အရာဟာ ဒီဖားပျံလေး ဖြစ်မယ်လို့ ဘယ်ထင်မိပါ့မလဲ။ ဒါနဲ့ ဖားပျံလေးကို ဓာတ်ဦးချွန်နဲ့ မပြီး ကလော် ကြည့်လိုက်တော့ ကြမ်းပြင်ပေါ်ကို ဒေါက်ခနဲ ပြန်ကျလာတာ တွေ့လိုက်ရတယ်။

ဒီတော့မှ ငှက်ပျောရိုးထဲက ကျလာတဲ့ အရာဟာ ဒီဖားပျံလေး ဖြစ်နေပါလားဆိုပြီး ကောက်ကိုင်ကြည့်လိုက်တယ်။ အညိုရောင် ကျောက်သားဖားပျံလေး ဖြစ်နေတော့တာကိုး။

ဘုရားညောင်ရေအိုးနဲ့ သောက်ရေသုံးရေအိုးတွေကြားမှာ မျက်လုံးလေးစင်းပြီး ဝပ်နေလေ့ရှိကြတဲ့ ပကတိဖားပျံလေးအတိုင်းကို တွေ့နေရတာပါ။

အံ့ဩလွန်းလို့ အိမ်က ကလေးတွေကို ခေါ်ပြပြီး အပ်ချည်ကြိုးနဲ့ အတိုင်းအတာကို ယူကြည့်တော့ ခေါင်းဖျားကမီးညောင့်ရိုး အဆုံးအထိ (၂.၀၀) စင်တီမီတာရှိပြီး ခါးတစ်ဖက်တစ်ချက်ကတော့ (၁.၆)စင်တီမီတာရှိကြောင်း တွေ့ရပါတယ်။ ငှက်ပျောအမြုတေဖားပျံလေးလို့လဲ ပြောရမလားတော့ မသိပါ။

ဒီဖားပျံအမြုတေလေးကို လက်ထဲမှာ ကိုင်ထားလျက်က သူ့ကို ဘယ်နေရာမှာ ဘယ်လိုထားရပါ့မလဲလို့ စဉ်းစားရင်း ဘုရားစင်ပေါ် မော့ကြည့်လိုက်မိတယ်။

ဘုရားစင်ပေါ်မှာ ကျောက်သံပတ္တမြား အသေးအမွှားလေးတွေထည့်ပြီး ဘုရားကို ကျွန်တော် ကပ်လှူထားတဲ့ မြသပိတ်အသေးလေးကို သွားတွေ့လိုက်တယ်။

တစ်ချိန်တည်းမှာပဲ တက္ကသိုလ်ဝင်တန်းတုန်းက သင်ခဲ့ရတဲ့ ကဗျာ့ပန်းကုံးစာအုပ်ထဲက ကဗျာလေးတစ်ပုဒ်ကိုလဲ ဖျတ်ခနဲ သတိရလိုက်တော့တယ်။

'ဖားတဂီ...မှန်ရာရွှေနတ်က... ခွန်းထုတ်စေသား...ဖန်ရေရေ...မှန်ပေခဲ့ရင်ဖြင့်... စံအိုင်ကို...စိန်နှင့်မွမ်းပုံမယ်...ညွှန်းပုံနှစ်နား'

ဆိုတဲ့ ကဗျာလေးလေ။

အဲဒီ ကဗျာလေးကို သတိရလိုက်မိတာနဲ့ တစ်ပြိုင်နက်တည်း ထိုင်ရာက ဝေါက်ခနဲ ထထိုင်လိုက်ပြီး မြသပိတ်ထဲကို ရေစပ်စပ်ကလေး လောင်းထည့်လိုက်ပါတယ်။ ပြီးမှ ဖားပျံလေးကို ကျပ်စေ့အဝိုင်းလေးပေါ် တင်ပြီး မြသပိတ်ထဲကို ချလိုက်တော့ ဘသားချောလေးက ကျောက်သံပတ္တမြားတွေရဲ့အလယ်မှာ ဟန်ထည်ထည်နဲ့ ခေါင်းကလေးမော့လို့ ကျော့ကျော့လေး ဖြစ်နေတော့တာပေါ့။

တစ်နည်းအားဖြင့်တော့ စိန်မွမ်းထားတဲ့ စံအိုင်မှာ စတိုင်ပါပါ ထိုင်နေတဲ့ ဖားကလေးပါပဲ။

ဒီ အမြုတေဖားကလေးဟာ ကျွန်တော့်အတွက် ဘယ်လိုအကျိုးထူးမယ်ဆိုတာတော့ အချိန်စောသေးလို့ မပြောတတ်သေးပါဘူး။

ဘာပဲဖြစ်ဖြစ် ဖားဆိုတာ ကုန်းနေရေနေ အေးချမ်းတဲ့ သတ္တဝါ ဖြစ်နေတာကြောင့် ရှေ့ဆက်ရမယ့် ကျွန်တော့်ဘဝခရီးလဲ အေးချမ်းသာယာမယ့် နိမိတ်ဆောင်တယ်လို့ပဲ ယေဘုယျမှတ်ယူထားလိုက်ရပါတယ်။

စာဖတ်သူများ ဗဟုသုတအဖြစ် မြင်ဖူးတယ်ရှိအောင် ငှက်ပျောအမြုတေ ဖားပျံကလေးကို ဓာတ်ပုံရိုက်ပြလိုက်ရပါတယ်။

**မောင်ထွေးဦး**
**(ရန်ကုန်တက္ကသိုလ်)**



www.burmeseclassic.com

www.burmeseclassic.com



၂၀၀၈ ခုနှစ်၊ ဧပြီလကုန်ပိုင်းရက်က မရောက်ဖြစ်ခဲ့တာ ကြာပြီဖြစ်သော သူငယ်ချင်း ဖိုးချို၏အိမ်သို့ ရောက်ရှိခဲ့သည်။

ဖိုးချိုက ပန်းတောကြီးကျေးရွာတွင် နေထိုင်ပြီး စာရေးသူနှင့် အလွန်ပင် ရင်းနှီးခင်မင်ခဲ့သော ကျောင်းနေဖက် သူငယ်ချင်း ဖြစ်လေသည်။ ၁၉၉၆ ခုနှစ် တက္ကသိုလ်ဝင်တန်း အောင်ပြီး ကတည်းက သိပ်မတွေ့ဖြစ်ခဲ့ကြပေ။ သူတို့အိမ် မရောက်ဖြစ်ခဲ့တာကြာပြီမို့ သူ့အိမ်တွင် ပြောင်းလဲမှုများ ရှိခဲ့သည်ကို မသိခဲ့ရပေ။

ယခု ရောက်ရှိခဲ့ရာတွင် စာရေးသူနှင့်အတူ စာရေးသူတို့ ကျေးရွာမှ ကျော်ကျော်လှိုင်၊ ဆူးပုတ်ကုန်းရွာမှ ကိုခင်မောင်ဦး၊ မြေနီတော်ဒွင်ရွာမှ မောင်ဇော်တို့လည်း ပါခဲ့သည်။

ကိုခင်မောင်ဦးက စာရေးသူ၊ ဖိုးချိုတို့နှင့် ကျောင်းနေဖက်တွေပါ။ သူကတော့ ဖိုးချိုတို့အိမ်ကို စာရေးသူထက် အရောက်များခဲ့သဖြင့် ထိုအိမ်မှ အကြောင်းအရာ အတော်များများကို စာရေးသူထက် ပိုသိနေလေသည်။

ကိုခင်မောင်ဦးက ဖိုးချိုတို့အိမ် ရောက်လျှင် ရောက်ချင်းပဲ...

'ဖိုးချိုရေ မင်းရဲ့ကျားနှစ်ကောင်ကို မတွေ့တော့ပါလားကွ။ ဘယ်ရောက်သွားပြီလဲ'

ဟု မေးသဖြင့် စာရေးသူမှာ ကြောင်စီစီ ဖြစ်သွားရသည်။ ထို့ကြောင့်...

အောင်ဝေကျော်သူ
(ရိုးမဒေမြ)

အသားစားလိုသော

# ဂျိုရ ကျားနှစ်ကောင်

F.29A. July, 2014.



www.burmeseclassic.com

www.burmeseclassic.com



'မင်းတို့ပြောတာ ဘာကျားလဲကွ။ ဖိုးချို မင်းမွေးထားတာလား'

ဟု ဖြတ်ပြီး မေးလိုက်မိသည်။

ဖိုးချို မဖြေရသေးခင်မှာပင် ကိုခင်မောင်ဦးမှ...

'ဖိုးချိုရဲ့ အိမ်ရှေ့မှာ မွေးထားတဲ့ ကျားနှစ်ကောင်ကို ပြောတာ။ အဲဒီအကြောင်းကို မင်း စာရေးပါလား။ ဖိုးချိုကို အသေအချာ ပြောပြခိုင်းပေါ့။ မင်းအတွက် စာတစ်ပုဒ်တော့ ရမှာ သေချာတယ်'

ဟု ပြောသဖြင့် စာရေးသူလည်း သူတို့ပြောသော ကျားနှစ်ကောင်အကြောင်းကို စိတ်ဝင်စားမိလေသည်။

ထိုနေ့က စာရေးသူတို့အဖွဲ့မှာ တခြားအရေးကြီးသော ကိစ္စတစ်ခုအတွက် ပန်းတောကြီးကျေးရွာသို့ သွားကြရခြင်းဖြစ်ရာ အေးအေးဆေးဆေး စကားပြောချိန်မရသဖြင့် ကျားနှစ်ကောင်အကြောင်း စကားစပြတ်ခဲ့ရသည်။ ဖိုးချိုက...

'မင်းတို့အပြန် ငါ့ဆီဝင်ခဲ့ဦး။ မင်းသိချင်တဲ့အကြောင်း ငါ အပြည့်အစုံ ပြောပြမယ်'

ဟု မှာလိုက်သဖြင့် အပြန်တွင် ဝင်ရောက်ခဲ့သော်လည်း သူက အလုပ်ရှိ၍ သွားသဖြင့် မတွေ့ခဲ့ရတော့ပေ။

ဤသို့ဖြင့် ကျားနှစ်ကောင်အကြောင်း မသိဖြစ်ခဲ့ရတော့ စာရေးသူမှာ စိတ်ထဲ တအုံနွေးနွေး ဖြစ်ခဲ့ရသည်။ သိချင်စိတ် ပိုမိုပြင်းပြခဲ့ရသည်။ အလုပ်အားရက်တွင် သွားရောက် မေးမြန်းလိုသော်လည်း အလုပ်မအား၍ မသွားဖြစ်ခဲ့ပေ။

၂၀၀၉ ခုနှစ်၊ ဩဂုတ်လ (၁၂)ရက်နေ့တွင် ဇီးတောကျေးရွာသို့ သွားရင်းမှ ဖိုးချိုတို့အိမ်သို့ ဝင်ရောက်ဖြစ်ခဲ့သည်။

ထိုနေ့တွင်တော့ သိလိုသော အကြောင်းအရာတို့ကို အမိအရ မေးမြန်း မှတ်သားခဲ့တော့သည်။ ဖိုးချိုက သူ့အိမ်ရှေ့မှ ကျားနှစ်ကောင်ကိစ္စနှင့် ပတ်သက်၍ အစမှ အဆုံးတိုင် ဂဃနဏ ပြောပြခဲ့လေတော့သည်။

'ဖိုးကျော်ရေ မင်းက စာတွေ ရေးနေတာဆိုတော့ ဒီအကြောင်းကို မင်းသိအောင် ငါကလဲ ပြောပြချင်နေတာ။ မောင်ဦးပြောပြလို့သာ မင်း စာရေးတယ်ဆိုတာ သိရတာ။ ငါ့ရဲ့ကျားကိစ္စကို မင်းသာ သိရင် စာရေးမှာပဲလို့လဲ သူက ပြောသေးတယ်။

သူ အဲဒီလိုပြောကတည်းက မင်းကို ဒီအကြောင်းပြောပြဖို့ စိတ်ကူးပြီးသားပါ။ ခက်တာက တို့နှစ်ယောက်က သိပ်မတွေ့ဖြစ်ခဲ့ဘူးလေ။ အခုတော့ ပြောခွင့်ကြုံပြီပေါ့။ မင်းကလဲ ဒီအကြောင်း စိတ်ဝင်စားတယ်ဆိုတော့ ငါ့လူ စာထဲထည့်မှ ရေးပါ့မလားမသိဘူး'

'ရေးပါ့မယ် ဆရာရယ်။ ကဲ ပြောမှာသာ ပြောပါတော့'

စာရေးသူက ထိုသို့ပြောလိုက်တော့မှ သူ၏ကျားနိဒါန်းကို စခဲ့ပါလေတော့သည်။

* * *

ပန်းတောကြီးကျေးရွာတွင် နေထိုင်သော ဦးကြည်နှင့်ဖိုးချို သားအ[...] နှစ်ယောက်မှာ စီးပွားရေး အ[...] အသင့် ပြေလည်ခဲ့ကြသည်။ ၁၉၉၁-၉၆ ပညာသင်နှစ်တွင် ဖိုးချို တက္ကသို[...] ဝင်တန်းတက်ပြီး ထိုနှစ်တွင် စာမေ[...] ကျခဲ့သဖြင့် ကျောင်းဆက် မတ[...] တော့ဘဲ ဈေးဆိုင်တည်ကာ ကုန်[...] ရောင်းချခဲ့လေသည်။

သူတို့သားအဖမှာ ဆိုင်လုပ်ငန်း[...] အကျိုးပေးသည်ဟု ဆိုရပေ[...] လက်လီလက်ကား ရောင်း[...] အလွန်အားကောင်းခဲ့လေသည်။ သူ[...] နှင့်အပြိုင် ဈေးဆိုင်တွေ ရှိသော်[...] သူတို့ဆိုင်လောက် ရောင်း[...] မကောင်းခဲ့ပေ။ ထို့ကြောင့် သူ[...] သားအဖ၏ စီးပွားရေးမှာ တစ်[...] တခြား ပိုမို တိုးတက်လာခဲ့[...] သည်။

တစ်နေ့တွင် နတ္တမင်းကုန်း[...] မှ ဦးကြည်၏ သူငယ်ချင်း[...] သူတို့အိမ်သို့ အလည်ရောက်ရှိလာ[...] သူငယ်ချင်းနှစ်ယောက် စကားလ[...] ကျရင်းမှ သားရေးသမီးရေး [...] ဆွေးနွေးဖြစ်ခဲ့ကြသည်။ သို့ဖြင့် [...] တစ်ယောက် နတ္တမင်းကုန်းရွာသ[...] အိမ်ထောင်ကျခဲ့လေသည်။

သူတို့ဇနီးမောင်နှံ၍ သားဦးက[...] မွေးဖွားပြီးသည့်နောက်ပိုင်း[...]





www.burmeseclassic.com

www.burmeseclassic.com

လေး၏ ကျန်းမာရေး ချို့ယွင်းမှုကြောင့် စီးပွားရေး ပြန်လည် ကျဆင်းသွားခဲ့ရလေသည်။ ဖိုးချို၏ ကုန်စုံဆိုင်လေးလည်း ပြုတ်ခဲ့ရသည်။ ဖိုးချိုကိုယ်တိုင်လည်း တစ်ခါမှ မလုပ်ခဲ့ဖူးသော အလုပ်ကြမ်းမျိုးစုံကို လုပ်ကိုင်ခဲ့ရသည်။ စီးပွားရေးကတော့ တက်မလာခဲ့။

စီးပွားရေး ပြန်လည် တိုးပွားလာအောင် ကြိုးစားရုန်းကန်ရင်းမှ ဒုတိယ သမီးလေးတစ်ယောက် မွေးဖွားခဲ့ပြန်သည်။ ဖိုးချိုမှာ သူ့မိသားစုတွင် နောက်ထပ် ပါးစပ်တစ်ပေါက် တိုးလာခဲ့ပြန်ပြီမို့ အရင်ကထက် အလုပ်ကို ပို၍ ကြိုးစားရပြန်သည်။ မည်မျှပင် ကြိုးစားရုန်းကန်ခဲ့သော်လည်း စားဝတ်နေရေး အလျဉ်မီအောင် ထိန်းထားနိုင်ရုံသာ ရှိခဲ့သည်။

တစ်နေ့တွင် သူ့ယောက္ခမဖြစ်သူနှင့်အတူ ပဲကုန်သည်တစ်ဦး သူတို့အိမ်သို့ ရောက်ရှိလာခဲ့သည်။ ထို ပဲကုန်သည်က အိမ်ခြံဝင်းအတွင်း ဝင်လာကတည်းက အိမ်တည်ဆောက်ပုံနှင့် ရွာလမ်း အခြေအနေတို့ကို အသေအချာ ကြည့်ရှုနေသည်ကို တွေ့ရလေသည်။

ပဲကုန်သည်က ဖိုးချိုအား သူတို့ရွာ အနီးတစ်ဝိုက်မှ ထွက်ရှိသမျှ ပဲများကို ဒိုင်ခံဝယ်ပေးရန် အကူအညီတောင်းခဲ့သည်။ ပြီးလျှင် ဦးကြည်ကိုပါ ခေါ်၍...

'ခင်ဗျားတို့အိမ်က လမ်းဆုံလမ်းခွ လမ်းသုံးခွ တည့်တည့်ကျပြီးတော့ လမ်းဦးတိုက်နေတယ်။ အဲဒါကြောင့် ဒီအိမ်သားတွေရဲ့ ကျန်းမာရေး စီးပွားရေး ထိခိုက်နေတာ။ အဲဒီအတိုက်အခိုက်တွေ ပျောက်ကင်းပြီး စီးပွားရေး လာဘ်လာဘ ကောင်းမွန်လာအောင် ကျားမွေးဗျာ'

ဟု တိုက်တွန်းလာလေသည်။

ဖိုးချိုက ကျားမွေးပုံ မွေးနည်း ရှင်းပြ



ပေးရန် တောင်းဆိုမှုကြောင့် သူက...

'အိမ်ရှေ့ဝင်ပေါက်ရဲ့ တစ်ဖက်စီမှာ ခြေရင်းဘက်က ကျားအမ၊ ခေါင်းရင်းဘက်က ကျားအထီးဆိုပြီး ကျားနှစ်ကောင် မျက်နှာချင်းဆိုင် ချိတ်ဆွဲထားပါ။

အဲဒီလို ကျားမွေးပြီးတဲ့ အချိန်ကစပြီး ရတနာမြတ်သုံးပါးကို မမေ့မလျော့ဘဲ ကိုးကွယ်ဆည်းကပ်ပါ။ အိပ်ရာဝင် အိပ်ရာထ အချိန်တိုင်း သရဏဂုံပုတီး ကိုးပတ်စီ စိပ်ပါ။ အတိုက်အခိုက် ဆောအ္တရာယ်ဟူသမျှ ပြေပျောက်ပြီးတော့ ကျန်းမာရေး စီးပွားရေးတွေ တိုးတက်လာပါလိမ့်မယ်'

ထိုနေ့မှစ၍ စက္ကူကျားရုပ်နှစ်ရုပ်ကို အိမ်ရှေ့ဝင်ပေါက် တစ်ဖက်လျှင် တစ်ကောင် ချိတ်ဆွဲထားလေသည်။ ဖိုးချိုက အိပ်ရာဝင် အိပ်ရာထ အချိန်တိုင်း သရဏဂုံပုတီး (၉)ပတ် မပျက်မကွက် စိပ်သည်။ သူ့ဇနီးကလည်း ညဦးအချိန်နှင့် နံနက်အရုဏ်တက်အချိန်တို့တွင် ကျားနှစ်ကောင်ရှေ့၌ အမွှေးတိုင်များ နေ့စဉ် ထွန်းညှိပေးခဲ့သည်။

ဤသို့ဖြင့် ဖိုးချို၏ ပဲအရောင်းအဝယ်လုပ်ငန်းအပြင် ဇနီးလုပ်သူကလည်း ဈေးအတွင်း၌ ဈေးဆိုင်လေးဖွင့်ကာ ကုန်စိမ်းများ ရောင်းချခဲ့ရာ တစ်နေ့ထက် တစ်နေ့ အဆင်ပြေလာခဲ့လေသည်။ ယခင်ဈေးရောင်းခဲ့စဉ်က လက်ကျန်ကြွေးများကို ဆုံးပြီဟု ထင်ထားခဲ့ရာမှ ယခုတော့ ထိုကြွေးသမားများကိုယ်တိုင် လာရောက်ပေးဆပ်ခဲ့ကြသည်။

ထိုမျှမကသေး အဝေးတစ်နေရာ ရောက်နေသော အစ်ကိုဝမ်းကွဲတစ်ယောက်နှင့် ညီဝမ်းကွဲတစ်ယောက်ဆီမှလည်း ငွေကြေးများ ပြန်လည် ထောက်ပံ့ခဲ့ကြပြန်သည်။ သူ့သား၏ ကျန်းမာရေးမှာလည်း သိသိသာသာ ကောင်းမွန်သွားပြီမို့ ဘယ်ဆေးရုံ၊ ဆေးခန်းမှ မသွားကြရတော့ပေ။

ဟသ်ာတမြို့သို့ရောက်စဉ် ဈေးအတွင်း၌ သစ်သားကျားရုပ်ကလေးများ တွေ့၍ ဝယ်ယူလာခဲ့ပြီး စက္ကူကျားရုပ်များနေရာတွင် သစ်သားစင်ကလေးများ ပြုလုပ်ပြီး ကျားနှစ်ကောင်ကို မျက်နှာချင်းဆိုင်၍ တင်ထားလေသည်။

ပုတီးစိပ်ခြင်းနှင့် ကျားနှစ်ကောင်ရှေ့တွင် အမွှေးတိုင် ထွန်းခြင်းများကိုလည်း ပုံမှန် ပြုလုပ်ခဲ့ကြသည်။ သစ်သား ကျားရုပ်များ ထားရှိပြီး နောက်ပိုင်းတွင် မြင်မက်သမျှ အိပ်မက်များမှာ ရှေ့ပြေးနိမိတ် အိပ်မက်များချည်း ဖြစ်သည်ကို အံ့ဩဖွယ် ကြုံတွေ့ခဲ့ရသည်။ ***(အိပ်မက်များနှင့် ပတ်သက်၍ ဖော်ပြရန် မသင့်လျော်ပါသဖြင့် မဖော်ပြတော့ပါ။)***

ဤစာမူနှင့်ပတ်သက်၍ အဓိကကျသော အိပ်မက်ကိုတော့ဖြင့် ဖော်ပြမှသာလျှင် ပြည့်စုံပေလိမ့်မည်။ ထိုအိပ်မက်သည်ကား...

ဖိုးချိုသည် သူ့အိမ်ရှေ့တွင် သူ၏သား၊ သမီး၊ ကျားနှစ်ကောင် (အထီးတစ်ကောင်၊ အမတစ်ကောင်)တို့နှင့်အတူ ကစားနေကြလေသည်။ ထိုစဉ် ကျားနှစ်ကောင်မှ ဖိုးချိုအား လှကား

www.burmeseclassic.com

ပြောလာလေသည်။

'သခင်ရယ် ကျွန်တော်တို့ကို သခင့်အိမ်မှာ မွေးထားတာကြာလှပြီ။ သခင့်အိမ်ခြံအတွက် ကျွန်တော်တို့က စောင့်ရှောက်ပေးနေကြရတယ်။ ဒါပေမယ့် သခင်က ကျွန်တော်တို့ကို အခုချိန်ထိ ဘာအစာမှ မကျွေးဘူး။ ကျွန်တော်တို့ကို အသားတစ်ခုခုတော့ ကျွေးပါ'

ဟု ပြောဆိုလာလေသည်။ သူကတော့ ဘာစကားမှ ပြန်မပြောဘဲ ဝါးခြမ်းပြားတစ်ခုဖြင့် ကျားနှစ်ကောင်ကို ပုတ်ခတ်ကစား၍သာ နေခဲ့လေသည်။

ထိုအိပ်မက် မြင်မက်ပြီး နောက်နေ့ နံနက်တွင် ဖိုးချို၏ဇနီးက အမွေးတိုင်ထွန်းသောအခါ ကျားနှစ်ကောင်လုံး အိမ်ရှေ့ဘက်သို့ မျက်နှာလှည့်နေကြသည်ကို တွေ့ရလေသည်။ ညမအိပ်ခင်အချိန် အမွေးတိုင်ထွန်းစဉ်က ကျားနှစ်ကောင်မှာ မျက်နှာချင်းဆိုင်အတိုင်း ရှိနေပါလျက် ယခုအခါတွင် ဘေးချင်းယှဉ်လျက် အနေအထား ဖြစ်နေကြသည်မို့ တအံ့တသြ ဖြစ်ကြရသည်။

အိပ်မက်နှင့်ပတ်သက်မှု ရှိနိုင်သည်ဟုသာ တွေးထင်မိပြီး ကျားနှစ်ကောင်ကို မျက်နှာချင်းဆိုင် အနေအထားအတိုင်း ပြန်၍ ထားလိုက်လေသည်။

နောက်တစ်ညတွင်လည်း ယခင်အိပ်မက်ကိုပင် ထပ်မံ၍ မြင်မက်ပြန်ပါသည်။ ထိုအိပ်မက်တွင် ကျားနှစ်ကောင်မှ...

'ကျွန်တော်တို့ အသားစားချင်လို့ ကျွေးပါ သခင်ရယ်။ သခင့်အိမ်မှာ နွားတွေ မွေးထားတာ ရှိနေတာပဲ။ နွားတစ်ကောင်လောက်တော့ ကျွေးပါ'

ဟု တောင်းဆိုလာပြန်သည်။

ထိုအခါ ဖိုးချိုက...



'ငါ့မှာ ဒီနွားတွေနဲ့ပဲ လုပ်စားနေရတာ မင်းတို့ကို ကျွေးလို့ ဘယ်ဖြစ်ပါ့မလဲ။ တခြားအသားဆိုရင် ငါကျွေးမယ်'

'ဒါဆိုရင်လဲ သခင့်မှာ ဝက်နဲ့ခွေး တစ်ကောင်ရှိတာပဲ။ အဲဒီနှစ်ကောင်က တစ်ကောင်တော့ 'ကျွေးပါ'

'ကဲ မင်းတို့ ဒီလောက်စားချင် အားသန်နေရင် ဝက်ကိုတော့ မစားနဲ့။ ခွေးကတော့ မင်းတို့နှစ်ကောင် ရှိနေတဲ့အတွက် ငါ့အိမ်နဲ့ခြံအတွက် လုံခြုံမှု ရှိတယ်။ ခွေးကိုပဲ စားတော့ကွာ'

ဟု ခွင့်ပြုလိုက်သောအခါ ကျားနှစ်ကောင်မှာ ခွေးကို ခုန်အုပ်ကိုက်သတ်ကာ အလုအယက် စားသောက်ပစ်လိုက်လေတော့သည်။ ဖိုးချိုမှာ ခွေးအတွက် စိတ်မကောင်းဖြစ်စွာနှင့်ပင် ကျားနှစ်ကောင် စားနေသည်ကို ထိုင်ကြည့်နေမိလေတော့သည်။

*   *   *

'ကိုဖိုးချိုရေ ဒီမှာ တို့အိမ်ကခွေးကြီး သေနေတယ်။ ဘာဖြစ်တာလဲ မသိဘူး။ မနေ့က အကောင်းကြီးပါ။ ဆေးများ ပိသလား မသိဘူး။ သူနေမကောင်းရင်လဲ ခုချက်ချင်းတော့ မသေလောက်ပါဘူး။ အခုဟာက လောလောလတ်လတ်ကြီး သေနေတာ'

ဇနီးဖြစ်သူ၏ အော်ဟစ်ပြောဆို... ကြောင့် အိပ်ရာထက်မှ လူးလဲထ... အိမ်ရှေ့ဆီသို့ ကမန်းကတန်း ... ကြည့်လိုက်တော့ အိပ်မက်ထဲက ... နှစ်ကောင် ကိုက်သတ်စားခဲ့သော... နေရာတွင် ခွေးသေနေသည်ကို ... လိုက်ရလေသည်။

ခွေးအသေကောင်ကို ကြည့်ပြီး... နောက် ကျားနှစ်ကောင်ကို ပြန်လှည့်... ကြည့်လိုက်မိပြန်သည်။ ကျားနှစ်... ကောင်မှာ အိမ်ရှေ့ဘက်သို့ မျက်နှာ... လှည့်၍ ဘေးချင်းယှဉ်လျက် ရှိနေပြ... လေသည်။

'သေချာပြီ ငါခွင့်ပြုလိုက်လို့ ခွေး... ဒီကောင်တွေ စားတာ။ ဒီကောင်တွေ... ငါ့အိမ်မှာ ဆက်ထားရင် အိမ်မှာရှိ... တိရစ္ဆာန်တွေကို တစ်ကောင်ပြီးတစ်ကော... စားတော့မယ်။ တိရစ္ဆာန်တွေကုန်ရင် ငါ... နဲ့သမီး...'

ဆက်ပြီး မစဉ်းစားဝံ့တော့။ အိမ်ေ... သို့ ပြေးတက်ပြီး ဓားကို ယူ... ကျားနှစ်ကောင်အား အပိုင်းပိုင်း... အောင် ခုတ်ထစ် ခွဲစိတ်ပစ်လိုက်ပြီး... သကာလ မီးဖိုအတွင်း ပစ်ထည့်လိုက်... လေတော့သည်။

**ဤဖြစ်ရပ်တွင် ကျားနှစ်ကောင်က ခွေးကို အမှန်တကယ်စားခြင်း... ပေလော၊ အိပ်မက်,မက်ချိန်နှင့် ... သေချိန်မှာ အကြောင်းတိုက်ဆိုင်... ခြင်းပေလော ဆိုသည်ကို စာရေး... အနေဖြင့် အဖြေထုတ် မရနိုင်ခဲ့... ချေ။**

အလားတူဖြစ်ရပ်မျိုး ကြုံတွေ့... သူများ ရှိခဲ့ပါက နက္ခတ္တရောင်ခြည်... မဂ္ဂဇင်းမှတစ်ဆင့် ဖော်ပြပေးကြပါ... မေတ္တာရပ်ခံအပ်ပါသည်။

//အောင်ကျော်သူ(ရှိ...)//



www.burmeseclassic.com

www.burmeseclassic.com



# သိဒ္ဓိတန်ခိုး

မြေတိုလျှိုးလို့ မိုးတိုပုံ

ရွှေတောင်
ကြည်မောင်ဖြိုး



(ယခင်လမှ အဆက်)

အလင်းတန်းကလေးတစ်ခု ခွဆုံက နေ ထွက်နေတာ တွေ့ရတယ်။ ကညင်ပင်ကြီးရဲ့ သစ်ရွက်ခပ်စိပ်စိပ်တွေကြားက တိုးဝင်လာတဲ့ နေရောင်ခြည်က သစ်ပင်ခွဆုံ တည့်တည့်ကို ထိုးထားတယ်။ အဲဒီနေရာက ပြန်ထွက်လာတဲ့ အလင်းတန်းလေး။

တိုက်ဆိုင်လိုက်တာ။ သေသေချာချာကြည့်လိုက်တော့ အလုံးကလေး တစ်လုံး။ ရွေးကြီးစေ့ထက် နည်းနည်း ပဲကြီးမယ်။ ရွှေရောင် ဝင်းဖန့်နေတယ်။ ဖြူ၊ ရွှေ၊ နီ၊ ဝါ၊ စိမ်း၊ ပြာ၊ ညိုရောင်မှောင်တချို့ထွက် ကြိုးစုံယှက်နေတယ်။ အပေါ်ခုံး အောက်ခုံးကလေး မက်လောက်စရာလေး။

ရုပ်အဆင်းက တင့်တယ်ခြင်းနဲ့ အပြည့်။

ကိုတင့်ကတော့ ဘာသိမတုန်း။ ဘာဆို ဘာမှ မသိဘူး။ ဘာမှန်းကိုမသိတာ၊ ဒါပေမယ့် အဲဒါလေးကို သူ လိုချင်တယ်။ ခါးပိုက်ထောင်ထဲ ထည့်လိုက်တယ်။ ပုဆိုးစကိုလိပ်ပြီး ညှပ်လိုက်တယ်။ နိုင်မနိုင် စမ်းကြည့်သေးတယ်။

ပြီးတာနဲ့ ဝါးပင်အဖျားကို သပ်ပြီး တောက်လိုက်တယ်။ ဝါးပင်အဖျား ပြုတ်သွားတာနဲ့ ဝါးပင်က မြေပြင်ကို လျှောဆင်းသွားတယ်။

ကိုတင့် သစ်ပင်ကြီးပေါ်က ဆင်းတော့မယ်။ အတက်မှာ ဇောအရှိန်နဲ့ လွယ်သလောက် အဆင်းမှာတော့ ခက်ခက်ခဲခဲပဲ။ မနည်း တွယ်ဆင်းရတယ်။

မြေပြင်ရောက်တော့ ခါးပိုက်ထောင်ထဲက အလုံးကလေးကိုထုတ် ပုဆိုး အပိုတစ်ထည်ရဲ့ ထောင့်စွန်းလေးမှာ ထည့်လိပ်ပြီး အထုံးကလေး ထုံးလိုက်တယ်။

ရိုးမထဲက သစ်တွေ၊ ဝါးတွေခုတ်ပြီးကြတော့ ဝါးဖောင်ဖွဲ့ပြီး ဖိုးသာအောင်ချောင်းအတိုင်း စုန်ဆင်းလာကြတယ်။ ပေါင်းတည်က ဝါးဆိုင်မှာ ဝါးတွေရောင်း ငွေရပြီးတာနဲ့ အမေ မှာလိုက်တဲ့ပစ္စည်းလေးတွေ၊ စားဖို့သောက်ဖို့လေးတွေ ဈေးထဲမှာဝယ်ပြီး ကိုတင့် ရွာကို ပြန်တယ်။

အမေ့ဖို့ ပဒုမ္မာအင်္ကျီလေး တစ်ထည်စာ ပါလာတယ်။ ခြစ်ခြစ်ကုတ်ကုတ်၊ ကုတ်ကုတ်ကပ်ကပ်နဲ့ကို ဝယ်လာတာ။ ပိုတဲ့ငွေ အမေ့အပ်။ ပုဆိုးနဲ့ အထပ်ထပ် ထုပ်ထားတဲ့ အလုံးကလေးကို ထုတ်၊ ဘုရားစင်ပေါ်တင် ဆွမ်းတော်တင်တဲ့ သပိတ် အံဟောင်းကလေးတစ်လုံးနဲ့ ဖုံးပြီး အုပ်ထားလိုက်တယ်။ နင်နေငါသွားပဲ။

အလုံးကလေးကလဲ အလုံးကလေး အတိုင်း။ ကိုတင့်ကလဲ ကိုတင့်အတိုင်း။ ရိုးမတက်လိုက်၊ အိမ်ပြန်လိုက်။ အိမ်မှာ (၃)ရက်လောက် နားလိုက်၊ ရိုးမတက်လိုက်နဲ့ လုံးလည်လိုက်နေတယ်။

ရိုးမကို ဘယ်လောက်တက်တက်၊ ဝါးတွေ ဘယ်လောက်ခုတ်ခုတ် ဝါး



www.burmeseclassic.com

www.burmeseclassic.com

ဖောင်တွေ မျှောချင်တိုင်းမျှော၊ တစ်နေ့လုပ်မှ တစ်နေ့စား လက်လုပ်လက်စား။ တွက်ကြည့်… လက်ဖဝါး ခြေဖဝါးပဲ။

ငွေပိုငွေလျှံ တစ်ပြားမှ မရှိဘူး။ မတ်တတ်စာ ရှိပေမယ့် တုံးလုံးစာ မရှိဘူး။

ကိုတင့် တစ်သက်မမေ့တဲ့နေ့ တစ်နေ့။ အဲဒီနေ့မှာ ကိုတင့် သူ့အလုံးကလေးကို သတိရတယ်။ သပိတ်အပေါင်းကလေးကိုလှန် အလုံးကလေးကိုယူ ညာလက်ဖဝါးပေါ်တင် ကပ်ကြည့်လိုက်၊ ခွာကြည့်လိုက်၊ နေရောင်အောက်မှာ ထားကြည့်လိုက်၊ အပေါ်ကကြည့်လိုက်၊ ဘေးကကြည့်လိုက်၊ စောင်းကြည့်လိုက်နဲ့ ကြည့်လို့ကိုပဲ ကိုတင့်မှာ အားမရနိုင်ဘူး။ ဖိတ်ဖိတ်တောက် ရောင်စုံယှက်နေတဲ့ အလုံးကလေး။

ကိုတင့်က လက်သီးဆုပ်လိုက်၊ လက်ဝါးဖြန့်လိုက် အလုံးကလေး သူ့ခမျာ အလိုက်သင့် နေရရှာတယ်။ ခန္တီစ ပြည့်စုံနေတယ်။

ကိုတင့် အဲသလို ကြည်နူးနေတဲ့ အချိန် သူ့အမေက သူ့ကို မေးတယ်။

‘သားလေး မင့်မှာ ကပ်ထားတဲ့ ပိုက်ဆံလေးများ မရှိဘူးလား’

‘မရှိဘူး အမေ’

‘ဟဲ့ လူလေးရဲ့ တစ်မတ်လောက်ရယ်’

‘တစ်မတ်မပြောနဲ့အမေ တစ်ပဲတောင် မရှိဘူး’

ကဲ ကောင်းရော ကိုတင့်ရဲ့ အဖြေက…

‘လယ်ကြားငါးခူလေး စားချင်လို့ပါ သားရယ်’

ညည်းညည်းညူညူနဲ့ အဘွားကြီး အသံတိတ်သွားတယ်။ ကိုတင့် ဘယ်စိတ်ကောင်းမလဲ။ အမေတစ်ခု၊ သားတစ်ခုလေ။



‘အေးဗျာ တစ်မတ်မဟုတ်ဘူး အမေရဲ့၊ လိုချင်လိုက်တာ ငါးကျပ်လောက်’

တောက်ခေါက်ပြီး ခွေးခွေးမြည့်မြည့် အသံကြီးနဲ့ ကိုတင့် ပြောလိုက်တယ်။ ပြောပြောပြီးပြီးပဲ အလုံးကလေးကို သူ့နေရာသူ ပြန်ထားလိုက်တယ်။ ကိုတင့် သူ့မျက်စိ သူမယုံဘူး။ ရင်ထဲမှာ ကတုန်ကယင်နဲ့ နှလုံးခုန်သံက ဒိန်းခနဲ ဒိန်းခနဲ ကြားနေရတယ်။ မြင်ကွင်းက မဖြစ်နိုင်တဲ့ကိစ္စ။ ပြောရင် မယုံဘူး။

အလုံးကလေးထားတဲ့ နေရာမှာ ငါးကျပ်တန် အသစ်ကလေးတစ်ရွက်။ အပြန့်လိုက်ကလေး အစောင်းအရွဲ့ မရှိဘူး။ သတ္တိခဲ ကိုတင့် တော်တော်နဲ့ မယူဝံ့ဘူး။ ကြောက်သလိုလို၊ ရွံ့သလိုလို ဟိုလိုလို ဒီလိုလိုကြီး။ ခဏကြာမှ အသာကလေး လှမ်းဆွဲလိုက်တယ်။

‘အမေ ရော့ အမေလိုချင်တဲ့ ပိုက်ဆံ၊ တစ်မတ်မဟုတ်ဘူး ငါးကျပ်’

အားရဝမ်းသာ ပြောချလိုက်ပြီး လှမ်းပေးလိုက်တယ်။

‘အဲဒါကြောင့် ငါ မပြောလား၊ ငါ့သားမှာ ကပ်ထားတာ ရှိပါတယ်လို့’

ညအိပ်ရာဝင်တော့ ကိုတင့် စဉ်းစားတယ်။ အပြန်ပြန်အလှန်လှန်ပါ။ အလုံးကလေးကို စ,တွေ့တဲ့အချိန်ကနေ ငွေငါးကျပ်ရတဲ့အထိ။ တွေးရင်းတွေးရင်း သဘောပေါက်လာတယ်။ ဟုတ်ပြီ။ ဖြစ်နိုင်တယ်။ အလုံးကလေးကြောင့် ငွေငါးကျပ်ဖြစ်လာတာပဲ။

ဓာတ်လုံးကလေး…

နောက်နေ့မနက် အိပ်ရာကနိုးတော့ ကိုတင့်ကစမ်းတယ်။ ဓာတ်လုံးကလေးကို…ကိုင် “ငွေတစ်ဆယ် ရချင်လိုက်တာ” တဲ့။

ကြည့်လိုက်တော့ မနေ့က ငါးကျပ်တန်လေးနေရာမှာ တစ်ဆယ်တန်လေး အသစ်ချပ်ချွတ်ကလေး ထောင်မလဲ သဲကော်လေး။

ကိုတင့် ရိုးမကို မတက်တော့ဘူး။ ဝါးမခုတ်တော့ဘူး။ ဖောင်မဖွဲ့တော့ဘူး။ ပုတီးတစ်ကုံးကို လည်မှာဆွဲပြီး ဘုရားခန်းထဲကကို မထွက်တော့ဘူး။ အဲဒီလို။

အပြောအဆိုတွေပြောင်း။ အနေအထိုင်တွေပြောင်း။ အသွားအလာတွေ ပြောင်း… ပြောင်း… ပြောင်းလာလိုက်တာ ကိုတင့်လေ။

ကိုတင့်အမေလဲ ဘုရားသွားလိုက်၊ ကျောင်းသွားလိုက်နဲ့ လက်ဆယ်ချောင်း တစ်ချောင်းမှ မချီးရတော့ဘူး။ အခိုင်းနဲ့၊ အစေနဲ့၊ လုပ်ကိုင်ပေးမယ့်သူတွေ တစ်ပုံတစ်ပင်ကြီးနဲ့ ခမ်းနားကြီးကျယ်လာတယ်။

တစ်မဟုတ်ချင်း ပြောင်းလဲသွားတဲ့ အခြေအနေကို တစ်ရွာလုံးက အံ့ဩကြတယ်။ ပြောကြ၊ ဆိုကြ၊ မေးမြန်းကြနဲ့။ ဘယ်အဖြေရမတုန်း။ တတိုင်းရင်းရှာ ဘယ်သူမှ မသိကြလို့သာ။

အိမ်မှာ ကိုးကွယ်ထားတဲ့ ရုပ်ဆင်းတုတော်ကို ရှိခိုးဦးချနေတော့



www.burmeseclassic.com

www.burmeseclassic.com

ရတာ အားမလိုအားမရ ဖြစ်လာတယ်။ ကိုတင့် ဖူးမြော်လို့မဝ ဖြစ်လာတယ်။ သူကြားဖူးတဲ့ ဘုရားတွေကို သွားပြီး ဖူးမြော်ချင်လာတယ်။

ဘုရားစေတီပေါင်းစုံကို ဖူးမြော်ချင်လာတယ်။

တစ်ညမှာတော့ ဘုရားရှိခိုး မေတ္တာပို့ အမျှအတန်းတွေ ဝေအပြီး မန္တလေးကဘုရားကြီး မဟာမြတ်မုနိကို ရှိခိုးဦးချကန်တော့ချင်လာတယ်။

ဓာတ်လုံးလေးကို ပါးစပ်ထဲငုံထည့်ပြီး တ,လိုက်တာ လက်ဖျောက်တစ်ဖျစ် အတောအတွင်း တစ်ခါတည်း ရောက်သွားတယ်။ မျက်စိဖွင့်ကြည့်လိုက်တော့ ဟုတ်ပါ့ဗျာ မဟာမြတ်မုနိဘုရားကြီး ပရိဝုဏ် လူပြတ်တဲ့ နေရာလေးမှာ ထိုင်လျက်ကလေး။ ထိုင်ရာမထ တစ်ခဏနဲ့ တတဲ့နေရာ ရောက်ရလေပြီကော။

ဘယ်သူမှ သူ့ကို မမြင်ဘူး။ ဘယ်သူမှ မသိလိုက်ဘူး။ အဟောဝတကောင်းလေစွ။

ဘုရားဖူးပရိသတ်နဲ့ ရောယောင်လိုက်သွားပြီး ဘုရားကြီးကို ဖူးတယ်။ တဝကြီးဖူးတယ်။ တစ်ခါမှ မရောက်ဘူးတော့ ထူးနေတယ်။ ကိုတင့် မြင်သမျှ အသစ်အဆန်းချည်းပဲ။ အံ့သြကုန်နိုင်ဖွယ် ဖြစ်နေတယ်။

ဘုရားကြီးကို ဝအောင် ဖူးပြီးတော့ ကိုတင့် အိမ်ကိုပြန်တယ်။

အဲဒါလဲ တလိုက်ရုံပါပဲ။

နောက်ညတွေ နောက်ညတွေ ညတိုင်း ညတိုင်း ဘုရားတစ်ဆူပြီး တစ်ဆူ ကိုတင့် ဖူးတော်မူတယ်။ ဒုတိယဖူးတာက ကျိုက်ထီးရိုး စေတီတော်၊ တတိယဖူးတာက ရွှေတိဂုံစေတီတော်၊ မကွေးမြသလွန်၊ မင်းဘူးရွှေစက်တော်၊ အလောင်းတော်



ကဿပ။

ပြည်ရွှေဆံတော်၊ ရွှေတောင်ကရွှေနတ်တောင်စေတီတော် သူ ကြားဖူးနားဝ သိထားသမျှ စေတီတော်တွေကို ကိုတင့်က တစ်ဆူပြီးတစ်ဆူ ဖူးမြော်တော်မူတယ်။ အများကြီးမှ အများကြီး။

အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် သုံးရပ်သော ပြုခဲ့သမျှ ကုသိုလ်ကံ အဟုန်ကြောင့် လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံ ဘုံ(၃၁)မှာ သတ္တဝါတွေ ဖြစ်လာကြတယ်။ အတိတ်က ပြုခဲ့သမျှ ပစ္စုပ္ပန်မှာ စံစားကြရတယ်။ ဘုရားဟော ကျမ်းဂန်ပါဠိလာရှိတာနဲ့အညီ...

ကိုတင့်လဲ အဲဒီလိုပဲ ထင်ပါရဲ့။

ဖြစ်ပြီးရင် ပျက်မယ်။ ပကတိသဘာဝအခြေအနေ ပျက်ဖို့ ဖြစ်လာကြတာပဲ။ ဖြစ်ပျက်နှစ်လုံးက ဘဝမဆုံးအောင် သံသရာလည်နေတာပဲ။ မသိကြလို့သာ သိကြရင်ဖြင့်...

အာရုံပြုက တစ်ခဏနဲ့ ရောက်ရတဲ့ ကိုတင့် တစ်နေ့တော့ သူ့ခေါင်းထဲ အကြံတစ်ခု ဝင်လာတယ်။ အကြံကြီးတယ်။ ဆင်ကြီး...

မြေလှူးလို့ မိုးပျံတယ်ဆိုတာ ကိုတင့် ကြားဖူးတယ်။

မြေကို ဘယ်လိုလှူးလို့ မိုးကို ဘယ်လိုပျံတယ်ဆိုတာ သိချင်လာတယ်။ လက်တွေ့ မျက်တွေ့ စမ်းချင်လာတယ်။ အဲဒီမှာ အဲဒီအတွေးကို အပိုင်ကြံလိုက်တယ်။ တိုင်ပေါ် အလံစိုက်တော့မယ်။

ညတစ်ည ည(၉)နာရီလောက် ရွာကလေးဆိုတော့ လူသွားလူလာ ကျဲသွားပြီ။ လူခြေတိတ်ချိန်။ ကိုတင့် အိမ်ပေါ်ကဆင်းပြီး အိမ်ရှေ့က လမ်းမကို သွားတယ်။ လမ်းမအလယ်ကို ရောက်တော့...

'မြေကိုလှူးလို့ ရွှေတိဂုံဘုရားကို ဖူးပါရစေ'

တဲ့။

ငြိမ့်ခနဲ တစ်ချက်ဖြစ်သွားပြီး ရွှေတိဂုံစေတီတော်ကြီးရဲ့ စနေထောင့် အစွန်းကလေးမှာ တစ်ယောက်တည်း။

အစွမ်းသတ္တိကို သိလိုက်ရတဲ့ ကိုတင့် ပီတိတွေ ဖြာဝေသွားတယ်။ ပြုဖွယ်ကိစ္စမှန်သမျှ ပြုမူနေကျအတိုင်း ရွှေတိဂုံစေတီတော်ကြီးကို ရှိခိုးလို့၊ ကန်တော့လို့၊ ဖူးမြော်လို့ ထိုင်ရာမထ အားရအောင် ကြည်ညိုပြီးတော့မှ အပြန်ခရီးကို ကိုတင့် စ,တယ်။

လာရာလမ်း စနေထောင့်ကို ပြန်သွားတယ်။ ရောက်တာနဲ့ ကိုတင့် စမ်းပြန်ပါပြီ။

'မိုးပေါ်ကနေ အိမ်ပြန်ရောက်ပါစေ'

ကိုတင့်တစ်ကိုယ်လုံး အပေါ်ကို ကြွတက်သလို ခံစားရပြီး မကြာပါဘူး သူ့ရွာ ရောက်ပြီ။

စိတ်အကြံထင်တိုင်း တလိုက်မြေကိုလှူးလိုက်၊ မိုးကိုပျံလိုက်နဲ့ မကြာခင် နေ့တစ်နေ့မှာတော့ ကိုတင့် ဝိဇ္ဇာတွေကို တွေ့ချင်လာတယ်။ ဝိဇ္ဇာတွေရဲ့ဘဝကို သိချင်လာတယ်။

ဘာကြာလိုက်မလဲ တန်ခူးလ ရက်မစုံတဲ့ လကွယ်ည။ လပြည့်ကျော်



www.burmeseclassic.com

www.burmeseclassic.com

(၁၄)ရက်ည။

'ဝိဇ္ဇာတို့ရဲ့ တိုင်းပြည်ကို မြေလျှိုးလို့ ရောက်ပါစေ'

လို့ ကိုတင့် တလိုက်တယ်။ တမ်းတမ်းတစ တလိုက်တာ။

တတဲ့ဆု ပြည့်ပါ့ဗျား။ တောင်းတဲ့ဆု ပြည့်ပါ့ဗျား။

ဒူးတုပ်လျက် သွားပေါ်တယ်။ ခါတိုင်းနဲ့ မတူဘူး။ လက်အုပ်ကလေးကလဲ ချီလို့ မဝံ့မရဲနဲ့ ကြည့်လိုက်တော့...

ကိုတင့်ရှေ့မှာ ပိတ်ဖြူဝတ် ဝိဇ္ဇာကြီးတွေ၊ ယောဂီဝတ် ဝိဇ္ဇာကြီးတွေ စင်မြင့်ပေါ်မှာ ထိုင်နေကြတယ်။ ခေါင်းရင်းဘက် တစ်ဆင့်မြင့်တဲ့ သံဃာစင်ပေါ်မှာတော့ ထွက်ရပ်ပေါက် ဆရာတော်ကြီးများကို ဖူးတွေ့ရတယ်။ ကိုရင်လေးတွေလဲ တွေ့ရတယ်။ ဦးပဥ္စင်းတွေလဲ ရှိတယ်။ ညဆိုပေမယ့် နေ့လိုပဲ လင်းနေတယ်။ ကော်ဇောတွေလဲ အပြည့်ခင်းထားတယ်။

ထွက်ရပ်ပေါက် ဆရာတော်ကြီးများ၊ ဘိုးတော်ကြီးများ ဆိုင်ရာဆိုင်ရာ တာဝန်များကို ထမ်းဆောင်နေကြပုံပေါ်တယ်။ ဆေးကြိတ်နေတဲ့ ဝိဇ္ဇာများ၊ အင်းကစားနေတဲ့ ဝိဇ္ဇာများလဲ ရှိတယ်။ တချို့ကတော့ တရားရှုမှတ်နေကြတယ်။

တစ်ခဏအတွင်း လှုပ်လှုပ်ရှားရှား ဖြစ်သွားတယ်။ အလုပ်တာဝန် ကိုယ်စီရပ် အားလုံးရဲ့ မျက်လုံးအစုံက ကိုတင့်ကို စူးစူးစိုက်စိုက် ကြည့်ကြပြီး၊ တချို့က ကိုတင့်အနားကို ရောက်လာကြပြီး ဝိုင်းထားကြတယ်။ ဖိုးသူတော်ငယ်ငယ်လေးတွေလဲ ပါတယ်။

ကိုတင့်ရဲ့ ရှေ့တည့်တည့် စင်မြင့်ပေါ်မှာထိုင်နေတဲ့ ပိတ်ဖြူဝတ် ထွက်ရပ်ပေါက်ဝိဇ္ဇာကြီးက...

'အမောင်... အမောင် ဘယ်လမ်းနဲ့ လာခဲ့တာလဲ'

ကိုတင့်ကို တည့်တည့်ကြည့်ပြီး ချိုအေးညင်သာ မေးရှာတော်မူတယ်။

ကိုတင့် ဘယ်လမ်းကလာမှန်း ဘယ်သိပါ့မလဲ။ သူကိုယ်သူ ဘာမှန်း မသိဘူး။ ဘာမှကို မသိဘူး။ တစ်ခွန်းမှ မဟနိုင်ဘူး။

'အမောင် ငုံထားတာ ပြဒါးရှင်လုံး'

ဝိဇ္ဇာဝိုရ်ကြီးက အဲသလိုပဲ မိန့်လိုက်ပါရော့. ဘေးမှာဝိုင်းအုံနေတဲ့ ဝိဇ္ဇာတွေက ဝိုင်းပြီး လုကြတော့မယ်ပုံ ပေါ်လာတယ်။

ကိုတင့် အကြောက်လွန်စိတ်တွေ ဖောက်ပြီး၊ ကယောက်ကယက်တွေ ဖြစ်ပြီး မှုမမှန်တော့ဘူး။ ဒါနဲ့...

ရွှေတိဂုံစေတီတော်ကြီးကို ဖူးပါရစေလို့ ဆုတောင်းလိုက်တာ တစ်ခါတည်း ရွှေတိဂုံစေတီတော် စနေထောင့်ကို ရောက်သွားတယ်။

ချက်ချင်းပဲ ရဟန်းတော်နှစ်ပါးကလဲ ကိုတင့်ရှေ့မှာ ပေါ်လာတယ်။

တစ်ပါးက အရပ်ရှည်ရှည် အသားညိုညို၊ တစ်ပါးက အသားဖြူဖြူ အရပ်ပုပု။ အရပ်ရှည်ရှည် ရဟန်းတော်က...

'ဓာတ်လုံးပေး'

လို့ တောင်းတယ်။

ကြောက်နေတဲ့ ကိုတင့်က ဘယ်ပေးလိမ့်မတုန်း။ ဓာတ်လုံး ငုံထားတဲ့ ပါးစပ်ကို အတင်းစေ့ထားတယ်။ မျက်လုံးကို စုံမှိတ်ထားတယ်။

'အိမ်ကို ပြန်ရောက်ပါစေ'

လို့ တ,လိုက်တယ်။

ရွာကလေးက သူ့အိမ်ကို ရောက်ပြီ အထင်နဲ့ ကိုတင့် အားရပါးရ သူ့မျက်လုံးကို ဖွင့်ကြည့်လိုက်တော့...

တကယ့်ကိုပါပဲ။ ရပ်နေရာက တစ်ဖဝါးမှ မရွေ့ဘူး။

ရွှေတိဂုံစေတီတော်ကြီးရဲ့ ကုန်းတော်ပေါ် စနေထောင့် ရဟန်းတော်နှစ်ပါးရဲ့ ရှေ့မှာ ခြေအစုံ မြေမှာကပ်ပြီး တောင့်တောင့်ကြီး ဖြစ်နေရှာတယ်။ မြေကိုလျှိုးဖို့ ဝေးစွ လှုပ်လို့တောင် မရဘူး။ ကောင်းကင်ပျံဖို့ နေနေသာသာ မြေကမွလာကတောင် ခြေအစုံ ခွာမရဘူး။

ကြောက်လဲ ကြောက်လှပြီ။ တုန်တောင်နေတယ်။

ဒါပေမယ့် ပြဒါးရှင်လုံးကိုတော့ မပေးဘူးပဲ။

'ဒကာ ဘုန်းကြီးကိုလှူပါ။ ဒကာ့ပစ္စည်း မဟုတ်ဘူး'

ရဟန်းတော် အရှင်မြတ်က နှုတ်တော်ဟလို့ ထပ်ပြီး အမိန့်ရှိပြန်တယ်။

ကိုတင့်ကတော့ မပေးဘူး။ မလှူဘူး။ ဘူးပေါင်းတစ်ရာနဲ့ စိတ်ကိုတင်းထားတယ်။ နည်းနည်းလေးမှ စိတ်မပြောင်းဘူး။ ပါးစပ်ကို တင်းတင်းစေ့ထားတယ်။

ဒီတစ်ခါတော့ အသားဖြူဖြူ အရပ်ခပ်ပုပု ရဟန်းတော် အရှင်မြတ်က ညာလက်တော်ကို မြှောက်ပြီး လက်ဝါးကို ဖြန့်လိုက်တယ်။ အံ့သြစရာ။

ကိုတင့် ငုံထားတဲ့ ပြဒါးရှင်လုံးက သူ့ပါးစပ်ထဲက ခုန်ပျံထွက်ပြီး ရဟန်းတော် အရှင်မြတ်ရဲ့ ညာလက်ဖဝါးပေါ် တက်သွားတယ်။

ပြဒါးရှင်လုံးလဲ လက်ထဲရောက် ရဟန်းတော်နှစ်ပါးလဲ ပျောက်သွားတော့တယ်။

ပြဒါးရှင်လုံးရဲ့ သိဒ္ဓိတန်ခိုးနဲ့ မြေကို လျှိုးလို့ မိုးကိုပျံခဲ့တဲ့ ကိုတင့်...

**ရွှေတောင် ကြည်မောင်အေး**



www.burmeseclassic.com

www.burmeseclassic.com



# ရှေးဟောင်း ထိုပ်ဂေကျကြီး

## နှင့် ထူးဆန်းသော ဘုန်းတော်ကြီး

ဟသ်ာတ သန်းလှိုင်ကျော်
(ရွှေပန်းချီ)



စာရေးသူသည် ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ် ကျုံစလူငရုတ်ကောင်းကျေးရွာအုပ်စု မြစ်တန်းကျေးရွာသို့ အလုပ်ကိစ္စဖြင့် ရောက်ခဲ့ရသည်။

ထိုမြစ်တန်းရွာကြီးသည် အိမ်ခြေတစ်ရာကျော်ရှိပြီး မြစ်ချောင်းနံဘေးမှာ ရွာတည်ထားပြီး အိမ်ကြီးရခိုင်နှင့် နေနိုင်စားနိုင်ပြီး ဆန်စက်၊ သစ်စက်၊ စတိုးဆိုင်နှင့် အချို့ လျှပ်စစ်ပစ္စည်းအရောင်းဆိုင်လေးများ အချို့ပင်တွေ့ရှိခဲ့ရသည်။

လယ်မြေများကိုလည်း ပိုင်ဆိုင်ကြပြီး အုန်းခြံစိုက်လုပ်ငန်းများဖြင့် စီးပွားရေးကောင်းသော ရွာကြီးလည်းဖြစ်ပါသည်။

ထိုရွာကြီးတွင် စာရေးသူတို့ မြန်မာမှုအဖွဲ့သည်လည်း ထိုရွာအလှူရှင်များ၏ မုခ်ဦးတစ်ခုအား ပြုလုပ်ဆောင်ရွက်စဉ်ကာလ တစ်နေ့မှာ ရွာခံလူကြီး ကိုတင်အောင်ဆန်းနှင့် သိကျွမ်းခဲ့ရပါသည်။

ထို့ကြောင့်စာရေးသူမှ စာရေးဖို့ ကုန်ကြမ်းလေးများ ရလိုရငြား တီးခေါက်မေးမြန်းကြည့်ရာမှ ထိုထူးဆန်းသော ဖြစ်ရပ်မှန်ဇာတ်လမ်းလေးတစ်ပုဒ် ရခဲ့ပါသည်။ စာရေးသူမှ...

'လူပျိုကြီး ဒီစေတီတော်ကြီးက ဒီအနီးအနားမှာရှိတဲ့ စေတီတော်တွေထက် ဉာဏ်တော် ပိုမြင့်ပိုကြီးနေပါလား၊ ကြည့်လို့ဖူးလို့ မဝဘူးဗျာ။ လက်ရာက ရွှေတိဂုံစေတီတော်ကြီးပုံစံလိုလို ခပ်ဆင်ဆင်ပဲဗျ'

စာရေးသူ၏ စကားကြောင့် လူပျိုကြီးကိုတင်အောင်ဆန်း ပခုံးတစ်ဖက်





www.burmeseclassic.com

www.burmeseclassic.com

တွန့်ရင်း...

'အို...ဆရာသမားကလဲ ဒီစေတီတော်ကြီးက သမိုင်းဝင်စေတီတော်ကြီးလေ၊ ဟိုသံဆိုင်းဘုတ်မှာ ကြည့်ပါလား သမိုင်းဝင်ပြည်လုံးချမ်းသာ နန်းဦးဆုတောင်းပြည့် စေတီတော်မြတ်ကြီးလေဗျာ။

ဥဏှတော် ပေ(၇၀)ကျော်မှာရှိတယ်။ မူလ ရှေးဟောင်းမွန်ဘုရင်တွေ တည်ခဲ့တဲ့ အုတ်ပုံသာ ရှိခဲ့တဲ့စေတီကို ငုံပြီး တည်ခဲ့တာလို့ ရှေးလူကြီးတွေ ပြောကြတယ်ဗျ။

ဗညားဒလဘုရင် စစ်ပြေးရင်း ဒီနားမှာ ခိုနားရင်း ရွာကြီး တည်ခဲ့တယ်လို့ ပြောကြတာပဲ။

ပြီးတော့ ဘိုကလေးမြို့က သမိုင်းကြောင်းရေးတဲ့ ဆရာကြီးတစ်ယောက်တောင် လွန်ခဲ့တဲ့ ဆယ်နှစ်ဝန်းကျင်က ရေးခဲ့ဖူးတယ်ဗျာ။

ဘိုကလေးမြို့က တန်ခိုးကြီးဘုရား သမိုင်းဝင် အောင်စကြာစေတီတော်ကြီးရဲ့ ဘုရားဒကာ ရှေးဘုရင်များ အဆက်ဆက်က ကျွန်တော်တို့ မြစ်တန်းရွာက သမိုင်းဝင် နန်းဦးစေတီတော်ကြီးအထိ မှတ်တမ်းစာအုပ်ကြီး ရှိတယ်။

အဲဒီ မြို့က အသိတစ်ယောက် ငှားသွားတာ ပြန်တောင်းလို့ မရတော့ဘူး။ ထူးဆန်းတာ တစ်ခုကတော့ ဒီဘုရားကြီးရှေ့မှာ ကြာရေကန်ကြီး ရှိတယ်ဗျာ။ အဲဒီကြာကန်ကြီးကို ကန်ဆည် မြေတူးတုန်းက ရှေးဟောင်း လှေကြီးပဲ့ပိုင်းကို စတွေ့တာက သီရ တာပဲ'

'ဒါဆိုရင် လူပျိုကြီး သိရသလောက် ဒီရှေးဟောင်း လှေကြီးအကြောင်း ပြောပြပါလား၊ အဲဒီလှေကြီး တူးတုန်းက လူပျိုကြီး အသက် ဘယ်လောက်



ရှိလဲ'

'အင်း အဲဒီတုန်းက ကျွန်တော့်အသက်(၁၆)နှစ်လောက်ပဲ ရှိသေးတယ်။ တူးတဲ့သူက အခုအထိ ရှိသေးတယ်။ ရွာလယ်မှာနေတယ်။ ကိုသန်းထွန်းတဲ့'

စာရေးသူမှ...

'ဒါဆို အဲဒီ လှေတူးတုန်းကပါတဲ့ ဦးသန်းထွန်းနဲ့ တွေ့ချင်တယ်ဗျာ'

'ဒါဆိုလဲ သူ့ဆီသွားကြမယ်၊ ပိုစုံစုံလင်လင် သိရတာပေါ့'

သို့နှင့် စာရေးသူလည်း လွယ်အိတ်ထဲ မှတ်စုစာအုပ်နှင့် ဘောလ်ပင်ထည့်ရင်း သွားရောက်တွေ့ဆုံမေးမြန်းရင်း ထိုထူးဆန်းသော၊ ဂမ္ဘီရဆန်သော တိုက်လှေကြီးအကြောင်း ရေးသားခြင်း ပြုရပါသည်။

* * *

လွန်ခဲ့သော အနှစ် နှစ်ဆယ်ကျော် ဝန်းကျင်က ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်၊ ကျုံစလုငရုပ်ကောင်းကျေးရွာအုပ်စု မြစ်တန်းကျေးရွာအတွင်း တည်ထားကိုးကွယ်တော်မူသော ရှေးဟောင်းသမိုင်းဝင် ပြည်လုံးချမ်းသာ နန်းဦးဆုတောင်းပြည့် စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယ သီတင်းကျွတ်လဘုရားပွဲသို့ ရန်ကုန်မြို့မှ သက်တော်(၇၀)ကျော် ဘုန်းတော်ကြီးတစ်ပါး ကြွရောက်လာသည်။

ထိုဘုန်းတော်ကြီးသည် ဘုရားကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်တိုင်း တစ်နှစ်တစ်ခေါက် လာရောက်ပြီး ဆီမီးပန်းမ… များ လာရောက်ဆက်ကပ်လေ့ရှိသည်။

ဤနန်းဦးစေတီကြီးမှာ ပုတီးစိပ် တရားထိုင်ရင်း တစ်ပတ်ဆယ်ရက် နေထိုင်ပြီးမှ ရန်ကုန်မြို့သို့ ပြန်ကြွသွားလေ့ရှိသည်။

သုံး,လေးနှစ်အရောက်မှာ ရင်းနှီးသော ဒကာ,ဒကာမတို့အား...

'ငါ ဒီဘုရားကြီးရဲ့ အတိတ်သမိုင်းအဖြ… အဖျက်တွေကို စာပြုစုထားတယ်၊ တစ်နေ့တော့ စာအုပ်ကြီးတစ်အုပ် ဖြစ်လာမှ… ဖတ်ကြရမယ်။ လွမ်းစရာလဲ ကောင်းတယ်ကွယ်၊ သံဝေဂလဲ ရစရာပေါ့ကွယ်'

ဟု ဆွေးဆွေးမြည့်မြည့် ပြောလေ့ရှိသည်။

ထိုသို့ ပြောသွားပြီး ထိုမြစ်တန်းရွာကြီးသို့ မကြွလာတော့ဘဲ သုံးနှစ်လောက် အရောက်မှာ ထိုစေတီတော်ကြီး၏ တောင်ဘက် ပေ(၁၀၀)ကျော် အကွာမှာ ကြာအိုင်ကြီးမှာ နွေရာသီ… ခန်းသွားသည်။

သို့နှင့် ရွာမှ သောက်သုံးရေ အခက်အခဲကြောင့် ရပ်ရွာလူကြီးများနှင့် ထို… ရွာမှ ဩဇာရှိသော အဘ ဦးငွေသန်း အဘွား ဒေါ်ညိမ်းတို့မှ ဆော်ဩပြီး ကန်ကြီးကို မြေတူးမြေဆည်ကြသည်။

ထိုသို့ ဆယ်ယူရင်း မြေဝင်လေး… အရောက်မှာ ထူးဆန်းစွာ မှန်စီရွှေ… ကျွန်းလှေပဲ့ပိုင်းကြီးတစ်ခုအား တွေ့… သွားရာ ပဲ့ပိုင်းကြီးပေါ် ကျွန်းပြားတွင် လှပသော ကနုတ်ပန်းများ ထွင်း… ထားပြီး ပဲ့ကြီးအလယ်မှာ ရွှေ… ရွှေသားဖြင့် ထုလုပ်ထားသော ဝင်း… နေသော ဇော်ဂျီရုပ်တစ်ခု ကပ်ထား… သည်ကို တွေ့ရှိရသည်။

ဆက်လက်တူးဖော်ရာတွင် …ခေါင် မိုးသည်းထန်စွာ ရွာသွန်း…



www.burmeseclassic.com

www.burmeseclassic.com

လျှပ်စစ်မိုးကြိုးများ ကျယ်လောင်စွာ ကြားရသဖြင့် အတူးရပ်ထားစဉ် ရွာခံ မြေတူးသမားများဖြစ်သော ကိုသန်း ထွန်းမှ…

'ဦးလေးတို့ ဆက်မတူးရဲရင်နေ ကျွန်တော် ရသလောက် တူးသွားမယ်'

ဟု ပြောရင်း ဆက်လက်တူးဖော် ရာ ပွဲပိုင်းမှ ပေ(၃၀)အရောက်မှာ ကိုသန်းထွန်းမှ…

'ဟာ ဒီလှေကြီးက ဘယ်လောက် အရှည်ရှိမှန်း မသိဘူး။ အခု ပေ(၃၀) ကျော်နေပြီ လှေကြီးရဲ့ဝမ်းလယ်တောင် မရောက်သေးဘူး။ ဆက်တူးကြကွာ'

ဟု အားပေးရင်း ဆက်လက်တူး ဖော်ကြရာ ပေ(၅၀)ရောက်လာတာ တောင် လှေကြီး၏ ဦးပိုင်းကို မတွေ့ ရသေးပါ။

လှေကြီး၏ ဝမ်းပြက်သည့်ပင် (၅)ပေလောက် ရှိမည်ထင်သည်။ မြေ တူးသမား ကိုသန်းထွန်းတစ်ယောက် ထိုလှေပြက်ဝမ်းထဲ တုံးလုံးဆန့်ကြည့် တာတောင် အရပ်နှင့် သီသီကလေး လွတ်သည်။

လှေကြီးမှာ ကျွန်သားလှေကြီးဖြစ် ပြီး လှေဘေးဘက်မှာ ချြူးပန်း ကနုတ် ပန်းများ ထွင်းထားပြီး ရွှေချထားပါ သည်။ ထိုကနုတ်တွေကြားမှာ ရောင်စုံ ကျောက်စီခြယ်ထားသည်မှာ အင်မတန် လှပသဖြင့် ရွာနီးချုပ်စပ်မှ လာရောက် ကြည့်ရှုကြသဖြင့် ထိုသတင်းပျံ့သွား သည်။

သမိုင်းအရ မွန်ဘုရင် ဗညားဒလ၏ ရှေးဟောင်း တိုက်လှေကြီးတစ်စင်း ဖြစ်မည်ဟုလည်း အချို့က ဆိုပါသည်။ အံ့စီအရင်သဘောနှင့် ဆုတောင်းပြည့် နန်းဦးစေတီတော်ကြီးဘက် ဦးခိုက် မြှုပ်နှံထားသည်လားမသိဟု မဝေခွဲ နိုင်ကြသဖြင့် ရွာလူကြီးများမှ ဆက်



မတူးဖို့ရန် ဝိုင်းဝန်းပြောကြသည်။

အချို့ကလည်း ဆက်တူးဖော်စေ ချင်သည်။ ဆက်တူးဖော်ပါကလည်း စေတီကြီးအောက် လှေဦးကြီး ရောက် သွားပါက စေတီကြီး ပြိုကျမည် စိုးရိမ် ကြသူတချို့ကြောင့် ကိုသန်းထွန်းတို့ တူးဖော်ရေးအဖွဲ့က ဆက်မတူးကြ တော့ဘဲ တိုက်လှေကြီး၏ (၃)ပုံ(၁)ပုံ သာသာလောက်သာ တူးဖော်တွေ့ရှိ ရသဖြင့် ရရာဖြတ်တောက်ပြီး ယူကြ ပါသည်။

သမိုင်းမှတ်တမ်းအရ ထိုတိုက်လှေ ကြီး၏ လှေဦးပိုင်း ပြက်သည့်ပင် လူ ငါးဦး ထမင်းဝိုင်းထိုင်စား၍ ရသည်ဟု ဆိုပါသည်။

ထိုပေါ်နေသော လှေတော်ကြီး၏ နေရာအား မြေပြန်ဖို့ပစ်ကြသည်။ ထိုတန်ဖိုးမဖြတ်နိုင်သော သမိုင်းဝင် မှန်စီရွှေချ လှေတော်ကြီး ပကတိ အတိုင်း မရသည်မှာ သမိုင်းဆုံးရှုံးမှု တစ်ခုပါပေ။

ရှေးဟောင်းတိုက်လှေကြီး အပိုင်း အစ လှေနံကြီးအား နန်းဦးစေတီဝင်း အတွင်း စင်လုပ်၍ မှောက်ထားခဲ့ပါ သည်။ ထိုသတင်းကို ရန်ကုန်မြို့မှ ဘုန်းတော်ကြီး ကြားသိပါသည်။

သို့သော် လာရောက်ကြည့်ရှုတော် မမူသေး။ (၂)နှစ်လောက်ကြာမှ ထိုရွာသို့ လာရင်း မွန်ဘုရင်ဗညားဒလ ၏ တိုက်လှေကြီးအား ကြည့်ရှုသုံးသပ် ရင်း ရီဝေသော မျက်လုံးဖြင့် လွမ်းမော ဖွယ်အသံဖြင့်…

'အင်း ငါ အတိတ်က စီးခဲ့တဲ့ တိုက်လှေကြီးပါလားကွယ်'

ဟု ခွေးမြည့်စွာပြောရင်း တစ်ဆက် တည်းမှာပဲ ဘုန်းတော်ကြီးမှ…

'မင်းတို့ကို ငါ အတိတ်သမိုင်း တစ်စိတ် တစ်ဒေသကို ဒီလှေတော်ကြီး မတွေ့ခင် ကတည်းက ငါ ပြောခဲ့တယ်။ အခု ငါ အတိတ်က စီးခဲ့ဖူးတဲ့ ဒီတိုက်လှေကြီးကို တွေ့ရပြီဆိုတော့ ဒီလှေတော်ကြီးကို ငါ အလှူခံတယ်ကွယ်။ ဘဘုန်းကို လှူကြမှာ လား ဒကာတို့'

ဟု နွမ်းလျစွာ ပြောဆိုလာသဖြင့် ရွာသူရွာသားများမှလည်း မည်သူမှ မလွန်ဆန်နိုင်ကြဘဲ လှူလိုက်ကြပါ သည်။

'အေးကွယ် မင်းတို့ ဒီလိုလှူတဲ့ အတွက်လဲ ငါ့ဆန္ဒလဲ ပြည့်သလို ဘဘုန်းလဲ ဝမ်းသာပါတယ်။ ငါ အတိတ်ဘဝတုန်းက စီးခဲ့တဲ့ တိုက်လှေ မို့ အမှတ်တရ ရန်ကုန်မြို့ကို သယ်သွား ရတော့မယ်။ ဒကာ ဒကာမအားလုံးကို ဘဘုန်း ကျေးဇူး အထူးတင်ပါတယ် ကွယ်။

ကဲ ကဲ ရွာခံလူကြီးတွေနဲ့ ငါ့ရန်ကုန် ဒကာကြီးတွေက ဒီလှေတော်ကြီး အပိုင်းတွေယူဖို့ သယ်ဖို့ စီစဉ်စရာရှိတာ စီစဉ်ပြီး ကျန်ခဲ့ကြကွယ်။ ငါ ဒီနေ့ ရန်ကုန်ပြန်ပြီး ကျောင်းကစောင့်မယ်'

ဟု မိန့်ရင်း ထိုနေ့မှာပဲ ရန်ကုန်ကို ပြန်ကြွသွားတော့သည်။

' ဘုန်းတော်ကြီး ပြန်ကြွသည့်နေ့မှာ ပဲ ထိုလှေကြီးကို ရန်ကုန်မြို့သို့ သယ် လာပါသည်။ အဆင့်ဆင့်သယ်ရ၍

www.burmeseclassic.com

နောက်နေ့ နံနက် မလင်းတလင်းအချိန်တွင် ရန်ကုန်မြို့ ဘုန်းတော်ကြီး နေထိုင်ရာ ကျောင်းသို့ ရောက်ခဲ့ပါသည်။

ဘုန်းတော်ကြီးလည်း ဝမ်းသာအားရနှင့် ပြတင်းပေါက်တံခါးဖွင့်၍ ရွှေ့ကုလားထိုင်ကြီးပေါ် ထိုင်ရင်း မိမိကြိုတင် စီစဉ်ထားသော ကျောင်းရှေ့တွင် လှေထားဖို့ ပြုလုပ်ထားသော စင်ပေါ်မှ မွန်ဘုရင် ဗညားဒလ စီးခဲ့သော ရှေးဟောင်းတိုက်လှေကြီး အပိုင်းအစများအား ရီဝေသော မျက်လုံးများဖြင့် တစိမ့်စိမ့် ကြည့်ရှုနေသည်။

ထိုသို့ ကြည့်ရှုနေရင်း အတိတ်ကို လွမ်းမောဖွယ် မြင်ယောင်နေသည်လားမသိ။ သို့မဟုတ် ရောဂါအခံကြောင့်ပဲလားမသိ ထိုင်ရင်း ဘဝနတ်ထံ ထူးဆန်းစွာ ပျံတော်မူသွားခဲ့ပါသည်။

ထိုသတင်းကြောင့် မြစ်တန်းရွာမှ ဒကာ ဒကာမများမှလည်း အလွန်တရာ စိတ်ထိခိုက် ကြေကွဲခဲ့ရသည်။

ထိုတိုက်လှေကြီး ဆရာတော့်ကျောင်းအရောက်မှာ တိုက်တိုက်ဆိုင်ဆိုင် ဆရာတော်ကြီး ပျံလွန်တော်မူသွားခဲ့သောကြောင့် တချို့ ရိုးသားမသိသောသူများမှ လှေကြီးခိုက်သည်ဟု ပြောကြပါသည်။

သို့သော် ထိုတိုက်လှေကြီး၏ တစ်စိတ်တစ်ပိုင်း အတိတ်သမိုင်းကြောင်းကိုတော့ ပျံလွန်တော်မူသွားသော ဘုန်းတော်ကြီးမှ တစ်ပါး မည်သူမှ သိမှာ မဟုတ်တော့ပါ။

ဘုန်းတော်ကြီး ပျံလွန်တော်ပြီးမှ ရွာသားများ အိမ်တိုင်ထူရင်း အနီရောင်ကျောက်သားကို ထွင်းထုထားသော (၁)လက်မခွဲ နဂါးရုပ်တုများ၊ စဉ့်ခွက်များ၊ ရှေးဟောင်းအုတ်ခွက်များ၊ အိုးခြမ်းပဲ့များ တွေ့ရှိခဲ့သလို ရှေးဟောင်းဒင်္ဂါးများလည်း ရကြသူတို့ရှိသည်။ ထို့ပြင် ခံတပ်သဘော အုတ်ရိုးကြီးများလည်း မြေကြီးအောက်မှ တူးမိကြပါသည်။

အချို့ ရှေးဟောင်းကျွန်းတိုင်ငုတ်ကြီးများ မြေကြီးအောက် (၆)ပေ အနက်လောက်မှာ တွေ့ရှိကြသည်။ အောက်ခံမြေ ကျွံမကျသွားအောင် ထု(၆)လက်မ၊ အနံ(၁၈)လက်မ ကျွန်းသားပြားကြီးများကို မြေကျင်းထဲမှာ အပြားလိုက် လေးထောင့်တူးပြီး အလယ်တိုင်ပါအထိ ကျွန်းတိုင်အခံပြားပြုလုပ်ပြီး အပေါ်က ကျွန်းတိုင်လုံးကြီး တင်ထားသည်မှာ ယခုခေတ် အောက်ခံအာစီကျောက်လောင်းသလို ခေတ်ရှေ့ပြေးခဲ့သော ရှေးဗိသုကာ အတတ်ပညာပါပေ။

သုတေသီများ သွားရောက်လေ့လာသင့်သောနေရာ ဖြစ်သကဲ့သို့ ရှေးဟောင်းသမိုင်းဝင် ဆုတောင်းပြည့် နန်းဦးစေတီတော်မြတ်ကြီးနှင့် မြစ်တန်းရွာကြီးအား လေ့လာသမှု ပြုသင့်ပါကြောင်း ရေးသားတင်ပြလိုက်ပါသည်။

ထိုဘုန်းတော်ကြီး ပျံလွန်တော်မူသွားသည်မှာ **အနှစ် နှစ်ဆယ်ကျော်ခဲ့ပြီ** ဖြစ်ပါသည်။

**ထိုအဖြစ်အပျက်များကို ပြောပြသော မြစ်တန်းရွာမှ ဆရာ ဦးသန်းလေး၊ လူပျိုကြီး ကိုတင်အောင်ဆန်း၊ ကိုသန်းထွန်းတို့အား အထူးကျေးဇူးတင်လျက်...**

*အရာအားလုံး သည်းခံခြင်း စိတ်ထားဖြင့် အေးမြနိုင်ကြပါစေ။*

ဟသ်ာတ သန်းလှိုင်ကျော်
(ရွှေပန်းချီ)

# ဆေးမျိုး

ရေဖျဉ်း လေဖျဉ်း မှန်သမျှ မှုချ ပျောက်စေရမည်



သွေးဖျဉ်း၊ ရေဖျဉ်း၊ လေဖျဉ်း အစ ရှိသည်တို့ ဖြစ်လျှင် အများအားဖြင့်အသက် ဆုံးရှုံး ရသည်ချည်း ဖြစ်သည်။

ထိုသို့ ဖျဉ်းအကြောင်းကို စကားစပ်မိ၍ ပြောကြရာမှ **ကသာမြို့ ဇေယျာရောင် အနောက်ကုန်းတွင်နေသော ၂၀၀၀ပြည့်နှစ် တွေ့ချိန်က အသက် (၈၅)နှစ်အရွယ်ရှိ** အဘွားဆန်ဆိုသူက...

'ဖျဉ်းဆိုရင် ဘာဖျဉ်းပဲဖြစ်ဖြစ် သက်သာ ပျောက်ကင်းတဲ့ ဆေးနည်းရှိတယ်'

ဟု ပြောသည်။ ထိုအခါ စာရေးသူက...

'ဘာဆေးနည်းလဲ အဘွားဆန်ရဲ့ ပြောပြပါဦး'

ဟု မေးလိုက်ရာ အဘွားဆန်က အောက်ပါအတိုင်း ပြောပြပါသည်။

'ငါးပိရည်တို့ အငန်ချက်တို့နဲ့ မြှုပ်ပြီး စားရ... ဖူးတော်သိမ်ရွက်ကို သိတယ်မဟုတ်လား အဲ... အရွက်ကို ပြုတ်ပြီး အရည်ကို သောက်ရတယ်... ပြီးရင် ပြုတ်ဖတ်ကို ဆုံနဲ့ထည့်ထောင်း... ချက်တိုင်ပတ်လည်မှာအုံ၊ အဝတ်စည်းပြီးတော့ အိပ်။ တစ်ခါလုပ်ရုံနဲ့ သိသိသာသာ ပျော... သွားမယ်။ လေး၊ ငါးခါဆိုရင် သက်သာသွား... ကျုပ်တို့ငယ်ငယ်တုန်းကတော့ ဖူးတော်သိမ်... လို့ မခေါ်ဘူး။ ဖူးတော်သိမ်ရွက်လို့ ခေါ်တယ်... အခုနောက်ပိုင်းမှ ဖူးတော်သိမ်လို့ခေါ်ကြ...'

'အဘွားပြောပြတဲ့ ဆေးနည်းကို ကျွန်တော် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှာ ထည့်လိုက်မယ်နော်'

'မင်းဟာမင်း ဘာလုပ်လုပ်'

ဤဆေးနည်းကို နက္ခတ္တရောင်ခြည် မဂ္ဂဇင်းတွင် ဖော်ပြခွင့်ပေးသော **ကသာမြို့ ဇေယျာရောင် အနောက်ကုန်း... တစ်မြန်နှစ်က အသက် (၈၅)နှစ်အရွယ်ရှိ အဘွားဆန်အား** ကျေးဇူးအထူး... ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ကိုကိုခန့်ချော(ကသာမြေ)



www.burmeseclassic.com

www.burmeseclassic.com



ကာသ သင်းဇွဲ

တန်ဆောင်မုန်းလဆန်း ဆောင်းဝင်အချိန် ဖြစ်ပါသည်။ ဆောင်းဝင်စဖြစ်သော်လည်း ကချင်ပြည်နယ်အစစ်ကိုင်းတိုင်းအဆုံး အင်းတော်မြို့နယ် မော်လူးမြို့အနီး တောတွင်းဖြစ်သည့်အတွက် ချမ်းအေးနေပါပြီ။

စီပိန်းရွာ (မော်လူးမြို့အနီး)မှ

# ပဋ္ဌာန်းတရားနာလိုသော

လူတစ်ဦး

ဦးစောမောင်သည် နန့်ဒရန့်ချောင်း ခြေရှိ လယ်စောင့်တဲအတွင်း မီးဖို ဘေးရှိ မိမိလယ်ကွက်အပြင် တောင် လျက်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ညအိပ်မစောင့်လျှင် တောဝက်များလာပြီး ဖျက်ဆီးတတ်သဖြင့် ညအိပ်စောင့်ရခြင်း ဖြစ်သည်။ နန့်ဒရန့်ချောင်းကို အမှီပြု၍ တောင်ကြားအတွင်း လယ်လုပ်ကြသူ ငါးဦးရှိပြီး တစ်တဲနှင့် တစ်တဲ တစ်ခေါ်စာလောက် ဝေးပါသည်။

ဦးစောမောင်သည် မီးဖိုဘေးတွင် ကြိုးကျစ်နေစဉ် "ဗျို့ တဲရှင်တို့"ဟု ခေါ်သံကြားသဖြင့် "ဝူး"ဟု ထူးလိုက်ပါသည်။ ထိုစဉ် လူတစ်ယောက်သည် လွယ်အိတ်တစ်လုံးနှင့် တောခုတ်ဓားကို လွယ်လျက် ဒူးလေးကိုကိုင်ထားပြီး တဲအတွင်း ဝင်လာပါသည်။ ဘောင်းဘီစုတ်၊ အင်္ကျီစုတ်တို့ကိုလည်း ဝတ်ထားပါသည်။

'ကျုပ် တောဝက်တွေလိုက်ရင်း ဒီဘက်ရောက်လာတာပါ။ တောဝက်တွေလဲ ဒီနေ့ကျမှ တစ်ကောင်မှ မတွေ့ရဘူး။ အေးကလဲ အေးမို့ ဒီတစ်ညတော့ ဒီမှာပဲ အိပ်ခွင့်ပြုပါ။ မီးဖိုဘေးအိပ်ရရင် ရပါတယ်'

ဟု ထိုလူက ပြောပါသည်။ ဦးစောမောင်သည် ဝင်လာသူကို အကဲခတ်ကြည့်ရာ...

'ဒီလူကို ငါမမြင်ဖူးဘူး။ ဘယ်ကပါလိမ့်။ တောလိုက်မုဆိုးပဲ ဖြစ်မယ်ထင်တယ်။ လူဆိုးလား၊ လူကောင်းလား'

စသည် အတွေးများ ဝင်လာပြီး ထိုလူကို ဘာစကားမှ ပြန်မပြောဖြစ်ပါ။

'စားစရာများ ဘာရှိလဲ၊ ကျုပ် ဘာမှ မစားခဲ့ရသေးဘူး။ ကျုပ်ဆီမှာ ချေသားခြောက်တွေ ပါတယ်'

ထိုလူကပင် မီးဖိုဘေးဝင်ထိုင်ကာ ပြောနေပြန်သည်။ မရှိဘူးဟု ပြောလို့လည်း မဖြစ်ပါ။ မီးဖိုတွင် နံနက်စာစားဖို့ "ပေါင်းသင်း"ဖုတ်ထားခဲ့ ဖြစ်ပါသည်။

"ပေါင်းသင်း"ဆိုသည်မှာ စာရေးသူတို့အရပ်က ခဲလံချောင်းကို ခေါ်ခြင်းဖြစ်ပါသည်။ ဝါးကျည်တောက်တွင် ကောက်ညှင်းဆန်ကို ရေမြုပ်ရုံထည့်ပြီး မီးဖုတ်ရခြင်း ဖြစ်ပါသည်။

အတွင်းမှ ဆန်ကျက်လောက်သော် စားလိုသောအခါမှ ဝါး၏ အပေါ်ယံမီးလောင်ထားသည်ကို အခွံနွှာ၍ စားကြပါသည်။ မစားလိုသေးလျှင် နှစ်ရက်၊ သုံးရက်မျှ ကြာကြာ အထားခံပါသည်။

ဦးစောမောင်က မပြောချင်ပြောချင်ဖြင့် ပေါင်းသင်းကို မေးငေါ့ပြပါသည်။ ရောက်လာသော ထိုလူသည် အိတ်အတွင်းမှ ချေသားခြောက်များကို ထုတ်ပြီး လေးငါးခုခန့် မီးဖိုထဲ ပစ်ထည့်လိုက်ပါသည်။ ချေသားခြောက်များ မကျက်သေးခင် ရေနွေးကြမ်းတစ်ပန်းကန် ငှဲ့သောက်လိုက်ပါသေးသည်။

မီးသင်းနံ့များ ထွက်လာသောအခါ မီးဖိုအတွင်းမှ ချေသားခြောက်များကို ထုတ်ယူပြီး လက်နှစ်ဖက်နှင့် ပွတ်ခြေနေပါသည်။ ဦးစောမောင်သည် ထိုလူလုပ်နေသည်ကို ကြည့်ပြီး...

'ဒီလူဟာ ဘယ်လိုလူပါလိမ့်၊ မီးဖိုထဲက ထုတ်ပြီး သစ်တုံးပေါ်တင်မထုဘဲ လက်နဲ့ ပွတ်ခြေနေတာ သူမို့ လက်မပူတယ်'

ဟု တွေးနေမိသည်။

ထို့နောက် ထိုလူသည် မီးဖိုတွင် ဖုတ်ထားသော ပေါင်းသင်းတစ်ချောင်းကို ယူပြီး တဲအပြင်တွင် အခွံများခွာသည်။ ပြီးနောက် ပေါင်းသင်းကို ဓားပြားနှင့် ရိုက်သည်။ ပေါင်းသင်းအခွံကို နှစ်ခါခွာရသည်။

ပထမအကြိမ်မှာ မီးသင်းထားသော ဝါးကြောကို ဓားဖြင့် သပ်ချရသည်။ နောက်တစ်ခါ အပေါ်ခွံပါးကို လက်နှင့်ခွာယူ၍ရသည်။

လက်ဖြင့်မခွာမီ ပေါင်းသင်းကို ဓားပြား(သို့မဟုတ်) တစ်ခုခုဖြင့် ထုရိုက်ရသည်။ သို့မှသာ ပေါင်းသင်းကို ဝါး၏အမြှေးပါးများ ကပ်ပါနေမည်။ သို့မဟုတ်ပါက ပေါင်းသင်းအခွံတွင် ကောက်ညှင်း(ပေါင်းသင်း) ဆန်များ ကပ်ကျန်တတ်သည်။

ထိုလူသည် ပေါင်းသင်းကို ချိုးလိုက် စားလိုက်၊ ဖုတ်ထားသော ချေသားခြောက်ကို ဝါးလိုက် ရေနွေးကြမ်း သောက်လိုက်ဖြင့် အားပါးတရ စားနေပါသည်။ ဦးစောမောင်သည် ထိုလူအား ဘာမျှမပြောဖြစ်ဘဲ ထိုလူလုပ်သမျှကို သာ ကြည့်နေမိသည်။

ထိုလူသည် ပေါင်းသင်းတစ်ချောင်း နီးပါး စားပြီးသည်နှင့်...

'ကဲ ကျုပ်ကတော့ အိပ်တော့မယ်ဗျာ။ မောလဲ မော၊ ဗိုက်လဲ ပြည့်ပြီ'

ဟု ပြောပြီး မီးဖိုဘေး ကွပ်ပျစ်ပေါ် လှဲအိပ်ချလိုက်ပါသည်။ ထိုအခါကျမှ...

'ခင်ဗျား ဘယ်ကလဲ၊ ဘယ်သူလဲ'

ဟု တုံးတိပဲ မေးလိုက်ပါသည်။

ထိုလူက...

'ကျုပ် ဒီချောင်းဖျားမှာ နေတယ်။ ကျုပ်ကို ဒီနယ်က မုဆိုးလို့သာ မေးလိုက်၊ ချောင်းဖျားမှာရှိတဲ့ လူတိုင်း သိတယ်'

ဟုသာ ဖြေသည်။ သူ့နာမည်ကိုလည်း မပြော၊ သူနေသောရွာကိုလည်း မပြောပါ။

နန့်ဒရန့်ချောင်းသည် မိုးညှင်းမြို့နယ်ထဲက စီးလာသောချောင်း ဖြစ်သည်။ ဦးစောမောင်နေသော မော်လူး စီပိန်ရွာနှင့်ဆိုလျှင် ဆယ့်လေးငါးမိုင် သည်။ ဒီလောက်အဝေးကြီးကို ဘယ်



www.burmeseclassic.com

www.burmeseclassic.com



လို ရောက်လာနိုင်သနည်း။ ဦးစောမောင်သည် စဉ်းစားစရာတွေသာ ဖြစ်လာသည်။ ဂဃနဏာလည်း မမေးဖြစ်။ "ဝက်တွေလာရင် ကျုပ်ကိုနှိုး" ဟု ပြောလည်းပြောပြီး လုံးဝ အိပ်ပျော်သွားလေသည်။

ရွာမှ တုံးမောင်းခေါက်ချိန် (နံနက်လေးနာရီခန့်)တွင် အိပ်နေရာမှထပြီး သူ့လွယ်အိတ်၊ ဓားလွယ်၊ ဒူးလေးတို့ကို ယူကာ "သွားတော့မယ်"ဟု ပြောပြီး ထွက်သွားလေသည်။

'မိုးတောင် မလင်းသေးဘူး၊ နှင်းတွေပိတ်နေတာ သွားလို့ဖြစ်ပါ့မလား' ဟုသာ ဦးစောမောင်က ပြောလိုက်ရသည်။ ထိုလူကတော့ ပြန်သွားပါသည်။ ဦးစောမောင်မှာ ဘာရယ်လို့ မတွေးတတ်ဘဲ ကျန်ရစ်ခဲ့သည်။ ထိုလူဖုတ်ပြီး မစားဖြစ်ဘဲ ကျန်သော ချေသားခြောက် သုံးလေးခုနှင့် မဖုတ်ရသေးသော ချေသားခြောက်များ ချန်ထားခဲ့သည်။

* * *

နောက် (၇)ရက်ပြည့်ညတွင် ပြန်ရောက်ခဲ့ပြန်သည်။ ချေသားခြောက်များ ပါလာပြီး ဖုတ်ထားသော ပေါင်းသင်းကို စားပြီး အိပ်သည်။ နံနက်တုံးမောင်းခေါက်ချိန် ပြန်သွားပါသည်။

နောက် (၁၀)ရက်ခန့်ကြာသော် ပြန်ရောက်လာပြန်သည်။ ဒီလိုနှင့် (၇)ရက်ခြား၊ (၁၀)ရက်ခြား၊ (၁၅)ရက်ခြားဆိုသလို ရောက်,ရောက်လာတတ်သည်မှာ လေး,ငါးကြိမ်မကတော့ပါ။ သူမလာလျှင် ဦးစောမောင်က မျှော်နေမိလေသည်။

တန်ဆောင်မုန်းလပြည့် ကျော်ပြီး လယ်ရိတ်သိမ်းရသည်နှင့် နတ်တော်လဆန်း (၁၀)ရက်ဆိုလျှင် အားလုံးပြီးစီးပြီ ဖြစ်ပါသည်။ လယ်ပြီးပြန်တော့ မြေပဲစိုက်ရန် ပြင်ဆင်ရပြန်သည်။

နတ်တော်လပြည့်ကျော်ပြီးမှ မြေပဲစိုက်ရန် မြေပြင်ရပြီး ပြာသိုလပြည့်နှင့် လကုန်ရက်တွင် မြေပဲချ စိုက်ပျိုးပြီးဖြစ်ရသည်။

အလုပ် မတွင်ကျယ်သူများ (သို့မဟုတ်) မြေဆီနည်းသဖြင့် ကောက်ရိုးခွေးအောင် စောင့်ရသူများက တပို့တွဲလဆန်းရောက်မှ မြေပဲစိုက်ကြရသည်။ ဦးစောမောင်ကတော့ နှစ်စဉ် ပြာသိုလကုန်သည်နှင့် မြေပဲစိုက်ပြီး ဖြစ်သည်။ ယခုလည်း မြေပဲစိုက်ပြီးဖြစ်၍ စိတ်အေးလက်အေး စောင့်အိပ်ရပြန်သည်။

မော်လူးမြို့ သရေင်းရွာတွင် ဒီပင်္ကရာဘုရားပွဲ နှစ်စဉ် ကျင်းပမြဲဖြစ်သည်။ ပွဲတော်ရဘုရား ဖြစ်သည်။ တပို့တွဲလဆန်း (၈)ရက်မှ တပို့တွဲလပြည့်နေ့အထိ ကျင်းပသည်။ ဘုရားပွဲနှင့်အတူ အသံမစဲ ပဌာန်းရွတ်ဖတ်ပူဇော်ပွဲလည်း ပြုလုပ်သည်။

ဦးစောမောင်နေသော လယ်တဲနှင့် ဒီပင်္ကရာဘုရားပွဲသည် နှစ်မိုင်နီးပါးခန့် ဝေးမည်ဖြစ်သည်။ ပဌာန်းရွတ်သံကို လေသင့်လျှင် တစ်ချက်တစ်ချက် ကြားနေရသည်။

ထိုအချိန်တွင် ရောက်နေကျမုဆိုး ရောက်လာပြန်ပါသည်။ မရောက်သည်မှာ ကြာ၍ မေ့သယောင်တောင် ဖြစ်နေသည်။ ယခု ရောက်လာပြန်တော့ ယခင်ကနှင့်မတူပါ။ ခွေးတစ်ကောင် ပါလာသည်။

သူ့ခွေးကလည်း ကြောက်စရာကောင်းလှပါသည်။ သာမန်ခွေးများနှင့်မတူ၊ ထွားထွားကျိုင်းကျိုင်း ခွေးဘီလူးမျိုးလား၊ မြို့မှာ မွေးကြသည်ဟု ကြားဖူးသော အယ်လဖေးရှင်းဆိုသော ခွေးမျိုးလား မသိတတ်ပါ။

ရောက်လာမဆိုက် ထိုလူက ပဌာန်းတရား နာလိုကြောင်း သရေင်းရွာ ဒီပင်္ကရာဘုရားပွဲ အရောက်မသွားဘဲ ရွာအနီးတစ်နေရာမှ ပဌာန်းတရားကို နာလိုကြောင်း ပြောပါသည်။ ဦးစောမောင်အားလည်း အဖော်အဖြစ် လိုက်ပေးရန် ခေါ်နေပါသည်။

'ကျုပ်သွားလို့ မဖြစ်ပါဘူး။ ဒီမှာ နွားတွေလဲ ရှိနေသေးတယ်။ ခင်ဗျား သွားချင်ရင် ခင်ဗျားသွားလဲ ရတာပဲ' ဦးစောမောင်က ငြင်းပါသည်။



www.burmeseclassic.com

www.burmeseclassic.com

'ကျုပ်တစ်ယောက်တည်း သွားလို့မဖြစ်ဘူး။ ကျုပ်က တောလိုက်မုဆိုးဆိုတော့ လမ်းမှာရှိတဲ့ အစောင့်နတ်တွေက လက်မခံဘူး။ ဒါကြောင့် ခင်ဗျားပါမှဖြစ်မှာ၊ ကျုပ်ခွေးကို အစောင့်ထားခဲ့မယ်။ ကျုပ်ခွေးက ကျားတောင် မကြောက်ဘူး။ စိတ်ချပါ။ ခင်ဗျားနွားတွေ၊ ခင်ဗျားပစ္စည်းတွေ ဘာမှ မပျောက်စေရဘူး။ ကျုပ် အာမခံတယ်'

ထိုလူက ဦးစောမောင်အား လိုက်ပို့ရန်ခေါ်သလို ဦးစောမောင်ကလည်း ငြင်းမြဲငြင်းသည်။ ထိုလူက အလျှော့မပေး ကုသိုလ်ရေးမို့ ကူညီစေလိုကြောင်း၊ သူတစ်ယောက်တည်း သွားလို့မဖြစ်ကြောင်း၊ ဦးစောမောင်က ရှေ့ကသွား သူက နောက်ကလိုက်မည်။ ပဋ္ဌာန်းတရားကို ကြည်ကြည်လင်လင် ပြတ်ပြတ်သားသား ကြားရသောနေရာတွင် နာရီဝက်ခန့်လေး နာရလျှင် ကျေနပ်ပါမည်။ အကြာကြီး မနေပါ စသည် စသည် အမျိုးမျိုးဖျောင်းဖျပြီး ဦးစောမောင်အား အဖော်ခေါ်နေပါသည်။

ထူးဆန်းသည်က သူ့ကို အစောင့်နတ်များက လက်မခံ၊ အစောင့်နတ်များကို ပန်ကြားပေးရမည်ဆိုတော့ စဉ်းစားစရာ ဖြစ်နေသည်။ ဘုရားပွဲအထိလည်း မရောက်သလို ကြာကြာလည်း မနာကြားလိုသဖြင့်၊ အချိန်လည်း သိပ်မကြာသဖြင့် ဦးစောမောင်က လိုက်ပို့ပေးရန် သဘောတူလိုက်ပါသည်။

ထိုလူသည် ဦးစောမောင်၏ နောက်ကသာ လိုက်နေသည်။ ဘေးတိုက်လည်း ယှဉ်မသွား။ သစ်ပင်ကြီးအောက်ရောက်လျှင်၊ တံတားကို ဖြတ်လျှင်၊ ရွာဘေးက ဖြတ်သွားလျှင် ဦးစောမောင်အား...

'ကျုပ်မှာ အဖော်ပါတယ်။ သူကိုလဲ ခေါ်သွားခွင့်ပြုပါ'

ဟု ပြောခိုင်းလေသည်။ ထိုလူခိုင်းသည့်အတိုင်း ဦးစောမောင်က ပြောပေးရသည်။ ဦးစောမောင်သည် ထိုလူခိုင်းလို့သာ လုပ်နေရသည်။ ဘာကြောင့်ရယ်မှန်း မသိပါ။

ဒီလိုနှင့် သရောင်းရွာနားရောက်ပြီး လယ်ကန်သင်းရိုးတွင် ထိုင်ကြကာ ဘုရားပွဲမှ ပဋ္ဌာန်းရွတ်သံကို နာကြားနေကြပါသည်။ ပဋ္ဌာန်းရွတ်သော ဦးပဉ္စင်းတစ်ပါးမှတစ်ပါး ပြောင်းပြီး ရွတ်၍ပြီးသောအခါ ထိုလူကပင် ကျေနပ်အားရစွာဖြင့် ပြန်ကြရန် ပြောပါသည်။

အပြန်တွင် အလာတုန်းကကဲ့သို့ အစောင့်နတ်များကို ခွင့်ပန်စရာမလိုတော့ကြောင်းနှင့် ပဋ္ဌာန်းတရားကို နာလိုက်ရသည့်အတွက် ကျေနပ်အားရနှစ်သက်ကြောင်းလည်း ပြောလေသည်။

ဦးစောမောင်နှင့် ထိုလူတို့ တဲသို့ ပြန်ရောက်သောအခါ အစောင့်ထားခဲ့သော ခွေးသည် သူတို့လာရာလမ်းသို့ပင် မျှော်ကြည့်နေသည်။ မီးမွှေးထားခဲ့သော မီးဖိုသည် မီးမငြိမ်းဘဲ တောက်မြဲတောက်နေသည်။

'ကဲ ကျုပ်ပြန်တော့မယ်။ ဒီမှာ ညမအိပ်တော့ဘူး။ ခင်ဗျားကြောင့် ကျုပ် ပဋ္ဌာန်းတရားကို နာရလို့ အထူး ကျေးဇူးတင်တယ်'

ပြောပြောဆိုဆို ထိုသူလည်း ထိုသို့ ပြောပြီး သူ့ခွေးကို ခေါ်ကာ ပြန်သွား



လေတော့သည်။

*　*　*

မထင်မှတ်သော အိပ်မက်[illegible] အထက်ပါပုဂ္ဂိုလ်နှင့် ပဋ္ဌာန်းတရား[illegible] ပြီးနောက်ပိုင်း တစ်လခန့်အကြာတွင်[illegible] ဤအိပ်မက်ကိုမက်ခြင်း ဖြစ်ပါသည်[illegible] အိပ်မက်ထဲတွင် ထိုခွေးနှင့် ပုဂ္ဂိုလ်[illegible] က...

'ခင်ဗျားကျေးဇူးကြောင့် ပဋ္ဌာန်း[illegible] နာရလို့ ကျုပ်ရဲ့ဘဝ ကောင်းရာသုဂတိ[illegible] ရောက်တော့မယ်။ ပဋ္ဌာန်းတရားနာရအောင်[illegible] ကူညီပေးတဲ့ ခင်ဗျားကိုလဲ ကျုပ်အများကြီး[illegible] ကျေးဇူးတင်ပါတယ်။ ကျေးဇူးလဲ မမေ့ပါ[illegible] ကျုပ် သွားတော့မယ်'

ထိုအိပ်မက်မက်ပြီး ထိုပုဂ္ဂိုလ်အား[illegible] မျှော်နေသော်လည်း ပေါ်မလာတော့[illegible] သို့နှင့် ဦးစောမောင်မှာ သူ့အိပ်မက်[illegible] မှာ တကယ်လေလား၊ အစွဲအလမ်း[illegible] ကြောင့်လားဟု မဝေခွဲနိုင် ဖြစ်နေသည်[illegible]

သို့နှင့် စာရေးသူက ဤဇာတ်လမ်း[illegible] ကို ပြောပြသူ ကိုမြင့်အောင်(အင်းတော်[illegible]) ကို မေးလိုက်ပါသည်။

'အဲဒီ ဦးစောမောင်ရော နောက်[illegible] ထူးသေးသလဲ'

ကိုမြင့်အောင်နှင့် စာရေးသူတို့သည်[illegible] ကျောင်းနေဖက်သူငယ်ချင်းများ [illegible] ကြပြီး ယခုနှစ် သင်္ကြန်အတွင်း၌ ပြုလုပ်[illegible] သော ပင်းမလွတ်ရွှေတရားစခန်းတွင်[illegible] ဆုံမိကြပြီး ရောက်တတ်ရာရာ စကား[illegible] ပြောကြရင်းမှ ဤဇာတ်လမ်းကို ပြော[illegible] ခြင်း ဖြစ်ပါသည်။

'ဘာထူးခြားလဲဆိုတော့ ဦးစော[illegible] လွန်ခဲ့တဲ့ ငါးနှစ်လောက်ကတည်းက [illegible] လယ်စိုက် ပဲစိုက်တာ၊ ပိုးဖျက်တာ၊ ရယ်[illegible] ဖျက်တာ မကြုံရတာတော့ အမှန်ပဲ။ သူ[illegible] တွေဆို ရယ်ဦဝတုမကောင်းလို့ ပိုးဖျက်[illegible] သီးနှံအထွက် နည်းကြတယ်'

ကသာ သင်းမွှေး



www.burmeseclassic.com

www.burmeseclassic.com



ဦးဝိစိတ္တ
(နန်းရှေ့-မန္တလေး)

# ဝိဇ္ဇာဓိုရ်နှင့် တွေ့ဆုံခဲ့ခြင်း

အတွေ့အကြုံ ဖြစ်ရပ်ဆန်း

စာရေးသူ အရှင်ဟာ မန္တလေးမြို့ ငါးဆူတိုက် မရမ်းခြံကျောင်း၌ မြတ်ဗုဒ္ဓရဲ့ စာပေများဖြစ်သော ပါဠိတော် အဋ္ဌကထာ ဋီကာကျမ်းဂန်တို့ကို (၁၀) နှစ်တိုင်တိုင် သင်ယူတတ်မြောက်ပြီး တဲ့နောက်မှာ ၁၃၃၅ ခုနှစ်၊ သက်တော် (၂၄)နှစ်၊ ဝါတော်(၅)ဝါအရမှာ ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာကြီး၌ ဝါတွင်းသုံးလတိတိ မဟာသတိပဋ္ဌာန် ဝိပဿနာ တရားတော်များကို အား ထုတ်ခဲ့ပါတယ်။

အဲဒီနောက် မန္တလေးမြို့၊ ပုသိမ်ကြီးမြို့နယ် ရန်ကင်းတောင်ရဲ့ အရှေ့မြောက် (၅)မိုင်ကွာလောက်က စမ်းကြားတောတောင်မှာ သင်္ကန်း(၃)ထည်၊ သပိတ်(၁)လုံးနဲ့ တောထွက်ပြီး ဓုတင်များကျင့်ကာ တောရဆောက်တည်လျက် ဝိပဿနာတရားတော်များကို ရှုမှတ်ပွားများ ကျင့်ကြံကြိုးကုတ် အားထုတ်နေရင်း နှမ်းကြီးရွာမှာ ဆွမ်းခံပါတယ်။

နေ့လယ်အချိန်မှာ တောင်ကြားထဲ၌ ထွက်ရပ်ပါက် ပုဂ္ဂိုလ်များ တည်ထား ကိုးကွယ်ခဲ့သော ကိုးတောင်ပြည့် စေတီတော်မှာ တရားအားထုတ်ပါတယ်။

ညပိုင်းမှာဆိုရင် ဘုရားရှိခိုးခြင်း၊ ပရိတ်ရွတ်ခြင်း၊ မေတ္တာတရားပွားများပို့သခြင်း၊ အမျှဝေခြင်း၊ တရားထိုင်ခြင်း၊ စင်္ကြံများလျှောက်ပြီး တရားမှတ်ခြင်း အစရှိတဲ့ တရားတော်များကို ရှုမှတ်ပွားများပြီး နေထိုင်ပါတယ်။

အဲဒီလိုနဲ့ပဲ ကုသိုလ်ကောင်းမှုများကို နေ့စဉ်နေ့တိုင်း ညစဉ်ညတိုင်း ပြုလုပ်နေသော အချိန်တွင် (၄)လလောက်ရောက်တော့ အသက်(၃၀)နှစ်အရွယ်လောက်ရှိတဲ့ ကိုရင်ကြီး(၁)ပါး ကြွလာပါတယ်။

ဘုန်းကြီးကို ရှိခိုးပြီးတော့…

'ဆရာတော်ဘုရား တပည့်တော်က ဒီတောင်ပေါ်ကို ဆေးမြစ်လာပြီး ရှာတာပါဘုရား။ (၃,၄)ရက်လောက်တော့ နေခွင့်ပြုပါဘုရား'

လို့ လျှောက်တော့ ဘုန်းကြီးကလဲ နေခွင့်ပြုပါတယ်။

ဘုန်းကြီးက ဆွမ်းခံရလာတဲ့ ဆွမ်းဟင်းတွေကို သပိတ်ဖုံးထဲ ထည့်ပြီး ကျွေးပါတယ်။ ဆွမ်းစားပြီးတိုင်း တောင်ပေါ်ကို တက်သွားပါတယ်။ ညနေလောက်မှာ ပြန်ဆင်းလာပါတယ်။ တောင်ပေါ်က ဆေးမြစ်ရှာပြီး ပြန်ဆင်းလာရင် မောမောပန်းပန်းနဲ့ အိပ်တော့တာပါပဲ။

ကိုရင်ကြီး အိပ်ပျော်နေတဲ့အချိန်မှာ ရှမ်းလို၊ ကချင်လို၊ တရုတ်လို ပါးစပ်က ပြောနေပါတော့တယ်။ အိပ်ရာကနိုးရင်

www.burmeseclassic.com

မှိုင်းခံစက္ကူမှာ ချထားတဲ့ အင်းတွေကို မီးရှို့ပြာချပြီး ရေနဲ့ သောက်တော့တာပါပဲ။

အဲဒါနဲ့ ဘုန်းကြီးက မေးပါတယ်။ **"ကိုရင်ကြီး အဲဒါ ဘာလုပ်တာလဲ"** ဆိုတော့ "တပည့်တော်ကို အထက်က ထွက်ရပ်ပေါက်ပုဂ္ဂိုလ်တွေက အင်းဆေးတွေ တိုက်သွားလို့ သောက်ရတာ" လို့ ပြောပါတယ်။

နောက် (၄)ရက်လောက်ရောက်တော့ ညနေ(၃)နာရီလောက် တောင်ပေါ်က ပြန်ဆင်းလာပါတယ်။ ဘုန်းကြီးကို လျှောက်တာကတော့...

'ဆရာတော်ဘုရား ဒီကနေ့ တပည့်တော် တောင်ပေါ်က ဆေးမြစ်ရခဲ့ပါတယ်။ တပည့်တော်ကို အကူအညီပေးပါဘုရား။ ဟောဒီဆေးမြစ်က တောထဲတောင်ထဲမှာ လမ်းဆုံလမ်းခွကျတဲ့ နေရာမှာ စည်းဝိုင်းခြစ်ပြီး အဲဒီစည်းဝိုင်းထဲမှာ ကျောက်ပဉ္စင်ကိုချ နေကိုကြည့်ပြီး ဆေးမြစ်ကို ဂါထာမန္တန်စုတ်ကာ ဆေးကြိတ်၍ စီရင်ရမှာပါ ဘုရား။

စိပ်ပုတီးကို ယူထားပြီး ဝါးရုံပင်အောက်က စောင့်ရှောက်ပေးပါဘုရား။ တပည့်တော် ဆေးကြိတ်တာ ဆေးစီရင်တာ အောင်မြင်မယ်ဆိုရင် မိုးခြိမ်းပါလိမ့်မယ်၊ မအောင်မြင်ရင် မိုးမခြိမ်းပါဘုရား'

လို့ လျှောက်ထားတယ်။ (၁၀)မိနစ်လောက်ကြာတော့ ဆေးကြိတ်လဲပြီးရော မိုးခြိမ်းသံတွေ ကြားရပါတယ်။ ကိုရင်ကြီးက...

'ဆရာတော် တပည့်တော် ဆေးလုံးအောင်ပြီ ဘုရား။ တပည့်တော် မနက်ဖြန် ပြန်ကြွတော့မယ်ဘုရား။ ကျောင်းပေါ်ကို ကြွပါဦး။ ဆရာတော်ဟာ တပည့်တော်ကို အကူအညီပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကျေးဇူးဆပ်ချင်လို့ပါ'

လို့ ပြောတော့ ဘုန်းကြီးက...

'တပည့်တော်က တရား အားထုတ်



တာ ဘာကိုမှ မလိုချင်ပါဘူး'

ဆိုတော့ ကိုရင်ကြီးက...

'တပည့်တော်ရဲ့ စေတနာကို ချိုးမြှောက်တဲ့အနေနဲ့ အလှူခံတော်မူပါဘုရား'

လို့ လျှောက်ထားတော့ ဘုန်းကြီးကလဲ ကိုရင်ကြီးကို ငဲ့ညှာထောက်ထားပြီးတော့ အလှူခံပါမယ်လို့ ပြောပါတယ်။

'ကဲ ဒါဖြင့် ဘုရားကို အာရုံပြုပြီး ထိုင်နေပါ'

လို့ ပြောပြီး ဖယောင်းတိုင် (၃)တိုင်ကို မီးထွန်းကာ မှိုင်းခံစက္ကူမှာ ချထားတဲ့ အင်းကွက်တွေကို မီးရှို့ပြာချပြီး ရေနဲ့တိုက်ပါတယ်။

'ဆရာတော်ကို တပည့်တော်က အင်းဝိဇ္ဇာ၊ ဆေးဝိဇ္ဇာ၊ ပြဒါးဝိဇ္ဇာ၊ သံဝိဇ္ဇာ အစရှိတဲ့ ဝိဇ္ဇာဓိုရ်များကို အစောင့်အရှောက်အဖြစ် အပ်နှင်းပါတယ်။ တကယ်လို့ ဝိဇ္ဇာဓိုရ်ပုဂ္ဂိုလ်တွေက စောင့်ရှောက်တယ်ဆိုရင် ဆရာတော်ရဲ့ ခါးကနေပြီးတော့ ကြက်သီးမွေးညင်းထကာ တဖြန်းဖြန်းနဲ့ ယားပြီးတော့ ကျောထဲကနေ လည်ပင်းအထိ တက်လာပါလိမ့်မယ်'

လို့ ပြောပါတယ်။

ပြောတဲ့အတိုင်း ဟုတ်ပါတယ်၊ အဲဒီရဲ့နောက်မှာတော့ ဘုန်းကြီးရဲ့ ညာဘက်လက်မောင်းကို အင်းကွက်တစ်ကွက် ရှောက်ဆူးနဲ့ ထိုးပေးပါတယ်။

'ဆရာတော်ရဲ့ ဘုရားတည် ကျောင်းဆောက် တရားဟော တရားပြ သာသနာပြုလုပ်ငန်းတွေဟာ အောင်မြင်ပါလိမ့်မယ်။ လိုရာဆန္ဒသိဒ္ဓိ မှန်သမျှတွေဟာ ပြီးစီးပြည့်စုံပါလိမ့်မယ်။ တပည့်တော်နဲ့ နောင်ကို တွေ့ချင်မှ တွေ့ပါလိမ့်မယ်'

လို့ လျှောက်ထားပြီးတော့ မနက်မိုးလင်းတော့ ပြန်ကြွသွားပါတယ်။

ဘုန်းကြီးကလဲ စမ်းကြားတောင်မှာ (၈)လကြာတဲ့အခါ သာသနာပြုဦးမယ် ဆိုပြီးတော့ ပြန်ကြွလာခဲ့ပါတယ်။

၁၃၅၁ ခုနှစ်မှစပြီး တိုင်းဒေသကြီး ပြည်နယ်မြို့နယ်၊ မြို့ရွာတို့မှာ နေ့တရားပွဲများ၊ ညတရားပွဲများကို ကမ္မဋ္ဌာနာစရိယ ဓမ္မကထိက ဆရာတော်အဖြစ်နဲ့ တရားဟော တရားပြကာ သာသနာ ပြုနေပါတယ်။

ဘုန်းကြီးရဲ့ သာသနာပြုလုပ်ငန်းတို့မှာ အလိုရှိတိုင်း၊ တောင့်တတိုင်း၊ ကြံစည်တိုင်း၊ စိတ်ကူးတိုင်း၊ အာရုံပြုတိုင်း အောင်မြင်နေတာတွေဟာ ကိုယ်တွေ့ဖြစ်ရပ်မှန်တွေ ဖြစ်ပါတယ်။

အဲဒီအချိန်ကစပြီး အိပ်မက်ထဲမှာတော့ ထွက်ရပ်ပေါက် ဆရာတော်တွေ ဝတ်ဖြူစင်ကြယ်ပုဂ္ဂိုလ်တွေ၊ မိုးကောင်းကင်ယံမှာ ပျံတက်သွားနေရတာတွေ၊ တောထဲတောင်ထဲမှာ နေရတာတွေ အစရှိတဲ့ အိပ်မက်တွေ မြင်မက်ရပါတဲ့အကြောင်း ဗဟုသုတအဖြစ် စာပေချစ်သူများသို့ ရေးသားတင်ပြလိုက်ရပါတယ်။

***ရှင်လန်း ချမ်းမြေ့ကြပါစေ။***

**ဦးစိန္တာ(နန်းရွှေ-မန္တလေး)**

F.31B. July 2014.



www.burmeseclassic.com

www.burmeseclassic.com





# ဘဝယောင်က

ချစ်ကြိုးတစ်မျှင် (၂)

ဘာရောက်သွား
(စစ်တွေ)

**ယခင်လမှ အဆက်**

တစ်နေ့တွင် ဥသလင်းမြို့စားဆိုသူက စောသူဇာကို လာပူး၏။ ယင်းနေ့က စောသူဇာတို့လင်မယား ညေ့ခန်းတွင် ထိုင်ရင်း ထွေရာလေးပါး ပြောဆိုနေကြ၏။ ထိုစဉ် လူတစ်ယောက် အိမ်ပေါ်သို့ တက်လာ၏။ နေ့ခင်းကြောင်တောင် အသံဗလံမပြုဘဲ အိမ်ပေါ်သို့ တက်လာသူကို အံ့ဩစွာ ကြည့်နေမိကြလေသည်။

လူသာ ဆိုရသော်လည်း လူကဲ့သို့ ပီပီပြင်ပြင် ထင်ထင်ရှားရှား မဟုတ်။ အရိပ်လိုလည်း မဟုတ်။ အရိပ်ထက်လည်း ပိုမို ပီပြင်ထင်ရှားသည်။ **ပို၍ထူးဆန်းသည်က ယင်းလူသည် ဘုရင်ခေတ်က မင်းညီမင်းသားများ ဝတ်စားဆင်ယင်ပုံမျိုး ဝတ်ဆင်ထားခြင်းပင်။**

သူတို့က ထိုလူကို ကြက်သေသေကာ ပါးစပ်ဟောင်းလောင်းနှင့် ကြည့်နေစဉ် ဘာမှမပြောမဆိုဘဲ စောသူဇာ အနီးသို့ တိုးကပ်သွားပြီး စောသူဇာကို ပူးလေတော့သည်။ စောသူဇာမှာ မှင်တက်မိကာ ဘာအသံမှ ထက်မလာဘဲ တုန်တုန်ယင်ယင် ဖြစ်လာလေသည်။

အနီးတွင် ထိုင်နေသော စောသူဇာ၏ယောက်ျား စိန်ထွန်းအောင်က ရုတ်တရက် သတိဝင်လာပြီး စောသူဇာ၏ လက်မောင်းနှစ်ဖက်ကို ဆုပ်ကိုင်ရင်း

'အစော...အစော၊ နင်ဘယ်လိုဖြစ်သွားတာလဲဟင်၊

**လာကြပါဦးဗျ လာကြပါဦး၊ အစော ဘယ်လိုဖြစ်သွားမှန်းမသိဘူး'**

'ဟေ့... ဟေ့ကောင် မင်း ကျုပ်နှမတော်ကို မထိနဲ့ မကိုင်နဲ့၊ အခု လွှတ်လိုက်စမ်း'

စောသူဇာက စိန်ထွန်းအောင်ကို ခပ်စိန်းစိန်း ကြည့်ကာ ပြောလိုက်ခြင်းဖြစ်၏။

'ဟား...ဟား...ဟား မင်း ကျုပ်အကြောင်း မသိသေးဘူး ထင်တယ်ကွ။ ကျုပ်ဟာ ဥသလင်း မြို့စားဟောင်းပဲ၊ ကျုပ်နှမတော်ကို လာခေါ်တာ၊ မင်း မနှောင့်ယှက်နဲ့ ဟေ့ကောင် လွှတ်လိုက်စမ်း'

'အစော...အစော ဘယ်လိုပြောလိုက်တာလဲကွ။ ကိုယ်ပါ အစောရယ်၊ သတိထားပါဦး'

'ဟေ့ကောင် ပြောလေ ကဲလေပါလား။ ငါ စိတ်မဆိုးခင် ချက်ချင်း လွှတ်လိုက်စမ်း'

ထိုစဉ် သားသမီးများ ရောက်လာကြ၏။ အိမ်နီးချင်းဖြစ်သူ ဒေါ်ဘုမတို့ သားအမိလည်း အိမ်ပေါ်သို့ အပြေး



www.burmeseclassic.com

www.burmeseclassic.com

တစ်ပိုင်း တက်လာကြ၏။ စောသူဇာ၏ လက်မောင်းနှစ်ဖက်ကို ဆုပ်ကိုင်ထားသော စိန်ထွန်းအောင်၏ လက်ဝါးများမှာ မီးကို ကိုင်ထားသလို ပူလောင်လာသဖြင့် ကြောက်အားလန့်အားနှင့် နောက်ဆုတ်သွား၏။

'ဟား...ဟား...ဟား ဘယ်လိုလဲ မင်း ကျုပ်အကြောင်းသိပြီလားကွ'

စောသူဇာက ပြောနေခြင်း ဖြစ်၏။

စိန်ထွန်းအောင်မှာ တော်တော် ကြောက်လန့်သွား၏။ ဒေါ်ဘုမတို့ သားအမိနှင့် သားသမီးများမှာ အံ့သြစွာဖြင့် ငေးမော ကြည့်နေကြလေသည်။

'ပူတယ်ကွ။ သိပ်ပူတယ်။ ရေကစားချင်တယ်။ ဟော့ကောင် အင်တုံကြီးကြီးတစ်ခု ရေအပြည့် ထည့်ယူခဲ့။ ဘာကြောင်နေတာလဲ သွားစမ်း'

'ဟုတ်ကဲ့ ဟုတ်ကဲ့ ယူပေးမယ်'

ဒီတစ်ခါ စိန်ထွန်းအောင် မငြင်းဝံ့ပါ။ ရေအင်တုံထဲ ရေအပြည့် ထည့်ယူလာပြီး စောသူဇာရှေ့ ချပေးသည်။ စောသူဇာသည် လက်နှစ်ဖက်နှင့် ရေထဲနှိုက်၍ မျက်နှာကို ရေကစားနေလေသည်။ ရေကစား၍ ကျေနပ်လောက်ပြီးမှ စောသူဇာက ဆက်၍ ပြောလေသည်။

'ဖခမည်းတော်က မိန့်မှာလိုက်တယ်။ ကျုပ်တို့ ဘိုးဘွားဘီဘင် လက်ထက်ကစောင့်ရှောက်လာခဲ့တဲ့ ရတနာတွေကို ဆက်လက် ထိန်းသိမ်းထားရမယ်။ နမတော် ခေတ္တ လူ့ပြည်ကို အလည်သွားမယ်ဆိုလို့ ခွင့်ပြုလိုက်တာတဲ့။ ခွင့်ပြုချိန် ကျော်လွန်နေပြီမို့ နမတော်ကို ကျုပ်နဲ့ တစ်ပါတည်း ခေါ်လာဖို့ မိန့်မှာလိုက်တယ်။

မောင်တော်ဟာ ဥသ္သလင်းမြို့စားပောင်းပဲ နမတော်။ နမတော်ဟာ မောင်တော်ရဲ့ ကြင်ရာတော်ပဲ။ မောင်တော်နဲ့ တစ်ပါတည်းလိုက်ခဲ့ပါ။



အရေးကြီးတဲ့အချိန်မှာ နမတော် တွေဝေမနေနဲ့၊ ဖခမည်းတော် စိတ်ဆိုးနေလိမ့်မယ်။

**နမတော်အနေနဲ့ လူ့ဘဝရဲ့ သံသရာ ခရီးကို ဖြတ်တောက်လို့ အခက်အခဲရှိ နေတယ်ဆိုရင်လဲ အချိန်နည်းနည်း ပေးခဲ့မယ်။ မောင်တော် နောက်တစ်ကြိမ် လာတဲ့အခါ အထင်သင့် ဖြစ်ပါစေ။ ကဲ မောင်တော် ပြန်တော့မယ်'**

စောသူဇာသည် တစ်ချက် သမ်းဝေပြီး အိပ်ရာမှ နိုးလာသူကဲ့သို့ မျက်လုံးများ ပွတ်သပ်ကာ အနားရှိ လူများကို လှမ်းကြည့်ပြီး...

'ကျွန်မ ဘာဖြစ်နေလို့လဲ။ ကျွန်မကို ခုလိုဝိုင်းကြည့်နေရတာက ဘာသဘောလဲ။ ဒီ ရေအင်တုံက ဘာလုပ်တာလဲ။ ဟင် ကျွန်မ အဝတ်တွေလဲ ရေစိုလို့ပါလား'

သူ့အဖြစ်ကို သူ ဘာမှ မသိသလို ရှိနေသော စောသူဇာကို ကြည့်၍ စိန်ထွန်းအောင်မှာ ပြောစရာစကားလုံး ရှာမရဘဲ သက်ပြင်းချကာ ဇနီးသည်အား ကြည့်နေလေသည်။

**ဥသ္သလင်းမြို့စားပောင်း ဆိုသူသည် တစ်လတစ်ကြိမ် မှန်မှန် ရောက်လာတတ်ပြီး သူနှင့်အတူ သိုက်နန်းသို့ လိုက်ခဲ့ရန် တိုက်တွန်း ပူဆာလေသည်။** ပထမအကြိမ်ကလို ချက်ချင်းပြန်မသွားဘဲ နှစ်ည၊ သုံးညခန့် အိပ်ပြီးမှ ပြန်သွားလေ့ရှိသည်။ သူသည် စောသူဇာကို ပူးကပ်ခြင်း မပြုတော့ဘဲ ပြောစရာရှိလျှင် **အိပ်မက် ထဲတွင် ပြောဆိုလေ့ရှိသည်။**

ထူးဆန်းသည်က သူသည် အေးအေးဆေးဆေး အိမ်ပေါ်သို့ တက်လာပြီး စောသူဇာတို့လင်မယားအိပ်ခန်းထဲသို့ တန်းတန်းမတ်မတ် ဝင်ရောက်နေထိုင်လေ့ရှိသည်။ သူ **ကိုယ်ထင်ပြသည်ကို စောသူဇာတို့ မိသားစုသာလျှင် မြင်တွေ့ကြပြီး အခြားလူများ မမြင်ကြရပါ။ ပို၍ ထူးဆန်းသည်က** သူရောက်လာပြီဆိုလျှင် **သူနှင့် ဆယ် ပေပတ်လည်အတွင်း စောသူဇာ့ အပ မည်သူမှနေ၍ မရပါ။ အလွန်ပူ သည်ဆို၏။**

ဥသ္သလင်းမြို့စားပောင်း သူ မိန်းမပောင်းနှင့် အိပ်စက်နေ၍ စိန်ထွန်းအောင်အိပ်ခန်းမှ ထွက်ပေး သည်။ အချိန်ကာလ ကြာမြင့်လာသောအခါ သူ့မိန်းမအပေါ်တွင် သံသယ ဖြစ်လာပြီး ငြိုငြင်မှုများ ရှိလာခဲ့သည်။ လင်ယောက်ျားမှ သံသယ ကင်းရန်အတွက် စောသူဇာက လင် ယောက်ျားအိပ်သည့် အပြင်ခန်းတွင် သွားရောက် အိပ်ခဲ့သည်။

သို့ရာတွင် အိပ်မက်ထဲ၌...

'နမတော် မောင်တော်နဲ့ အတူလာအိပ် မောင်တော်ဟာ နမတော်ကို လူ့ဘဝတုန်းက ဘယ်လောက်ချစ်ခဲ့တယ်ဆိုတာ နမတော် သိတယ်နော်။ နမတော်အပေါ် မှာ ထားရှိတဲ့ မောင်တော်ရဲ့ချစ်ခြင်းမေတ္တာဟာ ကမ္ဘာတည် သရွေ့ တည်နေမယ်ဆိုတာ ယုံစမ်းပါ နမ တော်ရယ်။ မောင်တော်ကို မရက်စက်ပါနဲ့ ကွယ်'

ခယဝပ်တွားတောင်းပန် နေသော ဥသ္သလင်းမြို့စားပောင်း၏ ပုံစံ ကြောင့် စောသူဇာ လန့်နိုးခဲ့ရသည်



www.burmeseclassic.com

www.burmeseclassic.com

ညပေါင်း မနည်းတော့ပါ။ အခြားတစ်ဖက်တွင်လည်း သူ့အမိန့်ကို ဆန့်ကျင်ပါက သူ့ယောက်ျားအား တစ်နည်းနည်းဖြင့် အန္တရာယ်ပြု လာနိုင်သည်ကို ဆင်ခြင်မိ၍ မြို့စားဟောင်း ရောက်ရှိလာသည့်အချိန်များတွင် သူနှင့်အတူ အိပ်ခဲ့ရသည်။

အချိန် ကြာလာသည်နှင့်အမျှ အိမ်ထောင်ရေး အဆင်မပြေမှုများ ဖြစ်ပေါ်လာပြီး လင်နှင့်မယား မကြာခဏ ကတောက်ကဆတ် ဖြစ်လာခဲ့လေသည်။

'နမတော်၊ မောင်တော် ပြန်တော့မယ်၊ ရေခပ်ဆိပ်မှာ နမတော်အတွက် ရတနာပစ္စည်းတွေ ထားခဲ့မယ်။ ဒီနေ့ အရုဏ်တက်ကြက်တွန်ချိန်မှာ လာယူပါနော်'

စောသူဇာ လန့်ဖျပ်ပြီး အိပ်နေရာမှ နိုးသွားသည်။ အိပ်မက်ထဲတွင် မြို့စားက ပြောနေခြင်း ဖြစ်သည်။ မယုံတစ်ဝက် ယုံတစ်ဝက် ဖြစ်နေခဲ့သော်လည်း သိုက်နှင့်ပတ်သက်၍ ကြားဖူးနားဝရှိသူပီပီ သူ ချိန်းဆိုသည့်အချိန်တွင် အရဲစွန့်ပြီး ရေခပ်နေကျ ရေခပ်ဆိပ်သို့ ထွက်လာခဲ့သည်။

တွေ့ပြီ။ **အဝတ်စဖြင့် သေသေသပ်သပ် ထုပ်ထားသည့် ရတနာပစ္စည်းထုပ်။ ပတ်ဝန်းကျင်ကို ဝေ့ဝိုက် ကြည့်သော်လည်း ဘယ်သူ့ကိုမှ မတွေ့ရသဖြင့် ရတနာထုပ်ကို ကောက်ယူပြီး ရေအိုးခွက်ထဲ ထည့်ကာ ပြန်လာခဲ့သည်။**

အိမ်သို့ရောက်၍ ဖွင့်ကြည့်သောအခါ ရွှေမန်ကျည်းသီးများနှင့် ရတနာပစ္စည်းမျိုးစုံပါဝင်ကြောင်း တွေ့ရှိကြရသဖြင့် လွန်စွာပင် အံ့သြဝမ်းသာသွားကြလေသည်။

ယင်းအချိန်မှစ၍ စီးပွားဥစ္စာ ဖြား(ဒီရေ)တက်သလို တက်လာလေ



သည်။ ဘာလုပ်လုပ် အောင်မြင်လေသည်။

သို့သော်လည်း သူ့မိန်းမသည် ဥစ္စာစောင့်မ၊ တစ်ချိန်ချိန်တွင် သူ့ကို ခွဲခွာပြီး ဘဝဟောင်းက ချစ်သူဟောင်းနှင့် လိုက်သွားပေလိမ့်မည် ဟူသော အသိကြောင့် ကိုစိန်ထွန်းအောင်မှာ ပူပင်သောက ရောက်နေလေသည်။

စိတ်သောကကြောင့် တစ်နေ့တခြား ပိန်ချုံးကျလာသော ကိုစိန်ထွန်းအောင်၏ အဖြစ်ကို မကြည့်ရက်သော ဆွေမျိုးတစ်စု ဆွေးနွေးတိုင်ပင်ပြီး လောကီပညာ ကျွမ်းကျင်သော ဆရာကြီးတစ်ဦးကို ပင့်ဖိတ်၍ ပြသခဲ့လေသည်။

'အင်း ဆရာကြီး အတွေ့အကြုံအရ ပြောရမယ် ဆိုရင်တော့ ဥစ္စာစောင့်တို့ သိုက်နန်းတို့ ဆိုတာ ရှိနေတာပဲ။ တချို့လူတွေက မယုံကြည်ပေမယ့် လူတွေ မသိသေးတဲ့ လျှို့ဝှက်ချက်တွေ လူ့လောကမှာ ဓာတ်ရှိနေတယ် ဆိုတာကိုတော့ ဆရာကြီး ယုံတယ်'

'ဟုတ်ကဲ့၊ ကျွန်မတို့ကလဲ ယုံပါတယ်။ ကိုယ်တွေ့လဲ ကြုံနေရပြီ။ ကိုယ်တွေ့လဲ ကြုံနေရပြီ။ ဒီတော့ ဆရာကြီး သင့်တော်သလို စီစဉ်ပေးဖို့ တောင်းပန်ပါတယ်'

မြသူဇာက တောင်းတောင်းပန်ပန် စကားဆိုသည်။ စောသူဇာက ဆရာကြီးရှေ့တွင် ခေါင်းငုံ့၍ ထိုင်နေသည်။ ကိုစိန်ထွန်းအောင်မှာ ဘာမှဝင်မပြောဘဲ သက်ပြင်းကိုသာ ချနေမိလေသည်။

'အင်း ဒီလိုဆိုတော့လဲ လုပ်ပေးရတာပေါ့လေ။ လိုအပ်တဲ့ အစီအမံတွေ ဆရာကြီးလုပ်ပေးမယ်။ သူတို့ရဲ့ သိုက်နန်းဟာ ဥဿလင်းမြို့ဟောင်း ပတ်ဝန်းကျင်မှာ ကေန်ရှိနေလိမ့်မယ်။ တစ်ချိန်တစ်ခါက ဆက်စပ်မှုလဲ ရှိခဲ့လိမ့်မယ်။ သိုက်နန်းနဲ့ ဒီမိန်းကလေးကြားမှာ ရှိနေတဲ့ သိုက်ကြိုးကို ဖြတ်တောက်ပစ်ဖို့ လိုတယ်'

ဆရာကြီးသည် မောသွားဟန်နှင့် ခေတ္တရပ်နားပြီး ရေတစ်ခွက်သောက်သည်။ မြသူဇာတို့အဖွဲ့က စိတ်ဝင်တစား နားထောင်နေကြသည်။

ဆရာကြီးက မြသူဇာကို မျက်လွှာပင့်ကြည့်ရင်း...

'သူ့ကို သီလရှင် ဝတ်ခိုင်းရမယ်။ သီလရှင်ဘဝနဲ့ သာသနာ့ဘောင်ထဲ ခြောက်လခန့် နေလိုက်ရင် သိုက်ကြိုးပြတ်တောက် သွားမယ်။ သာသနာ့ဘောင်ထဲရှိနေတုန်း ဟိုဥဿလင်းမြို့စားဟောင်း လာမနှောင့်ယှက်နိုင်အောင် အစီအမံတွေတော့ ဆရာကြီးလုပ်ပေးသွားမယ်'

သီလရှင် ဝတ်ရမယ်ဆို၍ သုံးယောက်စလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။ စောသူဇာက အစ်မမျက်နှာကို ဖြတ်ခနဲ လှမ်းကြည့်သည်။ ကိုစိန်ထွန်းအောင်က ဘယ်လိုလဲ ဟူသော သဘောနှင့် သူ့မိန်းမကို မေးထိုးပြသည်။ ဆရာကြီးက ဆေးတံကို မီးညှိပြီး ဖွာနေလေသည်။

'သီလရှင် မဝတ်ဘဲ တခြားနည်းတွေနဲ့ လုပ်လို့ မဖြစ်ဘူးလားဆရာကြီး

www.burmeseclassic.com

ကျွန်မမှာက အလုပ်က တစ်ဖက်၊ ကလေးတွေကလဲ များတယ်ဆိုတော့...'

စောသူဇာ စကားမဆုံးခင် ဆရာကြီးက လက်ကာပြပြီး...

'မဖြစ်နိုင်ဘူး။ တခြားနည်းလမ်းနဲ့ ဘယ်လိုမှ မဖြစ်နိုင်ဘူး။ ဒီသိုက်နန်းက ပုဂ္ဂိုလ်တွေက နည်းနည်းနောနော ပုဂ္ဂိုလ်တွေ မဟုတ်ဘူး။ ဥဿလင်းမြို့စားဟောင်း ကိုယ်တိုင်ပါတယ်။ သူ့သားတော် သမီးတော်တွေလဲ ပါတယ်။ အခြွေအရံအသင်းအပင်းတွေလဲ ပါတယ်ဆိုတော့ အထင်သေးလို့ မရဘူး။ အုံနဲ့ ကျင်းနဲ့ ဖြစ်နေတာကိုး။

အေးပေါ့ကွယ် ကလေးမတို့ အချိန်ယူပြီး စဉ်းစားကြပေါ့။ ဆရာကြီး အစီအမံကို လက်ခံမယ်ဆိုရင် နောက်တစ်ကြိမ် လာပင့်လို့ ရတာပဲကွယ်'

ဆရာကြီး လွယ်အိတ်ကို ကောက်လွယ်ပြီး ထွက်ခွာသွားသည်။ သူတို့ သုံးယောက်နှင့် မလုံလောက်တော့ပါ။

ဆွေမျိုးသားချင်းတွေနှင့်ပါ ဆွေးနွေး တိုင်ပင်ကြလေသည်။

နောက်ဆုံးတွင် သီလရှင်ဝတ်ရန် သဘောတူသဖြင့် ဆရာကြီးကို ပင့်ဖိတ်ပြီး လိုအပ်သည်များကို ဆောင်ရွက်ခဲ့ကြလေသည်။

သီလရှင်ဝတ်သည့် ညတွင်ပင် မြို့စားဟောင်းက အိပ်မက်ပေးလေသည်။

'နှမတော် ရက်စက်တယ်ကွယ်။ သိပ်ရက်စက်တယ်။ နှမတော်ဟာ မောင်တော်ကို သစ်စိမ်းချိုး ချိုးရက်တယ်နော်။ မောင်တော်ရဲ့ မေတ္တာတရားဟာ ဘယ်လောက်ထိဟာ နက်ရှိုင်းတယ်ဆိုတာ နှစ်ပရိစ္ဆေဒ ကြာညောင်းခဲ့ပေမယ့် နည်းနည်းလေးမှ လျော့မသွားဘူးဆိုတာ မောင်တော် ရဲရဲတုံ့တုံ့ အာမခံတယ်။

မောင်တော်ရဲ့ မေတ္တာ နှောင်ကြိုးကို မဖြတ်



တောက်ပါနဲ့ကွယ်။ သီလရှင်ဘဝကို စွန့်လိုက်နော်။ ကမ္ဘာတည်သရွေ့ နှမတော်အပေါ် ထားရှိတဲ့ မောင်တော်ရဲ့ ချစ်ခြင်းမေတ္တာဟာ တည်နေမှာပါ။ လူသေပေမယ့် အချစ်မသေဘူး ဆိုတာ ယုံပါနှမတော်ရယ်၊ ပြန်လာခဲ့ပါနော်'

သီလရှင် ခေမာစာရီ(စောသူဇာ) သည် အိပ်မက်ကြောင့် လန့်ဖျပ်သွားလေသည်။ အိပ်မက်ထဲတွင် ညှိုးငယ်နေသော သူ့ပုံရိပ်ကို ကောင်းမွန်စွာ မြင်တွေ့ခဲ့ရသည်။

ယင်းသို့ပင် ညတိုင်းလိုလို သီလရှင်ဘဝကို စွန့်လွှတ်ဖို့ အိပ်မက်ပေးနေလေသည်။ ခေမာစာရီမှာ တဖြည်းဖြည်း ကြောက်လန့်လာလေသည်။

အခြား တစ်ဖက်တွင်လည်း ယောက်ျားဖြစ်သူ စိန်ထွန်းအောင်၏ စီးပွားရေးမှ ဖွား(ဒီရေ)တက်သလို တက်နေရာမှ ဖွား(ဒီရေ)ကျသလို ကျဆင်းနေလေသည်။ နောက်ဆုံး မွဲပြာကျသည့်အဆင့်သို့ ရောက်ရှိလေသည်။ အံ့ဩစရာ မကောင်းပါလား။

စီးပွားရေး ကျဆင်းလာသည်က တစ်ကြောင်း၊ ညတိုင်းလိုလို ချစ်သူဟောင်းက အိပ်မက်လာပေးနေသဖြင့် ကြောက်လန့်လာသည်က တစ်ကြောင်း သီလရှင်ဘဝကို ခြောက်လ မပြည့်ခင်ကပင် စွန့်လွှတ်ပြီး လူ့ဘဝသို့ ပြန်လည် ကူးပြောင်းခဲ့သည်။

တိုက်ဆိုင်ခြင်းလား၊ ချစ်သူဟောင်း၏ ကျေညီဖေးမမှုကြောင့်လား တပ်အပ်သေချာ မပြောနိုင်ပါ။ ကျဆင်းနေသော စောသူဇာတို့၏ စီးပွားရေးမှာလည်း နေ့ချင်းညချင်း ပြန်လည် တိုးတက်လာခဲ့လေသည်။

မိန်းမအပေါ်တွင် သံသယ ဝင်ပြီး မခံချိမခံသာဖြစ်သော ကိုစိန်ထွန်းအောင်က တစ်နေ့တွင် ဒေါသအိုး ပေါက်ကွဲကာ...

'ဟေ့ ဥစ္စာစောင့်မ နင့်ကို ငါမယုံတော့ဘူး နင် သီလရှင်ဝတ်တော့ ငါ့စီးပွားရေး အဆင် သည်မရအောင် ကျဆင်းသွားတယ်။ နင်ပြန် လာတော့ စီးပွားရေးက ပြန်တက်လာတယ်။ နင့်ကို ရွှေထုပ်ပေးသွားတာ ဥဿလင်း မြို့စားဟောင်းဆိုတဲ့ သရဲလား။ ဒါမှမဟုတ် ရင် တစ်ယောက်ယောက်နဲ့ ဖောက်ပြန် အဖိုးအခရတာများလား။ နင့်ကို ငါကွာမယ် ရှင်းမယ်ကွ။ နင်နဲ့ငါ အတူမနေချင်တော့ဘူး လူကြီးစုံရာနဲ့ ကွာရှင်းမယ်ကွ'

* * *

မြသူဇာသည် ဇာတ်လမ်းရှည်ကြီး တစ်ပုဒ်ကို ပြောအပြီးတွင် မောဟိုက် သွားလေသည်။ ကော်ဖီတစ်ကျိုက် သောက်ရင်း ကျွန်တော့်ကို အကဲခတ် ကာ...

'အဖြစ်ကတော့ ဒါပါပဲ အစ်ကို မောင်။ သူ့ယောက်ျားက ကွာမယ် ရှင်းမယ်လုပ်နေလို့ စောသူဇာကတော့ မျက်ရည်နဲ့ မျက်ခွက်ပါပဲ။ မြသူဇာ မနည်းတောင်းပန်ထားလို့ ခုထိတော့ ကွာရှင်းမှု မရှိသေးဘူး။ ဆက်ပြီး ဘယ်လို လုပ်သင့်တယ်ဆိုတာ အစ်ကို မောင့်ဆီက အကြံဉာဏ် လိုချင်တယ်'

'တကယ်အံ့ဩစရာပဲနော်။ သူဇာ ပြောလို့သာ အစ်ကိုမောင် ယုံတာပါ။ တခြား တစ်ယောက်ယောက်ဆိုရင် ယုံရခက်ကြီးပဲ။ ဘယ်လို ဆက်လုပ် သင့်တယ်ဆိုတာ ပြောရခက်တာပဲ



www.burmeseclassic.com

www.burmeseclassic.com

နော်။

နေပါဦး မရှင်းတာ တစ်ခုရှိသေးလို့ အခု ကော မြို့စားဟောင်းဆိုတဲ့ လူက လာသေး လို့လား’

**‘လာနေတာမေ့၊ ပုံနှိပ်အတိုင်းပဲ။ သူ့ သောက်ရှား၊ ထေါ်သတို့ ပေါက်ကွဲတာလဲ ဒီကြောင့်ပဲမေ့’**

‘ဟူး မလွယ်ပါလား’

ဟူ၍သာ ကျွန်တော် ညည်းညူမိ၏။ ကျွန်တော်သည် အတန်ကြာ စဉ်းစား ပြီးနောက်…

‘ဒီလိုလုပ်ရင် မကောင်းဘူးလား’

‘ပြောပါ အစ်ကိုမောင်’

မြသူဇာက အဖန်ရည်ခွက်များတွင် အဖန်ရည် ငှဲ့ထည့်ပြီး လက်ဖက်သုပ် ပန်းကန်ကို ကျွန်တော့်ဘက် ရွှေ့ပေး စဉ် သူ့လက်ချောင်းများမှ စိန်လက်စွပ် အရောင်မှာ တဖိတ်ဖိတ် တောက်ပ သွားသည်။

‘မြေမသေ တုတ်မကျိုး ဘာသိဘာသာ ဒီအတိုင်းနေသွားမယ်။ စီးပွားညွှာလဲ တိုးပွား နေတာပဲ’

**‘သူ့ယောက်ျားသေသွားလို့ ကြီးတွေး လာနေတာက ပြဿနာပဲ’**

‘အင်း သူ့ဘက်က တွေးရင်လဲ အပြစ်မဆိုသာဘူး။ ဒီလိုလုပ်ပါလား။ အစ်ကိုမောင်လဲ ဒီမှာ အနည်းဆုံး တစ်လ၊ နှစ်လလောက်တော့ ရှိနေမှာ ပဲ။ အချိန်ယူ စဉ်းစားခွင့်ပေးပါ။ အကြံ ကောင်းဉာဏ်ကောင်း ရလိုရငြားပေါ့။ လောလောဆယ်တော့ ဒီပြဿနာကို ခေတ္တဆိုင်းငံ့ထားရအောင်’

‘အေးလေ။ လောလောဆယ်ဆယ် မဖြေရှင်းနိုင်သေးတော့ ဆိုင်းငံ့ထား တာက အသင့်တော်ဆုံးပဲပေါ့’

ကျွန်တော်လည်း ဘာအဆုံးအဖြတ် အကြံဉာဏ်မျှ မပေးနိုင်ဘဲ ဆိုင်းငံ့ အဖြစ် ထားရှိပြီး ဆက်လက်လေ့လာ စောင့်ကြည့် သွားရန် သဘောတူညီမှု



ရရှိခဲ့လေသည်။ လက်ဖက်သုပ်စား လိုက်၊ အဖန်ရည်သောက်လိုက်နှင့် ကျွန်တော်တို့ စကားဝိုင်းမှာ အတန် ကြာ တိတ်ဆိတ်သွားလေသည်။

နှစ်ယောက်စလုံးတွင် အတွေး ကိုယ်စီ ရှိကြပေလိမ့်မည်။ အတိတ် သည် အဝေးကြီးတွင် ကျန်ရစ်ခဲ့လေ ပြီ။ ရင်ထဲတွင် ဝေဒနာကိုယ်စီရှိနိုင် သော်လည်း အချိန်ဆိုသော သမား တော်ကြီးက ကုသမှု ပေးနိုင်ခဲ့လေပြီ။ သို့သော်လည်း အနာတစ်ခုတွင် အမာ ရွတ်တစ်ခု ရှိစမြဲပင် မဟုတ်ပါလား။ အတန်ကြာ တိတ်ဆိတ်နေမှုကို ကျွန်တော်ကပင် စတင်၍ ဖောက်လိုက် မိပါသည်။

‘အင်း စောသူဇာအကြောင်းတော့ တော်တော် ပြည့်ပြည့်စုံစုံ သိသွားပြီ။ မြသူဇာအကြောင်းကို သိချင်သေး တယ်’

ကျွန်တော့်စကားကြောင့် မြသူဇာ ရှက်ပြုံးပြုံးသည်။ မျက်စောင်း တစ်ချက် ပစ်လွှတ်ရင်း…

‘ဟင်း အစ်ကိုမောင်နော် သူများ စိတ်ညစ်နေရတဲ့အထဲ’

‘တစ်ယောက်တည်းလား မေးတာ သူဇာ ဘယ်လိုဖြေမလဲ’

‘မစနဲ့နော်။ သူက ပြောအား ရှိတာ ကိုး။ သူဇာစိတ်ဆိုးလိုက်မယ် သိလား’

သူ့မျက်နှာပေါ်တွင် အပြုံးရိပ်တစ်ခု ဖြတ်သန်းသွားသည်။

ရှက်ပြုံးလား သရော်ပြုံးလား အား ငယ်ပြုံးလား ကျွန်တော် အသေအချာ မသိနိုင်ပါ။ ခမ်းနားစွာ တည်ခင်းကျွေးမွေး သော မြသူဇာ၏ ညနေစာ ထမင်းကို စားသောက်ပြီး သူတို့သားအမိကို ကျွန်တော် နှုတ်ဆက်ပြန်လာချိန်တွင် ည(၁၀)နာရီ ထိုးသွားလေပြီ။

အိမ်ပေါ်မှ ဆင်းသည်နှင့် ကျောက် တော်ဆောင်း၏ နှုတ်ဆက်မှုကြောင့် တစ်ကိုယ်လုံး အေးစိမ့်သွားသည်။ ပတ် ဝန်းကျင်တစ်ခုလုံး အမှောင်ဖုံးနေလေ ပြီ။ ပုရစ်မြည်သံမှ တစ်ပါး တစ်မြို့လုံး တိတ်ဆိတ်နေလေပြီ။

‘ကျွန်ုပ်ကာမြို့ ပိုင်းပြုမှုရှိ ဆောင်းလရာသီ။ ချမ်းအီး လှပါသည်၊ မောင့်ရင်မှာ အပူမီး မအီးပါလေပြီ။

သူသိ စိချင်ပါသည်၊ ချစ်ကြိုးမကျိုပါလီ။ ပြော် ချစ်ကြိုး မကျိုပါလီ၊ သူသိစိချင် ပါသည်’

ဆောင်းည အမှောင်ထုကို ထွင်း ဖောက်၍ အဝေးမှ လွှင့်ပျံလာသော ရခိုင်တေးသံကြောင့် ကျွန်တော့်ခြေ လှမ်းများ တုံ့ခနဲ ရပ်သွားသည်။ ကျွန်တော့်ရင်ထဲသို့ ဝေဒနာ လျှပ်စီး ကြောင်းများ စီးဝင်သွားလေသည်။

မှတ်ချက်

၁။ ဖြစ်ရပ်မှန် ဇာတ်လမ်း တစ်ပုဒ် ဖြစ်သည်။

၂။ နာမည်နှင့်နေရပ်ကို လွှဲပြောင်း ထားသည်။

**အနောက်သား**
***(စစ်တွေ)***



www.burmeseclassic.com

www.burmeseclassic.com

# ပွေး အရွက်



**နှည်းမခတ်**

လူ၏ ကိုယ်ခန္ဓာ၌ ပေါက်လေ့ပေါက်ထရှိသော ယားနာအမျိုးမျိုး ရှိပါသည်။ ထိုအထဲတွင် ပွေးလည်း တစ်ခုအပါအဝင် ဖြစ်ပါသည်။ ပွေးသည် အရေပြားရောဂါတစ်မျိုး ဖြစ်သည်။ ပွေးပေါက်လာပြီလျှင် အလွန်ယားယံလာကာ မရှက်နိုင်၊ မကြောက်နိုင် လက်သည်းဖြင့်ကုတ်ခြစ်ရပါတော့သည်။

ထိုသို့ လက်သည်းများဖြင့် ကုတ်ခြစ်ပါက ပို၍ နေရာအနှံ့ အဝိုင်းလိုက်၊ အကွင်းလိုက် တိုးပွားလာပါသည်။ ထိုအခါ အလွန်စိတ်ညစ်ရပါတော့သည်။ ထိုပွေးအန္တရာယ်မှ ကင်းဝေးအောင် စာရေးသူ၏ အဘွားဖြစ်သူမှ စာရေးသူအား ဂါထာတစ်ပုဒ် ပေးခဲ့ပါသည်။ ထိုဂါထာမှာ...

'ဦ သံလှ သံလှ မဟာသံလှ သွားဟာ'

ဤဂါထာဖြင့် ပွေးကိုင်း(မဲဇလီ)ရွက် (၇)ရွက်ကို အချောဘက်ကို အပေါ်သို့ (ပက်လက်)ထားပြီး တစ်ရွက်ချင်း အရင်းနှင့် အဖျား ပြောင်းပြန် ထပ်စီရမည်။ ပြီးလျှင် အလယ်ပိုင်းမှ ခေါက်ချိုးလိုက်ရမည်။ နောက်ဘေးနှစ်ဖက်ကို အတွင်းသို့ ကျစ်ကျစ်ပါအောင် လိပ်သွင်းရမည်။ ပြီးလျှင် အစွန်းတစ်ဖက်(ဂါထာစုတ်မည့်ဘက်)ကို အနည်းငယ် လှီးဖြတ်ပစ်ရမည်။

ထို့နောက် ဓားဖြင့်လှီးဖြတ်ထားသောဘက်ကို အပေါ်သို့ထားပြီး လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ကာ အထက်ပါဂါထာဖြင့် (၇)ခေါက်စုတ်ရမည်။ ဂါထာတစ်ခေါက် စုတ်မန်းပြီးလျှင် တံတွေး တစ်ခါထွေးရမည်။ ပြီးလျှင် ပွေးပေါက်နေသူ၏ ပွေးကွက်များ အပေါ်သို့ ဂါထာစုတ်မန်းထားသောဘက်ဖြင့် နာနာပွတ်တိုက်ပေးရမည်။ အစေးများ၊ သွေးများ စို့ထွက်လာသည်အထိ ခပ်နာနာ ဖိတိုက်ရပါမည်။

ပြီးလျှင် ထိုပွေးရွက်လိပ်ကို အဝေးတစ်နေရာသို့ လွှင့်ပစ်လိုက်ရမည်။ တစ်ပတ်အတွင်း၌ အနာဖေးများ ကွာကျသွားပြီးလျှင် ပျောက်ကင်းသွားပါလိမ့်မည်။

ထိုနည်းသည် စာရေးသူ၏ အဘွားမှ ပေးခဲ့သောနည်း ဖြစ်ပါသည်။ စာရေးသူကိုယ်တိုင်လည်း လက်တွေ့ပြုလုပ်ပြီး အခြားသူများကိုလည်း ယနေ့တိုင် မန်းပေးလျက် ရှိပါသည်။

ထို့ကြောင့် နက္ခတ္တရောင်ခြည် မဂ္ဂဇင်းစာရှုသူများလည်းအထက်ပါနည်းကို ပွေးပေါက်နေပါက အသုံးပြုကြည့်ပါရန် အကြံပြု တင်ပြလိုက်ရပါသည်။

*ကျန်းမာ ချမ်းသာကြပါစေ။*

**ပန်ကြားချက် ။ ။ ဤအကြောင်းအရာအား မရှင်းမလင်း ဖြစ်နေသူများ စာရေးသူထံသို့ စာဖြင့်သော်လည်းကောင်း၊ လူကိုယ်တိုင် လာရောက်၍သော် လည်းကောင်း ဆွေးနွေးမေးမြန်းနိုင်ပါသည်။**

***ဤဂါထာအား ပေးခဲ့သော စာရေးသူ၏ အဘွား(ကွယ်လွန်)အား ဤစာစုဖြင့် ဂါရဝပြုပါ၏။***

ဦးကေလာသ
နေပြည်တော် ပျဉ်းမနား
*(မြို့လယ်ကျောင်း)*

**နယ်မှ စာဖတ်ပရိသတ်များသို့...**

မိမိတို့ဒေသတွင်
အစိုးရစာပို့တိုက်များနှင့်
ဆက်သွယ်၍ ရပါက
နက္ခတ္တရောင်ခြည်မဂ္ဂဇင်းအား
မှာယူနိုင်ပါသည်။
တန်ဖိုးပေးချေယူစနစ်ဖြင့်
မှာကြားနိုင်ပါသည်။
နက္ခတ္တရောင်ခြည် မဂ္ဂဇင်း
တစ်အုပ်လျှင် ၂၃၀၀/ကျပ်
(နှစ်ထောင့်သုံးရာကျပ်နှုန်းဖြင့်)
မိမိတို့
လက်ဝယ် အရောက်
ပို့ဆောင်ပေးပါမည်။
(၃)လ၊ (၆)လ၊ (၉)လ
(၁၂)လ စသည့်
မိမိလိုသောလကို
ရေးသား၍
မှာကြားနိုင်ပါသည်။

မှာကြားရန်လိပ်စာ...

**နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတိုက်**
အမှတ် ၂၄၄၊ (၂၉)လမ်း
ပန်းဘဲတန်းစာတိုက်၊
ရန်ကုန်မြို့၊
ဖုန်း-၀၁ ၂၄၂[illegible]



www.burmeseclassic.com

www.burmeseclassic.com





မြကြာသေင်း

လွမ်းရပါသော်ကော

# နှလုံးသားထဲက နန်းယီဆိုင်ကော်(၁)

ကျွန်တော့်အဖေ၏ နှမဝမ်းကွဲတစ်ဦးမှာ နတ်ကတော်ဖြစ်၏။ နတ်ကတော် ဆိုသော်လည်း သူများတကာလို နန်းထိန်းမျိုး၊ တောင်ပြုန်းပြန်လိုမျိုး ထည်ထည်ဝါဝါ မဟုတ်ရှာပါ။ သာမန် တောအရပ်သုံး နတ်ကတော်တစ်ဦးသာ ဖြစ်၏။ ကျွန်တော်တို့ ဇာတိရွာနှင့် (၁၀)မိုင်လောက်ဝေးသော ကျူတောအင်းရွာလေးမှာ မိသားစုနှင့် အတူနေ၏။

ကျွန်တော် အလယ်တန်းကျောင်းသားအရွယ်လောက်က တစ်နေ့တွင် ကျွန်တော့်အစ်ကိုနှင့် ကျွန်တော့်အဖေက ထိုနတ်ကတော် ကျွန်တော့်အဒေါ်ထံ အလည်သွားကြ၏။

ကျွန်တော့်အဖေနှင့် အစ်ကိုတို့ ထိုအဒေါ်အိမ်တွင် ရှိနေစဉ် ကျွန်တော့်အဖေ့ဘက်မှ ရိုးရာနတ်တစ်ပါးက အဒေါ်ကို ဝင်ပူးသည်ဆို၏။

ထိုနတ်၏ အမည်မှာ နန်းယီဆိုင်ကော်ဖြစ်၍ နန်းယီဆိုင်ကော်နတ်က ကျွန်တော့်အဖေကို ဗမာလိုရော ရှမ်းလိုပါ စကားတွေပြော၍ ဆုတွေ ဘာတွေပင် ပေးသွားလိုက်သေးကြောင်း ကျွန်တော့်အစ်ကိုက ကျွန်တော့်ကို တိတိကျကျပင် ဖောက်သည်ချ ပြန်ပြောခဲ့ဖူး၏။

ဆယ်ကျော်သက်သာသာ အရွယ်မျှသာ ရှိသေးသော ကျွန်တော်သည် ထိုအချိန်ကာလက ကျွန်တော့်အစ်ကို ပြောပြသော နန်းယီဆိုင်ကော် အကြောင်းကို ထူးထူးခြားခြား စိတ်ဝင်စားမှု မဖြစ်ခဲ့ပါ။

ဤဖြစ်ရပ်မျိုးမှာ ကျွန်တော့်အရွယ် နုနယ်သေးသော အတွေ့အကြုံဖြင့် လက်လှမ်းမမီ နားလည်သဘောပေါက်နိုင်ခြင်းလည်း မရှိသော ကိစ္စဖြစ်၍ ကျွန်တော်နှင့်မဆိုင် နောက်နောင်ပတ်သက်စရာလည်း အလျှင်းရှိမည် မဟုတ်ဟု ပေါ့ပေါ့တန်တန်ပင် တွေးကာ မေ့မေ့ပျောက်ပျောက် နေလိုက်၏။

သို့သော် ထိုအချိန်မှစ၍ နောင်နှစ်အနည်းငယ်ကြာသော် ယင်း နန်းယီဆိုင်ကော်၏ ဇာတိမြေကိုပင် နိုင်ငံ့ဝန်ထမ်းဘဝဖြင့် ခြေချခွင့် ကြုံခဲ့ရရုံမက နန်းယီဆိုင်ကော်၏ ရာဇဝင်ကို





www.burmeseclassic.com

www.burmeseclassic.com

အကုန်အစင် သိခဲ့ရပါသည်။

ထို့ပြင် နန်းယီဆိုင်ကော်၏ ဖြူစင်မြင့်မြတ်လှသော နှလုံးသားအစုံကိုလည်း လေးစားမြတ်နိုးခွင့်ပင် ရရှိခဲ့လေရာ ထိုအချိန်မှစ၍ လောကတွင် မမြင်အပ်သော ဓာတ်ဆက်၊ နတ်ဆက်၊ ပဋ္ဌာန်းဆက်ဟူသည် အမှန်ပင်ရှိကြောင်း ကျွန်တော် သဘောပေါက်နားလည်ခွင့်လွှတ်ခဲ့ရလေသည်။

* * *

၁၉၈၀ ပြည့်လွန်နှစ်များက ကျွန်တော်သည် နိုင်ငံ့ဝန်ထမ်းကျောင်းဆရာဘဝဖြင့် ရှမ်းပြည်နယ်တွင် တာဝန်ကျ၏။ တာဝန်ကျသော မြို့နယ်ကား ရှမ်းပြည်နယ်တောင်ပိုင်း လင်းခေးနှင့် မိုင်းတုံမြို့ကြားက မိုင်းပန်မြို့ကလေးပင်ဖြစ်၏။

မိုင်းပန်မြို့မှာ ပင်လယ်ရေမျက်နှာပြင်အထက် (၂၂၂၁)ပေအမြင့်တွင်ရှိ၍ အပူအအေး မျှတလျက် လွန်စွာမှ သာယာလှပ နေချင့်စဖွယ် ကောင်းလှသော မြို့ကလေးတစ်မြို့ပင် ဖြစ်၏။

မြို့ကို စတင် ဝင်ကတည်းက ညီညာဖြောင့်တန်းနေသော မြို့အဝင်လမ်းကလေးက မြို့အလှကို စတင်မိတ်ဆက်ပေးလိုက်သကဲ့သို့ပင် ရှိ၏။

မြို့ပတ်ဝန်းကျင် ဝဲယာတွင် မြင့်မားမတ်စောက်သော တောင်တန်းမြင့်ကြီးများ၊ ထင်းရှူးတောအုပ်များနှင့်အတူ မြူနှင်းတို့ အမြဲတစေ ဝေ့ဝဲရစ်သိုင်းနေတတ်သော တောစဉ်တောင်တန်းများ...

မြို့အရှေ့ဘက်တွင် တစ်မြို့လုံးကို စိုးမိုး၍ ထီးထီးမားမား တည်ရှိနေသော မြစိမ်းတောင်ကြီး၏ အလှအပများက ကျွန်တော် မည်သည့်အခါမှ မေ့ပျောက်မသွားနိုင်သော မိုင်းပန်မြို့၏ အလှအပများပင်ဖြစ်၏။



မြို့ခံလူထုမှာ ရှမ်းတိုင်းရင်းသားအများစုဖြစ်၍ မိမိတို့လူမျိုး၏ ရိုးရာဓလေ့စရိုက် မူဟန်တို့ကို မတိမ်မကောမပျက်စီးရလေအောင် စည်းလုံးညီညွတ်စွာဖြင့် အစဉ်တစိုက် ထိန်းသိမ်းထားနိုင်၏။

ရှမ်းတိုင်းရင်းသားတို့၏ ကိုယ်ပိုင်ရိုးရာယဉ်ကျေးမှုမှာ ရတနာမြတ်သုံးပါး၏ အဆုံးအမကို အခြေခံသော ဗုဒ္ဓဘာသာ ယဉ်ကျေးမှုပင်ဖြစ်ရာ မြို့သူမြို့သားတို့မှာ အရာရာတွင် ယဉ်ကျေးသိမ်မွေ့လျက် စိတ်အနေ မြင့်မြတ်ကြ၏။

**"တစ်မူးရလို့ တစ်ပဲလှူ တို့ရှမ်းတောင်သူ တူနိုင်ရိုးလား"** ဟူသော စာဆိုနှင့်အညီ အလှူရေစက် လက်နှင့်မကွာ လှူရေးတန်းရေးတွင် လက်မနှေးကြသူများ ဖြစ်ကြ၏။

အခါကြီးရက်ကြီးများတွင် ဘုရားကျောင်းကန်များ၌ မြို့လုံးကျွတ်၊ ရွာလုံးကျွတ်နီးပါး သီတင်းသီလ ဆောက်တည်ကြသည့် မြင်ကွင်းမှာ ဘာသာသာသနာအတွက် လွန်စွာမှ အားရကျေနပ်ဖွယ် ကောင်းလှ၏။

ဒီမှုမကသေး ဝါတွင်းဝါပ ကာလများတွင် မြို့တော်ရှင်နတ်ကွန်း၊ ရွာတော်ရှင်နတ်ကွန်းတို့၌ ဗလိနတ်စာပွဲများကို ခြိမ့်ခြိမ့်သဲသဲ ကျင်းပလိုက်ကြ[illegible] သေး၏။

ဝါလကင်းလွတ် သီတင်းကျွတ်[illegible] တွင် ဘိုးဘွားမိဘတို့ကို ယဉ်ရှယ်[illegible] တို့က တစ်အိမ်တက်ဆင်း လှည့်လည်[illegible] ပူဇော်ကြသဖြင့် မြို့၏ လမ်းကြီးလမ်း[illegible] ငယ် အသွယ်သွယ်တွင် ပျားပန်းခပ်မျ[illegible] တပျော်တပါး သွားလာလှုပ်ရှား[illegible] စည်ကားနေကြပုံမှာ တွေ့မြင်ရ[illegible] တိုင်းက ကြည်နူးချမ်းမြေ့စရာ သာ[illegible] ခေါ်စရာ ကောင်းလှပါ၏။

ဤကဲ့သို့ သာယာလှပသော အ[illegible] အခါသမယမျိုး၌ မြို့၏ လမ်း[illegible] လမ်းငယ်အသွယ်သွယ်တို့၌ ရပ်ကွ[illegible] အလိုက် အိုးစည်ဗုံမောင်းသံ တည်[illegible] ဖြင့် တစ်အိမ်တက်ဆင်း ခေါက်ယာ[illegible] လှည့်လည်လှူဒါန်းသည့် မြင်ကွင်း[illegible] နေ့တစ်ရပ မမြင်ချင် မတွေ့ချင်[illegible] အဆုံးပင်ဖြစ်၏။

ထို့ပြင် နှစ်စဉ် တန်ဆောင်မုန်း[illegible] လပြည့်နေ့၌ မြို့နယ်လုံးကျွတ် သံဃာ[illegible] တော်အရှင်သူမြတ်များအား ဆွမ်းဆ[illegible] စိမ်းလောင်းလှူပွဲနှင့် စုပေါင်းဘုံကထိ[illegible] များမှာလည်း မိုင်းပန်တစ်မြို့နယ်လုံး[illegible] အစည်ကားဆုံး ဘာသာရေးပွဲတော်[illegible] ကြီးများပင်ဖြစ်၏။

မိုင်းပန်မြို့သူမြို့သားတို့မှာ ဘာသာ[illegible]





www.burmeseclassic.com

www.burmeseclassic.com

သာသနာ အရေးကို ဤမျှ စိတ်ဝင်တစား တက်တက်ကြွကြွ ရှိနေကြခြင်းမှာ ရှေးခေတ် အဆက်ဆက်ကတည်းက သာသနာ့အာဇာနည် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်များ မျိုးစေ့ချ ပျိုးထောင်ပေးထားခဲ့သော ဘာသာရေး အခြေခံကောင်းများကြောင့်ပင် ဖြစ်ပါ၏။



မိုင်းပန်မြို့အနောက်ဘက်က လွိုင်နွဲ့ရွာအနီးမှာ မိုက်ညုရွာကလေးရှိ၏။ ထိုမိုက်ညုရွာကလေးတွင် သေးငယ်လှသော ကျေးရွာနှင့် မလိုက်အောင်ပင် ကမ္ဘဌာန်းရိပ်သာကျောင်း အဆောင်အဆောင် အခန်းခန်းတို့ဖြင့် ခမ်းနားထည်ဝါစွာ တည်ရှိနေသော သထုံမူလမင်းကွန်းဇေတဝန် ကမ္မဌာန်းကျောင်းတိုက်ကြီးကား မိုင်းပန်မြို့နယ်၏ သာသနာရေးကို မယိမ်းမယိုင် မပြိုမလဲရအောင် အဓိကနေရာမှ ကျားကန် ထောက်ပင့်ပေးထားသော နေရာထူးနေရာမြတ်ကြီးပင် ဖြစ်၏။

ယင်း ကမ္မဌာန်းကျောင်းတိုက်ကြီးမှာပင် သံသရာဝဋ်ဆင်းရဲကို ထိတ်လန့်ကြောက်ရွံ့ကြကုန်သော သူတော်စင်သူတော်ကောင်းတို့ တရားဘာဝနာ မပြတ်စီးဖြန်းရာ ရက်ရှည် တရားစခန်းပွဲများဖြင့် ဆယ့်နှစ်ရာသီ ပြတ်လတ်သည် မရှိ။

တရားစခန်းဝင်နေကြသော ယောဂီသူတော်စင်အပေါင်းတို့ကို ဆွမ်းဝတ်ပြုဝေယျာဝစ္စ ဆောင်ရွက်ရင်း ကုသိုလ်ယူနေကြသည့် မြို့သူမြို့သားများဖြင့် အမြဲမပြတ် စည်ကားနေတတ်သည့် မြင်ကွင်းမှာ မိုင်းပန် မြို့သူမြို့သားများ၏ ဗုဒ္ဓသာသနာတော်ကို ကြည်ညိုလေးစားမှု သရုပ်မှန်မြင်ကွင်းပင် ဖြစ်၏။

ယင်းကဲ့သို့ ရတနာသုံးပါး၏ အဆုံးအမကို ခံယူ၍ လက်တွေ့ကျင့်သုံးနိုင်ကြသဖြင့် မြို့ပင် ငယ်သော်လည်း မိုင်းပန်မြို့၏ ဂုဏ်သိန်က သိမ်သိမ်နုပ်နုပ် မဟုတ်ခဲ့။

စာပေပရိယတ္တိနှင့် ဉာဏ်ပညာအရာတွင် ထူးချွန်ထက်မြက်လှသဖြင့် ပဥ္စမသင်္ဂါယနာတင် မင်းတုန်းမင်းတရားကြီးကိုယ်တိုင်က သားအမှတ်ဖြင့် မြှောက်စားချီးမြှင့်ခြင်း ခံခဲ့ရသော စဝ်ကောလီအမည်ရှိ ရှမ်းပညာရှိတစ်ဦးသည် မိုင်းပန်မြို့ နားအိမ်ရွာကလေးက ထွက်ပေါ်ခဲ့ဖူး၏။

**ထို့ပြင် မြန်မာနိုင်ငံ ဂျာဂီလောက ထွက်ရပ်ဆိုက် ဗိမ္မာဆိုင်ရာစာရင်းတွင် မပါလျှင် မပြီးသည့် ဆံ့ရည်ကိုယ်တော်သည်လည်း ဤမိုင်းပန်ဒေသတွင်ပင် ဖြစ် ၏။**

စင်စစ်အားဖြင့် ဤမိုင်းပန်မြို့ကလေးသည် တတိယမြန်မာနိုင်ငံကို တည်ထောင်သူ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျကိုယ်တိုင် အောင်ဓာတ်ဆင် ပန္နက်ချ၍ တည်ထားခဲ့သော ကောင်းမှုတော်စေတီများ စုဝေးရာ **ရာဇအောင်မြေစစ်စစ်ပင်** ဖြစ်ပါသည်။

မိုင်းပန်မြို့၏ ကောင်းခြင်းအဖြာဖြာနှင့် ပြည့်စုံလှသော ဂုဏ်ပုဒ်များကို ကျွန်တော် ထုတ်ဖော်ချီးမွမ်းရလျှင် ကုန်နိုင်ဖွယ်ပင် မမြင်မိပါ။

မိုင်းပန်မြို့တွင် ကျွန်တော် နောက်ထပ် အမွှမ်းတင် ချီးမွမ်းစရာ ဂုဏ်ပုဒ်တစ်ခုလည်း ရှိပါသေးသည်။ ဤကား အခြားမဟုတ်။ မိုင်းပန်မြို့သူများ၏ အချောအလှ ဂုဏ်သတင်းပင်ဖြစ်၏။

**"ရှမ်းပြည်နယ်မှာ အပျိုချော သီပေါနဲ့မိုင်းပန်"** ဟူသည့် စာဆိုအမှန်ပင်ရှိ၏။ ရှမ်းပြည်နယ်မြောက်ပိုင်းက သီပေါမြို့ကို ကျွန်တော် မရောက်ဘူး။ မနေဘူးသဖြင့် သီပေါမြို့သူများ၏ အလှအပကို ကျွန်တော် သေသေချာချာ မမြင်ဘူးပါ။

သို့သော် ရှမ်းပြည်နယ်က မြို့အတော်များများကို ကျွန်တော် သွားလာလည်ပတ်ရင်း ရောက်ရှိခဲ့ဖူးရာ ကျွန်တော် တွေ့ဖူးသမျှ မြို့သူထဲမှာ မိုင်းပန်မြို့သူများသာ အလှဆုံးဖြစ်ကြောင်း ကျွန်တော့်ကိုယ်တွေ့ အမှန်ပင် ဖြစ်ပါ၏။

စာပေများထဲတွင် ခဏခဏ တွေ့ရသော မိန်းမချော မိန်းမလှတစ်ဦး၏ ကောင်းခြင်းငါးဖြာဂုဏ်ကို ကျွန်တော် ယခု အသက်အရွယ်အထိ မိုင်းပန်မြို့သူများတွင်သာ တွေ့ဖူး၏။

မိုင်းပန်မြို့သူများ အဘယ်မှ လှသနည်းဟု ဆိုလျှင် ကျွန်တော် ငယ်ရွယ်သူတို့ သဘာဝ စိတ်ကူးယဉ်ကောင်းဆဲ ထိုအချိန်က နတ်ပြည်မှ နတ်သမီးအလှပဂေးများကို အတွေးထဲမှာ ပုံဖော်ကြည်နူးလိုသော် နတ်သမီးကလေးများ နေရာတွင် မိုင်းပန်မြို့သူများကို ခိုင်းနိုင်းအစားထိုး၍ စိတ်ကူးယဉ် ပုံဖော်ကြည်နူးခဲ့ရဖူးပါ၏။

ထို့ကြောင့် မိုင်းပန်မြို့ကိုသည်း



www.burmeseclassic.com

www.burmeseclassic.com

နတ်ဘုံနတ်နန်းနှင့် တင်စားခဲ့ပါလျှင် ကျွန်တော် လွန်အံ့မထင်ပါ။ ရှမ်းပြည်နယ်တစ်ခုလုံးတွင် မိုင်းပန်မြို့သူများ အလှဆုံးဆိုသည့် မှတ်ချက်မှာ ကျွန်တော် တစ်ဦးတည်းကသာ မဟုတ်။ မိုင်းပန်မြို့သို့ ရောက်ဖူးသူတိုင်းက တညီတညွတ်တည်း ချမှတ်ခဲ့ကြသည့် မှတ်ချက်စကားပင် ဖြစ်ပါ၏။



ဤကဲ့သို့ အလှအပမျိုးစုံတို့ဖြင့် ဘက်ပေါင်းစုံမှ ပြည့်စုံလျက် နေချင့်စဖွယ် မိုင်းပန်မြို့ကလေးကို ကျွန်တော် ရောက်ရှိချိန်က ယခုကဲ့သို့ နယ်မြေအေးချမ်းသာယာမှု အပြည့်အဝ မရှိသေးပါ။ မြို့နှင့် အလှမ်းဝေးသော ကျေးလက်တောရွာ အချို့ဆိုလျှင် အညိုရောင်နယ်မြေအဆင့်သာ ရှိသေး၏။

သို့သော်ငြား မြို့ခံလူထု၏ နွေးထွေးသော မေတ္တာ၊ ပျူငှာကျေပွန်သော ဧည့်ဝတ်တို့ကြားတွင် ကျွန်တော်တို့ ဧည့်သည် ကျောင်းဆရာတစ်စုမှာ ဘေးဘယာရန်စဟူ၍ မြူမျှမရှိ။

ပကတိအေးချမ်းလျက် စိတ်ရှိလက်ရှိ ပျော်ချင်သလောက်ပျော်။ လွတ်လပ်ချင်တိုင်း လွပ်လပ်ခဲ့ကြရသည်မှာ မိုင်းပန်မြို့သူမြို့သားတို့၏ ဆပ်မကုန်နိုင်သော ကျေးဇူးကြောင့်ပင် ဖြစ်ပါသည်။

တစ်ယောက်ကျေးဇူး တစ်ဦးမေတ္တာဟူသော စကားနှင့်အညီ ကျောင်းဖွင့်ရာသီ တစ်ချိန်လုံး မိုင်းပန်မြို့နယ်၏ ပညာရေး ဖွံ့ဖြိုးတိုးတက်အောင် အပင်ပန်းခံလျက် မနေမနား ကြိုးစားဆောင်ရွက်ခဲ့ကြရသည်။

ထိုထို ကျွန်တော်တို့ ကျောင်းဆရာအုပ်စုထဲမှ ကျွန်တော် အပါအဝင် ဆရာအချို့ကား လွတ်လပ်အေးချမ်းလှသော ဤမိုင်းပန်မြို့ကလေးကို စွဲလမ်း သံယောဇဉ်ပိုလျက် နွေရာသီကျောင်းပိတ်ချိန် ရောက်သော်မှ ကိုယ့်ဇာတိမြို့သို့ ကိုယ်မပြန်နိုင်ကြ။

စာသင်ချိန် တစ်နှစ်တာလုံး ပင်ပန်းခဲ့သမျှ အတိုးချပြီး မိုင်းပန်မှာပဲ ဆက်ပျော်ကောင်းတုန်း ရှင်ကောင်းတုန်း ဖြစ်၏။

လေရှူးခပ်ပြင်းပြင်း အဝေ့တွင် ပင်စုံထက်မှ ရော်ရွက်ဝါတို့ သဲသဲလှုပ်လှုပ် ကြွေနေကြချိန် လွမ်းမောဆွေးမြည့်ဖွယ် ကောင်းလှသော မိုင်းပန်နွေည ညဥ့်လွှာရုံအောက်မှာ အဖော်သူငယ်ချင်းတစ်ယောက် အကော်ဒီယံတစ်လက်နှင့်အတူ မြို့နယ်လမ်းတစ်လျှောက် တေးကျူးခဲ့ရသော လွတ်လပ်အေးချမ်းလှသည့် ဘဝကို ကျွန်တော် ယခုတိုင် မမေ့။

ထိုစဉ်က မြို့ပတ်ပတ်လည် တောင်တန်းကြီးတွေပေါ်မှာ လှပညီညာစွာ စီတန်းလောင်ကျွမ်းနေကြသော တောမီးရောင်များနှင့် ညဥ့်လယ်သန်းခေါင်ထိတိုင် တစ်ရံမလပ် ကြားနေရသော ဥဩငှက်သံတို့ကို ယခုထိ မြင်ယောင်ကြားယောင်ဆဲပင် ဖြစ်ပါ၏။

ဤမိုင်းပန်မြို့ကလေးကား ရှေးပဝေသဏီ သမိုင်းမတင်မီခေတ်ကပင် ရှေးဦးလူသားတို့ အခြေချ နေထိုင်ခဲ့ကြသည့် ဒေသဖြစ်သည့် အားလျော်စွာ ဂမ္ဘီရဆန်သော ထူးထူးခြားခြား ဖြစ်ရပ်တွေ အများအပြားပင် ရှိခဲ့၏။

ဤဖြစ်ရပ်ဆန်းတို့ကိုလည်းကျွန်တော် စာစီညွှန်းဖွဲ့ ရေးသားရလျှင် ကုန်နိုင်မည် မထင်။ မိုင်းပန်တစ်မြို့လုံးကို စီးမိုး နေရာယူထားသော မြစိမ်းတောင်ကြီးကား တစ်မြို့လုံး အထွတ်အမြတ်ထား တောင်မင်းထွတ်ချာ မြသေလာကြီးပင် ဖြစ်ပါ၏။

နယ်မြေ မငြိမ်းချမ်းသေးခင် တစ်ခေတ်တစ်ခါက တောခိုသောင်းကျန်းသူတို့သည် ဤမြစိမ်းတောင်ထက်တွင်ရှိသော တပ်မတော် တပ်စခန်းကို ညအခါ အလစ်အငိုက်ဝင်ရောက် တိုက်ခိုက်ရန် ကြံစည်ခဲ့ကြသည်။

ထိုစဉ်က ဤမျှ ပေပေါင်းများစွာ မြင့်မား၍ အဓိကရ ကြီးမားလှသော မြစိမ်းတောင်ကြီးတစ်ခုလုံး သောင်းကျန်းသူတို့ မြင်ကွင်းမှ ပျောက်ကွယ်နေပြီး တပ်စခန်းကို ရှာမတွေ့သဖြင့် အကြံအစည် အထမမြောက်ဘဲ လက်လျှော့ ပြန်သွားကြရသည်ဆို၏။

သီတင်းကျွတ်လပြည့် ညအခါတိုင်း ထိုမြစိမ်းတောင်ကြီးပေါ်တွင် တည်ထားသော စေတီတော်ကို မိုင်းပန်တစ်မြို့လုံးတက်၍ ဆီမီး၊ ပန်း ကပ်လှူကြသော အစဉ်အလာရှိ၏။

ဤမြစိမ်းတောင်ကြီးနှင့် ပတ်သက်သော ဒဏ္ဍာရီဖြစ်ရပ်ဆန်းများကို မြို့သူမြို့သားတိုင်း ခရစေ့တွင်းကျ ရှင်းပြပြောပြနိုင်ကြ၏။

မြစိမ်းတောင်ထိပ်ရှိ စေတီတော် အနီးမှ ကျောက်လိုဏ်ခေါင်းကြီးသည်

www.burmeseclassic.com

ထိုင်း(ယိုးဒယား) နိုင်ငံအထိ ခရီးပေါက်သည်ဟု ရှေးလူတို့ ပြောစမှတ်တွင်ခဲ့ဖူး၏။

ရှေးအခါက လပြည့်ညတိုင်း ဤမြစ်မ်းတောင်ထက်ဆီမှ ပျံသန်းထွက်ပေါ်လာတတ်သော နတ်မြင်းပျံတစ်စီးအကြောင်းကို မိုင်းပန်မြို့သူမြို့သား အားလုံး ကလေးကအစ ကြားဖူးနားဝ ရှိပြီးသား ဖြစ်ကြ၏။

ထိုနတ်မြင်းပျံ ဆင်းသက် အစာစားသည့် နေရာကိုပင် ကိုယ်တိုင် ကြုံတွေ့သိရှိဖူးလိုက်သူ မိုင်းပန်မြို့သား အဘိုး၊ အဘွားများ အချို့ပင် ရှိခဲ့ဖူး၏။

ဤဖြစ်ရပ်ကို တကယ့်ဖြစ်ရပ်ဟု မြို့သူမြို့သား အားလုံးက ယုံကြည်လက်ခံဖြင့်ကြသဖြင့် မိုင်းပန်–တောင်ကြီး မော်တော်ယာဉ်လိုင်း သင်္ကေတတံဆိပ်ကိုပင် မြစိမ်းတောင်ကြီးနောက်ခံဖြင့် နတ်မြင်းပျံ ပျံသန်းနေဟန်သရုပ်ဖော် ရေးဆွဲ၍ ဂုဏ်ပြုသတ်မှတ်ခဲ့ကြ၏။

ယင်းကဲ့သို့ ဖြစ်ရပ်ဆန်းတွေ ထူးထူးခြားခြား ပေါများလှသော မိုင်းပန်မြို့မှာ မိုင်းပန်မြို့သားများနှင့် လက်ပွန်းတတီး ရင်းနှီးဆက်ဆံခဲ့ရသော ကျွန်တော့်မှာ တန်ခိုးဂုဏ်သတင်း ထူးခြားကျော်စောလှသော နတ်ဒေဝီတစ်ပါးဖြစ်သည့် နန်းယီဆိုင်ကော်မင်းသမီးလေး၏ ဘဝဇာတ်ကြောင်းကို အချိန်တိုအတွင်း သိရှိနားလည် ခံစားခဲ့ရသည်မှာ အဆန်းမဟုတ်တော့ပါ။

ထိုစဉ်က ကျွန်တော် တာဝန်ကျသော ကျေးရွာမှာ မိုင်းပန်မြို့နှင့် သိပ်မဝေးလှ။ ထို့ကြောင့် ကျွန်တော်နှင့် တစ်ကျောင်းတည်း တာဝန်ကျသည့် နယ်ခံရှမ်းတိုင်းရင်းသူ ဆရာမလေးတွေက စက်ဘီးကိုယ်စီဖြင့် မြို့နှင့် အသွားအပြန် ကျောင်းတက်ကြသည်။



သို့သော် ရှာပတ်ဝန်းကျင်တစ်ခုက တောင်ညိုညိုတွေထက် မိုးသားတိမ်လိပ်တွေ ပြည့်နှက်နေတတ်သည့် မိုးစွေရက်တွေမှာ ဝါးလုံးထိုး ကျဆင်းလာတတ်သည့် တောင်ကျချောင်းရေတွေကြောင့် မြို့နှင့် အဆက်အသွယ်ပြုသည့် လမ်းက တံတားတွေမှာ ရေတွေကျော်ပြီး လမ်းပိတ်နေတတ်၏။

ထိုအခါ ဆရာမလေးများမှာ မြို့မပြန်နိုင်တော့ဘဲ တာဝန်ကျသည့် ကျေးရွာမှာပင် တည်းခိုညအိပ်ကြရသည်။ ရွာနီးချုပ်စပ်က ကျေးရွာတွေမှာ တာဝန်ကျသည့် ဆရာမလေးတွေကလည်း ကျွန်တော့်ကျောင်းမှ ဆရာမများနှင့် ကျောင်းအတူသွား အတူပြန်ခင်မင်ရင်းနှီးနေကြသဖြင့် ကျွန်တော်တို့ အိမ်မှာပင် တည်းခိုကြရာ တစ်စုတစ်ဝေး တပျော်တပါးကြီး ဖြစ်သွားတော့၏။

ထိုအခါ တစ်ဦးတည်းသော ဆရာဖြစ်သည့် ကျွန်တော့်မှာ စားရေးသောက်ရေးအတွက် ဘာမှ ပင်ပင်ပန်းပန်း လုပ်ကိုင်စရာ မလိုတော့ဘဲ နှမငယ် ဆရာမလေးများ အသင့် ချက်ပြုတ်ခူးခပ်ကျွေးမွေးသော ထမင်းဟင်းများကို အရန်သင့်စားသောက်ပြီး အိမ်ဦးခန်းဘုရားကျောင်းရှေ့မှာ တင်ပျဉ်ခွေထိုင်နေရုံသာဖြစ်၏။

ထို့နောက် ညမှောင်ရီပျိုးသည်နှင့် ကျွန်တော့်အနားသို့ ဝိုင်းအုံလာတတ်သော နှမငယ် ဆရာမလေးများကို ကျွန်တော့်ဇာတိဒေသ ပြည်မမှ ဗဟုသုတအထွေထွေကို ကျွန်တော်က လူတတ်ကြီးလုပ်ပြီး ဖောက်သည်ချ ပြောပြရတော့၏။

နှမငယ် ဆရာမလေးများမှာ မိမိတို့ကိုယ်တိုင် မရောက်ဘူးသော ဒေသမှ မကြုံဘူးသော ထူးခြားဆန်းကြယ်လှသည့် အကြောင်းအရာများကို မျက်လုံးကလေးများ အဝိုင်းသားဖြင့် စိတ်ဝင်တစား နားထောင်ကြရှာ၏။

ဤသို့ဖြင့် ရက်ပေါင်းများစွာကြာသော် ကျွန်တော့်မှာ နှမငယ် ဆရာမလေး ပြောပြစရာ အကြောင်းအရာ ကုန်သွားပြီး နှုတ်ဆိတ်ငြိမ်သက်သွားလေတော့သည်။

ထိုအခါကျမှ ကျွန်တော့်ရွာအရှေ့ဘက်က ကျောင်းတစ်ကျောင်းမှာ တာဝန်ကျသည့် ဆရာမလေး နန်းသီတာက သူတို့ မိုင်းပန်မြို့တစ်မြို့လုံး စွဲလမ်းယုံကြည်ကိုးစားကြသော နန်းယီဆိုင်ကော် မင်းသမီးလေး၏ ရာဇဝင်ဇာတ်ကြောင်းကို တစ်ဖန်တစ်လှည့်တာဝန်ယူ၍ ဖွဲ့ဖွဲ့နွဲ့နွဲ့ ပြောပြ၏။

နှမငယ် ဆရာမလေး နန်းသီတာ ပြောပြသော နန်းယီဆိုင်ကော်မင်းသမီးလေး၏ ရာဇဝင်ကြောင်းကို ကျွန်တော် တတ်နိုင်သမျှ စာစီခြယ်မှုန်းရေးသားရသော်...

* * *

ရွှေလ ဆက်ဖတ်ပါရန်

မြတ်သဇင်ဦး

www.burmeseclassic.com

တစ္ဆေ၊ သရဲ၊ ပြိတ္တာ အစရှိသော ပရလောကသားတို့ရဲ့ ခြောက်လှန့်ခြင်းတွေကို ဘုရားဟော ကျမ်းဂန်တွေထဲမှာ တွေ့ရှိခဲ့ဖူးသလို ရှေးလူကြီးတွေ ပြောတာလဲ ကြားခဲ့ဖူးပါတယ်။ ယုံလဲ ယုံကြည်ခဲ့ပါတယ်။ ညအချိန်မတော်တွေမှာ ဖြူဖြူမည်းမည်းသဏ္ဍာန်တွေနဲ့ ခြောက်လှန့်တတ်သလို ချီးချီးချွတ် ချွတ်အသံတွေ၊ အပုပ်နံ့တွေ ပေးတာမျိုးကို စာရေးသူကိုယ်တိုင် ကြုံတွေ့ခဲ့ဖူးသလို လူအတော်များများလဲ ကြုံတွေ့ဖူးကြတာမို့ သိပ်တော့လဲ မဆန်းပါဘူး။

ဒါဟာ သရဲခြောက်ခြင်းဖြစ်သလို စိတ်ချောက်ချားခြင်းလဲ ဖြစ်နိုင်ပါတယ်။ ဥပမာအားဖြင့် သရဲကြောက်နေတဲ့ လူတစ်ယောက်ရဲ့ နားထဲကို သစ်ကိုင်းကျိုးသံ၊ တိရစ္ဆာန်တစ်ကောင်ရဲ့ခြေသံ ဝင်ရောက်လာခဲ့ရင် ဒါဟာ သရဲခြောက်တယ်လို့ ယူဆသွားခြင်းဟာ စိတ်ချောက်ချားခြင်းသာ ဖြစ်ပါတယ်။

ယခု စာရေးသူ တင်ပြချင်တာက ဟို လွန်ခဲ့တဲ့ ဆယ်နှစ်ပိုင်းက တွေ့ကြုံခဲ့တဲ့ ဖြစ်ရပ်ကလေးပါ။ ပြောပြရင်တောင် မယုံနိုင်လောက်တဲ့ ဖြစ်ရပ်လေးမို့ စာရေးသူလဲ ဘယ်သူ့ကိုမှ ပြောမပြခဲ့ပါဘူး။ ဒီ ထူးဆန်းအံ့သြဖွယ်ရာကောင်းတဲ့ ဖြစ်ရပ်ကလေးကို အခြားလူတစ်ယောက်က လာပြောရင်တောင် ပုံပြင်တစ်ခုလို့ ထင်မိမှာပါ။ ဒီ အံ့သြဖွယ်ရာ ဖြစ်ရပ်ကလေးနဲ့အတူ တစ်ဆက်တည်းမှာပဲ ပရိတ်တရားရဲ့ အစွမ်းကိုပါ ယုံကြည်ခဲ့ရပါတယ်။

*    *    *

ခရစ်နှစ်အားဖြင့် **၁၉၉၉ ခုနှစ်၊**



ရင်ခွင်ဦး
(ဟသာတ)

ညတာရှည်ခဲ့သော

# တစ္ဆေကောင်

**ဟင်္သာတမြို့နဲ့ လေးမိုင်ကွာဝေးတဲ့ ရွာငယ်လေးရဲ့ ဘုန်းတော်ကြီးကျောင်းမှာ** စာရေးသူ ကိုရင်ဘဝနဲ့ သဒ္ဒါ၊ သင်္ဂြိုဟ် စတဲ့ ပရိယတ္တိစာပေကို လေ့လာသင်ကြားရင်း နေထိုင်ခဲ့တယ်။

အဲဒီကျောင်းမှာ နေထိုင်ကြသူတိုင်းက ဒီကျောင်းပရိဝုဏ်အတွင်းမှာ သရဲအလွန်ခြောက်ကြောင်း ခဏခဏ ပြောကြတယ်။ နောက်ဆုံး ဘယ်နေ… ဘယ်အပင်မှာ ဘယ်လိုသရဲကြီး … တယ်ဆိုတဲ့ အကြောင်းကအစ … သေချာချာကို ပြောပြတာ။ စာရေး… ကိုယ်တိုင် ကြုံတွေ့ခဲ့ရတဲ့ ပုံစံ… ပြောပြရင်တောင် မနည်းပါဘူး။ … အထဲမှာမှ အထူးဆန်းဆုံးနဲ့ … ဖွယ်အကောင်းဆုံးသော … ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေ့မနက်ပိုင်းမှာ ရွာထဲက ဦးကျင်ဆိုသော လူကြီးက သူ့သားလေးကို ကျောင်းဝင်ကျောင်းသားအဖြစ်နဲ့ ဆရာတော့်ဆီမှာ လာအပ်တယ်။ ကောင်လေးက အသက်အားဖြင့် (၁၃)နှစ်ခန့်တော့ ရှိမယ်ထင်ပါတယ်။

ကျောင်းသားလေးအပ်ပြီး နေ့လယ်ပိုင်းမှာ ဆရာတော်က မုဒုံကို ကြွသွားတယ်။ ကျောင်းမှာ ဦးပဥ္စင်း၊ ကိုရင်နဲ့ ကျောင်းသားတွေပဲ ကျန်ခဲ့တယ်။ စာရေးသူတို့ကတော့ မူလတန်းဖြေဆိုမယ့် ကိုရင်ကြီးတွေပေါ့။

ဒီလိုနဲ့ ညအချိန်ရောက်တော့ ထုံးစံအတိုင်း ဘုရားဝတ်တက်ကြပြီးတော့ ဦးပဥ္စင်းတွေက သူတို့အခန်းထဲမှာ စာကျက်၊ စာရေးသူတို့ ကိုရင်ကြီးတွေက အခန်းအပြင်မှာ ဘက်ထရီမီးလေး ထွန်းပြီး စာကျက်၊ ကိုရင်ငယ်လေးတွေနဲ့ ကျောင်းသားလေးတွေက ဘက်ထရီမီးနဲ့ မလှမ်းမကမ်းမှာ တန်းစီအိပ်ကြတယ်။

မအိပ်ခင်အချိန်မှာ ကလေးအချင်းချင်း ရောက်တတ်ရာရာ စကားတွေ ပြောနေကြတာပေါ့။ အဲဒီအချိန်မှာပဲ မနက်က ကျောင်းသားအဖြစ်လာအပ်တဲ့ ဝင်းဇော်ဦးဆိုတဲ့ ကောင်လေးရဲ့ နဖူးကို ဒေါက်ခနဲ လာခေါက်ပါလေရော။ ကောင်လေးကတော့ သူတို့အချင်းချင်း စ,တယ်ထင်ပြီး ဆဲတာပေါ့။

သိပ်မကြာပါဘူး နောက် သုံးမိနစ်ခန့်အကြာမှာ နောက်တစ်ချက် လာခေါက်ပြန်လေရော၊ အဲဒီမှာတင် ကောင်လေးက ဦးပဥ္စင်းကို လှမ်းတိုင်တယ်။ ဦးပဥ္စင်းကလဲ ဘုမသိဘမသိဘဲ အခန်းထဲကနေ မာန်လိုက်တယ်။

"အရိုက်ခံချင်လို့လား၊ မစနဲ့၊ အကုန်အိပ်ကြ"ပေါ့။ စာရေးသူတို့လဲ သူတို့အမြဲဒီလိုဖြစ်နေကျမို့ လှည့်တောင် မကြည့်ဖြစ်ပါဘူး။ သရဲခြောက်တယ်ဆိုရအောင်လဲ ကိုရင်ကြီးတွေ၊ ဦးပဥ္စင်းတွေ ရှိနေတဲ့အပြင် ဘက်ထရီမီးက ထွန်းထားသေးတယ်။ အဲဒါကြောင့် ဒါဟာ သရဲခြောက်တာပဲဆိုပြီး ဘယ်သူမှ မကြောက်ကြဘူးပေါ့။

အဲဒီလိုနဲ့ ခဏအကြာမှာပဲ "အောင်မလေး ဦးပဥ္စင်းရေ၊ လုပ်ပါဦး သရဲ သရဲ"ဆိုပြီး လန့်အော်သံကို ဦးပဥ္စင်းတွေအပါအဝင် စာရေးသူတို့ပါ ကြားလိုက်ရတယ်။ အားလုံးကလဲ တစ်ပြိုင်နက်ဆိုသလို မတိုင်ပင်ပါဘဲ ကျောင်းသားလေးအနားကို ရောက်သွားကြတယ်။

ဦးပဥ္စင်းတစ်ပါးက "ဟိတ်ကောင် ဝင်းဇော်ဦး ဘာဖြစ်တာလဲ"ဆိုတော့ ကျောင်းသားလေးက အထိတ်တလန့်ပုံစံနဲ့...

"ဟို ဟို တပည့်တော်နဖူးကို လာခေါက်လို့ လက်ကို ဖမ်းဆွဲလိုက်တာ၊ လက်မှာ အမွေးတွေနဲ့ သရဲ သရဲ"

"ဟာ ဒီကောင်တော့ ပေါက်တတ်ကရတွေ ဘာသရဲမှ မရှိဘူး။ အိပ်အိပ် စကားမပြောနဲ့"

ဦးပဥ္စင်းကပြောတော့ ကျောင်းသားလေးလဲ ဘာမှဆင်ခြေမပေးဘဲ လှဲအိပ်လိုက်တယ်။

"ကဲ မင်းတို့ ကိုရင်ကြီးတွေလဲ ရှစ်နာရီထိုးပြီ၊ အိပ်တော့"

အဲဒီလို ဦးပဥ္စင်းက ပြောနေတုန်းမှာပဲ...

"ဒေါက်"

"အား"

"အောင်မလေး ဦးပဥ္စင်း ခေါက်ပြန်ပြီ"

ဒီတစ်ကြိမ်မှာတော့ ဒေါက်ခနဲဆိုတဲ့ အသံကို အားလုံးကြားလိုက်ရတာမို့ "ဟာ ဟင်"ဆိုတဲ့ အာမေဋိတ်သံတွေ ကလွဲပြီး ဘာမှ မပြောတတ်တော့ဘူး။ သူ့ကြည့်ကိုယ့်ကြည့်နဲ့ အားလုံး ကြောင်တက်တက် ဖြစ်သွားကြတယ်။

နောက် သုံးမိနစ်ခန့်အကြာမှာ ဒေါက်ခနဲဆို တစ်ချက်ထပ်ခေါက်ပြန်တယ်။ ဟုတ်ပြီ သရဲခြောက်တာလို့ ဘယ်သူမှ ပြောစရာမလိုဘဲ အားလုံး အလိုလို သိသွားကြတယ်။

"လာ လာ ငါ့အခန်းထဲခေါ်ခဲ့"

ဆိုပြီး ဦးပဥ္စင်းက ကျောင်းသား လေးကို သူ့ခုတင်ပေါ် တင်သိပ်လိုက်တယ်။ အခန်းထဲမှာက ဖယောင်းတိုင်မီးတွေ ထွန်းထားတယ်။ အိပ်နေကြတဲ့ ကိုရင်အချို့ကလွဲပြီး အားလုံး အခန်းထဲရှိ ကျောင်းသားလေးဘေးမှာ ဝိုင်းအုံနေကြတယ်။

ဒါပေမယ့်လဲ သရဲကတော့ ဒေါက်ခနဲ ခေါက်မြဲပါပဲ။ နောက်တော့ ကျောင်းသားလေးကို အလယ်မှာ သိပ်ပြီး ဦးပညာဝန္တနဲ့ ဦးဇာဂရက ကျောင်းသားလေးရဲ့ ဘယ်ညာတစ်ဖက်စီမှာ ပက်လက်အနေအထားနဲ့ လှဲအိပ်ရင်း ခြင်ထောင်ကို ချလိုက်တယ်။

ခဏအကြာမှာ ဦးပညာဝန္တရဲ့ ရင်ဘတ်ပေါ် လက်တစ်ဖက်လာစမ်းတာကိုတွေ့ရတယ်။ ဦးပညာဝန္တလဲ လန့်



www.burmeseclassic.com

www.burmeseclassic.com

ပြီး ရိုက်မိရိုက်ရာ ဖြတ်ရိုက်ချလိုက်တယ်။ ဝုန်းဆိုတဲ့ အသံနဲ့အတူ ကျောင်းသားလေးရဲ့နဖူးကို သရဲကလဲ ဒေါက်ခနဲဆိုပြီး ခေါက်လိုက်ပြန်ရော၊ အဲဒါနဲ့ ဦးပညာဝန္တက ကျောင်းသားလေးရဲ့နဖူးကို လက်နဲ့အုပ်ထားလိုက်တယ်။

လက်နဲ့အုပ်ချိန်မှာ သရဲက ခေါက်ဖို့ လက်နဲ့ရွယ်ထားတယ် ထင်ပါရဲ့ လက်လွှတ်လွှတ်ချင်းပဲ ဒေါက်ခနဲဆို ခေါက်လိုက်ပြန်ရော။ သရဲမကြောက်တတ်တဲ့ စာရေးသူကိုယ်တိုင်လဲ ခေါင်းနားပန်း ကြီးရပါပြီ။ နာရီကြည့်လိုက်တော့ ညဆယ်နာရီတောင်ထိုးပြီ။

အဲဒီနောက်မှာ ဦးပညာဝန္တက တစ်မျိုးကြံပြန်တယ်။

"ထေရိန္ဒ မင်းက ခုတင်အောက်ကို ဝင်၊ ဣန္ဒာစာရက အပေါ်တက်၊ ဒီသရဲ ခေါက်ရင် ခေါင်းရင်းကပဲ ခေါက်မှာ ငါလက်လွှတ်လို့ ခေါက်တာနဲ့ ဆွဲမိဆွဲရာ ဆွဲဖက်လိုက်"

လို့ ပြောတော့ ဦးဣန္ဒာစာရနဲ့ စာရေးသူတို့လဲ နေရာယူကြတာပေါ့။ ဦးပညာဝန္တကတော့ ကျောင်းသားလေးနဖူးကို လက်နဲ့အုပ်ထားတယ်။ **(ထေရိန္ဒဆိုတာ စာရေးသူရဲ့ ဘွဲ့အမည်)**

"နေရာယူပြီးပြီလား ပြီးရင် ငါလွှတ်လိုက်မယ်"

"မှန်ပါ့ လွှတ်လို့ရပြီ"

ဆိုတော့ ဦးပညာဝန္တက လွှတ်လိုက်တယ်။ သရဲက သူ့ကိုဖမ်းမယ်သိလို့ မခေါက်ဘူးတော့ မထင်နဲ့ ဒေါက်ခနဲဆို ခေါက်လိုက်တယ်။ စာရေးသူတို့ကလဲ ဘာရမလဲ မမိ,မိရာ ဆွဲဖမ်းလိုက်တာပေါ့။ စာရေးသူလက်ထဲတော့ ဘာမှပါမလာပါဘူး။ အပေါ်က ဆွဲဖမ်းတဲ့ ဦးဣန္ဒာစာရလက်ထဲကိုတော့ ဘုရားခန်းက ဘုရားပန်းအိုးကြီး ပါ



လာတယ်။ ဘာမှ မမြင်ရဘဲ ရမ်းပြီးဖမ်းကြတာကို သရဲကြောက်ရတဲ့အထဲ ရယ်စရာက ဖြစ်သွားတော့ ဗိုင်းရယ်လိုက်ကြရသေးတယ်။

ကဲ သရဲကို ဘယ်လိုထောင်ချောက်မျိုးနဲ့ ဖမ်းမလဲ၊ အားလုံးမှာလဲ အကြံကကုန်ပြီ။ ကျောင်းသားလေးမှာလဲ မတက်တာ ကံကောင်းလို့ဆိုရမယ်။ အဲဒီတော့မှ ဦးပညာဝန္တက ဦးမြသန်းဆိုတဲ့လူကို သတိရပြီး...

"ထေရိန္ဒ မင်း ငါနဲ့လိုက်ခဲ့ ဒကာကြီး ဦးမြသန်းကို သွားခေါ်ရအောင်"

"မှန်ပါ့ သွားလေ"

* * *

စာရေးသူနဲ့ ဦးပညာဝန္တ ဦးမြသန်းကို သွားခေါ်ကြတယ်။ ဦးမြသန်းအိမ်ကို ကျောင်းကနေ ဆယ်မိနစ်လောက် လျှောက်ရင် ရောက်တယ်။

အဲဒီ ဦးမြသန်းဆိုတဲ့လူက ဗလကောင်းကောင်းနဲ့ မြင်ရင် ရှိန်လောက်စရာပေါ့။ သူနဲ့ကြုံတိုင်း သရဲအကြောင်း ခဏခဏ ပြောတယ်။ တစ်ခါကဆို သူ ညဘက်အိမ်အပြန်မှာ ပုတ်တောင်းလောက်ရှိတဲ့ မည်းမည်းသဏ္ဍာန်ကြီးက လမ်းပိတ်ပြီး ရပ်နေသတဲ့။ သူက...

"ငါ့ကို လမ်းဖယ်ပေး၊ မပေးရင် လက်ထဲမှာ ဓားပါတယ်"

လို့ပြောတော့ အဲဒီအကောင်ကြီးက တုတ်တုတ်မျှ မလှုပ်ဘူးတဲ့။ ဦးမြသန်းကလဲ ပြောမရတဲ့အဆုံး ဓားနဲ့ပြေးပိုင်းလိုက်တာ အဲဒီမည်းမည်းကြီး ပျောက်သွားတယ်တဲ့။

အဲဒီလို အတွေ့အကြုံရှိတဲ့လူမို့ စာရေးသူတို့ကလဲ အားကိုးတကြီး သွားခေါ်တာ၊ အိမ်ရောက်တော့ ဦးမြသန်းကို ဖြစ်ပျက်သမျှအလုံးစုံကို ပြောပြတယ်။ အဲဒီလိုပြောပြတော့ ဦးမြသန်းနဲ့ သူ့မိသားစုအားလုံးက ဟာသတစ်ပုဒ်နားထောင်ရသလို ဗိုင်းရယ်ကြတယ်။

ပြီးတော့ ဘာပြောတယ်မှတ်လဲ...

"ဦးပဥ္စင်းကလဲ ကြံကြံဖန်ဖန် ပြောတတ်တယ်။ သရဲက အဲဒီလိုကြီးတော့ ခြောက်မလား"

တဲ့။

"သရဲဆိုတာ ဘယ်တော့မှ အကြာကြီး မခြောက်ဘူး"တဲ့။

ကဲ စာရေးသူတို့ လာပြောတဲ့လူက ပဲ အရှုံးလုံးလုံးကြီးဖြစ်ပြီး...

"ဘယ်လိုပဲဖြစ်ဖြစ် ဦးလေး ကျောင်းကိုတော့ ခဏလိုက်ခဲ့ပါ။ ရောက်ရင် ဟုတ်မဟုတ်ဆိုတာ ကြည့် ပေါ့။ အပြန်ကို ကျွန်တော်တို့ လိုက် ပါမယ်"

ခဏခဏပြောတော့မှ ဦးမြသ လိုက်လာခဲ့တယ်။

"ဖြစ်တော့မဖြစ်နိုင်ဘူး ဦးပဥ္စင်း ကိုရင်တွေအချင်းချင်း နောက်တာ နေမှာပါ"

"ဦးလေးရယ် ဒီထက်တော့လဲ မပြောတတ်တော့ဘူး။ ဒါပေမယ့် ကိုရင်တွေအချင်းချင်း ခေါက်တာ မဟုတ်တာတော့ သေချာတယ်။ ရောက်မှ ကြည့်ပေါ့"

* * *



စာမျက်နှာ (၂၆၄)

www.burmeseclassic.com

သူရဿတီမယ်တော်နှင့် စပ်လျဉ်းသော သီဖွယ်၊ မှတ်ဖွယ်၊ ဗဟုသုတဖွယ်အကြောင်းခြင်းရာများကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှာ စာရေးဆရာတော်တော်များများ၊ ဆောင်းပါးရှင်တော်တော်များများ ရေးသားတင်ပြထားကြ၏။ ဖတ်ရှုရပါသည်။

စာရေးသူ၏ အယူအဆ အတွေ့အကြုံ၊ ထူးခြားမှု၊ ဆန်းကြယ်မှု၊ အံ့သြဖွယ်ကောင်းမှုများကို တစ်မျိုးစီ တစ်မျိုးစီ ဖတ်ရှုမှတ်သားရသည့်အတွက် စာပေဗဟုသုတ အတွေ့အကြုံမှာ အနှစ်သာရ ခံစားရပေသည်။

သူရဿတီမယ်တော်နှင့် ပတ်သက်၍ ထင်မြင်ယူဆချက် အမျိုးမျိုး ရှိနေကြ၏။ တချို့ကမူ သူရဿတီမယ်တော် တကယ်ရှိ၏။ တချို့ကလည်း သူရဿတီ ဆိုသည်မှာ ပညတ်နာမတစ်ခုအနေဖြင့်သာ ခေါ်ဝေါ်သတ်မှတ်ခြင်းဖြစ်သည်။ ပုဂ္ဂိုလ်စင်စစ် သက်ရှိထင်ရှားမရှိဟု ဆိုကြ၏။

မည်သို့ပင်ဆိုစေ သူရဿတီမယ်တော် တကယ်ရှိသည်၊ မရှိသည်ကိုမူ ကျွန်တော့်အနေဖြင့် မရှင်းလင်းလိုပါ။ ကျွန်တော်ကိုယ်တိုင် မြင်တွေ့ခဲ့ဖူးသည့် အဖြစ်သနစ် အကြောင်းခြင်းရာကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာဖတ်ပရိသတ်များအား စာပေဗဟုသုတ စာပေအသိအမြင် ဖြစ်စေခြင်းငှာ ရေးသားတင်ပြပါသည်။

တကယ်မြင်ဖူးခဲ့သည့် ထကယ့်အတွေ့အကြုံကို အမှန်အတိုင်း ရေးသားတင်ပြခြင်း ဖြစ်ပေသည်။

---

### ပထမအကြိမ် တွေ့ဆုံဖူးခြင်း

---

လွန်ခဲ့သော (၇)နှစ်ခန့်က ဖြစ်၏။ တစ်နေ့မှာ ကျွန်တော်၏အိမ်သို့ မိတ်ဆွေ ဖနီးမောင်နှံ ဦးအောင်ကြီးနှင့်



ကလေးဘ

ကျွန်တော် မြင်တွေ့ဖူးသော

# သူရဿတီ မယ်တော်ကြီး (၁)

ဒေါ်အုန်းကြည်တို့ ရောက်လာကြသည်။

ဒေါ်အုန်းကြည် ဆိုသူမှာ သူတို့နေသော အေပီစီ ကျောက်ပုံဆိပ်ကမ်းရပ်ကွက်တွင် ဆရာမကြီးဒေါ်အုန်းကြည်အဖြစ် လူသိများသူဖြစ်၏။

အမှန်အားဖြင့် ဒေါ်အုန်းကြည်သည် ထမင်းဆိုင်ရောင်း၍ အသက်မွေးဝမ်းကျောင်းပြုသူဖြစ်သည်။ ဒေါ်အုန်းကြည်က မိမိဆိုင်တွင် လာရောက် စားသုံးကြသူ ဧည့်သည့်များကို အထူးစေတနာကာ ကောင်းကောင်းမွန်မွန် ချက်ပြုတ်ကျွေးမွေး၏။ ဈေးနှုန်းကိုလည်း မတန်တဆ လောဘတက်၍ မယူပေ။ သင့်လျော်သမျှယူ၍ မျှမျှတတ စိတ်ကောင်းထားလျက် ရောင်းဝယ် လုပ်ကိုင်စားသောက်သူဖြစ်သည်။

**ပုတီးစိပ်ခြင်း၊ သက်သတ်လွတ် အဓိဋ္ဌာန် ဆောက်တည်ခြင်း၊ ရံဖန်ရံခါ ကိုးပါးသီလ ဆောက်တည်၍ အဓိဋ္ဌာန်ဝင်ခြင်း၊ စသော တရားကျင့်စဉ်တို့ကို ယုံကြည်လေးစားလျက် သဒ္ဓါ ပြည့်စွာ အားထုတ်လေ့ရှိ၏။**

ကျွန်တော်၏အိမ်သို့ ရောက်လာကြသောနေ့တွင် ဦးအောင်ကြီးက ဒေါ်အုန်းကြည်မှာ ပုဂ္ဂိုလ်ထူးများ စောင့်ရှောက်နေသည်ဖြစ်၍ သိလိုသော အကြောင်းကိစ္စရှိက ပုဂ္ဂိုလ်ကိုင်၍

www.burmeseclassic.com

မေးမြန်းလျှင် ရရှိနိုင်ကြောင်း ကျွန်တော့်အားပြော၏။ ကျွန်တော်က ဒေါ်အုန်းကြည်အား...

'မည်သည့်ပုဂ္ဂိုလ် စောင့်ရှောက်ပါသလဲ'

ဟု မေးသည့်အခါ ဒေါ်အုန်းကြည် သည် ကျွန်တော်၏ မေးခွန်းကို ပြန်လည် ဖြေကြားခြင်းမပြုဘဲ ကျွန်တော့်ထံတွင် ဆီမီး(၃)တိုင်နှင့် အမွှေး(၅)တိုင် တောင်းယူကာ ဘုရားစင်တွင် ထွန်းညှိပူဇော်သည်။ ပြီးနောက် ဘုရားစင်ရှေ့မှာထိုင်၍ ဘုရားဝတ်ပြု၏။

ထို့နောက် ပုတီးထိုင်၍စိပ်သည်။ (၇)မိနစ်ခန့် ပုတီးထိုင်၍ စိပ်ပြီးသော အခါ ပုတီးကို ပဝါပေါ်သို့ တင်ထားပြီး ဒေါ်အုန်းကြည်၏ လက်နှစ်ဖက်ကို ကျုံ့ယုံ့ထိုင်ထားသော ဒူးနှစ်ဖက်ပေါ်သို့ အသာအယာ တင်ထား၏။ ပြီးလျှင် ဒေါ်အုန်းကြည်က...

"အဘ ကြွလာတယ် မေးပိုင်ပြီ မေးပါ"

ဟု တိုးညင်းကြည်လင်သော အသံ ဖြင့် ပြောသည်။

ကျွန်တော်သည် ပုဂ္ဂိုလ် ကြွလာ သည်ဆိုတိုင်း လွယ်လွယ်ကူကူ ယုံကြည်တတ်သူ မဟုတ်သည်ဖြစ်၍ မည်သည့်ပုဂ္ဂိုလ် မည်သူမည်ဝါ ဖြစ် သည်ကို မေးမြန်းစစ်ဆေး၏။

'အခု ကြွလာတဲ့ ပုဂ္ဂိုလ်ဆိုတာ ဘယ်သူပါလဲ'

"အဘမေပါ"

'အမေဆိုတာ ဘယ်သူလဲ'

"မယ်တော်ပါ"

'မယ်တော်ဆိုတာ နတ်ပွဲတွေမှာ ပူးကနေတဲ့ အနောက်မယ်တော်တို့ မြောက်နန်းဒေဝီမယ်တော်တို့၊ ပုပ္ပါး မယ်တော်တို့၊ ပဲခူးမယ်တော်လို့ခေါ်တဲ့ မယ်တော်တွေလား'

'မဟုတ်ပါဘူး'

'ဒါဖြင့် ဘယ်မယ်တော်ပါလဲ အမိန့် ရှိပါ'

ထိုအခါ ဒေါ်အုန်းကြည်က နဖူးပေါ်သို့ လက်အုပ်ချီတင်ပြီး...

**ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ**
**ဓမ္မံ သရဏံ ဂစ္ဆာမိ**
**သံဃံ သရဏံ ဂစ္ဆာမိ**

ဟူ၍ သရဏဂုံသုံးပါးကို ရွတ်ဆို ပူဇော်လေသည်။ ပြီးလျှင် ဒေါ်အုန်း ကြည်၏ နှုတ်မှ ရွတ်ဆိုသံများ ဆက် လက်ထွက်ဆိုနေ၏။

သို့သော် ဒေါ်အုန်းကြည် ရွတ်ဆို နေသော အသံများသည် ကျွန်တော်တို့ သုံးနှုန်းပြောဆိုနေကျ မြန်မာဘာသာ၊ မြန်မာစကားသံများ မဟုတ်ပေ။ ပါဠိ ဘာသာကဲ့သို့ အသံများ ဖြစ်သည်။ **(ကျွန်တော်ကိုယ်တိုင် နားမလည် သည့် ဘာသာစကားဖြစ်၍ ရေးသား တင်ပြမှု မပြုတော့ပေ။)**

နားထောင်၍မူ သာယာကြည်နူး ဖွယ် ကောင်းလှသဖြင့် နားစိုက်ကာ အာရုံပြုထားမိသည်။ သုံးမိနစ်ခန့် ကြာပေမည်။ ပါဠိဘာသာ ရွတ်ဆိုမှု များ ရပ်သွားပြီး နောက်တစ်ခု ပြောင်း၍ ရွတ်ဆို၏။ နောက်ထပ် ပြောင်း၍ ရွတ်ဆိုသည်မှာ ကျွန်တော် ကြားဖူး သိဖူး ကျက်မှတ်ဖူးထားသော သူရ ဿတီဂါထာပင် ဖြစ်ပါသည်။

"ဩွမ်... ဩ... ဩ... ဩ... **ဝိဇ္ဇာကဏ္ဍ သမ္ဗုဒ္ဓံ၊ သဗ္ဗသိဒ္ဓိ သုခံ ဝဟံ၊ သဗ္ဗလာဘံ ဘာဂီသာတိ စိတ္တစ္ဆေ မေနိသီ ဒိဗ္ဗာ၊ မံခါရေတု သူရဿတီ၊**

**သူရဿတီစ မေမာတာ၊ မေမာ တာစ သူရဿတီ၊ အနုကမ္ပံ ဥပါဒါယ သုခံဒေဟိမေ၊ မိတ္တုံဒေဟိမေ၊ လာဘံ ဒေဟိ မေ၊ ဒေဟိမေ သူရဿတီ"**

အနက်

**ဝိဇ္ဇာကဏ္ဍ သမ္ဗုဒ္ဓံ၊** ဝိဇ္ဇာကဏ် သုံးပုံ အလုံးစုံနှင့် ပြည့်စုံသော။ **သဗ္ဗ သိဒ္ဓိသုခံ ဝဟံ၊** အလုံးစုံသော ပြီးစီး ခြင်း ချမ်းသာခြင်းကို ဆောင်ပေသော။ **သူရဿတီ၊** သူရဿတီနတ်သမီး သည်။ **သဗ္ဗလာဘံ၊** အလုံးစုံသော လာဘ်လာဘကို။ **ဘာဂီသာတိ၊** ဖြစ်စေ လတ္တံ့။ **သူရဿတီ၊** သူရဿတီနတ် သမီးသည်။ **မေ၊** အကျွန်ုပ်၏။ **စိတ္တစ္ဆေ** လျှာဖျား၌။ **နိသီဒိတွာ၊** နေထိုင်၍ **မံ၊** အကျွန်ုပ်ကို။ **ခါရေတု၊** ဘေးရန် ကင်းရာ ပို့ဆောင်ပါစေ။

**သူရဿတီစ၊** သူရဿတီနတ် သမီးသည်ကား။ **မေ၊** အကျွန်ုပ်၏ **မာတာ၊** အမိမာတာ ဖြစ်ပါပေ၏ **မေတာစ၊** အကျွန်ုပ်၏ မိခင်သည် လည်း။ **သူရဿတီ၊** သူရဿတီနတ် သမီး ဖြစ်ပါပေ၏။ **မေ၊** အကျွန်ုပ်အား **အနုကမ္ပံ၊** အစဉ်သနားခြင်းကို။ **ဥပါ ဒါယ၊** အကြောင်းပြု၍။ **သုခံ၊** ချမ်းသာ ကို။ **ဒေဟိ၊** ပေးပါလော့။ **မေ၊** အကျွန်ုပ် အား။ **ဓနံ၊** ဥစ္စာကို။ **ဒေဟိ၊** ပေးပါ လော့။ **ပိယံ၊** ချစ်ခြင်းကို။ **ဒေဟိ** ပေးပါလော့။ **မိတ္တုံ၊** မိတ်ဆွေကို။ **ဒေဟိ** ပေးပါလော့။ **မေ၊** အကျွန်ုပ်၏။ **သူရ ဿတီ၊** သူရဿတီ နတ်သမီးသည်။ **မေ၊** အကျွန်ုပ်အား။ **လာဘံ၊** လာဘ် လာဘကို။ **ဒေဟိ၊** ပေးပါလော့။

*[ဤဂါထာတော် ပါဠိအနက်ကို နကၡတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်း တို့၏ ပါဠိအဘိဓာန်ဆရာကြီး ဦးသန် အောင်ရွှေ မှော်စရိယ(မဟာဝဏ္ဏဒီပြန်စာ ဂုဏ်ထူး)၊ ဒီဃဘာဏက-ဒီဃနိကာယ ကောဝိဒ(နိကာယဝိပုလ)]မှ ပြန်ဆိုပေး ပါသည်။]*

ဒေါ်အုန်းကြည်သည် အထက်ပါ သူရဿတီဂါထာကို ရွတ်ဆိုနေသည် မှန်သော်လည်း ကျွန်တော်တို့ အများ သူငါတို့ ရွတ်ဆိုနေကျ အသံအနေ အထားမျိုး မဟုတ်ပေ။

ဒေါ်အုန်းကြည်၏ကိုယ်တိုင် ... အသံလည်း မဟုတ်ပေ။ ...





www.burmeseclassic.com

www.burmeseclassic.com

သာယာကြည်နူးဖွယ် ကောင်းပြီး အာရုံစိုက်၍ နားထောင်နေသည့် ကျွန်တော့်ရင်ထဲမှာ အေးစိမ့်ချမ်းမြေ့နေသကဲ့သို့ ခံစားနေရသည်။

ရွတ်ဆိုနေသည့် စကားလုံး အသံများသည် နိမ့်ခြင်း မြင့်ခြင်း အသံကြီးခြင်း သေးခြင်း မာန်သံ ထန်သံတို့ လုံးဝ မပါရှိဘဲ တစ်ညီတည်း တစ်ရှယ်တည်း တည်တည်ငြိမ်ငြိမ် အေးအေးချမ်းချမ်းဖြင့် ပကတိ စိတ်ချမ်းသာစေသော အသံမျိုးဖြစ်သည်။

ထိုအသံမျိုးကို မည်သည့် အဆိုတော်များထံ၌ လည်းကောင်း၊ မည်သည့် ရုပ်ရှင်မင်းသမီးများထံ၌ လည်းကောင်း မကြားဘူးခဲ့ပါ။

အခြားအခြားသော အမျိုးသမီးများ အသံနှင့်လည်း နှိုင်းမရဖြစ်၏။ ကျွန်တော့် တစ်သက်နှင့် တစ်ကိုယ်မှာ မကြားဘူးသေးသည့် စိတ်ချမ်းမြေ့ ကြည်နူးဖွယ်ရာ အသံမျိုး ဖြစ်လေသည်။

ထိုရွတ်ဆိုနေသံကို နားစိုက်ထောင်ရင်း ကျွန်တော်၏ စိတ်ထဲမှာ အသိတစ်ခု ဝင်လာသကဲ့သို့ရှိ၏။ ဒေါ်အုန်းကြည် ရွတ်ဆိုပြီးသွားသောအခါ ကျွန်တော်က ကောက်ကာငင်ကာ မေးလိုက်မိသည်။

**'ဒါဆိုရင် သူရဿတီမယ်တော်ကြီး ဟုတ်ပါသလား'**

'ဟုတ်ပါတယ်'

'အမေ **သူရဿတီမယ်တော်ကြီး အဘယ်ကိစ္စများရှိ၍** ကြွလာပါသလဲ'

'**ပဋ္ဌာန်းဆက်များကြောင့်** ကြွလာတာပါ'

'ဒီလိုဆို ကျွန်တော် သိချင်တာ တစ်ခု မေးပါရစေ၊ ကျွန်တော့်ကို အပြစ်မထားပါနဲ့'

'မေးပါ'

'ကျွန်တော့်မှာ ထူးဆန်းတဲ့ ပစ္စည်း



ရထားပါတယ်။ ဘယ်သူက ဘာပစ္စည်း ပေးထားပါသလဲ'

**'ဆရာတော် ရှင်အဂ္ဂဓါဇက သံသေဓာတ်လုံး ပေးထားတယ်'**

အထက်ပါ ဖြေကြားသံကို ကြားလိုက်ရသည့် ကျွန်တော့်မှာ ခဏခေတ္တအားဖြင့် ကျောက်ရုပ်ကဲ့သို့ အေးစက်တောင့်တင်း၍ သတိပင် လစ်သွားသည်ဟု ထင်မိ၏။

နောက်မှ တဖြည်းဖြည်း နွေးထွေးလာပြီး ကျွန်တော်၏ တစ်ကိုယ်လုံး၌ ကြက်သီးမွေးညင်းများ တဖြန်းဖြန်း ထသွားလေသည်။

လွန်ခဲ့သော(၁၀)နှစ်ခန့်ကပါ။ ဆရာတော် အရှင်အဂ္ဂဓါဇကို အိပ်မက်ထဲမှာ အကြိမ်ပေါင်း(၃၀)ထက်မနည်း မြင်တွေ့ဖူးမြော်ခဲ့ရသည်။ တစ်ညတွင် အိပ်မက်ထဲ၌ လူလေးရေ့ဟု ဆရာတော်က လှမ်းပေးရာ ကျွန်တော်က လက်ဖြန့်ခံ၍ လှမ်းယူ၏။

**ကျွန်တော်၏ လက်ထဲသို့ လုံးကွဲကလေးတစ်ခုပေါ်တွင် ဓာတ်လုံးတစ်လုံး တင်၍ပေးသည်။ နိုးလာ၍ အိပ်ရာထသည့်အခါ အိပ်ရာအောက်၌ လုံးကွဲကလေးပေါ်တွင် တင်လျက် ဓာတ်လုံးတစ်လုံး တကယ် ရှိနေ၏။**

ဤကိစ္စသည် ကျွန်တော်ကိုယ်တိုင်မှလွဲ၍ မည်သူတစ်ဦးတစ်ယောက်မျှ မသိသော လျှို့ဝှက်ချက်ဖြစ်သည်။

ဤကဲ့သို့ ကျွန်တော်၏ လျှို့ဝှက်ချက်ကို အထက်မှာ တင်ပြခဲ့သည့်အတိုင်း တည့်တည့်ပပ ဟောပြောလိုက်သည်မို့ ကျွန်တော့်တွင် ကြက်သီးများ တဖြန်းဖြန်း ထသွားသည်အထိ ခံစားမိခြင်း ဖြစ်သည်။

သို့ဖြစ်၍ ယခု ဒေါ်အုန်းကြည်အား ကြွရောက်ဓာတ်စီးနေသူ ပုဂ္ဂိုလ်မှာ သူရဿတီမယ်တော်ကြီး ဖြစ်သည်ဟု လက်ခံ အတည်ပြုလျက် ကျွန်တော် သိလိုရာများကို ဆက်လက်မေးကြည့်သည်။

'ဒါဖြင့်ရင် ကျွန်တော် အခု ကြိုးစားဆောင်ရွက်နေတဲ့ ဝိဇ္ဇာနည်းပညာများ၊ ကျင့်စဉ်များ မှန်ကန်ပါရဲ့လား အမေ'

'မှန်ကန်ပါတယ် သာဓု ခေါ်ပါတယ်။ သာဓု...သာဓု...သာဓု...'

'ကျွန်တော်တို့အား ဘာများ မိန့်ကြားလိုပါသေးလဲ မယ်တော်'

'ဆက်လက်ကြိုးစားပါ။ သီလမြဲပါ။ အမေတို့ စောင့်ရှောက်နေပါတယ်'

ဤသို့ မိန့်ကြားပြီးနောက် ကျွန်တော့်စိတ်ထဲ၌ သတိတစ်ခု ဝင်ရောက်လာ၏။ ပုဂ္ဂိုလ်တစ်ဦးအား ဒီထက်ပို၍ အချိန်ကြာကြာ ပင့်ဖိတ်ထားခြင်းသည် မသင့်လျော်သော ကိစ္စဖြစ်သည်။

ပုဂ္ဂိုလ်များ၌လည်း ပုဂ္ဂိုလ်ဆိုင်ရာ လုပ်ဆောင်ဖွယ်ကိစ္စများ ရှိကောင်းရှိနေမည်ဖြစ်၏။ ပြန်ပို့ပေးရန် တစ်နည်းအားဖြင့် ပြန်ခွင့်ပြုရန် တော်သင့်ပြီဟု အသိဝင်လာသဖြင့်...

'ကျေနပ်ပါပြီ အမေ မယ်တော်ကြီးခင်ဗျား မယ်တော်၏ ဘုံဗိမာန်သို့ ပြန်လည် ကြွမြန်းနိုင်ပါပြီ ကြွမြန်းပါတော့'

ဟူ၍ ကျွန်တော်က စိတ်ထဲမှ ပြောဆိုပန်ကြား၏။ မယ်တော်ကြီးက သာဓု သုံးကြိမ်ခေါ်၍ ဘုရားရှင်အား လက်အုပ်ချီမိုး ဦးတင်ရှိခိုးပြီးနောက် ပြန်ကြွသွား



www.burmeseclassic.com

www.burmeseclassic.com

သည်။

ဤကဲ့သို့ ဒေါ်အုန်းကြည်အား ခါတ်စီး၍ ကြွရောက်သော ပုဂ္ဂိုလ်မှာ သူရဿတီမယ်တော် အစစ်အမှန် ဖြစ်သည်ဟု ယုံကြည်စွာ အတည်ပြု လက်ခံ၏။

သူရဿတီမယ်တော်ကို ခါတ်စီး ကြွရောက်မှု အနေအထားဖြင့် ပထမ အကြိမ် တွေ့ဆုံဖူးခြင်း ဖြစ်သည်ဟု တင်ပြပါသည်။

* * *

ဒုတိယအကြိမ် တွေ့ဆုံဖူးသည့် အကြောင်းကို ဆက်လက် တင်ပြပါ မည်။ ၁၉၉၃ ခုနှစ်၊ မေလထဲမှာ ဖြစ် သည်။ ရက်စွဲ အတိအကျကိုမူ မမှတ်မိ ပေ။

ကျွန်တော်က မြန်မာနှစ်ဆန်း(၁) ရက်နေ့ဖြစ်သော ဧပြီလ(၁၇)ရက်နေ့မှ စ၍ ဇူလိုင်လ(၆)ရက်နေ့အထိ ရက် ပေါင်း (၈၁)ရက် အဓိဋ္ဌာန်ဝင်လေ့ရှိ၏။ နှစ်စဉ်ပြုမြဲအဓိဋ္ဌာန်ဖြစ်သည်။ အဓိဋ္ဌာန် ရက်အတွင်းမှာ အုန်းငှက်ပျောပွဲများ လှူဒါန်းရန် သီရိမင်္ဂလာဈေးသို့ သွား၍ လိုအပ်သော ပစ္စည်းများ ဝယ်၏။

အုန်းသီး၊ ငှက်ပျောသီးများအပြင် ပန်းများ၊ သစ်သီးဆွမ်းများ ကပ်လှူရန် သစ်သီးများ၊ မုန့်ထုပ်များ ဝယ်၍ ခြင်းတောင်းများတွင် အသင့်ထည့်ကာ အငှားကားစောင့်သည်။ လေးဘီးကား တစ်စီး ရောက်လာသည်ဖြစ်၍ လက် တားပြီး ကားငှား၏။ သီရိမင်္ဂလာဈေး မှ ကျွန်တော်နေသော သုဝဏ္ဏရပ်ကွက် အရောက် ထိုအချိန်က ကားခ(၂၀၀) ကျပ်တောင်းသည်။

ကျွန်တော်က ကားခ(၁၅၀)ကျပ် ဈေးဆစ်၏။ ပထမသော် ကားဆရာ သည် (၁၅၀)ကျပ်နှင့် မလိုက်နိုင် ကြောင်း ပြော၍ ကားမောင်းထွက် သည်။

ကားဘီး တစ်ပတ်နှစ်ပတ် လိမ့် သွားပြီးမှ အုန်းသီးငှက်ပျောသီး ထည့် ထားသော ခြင်းတောင်းများကို ကြည့် ၍…

'ဒါတွေက ဘာတွေလဲဗျ'

ဟု ကားဆရာက ငှက်ပျောခြင်း တောင်းများကို လက်ညှိုးထိုးကာ မေး၏။

ကျွန်တော်က…

'ပွဲလှူဖို့ဗျ'

ဟု ဖြေ၏။

'များလှချည်လားဗျ'

ဟု ကားဆရာက ထပ်မေးသည်။

'ဟုတ်တယ်ဗျ။ ပွဲကြီးပွဲစာအတွက် ပါ'

'နတ်ပွဲတွေအတွက်လား'

'မဟုတ်ဘူးဗျ။ **ဘုရားပွဲလှူဖို့** တစ်ခါလှူရင် ဘုရားပွဲ(၉)ပွဲလှူတယ်'

'ဒါဆိုလဲ ခင်ဗျားပြောတဲ့(၁၅၀)ကျပ် ပဲပေးလေ၊ ဘုရားပွဲလှူဖို့ဆိုတော့ ကျုပ်တာ ကျွန်တော့်အလှူပေါ့ဗျာ။ ကဲ ပစ္စည်းတွေတင်'

ကျွန်တော်က…

'ကျေးဇူးပါပဲဗျာ'

ဟု ပြော၍ အုန်းငှက်ပျောခြင်း တောင်းများကို ကားနောက်ခန်းမှာ တင်၏။ ပစ္စည်းများ ကူညီသယ်ဆောင် ရန် ကျွန်တော်နှင့် အတူပါလာသော လူငယ်နှစ်ယောက်လည်း ကားနောက် ခန်းတွင် တက်ထိုင်ကြသည်။

ကျွန်တော်က ကားရှေ့ဘက် ကားခေါင်းမှာ ဝင်ထိုင်လျက် ကား မောင်းထွက်လာကြသည်။ အချိန်မှာ နေ့လယ်(၁)နာရီခွဲခန့်ဖြစ်သည်။

ကားဆရာသည် လေးဘီးကား လေးကို အထူးဂရုစိုက်စွာ မောင်းနှင် ၏။ ကျွန်တော်က ကားရှေ့ခန်းမှာ ထိုင်လျက် သတိရှိစွာ ရှေ့တူရူမျှော် ခေါ်ကြည့်ရင်း လိုက်ပါလာသည်။ ကား ဆရာနှင့် ကျွန်တော်တို့ တစ်ဦးကို တစ်ဦး စကားမပြောမိကြချေ။

လေးဘီးကားကလေးမှာ မြေနီကုန်း ကျော်၍ ရွှေဂုံတိုင်လမ်းဆုံအနီးသို့ ရောက်လာသည်။ ထိုအခါ ကားဆရာ က စ၍ စကားဆို၏။

'ဒီပွဲတွေ လှူတာ ဘယ်ဂိုဏ်းတော် က ဆရာကြီးလဲဗျ။ ဆရာကြီး ဘယ်သူ လဲ'

'ဗျာ…'

ကျွန်တော်သည် နားမရှင်းသဖြင့် ''ဗျာ''တစ်လုံးတည်းသာ ပြန်ဖြေမိ၏။ ကားဆရာက ဆက်မေးသည်။

'မဟုတ်ဘူးလေ ပွဲတွေ ဒါလောက် အများကြီးလှူတဲ့ ဆရာကြီးက ဘယ် သူလဲလို့ ခင်ဗျားရဲ့ ဆရာကြီးကို မေး တာပါ'

'ကျွန်တော့်ရဲ့ ဆရာကြီး မဟုတ်ဘူး ဗျ။ ကျွန်တော် လှူတာပါ'

ဟု ကျွန်တော်ကိုယ်တိုင် လှူသည့် အကြောင်း ပြန်ဖြေ၏။

'ဒါဆို ခင်ဗျားက ဆရာကြီးပေါ့ ဟုတ်လား'

'အဲ… ဘယ်လိုပြောရမလဲဗျာ ဆရာကြီးဆိုလဲ ဟုတ်တယ်။ ဆရာ လေးဆိုလဲ ဟုတ်တယ်။ ကျွန်တော့် အိမ်မှာ ကျွန်တော်တစ်ယောက်တည်း ရှိတယ်။

ကျွန်တော်က ခုလို သကြန်တက် ပြီး နောက်တစ်ရက်ဖြစ်တဲ့ နှစ်ဆန်း တစ်ရက်နေ့၊ ဧပြီလ(၁၇)ရက်နေ့က ပြီး ဇူလိုင်လ(၆)ရက်နေ့အထိ (၈၁)ရက် တိတိ နှစ်စဉ်အဓိဋ္ဌာန် အမြဲဝင်တယ်။ အဲဒီအဓိဋ္ဌာန်ရက်အတွင်းမှာ အခု ဘုရားပွဲ(၉)ပွဲ အမြဲလှူတယ်'

'ကောင်းပါတယ်ဗျာ'



www.burmeseclassic.com

www.burmeseclassic.com

ဟု ကားဆရာက ကျွန်တော့်အား ကောင်းချီးမင်္ဂလာဖြင့် မှတ်ချက်ပြု၍ စကားရပ်သွားသည်။

ကားကလေးကို ဆက်လက်မောင်းနှင်လာရာ ရွှေဂုံတိုင်လမ်းဆုံ ကျော်၍ ဗာဒံပင်စျေးသာသာသို့ ရောက်ရှိ၏။ ကားဆရာက စကားပြန်ဆက်သည်။

'ခင်ဗျားက ဆရာကြီးဆိုတော့ ကျွန်တော် တစ်ခုမေးချင်တယ်ဗျာ၊ ပညာစမ်းတာတော့ မဟုတ်ပါဘူး'

'မေးပါ'

ဟု ကျွန်တော်က မေးခွင့်ပေး၏။

'ကျွန်တော့်မှာ ဘယ်လိုပုဂ္ဂိုလ်စောင့်ရှောက်သလဲဆိုတာ ကြည့်ရရင် ကြည့်ပေးစမ်းပါ'

ကဲဗျ အခုမှ ခက်၏။ လွယ်လွယ်နှင့် အလွန်ခက်သည် ဆိုသည်မှာ ဤကိစ္စမျိုးပါပေ။ မေးသူက အမေးလွယ်သလောက် ဖြေသူမှာ ဖြေဆိုရန် လွန်စွာ ခက်ခဲသည့် မေးခွန်းမျိုး ဖြစ်လေသည်။

ဤမေးခွန်းမျိုးကို မှန်အောင် ဖြေဆိုပေးနိုင်ခဲ့ပါမူ ကျွန်တော့်အား မည်သူကမျှ ဆုတော်ငွေ ချီးမြှင့်မည် မဟုတ်ပါ။ အကယ်၍ ကျွန်တော် ဖြေဆိုသော အဖြေက မှားယွင်းသွားပါလျှင်...

'ဒီဆရာ အလကားဆရာ'

ဟု အထင်အမြင်သေးစွာ မှတ်ချက်ပြုသွားမှာ သေချာ၏။

အထက်ပါ မေးခွန်းမျိုး မေးမြန်းခြင်းခံရသူ ဆရာတိုင်းလိုလိုပင် အသက်ရှူကျပ်လောက်အောင် အခက်အခဲနှင့် ရင်ဆိုင်နေရမှာဖြစ်သည်။

ယခု ကျွန်တော်ကိုယ်တိုင်ပင် ဘာပြော၍ ဘာဖြေရမှန်း မသိအောင် အခက်အခဲနှင့် တွေ့ကြုံနေပေ၏။

ကျွန်တော့်အနေဖြင့် အဟော



အပြော ရင့်ကျက်သူတစ်ယောက် မဟုတ်သည့်အတွက် ပို၍ပင် အကျပ်အတည်း ကြုံနေရသည်။

အမေး ရှိလာမှဖြင့် အဖြေပေးရမှာ ကျွန်တော်၏ တာဝန်ဖြစ်၏။ ကျွန်တော်သည် အထက်တွင် တင်ပြထားသကဲ့သို့ အမိဌာန်ဆောက်တည်ခဲ့သော ယခင်နှစ်များကလည်းကောင်း၊ ထိုကဲ့သို့ ဘုရားရှင်များအား အမှူးပြု၍ ပွဲ(၉)ပွဲလှူဒါန်းခဲ့စဉ် အခါများကလည်းကောင်း တိုင်တည်ခဲ့ဖူးသော အမျှအတန်း ပေးဝေခဲ့ဖူးသော အဘတို့အား တမိ၏။

အဘတို့ ဆိုသည်မှာ ဆရာတော်ရှင်အဖ္ဖဂေါတ၊ အဘဘိုးဘိုးအောင်နှင့် အဘအိုးမင်းခေါင်တို့အား တ၍...

'အဘ ယခု ကားဆရာမေးတဲ့ မေးခွန်းကို အဖြေမှန် ဖြေကြားပေးလိုပါသည်။ ကျွန်တော့်အား ထင်ထင်ရှားရှား မှန်မှန်ကန်ကန် ဖြစ်အောင် ကူညီဖြေကြားပေးပါ အဘ'

ဟူ၍ စိတ်ထဲမှ တမ်းတရေရွတ်ကာ တိုင်တည်မိ၏။ ကားကလေးမှာလည်း တရိပ်ရိပ်နှင့် ငါးထပ်ကြီး၊ ခြောက်ထပ်ကြီး၊ အောင်သိဒ္ဓိကုန်းအဆင်းသို့ပင် ရောက်လာပေပြီ။ ကျွန်တော်ကမူ ကားရှေ့ခန်းတွင် ထိုင်လျက် ကားရှေ့ခန်း လက်ကိုင်ကို သတိရှိစွာ ကိုင်ထား၏။

သို့ဖြစ်၍ ကားသွားလမ်းယဉ်ကြောတစ်လျှောက်ကို ဂရုထားကြည့်နေရသည်ဖြစ်၍ ကျွန်တော်၏ မျက်လုံးကို မှိတ်၍ အာရုံယူရန်မှာလည်း အချိန်မပေးနိုင်ဖြစ်သည်။

ထိုစဉ်မှာ ကားမောင်းသွားနေလျက်ပင် အထက်ကောင်းကင်ဆီမှ ဖြူဖြူအရာဝတ္ထုတစ်ခု ကျဆင်းလာသည်ဟု ကျွန်တော်၏ မျက်လုံးထဲမှာ ပေါ်ပေါက်လာ၏။

ကားမှန်မှတစ်ဆင့် အပြင်ဘက်ကောင်းကင်ထက်သို့ ဂရုစိုက်စွာ မော့ကြည့်မိရာ မြင်ရသည့်အရာမှာ သူရဿတီမယ်တော်ကြီး ဟင်္သာစီး၍ သက်ဆင်းလာနေခြင်းဖြစ်သည်။

မယ်တော်ကြီးသည် တဖြည်းဖြည်း ဆင်းသက်၍ ကျွန်တော်တို့ စီးနင်းလာသော လေးဘီးကား စက်ခေါင်းဖုံးပေါ်တွင် ကျရောက် ရပ်နားကာ ကားနှင့် အတူပါလာခဲ့သည်။

ကျွန်တော်သည် သူရဿတီမယ်တော်ကြီးကို ကြည့်လျက် လွန်စွာ အံ့သြနေမိ၏။ ကျွန်တော်၏ မျက်လုံးများကို မှိတ်၍ အာရုံပြုသဖြင့် အာရုံထဲတွင် မြင်နေရသည့်သဘောမျိုး မဟုတ်ပါ။ ကျွန်တော်၏ မျက်လုံးများကို ဖွင့်ထားလျက်ပင် လူသားတစ်ဦး၏ ပကတိမျက်လုံးနှစ်လုံးဖြင့် တိုက်ရိုက်မြင်နေရခြင်း ဖြစ်သည်။

သူရဿတီမယ်တော်ကြီးအား မြင်နေရသည့် အကြာအဝေးမှာ ကျွန်တော်ထိုင်နေသော ကားခေါင်းထဲမှ ကားမှန်တစ်ချပ်သာခြား၍ အများဆုံး (၁)ပေခွဲမျှသာ ကွာဝေးမည်ဖြစ်၏။

ရှေ့လ ဆက်ဖတ်ပါရန်

ကလေးဘ



www.burmeseclassic.com

www.burmeseclassic.com



# သမီးသုံး သားတစ် မဖြစ်စေနဲ့



နတ်မောက်လှမြင့်သစ်

နက္ခတ္တရောင်ခြည် မဂ္ဂဇင်းတွင် **"အလောင်းထမ်း မမွေးကောင်း"** ဟူသည့် သုတဆောင်းပါး ကျွန်တော် ရေးခဲ့ဖူးပါသည်။ ယင်းစာမူ ဖော်ပြပြီး နောက် ထိုသို့ မမွေးကောင်းသည်မှာ မှန်ကြောင်းကို လည်းကောင်း၊ အချို့ ဆရာများက **"မွေးကောင်းပါသည်၊ အယူအဆတစ်ခုသာဖြစ်သည်"** ဟူ၍ လည်းကောင်း တုံ့ပြန်ရေးသား ဖော်ပြ ချက်များ များစွာ ဖတ်ရှုခဲ့ရပါသည်။

ဤစာမူနှင့်ပတ်သက်သည့် ဂယက် ကျွန်တော့်တွင် များစွာ ရိုက်ခတ်ပါ သည်။ လူကိုယ်တိုင် လာရောက်၍ လည်းကောင်း၊ စာဖြင့် ရေးသားပေးပို့၍ လည်းကောင်း မိတ်ဆွေများစွာ၊ စာပေ ရောင်းရင်းများစွာထံမှ ထပ်မံ ရေးသား သင့်သည်များ ပြောကြား၊ သတင်းပေး၊ အချက်အလက်များ ပေးပါသည်။

(၁၈-၂-၂၀၁၄)အင်္ဂါနေ့တွင် နတ် မောက်မြို့နယ်၊ (န)လက်ခုပ်ပင်ရွာ ဇာတိသူ ယခု နတ်မောက်မြို့၊ ကန်ကြီး ရပ်ကွက်နေထိုင်သူ အထည်ဆိုင်ပိုင်ရှင် ဒေါ်သီသီဝင်းဆိုသူနှင့် တွေ့ဆုံပြီး **မိဘ တိုင်းသည် သားသမီးမွေးရာတွင် "ဖိုခုံလောက်သုံးလုံး၊ အိုးတစ်လုံး" မမွေးကောင်း၊ မဖြစ်ကောင်းကြောင်း** စကားစပ်မိ ပြောဆိုကြပါသည်။

ထိုအခါတွင် ဤစာမူကို ဖတ်ရှု အဆင်ပြေ ချောမွေ့အောင် စာစီပြု ရေးခြယ် တင်ပြအပ်ပါသည်။

ဤစာမူနှင့်ပတ်သက်၍ လွတ်လပ် စွာ သဘောထားကွဲလွဲခွင့် လူတိုင်းတွင် ရှိပြီး ဖြစ်ပါသည်။

ထိုသဘောထား ကွဲလွဲမှုများကို လည်း ဗဟုသုတရယူလို၊ မှတ်သားလို သောဆန္ဒမှန်ရှိသဖြင့် ယခုကဲ့သို့ ရေး သား တင်ပြရခြင်း ဖြစ်ပါသည်။

*　*　*

**"ဖိုခုံလောက်သုံးလုံး၊ အိုးတစ် လုံး"** မမွေးကောင်းဆိုသည်မှာ **"သမီး သုံးယောက်၊ သားတစ်ယောက်"** မမွေးကောင်းဘူးဟု ဆိုလိုခြင်း ဖြစ်ပါ သည်။

ကျွန်တော်တို့ နယ်ကျေးရွာနှင့် မြို့ ငယ်များတွင် ထင်းမီးကိုသာလျှင် ချက် ပြုတ်ရာ၌ အသုံးများပါသည်။

ထိုသို့ ရေနွေးအိုးမှအစ ထမင်းအိုး၊ ဟင်းအိုးများချက်သည့် မီးဖိုတွင် အောက်ခံ ခဲသုံးလုံးကို တြိဂံပုံချထားပြီး အပေါ်မှအိုးကို တည်၍ ထင်းမီးထိုး ဆိုက်၍ ချက်ပြုတ်ကြော်လှော် ပြုကြပါ သည်။

ထိုအောက်ခံ ခဲသုံးလုံးကို **"ဖို ခုံလောက်ခဲ"** ဟု ခေါ်ဆိုပါသည်။ ယင်း ဖိုခုံလောက် ခဲသုံးလုံးပေါ်တွင် အိုးတင် ချက်သောအခါ အိုးမှာ အပူဓာတ်ရရှိပြီး ထမင်းဟင်းတို့ ကျက်နပ်ရပါသည်။

အချိန်ကာလ နှစ်ရှည်လများ ကြာ လာသောအခါ ယင်းအပေါ်မှ အိုးသာ လျှင် ပေါက်ပြဲပျက်စီး ကွဲအက်ရပါ သည်။ ဖိုခုံလောက်သုံးလုံးကတော့ မူလအတိုင်းပင် ဖြစ်ပါသည်။

ထို့အတူ သမီးသုံးယောက်သည် ဖိုခုံလောက်ခဲ သုံးလုံးပမာဖြစ်ပြီး သား တစ်ယောက်သည် အိုးပမာဖြစ်ကာ ထိုသားမှာ ပူလောင်ပျက်စီးတတ်သည် ဟု ဆိုလိုခြင်းဖြစ်ပါသည်။

ကျွန်တော့်အား ဗဟုသုတပေး ပြော ပြသူ မသီသီဝင်းမှ ထိုသို့ "သမီးသုံး ယောက်၊ သားတစ်ယောက် မွေးဖွား... သဖြင့် သားဖြစ်သူမှာ ပူလောင်ပျက်စီး ရသည့် လက်တွေ့ဖြစ်ရပ်များကို အမည်များနှင့်တကွ (သုံး,လေးဦးခန့်) ပြောပြပါသည်။

ထိုအမည်ဖြစ်ရပ်များ ရေးသားရန် မသင့်၍ ရေးမပြလိုတော့ပါ။ ဆိုလိုရင်း သိသာမြင်သာစေရန်သာ သံခိပ် အနှ... ချုပ် တင်ပြ ရေးသားလိုက်ရခြင်းဖြစ်ပါ သည်။

မသီသီဝင်းမှ ထိုသို့ ဖြစ်ရပ်မှန်ဖြစ် သော **"ဖိုခုံလောက်သုံးလုံး အိုးတစ် လုံး"**(ဝါ) **"သမီးသုံးယောက် သား တစ်ယောက်"** မမွေးကောင်းသည်ကို ပြောပြရာ ကျွန်တော်၏ဆွေမျိုး အသိုင်း အဝိုင်းအတွင်းရှိ မွေးချင်းအရင်း၊ တစ် ဝမ်းကွဲ၊ နှစ်ဝမ်းကွဲ၊ သုံးဝမ်းကွဲ... အတွင်း ထိုဖြစ်ရပ်မျိုး ရှိ,မရှိ၊ ဖြစ်နိုင် မဖြစ်နိုင် လေ့လာသုံးသပ် စိစစ်ကြည့် သောအခါ တကယ်ပင် ဖြစ်ရပ် နှစ်... သုံးခု တွေ့ရပါသည်။

ကျွန်တော့်ဦးကြီးတွင် သားတစ် ယောက်၊ သမီးသုံးယောက် မွေးဖွား... သည်။ နောက်ထပ် သားတစ်ယောက် သို့မဟုတ် သမီးတစ်ယောက် မွေး... ကြိုးစားသော်လည်း သူ၏ဇနီး... အသက်လေးဆယ်ကျော် နှစ်နှစ်... စွန်းခဲ့ပြီဖြစ်၍ သားသမီး မရတော့...

သမီးသုံးယောက် သား... ယောက် မမွေးကောင်းသည်ကို ဦးကြီး...



www.burmeseclassic.com

www.burmeseclassic.com

မှ ရှေးလူကြီးပီပီ သိထား၊လက်ခံထားပြီးဖြစ်ပါသည်။

သို့သော် မည်သို့မျှ မရနိုင်၊ မတတ်နိုင်သဖြင့် ''ဘုရားပေးတဲ့ ကံပဲပေါ့ကွာ''ဟုပင် စိတ်တုံးတုံးချခဲ့ရသည်။

ထိုသားတစ်ယောက်သည် တစ်ယောက်ဆို တစ်ယောက် ဆိုယောက်သည့် ''သားကောင်းတစ်ယောက် ကျောက်ကောင်းတစ်ပွင့်'' ဖြစ်ခဲ့ပါသည်။

ဘွဲ့ရပညာတတ်ဖြစ်ခဲ့ပြီး ဌာနတစ်ခုတွင် ဒုတိယအဆင့်အထိ ရာထူးမြင့်ခဲ့၊ တက်ခဲ့ပါသည်။

ဤတွင် သားဖြစ်သူမှာ အရက်၏ ကျေးကျွန်ဖြစ်·ပျက်စီးကာ တိုတိုပြောရလျှင် အလုပ်ပြုတ်ခဲ့ပြီး ရွာသို့ ပြန်ရောက်လာပါသည်။

ဖနီးမယား သမီးသားလည်းမရှိ၊ စီးပွားလည်းမရှိ၊ မိတ်လည်းမရှိ၊ ဆွေလည်းမရှိ ဖြစ်ခဲ့ရသည်။ အရာရှိဘဝတွင် တာဝန်ရှိခဲ့သူဖြစ်၍ အထက်သံကမပျောက်၊ ရွာက လူအများနှင့် ဆက်ဆံခေါ်ပြောမရ၊ စည်းဝါးမကျ ဖြစ်ခဲ့ပြီး ရုက်ဒေါ်သ၊ ရှက်မာနတို့နှင့် တလွဲဆံပင်ကောင်းဖြစ်ကာ အရက်ကိုသာ အဖော်ပြု ဖိသောက် ပျက်စီးခဲ့ရပါသည်။ သားအတွက် ဦးကြီးမှာ မျက်ရည်ပင် ကျခဲ့ရသည်။

**[သို့သော် ဦးကြီးမှ ဖြေဆေးတွေ့ခဲ့ရပါသည်။ ထိုအကြောင်းကို နိဂုံးတွင် တင်ပြပါသည်။ ဦးကြီးအတူ ကျွန်တော်၏ ကြီးဒေါ်မှာလည်း သမီးသုံး,သားတစ်ဖြစ်ခဲ့ရပြီး ထိုဖြေဆေးနှင့်ပင် အဆင်ပြေခဲ့သဖြင့် တစ်ပေါင်းတည်း ရေးသားတင်ပြအပ်ပါသည်။]**

ကျွန်တော်၏ ကြီးဒေါ်မှာလည်း သမီးသုံးယောက်၊ သားတစ်ယောက် မွေးဖွားခဲ့သည်။ ကြီးဒေါ်၏ သားသည် ငယ်စဉ်ကတည်းက ကျောင်းထားမရ၊ လေးတန်းအောင်မှုနှင့် ကျောင်းမှထွက်သွားကျောင်း။ တောင်သူလုပ်ငန်း ဝင်ခဲ့သည်။

အသက်(၁၆)နှစ်တွင် ရန်ကုန်ထွက်သွားသလိုလို၊ မန္တလေးသွားသလိုလိုနှင့် ရွာမှ ပျောက်ဆုံးသွားခဲ့သည်။

ကြီးဒေါ်တို့ တစ်မိသားစုလုံး ပူဆွေးသောကအပြည့်နှင့် မျက်ရည်မြေခကျခဲ့ကြရသည်။ နေရာအနှံ့ စုံစမ်းသော်လည်း သတင်းအစအနပင် မရ။ သေသည်မသိ၊ ရှင်သည်မသိခဲ့ ဖြစ်ခဲ့သည်။

ထိုသို့ပျောက်ဆုံးသွားပြီး (၇)နှစ်ခန့်ရှိသောအခါ ရွာသို့ ပြန်ရောက်လာသည်။ ရန်ကုန်တွင် လက်ဖက်ရည်ဆိုင် စားပွဲထိုးလုပ်နေရာမှ ယခု ကိုယ်ပိုင်ဆိုင်ပင် တည်ထောင်ပြီးကြောင်း။ ရွာသို့ ကောင်းမှုကုသိုလ်ပွဲ၊ သက်ကြီးဝါကြီးများ ကန်တော့ပွဲလုပ်ရန် ပြန်လာခြင်းဖြစ်ပြီး ဆွေမျိုးမွေးချင်းများအားလုံး ဝမ်းသာလွန်းလို့ မျက်ရည်များပင် လည်ရှာသည် ဖြစ်ကြရလေသည်။

ရွာတွင် တစ်လခန့်နေပြီး ဆွေမျိုးမွေးချင်းများ နှုတ်ဆက်၊ ပေးကမ်းထောက်ပံ့လှူဒါန်းပြီး ရန်ကုန်သို့ ပြန်သွားသည်။

ရွာနှင့် လူကြုံစကား၊ စာပါးပေးခြင်းဖြင့် အဆက်အသွယ် မပြတ်တော့ပါ။ သုံးလခန့်ရှိသောအခါ ထိုသားမှာ ရန်ကုန်တွင် ကားတိုက်ခံရပြီး ဆေးရုံအရေးပေါ် လူနာခန်းရောက်နေကြောင်း ရွာရှိ ဘုတာရုံပိုင်ထံ တယ်လီဖုန်း သတင်းပေးလာသဖြင့် ဆွေမျိုးတွေစုပြီး ရန်ကုန်လိုက်သွားကြရသည်။

ကုသိုလ်ကံကြောင့် အသက်မသေသော်လည်း ခြေတစ်ဖက်မသန်၊ ချိုင်းထောက်ကူရလေသည်။ ရန်ကုန်မှ လက်ဖက်ရည်ဆိုင်ကို အပြီးအပြတ်ရောင်းချပြီး ရွာသို့ ပြန်ရောက်ခဲ့ရလေသည်။

နောက်ဆုံးတွင် ကျွန်တော့်ဦးကြီးနှင့် ကြီးဒေါ်တို့မှာ သားတစ်,သမီးသုံး၊ သမီးသုံး,သားတစ်ဖြစ်ရသည့် အရေးအတွက် ရွာဦးကျောင်းဆရာတော် ဦးစန္ဒောဘာသာမှ ဖြေဆေးပေးလိုက်ပါလေသည်။ ထိုဖြေဆေးမှာ အလွယ်အသာ ပြုလုပ်နိုင်ပါသည်။

**သမီးသုံး၊ သားတစ် ဖြစ်နေခဲ့ပါလျှင် သားနှစ်ယောက်ဖြစ်စေရန် အထွေအမျိုး တစ်ဝမ်းကွဲ၊ နှစ်ဝမ်းကွဲထဲမှ သားငယ် တစ်ယောက်ကို မွေးစားလိုက်ခြင်း။**

**(သို့မဟုတ်)**

**သမီးလေးယောက်ဖြစ်အောင် သမီးငယ်တစ်ယောက် မွေးစားလိုက်ခြင်းဖြင့် ဖိုမတို့သားတွင် အညံ့များ ပြေပျောက် ကောင်းကျိုးရောက်စေပါသည်။**

ကျွန်တော်ဦးကြီးသည် သားတစ်ယောက် မွေးစားပြီး ယခုအခါ သမီးသုံးယောက်၊ သားနှစ်ယောက် ဖြစ်နေပါပြီ။

ကြီးဒေါ်မှာ သမီးတစ်ယောက် ထပ်မံမွေးစားပြီး သမီးလေးယောက် ဖြစ်နေပါပြီ၊ ဤသည်မှာ အနှစ်သုံးဆယ်ခန့်ပင် ရှိနေခဲ့ပြီ ဖြစ်ပါသည်။

မည်သို့ပင်ဖြစ်စေ၊ စိတ်သာ ပဓာနဟု ဆိုသော်လည်း မလုပ်ကောင်းသော အရာဟု သိလျှင် မလုပ်သင့်ပါ။ မဖြစ်သင့်ဘူး၊ မဖြစ်ကောင်းဘူးဆိုလျှင်လည်း မဖြစ်တာ ကောင်းပါသည်။ ဖြစ်ချင်ရာဖြစ်ဆိုသော တစ်ယူသန်၊ တစ်ဖွတ်ထိုး စိတ်မျိုးမထားသင့်ပါ။... ဟုသာ...

မတူညီသော လွတ်လပ်စွာ သဘောထား ကွဲလွဲချက်များရှိလျှင် ဆက်လက်တင်ပြရေးသားပေးကြပါရန် ...

**နတ်မောက်လှမြင့်သစ်**



www.burmeseclassic.com

www.burmeseclassic.com

စာမျက်နှာ (၂၅၆)မှ အဆက်

"ကုန္ဒာစာရ ဘယ့်နှယ်လဲ ခေါက်သေးလား"

"အေး ခေါက်တာပဲ"

"ကဲ ဦးမြသန်း အဲဒီမှာကြည့်နေ ခဏကြာရင် ခေါက်လိမ့်မယ်"

ပြောတာမှ မဆုံးသေး ဒေါက်ခနဲဆို ခေါက်လိုက်တဲ့အသံကို ဦးမြသန်းကိုယ်တိုင် ကြားလိုက်တာမို့ ဦးမြသန်း အံ့သြသွားရပါပြီ။

"ဟာ ဦးပဥ္စင်း ဒါဘယ်လိုဖြစ်တာလဲ"

တဲ့။

"ဦးပဥ္စင်းတို့လဲ မပြောတတ်ဘူး။ ရှစ်နာရီလောက်ကတည်းက စခေါက်တာ။ အဲ သူ့နဖူးကို လက်နဲ့အုပ်ထားရင်တော့ မခေါက်ဘူး"

အဲဒီလိုပြောတော့ ဦးမြသန်းက ကျောင်းသားလေးနဖူးကို လက်နဲ့အုပ်ထားလိုက်တယ်။ ဦးမြသန်းက လက်နဲ့အကြာကြီးအုပ်ထားတော့ သရဲက စိတ်မရှည်ဘူးထင်ရဲ့ အခန်းအပြင်မှာ အိပ်နေတဲ့ ကိုရင်လေးနဖူးကို ခေါက်လိုက်သံ ကြားရတယ်။

အခန်းအပြင်က ဒေါက်ခနဲဆို အသံမြည်၊ ဟာဆိုပြီး ဦးမြသန်းကလက်ကို အလွှတ် ဒေါက်ခနဲဆိုပြီး ကျောင်းသားလေးနဖူးကိုလဲ ခေါက်ပြီးသားဖြစ်သွားတယ်။

လူတစ်ယောက်အနေနဲ့ အခန်းပြင်မှာခေါက်ပြီး အခန်းထဲဝင်ခေါက်ရင်တောင် အနည်းဆုံး နှစ်မိနစ်ခန့်ကြာပါလိမ့်မယ်။ ဒါပေမယ့် ခုဟာက နှစ်စက္ကန့်တောင် ခြားမနေပါဘူး။ ဒါဆိုရင် သရဲက ဘယ်နှစ်ကောင်တောင်လဲလို့ အားလုံး စိတ်ထဲမှာ ဇဝေဇဝါဖြစ်သွားခဲ့ရပါတယ်။



ဦးမြသန်းနဲ့တကွ အားလုံးလဲ ဘာမှမတတ်နိုင်တော့။ ဒါပေမယ့် သရဲကတော့ တဒေါက်ဒေါက်နဲ့ ခေါက်မြဲပါပဲ။ ညဆယ့်နှစ်နာရီခန့်မှာတော့ ဦးမြသန်းက...

"ဦးပဥ္စင်း တပည့်တော်လဲ ဘာမှ မလုပ်တတ်တော့ဘူး ပြန်တော့မယ်"

စာရေးသူတို့လဲ ဦးမြသန်းကို အိမ်အထိလိုက်ပို့ပြီး ပြန်လာခဲ့တယ်။ ကျောင်းရောက်တော့လဲ သရဲက ခေါက်မြဲပဲ။ အားလုံးကတော့ မျက်လှည့်ပွဲတစ်ပွဲကို ကြည့်နေရတဲ့ ပရိသတ်တွေလို ငြိမ်သက်ရင်း စိတ်လှုပ်ရှားစွာပေါ့။

ဒီလိုနဲ့ ညနှစ်နာရီထိုးတော့မှ...

"ဟာ ဦးပဥ္စင်း တပည့်တော်တို့ ပရိတ်ရွတ်ကြည့်ရင် ကောင်းမလား"

"ဟာ မရနိုင်ပါဘူး။ ဒီလောက် သက်န်းတွေကြားတောင် ခြောက်နေတာ၊ ပရိတ်ရွတ်လို့လဲ ဘာမှ ထူးခြားမှာ မဟုတ်ပါဘူး"

"ဦးပဥ္စင်းကလဲ ဒီအတိုင်းထိုင်ကြည့်နေတာထက်စာရင် ပရိတ်ရွတ်ကြည့်တာက ပိုကောင်းမယ်ထင်တယ်"

"ကဲ ဒါဆိုလဲ လုပ်ကွာ"

စာရေးသူတို့လဲ သဲတွေ့ကျောက်တွေ ကျုံးပြီး ပရိတ်ရွတ်ဖို့ စီစဉ်ကြတယ်။ ဘုရားရှေ့မှာ သဲ,ကျောက် ဆန်,ရေတို့ကိုထားပြီး ဖယောင်းတိုင် အမွှေးတိုင်တို့ကို ထွန်းညှိပူဇော်ကာ ပရိတ်ရွတ်ဖတ်ကြတယ်။

ကျောင်းကိုတော့ ရှေ့အတက်အဆင်း တံခါးတစ်ပေါက်သာ ဖွင့်ထားပြီး ကျန်တံခါးအားလုံးကို ပိတ်ထားလိုက်တယ်။ ပရိတ်ရွတ်အပြီးမှာ သဲ,ကျောက်,ဆန်,ရေတို့နဲ့ တစ်ကျောင်းလုံးကို လိုက်ပက်လိုက်တယ်။

အဲဒီအချိန်ကစပြီး နဖူးခေါက်ဖို့မပြောနဲ့ ချိုးချိုးချွတ်ချွတ် အသံတောင် မကြားရတော့ဘူး။ နာရီကြည့်လိုက်တော့ ညနှစ်ချက်ခွဲပြီ။

စာရေးသူတို့လဲ အဲဒီအချိန်ကစပြီး ပရိတ်တရားကို အကြွင်းမဲ့ ယုံကြည်ခဲ့ရပါတယ်။ ညအချိန်မတော်တွေ သွားလို့ စိတ်ချောက်ချားလာရင် ပဋ္ဌာန်း ၂၄ ပစ္စည်းကို စိတ်ထဲက ရွတ်လိုက်တယ်။ ယနေ့ထိလဲ ယုံယုံကြည်ကြည်နဲ့ ရွတ်ဖတ်မြဲပါ။

အချိန်တွေ ဘယ်လိုပဲ ကြာခဲ့ကြာခဲ့ ဒီထူးဆန်းအံ့သြဖွယ်ကောင်းတဲ့ ညလေးတစ်ညကတော့ စာရေးသူအပါအဝင် အဲဒီည အတူရှိခဲ့ဖူးတဲ့ အပေါင်းအသင်းရောင်းရင်းတွေအားလုံးရဲ့ ရင်ထဲမှာ အမြဲရှိနေမယ်ဆိုတာ အကြွင်းမဲ့ ယုံကြည်နေပါတော့တယ်။

**မှတ်ချက်** ။ ။ **ဤထူးဆန်းအံ့သြဖွယ်ရာဖြစ်ရပ်ကလေးသည် စာရေးသူကိုယ်တိုင် တွေ့ကြုံခဲ့ရသော ဖြစ်ရပ်ကလေး ဖြစ်ပါသည်။ ထိုသို့ဖြစ်ပျက်ခဲ့သောညှ် အတူရှိခဲ့ဖူးသော အပေါင်းအသင်း၊ သူငယ်ချင်းများ ဤစာမူလေးအား ဖတ်မိလျှင် အတိတ်မှ ညလေးတစ်ညကို အမှတ်ရနိုင်ပါစေလို့ ဆန္ဒမွန်ဖြင့်...**

ရင်ခွင်ဦး (ဟသ်္ဘာ)



www.burmeseclassic.com

www.burmeseclassic.com

ချစ်ဆိုင်

# ဣန္ဒြေရကျောက်သရွှန်

လူတစ်စု၏ ဖြစ်ရပ်ဆန်း



ကျွန်ုပ် ငယ်စဉ်အခါက ကျွန်ုပ်တို့ ရွာတွင် ဦးဘမောင်တစ်ယောက် ပိုင်ဆိုင်ထားသော ကျောက်ခရုတစ်လုံး ရှိခဲ့ဖူးပါသည်။ တောင်ပေါ်သို့ ကျွဲနွား သွားရှာရင်း စမ်းချောင်းငယ်တစ်ခုတွင် တွေ့ရသဖြင့် ကောက်ယူလာခဲ့ခြင်းဖြစ်သည်ဆို၏။

ထိုခရုမှာ ကျွန်ုပ် မကြာခဏ ဆိုသလို မြင်တွေ့ခဲ့ဖူးသော ခရုမျိုး မဟုတ်ပါ။ ကျွန်ုပ် မကြာခဏ မြင်တွေ့ခဲ့ရဖူးသော ခရုမှာ ငါးပြားစေ့အရွယ် မတ်စေ့အရွယ်မှသည် ကျပ်ပြားဝိုင်း အရွယ်သာသာခန့်ရှိသော ခပ်ပြားပြား သဏ္ဌာန် ကျောက်ခရုမျိုး ဖြစ်ပါသည်။

ကျောကုန်းအပေါ်ဘက်တွင် ရေမြှုပ်ကလေးတွေလို အမြှုပ်ထနေသည့်ပုံဖြင့် ပါရှိပြီး ဝမ်းဗိုက်အောက်ဘက်တွင် ခရုရစ်ထားသကဲ့သို့ ပါ၏။

ထိုကျောက်ခရုကို ညီညာသော မှန်ပြားပေါ်တွင် တင်ပြီး သံပရာရည် အစရှိသော အချဉ်ရည်တစ်မျိုးမျိုးဖြင့် ညှစ်ချလိုက်လျှင် အမြှုပ်ကလေးများ ထကာ လှုပ်စိလှုပ်စိဖြင့် လျှောက်သွားနေတတ်သည်။

ကျွန်ုပ် ယခု တင်ပြမည့် ကျောက်ခရုမှာ ထိုကဲ့သို့ မဟုတ်၊ လက်ဖက်ရည် အကြမ်းပန်းကန် အရွယ်အစားခန့်ရှိပြီး ခရုဖင်ရှည်ကဲ့သို့ ရစ်တက်သွားကာ ခပ်ပုပု ခပ်လုံးလုံးပုံသဏ္ဌာန် ဖြစ်ပါသည်။

တစ်ဆယ်သားလောက် အလေးချိန်ရှိမည်ထင်ရပြီး အဖြူရောင် ဖြစ်ပါ





www.burmeseclassic.com

www.burmeseclassic.com

သည်။ ရစ်ပတ်ထားသော ခရုအခွံပေါ် အနီစင်းကြောင်းကြီးက တောက်လျှောက်လိုက်ပါနေသည်။

ထိုကျောက်ခရုကို ညီညာသော မှန်သားပြင်ပေါ်တင်ပြီး ရေဖျန်းပေးပါက တဖြည်းဖြည်းချင်း ရွေ့လျားပါသည်။ တင်ပြခဲ့သော ခပ်ပြားပြား သဏ္ဍာန် ခရုကတော့ အချဉ်ရည်မှသာ ရပါသည်။ ယခု ကျောက်ခရုကတော့ ရိုးရိုးရေဖြင့် ရွေ့လျားပါသည်။

မည်သို့ဆိုစေ ထိုကျောက်ခရု ရရှိလာပြီးသောအခါ မည်သည့်နေရာဘက်တွင် အသုံးဝင်သည်ကို မသိကြ။ ခရုဆိုသည်မှာ ရေထဲတွင်လည်း နေတတ်ကြသဖြင့် ဖလုံတစ်ခုထဲတွင် ရေထည့်ကာ ခရုကို ထည့်ထား၏။

အိမ်သို့ အလည်လာသူများအား ဗဟုသုတဖြစ်စေရန် ပြသပေး၏။ မြင်ကြရသူများကလည်း မြင်သာမြင်ကြရသည် ဘယ်လိုနေရာမျိုးတွင် အသုံးဝင်မည်ကို မသိကြ။ သို့ဖြစ်၍ တစ်ခုခုတော့ အစွမ်းသိဒ္ဓိရှိမှာပဲဟု ထင်ကြေးပေးကြရုံနှင့် ပြီးကြရသည်။

ထိုအခါ အချို့သော မျက်စိနာနေသူများက အဆိုပါ ကျောက်ခရုစိမ်ထားသော ရေကိုတောင်းပြီး မျက်စဉ်းအဖြစ် ခတ်သူက ခတ်ကြသည်။ သွားပြီး တိုက်ဆိုင်လေသည်လား မဆိုနိုင်ပါ။ မျက်စိနာနေသူများက မကြာမီမှာပဲ သက်သာပျောက်ကင်းကြသည်။

ထိုသတင်းကို ကြားရသောအခါ မိုက်အောင့်မိုက်နာ နေသူများကလည်း ပါလာပြီး တောင်းသောက်ကြသည်။ ပျောက်ကင်းပြန်၏။ ဦးဘမောင်တို့ မိသားစုမှာလည်း သူတို့၏ ဂမ္ဘီရ ကျောက်ခရုကြောင့် ရောဂါပျောက်ကင်းသွားကြရသဖြင့် ဝမ်းသာနေကြရ၏။



ရွာထဲတွင်လည်း သူတို့ မိသားစုက မျက်နှာပန်းလှနေကြ၏။ တချို့ကလည်း ပြောကြ၏။ "ဂမ္ဘီရပစ္စည်းဆိုတာ နတ်ကြီးတယ်၊ လူတိုင်း မရနိုင်ဘူး" ထိုစကားကို ပြန်ကြားရတော့ သူတို့မိသားစုမှာ ဝမ်းသာမဆုံး ဖြစ်ကြရပြန်သည်။

ထိုစဉ်အခါက ကျွန်ုပ်တို့ရွာမှာ မြို့ပြ၏ အုပ်ချုပ်မှုနှင့် အတန်အသင့် ကင်းကွာလျက် ရှိလေရာ ဘိန်းစားတွေကလည်း အလွန် ပေါလှပါသည်။ အစကတော့ အပျော်တမ်းအဖြစ် ရှူကြသည်။ နောက်တော့ မရှူဘဲ မနေနိုင် စွဲသည်အထိ ဖြစ်လာကြတော့သည်။

ဘိန်းစွဲလာသောအခါ ဘိန်းစားတို့၏ သဘာဝအတိုင်း ဘိန်းရှူပြီး မှိန်းနေချင်သည်။ မှိန်းနေသည်က အကြောင်းမဟုတ်၊ ကြာသော် အလုပ်ပျက် အကိုင်ပျက်ဖြစ်ပြီး စီးပွားရေးများပါ ချွတ်ခြုံကျလာတော့သည်။

စီးပွားရေး ချွတ်ခြုံကျလာမှ သံဝေဂ တရားရပြီး ဘိန်းပြတ်ချင်ကြသောအခါမှ ဘိန်းကိုဖြတ်၍ မရကြတော့ပါ။ ဘိန်းက လူကို အနိုင်ယူသွားပြီ ဖြစ်တော့သည်။

ထိုအခါ အချို့သော ဘိန်းစားများက နာမည်ကြီး ဘုန်းကြီးများဆီသို့ သွားကာ ဖြတ်သူကဖြတ်ကြသည်။ ဘုန်းကြီးကတော့ ဘာဆေးနှင့်မှ ကုသည် မဟုတ် လာသမျှ ဘိန်းစားများအား ဘိန်းကို ဤနေ့မှစပြီး မည်သည့်အခါမှ

မရှူတော့၊ မစားတော့ပါဟု သစ္စာဆိုခိုင်းပြီး သစ္စာရေ သောက်ခိုင်းခြင်းမျှသာ ဖြစ်သည်။

ထိုကဲ့သို့ သစ္စာဆို သစ္စာရေသောက်ပြီး ဘိန်းဖြတ်ခဲ့ကြသူများထဲက အချို့မှာ လုံးလုံးလျားလျား ပြတ်သွားကြ၏။ အချို့မှာ ပြန်ရှူမိပြီး ရူးသလို နှမ်းသလိုမျိုးလည်း ရှိခဲ့ကြရသည်။ အချို့သောသူများက ပြန်တော့ရှူ၏။ သို့သော် ဘာမှ မဖြစ်ကြသူများလည်း ရှိ၏။

မည်သို့ဆိုစေ ယခု ကျောက်ခရု စိမ်ရေမှာ ရောဂါအချို့ကို ပျောက်ကင်းချမ်းသာရာရနေသည်ဟူသော သတင်းက မကြာမီအတွင်းမှာပဲ တစ်ရွာလုံး ပျံ့နှံ့သွားရလေတော့သည်။

ထိုအခါ ဘိန်းစွဲနေသူအချို့က သူတို့ စွဲနေသော ဘိန်းကိုလည်း ပြတ်သွားအောင် စွမ်းဆောင်နိုင်ကောင်း စွမ်းဆောင်နိုင်လိမ့်မည်ဟု အထင်နှ ကာ လာရောက်ပြီး တောင်းသောက် ကြသည်။ သို့သော် ဘိန်းကတော့ မပြတ်ပါ။

ထိုကဲ့သို့ ဖြစ်နေစဉ် မောင်ချစ်ညွန့် ဆိုသော ဘိန်းစားတစ်ယောက် အကြံတစ်မျိုး ပေါ်လာသည်။ ထိုအကြံ မှာ အဆိုပါ ကျောက်ခရုအား စိမ်ထားသော ရေနှင့်သောက်၍ မပျောက်ကင်း လျှင် ပြုတ်ပြီး သောက်ရသော် ဆေး ဖက်အရာ၌ ပိုမို အစွမ်းထက်ကာ ဘိန်းပြတ်နိုင်၏။ သို့ဖြစ်၍ ထိုကျောက် ခရုအား ပြုတ်သောက်ရန်အကြံ ဖြ ပေါ်လာခဲ့ရလေတော့သည်။

ကျောက်ခရုအား ရေနွေးဖြင့် ပြုတ် သောက်မည်ဆိုတော့ ပိုင်ရှင်၏ရှေ့တွင် ပြုတ်ပါက လက်ခံကြမည် မဟုတ် သို့ဖြင့် ပိုင်ရှင်၏ ကွယ်ရာတွင် ပြု မည်။

ထိုအခါ မိမိလက်ထဲ ငွေရှိစဉ်





www.burmeseclassic.com

www.burmeseclassic.com

ပေါ်လာအောင် ပိုင်ရှင်အား အလိုလိုက်အကြိုက်ဆောင်ကာ နည်းအမျိုးမျိုးဖြင့် ငှားရမ်းလေတော့သည်။

ပိုင်ရှင်က မငှားလိုပါ။ သို့ပါသော်လည်း မျက်နှာပူလှပါသဖြင့် မငှားချင်ငှားချင်နှင့် နောက်ဆုံးမှာတော့ ငှားလိုက်ရလေတော့သည်။

မောင်ချစ်ညွန့်မှာ မိမိအိမ်သို့ ရောက်သောအခါ လူများ မသိစေရန် တိတ်တိတ်ပုန်းဖြင့် အဆိုပါ ကျောက်ခရုအား ရေနွေးဖြင့် ပြုတ်လေတော့သည်။

အတွင်းသားမှ အဆီအနှစ်များ ထွက်လာစေရန် ရေကို သုံးခွက်တစ်ခွက်ကျန်သည်အထိ ပြုတ်သည်။ ပြုတ်၍ပြီးသောအခါ ထိုအရည်ကို သောက်၏။

ထိုအရည်ကို သောက်လိုက်ပြီးသည်နှင့် ဘိန်းပြတ်မပြတ်တော့ မသိရသေး။ ဗိုက်ထဲတွင် ရှိနေသော အူသိမ်အူမများက တဖြည်းဖြည်း နာကျင်ကိုက်ခဲလာကြတော့သည်။ မကြာမီ ဝမ်းလျှောဝမ်းပျက် ဖြစ်လာသည်။

ထိုမျှမကသေး အထက်လန်အောက်လျှော သဘောမျိုးပါ ဖြစ်လာတော့သည်။ ပါးစပ်ကလည်း စားထားသမျှ ပြန်အန်ထွက်လာသည်။

လူတစ်ကိုယ်လုံးမှာလည်း တဆတ်ဆတ်တုန်လာပြီး အော်ချင်ရာအော် ပြောချင်ရာပြော ဖြစ်လာတော့သည်။ အိမ်သူအိမ်သားများကလည်း ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်ကြရတော့သည်။

သို့ဖြင့် ဟိုလူ့ခေါ် ဒီလူ့ခေါ်ဖြင့် နောက်ဆုံး ရွာတွင်ရှိနေသော ဓာတ်ဗိန္ဒောဆေးဆရာကိုလည်း ပင့်ဖိတ်ကြရတော့သည်။

ဆေးဆရာကလည်း သူ တတ်ကျွမ်းသမျှ ဆေးပညာဖြင့် ရေကုန်ရေခန်း



ကုသပါသော်လည်း ရောဂါဝေဒနာကတော့ဖြင့် မသက်သာ။ ပို၍ပင် ဆိုးလာတော့သည်။

သူ၏ဖြစ်စဉ်ကို မေးမြန်းကြည့်တော့ ကာယကံရှင်ကတော့ ဘာမှ မဖြေနိုင်။ မျက်ကလူးဆန်ပျာဖြစ်ကာ ကယောင်ကတမ်း လျှောက်အော်ရုံမှတစ်ပါး အခြား ဘာမှ မေး၍မရ။

အိမ်သူအိမ်သားများကတော့ ထိုကျောက်ခရုကြီးကို ရေနွေးဖြင့် ပြုတ်နေကြောင်း၊ ထိုကျောက်ခရုပြုတ်ရေကို သောက်သည်ဟု ထင်ရကြောင်း ပြောဆိုရှင်းပြကြလေသည်။

ဝေဒနာသည် ကာယကံရှင်မှလည်း သတိရတစ်ချက် မရတစ်ချက်ဖြင့် အော်ဟစ်နေလေသည်။

'အောင်မယ်လေး ကြောက်ပါပြီဗျ နောက်တစ်ခါ မပြုတ်တော့ပါဘူးဗျ။ မယ်လို့ပါဗျ'

ထိုကဲ့သို့ အော်ဟစ်နေလေရာ အနီးအနားရှိ လူများက ဂမ္ဘီရကျောက်ခရုအစောင့်အရှောက်ကြီးက သူ့အား ရိုက်နှက် ဆုံးမနေဟန်တူကြောင်း ပြောဆိုဝေဖန်ကြလေသည်။

ဖြစ်နိုင်ပါသည် ဝေဒနာသည် ချစ်ညွန့်မှာလည်း တစ်ခါတစ်ရံ ထွက်ပြေးရန် ကြိုးစားနေပုံရသည်။ သို့သော် ခန္ဓာကိုယ်က ပျော့ပျော့လေးသာ ရှိတော့သဖြင့် ဘယ်မှ ထပြီး မပြေးနိုင်။ တစ်ခါတစ်ရံ ဘယ်လူးညာလိမ့်ဖြင့်

**"အောင်မယ်လေးဗျ သေပါပြီဗျ။ မရိုက်ပါနဲ့တော့ဗျ"** ဟု အော်ဟစ်ကာ ဝေဒနာကို ပြင်းထန်စွာ ခံစားနေရသည်။

ထိုအခါ အနီးတွင် ရှိနေကြသူများက...

'ကဲ...ဒါ မပြောလား အဲဒီကျောက်ခရုရဲ့ အစောင့်အရှောက်က သူ့ကို ကောင်းကောင်းကြီး ရိုက်နှက်ဆုံးမနေပြီဆိုတာ'

ဟု ပြောသူက ပြောကြသည်။

ထိုအခါ သက်ကြီးဝါကြီးများက မိမိတို့ တတ်သလောက် မှတ်သလောက်ဖြင့် ပြောဆိုကာ တောင်းပန်ပေးကြ၏။ ပြောဆို တောင်းပန်ပေးနေသော်လည်း ရောဂါဝေဒနာကတော့ဖြင့် သက်သာ၍ မလာပါ။ တိုက်ကျွေးသမျှ ဆေးများမှာလည်း ပြန်အန်ထွက်နေရသည်။

ဒီလိုနှင့် ဂမ္ဘီရကျောက်ခရုကြီးကို ရေနွေးဖြင့် ပြုတ်သောက်ခဲ့မိသော ချစ်ညွန့်မှာ တစ်ညလုံး ဆိုသလို သတိရလိုက် မရလိုက်ဖြင့် ဟိုအော် ဒီအော် အော်ဟစ်ရင်း နောက်တစ်နေ့ မိုးလင်းလာသည်နှင့် အသက်သေဆုံးခဲ့ရပါလေတော့သည်။

ကျန်ရစ်ခဲ့ကြရသော မိသားစုများမှာတော့ လူလုံးမလှ အပူလုံးကြွပြီး ငိုပွဲဝင်ခဲ့ကြရုံမှတစ်ပါး အခြား ဘာမှ မတတ်နိုင်ကြတော့ပါ။

ထိုကျောက်ခရုကို ငှားပေးလိုက်သော ပိုင်ရှင်ကိုလည်း သွားပြီး အပြစ်မတင်ရက်ပါ။ ပိုင်ရှင်အနေဖြင့်လည်း ချစ်ညွန့်တစ်ယောက် ထိုကဲ့သို့ ရေနွေးဖြင့် ပြုတ်မည်မှန်း သိရပါက ငှားပေးခဲ့မည်မဟုတ်။

ချစ်ညွန့်အနေဖြင့်လည်း ထိုကဲ့သို့ ပြုတ်လိုက်ပါက ယခုကဲ့သို့ အသက်ဆုံးရှုံးရသည်အထိ ဖြစ်လာမည်ကို မသိ၍ ပြုတ်မိခြင်းသာဖြစ်သည်။

**နဂါးရွှေရောင်ခြည်မဂ္ဂဇင်း ၂၆ရ**

www.burmeseclassic.com

www.burmeseclassic.com

နောက်ဆုံးမှာတော့ ကံတရားကို သာ ယုံးမယ်ဖွဲ့ပြီး ဖြေသိမ့်ခဲ့ကြရပါလေ တော့သည်။

ကျောက်ခရုပိုင်ရှင် ဦးဘမောင်မှာ လည်း ချစ်ညွန့်အား ခဏငှားပေးလိုက် သော သူ၏ ကျောက်ခရုမှာ ချစ်ညွန့် အတွက် ဆေးမဖြစ်ဘဲ ဘေးဖြစ်သွားရ ခြင်းအပေါ် များစွာမှ ယူကျုံးမရ ဖြစ်ခဲ့ ရပါတော့သည်။

ကျောက်ခရုပိုင်ရှင်က သူ၏ ခရုကို သွားပြန်ယူပြီး နေအိမ်သို့ ရောက် လာသောအခါ ညီညာသော မှန်သား ပြင်ပေါ်သို့ တင်ပြီး ရေများဖြင့် ဖျန်းပက် လေရာ ယခင်က တရွေ့ရွေ့ဖြင့် သွား နေတတ်သော ကျောက်ခရုကြီးက ယခုတော့ မရွေ့တော့ပါ။

ကျောက်ခရုပိုင်ရှင်က ရေနွေးဖြင့် အပြုတ်ခံလိုက်ရကြောင်း သိရပါ သဖြင့် ထိုကဲ့သို့ စမ်းသပ်ခြင်းသာဖြစ် သည်။

ထင်ထားသည့်အတိုင်းပင် အသက် ရှိခဲ့သော ကျောက်ခရုကြီးက ယခုအခါ အသက်မရှိတော့ပါ။ မည်သူ့ကိုမှ လည်း သွားပြီး အပြစ်တင်ကာ မပြော လိုတော့ပါ။

ရေနွေးဖြင့် ပြုတ်သူ လူသားရော အပြုတ်ခံရသော ကျောက်ခရုပါ သေပွဲ ဝင်ခဲ့ရပြီ ဖြစ်တော့သည်။

ဦးဘမောင်မှာ ထိုဂမ္ဘီရကျောက်ခရု ကြီးကို ဆက်ပြီး သိမ်းထားပါသေး သည်။ သူကိုယ်တိုင်မှာတော့ မောင်ချစ် ညွန့်လို ပြင်းထန်သော ဝေဒနာများကို ခံစားရပြီး ချက်ချင်းလက်ငင်း မသေခဲ့ သည့်တိုင် နာတာရှည်ရောဂါ စွဲကပ်ပြီး တစ်နှစ်ကျော်လောက် အကြာတွင် သေဆုံးခဲ့ရပြန်ပါသည်။

နာတာရှည်ရောဂါ စွဲကပ်စဉ် ဘာမှ မလုပ်နိုင် မကိုင်နိုင်၍ စည်းစိမ်ဥစ္စာများ ဆုံးရှုံးခဲ့ရပါသည်။

ဦးဘမောင် သေဆုံးပြီးသောအခါ ကျန်ရစ်ခဲ့သူ မိသားစုများက အဆိုပါ ကျောက်ခရုကြီးအား သူ ရောက်မလာ မီက မဖြစ်ခဲ့ကြ။ သူ ရောက်လာမှ ပြဿနာမျိုးစုံ တက်ရသည်ဟု ဆိုကာ မြစ်အတွင်းသို့ သွားပစ်ချလိုက်ကြတော့ သည်။

သို့ဖြင့် ဂမ္ဘီရကျောက်ခရုကြီး၏ ဘဝ နိဂုံးကား ဒီလိုနှင့် အဆုံးသတ်ခဲ့ရပါ သည်။ ထိုဂမ္ဘီရကျောက်ခရုကြီး၏ ဘဝ အဆုံးသတ်ခဲ့သော်လည်း ကျန်ရစ်ခဲ့ရ သော ကျွန်ုပ်တို့မှာတော့ သင်ခန်းစာ ယူစရာများဖြင့် ကျန်ရစ်ခဲ့ရပါသည်။

**ထိုသင်ခန်းစာမှာ ဂမ္ဘီရပုံပြည်းဟု သည် သုံးတတ်လျှင် ဆေးဖြစ်ပြီး မသုံးတတ်လျှင် ဘေးဖြစ်တတ်သည်ကို ဆိုခြင်းပါ။**

မိမိက မသုံးတတ်လျှင် သုံးတတ်သူ များထံ ဆည်းပူးလေ့လာပြီးမှ သူ့နေရာ နှင့်သူ အသုံးချသင့်ပါသည်။

အသုံးမှန်လျှင် မိတ်ဆွေဖြစ်လာနိုင် ပြီး အသုံးမှားလျှင် ရန်သူ ဖြစ်လာနိုင် ကြောင်း ဆင်ခြင်စရာအဖြစ် ရေးသား တင်ပြလိုက်ရပါကြောင်း...။

**ရှင်လန်းချမ်းမြေ့ကြပါစေ**

**ချစ်ဆိုင်**

---

# နွားနို့ပွေး



**ဓမ္မာ ရက္ခတိ ဓမ္မစာရီ**

**သာထက်ဇော်(မကွေး)**

တစ်နေ့သော အခါသမယတွင် ကျွန်တော်သည် အမေ့မွေးရပ်မြေဖြစ်သော **မကွေးမြို့နယ်၊ မြင်းကွန်းအုပ်စု၊ ယာဥ်ပုံ့ရွာကလေးသို့** အလည်ရောက် သွားခဲ့လေသည်။

ထိုသို့ အလည်ရောက်သွားစဉ် ယာဥ်ပုံ့ရွာကလေး၏ ရွာထိပ်တွင်ရှိသည့် ကိုကြီးသိန်းဦး+အစ်မကြီး မအေးဝင်းတို့ အိမ်ကိုလည်း ရောက်ခဲ့သည်။

ကျွန်တော်ရောက်သွားချိန်မှာ ကိုကြီးသိန်းဦးသည် သူ့ခြံပေါက် နွားသိုး လေးတစ်ကောင်ကို ပါးစပ်အတင်းဖြဲ၍ တစ်စုံတစ်ခု ခွံ့ကျွေးနေသည်ကိုမြင်ရ သဖြင့်...

'ဗျို့ ကိုကြီးသိန်းဦး နွားပေါက်စနလေးကို ဘာတွေ ခွံ့နေတာလဲဗျဟင်'

ဟု အော်၍ မေးလိုက်သည်။ ထိုအခါ ကိုကြီးသိန်းဦးက...

'ဒီနွားလေးမှာ နို့ပွေးတွေပေါက်နေလို့ မြွေရေလဲ(မြွေတစ်ကောင်ကနေ ချွတ်ခဲ့တဲ့ မြွေ အကြေးခွံအဖတ်) ခွံ့ပေးနေတာလေ'

ဟု ပြန်ဖြေသည်။

'ဒီလို မြွေအရေလဲ ခွံ့ပေးလိုက်ရင် နွားနို့ပွေးက တကယ်ကော ပျောက် ရဲ့လားဗျ'

'ပျောက်သမှ ပျောက်... ပျောက်...ပျောက်နဲ့တောင် မြည်နေသေးရဲ့'



www.burmeseclassic.com

www.burmeseclassic.com





တက္ကသိုလ်ဘုန်းနိုင်

# ရက်ယူမိပါသည်

ဦးဗသန်းသည် မော်လမြိုင်ဇာတိဖြစ်သည်။ အဘဦးမိုးဆွေ အမိဒေါ်အိမ်သူတို့၏ တစ်ဦးတည်းသောသားဖြစ်၏။ ဦးမိုးဆွေမှာ အင်္ဂလိပ်အုပ်စိုးသောကာလတွင် မြေစာရင်း အင်စပက်တော်ဖြစ်ပြီး အမိဒေါ်အိမ်သူမှာ ဗြိတိန်နိုင်ငံသူ ဖြစ်သည်။

အဘမှာ ဗုဒ္ဓဘာသာဝင်ဖြစ်ပြီး အမိဖြစ်သူမှာ ...ဘာသာဝင် ဖြစ်၏။ သားဖြစ်သူ ဦးဗသန်းမှာ မိခင်နှင့်အတူ ရင်အုပ်မကွာနေရသည့်အချိန် များသောကြောင့် ...ဘာသာဝင်တစ်ဦး ဖြစ်လာသည်။

အင်္ဂလိပ်အုပ်စိုးသော ကာလတွင် ဦးဗသန်း (၁၀)တန်းအောင်သဖြင့် အိန္ဒိယနိုင်ငံရှိ ကလကတ္တားတက္ကသိုလ်သို့ သွားတက်ရသည်။ တက္ကသိုလ်ကျောင်းပိတ်ရက်များတွင် မြန်မာနိုင်ငံသို့ မပြန်တော့ဘဲ ဆာဒူးကြီးများထံတွင် တရားကျင့်ခြင်းနှင့် စိတ်ညှို့ပညာကို အားလပ်ချိန်အတွင်း နည်းနာခံ၍ သင်ကြားခဲ့၏။

ဆာဒူးကြီးများသည် ထိုအချိန်က ရေပေါ်တွင် အိပ်ခြင်း၊ လမ်းလျှောက်ခြင်းတို့ကို ပြုလုပ်နိုင်သည်ဟု ဆို၏။

တချို့သော ဆာဒူးကြီးများသည် သစ်ပင်အောက်တွင် တရားထိုင်နေကြရာ ခြကောင်များပင် အုံဖွဲ့နေသည်ဟု သိရသည်။ စိတ်ညှို့ပညာရပ်တွင် မိမိသိလိုမြင်လိုသောကိစ္စကို စိတ်ညှို့ခိုင်းစေ၍ ရနိုင်သည်ဟု ဆို၏။

ဘွဲ့ရ၍ မြန်မာနိုင်ငံသို့ ပြန်ရောက်လာသောအခါ မိခင်ဖြစ်သူမှာ ဆုံးပါးသွားပြီဖြစ်၍ ဖခင်ဖြစ်သူမှာ နောက်ထပ်အိမ်ထောင်ပြုထားသည်။ ဦးဗသန်းသည် နိုင်ငံရေးလုပ်ရင်း ပျဉ်းမနားမြို့တွင် ရွှေ့နေလိုက်သည်။

ဗိုလ်ချုပ်အောင်ဆန်းတို့ တို့ဗမာအစည်းရုံးဖွဲ့သောအခါ ပျဉ်းမနားမြို့တွင် တို့ဗမာအစည်းအရုံး၌ သခင်ဗသန်းအဖြစ် နိုင်ငံရေးတွင် ပါဝင်လှုပ်ရှားတော့သည်။

မြို့နယ် တို့ဗမာအစည်းအရုံးတွင် အတွင်းရေးမှူးအဖြစ်. တာဝန်ယူ၍ ဗိုလ်တာရာ၊ ဗိုလ်တောက်ထိန်နှင့်အတူ



www.burmeseclassic.com

www.burmeseclassic.com

နိုင်ငံရေးကို ထက်မြက်စွာ ပါဝင်လှုပ်ရှားသဖြင့် အင်္ဂလိပ်အစိုးရက သခင်ဗသန်းကို ဝရမ်းထုတ်ဖမ်းဆီးပြီး သခင်မြတို့နှင့်အတူ သာယာဝတီထောင်သို့ပို့၍ ချုပ်နှောင်ထားသည်။

ထိုအချိန်တွင် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော တော်လှန်ရေး အဖွဲ့သားများက သာယာဝတီထောင်ကို ဗုံးကြဲ၍ ဖောက်ပေးခဲ့သဖြင့် သခင်မြတို့နှင့်အတူ သခင်ဗသန်းလည်း သာယာဝတီထောင်မှ ထွက်ပြေးလွတ်မြောက်သွား၏။

ဗုံးကြဲ၍ ထောင်ဖောက်ပေးသဖြင့် ဗုံးဆန်တစ်ခုသည် ဦးဗသန်း၏ ဘယ်ဘက်ပခုံးထဲသို့ စိုက်ဝင်သွား၏။ ဦးဗသန်းသည် သခင်မြတို့အုပ်စုနှင့် လူစုကွဲသွားပြီး ဗုံးဒဏ်ရာနှင့် ထွက်ပြေးလာခဲ့ရာ ရွာသို့သွားသောလမ်းအနီးသို့ ရောက်သောအခါ ဇရပ်တစ်ဆောင်ကို တွေ့လိုက်၏။ ဇရပ်မှာ (၁၀)ပေပတ်လည်ရှိပြီး ဓနိများ မိုးထားသည်။

ဇရပ်ပေါ်သို့ ရောက်သောအခါ ပခုံးမှ ဒဏ်ရာမှာ သွေးထွက်လွန်နေသဖြင့် အင်အားချိနဲ့ပြီး ခေတ္တမျှ မိန်းမောအိပ်ပျော်သွားသည်။ သတိရနိုးလာသောအခါ ဘုန်းကြီးတစ်ပါးသည် ခေါင်းရင်းဘက်ဇရပ်ပေါ်တွင် ပုတီးစိပ်နေသည်ကိုတွေ့လိုက်ရ၏။

ဘုန်းကြီးသည် အသားမှာ အညိုရောင်ဖြစ်ပြီး သစ်ခေါက်ဆိုးသင်္ကန်းကို ဝတ်ထားသည်။ သက်တော် ခြောက်ဆယ်မျှရှိမည်ထင်၏။ ဦးဗသန်းကလည်း လျောင်းနေရာမှထရန် ကြိုးစားချိန်တွင် ဘုန်းကြီးက လက်ကာပြပြီး...

'ဒကာ မထနဲ့ဦး။ ဒဏ်ရာက တော်တော်ပြင်းထန်ပုံ ရတယ်'

'ဗုံးဆန်က ထောင်နံရံနဲ့ထိပြီး ပခုံးတည့်တည့် လာမှန်တာပါ။ ဗုံးဆန်က



ပခုံးထဲမှာ ရှိနေတယ်'

'ဒကာ့ဒဏ်ရာ သွေးထွက်များနေပြီ။ သွေးတိတ်သွားအောင် ဒီဆေးလုံးလေးတွေကို သောက်လိုက်'

ဟုပြောပြီး ဦးဗသန်းကို မ,ထူပေးသည်။ ဦးဗသန်းက အားပြု၍ထပြီး ရောဂါအမြန် သက်သာစေလိုသော စိတ်ဖြင့် မစူးစမ်းမဆင်ခြင်တော့ဘဲ ဘုန်းကြီးပေးသော ဆေးသုံးလုံးကို ပါးစပ်ထဲသို့ထည့်ပြီး မျိုချလိုက်၏။ ဆေးလုံးများမှာ ရွှေစေ့သာသာရှိပြီး အခါးဘက်သို့ နည်းနည်းနွယ်သည်။ ဦးဗသန်းက အားကိုးတကြီးဖြင့်...

'ဒီနားမှာ ဒီဒဏ်ရာကို ပျောက်အောင်ကုနိုင်တဲ့ဆရာ မရှိဘူးလား'

'ရှိတာပေါ့။ ဘုန်းကြီးက ဆေးဆရာအစစ်ပေါ့'

ဦးဗသန်းက အံ့အားသင့်စွာဖြင့်...

'ဘုန်းကြီးက ပျောက်အောင် ကုနိုင်သလား'

'အေး ကုနိုင်တယ်။ တို့ ဘုန်းကြီးတွေမှာ ဗုဒ္ဓဆေးဆိုတာ ရှိတယ်'

'ဒီလိုဆိုရင် ကုပေးစမ်းပါ။ ကျေးဇူးမမေ့ပါဘူး။ ကျုပ်မှာ နိုင်ငံအတွက်လုပ်စရာလေးတွေ ကျန်သေးတယ်။ ဒဏ်ရာပျောက်မှ ဖြစ်မှာ'

'ကုပေးနိုင်တယ်။ ဒါပေမယ့် ဒကာကတိတစ်ခု ပေးရမယ်'

'ဘယ်လို ကတိပေးရမှာလဲ'

'ဗုဒ္ဓဆေးဖြစ်တဲ့အတွက် ဗုဒ္ဓဘာသာဝင်ဖြစ်ရမယ်'

ဦးဗသန်းက ခေတ္တတွေဝေ စဉ်းစားနေစဉ် အနာမှာ လွန်စွာကိုက်ခဲလာသဖြင့်...

'အဖေက ဗုဒ္ဓဘာသာဝင်ပါ။ ဗုဒ္ဓဘာသာဝင်လုပ်ဖို့ သိပ်ပြီး အခက်အခဲမရှိပါဘူး'

'အိမ်း ကောင်းပြီ။ ဒကာကြီး ဗုဒ္ဓဘာသာဝင်အမျိုးအနွယ်က ဆင်းသက်လာတာမို့ ဦးပဉ္ဇင်း လက်ခံလိုက်မယ်။ ကတိတော့ တည်ပါစေ'

ဟု ပြောပြီး ဘေးလွယ်အိတ်ထဲမှ ဆေးမှုန့်ထုပ်ကို ထုတ်ယူလိုက်ပါသည်။ ဆေးထုပ်မှာ မှိုင်းကိုင်စက္ကူဖြင့် ထုပ်ထားတာဖြစ်ပြီး ဆေးထုပ်ကို ဖြေပြီး ဘုန်းကြီးက...

'ဒါ ဗုဒ္ဓဆေးဖြစ်တဲ့ ဓာတ်ပြာမှုန့်ပဲ။ ဆေးစွမ်းကလဲ ထက်တယ်။ မကြာခင် အနာကျက်သွားလိမ့်မယ်'

ဟု ပြောပြီး ပခုံးထက်က အနာပေါက်ကို သိပ်ပေးလိုက်ပါသည်။ ဓာတ်ပြာမှုန့်မှာ အဝါရောင်ဖျော့တော့တော့ဖြစ်ပြီး ပူလောင်စပ်ခြင်းမရှိဘဲ မကြာမီ အနာမှာ သွေးတိတ်သွားပါသည်။

နောက်ပြီး ဘုန်းကြီးက လွယ်အိတ်ထဲမှပင် ဖီးကြမ်းငှက်ပျောသီးတစ်လုံးကို ထုတ်ယူပြီး...

'ကဲ ရော့။ ဒကာလဲ ဆာနေရောမယ်။ ဒါကို စားလိုက်ပါ။ ငှက်ပျောသီးက အဆာလဲပြေမယ်။ ဒဏ်ရာကိုလဲ သက်သာစေလိမ့်မယ်'



www.burmeseclassic.com

www.burmeseclassic.com

ဦးဗသန်းတစ်ယောက် ထောင်မှ ထွက်ပြေးလာကတည်းက ဘာမှ မစားရသေးပါ။ ဆံလောင်မွတ်သိပ် နေပြီဖြစ်သဖြင့် ဘုန်းကြီးပေးသော ငှက်ပျောသီးကို အငမ်းမရ စားလိုက်၏။

ငှက်ပျောသီး စားပြီးသောအခါ ရင်ထဲတွင် ဆာလောင်မွတ်သိပ်မှု မရှိတော့ဘဲ လန်းဆန်းသွားသည်။ ဘုန်းကြီးက ဆက်ပြီး...

'ဒကာ့ဒဏ်ရာက သိပ်မကျက်သေးဘူး။ အနားယူဦးမှ ဖြစ်မယ်'

'တပည့်တော် ဘယ်ကိုသွားရမယ်မှန်း မသိပါဘူး။ အင်္ဂလိပ်အစိုးရက ထပ်ပြီး ဖမ်းလိမ့်ဦးမယ်နဲ့ တူတယ်'

'ဒီလိုဆိုရင် ဘုန်းကြီး ညွှန်ကြားလိုက်မယ်။ ဦးပဥ္စင်း သီတင်းသုံးခဲ့တဲ့ ဘုန်းကြီးကျောင်းမှာ သွားခိုနေလိုက်ပါ။ နိုင်ငံရေး တည်ငြိမ်သွားတော့မှ ဒကာ သွားချင်ရာသွားပေါ့။ တစ်ခါတစ်ရံ ဂျပန်အဖွဲ့ဝင်တွေတော့ လာတတ်တယ်'

ဦးဗသန်းက စဉ်းစားမနေတော့ဘဲ...

'ကျေးဇူးပါပဲ။ အဲဒီ ဘုန်းကြီးကျောင်းကိုသာ ညွှန်ကြားပေးပါ'

'ဒီလမ်းတည့်တည့် နှစ်မိုင်လောက်သွားရင် ရွာတစ်ရွာကို တွေ့လိမ့်မယ်။ အဲဒီရွာဖျားမှာ ဘုန်းကြီးကျောင်းတစ်ကျောင်းရှိတယ်။ ဆရာတော် ဦးနန္ဒက လွှတ်လိုက်တယ်လို့ ပြောပြီး ဒကာကြီး စိတ်ချလက်ချ ခိုလှုံလိုက်ပါ'

ဟု ပြောပြီး ဇရပ်အရှေ့ဘက်ရှိ လမ်းကလေးအတိုင်း ကြွသွား၏။ ဘုန်းကြီးညွှန်ပြပေးသောရွာမှာ ဇရပ်၏ အနောက်ရှိ လမ်းကလေးအတိုင်း သွားရမည် ဖြစ်သည်။ ဦးဗသန်းက ဝမ်းသာစွာဖြင့် ဘုန်းကြီးအား လက်အုပ်ချီ ကန်တော့လိုက်သည်။



ဦးဗသန်းသည် ဘုန်းကြီးအား မျက်စိတဆုံး လှမ်းမျှော်ကြည့်နေပြီး၊ ဘုန်းကြီး မျက်စိအောက်မှ ပျောက်ကွယ်သွားတော့မှပင် ဇရပ်ပေါ်မှ ဆင်းခဲ့၏။ ဒဏ်ရာမှာလည်း အုံ့သြလောက်အောင် သက်သာနေပြီ ဖြစ်သည်။

ဘုန်းကြီးညွှန်ကြားထားသော ရွာသို့ လမ်းကလေးအတိုင်း တဖြည်းဖြည်း လျှောက်လာခဲ့ရာ နာရီဝက်ခန့်မျှ ကြာသောအခါ သစ်ပင်ကြီးများ အုပ်ဆိုင်းနေသည့် ရွာအုပ်စုကလေးတစ်ခုသို့ ရောက်လာသည်။

ရွာမှာ အိမ်ခြေ(၂၀)ခန့်မျှသာ ရှိသည်။ ရွာထဲသို့မဝင်မီ ရွာဦးထိပ်၌ ဘုန်းကြီးကျောင်းတစ်ကျောင်းကို တွေ့လိုက်ရ၏။ ဘုန်းကြီးကျောင်းမှာ ခြေတံရှည်တိုင်လုံးများဖြင့် ဆောက်ထားသည်။

ကျောင်းမှာ ပေသုံးဆယ်ပတ်လည် ကျယ်ဝန်းပြီး (၁၀)ပေပတ်လည်ရှိ ဘုရားခန်းကို သီးသန့်ဆောက်လုပ်ထားသည်။

ဘုန်းကြီးကျောင်းပေါ်သို့ တက်သွားသောအခါ ဘုန်းတော်ကြီးတစ်ပါးကို ဖူးတွေ့လိုက်ရသည်။ ဘုန်းတော်ကြီးက မယောင်မလည်နှင့် ကျိုးကန်းတောင်းမျှော်ကြည့်၍ ဝင်လာသော ဦးဗသန်းကို...

'ဒကာ ဘာကိစ္စရှိပါတုံး'

'ဆရာတော်ဦးနန္ဒက လွှတ်လိုက်လို့ လာတာပါ'

ဘုန်းတော်ကြီးက အံ့အားသင့်စွာဖြင့်....

'ဘယ်လို ဘယ်လို ဆရာတော် ဦးနန္ဒက လွှတ်လိုက်တာ'

'ဟုတ်ပါတယ်ဘုရား ဆရာတော် ဦးနန္ဒက ဇရပ်မှာ တပည့်တော်ကို ဆေးကုသပေးပြီး ဒီကျောင်းမှာ ခေတ္တနေဖို့ လွှတ်လိုက်တာပါ'

ဟု ပြောပြီး ဆရာတော်နှင့် တွေ့ဆုံပုံ၊ ထောင်ဖောက်၍ ထွက်ပြေးလာပုံ အကြောင်းစုံကို ဘုန်းတော်ကြီးအား ရှင်းလင်း ပြောပြပါတော့သည်။ ဘုန်းတော်ကြီးက အံ့သြစိတ်ဝင်စားစွာ နားထောင်ပြီးနောက်...

'ဒကာ ခဏလိုက်ခဲ့ပါ'

ဟု ခေါ်၍ ဘုရားခန်းအတွင်းသို့ ခေါ်သွားသည်။

ဘုရားခန်းအတွင်းတွင် သုံးတောင်မျှရှိသော ကျောက်ဆင်းတုတော် တစ်ဆူ ပူဇော်ထားပြီး ဘုရား၏ အနောက်ဘက်နံရံတွင် ဓာတ်ပုံတစ်ပုံ ချိတ်ဆွဲထားသည်။ ဘုန်းတော်ကြီးပုံဖြစ်ပြီး ကိုယ်တစ်ပိုင်းပုံဖြစ်၍ ဘုန်းတော်ကြီးမှာ သက်တော်ခြောက်ဆယ်မျှ ရှိမည်ထင်ပါသည်။ ဘုန်းတော်ကြီးက ထိုဓာတ်ပုံကို လက်ညှိုးထိုးပြပြီး "ဒီဆရာတော်လား" ဟု မေးပါသည်။

ဦးဗသန်းသည် ဓာတ်ပုံကို သေချာစွာကြည့်သောအခါ ဆေးကုသပေးသော ဆရာတော်နှင့် တစ်ထပ်တည်း တူနေသဖြင့်...

'ဟုတ်ပါတယ်'

'ဒါဆို ဟုတ်ပြီ လာ'

ဟု ပြောပြီး ဘုရားခန်းထဲမှ ထွက်လာကြပါသည်။ ဒီနောက် ဘုန်းတော်

www.burmeseclassic.com

ကြီးက ဆရာတော်ဦးနန္ဒ၏ အကြောင်းကို ပြန်ပြောင်း ပြောပြပါတော့သည်။

အသက်(၁၃)နှစ် အရွယ်ကပင် ကိုရင်နန္ဒအဖြစ် ကျောင်းသို့ ရောက်လာသည်။ ဆရာတော်ကြီးအား အနီးကပ် ပြုစု၍ ခြေဆုပ်လက်နယ် ပြုလုပ်ပေးရ၏။

ဆရာတော်ကြီးသည် အင်္ဂရိတ်သမားဖြစ်သည်။ နံနက်မိုးလင်းမှ မိုးချုပ်သည်အထိ ဆွမ်းစားချိန်မှလွဲ၍ ဖိုထိုးသည်။ ကိုရင်နန္ဒက ဘေးမှ တောက်တိုမည်ရ အကူပေးရ၏။ ကိုရင်နန္ဒကိုလည်း ဖိုထိုးအင်္ဂရိတ်အတတ်ကို သင်ပေးသည်။

ဦးပဥ္စင်းဦးနန္ဒအဖြစ် ရောက်လာပြီး သုံးနှစ်အကြာတွင် ဆရာတော်ကြီး ပျံလွန်တော်မူသွားသည်။ ဆရာတော်ကြီးက ဦးပဥ္စင်းဦးနန္ဒအား ပျံလွန်တော်မူခါနီးတွင် ဓာတ်လုံးတစ်လုံးပေးခဲ့၏။ ဓာတ်လုံးမှာ ရွှေရောင်ဝင်းနေပြီး မျက်လုံးများ ပွင့်နေပြီဟု ဆို၏။

ဆရာတော်ထိုးခဲ့သည့် အင်္ဂရိတ်ဖိုကို ဦးပဥ္စင်းဦးနန္ဒက ဆက်လက် အသုံးပြုသည်။ ဆရာတော်ကြီးအတိုင်းပင် နံနက် ဆွမ်းခံကြွပြီးသည်နှင့် ဖိုထဲသို့ ဝင်လေ့ရှိသည်။

နှစ်ကာလကြာသောအခါ ဦးပဥ္စင်းဦးနန္ဒသည် ရွှေဖြစ်အောင် အင်္ဂရိတ်ထိုး ကျွမ်းကျင်သည်ဟု သတင်းထွက်လာသည်။ ဦးနန္ဒသည် ဓာတ်ဆေးများဖော်၍ ဆေးကုသခြင်းအလုပ်ကို လုပ်၏။ တစ်ခါတစ်ရံ ဆေးကုလာသူများကို ဓာတ်လုံးဖြင့် ကုပေးခြင်းလည်း ရှိသည်။

ရောဂါများ ပျောက်ကင်းသွားသဖြင့် ရပ်ဝေးနှင့်ရပ်နီးရွာများမှ လှည်းတစ်တန်၊ လှေတစ်တန်ဖြင့် လာရောက်ကုသကြ၏။



ညှော်ပရိသတ် များလာသောအခါ ပရိသတ်များကို ငြီးငွေ့လာသည်။ အင်္ဂလိပ်အစိုးရမှ လာထောက်လှမ်းလာကြသဖြင့် ဆရာတော်သည် ဂန္ဓာရီလှည့်မည်ဟု ပြောဆိုကာ ဦးပဥ္စင်းတစ်ပါးကို ကျောင်းအပ်ပြီး ကျောင်းမှ ပျောက်ခြင်းမလှ ပျောက်သွားတော့၏။

ဆယ်နှစ်မျှကြာသောအခါ ဆရာတော်အား မဟာမြိုင်တောထဲတွင် တွေ့လိုက်သူရှိသလို ရွှေဘိုတွင် တိုက်ပွဲဖြစ်၍ ဆရာတော်ပျံလွန်တော်မူသွားပြီဖြစ်ကြောင်း သတင်းစကား ပါးလာကြသည်။

အချို့ ရွာသားများကလည်း ဖျားနာသူများကို အိပ်မက်ထဲတွင် ဆေးလာကုကြောင်းနှင့် ရွာနီးစပ်တွင် ဆရာတော်ကို မကြာခဏ ဖူးတွေ့လိုက်ရကြောင်း ပြောကြ၏။

ဆရာတော်ဦးနန္ဒ ပျောက်သွားသည်မှာ နှစ်ပေါင်း သုံးဆယ်ကျော်ကြာမြင့်ပြီဖြစ်ပြီး ဆရာတော် အသုံးပြုခဲ့သော အင်္ဂရိတ်ဖိုမှာ မသမာသူတွေကြောင့် ပြာပင်မရှိတော့ကြောင်း ပြန်ပြောပြပါသည်။ အများက ဆရာတော်ဦးနန္ဒအား ဝိဇ္ဇာတစ်ပါးဖြစ်ကြောင်း ထင်မြင်ယူဆချက် ပေးကြသည်။

ဦးပဥ္စင်းဦးနန္ဒကို အထူး ကြည်ညိုလေးစားကြသဖြင့် ဦးဗသန်းအား ကျောင်းတွင် နေခွင့်ပြုလိုက်သည်။

ဦးဗသန်းက ကတိပြုထားသည့်အတိုင်း ဆရာတော်ထံတွင် ဗုဒ္ဓဘာသာဝင်အဖြစ်ခံယူပြီး ဘုရားရှိခိုးနှင့် ပုတီးစိပ်ခြင်းအတတ်ကို စိတ်ပါဝင်စားစွာ သင်ကြားတတ်မြောက်သွား၏။

လေးလမျှကြာသောအခါ တိုင်းပြည်ငြိမ်သက်သွားပြီဖြစ်သဖြင့် ဌာနေသို့ ပြန်လာခဲ့တော့သည်။

ဂျပန်တော်လှန်ရေးတွင်လည်း သခင်ဗသန်းသည် ထူးချွန်စွာ ပါဝင်ခဲ့ပြီး တော်လှန်ရေးကာလပြီးနောက် ဖျာပုံမြို့တွင် တရားသူကြီးအဖြစ် ဆောင်ရွက်ခဲ့သည်။ တာဝန်ထမ်းဆောင်နေချိန်တွင် ကျောက်ကပ်တွင် အမည်းကွက်ကြီးတစ်ခု ပေါ်လာ၏။

အမဲကွက်ကြီးကို ဆေးလိမ်းပေးသောအခါ အလျား (၁၂) လက်မ၊ အနံ(၁)လက်မ၊ ဖြက် နီးတစ်ပြားစာရှိ ဖုံးဆန်သည် ပြုတ်၍ ထွက်ကျလာသည်။

ခန္ဓာကိုယ်ထဲတွင် နှစ်ပေါင်း နှစ်ဆယ်နီးပါးမျှ ဖုံးဆန်က ခန္ဓာကိုယ်ထဲတွင် ခိုအောင်းနေပြီး ယခုမှပင် မနာမကျင်နှင့် ပြုတ်ကျသွားသဖြင့် ဦးပဥ္စင်း ဦးနန္ဒ၏ ဆေးစွမ်းသည် အံ့မခန်းအောင်ရှိပါသည်။

ဦးဗသန်းတစ်ယောက် တရားသူကြီးမင်း ဖြစ်ပြီးနောက် ဖုံးဆန် ကျောထဲမှ ထွက်သွားသည်ကို ဝမ်းမသာပါ။ ဗုဒ္ဓဘာသာဝင် တစ်ယောက်အဖြစ် ခံယူရောက်ရှိခဲ့သည်ကိုပင် ဂုဏ်ယူဝင့်ကြွား ပျော်ရွှင်နေမိတော့သည်။

***ဖခင် ဦးဗသန်းအား အမှတ်တရ...***

**တက္ကသိုလ်အပန်ငယ်**



www.burmeseclassic.com

www.burmeseclassic.com



ထူးခြားသော

ရသေ့တစ်ပါး၏

# ဒင်္ဂါးတစ်ပြား ဓာတ်လုံးတစ်လုံး

ကျော်စင်မြ



စာရေးသူ နိုင်ငံတာဝန်ဖြင့် ရခိုင်ပြည်နယ်၊ ဝမြို့နယ်သို့ ရောက်ရှိစဉ် ဝမြို့နယ်အပိုင် ကမ်းသာယာနယ်မြေရှိ ကင်းပုံရွာတွင် တစ်ချိန်က ထူးဆန်းသော ရသေ့တစ်ပါးနှင့် သူ၏ ငွေမ ခေါ် ငွေဒင်္ဂါးပြားတစ်ပြား၊ ဓာတ်လုံးတစ်လုံး အကြောင်းကို သိရှိခဲ့ရပါသည်။

စာရေးသူသည် တစ်ချိန်က ကင်းပုံရွာသူကြီး၏ ဦးဖိုးခက်၏ သားဖြစ်သူ အသက်(၈၉)နှစ်ရှိ အဘဦးညီပု၏ ရှေးမီနောက်မီ အကြောင်းအချက်အလက်များ မေးမြန်းသိရှိခဲ့သမျှအား အောက်ပါအတိုင်း ရေးသားတင်ပြလိုက်ရပါသည်။

* * *

သက္ကရာဇ် ၁၂၈၀ ပြည့်နှစ်က ကင်းပုံရွာသား ပိုက်သူကြီး ဦးရွှေဖြူသည် သူ၏ ငါးဖမ်းပိုက်လှေထားသော ပိုက်တန်းလိုဏ်ဂူအနီးတွင် ရသေ့တစ်ပါး ချုံခုတ်တွင်ရှင်းလင်းနေတာကို တွေ့လိုက်ရသည်။

'ရသေ့တစ်ပါးတည်း ချုံရှင်းနေတာ မသင့်တော်ဘူး။ သူကြီးကိုတော့ အသိပေးဦးမှပဲ'

ဦးရွှေဖြူသည် ပိုက်လှေကို သွားကြည့်ပြီး အပြန်တွင် ရွာသို့ ပြန်ခဲ့လာခဲ့ရာ ကွင်းစပ်တံတားအနီး နွားကျောင်းနေသော မောင်စိန်ဂဲကို တွေ့လေသည်။

'ဟေ့ စိန်ဂဲ ဂူဝမှာ ရသေ့တစ်ပါး ချုံရှင်းနေတယ်ကွ'

'ဟုတ်လား ဦးရွှေဖြူ တစ်ပါးတည်းဆိုရင် ကျုပ်တို့ သွားကူရအောင်'

'အေး... ငါလဲ ရွာပြန် သူကြီးကို ပြောပြီး အကူအညီတောင်းဖို့ စိတ်ကူးထားတာ။ မင်းနဲ့တွေ့တာ ဟန်ကျတာပဲ။ ဒါဆို သွားကြစို့'

ပိုက်သူကြီးနှင့် မောင်စိန်ဂဲ ကမ်းစပ်မှ ဂူသို့ ရောက်သောအခါ သူတို့ကို မြင်သဖြင့် ရသေ့ကြီးသည် ချုံရှင်းနေ





www.burmeseclassic.com

www.burmeseclassic.com

သည်ကို ရပ်တန့်လိုက်ပြီး...

'ကဲ...လာကြ လာကြ ဒကာတို့ရွာမှာ သူကြီးရှိလား သူကြီးကို တွေ့ချင်တယ်'

'ရှိပါတယ် ဘရသေ့ သူကြီးနာမည်က ဦးဖိုးခက်ပါ ဘုရား။ သွားချင်ရင် တပည့်တော်တို့ လိုက်ပို့ပါ့မယ် ဘရသေ့'

'အိမ်း...အိမ်း ဒါဆိုရင် ဒီပစ္စည်းတွေ ခဏထားခဲ့ပြီးရင် သွားတာပေါ့ကွယ်'

ရသေ့ကြီး၏ အသုံးအဆောင်ပစ္စည်းတွေဆို၍ ပိုက်သူကြီး ဦးရွှေဖြူ ကြည့်လိုက်တော့ ကိုယ်ရုံသင်္ကန်းနှင့် ကပ်ထားသော ယောဂီကျောင်းသင်္ကန်း တဲငယ် သင်းပိုင်သင်္ကန်းနှင့် ထုတ်ထားသည့် အထုတ်တစ်ခု၊ သပိတ်တစ်လုံး၊ ရေစစ်တစ်ခုနှင့် ချုံခုတ်ရန် ဓားမ ဓားရှည်တစ်ချောင်း၊ တူးရွင်းတစ်ခုကိုသာ တွေ့လိုက်ရပါသည်။

ချုံရှင်းထားသည်မှာ တော်တော်ခရီးရောက်နေ၍ လွန်ခဲ့သည့် (၃)ရက်လောက်ဖြစ်မည်။ သက်တော်(၆၀) လောက် ထင်ရ၏။ ကျန်းမာဖျတ်လတ် အသားအရေ စိုပြည်ဝင်းနေ၏။

မကြာမီ ကင်းပုံသူကြီး ဦးဖိုးခက်နှင့် တွေ့လေသည်။

'သူကြီး ဒါ ပိုက်တန်းဂူမှာ သီတင်းသုံးမယ့် ဘရသေ့ပဲ'

သူကြီးဦးဖိုးခက် ဖနီးမောင်နှံက ရသေ့ကြီးကို နေရာထိုင်ခင်းပေးပြီး ဆွမ်းဘုဉ်းစေပြီး ရေပူရေချမ်းများနှင့် အာဟာရ မျှစေပါသည်။

'ဒကာသူကြီး ဒီကင်းပုံရွာမှာ ဂူတစ်ဂူရှိတယ်လို့ သိရပါတယ်။ အထက်က အမိန့်အရ ဂူကို ရှင်းလင်းပြီး ဘုရားတည်ရမယ်လို့ ဆရာသခင်များ မိန့်မှာတာမို့ ဒီဂူကို ရောက်လာတာပါ။ သူကြီးရဲ့ နယ်မြေဖြစ်တဲ့ အတွက်လဲ



အသိပေးရတာပါ။ ဘရသေ့ ရောက်နေတာ (၃)ရက်ရှိပါပြီ သူကြီး'

'ဘရသေ့ ပိုက်တန်းဂူမှာ သာသနာပြုမယ့်ကိစ္စအတွက် စိတ်တိုင်းကျ ပြုပြင်နိုင်ပါတယ်။ လိုအပ်တာရှိရင်လဲ ပြောပါ ဘရသေ့'

'သာဓု...သာဓု...သာဓု... လိုချင်ရင် အမိန့်ရှိမှာပေါ့ ဒကာသူကြီး'

ဘရသေ့ ရောက်ရှိလာပြီး ပိုက်တန်းဂူကို ရှင်းလင်းလျက် သာသနာပြုနေသော သတင်းသည် အနီးအနားရွာများဖြစ်သည့် သံခဲချိုင်၊ ဇီးကုန်း၊ ဆတ်သွား၊ ရေသူမအိုင်ရွာများသို့ ပျံ့နှံ့သွားလျက် ရွေးမိနောက်မီ လူကြီးတချို့ ရွာထဲတွင် ပြောနေကြသည်မှာ...

'ပိုက်တန်းဂူကြီးက တော်တော်ထူးဆန်းတယ်။ ဘရသေ့က ဂူထဲမှာ ဘုရားတည်မယ်လဲဆိုရော အလွန် ထူးဆန်းလှတဲ့ မြွေကြီးတစ်ကောင်ဟာ ဘဲအင်းကြီးကျွန်းမှာ ဦးခေါင်းတင်ပြီး အမြီးဖျားက ဂူထဲမှာပဲ ရှိသေးတယ်။

အဲဒါကို ငါးဖမ်းတဲ့လှေတွေရယ် ကင်းပုံ၊ သံခဲချိုင်၊ ဇီးကုန်းရွာက တံငါသည်တချို့ တွေ့ရှိပြီး ငါးမဖမ်းဝံ့ဘဲ ပြန်လာခဲ့ကြတယ်'

ဟု ပြောဆိုနေကြပါသည်။

တစ်ဆင့်စကား တစ်ဆင့်နားနှင့် ရွာသူရွာသားတွေ မြွေကြီးကို သွားကြည့်ကြလေသည်။ အနီးအနားရှိ ရွာတွေကလည်း လာကြည့်ကြ၏။

ဘုရားတည်ဖို့ကို မြွေကြီးက အတိတ်နိမိတ်ပေးတာကြောင့် ဒီဂူကို **မြွေတောင်လိုဏ်ဂူ**ဟု သမုတ်ခဲ့ကြလေသည်။

ရသေ့ကြီး၏ ထူးခြားချက်မှာ သက်တော် (၆၀)ကျော်သော်လည်း ဖျတ်လတ်နုပျို၏။ တောထဲမှ သစ်ဥ သစ်ဖု သစ်မြစ်များ ထုထောင်း ကျိုချက်ပြီး (၉၆)ပါး ရောဂါသည်များကို တိုက်ကျွေး၍ ကုသိုလ်ဖြစ် ကုသပေးသည်။

အဖိုးအဖမယူ ဝေဒနာရှင်များကို ပျောက်ကင်းအောင် ကုသပေးသည်။ ဆွမ်းမစားဘဲ ရက်ရှည် အဓိဋ္ဌာန်ဝင်နိုင်သည်။ သပိတ်ဖြင့်သာ ဆွမ်းဘုဉ်းပေးလေ့ရှိ၏။ ဆွမ်းကျန်များအား ပင်လယ်ဒီရေနှင့်အတူပါသော ငါး လိပ် သတ္တဝါများ စားသုံးရန် ပင်လယ်ထဲသို့ စွန့်ပစ်သည်။

ကျောက်ပုံပေါ်မှနေ၍ သတ္တဝါများကို မေတ္တာပို့သည်။ ထိုအခါ ငါးမျိုးစုံ သတ္တဝါများ အုပ်ဖွဲ့ကာ လိုဏ်ဂူဝထိပေါ်လာပြီး ဆွမ်းကျန်များကို စားသုံးကြလေ၏။

သို့သော် ဘရသေ့အလစ်တွင် ပိုက်သူကြီးက အစာချ ပိုက်ခိုးဆွဲလေ၏။ သို့သော် ငါးအုပ်စုကို မြင်ရသည့်အတွက် လောဘတက်ကာ ဆွဲကြသော်လည်း ပိုက်ထဲတွင် ငါးတစ်ကောင်မှ မမိချေ။ နောင်တွင် ငါးအုပ်ကြီးကို တွေ့သော်လည်း ပိုက်မဆွဲရဲတော့ပေ။

တစ်ခါက ရသေ့ကြီးသည် သပိတ်ထဲမှ ဆွမ်းကျန်များအား ငါးများကို အစာကျွေးနေစဉ် ပိုက်သမားများမှ ပိုက်ဆွဲမည်အပြု ငါးအုပ်ကြီးကို ရှင်ရသေ့မှ လက်ကာပြ၏။ ရှင်ရသေ့





www.burmeseclassic.com

www.burmeseclassic.com

ဆိုလိုခြင်းကိုပင် သိသလားမသိ ငါး အုပ်ကြီးသည် ထိုနေရာမှ ပျောက်သွား၏။

ရှင်ရသေ့မှာ မိုင်(၆၀)ခရီးကို နေ့ချင်း ပြန်နိုင်၏။ တပည့်ဖြစ်သူ ဦးဖိုးတုတ်၊ မောင်သံဂဲတို့မှာ ရသေ့ကြီးကို လိုက်မမီ၍ အံ့ဩသွားလေ၏။

ရသေ့ကြီးသည် မြွေတောင်လိုဏ်ဂူတော်ထဲတွင် အလောင်းတော်ကဿပ ပုံတော်ကို တည်ထားကိုးကွယ်ခဲ့ပြီး နောက်တစ်နေ့တွင် ကင်းပုံရွာသူကြီးနှင့် မောင်စိန်ဂဲကို ဂူထဲသို့ တိတ်တဆိတ်ခေါ်ကာ သူကြီးကို…

'ဒကာသူကြီး ဆရာသခင်များ၏ အထက်အမိန့်အရ သတ္တဝါအားလုံး ဘေးဥပဒ်မဖြစ်ရလေအောင် စီမံဖို့ ကျုပ်သွားရဦးမယ်။ တိုင်းပြည်ရဲ့စစ်မက်အရေးအခြေအနေ ငြိမ်းတောက်လောင်မယ့် အရေးတော်ပုံ ဆိုက်နေပြီမို့ ကျုပ် ပြန်ရဦးမယ်။ ပြန်လာခဲ့မယ်။

တပည့် မောင်စိန်ဂဲက ဆင်းရဲတဲ့အတွက် အဆောင်အဖြစ် ဒီငွေဒင်္ဂါးပြားတစ်ပြား ပေးခဲ့မယ်။ ဥာဏ်ရှိသလိုသုံး။ သူကြီးကတော့ တိုင်းပြည်နိုင်ငံရေးတာဝန် ထမ်းနေရသူဖြစ်လို့ အန္တရာယ်ဆိုတာ အချိန်မရွေးတွေ့လာနိုင်သလို စိန်ခေါ်မှု အခက်အခဲတွေ ဆိုတာ ရှိမှာမို့လို့ အန္တရာယ်ကင်း အဆောင်အဖြစ် ဒီဓာတ်လုံးကို ယူထား'

သူကြီး ဦးဖိုးခက်နှင့် မောင်စိန်ဂဲသည် ရသေ့ကြီးကို ဦးချလည်းပြီးရော ရှင်ရသေ့က…

'ဒကာသူကြီး အင်္ဂလိပ်စစ်သားတွေ မလာခင် ပြန်တော့'

အမိန့်ရှိသည်နှင့် ဆရာတပည့် ဂူထဲက ထွက်လာကြသည်။ ဂူဝလည်း ရောက်ရော ရသေ့ကြီးကို နှစ်ဦးသား မတိုင်ပင်ဘဲ လှည့်ကြည့်လိုက်သည်။ ထိုအခါ ရသေ့ကြီးကို လုံးဝ မတွေ့တော့ချေ။



ရသေ့ကြီးဆီမှ ငွေဒင်္ဂါးပြား ရရှိထားသူ မောင်စိန်ဂဲမှာ သူ့မိန်းမ ပုတိုကိုတောင် အသိမပေး လျှို့ဝှက်စွာ သူအိပ်သည့် ခေါင်းအုံးအောက်တွင် ဝှက်ထား၏။

နောက်တစ်နေ့နံနက် မပုတိုအလစ် ခေါင်းအုံးကို လှန်ကြည့်ရာ ငွေဒင်္ဂါး (၂)ပြားဖြစ်နေ၏။ ထိုအခါ မောင်စိန်ဂဲသည် ငွေဒင်္ဂါးကိုယူ၍ ရင်ဘတ်နှင့် ကပ်ပြီး…

'လက်စသတ်တော့ ငါ့ဆရာ ဘရသေ့ ပေးခဲ့တဲ့ ဒင်္ဂါးဟာ ငွေပွားပြီး မစမယ့် ငွေမ ဒင်္ဂါးကိုး'

ရှင်ရသေ့ကို ကြည်ညိုလေးစားစိတ်နှင့် ငွေဒင်္ဂါး(၂)ပြားကို မှုလနေရာတွင် ပြန်ထားလိုက်လေသည်။

အိမ်ထောင်ရှင်တစ်ဦး ဖြစ်သော်လည်း လူငယ်စိတ် မကုန်သော မောင်စိန်ဂဲသည် တစ်ခါတစ်ရံ အပေါင်းအသင်းကောင်းလျှင် အိမ်မကပ်ဘဲ အရပ်ထဲ လှည့်ခွေနေ၏။ မပုတိုက စီးပွားရေး စေ့စပ်၍သာ ချောင်ချောင်လည်လည် နေနိုင်ခြင်းဖြစ်၏။

တစ်နေ့ မောင်စိန်ဂဲသည် အပေါင်းအသင်းများ အဆွယ်ကောင်း၍ အိမ်မှ နွားမတမ်းလေးကို ရောင်းပြီး အရောင်းအဝယ်လုပ်ဖို့ တောင်ကုတ်မြို့သို့ ထွက်သွား၏။ သို့သော် ဘရသေ့၏ ငွေမဒင်္ဂါးကို ကျွန်းသေတ္တာကြီးအောက်တွင် ဝှက်ထား၏။

မောင်စိန်ဂဲတို့ ရွာမှ ထွက်သွားသည်မှာ (၁၄)ရက် (၂)သီတင်း ရှိပြီဖြစ်ရာ မပုတို လင်အမျှော်စိုက်လေပြီ။ ထိုအချိန်တွင် မြောက်ဘက်မှ လူတစ်ယောက် နွားမတမ်းတစ်ကောင်ကို နှင်တံတို့လျက် မောင်းလာ၏။

မပုတိုမှာ နွားမလေးကိုမြင်တော့ အိမ်က နွားမလေးကို သတိရပြီး ဘယ်လို ရေစက်အကြောင်းကံ ဖန်လာသည်မသိ အပိုင်မွေးလိုစိတ် ဖြစ်လာ၏။ ခက်သည်မှာ ငွေစများက မကျင်ဝင်းဆီမှာ ချေးငှားထား၍ တစ်ပြားတစ်ချပ်မှမရှိ။ နောက်ဆုံး ကိုရင်သံဂဲက ပိုက်ဆံဆိုလျှင် မိန်းမ ပေးရမည်စိုး၍ ဝှက်တတ်သည့်အကျင့် ရှိသည်ဆိုပြီး ရှာလိုက်သည်မှာ အန္တ။ ဘယ်မှ မတွေ့။

နောက်ဆုံး ကြံရာမရဖြစ်ပြီး ကျွန်းသေတ္တာကြီးကို မနိုင်တနိုင် ရွှေ့လိုက်တော့မှ…

'ဟောတော် မောင်မင်းကြီးသားက ငါ့ကို မပေးချင်လို့ ပိုက်ဆံတွေကို ဒီမှာ ဝှက်ထားတာကိုး။ ဒင်းတော့လား ပြန်လာမှ စကားမပြောဘဲ နေလိုက်ဦးမယ်။ အဟိ…ခွိ…ခွိ…ခွိ'

ဒေါသထွက်သလို သဘောကျသလို ပြောလိုက်၏။ ထို့နောက် ထိုခေတ်ငွေ တစ်ဆယ့်ငါးကျပ်(ငွေဒင်္ဂါး ၁၅-ပြား)နှင့် နွားမတမ်းလေးကို ဝယ်ယူလိုက်လေသည်။

ထိုအချိန်တွင် ငွေမ ဒင်္ဂါးအကြောင်း သိထားသော မောင်စိန်ဂဲမှာ **"ဒီနေ့ (၁၅)ရက် ပြည့်ပြီဆိုတော့ ငါ့ငွေဒင်္ဂါးလဲ ငွေတွေပွားလို့ နေပြီပေါ့"**ဟု မြို့အပြန် လာခဲ့လေတော့သည်။

မှောင်ရီပျိုးစအချိန်တွင် ရွာပြန်ရောက်ပြီး အပေါ့အပါးသွားရန် နောက်ဖေးဘက် ထွက်ခဲ့သောအခါ နွားမတမ်း



www.burmeseclassic.com

www.burmeseclassic.com

လေးတစ်ကောင်ကို တွေ့သဖြင့် "ဘယ်က နွားမက ရောက်နေတာတုံး" ဟု စဥ်းစားနေ၏။

မောင်စိန်ဂဲကို မြင်သည်နှင့် မပုတို အိမ်နောက်ဖေးကို ဝင်သွား၏။ ထိုအခါ မောင်စိန်ဂဲ စိတ်ထဲတွင် ထင့်ခနဲ ဖြစ်သွားပြီး သံသယဝင်သွားလေတော့သည်။

သို့သော် မိမိစိတ်ထဲတွင် ငွေမဒင်္ဂါးကြီး ငွေဒင်္ဂါး(၁၅)ပြား တိုးနေမည်ကို မြင်ယောင်မိပြီး စိတ်က သံသယစိတ်ကို ဖြေဖျောက်၍ အပျော်ဘက်သို့ ကူးသွားလေပြန်သည်။

မပုတိုနောက်ဖေးဝင်ခိုက် ငွေဒင်္ဂါး ဝှက်ထားသည်ကို သေတ္တာကို မ,ကြည့်သောအခါ မျှော်လင့်ထားသလို ငွေပွား ငွေဒင်္ဂါးမပြောနှင့် ငွေမဒင်္ဂါးကိုပင် မတွေ့တော့။ မောင်စိန်ဂဲမှ ဒေါချွေးများ ပြန်လာပြီး စိတ်တိုတိုနှင့်...

'ဟဲ့...ပုတို ဟဲ့ မိပုတို နင် သေတ္တာအောက်က ငွေဒင်္ဂါးတစ်ပြား ယူသိမ်းထားလား'

'ဟုတ်တယ် ငွေဒင်္ဂါးတစ်ပြားတင် မကဘူး။ (၁၅)ပြားတောင် တော်ရေရှင်က ကျုပ်မသိအောင် ဝှက်ထားပေမယ့် ကျုပ်က စေ့စပ်တဲ့သူဆိုတော့ ရှင်ဘယ်မှာထားထား မရဘူးတော်ရေ၊ အဲဒီငွေနဲ့ နွားတင်းကုပ်မှာ ချည်ထားတဲ့ နွားမတမ်းကို ဝယ်လိုက်တယ်တော့'

'ဟာ...သွားပါပြီ ဒီလောက်တောင် မလိမ္မာတဲ့ မိန်းမ၊ နင်အသုံးမကျလို့ ငါ့ဒင်္ဂါး ပါသွားပြီ သေပေရော့ ဟာမ'

ဟု ဆောက်တည်ရာမရသည့် စိတ်နှင့် နွားရိုက်ကြိမ်နှင့် ရိုက်ရန် ကြံလေတော့ မိပုတိုလည်း အရှက်ကို မငဲ့နိုင် မောင်စိန်ဂဲ လက်မှ လွတ်အောင် တစ်ချိုးတည်း အိမ်ပေါ်က ဆင်းပြေး



လေ၏။

မိလုမိခင် ရောက်မည့်ရောက်တော့ သူကြီး၏ခြံဝ သူကြီးကိုတွေ့၍ မောင်စိန်ဂဲ အတန်ငယ် တွန့်သွား၏။

သူကြီးက စိတ်ကို လျှော့ရန်ပြောမှ လက်မှ နွားရိုက်ကြိမ်ကို ချလိုက်ပြီး သူကြီးကို အရှိအသေ ပေးလိုက်၏။

သူကြီးက ဖြစ်ကြောင်းကုန်စင် မေးသောအခါ ဘရသေ့ ပေးခဲ့သည့် ငွေဒင်္ဂါးမှ စသည့် ပြဿနာဖြစ်၍ သူကြီးပင်လျှင် ငွေမဒင်္ဂါးကို အလွန်နှမြောမိလေတော့သည်။

တစ်ပတ်ခန့် ကြာသည့်တိုင် မောင်စိန်ဂဲမှာ တတွေတွေ တမှိုင်မှိုင်ရှိနေသဖြင့် ရွာထဲက သတိထားမိလာကြသည်။ မပုတိုမှာလည်း နွားရောင်းသူ အိမ်လိပ်စာကို မမေးထား၍ အရှာရခက်နေလေ၏။ ထို့အပြင်...

မပုတို၏ နှုတ်ဖွာမှုကြောင့် ငွေမဒင်္ဂါးကိစ္စကို တစ်ယောက်မှ တစ်ရွာလုံး သိသွားလေ၏။ ရက်လတို့ ပြောင်းခဲ့လေပြီ။

တစ်နေ့ မပုတို ဝယ်ထားသော နွားမလေး မြွေတောင်ဘက်တွင် စားကျက်လှန်ထားပြီး ဂူထဲ ဝင်သောအခါ ယခင်လက်ရာများကို ကြည့်၍ မောင်သံဂဲမှာ ဘရသေ့ကို သတိရလာမိ၏။

'ဪ...ငါ မလိမ္မာလို့ ဘရသေ့ပေးတဲ့ ငွေဒင်္ဂါးပြားလေး ပါသွားပြီး ငါတော့ ဆင်းရဲတော့မှာပဲ။ အခု ဘရသေ့ကို ပြန်တွေ့ရင် သိပ်ကောင်းမှာ'

နေလုံးကြီးက ပင်လယ်ထဲ ငုပ်လျှိုးတော့မည်ဆိုမှ ရွာသို့ ပြန်လာခဲ့ရာ ရွာအဝင် တံတားနားရောက်သော် နွားမတမ်းလေးတစ်ကောင် မြွေတောင်လိုဏ်ဂူဘက်မှ အော်ပြီး လိုက်လာသည်။ မောင်းထုတ်၍ မရ၍ အိမ်သို့ ခေါ်လာခဲ့လေ၏။ သို့သော် မောင်စိန်ဂဲမှာ နွားသူခိုး အထင်ခံရမှာစိုး၍ သူကြီးကို သွားပြောပြသောအခါ သူကြီးမှ...

'အလဟဿ လျှောက်သွားနေရင် နွားသူခိုး ကျင်ကောက်တို့နဲ့ တွေ့ရင် မလွယ်ဘူး။ မင်း နွားတင်းကုပ်မှ စိတ်ချရဦးမယ်။ ပိုင်ရှင်ပေါ်ရင် ပြန်ပေးလိုက်။ ငါ အကြောင်းကြားမယ်၊ ဟုတ်လား'

မောင်စိန်ဂဲမှ နွားပိုင်ရှင် ပေါ်လာနိုးနှင့် မျှော်နေမိသော်လည်း ပေါ်မလာခဲ့ပါ။ နွားမနှစ်ကောင်နှင့် လုပ်ကိုင်စားသောက်ခဲ့ရာ အတော် ချောင်လည်လာ၏။

ထိုနွားမနှစ်ကောင်မှလည်း ဖီးတင်ခဲ့ရာ နွားအထီး(၁၅)ကောင်ထိ ပေါက်ပွားလာခဲ့ပြီး စပါး၊ ပဲ၊ ပြောင်းစိုက်ခင်း ပိုင်ရှင် ဖြစ်လာခဲ့လေတော့၏။

ထိုအခါ ရွာထဲမှ လူများက ဘရသေ့က မောင်စိန်ဂဲအား ငွေဒင်္ဂါး မ,မည့်အစား နွားတွေ မ,လိုက်တာ ဖြစ်သည် ဆိုပြီး...

'ငွေမ,လည်းပျောက် နွားမ,ရောက် ယောက္ခမစိန်ဂဲ ဘစိန်ဘဲ'

ဟု ယနေ့တိုင် ပြောမဆုံးပေါင် တောသုံးတောင် ဖြစ်ခဲ့လေတော့သည်။

www.burmeseclassic.com

## ဓာတ်လုံးနှင့် တိုးတက်လာသော သူကြီး၏ ကင်းပုံရွာ

'စစ်ရေးကာတစ်တန်… သက်အွန့်ရှာယ်… သတ္တဝါတွေ…ကြံ့မှာစိုးတာကြောင့် မြတ်ဒါန ပူမဝေခင်…ရှင်ရသေ့မှာ…မြန်းကြွရတယ် …ကျွန်းခံ့သာ မာစေကြောင်းကိုကွယ်… လွှမ်းဆုခြွေတောင်း'

သူကြီးဦးဖိုးခက်သည် စင်စစ် ကင်းပုံရွာသား မဟုတ်ပေ။ ရောဝတီတိုင်းဒေသကြီး၊ ငါးသိုင်းချောင်းမြို့နယ် ကုန်းပြင်မြင့်သားဖြစ်၏။ ငွေမြို့နယ်၊ ကမ်းသာအုပ်စု ကင်းပုံရွာသူ ဒေါ်ကြာနှင့် အကြောင်းပါပြီး ကင်းပုံရွာသား ဖြစ်လာခဲ့၏။

သူကြီးဦးဖိုးခက်သည် သားနှစ်ယောက်၊ သမီးတစ်ယောက် ထွန်းကားခဲ့၏။ သူကြီးဘဝတွင် ဘရသေ့ပေးသော ဓာတ်လုံး ရရှိပြီးနောက် ရိုးဂုဏ်ရှိ၊ ဩဇာတိက္ကမ ရှိသဖြင့် ဗြိတိသျှအစိုးရက ရွှေဦးကျေးရွာ၊ ဗဒေါ့ကျေးရွာအုပ်စု၊ ကင်းပုံကျေးရွာအုပ်စု၏ သုံးရွာသူကြီး ဦးဖိုးခက် ဖြစ်လာ၏။

သူကြီး၏ဓာတ်လုံးမှာ ရေစိမ်ပြီး (၁၅)မိနစ်ခန့်ကြာလျှင် အမြှုပ်များ တစီစီ ထလာပြီး ထိုရေကို သောက်ခြင်း၊ အိမ်ပတ်ဝန်းကျင်အနှံ့ မက်ဖျန်းခြင်း ပြုသောအခါ ယခင်က ရိုးမအစပ်တောများရှိ ခွေးအ, အဆိပ်အတောက်ရှိသတ္တဝါများ ကင်းပုံရွာထဲဝင်၍ နေ့ခင်းကြောင်တောင် ဝက်များကို ဝင်ဆွဲခြင်းနှင့် ကင်း,မြွေအစရှိသော သတ္တဝါများကအစ ရွာထဲသို့ မဝင်တော့ချေ။

အင်္ဂလိပ်ဘုရင်ခံက သုံးရွာသူကြီး ဦးဖိုးခက်ဟု ငွေစလွယ်နှင့် ငွေဓားဆုချ၍ အသိအမှတ်ပြုခံရသည်။ သခင်ခေတ်တွင်လည်း ငွေမောင်းဆု။

ထူးခြားသည်ကား သူကြီးအုပ်ချုပ်သော နယ်မြေအတွင်းရှိ ရွာသူရွာသားများ မင်းဘေးမင်းဒဏ် မသင့်ခြင်း၊ စစ်အတွင်း သူကြီးအိမ်ဝန်းခြံအတွင်း သေနတ်,ဗုံး,ကျည်ဆန် မသင့်ခြင်း၊ သူကြီးကိုယ်တိုင် မင်းမျက်မသင့်ခြင်း၊ ဂျပန်ခေတ်တွင်လည်း အထူးအာဏာရ သူကြီးဖြစ်ပြီး ဂျပန်များကပင် လေးစားကြောက်ရွံ့ရ၏။

တစ်ခါ မြောက်ဘက်ရွာသား(၅)ဦးအား ဂျပန်များက သတ်မည်အပြု သူကြီးက မှန်မှန်ကန်ကန် ရပ်တည်ပြောဆို၍ ရွာသားများ အသက်ချမ်းသာရာ ရခဲ့လေသည်။

ဂျပန်နှင့် အင်္ဂလိပ်စကားလည်း ကျွမ်းကျင်သဖြင့် သူကြီး၏ ဉာဏ်ပညာ ထက်မြက်မှုကို ပြခြင်းဖြစ်သည်။

သူကြီးဦးဖိုးခက် လက်ထက်တွင်…

'ငါးစွလီခေါင်းမျိုး…ရွှေလောင်းကျိုး… လေ့ကားမထောင်… တင်းဝတောင်… နတ်တွေဖန်ဆင်း…ရွှေဦးကွင်း…အပို့တွေ ပေါ်… မဒွေ့ကျော… မင်းတို့တွေဆုံကြ… ကင်းပုံဝ'

ဟူသော တဘောင် ပေါ်ခဲ့သည့်အတိုင်း မင်းတို့တွေ့ဆုံကြ၊ ကင်းပုံဝ ဆိုသည့်အတိုင်း ကင်းပုံချောင်းဝမှာရှိသည့် သာယာချိုင်ကျေးရွာအနီးရှိ အပန်းဖြေစခန်းမှာ နိုင်ငံတော်မှ လူကြီးမင်းများ နိုင်ငံခြားသားများနှင့် စည်ကားလှပနေပါသည်။

ဤသည် ရသေ့ကြီးဆီမှ ဓာတ်လုံး ရခဲ့၍ ဉာဏ်ရှိသလို အသုံးချတတ်သော သူကြီး ဦးဖိုးခက်၏ ကြီးပွားတိုးတက်ခဲ့သည့် ကင်းပုံရွာနှင့် သူကြီး၏ဖြစ်စဉ်မှတ်တမ်းကို တခုတ်တရ ရေးဖွဲ့အပ်ပါသတည်း…

**ကျော်ဇင်ဖြိုး**


**နယ်မှ စာဖတ်ပရိသတ်များသို့…**

မိမိတို့ဒေသတွင်
အစိုးရ စာပို့တိုက်များနှင့်
ဆက်သွယ်၍ ရပါက
နက္ခတ္တရောင်ခြည်မဂ္ဂဇင်းအား
မှာယူနိုင်ပါသည်။
တန်ဖိုးပေးချေးယူစနစ်ဖြင့်
မှာကြားနိုင်ပါသည်။
နက္ခတ္တရောင်ခြည် မဂ္ဂဇင်း
တစ်အုပ်လျှင် ၂၃၀၀/ကျပ်
(နှစ်ထောင့်သုံးရာကျပ်နှုန်းဖြင့်)
မိမိတို့
လက်ဝယ် အရောက်
ပို့ဆောင်ပေးပါမည်။
(၃)လ၊ (၆)လ၊ (၉)လ
(၁၂)လ စသည့်
မိမိလိုသော လကို
ရေးသား၍
မှာကြားနိုင် ပါသည်။

မှာကြားရန် လိပ်စာ. . .

**နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတိုက်**
အမှတ် ၂၃၃၊ (၂၉)လမ်း၊
ပန်းဘဲတန်း၊ စာတိုက်၊
ရန်ကုန်မြို့။
ဖုန်း–၀၁ ၂၄၂၂၈၄




www.burmeseclassic.com

www.burmeseclassic.com

ယခင်လမှ အဆက်

# တရုတ် ကြိုးထုံးပညာ (၉...

ဟူကွင်ဇီ

## အခြေခံ ကြိုးထုံးနည်း( ၉၂ )

巧艺蝴蝶结

Qiǎo Yì Hú Diè Jié

ချောင်ယိ ဟူးတဲ့ကျဲ

### လက်ရာမြောက် လိပ်ပြာကြိုးထုံး

**ချောင်ယိ**(Qiāo Yì) ဟူသည် **"သေသပ်ပြောင်မြောက်သောလက်ရာ"** ဟု အဓိပ္ပာယ်ရရှိ၍ **ဟူးတဲ့**(Hú Diè) ကား **လိပ်ပြာ**ဖြစ်သည်။

လိပ်ပြာကြိုးထုံး **ဟူးတဲ့ကျဲ** (Hú Diè Jié)သည် လည်တိုင်တွင် စည်းနှောင်လေ့ရှိသော ဘိုးတိုင် (Bow Tie) လည်စည်းကို ခေါ်ဝေါ်ခြင်းဖြစ်သည်။

လက်ရာမြောက်ဟူသော နာမဝိသေသနသည် ကျွမ်းကျင်မှု ရှိလာလျှင် အလွယ်တကူ လျင်မြန်စွာ ထုံးနှောင်နိုင်ခြင်းကို ရည်ညွှန်းသည်။ ပုံပါအတိုင်း အထပ်ထပ် လေ့ကျင့်ပါက လျင်မြန်သေသပ်စွာ စည်းနှောင်တတ်လာမည် ဖြစ်သည်။


**ပုံ(၁)** လက်သူကြွယ်ကိုပတ်၍ လက်သန်းဖြင့် ဖိညှပ်ထားပါ။ ကြိုးထုံးအစ ဖြစ်သည်။


**ပုံ(၂–က)** ကြိုးစ (B)ကိုယူပါ။ လက်သန်းအား ပတ်၍ လက်ညှိုးသို့တင်၊ လက်ခလယ်နှင့် လက်သူကြွယ်ကြားမှ တစ်ပတ်လျှိုကာ လက်ညှိုးပေါ်ပြန်တင်ပါ။


လက်ခလယ်နှင့် လက်သူကြွယ်ကြားမှ တစ်ပတ်ထပ်လျှိုကာ လက်ညှိုးနှင့် လက်ခလယ်ကြားသို့ ထည့်ပါ။


ပုံ(၂–က)


* * *




ပုံ(၂–ခ)

* * *


**ပုံ(၂–ခ)**တွင် မြားပြထားသည့်အတိုင်း တစ်ဖက်တစ်ချက်စီ လျှိုထု... ပါ။

**ပုံ(၃)**ကဲ့သို့ ဖြစ်လာမည်။

**ပုံ(၄)** တင်းရင်းအောင် ဆွဲညှိထား... ခြင်းဖြစ်သည်။ တစ်ပတ်လျှို လိပ်ပြ... ထုံးနည်းဖြစ်သည်။

**ပုံ(၅)** လိပ်ပြာနှစ်ထပ် ထုံးနည်း... ရရန် ကြိုးစကို တစ်ပတ် ပို၍ ရစ်လိုက်... ရန်ဖြစ်သည်။ ဖဲကြိုးပြားများ၊ ရောင်... ကြိုးများ၊ လည်စည်းခေါင်းစည်း ပ... များဖြင့်လည်း လိပ်ပြာပုံကြိုးထုံး... ထုံးနိုင်သည်။ လိုအပ်သလို အလှဆ... ပါ။

◆ လိပ်ပြာနှစ်ထပ်ထုံးနည်း








www.burmeseclassic.com

www.burmeseclassic.com





ဥက္ကာစောလှိုင်
(လှိုင်းဘွဲ့)

# သူ့အရပ် သူ့ဒေသ သူ့ဒေသနှင့် ဖြစ်ရပ်ဆန်းများ

## မိဘမဲ့ စပါးကျီ

စာရေးသူသည် မွေးရပ်ဇာတိမြေသို့ ပြန်မရောက်သည်မှာ (၁၀)နှစ်ကျော်နေပေပြီ။ မဟာရန်ကုန်မြို့တွင်း မိသားစုစားဝတ်နေမှုကိစ္စအဝဝကို သမ္မာအာဇီဝလုပ်ငန်းဖြင့် ရုန်းကန်လှုပ်ရှားနေ၍ ဇာတိရွာသို့ မပြန်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။

ဤသို့ နေလာရင်းဖြင့် အကြောင်းတိုက်ဆိုင်မှုတစ်ခုကြောင့် မွေးရပ်မြေ **ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ ဥဒေါင်းရွာသို့** (၁၁-၂-၂၀၁၄)တွင် ပြန်ရောက်ဖြစ်ခဲ့သည်။

လွန်ခဲ့သည့် (၁၀)နှစ်ကျော်ကာလ၌ ဥဒေါင်းရွာမှ ဘားအံမြို့သို့ သွားလာလိုလျှင် ရေကြောင်း ခရီးတစ်မျိုးတည်းဖြင့်သာ သွားလာရသည်။

ယခုအခါ ရေကြောင်းခရီး သွားလာသူ နည်းပါးပြီး ကုန်းလမ်းဖြစ်သည့် ကားလမ်းများ ဖောက်လုပ်ထားသဖြင့် သွားလာမှု အချိန်တိုအတွင်း ခရီးပေါက်ရောက်ပါသည်။

ကားလမ်းမှာ မြေနီလမ်းမဟုတ်ဘဲ ကတ္တရာကွန်ကရစ်လမ်း ဖြစ်သည်။ လွန်ခဲ့သည့် (၁၀)နှစ်ကျော်ကာလနှင့် ယနေ့ တွေ့မြင်ရချိန်သည် အလွန်ကွာခြား၍ တိုးတက်ကောင်းမွန်လာသည်ကို စာရေးသူကိုယ်တိုင် မျက်ဝါးထင်ထင် တွေ့မြင်ရသည်။

ကားလမ်းဘေး တစ်ဖက်တစ်ချက်တွင်ရှိသော ရွာများတွင် ပျဉ်ခင်း,ပျဉ်ကာ,ပျဉ်ထောင် သွပ်မိုးအိမ်များနှင့် တိုက်တာနေအိမ်များ အစီအရီရှိနေသည်ကို တွေ့မြင်ရသဖြင့် စာရေးသူ ဝမ်းသာပီတိ ဖြစ်ရသည်မှာ အမှန်ပင်ဖြစ်ပါသည်။

ကိုယ့်မြို့နယ်ရှိ ကျေးရွာသူ,ကျေးရွာသားများ လူနေမှုအဆင့်အတန်း မြင့်မားလာသည်ကို ကောက်ချက်ချနိုင်ပါသည်။

စာရေးသူတို့မိသားစုသည် ကားဖြင့် ဘားအံမြို့မှ ဇာခင်းလုံရွာ(ပဒ့်ပတောင်ဂူအနီးရှိရွာ)ကို ဖြတ်ကျော်၍ နံ့သာအုန်းရွာသို့ ခရီးအချိန်တိုအတွင်း ရောက်ရှိပါသည်။ ထိုရွာမှ (၄)ဖာလုံခန့်သာဝေးသော မွေးရပ်မြေ ဥဒေါင်းရွာသို့ ရောက်ရှိခဲ့ပါသည်။

စာရေးသူ၏မိသားစုသည် ဥဒေါင်းရွာရှိ ဆွေမျိုးများအား တွေ့မြင်လို၍ တစ်ကြောင်း၊ လွန်ခဲ့သည့်(၁၀)နှစ်ကျော်ခန့်က ဥဒေါင်းရွာနှင့် နံ့သာအုန်းရွာကြားရှိ ချောင်းကူးသစ်သားတံတားအဟောင်းကို ဖျက်၍ သံကူ ကွန်ကရစ်တံတားအသစ်ဖြင့် စာရေးသူတို့ညီအစ်ကိုမောင်နှမများ စုပေါင်းပြီး အစားထိုး ဆောက်လုပ်လှူဒါန်းခဲ့ပါသည်။

သို့ဖြစ်၍ တံတား၏ အခြေအနေကို သိရှိလို၍ တစ်ကြောင်း၊ ဇာတိရွာ ဥဒေါင်းသို့ ပြန်ရောက်ခဲ့ခြင်း ဖြစ်ပါသည်။

စာရေးသူ တင်ပြလိုသည်မှာ မိမိတို့၏မိသားစုအကြောင်း မဟုတ်ပါ။ ဖြစ်ရပ်ဆန်းကို တင်ပြရန် ဆက်စပ်ပြီး အကြောင်းဖန်လာခြင်း ဖြစ်သည်ကို နားလည် ခွင့်လွှတ်စေချင်ပါသည်။

နံ့သာအုန်းရွာသည် အခြားပတ်ဝန်းကျင်ရွာများထက် အိမ်ခြေနည်းသော်လည်း စီးပွားရေးဘက်တွင် အခြားရွာများထက် အနည်းငယ်သာသည်ကို မြဲကြည့်လျှင် မြင်တွေ့ရသည်။

များသော်အားဖြင့် လူပျို,အပျိုများ အိမ်ထောင်ပြုလျှင် မိမိတို့ တစ်ရွာတည်းသားသာလျှင် အိမ်ထောင်ပြု



www.burmeseclassic.com

www.burmeseclassic.com

တတ်ကြပါသည်။

ခြွင်းချက်အနေဖြင့် အခြားသော ရွာသူ,သားများနှင့်လည်း အိမ်ထောင်ပြုသူရှိသည်။ သို့သော် မရှိသလောက်နည်းပါး၏။

ကျေးရွာရှိ လူကြီးသူမများ၏ အဆိုအရ **"ဖျင်းသော စပါးများသည် တလင်းထဲတွင် မရှိပါ"**ဟု ပြောဆိုခဲ့၍ အပျို,လူပျိုများ နာခံသည့်သဘောရှိသည်ကို ထောက်ရှုခြင်းအားဖြင့် ရိုးသားသော ကျေးရွာသူ,သား ဖြစ်သည်ဟု သုံးသပ်မိပါသည်။

နှံ့သာအုန်းရွာရှိ ဘုန်းတော်ကြီးကျောင်းသည် တောင်ခြေတွင် တည်ရှိသဖြင့် အေးချမ်းသာယာပြီး တရားဘာဝနာအားထုတ် ကြည်ညိုပွားနိုင်သော ဆိတ်ငြိမ်သည့် သာသနိကအဆောက်အအုံ ဖြစ်သည်။

ဘုန်းတော်ကြီးကျောင်း အနီးတွင် တည်ရှိသော တောင်ထွတ်များအနက် တစ်ခုသော တောင်ထွတ်သည် **"ဖိုးဟွဲ့ဘူးဖောင့်"(ဖိုးဟွဲ့စပါးကျီ)** ဟု ခေါ်ဆိုကြ၍ ရွာသူ,သားများက အားကိုးယုံကြည်သည့် တောင်ထွတ် ဖြစ်သည်။

**အခါကြီးရက်ကြီးများတွင် ယင်းတောင်ထွတ်မှ ဆိုင်းသံ ဗုံသံ ကြေးသံ မောင်းသံများ ကြားရတတ်သည်ဟု ပြောဆိုကြပါသည်။**

သို့အတွက်ကြောင့် အခါကြီးရက်ကြီးဖြစ်သည့် ဝါဝင်–ဝါထွက်၊ သင်္ကြန်တွင်းကာလများတွင် ရွာသူ,သားများသည် **"ဖိုးဟွဲ့ဘူးဖောင့်"(ဖိုးဟွဲ့ စပါးကျီ)**သို့ နံနက်စောစော (အရုဏ်တက်ချိန်)သွားရောက်ပြီး ဆွမ်း,ရေချမ်း ဆက်ကပ် လှူဒါန်းကြသည်။ ***(သက်သတ်လွတ်ဆွမ်း ဆက်ကပ်ရသည်။)***

ဆက်ကပ် လှူဒါန်းပြီးသောအခါ ယင်းတောင်ထွတ်မှ ကျောက်ခဲလုံး (၁၀)လုံး၊ (၁၅)လုံးခန့် ကောက်ယူ၍ မိမိနေအိမ်သို့ ယူဆောင်လာရပါသည်။

**ယင်းကျောက်ခဲလုံးများကို မိမိနေအိမ်တွင်ရှိသော စပါးကျီ၊ ဆန်ပုံး၊ ဆန်အိုးထဲတွင် ထည့်၍ နှုတ်မှ...**

'စပါးများ ပွားများလာပါစေ ဆန်များ ပွားများလာပါစေ'

ဟု ဆုတောင်း ပြောဆိုရပါသည်။ ယင်း "ဖိုးဟွဲ့ဘူးဖောင့်"(ဖိုးဟွဲ့စပါးကျီ) တောင်ထွတ်ကို ယခုထက်တိုင် ရွာသူ,သားများက အားကိုးယုံကြည် ကိုးကွယ်ကြသည်။

**မှတ်ချက်။ ။ "ဖိုးဟွဲ့ဘူးဖောင့်" ဟူသည် ပိုးကရင်ဘာသာစကား ဖြစ်၍ မြန်မာဘာသာစကားအားဖြင့် မိဘမဲ့စပါးကျီဟု အဓိပ္ပာယ်ရသည်။**

**"ဖိုးဟွဲ့" = မိဘမဲ့၊ "ဘူးဖောင့်" စပါးကျီ။**

**[ဤဖြစ်ရပ်ကို ပြောပြသော နှံ့သာအုန်းရွာမှ အဒေါ် ဒေါ်ချော ညွန့်အား အာရုံပြု ဦးညွတ် ကန် တော့ပါ၏။]**

ဥက္ကာစောလှိုင်
*(လှိုင်းဘွဲ့)*

**စာမျက်နှာ (၂၇၈)မှ အဆက်**

လှပခြင်း၊ လျင်မြန်ခြင်း၊ ကြော့ရှင်းနုရွခြင်း စသော နိမိတ်များ ဆောင်သဖြင့် မင်္ဂလာဆောင်နှင်းခြင်း အစရှိသော သုမင်္ဂလာကိစ္စများတွင် အသုံးပြုနိုင်သည်။

**သတိပြုရန်မှာ** မွေးနေ့မင်္ဂလာပွဲများတွင်မူ သတိထား သုံးစွဲရလိမ့်မည်။

[illegible]

ပျိုရွယ်သူတို့ နှလုံးသားရေးရောက်စွ



◆ လိပ်ပြာကြိုးထုံး ပုံစံများ

တွင်ကား လိပ်ပြာထုံးနည်းလက်ဆောင်သည် လိပ်ပြာကလေးပမာ အနား[...] ပျံ့ဝဲ၍ အမြဲရှိနေလိုပါသည်ဟု ရင်တွင်းစကားပါးလိုက်ခြင်း ဖြစ်လေသည်။

ဟူကျင်းစိ



www.burmeseclassic.com

www.burmeseclassic.com





နတ်မီးတောက် တောက်လောင်နေသော နေရာရှိ ကျောက်ပုံ

မိုး(သရက်)

အံ့ဖွယ်

# နတ်မီးတောက်

[ ၁ ]

(၁၃–၁၀–၂၀၁၃)ရက်နေ့က ကံမမြို့နယ်၊ နတ်မီးတောက်ကျေးရွာရှိ နတ်မီးတောက်တောင်သို့ ကျွန်တော်တို့အဖွဲ့ ရောက်ရှိခဲ့ပါသည်။

ကျွန်တော်တို့အဖွဲ့တွင် ကျွန်တော်အပါအဝင် ဂမ္ဘီရဆရာ ကိုဝင်းမြင့်နှင့် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းမှ ကျွန်တော့်သူငယ်ချင်း အောင်နိုင်ဦးတို့ လိုက်ပါခဲ့ကြပါသည်။

ကျွန်တော်တို့သုံးဦးတွင် ကျွန်တော်က ဆိုင်ကယ်တစ်စီး၊ ဆရာကိုဝင်းမြင့်နှင့် အောင်နိုင်ဦးတို့က ဆိုင်ကယ်တစ်စီး စုစုပေါင်း ဆိုင်ကယ်နှစ်စီးဖြင့် ထွက်ခဲ့ကြခြင်း ဖြစ်ပါသည်။

ကျွန်တော်တို့ သရက်မြို့မှ နံနက် (၈)နာရီလောက်က စတင် ထွက်ခဲ့ကြပါသည်။

လမ်းတွင် သဲဖြူရွာလေး၊ ဝက်သားစားရွာ၊ ဝက်တိုးရွာနှင့် စက်တောင်ရွာတို့ကို ဖြတ်ကျော်စီးနင်းခဲ့ကြ၏။

ကျွန်တော်တို့ အဓိကထား၍ သွားခဲ့ကြသည်မှာ နတ်မီးတောက်တောင်ကို ဖြစ်ပါ၏။

ထိုမှတစ်ဖန် ခရီးကြုံလျှင်ဖြင့် မင်းဘူး နဂါးပွက်တောင်ကဲ့သို့ ရွှံ့များ ဆူပွက်နေသော နေရာကိုပါ လေ့လာကြည့်ရှုရန် ထွက်ခဲ့ကြခြင်း ဖြစ်ပါသည်။

ထိုသို့ စီးကြရင်းမှ ကျွန်တော့်ရှေ့က သွားနေသော အောင်နိုင်ဦးနှင့် ဆရာကိုဝင်းမြင့်တို့ ဆိုင်ကယ်မှာ နတ်မီးတောက်ကျေးရွာသို့ ရောက်သော်လည်း မရပ်ဘဲ ရှေ့သို့ ဆက်စီးသွားကြ၏။

ထို့ကြောင့် ကျွန်တော့်မှာ''ဒီလူတွေ ဘယ်ဆက်သွားနေကြပါလိမ့်၊ နတ်မီးတောက်ကျေးရွာ ရောက်နေတာတောင် မသိဘူးလား''ဟူသော စိတ်ဖြင့် ယင်းတို့၏ ဆိုင်ကယ်နောက်သို့ ဆိုင်ကယ်ကို လီဗာတင် အရှိန်မြှင့်၍ အမှီလိုက်ခဲ့ရ၏။

ဆိုင်ကယ်နှစ်စီး ဘေးချင်းယှဉ်လျက် အနေအထားသို့ ရောက်လျှင်...

'ဟေ့ကောင် အောင်နိုင်ဦး၊ ဘယ်ကို ဆက်သွားနေတာလဲ၊ နတ်မီးတောက်ရွာကို ရောက်နေပြီလေ'

ဟု အော်ပြောလိုက်၏။ ထိုအခါ အောင်နိုင်ဦးက...

'ဟုတ်တယ်လေ ကိုမိုး၊ နတ်မီးတောက်ရွာကို ရောက်နေမှန်း သိပါ

www.burmeseclassic.com

တယ်။ ဒါနဲ့ ကိုမိုးနဲ့ ဆရာကိုဝင်းမြင့်တို့ပဲ ရွံ့တွေ ဆူပွက်နေတဲ့ နေရာကို သွားကြည့်မှာဆို'

ဟု ပြန်ပြော၏။

'အေး အဲဒီလို ပြောခဲ့တာတော့ ဟုတ်ပါတယ်။ ဒါပေမယ့် အဲဒီရွံ့တွေ ဆူပွက်နေတဲ့နေရာက ဘယ်နားမှာလဲ ဆရာကိုဝင်းမြင့်ရော သိလား'

'အဲ နေရာအတိအကျတော့ မသိဘူးဗျ။ ကျွန်တော့်ကို ပြောလိုက်တဲ့သူက ကံမမြို့နယ်ထဲမှာရှိတယ်လို့သာ ပြောလိုက်တာ၊ ဘယ်နေရာမှာ ရှိတယ်လို့ နေရာအတိအကျ ပြောလိုက်တာ မဟုတ်ဘူး'

'ဗျာ'

ကျွန်တော် အတော် စိတ်ပျက်သွားမိ၏။ ဘယ့်နှယ်ဗျာ နေရာအတိအကျ မသိဘဲနဲ့များ ရောက်အောင်သွားဖို့ ထွက်လာခဲ့ကြသည်မှာ လူတွေသိလျှင် ရယ်စရာ ဖြစ်တော့မည်။

'ဆရာ ကိုဝင်းမြင့်ကလဲဗျာ၊ နေရာအတိအကျ မေးလာခဲ့တာတော့ မဟုတ်ဘူး။ ခုတော့ ဘယ်လိုလုပ်ကြမလဲ။ နတ်မီးတောက်ရွာကလဲ ကျော်လာခဲ့ပြီ။

ဒါပေမယ့် အဲဒါက ကိစ္စမရှိဘူး။ အပြန်မှာ လှည့်ဝင်ကြရုံပဲ။ ခု ခက်နေတာက ရွံ့တွေ ဆူပွက်နေတဲ့နေရာက ဘယ်နားမှာမှန်းမသိ ဖြစ်နေတာပဲ။

ကဲ...ကဲ...ထူးတော့ပါဘူးဗျာ ရွှေနားဆို ရေနံ့သာရွာကို ရောက်တော့မှာ အဲဒီရွာရောက်မှ လက်ဖက်ရည် သောက်ရင်း ခဏနားပြီး ပြန်ကြတာပေါ့'

ဟု ကျွန်တော်က ပြောသောအခါ အောင်နိုင်ဦးကလည်း ဝင်ရောက်ထောက်ခံ၏။

'အဲဒါ ကောင်းတယ်ဗျာ ကိုမိုး၊ ကျွန်တော်လဲ ဗိုက်ဆာနေတာနဲ့ အတော်ပဲ၊ ရေနံ့သာရွာရောက်တုန်း လက်ဖက်ရည် သောက်ကြတာပေါ့'

ကျွန်တော်တို့ ဆိုင်ကယ်နှစ်စီး လူသုံးယောက်မှာ ရေနံ့သာရွာကို ဆက်၍ ချီတက်ခဲ့ကြပါသည်။

ရေနံ့သာရွာသို့ မရောက်ခင် တံတားတစ်စင်းကိုတွေ့ရာ ဆိုင်ကယ်များ ရပ်၍ ဓာတ်ပုံရိုက်လိုက်ကြသေး၏။

ထိုမှဆက်၍ စီးခဲ့ကြရာ လမ်းဘေးတွင် တွေ့ရသည့် လက်ဖက်ရည်ဆိုင်ထဲသို့ ဝင်ခဲ့ကြပါသည်။

ဆိုင်ထဲသို့ မဝင်ခင် အောင်နိုင်ဦးက ယင်း၏ ဆိုင်ကယ်ကိုစစ်ဆေးကြည့်ရှုရာ ရှေ့ဘီးမှာ ပြားနေတာကို သွားတွေ့၏။

'ဒုက္ခပဲ ကိုမိုးရေ။ အရေးထဲမှ ကျွန်တော့်ဆိုင်ကယ် ရှေ့ဘီးက ပြားနေပြီဗျ။ ပေါက်သွားပြီလား မသိဘူး'

'ပြားနေလဲ ဒီနားက ဆိုင်ကယ်ပြင်ဆိုင် တစ်ဆိုင်ဆိုင်ကိုသွားပြီး ဖာခိုင်းလိုက်ကွာ'

ထိုကဲ့သို့ ကျွန်တော်ပြောသောအခါ အောင်နိုင်ဦးမှာ ကုတ်ချောင်းချောင်းဖြင့် ယင်း၏ဆိုင်ကယ်ကို တွန်း၍ ဆိုင်ကယ်ပြင်ဆိုင်ရှာရန် ထွက်ပါသည်။

ဆရာကိုဝင်းမြင့်နှင့် ကျွန်တော်က တော့ လက်ဖက်ရည်သောက်ကာ အမောဖြေနေခဲ့ကြပါသည်။

ထိုသို့ လက်ဖက်ရည်သောက်နေကြရင်းမှ ဆိုင်ရှင်အစ်ကိုကြီးကို အနည်းငယ် မေးစမ်းကြည့်မိ၏။

'ဒါနဲ့ အစ်ကို ဒီနားမှာ ရွံ့တွေဆူပွက်နေတဲ့နေရာ ဘယ်နားမှာလဲဆိုတာ သိလား ခင်ဗျ'

'အစ်ကိုတော့ မသိဘူးကွ ညီလေး။ ဒါပေမယ့် ခဏနေဦး ဟိုဘက်ဝိုင်းက ကိုအုန်းမြင့်တို့ကို မေးကြည့်ပေးမယ်။ ဟေ့ ကိုအုန်းမြင့် ဒီက ညီလေးတွေက ရွံ့တွေဆူပွက်နေတဲ့နေရာ ဘယ်နားမှာလဲလို့ မေးနေလို့ ခင်ဗျား သိထားရင် ပြောပါဦး'

ဆိုင်ရှင် အစ်ကိုကြီးက ကျွန်တော်တို့ဝိုင်းမှနေ၍ ဘေးနားမှာ ကပ်လျက်ရှိနေသော လူကြီးသုံးယောက်ရှိရာ ဝိုင်းကို လှမ်းမေး၏။

ထိုလူသုံးယောက်ဝိုင်းမှ တောင်ဘက်တွင်ထိုင်နေသော ကိုအုန်းမြင့်ဆိုသူက...

'အေး ငါ သိပါတယ် ဝင်းသော်ရဲ့ ကံမမြို့ တောင်ဘက်အလွန် ဒိန်းကိုင်းရွာနားက လယ်ကွက်တွေထဲမှာ ရှိပါတယ်'

ဆိုင်ရှင်အစ်ကိုကြီး နာမည်က ကိုဝင်းသော် ဖြစ်ပုံရ၏။ ကိုဝင်းသော်က...

'ကဲ...ကဲ ဒီကညီလေးတို့ သိချင်တဲ့ ရွံ့တွေပွက်နေတဲ့နေရာက ကံမမြို့ တောင်ဘက် ဒိန်းကိုင်းရွာနားမှာတဲ့'

'ဩော်... ဟုတ်ကဲ့ အစ်ကို ကျေးဇူးပဲနော်'

ကျွန်တော်တို့သိချင်သည့် ရွံ့ပွက်နေသောနေရာက ဒိန်းကိုင်းရွာနားမှာဆိုတော့ တော်တော်ဝေးဝေးမှာ ရှိနေသေးသည်။

အောင်နိုင်ဦး ဆိုင်ကယ်ပြင်ပြီးတော့ ကျွန်တော်တို့ ရေနံ့သာရွာမှ သရက်မြို့ဘက်သို့ နောက်ကြောင်း ပြန်လှည့်ခဲ့ကြပါသည်။

သရက်မြို့မှ ရေနံ့သာရွာသို့ (၁၉)မိုင်ရှိ၏။ ရေနံ့သာရွာမှ ကံမမြို့ကို (၈)မိုင်ရှိ၏။

ထို့ကြောင့် သရက်မြို့နှင့် ကံမမြို့မှာ (၂၇)မိုင်ခန့် ဝေးပေသည်။ နတ်မီးတောက်ကျေးရွာမှာ ရေနံ့သာရွာ မရောက်ခင် ဖြစ်ပေရာ ရေနံ့သာနှင့်



www.burmeseclassic.com

www.burmeseclassic.com

နတ်မီးတောက်ရွာက (၃)မိုင်ခန့် ကွာဝေးသောကြောင့် သရက်မြို့နှင့် နတ်မီးတောက်ရွာဆိုလျှင် (၁၆)မိုင်ခန့် ရှိမည် ထင်ပါသည်။

ကျွန်တော်တို့ နတ်မီးတောက်ရွာ အဝင်ရောက်လျှင် နတ်မီးတောက်ကျေးရွာ ဆိုင်းဘုတ်ကို ဓာတ်ပုံ ရိုက်ယူလိုက်ပါသည်။

ပြီးလျှင် ရွာဘက်သို့ ဆက်ဝင်လာခဲ့ကြပါသည်။ ရွာထိပ်ဘုန်းကြီးကျောင်းသို့ ရောက်လျှင် ဆိုင်ကယ်များထားခဲ့ပြီး၊ နတ်မီးတောက်တောင်ပေါ်သို့ ခြေကျင်တက်ခဲ့ကြပါသည်။

နတ်မီးတောက်ရှိရာ တောင်မှာ တောင်အမြင့်ကြီး မဟုတ်ပေ။ တောင်ကုန်းမို့မို့သာ ရှိပေသည်။

ထို နတ်မီးပောက်တောင်သို့ ကျွန်တော်မှာ ဆောင်းပါးရေးသားရန် သုံးခေါက်တိတိ သွားခဲ့ရပါသည်။ ယခုအကြိမ်မှာ သုံးခေါက်မြောက် ဖြစ်ပါ၏။

ယခင်နှစ်ကြိမ်က ဟန်းဖုန်းဖြင့် ရိုက်ယူခဲ့သော ဓာတ်ပုံများမှာ အဆင်မပြေခဲ့ပေ။

ထို့ကြောင့် ဆရာကိုဝင်းမြင့်နှင့် အောင်နိုင်ဦးတို့ကို အဖော်ခေါ်၍ ယခုကဲ့သို့ နောက်တစ်ကြိမ် ထပ်လာခဲ့ရခြင်း ဖြစ်ပါသည်။

နတ်မီးတောက်ရှိသော နေရာကို ပေါင်းမြက်များ ရှင်းလင်းထားပြီး ကျောက်ခဲများ စုပုံထား၏။

ဘေးပတ်ဝန်းကျင်သို့ မီး ကူးစက်လောင်ကျွမ်းမှာစိုး၍ မီးဘေးကြိုတင်ကာကွယ်ထားပုံရ၏။

မီးတောက်ရာ ကျောက်ပုံအနီး၌ နတ်ကွန်းတစ်ခုကိုလည်း တွေ့ရ၏။ ကျောက်ပုံခြေရင်းတွင်ပန်းအိုးငယ်လေးများကိုလည်း တွေ့ရပါသည်။



နတ်မီးတောက်ကျေးရွာ အဝင်ဆိုင်းဘုတ်

နတ်မီးတောက် တောက်သော နေရာ၏ အရှေ့ဘက်မလှမ်းမကမ်းတွင် ဆုတောင်းပြည့်စေတီတစ်ဆူကိုလည်း သပ္ပာယ်စွာ ဖူးတွေ့ရပါသည်။ နတ်မီးတောက်မှာ ဝါးတွင်း သုံးလတွင် မီးတောက်မီးလျှံများကို မမြင်မတွေ့ရပေ။

ကျန်လများတွင် မီးမှာ အစဉ်အမြဲ တောက်လောင်နေသည်ဟု သိရပါသည်။ ယခင်နှစ်ခေါက် ကျွန်တော် ရောက်ခဲ့စဉ်က ရိုက်ယူခဲ့သော ဓာတ်ပုံများတွင် မီးတောက်နေသော ဓာတ်ပုံများ ရရှိခဲ့ပါသည်။

သို့ရာတွင် ဓာတ်ပုံများ ပျက်သွား၍ မရခဲ့ပေ။ ယခုတစ်ခေါက်မှာတော့ ဝါတွင်းဖြစ်နေသောကြောင့် မီးတောက်ကို မတွေ့ရပေ။

မြေအောက်မှ တဟုန်းဟုန်း တောက်လောင်နေသော မီးသံများကိုတော့ ကြားနေရပါသည်။

**မီးတောက်ရှိရာ ကျောက်ပုံများတွင်လည်း မီးအငွေ့ကိုက် ရှိနေပါသည်။ လက်သီးကာ၍ အနားသို့ကပ်ကြည့်ရာ သုံးပေခန့် အထိသာ ကပ်၍ရ၏။ နီးလွန်းပါက အပူရှိန်ကြောင့် အနားသို့ ထပ်တိုးမရတော့ပေ။**

ထို့ကြောင့် ကျွန်တော်သည် နောက်ပြန်ဆုတ်၍ ပါလာသည့် ဟန်းဖုန်းဖြင့် မှတ်တမ်းဓာတ်ပုံ ရိုက်ယူလိုက်ပါသည်။

ထို့နောက် ဟန်းဖုန်းမှာ ဘာဖြစ်သွားမှန်းမသိ။ ဓာတ်ပုံ ဆက်ရိုက်၍ မရတော့ပေ။ ထို့ကြောင့် မှတ်တမ်းဓာတ်ပုံ(၂)ပုံသာ ရရှိခဲ့ပါတော့သည်။

[ ၂ ]

အံ့ဖွယ် နတ်မီးတောက်တောင်မှာ ကံမမြို့နယ်၊ နတ်မီးတောက်ကျေးရွာ၏ ရွာထိပ်တွင် တည်ရှိပါသည်။

နတ်မီးတောက် တောင်မှာ သရက်မြို့မှ (၁၆)မိုင်ခန့်ကွာဝေး၍ ကံမမြို့မှ (၁၁)မိုင်ခန့် ကွာဝေးပါသည်။

**ဒေသခံတို့၏ ပြောစကားအရ ပန်းပဲ မောင်တင့်တယ် (မင်းမဟာဂီရိနတ်မင်း)၏ နတ်ပိုင်မှတောက်သော မီးတောက်ဖြစ်သောကြောင့် နတ်မီးတောက်တောင်ဟု ခေါ်ဆိုခဲ့ကြခြင်းဖြစ်သည်ဟု သိရှိရပါသည်။**

မင်းမဟာဂီရိနတ်မင်းမှာ အပြင် (၃၇)မင်း နတ်စာရင်းဝင် ဖြစ်ပါသည်။ မင်းမဟာဂီရိနတ်မင်းတွင် အဆွေအမျိုးနတ်များအဖြစ် ကြင်ရာတော်ရွှေနပေ၊ ညီမတော်စောမယ်ယာ (ရွှေမျက်နှာနတ်)၊ မငွေ့တွေးလှ (ဥက္ကလာပမိဖုရား၊ သုံးပန်လှနတ်)၊ တောင်မကြီးရှင်ညိုနှင့် ရှင်နဲ့မိ (မနဲ့လေး)တို့ ရှိကြပါသည်။

မင်းမဟာဂီရိ နတ်မင်း၏ အမည်ရင်းမှာ မောင်တင့်တယ်ဖြစ်သည်။ ဖခင်မှာ ဦးတင့်တော်ဖြစ်သည်။

မောင်တင့်တယ်မှာ ပန်းပဲအလုပ်ကိုလုပ်ကိုင်ပြီး ငယ်စဉ်ကပင် အလွန်သန်မာထွားကျိုင်းသူ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

သူ ပန်းပဲအလုပ်ကို လုပ်သည့်အခါ ညာလက်တွင် (၂၅)ပိဿာလေးသော တူကို ကိုင်ဆွဲပြီး၊ ဘယ်လက်တွင် ပိဿာ(၅၀)လေးသောတူကို ကိုင်ဆွဲကာ သံကိုထုသည်။

မောင်တင့်တယ်၏ တူထုသံကို တကောင်းဘုရင်၏ နန်းတော်ထိတိုင် ကြားရသောအခါ တကောင်းဘုရင်က ထီးနန်းလုယူမည်ကို စိုးရိမ်ခဲ့သည်။

ထို့ကြောင့် စောမယ်ယာကို မိဖုရားမြှောက်ပြီး ဉပါယ်တံမျဉ်ဖြင့် မောင်တင့်တယ်ကိုခေါ်ဆောင်ကာ စံကားပင်တွင် ဖိုကျင်ထိုး၍ သတ်စေခဲ့ပါသည်။ ထိုအခါ စောမယ်ယာလည်း မောင်တင့်တယ်နှင့်အတူ လိုက်သေ၏။

ယင်းတို့နှစ်ဦး သေဆုံးသောအခါ နတ်စိမ်းများ ဖြစ်သွားကြ၏။ ပုဂံပြည့်ရှင် သေလည်ကြောင်မင်းကမောင်တင့်တယ်တို့မောင်နှမနှစ်ယောက် သေဆုံးခဲ့ရသော စံကားပင် မြစ်ကြောင်းအတိုင်း မျောပါလာသည်ကို ဆယ်ယူပြီး ပုပ္ပားတောင်တွင် ရုပ်တုထု၍ ပူဇော်ထားရာမှ နောင်တွင် မင်းမဟာဂီရိနတ်မင်း ဖြစ်လာခဲ့ခြင်း ဖြစ်ပါသည်။

နတ်မီးတောက်တောင်နှင့် ပတ်သက်၍ ဒဏ္ဍာရီဇာတ်လမ်းလေး တစ်ပုဒ်လည်း ရှိပါသည်၊ ထိုဇာတ်လမ်းလေးမှာ ဤသို့ ဖြစ်သည်။

တစ်ခါသော် ရွာတစ်ရွာမှ ရွာသားကြီးတစ်ဦးမှာ ယခု နတ်မီးတောက်တောင်ပေါ်သို့ နွားပျောက်ရှာရင်း ရောက်လာခဲ့ပါသည်။

ထိုသူမှာ နတ်များကို ယုံကြည်သူမဟုတ်ပေ။ ထို့ကြောင့် အများသူငါပြောပြောနေကြသည့် ဤမီးတောက်မှာ နတ်ဖိုမီးမှတောက်သော နတ်မီးတောက် အမှန်တကယ် ဖြစ်ပါလျှင် သူ့ဓားကို ပိုမိုကောင်းမွန်အောင် ပြုပြင်ပေးပါဟုဆိုကာ ပါလာသည့်ဓားကို တဟုန်းဟုန်း တောက်လောင်နေသော နတ်မီးတောက်ရှိရာသို့ လှမ်းပစ်လိုက်ပါသည်။

ထိုအခါ ဓားမှာ နတ်မီးတောက်ရှိရာသို့ မရောက်ခင် ပြန်လှည့်လာပြီး ထိုရွာသားကြီးထံသို့ ပြန်လှည့်၍ တစ်ဟုန်ထိုး ပြေးဝင်လာတော့၏။ ရွာသားကြီးမှာ သူ့ဆီ ပြန်လှည့်လာသော ဓားကို အံ့ဩတကြီးဖြင့် ကြည့်ကာ ဓားကို တိမ်းရှောင်ပေးလိုက်ရ၏။

သို့ရာတွင် လွတ်လွတ်ကျွတ်ကျွတ် မဖြစ်ဘဲ ပါးတစ်ဖက်ကိုပွတ်၍ မှန်သွား၏။

ထိုသို့ ရွာသားကြီး၏ ပါးကို ဓားမှန်၍ ပွတ်သွားသော နေရာတွင် ရွာလေး တစ်ရွာ ပေါ်ထွန်းခဲ့ပါသည်။

ထိုရွာလေး၏ အမည်ကို **"ပါးပွတ်ရွာ"ဟု** ခေါ်ဆို အမည်တွင်ခဲ့ပြီး ယနေ့တိုင် တည်ရှိနေပါသည်။

ဤကဲ့သို့ ရွာသားကြီး၏ပါးကို ဓားမှန်ပွတ်ရှ၍သွားသောအခါ အလွန်အမင်း ကြောက်လန့်၍ ထွက်ပြေးခဲ့ပါသည်။

တစ်နေရာအရောက်တွင်အကြောက်လွန်၍ တုန်လှုပ်ချောက်ချားနေပါတော့သည်။

ထိုကဲ့သို့ တုန်အောင်ကြောက်ခဲ့သော နေရာတွင်လည်း ရွာလေး တစ်ရွာ ဖြစ်ပေါ်လာခဲ့၏။

ထိုရွာလေးကိုတော့ **"တုံရွာ"**ဟု အမည်တွင် မှည့်ခေါ်ခဲ့ပြီး ယနေ့တိုင် တည်ရှိနေပါသည်။

နောက်တစ်ဖန် နတ်မီးတောက်တောင်နှင့် ပတ်သက်သော ဖြစ်ရပ်မှန် ဇာတ်လမ်းလေးတစ်ပုဒ်လည်း ရှိသေး၏။ တစ်ခါက နတ်မီးတောက်ရှိရာ အနီးပတ်ဝန်းကျင်တွင် ရေနံနှင့် သဘာဝဓာတ်ငွေ့များ ထွက်ရှိနိုင်မည်ဟု ထင်သောကြောင့် ကုမ္ပဏီတစ်ခုမှ လာရောက်၍ တူးဖော်ခဲ့ပါသည်။

သို့သော် ယင်းတို့အဖွဲ့ ရောက်စကပင် အခက်အခဲဒုက္ခမျိုးစုံကို ကြုံတွေ့ခဲ့ရပြီး မြေအောက်ပေများစွာရောက်သည့်တိုင် ရေနံလည်းမတွေ့၊ သဘာဝဓာတ်ငွေ့လည်းမတွေ့ ဖြစ်ခဲ့ရပါသည်။

နောက်ဆုံးတွင် ပါလာသမျှ လူအားလုံး ဝမ်းလျှောရောဂါဖြစ်ကာ ပြန်ပြေးသွားခဲ့ကြရသည်ဟု ဆိုပါသည်။

ဤကား နတ်မီးတောက်တောင်နှင့် ပတ်သက်သော ထူးထွေဆန်းပြားသည့် ဖြစ်ရပ်များပင် ဖြစ်ပါသည်။

ကျွန်တော်သည်ပင်လျှင် တစ်ခြားဆောင်းပါးနှင့် ဝတ္ထုများ ရေးသားခဲ့စဉ်က အချိန်အနည်းငယ်သာ ယူခဲ့ရသော်လည်း ဤဆောင်းပါး ရေးဖြစ်ဖို့အတွက် သုံးနှစ် အချိန်ယူခဲ့ရပြီး သုံးခေါက်တိတိလည်း သွားခဲ့ရပါသည်။

နီးနီးနားနားလည်း မဟုတ်တော့ သွားမယ်ဟု ရည်ရွယ်လိုက် ပျက်သွားလိုက်နှင့် သုံးနှစ်မြောက်မှ သွားဖြစ်ခဲ့ပါသည်။

သွားဖြစ်ပြန်တော့ ပထမတစ်ကြိမ်တုန်းက ကင်မရာ ပါမလာခဲ့၍ ဓာတ်ပုံမှတ်တမ်းများ မရရှိခဲ့ပေ။

ဒုတိယအကြိမ် သွားပြန်တော့ ဟန်းဖုန်းဖြင့် ရိုက်ယူလာခဲ့ရာ ပြန်ကူးယူတော့ ဓာတ်ပုံများပျက်သွား၍ မရခဲ့ပြန်ပေ။

ယခု တတိယအကြိမ်ကျမှ ဓာတ်ပုံမှတ်တမ်း ရရှိခဲ့ပါသည်။ ဒါတောင် ရှားရှားပါးပါး ဓာတ်ပုံ (၂)ပုံသာရခဲ့၏။

ထို့ကြောင့် နတ်မီးတောက်တောင်၏ဆန်းကြယ်မှုများမှာအပြောမဟုတ်ပေ။

သွားရောက် လေ့လာလိုပါလျှင်မည်သူမဆို သွားရောက်လေ့လာ၍ ရနိုင်စေရန် စေတနာထား၍ ရေးသားတင်ပြလိုက်ရခြင်း ဖြစ်ပါတော့သည်။

မိုး (သရက်)



www.burmeseclassic.com

www.burmeseclassic.com





# မယားသွေးနှင့်

သိုက်စာ ကျွေးခဲ့သည်

မောင်လင်းနိုင်

ဤဇာတ်ကြောင်းကို ပြောပြသူမှာ ဦးပေါက်စဖြစ်သည်။ သူသည် အပြောကောင်းသည်။ ကျောက်ဆင်းတုက ခေါင်းညိတ်အောင် ပြောပြနိုင်သူဖြစ်သည်။

သို့သော် သူ၌ ကျောင်း၌ သင်ခဲ့ရသည့် အတန်းပညာ အားနည်းသည်။ မူလတန်းလောက်သာ သင်ခဲ့ရသည်။ သို့သော် အကြားအာရုံကတော့ ကောင်းသည်။ မှတ်ဉာဏ်ကောင်းသည်။ အရပ်လေးမျက်နှာမှ ကြားသမျှ လူကြီးသူမတို့ ပြောသမျှ အားလုံး မှတ်သားထားနိုင်သည်။

ကျွန်တော် နက္ခတ္တရောင်ခြည် မဂ္ဂဇင်းတွင် ရေးခဲ့သည့် **"ပျောက်ဆုံးနေသော ဒွါရာဝတီမြို့မှ အလုံဒိုးတန်းမြို့တော်"**၊ **"အကြားအမြင်ရ ဘုန်းတော်ကြီးဦးထော်"**မှာ ဦးပေါက်စ၏ ပြောကြားချက်များပင် ဖြစ်ပါသည်။

အကြောင်းအရာ မျိုးစုံအောင် ပြောနိုင်သည်။ သူ့စကား နားထောင်လျှင် ရှေးဟောင်းမြို့တော်ကြီးသို့ ရောက်ရှိသွားသလို လည်းကောင်း၊ နိုင်ငံခြားတိုင်းပြည် တစ်ပြည်သို့ ရောက်ရှိသွားသလိုလည်းကောင်း ခံစားရသည်။

ကျွန်တော် ရေးကွက် ပျောက်နေလျှင် ဦးပေါက်စဆီ သွားရသည်။ သို့သော် ပြောတိုင်း ရေးစရာကား မရပါ။ ချင့်ချိန်တွက်ဆ၍ ဒါတော့ ရေးသင့်သည်ဟု မိမိဘာသာ ဆုံးဖြတ်ပြီး ရေးရသည်။ ယခု ပြောပြသည့် အဖြစ်အပျက်ဇာတ်လမ်းမှာ မယား(ဇနီး)၏ သွေးနှင့် သိုက်စာကျွေးရသည့် အကြောင်း ဖြစ်သည်။

တစ်ခါတစ်ရံ အဖြစ်အပျက်တို့သည် ဒဏ္ဍာရီဆန်သည်။ ပုံပြင်ဆန်သည်။ တစ်ခါတစ်ရံ တကယ့်လူ့ဘဝ အဖြစ်အပျက်နှင့် ထပ်တူထပ်မျှ ရှိနေတတ်

www.burmeseclassic.com

သည်။ သူ ပြောပြသည့် ဇာတ်လမ်းကို အလျဉ်းသင့်သလို ဖန်တီး၍ ရေးရလျှင်…

*　*　*

မယ်ဒဲဝဆိုသော ရွာတွင် ဦးစံဝနှင့် ဒေါ်မယ်မြဆိုသော လင်မယားနှစ်ယောက် နေထိုင်ကြသည်။ မိဘရိုးရာ လယ်ယာကိုင်းကျွန်း လုပ်ကိုင်စားသောက်၍ အသက်မွေးဝမ်းကျောင်းကြသည်။

အသက်(၂၀)ကျော်က အိမ်ထောင်ပြုကြသော်လည်း သားသမီး မထွန်းကားကြပေ။ သို့သော် အသက်ကြီးပိုင်းရောက်မှ အသက်(၅၀)ကျော်မှ ဒေါ်မယ်မြတွင် သမီးကလေးတစ်ယောက် ဖွားမြင်သည်။

အသက်ကြီးမှ မွေးဖွားလာသဖြင့် လင်မယားနှစ်ဦးစလုံးပင် သမီးကလေးအား ချစ်မဝ ချစ်မဆုံး ရှိကြသည်။ နာမည်ကိုပင် **ချစ်စုကလေး**ဟု မှည့်ထားသည်။ ရွာမှာ အိမ်ခြေတစ်ရာကျော်လောက်သာရှိသည့် ရွာငယ်လေးဖြစ်သည်။

ဦးစံဝနှင့် ဒေါ်မယ်မြတို့မှာ အသက်ကြီးမှ ကလေးမွေးဖွားသဖြင့် တစ်ရွာလုံးက ဝိုင်းစု၍ ချစ်ကြသည်။ သမီးကလေးမှာ အခါလည်သမီးကလေးဘဝမှာပင် အိမ်မှာ နေရသည်မရှိ တစ်ယောက်ပြီးတစ်ယောက် လာခေါ်သွားကြသည်။

စိတ်သဘောကလည်း ကောင်းသည်။ အိမ်တကာလည်ရင်း ကြီးပြင်းခဲ့ရသည်။ နောက်ထပ်လည်း ကလေးမမွေးဖွားတော့ပေ။ မိမိ လုပ်ကိုင်ရာ လယ်ယာကိုင်းကျွန်းတို့ကို တစ်စိုက်မတ်မတ် လုပ်ကိုင်စားသောက်ခဲ့ကြသည်။

ဦးစံဝတို့ လယ်နားတွင် တောင်ပို့



တစ်ခုရှိသည်။ ဝါးပိုးရုံကြီးတစ်ရုံလည်း ရှိသည်။ ခုတ်သူ နည်းပါးသဖြင့် ပေါက်ချင်သလို ပေါက်ကြကာ ဝါးပိုးရုံကြီးတစ်ခုအဖြစ် စည်ကားပြန့်ကျယ်လျက်ရှိသည်။

ထိုတောင်ပို့တွင် တွင်းပေါက်တစ်ပေါက်ရှိသည်။ တချို့က သိုက်ဟု ဆိုကြသည်။ ထိုသိုက်ကို မြွေကြီးတစ်ကောင် စောင့်နေသည်ဟု ဆိုပြန်သည်။

ဦးစံဝက သတိမထားမိပေ။ တချို့က လပြည့်လကွယ်များတွင် ထိုတွင်းပေါက်မှ စပါးလုမ်းဖျာအလိပ်လောက်ရှိ မြွေကြီးတစ်ကောင် ထွက်,ထွက်လာကြောင်း ပြောကြသည်။

ဦးစံဝ တစ်ခါမှ မတွေ့ရဘူးပေ။ သမီးကလေး (၁၅)နှစ်အရွယ်သို့ ရောက်သောအခါ ထိုတောင်ပို့နှင့် မြွေကို အကြောင်းပြု၍ လူတစ်ယောက် ရောက်လာသည်။

ထိုရောက်ရှိလာသူမှာ လူကြီးတစ်ယောက်တော့ မဟုတ်ပေ။ အသက်(၃၀)ဝန်းကျင် လူငယ်တစ်ယောက်ဖြစ်သည်။ သိုက်အညွှန်းအရ ထိုရွာတွင် သိုက်စာကျ၍ သိုက်တူးရအောင် လာခြင်းဖြစ်သည်။

မိမိ လာရင်းအကြောင်းကို လူမသိစေဘဲ လက်လုပ်လက်စား လုပ်ကိုင်စားသူတစ်ဦးဟုသာ အသံလွှင့်၍ ဦးစံဝတို့နှင့်အတူ လုပ်ကိုင်စားသောက်၍ ရွာဝန်းကျင်နှင့် ထိုသိုက်တို့ကို လေ့လာလျက်ရှိသည်။

သူ့အမည်မှာ မောင်ကျော်မြ ဟူ၍ဖြစ်သည်။ သိုက်ဆရာကြီးက သူကိုယ်တိုင် မလာရောက်ဘဲ သူ့တပည့်ဖြစ်သည့် မောင်ကျော်မြကို ပညာသင်ပေးလိုက်ပြီး မယ်ဒဲဝရွာသို့ လွှတ်လိုက်သည်။

'မောင်ကျော်မြ ငါ သိုက်စာအရ မယ်ဒဲဝ ရွာမှာ သိုက်စာကျတယ်။ ဦးစံဝ၊ ဒေါ်မယ်မြ တို့ လယ်အနီးမှာ တောင်ပို့တစ်ခု ရှိတယ်၊ ဝါးပိုးရုံတစ်ရုံရှိတယ်။

အဲဒီတောင်ပို့မှာ သိုက်ရှိတယ်။ အဲဒီသိုက်ကို တူးရမှာက ဆေး၀ါး အထူးမလိုဘူး၊ ကိုယ်ဝန်ဆောင်မိန်းမရဲ့ သွေးနဲ့ ကျွေး၍ သိုက်ရနိုင်တယ်။ ငါတပည့် သွားနိုင်မလား'

'ဆရာရယ် ဆရာ့ဆီမှာ ပညာသင်နေတာကြာပြီပဲ ဆရာလွှတ်ရင် သွားရမှာပေါ့ဆရာ'

'ဆရာ တစ်ခုတော့ မှာလိုက်မယ်၊ သံယောဇဉ်တော့ ဖြစ်နိုင်ရမယ်။ ကိုယ်လိုချင်တာကသိုက်၊ သံယောဇဉ် တွယ်နေလို့တော့ မရနိုင်ဘူးနော် ကိုယ်သာ ဒုက္ခရောက်မယ်။ ဆရာမှာတာ မမေ့နဲ့နော်'

'ဟုတ်ကဲ့ပါ ဆရာ ဆရာ့စကား မြေဝယ်မကျ နားထောင်ပါ့မယ်'

ဒီလိုနှင့် မောင်ကျော်မြ မယ်ဒဲဝရွာသို့ ရောက်ရှိလာခဲ့သည်။

'အဘရယ် သားမှာ တစ်ယောက်တည်း မိဘမဲ့ တစ်ကိုယ်ရေ တစ်ကာယပါ။ အလုပ်အကိုင်မရှိလို့ ရောက်တတ်ရာရာ လျှောက်သွားရင်း အဘတို့ရွာ ရောက်လာတာပါ။ အဘတို့နဲ့ အတူနေပြီး လုပ်ကိုင်စားပါရစေ'

ဟု တောင်းပန်ပြောဆိုကာ နေခဲ့သည်။

www.burmeseclassic.com

ဦးစံဝတို့မှာ သားယောက်ျားလေးကလည်းမရှိ အရွယ်ကလည်း ကြီးလာပြီဖြစ်၍ မခေါ်ဘဲ ရောက်လာသော လူငယ်ကလေးတစ်ဦးကို အသင့်လက်ခံကာ...

'ကောင်းပါပြီကွယ် အဘတို့မှာလဲ သားယောက်ျားလေးမရှိ ဒီမိန်းကလေး တစ်ယောက်နဲ့ပဲ လုပ်ကိုင်စားသောက်နေရတာ မောင် ရောက်လာတော့ ရေကန်အသင့် ကြာအသင့် ဆိုသလို နေရာကျသကွယ့်၊ အဘတို့မှာ လယ်လုပ်ဖို့ လယ်လုပ်သား ရသွားသပကွယ် ဟဲ ဟဲ'

မောင်ကျော်မြသည် ဦးစံဝတို့နှင့် အတူ လုပ်ကိုင်ရင်း နယ်မြေကို လေ့လာနေသည်။ လပြည့်လကွယ်များ တောင်ပို့ဆီ သွားကြည့်သည်။

လပြည့်ညဆိုလျှင် မြွေကြီး ထွက်လာတတ်သည်။ အပြင်တွင် မြူးထူးပျော်ပါးပြီး တွင်းထဲ ပြန်ဝင်သွားတတ်သည်။ မောင်ကျော်မြ အခြေအနေကို စူးစမ်းလေ့လာပြီးပြီ။

သို့သော် ဆရာ မှာလိုက်သည်က ဤသိုက်မြွေကြီးအား ကိုယ်ဝန်ဆောင်မိန်းမသွေးနှင့် ကျွေးမှ အောင်မြင်မည်ဟု ဆိုထားသည်ဖြစ်၍ ဤအရေးတစ်ခုသာ ကျန်တော့သည်။

ဤအရေးကလည်း မခက်တော့ပါ။ ဦးစံဝတို့အိမ်မှာ နေထိုင်လုပ်ကိုင်ရင်း ဦးစံဝသမီး ချစ်စုကလေးနှင့် အနေနီးစပ်လာသည်။ ကြာလာတော့ ကြိုးခြင်းထား ကြိုးခြင်းငြိ ဆိုသကဲ့သို့ ချစ်ကြိုက်သွားကြလေတော့သည်။

ဦးစံဝတို့ကလည်း သဘောတူသည်။ မိမိတို့တွင် လယ်ယာကိုင်းကျွန်းကို ဦးဆောင်ဦးရွက် လုပ်ကိုင်မည့်သူမရှိ။ မခေါ်မပင့် ရောက်လာသော လူတစ်ယောက်ကို ရရှိလိုက်သဖြင့်



သဘောတူ ကြည်ဖြူစွာဖြင့် ပေးစားလိုက်ကြတော့သည်။

နောက်တစ်နှစ် ကူးလာသောအခါ ချစ်စုကလေးတွင် ကိုယ်ဝန်ရှိလာသည်။ အကြံနှင့်နေသော မောင်ကျော်မြသည် ချစ်စုကလေးကို လယ်နားမှ ချောင်းသို့ ခေါ်သွားသည်။ သူ့တွင် ဝါးကျောကို သပ်ထားသည့် နီးကြောတစ်တောင်လောက်တစ်ခု ယူဆောင်သွားသည်။

ချောင်းရောက်တော့ လှေကလေးနှင့် တစ်ဖက်ကမ်းသို့ သွားကြသည်။ တစ်ဖက်ကမ်းမှအပြန် လှေအတက်တွင် လှေက လူးနေသည်။

မောင်ကျော်မြက သူ့တွင် ပါသွားသော ဝါးနီးကြောကလေးကို ချစ်စုကလေးအား ကမ်းပေးသည်။ ချစ်စုကလေးက ဝါးနီးကြောကလေးကို ကိုင်လိုက်သည်နှင့် သူက ထိုနီးကြောကလေးကို တုတ်ဆွဲလိုက်သည်။ ဝါးနီးကြောက ချစ်စုကလေး လက်ကို ပြတ်ရှသွားသည်။ ချစ်စုကလေးက အော်ညည်းလိုက်သည်။

'အို အစ်ကို ချစ်စုကို နီးကြောရှသွားပြီ'

မောင်ကျော်မြက နီးကြောကို ပြန်ယူလိုက်ပြီး...

'နေဦး နေဦး'

ဟု ပြောကာ အနီးသစ်ပင်တစ်ပင်မှ သစ်ရွက်ခူးကာ ချစ်စုကလေး၏ လက်ကို ဆွဲပြီး နည်းနည်းစုနေသည့် သွေးကို သစ်ရွက်နှင့်သုတ်သလို လုပ်ကာ သစ်ရွက်ပေါ်သို့ ကျအောင် ညှစ်ထုတ်လိုက်သည်။

'ကောင်းသွားမှာပါကွာ ဘာမှ မဖြစ်ပါဘူး'

ဟု နှစ်သိမ့်ပြီး လှေပေါ်သို့တင်ကာ တစ်ဖက်ကမ်းသို့ ခေါ်လာခဲ့သည်။ တစ်ဖက်ကမ်း ပြန်ရောက်တော့ ချစ်စုကလေးကို လှေပေါ်မှ ဆင်းစေကာ...

'စုစု ဒီမှာ ခဏနေနှင့်ဦး အစ်ကို ဟိုဘက်နား ခဏသွားလိုက်ဦးမယ်'

ဟု ဆိုကာ မြွေခေါင်းရှိရာသို့ သွေးစွန်းနေသည့် သစ်ရွက်ကိုယူကာ သုတ်ခြေတင်လေတော့သည်။

မြွေကြီးရှိရာ သိုက်ဝသို့ ရောက်တော့ သစ်ရွက်ကလေးကို သိုက်ခေါင်းဝသို့ သွင်းလိုက်သည်။ သွေးစွန်းနေသည့် သစ်ရွက် ထိုးလိုက်သည်နှင့် မြွေကြီးကလည်း ထွက်လာပြီး သွေးစွန်းသည့် သစ်ရွက်အား စုတ်မျိုလိုက်သည်။

သွေးစွန်းသည့်သစ်ရွက် မြွေပါးစပ်ထဲသို့ ရောက်သည်နှင့် တစ်ပြိုင်နက် မြွေကြီး လဲပြီး ငြိမ်သက်သွားသည်။ မြွေကြီးတစ်ကိုယ်လုံးလည်း ရွှေတုံးကြီးဖြစ်သွားလေသည်။

မောင်ကျော်မြသည် မြွေ၏ မျက်လုံးအား ဖောက်ထုတ်လိုက်သည်။ ထိုမျက်လုံးသည် ပတ္တမြားမျက်ရှင်ဖြစ်သည်။ ချစ်စုကလေး၏ သွေးတစ်စက် မြွေကြီးပါးစပ်ထဲ ရောက်သည်နှင့် ချစ်စုကလေးလည်း ထိုင်နေရာမှ လဲကာ အသက်ပါသွားလေတော့သည်။

ဦးစံဝတို့မှာ မောင်ကျော်မြကို အားကိုးပြီး လုပ်ငန်း ပြန်လှည့်မကြည့်ရ



www.burmeseclassic.com

www.burmeseclassic.com

တော့သဖြင့် လွတ်လွတ်လပ်လပ် သွားလာနေသည်။ မောင်ကျော်မြသည် ချစ်စုကလေးကို ပွေ့ပြီး အိမ်သို့ ယူလာခဲ့သည်။ ဦးစံဝတို့ကိုခေါ်ပြီး ချစ်စုကလေး ဆုံးသွားပြီဖြစ်ကြောင်း ပြောသည်။

'အဘရယ်... ချစ်စုကလေးတော့ ဆုံးသွားရှာပြီ။ ဒါပေမယ့် အဘတို့ ဆယ်သက်စားမကုန်အောင် သိုက်ထဲက ရွှေတွေ ငွေတွေ ရခဲ့တယ်။ အဘတို့ ဒီရွှေငွေတွေယူပြီး ချမ်းချမ်းသာသာ နေကြပါ။ သားကတော့ သွားတော့မယ် သားကို ခွင့်လွှတ်ပါ'

ဦးစံဝသည် မောင်ကျော်မြ၏ စကားကို မကြားသလိုနှင့်...

'ငါ့မှာ အသက်နဲ့အမျှ ချစ်နေရတဲ့ ဒီသမီးကလေး မရှိတဲ့နောက် မင်းရွှေတွေ ငွေတွေ ငါ ဘာလုပ်ရမှာလဲ ငါ ဘာမှ မလိုချင်ဘူး'

ဟု ငိုသံပါနှင့် ပြောပြီး သိုက်ထဲမှ ရွှေတွေငွေတွေအားလုံး ယူပြီး ချောင်းထဲသို့ သွန်ချလိုက်လေသည်။

မောင်ကျော်မြသည် အားလုံးကို လျစ်လျူရှုပြီး မြွေကြီးမှရသည့် ပတ္တမြားမျက်ရှင်အားယူ၍ သူ့ဆရာဆီသို့ ထွက်လာခဲ့လေသည်။ သူ့မှာ ချစ်သံယောဇဉ်မရှိသူဖြစ်၍ ပူဆွေးမှု မဖြစ်ပေ။

သို့သော် အတူနေခဲ့ပေါင်းသင်းခဲ့ရသူတစ်ဦးဖြစ်၍ တွယ်တာမှု သံယောဇဉ်ကလေးတော့ ရှိခဲ့ပါသည်။ ဆရာက **"မင်း ဘာသံယောဇဉ်မှ မရှိမှ မင်း လုပ်ငန်း အောင်မြင်မှာနော်"** ဟု မှာလိုက်သည်ကိုသာ ကြားယောင်နေသည်။

ဦးစံဝနှင့် ဒေါ်မယ်မြတို့မှာ အပူလုံးကြီး ရင်ပိုက်၍ ကျန်ရစ်ခဲ့ရလေတော့သည်။

* * *

ဦးပေါက်စ စကားဆုံးတော့ ကျွန်တော်က မေးရသည်။

'ဦးစံဝတို့ ဒေါ်မယ်မြတို့ တော်တော်ခံစားခဲ့ရမယ်နော်'

'ခံစားခဲ့ရပြီလား အစ်ကိုရယ် အသက်ကြီးကာမှ မွေးလာတဲ့ သမီးကလေး ဖူးဖူးမှုတ်ပြီး ချစ်လိုက်ရတာ နာမည်မှည့်တာတောင် ချစ်စုကလေးလို့ မှည့်ထားတာ ကြည့်ပေတော့'

'မောင်ကျော်မြကတော့ နည်းနည်းမှ သံယောဇဉ် မဖြစ်ဘူးထင်တယ်နော်'

'ဘယ် သံယောဇဉ် ဖြစ်မှာလဲ၊ သူ လာကတည်းက အကြံသမားကိုး။ သူ့ဆရာ က သူကိုယ်တိုင်လာရင် မဖြစ်ဘူးလေ။ ဦးစံဝမှာ သမီးကလေးရှိတော့ လူငယ်နဲ့မှ ဖြစ်မှာမို့ သူ လက်သပ်မွေးထားတဲ့ တပည့်ကလေး လွှတ်လိုက်တာပေါ့'

'အဖြစ်ကတော့ ကြေကွဲစရာ အဖြစ်ပဲနော်'

'ဒါထက် ကြေကွဲစရာကောင်းတ ဘယ်မှာရှိဦးမှာလဲ အစ်ကိုရာ၊ တစ်ရွာလုံးကလဲ စုတ်တသတ်သတ်နဲ့ ဦးစံဝနဲ့အတူ ကြေကွဲနေကြတာပေါ့။

မယ်ဒါကိုရောက်ရင် ချောင်းထဲ ငုံ့ကြည့်လိုက် ချောင်းထဲမှာ ရွှေရောင်တဝင်းဝင်းနဲ့ ရွှေတုံးကြီးတွေ မြင်ရသတဲ့။ ဒါပေမယ့် ငုပ်လိုက်ရင် မတွေ့ရဘူးတဲ့'

'အင်း... ကြုံကြိုက်ရင်တော့ တစ်ခေါက်လောက်တော့ သွားကြည့်ချင်ပါတယ် ပေါက်စရယ်'

ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်တို့၏ ခြေရာလက်ရာများ အစအနများ တွေ့ရကောင်း တွေ့ရနိုးဟု မျှော်လင့်မိပါသည်။

**[ဤဇာတ်ကြောင်းကို ပြောပြသော ဦးပေါက်စအား ကျေးဇူးတင်ပါသည်။]**

မောင်လင်းခိုင်

## ဆီးရောဂါ

အတွက် ဆူးပန်းတောင်းပင်ကို အသုံးပြု



နေပူထဲ သွားလာ လှုပ်ရှားနေရခြင်း၊ အပူအစပ်များကို လွန်ကဲစွာ စားသုံးခြင်း၊ ဆီးသွားချင်သည်ကို အောင့်၍ ထားခြင်း၊ နေပူထဲမှ ပြန်၍ ရေချိုးခြ
စသော အကြောင်းအမျိုးမျိုးကြော
ဆီးကျဉ်၊ ဆီးအောင့်၊ ဆီးချုပ်၊ ဆီး
ဆီးနီခြင်း စသော ရောဂါဝေဒနာမျာ
ရရှိခြင်းဖြစ်ပါသည်။

ဤကဲ့သို့ အမျိုးမျိုးသော ဝေဒ
များဖြစ်လာလျှင် သောက်သုံး
အတွက် အကောင်းဆုံးနှင့် အထိရော
ဆုံး ကျွန်တော် အသုံးပြုသောက်သုံး
သော ဆေးနည်းတစ်လက်ကို စာဖ
ပရိသတ်များအား ဒါနအဖြစ် ဖော်
လိုက်ပါသည်။

**ဆေးနည်းမှာ...**

ဆူးပန်းတောင်းပင် ပွင့်ပါးကို နတ်
ရေစင်အောင် ဆေးပြီး တံဖြင့် ခုတ်
မြေအိုးသစ်တွင် ရေမတ်ခွက်(၃)ခွက်
တစ်ခွက်တင်ကျန် ကျိုပါ။ တစ်ခွက်
ကျန်ရှိသော ဆေးရည်ကို အအေး
သကြားအနည်းငယ် ထည့်ပြီး သော
တစ်ရက်လျှင် နံနက်၊ နေ့လယ်၊
(၃)ကြိမ် ပြတ်ကျိုး၍ သောက်ပေး
တစ်ပတ်အတွင်း ခံစားနေရသော ဆီး
ဝေဒနာကို သက်သာပျောက်ကင်း
သည်။ ရက်များများ ကြာအောင် ဆေး
သုံးပေးလျှင် ပိုမို ကောင်းမွန်စေပါသ
ဤဆေးနည်းကို ပြောပြပေးခဲ့သော
**အမှတ်(၅)ရပ်ကွက်တွင် နေထ
သော မြန်မာတိုင်းရင်းဆေး သ
တော်ကြီး ဦးကျော်ညွန့်**အား ကျေး
တင်စွာဖြင့် နက္ခတ္တရောင်ခြည်မဂ္ဂ
ဖော်ပြလိုက်ပါသည်။

မဟူရာ(ရှောဝတီ)သော



www.burmeseclassic.com

www.burmeseclassic.com





အောင်ဝွန်ကျော်
(နမ္မတီး)

ထူးဆန်းတဲ့

# ကာလလေးရဲ့ သံယောဇဉ်

စာရေးသူသည် မွေးရပ်မြေမှ ခွဲခွာ၍ ဖားကန့် ကျောက်စိမ်းမော်နယ်မြေသို့ ရောက်ရှိ စီးပွားရှာနေသည်မှာ (၇)နှစ်တာကာလသို့ ရောက်ရှိခဲ့ပြီ ဖြစ်ပေသည်။

ထိုကာလများအတွင်း သီတင်းကျွတ်ကျောင်းပိတ်ရက်တွင် တစ်ကြိမ်၊ သင်္ကြန်ကျောင်းပိတ်ရက်တွင် တစ်ကြိမ် တစ်နှစ်လုံးနေမှ ဤနှစ်ကြိမ်သာ မွေးရပ်မြေသို့ ပြန်နိုင်ခဲ့သည်။

အိမ်ပြန်ရောက်ချိန်တွင်လည်း မိဘတွေကို ဝတ်ကြီးဝတ်ငယ် ပြုစုရ၊ တူ၊တူမတွေကို ထိန်းကျောင်းရနှင့် တစ်နေ့တစ်ရက် အချိန်တွေ ဘယ်လိုကုန်သွားမှန်းပင် မသိလိုက်။

ငယ်သူငယ်ချင်းတွေနှင့်လည်း မတွေ့ဆုံဖြစ်သည်မှာ ကြာလှရောပေါ့။ ဒီတစ်ခါ သင်္ကြန်ကျောင်းပိတ်ရက်လေးမှာတော့ ဘာပဲဖြစ်ဖြစ် သူငယ်ချင်းတွေနှင့် ဆုံဦးမည်ဟု စိတ်ကူးထားသည်။

F.37A. July, 2014.



www.burmeseclassic.com

www.burmeseclassic.com

(၁၀.၄.၂၀၀၈)ရက်နေ့ ဖားကန့်မှ ဗင်ကားဖြင့် မွေးရပ်မြေသို့ ပြန်လာခဲ့သည်။ နွေရာသီမို့ ကားခ ဈေးပေါသည် ဆိုရမည်။ ဗင်ကားနှင့်ဆိုလျှင် ဖားကန့်နှင့် မိုးကောင်း ကားခ ပုံမှန်တစ်ယောက် (၁၅၀၀၀)ကျပ် ဖြစ်သော်လည်း မိုးကျပြီဆိုလျှင်တော့ (၂၅၀၀၀)ကျပ်နဲ့ (၃၀၀၀၀)ကျပ်ထိ ဈေးရောက်သွားသည်။

စာရေးသူလည်း ဖားကန့်မှ နံနက် (၉)နာရီ ထွက်ခဲ့ရာ အတက်အဆင်း ကားများ၊ ခရီးသည်များ စခန်းတစ်ထောက် နားခိုရာ ထမင်းနှင့်ဟင်းမျိုးစုံ၊ စားသောက်ဖွယ်ရာမျိုးစုံ ရနိုင်သည့် ကျောက်နီနှင့်နီလာ ထွက်ရှိရာ **"နန့်ယား"**ဆိုသည့် ရွာတန်းရှည်ကြီးသို့ နံနက် (၁၁း၀၀)နာရီတွင် ရောက်ရှိခဲ့သည်။

နန့်ယားရွာသည် ဖားကန့်နှင့် မိုးကောင်းကြားတွင် တည်ရှိပြီး အလွန်စည်ကားသော ရွာကြီးတစ်ရွာ ဖြစ်သည်။ ရွှေနှင့် ကျောက်နီ၊ နီလာများစွာ ထွက်ရှိပြီး ဆတ်သား၊ ချေသားများလည်း ရံဖန်ရံခါ ရတတ်သေးသည်။

စာရေးသူလည်း မြန်မာထမင်းဟင်းစစ်စစ် အရသာရှိသော "အေးမေတ္တာ" မြန်မာထမင်းဆိုင်တွင် အကြိုက်ဆုံးဟင်းဖြစ်သော ဆတ်သားဟင်းဖြင့် စားသောက်ခဲ့ပေသည်။

နန့်ယားတွင် နာရီဝက်ခန့် နားကြပြီး၍ ခရီးဆက်ထွက်ခဲ့ရာ မွေးရပ်မြေ ဖာတီမြို့လေးသို့ မွန်းလွဲ (၂း၀၀) နာရီတွင် ရောက်ရှိခဲ့သည်။ စာရေးသူတို့မြို့လေးသည် အရာရာ ပြောင်းလဲနေသည်ကို ယခုမှ သတိပြု ကြည့်ရှုမိသည်။



အိမ်ရောက်တော့ မိဘများနှင့် မောင်နှမများက ဝမ်းသာစွာ ကြိုဆိုကြသည်။ သင်္ကြန်တွင်း ဘုရားတက်၊ ဥပုသ်စောင့်၊ မိဘတွေ ဝေယျာဝစ္စလုပ်နှင့် သင်္ကြန်ရက်တွေ ဘယ်လိုကုန်သွားမှန်း မသိလိုက်။

နှစ်ဆန်း(၂)ရက်နေ့ ညနေပိုင်းတွင် စာရေးသူ သူငယ်ချင်းတစ်ယောက်အိမ်သို့ ခြေဦးလှည့်မိသွားသည်။ စာရေးသူနှင့် တစ်ရပ်ကွက်တည်းဖြစ်သော သူငယ်ချင်းအိမ် ရောက်သည်နှင့် စကားတွေ ပေါက်ပေါက်ဖောက်မကုန်ဖြစ်ကြသည်။ သူငယ်ချင်းမက...

'ဒါနဲ့ မင်း မိခိုင်နဲ့ တွေ့ဖြစ်သေးလား'

'ဟင့်အင်း မတွေ့သေးဘူး ဘာဖြစ်လို့လဲ'

'ဒါဆို မင်းမသိသေးဘူး ထင်တယ်။ ဟိုတစ်နှစ်က သူ ထူးဆန်းတဲ့ လူထူးကလေး မွေးတာ တို့မြို့လေး ဟိုးလေးတကျော်ပဲဟ'

ကျွန်မလဲ တအံ့တဩဖြင့်...

'ဟင် ဟုတ်လား၊ ဒါတွေ ငါ မသိဘူး။ ငါလဲ မင်းသိတဲ့အတိုင်း မော်ထဲက ပြန်လာပြီဆို ဘယ်မှ မထွက်ဖြစ်တော့ဘူး။ ဒီတစ်ခါမှ အပြင်ထွက်ဖြစ်တာဟ'

သူငယ်ချင်းမမှ...

'အေး ဒါဆို မင်းသွားလိုက်ဦး၊ မင်းက စာတိုပေစလေးတွေ ရေးတော့ မင်းအတွက် ကုန်ကြမ်းရမှာပေါ့'

'အေး သွားဆို ငါ ခုပဲ သွားမယ်။ မင်းပါ လိုက်ခဲ့'

ဆိုပြီး စာရေးသူလည်း သူငယ်ချင်းမနှင့်အတူ မိခိုင်အိမ်သို့ သုတ်ခြေတင်ကြလေတော့သည်။

နာရီဝက်ခန့် သွားမိသည်နှင့် မိခိုင်အိမ်သို့ရောက်သည်။ မိခိုင်ကို အခန့်သင့်ပင် အိမ်၌ တွေ့ရသော်လည်း ရေချိုးတန်းလန်းနှင့်မို့ စာရေးသူတို့ကို အိမ်ပေါ်တွင် ဖရုံယိုနှင့် ရေနွေး တည်ခင်း ဧည့်ခံထားသည်။

ခဏအကြာတွင် မိခိုင်နှင့်အတူ သူမ၏သားများ ဖြစ်ဟန်တူသည့် ကောင်လေး(၂)ယောက် ပါလာသည်။ စာရေးသူတို့ကို တွေ့သည်နှင့် မိခိုင်က...

'မင်းကလဲ ခုမှ ပေါ်လာတော်မူတော့တယ်နော်။ ငါတို့ကို သတိတောင် မရတော့ဘူးထင်နေတာ၊ တော်သေးတာပေါ့။ သတိရဖော်၊ လာလည်ဖော် ရသေးလို့'

'အေး မင်းပြောမယ်ဆိုလဲ ပြောစရာပါပဲကွာ။ ငါ မော်ထဲက ပြန်လာပြီဆို ရက်သိပ်မရဘူး။ ကျောင်းပိတ်ရက်လေး အပြေးလာရတာ။ ရက်တိုလေးပဲ အချိန်ရတော့ ငါ့မိဘတွေနားမှာပဲ နေလိုက်တယ်လေ။ စိတ်မဆိုးပါနဲ့ကွာ။ ဒါနဲ့ မင်း ထူးခြားတဲ့ကလေး မွေးတယ်ဆို'

စာရေးသူစကားအဆုံးမှာ...

'ဟင်း ငါသိသားပဲ၊ ငါ့ဆီ အကြောင်း





www.burmeseclassic.com

www.burmeseclassic.com

မရှိဘဲ လာမယ်မထင်လို့။ အေး ဟုတ်တယ်။ ငါ ၂၀၀၆ ခုနှစ်က ထူးခြားတဲ့ကလေး မွေးတာလေ။ ငါ မင်းကို အဲဒီတုန်းက သတိရပါတယ်။ လေးငယ်သာရှိရင် ဒီအကြောင်းကို စာရေးမှာပဲလို့'

'ဒါဆို ငါ့ကို အဲဒီအကြောင်း ပြောပြစမ်းပါဦးကွာ'

မိခိုင်က...

'ပြောဆို အဖြစ်အပျက် အစအဆုံးက ဒီလိုဟ'

ဆိုပြီး ထူးခြားတဲ့ကလေးအကြောင်း ပြောပြပါတော့သည်။ သူငယ်ချင်း မိခိုင် ပြောပြသည့်အတိုင်း (ဇာတ်အိမ်မဖွဲ့ဘဲ) ရေးသားအပ်ပါသည်။

* * *

ငါ အိပ်မက်မက်တဲ့နေ့တော့ မမှတ်မိဘူး။ အိပ်မက်မက်ပြီး (၁)လ အကြာမှာ ငါ ကိုယ်ဝန်ရှိတာပဲ။ အိပ်မက်ထဲမှာ ဟိုဘက်ဒီဘက် ဆင်အမည်း(၃)ကောင်စီရဲ့ အလယ်မှာ ဆင်ဖြူတော် တစ်ကောင်လေ။ အဲဒီ ဆင်ဖြူပေါ်မှာ ကလေးလေးတစ်ယောက် အင်္ကျီမပါဘူး။ ပုဆိုးကွက်စိပ်ကလေးနဲ့ ဆံပင်ဘိုကေ ဖြူဖြူတုတ်တုတ်၊ ချစ်စရာလေး။ ငါက...

'ဟဲ့ ကလေး လိမ့်ကျမယ်၊ ဆင်းခဲ့'

ဆိုတော့ ဆင်ပေါ်ကနေ ငါ့ကို ကြည့်ပြီး ရယ်နေတယ်။ ပြီးမှ...


'အမေ သား အမေနဲ့ လာနေမယ် နော်'

တဲ့။

'အေး လာနေချင်နေပေါ့'

လို့ပဲ ပြောလိုက်တယ်။

အဲဒီ အိပ်မက်မက်ပြီး ငါ လန့်နိုးလာတယ်။ ဒီအကြောင်းကို ငါ့အမျိုးသား ကိုသက်ခိုင်ကို ပြောပြတော့



တစ်ခါတလေ ဒီလိုမျိုး လူတိုင်း မက်တတ်ပါတယ်ကွာဆိုပြီး အလေးအနက် မထားဘူးလေ။

ဒီလိုနဲ့ (၁)လလောက်ကြာတော့ ငါ ကိုယ်ဝန်ရှိတယ်။ ခု ငါ့သားအငယ်နဲ့ (၃)နှစ်ကွာတယ်။ (၆)လလောက်အထိတော့ ကိုယ်ဝန်က ဖောင်းနေသေးတယ်။ (၇)လ၊ (၈)လထဲ ဝင်လာတော့ ဗိုက်က ပြားပြားလာတယ်။ (၉)လထဲ ဝင်လာတော့လဲ ဗိုက်က ပိန်လိုက်၊ ဖောင်းလိုက်နဲ့။

အဲ (၁၀)လနဲ့ (၁၀)ရက်ပြည့်တဲ့ မနက်(၈)နာရီမှာ ဗိုက်ကမနာဘဲ ရေမြွှာ အရင်ပေါက်လာတော့ ကလေးမွေးတော့မှာပဲဆိုပြီး တစ်အိမ်လုံး ပျာယာခတ်သွားကြတယ်။ ငါ့အမျိုးသားလဲ သားဖွားဆရာမ ဒေါ်ခင်ဝင်း(ငြိမ်း)ကို ဆိုင်ကယ်နဲ့ ပြေးပြီး သွားပင့်တယ်။

ဆရာမ ရောက်လာတော့ လုပ်စရာရှိတာ လုပ်ပေမယ့်လဲ ကလေးက တော်တော်နဲ့ မထွက်ဘူး။ နာရီဝက်ကျော်လောက်ကြာတော့ ဆရာမက...

'ကလေးက အထဲမှာ ဖောက်ထိုးဖြစ်နေတယ်၊ ဆေးရုံပို့ရမယ်'

ဆိုပြီး သုံးဘီးဆိုင်ကယ်နဲ့ ငါ့ကို ပို့ကြတယ်။ ဆေးရုံရောက်ပြီး နောက်နေ့ (၂၄.၃.၂၀၀၆) တနင်္လာနေ့ မနက်မှာ မွေးပါလေရော၊ ယောကျ်ားလေးတဲ့။ ဒါပေမယ့် ရိုးရိုးလူ မဟုတ်ဘူးကွ။ ကလေး သေးသေးလေး ဖြစ်နေတယ်။ ဆရာ၊ ဆရာမတွေ အကုန်လုံး အံ့သြနေကြတယ်။ ငါလဲ တစ်ခါမှ မကြုံဖူးဘူး။ ခုမှပဲ ကိုယ်တွေ့မို့ ကြုံရတော့တယ်။

ဒီထူးခြားတဲ့ကလေး ကိုယ်ဝန် စ ရှိကတည်းကနဲ့ ခု မွေးတဲ့အချိန်ထိ ဘာမှ မထူးခြားသေးဘူး။ မင်းလဲ ကြားဖူးမှာပေါ့။ ကလေးထူးဆန်းတွေက သူတို့မိဘတွေကို အကျိုးပေးကြတယ် ဆိုတာကိုလေ။

အဲ ဒါပေမယ့် သူ့ကိုမွေးပြီး (၁)ပတ် အကြာမှာ ငါ အိပ်မက်မက်တယ်။ အိပ်မက်ထဲမှာ မျက်လုံးမိုင်းမိုင်း၊ နာတံပေါ်ပေါ်နဲ့ ကောင်လေးတစ်ယောက်က...

'အမေ သားကို မှတ်မိလား'

တဲ့။ ငါလဲ...

'အေး မှတ်မိတာပေါ့၊ ဟိုတစ်ခါ ဆင်ပေါ်မှာတွေ့တဲ့ကလေးပဲ'

ဆိုတော့...

'အမေ့သား ကျွန်တော် ဖြစ်နေပြီလေ။ အမေ့နံဘေးက ခွေခွေလေး အိပ်နေတဲ့သူက ကျွန်တော်ပေါ့'

တဲ့။

ပြီးတော့ ဘာဆက်ပြောလဲဆိုရင်...

'အမေ ကျွန်တော့်ကို အဝတ်ထုပ်နဲ့ မထားပါနဲ့။ သစ်သားအိမ်လေး လုပ်ပေးပါ။ ပြီးတော့ ဘောင်းဘီနဲ့ အင်္ကျီလဲ ဝယ်ပေးပါ'

တဲ့။ မနက်မိုးလင်းတော့ အိပ်ကာ

www.burmeseclassic.com



အကြောင်း ကိုသက်ခိုင်ကို ပြောပြတော့ ဘူတာနားက ပန်းမြိုင်လယ် တည်းခိုခန်း ပိုင်ရှင် ကိုကျော်ဦးဆီမှာ သစ်သားအိမ်လေး သွားမှာလိုက်တယ်။

နောက် (၃)ရက်လောက်ကြာတော့ ကိုကျော်ဦး ရောက်လာတယ်။ သစ်သားအိမ်လေးက (၂၅၀၀)ကျပ် ကျတယ်တဲ့။ ဒါပေမယ့် ပိုက်ဆံမယူဘူး၊ လက်ဆောင်ပေးတာတဲ့။ ငါ့အမျိုးသားက သစ်ဝယ်,ရောင်း လုပ်တာလေ။ အဆင်ပြေလာတယ်တော့ မဟုတ်ဘူး။ ရရစားစားပေါ့။ ပိုက်ဆံ မပြေလည်သေးတာနဲ့ သူ့အတွက် အမည်ပေး ကင်ပွန်းတပ်တောင် မလုပ်ရသေးဘူး။

တစ်ညမှာတော့ ကိုသက်ခိုင် အိပ်မက်,မက်တယ်။

'အဖေ ကျွန်တော့်ကို နာမည်ပေးပါဦး။ အစ်ကို(၂)ယောက်နဲ့တူတဲ့ နာမည်လေး ပေး,ပေးပါနော်။ ကျွန်တော် အဖေတို့ကို အဆင်ပြေအောင် လုပ်ပေးမှာပါ။ မနက်ဖြန် နေ့လယ်ကျရင် အဖေ့ဆီကို လူတစ်ယောက် လာလိမ့်မယ်။ သူပြောတဲ့ အတိုင်း လုပ်လိုက်၊ အဖေ ကျွန်တော်ပြောတာ မမေ့နဲ့နော်'

တဲ့။ တကယ်ပဲ နောက်နေ့နေ့လယ် (၂)နာရီလောက်မှာ "မရမ်းရွာ"က လူတစ်ယောက် ရောက်လာပြီး...

'ကျွန်တော် သစ်ရောင်းချင်လို့ (၆)တန်လောက်တော့ ရှိမယ်။ (၄)သိန်းနဲ့ပဲ ယူပါ။ ပိုက်ဆံနည်းနည်း လိုနေလို့ပါ'

တဲ့။ ဒါနဲ့ ကိုသက်ခိုင်လဲ ဈေးမဆစ်ဘဲ ယူမယ်ပြောပြီး ငွေကို (၂)ရက် ချိန်းလိုက်တယ်။ ညနေ (၆)နာရီကျတော့ ရပ်ကွက်ထဲက လူတစ်ယောက်က အိမ်ဆောက်ချင်လို့ဆိုတော့ ကိုသက်ခိုင်လဲ ရပါတယ်ပြောပြီး မရမ်းရွာကို ကားငှားပြီး သစ်သွားတိုက်လိုက်တယ်။

မရမ်းကယူလာတဲ့ သစ်တွေကို အိမ်ဆောက်ချင်တဲ့ သူကိုပြတော့ ကြိုက်တယ်ဆိုတာနဲ့ ဈေးစကား ပြောကြတာ (၆)တန်ကို (၁၀)သိန်းနဲ့ ဈေးပြတ်သွားတယ်။ (၁)တန်ကို (၂)သိန်း ပေါက်နေတဲ့အချိန်ကိုး။ အဲဒီမှာ တော်တော် မြတ်လိုက်တယ်။

အဲဒါ ပိုက်ဆံရတာနဲ့ သူ့မွေးရက် (၂၄.၃.၂၀၀၆)မှာ မောင်ကောင်းထက်နိုင်ဆိုပြီး အမည်ပေး ကပ်ပွန်းတပ်လိုက်တယ်။ ညကျတော့ အိပ်မက်ပေးပါလေရော။

'အဖေနဲ့အမေ သားဒီနေ့ အရမ်းပျော်တာပဲ။ သား နာမည်လဲရပြီ။ အဖေနဲ့အမေ့ကို ကျေးဇူး အရမ်းတင်တယ်ဗျာ'

တဲ့။ တစ်နေ့ ငါ့အမျိုးသား အပြင်က ပြန်လာတယ်။ လက်ထဲမှာလဲ အထုပ်တစ်ထုပ်ဆွဲလို့။

"ဒီမှာ ငါ့သားနှစ်ယောက်အတွက် ကော်ဖီမစ်နဲ့ ပေါင်မုန့် ဝယ်လာတယ်။ ကျွေးလိုက်"ဆိုပြီးတော့ပေါ့။ ညကျတော့ သူ့အဖေကို အိပ်မက်ပေးတယ်။

'အဖေ သားလဲ အဖေ့သားပါပဲ။ အဖေက သားနှစ်ယောက်ပဲဆိုတော့ သား ဝမ်းနည်းတာပေါ့။ သားလဲ အစ်ကိုတို့လို ကော်ဖီနဲ့မုန့် စားချင်တယ်'

တဲ့။ အင်းလေ ငါ့မှာက သားဆိုလို့ သူရောဆို သုံးယောက်ရှိတာကိုး။ မနက်ရောက်တော့ ကျွေးလိုက်ရတယ်လေ။

မိုးကောင်းက သစ်ဝယ်သွားတဲ့ လူဆီက သစ်ဖိုးငွေ မရတာ တစ်နှစ်နီးပါး ကြာနေပြီ။ အဲဒါ တောင်းမရ တောင်းမရနဲ့ တစ်နေ့တော့ ကိုသက်ခိုင်က သူ့သားငယ်ကို မွေ့ပြီး...

'သား အဖေ မိုးကောင်းမှာ ပိုက်ဆံ သွားတောင်းမှာ၊ သား လိုက်တောင်း ကူနော်'

ဆိုပြီး တို့လင်မယားနှစ်ယောက် ဆိုင်ကယ်နဲ့ ထွက်ခဲ့ကြတာ။ ဟိုရောက်တော့ ရစရာရှိတဲ့သူက အိမ်မှာမရှိဘူး။ တံခါးက သော့ခတ်လျက်နဲ့။ အိမ်နီးချင်းတွေ မေးကြည့်တော့လဲ ဘယ်သွားမှန်း မသိလိုက်ဘူးတဲ့။

ဒါနဲ့ အိမ်ရှေ့မှာ (၁၅)မိနစ်လောက် စောင့်နေကြတုန်း အဲဒီလူ အမောတကောနဲ့ ပေါက်ချလာတယ်။ သူ့ကို လူတစ်ယောက်က လာပြောတယ်တဲ့။

**'အိမ်မှာ အမျိုးတွေ ရောက်နေတယ်။ အမြန်သွားတဲ့။ ခင်ဗျားတို့ကို ပေးစရာရှိတဲ့ ငွေလဲ ပေးလိုက်မယ်'**

ဆိုပြီး ရစရာရှိတာ အကုန်ရခဲ့ကြတယ်လေ။

ကိုသက်ခိုင်လဲ ဝမ်းသာလွန်း မိုးကောင်းဈေးထဲက သားငယ်အ



www.burmeseclassic.com

www.burmeseclassic.com

အကျီဝမ်းဆက် (၃)စုံ၊ ကလေးကစား စရာတွေရယ်၊ မုန့်တွေရယ် ဝယ်ပြီး ပြန်ခဲ့ကြတယ်။

တို့သားလေးက တို့တွေကို တော်တော်လေးကို လုပ်ကျွေးခဲ့တာလေ။ စီးပွားရေးလဲ တရိပ်ရိပ် တက်လာတယ်။ တစ်နေ့တော့ ငါတို့ မထင်မှတ်တဲ့ စကားတစ်ခွန်း ကိုသက်ခိုင်ကိုရော ငါ့ကိုရော အိပ်မက်ပေးလာခဲ့တယ်။

'အဖေနဲ့အမေ သားတို့ အိမ်ပြောင်းရအောင်၊ ဒီနားတစ်ဝိုက်မှာ သားကို အွန္တရာယ်ပေးမယ့်သူ ရှိတယ်'

ငါတို့လင်မယားလဲ မိုးတောင်မလင်းသေးဘူး။ နိုးလာကြတယ်။ ခက်တာက အိမ်က မိဘနှစ်ပါးကို ငါတို့လင်မယားပဲ လုပ်ကျွေးနေတာဆိုတော့ အိမ်ခွဲလို့လဲ မဖြစ်ပြန်ဘူး။ အမေကလဲ လေဖြတ်ထားတော့ ဘယ်မှလဲ မပြောင်းချင်ဘူးတဲ့။

ငါ့သားစကားကို နားမထောင်ပြန်ရင်လဲ သူ့အတွက်က အန္တရာယ်ရှိတယ်တဲ့။ ခုဆိုရင် ငါတို့လက်ထဲမှာ ရွှေလဲ တော်တော်များများ စုမိနေပြီ။ အိမ်ပြောင်းမယ်ဆိုလဲ ပြောင်းလို့ရတယ်။

ဒီလိုနဲ့ မေ့မေ့ပျောက်ပျောက် နေခဲ့ကြတာ ငါတို့သားလေးကို ကံကြမ္မာ မုန်တိုင်း တိုက်ခတ်တဲ့နေ့ကို ရောက်လာတော့တယ်။ **(၁၅.၁၂.၂ဝဝ၆) ရက်နေ့** မိုးကြီးလေကြီးကျတဲ့ ညတစ်ညမှာပေါ့။ အိပ်မက်ထဲမှာ ငါ့သားလေးမျက်နှာက ဖြူဖပ်ဖြူရော်နဲ့ လည်ပင်းမှာလဲ သွေးတွေနဲ့။

'အဖေနဲ့အမေ သားကို သူတို့ လက်ဦးသွားပြီ၊ သား နှုတ်ဆက်ခဲ့ပါတယ်။ ဒါပေမယ့် သားနဲ့ အဖေတို့အမေတို့ကို အဝေးကနေ လုပ်ကျွေးနေဦးမှာပါ'

ဆိုပြီး လက်ကလေးပြပြီး ကျောခိုင်းသွားတဲ့ သားကို ကြည့်ပြီး တို့လင်မယားနှစ်ယောက်လုံး ဘာစကားမှ မပြောနိုင်ဘူး။ ငိုပဲ ငိုနေမိကြတယ်။

အိပ်မက်ကလဲ လန့်နိုးရော သားကို ထည့်ထားတဲ့ အိမ်လေးကို သွားကြည့်တော့ သားလေးလည်ပင်းက ပြတ်နေပြီလေ။ ပုရွက်ဆိတ်တောင် ဝင်လို့မရတဲ့ မှန်အိမ်၊ ကြွက်ကိုက်သွားသလိုလဲ မဟုတ်ဘူး။ တော်တော်ထူးဆန်းတယ်။

ငါတို့လင်မယား နှစ်ယောက်လဲ သားလေးကို ပွေ့ချီပြီး စိတ်မကောင်းကြီးစွာနဲ့ ငိုနေမိကြတယ်။ ကိုသက်ခိုင်ဆိုရင် အံတကြိတ်ကြိတ်နဲ့ပေါ့။ အကောင်အထည်မမြင်ရတဲ့ မကောင်းတဲ့ မိစ္ဆာတစ်ကောင်,ကောင်က ငါတို့သားလေးကို ဖျက်ဆီးလိုက်တာပဲ။

ငါ့သားလေးကို ငါတို့အိမ်နဲ့ မဝေးတဲ့ ကြံခင်းနားမှာ မြှုပ်ပေးလိုက်တယ်။ သားလေးဆုံးပြီး (၁ဝ)ရက်မြောက်နေ့ကျတော့ ငါမွေးထားတဲ့ ကြက်တွေထဲက ကြက်မတစ်ကောင် ဥ,ဥတာ (၇)လုံးထဲမှာ တစ်လုံးက မာမာကြီး။ အချိန်စီးတယ်။ နားလည်တဲ့သူတွေကို ပြကြည့်တော့ ကြက်ဥအမြုတေလို့ ပြောကြတယ်။ အဲဒါကို မင်းတို့ချမ်းသာပြီတဲ့။ ဒါပေမယ့် မမျှော်လင့်ဘဲ အဲဒါလေးလဲ ပျောက်သွားတယ်။

သားလေးဆုံးပြီး (၃)ပတ်မြောက်မှာ ငါ့ညီမ နှင်းနှင်းအေးကို အိပ်မက်ပေးတယ်။

'အဒေါ် အဖေနဲ့အမေ့ကို ပြောပေးပါ။ အခု ကျွန်တော် အဖေတို့နား ကပ်လို့မရသေးဘူး။ အတားအဆီးတွေ ရှိနေတယ်။ ကျွန်တော့်ကို ရည်စူးပြီး အစ်ကိုနှစ်ယောက်ကို ရှင်ပြုပေးပါ။ ကျွန်တော့်ကိုလဲ အမျှအတန်း ဝေပေးပါနော်'

ဆိုပြီး အိပ်မက်ပေးတယ်။

ငါ့သားအကြီးနှစ်ယောက်ကို ရှင်ပြုပေးလိုက်ပြီး သူ့ကိုလဲ အမျှအတန်းပေးဝေလိုက်တယ်။ ခုဆိုရင် ကိုသက်ခိုင်ရဲ့ အလုပ်ကလဲ ပုံမှန်ပဲ။ အရှုံးတော့ တစ်ခါမှ မပေါ်ဘူး။

ငါထင်တယ်လေ၊ ငါ့သားလေးက အဝေးကနေ စောင့်ရှောက်နေတယ်လို့။ သူ့အတွက် ရည်စူးပြီး ပြုခဲ့သမျှ ကောင်းမှုကုသိုလ်တွေကို ရောက်ရာဘုံဘဝက သားလေး ရရှိ ခံစားနိုင်ပါစေလို့ ဆုတောင်းရုံမှတစ်ပါး ငါ ဘာများ တတ်နိုင်ဦးမှာလဲ သူငယ်ချင်းရယ်'

သူငယ်ချင်းမ၏ ထူးခြားဆန်းပြားလှသည့် ထူးဆန်းတဲ့ကလေးအကြောင်း လွမ်းမော တမ်းတစွာနဲ့ ပြောပြပြီးနောက် မျက်ရည်တွေ တသွင်သွင်ကျနေတဲ့ သူငယ်ချင်းကို အားပေးစကားပြောခဲ့ကြပြီး စိတ်မကောင်းခြင်းကြီးစွာနဲ့ နှုတ်ဆက်လို့ စာရေးသူတို့ ပြန်ခဲ့ကြပါတယ်။

**အေးမွန်ကျော် (နမ္မတီး)**

**ဝန်ခံချက်** ။ ။ **ဖြစ်ရပ်မှန် ဖြစ်ပါသည်။ ကာယကံရှင်များနှင့် တိုက်ရိုက်တွေ့ဆုံ မေးမြန်းလိုပါက ကိုသက်ခိုင် + မလတ်လတ်ခိုင်၊ ရွှေလီရပ်ကွက်(၃)၊ နမ္မတီး ဖုန်း–ဝ၇၄–၄၂၁၇၇သို့ ဆက်သွယ်နိုင်ပါသည်။ စာရေးသူထံသို့လည်း ဝ၉–၄၇ဝ၁၃၂၅၆ဖုန်းဖြင့် တိုက်ရိုက်မေးမြန်းနိုင်ပါသည်။**



www.burmeseclassic.com

www.burmeseclassic.com



# သံပရာသီးလေး တစ်လုံး

နေဝန်းနီ

၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီလထုတ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း အမှတ်၂၄၇ စာ/၂၄၉၌ 'ကျွန်တော်တွေ့ဖူးသည့် လူဝင်စားများ'ဟူ၍ လူဝင်စားလေး စောဖိုးသင့်အကြောင်းကျွန်တော်ရေးခဲ့ရာ မဂ္ဂဇင်းထွက်ပြီး (၃)လလောက်အကြာတွင် စောဖိုးသင့်(ခေါ်) အစ်ကို မောင်သင့်၏သမီးငယ် မြင့်မြင့်သန်း မဂ္ဂဇင်းစာအုပ်နှင့်အတူ ကျွန်တော့်ထံ ရောက်ရှိလာပါသည်။

မတွေ့ရသည်မှာ ကြာပြီဖြစ်သဖြင့် အလွန်ဝနေသော တူမဖြစ်သူအားပုံကို မနည်းဖမ်းယူရသည်။ ရောက်သည်ဆိုသည်နှင့် တူမဖြစ်သူက ယခု သူ မြောက်ဥက္ကလာ ရွှေပေါက်ကံမြို့သစ်၊ အမှတ် ၄၀၂၊ ၁၇–တောင်ငူလမ်း၌ ညီမဖြစ်သူ မသန်းရွှေတို့မိသားစုနှင့်အတူ နေထိုင်၍ 'ခေတ်သစ်ဦး အိတ်လုပ်ငန်း' လုပ်ကိုင်လျက်ရှိကြောင်း ပြောရင်းမှ အသင့်ယူဆောင်လာသည့် စာအုပ်ကို ထုတ်ပြပါသည်။

'အစ်ကိုရေ အစ်ကိုရေးတဲ့ လူဝင်စားလေးစောဖိုးသင့်ဆိုတဲ့ ခေါင်းစဉ်နဲ့ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှာ ဖေဖေ့အကြောင်း ဖတ်လိုက်ရတော့ ကျွန်မတို့ ငိုလိုက်ကြရတာ မပြောပါနဲ့တော့။ အစ်ကိုရေးတဲ့အထဲမှာ နာမည်တွေပြောင်းရေးထားပေမယ့် နာမည်တွေက ဆင်တူယိုးမှားလေးတွေချည်း မဟုတ်လား။

မမမြလေးကို မြတ်လေး၊ မမအေးကြွယ်သန်းကို အေးအေးကြွယ်၊ မမယဉ်မြင့်ကို ယဉ်ယဉ်လှ၊ မြင့်မြင့်သန်းကို မြမြသန်း၊ ညီငယ်ကိုလဲ မောင်မြင့်စိုးက မောင်မြစိုးဆိုတော့ တန်းသိတာပေါ့။

နောက်ပြီး နေရပ်ကိုလဲ လမ်းနာမည်နဲ့ အိမ်နံပါတ်ပဲ ဖျောက်ထားတာကိုး၊ ကျန်တာတွေက အမှန်တွေချည်းပဲလေ။ စာအုပ်ဖတ်လိုက်ရတော့ ကျွန်မတို့ ညီအစ်ကိုမောင်နှမတွေ သူ့ဆီဖုန်းပြော၊ ငါ့ဆီဖုန်းပြောနဲ့ နက္ခတ္တမှာ ဖေဖေ့အကြောင်း ပါလာတဲ့ အကြောင်း ပြောရင်း ငိုကြရတာပေါ့၊ စာအုပ်ကိုလဲ တစ်ယောက်တစ်အုပ် အပိုင်ဝယ်သိမ်းထားလိုက်ကြတယ်။



စာအုပ်ဖတ်ရကာစကတော့ နေဝန်းနီဆိုတာ အမှတ်တမဲ့ ဘယ်သူမှန်းမသိဘူးပေါ့ အစ်ကိုရယ်၊ ဒါကြောင့် သိချင်တာနဲ့ မဂ္ဂဇင်းတိုက်ကို ဖုန်းဆက်ဖြစ်ခဲ့သေးတယ်။ ဖေဖေ့အကြောင်း ရေးတဲ့ စာရေးဆရာကို သိချင်တာပါ။

မဂ္ဂဇင်းတိုက်ကလဲ တိုက်ကို အစ်ကိုမလာတဲ့အကြောင်း၊ ပြည်ဘက်မှာနေကြောင်း ပြောပါတယ်။ ကျွန်မတို့က အစ်ကိုလို့ မထင်ဘူးလေ။ ဟိုတုန်းက အစ်ကိုရေးနေတဲ့ ကလောင်နာမည်က ဒီနာမည် မဟုတ်ဘူး မဟုတ်လား'

ဟု ရောက်မဆိုက်ပင် ကရားရေလွှတ် ပြောလာပါသည်။

ကွဲကွာခဲ့ကြသည်မှာ ကြာပြီဖြစ်သည့်အတွက် ညစာစားပြီးသည်နှင့် တော်တော်နှင့်မအိပ်နိုင်ကြဘဲ ရှေးဟောင်းနှောင်းဖြစ်များ ပြောမကုန်နိုင်အောင် ရှိကြပါသည်။ ထိုသို့ ပြောကြရင်းမှ လုပ်ငန်းကိုင်ငန်းအကြောင်းတွေ၊ အတွေ့အကြုံတွေအားလုံး စုံပါသည်။ ပြော ဖြစ်ကြပါသည်။ ကျွန်တော်တို့၏ စကားဝိုင်းသို့ ဇနီးဖြစ်သူ မအေးကြိုင်က ရေနွေးကြမ်းနှင့် အိပ်ချင်ပြေ သံပရာယို မြည်းစရာ လာချပေးပါသည်။ မြင့်မြင့်သန်းလည်း အမြည်းကို ယူစားရင်းမှ 'ဒါ သံပရာယိုလား'ဟု မေးသဖြင့် ကျွန်တော်က ဟုတ်ကြောင်း ပြောလိုက်ရာ...

'အင်း သံပရာယိုစားရတော့ ကျွန်မ ကြုံခဲ့ရဖူးတဲ့ သံပရာသီးနဲ့ ပတ်သက်တဲ့အဖြစ်လေး သွားသတိရတယ်'

ဟု အစချီလိုက်၍...

'ကျွန်မကိုယ်တိုင်ကြုံခဲ့ရတာလေးပဲ အဲဒီအကြောင်း အစ်ကို စာရေးပါလား စာရေးဖို့ကောင်းတယ်'

ဟု ဆိုလာပါသည်။

'ပြောလေ ရေးဖို့ကောင်းရင်လဲ ရေး ရတာပေါ့'

ဟု ကျွန်တော်က တိုက်တွန်းလိုက်ပါ၏။ ထိုအခါ တူမလုပ်သူက 'ဒီလို အစ်ကိုရဲ့' ဟု အစချီလိုက်ပြီး အောက်ပါအတိုင်း ပြောပြပါလေတော့၏။


(အစ်မဖြစ်သူမှ မွေးသော တူ၊တူမ များသည် စာရေးသူအား အစ်ကိုဟူ၍ သာ ခေါ်ဝေါ်ကြပါသည်။ **စာရေးသူ**)

* * *



www.burmeseclassic.com

www.burmeseclassic.com



'ဒီလို အစ်ကိုရဲ့...

ကျွန်မအသက် (၂၅)နှစ်လောက်ကပေါ့။ ဒီအချိန်လောက်က ကျွန်မဟာ အင်းမကထွက်တဲ့ အဝတ်အထည်တွေကို ရန်ကုန်က ဆိုင်ကြီးတွေမှာ ပြန်သွင်းတဲ့အလုပ် လုပ်နေတဲ့အချိန်ပေါ့။ ကျွန်မနဲ့အတူ ညီမလေးတစ်ယောက်လို သံယောဇဉ်ဖြစ်နေခဲ့တဲ့ ရှမ်းတိုင်းရင်းသူလေး နန်းညွန့်လှိုင်လဲပါတယ်။

နန်းညွန့်လှိုင်ဆိုတာ အစ်ကိုလဲ သိမှာပါ။ ပြည်ခရိုင် ဝက်ပုတ်မြို့လေးရဲ့ ရန်ကုန်–ပြည်သွား ကားလမ်းဘေးမှာ 'ရွှေပြည်စိုး'ဆိုတဲ့နာမည်နဲ့ ပုံနှိပ်လုပ်ငန်းမှာလဲ သူပါတယ်လေ။ အခုအခြားတစ်ဖက်က အထည်အလိပ်ဖြန့်တဲ့ လုပ်ငန်းလုပ်တော့လဲ သူ့ပဲခေါ်ရတယ်လေ။ အဲဒီလုပ်ငန်းတွေက လက်ထောက်လက်ပင်ရှိမှ ဖြစ်တာ။

ဒီလိုနဲ့ ကျွန်မတို့လဲ အင်းမနဲ့ရန်ကုန်ကို အိမ်ဦးနဲ့ကြမ်းပြင် ဖြစ်နေတော့တာပေါ့။ ခရီးလမ်းပန်းအနေကတော့ အခြေအနေအရပေါ့။ တစ်ခါတလေ လဲကားနဲ့၊ တစ်ခါတလေကျတော့လဲ အမြန်ရထားနဲ့ အဆင်ပြေသလို ကြည့်သွားလာရတယ် ဆိုပါတော့။

အဲဒီနေ့ကတော့ နန်းညွန့်လှိုင်နဲ့အတူ ပေါင်းတည်လဲ ဝင်ချင်သေးတာနဲ့ ရထားနဲ့ ပြန်ကြမယ်ဆိုပြီး လမ်းမှာ အထည်ဖိုးတွေ သိမ်းရင်း ဘူတာကြီးဘက် ခြေလျင်လျှောက်လာကြတယ်။ အထည်ဖိုးစုံမှ အခြေအနေအရ ကြည့်သွားကြမယ်ပေါ့လေ။

ဒါနဲ့ လျှောက်လာရင်းလာရင်းက (၃၂)လမ်းထဲလဲ ရောက်တော့ သားသားနားနား ဝတ်ဆင်ထားကြတဲ့ လူ(၄)ယောက်၊ ကျွန်မတို့နောက်ကနေလိုက်လာတယ်။ အနားရောက်တော့ လမ်းကို ကျော်တက်မလိုလို ဘာလိုလိုနဲ့ ကျွန်မတို့နှစ်ယောက်ရဲ့ လက်တွေကို တွန်းလိုက်ကြတယ်။ ဒီတော့ ကျွန်မက 'ရှင်တို့ ဘာလုပ်တာလဲ'လို့ ခပ်ဆတ်ဆတ် မေးလိုက်တယ်။ လူတစ်ယောက်လုံးတောင် မမြင်ဘူးလားပေါ့။

အဲဒီအခါမှာ ကျွန်မရှေ့ကို လူတစ်ယောက်က လာရပ်ပြီး...

'ဘာလုပ်ရမှာလဲ ခင်ဗျားတို့နောက်လိုက်လာတာ'

လို့ ပြောတယ်။ ကျွန်မက...

'ဘာအကြောင်းရှိလို့လဲ'

လို့ မေးတော့ အဲဒီလူက...

'မေးမနေနဲ့ အချိန်မရှိဘူး။ ဆွဲကြိုးနဲ့ လက်ကောက်ဖြုတ်၊ ဘေးမှာ လွယ်ထားတဲ့ ပိုက်ဆံအိတ်လဲပေး'

လို့ တောင်းပါလေရော။ နန်းညွန့်လှိုင်လေးကတော့ ဘာမှမပြောဘူး။ သူ့လည်ပင်းမှာ ဆွဲထားတဲ့ လော့ကက်သီးလေးနဲ့ (၁)ကျပ်သားရှိတဲ့ဆွဲကြိုးနဲ့ လက်ကောက်ကို တန်းချွတ်ပေးလိုက်တယ်။

ကျွန်မကတော့...

'ကျွန်မပစ္စည်း ဘာလုပ် ရှင်တို့ကို ပေးရမှာလဲ'

ဆိုပြီး မပေးဘဲ ရှေ့ဆက်လျှောက်ခဲ့တယ်။

'အချိန်မရှိဘူး။ ပေးလေ ဘယ်သွားဦးမှာလဲ'

လို့ ပြောပြီး လိုက်တောင်းတယ်။ ဒီတော့ ကျွန်မစိတ်ထဲမှာ ဝေလာတယ်။ ရင်းနှီးသလို ဖြစ်လာတယ်။ ပေးချင်လာတယ်။ ဒါနဲ့ ကျွန်မလဲ ပိုက်ဆံအိတ်ကော၊ ဆွဲကြိုးကော၊ လက်ကောက်ကော အကုန်ပေးမိပါတော့တယ်။

ကျွန်မတို့ဘေးမှာ ဥဒဟိုသွားလာနေတဲ့ သူတွေတော့ ရှိပါရဲ့၊ ဒါပေမယ့် ကျွန်မတို့ကို ဘယ်သူကမှ သတိမထားကြ၊ ဂရုမစိုက်ကြဘူး။ အမှန်တော့ သူတို့လဲ မြင်တော့မြင်မှာပေါ့။ သတိမထား ဂရုမစိုက်ကြတာကတော့ တစ်မျိုးထင်ကြလို့ ဖြစ်မှာပေါ့။

ဒီလိုနဲ့ ကျွန်မတို့လဲ ပစ္စည်းတွေပေးပြီး လမ်း(၃၀)ဘက် ဆက်လာခဲ့တယ်။ စိတ်ထဲမှာတော့ တစ်မျိုးပဲ၊ ဘယ်လိုတစ်မျိုးပဲဆိုတာလဲ ပြောမပြတတ်ဘူး။ ဥပမာပေးပြောရရင်တော့ အိပ်ပျော်နေရာက ယောင်ပြီး တံခါးဖွင့် လှေကားဆင်း ပန်းခြံထဲလမ်းလျှောက်တဲ့သူလို နေမှာပါပဲ။

မြင်လို့တော့ တံခါးဖွင့်ဆင်း ခြံထဲလမ်းလျှောက်နေတာ၊ ဒါပေမယ့် အသိအာရုံ ဝေဝါးချွတ်ယွင်းနေတဲ့ သဘောမျိုးပေါ့။ ကျွန်မစိတ်ထဲမှာ မကြည်လင်ဘူး။ မှိုင်းတိမှိုင်းတိုင်း ထိုင်းတိထိုင်းတိုင်း ဝေဝေဝါးဝါးနဲ့ အိပ်ချင်သလိုမျိုး အိပ်ရေးမဝဘဲ ထလာရသလိုမျိုး ဖြစ်နေတယ်။

* * *

လမ်း(၃၀)ထဲလဲရောက်ရော 'ရွှေပလောင်ကဖီး'မှာ ခဏဝင်ထိုင်ပြီး နားလိုက်ကြတယ်။ သွားချင်လာချင်စိတ်တွေလဲ ကုန်လာတယ်အစ်ကိုရယ်၊ ကျွန်မတို့ ဆိုင်ထဲဝင်ထိုင်လိုက်တာနဲ့ စားပွဲထိုးလေးတွေက 'ဘာသောက်မှာလဲလို့ မေးတယ်' ဒီတော့ ကျွန်မလဲ စိတ်ထဲကမပါပေမယ့် ပါးစပ်ကတော့ 'ဘာလက်ကော်ဖီ' ဆို ထွက်သွားတယ်။

အဲဒီမှာပဲ အသက်(၅၀)အရွယ်လောက်ရှိမယ့် အသားလတ်လတ်ခပ်ဝဝနဲ့ ရည်မွန်ဖော်ရွေပုံရတဲ့ လူကြီး

www.burmeseclassic.com

တစ်ဦး အနားရောက်လာတယ်။ နောက် ကျွန်မတို့ကို ကြည့်ပြီး...

'သမီးတို့ ဘာဖြစ်နေကြတာလဲ။ သမီးတို့နှစ်ယောက် မြင်ရတာ တစ်မျိုးကြီးပဲ'

လို့ဆိုပြီး အကဲခတ်နေတယ်။ ကျွန်မတို့ ဘာဖြစ်လာတယ်ဆိုတာ ရိပ်မိနေသလားတော့ မသိပါဘူး။

အဲဒီပုဂ္ဂိုလ်ကြီးကပဲ...

'ဘလက်ကော်ဖီထဲ သံပရာရည် ချဉ်ချဉ်လေး ညှစ်ထည့်ပေးလိုက်ပါဟေ့'

လို့ လှမ်းအော်လိုက်တယ်။ ကျွန်မတို့လဲ အဲဒီ သံပရာရည်ညှစ်ထားတဲ့ ဘလက်ကော်ဖီကို တစိမ့်စိမ့်သောက်လိုက်ကြတယ်။ နောက် အဲဒီပုဂ္ဂိုလ်ကြီး ပေးခဲ့တဲ့ သံပရာသီးလေးတစ်လုံးကို ဖျစ်ညှစ်ပြီး နှစ်ယောက်သားတစ်ယောက်တစ်လှည့်စီ နမ်းကြရှူကြတယ်။

သံပရာရည်ညှစ်ထားတဲ့ ဘလက်ကော်ဖီလေး သောက်လိုက်၊ သံပရာသီးလေးကိုတစ်ယောက်တစ်လှည့်နမ်းလိုက်ရှူလိုက်နဲ့ လုပ်နေရင်းက နာရီဝက်လောက်အကြာမှာ စိတ်ထဲမှာ တဖြည်းဖြည်းကြည်လာတယ်။ အမြင်အာရုံတွေလင်းလာတယ်ရှင်းလာတယ်။

သူတော်ကောင်း နတ်ကောင်းမ တာပဲ ဆိုရမှာပဲ၊ ခဏကြာရင်ပဲ ကျွန်မတို့ ကိုယ့်ကိုယ်ကို ဘာဖြစ်လာကြတယ်ဆိုတာ သိလာရ မှတ်မိလာရတယ်။ အဲဒီလိုလဲ မှတ်မိရော 'ငါတို့တော့ ဒုက္ခရောက်ပါပြီ'ဆိုပြီး ချုံးပွဲချ ငိုမိပါတော့တယ်။

ဒါနဲ့ ကျွန်မတို့နှစ်ယောက်လဲ အင်းမပြန်ရောက်ရင် အထည်ပိုးတွေ ဘယ်လိုရှင်းရပါ့မလဲ။ ဘယ်လိုကြဲရပါ့မလဲလို့ တွေးပြီး စိတ်ညစ်ညစ်နဲ့ ဘဏ်(၃)ရှေ့က ကားမှတ်တိုင်မှာ (နေမိနေရာသဘောပေါ့လေ) ခြေကုန်လက်ပန်းတွေကျပြီး ထိုင်နေမိကြတယ်။

ညနေ (၃)နာရီလောက်လဲ ရောက်ရော မြင်ဖူးသလိုလို ကျွန်မတို့နဲ့ ရွယ်တူလောက်ရှိမယ့်လူတစ်ယောက် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးကားနဲ့ ပါလာပြီး ကျွန်မတို့ထိုင်နေတဲ့ မှတ်တိုင်မှာ ဆင်းလာတယ်။ လက်ထဲမှာလဲ ဘီယာဘူးနှစ်ဘူးကို ကြွပ်ကြွပ်အိတ်ထဲ ထည့်ဆွဲလို့ပေါ့။ ကျွန်မလဲ ဒီလူကို ငါမြင်ဖူးပါတယ်။ ဘယ်မှာ မြင်ဖူးပါလိမ့်မလဲလို့ တွေးနေမိတာပေါ့။

အဲဒီအချိန်မှာပဲ အဲဒီလူကို ကျွန်မလုံးလုံး မှတ်မိလိုက်ပါတော့တယ်။ (၃၂)လမ်းထဲမှာ ကျွန်မနဲ့နန်းညွန့်လှိုင်ကို တို့ဆေးနဲ့တို့ပြီး လက်ဝတ်လက်စားတွေရော၊ ငွေအိတ်ရော ယူသွားတဲ့အဖွဲ့ထဲက ဖြစ်နေမှန်း သိလိုက်တော့တယ်။

အဲဒီလူလဲ ကုန်းလမ်း သယ်ယူပို့ဆောင်ရေးကားပေါ်ကဆင်းပြီး တခြားကားကို ပြောင်းစီးဖို့ ကားတစ်စီးပေါ်တက်လိုက်တယ်။ ကျွန်မလဲ သူကားပေါ်တက်လိုက်တယ် ဆိုရင်ပဲ အချိန်ဆွဲမနေတော့ဘဲ...

'တို့ကို တို့ဆေးနဲ့တို့ ပစ္စည်းတွေယူသွားတဲ့ကောင်'

လို့ နန်းညွန့်လှိုင်ကို ပြောပြီး အတင်းပြေးသွား ကားပေါ်က ဆွဲချလိုက်ပါတော့တယ်။

ကားစပယ်ယာနဲ့ ခရီးသွားတချို့ကလဲ ကျွန်မတို့ရဲ့အဖြစ်လဲသိရော အကူအညီပေးကြပါတယ်။ ဒါနဲ့ ကျွန်မတို့လဲ အဲဒီ တို့ဆေးကောင်ကို ပန်းဘဲတန်းရဲစခန်းခေါ်သွားပြီး အပ်လိုက်ပါတယ်။

အဲဒီတုန်းက ပန်းဘဲတန်းရဲစခန်းစခန်းမှူးက အန်ကယ်ဦးလှမြင့်ပါ။ အန်ကယ်ဦးလှမြင့်ရဲ့ လုပ်ငန်းကျွမ်းကျင်မှု တာဝန်သိ ကူညီခဲ့မှုတွေကြောင့် အဲဒီနေ့ချင်းပဲ တို့ဆေးအဖွဲ့ တစ်ဖွဲ့လုံးကို မိပြီး ကျွန်မတို့ပစ္စည်းတွေကို ငွေအနည်းအပါး လျော့တာကလွဲပြီး အကုန်ပြန်ရခဲ့ပါတော့တယ်။

* * *

အဲဒါ ဘာကြောင့်လဲဆိုတော့ သံပရာသီးအစွမ်းပါပဲ အစ်ကို၊ သံပရာသီးဟာ အစွမ်းသတ္တိရှိတဲ့အကြောင်း အဲဒီကျတော့မှပဲ ကျွန်မလဲ ကောင်းကောင်း သိလိုက်ရပါတော့တယ်။ သံပရာသီးသာ မကယ်ရင် ကျွန်မ ဒုက္ခကောင်းကောင်း ရောက်ပြီပေါ့။ အခုတော့ ကျွန်မ သံပရာသီးတစ်လုံးကို ကိုယ်မှာ အမြဲတမ်းဆောင်ထားတယ်။ ဘယ်လမ်းသွားသွား မမေ့ဘူး မမေ့လဲ မမေ့သင့်ဘူး။ လူတိုင်းလဲ ဆောင်ထားသင့်တယ်။

ဒါကို အစ်ကိုစာရေးဖို့ကောင်းရင် ရေးပါ။ တကယ်လို့များ သွားရင်းလာရင်း ကျွန်မနဲ့နန်းညွန့်လှိုင်တို့ရဲ့ အဖြစ်မျိုးနဲ့များတိုးမိရင် ဒုက္ခဘေးက အလွယ်တကူ လွတ်ကင်းနိုင်ကြတာပေါ့'

'အေး ရေးဖို့ကောင်းတဲ့ အကြောင်းအရာလေးပါပဲ။ ပညာလဲရ သင်ခန်းစာလဲယူနိုင်တဲ့ အကြောင်းလေးပေါ့။ အဲဒီအကြောင်းကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကြီးကနေ ရေးထည့်လိုက်ဦးမယ်'

**နေဝန်းနီ**

**[အမှတ် ၄၀၂၊ ၁၇-တောင်ရွှေလမ်း၊ ရွှေပေါက်ကံမြို့သစ်၊ မ/ဥက္ကလာ" ခေတ်သစ်ဦး အိတ်လုပ်ငန်း" မှ တူမဖြစ်သူ မမြင့်မြင့်သန်းအား ကျေးဇူးတင်ရှိလျက် ]**



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းမြင့်ထွန်း
(မွန်ပြည်နယ်)

# တကြည့်မျက်မှန်ကလေးနှင့်

## ထူးဆန်းသော ပုဂ္ဂိုလ်(၃)ဦး

ကျွန်တော်သည် လွန်ခဲ့သော (၁၅)နှစ်ခန့်က **ဘုတ်ပြင်းမြို့၌ အလယ်တန်း ကျောင်းအုပ်ကလေး ရာထူးဖြင့် တာဝန်ထမ်းဆောင်နေခဲ့သည်။** ဘုတ်ပြင်းမြို့သည် ထိုစဉ်အခါက အတော်လေး အသွားအလာ ခက်သောဒေသဖြစ်သည်။ ကျွန်တော်၏ ဇာတိက မြန်မာနိုင်ငံ အလယ်ပိုင်းက မြို့တစ်မြို့ဖြစ်သည်။

ဒေသမရွေး တာဝန် ထမ်းဆောင်ပါမည်ဟူသော ဆန္ဒပြုမှုဖြင့် အလယ်တန်းပြဆရာ ရာထူးတိုးရယူကာ ဘုတ်ပြင်းမြို့သို့ ရောက်ရှိနေခြင်း ဖြစ်သည်။ ဘုတ်ပြင်းမြို့မှာ နေရာဒေသ နှစ်မျိုးကွဲသည်။ ပင်လယ်ကျွန်းရွာများအစုနှင့် တောတောင်များကြား တည်ဖွဲ့ထားသော ရွာများအစုတို့ ဖြစ်ကြသည်။

ရေင်ကြီး၊ ရွှေဂဲညို၊ အောက်လိပ်၊ အုန်းတောကမ်း၊ ဇဒိန် အစရှိသော ရွာများမှာ ပင်လယ်ကျွန်းရွာများ ဖြစ်ကြသည်။ ပင်လယ်ကျွန်းရွာများ ဖြစ်ကြသည်နှင့်အညီ ပဲ့ချိပ်လှေများဖြင့် တစ်ရွာနှင့်တစ်ရွာ ကူးသန်းသွားလာကြရသည်။

ရတနာပုံသတ္တုတွင်း၊ မနိုးရုံးခဲချောင်း၊ ကျောင်းစု၊ လေညာ၊ ပြည်ကြီးမဏ္ဍိုင်၊ ထောင်ခေါ်၊ ထောင်ရိုက်၊ ထောင်ငါးသိုင်း အစရှိသော ရွာများမှာ ချောင်းဖျားတောတောင်အတွင်းရှိ ရွာများ ဖြစ်ကြသည်။

ကျွန်းရွာများမှာတော့ ဆလုံတိုင်းရင်းသားများ အနေများကြပြီး ချောင်းဖျားရွာများမှာတော့ ကရင်တိုင်းရင်းသားများနှင့် ရှမ်းတိုင်းရင်းသားများ နေကြသည်။

ရှမ်းတိုင်းရင်းသားများကလည်း နွားများ၊ ခဲ သတ္တုများဖြင့် ထိုင်း(ယိုးဒယား)နိုင်ငံဘက်သို့ အကူးအသန်း ရှိကြသည်။ ကုန်းလမ်းခရီးဖြင့် သွားကြသည်က များသည်။

မနိုးရုံးခဲချောင်းရွာ၊ ရတနာပုံမိုင်းရွာတို့မှာ ခဲသတ္တုများ ထွက်သည်။ ရတနာပုံမိုင်းရွာမှာ အစိုးရက ဓာတ်သတ္တု တူးဖော်ရေးဌာန ဖွင့်လှစ် လုပ်ကိုင်နေသည်။

ထိုစဉ်က ကျွန်တော် တာဝန် ထမ်းဆောင်ရသော ရွာမှာ **တောတောင်**





www.burmeseclassic.com

www.burmeseclassic.com

**ဘက်ခြမ်းရှိ ရွာတစ်ရွာ ဖြစ်သည်။** ဇာတိသို့ တစ်နှစ်တစ်ခေါက်ပင် မပြန်နိုင်လောက်အောင် ခရီးလမ်းက ခက်ခဲကြန့်ကြာသည်။

ကျွန်တော့်ရွာမှ ဘုတ်ပြင်းမြို့သို့ ရောက်ရန် ကုန်းကြောင်း၊ ရေကြောင်း နှစ်တန်ဖြင့် သွားရပြီး အဆင်ပြေလျှင် နှစ်ရက်ကြာသည်။ အဆင်မပြေလျှင် တစ်ပတ်၊ နှစ်ပတ် ကြာတတ်သည်။ ထိုမှ မြိတ်သို့ တစ်နေ့တစ်ညခရီး ရေကြောင်းဖြင့် နှင်ရသည်။

ထိုမှ **ရေကြောင်း၊ လေကြောင်းဖြင့် မော်လမြိုင်**သို့သွားရသည်။ ထိုမှ မြေလတ်ဒေသ ကျွန်တော့်ဇာတိသို့ ခရီးထပ်ဆက်ရသေးသည်။ ထို့ကြောင့် ကျွန်တော့်ဇာတိသို့ ပြန်ရန် အရေးမှာ မလွယ်ကူလှပေ။

သုံးနှစ်ပြည့်သည်နှင့် ဇာတိသို့ ပြန်လည်ပြောင်းရွှေ့နိုင်ရန် ကျွန်တော် ကြိုးစားသည်။ သို့သော်လည်း လွယ်ကူချောမောစွာ မရရှိခဲ့ပေ။

အထက် လူကြီးပိုင်းကလည်း ကျွန်တော့်နေရာသို့ အစားထိုးပေးပို့နိုင်မည့်သူ မရှိ၍ ကျွန်တော့်အား ဖျောင်းဖျနှစ်သိမ့်ထားသော အချိန်ဖြစ်သည်။

ကျွန်တော်က ထိုရွာရှိ ဘုန်းကြီးကျောင်းမှာ နေထိုင်သည်။ ရွာလူကြီးများ၏ စီစဉ်ပေးချက်အရ ဖြစ်သည်။ ကျွန်တော့်အဖို့ နေရေးနှင့် စားရေးမှာ စရိတ်ငြိမ်းဖြစ်၍ နေတော့သည်။

တစ်နေ့တွင် ကျွန်တော် တည်းခိုနေထိုင်သောကျောင်းသို့ **လူတစ်ယောက်** ပထမဆုံး ရောက်ရှိလာသည်။ ဆရာတော်သည် ကျွန်တော်နှင့် ကပ်လျက်အခန်း၌ နေရာချပေးလိုက်သည်။ နောက်ရက်၌ **ရသေ့တစ်ပါး** ရောက်လာပြန်သည်။ နောက်ထပ် နှစ်ရက်မျှ



အကြာတွင် **လူတစ်ဦး** ထပ်ရောက်လာပြန်သည်။

ထိုသုံးယောက်စလုံးမှာ တစ်နေရာဆီမှ ရောက်ရှိလာကြပြီး တစ်ဦးကိုတစ်ဦး မသိရှိ မမြင်ဖူးကြပေ။ ကျောင်းထိုင်ဆရာတော်မှ တစ်ခန်းတည်းမှာ နေရာချပေးထားသည်။

သုံးဦးလုံးမှာ ညဘက်မအိပ်ကြဘဲ တစ်ဦးနှင့်တစ်ဦး ဘာသာစကားတစ်မျိုးဖြင့် ပြောနေကြသည်ကို အခန်းချင်း ကပ်လျက်ဖြစ်သောကြောင့် ကျွန်တော် ကြားနေရသည်။

ယင်းစကားများကို ကျွန်တော် နားမလည်ပါ။ နောင်သောအခါ ထိုသုံးဦးပြောသော စကားမှာ **ဓာတ်စကားများ ဖြစ်ကြကြောင်း** သိရသည်။ သေးမှ ကြားရသူများက နားမလည်သော်လည်း **သူတို့အချင်းချင်းမှာမူ တစ်ယောက်စကား တစ်ယောက် နားလည်ကြသည်။**

**သူတို့သုံးဦးလုံး နိုးမလင်းခင် ကျောင်းမှ ထွက်ခွာသွားကြပြီး ညရိုးချုပ်မှ ပြန်ရောက်လာတတ်ကြသည်။ တစ်ခါ တစ်ရံလည်း နှစ်ရက်၊ သုံးရက်ကြာမှ ပြန်ရောက်လာတတ်ကြသည်။ ညရောက်လျှင် တစ်ယောက်နှင့် တစ်ယောက် ဓာတ်စကား ပြောကြသဖြင့် ဖြစ်သည်။**

တစ်ပတ်မျှ ကြာသောအခါ တစ်ကျောင်းတည်း တည်းခိုနေကြသောကြောင့် မျက်မှန်းတန်းမိကာ သူတို့သုံးဦးနှင့် ကျွန်တော် ရင်းနှီးသွားခဲ့သည်။ ထိုအခါမှ **ပစ္စည်းတစ်ခု သူတို့လာရှာနေကြကြောင်း** သိရသည်။

တစ်ဦးနှင့်တစ်ဦး အတူတကွရောက်လာကြခြင်း မဟုတ်ပါ။ ဒီရောက်မှ အတူဆုံတွေ့ကြခြင်းဖြစ်ပြီး ရှာဖွေသောပစ္စည်းမှာလည်း အတူတူ ဖြစ်နေသောကြောင့် သုံးဦးသား ပေါင်းမိကာ ရှာဖွေကြခြင်းဖြစ်သည်။

**ညရောက်သောအခါ မည်သည့်နေရာ၌ ရှာဖွေကြရမည်ကို ဓာတ်စကားဖြင့် တိုင်ပင်ကြကြောင်း သိရှိရသည်။**

ထိုလူထူးဆန်းသုံးဦးကို ကျွန်တော် ဝေဖန် ခန့်မှန်းနိုင်ခြင်း မရှိပါ။ သို့သော်လည်း စကားစမြည် ပြောဆိုရင်း ဤနေရာမှ ဇာတိသို့ ပြန်လည် ပြောင်းရွှေ့လိုကြောင်း ရင်ဖွင့်မိသည်။

ရသေ့တစ်ပါးနှင့် လူနှစ်ဦးအနက် ထိုအချိန်က အသက်(၅၀)ကျော်ခန့်ရှိမည်ဟု ခန့်မှန်းရသူက...

'ဒီမှာကွာ ငါ တပ်နေတဲ့ မျက်မှန် ယူသွား။ ဖိုစွမ်းအားတွေ မင်းကို ပေးလိုက်မယ်။ ဒီမျက်မှန်တပ်ပြီး မင်းရဲ့ အထက်ဆရာသမားတွေကို ပြောင်းရွှေ့ဖို့ အခက်အခဲ တင်ပြပေါ့ကွာ။ ဒါဆို မင်းဖြစ်ချင်တာ ဖြစ်ပြီပေါ့'

ဟုဆိုကာ သူ၏မျက်မှန်ကို ထုတ်ပေးလိုက်သည်။

**'မင်း ကိစ္စပြီးရင် ဒီမျက်မှန် ငါ့ကို ပြန်တပ်ပေး။ တခြား ဘယ်သူ့မှလဲ မပေးမတပ်နဲ့'**

ထိုစဉ်က ကျွန်တော်၏ မျက်စိအားကောင်းဆဲဖြစ်သည်။ မျက်မှန်မတပ်ရသေးပါ။ မျက်မှန် မတပ်ရသေး၍ တပ်ရမှာလည်း ခပ်ရှက်ရှက်ဖြစ်





www.burmeseclassic.com

www.burmeseclassic.com

သည်။

သို့သော် ဤနေရာမှ ပြောင်းချင်သည့်ဆန္ဒ ရှိနေသောကြောင့် ထိုလူထူးဆန်း ပြောသည့်အတိုင်း ပြုလုပ်ရန် ဆုံးဖြတ်လိုက်သည်။

ထိုလူထူးဆန်း၏ မျက်မှန်ကို ယူဆောင်ကာ အထက်လူကြီးနှင့် စကားပြောရန် ထွက်ခဲ့သည်။ လူကြီးနှင့် စကားပြောရန်အတွက် ကျွန်တော် စာကြည့်မျက်မှန်ကို တပ်လိုက်သည်။

ဒီဂရီက နည်းနည်းများသောကြောင့် နည်းနည်း မျက်စိ မူးချင်ချင် ဖြစ်နေသည်။ အတတ်နိုင်ဆုံး ခလုတ် မတိုက်မိအောင် သတိထားကာ အထက်လူကြီးနှင့် ဝင်တွေ့သည်။

ကျွန်တော့်ကို တွေ့သည်နှင့် အထက်လူကြီးမှပင် ကျွန်တော့်ကို စကား စတင်၍ ပြောကာ **"ကျွန်တော် အမြန်ဆုံး ပြောင်းရွှေ့ခွင့်ရအောင် လုပ်ဆောင်ထားကြောင်း၊"** ဆီးကြို၍ ပြောသည်။ နောက်မကြာမီမှာပင် ကျွန်တော်လည်း ပြောင်းရွှေ့ခွင့် ရရှိခဲ့သည်။

အခြားသူများမှာ (၅)နှစ်မှ (၇)နှစ် အထိ တာဝန်ထမ်းဆောင်ပြီးမှ ပြောင်းရွှေ့ခွင့် ရကြသည်။ ကျွန်တော့်မှာမူ **(၃)နှစ် ကျော်ကျော်လေးမှာပင်** ပြောင်းရွှေ့ခွင့် ရခဲ့သည်။

အထက်လူကြီးနှင့် စကားပြောပြီး ပြန်လာကာ စာကြည့်မျက်မှန်ကို မူလပိုင်ရှင်လက်ထဲ ပြန်ပေးလိုက်သည်။

'တို့ရှာတဲ့ ပစ္စည်းတော့ တွေ့ခဲ့ပါရဲ့ကွာ။ လောဘကြီးလို့ မရခဲ့ဘူး။ ပထမ ရွှေတုံးတွေ တွေ့တယ်ကွ။ ဝါတို့ ဆရာသမားက အဲဒါတွေ မယူနဲ့လို့ပြောတာ ဝါတို့ လောဘကြီးပြီး ယူခဲ့မိတယ်။

ဒီရောက်တော့ ရွှေတုံးတွေ မဟုတ်ဘဲ ကျောက်တုံးတွေဖြစ်နေတယ်။ ဒါနဲ့ တို့လဲ ကတိသစ္စာပျက်ပြီမို့ လိုတဲ့ပစ္စည်းကို လက်လွှတ်လိုက်ရပြီဆိုတာ သိလိုက်တယ်။

အဲဒီအတွက် ဝါတို့သုံးဦး ဘယ်လောက်ကြာအောင် ဒုက္ခခံ ထိုင်မယ်ဆိုတာ မသိဘူး။ ဟိုလူနဲ့ ဟိုရသေ့တော့ သွားပြီ။ ဝါကတော့ ဝါ့ရဲ့ စာကြည့်မျက်မှန်ကို မင်းဆီက ပြန်ယူရင်း မင်းကိုလဲ နှုတ်ဆက်ရင်း စောင့်ကျန်ရစ်တာ။ တို့ကိစ္စ မအောင်မြင်ပေမယ့် မင်းကိစ္စတော့ မအောင်မြင်စရာ အကြောင်း မရှိဘူး။ အောင်မြင်ကို အောင်မြင်ရမယ်။ မင်းကို ကူညီလိုက်ရတဲ့အတွက်တော့ ဝါရပီ တစ်ခု ပြုလိုက်ရတာပေါ့ကွာ'

ထိုလူ စကားဆုံးတော့ **"ဒုက္ခခံတာ ဘယ်လိုမျိုးလဲ"** ဟု ကျွန်တော် ပြန်မေးလိုက်မိသည်။

ထိုလူက "ဟဲ ဟဲ" ဟု တစ်ချက် ရယ်လိုက်ပြီးနောက်...

'အလကား အသေးအမွှား ကိစ္စတွေပါကွာ။ ဆရာက ကျောင်းသားအပြစ်လုပ်ရင် ဒဏ်ပေးသလိုပါပဲ။ တို့ ဒုက္ခခံရတယ်ဆိုတာက ထမင်း နှစ်နပ်,သုံးနပ် ငတ်ချင်လဲ ငတ်မယ်။ သူများတွေက အထင်မှားပြီး ဝိုင်းရိုက်တာလဲ ခံချင် ခံရမယ်။ မဟုတ်မတရား စွပ်စွဲခံရပြီး အချုပ်ထဲ ရောက်ချင်လဲ ရောက်မယ်။

**စာဆရာမရှိလို့မတော၊ ဝတ်ဆရာ မရှိလို့ မတော်၊ ဆေးဆရာမရှိလို့ သင်ပင် အောက် ရောင်မှုက် သရိုင်းမှုက်တွေမှာ နေရှင်နေရ၏ အဲဒီလို အဖြစ်မျိုးတွေ ကြုံရတာ ဒုက္ခခံရတာပါကွ။**

**သေအောင်လောက်တော့ ဒုက္ခ မခံရပါဘူး။ အဲဒီအချိန်မှာ ကိုယ့်ကျွန်စဉ် တွေကိုတော့ မမေ့ရဘူး။ ချိန်ခွဲ သည်းခံ မေတ္တာရှိ စေတနာထားပြီး ဝေနေယျကို ကျွန်ပ်ဆွာနဲ့ ဟားတိုက်ခံယူ ဒါလောက် လေးပါပဲကွာ ဟား ဟား'**

ထိုလူက ရယ်မောကာဖြင့် ဒါလောက်လေးပါပဲကွာဟု ပြောနေသော်လည်း သူတို့လို ဒုက္ခခံရပုံမျိုးကို တွေ့ကြုံရမှာတော့ ကျွန်တော် အလွန်ကြောက်သည်။

ထိုနေ့က ထိုသူနှင့်ကျွန်တော် ထိုသို့ စကားပြောခဲ့ပြီး နောက်တစ်နေ့ ကျွန်တော် နိုးသောအခါ ထိုသူကို မတွေ့ရတော့။ မည်သည့်အချိန်က ထ၍ ဒုက္ခခံ ခရီးကို ထွက်ခွာသွားလေသည် မသိပေ။

ထိုစဉ်က **စာကြည့်မျက်မှန်လေးသည် သာမန်မျက်မှန်အဖြစ်သာ ကျွန်တော် မြင်တွေ့ခဲ့ရသည်။** ထိုစာကြည့်မျက်မှန်ကလေးက ကျွန်တော်၏ လိုအင်ဆန္ဒကို ဖြည့်စွမ်းပေးခဲ့သည်။ ဘာမှ မဟုတ်သော စာကြည့်မျက်မှန်ကလေးမှာ မည်သို့သော စွမ်းအားတွေ ရှိနေမည်ကို ကျွန်တော် မသိပါ။

အချို့သော ကိစ္စများ၌ ကျွန်တော်တို့ အမှုမဲ့ အမှတ်မဲ့ဖြင့် နေခဲ့၍ လေ့လာ လိုက်စားမှု အားနည်းသောကြောင့် မသိနိုင်သော၊ လိုက်မမီနိုင်သော ကိစ္စများစွာ ရှိနေပေသည်။ ကိုယ်မမီနိုင်သော ကိစ္စအတွက် မဖြစ်နိုင်ဟု ထိုင်ငြင်းခုံနေမည့်စား ကိုယ်တိုင်သိအောင် လေ့လာ လိုက်စားသင့်ပေသည်။

ကျွန်တော့်အား သူ၏ မျက်မှန် ခဏပေးခဲ့သော ထိုသူမှာ မည်သည့် ဌာနသို့ ရောက်ရှိနေပြီနည်း။ မည်သို့ ဒုက္ခခံနေရသနည်း။ ဒုက္ခခံဘဝမှ လွတ်မြောက်၍ နေပြီလားဟူသည်ကိုမူ အမြဲ တွေးကြည့်နေမိကြောင်းဖြင့် ကျွန်တော့်ကိုယ်တွေ့ ဇာတ်လမ်းကို တစ်ခန်းရပ်လိုက်ရပေတော့သည်။

*[ပဲခူးတိုင်းဒေသကြီး အတွင်းမှ မိတ်ဆွေ မြို့နယ်ပညာရေးမှူးတစ်ဦး၏ ကိုယ်တွေ့ အဖြစ်အပျက် ပြောပြချက်ကို ဖတ်ကောင်းအောင် ပြန်လည် ရေးသား တင်ပြပါသည်။]*

ဘုန်းပွင့်ထွန်း(မွန်ပြည်နယ်)

www.burmeseclassic.com



ညွှန့်ဝင်း
(နတ်တလင်း)

# အလောင်းအစား

ကျောင်းကြီးရွာသည် နတ်တလင်းမြို့ အနောက်ဘက် နှစ်မိုင်ခန့်အကွာရှိ ရွာကြီးတစ်ရွာဖြစ်သည်။ ကျောင်းကြီးရွာ ဘုန်းတော်ကြီးကျောင်းသည် ရွာစုလေးစု၏ အလယ်တွင် တည်ရှိသည်။

ယခင်က ရွာဦးဘုန်းကြီးကျောင်းတွင် အထင်ကရ နာမည်ကြီး ကျော်ကြားခဲ့သော ဆရာတော်ကြီးတစ်ပါး သီတင်းသုံးခဲ့၏။ ဆရာတော်ကြီး၏ ဘွဲ့မှာ **ဦးနန္ဒိယ** ဖြစ်ပါ၏။

ကျောင်းကြီးရွာသား ဦးပိန်တာသည် ဆရာတော်ကြီး စွန့်ကြဲသည့် အဆောင်ဓာတ်လုံးကို ရထားသည်။ အဆောင်ဓာတ်လုံးဆိုလို့ ပေါ့သေးသေးတော့ မတွေးနှင့်။ ဆရာတော်ကြီး၏ အဆောင်ဓာတ်လုံး စွန့်ကြဲခြင်းကို လူတိုင်း မခံယူရတတ်ပါ။

ဆရာတော်ကြီးထံ ဖူးမြော်လာသူများအနက်မှ ဆရာတော်ကြီး အာရုံကျသူ၊ ကံကောင်းသူသာ အဆောင်ဓာတ်လုံး ရလေ့ရှိသည်။

ဆရာတော်ကြီးက သူ့အဓိဋ္ဌာန်နှင့် သူ ဓာတ်လုံးအရေအတွက် ကန့်သတ်ဆောင်ထားပြီး အပ်စပ်သူ၊ ပဋ္ဌာန်းဆက်ရှိသူသာ ဓာတ်လုံးရစမြဲ။

ဆရာတော်ကြီးသည် သီလ၊ သမာဓိ၊ သိက္ခာနှင့် ပြည့်စုံသည့် အလွန်တရာ ကြည်ညိုဖွယ်ကောင်းသော သံဃာတော်အရှင်မြတ်မှန်း ဤနယ်ဝန်းကျင်ရှိ လူတိုင်းသိပါသည်။

ငယ်စဉ်ကတည်းက သာသနာ့ဘောင်ဝင်ခဲ့ပြီး လောကီရေးရာများနှင့် လုံးဝနီးပါး ကင်းဝေးနေခဲ့သည်၊ လောကီကိစ္စများကို စိတ်လည်း မဝင်စားခဲ့ပေ။

ကျောင်းကြီးကျောင်းတိုက် ကျောင်းထိုင် ဆရာတော်ကြီးဖြစ်လာချိန်တွင် သာသနာ့အကျိုး၊ ဓမ္မအကျိုး စွမ်းစွမ်းတမံ ဆောင်ရွက်တော်မူ၏။ ပရိယတ်ပဋိပတ်နှင့် ပြည့်စုံသော ဆရာတော်

www.burmeseclassic.com

ကြီးဖြစ်၍လည်း ဒကာ,ဒကာမများက အထူး ကြည်ညိုလေးစားကြသည်။

ဆရာတော်ကြီး၏ ဓာတ်လုံးကို ရရှိသူသည် ဘေးအန္တရာယ်ကင်းရှင်း၍ ကောင်းကျိုးလိုရာဆန္ဒများ လွယ်ကူပြီးမြောက်သည်။ ဓာတ်လုံးကို ဆောင်ထား၍ ဘေးအသွယ်သွယ်ရန်ခပ်သိမ်းမှ ကင်းဝေးခဲ့သည့် လက်တွေ့ဖြစ်ရပ်များရှိခဲ့၏။

ဓာတ်လုံးဆောင်သူ ရွာသားတစ်ဦး မြွေပွေးကို နင်းမိပါလျက် အကိုက်မခံရပေ။ မီးလောင်မှုဖြစ်ရာ၌ ထိုသူ၏အိမ်သည် ထူးဆန်းစွာ မီးကွင်းသွား၏။ ထိုခေတ်က ခိုးသားဓားပြများ သောင်းကျန်းနေချိန်တွင် အခြားသူအိမ်များ အခိုးခံရခြင်း၊ ဓားပြတိုက်ခံရခြင်း ကြုံရသော်လည်း ထိုသူ၏အိမ်မှာ သူခိုးဓားပြရန်မှ လွတ်မြောက်ခဲ့၏။

မည်သည့် ခိုးသားဓားပြမျှ ထိုသူ၏ အိမ်ကို ခြေဦးလှည့်ရန် စိတ်မကူးကြ။ စိတ်ကူးလျှင်လည်း ပျက်ပြယ်သွားခဲ့သည်သာ ဖြစ်သည်။

ဤသို့သော် အစွမ်းသတ္တိထူးများကြောင့် ဆရာတော်ကြီး၏ ဓာတ်လုံးကို လူတိုင်းလိုချင်ကြသည်။ သို့သော် သင့်တော်အပ်စပ် အာရုံကျသူသာ ဓာတ်လုံးရသည်မှာ ထုံးစံဖြစ်သည်။

ဦးပိန်တာသည် ဆရာတော်ကြီးထံမှ ရရှိသည့် ဓာတ်လုံးကို ရိုသေစွာ သိမ်းဆည်းဆောင်ထား၏။ ဓာတ်လုံး၏ အစွမ်းသတ္တိကို ယုံကြည်သဖြင့်လည်း အမြတ်တနိုးရှိလှပေ၏။

တလောက ဆရာတော်ကြီးသည် နောက်ပါ အချစ်တော် ကိုရင်လေးနှင့်အတူ ရန်ကုန်မြို့လယ်၌ ဆွမ်းခံကြနေသည်ကို ဖူးတွေ့ရကြောင်း ကျောင်းကြီးရွာသားများနှင့် သိကျွမ်းသူ ရန်ကုန်သားများက ပြောပြ၏။



သူတို့ ဖူးတွေ့ခဲ့သည့် နေ့ရက်သည် ဆရာတော်ကြီး ခရီးမကြွဘဲ ကျောင်းတိုက်တွင် သီတင်းသုံးနေဆဲရှိသည်ဟု ရွာသားများက ဆိုပြန်သဖြင့် အံ့ဩစရာဖြစ်ရသည်။

ဖူးတွေ့ရသူမှာ ခပ်လှမ်းလှမ်းမှ မြင်ရခြင်း ဖြစ်သော်လည်း ဆရာတော်ကြီးအစစ်သာဖြစ်ကြောင်း ပြောလာသဖြင့် ထူးခြားလှျို့ဝှက်မှုတစ်ခုတော့ ရှိပြီဟု ထင်မြင် ပြောဆိုကြလေသည်။

ဆရာတော်ကြီး၏ ထူးဆန်း အံ့ဩဖွယ်ရာ သတင်း၊ ဓာတ်လုံး၏ အစွမ်းသတင်းတို့သည် တစ်စတစ်စ ပိုမိုပျံ့နှံ့လာ၏။ ဦးပိန်တာတစ်ယောက် ဆရာတော်ကြီး၏ ဓာတ်လုံးအစွမ်းကို ကိုယ်တွေ့ မျက်မြင်သိလို၍ ငှက်ပျောပင်တွင် ဓာတ်လုံးထားကာ ဓားနှင့် ပစ်ကြည့်သည်။

ငှက်ပျောပင်ကိုပင် ဓား မမှန်။ ဓားပေါက်ကျွမ်းကျင်သူနှင့် သေချာစမ်းရာတွင်လည်း လွဲချော်၍သာ သွားသည်။

ဦးပိန်တာက တစ်ဆင့်တက်၍ ပြည်သူ့ရဲ အသိမိတ်ဆွေများ ရောက်ရှိခိုက် အကြောင်းစုံ ပြောပြပြီး ခြောက်လုံးပြူးနှင့် ပစ်ပေးရန် အကူအညီတောင်းသည်။ သေနတ်နှင့် နှစ်ချက်ဆင့်ပစ်ပေးသော်လည်း ကျည် လုံးဝ မထွက်ပေ။

ဦးပိန်တာ အလွန်ဝမ်းသာလျက် ဤဓာတ်လုံးရှိခြင်းအတွက် ဂုဏ်ယူကျေနပ်နေပါသည်။ တစ်ခုတော့ ရှိသည်။ ဦးပိန်တာသည် ငါးပါးသီလ လုံခြုံအောင် စောင့်ထိန်းနိုင်ခဲ့၏။

ဦးပိန်တာ၏ ဓာတ်လုံးအစွမ်းသတင်းသည် ကျောင်းကြီးနယ်တစ်ဝိုက်သာမက အင်းမ၊ ပြည်၊ ရန်ကုန်၊ မန္တလေးဘက် ဆက်စပ်မိရာ ပုဂ္ဂိုလ်များမှ တစ်ဆင့် ပျံ့နှံ့သွားခဲ့သည်။

ဤသတင်းကြောင့်ပင် ဖြစ်မည်။ အရာရှိအချို့ ဦးပိန်တာထံ မေးစမ်းရောက်လာကြသည်။ ဦးပိန်တာ၏ ဓာတ်လုံးကို ဝယ်ယူရန်ဖြစ်၏။

**ထိုအချိန်ကာလ၌ ဆရာတော်ကြီးသည် ဓာတ်လုံးနှင့်ကြုံခြင်းကိစ္စကို မလုပ်တော့ဘဲ တရားအားထုတ်မှုကိုသာ အချိန်ပြည့် ကျင့်ကြံလုပ်ကိုင်နေရှိပြီသည်။**

ဦးပိန်တာက ပထမတော့ သူ့ဓာတ်လုံးကို မရောင်းနိုင်ကြောင်း၊ အရောင်းအဝယ်လုပ်၍ မဖြစ်နိုင်ကြောင်း ပြောပြသည်။

သို့သော် တစ်ဖက်က မက်လောက်စရာ ငွေကြေးပမာဏကို ပေးမည်ဟု စကားကမ်းလှမ်း တောင်းပန်လာသော အခါ ပုထုဇဉ်ပီပီ စိတ်ယိမ်းယိုင် ပါသွားခဲ့ချေပြီ။

တစ်ဖက်ပုဂ္ဂိုလ်များက စမ်းသပ်မှုပြုလုပ်၍ အောင်မြင်လျှင် ငွေပေးချေဝယ်ယူမည်ဟု ပြောကာ သူတို့ထံ



www.burmeseclassic.com

www.burmeseclassic.com

ဆီသို့လာရန် ရက်ချိန်းပေးပြီး ပြန်သွားကြ၏။ ဦးပိန်တာနှင့် ရွာသား လေး, ငါးဦးသည် ထိုပုဂ္ဂိုလ်များ ချိန်းသည့်ရက်တွင် ခါတ်လုံးယူလျက် လိုက်သွားကြသည်။

နှစ်ဦးနှစ်ဖက် တွေ့ဆုံကြပြီး အရောင်းအဝယ် ဈေးအရင်ညှိကြသည်။ ဈေးညှိသတ်မှတ်ပြီး ဝယ်မည့်သူက သဘောတူညီချက်အတိုင်း စမ်းသပ်မည်။ ခါတ်လုံးကို သေနတ်ဖြင့် သုံးချက် ပစ်စမ်းရန် စည်းကမ်း သတ်မှတ်သည်။ သေနတ်လုံးဝ မထွက်လျှင် ညှိနှိုင်းဈေးအတိုင်း ဝယ်သူက ငွေချက်ချင်းပေးချေမည်။

ခါတ်လုံးကို ခုံငယ်အမြင့်တစ်ခုပေါ်တင်သည်။ ဝယ်မည့်ပုဂ္ဂိုလ်များဘက်မှ သေနတ်ကျည် သုံးတောင့်သာ ထည့်ထားသည်။ စမ်းသပ်ပွဲကြည့်မည့် နှစ်ဖက်ပရိသတ်များလည်း ရင်တမမနှင့် စိတ်ဝင်စားစောင့်နေကြပြီ။

သေနတ်ပစ်မည့်သူက လက်ကို တည်တည်ငြိမ်ငြိမ်ချိန်လျက် ပထမအချက် စ,ပစ်သည်။ ''ချောက်''ခနဲ အသံသာထွက်လာပြီး ကျည်လုံးဝ မထွက်ပေ။ ဦးပိန်တာနှင့် ရွာသားများ မျက်နှာတွင် အပြုံးပွင့်များ တွေ့လိုက်ရသည်။

နောက် ဒုတိယအချက်ပစ်သည်။ သေနတ်သံ ဒိုင်းခနဲများ ကြားရလေမည်လား စိုးရိမ်စိတ်နှင့် စောင့်နေသော ပရိသတ်သည် ''ချောက်''ခနဲ အသံသာ ဒုတိယအကြိမ် ကြားလိုက်ရာ ရွှင်လန်းတက်ကြွသော မျှော်လင့်ချက် အမူအရာများ ပိုမို ပေါ်လွင်လာခဲ့သည်။

ဝယ်မည့်ပုဂ္ဂိုလ်များဘက်မှ ဦးပိန်တာတို့ဘက် လှည့်၍ ''ဘယ်နှယ့်လဲ'' ဟူသော သဘောဖြင့် လှမ်း၍ မေးဆတ်ပြသည်။ ဦးပိန်တာတို့ကလည်း ဆက်လုပ်ပါဟူသော အဓိပ္ပာယ်နှင့် ပြန်၍ မေးဆတ်ပြသည်။

တတိယအချက်ပစ်ပြီး ''ချောက်'' ခနဲအသံကို နားစွင့်နေသော ပရိသတ်အားလုံး၏နားဝယ် ''ဒိုင်း''ခနဲ မြည်ဟည်း ပေါက်ကွဲသံကို ကြားလိုက်ရသည်။ ဦးပိန်တာနှင့်တကွ စောင့်ကြည့်နေသော ပရိသတ်ပါးစပ်များမှာ ''ဟာ''ခနဲအသံများ ထွက်လာပြီး ဦးပိန်တာတို့လည်း စိတ်ပျက်လက်ပျက် အမူအရာနှင့် မှိုင်ကျသွားတော့သည်။

နောက်ဆုံးအချက်ကျမှ မအောင်မြင်ဘဲ ဖြစ်သွားရခြင်းသည် အဘယ်ကြောင့်ဖြစ်ကြောင်း စဉ်းစား၍ မရတော့ပြီ။

ခါတ်လုံးတင်ထားသည့် နေရာသည် ပုံစံမပျက်ရှိနေ၍ အနားသွားကြည့်သောအခါ ခါတ်လုံးကို မတွေ့ရတော့ပါ။ ယခုတော့ အရှုံးနှင့်သာ ဓာတ်သိမ်းခဲ့ရသဖြင့် အိမ်အပြန် မလှတော့ပြီ။

ဦးပိန်တာတို့ ရွာအပြန် ခြေလှမ်းများသည် လေးကန် ဖင့်နွှဲနေသလို စိတ်ထဲမှာလည်း နောင်တရမိသလို ခံစားရသည်။ တစ်ဆက်တည်းမှာပင် ခါတ်လုံးစွန့်ခဲ့စဉ်က ဆရာတော်ကြီး မိန့်ကြားခဲ့သည်များကို ပြန်လည် ကြားယောင်နေမိသည်။

'အကာကြီး... ဒီခါတ်လုံးက အကာကြီးနဲ့ ထိုက်လို့ရတာ ရှိရှိသေသေ ဆောင်ထား မသန့်ရှင်းတဲ့နေရာ မသွားနဲ့ ငါးပါးသီလ လုံအောင်ထိန်း အလောင်းအစား သတ်ထားလားလားမှ မလုပ်လေနဲ့'

တဲ့။

ညွန့်ဝင်း(နတ်တလင်း)

# နွားနှစ်ကောင်

တည့်အောင် ဒီနည်းဆောင်

နွေနေ့လယ်ခင်းတစ်ခုတွင် ဦးလေး ဦးမြဝင်းထံသို့ စာရေးသူ သွားရောက်လည်ပတ်ခဲ့သည်။ ဦးလေးက နွားတင်းကုပ်အနီးတွင်သက်ငယ်မိုးဖြာနေသည်။

နွားတင်းကုပ်ထဲတွင် အစာစားနေသော ဦးလေး၏ နွားနှစ်ကောင်မှာ တစ်ကောင်နှင့် တစ်ကောင် သိပ်တည့်ဟန်မတူ။ မကြာခဏ ခေါင်းချင်းဆိုင် ဝှေ့ခတ်နေကြသည်။

'ဦးလေးရဲ့ နွားနှစ်ကောင်က သိပ်မတည့်လှဘူးထင်တယ်။ ခဏခဏ ဝှေ့နေတာပဲ'

ဟု ပြောမိသည်။ ဦးလေးက...

'အိမ်ခံနွားက နွားသစ်ကို နိုင်ချင်တယ်'

ဟု ရှင်းပြသည်။ ထိုအခါမှ စာရေးသူ နဂ္ဂတ္တရောင်ခြည်မဂ္ဂဇင်းထဲမှာ ဖတ်ဖူးသော နည်းလမ်းတစ်ခုကို သတိရမိသဖြင့်...

ဦးလေးရေ စာထဲမှာ ကျွန်တော် ဖတ်ဖူးတဲ့ နည်းကတော့ ခုလို မတည့်တဲ့ နွားနှစ်ကောင်ကို တည့်စေချင်ရင် နွားနှစ်ကောင်လုံးရဲ့ မေးစေ့က အမွေးကို စတီနှတ်ယူ၊ စက္ကူပလတ်စတစ် တစ်ခုခုနဲ့ ထုတ်ပြီး နွားတင်းကုပ်မှာ ညှပ်ထားရင် နွားနှစ်ကောင် တည့်သွားစေတယ် ဆိုပဲဗျ

ဟု သိသမျှ ပြောပြလိုက်သည်။ ထိုအခါမှ ဦးလေးက...

'မင်းပြောတဲ့ နည်းကလဲ တစ်မျိုးပေါ့ကွ။ တို့ ဘိုးဘွားအဆက်ဆက် လက်ဆင့်ကမ်းသုံးခဲ့တဲ့ နည်းကလေးကလဲ တစ်မျိုးကွ။ အဲ ခုလို မတည့်တဲ့ နွားနှစ်ကောင် တည့်သွားစေချင်ရင် တစ်ကောင်နဲ့တစ်ကောင် နဖား(နှာဖား)ကြိုးချင်း ပြောင်းထိုးပေးရင်လဲ ပြန်တည့်သွားစေတယ်ကွ။

နောက်ပြီး နွားနဲ့ ပတ်သက်တဲ့ ဂွမ်ရှိနည်း တစ်ခုလဲ ရှိသေးတယ်။ ထမ်းပိုးကျင့်စ နွားပေါက်တချို့ဟာ အလွန် အကျည်းတန် ဆိုးရွားရိုင်းစိုင်းတတ်ကြတယ်။

အဲဒီလို နွားဆိုးနွားမိုက်တွေကို ယဉ်သွားစေချင်ရင် နဖားကြိုးကျစ်ကတည်းက ဆတ်မွေး (ဆတ်သတ္တဝါ၏အမွေး)နည်းနည်းကို ကြိုးလွန်းထဲ ထည့်ကျစ်ရတယ်။ အဲဒီ နဖားကြိုးနဲ့ ထိုးကျင့်ပေးရင် တော်ရုံ ရိုင်းတဲ့နွားကတော့ ယဉ်သွားတာပဲကွ'

ဟု ရှည်လျားစွာ ရှင်းပြပါသည်။

'ဟာ... ဦးလေးပြောတဲ့ နည်းကလဲ အနိုင်သားပဲ။



သောင်းဟန်(မိုလ်ကျွန်း)



www.burmeseclassic.com

www.burmeseclassic.com

## ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ

# ထီ

### အတွက် ရွေးချယ်ဝါ ဤဂဏန်း

၂၀၁၄ ခုနှစ်၊ ဇူလိုင်လ(၁)ရက်နေ့တွင် ဖွင့်လှစ်မည့် အောင်ဘာလေထီဖွင့်ပွဲတွင် ထွက်ပေါ်လာနိုင်သည့် ထီဂဏန်းတွဲများအား အောက်ပါအတိုင်း တွက်ချက် ဖော်ပြအပ်ပါသည်။

| | |
|---|---|
| **အကြိမ်** | ၃၀၆ |
| **ဖွန်လ** | ၇ |
| **ခုနှစ်** | ၂၀၁၄ |
| | ၂၃၂၇ = ၁၄ = ၅ |

**အကြိမ်၊ လ၊ ခုနှစ်** ဂဏန်းများအား တစ်လုံးတည်းဖြစ်အောင် ပေါင်းပါက (၅) ဂဏန်းရသည်။ သို့ဖြစ်၍ ၂၊ ၅၊ ၆၊ ၈ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

အထူးသဖြင့် ရှေ့ဂဏန်းများကို ၂၊ ၅၊ ၆၊ ၈ ဂဏန်းများကိုသာ ရွေးချယ်ပါ။

ဥပမာ

| စ...ဆုံး | စ...ဆုံး | စ...ဆုံး | စ...ဆုံး |
|---|---|---|---|
| ၂...၂ | ၅...၂ | ၆...၂ | ၈...၂ |
| ၂...၅ | ၅...၅ | ၆...၅ | ၈...၅ |
| ၂...၆ | ၅...၆ | ၆...၆ | ၈...၆ |
| ၂...၈ | ၅...၈ | ၆...၈ | ၈...၈ |

မှတ်ချက်။ ။ (...)ကွင်းအတွင်းတွင် ၂၊ ၅၊ ၆ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

"**အကြိမ်**"ဂဏန်းမပါဘဲ "**လ**" ဂဏန်း နှင့် "**နှစ်**"ဂဏန်းကိုသာ ပေါင်းပါက (၇ + ၂ + ၀+ ၁ +၄) = ၁၄ = ၅ ဂဏန်းရသည်။ သို့ဖြစ်၍ "**၅**"ဂဏန်းသည် ပိုအားကောင်းသည်။

| စ... ဆုံး | | | |
|---|---|---|---|
| ၂....၂၊ | ၅၊ | ၆၊ | ၈ |
| ၅... ၅၊ | ၆၊ | ၈၊ | ၂ |
| ၆... ၆၊ | ၈၊ | ၂၊ | ၅ |
| ၈... ၈၊ | ၂၊ | ၅၊ | ၆ |

ဤလတွင် **ကြာသပတေး သားသမီးများထိ** ကံပွင့်နေပါသည်။ သို့ဖြစ်၍ မိမိတို့ဒေသရှိ ရှေးဟောင်းစေတီ (သို့မဟုတ်) ဘုရားတစ်ဆူဆူ၏ ရင်ပြင်တော် (သို့မဟုတ်) ဂန္ဓကုဋ္ဌိတိုက်အား သန့်ရှင်းရေး ဆောင်ရွက်ပေးပြီး ဒိဗ္ဗတပတိ အစရှိ ဂါထာကို (၁၀၈)လုံး ပုတီးကုံးဖြင့် သက်စေ့ စိပ်ပွားပူဇော်ပါ။ တတ်နိုင်ပါက(၃)ရက် တိတိ အဓိဋ္ဌာန်ပြုပါ။



အထက်ပါ အဓိဋ္ဌာန် အောင်မြင်ပြီးပါက မိမိတို့ အိမ်အနီးအနားရှိ စာသင်တိုက်တစ်ခုသို့ ဆန်၊ ဆီ၊ ဆား တတ်နိုင်သမျှ လှူဒါန်းပေးပြီးမှ ထီကံစမ်းကြရန် ဖြစ်ပါသည်။

BURMESE CLASSIC

အထူးဂဏန်း

✦ ၅၂၆၆၈၅ ✦ ၅၅၂၆၈၈ ✦ ၂၆၈၈၂၅

*ထီက် ပွင့်ပါစေ။*

**ဆံရာရဲထက် (သုတေသီ)**


## နက္ခတ္တရောင်ခြည်စာအုပ်တိုက်မှ

## အောက်ပါ စာအုပ်များ ရရှိနိုင်ပါပြီ

၁။ **ဆေးမြီးတိုရောင်ခြည်** [အမှတ် (၁)မှ အမှတ်(၃၉)ထိ] ၂။ **အဂ္ဂိရတ်ရောင်ခြည်** [အမှတ် (၁)မှ အမှတ်(၂၁)ထိ] ၃။ **တိုင်းရင်းဆေးသမားတော်များ၊ ဆေးဆရာများနှင့် တွေ့ဆုံခြင်း** [အမှတ် (၁)မှ အမှတ်(၁၆)ထိ] ၄။ **အံ့ဖွယ်ထူးခြား ဂမုန်းများ** [အမှတ်(၁)မှ အမှတ်(၁၀)ထိ] ၅။ **ယတြာရောင်ခြည်** [အမှတ် (၁)မှ အမှတ်(၈)ထိ] ၆။ **ကျင့်စဉ်ရောင်ခြည်**[အမှတ် (၁)မှ အမှတ်(၁၃)ထိ] ၇။ **ဂါထာမန္တန်ရောင်ခြည်** [အမှတ် (၁)မှ အမှတ်(၉)ထိ] ၈။ **ပရလောကနှင့်အံ့ဖွယ်ထူးခြားဖြစ်ရပ်ဆန်းများ**[အမှတ် (၁)မှအမှတ်(၁၀)ထိ]
၉။ **ပါရမီဘာသာရေးရာ အဖြေလွှာ** (ဆရာကြီး ဦးစံတင့်-စတုနိကာယ ကောဝိဒ) [အမှတ် (၁)မှ အမှတ်(၄)ထိ]
၁၀။ **တီရစ္ဆာန်ရောဂါကုဆေးနည်းနှင့် ဆေးမြီးတိုများ** [အမှတ် (၁)မှ အမှတ်(၅)ထိ]
၁၁။ **လက်တွေ့သီးပင်ပွင့်ပင် စိုက်ပျိုးနည်းများ** [အမှတ် (၁)မှ အမှတ်(၆)ထိ]

**မှတ်ချက်။ ။ တစ်အုပ်လျှင် စာမျက်နှာ (၁၆၀)စီ ပါပါသည်။ တစ်အုပ်လျှင် (၆၀၀)ကျပ် ဖြစ်ပါသည်။
စာတိုက်မှ မှာကြားလိုပါက ပို့ခ (၂၀၀)ကျပ် ကျပါမည်။ ငွေပေးချေးယူရပါမည်။
အမှန်တကယ် ရယူလိုသူများ အောက်ပါလိပ်စာအတိုင်း မှာကြားနိုင်ပါသည်။**

**ဆယ်သွယ်မှာကြားရန်လိပ်စာ**

**နက္ခတ္တရောင်ခြည်စာအုပ်တိုက်**

အမှတ်(၂၃၃)၊ (၂၉)လမ်း၊ ပန်းဘဲတန်းစာတိုက်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၂၄၂၂၈၄




www.burmeseclassic.com